Exploring God’s Word

A Survey of the Old and New Testaments

Prepared by Polly Strong B.R.E., B.A., M.A.

For Rogma International, Inc. (All Scripture quotations from the KJV of the Bible)

Copyright by Rogma International, Inc. All rights reserved.

---

## Lesson 1

## Getting Ready (အစပြုခြင်း)

**Theme**: နှုတ်ကပတ်တော် လေ့လာရာမှာ Revelation-ဖွင့်ပြခြင်း နှင့်Faith-ယုံကြည်ခြင်းမရှိမဖြစ်အရေးကြီးပါတယ်။

**Goal**: သမ္မာတရားကို ယုံကြည်ခြင်းနဲ့ ခံယူတတ်ဖို့ သင်ယူပါ။

**Summary**: အခုသင်ခန်းစာမှာ သမ္မာကျမ်းစာဆိုတာ ဘာလဲနဲ့ လူတွေဘယ်လို ကျမ်းစာရလာသလဲဆိုတာလေ့လာ မယ်။

### Introduction - နိဒါန်း

1. The Bible is God’s written message to man. သမ္မာကျမ်းစာဟာ လူကို ရေးတဲ့ ဘုရားသခင်ရဲ့စာပါ။ လူကိုဖွင့်ပြရာမှာ အစုံလင်ဆုံး ဖွင့်ပြချက် ဖြစ်တယ်။ လူရဲ့အပြစ် သားဘဝ၊ ထာဝရသေခြင်းပြစ်ဒဏ်နဲ့ ဘုရားရဲ့ရွေးနှုတ်ကယ်တင်ခြင်း တွေကိုပြတဲ့ ဘုရားရဲ့အလင်းဖြစ်တယ်။
2. God is the author of the Bible. ကျမ်းစာကို ဘုရားသခင် ရေးပါတယ်။ အချိန် မတူ၊ နေရာမတူတဲ့ လူတွေကိုသုံးပြီး ကျမ်းစာစောင် ၆၆ စောင်ပေါင်း တအုပ်ကို ရေးစေ တယ်။ (in the original manuscripts) မူရင်း ကျမ်းစာထဲက စကားလုံးတိုင်းကို (inspired)ဘုရားမှုတ်သွင်းတယ်။ တခြားစာအုပ် စာပေတွေမှာ ဒီလို မှုတ်သွင်းခြင်း မျိုးမရှိဘူး။ သမ္မာ ကျမ်းစာသာလျှင် ၁၀၀% ပြည့် မှန်ကန်ပြီး ယုံကြည်ဖို့၊ လက်တွေ့လိုက်လျှောက်ဖို့အတွက်မှန်၊ မမှန်ဆုံးဖြတ်ပိုင်တယ်။ သမ္မာကျမ်း စာဟာ တန်ခိုးပါတယ်။ နာခံဖို့ တောင်းဆိုရင်း၊ လူ တွေကို ပြောင်းလဲစေတယ်။ (Hebrews 4:12)
3. The Bible has one message. သမ္မာကျမ်းစာက ပြောချင်တဲ့ စကားတခွန်းရှိတယ်။ ဒီတခွန်းက ကမ္ဘာဦး ကနေဗျာဒိတ် အထိရဲ့အနှစ်ချုပ်စကား-ခရစ်တော်အားဖြင့် ကယ်တင်ခံရပြီး၊ ယုံကြည်ခြင်းမှာ တိုးပွါးဖို့ ဖြစ်တယ်။ စကြာဝဠာကို ဖန်ဆင်း တဲ့ ကြီးမြတ်တဲ့ ဘုရားဟာ ဖန်ဆင်း သမျှထဲမှာ အကြီးမြတ်ဆုံးဖြစ်တဲ့ လူနဲ့ အသစ်တဖန် မိတ်ဆွေဖွဲ့ချင်တယ်။ ဘုရားသားတော် ယေရှု ခရစ်က လူ့ဇာတိခံယူပြီး၊ ကြားဝင်ဖြန်ဖြေ မ,စကာ အသစ်မွေးဖွါးခြင်း (ကယ်တင်ခြင်း) အားဖြင့် ပြန် ပြေလည်စေတယ်။ ကယ်တင်ခြင်းအတွက် ဖြစ်စေ၊ ခရစ်ယာန် အသက်တာ ရင့်ကျက်ဖို့ ဖြစ်စေ သားတော်ကို ယုံကြည်မှ သာ ရနိုင်တယ်လို့ ဘုရားသခင် ကြေငြာထားတယ်။ (ကျမ်းပိုဒ်တွေ ကျက်ပေးပါ။) (Memorize these verses.)

"ငါတို့၏ ဘုရားသခင် ထာဝရဘုရားသည် တဆူတည်းသော ထာဝရဘုရား ဖြစ်တော်မူ၏။" (Deuteronomy 6:4,5).

"ဘုရားသခင် တဆူတည်းရှိတော်မူ၏။ ဘုရားသခင်နှင့် လူတို့၏စပ်ကြားမှာ၊ လူဖြစ်သော ယေရှု ခရစ်တည်းဟူသော အာမခံတဦးတည်း ရှိ၏။" (1 Timothy 2:4). "သင်၏ဘုရားသခင် ထာဝရ ဘုရားကို စိတ်နှလုံး အကြွင်းမဲ့၊ ဉာဏ်ရှိ သမျှ နှင့် ချစ်လော့။ ... ကိုယ်နှင့်စပ်ဆိုင်သောသူကို ကိုယ် နှင့်အမျှ ချစ်လော့။" (Matthew 22:37-39). "ဘုရားသခင်ကို ကြောက်ရွံ့၍၊ ပညတ်တော်တို့ကို စောင့်ရှောက်လော့။ ဤရွေ့ကား၊ လူနှင့်ဆိုင်သော အမှုအရာ အလုံးစုံ တို့ကို ချုပ်ခြာသတည်း။" (Ecclesiastes 12:13)

4. The Bible is written to all the world, both saved and unsaved people. သမ္မာကျမ်းစာ ဟာ ကယ်တင်ခြင်းရပြီးသူနဲ့ မရသေးသူ အားလုံးအတွက် ရေးထားတာပါ။ ကယ်တင်ခြင်းမရသေးရင်တော့သခင်ယေရှုခရစ်ကို ယုံကြည်ခြင်းအားဖြင့်ကျေးဇူးတော်ကြောင့် ကယ်တင်ခြင်း ရနိုင် တယ်လို့ ဖိတ်ခေါ်ရေးသားထားတယ်။ (Romans 10:17; Ephesians 2:8,9). ကယ်တင်ခြင်းရပြီးရင်တော့ ယုံကြည် ခြင်း တိုးပွါးဖို့၊ လက်တွေ့လိုက်နာဖို့ လမ်းညွှန်အဖြစ်ရေးထားပါတယ်။ ထာဝရအသက်ရမယ့် မြော်လင့်ခြင်းကို စိတ်ချစေ သလို၊ဘုရားဘုန်းတော် ထင်ရှားနိုင်မယ့် နည်းကိုလည်း ပြပါတယ်။
5. The Bible shows the development of faith သမ္မာကျမ်းစာဟာ ယုံကြည်ခြင်း တိုးပွါးဖို့ ပြည့်ဥနှ်ကတယ်။ စိတ်ထဲမှာ တိုးပွါးပြီး၊ အသက်တာ လျှောက်လှမ်းရာမှာ ထင်ဟပ်စေတယ်။ ဖန်ဆင်းစ နေ့ကနေ ကမ္ဘာကုန်သည်အထိ ဘုရားနဲ့ လူရဲ့ဆက်သွယ်မှုသမိုင်းကို ဖေါ်ပြထားတယ်။

**THE LESSON-** သင်ခန်းစာ

## I. The Bible is the history of man and his relationship to God.

သမ္မာကျမ်းစာဟာ လူနဲ့ ဘုရားရဲ့ဆက် သွယ်မှုသမိုင်းဖြစ်တယ်။ ဘုရားကဖွင့်ပြပုံ **(reveals)**၊ လူကတုန့်ပြန်ပုံ **(responds)**၊ ဆက်သွယ်မှု **(relationships)** တာဝန် **(responsibilities)** နဲ့အတူ ဆုလာဒ် **(rewards)** တွေကို ဖေါ်ပြထားတယ်။

### A. **Revelation (ဖွင့်ပြခြင်း)**

ဖွင့်ပြခြင်းဟာ ဘုရားနဲ့လူ စတင်ဆက်သွယ်မှုမှာ ပထမအဆင့်ခြေလှမ်း ဖြစ် တယ်။လူက သမ္မာ တရား ကို မမြင်ဘူး။ အပြစ်ထဲမှာ သေတယ်။ ဘုရားက ဖွင့်ပြမှ နားလည်ခွင့်ရတယ်။ ဘုရားကနည်းမျိုးစုံနဲ့ ဖွင့်ပြတယ်။ တချို့ဖွင့်ပြ မှုတွေက ကမ္ဘာ လောကကို ကြည့်ရင် မြင်ရတယ်။ သဘာဝတရားက ဘုရား ဘုန်းတော်နဲ့ တန်ခိုးတော်ကို အမြဲကြွေးကြော်နေတယ်။ (Psalm 19; Romans 1:18-25)စကြဝဠာထဲမှာအထူးခြားအဆန်းပြားဆုံးဖြစ်တဲ့လူဟာ ဒီအချက် ကို နား လည်နိုင်တယ်။ ဖန်ဆင်းရှင်ဘုရားလို တွေး နိုင်၊ ဆင်ခြင်နိုင်၊ ပြုမူကျင့်ဆောင်နိုင်စွမ်း လူမှာ ရှိတယ်။ ကမ္ဘာသမိုင်း၊ အတွေးအခေါ်ပညာ နဲ့ သိပ္ပံပညာတို့က တညီတညွတ်တည်း ပြောနေတာက လူတွေ၊ တိုင်းနိုင်ငံတွေကို ရည်ရွယ်ချက်နဲ့ ဖန်ဆင်း ပြီး အုပ်စိုးနေတဲ့ ဘုရားရှိတယ်လို့ ဆိုတယ်။ ဒီလိုဘုရားက ဖေါ်ပြနေ တာဟာ အချိန်တိုင်း၊ နေရာတိုင်းက လူတိုင်းအတွက် ဖြစ်တယ်။ ဒါကို general revelation (သာမန်ဖွင့်ပြခြင်း) လို့ ခေါ်တယ်။

ဘုရားက တချို့အချိန်၊ တချို့နေရာမှာတချို့လူတွေကို ဖွင့်ပြမှု ရှိတတ်တယ်။ ဒါကို special revelation (အထူးဖွင့်ပြခြင်း) လို့ခေါ်တယ်။ ရှေးခေတ်က အိပ်မက်၊ ရူပါရုံ၊ အသံတော် စသည် ဖြင့် (patriarchs and the prophets ဘိုးဘေ

ဘား၊ ပရောဖက်စတဲ့) လူတချို့ကို ဖေါ်ပြတယ်။ နိမိတ် လက္ခဏာနဲ့ အံ့ဘွယ် တန်ခိုးတွေကို သုံးတတ်သလို၊ လူတ ယောက်လို လည်း ကိုယ်ထင်ရှားတတ် တယ်။ (ဒါကို theophany လို့ခေါ်တယ်။) ခရစ်တော်ဘုရားကိုယ်တိုင် လူဇာ တိခံယူပြီး ဘုရားကို လူတွေ မြင်ခွင့်ရစေတယ်။ လူတွေရဲ့ကိုယ်စား အပြစ်ကြွေးကို အသက်စွန့် ပေးဆပ်ပြီး၊ ရှင်ပြန် ထမြောက်ခဲ့ တယ်။ ဒါပေမယ့်လူကို နောက်ဆုံး၊ အစုံလင် ဆုံး ဖွင့်ပြခြင်းကတော့ ရေးထားတဲ့ ကျမ်း စကား (written Word) ဖြစ်တယ်။ (ပညတ္တိ ကျမ်းများ၊ အနာဂတ္တိကျမ်းများ၊ ခရစ်ဝင်ကျမ်းများ၊ ဩဝါဒစာများ)ပါတဲ့ခရစ်တော် အကြောင်း ကို ပြောပြနေတဲ့ ကျမ်းစာတအုပ်လုံး (all the Bible) ဖြစ်တယ်။ (Hebrews 12:1,2).

**B.** သမ္မာကျမ်းစာဟာ အထူးဖွင့်ပြခြင်း **special revelation** ကို မှတ်တမ်းတင်ထားတယ်။ **(**စာမေးပွဲအတွက် ဒီအပိုင်းကို လေ့လာပါ။**) (Learn this section for the exam.)**

1. Genesis chapters 1 and 2 – period of innocence - အပြစ်မဲ့ကာလ (မကောင်းတာကို မသိခင်).
   Special revelation (အထူးဖွင့်ပြခြင်း) မလိုသေးဘူး။အပြစ်ကြောင့် ဉာဏ်မျက်စိ မကွယ် သေးဘူး။ ဘုရားနဲ့အတူ လျှောက်လှမ်းနိုင်၊ စကားပြောနိုင်သေးတယ်။ခင်မင်မှု မပျက်သေးဘူး။
2. Genesis chapters 3 through 8 – period of conscience-သိလာတဲ့ ကာလ (အပြစ်ပြုပြီးနောက်)
   အပြစ်ကြောင့် လူဟာ ဘုရားကို မသိတော့ဘူး။ လူဟာ သာမန်ဖွင့်ပြခြင်းတော့ ရနိုင်သေးတယ်။ ယုံကြည်ကိုးစား သူတွေကိုတော့ ထူးခြားတဲ့ ဖေါ်ပြခြင်း ရတတ်တယ်။ (အာဗေလ၊ ရှေသ၊ ဧနောက်၊ မသုရှလ၊ လာမက်၊ နောဧ) တရားစီရင်ခြင်းကို ရေလွှမ်းမိုးခြင်းအားဖြင့်ပြပြီး၊ ကယ်တင်ခြင်းတန်ခိုး ကို သင်္ဘောအားဖြင့် ပြတော်မူပါတယ်။
3. Genesis chapters 9 through11–period of human government. - လူ အုပ်ချုပ်ရာကာလ
   ရေလွှမ်းမိုးအပြီးမှာ နောဧကိုပေးတဲ့ပဋိညာဉ်အားဖြင့်ထင်ရှားတော်မူတယ်။ (a covenant given to Noah.) ဒီခေတ်မှာ တိုင်းနိုင်ငံတွေ ပိုင်းခြားပြီး ဘုရားအုပ်စိုး တာ လက်မခံတဲ့ လူအစိုးရတွေ အုပ်ချုပ်ရတယ်။ လူအုပ်ချုပ်တာ မအောင်မြင်တာကို ဗာဗုလုန်ရဲတိုက် (Tower of Babel) မှာ မြင်ရပါတယ်။
4. Genesis chapter 12 through Exodus chapter 19 – period of promise. - ဂတိတော်ကာလ
   ဘုရားပညတ်တော်အတိုင်း အသက်ရှင်ဖို့ နိုင်ငံတနိုင်ငံ ဣသရေလ (အစ္စရေး) ကို တည်ထောင်ပြီး ကျန်တိုင်းနိုင် ငံတွေ ဘုရားကို သိလာဖို့ စံနမူနာ ဖြစ်စေခဲ့တယ်။ အထူးဂတိတော်ကို ကိုးစား နားထောင်တဲ့ အာဗြဟံနဲ့ သားမြေး (ဣဇက်၊ ယာကုပ်၊ ယောသပ် - ဘိုး ဘေးများ the patriarchs) တွေကို ပေးတော်မူတယ်။ ဒီဂတိတော်အားဖြင့် (covenant-keeping) ဂတိတည်တဲ့ဘုရား၊ တန်ခိုးရှိတဲ့ဘုရားအဖြစ် ဖေါ်ပြတော်မူတယ်။
5. Exodus 19 through Malachi–the period of the law.- ပညတ်တော် ကာလ
   ကျန်တဲ့ ဓမ္မဟောင်းကျမ်းတွေဟာ မောရှေမှသည် သခင်ခရစ်တော်ကာလအထိ လူမျိုးတော် အစ္စရေးရဲ့သမိုင်းဖြစ် တယ်။ ဒီကာလမှာ ပညတ္တိကျမ်းနဲ့ အနာဂတ္တိကျမ်း (the Law and the Prophets) (ကျမ်းစာ) အားဖြင့် အစ္စရေးကို ဖေါ်ပြ တော်မူတယ်။ တဲတော်၊ ပွဲတော်၊ ယဇ် ပူဇော်ခြင်းများ၊ နိမိတ်လက္ခဏာများနဲ့ခရစ်တော်ကိုယ်တိုင်ထင်ရှားခြင်း (theophanies) များ အားဖြင့် ဖွင့်ပြတော်မူတယ်။
6. Matthew, Mark, Luke, John – the period of the Gospel - ဧဝံ ဂေလိ တရားကာလ (သတင်း ကောင်း - good news).
   ဘုရားသားတော် သခင်ယေရှုခရစ် လူအဖြစ် လောကသို့ ကြွလာတယ်။ (John 1:1-12) ဘုရားကိုသိခွင့်၊ကယ်တင်ခြင်း ရခွင့် ပေးလာတယ်။ နိမိတ်လက္ခဏာ၊တန်ခိုး၊ အနာရောဂါ ပျောက်စေခြင်း၊ နိုင်ငံတော်အကြောင်း ဟောပြော

ခင်းနဲ့ တပည့်တော်တွေကို သွန်သင် တာတွေ လုပ်ဆောင်တော်မူတယ်။ အသေခံပြီး၊ အသက်ရှင်ပြီး ရွေးနှုတ်ခြင်းကို ပြည့်စုံ စေ တော်မူတယ်။

7. Acts and the Epistles -တမန်တော်ဝတ္ထုနဲ့ ဩဝါဒစာများ (ရောမမှ ယုဒ အထိ) – period of grace (ကျေးဇူးတော်ကာလ)

နှုတ်ကပတ်တော်ကျမ်းစာအားဖြင့် ကျေးဇူးတော် ကာလကို ဖေါ်ပြတော်မူတယ်။ ယုံကြည်သူ တွေရဲ့စိတ်နလုံးကို သန့်ရှင်းသောဝိညာဉ် တော်အားဖြင့် နားလည်စေပြီး၊ ကျမ်းစာကို ဝိညာဉ်တော်သွန်သင်တဲ့အတိုင်း လိုက်လျှောက်ဖို့ မစတော်မူတယ်။

8. The book of the Revelation (ဗျာဒိတ်ကျမ်း) - ရှေ့ဖြစ်လာမယ့် အရာများ (future events.)

ခရစ်တော် မြေကြီးပေါ်မှာ ပြန်ကြွလာပြီး ဘုရင်တကာတို့ရဲ့ဘုရင်၊ သခင်တကာတို့ရဲ့သခင် အဖြစ် အနှစ် ၁၀၀၀ အုပ်စိုး မယ့်အကြောင်း ယောဟန်ကို ဖေါ်ပြတော်မူတယ်။

**C. Man's response to revelation determines his relationship to God. -** ဘုရားနဲ့ လူရဲ့ ဆက်သွယ်မှုကို ဆုံးဖြတ်သည့် ဖွင့်ပြခြင်းအပေါ်လူရဲ့တုန့်ပြန်ပုံ။

လူက ဘုရားဖွင့်ပြခြင်းကို နည်းအမျိုးမျိုးနဲ့ တုန့်ပြန်တယ်။ ဂရုမစိုက်ဘူး၊ မေးခွန်းထုတ်တယ်၊ ပစ်ပယ် တယ်၊ ငြင်းတယ် သို့မဟုတ် လက်ခံတယ်။

အပြစ်မပြုခင် လူဟာ ဘုရားသခင်နဲ့ တူအောင်ဖန်းဆင်းထားတယ်။ အတွေး၊ လိုအင်နဲ့ လုပ်ရပ် အားလုံး ဘုရားနဲ့ အဆင် ပြေတယ်။ အပြစ်ကြောင့် ဒါတွေ ပြောင်းသွားတယ်။ ဘုရားနဲ့ ဝေးတယ်။ တရားကို မမြင်တော့ဘူး။ ဒါပေမယ့် ဘုရားက ချစ်သနားတော့ ရွေးနှုတ်ကယ်တင်တဲ့ နည်းကို ပြင် ဆင်ပေးတယ်။ ရွေးနှုတ်ခံရရင် ကယ်တင်ခံရတယ်။ ဘုရားအတွက် သီးသန့်ခွဲပြီး သန့်ရှင်းစေတယ်။ ရွေးနှုတ်မခံရသေးရင်တော့ ဘုရားနဲ့ ဝေးကွာနေဆဲပါပဲ။ သေဒဏ်အောက်မှာပဲ ရှိနေ တယ်။ (John 3:16,17)

ဘုရားနဲ့ ဆက်သွယ်ရာမှာ ကယ်တင်ခြင်းရော၊ အသက်တာမှာပါ ယုံကြည်ခြင်းက foundation ပါပဲ။ ကျမ်းစာအရ ယုံကြည်ခြင်းဟာ သိနားလည်ရုံ၊ ဘုရားကို အသိအမှတ် ပြုရုံ၊ ကျမ်းစာကို စစ်မှန်ကြောင်း နားလည်ရုံထက် ပိုတယ်။ ကယ်တင်ခြင်းနဲ့ဆိုင်တဲ့ ယုံကြည် ခြင်း (Saving faith) ဟာ တခြားဘာကိုမှ မယုံဘဲ ဘုရားသခင်ကို လုံးလုံး အားကိုးတာ ဖြစ်တယ်။ အားကိုးတာက တခါ တည်းနဲ့ အပြီးဖြစ်တယ်။ (It is a trust that is singular and complete.) ဘုရားဖွင့်ပြတာကို ယုံကြည်ခြင်းနဲ့ လက်ခံရင် ဘုရားနဲ့ အသစ်တဖန် မိတ်ဖွဲ့နိုင်တယ်။ (Ephesians 2:8,9; John 1:12) ဓမ္မဟောင်း သန့်ရှင်းသူတွေဟာ ကြွလာမယ့် ရွေးနှုတ်မယ့်အရှင် မေရှိယကို ယုံကြည်ခဲ့ကြတယ်။ ဓမ္မသစ်သန့်ရှင်းသူတွေကတော့ ကားတိုင်မှာ ပြီးစီးခဲ့တဲ့အမှုကို ယုံကြည်လက်ခံပြီး ဘုရင်အဖြစ် ကြွလာမယ့် အချိန်ကို စောင့်စားနေကြတယ်။

လူတွေ အိမ်ထောင်ပြုတာ၊ မိသားစုဘဝ၊ အသိုင်းအဝိုင်းထဲမှာ ပါဝင်တာတွေဟာ လူနဲ့ ဘုရား ရဲ့ဆက်သွယ်မှုကို ရောင် ပြန်ဟပ်နေတာပါ။ လူအချင်းချင်း ပေါင်းသင်းဆက်ဆံတာနဲ့ ဝိညာဉ်ရေး မိသဟာယကို ကျမ်းစာထဲမှာ တွဲမြင်ရလေ့ ရှိပါတယ်။

**D. The responsibilities and rewards of a relationship of faith. -** ယုံကြည်ခြင်းရဲ့တာဝန်နဲ့ ဆုလာဒ်များ

မိတ်ဆွေဖွဲ့တာနဲ့ တာဝန်တွေက ပါလာလေ့ရှိတယ်။ ဘုရားနဲ့ မိတ်ဆွေဖွဲ့တဲ့အခါ တာဝန်တွေရှိတယ်။

1. Walk with God; - ဘုရားနဲ့အတူ လျှောက်လှမ်းပါ။ အမိန့်တော်ကို နာခံပါ။ (Deuteronomy 13:4; Jeremiah 7:23; John 14:21).
2. Work with God; - ဘုရားနဲ့အတူ လုပ်ဆောင်ပါ။ အမှုတော်ဆောင်ပါ။ (Psalm 100:2; Joshua 24:14; Hebrews 12:28).
3. Worship God - စိတ်နှလုံးဖြူစင်စွာ ဝတ်ပြုပါ။ (John 4:23,24; 1 Chronicles 16:29).

အဓိကကတော့ အပြစ်ထဲမှ လွတ်မြောက်ပြီး သန့်ရှင်းစွာ အသက်ရှင်ပြီး ဘုန်းတော်ထင်ရှားဖို့ ဖြစ်တယ်။ (Romans 11:36) ယုံကြည်ခြင်းရဲ့သက်သေကို အပြင်လူတွေ မြင်လာရတယ်။ ကိုယ့်ကို ဘုရားဖေါ်ပြတာကို သက်သေခံနေတာ ဖြစ်တယ်။ ယုံကြည်ခြင်းက ပုံမှန်ကြီးထွားဖို့ လိုသလို၊ လက်တွေ့ရင်ကျက်လာဖို့ လိုတယ်။ ဘုရားစကားတော်က ကယ်တင်ခြင်းကို ပြသလို၊ လိုက် လျှောက်နည်းကိုလည်း ပြတယ်။

ဘုရားနဲ့ မိတ်ဖွဲ့ရတဲ့အကျိုးတွေကတော့ -အပြစ်ခွင့်လွှတ်ခံရတယ်။ထာဝရအသက် ရတယ်။ယုံကြည် ခြင်း တိုးပွါးလာတယ်။ နာခံတတ်လာတယ်။ ဘုရားသခင်နဲ့အတူ ကောင်းကင်အိမ်တော်မှာနေခွင့်ရမယ်။ယုံကြည်စွာလျှောက်လှမ်းရင်၊ အသက်တာ သန့်ရှင်းရင် လောကမှာ ဝမ်းမြောက်မယ်။ ငြိမ်သက်တယ်။ ကောင်းကင်မှာ ခရစ်တော်နဲ့ ထာဝရ ဆုလာဒ်တွေရမယ်။ ကျမ်းစာမှာ ဒီအကြောင်း အများကြီး တွေ့ရတယ်။

ကျမ်းစာထဲကခေတ်အဆက်ဆက်ကယုံကြည်သူတွေဟာယုံကြည်ခြင်းရဲ့တာဝန်တွေကို ထမ်းဆောင် တာကြောင့် ဒီနေ့ ခေတ်တိုင် အတုယူစရာ ပုံသက်သေတွေ ဖြစ်နေတယ်။ မယုံကြည်သူနဲ့ သူ့ရဲ့အကျိုးအပြစ်ကိုလည်း တွေ့ရတယ်။

## II. THE STRUCTURE OF THE BIBLE- သမ္မာကျမ်းစာဖွဲ့စည်းပုံ

သမ္မာကျမ်းစာကို နှစ်ပေါင်း ၁၅ ရာစုအတွင်းမှာ မတူတဲ့ လူ ၄၀ က ဘာသာစကား ၃ မျိုးနဲ့ ကျမ်းစာ ၆၆ စောင်အဖြစ် ရေးခဲ့တယ်။ တအုပ်တည်းဖြစ်ပြီး ရေးသူက ဘုရားသခင်ပါ။ ရေးသားပုံ ကွဲပြားပေမယ့် သတင်းစကားက တခုတည်းပါ။ သခင် ယေရှုအားဖြင့်ဘုရားသခင်က ရွေးနှုတ်တယ် ဆိုတဲ့အချက်ပါပဲ။ဓမ္မဟောင်းနဲ့ ဓမ္မသစ်ဆိုပြီး နှစ်ပိုင်းခွဲထားတယ်။ (စာမေးပွဲ အတွက် ကျမ်းစာနဲ့ သူ့ကာလတွေကို တွဲမှတ်ပေးပါ။) (For the exam be able to match the book with the period that describes it.)

### A. The Old Testament contains 39 books.- ဓမ္မဟောင်းမှာ ၃၉ ကျမ်းပါတယ်။

17 Historical books: သမိုင်းကျမ်း ၁၇-စောင်

- the Pentateuch -ပဥ္စတ္တိ ၅ စောင်တွဲ(5 books: Genesis, Exodus, Leviticus, Numbers and Deuteronomy)
- the Historical books - သမိုင်းကျမ်းများ ၁၂-အုပ် (12 books: Joshua, Judges, Ruth, 1 and 2 Samuel, 1 and 2 Kings,1 and 2 Chronicles, Ezra, Nehemiah and Esther )

5 Poetical books (songs) and books of wisdom: ကဗျာလင်္ကာကျမ်း ၅ စောင်နဲ့ ပညာကျမ်း ၅ ကျမ်း

- 2 books of songs: သီချင်း ၂-စောင် (the Psalms and the Song of Solomon)
- 3 books of wisdom: ပညာရတနာကျမ်း ၃ စောင် (Job, Proverbs and Ecclesiastes)

17 Prophetical books: ပရောဖက်ကျမ်း ၁၇-စောင်

- the major prophets: ပရောဖက်ကျမ်းကြီး ၅ - စောင် (5 books) Isaiah, Jeremiah, Lamentations, Ezekiel and Daniel
- the minor prophets: ပရောဖက်ကျမ်းငယ် ၁၂ - စောင် (12 books) Hosea, Joel, Amos, Obadiah, Jonah, Micah, Nahum, Habakkuk, Zephaniah, Haggai, Zachariah and Malachi

**B. The 27 books of the New Testament. -** ဓမ္မသစ် ၂၇- စောင်

5 Historical books: သမိုင်းကျမ်း ၅ စောင်

- the Gospels: ခရစ်ဝင်ကျမ်း ၄ စောင် (4 books) (Matthew, Mark, Luke and John)
- the Acts of the Apostles: တမန်တော်ဝတ္ထု (ကနဦး အသင်းတော်သမိုင်း)

21 Epistles: ဩဝါဒစာ ၂၁ စောင်

- Romans, 1 and 2 Corinthians, Galatians, Ephesians, Philippians, Colossians, 1 and 2 Thessalonians, 1 and 2 Timothy, Titus, Philemon, Hebrews, James,1 and 2 Peter, 1, 2 and 3 John and Jude

1 Prophetical book: အနာဂတ်ကျမ်း တစောင်

- Revelation

**C. The arrangement of the Bible. -** သမ္မာကျမ်းစာကို စုစည်းထားပုံ

တချို့ကျမ်းစောင်တွေကို သမိုင်းစဉ်အလိုက် စီစဉ်ထားပါတယ်။ တချို့ကိုတော့ အကြောင်း အရာ သို့မဟုတ် အမျိုးအစား အလိုက် စုထားတယ်။ (ကဗျာလင်္ကာကျမ်းများ၊ ပရောဖက် ကျမ်းများ)(the poetical books, the prophets). တချို့ကို တော့ ခေတ် ကာလအလိုက် စီစဉ်ထားတယ်။ (example: 1 and 2 Kings and 1 and 2 Chronicles; Matthew, Mark, Luke and John)

အခန်းကြီး၊ အခန်းငယ်တွေ ခွဲထားတယ်။ မူရင်းမှာတော့ ဒီလိုခွဲမထားဘူး။ မှတ်ရလွယ်ဖို့ ဖြစ်တယ်။ သမ္မာကျမ်းစာမှာ ဖြစ်ရပ် ဇာတ်လမ်းတွေ narratives (stories); ရှင်းပြ သွန်သင် ပြတာတွေ commentaries (information and explanations); သီချင်းနဲ့ ဆုံးမစကား songs and proverbs; ဂတိတော်များ promises; အမိန့်တော်များ commands; တရား စီရင်မှုများ judgments နဲ့ ဝတ်ပြုကိုးကွယ်စာများ passages of worship and devotion ပါဝင်တယ်။

III. **HOW TO STUDY THE BIBLE**-သမ္မာကျမ်းစာ လေ့လာနည်း

**A.** ဖတ်ရှုလေ့လာနည်း များစွာရှိပါတယ်။

1.ကမ္ဘာဦးကနေ ဗျာဒိတ်အထိ ဆက်တိုက်ဖတ်ပါ။

2.တစောင်ချင်း လေ့လာပါ။

3.အကြောင်းအရာအလိုက် လေ့လာပါ။ (ချစ်ခြင်း၊ ယုံကြည်ခြင်း၊ အပြစ် စသဖြင့် ကျမ်းစာ တအုပ်လုံး အနှံ့ ရှာပါ။)

4.လူတယောက်အကြောင်း သီးသန့် လေ့လာပါ။ (မောရှေ၊ ဒံယေလ၊ ခရစ်တော်)

**B.** အခုသင်ခန်းစာတွေကို သမိုင်းဖြစ်စဉ်အလိုက် စီစဉ်ပါတယ်။ ကျမ်းစောင်တွေကို သမိုင်း အလိုက် လေ့လာပါမယ်။ ခေတ်ကာလကြီး ၈ ခု ပိုင်းပါတယ်။

| | | |
|---|---|---|
| section 1 | Genesis and Job | BEGINNINGS: အရာအားလုံး စတင်ပုံ |
| section 2 | Exodus and Leviticus | BELONGING: အစ္စရေးနိုင်ငံ အစပြုပုံ |
| section 3 | Numbers, Deuteronomy, Joshua | BEHAVIOR: နောက်တော်လိုက်ရာမှ ရင့်ကျက်ရာသို့ |
| section 4 | Judges, Ruth, 1 Samuel, 1 Chronicles | BUILDING: အမွေခွဲဝေ စီမံခြင်း |
| section 5 | 2 Samuel, 1 Kings 1-11, I Chronicles 11-2 Chronicles 9, Psalms, Proverbs, Ecclesiastes, Song of Solomon | BLESSINGS OF BONDING: ဘုရားကို ကြည်ညိုတဲ့ စိတ်နှလုံး |
| section 6 | 1 Kings 12-22; 2 Kings | BROKEN: အပြစ်စီရင်ခြင်း - နောင်တသို့ သွေးဆောင်ခြင်းနဲ့မျှော်လင့်ခြင်း |
| section 7 | Matthew, Mark, Luke, John | BELIEVING THE GOSPEL OF JESUS CHRIST: မေရှိယ၊ အစ္စရေး ရှင်ဘုရင်၊ ကယ်တင်ရှင်၊ လူ့ဇာတိခံယူသော ဘုရား။ |
| section 8 | Acts, the Epistiles (Romans-Jude), Revelation | BODY OF BELIEVERS, THE CHURCH: ခရစ်တော်ကြွလာခြင်းကို မျှော်လင့်လျက် လောကီသားတို့ကို ကယ်တင်ခြင်းတရား ပြောပြခြင်း။ |

**C.** သင်ခန်းစာတိုင်းမှာ တွေ့ရမယ့် အချက်များ။

1. ခေတ်တခေတ်ရဲ့အခြေခံအကြောင်းအချက်။ ဒီအချက်ကို သင်ခန်းစာတိုင်းမှာ ကိုးကား တတ်ရပါမယ်။ (စာမေးပွဲမှာ ဒီအချက် ပါနိုင်ပါတယ်။)
2. အဓိကအချက်၊ ရည်ရွယ်ချက်၊ ကောက်နုတ်ချက်၊ အနှစ်ချုပ်၊ လူများ၊ နေရာဒေသများ၊ စကားလုံးများ၊ အခြေခံအကြောင်းအရာတွေ သိရပါမယ်။ A Theme, Goal, Outline, Summary, People and Places to know, Words to know and an Introduction (ဒီအရာတွေက အရေးကြီးပါတယ်။ သေသေချာချာ လေ့လာပါ။ အကျိုးရှိပါ လိမ့်မယ်။ ကျမ်းစာအဘိဓါန်၊ မြေပုံ စတာတွေကလည်း အထောက်အကူ ပြုပါလိမ့်မယ်။)
3. သင်ခန်းစာကို ကောက်နှုတ်ချက်outline ပုံစံစီစဉ်ထားပါတယ်။တချက်ချင်းလေ့လာပါ။ပေးထားတဲ့ ကျမ်းပိုဒ်တွေကို ဖတ်ပါ။

   ရှာရမှာက -

• ဘုရားက လူကိုဖွင့်ပြချက် Revelation of God to man

• လူရဲ့တုန့်ပြန်မှု Responses of individuals (and nations) to God's Word

• မိတ်သဟာယဖွဲ့ခြင်း Relationships established

• တာဝန်နဲ့ လုပ်ဆောင်မှုများ Responsibilities and how they are carried out
• အကျိုးရလာဒ်နဲ့ ဆုလာဒ်များ Results and rewards

4. သင်ခန်းစာရဲ့အဆုံးမှာ အဓိကအချက်တွေအကြောင်း စဉ်းစားပါ။ (ဒါက ကိုယ့်ဘဝမှာ လက်တွေ့အသုံးချဖို့ ကူညီပါလိမ့်မယ်။)
5. သင်ခန်းစာတခုဟာ တခြားသင်ခန်းစာတွေနဲ့ ဆိုလိုရင်း ကိုက်ညီကြောင်း တွေးကြည့်ပါ။
6. ကျက်ထားစရာတွေ ကျက်ထားပါ။
7. စာမေးပွဲ မေးခွန်းတွေကို ဖြေပါ။

**Exam - Lesson 1**

Name ________________________________________________________

Address ______________________________________________________

Multiple choice (Circle only one letter as the correct answer unless otherwise indicated. You may use your Bible when so indicated, but we trust you not to look up the answers in the lesson.)

1. What is essential for knowing God and understanding His Word? (Value 3 points) ဘုရားရှင်ကိုသိနားလည်ဖို့ နှင့် နှုတ်ကပတ်တော်ကိုနားလည်ရန် မရှိမဖြစ်လိုအပ်သောအရာကား အဘယ်နည်း။
   a) attending Bible College and engaging in Christian service - ကျမ်းစာကျောင်း တက်ခြင်းနှင့် ခရစ်ယာန် အမှုတော်ဆောင်လုပ်ငန်းများတွင်ပါဝင်ခြင်း လုပ်ဆောင်ရန်။
   b) attending church and being baptized - ဘုရားကျောင်းတက်ခြင်းနှင့် နှစ်ခြင်းခံခြင်း လုပ်ဆောင်ရန်။
   c) revelation and faith - ဘုရားရှင်ဖွင့်ပြခြင်းရရန်နှင့် ယုံ ကြည် ခြင်းကြီးထွားနိုင်ရန်။

2. How did we get the Bible? (Value 3 points) - ကျမ်းစာကို ကျွန်ုပ်တို့ မည်ကဲ့သို့ ရလာသနည်း။
   a) Men who knew God wrote of their experiences. - ဘုရားရှင်ကိုသိသောသူတို့ ရေးသားသောအတွေ့ကြုံမှ
   b) It was brought together by people of different times and places who felt a need for God. - ၎င်းကို ဘုရားရှင် ကိုလိုအပ်သောသူများအတွက် လူအသီးသီးက နေရာအသီးသီးတွင် ရေးသားထားသောကျမ်းစာများကို စုပေါင်းထားခြင်းဖြစ်သည်။
   c) God caused a number of men to write it down at different times and places. - ဘုရားရှင်သည် ကျမ်းစာကို လူအသီးသီး၊ နေရာအသီးတွင် ရေးခိုင်းစေခြင်းဖြစ်သည်။

3. Where can we find the most complete revelation of God? (Value 3 points) - ဘုရားရှင်၏ ပြီးပြည့်စုံသော ဖွင့်ပြခြင်းကို မည်သည့်နေရာတွင် တွေ့ရသနည်း။
   a) in nature သဘာဝလောက
   b) in Christ's ministry on earth လောကတွင် ယေရှုဘုရား၏အမှုတော်ဆောင်ခြင်း
   c) in the Bible - ကျမ်းစာတွင်

4. What determines a person's relationship to God? (Value 3 points) - ဘုရား ရှင်နှင့်ဆက်သွယ်မှုကို မည်သည့်အရာက အဆုံးအဖြတ်ပြုသနည်း။

a) his natural birth - မွေးကတည်းက

b) his response to God's revelation - ဘုရားရှင်ဖွင့်ပြချက်ကိုတုန့်ပြန်ကတည်းက

c) his membership in a church or religious group - ဘုရားကျောင်း (ဘာသာရေးအဖွဲ့ ) တွင်အဖွဲ့ ဝင်ဖြစ်ပြီး ကတည်းက

5. What is biblical, saving faith? (Value 3 points) - ကျမ်းစာနည်းကျယုံကြည်ခြင်းဆိုသည်မှာအဘယ်နည်း။

a) knowing who God is - ထာဝရဘုရားသည် မည်ကဲ့သို့ သောဘုရားဖြစ်ကြောင်းသိခြင်း

b) faithfully fulfilling vows to God - ဘုရားရှင်အား သစ္စာရှိခြင်း

c) totally trusting in God alone - ဘုရားရှင်တပါးတည်းသာ အားကိုးယုံကြည်ခြင်း

6. For whom was the Bible written? (Value 3 points) - မည်သူ့ အတွက် သမ္မာကျမ်းစာကို ရေးသားခဲ့သနည်း

a) for the Jews - ဂျူးလူမျိုးများအတွက်

b) for saved believers of all ages - ယုံကြည်သူအားလုံးအတွက်

c) for all the world - လောကီသားအားလုံးအတွက်

7. What determines a person's response to God's revelation? (Value 3 points) - ဘုရားရှင်၏ ဖွင့်ပြချက်အပေါ် လူ၏တုန့် ပြန်ချက်ကို မည်သည့်အချက်က အဆုံးအဖြတ်ပေးသနည်း။

a) his status in life - သူ၏အသက်တာ အကောင်းအဆိုး

b) his relationship with God - သူ၏ဘုရားရှင်နှင့်ဆက်သွယ်မှု

c) his religious responsibilities - သူ၏ဘာသာရေးတာဝန်ဝတ္တရားများ

8. What is essential in all relationships? (Value 3 points) - ဆက်သွယ်မှုအားလုံးတွင် မည်သည့်အချက်က အရေးကြီးသနည်း။

a) Risks - စွန့် စားရမှုများ

b) responsibilities - တာဝန်ဝတ္တရားများ

c) rewards - ဆုလာဘ်များ

9.What is the meaning of biblical faith? (Value 3 points)ကျမ်းစာနည်းကျယုံကြည်ခြင်းဆိုသည်မှာအဘယ်နည်း။

a) It is an intellectual assent and recognition of God. - ၎င်းသည် ဘုရားရှင်အား အသိ ဉာဏ်ဖြင့်သိရှိလက်ခံ ခြင်းဖြစ်သည်။

b) It is an understanding of the existence of God. - ၎င်းသည် ဘုရားရှင်တကယ်ရှိကြောင်းကို နားလည်ခြင်း ဖြစ်သည်။

c) It is accepting God as a living person in your life. - ၎င်းသည် အသက်ရှင်သောဘုရား အဖြစ်လက်ခံခြင်း ဖြစ်သည်။

10. What is the meaning of sanctification? (Value 3 points) -သန့် ရှင်းခြင်းဆိုသည်မှာ အဘယ်နည်း။

a) It means being accepted by God. - ဘုရားရှင်မှ သင့်အားလက်ခံခြင်း၊

b) It means being set apart from sin, separated from the world and separated to God. - အပြစ်တရား နှင့်လောကီသားများမှဖယ်ရှားကာ ဘုရားရှင်အတွက် ခွဲခြားထားခြင်း၊

c) It means being a part of a religious ritual to which one is very dedicated. - ဘာသာရေး ထုံးတမ်းစဉ် လာများကို အလွန်လေးစားသူဖြစ်ခြင်း၊

11. How were people saved in the Old Testament time? (Value 3 points) - ဓမ္မဟောင်း ခေတ်က လူသားများ မည်ကဲ့သို့ ကယ်တင်ခြင်းရသနည်း။

a) by believing the power of God to save them through a coming Messiah ကြွလာ တော်မူမည့် မေရှိယ အားဖြင့်ကယ်တင်ခြင်းရမည်ဟု ဘုရားရှင်၏တန်ခိုးအား ယုံကြည်ခြင်း အားဖြင့်၊

b) by keeping the law and observing the feasts and holy days -ဥပုသ်နေ့ ကိုစောင့်ထိန်းပြီး ပညတ်တော်များ ကို လိုက်နာခြင်းအားဖြင့်၊

c) by bringing sacrifices to priests - ယဇ်ပုရောဟိတ်ထံသို့ ယဇ်ကောင်ယူလာခြင်းအားဖြင့်၊

12. How were people saved in the New Testament time? (Value 3 points) - ဓမ္မသစ်ကာလတွင် လူသားများ မည်ကဲ့သို့ ကယ်တင်ခြင်းရသနည်း။

a) by faith in the rules and laws of God as presented by a church - အသင်းတော်မှ ပြောပြသော ဘုရား ရှင်၏ ပညတ်တော်များကို ယုံကြည်ခြင်းအားဖြင့်၊

b) by accepting Christ as their personal Savior from sin - ခရစ်တော်ကိုအပြစ်မှရွေးနှုတ်ပေးသော ကယ်တင် ရှင် အဖြစ် လက်ခံခြင်းအားဖြင့်၊

c) by walking in God's way and keeping His commandments - ဘုရားရှင်၏နည်းလမ်းအတိုင်း လျှောက် လှမ်းပြီး ပညတ်တော်များကို လိုက်နာခြင်းအားဖြင့်၊

Fill in the blank space with the correct number - ကွက်လပ် ဖြည့်ပါ။

13. Number of books in the Bible (Write the correct number on the line: 66, 39, 27.) (Value 6 Points) သမ္မာကျမ်းစာတွင် ကျမ်းပေါင်းမည်မျှပါရှိသနည်း။

______ the number of books in the Old Testament

______ the number of books in the New Testament

Matching : အောက်ပါတို့ ကို မှန်ကန်စွာယှဉ်တွဲပါ။

14. Match each term with the correct definition.(Value 12 points)

အောက်ပါစာကြောင်းများတွင် မှန်ကန် သော စာလုံးကို ယှဉ်တွဲပြပါ။

| | |
|---|---|
| ______ a revelation for all people at all times in all places လူတိုင်းအတွက် နေရာတိုင်း၊အချိန်တွင် ဘုရားရှင်ဖွင့်ပြချက် | a. the Bible သမ္မာကျမ်းစာ |
| ______ the means by which God shows Himself to man ဘုရားရှင်ကိုယ်တော်တိုင်သူမည်သူဖြစ်ကြောင်း လူတို့ အားဖွင့်ပြချက် | b. revelation ဖွင့်ပြခြင်း |
| ______ God shows Himself to certain people in certain places ဘုရားရှင်က သီးသန့် လူအား၊သီးသန့် အချိန်တွင် သူမည်သူဖြစ်ကြောင်းဖွင့်ပြချက် | c. general revelation အထွေထွေဖွင့်ပြခြင်း |
| ______ the record of God's revelation to manဘုရားရှင်က လူတို့ အားဖွင့်ပြပြောဆိုချက်များကို မှတ်တမ်းပြုထားသည့်အရာ | d. special revelation အထူးဖွင့်ပြခြင်း |

15. Put the correct letter of how God revealed Himself with each period. (Value 16 points) ခေတ်ကာလ အသီးသီးတွင် ဘုရားရှင်ဖွင့်ပြချက်ကို ကွက်လပ်တွင် မှန်ကန်စွာဖြည့်ပါ။

_____Genesis 1-2 a. Messiah's words and works

(the period of Christ's life on earth) ခရစ်တော် လောကတွင်ရှိစဉ်အကြောင်း မေရှိယ၏အပြောအလုပ်

_____Genesis 3-8 b. the agreement with Noah

(the period of human government) လူသားအုပ်စိုးသောကာလ နောဧနှင့်သဘောတူချက်

_____Genesis 9-11 c. the time before man knew evil

(the period of innocence) လူတို့ အပြစ်အကြောင်းမသိသေးသည့်အပြစ်မဲ့ကာလ

_____Genesis 12-Exodus 19 d. the time of the Patriarchs

(the period of promise) ဘိုးဘေးတို့ ၏ကတိတော်ကာလ

_____Exodus 19-Malachi e. the time man knew between right and wrong

(the period of conscience) လူတို့ အမှန်အမှားခွဲခြားသိရာ ကာလ

_____Matthew-John f. Christ comes as King of kings

(the period of future events) ခရစ်တော်ဘုရားဘုရင်တကာတို့ ၏ဘုရင်အဖြစ်ကြွလာမည့်ကာလ

______ Acts-Jude g. the time of the Church အသင်းတော်ကာလ

______ Revelation h. the time of the law ပညတ်တော်ကာလ

16. Match the books with the phrase that describes them. (Value 30 points) ကျမ်းစာအုပ်အကြောင်းဖော်ပြထားသည့် စကားစုကို မှန်ကန်စွာယှဉ်တွဲပါ။

______ Joshua-Esther a. the Books of Songs ရှောလမုန်သီချင်း

______ Genesis-Deuteronomy b. the Major Prophets ပရောဖက်ကျမ်း-ကြီး

______ Psalms-Song of Solomon c. the Minor Prophets ပရောဖက်ကျမ်း-ငယ်

______ Job, Proverbs, Ecclesiastes

______ Isaiah-Daniel

______ Hosea-Malachi

______ Matthew-John

______ Acts of the Apostles

______ Romans-Jude

______ Revelation

d. the Pentateuch ပဉ္စပညတ္တိကျမ်း

e. the Books of Wisdom ဉာဏဝိမုတ္တိကျမ်း

f. the Historical Books ရာဇဝင်ကျမ်း

g. the Gospels ဧဝံဂေလိကျမ်း

h. the Epistles ဩဝါဒစာ

i. Prophecy ပရောဖက်ကျမ်း

j. the History of the Beginning of the Church

အသင်းတော်ရာဇဝင်

Copyright by Rogma International, Inc. All rights reserved.

**Lesson 2**

**Section I – Beginnings**

**BEGINNING AND BEING (အစအဦးနှင့် ဖြစ်တည်ခြင်း)**

**Genesis and Job (ကမ္ဘာဦးကျမ်းနှင့် ယောဘဝတ္ထု)**

"အစအဦး၌ ဘုရားသခင်သည် ကောင်းကင်နှင့် မြေကြီးကို ဖန်ဆင်းတော်မူ၏။"(Genesis 1:1)

ကမ္ဘာဦးကျမ်းက အစတွေအကြောင်း ပြောနေပါတယ်။

| | | | |
|---|---|---|---|
| heaven and earth - ကောင်းကင် နှင့် မြေကြီး | 1:1-2:3 | cities and towns - မြို့ကြီးများ၊ မြို့များ | 4:16-21 |
| man and woman - ယောကျာ်းနဲ့ မိန်းမ | 1:26-2:25 | Covenants - ပဋိညာဉ်များ | 6:18 |
| Marriage - အိမ်ထောင်မှု | 2:22-23 | Altars - ယဇ်ပလ္လင်များ | 8:20 |
| sin and death-အပြစ်နဲ့ သေခြင်း | 3:1-7 | tribes - လူမျိုးစုများ | 10 |
| promise of salvation - ကယ်တင်မဲ့ ဂတိတော် | 3:8-24 | Languages - ဘာသာစကားများ | 11:1-9 |
| children and families - သားသမီး-မိသားစုများ၊ | 4:1-15 | Israel and the promise of land - ဣသရေလလူမျိုးနဲ့ ဂတိတော်ပြည် | 12:1-3 |
| Offerings - ပေးလှူခြင်း | 4:3,4 | 12 tribes of Israel -ဣသရေလ ၁၂နွယ် | 35:22- |
| quarrels and fights ရန်ပွဲနဲ့ စစ်ပွဲများ | 4:8 | | |

ကျမ်းစာထဲရှိအရာအားလုံးရဲ့အစကို ကမ္ဘာဦးကျမ်းမှာ တွေ့ရတယ်။ ဘုရားနဲ့ဆိုင်တဲ့အရာများ၊လူ၊အသက်ရှင်ခြင်းနဲ့ သေခြင်း၊ အပြစ်၊ ကယ်တင်ခြင်း၊ ဘုရားမစခြင်း၊ ဘုရားဖွင့်ပြခြင်း တွေ့ရတယ်။

"ခပ်သိမ်းသောအရာတို့သည် ကိုယ်တော်အထဲကဖြင်း၊ ကိုယ်တော်အားဖြင့်ဖြင်း၊ ကိုယ်တော်အဘို့ အလို့ငှါဖြင်းဖြစ်ကြ၏။ ကမ္ဘာအဆက်ဆက်ဘုန်းကြီးတော်မူစေသတည်း။အာမင်။" (Romans 11:36)

ကမ္ဘာဦးကျမ်းဟာ ဖန်ဆင်းရှင် ဘုရားသခင်အကြောင်းကို ကျမ်းစာတအုပ်လုံးရဲ့ အခြေခံအဖြစ် အုတ်မြစ်ချတယ်။ ဘုရားနဲ့ လူအကြောင်း၊ စကြဝဠာကို ဖန်ဆင်းရခြင်းအကြောင်း အစပြုထား တယ်။ အရာအားလုံးရဲ့အစဟာ ဘုရားသခင်ဆိုတာကို သိမှ အမှန်တရားကို သိနိုင်လိမ့်မယ်။

ကမ္ဘာဦးကျမ်းဟာ အပြစ်ရဲ့အစနဲ့ အပြစ်ကြောင့် လူနဲ့ သဘာဝတရားအပေါ် သက်ရောက်ပုံကို ရှင်းပြ တယ်။ အပြစ်လွတ်ဖို့ ဘုရားပြင်ဆင် ပေးတဲ့ အသွေးသွန်းခြင်းအားဖြင့် ကယ်တင်ခြင်းကို မျှော်လင့် ခွင့်ပေးတယ်။ ဘုရားနဲ့ မှန်ကန်ရင် လူအချင်းချင်းအပေါ် မှန်ကန်တယ်ဆိုတဲ့ အခြေခံ အချက်ကို ရှင်းပြတယ်။ကျသရေလနိုင်ငံ အစပြုပုံနဲ့ ဘုရားက သမိုင်းလျှောက်လုံး ကွယ်ကာပုံကို ပြတယ်။ ဘိုးဘေးတွေဖြစ်တဲ့ အာဗြဟံ၊ ဣဇက်၊ယာကုပ်နဲ့သားတွေအကြောင်း မှတ်တမ်းတင်တယ်။ ကမ္ဘာဦး ကျမ်းကို နားလည်ရင် တခြားကျမ်းတွေကို နားလည်ဖို့ အထောက် အကူ ပြုတယ်။ ကျမ်းစာရဲ့ အဓိကသွန်သင်ချက် (ဘုရားသခင်၊ ကောင်းကင်တမန်၊ လူ၊ အပြစ်၊ ကယ်တင်ခြင်း၊ဣသရေလ) တွေကို ကမ္ဘာဦးကျမ်းရဲ့ရှေ့ပိုင်းအခန်းတွေမှာ စတွေ့ရတယ်။ ယောဘဝတ္ထုက သမိုင်းအစက ဘုရား တရားကိုင်းရှိုင်းတဲ့ လူတယောက် အကြောင်း နက်နက်ရှိုင်းရှိုင်း နား လည်ရစေတယ်။ သူ့အသက် ရှင်ပုံ၊ ကိုးကွယ်ပုံ၊ ဘုရားနဲ့ မိတ်ဆွေ ဖွဲ့ပုံ၊ မိသားစုကို ဦးဆောင်ပုံတွေ တွေ့ရတယ်။ အရာအားလုံးရဲ့အစကို ကျမ်းစာအတိုင်းမြင်တတ်မှ ကျမ်းစာတအုပ်လုံး ကို မှန်မှန် ကန်ကန် နားလည်မယ်။ ဘုရား သခင်ရဲ့တရားတွေကို ယုံကြည်ခြင်းနဲ့ လက်ခံပါ။

**Theme**: (အဓိကအကြောင်းအရာ)

ဘုရား၊ လူနဲ့ စကြဝဠာအကြောင်းကို မှန်မှန်ကန်ကန် နားလည်မှ အစအဦး များ အကြောင်း (ဖန်ဆင်းခြင်း) ကို နားလည်နိုင်မယ်။

**Goal**: (ရည်ရွယ်ချက်။) ဘုရား၊ လူ၊ အပြစ်၊ ဘုရားနဲ့ဆက်သွယ်မှုအကြောင်း အခြေခံအချက်တွေကို လေ့လာ သင်ယူပါ။ လူလူချင်း ဆက်ဆံရေးဟာ ဘုရားနဲ့ဆက်သွယ်မှုကို ပြသ နေတာကို လေ့လာပါ။

**Summary**: (အနှစ်ချုပ်။)

Genesis ဆိုတာ Beginnings အစအဦးများလို့ ဆိုလိုတယ်။ ကမ္ဘာဦး ကျမ်းကစကြဝဠာရဲ့အစကိုပြောတယ်။ကောင်းကင်နဲ့ ကောင်းကင်သားတွေ၊မြေကြီးနဲ့ မြေကြီးသား တွေအကြောင်း ပြောတယ်။ အပြစ်ဝင် လာပုံ၊ ယဇ်ပူဇော်ခြင်းအားဖြင့် ကယ်တင်ခြင်းကို ပုံဆောင်ပြ ပုံတွေပြောပြတယ်။ အိမ်ထောင်အစ၊ မိသားစု အစ၊ တိုင်း နိုင်ငံ အစတွေကိုပြောပြတယ်။ ဘုရားရဲ့လူမျိုးတော် ဣသရေလ- အစွရေး အကြောင်း ဖေါ်ပြတယ်။ ကမ္ဘာဦးကျမ်းထဲက တရား သဘော Principles တွေဟာ ကျမ်းစာတအုပ်လုံးနဲ့ လူ့သမိုင်းတလျှောက်လုံးမှာဆက်ပါနေတယ်။ ဒီနေ့ အထိ ဆက်ရှိနေတယ်။ယောဘဝတ္ထုကတော့ သမိုင်းအစက လူတယောက်ရဲ့ယုံကြည်မှုကို ပြောပြတယ်။

**Outline**: Genesis 1-11

| | |
|---|---|
| Chapters 1,2 | စကြဝဠာနဲ့ လူကို ဖန်ဆင်းခြင်း |
| Chapters 3,4 | လူ အပြစ်ကြောင့် ကျဆင်းခြင်း |
| Chapters 5-8 | စီရင်ခြင်းနဲ့ ကယ်တင်ခြင်း ပုံဆောင်ပြခြင်း |
| Chapters 9-11 | (လူရဲ့ပုံကန်မှုကြောင့်) လူအစိုးရ ပေါ်လာပြီး တိုင်းနိုင်ငံ ကွဲပြားခြင်း |

**People to know:** လူပုဂ္ဂိုလ်များ

Adam and Eve (Genesis 1,2,3) Cain and Abel (Genesis 4) Seth and his descendants (Enoch, Methuselah, Lamech ) (Genesis5) Noah and his sons (Shem, Ham, Japheth) (Genesis 6-11)

Places to know:အရပ်ဒေသများ

Eden, East, Euphrates - ဧဒင်၊ အရှေ့မျက်နှာအရပ်၊ ယူဖရေးတီး- ဥဖရတ် (Genesis 1,2)

Eden and outside of Eden - ဧဒင်နဲ့ ဧဒင်အပြင်ဖက် (Genesis 3,4,5)

The entire world, Ararat - တကမ္ဘာလုံး၊ အာရရတ်တောင် (Genesis 6-9) Shinar, Babel - ရှိနာပြည်၊ ဗာဗုလုန် (Genesis 10,11)

**Words to know:** ဝေါဟာရများ

- ark (Noah's): နောအသေတ္တာ။ နောနဲ့ မိသားစုကို ကယ်သော စ်သားနဲ့ဆောက်တဲ့သဘော်
- cherubim: ကောင်းကင်တမန်၊ ဘုရားအစေခံ၊ သန့်ရှင်းရာအရပ်ကို စောင့်ရှောက်ရသူများ
- Covenant: ပဋိညာဉ်။ ဘုရားနဲ့လူကြား (သို့) လူလူချင်းကြား သဘောတူညီမှု
- Creation: ဖန်ဆင်းခြင်း။ စကြဝဠာနဲ့ ရှိသမျှ (မျက်မြင်နဲ့ မျက်မြင်မရ) အရာအားလုံး (ကောင်းကင်၊ မြေကြီး၊ လူ) ကို ဖြစ်တည် စေတဲ့ ဘုရားလက်ရာ။
- Creator: ဖန်ဆင်းရှင်။ ဘာမှမရှိတာကို ဖြစ်စေသူ၊ ဘုရားသခင်
- Creature: သတ္တဝါ။ ဖန်ဆင်းထားသော သက်ရှိမှန်သမျှ
- Death: သေခြင်း။အသက်ရပ်ခြင်း၊ အသက်နဲ့ကင်းကွာခြင်း(ကိုယ်ခန္ဓာသေခြင်း၊ဝိညာဉ်သေခြင်း)
- Faith: ယုံကြည်ခြင်း။ မမြင်မသိဘူးတဲ့အရာကို ဖြစ်မယ်လို့ လက်ခံခြင်း (ဟေဗြဲ ၁၁း ၁၊ ၂)
- Holy: သန့်ရှင်းသော၊ ညစ်ညျူးရာနဲ့ ကင်းလွတ်သော
- Just: ဖြောင့်မတ်သော။ မှန်သော၊ တရားသော
- Patriarch: ယုံကြည်သူဘိုးဘေး
- Redeemer: ရွေးနှုတ်သူ၊ ပြန်လက်ခံသူ၊ အကြွေးဆပ်ပေးသူ
- Revelation: ဖွင့်ပြတော်မူခြင်း။ တခြားနည်းနဲ့ မသိနိုင်တာကို သိစေခြင်း
- General revelation: သာမန်ဖွင့်ပြမှု၊ လူတိုင်း မြင်နိုင်သော
- Special relevation: အထူးဖွင့်ပြခြင်း။ တချို့အချိန်၊ တချို့နေရာမှာ တချို့သောသူတို့ကိုဖွင့်ပြခြင်း (နိမိတ်၊ ဗျာဒိတ်၊ ဘုရား ကိုယ်ထင်ပြခြင်း)
- Sacrifice: ဆက်ကပ်ပူဇော်ခြင်း။ ပေးလှူသူက ကုန်ကျသော အလှူ၊ ယဇ်
- Sanctification: စင်ကြယ်စေခြင်း။ လောကအရာ၊ အပြစ်များနဲ့ ခွဲထားခြင်း၊ သန့်ရှင်းသော၊ ဘုရားအတွက် သီးခြား ဖြစ်သော
- Sin: အပြစ်။ ဘုရားရဲ့သန့်ရှင်းခြင်းကို မမှီခြင်း
- Sovereign: ကြီးမြတ်သော။ ဘုရားရဲ့ကြီးမြတ်တဲ့ အာဏာတော်

## Introduction - နိဒါန်း

ကမ္ဘာဦးကျမ်းရဲ့ပထမဆုံး အခန်း ၁၁ ခန်း (Genesis 1-11)က မိတ်ဆက်ပေးတာက -

A. ဖန်ဆင်းရှင်ဘုရားသခင်။ ဘုရားအကြောင်း၊ ဘုရားလက်ရာ၊ လူနဲ့ ဆက်နွယ်ပုံ။

B. စကြဝဠာ။ ဖန်ဆင်းတဲ့ လက်ရာတော်၊ ဘုန်းတော်တန်ခိုးတော်ရဲ့သက်သေ၊ လူနေဖို့ အရပ်။

C. လူ။ ဘုရားပုံစံနဲ့အညီ ဖန်ဆင်းခံရပြီး၊ ဘုန်းတော်ထင်ရှားဖို့ ဖန်ဆင်းတယ်။ အပြစ်ကြောင့် ဘုရားနဲ့ ဝေးကွာရ။

## THE LESSON - 2

### I. CREATION - ဖန်ဆင်းခြင်း (Genesis 1, 2)

**A. The Creator,**ဖန်ဆင်းရှင်။

**"**အစအဦး၌ဘုရားသခင်သည် ကောင်းကင်နှင့်မြေကြီးကိုဖန်ဆင်း တော်မူ၏။ **......** ဘုရားသခင်၏ ဝိညာဉ်တော်သည် ရေမျက်နှာပြင်ပေါ်မှာ လှုပ်ရှားတော်မူ၏။**" (Genesis 1:1-2).**

သမ္မာကျမ်းစာကို အရာအားလုံးကို ဖန်ဆင်းတဲ့ ဘုရားသခင်နဲ့ စတယ်။ ဘုရားသခင်က ထာဝရဖြစ် တယ်။ ဝိညာဉ်ဖြစ်တယ်။ (John 4:24)ဘုရားထက်ကြီးမြတ်တာ မရှိဘူး။ ဘုရားနဲ့ ကင်းလွတ်ပြီး ဖြစ်တည်တာ မရှိဘူး။ ကြီးမြတ်တယ်။ မိန့်တော်မူရင် မိန့်တော်မူတဲ့အတိုင်း ဖြစ်လာတယ်။ "ဖြစ်စေ" လို့ အမိန့်တော်ရှိရင် ဖြစ်တယ်။ (ဝိညာဉ်နဲ့ ခန္ဓာ) အသက်အားလုံးရဲ့အစမူလ ဖြစ်တယ်။ (အသိဉာဏ်) အလင်းအားလုံး၊တန်ခိုးရှိသမျှရဲ့အစဖြစ်တယ်။ နှုတ်ထွက် စကားတော်အားဖြင့် ရုပ် ဝတ္ထု အရာတွေ ဖြစ်လာတယ်။ စကြဝဠာကို ဖန်ဆင်းရုံမက ပံ့ပိုးနေသူဖြစ်တယ်။ အသက်ပေး တဲ့ အတွက် ဖန်ဆင်းထားတဲ့အရာတွေ အသက် ရှင် လှုပ်ရှား ရပ်တည်ကြရတယ်။ အမိန့်တော်ရှိရင် ဖန်ဆင်းထားတဲ့ အရာတွေ နာခံရတယ်။ ဘုရားသခင်ဟာ အလိုရှိတဲ့အတိုင်း လုပ်ဆောင်နိုင်သူဖြစ် တယ်

**B. The creation (universe)** ဖန်ဆင်းခြင်း (စကြဝဠာ) **(Genesis 1:3-19).**

"ဘုရားသခင်ကလည်း အလင်းဖြစ်စေဟု အမိန့်ရှိတော်၍ အလင်းဖြစ်လေ၏။ ..... မိုယ်းမျက်နှာ ကြက်ကို ဘုရားသခင် ဖန်ဆင်းတော်မူ၍ ...... ကုန်းပေါ်စေဟု အမိန့်တော် ရှိသည့်အတိုင်း .... မြက်ပင်ကိုင်း၊ ..... စပါးပင်ကိုင်း၊ ..... သစ်ပင်ကိုင်း ပေါက်စေဟု အမိန့်တော် ရှိသည့်အတိုင်း ဖြစ်လေ၏။" (Genesis 1:3-13). အလင်းနှင့်မှောင်မိုက်ကို ပိုင်းခြား၍ (ပဌမနေ့)၊ ရေကို ပိုင်းခြား တော်မူ၍ .. (ဒုတိယနေ့ရက်)၊ မြေကို မြက်၊ စပါး၊ သစ်ပင်တွေနဲ့ ပြည့်စေတယ်။ (တတိယနေ့)၊ "မိုယ်းကောင်းကင် မျက်နှာကျက်၌ အလင်းအိမ် တည်စေ၊ နေ့ရက်အပိုင်းအခြား၊ နှစ်အပိုင်း အခြား ဘို့ ဖြစ်စေ ....အမိန့်တော်ရှိသည့်အတိုင်း ဖြစ်လေ၏။" (Genesis 1:14-19). နေ၊လ၊ ကြယ်တွေကို ဖန်ဆင်းပြီး ရာသီဥတုတွေ ဖြစ်စေတော်မူတယ်။ (စတုတ္ထနေ့).

**C. The creatures** ဖန်ဆင်းထားတဲ့အရာများ **(Genesis 1:20-31).**

1. လှုပ်ရှားသွားလာတဲ့ သက်ရှိမှန်သမျှကို ဖန်ဆင်းတယ်။ ပထမမှာ ကောင်းကင်က ကောင်း ကင် တမန်တွေကို ဖန်ဆင်းတယ်။ နောက် စကြဝဠာနဲ့ ကမ္ဘာပေါ်က သတ္တဝါတွေ (ငှက်တွေ၊ ငါးတွေ) ကို ဖန်ဆင်းတယ်။ (ပဥ္စမနေ့)၊ နောက်ဆုံး၆ ရက်နေ့မှာ အမြင့်ဆုံးဖန်ဆင်းခြင်းအဖြစ်လူကို ဖန်ဆင်း တယ်။
2. လူကို ဘုရားပုံစံနဲ့အညီ ဖန်ဆင်းတယ်။ စဉ်စားဆင်ခြင်ဖို့ စိတ် (mind) ပါတယ်၊ ရွေးချယ် စရာ လိုအင်ဆန္ဒ(will)၊ ချစ်တတ်ပျော်တတ်ဖို့ မိတ်ဆွေဖွဲ့တတ်ဖို့ခံစားချက်တွေ(emotions)၊ ဘုရားကို သိဖို့ ဘုန်းတော်မျှဝေခံစားဖို့ ဝိညာဉ် (spirit) ပါတယ်။ "ဘုရားသခင်က ငါတို့ ပုံသဏ္ဍာန်နှင့်အညီ တသဏ္ဍာန်တည်း လူကို ဖန်ဆင်းကြစို့။ … လူယောကျ်ား၊ လူမိန်းမကို ဖန်ဆင်းပြီး " (Genesis  1:26-27) မြေကြီးကိုယူပြီး လူကို ဖန်ဆင်း၊ အသက်သွင်းတဲ့အခါ လူဟာ အသက် ရှင်တဲ့သူ ဖြစ် လာတယ်။ (Genesis 2:7). လူကိုပေးတဲ့အသက်ဟာ တခြားတိရစ္ဆာန်တွေရဲ့ အသက်နဲ့ ကွာပါတယ်။ လူက ဘုရားကို သိဖို့ ဝိညာဉ်ပါတယ်။
3. ဖန်ဆင်းပြီးတော့ အားလုံးကောင်းတယ်လို့ မြင်တော်မူတယ်။ ၇ ရက်နေ့မှာ နားတော်မူ တယ်။ (Genesis 2:1-3) ဒီနေ့ကို Sabbath (ဥပုသ်နေ့) လို့ ခေါ်တော်မူတယ်။ ဘုရား လက်ရာကို ခံစား နားနေဖို့ အထူးနေ့တနေ့ပါ။ အားလုံးကို ဘုရား ဖန် ဆင်းတာဖြစ်လို့ အား လုံးကို ဘုရားပိုင်တယ်။ (Psalm 24:1,2) အရာအားလုံးကို ဘုရားဘုန်းတော်ထင်ရှား ဖို့ ဖန်ဆင်းတယ်။ (Romans 11:33-36) ဖန်ဆင်းရှင်ဘုရားကစုံလင်တာကြောင့် ဖန်ဆင်းသမျှဟာ ကောင်းတယ်။ (Colossians  1:16,17).

| ဖန်ဆင်းရာနေ့များ ......................................... | ဘုရားကို ဖေါ်ပြပုံ |
|---|---|
| Day 1  အလင်း (အမှောင်နဲ့ ပိုင်းခြား) | အလင်းဖြစ်တော်မူ၏။ (အားလုံး သိမြင်) |
| Day 2  လေထု | အသက် (ထွက်သက်ဝင်သက် ပိုင်သူ) |
| Day 3  မြေနဲ့ သစ်ပင်များ | ကိုယ်ခန္ဓာသက်နဲ့ မျိုးပွါးခြင်းကို ပိုင်။ |
| Day 4  နေ၊ လ၊ ကြယ်၊ အချိန်၊ ရာသီ | အချိန်ကာလကို ထိန်းချုပ်သူ |
| Day 5  ငါးနဲ့ ငှက်များ | သက်ရှိများကို ဖန်ဆင်း၊ ထိန်းချုပ် |
| Day 6 လူ | လူကို တမူထူးခြားစွာဖန်ဆင်း |
| Day 7 နားတော်မူတယ်။ | စုံလင်ခြင်းကို အသိအမှတ်ပြု၊ နှစ်သက် |

**D.  The Control (**အုပ်စိုးတော်မူခြင်း**) – covenants and commands** ပဋိညာဉ်များ၊ ပညတ် တော်များ **(Adamic covenant,** အာဒံနဲ့ ပြုသော ပဋိညာဉ်**)**

1. God ordained laws to govern His universe.(စကြဝဠာအတွက် ဥပဒေသများ ချမှတ်တော် မူတယ်။) ကမ္ဘာက ဘုရားစီမံထားတဲ့အတိုင်း ပြုမူတယ်။ ပင်လယ်ရေနဲ့ နယ်နိမိတ် သတ်မှတ်တယ်။ နေ့နဲ့ည၊ ရာသီတွေ သတ်မှတ် တယ်။ မြက်တွ၊ သစ်ပင်တွေကို မျိုးပွါးစေတယ်။ လူကို ကမ္ဘာမြေ ပေးတယ်။ ပြုစုစောင့်ရှောက် ပျော်မွေ့ဖို့ ဖြစ်တယ်။ ဘုန်း တော်အတွက်  မြေကြီးကို ပြည့်စေ၍ နိုင်ကြလော့ လို့ မိန့်တော်မူတယ်။ (Genesis 1:28-30; 2:15-17).
2. God gave man the right to choose to obey His laws (liberty-လွတ်လပ်မှု) - ပညတ် တော်ကို နာခံဖို့ ရွေးချယ်ခွင့်ပေးတယ်။
   တရားတော်မူတဲ့အတွက် နားမထောင်ရင်သေဒဏ်လို့ပြောထားတယ်။"ကောင်းမကောင်း သိကျွမ်း ရာ အပင်မှတ

ပါး၊ ထိုဥယျာဉ်၌ ရှိသမျှသော အပင်တို့၏ အသီးကို သင်သည် စားရသော အခွင့် ရှိ၏။ ထိုအပင်၏ အသီးကိုကား မစားရ။ စားသောနေ့တွင် ဧကန်အမှန် သေရမည်ဟု လူကို ပညတ်ထားတော်မူ၏။" (Genesis 2:15-17) အစကတည်းက လူဟာ ဘုရားစိတ်သဘောနဲ့ အလို တော်ကို သိပြီးသားပါ။(Psalm 19, Romans 1:18-25) ဒါပေမယ့်မခံယူဘူး၊ နားမထောင်ဘူး။

3. God gave man the responsibility of governing the earth - မြေကြီးကို အုပ်စိုးဖို့ လူကို တာဝန်ပေးထားတယ်။ (Genesis 1:27-29; 2:15-17).

   God blessed man and told him: လူကို ကောင်းကြီးပေးပြီး မိန့်တော်မူတာက

   - to be fruitful and multiply and fill the earth- မြေကြီးကို ပြည့်စေ၍
   - to subdue the earth - နိုင်ကြလော့။
   - to have dominion over the fish, birds and every other living thing on the earth - ငါးတွေ၊ ငှက်တွေနဲ့ ကမ္ဘာပေါ်က သတ္တဝါမှန်သမျှကို အုပ်စိုးကြလော့။
   - to tend and keep the garden of Eden - ဧဒင်ဥယျာဉ်ကို စောင့်ရှောက်ကြ။

4. God ordained marriage and families. - အိမ်ထောင်မှုနဲ့ မိသားစုဘဝ အစပြုစေတယ်။

   ယောကျ်ားနဲ့ မိန်းမကို အိမ်ထောင်ပြုစေတယ်။ တသားတကိုယ်တည်း ဖြစ်တယ်။ (Genesis 2:21-24) ကျား/မ တန်တူး ဖြစ်တယ်။ သဘာဝတော့ ကွာတယ်။ ချစ်ခြင်းကနေ သားသမီး ပွါးများစေတယ်။ ဘုရားကို သိလာဖို့ သားသမီးကို သွန်သင်ဖို့ တာဝန်ပေးတယ်။

   လူလောက= ယောကျ်ား+မိန်းမ - အိမ်ထောင်- သားသမီး - မိသားစု - သားမြေးများ - လူမျိုးစု - အစိုးရ - တိုင်းပြည်။

**E. The rest of perfection; the peace of purity-**ပြည့်စုံမှုအတွက်အနားယူခြင်း၊စင်ကြယ် မှုအတွက် ငြိမ်သက်ခြင်း **(Genesis 1:31; 2:1-3).**

အားလုံးကောင်းတယ်လို့ မြင်တဲ့အတွက် ဘုရားသခင် ဥပုဒ်နေ့မှာ နားတယ်။ အားလုံး သိပ်ကောင်း တယ်လို့ မြင်တော်မူတယ်။ ၆ ရက်နေ့မှာ အလုပ် လက်စသတ်ပြီး၊ ၇ ရက်နေ့မှာ နားတော်မူတယ်။ ၇ ရက်နေ့ကို(တခြားနေ့တွေနဲ့ ခွဲထား) သန့်ရှင်းစေပြီး၊ လက်ရာတော်ကို ကြည်နူးဖို့ နားနေခဲ့တယ်။

ဘုရားနဲ့ စကြာဝဠာ သဘောညီညွတ်မျှတနေတဲ့အတွက် ဒီနေ့မှာ တကယ် အပြည့်အဝ နားတော်မူ ခဲ့တာပါ။ ဘုရားက သူ့ အလို တော်နဲ့ အစီအစဉ် (theocracy) အတိုင်းရပ်တည်နေတဲ့ ဖန်ဆင်းထားသမျှကို ကြေနပ်ပြီးအပြည့်အဝ နားတော်မူ ခဲ့တာပါ။ အာဒံနဲ့ ဧဝလည်း ဧဒင်မှာ ဘုရားသခင်ကို အားကိုးရင်း ဘုရားသခင်နဲ့ အဆင်ပြေစွာ နေထိုင်ခဲ့ကြတယ်

## II. MAN'S FALL INTO SIN AND GOD'S PROMISE OF SALVATION လူ၏ ကျဆင်းခြင်းနဲ့ ကယ်တင်ခြင်းအတွက် ဘုရားဂတိ (Genesis 3-5)

**A. God is holy and just. He will not, and cannot, tempt or deceive man. -** ဘုရားက သန့်ရှင်းတယ်၊ တရားတယ်။ လူကို မလှည့်စားဘူး။ မဖြားယောင်းဘူး။

ပညတ်တော်ပေးတဲ့အခါ နားမထောင်ရင် ဘာဖြစ်မယ်ဆိုတာ ပြောပြီးသားပါ။ ကောင်းမကောင်း သိကျွမ်းရာ အပင် အကြောင်း ပြောပါတယ်။ "စားသောနေ့တွင် ကေန်အမှန် သေရမည်။" (Genesis 2:17) အပြစ်ဟာ လူကို ဘုရားနဲ့ ဝေးကွာစေတယ်။ ဘုရားစကားနားမထောင်လို့ သေခြင်း ပြစ်ဒဏ် ခံရတယ်။

B.Sin began in the heart of Satan - အပြစ်ဟာ စာတန်အကြံက အစပြုတယ်။ (Isaiah 14:12-15, Ezekiel 28).

စာတန်ဟာ ကောင်းကင်မှာ ရာထူးမြင့်တဲ့ ကောင်းကင်တမန်ပါ။ ဘုရားကို ပုန်ကန်တယ်။ ဘုရား ဖြစ်ချင်တယ်။ နောက်လိုက်တွေနဲ့အတူ ကောင်းကင်မှ ပစ်ချခံရတယ်။ မြေကြီးပေါ်အထိ ချထား ခံရတယ်။ စာတန်က ဘုရားကို ဆက်မုန်းနေတုန်း၊ ဘုရားနှစ်သက်တာတွေကို ဖျက်ဆီးနေတုန်းပါ။ သူက ဧဝကို သွေးဆောင်ဖို့ ဒေင်မှာရှိတဲ့ မြွေတကောင်ထဲကို ဝင်တယ်။ မြွေက မိန်းမကို ပြော တယ်။ "ဥယျာဉ်၌ ရှိသမျှသောအပင်တို့၏ အသီးကို မစားရဟု ကေန်စင်စစ်ဘုရားသခင် မိန့်တော်မူ သလောဟု မေး၏။ .... ကေန်အမှန် သေရမည် မဟုတ်။ .... စားသောနေ့ ၌ ... ဘုရား သခင်ကဲ့သို့ ဖြစ်ကြလတံ့သည်ကို ဘုရားသခင် သိ တော်မူသည် ...." (Genesis 3:1-5) စာတန်က အစမှာ သံသယ မျိုးစေ့ကြဲတယ်။ နောက်တော့ လိမ်ညာတယ်.

**C. Sin entered the human race -** အပြစ်က လူမျိုးအထဲ ဝင်လာတယ်။ **(Genesis 3:1-6):**

အာဒံနဲ့ ဧဝဟာ ဒေင်မှာ စာတန်လူစီဖါ မာနတ်ရဲ့စကားကို နားထောင်တယ်။ဘုရားထက် စာတန် နောက်ကိုလိုက်ကြတယ်။

i. စုံစမ်း သွေးဆောင်ခြင်းရဲ့သဘာဝ - သံသယ၊ မရိုးသားမှု၊ အသွေးအသားအလို။ (Genesis 3:1-2;1 John 2:15,16)
   စာတန်က ဘုရားစကားကို သံသယဖြစ်စေတယ်။ ယုံကြည်မှု ကင်းမဲ့စေချင် တာ ဖြစ်တယ်။ ဘုရားစကားအစား အလိမ် အညာ မုသာကို ထည့်ပေးတယ်။(Genesis 3:4) (ဒါက သူ့ရဲ့အခြေခံ လက်နက်ပါ။) (John 8:44) မိန်းမကို အသွေး အသား ဆန္ဒနဲ့ သွေးဆောင်တယ်။ (သူ့ရဲ့အခြေခံ နည်းစနစ်ပါ။) (Genesis 3:6).

ii. The nature of the response - တုန့်ပြန်တဲ့ သဘာဝ (Genesis 3:6):
   ဧဝဟာ ဦးဆောင်သူ အာဒံကို ပေးထားတဲ့ဘုရားစကားရဲ့အမိန့် အာဏာကိုမသုံးခဲ့ဘူး။ ကိုယ်အုပ်စိုး ရမယ့် သတ္တဝါကို မအုပ်စိုးဘဲ စာတန်အုပ်စိုးတာကို ခံယူလိုက်တယ်။ စာတန်စကားကို နားထောင် ရင်း ဘုရားစကားကို သံသယဝင် တယ်။ ကိုယ့်အလို လိုက်တယ်။ တားမြစ်တဲ့အသီးကို ကြည့်တယ်။ တပ်မက်တယ်။ စားပြီး ယောကျ်ားကို ပေးတယ်။ အာဒံလည်း စားတယ်။

iii. The consequences of sin - အပြစ်ရဲ့အကျိုးဆက်များ (Genesis 3:7-24):
   a)အာဒံနဲ့ဧဝ အပြစ်ဖြစ်လာပြီး ဘုရားနဲ့ ဝေးကွာလာတယ်။ ဘုရားကိုသိတဲ့ ဝိညာဉ်သေသွား တယ်။ကိုယ်ခန္ဓာက သေခြင်းကို ဦးတည်လာတယ်။ (Genesis 3:7,8;cf 1 Corinthians 15:21, 22) မျက်စိတွေက အပြစ်ဆိုတာကို မြင်လာတယ်။
   b)ကြောက်ပြီး ပြေးပုန်းတယ်။ သစ်ရွက်နဲ့ ကိုယ်ကို ဖုန်းဖို့ ကြိုးစားတယ်။ (Genesis 3:7)
   c)ဘုရားက တယောက်ချင်းရဲ့အပြစ်ကို ထောက်ပြတယ်။ အပြစ်ကိုယ်စီ ဝန်ခံခိုင်းတယ်။ သူတို့ကတော့ တခြားသူကို အပြစ်ဖို့ကြတယ်။ (Genesis 3:9-12)
   d)အပြစ်ရဲ့အခကသေခြင်းပဲ။ဒါပေမယ့်တယောက်စီရဲ့ယာယီအကျိုးဆက်လည်း ရှိသေး တယ်။

• မြွေကိုတခြားသတ္တဝါတွေထက်ကျိန်တယ်။မြေမှာတွားသွားစေတယ်။(Genesis 3:14-15)

• မိန်းမက မီးဖွါးတဲ့ ဝေဒနာခံရမယ်။ ယောကျ်ား စကားနားထောင်ရမယ်။ (Genesis 3:16)

• ယောကျ်ားက မြေကို စိုက်ပျိုးတဲ့ အလုပ်ပင်ပန်းမယ်။ (Genesis 3:17-19)

အာဒံနဲ့ ဧဝကို သားရေဝတ်လုံ ခြုံပေးတယ်။ (အသွေးသွန်းပြီး အပြစ်ကို ဖုံးအုပ်ပေးတာကို ပုံ ဆောင်တယ်။) အသက်ပင် ရဲ့အသီးကို စားခွင့်မပေးတော့ဘဲ ဒေင်ကနေ နှင်ထုတ်တယ်။ သေခြင်းရဲ့အပြစ်ဒဏ်အောက်မှာ ထာဝရအသက်ရှင်မှာစိုးလို့ ဖြစ်တယ်။ဘယ်သူမှ မဝင် နိုင်အောင် ဒေင်တံခါးကို ခေရုဗိမ်က မီးစက်လက်နက်နဲ့ စောင့်တယ်။ (Genesis 3:22-24).

iv. The extent of sin - အပြစ်ရဲ့နောက်ဆက်တွဲများ (Romans 3:10, 23; 1 Corinthians 15:1-3; 21, 22).
 တယောက်သောသူကြောင့် အပြစ်ဝင်လာတယ်။ ဒါပေမယ့် အပြစ်ရဲ့နောက်ဆက်တွဲက လူမျိုးနွယ် တခုလုံးအထိ ရောက် လာတယ်။ (Romans 5:12) အာဒံကဆင်းသက်သူမှန်သမျှမွေးကတည်း ကအပြစ်ပါလာတယ်။သေမျိုးဖြစ်လာတယ်။ ဘုရားရှေ့မှာအသေတွေဖြစ်တယ်။ ဘုရား ကသာ ရွေးနှုတ်နိုင်တယ်။ အပြစ်ရဲ့ချည်နှောင်ခြင်းထဲက ဖြေလွှတ်နိုင်တယ်။ ခရစ်တော်နဲ့အတူ အသက်ရှင် စေတယ်။ အပြစ်ဆို တာ ဘုရားကိုပုန်ကန်တာမို့လို့ ဘုရားကသာ အပြစ်လွှတ်နိုင်တယ်။ ဒါကြောင့် ဘုရားက ရွေးနှုတ်ကယ်တင်မယ့် ကယ်တင်ရှင် စေလွှတ်ဖို့ ဂတိထားတယ်။ (Genesis 3:15)

v. Obedience and disobedience-နာခံခြင်းနဲ့ မနာခံခြင်း: Cain and Abel's offerings -ကာဣနနဲ့ အာဗေလ ယဇ်ပူဇော်ခြင်း (Genesis 4:1-16).
 အာဒံနဲ့ဧဝရဲ့သားတွေဟာ အာဒံလိုပဲ အပြစ်သားအဖြစ် ဘုရားနဲ့ဝေးကွာပြီး မွေးဖွါးလာ တယ်။ ဒါပေမယ့် မိဘအားဖြင့် ဘုရားကိုသိရပြီး ယဇ်ပူဇော်ကြတယ်။အာဗေလကသိုးသူငယ်နဲ့ ပူဇော်တယ်။ ကယ်တင်ရှင်အသေခံပေးမှာကို ပုံဆောင် တဲ့ အသွေးနဲ့ပူဇော်ခြင်း ဖြစ်တာကြောင့် ဘုရား လက်ခံတယ်။ ကာဣနကတော့ လယ်အသီးအနှံ ပူဇော်တယ်။ ဘုရား က လက်မခံဘူး။ အပြစ် ခွင့် လွှတ်ခြင်းကို မပြတဲ့အတွက်ဖြစ်တယ်။ ကာဣန စိတ်တိုတယ်၊ မနာလိုဘူး။ ဘုရားက ကာဣနကိုနည်းအမှန် ရှင်းပြဖို့လာတယ်။ လက်မခံဘူး။ စိတ် ဒေါသအလိုလိုက်ရင်း ညီကိုသတ်တယ်။ အပြစ်ကိုလိမ်ဖို့ ဖုံးကွယ်ဖို့ ကြိုးစားတယ်။ ကာဣန ဘုရားနဲ့ဝေးပြီး ဘုရားမသိတဲ့သားသမီးတွေ မွေးလာတယ်။ (ဘုရားမဲ့လူမျိုးတွေ)

ကာဣနရဲ့အပြစ်မျိုး ခေတ်အဆက်ဆက်က လူတွေ ထပ်ကျူးလွန်ကြတယ်။

• ဘုရားအလိုနဲ့ မညီဘူး။ (ကာဣနရဲ့ပူဇော်မှုဟာ ဘုရားအလိုနဲ့ မညီဘူး။)

• မနာလိုဘူး။ (နာခံမှုနဲ့ ရလာတဲ့ ညီရဲ့ကောင်းကြီးကို ကာဣန မနာလိုဘူး။)

• ဒေါသထွက်တယ်။ (ကာဣနက ဒေါသစိတ်ကို စွန့်ဖို့ လက်မခံဘဲ ပေါက်ကွဲစေတယ်။)

• အကြံပေးစကား လက်မခံဘူး။ (ဘုရားက လမ်းမှန်ပြချင် ကောင်းကြီးပေးချင်တယ်။)

• အပြောဆိုး (ညီကို စကားအကောင်းမပြောဘူး။)

• အကျင့်ဆိုး (ညီကို သတ်တယ်။)

• ညာတယ်။ (ညီအကြောင်းမသိဘူးလို့ ပြောရင်း သူ့လုပ်ရပ်ကို ဖုန်းကွယ်တယ်။)

• ဘုရားနဲ့ ဝေးလာတယ်။ (ဘုရားထံ မချဉ်းကပ်တော့ဘူး။)

**D.Covenants and commands. -** ပဋိညာဉ်များ၊ ပညတ်တော်များ

အပြစ်ဝင်လာပြီးနောက် ဘုရားက အာဒံနဲ့ ပဋိညာဉ်ပြုတယ်။ Adamic covenant (အာဒံနဲ့ ပြုတဲ့ပဋိညာဉ်) လို့ ခေါ်တယ်။ ဒီပဋိညာဉ်ကို စောင့်ရှောက်မယ့် ရှေသဆိုတဲ့ သားတယောက် ရ တယ်။ ရှေသသားများ - ( နေတ်၊ နောက်၊ မသုရှလ၊ လာမက်နဲ့ သားမြေးများ) (Genesis 4:17- 26)

**E.Things to Think About:** ဆင်ခြင်စရာများ

1. (Genesis 1-5) မှာ ယုံကြည်ခြင်းအကြောင်း ဘာသင်ယူမိပါသလဲ? ဘုရားကို အားမကိုးဘဲ ကိုယ်အလိုအတိုင်း အသက်ရှင်တော့ဘာတွေ ဖြစ်သလဲ? ဘုရားကို အားကိုးတော့ လက်ခံတယ်။ (အညဗေလ၊ နောက်) အားမကိုးတော့ အပြစ်ဖြစ်ပြီး အကျိုးဆက်အဖြစ် ဒုက္ခ၊ ဝေဒနာနဲ့ သေခြင်း ကြုံရတယ်။ (အာဒံ၊ ကာဣန) ဘုရားကို အားကိုးသလား? ကိုယ်သဘောအတိုင်း အသက်ရှင်မလား?
2. အပြစ်ကို ဘယ်လို ဖြေရှင်းသလဲ? စာတန်ကိုနိုင်မယ့် ကယ်တင်ရှင်လာဖို့ ဘုရား ဂတိတော် ရှိတယ်။ (ယေရှုခရစ်တော်) အပြစ် စီရင်ခြင်း အောက်မှာလား? လွတ်ခြင်းခံရပြီလား?
3. ကာဣနအပြစ်ကြောင့်ခံရတဲ့ အကျိုးဆက်တွေကို ကြည့်ပါ။သင်လည်းဒီလိုဖြစ်နေသလား? ဘယ်အဆင့် ရောက်နေသလဲ? အဲဒါကို ဘယ်လိုဖြေရှင်းမလဲ? ရောက်တဲ့အခြေအနေမှာ ရပ်လိုက် ပါ။ ဘုရားထံ လှည့်ပြန်ပါ။ အပြစ်မှာ ဆက်မကျင်လည်ပါနဲ့။

**III. JUDGMENT AND SALVATION-**အပြစ်စီရင်ခြင်းနဲ့ ကယ်တင်ခြင်း **THE FLOOD AND THE ARK** ရေလွှမ်းမိုး ခြင်းနဲ့ နောသေဘော် **(Genesis 6-8)**

**A. The reason for the flood. -** ရေလွှမ်းမိုးရခြင်း

ဖန်ဆင်းစကတော့ အားလုံးကောင်းတယ်။ အပြစ်ဖြစ်တဲ့အခါဘုရားကိုအထပ်ထပ်ပုန်ကန်လာတယ်။ ပညတ်တော်ကို ပစ်ပယ် ကြတယ်။ လောကကြီး ဆိုးညစ်လွန်းတော့ ဘုရားက ရေနဲ့ ဆေးရတယ်။ (Genesis 6:1-7) သင်္ဘောထဲမှာ ရှိတဲ့ နောနဲ့ မိသားစု ကလွဲရင် အကုန် သေကြတယ်။ (Genesis 7:21-23)

**B.The salvation of Noah and his family -** နောဧမိသားစုအတွက် ကယ်တင်ခြင်း **(Genesis 6:6-8:19)**

နောဧ ထူးခြားလို့ သူ့မိသားစု အကယ်ခံရတယ်။ ဘုရားကို ယုံကြည်တယ်။ စကားတော်ကို လိုက်နာတယ်။ ဘုရားက စစ်တယ်။ နောဧ နားထောင်တယ်။ ခိုင်းတဲ့အတိုင်း သင်္ဘောဆောက် တယ်။ မိသားစုနဲ့အတူ တိရစ္ဆာန် တစုံစီ သင်္ဘောထဲ ဝင်ကြတယ်။ (တချို့ကတော့ ၇ ကောင်စီပါ။) (Genesis 7:1-3) သင်္ဘောတံခါးကို ဘုရား ပိတ်ပြီးနောက် တကမ္ဘာလုံး ရေလွှမ်းတယ်။ နောဧ ဘုရားကို ယုံတော့ သူ့သားတွေ၊ ချွေးမတွေပါ အကယ်ခံရတယ်။ သူက ဘုရားစကားနားထောင် တယ်။ (Genesis 6:8-22) ဘုရားက နောဧကို သတိရတယ်။ ရေခန်းတော့ နောဧကို သင်္ဘောထဲက ထုတ်ဆောင်ပေးတယ်။ (Genesis 8:1-19)

C.**Covenants & Commands** ပဋိညာဉ်များ၊ပညတ်တော်များ **(Genesis 8:20-22).**

နောဧ ယဇ်ပူလင်တည်ပြီး ဘုရားကို ကိုးကွယ်တယ်။ ဘုရားနှစ်သက်တော်မူလို့ နောဧနဲ့ သား မြေးတွေနဲ့ ပဋိညာဉ်ပြု တယ်။နောက်တခါ ကမ္ဘာကိုရေမလွှမ်းမိုးတော့ဘူးလို့ ဂတိပေးတော်မူတယ်။ ဒီဂတိတော်ရဲ့သင်္ကေတကတော့ သက်တံ့ ပါ။ (Genesis 8:20-22; 9:9-17)

**D.Things to Think About -** ဆင်ခြင်စရာများ

1. (Genesis 6-9) အတွင်း ဘာသင်ယူမိသလဲ? နောဧ ယုံကြည်တယ်။ ယုံကြည်တဲ့ အတိုင်း ဘာလုပ်သလဲ? ဘုရားခိုင်တာ လုပ် တယ်။ တရားဟောတယ်။ လူတွေ လက်မခံဘူး။ သင်္ဘော ဆောက်ပြီး အထဲကို ဝင်နေတယ်။ ယဇ်ပူလင်တည်ပြီး ဘုရားကို ကိုး ကွယ်တယ်။ (Genesis 8:20) သူ့ယုံကြည်ခြင်းက လက်တွေ့ပါလာတယ်။ (Hebrews 11:7; James 2:17) ယုံကြည် တာကို ဘယ်လို ပြမလဲ? (Romans 10:9,10) (ယုံကြည်ပါတယ်လို့ ဘုရားကို ပြောပြ ပြီးပြီ လား? စာစစ်ဆရာထံ စာရေး ပြောပြပါ။ အတူဝေမျှ ပျော်ရွှင်နိုင်ဖို့ပါ။)
2. (Genesis 6-9) မှာ ဘုရားရဲ့တရားခြင်းနဲ့ ဂရုဏာကို သင်ယူမိပါသလား? ဘုရားက အမြဲတရားပါတယ်။ ပညတ်တော်အပြင် ပြစ်ဒဏ်နဲ့အကျိုးဆက်တွေကိုပြောပြတော်မူတယ်။လူကနားမထောင်ပေမယ့် လွတ်မြောက်ရာလမ်း ကို ပြတဲ့ ကရုဏာကို တွေ့နိုင်ပါတယ်။
3. နောဧနဲ့ မိသားစုကို ဘာကြောင့်ကယ်သလဲ? နောဧ ဖြောင့်မတ်တယ်။ ရိုးတယ်။ ဘုရားကို ယုံကြည်အားကိုးတယ်။
4. ဘုရားကို အားကိုးတယ်ဆိုတာ ဘာလဲ? ကိုးစားသူတွေကို ဘုရားက စောင့်ရှောက်တယ်။

**IV. NATIONS AND HUMAN GOVERNMENT -** တိုင်းနိုင်ငံများ အစိုးရများ **(Genesis 9-11)**

**A.The beginning of the division of nations. -** တိုင်းနိုင်ငံများကွဲပြားခြင်းရဲ့အစ

ရေလွှမ်းပြီးနောက် နောသားတွေကို ကမ္ဘာမြေအနှံ့ သွားဖို့ မိန့်တော်မူတယ်။ များပြားစွာ မွေးဖွါးပြီး ကမ္ဘာကို ပြည့်စေရမယ်။ (ကမ္ဘာ ၉း ၁) အာဒံနဲ့ ဧဝကိုလည်း ဒီလိုပဲမှာတယ်။ ဘုန်းတော်ထင်ရှားဖို့ ဖြစ်တယ်။

**B.The beginning of human government.-** အစိုးရများရဲ့အစ

ဘုရားက လူကောင်းနဲ့ လူဆိုးကို ရောပြီး အသက်ရှင်စေတယ်။ ဘုရားပညတ် နားမထောင်တော့ လူအစိုးရ ပေါ်လာစေတယ်။ လူ့အသက်သတ်ရင် သေဒဏ်ပေးဖို့ ပညတ်ထားတယ်။ (Genesis 9:1-8) လူ့အသက်ကို ကာကွယ်ဖို့ ပေးထားတာ ဖြစ်တယ်။

**C.The abuse of human government at Babel.-** ဗာဗုလုန်အစိုးရ

နောသားတွေ နားမထောင်ကြဘူး။ မျှော်စင်ကြီးနဲ့ မြို့ကြီးကို သူတို့နာမည်နဲ့ တည်တယ်။ စကား နားမထောင်လို့ ဘုရား သခင် စိတ်ဆိုးတယ်။ကမ္ဘာအနှံ့ မပြန့်နှံ့ကြဘူး။ဘုရားဘုန်းတော်ထက် သူတို့ နာမည်ကြီးဖို့ စည်းလုံးနေတယ်။ ဘုရား သခင် ကောင်းကင်က ဆင်းလာပြီး ဘာသာစကားတွေ ရှုတ်ထွေးစေတယ်။ လူစုတွေ ကွဲကုန်တယ်။ အဲဒီမျှော်စဉ်ကို Tower of Babel ဗာဗုလုန်ရဲတိုက်လို့ ခေါ်တယ်။ (ကမ္ဘာ ၁၁) ဗာဗုလုန်စိတ် the spirit of Babylon ဆိုတာကတော့ ကိုယ့်နာမည်ကြီးဖို့ စည်းလုံးညီညွတ်ကြတာပါပဲ။ ဒီနေ့အထိ ဒီလိုပါပဲ။

**D.Things to Think About:** ဆင်ခြင်စရာများ

1. တိုင်းနိုင်းတွေ ဘာကြောင့် ကွဲနေသလဲ? ဘယ်တုန်းက အစပြုသလဲ? ဘုရားဘုန်းတော်ထင်ရှားဖို့ ကမ္ဘာအနှံ့ မပြန့်ကျက်ပဲ ကိုယ်နာမည်ကြီးဖို့ စုဝေးကြတဲ့အခါ နောဧ သားတွေကို တိုင်းနိုင်ငံတွေအဖြစ် ကွဲပြားစေခဲ့တယ်။
2. ဘုရားသခင်က ဘာကြောင့် အစိုးရတွေ ပေါ်စေသလဲ? ဘုရားအုပ်စိုးတာ လက်မခံလို့ပါ။ လူတွေ အချင်းချင်း မသတ်ဖြတ်စေချင်ဘူး။
3. အစိုးရကို ဘယ်လို သဘောထားရမလဲ၊လေးစားလိုက်နာရမှာပါ။လူ့အသိုင်းအဝိုင်းကို ကာကွယ်ဖို့ ခန့်ထားတာ ပါ။ (Romans 13)
4. ဘုရားအုပ်စိုးခြင်းကို ဘယ်လိုသဘောထားရမလဲ? အမြင့်ဆုံးအဖြစ် နာခံတတ်ရမယ်။ အချိန်၊ နေရာ မရွေးရပါ။
5. ကျမ်းစာထဲမှာ ဗာဗုလုန်ဆိုတာ ခဏခဏ ပါတယ်။ ဗာဗုလုန်စိတ်ဆိုတာ ဘာလဲ? ဘုရားထက်လူကို ချီးမြှောက် ချင်လို့ ဗာဗုလုန်အရပ်မှာ စုစည်းညီညွတ်ကြပြီး ရဲတိုက်တည်တာပါ။

**V. GOD'S PLAN AND PROMISE OF A REDEEMER** ဘုရားအစီအစဉ်နဲ့ ကယ်တင် ရှင်လာမယ့် ကတိတော် **(Genesis 3:15,21; 4:4; Hebrews 9:22; 11:4)**

**A. God's promise in Eden.** ဧဒင်မှာ ပေးတဲ့ ကတိတော်

လူ့အပြစ်ကို အစအဦး စီရင်ချိန်မှာ မိန်းမရဲ့အမျိုးအနွယ် (လူ) အားဖြင့် ရွေးနှုတ်ကယ်မယ့် အကြောင်း ကြိုတင်ဟောထား တယ်။ (Genesis 3:15) ဒီပရောဖက်စကားဟာ အာဒံ၊ ဧဝ သာမက လူတမျိုး နွယ်လုံးအတွက် ကယ်တင်ခြင်း ကတိ တော်ဖြစ်တယ်။ တိရစ္ဆာန်ကလေးကို သတ်၊ အသွေးသွန်းပြီး ကယ်တင်ခြင်းကို ပုံပြတယ်။ အသက်သေပြီး အသွေးသွန်း မှ အပြစ်ပြေတာကို ပြ တယ်။ အပြစ်ရဲ့အခ သေခြင်းကို ပေးဆပ်ဖို့လိုတယ်။ (Genesis 2:15, Hebrews 9:22) ဓမ္မဟောင်းကာလ ယဇ် ပူဇော်တာ ဟာ လူတွေရဲ့အပြစ်အတွက် သိုးသူငယ်လေးလို ကိုယ်စားအသေခံပေးမယ့် ခရစ်တော် ကြွလာပြီး အသေခံကယ်တင်ပေးမှာကို ပုံဆောင်တယ်။ (Genesis 3:15) ဟာ မေရှိယ ကယ်တင်ရှင် ကြွလာမယ့်အကြောင်း ပထမဆုံး ကြိုတင် ပရောဖက်ပြုတာ ဖြစ်တယ်။ အာဗေလနဲ့ နောဧတို့ရဲ့ယဇ်ပူဇော်မှုဟာ အသေခံ ကယ်တင်မယ့်သူကို ယုံကြည်ကြောင်း ပြတာ ဖြစ်တယ်။

**B. Covenants - Commands** ပဋိညာဉ်များ၊ပညတ်တော်များ

Genesis 1–11 အတွင်းမှာ ပဋိညာဉ် ၃ ခု တွေ့တယ်။ လူတိုင်းနဲ့ သက်ဆိုင်ပါတယ်။

1. ဧဒင်မှာ အာဒံနဲ့ပြုတဲ့ ပဋိညာဉ် (Genesis 2:16-19) (Edenic Covenant - ဧဒင်နဲ့ဆိုင်တဲ့ ပဋိညာဉ်) ဘုရားဖန်ဆင်းတဲ့ စုံလင်တဲ့ကမ္ဘာမှာ နေထိုင်ဖို့ သတ်မှတ်ချက်တွေ ပေးတယ်။
2. ကျဆင်းပြီး အာဒံနဲ့ ပြုတဲ့ ပဋိညာဉ် (Genesis 3:14-19) (Adamic Covenant- အာဒံနဲ့ ဆိုင်တဲ့ ပဋိညာဉ်) အပြစ်ထဲကျဆင်းပြီး နေထိုင်ရမယ့် သတ်မှတ်ချက်တွေ ပေးတယ်။
3. နောဧနဲ့ပြုတဲ့ ပဋိညာဉ် (Genesis 9:8-17) (Noahic Covenant - နောဧနဲ့ဆိုင်တဲ့ ပဋိညာဉ်) ကမ္ဘာကို ရေနဲ့ ထပ်မဖျက်ဆီးတော့မယ့် ကတိပေးတယ်။ လူ့အစိုးရတွေ ပေါ်လာပြီး လူကောင်း၊ လူဆိုးရောအုပ်ချုပ် တယ်။

**C. Faith is man's response to God's covenants and commands.** ယုံကြည်ခြင်းဟာ ပဋိညာဉ်များ၊ ပညတ်တော်များ အပေါ် လူရဲ့တုန့်ပြန်မှုဖြစ်တယ်။

အာဒံနဲ့ ဧဝဟာ ဘုရားကို အားမကိုးဘဲ စာတန်ရဲ့အလိုကို လိုက်တယ်။ အပြစ်ကြောင့် ဉာဏ်မျက်စိ ကွယ်ပြီး ဘုရားနဲ့ ဝေးကွာတယ်။ ဘုရားနဲ့ မပြေလည်တော့ ကြောက်စိတ်နဲ့ မလုံမလဲ guilt တွေ ဖြစ်လာတယ်။ ကြောက်စိတ်ဟာ ယုံကြည်ခြင်းနဲ့ ဆန့် ကျင်ဖက်ဖြစ်ပြီးအသွေးအသားအလိုလိုက်ဖို့ စေ့ဆော်တယ်။ ဒေင်မှာအပြစ်လုပ်ပြီးကြောက်လာကြတယ်။ပုန်းကွယ်ဖို့ ကြိုးစားရင်း တခြားသူကို အပြစ်ပုံချလာတယ်။ (blame) (Genesis 3:12,13) လူ့ဘာသာတရားတွေဟာကြောက်စိတ်နဲ့ မလုံ မလဲစိတ် (guilt) ကို အခြေခံတယ်။ ရုပ်တု၊ ပရောဖက်၊ ယဇ်ပရောဟိတ်၊ သူတော်စင်နဲ့ (soothsayers ရှေ့ဖြစ်ဟောသူတွေ) ရဲ့နောက်မှာ ပုန်းကွယ်လာတယ်။ သူတို့အပြစ်ကို ပယ်ရှင်းဖို့ နည်းအမျိုးမျိုး တရားစာ(creeds) ရိုးရာ (rites) ဝတ်ပြုပွဲ (ceremonies) ယဇ်ပူဇော်တာ (sacrifices) တွေလုပ်ကြတယ်။ အားလုံးကလွဲနေတယ်။ဘုရားထံမှပြေးမလွတ်သလို၊ စိတ်တော် လည်း မတွေ့နိုင်ဘူး။ ဘုရားပြုတဲ့ တခုတည်းသော ကယ်တင်ခြင်းက ယေရှုခရစ်တော် အသေခံ ပေးခြင်းပဲ။ ဘုရားရဲ့ကျေးဇူး လက်ဆောင် ကို ယုံကြည်ခြင်းနဲ့ လက်ခံရင် ရတယ်။ တခြားနည်းနဲ့ မရဘူး။ (Acts 4:12; John 14:6, 1 Timothy 2:7) လုပ်ယူလို့ မရဘူး။ (Ephesians 2:8,9) ခရစ်တော်ကို ယုံကြည်ရင် ပေးတဲ့ ဘုရားကျေးဇူး တရား လက်ဆောင်သာ ဖြစ်တယ်။ အာဒံနဲ့ ဧဝ၊ အာဗေလ၊ ရှေသ၊ ဧနောက်၊ နောဧတို့ဟာ ဘုရားသခင်ကို ယုံကြည်ခဲ့ကြတယ်။

## VI. THE BOOK OF JOB - ယောဘဝတ္ထု

A. ယောဘဝတ္ထုဟာ ကဗျာလင်္ကာကျမ်း တမျိုးဖြစ်တယ်။ ကမ္ဘာဦးကာလက အဖြစ်အပျက် ဖြစ် တယ်။ယောဘဆိုတဲ့ ဘုရားနဲ့အတူသွားလာပြီး ရွေးနှုတ်ကယ်တင်မယ့်သခင်ကို မြော်လင့်သူ ဖြစ် တယ်။စာတန်ရဲ့လုပ်ရပ်နဲ့ ဘုရားသားသမီး တွေအပေါ် ပြစ်တင်စွပ်စွဲတာတွေတွေ့ရတယ်။

B. ယောဘဟာ ချမ်းသာတယ်။စုံလင်သူ၊ ဖြောင့်မတ်သူ ဖြစ်တယ်။ဘုရားကို ကြောက်ရွံ့ရိုသေ ပြီး မကောင်းမှုကို ရှောင်ရှားမုန်းတီးသူ ဖြစ်တယ်။ (Job1:1) နောဧနဲ့ အာဗြဟံလိုပဲ လောကနဲ့ မတူ ခပ် ကင်းကင်း (သီးခြား) နေတယ်။ ဘုရားအတွက် အသက်ရှင်တယ်။ သားသမီးတွေအတွက် ဆု တောင်းပေးပြီး၊ ဘုရားသခင့်ရဲ့လမ်းကို သွန်သင်ပြသတယ်။

C. ဘုရားသခင်က စာတန်ရှေ့မှာယောဘကို ဥပမာထားစကားပြောတယ်။ (Job1:1-12) စာတန် က ယောဘထံက စည်းစိမ်၊ မိသားစု၊ မိတ်ဆွေတွေနဲ့ ကျန်းမာခြင်းကိုပါ ယူပြီး စမ်းသပ် တယ်။ အသက်ကိုတော့ ယူခွင့် မရှိဘူး။ ယောဘ က သစ္စာရှိတယ်။ ဘုရားကို အားကိုးတယ်။

D. ဒုက္ခခံရတုန်းမှာ ယောဘနဲ့ သူ့မိတ်ဆွေတွေဟာ နောက်ကွယ်က ဘုရားအကြံအစည်ကို နား မလည်ကြဘူး။ အိမ်၊ မိသားစု၊ ကျန်းမာရေးအကုန်ဆုံးရှုံးတယ်။မိတ်ဆွေတွေက ယောဘဒုက္ခ ခံရ တဲ့ အကြောင်းရင်းကို ရှင်းပြဖို့ ကြိုးစား တယ်။ ယောဘကသူ့ကိုယ်သူကာတယ်။ဘုရားကိုတော့မငြင်းပယ်ဘူး။ (Job 1:13-31:40) ယောဘကကယ်တင်ခြင်း၊ ထမြောက်ခြင်း၊ ခရစ်တော် အုပ်စိုး ဖို့ ကြွလာမှာတွေကို ယုံတယ်။ သူက"ငါ့ကိုရွေးနှုတ်သော သခင်သည် အသက်ရှင်၍၊ နောင်ကာလ ၌ မြေမှုန့် အပေါ်မှာပေါ်လာတော်မူမည်ဟူ၍၎င်း၊ ငါ့အရေကုန်ပြီးမှ ဤကိုယ်ကိုပင် ဖျက်ဆီးသော် လည်း၊ ငါသည် ကိုယ်ခန္ဓာ၌ ဘုရား သခင်ကို မြင်မည်ဟူ၍၎င်း ငါသိ၏။" (Job 19:25,26) သိပ် ထူးခြားတဲ့ ကတိတော်ပါ။ ကယ်တင်ရှင်ဟာ ဘုရင်အဖြစ်နဲ့ ကြွလာမယ်လို့ ကတိပေးထားတာပါ။

E. ယောဘက သူ့အပြစ်ရှိကြောင်း ပြောပြတယ်။ "ကိုယ့်အပြစ်ကို ပြေစေခြင်းငှါ ငါပြုလျှင်၊ ကိုယ့် စကားအားဖြင့် တရားရှုံးလိမ့်မည်။" (Job 9:20) ယောဘမှာ မိတ်ဆွေ ၃ ယောက်ရှိတယ်။ ဧလိဒဒ်၊ ဇောဖါနဲ့ ဧလိဖတ်တို့ ယောဘကို အကြောင်းမဲ့ပြစ်တင်စွပ်စွဲကြတယ်။ မိန်းမကလည်းစွန့် ပယ်တယ်။ ဧလိဟုက သူ့ကို ဘုရားထံ လှည့်ပြန်စေတယ်။ ထာဝရဘုရားကိုယ်တော်တိုင် ယောဘ ရဲ့အဒိ စကားကို ပြန်ဖြေတယ်။ နောက်ဆုံးတော့ ယောဘဟာ ဘုရား

သခင်ရဲ့ကြီး မြတ်မှုကို သတိ ပြုမိ လာတယ်။ကိုယ့်ကိုကိုယ်ကာကွယ်ချင်တဲ့သူ့ရဲ့မကောင်းတဲ့စိတ်ကိုလည်း မြင်လာတယ်။ ဘုရား က ယောဘကို ပြန်ကျန်းမာလာစေတယ်။ အရင်ကထက် ပိုကောင်းကြီး ပြန်ပေးတယ်။ (Job 32:1-41:17)

ဆင်ခြင်စရာများ

1. ယောဘ ဘာကြောင့် ဒီလောက် ဒုက္ခရောက်ရသလဲ? ဘုရားကို သိတယ်။ အားကိုး တယ်။ ဘာကြောင့် ဒီလောက် ဒုက္ခရောက်သလဲ? ဘုရားက ယောဘရဲ့ယုံကြည်ခြင်း ကို စစ်တာပါ။ ကောင်းစားနေလို့ ဘုရားကို အားကိုးတာ မဟုတ် ဘူးဆိုတာ စာတန် သိအောင်ပြတာပါ။ ရှိသမျှ ဆုံးရှုံးပြီး ဘာကြောင့်မှန်းလည်း မသိပေမယ့် ဘုရားကို အားကိုး တယ်။ နားမလည်ပေမယ့် ယုံ ကြည်အားကိုးလို့ ရတယ်ဆိုတာ ပြနေတယ်။
2. ဘာကြောင့်မှန်းမသိဘဲ ဒုက္ခကြုံတာတွေရှိခဲ့ရင်လက်တွေ့ချရေးလိုက်ပါ။အဲဒီအချိန်မှာဘုရား ကိုအားကိုးသေးလား? နားမလည်တာတွေတော့ အများကြီးရှိတာပေါ့။ ယောဘ ကတော့ မေးခွန်း မထုတ်ဘဲ အားကိုးခဲ့တယ်။ ယုံကြည်ခြင်း လည်း ပိုခိုင်မာလာတယ်။ ကောင်းကြီးလည်း ပိုတိုးပွါး ပါတယ်။
3. တန်ခိုးကြီးတဲ့ ဘုရားသခင်က ယောဘကို အဲဒီလို ယုံကြည်ခြင်းမျိုး ပေးခဲ့တာပါ။ သင့် ယုံကြည်ခြင်းလည်း တိုးလာ ရဲ့လား? ဒုက္ခရော ခံနိုင်ပါ့မလား? ဒုက္ခကြုံရင် ဘုရားကို အားကိုးမလား? တခြားသူတွေကို အပြစ်တင်မှာလား?

**Exam – Lesson 2**

Name ______________________________________________

Address ____________________________________________

Multiple choice (Circle one letter as the correct answer unless otherwise indicated. You may use your Bible when so indicated, but we trust you not to look up the answers in the lesson.)

1.Why is Genesis called the foundation of the rest of the Bible? (value 2 points)
ကမ္ဘာဦးကျမ်းကို ကျမ်းစာအားလုံး၏ အစအဦးအဖြစ် အဘယ့်ကြောင့်ခေါ်သနည်း။

a) because it is the first book of the Bible ကျမ်းစာတွဲ၏ အဦးဆုံးကျမ်းစာဖြစ်၍၊
b) because it tells about: the beginning of all things and the purpose of being အရာ ခပ်သိမ်း၏အစ အဦးအကြောင်းကို ပြောထားသောကြောင့်၊
c) because it tells about: the patriarchs, the Law and the Church ဘိုးဘေးများ၊ ပညတ် တရားနှင့် အသင်း တော်အကြောင်းကို ပြောသောကြောင့်၊

2.What does Genesis 1:1,2 teach us? (value 2 points) (Open Bible)
ကမ္ဘာဦးကျမ်း အခန်းကြီး ၁ -၂ ကကျွန်ုပ်တို့ ကို ဘာသွန်သင်သနည်း။

a) God is good. ဘုရားရှင်ကောင်းမြတ်သည်။
b) God exists in all things. ဘုရားရှင်သည် အရာခပ်သိမ်းတွင်ရှိသည်၊
c) God is the creator of everything. ဘုရားရှင်သည်အရာခပ်သိမ်း၏ဖန်ဆင်းရှင်ဖြစ်သည်၊

3.How did God create the world? (value 2 points)
ဘုရားရှင်သည် ကမ္ဘာကြီးကို မည်သို့ ဖန်ဆင်းခဲ့သနည်း။

a) by an extraordinary chemical reaction ထူးခြားသောဓါတုဓါတ်ပြုခြင်းအားဖြင့်၊
b) by a process of development တဖြေး ဖြေး တိုးတက်ပြောင်းလဲခြင်းအားဖြင့်၊
c) by the word of His mouth ဘုရားရှင်၏ နှုတ်ထွက်စကားအားဖြင့်၊

4.Which of these commands is <u>not</u> found in Genesis 1 and 2? (value 2 points) (Open Bible) ကမ္ဘာဦးကျမ်း ၁နှင့် ၂ တွင် မတွေ့ ရှိရသော ဘုရားရှင်၏အောက်ပါ အမိန့် များကား အဘယ်နည်း။

a) to command the earth မြေကြီးကိုအမိန့် ပေးဖို့
b) to bear children to fill the earth လူသားများနှင့်မြေကြီးကိုပြည့်စေဖို့
c) to cultivate and care for the earth မြေကြီးကိုထွန်ယက်စိုက်ပျိုးပြီး ထိန်းသိမ်းဖို့

d) to listen to God and obey Him in all things ဘုရားရှင်စကားလိုက်နာစောင့်ထိန်းဖို့

e) to eat of the fruit of the tree of the knowledge of good and evil ကောင်း-မကောင်း သိကျွမ်းနိုင်သောအပင်မှအသီးကို စားဖို့

5.All life originates in God, who is life. What is the life God gave to man? (value 2 points) သက်ရှိအရာအားလုံးသည် ဖန်ဆင်းရှင်ဖြစ်သောထာဝရဘုရားတွင် အစပြုသည်။ လူသား ကိုပေးခဲ့သောအသက်ကား အဘယ်နည်း။

a) the same as the life He gave to the vegetable kingdom and the animal kingdom သစ်ပင်ပန်းမန်နှင့် တိရစ္ဆာန်တို့ အားပေးခဲ့သောအသက်နှင့်အတူတူပင်ဖြစ်သည်။

b) a life different from all other life because man has a living soul and a spirit to know God လူသားကိုပေးခဲ့သောအသက်မှာ ဘုရားကိုသိသောဝိဉာဉ်ပါရှိသောကြောင်း အခြားသော သစ်ပင်၊ တိရစ္ဆာန်တို့ တွင်ရှိသော အသက်နှင့် ကွဲပြားခြားနားသည်။

c) the same life as the animals from which Adam evolved and to which he will return လူသားအာဒံသည် မျောက်မှဆင်းသက်လာသည့်အတွက် တိရစ္ဆာန်အသက်နှင့် အတူတူဖြစ်သည်။

6.According to Genesis 2:7 where do man's soul and spirit come from? (value 2 points) (Open Bible) ကမ္ဘာ၂:၇ အရ လူ၏အသက်နှင့်ဝိညာဉ်သည် ဘယ်ကလာသနည်း။

a) the dust of the ground မြေမှုန့် မှ

b) the breath of God ဘုရားရှင်မှုတ်သွင်းခြင်းမှ

c) from the development in an evolutionary process တရွေ့ ရွေ့ ပြောင်းလဲခြင်း သီအိုရီ အရ၊

d) from a great universal spirit မဟာစကြာဝဠာ ဝိညာဉ်အရ၊

7.When God created man and woman what were they like? (value 2 points) ဘုရားရှင်က လူယောကျာ်းနှင့်မိန်းမကို ဖန်ဆင်းခဲ့သောအခါ သူတို့ သည် ဘာတူညီမှု ရှိသနည်း။

a) They differed in function. သူတို့ သည် လုပ်ဆောင်ချက်ကွဲပြားကြသည်။

b) They were exactly alike in every way. သူတို့ ၏လုပ်ဆောင်ချက်သည်အတူတူဖြစ်ကြ သည်။

c) They were in competition one with the other. သူတို့ သည် တဦးနှင့်တဦး ပြိုင်ဆိုင် နေကြသည်။

8.What is a Biblical marriage? (value 2 points) ကျမ်းစာနည်းကျသော အိမ်ထောင်ပြုခြင်း ဆိုသည်မှာ အဘယ်နည်း။

a) any union of human beings လူသားများ ပေါင်းသင်းကြခြင်း

b) the union of one woman with one man for life လူမိန်းမနှင့်ယောကျာ်း အတူပေါင်း ဖက်ခြင်း

c) a union of two people of the same sex လိင်တူအချင်းချင်းပေါင်းဖက်ခြင်း

9.Who was Satan originally? (value 2 points) စာတန်၏မူလအစကားအဘယ်နည်း။

a) a prehistoric form of man သမိုင်းမတင်မီခေတ်မှလူသား
b) an angel of God who had fallen from his heavenly position ကောင်းကင်ဘုံမှ နှင်ချ ခံရသော ဘုရားရှင် ၏ ကောင်းကင်တမန်၊
c) a created inhabitant of the earth ကမ္ဘာမြေပေါ်တွင်ဖန်ဆင်းထားသည့် သတ္တဝါ၊

10.What was Satan's primary tool in tempting Eve? (value 2 points) ဧဝကိုလှည့်ဖြား ခဲ့သော စာတန်၏ လက်နက်ကားအဘယ်နည်း။

a) an appeal to her emotions သူမအကြိုက်ကိုဆွဲဆောင်ခြင်း၊
b) a denial of God's Word and substituting a lie ဘုရားရှင်၏ နှုတ်ကပတ်တော်ကို ငြင်းပယ်လျှက် လိမ်ညာ မှုဖြင့် အစားထိုးခြင်း၊
c) to display his own beauty and powerသူ၏လှပချောမောမှုနှင့်တန်ခိုးအစွမ်းကို ပြခြင်း၊

11. What was Satan's purpose in telling Eve in Genesis 3:4 "ye shall not surely die"? (value 2 points) ကမ္ဘာ ၃:၄ တွင် စာတန်ကဧဝကိုပြောခဲ့သောစကား၏ရည်ရွယ်ချက်ကား အဘယ်နည်း။

a) to repeat God's command so she would understand it better ဘုရားရှင်၏အမိန့် ကို ထပ်မံဖော်ပြသည့် အတွက် ပိုမိုနားလည်ရန်။
b) to try to bring a separation between Eve and Adam အာဒံနှင့်ဧဝကို ခွဲခြားပစ်ရန်၊
c) to get Eve to disobey God's clear command ဘုရားရှင်၏အမိန့် ကို အာခံစေရန်၊

12. What choice did Eve make when she was tempted? (value 2 points) ဧဝသည် စုံစမ်းသွေးဆောင်ခြင်းခံရသည့်အခါ မည်သည်ကိုရွေးခဲ့သနည်း။

a) She chose to trust and obey God. ဘုရားရှင်ကို ယုံကြည်ကိုးစားရန်၊
b) She chose to trust Satan and follow his word. စာတန်ကိုယုံကြည်လျှက် သူ့ စကား နားထောင်ရန်၊
c) She chose to trust her own ideas. သူမအကြံစီအတိုင်း လုပ်ဆောင်ရန်၊

13. What happened when Adam and Eve rejected God's Word? (value 2 points) အာဒံနှင့်ဧဝတို့ ဘုရားရှင်စကားနားမထောင်သည့်အခါ ဘာဖြစ်သနည်း။

a) God opened their eyes and they knew what sin was. ဘုရားရှင်က သူတို့ ၏မျက်စိ ကို ဖွင့်ပေးပြီး အပြစ်တရားကို သိနားလည်လာစေသည်။
b) They became good people. သူတို့ သည် လူကောင်းများဖြစ်လာသည်။
c) They knew God would send a Redeemer. သူတို့ သည် ဘုရားရှင်ကကယ်တင်ရှင် စေလွှတ်ပေးမည့် အကြောင်း သိလာသည်။

14.What did God ask Adam and Eve after they had sinned? (value 2 points) အာဒံနှင့်ဧဝ အပြစ်ပြုခဲ့ပြီးနောက် ဘုရားရှင်က သူတို့ အား ဘာမေးခဲ့သနည်း။

a) to tell God what they did together သူတို့ ဘာလုပ်ခဲ့ကြောင်းကို ဘုရားရှင်အား ပြောပြရန်၊
b) for each one to tell God what they did သူတို့ အသီးသီးလုပ်ခဲ့သမျှကို ဘုရားရှင်အား ပြောပြရန်၊
c) for each one to tell God what the other did အခြားသူကဘာလုပ်ခဲ့ကြောင်းကို သူတို့ အသီးသီးက ဘုရားရှင် အားပြောပြရန်၊

15.Why did God ask Adam, "Where are you?" (value 2 points) "မင်းဘယ်မှာလဲ" ဟု ဘုရားရှင်က အာဒံကို အဘယ်ကြောင့်မေးသနည်း။

a) because he could not find Adam အာဒံကို ရှာမတွေ့ သောကြောင့်
b) because he wanted to punish Adam အာဒံကို အပြစ်ပေးလိုသောကြောင့်
c) because he wanted Adam to admit his sin and forsake it အာဒံအား သူ့ အပြစ်ကို ဝန်ခံခိုင်းပြီး ခွင့်လွှတ် ပေးချင်သောကြောင့်

16.Why does Adam's sin affect the human race today? (value 2 points) အာဒံ၏ အပြစ်တရားက ယနေ့ အထိလူသားများအပေါ်ကျရောက်နေရသနည်း။

a) because Adam was such a well known man အာဒံသည် ထင်ရှားသူဖြစ်သောကြောင့်
b) because Adam was the first man အာဒံသည် ပထမဦးဆုံးလူဖြစ်သောကြောင့်
c) because the entire human race was in Adam and therefore included in his judgment လူသားမျိုးနွယ်တခုလုံးသည် အာဒံအားဖြင့်အစပြုခဲ့သဖြင့် အာဒံ၏အပြစ်သည်လည်း လူတို့ အပေါ်ကျရောက်သည်။

17.Who does Genesis 3:15 refer to? (value 2 points) ကမ္ဘာ ၃:၁၅ကမည်သူကို ရည်ညွှန်း သနည်း။

a) Moses မောရှေ
b) Christ ခရစ်တော်
c) Abraham အာဗြဟံ

18. Why did God make coverings for Adam and Eve from the skin of animals? (Genesis 3:21) အဘယ့်ကြောင့် ဘုရားရှင်က အာဒံနှင့်ဧဝတို့ အတွက် တိရစ္ဆာန်သားရေဖြင့် လွှမ်းခြုံပေးခဲ့ သနည်း။(value 2 points)

a) in order to provide for them appropriate clothing for life on earth မြေကြီးပေါ် တွင် နေထိုင်သည့် အခါ အဆင်ပြေစေရန်၊
b) in order to cover their nakedness and keep them warm သူတို့ ၏အဝတ်အချည်းနီး ဖြစ်ခြင်းကို ဖုံးအုပ်ကွယ် ကာပြီး နွေးထွေးစေရန်၊
c) in order to show them that the only covering for sin involves death by the shedding of blood အပြစ်ကို ဖုံးအုပ်ပြစ်ဖို့ ရန်မှာ အသွေးသွန်းလောင်းအသေခံခြင်းနှင့်ဆက်နွယ် နေကြောင်း သူတို့ အားသိစေရ

နီ၊

19. What was the name of the son God gave Adam and Eve in place of Abel? (value 2 points) သားအာဗေလအစား ဘုရားရှင်မှအာဒံနှင့်ဧဝကိုပေးခဲ့သော သား၏အမည်ကား အဘယ် နည်း။

a) Enoch ဧနောက်
b) Seth ရှေသ
c) Noah နောဧ
d) Methuselah မသုရှလ

20.How was Noah different from the people of his day? (value 2 points) နောဧခေတ် ကာလက နောဧနှင့် အခြားသူတို့ မတူညီသောအချက်ကားအဘယ်နည်း။

a) He was a boat builder and the people were farmers. သူ၏မိဘများသည် လယ်သမား များဖြစ်သော်လည်း သူသည် လှေသင်္ဘောဆောက်သူဖြစ်သည်။
b) The people were very wicked but Noah was a righteous man who had faith in God. နောဧကာလက လူများသည် အလွန်ဆိုးသွမ်းပြီး နောဧကမူ ဘုရားရှင်ကိုယုံကြည် သော ဖြောင့်မတ်သူဖြစ်သည်။
c) The people worshipped God by dancing, singing, and making merry but Noah was a quiet man. လူအများက ဘုရားရှင်းကို သီဆို ကခုန်လျှက်ရွှင်မြူးမြူးကိုးကွယ်ကြသော်လည်း နောဧ မူကား အေးဆေးစွာနေသူ ဖြစ်သည်။

21.Why did God ask Noah to build the ark? (value 2 points) အဘယ့်ကြောင့် ဘုရားရှင် က နောဧကို သင်္ဘောဆောက်ခိုင်းသနည်း။

a) God wanted men to know how to build boats. သင်္ဘောမည်သို့ ဆောက်ရမည်ကို သိစေ လို၍
b) God was showing the world His right to rule. သူ၏အုပ်စိုးခြင်းအခွင့်ကိုသိစေလို၍
c) God wanted to test Noah's faith and save him and the human race. နောဧ၏ ယုံကြည်ခြင်းကို စစ်ဆေး ပြီး သူ့ ကိုလူသားမျိုးနွယ်ဆက်မှကွယ်ကာလို၍
d) God wanted to show how intelligent and good Noah was. နောဧသည် မည်မျှတော် သူဖြစ်ကြောင်း ဘုရားရှင်ဖေါ်ပြလို၍

22.What covenant did God make with Noah and his descendants? (value 2 points) ဘုရားရှင်က နောဧနှင့်သူ၏သားများကို မည်သည့်ပဋိညာဉ်ပြုခဲ့သနည်း။

a) God would give them a land. မြေနေရာပေးမည်ဟု ပဋိညာဉ်ပြုသည်။
b) God would establish them as an eternal kingdom. ထာဝရတည်တံ့မည့် နိုင်ငံ ထူ ထောင်ပေးမည်ဟု ပဋိညာဉ်ပြုသည်။

c) God would never destroy the human race by a flood again. လူသားမျိုးနွယ်ကို မည်သည့်အခါမျှ ရေလွှမ်းမိုးခြင်းနှင့် မဖျက်ဆီးတော့ကြောင်း ပဋိညာဉ်ပြုသည်။

23.What did God tell Noah's sons to do? (value 2 points) ဘုရားရှင်က နောဧ၏သား များအား ဘာလုပ်ဖို့ ပြောသနည်း။

a) to scatter over the face of the earth and populate it for His glory သူ၏ဘုန်းတော် ထင်ရှားဖို့ ကမ္ဘာအနှံ့ ဖြန့်ကျက်ပြီး လူဦးရေတိုးပွါးများပြားရန်၊

b) to start different nations with individual kings လူမျိုးအသီးသီး ဘုရင်အသီးသီးဖြင့်တိုင်းနိုင်ငံထူထောင်ရန်၊

c) to unite and build a large city လူအများကို စုဝေးစေပြီးမြို့ကြီးတမြို့ တည်ဆောက်ရန်။

24.What was the sin of the people at the Tower of Babel? (value 3 points) ဗါဗုလုံ တာဝါ၌ လူတို့ပြုခဲ့သော အပြစ်ကား အဘယ်နည်း။

a) The people made an offering of hand made bricks instead of a blood offering. အသွေးနှင့်ပူဇော်ရမည့်အစား လက်နှင့်လုပ်သော အုတ်များဖြင့်ပူဇော်ခဲ့သည်၊

b) They refused to scatter over the earth and preach about God and His glory. ကမ္ဘာမြေအနှံ့ သွားပြီး ဘုရားရှင်အကြောင်းနှင့်သူ၏ဘုန်းတော်အကြောင်းဟောပြောရန် ငြင်းဆန် ခြင်း၊

c) They worshipped false gods. မှားယွင်းသောဘုရားများကို ကိုးကွယ်ခြင်း၊

Matching : Place the letter of the correct statement on the blank in front of the correct chapter. အောက်ပါကွက်လပ်များတွင် မှန်ကန်သောစကားလုံး ကိုဖြည့်ပါ။

25. What are the main things presented in these chapters? (value 12 points) (Open Bible) အောက်ပါ ကျမ်းပိုဒ် အခန်းကြီးတွင် ဖော်ပြထားချက်ကား အဘယ်နည်း။

____chapters 1,2 a)human government introduced လူသားအုပ်စိုးမှု စတင်

____chapters 3,4 b)the fall of man through sin လူသားအပြစ်၌ ကျရှုံးခြင်း

____chapters 5-8 c)creation of the universe and man လူနှင့်စကြာဝဠာကိုဖန်ဆင်းခြင်း

____chapters 9-11 d)judgment executed and salvation demonstrated တရားစီရင်ခြင်း၊ ကယ်တင်ခြင်း လုပ်ဆောင်ခြင်း

26. Choose the correct answer for each punishment: (value 9 points)

အောက်ပါ အပြစ် ဒဏ်ပေးခြင်း အသီးသီးမှ မှန်ကန်သောအဖြေကိုရွေးပါ။

_____ suffering in cultivating the ground a) the serpent

မြေကြီး၌ပင်ပန်းစွာ ထွန်ယက်အသက်မွေးရခြင်း

_____ suffering in child bearing and subjection to the man b) the woman

နာကျင်စွာကလေးမွေးရခြင်း၊ ခင်ပွန်းသည်အလိုကို ဝန်ခံရခြင်း

_____ cursed to crawl in the dust of the ground — c) the angels

မြေမှုန့် ထဲတွင်တွားသွားရသော ကျိန်စာကိုအတိုက်ခံရခြင်း

d) the man

e) the animals

27. Identify these people from Genesis 1-11. Match the name with the description. အောက်ပါဖော်ပြချက်များနှင့်ကျမ်းပိုဒ်ကို မှန်ကန်စွာယှဉ်တွဲပါ။(value 30 points) (Open Bible)

_____He refused God's correction — a) Cain ကာဣန

သူ ဘုရားရှင်၏ အပြစ်ဖော်ပြခြင်းကို ငြင်းပယ်သည်

_____He hid from God — b) Abel အာဗေလ

သူ ဘုရားရှင်အားပုန်းကွယ်သည်

_____He was the third son of Adam — c) Enoch ဧနောက်

သူသည် အာဒံ၏တတိယသားဖြစ်သည်

_____He lived longer than any other man — d) Methuselah မာသုရှလ

သူသည် အခြားသောလူများထက် အသက်ရှည်ရှည်နေခဲ့သည်

_____He walked with God — e) Lamech လာမက်

သူ ဘုရားရှင်နှင့်အတူလျှောက်လှမ်းသည်

_____He gave an acceptable offering to God — f) Job

သူ ဘုရားရှင်နှစ်သက်သောပူဇော်ခြင်းကိုပြုသည်

_____He was the father of Noah — g) Adam

သူသည် နောဧ၏ဖခင်ဖြစ်သည်

_____He was the source of a curse on Canaan — h) Ham

သူသည် ခါနန်လူမျိုးများ အပေါ်ကျရောက်ရခြင်း၏အရင်းအမြစ်ဖြစ်သည်

_____He suffered but did not deny God — j) the serpent

သူသည် ဒုက္ခခံရသော်လည်း ဘုရားရှင်ကို မစွန့်ပေ

_____He took on the form of a serpent — k) Seth

သူသည် မြွေယောင်ဆောင်ခဲ့သည်

l) Satan

Prepared by Polly Strong B.R.E., B.A., M.A.

For Rogma International, Inc. (All Scripture quotations from the KJV of the Bible)

Copyright by Rogma International, Inc. All rights reserved.

---

## Lesson 3

## Section I – Beginnings

## God Sets Apart a People for Himself (Abraham and Isaac)

- လူမျိုးတော်ကို ရွေးကောက်ခြင်း

**Theme**: သန့်ရှင်းဖို့ရာ လောကနဲ့ သီးခြားနေခြင်းကို နားလည်ဖို့ အရေးကြီးတယ်။

**Goal**: လာကနဲ့ သီးခြားနေပြီး ယုံကြည်ခြင်းနဲ့တယောက်တည်းဘုရားသခင်နဲ့ လျှောက်လှမ်းဖို့သင်ယူပါ။.

**Summary**: ကမ္ဘာဦးကျမ်းရဲ့နောက်ပိုင်း ၃၉ ခန်းဟာ ဣသရေလနိုင်ငံရဲ့အစနဲ့ လူမျိုးတော်အဖြစ် ခွဲထားခံရတဲ့ ဣသရေလလူမျိုး၊ မေရှယ ကြွမလာမီတိုင်အောင် အမျိုးအနွယ် သားတော်အကြောင်း ကို သိကျွမ်းဖို့ ပြောပြတယ်။ Genesis 12-27 ဟာ ဣသရေလအမျိုးရဲ့အဘအာပြဟံနဲ့ သားဣဇက် အကြောင်းဖြစ်တယ်။ နောဧခေတ်နောက်ပိုင်းမှာ လူတွေဆိုးလာပြန်တယ်။မှန်တဲ့ဘုရားကိုပစ်ပယ်ပြီး၊ တခြားဘုရားတွေကို ကိုးကွယ်လာတယ်။ ရေနဲ့ နောက်တခါ မဆေးတော့ဘူး၊ ဂတိပေးထားလို့ လူမျိုးတော်ကို ရွေးကောက်ပြီး၊ တခြားလူမျိုးတွေကို လောကထဲမှာ နေချင်သလို နေခိုင်းပြီး စာတန် အောက်မှာ ထားလိုက်တယ်။ (Romans 1:18-32) လူမျိုးတော်ကို ခေါ်ထုတ်ပြီးနောက် ဣသရေလ နိုင်ငံစဖြစ်လာတယ်။ အခုအပိုင်းကတော့ အာပြဟံကိုနေရင်း ဥရပြည်ကနေခေါ်ထုတ်ပြီး ဂတိတော် ရှိရာ ခါနန်ပြည်ကို စတည်တဲ့ လူနဲ့ဘုရားရဲ့ဆက်သွယ်မှု သမိုင်းဖြစ်တယ်။

ယုံကြည်သူကို ဘုရားက သီးခြားခွဲထားတယ်။ စာတန်လက်အောက် လောကထဲကနေ ခွဲထားတယ်။ လောကထဲမှာ အလင်းဖြစ်ဖို့ ယုံကြည်ခြင်းကို စစ်ကြောတယ်၊ခိုင်ခန့်စေတယ်။ ဒီသဘောကို ဣသရေလလူမျိုးရဲ့အဖြစ်အပျက်တွေမှာ တွေ့ရတယ်။ ဣသရေလလူမျိုးရဲ့အစဖြစ်တဲ့ အာပြဟံနဲ့ ထူးခြားတဲ့ ပဋိညာဉ်ကို ပြုခဲ့တယ်။Genesis 1-11 ဟာ ကမ္ဘာပေါ်ရှိလူမျိုးတနွယ်လုံးနဲ့ဆိုင်တယ်။ Genesis အခန်းကြီး ၁၂ မှ ဓမ္မဟောင်းကျမ်း အဆုံးအထိဟာ ဣသရေလ နိုင်ငံ အကြောင်း ဖြစ် တယ်။ ဓမ္မသစ်နဲ့ ဒီနေ့ခေတ်ကတော့ခရစ်တော်ရဲ့ကိုယ်ခန္ဓာဖြစ်တဲ့ အသင်းတော်၊ ယုံကြည်သူ တွေ အကြောင်း ဖြစ်တယ်။

### Outline: Genesis 12-25

Chapter 12:1-3 God called Abram and gave Him a promise.အာပြဟံကို ခေါ်ပြီး ဂတိတော် ပေးခဲ့။

Chapter 12:7; 13:14-17 God gave Abram a land. အာပြဟံကိုတိုင်းပြည်တပြည်ပေးခဲ့။

Chapters 15-21 God gave Abram an heir and made a covenant with him. အာပြဟံကို အမွေပေးပြီး ပဋိညာဉ်ဖွဲ့တော်မူခဲ့။

Chapter 22 God tested Abraham's faith. အာဗြဟံရဲ့ယုံကြည်ခြင်းကို စမ်းသပ်ခဲ့။

Chapters 22-26 Isaac, the son of promise, obeyed his father and his father's God. ဂတိတော် ကြောင့် ရတဲ့သား ဣဇက်ဟာ အဘနဲ့ အဘရဲ့ဘုရားသခင့်စကားကိုနားထောင်ခဲ့။

**People to know in Genesis 12-27:**

Abraham, Sarah, Melchizedek - အာဗြဟံ၊ စာရာ၊ မေလခိဇေဒက် (Genesis 14:18-20) Hagar and Ishmael - ဟာဂရ၊ ဣရှမေလ (Genesis 16)

Lot, Ammon, Moab (Genesis 19) Isaac - လောတ၊ အမ္မုန်၊ မောဘ (Genesis 21-27)

Eliezer -ဧလျာဇာ (Genesis 15,24)

Rebecca - ရေဗက (Genesis 24-27)

Keturah, Esau, Jacob - ကေတုရ၊ ဧသော၊ ယာကုပ် (Genesis 25)

**Places to know:** နေရာများ

ခါလဒဲပြည်သားတို့နေရာ ဥရပြည်၊ ဟာရန်၊ ခါနာန်၊ ရှေခင်၊ ဗေသလ၊ ဟေဗြုန်၊ မိဒိ (ဗေရရှေဘ)၊ အီဂျစ်ပြည်၊ သောဒုံ၊ ဂေါမောရရှာလင်၊မောရိပြည် (Genesis 21-27) ယော်ဒန်မြစ်၊ မြေထဲပင်လယ် (Mediterranean)

**Words to know:** ဝေါဟာရများ

bless: ကောင်းကြီးပေး - သန့်ရှင်း၊ ပျော်ရွှင်၊ ဝမ်းမြောက်၊ ကောင်းစားစေသည်။

Burnt offering : မီးရှို့ရာယဇ်- အပြစ်အတွက် မီးဖြင့် လောင်ကျွမ်းသောယဇ်၊ အပြည့်အဝ သန့် ရှင်းစင်ကြယ်သော ဆက်ကပ်မှုကို ပုံဆောင်။

Faith : ယုံကြည်ခြင်း- ယုံကြည်၊ စိတ်ချ၊ အားကိုးခြင်း။

Gentile : တပါးအမျိုးသား- ယုဒလူမျိုး မဟုတ်သောသူ။

Heathen or pagan : တပါးအမျိုး- ဘုရားသခင်ကို မသိသူ၊ ဓမ္မဟောင်းတွင် ဣသရေလ လူမျိုး မဟုတ်သူ။

Heir :အမွေခံ- တရားဝင်ခံစားခွင့်ရသူ၊ ပစ္စည်းအရိုက်အရာ၊ ကွယ်လွန်သူကိုယ်စား လုပ်ပိုင်ခွင့် ရသူ။

Israel : ဣသရေလ-(ဘုရားနှင့်ပြိုင်၍ စွမ်းသူ)ယာကုပ်နဲ့သားမြေးလူမျိုးနာမည်)

Patriarch : ဘိုးဘေး- အမျိုးအနွယ် တည်ထောင်သူ၊ မောရှေခေတ် မတိုင်မီ ဘုရားသခင့် လူများ ကို ပေးသောနာမ။

Prophecy : ပရောဖက်ပြုခြင်း- ရှေ့ဖြစ်ကို ကြိုဟောခြင်း။

Purity : စင်ကြယ်ခြင်း- မရောနှောသော၊ မညစ်ညူးသော၊ သန့်ရှင်းသော။

Sign : နိမိတ်လက္ခဏာ၊ အမှတ်လက္ခဏာ- ရှေ့ဖြစ်ကို ကြိုပြသော (သက်တံ့၊ အရေဖျားလှီးခြင်း) တန်ခိုးနိမိတ်လက္ခဏာပြခြင်း။

Tithe : ဆယ်ဖို့တဖို့- ဝင်ငွေ၊ သီးနှံတို့ရဲ့ဆယ်ပုံတပုံ၊ဘုရားပိုင်ဆိုင်ကြောင်းအသိအမှတ်ပြု ပေးလှူ ခြင်း။

**Dates to know:** အချိန်ကာလ၊ ရက်စွဲ **Abraham – 2000 B.C.**

The Patriarchs ဘိုးဘေးများကာလ – 2000-1800 B.C. (200 years)

## Introduction - နိဒါန်း

ယုံကြည်ခြင်းဟာ ဘုရားနဲ့ ဆက်သွယ်ရာမှာ အခြေခံဖြစ်တယ်။

A.ဘုန်းတော်အတွက် လူကို ဖန်းဆင်းတယ်။ ယုံကြည်မှသာ ဘုန်းထင်ရှားမယ်။ "ယုံကြည် ခြင်း မရှိလျှင် ဘုရားသခင်၏ စိတ်တော်နှင့် မတွေ့နိုင်။ အကြောင်းမူကား ဘုရားသခင့်အထံတော် သို့ ချဉ်းကပ်သောသူသည် ဘုရားသခင် ရှိတော် မူသည်ကိုင်၎း၊ ကိုယ်တော်ကို ရှာသောသူတို့အား အကျိုးပေးတော်မူသည်ကိုင်၎း ယုံကြည်ရမည်။" (Hebrews 11:6) ယုံကြည်မှ ကယ်တင်ခြင်းရ တယ်။ ယုံကြည်ခြင်းနဲ့ လျှောက်လှမ်းရတယ်။ အသက်တာမှာ ယုံကြည်ခြင်းတိုးပွါးဖို့ အရေး ကြီးတယ်။ ကျမ်းစာထဲမှာ တခြားအကြောင်းအရာတွေထက် ယုံကြည်ခြင်းက ပိုအရေးပါတယ်။

B.လောကထဲက စွန့်ထွက်ခွါပြီး နောက်တော်လိုက်ဖို့ ဘုရားသခင် ခေါ်တော်မူတယ်။ စာတန် နောက် မလိုက်ဘဲ၊ ကိုယ်တော်ကို ကိုးစားသူတွေကို စောင့်ထိန်းတော်မူတယ်။ ကိုယ်တော် ကို ယုံကြည်တယ်။ သားသမီးဖြစ်လာတယ်။ ယုံကြည်သူဟာလမ်းခရီးတော်ကိုလိုက်လျှောက်တဲ့ အတွက် လောကီသားတွေအတွက် သမ္မာတရားရဲ့အလင်းဖြစ်တယ်။ သီးခြားခွဲထား သန့်ရှင်းစေတယ်။ ယုံကြည်ကိုးစား လိုက်လျှောက်ခြင်းကြောင့် နေ့စဉ်အသက်တာမှာ ဘုန်းတော် ထင်ရှားဖို့ ယုံကြည်ခြင်းကို ခိုင်မာလာ စေတော်မူတယ်။

C.ဣသရေလလူမျိုးဟာ တပါးအမျိုးသား တိုင်းနိုင်ငံတွေအတွက် ဘုရားသခင်နဲ့ သူ့လုပ်ဆောင် တာတွေကို သိလာစေမယ့် အလင်း ဖြစ်တယ်။ (Isaiah 42:6, 49:6; Luke 2:32; Acts 13:47) အာဗြဟံကစတဲ့ ဣသရေလလူမျိုးဟာ ဓမ္မဟောင်းမှာ ဘုရားကို အားကိုးပြီး၊ စကားတော်ကို စောင့် ထိန်းသူတွေ ဖြစ်တယ်။ အလင်းဖြစ်ခဲ့တယ်။ နောက်တော့ သူတို့ကို ခေါ်တဲ့ ဘုရားအပေါ် သစ္စာပျက် ကြတယ်။ ခရစ်တော် အသေခံပြီး ရှင်ပြန်ထမြောက်တဲ့နောက်မှာ ယုံကြည်တဲ့ သူတွေကိုဘုရားသား ဖြစ်ခွင့် ပေးပြီး ဘုရားမိသားစုထဲ ပါဝင်ခွင့် ပေးတော်မူ တယ်။ ယုံကြည်သူတွေက နှုတ်ကပတ် တော် ကို စောင့်ထိန်းရင်း လောကမှာ အလင်းဖြစ်ကြတယ်။

D.ကမ္ဘာ ၁၂ မှ ၅၀ အတွင်းပါတဲ့ ဘိုးဘေးတွေကတော့ ယုံကြည်ခြင်း အားကြီးသူတွေ ဖြစ် တယ်။ လောကထဲကနေ ထွက်ပြီးတော့ သားမြေးတွေကို ဘုရားအကြောင်း သင်ပေးကြတယ်။ အာဗြဟံ၊ ဣဇက်၊ ယာကုပ်နဲ့ သား ၁၂ ယောက် ဟာ ဘိုးဘေးတွေထဲမှာ ပါတယ်။

E.သီးခြားခွဲထားရခြင်း အကြောင်းရင်း- ဘုရားအကြံအစည်ကို သိပြီး၊ တရားတော်အတိုင်း အသက်ရှင်ဖို့။ စာတန်လို မတွေးဘဲ၊ စာတန့်အလိုအတိုင်း အသက်မရှင်ဖို့၊ နှုတ်ကပတ် တော်ကို စောင့်ထိန်းပြီး မြေကြီးပေါ်မှာ ဘုရားသခင့် သံတမန်များ ဖြစ်ဖို့ သီးခြားခွဲထား တယ်။ ပညတ်တော်နဲ့ ဂတိတော်တွေ ပေးတယ်။ လိုက်လျှောက်ဖို့ သွန်သင်တယ်။ အလိုတော်ကို သိစေတယ်။ လက်တွေ့လိုက်နာဖို့ သင်ပြတော်မူတယ်။

F. ဆင်ခြင်စရာများ

1. လောကထဲမှ သီးခြားခွဲထားခြင်း၊ သန့်ရှင်းစေခြင်းဟာ ဘာကြောင့် အရေးကြီးပါသလဲ? လောကထဲမှာနေရင် လောကီသား လို တွေးမယ်၊ အသက်ရှင်မယ်။ လောကီထဲက ထွက်လာရဲ့လား? သို့မဟုတ် စာတန့်လူလို တွေးနေ အသက်ရှင်နေသလား?
2. ဣသရေလလူတွေ ဘယ်လို ပုံသက်သေပြသလဲ? လောကီသားတွေ ရှေ့မှာ ဘုရားရဲ့အလင်း ကို ပြတယ်။ ဒီနေ့ ယုံကြည် သူတွေ လောကထဲမှာ အလင်း ဖြစ်ရဲ့လား? သူတပါးရှေ့မှာ ဘုရားဘုန်းတော် ထင်ရှားရဲ့လား?

## THE LESSON - 3

### I. **ABRAHAM** အာဗြဟံ– **INTRODUCTION TO GENESIS 12-27**

A.တောရအနွယ် ရှေသသား အာဗြဟံဟာ ခါလဒဲပြည်သားတွေရဲ့တိုးတက်တဲ့ ဥရပြည်မှာ နေ တယ်။ သူ့မိဘများက ဘုရားသခင်ကို သိပေမယ့် ရုပ်တုကိုးကွယ်တယ်။ အာဗြဟံကတော့ ဘုရား သခင့်စကား နားထောင်တယ်။ ဘုရား စကားကို အားထားတယ်။ (Genesis 12:4,5)

B.အာဗြဟံအတွက် အမိန့်တော် - God's command to Abram (Genesis 12:1)

အခုပြမယ့် တိုင်းပြည်ကို သွားဖို့ မိသားစုနဲ့တကွ နေအိမ်၊ တိုင်းပြည်၊ ဓလေ့ထုံးစံတွေကို ထားပစ်ခဲ့ရမယ်။ ဒီလိုခိုင်းရ တာက

1.အာဗြဟံရဲ့ယုံကြည်ခြင်း၊ ကိုးစားခြင်း၊ နာခံခြင်းတွေကို စစ်ဆေးဖို့။

2.ဘုရားမဲ့နေတဲ့ သူ့မိသားစုနဲ့ သူတို့ ယဉ်ကျေးမှု ဓလေ့ထုံးစံတွေနဲ့ ခွဲပြီး သီးခြားနေဖို့။

အမိန့်တော်တိုင်းမှာ နာခံမှုအတွက် ကောင်းကြီးပါသလို၊ မနာခံရင် တရားစီရင်ခြင်းပါ တယ်။နာခံတာကယုံကြည်လို့။ မနာခံတာကမယုံကြည်လို့ပါ။ အာဗြဟံကယုံကြည်ခြင်း အားကြီးရင် နာခံတယ်။ အားနည်းရင် နားမထောင်တော့ဘူး။

C.အာဗြဟံအတွက် ဂတိတော် - God's promise to Abram (Genesis 12:2,3) ဟာ-

1.လူမျိုးကြီးဖြစ်ဖို့

2.ကောင်းကြီးပေးပြီး၊ နာမည် ကြီးမြတ်စေဖို့

3.သူ့ကို ကောင်းကြီးပေးတဲ့သူ ကောင်းရမယ်၊ ကျိန်ဆဲရင် ကျိန်ခြင်း ခံရမယ် ဆိုတဲ့ ကောင်းကြီးဖြစ်စေသူ ဖြစ်ဖို့

4.သူ့အားဖြင့် မြေကြီးတပြင်လုံး ကောင်းကြီးခံစားရဖို့

5.သူ့ကောင်းကြီးက သူ့နာခံမှုအပေါ်မှာ မူမတည်ဘဲ ဘုရား နှုတ်ကပတ်တော်ပေါ်မှာသာ အခြေခံပြီး ပေးထား တာ ဖြစ်တယ်။ (cf. Galatians 3:6-17)

### II. **GOD GAVE ABRAM A LAND-**အာဗြဟံကို ပြည်တော်ပေးတယ်။ **(Genesis 12:4-14)**

A.By faith Abram obeyed God. အာဗြဟံက ယုံကြည်ခြင်းအားဖြင့် နားထောင်တယ်။

ယုံကြည်လို့ သူမသိတဲ့ ပြည်ကို ဇနီး စာရာ၊ တူ လောတ တို့နဲ့ သွားတယ်။ အဖ တေရနဲ့အတူ သွားခဲ့တဲ့ ဟာရံမြို့မှ ထွက်ခွါခဲ့ပြီး ခါနန်ပြည်ကိုသွားတယ်။(Genesis 11:31,32) ခါနန်က ယော်ဒန်မြစ် နဲ့ မြေထဲပင်လယ်ကြားမှာရှိတယ်။ (Genesis 12:4,5; Hebrews 11:8) ခါနန်ရောက်တော့ ရှေခင် အရပ်မှာ နားတယ်။ အဲဒီမှာ ဘုရားက သူနဲ့ သားမြေး တွေအတွက် အမွေပေးမယ့် ပြည်ကို ပြတယ်။ (Genesis 12:6,7) အာဗြဟံက ယဇ်ပလ္လင်ကို တည်တယ်။ ဗေသလမှာ ဆက်နေတယ်။ နောက် ထပ် ယဇ်ပလ္လင် တည်ပြီး ထာဝရဘုရားရဲ့နာမတော်ကို ဆုတောင်းတယ်။ (Genesis 12:8,9) ဗေသလဟာ ဘိုးဘေးတွေ ဆုတောင်းရာ အရပ် ဖြစ်လာတယ်။

B.အာဗြဟံ ယုံကြည်ခြင်း အားနဲချိန်မှာ နာခံမှု အားနဲတယ်။

ခါန်ပြည်မှာ အစာငတ်မွတ်ခေါင်းပါးတော့ယုံကြည်ခြင်းအားနဲ့ပြီး အီဂျစ်ပြည်ကိုထွက်သွားတယ်။သူ့ မိန်းမနဲ့ ပါတ်သက်ပြီး အဲဂုတ္တုဘုရင် ဖါရောကို ညာရတယ်။ ခါနန်ပြည်ကို ပြန်ပို့ခံရတယ်။ (Genesis 12:10-20) ဘုရားကဒါကို မကြိုက်ဘူး။ ခါနန်ပြည်ပြန်ပြီး ဗေသလအရပ်မှာ ယဇ်ပလ္လင်တည်ပြီး ပြန် ကိုးကွယ်တယ်။ (Genesis 13:1-4)

C.အာဗြဟံနဲ့ လောတ လမ်းခွဲကြတယ်။ (Genesis 13:5-11)

အာဗြဟံ ချမ်းသာလာတယ်။ သိုး၊နွား၊ ရွှေငွေ ရှိလာတယ်။ တူဖြစ်တဲ့ လောတလည်း ချမ်းသာလာ တယ်။ နောက်လိုက် တွေရန်ဖြစ်တော့ အာဗြဟံကတခြားစီနေဖို့ ပြောတယ်။လောတကယောဒန်မြစ် အရှေ့ဖက်ခြမ်း လူဆိုးလူမိုက်တွေနေတဲ့ သောဒုံနဲ့ ဂေါမောရ အရပ်ကို ရွေးတယ်။ အာဗြဟံကတော့ ယော်ဒန်မြစ် အနောက်ဖက်ခြမ်းနဲ့ မြေထဲပင်လယ်ကြား ဒေသမှာ ဆက်နေတယ်။ အဲဒီအရပ်ကို သူ နဲ့ သားမြေးတွေကို အမွေအဖြစ်ပေးမယ်လို့ ဂတိတော် ထပ်ရတယ်။ ဒီနေ့ ခေတ်မှာတော့အဲဒီအရပ် ဟာ အာဗြဟံသားမြေးတွေ နေထိုင်တဲ့ အစ္စရေးနိုင်ငံပါ။ အာဗြဟံဟာ ဟေဗြုန်အနီးကမံရေ အရပ် မှာ တဲဆောက်တယ်။ ယဇ်ပလ္လင်တည်ပြီး အဲဒီအရပ်မှာ နေထိုင်တယ်။ (Genesis 13:12-18)

D.ဘုရားမ,စလို့ အာဗြဟံက အရှေ့အရပ်က ရှင်ဘုရင်တွေကိုအောင်နိုင်တယ်။(Genesis 14)

အရှေ့အရပ်(မြေထဲပင်လယ်၊ ယူဖရေးတီးစ်)ကဘုရင်တွေသောဒုံနဲ့ ဂေါမောရကိုတိုက်ပြီးလောတနဲ့ သူ့ရှိသမျှကို ဖမ်းသွား တယ်။ (Genesis 14:1-13) အာဗြံကြားတော့ လူစုပြီး လိုက်တယ်။ ဘုရားမ, လို့ လောတနဲ့ သူပိုင်သမျှ ပြန်ရတယ်။ (Genesis 14:15,16)သောဒုံမင်းကြီးနဲ့ (ယေရုရှလင်) ရှာလင်မင်းကြီး မေလခိဇေဒက်ကလာကြိုတယ်။ မေလခိဇေဒက် က ထာဝရဘုရားနာမဥ္စကောင်းကြီးပေးတယ်။ အာဗြံကရသမျှရဲ့ ဆယ်ဖို့တဖို့ကိုဘုရားသခင်သစ္စာရှိတာကို အမှတ်ပြုပြီး လှူတယ်။ (Genesis 14:17-20) သောဒုံမင်းကြီးက ပစ္စည်း တွေ အာဗြံကို ပေးတယ်။ အာဗြံက မယူဘဲ ကောင်းကင်နဲ့ မြေကြီးကို ပိုင်တဲ့အမြင့်ဆုံးဘုရားသခင် ကို ကောင်းကြီးပေးတယ်။ အရာအားလုံးကို ဘုရားပိုင်တာ သူသိတယ်။ သူ့ အတွက်ဘာမှ မတောင်း ဘူး။ ဝင်ကူတိုက်ပေးတဲ့ သူတွေအတွက် သောဒုံမင်း ဆုချသလောက်ပဲ လက်ခံတယ်။ (Genesis 14:21-24)

E.ဆင်ခြင်စရာများ-

1.ယုံကြည်သလို ပြုမူတတ်တဲ့အတွက် အသက်တာ သန့်ရှင်းဖို့ ယုံကြည်ခြင်းက အရေး ကြီးတယ်။ အာဗြံ ယုံကြည်လို့ ဘာလုပ်သလဲ? ဘုရားသခင်ကို သင်လည်း ယုံကြည် သလား? ယုံကြည်တာကို ဘယ်လိုပြမလဲ?

- ယုံကြည်ခြင်းကြောင့် ဂတိတော်အတိုင်း ဥရပြည်ကို စွန့်ပြီး ခါနန်ပြည်ကို သွားတယ်။ (Genesis 12:1-4)
- ယုံကြည်ခြင်းကြောင့် အီဂျစ်ပြည်ကနေ ဗေသလကို ပြန်ပြီး ဘုရားသခင်ထံ ဆုတောင်း တယ်။ (Genesis 13:1-4)
- ယုံကြည်ခြင်းကြောင့် ဂတိတော်ရှိရာ ပြည်မှာ နေတယ်။ (Genesis 13:5-18)
- ယုံကြည်ခြင်းကြောင့် လောတကို အရှေ့ပြည် ရှင်ဘုရင်တွေ လက်မှ ကယ်တယ်။ (Genesis 14:14-16)
- ယုံကြည်ခြင်းကြောင့် ရှာလင်မင်းကြီး မေလခိဇေဒက်ကို ဆယ်ဖို့တဖို့ ပေးလှူတယ်။ (Genesis 14:17-24)

  ဘုရားကို အားကိုးကြောင်း လက်တွေ့ပြနိုင်သလား? ယုံကြည်လို့ ဘာလုပ်ခဲ့ပြီလဲ?

2. ယုံကြည်လို့ အာဗြံ ဘာလုပ်ခဲ့ပြီလဲ? အစားအစာအတွက် ဘုရားကို မကိုးစားဘဲ အီဂျစ်ပြည်ကို သွားခဲ့တယ်။ ဘုရားရဲ့ကွယ်ကာမှုအစား ဇနီးသည်အတွက် လိမ်ညာခဲ့တယ်။ သင်လည်း ယုံကြည်ခြင်း မရှိတဲ့ အလုပ်တွေ လုပ်သလား?

## III. **GOD MADE A COVENANT WITH ABRAM AND GAVE HIM AN HEIR, ISAAC-**အာဗြဟံနဲ့ပဋိညာဉ်ပြုပြီးအမွေခံသားဣဇက်ကို ပေးခဲ့တယ်။**(Genesis 15-21)**

A. အမွေခံဖို့ ဣဇက်ကို ပေးဖို့ အာဗြဟံကို ဂတိပေးခဲ့တယ်။ (Genesis 15:1-6)

အာဗြဟံ အံ့သြတယ်။ သူ့မှာ သားမရှိ၊ အစေခံ ဧလျာဇာ ပဲ ရှိတယ်။ (Genesis 15:1-3) ဧလျာဇာ အမွေခံ ဖြစ်မလားလို့ တွေးတယ်။ဒါပေမယ့်ဂတိတော်က သူ့ကိုယ်ထဲက သားဖြစ်မယ်။ သားတွေက မိုးကောင်းကင် ကြယ်တွေလို များမယ်။ အာဗြဟံက အိုပြီ။ ဇနီးလည်း သားသမီး ရနိုင်ချိန် လွန်ပြီ။ ဒါပေမယ့် ဘုရားသခင်ကို ယုံတယ်။ ယုံလို့ သူကို ဖြောင့်မတ် တယ်လို့ ဘုရားသတ်မှတ်တယ်။ (Genesis 15:4-6)

B. မီးရှို့ရာယဇ်နဲ့ ပဋိညာဉ် (Genesis 15:7-18)

အာဗြံထံ ကြွလာပြီး တိုင်းပြည်ပေးမယ့် ဂတိပြုတယ်။ အာဗြံက ဂတိတော်အတွက် နိမိတ်လက္ခဏာ တောင်းတယ်။ ယဇ်ကို မီးလောင်ပြီးတော့ သက်သေပြတယ်။ယဇ်ပူဇော်ရာမှာ နွား၊ ဆိတ်၊ သိုး၊ ချိုး ငှက်၊ ခို တို့နဲ့ ပူဇော်ခွင့်ပေးတယ်။ (Genesis 15:9)ဒီတိရစ္ဆာန်တွေကိုနှစ်စုခွဲထားပြီးအာဗြံကဘုရား ကို စောင့်တယ်။ နေဝင်ချိန်မှာအာဗြံအကြီး အကျယ် အိပ်မောကျသွားတယ်။သူ့သားတွေတိုင်းတပါး မှာကျွန်ခံရမယ်၊ ပြီးမှ ဂတိတော်ရှိရာ ပြည်ကိုပြန်လာမယ်လို့ ဗျာဒိတ်ပေး တယ်။ ဒီ ဗျာဒိတ်ဟာ ထွက်မြောက်ရာကျမ်းနဲ့ ယောရှုမှတ်စာမှာ ပြည့်စုံတယ်။ အစု နှစ်စု အလယ်မှာ ကြွတော်မူရင် မီး လောင်စေတဲ့ အတွက် ယဇ်ကိုလက်ခံကြောင်းပြတယ်။ (Genesis 15:10-17) အာဗြံနဲ့ သူ့သားတွေကို တိုင်းပြည်ပေး မယ်လို့ ပဋိညာဉ် ပြုတယ်။ (Genesis 15:18-21)

C. ဣရှမေလ မွေးဖွါးခြင်း

အာဗြံကို သားပေးမယ်ဆိုတော့ ယုံပေမယ့် ဒါက ဘယ်လိုဖြစ်လာမလဲလို့ အံ့သြနေတယ်။ဇနီးစာရာက သားမရနိုင်လောက် အောင် အိုပြီ။ ကျွန်မ ဟာဂရကို ယူဖို့ စာရာက အကြံပေးတယ်။ (Genesis 16:1-3) အာဗြံ နားထောင်တော့ ဟာဂရနဲ့ သားတယောက်ရတယ်။ ဣရှမေလလို့ အမည်ပေး တယ်။ (ဘုရားသခင် ကြားတော်မူတယ်။) (Genesis 16:5-16; 21:9-21) ဒါပေမယ့် ဒီသားက ဘုရားခန့်ထားတဲ့ သားမဟုတ်ဘူး။အာဗြံနဲ့ စာရာ ယုံကြည်ခြင်း ယိမ်းယိုင်သွားတယ်။ဘုရားတန်ခိုး အစား လူ့အကြံကို ထည့်သုံးကြတယ်။ နားမထောင်တဲ့အတွက် အိမ်ထောင်မှာ စိတ်ညစ်စရာ တွေ ဖြစ်လာတယ်။ ဒီအပြစ်ရဲ့အကျိုးဆက်ကို ကမ္ဘာက ဒီနေ့အထိ ခံစားနေရတယ်။

မှတ်ရန်- အာဗြံရဲ့မယုံကြည်တဲ့အပြစ် ၃ ခု-

1.စားရေးအတွက် ဘုရားမစခြင်းအစား အီဂျစ်ပြည်ကို သွားတယ်။

2.ဇနီးအတွက် ဘုရားကွယ်ကာခြင်းအစား လိမ်ညာတယ်။

3.ဂတိတော်ကို ဘုရားက ဖြည့်စွမ်းနိုင်တာကို အားကိုးမယ့်အစား ဟာဂရကို ယူတယ်။

D. အာဗြံနဲ့ ပဋိညာဉ်ပြုပြီး အမှတ်သက်သေပေးတယ်။

အနန္တတန်ခိုးရှင် ဘုရားသခင် (El Shaddai) ဟာအာဗြံနဲ့ပဋိညာဉ်ပြုပြီး လူမျိုးရဲ့အဘ၊ဘုရင်တို့ရဲ့အဘ ဖြစ်ခွင့်ပေးတယ်။ အာဗြဟံ လို့ နာမည်ပြောင်းစေတယ်။ တိုင်းပြည်နဲ့ဆိုင်တဲ့ ပဋိညာဉ်ကို အသစ်ပြုပြီး ထာဝရပဋိညာဉ် ဖြစ်စေတယ်။ (Genesis 17:1-8) ဒီပဋိညာဉ်ရဲ့နာခံခြင်းသက်သေ က အရေဖျားလှီးခြင်းဖြစ်တယ်။ (Genesis 17:9-14) အရေဖျား

လိုး ခြင်းဆိုတာ ဖယ်ရှားခြင်းရဲ့ပြင်ပသက်သေ ပုံဆောင်ချက် တခု ဖြစ်တယ်။ အရေဖျားလှီးတယ်ဆိုတာ ယောကျ်ား ကလေး တွေ အတွက် ကိုယ့်လူမျိုးရဲ့ဓလေ့ထုံးစံတွေကို ပယ်ဖို့ပါပဲ။ ပုံဆောင်ချက်မပါဘဲ သန့်ရှင်းရေး အတွက်၊ ကျန်း မာရေးအတွက် အရေဖျားလှီးတာလည်း ရှိတယ်။ အာဗြဟံနဲ့ ဣသရေလလူတွေ အတွက် ကတော့ နာခံခြင်းရဲ့ပြင်ပသ က်သေပဲ။ဣသရေလ လူဖြစ်ကြောင်းသက်သေပဲ။စိတ်နှလုံး အရေဖျား လှီးခြင်း ဆိုတာ (Deuteronomy 10:16; Colossians 2:11) အပြစ်ကို ရှောင်ခြင်းနဲ့ ဘုရားကို အားကိုးခြင်းပဲ။ အရေဖျားလှီးတယ်ဆိုတာ ဣသရေလ လူမျိုး ယောကျ်ားကလေးတိုင်း မလုပ်မနေရ ပါ။ အာဗြဟံကိုပေးတဲ့ ပဋိညာဉ်အောက်မှာရှိကြောင်း သက်သေပါ။ ဓမ္မသစ်မှာ ဘုရား သခင်က ယုံကြည်သူကို ပြင်ပသက်သေ ၂ ခု ပေးတယ်။ နှစ်ခြင်းနဲ့ ပွဲတော်။ ဘုရားက စာရဲကို စာရာ နာမည်ပြေ ပြောင်းပြီး သားဖွါးမယ့် ဂတိပေးတယ်။ (Genesis 17:15-21)

E. ဘုရားသခင်ကြွလာပြီးအာဗြဟံအတွက်ဂတိတော်ကိုအတည်ပြုတယ်။(Genesis 18:1-15)
မံရေတောမှာ ကောင်းကင်တမန် ၂ ပါးနဲ့အတူ ထာဝရဘုရား ကြွလာတော်မူတယ်။(ဒီလိုဘုရား ထင် ရှားပြတာကို Theophany လို့ခေါ်တယ်။) သားရမယ်၊ စာရာရဲ့သားလို့ အတည်ပြုတယ်။ သား ရ မယ်ဆိုတော့ စာရာ ရီတယ်။ သား ရတဲ့ အချိန်ကလွန်ပြီ။ ဘုရားမတတ်နိုင်တာ မရှိဘူးလို့ မိန့်တော် မူရင်း ယုံကြည်ခြင်းကို ခိုင်ခန့်စေတယ်။ စာရက (ရီတဲ့ သူ) သားဣဇက်ကို ဖွါးတယ်။

F. သောဒုံနဲ့ ဂေါမောရကို ဖျက်ဆီးတယ်။ (Genesis 18:16-19:38)
အာဗြဟံထံလာတဲ့ ကောင်းကင်တမန်တွေဟာ လောတထံ ရောက်လာပြီး သောဒုံမြို့ကိုစွန့်ခွါဖို့ ပြောတယ်။ ဆိုးညစ်လွ န်း လို့ သောဒုံနဲ့ ဂေါမောရကို ဖျက်ဆီးတော့မယ်။ ဒီဆိုးတဲ့မြို့မှာ နေရာရနေ တော့ စွန့်ခွါဖို့ ခက်တယ်။ မိန်းမက နောက်ပြ ပန် လှည့်ကြည့်တယ်။သမီးတွေက သွေးနီးချင်းနောရာ က အာမုန်နဲ့ မောဘကို ဖွါးတယ်။ (ဒီနှစ်မျိုးက နောက်မှာ အ စ္စရေး ရဲ့ရန်သူတွေ ဖြစ်လာတယ်။)

G. အာဗြဟံနဲ့ အဘိမလက် (Genesis 20:1-18)
အာဗြဟံရဲ့စိုးရိမ်စိတ်က ဘုရားရဲ့ကွယ်ကာခြင်းအပေါ် ယုံကြည်မှု အားနည်းလာပြန်တယ်။ စာရာနဲ့ ပတ်သက်ပြီး ဂေ ရာ မင်းကြီးအဘိမလက်ကိုညာပြန်တယ်။ ဒါပေမယ့်ဘုရားသခင်က ဂတိတော်နဲ့ ဆိုင်တဲ့အမျိုးအနွယ်ကို ကာကွယ်တ ယ်။

H. အာဗြဟံကို ဂတိတော်အတိုင်း သားပေးတယ်။ (Genesis 21)
အာဗြဟံ အသက် ၁၀၀ မှာ သားဣဇက်ကို စာရာဖွါးတယ်။ (Genesis 21:1-7) ယုံကြည်ခြင်းကို စမ်းသပ်တဲ့အနေနဲ့ အသက်ကြီးမှ သားကို ပေးတယ်။ အားလုံးက အံ့သြဘွယ် နမိတ်လက္ခဏာ အဖြစ် နားလည်ကြတယ်။ ဣရှမေလက ဣဇက်ကို ကဲ့ရဲ့တယ်။ ဒါကြောင့် အိမ်ကနှင်ထုတ်ခံရ တယ်။ ဣရှမေလကိုလည်း ကွယ်ကာပါတယ်။ လူမျိုးကြီးဖြစ် စေမယ်လို့ ဂတိပေးတယ်။ (Genesis 21:8- 21) (ဒီလူမျိုးနှစ်မျိုးကြားက ရန်ငြိုးရန်စဟာ ဒီနေ့အထိ အာရပ်၊ အစ္စရေး ပြဿနာမှာ မြင်ရ တယ်။) ဖိလိတ္တိမင်း အဘိမလက်က မိတ်ဆွေဖွဲ့ချင်တယ်။ အာဗြဟံက သူ့လူတွေ ရေတွင်း လုတာ တွေကို အပြစ်တင်တယ်။ အဘိမလက်က မူလပိုင်ရှင် အာဗြဟံကို ရေတွင်းတွေ ပြန်ပေးတယ်။ ရေတွင်းတွေကို ဗေရ ရှေဘလို့ ပေးထားတယ်။ (Genesis 21:22-34) အာဗြဟံ အဲဒီမှာ အတော် ကြာကြာနေတယ်။

I. ဆင်ခြင်စရာများ-

1. Genesis 12-21 အတွင်းမှာ ရွေးချယ်မှု Choices တွေနဲ့ ပါတ်သက်လို သင်ယူမိသလား? အာဗြဟံနဲ့ လောတ အမှန်ကို ရွေးတယ်။ တခါတရံ အမှားကို ရွေးကြတယ်။ ဘယ်လိုရွေးရင် အာဗြဟံ ယုံကြည်ခြင်း တိုးသလဲ? ဘုရားကို အားမကိုးရင် ဘယ်လို အမှားတွေ ရွေးမိသလဲ? သင်လည်း ဘယ်လိုတွေ ရွေးချယ်သလဲ? ယုံကြည်ခြင်းနဲ့ ရွေးချယ်ခဲ့ တာတွေကို ရေးပြပါ။
2. လောတ ဘယ်လို ရွေးချယ်သလဲ? သူ့ဇနီး၊ သမီးတွေနဲ့ သူကိုယ်တိုင် ဘယ်လိုအကျိုးဆက်တွေ ခံရသလဲ? လောကီ ချမ်းသာကို ရှာတော့ အကုန်ရှုံးတယ်။ သင်ရွေးခဲ့တာတွေ၊ အခု ရွေးချယ် တာတွေအကြောင်း စဉ်းစားကြည့်ပါ။ သင်နဲ့ သင့် မိသားစုအပေါ် ဘယ်လိုအကျိုးဆက်တွေ ခံရ သလဲ?
3. အာဗြဟံနဲ့စာရာဟာ ဟာဂရကို အရွေးမှားခဲ့တယ်။ အာဗြဟံရဲ့ခေတ်မှာတော့ Surrogate births (using a substitute) အငှါးကိုယ်ဝန်လွယ်တာဟာ "culturally acceptable" လူအများ လက်ခံကြတယ်။ ဒါပေမယ့် ဘုရားမနှစ်သက်ဘူး။ မမှန်ဘူး။ အရွေးမှားတယ်။ "culturally acceptable" အများလက်ခံတာတွေကို ဘုရားမနှစ် သက်ဘဲ လက်ခံနေသလား? ဘုရားအလိုတော်နဲ့အညီ ရွေးချယ်လား? ကိုယ့်အလို (သို့) သူများအလိုအတိုင်း ရွေးချယ်သလား?

## IV. **GOD TESTED (proved) ABRAHAM'S FAITH -** အာဗြဟံရဲ့ယုံကြည်ခြင်းကို ဘုရားသခင် စစ်ဆေးတယ်။ **(Genesis 22)**

A. ဘုရားသခင်ခေါ်တော့ အာဗြဟံက ချက်ချင်းထူးတယ်။ဘုရားအသံနားထောင်ဖို့ သူကအသင့်ပဲ။ကမ္ဘာ ၁၂ ကတည်းက သူ့ယုံကြည်ခြင်း တိုးလာတယ်။ ဘုရားသခင်က အာဗြဟံ ကို အမြင့်ဆုံး စစ်ဆေးတော့မယ်။ တယောက်တည်းသောသား ဣဇက် ကို မောရိတောင်( ယေရုရှလင်) မှာ မီးရှို့ရာ ယဇ် ပူဇော်ခိုင်းတယ်။ (Genesis 22:1-2) အာဗြဟံက ယဇ်ပူဇော်ဖို့ သားကို ခေါ်သွားရင်း ငယ်သားတွေကို ပြောတယ်။ "တို့ သားအဖယဇ်ပူဇော်ဖို့ သွား လိုက်ဦးမယ်။ ပြီးရင် ပြန်လာမယ်။" သားကို ပူဇော်ရမယ်ဆိုတာ သူသိတယ်။ ဒါပေမယ့် သား ပြန် ရှင်မယ်လို့ သူယုံတယ်။ ဘာလဲ? ဘယ်လိုလဲ? သူမမေးဘူး။ ရိုးရိုးလေးပဲနာခံတယ်။ ဣဇက်လည်း သူ့အဖေနဲ့ စိတ်ပါ လက်ပါ လိုက်တယ်။ ယဇ်ဘယ်မှာလဲလို့ မေးတယ်။ ဘုရားသခင် ပြင်ဆင်ပေး မယ်လို့ အာဗြဟံ ဖြေတယ်။ ဣဇက်က အဖေနဲ့အတူ နာခံတယ်။ (Genesis 22:3-8)

B. အာဗြဟံက သားနဲ့ ယဇ်ပူဇော်ဖို့ ပြင်တယ်။ ဒီအချိန်မှာ ဘုရားက ခေါ်ပြီး သိုးတကောင် အစားပေးတယ်။ အာဗြဟံက ဒီ အရပ်ကို Jehovah-jireh ယေဟောဝ ယိရေ (ထာဝရဘုရား ပြင်ဆင်တော်မူသည်) လို့ နာမည်မှည့်တယ်။ အာဗြဟံက ယုံကြည်တာကို လက်တွေ့ပြတယ်။ ဘုရားနှစ်သက်တယ်။အရင်ပေးတဲ့ဂတိဖြစ်တဲ့ သူ့အမျိုးအနွယ်အားဖြင့် မြေကြီးသား အားလုံး ကောင်းကြီးခံစားရမယ့်လို့ ထပ်ဂတိပေးတယ်။ (Genesis 22:9-19) အာဗြဟံက သားကို ပူဇော် တာဟာ ဘုရား သခင်က သူ့ရဲ့တပါးတည်းသော သားတော်ကို လောကီသားအားလုံးရဲ့အပြစ် အတွက် ပူဇော်တာကို ပုံဆောင်တယ်။ အာဗြဟံက ယုံကြည်တော့ "သူ၏ ယုံကြည်ခြင်းကို ဖြောင့် မတ်ခြင်းကဲ့သို့ မှတ်တော်မူ၏။" (Romans 4:3)

C. အာဗြဟံရဲ့ခါနန်ခရီးက ယဇ်ပလ္လင်တွေနဲ့ မှတ်နိုင်တယ်။

- ဗျာဒိတ်ထင်ရှားရာ ယဇ်ပလ္လင် (ရှေခင်)(Genesis 12:7)
- ဆုတောင်းရာ ယဇ်ပလ္လင် (ဗေသလ)(Genesis 12:8)

- ပဋိညာဉ်ပြုရာ ယဇ်ပလ္လင် (ဟေဗြုန် မံရေတော) (Genesis 15:18)
- စိတ်ချမှုပေးရာ ယဇ်ပလ္လင် (Genesis 15:8-21)
- မိတ်ဆွေအဖြစ်ပဋိညာဉ်ပြု မ,စခြင်းကို ယုံကြည်သော ယဇ်ပလ္လင် (Genesis 22:1-19)

D. ဆင်ခြင်စရာများ -

1.Genesis 12 and 22 အတွင်းမှာ အာဗြဟံရဲ့ယုံကြည်ခြင်း ဘယ်လို တိုးပွါးသလဲ? ကမ္ဘာ ၁၂ မှာ စားဝတ်နေရေးနဲ့ ကွယ်ကာမှုအတွက် အားမကိုးတတ်ခဲ့ဘူး။ ကမ္ဘာ ၂၂ မှာတော့ တယောက်တည်းသော သားကိုပင် ပူဇော်လာနိုင်တယ်။ သင့်ယုံကြည်ခြင်း တိုးပွါးရဲ့လား? ဘာသက်သေရှိသလဲ? အရင်က အားမကိုးဘဲ အခုမှ အားကိုးလာနိုင်တာ ရှိသလား? ယုံကြည်ခြင်းကြောင့် ကိုယ့်ဘဝမှာ ဘုရားပြုတော်မူတာ ရှိသလား?

2.ကမ္ဘာဦး ၂၂ မှ ယုံကြည်ခြင်းနဲ့ အသက်ရှင်တဲ့ မိသားစုအကြောင်း နားလည်ရသလား? အာဗြဟံရဲ့ယုံကြည်ခြင်းကို သားဣဇက်မှာ ထပ်တွေ့ရတယ်။အာဗြဟံက ဘုရားစကားနားထောင် သလို ဣဇက်က အဖေစကား နားထောင်တယ်။ အဖေရော သားပါအတူ စုံစမ်းခြင်းထဲမှာ လျှောက် လှမ်းရတယ်။ သင့်မိသားစုရော ဘယ်လိုလဲ? သင့်သားသမီးတွေ ဘုရားကို အားကိုးရဲ့လား?စာရာက အသက် ၁၂၇ နှစ်အရွယ် ဟိတ္တိလူတွေရဲ့အရပ် ဟေဗြုန်မှာ သေတယ်။ (Genesis 23:1-3) သင်္ဂြိုဟ်ဖို့ မြေ နေရာကို ဟိတ္တိလူတွေရဲ့မြေ ဟေဗြုန်နားက မံရေတောကို အာဗြဟံ ဝယ်တယ်။ (Genesis 23:3-20)

## V. ISAAC, THE SON OF PROMISE, OBEYED HIS FATHER AND HIS FATHER'S GOD ဣဇက်က အဖေ့စကား၊ ဘုရားသခင့် စကား နားထောင်တယ်။ (Genesis 22-26)

A. Isaac was willing to be sacrificed.- ဣဇက်ကဆက်ကပ်ဖို့ စိတ်ထက်သန်သူဖြစ် တယ်။အဖေက မောရိတောင်မှာပူဇော်မယ်ဆိုတော့မငြင်းဆန်ဘူး။ အဖေနဲ့ ဘုရားသခင်ကို ယုံတယ်။အကောင်းဆုံးပါဝင်တယ်။ (Genesis 22:1-24) ဘုရားနဲ့မိတ်ဆွေဖွဲ့နေတော့ အဖေနဲ့သား လိုက်ဖက်တယ်။

B. God brings a wife to Isaac - ဣဇက်ကို အိမ်ထောင်ချပေးတယ်။ (Genesis 24:1-67) စာရာသေတော့ အာဗြဟံကဣဇက်ကိုအိမ်ထောင်ချပေးချင်တယ်။အဖေမျိုးတွေရှိရာဟာရံမြို့ကို ဧလျာဇာကိုလွှတ်တယ်။ ဣဇက်က ခါနန်ပြည်ကိုမခွါရဘူး။ ခါနန်ပြည်သူ တမျိုးနဲ့လည်းမယူရဘူး။ ဧလျာဇာလည်း ဘုရားကို ယုံတယ်။ သူတို့ သမီး ရေဗက္ကာကို ခေါ်လာတယ်။ ရေဗက္ကာက ခါနန်ကို လိုက်ဖို့ သဘောတူတယ်။ ဣဇက်က ရေဗက္ကာကို ဇနီးအဖြစ် ဝမ်းမြောက်ဝမ်းသာ ပေါင်းဖေါ်တယ်။

C. Abraham married Keturah - အာဗြဟံက ကေတုရကို ယူတယ်။ (Genesis 25:1-20) စာရာသေတော့ အာဗြဟံက အီဂျစ်ပြည်သူ ကေတုရကို ယူတယ်။ သူ့မှာ သားတွေ ရတယ်။ သူ့ သား တွေထဲက တယောက်က မောရှေ နောက်ပိုင်းသွားနေတဲ့ မိဒန်လူမျိုး ဖြစ်လာတယ်။ (ဂတိတော်က ဣဇက်အားဖြင့်သာ ဆင်း သက်တယ်။ ကေတုရသားတွေအားဖြင့် မဆင်းသက်ဘူး။)

D. Rebecca and Isaac - ရေဗက္ကာနဲ့ ဣဇက် (Genesis 25:19-35) ရေဗက္ကာလည်း စာရာလိုပဲ မြုံတယ်။ ဣဇက် ဆုတောင်းတော့ ဧသောနဲ့ ယာကုပ် အမွှာညီအကိုကို မွေးတယ်။ (Genesis 25:21-34) ဣဇက်က ခါနန်ပြည်မှာပဲ နေတယ်။ ဘုရားသခင်ကို ကိုးကွယ် တယ်။ (Genesis 26:1-35) အာဗြဟံကို ပေးတဲ့ ဂတိတော်ကို ဣဇက်မှာ ဆက်လက် အတည်ပြု တယ်။

VI. **GOD REVEALS HIMSELF AND HIS PLAN PROGRESSIVELY** -ဘုရား သခင်က ကိုယ်တိုင် ထင်ရှားပြီး အကြံ အစည်တော်ကို ဆက်လက်ဖေါ်ပြနေတယ်။

ကျမ်းစာတလျှောက်လုံးမှာ ကိုယ်တိုင်ထင်ရှားပြီး အကြံအစည်တော်ကို ဆက်လက်ဖေါ်ပြ နေ တယ်။ ဒါကို Progressive revelation ဆက်တိုက်ထင်ရှားနေခြင်း လို့ ခေါ်တယ်။

A. ထင်ရှားခြင်းတွေထဲက တနည်းကတော့ နာမတော်ကို သိစေခြင်း ဖြစ်တယ်။

| | | |
|---|---|---|
| LORD God - ထာဝရဘုရားသခင် | Jehovah Elohim | Genesis 2:4 |
| Most High - အမြင့်ဆုံးသောဘုရားသခင်<br>Lord (Master) - အရှင် | El Elyon<br>Adon, Adonai | Genesis 14:18<br>Genesis 15:2 |
| Lord God- ထာဝရဘုရားသခင် | Adonai Jehovah | |
| Almighty God - အနန္တတန်ခိုးရှင် ဘုရားသခင်<br>Everlasting God - အစဉ်အမြဲတည်တော်မူသော ဘုရားသခင် | El Shaddai<br>El Olam | Genesis 17:1<br>Genesis 21:33 |

B. နောက်တမျိုး ထင်ရှားဖေါ်ပြပုံကတော့ ခရစ်တော်အကြောင်း ကြိုတင်ဟောပြောချက် Prophecies တွေ ပေးတာပါပဲ။ Genesis chapters 1-12 အတွင်းမှာ ပေးတဲ့ ခရစ်တော် ကြွလာမယ့် ကြိုတင် ဟောပြောမှုတွေက -

- to be born of a woman - မိန်းမကနေ ဖွါးမယ်။ (Genesis 3:15)
- of the family of Seth - ရှေသမိသားစုကနေ ဆင်းသက်မယ်။ (Genesis 4:25)
- of the family of Shem - ရှေမမိသားစုကနေ ဆင်းသက်မယ်။ (Genesis 9:27)
- of the seed of Abraham - အာပြဟံရဲ့အမျိုးအနွယ်ကနေ ဆင်းသက်မယ်။ (Genesis 12:3)

## Exam - Lesson 3

Name ____________________________________________

Address__________________________________________

Multiple choice (Circle only one letter as the correct answer unless otherwise indicated. You may use your Bible when so indicated, but we trust you not to look up the answers in the lessons.)

1.What is the main theme of Genesis chapters 12-25? (value 4 points) ကမ္ဘာ ၁၂-၂၅ တွင် အဓိကဖေါ်ပြလိုသည့်အချက်ကား အဘယ်နည်း။

a) the wickedness of man after the fall in Eden, the flood and the tower of Babel ဧဒင် ဥယျာဉ်တွင် ကျရှုံးခြင်း၊ ဗာဗုလုံရဲတိုက်ကြီးနှင့် ရေလွှမ်းမိုးဖျက်ဆီးခံရခြင်း စသည့် အားနည်းချက်များ

b) how God calls and keeps a people for Himself ဘုရားရှင်က သူ့ အတွက် လူတို့ ကို ခေါ်ထုတ်စုစည်းထားပုံ

c) understanding that separation from the world is necessary for a holy life သန့် ရှင်းသောအသက်တာ ဖြစ်ဖို့ ရန် လောကီသားများထဲမှခွဲခြားနေထိုင်ခြင်းသည် အရေးကြီးကြောင်း နားလည်လာစေရန်၊

2.The material in Genesis 12 to the end of the Old Testament tells how God took care of His Word. (value 4 points) ဘုရားရှင်သည် သူ၏ကတိတော်တည်ကြောင်းကို ကမ္ဘာ ၁၂ မှ ဓမ္မဟောင်းကျမ်းအထိ ဖေါ်ပြ ထားသည်။

a) by Noah's three sons နောဧ၏သား ၃-ယောက်အားဖြင့်၊

b) by Abraham's descendants, the children of Israel အာဗြဟံ၏မျိုးဆက်ဖြစ်သော ဣသရေလလူမျိုးအားဖြင့်

c) by the kings and the prophets ဘုရင်များ၊ ပုရောဖက်များအားဖြင့်၊

3.The New Testament tells how God took care of His Word. (value 4 points) ဓမ္မသစ်ကျမ်းက ဘုရားရှင်သည် သူ၏ကတိတော်တည်ကြောင်းပြောထားသည်။

a) by the believers in the church အသင်းတော်ယုံကြည်သူများဖြင့်

b) by the Jews ဂျူးလူမျိုးများဖြင့်

c) by a group of select teachers and priests ရွေးချယ်ထားသော ဆရာများ၊ ယဇ် ပုရောဟိတ်များဖြင့်

4.What did God want Israel to do? (value 4 points) ဘုရားရှင်က အစ္စရေးကို ဘာလုပ် စေချင်ခဲ့သနည်း။

a) They were to be a special people with special privileges. သူတို့ ကို အထူး အခွင့် အရေးရသော အထူး သီးသန့် လူသားများဖြစ်စေလိုခဲ့သည်။
b) They were to be the rulers in the land of Canaan. သူတို့ ကို ခါနံပြည်ကို အုပ်စိုးသူ များဖြစ်စေလိုခဲ့သည်
c) They were to be the light for God in the world, showing who God is and what He does. သူတို့ကို ဘုရားရှင်အတွက်လောကကိုအလင်းပေးသူ၊ဘုရားရှင်သည်မည်သို့ သောဘုရား ဖြစ်သည်၊မည်သို့ လုပ်ဆောင်ခဲ့ သည်ကို ပြသရန်ဖြစ်သည်။

5.Who were the patriarchs? (value 4 points) ဘိုးဘေးများသည် မည်သူတို့ ဖြစ်သနည်း။
a) the ruling class in Egypt အီဂျစ်ပြည်ရှိ အုပ်ချုပ်သူလူတန်းစား၊
b) the forerunners of Christ in the Old Testament ဓမ္မဟောင်းကျမ်းရှိ ခရစ်တော်၏ ရှေးဦး လူများ၊
c) the leading men of God prior to the time of Moses မောရှေခေတ်မတိုင်မီ ဦးဆောင်သူ လူများ၊

6.Why does God separate His people from the world? (value 4 points) ဘုရားရှင်က သူ၏လူများအား အဘယ့်ကြောင့် လောကီသားများနှင့် တသီးတခြားခွဲထားခဲ့သနည်း။
a) so they will always know who they are သူတို့ မည်သည့်လူမျိုးဖြစ်ကြောင်း အမြဲသိနေ စေရန်၊
b) so they will think God's thoughts and not think Satan and the world's thoughts သူတို့ သည် လောကီသားများကဲ့သို့ မတွေးပဲ၊ဘုရားရှင်တွေးသလို တွေးခေါ် လာကြစေရန်၊
c) to create a highly developed people, superior to any other people in the world လောကလူသားများထက် သာလွန်ထက်မြက်သော လူသားများထွန်းကားလာစေရန်၊

7.What did God ask Abraham to do? (value 4 points) ဘုရားရှင်ကအာဗြဟံကို ဘာလုပ် ခိုင်းခဲ့သနည်း။
a) to stay in his own country သူ၏နိုင်ငံတွင် နေထိုင်ရန်၊
b) to leave his home, his family, his culture သူ၏ နေအိမ်၊မိသားစု၊ ယဉ်ကျေးမှုကို စွန့် ခွါရန်၊
c) to wait for his father to die before moving on ဆက်လက်မလုပ်ဆောင်မီ သူ၏ ဖခင် အသက်သေဆုံးသည် အထိ စောင့်ဆိုင်းရန်၊

8.How do we know that Abram was a man of faith? (value 4 points) ကျွန်ုပ်တို့ သည် အာဗြဟံကို ယုံ ကြည်ခြင်း၌ အားကြီးသူအဖြစ် မည်သို့ သိနိုင်သနည်း။
a) because he was a rich man with much influence သူသည်ချမ်းသာပြီး ဩဇာတိက္ကမ ကြီးသောကြောင့်
b) because he obeyed God သူသည်ဘုရားစကားကိုနာခံသောကြောင့်
c) because he was from a family of believers သူသည် ယုံကြည်သူမိသားစုမှ လာသော ကြောင့်

9.What is the name of the country God promised to Abram and his seed? (value 4 points) ဘုရားရှင်က အာဗြဟံနှင့်သူ၏မျိုးနွယ်အားကတိထားခဲ့သောမြို့ အမည်ကားအဘယ်နည်း။

a) Egypt အီဂျစ်
b) Haran ဟာရန်
c) Canaan ခါနန်

10.What did God say to Abram at Shechem, the first town he stopped at in Canaan? (value 4 points) ခါနန်မြို့ ရှေခင်အရပ်တွင် တခေါက်နားစဉ် ဘုရားရှင်က အာဗြဟံအား ဘာပြော ခဲ့သနည်း။

a) God instructed Abram on how to conquer the land. နယ်မြေကို မည်သို့ သိမ်းပိုက် ရ မည့်အကြောင်း
b) God promised to make of Abram's seed a great nation and to bless those who blessed him. အာဗြဟံ၏မျိုးရိုးစဉ်ဆက်အားကောင်းကြီးပေးမည်၊ အာဗြဟံအားကောင်းကြီး ပေးသူကို ပြန်လည်၍ ကောင်း ကြီး ပေးမည်ဟုပြောခဲ့သည်။
c) God took Abram up on a hill and showed him the land He was promising to his seed. ဘုရားရှင်က အာဗြဟံကို တောင်ပေါ်သို့ ခေါ်ပြီး သူ၏မျိုးဆက်များအတွက် ကတိထားသော နယ်မြေကိုပြခဲ့သည်။

11.What did Abram, Isaac and Jacob do when they stopped at Bethel? (value 4 points) ဗေသလအရပ်တွင် ရပ်နားသည့်အခါအာဗြံ၊ဇေက်၊ယာကုပ်တို့ ဘာလုပ်ခဲ့ကြသနည်း။

a) They built homes and settled there. သူတို့ သည် အိမ်ဆောက်ပြီး ထိုအရပ်တွင်နေထိုင် ကြသည်။
b) They made an altar and worshipped God there. ယဇ်ပလ္လင်တည်ပြီး ဘုရားရှင်အား ပူဇော်ခဲ့သည်။
c) They pastured their flocks in the fields of Bethel. ဗေသလကွင်းပြင်တွင်တိရစ္ဆာန်များထိန်းကျောင်းကြသည်။

12.Why did Abram go to Egypt? (value 4 points) အာဗြံသည် အီဂျစ်ကို အဘယ့်ကြောင့် သွားခဲ့သနည်း။

a) because God told him to go there ဘုရားရှင်က သွားခိုင်းသောကြောင့်ဖြစ်သည်။
b) because there was a famine in Canaan ခါနန်ပြည်တွင် အစာခေါင်းပါးသောကြောင့်ဖြစ် သည်။
c) because he was afraid Pharaoh would take his wife ဖါရောဘုရင်က သူ့ ဇနီးအား သိမ်း မည်ကို စိုးရိမ်သောကြောင့်ဖြစ်သည်။

13.Where did Abram stop when he returned to Canaan from Egypt? (value 4 points) အာဗြံသည် အီဂျစ်မှပြန်လာပြီး ခါနန်ပြည်သို့ ပြန်လာသည့်အခါ မည်သည့် နေရာတွင်ရပ်တန့် ခဲ့ သနည်း။

a) Bethel, where he worshipped God ဘုရားရှင်ကိုဝတ်ပြုရာ ဗေသေ့လအရပ်၊
b) Shechem, where he built his home သူအိမ်ဆောက်ခဲ့သော ရှေခင်အရပ်၊
c) Beersheba, where he built an altar သူယဇ်ပလ္လင်တည်ခဲ့သော ဘာသရှေဘာအရပ်၊

14.What did Abram ask in Genesis chapter 15? (value 4 points) ကမ္ဘာဦးကျမ်း ၁၅ တွင် အာဗြံဘာပြောခဲ့သနည်း။

a) if Lot would be his heir သူ၏တူ လောတ အားသူ့ အမွေခံဖြစ်ဖို့၊
b) if Sara was able to bear a child သူ့ မိန်းမ ဆာရာကိုယ်ဝန်ရှိဖို့
c) if his servant, Eliezer was to be his heir သူ၏အစေခံ ဧလီဇာကို သူ၏အမွေခံဖြစ် စေဖို့

15.What sign did God give to Abram in Genesis chapter 15? (value 4 points) ကမ္ဘာဦးကျမ်း ၁၅ တွင် အာဗြံကို ဘုရားရှင်က မည်သည့် နိမိတ်လက္ခဏာကိုပြခဲ့သနည်း။

a) the sign of a rainbow သက်တံ့
b) the sign of a pillar of cloud and fire မိုးတိမ်နှင့်မီးတိုင်
c) the sign of an offering consumed by fire မီးလောင်ကျွမ်းသော ယဇ်

16.What was the content of God's covenant with Abram in Genesis 15? (value 4 points) ကမ္ဘာဦးကျမ်း ၁၅ တွင် ဘုရားရှင်က အာဗြံနှင့်ပဋိညာဉ်ပြုခဲ့သောအရာကား အဘယ် နည်း။

a) God assured Abram that God would give the land to Abram's seed. အာဗြံ၏ မျိုးစေ့ ကို ဘုရားရှင်က နယ်မြေပေးမည်ဟု ကတိပေးခဲ့သည်။
b) God gave Abram the Ten Commandments. ဘုရားရှင်က အာဗြံကို ပညတ်တော် ဆယ်ပါး ပေးခဲ့သည်။
c) God promised him an eternal kingdom. ဘုရားရှင်က သူ့ အား ထာဝရနိုင်ငံ ပေးမည် ဟု ကတိထားခဲ့သည်၊

17.What was Abram's sin while waiting for a son? (value 4 points) သားရဖို့ စောင့် ဆိုင်းနေစဉ် အာဗြံပြုခဲ့သော အပြစ်ကားအဘယ်နည်း။

a) asking if Eliezer was to be his heir ဧလီဇာကို သူ၏အမွေခံသားဖြစ်ရန်ပြောခဲ့သည်၊
b) not considering Lot လောတကို စဉ်းစားခြင်းမရှိခဲ့ပေ၊
c) having a child by Hagar, Sarah's servant ဆာရာ၏ကျွန်မ ဟာဂရနှင့်နေကာ ကလေး မွေးခဲ့သည်။

18.How did God strengthen Abram's faith in Genesis 18? (value 4 points) (Open Bible) ကမ္ဘာဦးကျမ်း ၁၈တွင်ဘုရားရှင်ကအာဗြံ၏ယုံကြည်ခြင်းကို မည်သို့ ကြီးထွားစေခဲ့သနည်း။

a) by reminding him that He had already promised a son သူ့ တွင်သားရမည်ဟု ဘုရား ရှင်က ကတိထား ကြောင်း သတိပေးရန်၊
b) by telling Abram that with God nothing is impossible ဘုရားရှင်အတွက်မဖြစ်နိုင်သည့် အရာမရှိကြောင်း အာဗြံကိုပြောခြင်းဖြင့်၊

c) by telling him that Ishmael was not the son of promise အစ္စမေလသည် ဘုရားရှင် ကတိထားသော သား မဟုတ်ကြောင်း အာဗြံကိုပြောခြင်းဖြင့်၊

19.What did God change Abram's name to? (value 4 points) ဘုရားရှင်က အာဗြံ၏ နာမည်ကို မည်သည့် နာမည် ပြောင်းပေးခဲ့သနည်း။

a) Israel အစ္စရေး

b) Isaac ဇေက်

c) Abraham အာဗြဟံ

20.What was the sign of obedience to the Abrahamic Agreement? (value 4 points) အာဗြဟံသဘောတူ ချက်ကို လိုက်နာသောလက္ခဏာသက်သေကား အဘယ်နည်း။

a) fire မီး

b) circumcision အရေပြားလှီးခြင်း

c) the Sabbath ဥပုသ်နေ့

21.Why did God destroy Sodom and Gomorrah? (value 4 points) ဘုရားရှင်က သောဒုံ နှင့်ဂေါမောရကို ဖျက်ဆီးခဲ့ သနည်း။

a) because they were enemies of Abraham သူတို့ သည် အာဗြဟံ၏ရန်သူများ ဖြစ်သော ကြောင့်

b) because of their great wickedness သူတို့ ၏ယုတ်မာကောက်ကျစ်မှုကြောင့်

c) because He was angry with Lot for living with sinful people ဘုရားရှင်သည် အပြစ် လုပ်သောသူ များနှင့် ပေါင်းဖေါ်သော လောတကိုစိတ်ဆိုးသောကြောင့်

22.Why did God wait until Abraham and Sara were old before He gave them a child? (value 4 points) အဘယ့်ကြောင့်ဘုရားရှင်သည် အာဗြဟံနှင့်ဆာရာကို ကလေးရဖို့ အတွက် အိုမင်းချိန်အထိစောင့်ခိုင်းစေခဲ့ သနည်း။

a) He wanted them to be well established in the land before they bore a son. သူတို့ ကလေးမရမှီ အခြေ တကျဖြစ်စေလိုသောကြောင့်

b) He was testing their faith. He wanted them, and everyone, to know that their son was a son of promise from God. ဘုရားရှင်ကသူတို့ ၏ယုံကြည်ခြင်းကိုစစ်ဆေး သည်။ သူတို့ နှင့်တကွ လူတိုင်းကို သူတို့ ၏ သားသည် ကတိတော်ကြောင့်ရသော သား ဖြစ်ကြောင်း သိစေလိုသည်။

c) He wanted the son to be born in Canaan, not in Haran or Ur of the Chaldees. သူ၏သားသည် ခါလဒဲ ပြည် အာအိ (သို့ မဟုတ်) ဟာရန်တွင်မဟုတ်ပဲ ခါနန်တွင်မွေးဖွါး ကြောင်း သိစေလိုသည်။

23.What happened to Ishmael? (value 4 points) အစ္စမေလ ဘာဖြစ်ခဲ့သနည်း။

a) He was forgotten and not mentioned again. သူသည် မေ့ထားခြင်းခံရသူဖြစ်သည်၊

b) He stayed near Isaac and Sarah as a continual threat and annoyance. သူသည် ဖေက်နှင့်ဆာရာ တို့ အနားတွင်နေပြီး အနှောက်အယှက်ပေးနေခဲ့သည်။

c) God protected him and promised to make of him a great nation. ဘုရားရှင်က သူ့ ကိုကွယ်ကာပြ ပီး ကြီးကျယ်သောနိုင်ငံကိုတည်ဆောက်သူ ဖြစ်စေမည်ဟု ကတိပေးခဲ့ သည်။

24.What was God's greatest test of Abraham's faith? (value 4 points) အာဗြဟံ၏ ယုံကြည်ခြင်းကို စစ်ဆေး သော ဘုရားရှင်၏အကြီးမားဆုံးစမ်းသပ်ခြင်းကားအဘယ်နည်း။

a) being commanded to leave Ur of the Chaldees to go to Canaan ခါလဒဲပြည် အာအိ မြို့ ကို စွန့် ပြီး ခါနန်ပြည်သို့ သွားခိုင်းခြင်း၊

b) having to wait for the birth of a son သားရဖို့ စောင့်ခိုင်းခြင်း

c) offering his only son, Isaac as a sacrifice ယဇ်ကောင်အဖြစ် သား ဖေက်ကို ယဇ် ပူဇော် ခိုင်းခြင်း

25.Where was the country of Canaan located? (value 4 points) ခါနန်နယ်မြေသည် မည်သည့်နေရာ တွင်ရှိ သနည်း။

a) in Mesopotamia မေဆိုပိုတေးမီးယားပြည်

b) between the Jordan River and the Mediterranean Sea ဂျော်ဒန်မြစ်နှင့်မြေထဲပင်လယ် ကြား

c) between the Tigris and the Euphrates rivers တိဂရစ်နှင့်ယူဖရေးတီးမြစ်ကြား

Prepared by Polly Strong B.R.E., B.A., M.A.

For Rogma International, Inc. (All Scripture quotations from the KJV of the Bible)

Copyright by Rogma International, Inc. All rights reserved.

---

## Lesson 4

## Section I – Beginnings

### A Breach in Separation, Jacob and His Sons ပြတ်ပြတ်သားသားလမ်းခွဲခြင်း -ယာကုပ်နဲ့သားများ

**Theme**: နေ့စဉ်အသက်တာ သန့်ရှင်းစွာ လျှောက်လှမ်းခြင်းဟာ စင်ကြယ်မှုကိုစောင့်ထိန်းရာမှာ မရှိမဖြစ် အရေးကြီးတယ်။

**Goal**: ကိုယ့်အလိုအတိုင်းလုပ်တတ်တဲ့ အပြစ်ရဲ့အကျိုးဆက်တွေကို ရှောင်ဖို့ ယုံကြည်ခြင်းနဲ့ ဘုရားသခင်နဲ့ အတူ လျှောက် လှမ်းပါ။.

**Summary**: ကမ္ဘာဦးကျမ်းရဲ့နောက်ဆုံး ၁၂ ခန်းဟာ ယာကုပ်(ဣသရေလ) နဲ့ သားတွေ အကြောင်း ဖြစ်တယ်။ ဣဇက်ရဲ့သားငယ် ယာကုပ်ဟာ အဘိုး အာဗြဟံရဲ့ကောင်းကြီးနဲ့ ပဋိညာဉ် တွေကို အဖေ ဣဇက်ကနေတဆင့် ရတယ်။ ဒါက လောကီနဲ့ မရောနှောပဲ ဘုရားအတွက် သန့်ရှင်း ဖို့ လိုတယ်။ ဒါပေမယ့် ယာကုပ်က အမြဲတမ်း သန့်ရှင်း နေတာတော့ မဟုတ်ဘူး။ လူငယ်ဘဝမှာ ဘုရားကို မစောင့်ဘဲ၊ ကိုယ့်အလိုအတိုင်း လိမ်ပြီးတော့ သားဦးအရာ တောင်း တယ်။ ညာပြီးတော့ ကောင်း ကြီး ယူတယ်။ နောက်ပိုင်း ဘုရားထံ လှည့်ပြန်ပေမယ့် အပြစ်ရဲ့အကျိုးဆက်က ခံရသေး တယ်။ ဘုရားအလိုတော်နဲ့အညီ သန့်သန့်ရှင်းရှင်းမနေဘဲ ရွှေ့လျှော့ခဲ့တယ်။ အကျိုးက အကိုက မုန်းတယ်။ ဟာရန် အရပ်ကို ပြေးရတယ်။ ဦးလေးက လှည့် စားပြီး မိန်းမတယောက်မက ယူဖို့ ဆွဲချ တာခံရတယ်။ သူ့သားတွေလည်း အဘိုးအာဗြဟံကိုဘုရားစီမံသလို သီးခြား ရပ်တည်ဖို့ လမ်းမခွဲ တတ်ကြဘူး။ ဂတိတော်ပြည်နဲ့ မတန်တော့ နောက်ဆုံး အီဂျစ်ပြည်မှာ သားမြေးတွေ နှစ်ပေါင်း ၄၀၀ ကျွန် ခံရတယ်။.

**Outline of Genesis 25 to 50**:

Chapters 25-26 ယာကုပ်နဲ့ ဧသော၊ မွေးဖွါးလာကြပုံ၊ ယာကုပ်က အကိုကို လှည့်ဖျား တယ်။ ဣဇက်က ဘုရား အပေါ် သစ္စာတည်နေတယ်။

Chapters 27-28 အပြစ်ကြောင့် မိသားစု ပြိုကွဲရတယ်။ ယာကုပ်က အဖေကို လိမ်တယ်။

Chapters 29-37 ဟာရန်ရောက် ယာကုပ်နဲ့ ခါနန်ပြည် အပြန်ခရီး (ဣသရေလ လို့ နာမည် ပြောင်းခဲ့ပြီ။)

Chapters 38-50 ဘုရားအပေါ် သစ္စာရှိတဲ့ ယောသပ်နဲ့ (သစ္စာမရှိတဲ့ သူ့အကိုများ)

People to know:ကမ္ဘာဦး ၁၂- ၂၇ ထဲမှ လူအမည်များ-

ယာကုပ်နဲ့ ဧသော၊ ဣဇက်နဲ့ ရေဗက္က၊ လာဗန်၊ ရာခေလ၊ လေအာ

ယာကုပ်နဲ့သားများ- ရုဗင်၊ ရှိမောင်၊ လေဝိ၊ ယုဒ၊ ဣသခါ၊ ဂဒ်၊ အာရှာ၊ ဒန်၊ နသလိ၊ ယောသပ်၊ ဗင်ယာမိန် (Genesis 27-37)

ယောသ၊ ပေါတိဖါ၊ မနာရှေ၊ ဧဖရိမ် (Genesis 37-50)

**Places to know:** နေရာများ-

ခါနာန်၊ ဟာရန်၊ ပေနွေလ၊ ဧဒုံ (Genesis 27-37)

ရှေခင်။ ဗေသလ၊ အီဂျစ်၊ ဂေါရှင် (Genesis 37-50)

**Words to know:** ဝေါဟာရများ-

- Bethel (El Bethel) ဗေသလ - ခါနန်ပြည်မကြီးရဲ့တောင်းပိုင်းမြို့ အာပြဟံတည်တဲ့ ယဇ်ပလ္လင် ရှိရာ၊ ဘိုးဘေးတို့ ဘုရားထံ လှည့်ပြန် ဆုတောင်းရာ အရပ်။
- Birthright သားဦးအရာ - မိသားစုရဲ့အကြီးဆုံးသားက အမွေ ၂ ဆ ရပြီး၊ ညီများ ခံစားခွင့် မရှိပါ။ အကိုကြီးက မိသားစု (သို့) လူမျိုးစုရဲ့အကြီးအကဲအဖြစ် စီးပွါးရေးနဲ့ ဘုရားတရားမှာ ဦးဆောင်ရတယ်။ သားဦးအရာက ရောင်းလို့ ရသလို၊ အညာလည်း ခံရတတ်တယ်။ မမှန်ကန်ရင် အပယ်လည်း ခံရတတ်တယ်။
- Famine အစာခေါင်းပါးတဲ့ကပ်ဘေး - မိုးခေါင်လို့ အစားအစာ အကြီးအကျယ် ရှားပါးခြင်း၊ အပြစ်ကြောင့် ဖြစ်တတ်သလို၊ ကောင်းကြီးရုပ်သိမ်းတာ၊ ယုံကြည်ခြင်း စမ်းသပ်တာလည်း ဖြစ်နိုင် တယ်။
- Heritage အမွေ - သားမြေးကို ပေးတဲ့ ပိုင်ဆိုင်မှု၊ ပစ္စည်း၊ အခွင့်အာဏာ
- Heir အမွေခံ- တရားဝင်ခံစားခွင့်ရသူ၊ပစ္စည်း၊အရိုက်အရာ၊ကွယ်လွန်သူကိုယ်စားလုပ်ပိုင်ခွင့်ရသူ။
- Inherit အမွေရတယ်။ - ပစ္စည်း၊ ရာထူး၊ မျိုးရိုးဗီဇ စိတ်ဓါတ်ကို ခံယူရတယ်။
- Incest သွေးနီးလွန်းတယ်။ - ဆွေမျိုးနီးစပ်လွန်းသူများ အိမ်ထောင်ပြု ပေါင်းဖေါ်တယ်။
- Integrity ရိုးသား - ရိုးသား၊ ဖြောင့်မတ်၊ ကိုယ်ကျင့်ကောင်းမွန်၊ မှန်မှန်ကန်ကန် ပြုမူသော
- Madianites (Midianites) မိဒန်လူမျိုး - အာရေဗျကျွန်းဆွယ်မှာ နေထိုင်တဲ့ လူမျိုးတမျိုး၊ အာပြဟံနဲ့ ကေတုရက ဆင်းသက်တယ်။
- Oath ကျိန်ဆိုမှု - ဂတိစကားကို ဘုရားသခင်ရှေ့မှာ ကြေညာ ရွတ်ဆိုတယ်။
- Pharaoh ဖါရော - အီဂျစ်ဘုရင်
- Sancitify စင်ကြယ်စေတယ်။ - ဘုရားသခင်အတွက် ခွဲထားတယ်။ သန့်ရှင်းစေတယ်။ ဆက်ကပ်တယ်။
- Shechem ရှေခင် - - ခါနန်ပြည်အလယ်ပိုင်းရဲ့မြို့ရိုးကာထားတဲ့ မြို့ အာပြဟံ တဲဆောက်ရာ အရပ်၊ အာပြဟံ သားမြေးတွေကို ပြည်တော်ပေးမယ်လို့ ခေါ်ပြတော်မူရာအရပ်။

## Introduction - နိဒါန်း

ဘုရားက အာပြဟံနဲ့ သားဣဇက်ကို ကောင်းကြီးပေးတယ်။ အဲဒီကတဆင့် ယာကုပ်သားတွေ ကောင်းကြီးခံရတယ်။ မိသားစုက ဆိုးလာတဲ့အခါမှာတော့ ဘုရားအကြံအစည်တော်ထဲကနေ လမ်း လွှဲလာကြတယ်။ Genesis chapters 27-50 အခန်းများမှာ မိသားစုရဲ့မယုံကြည်မှု၊ ယိုယွင်းမှု၊လမ်းလွဲမှုနဲ့ ဆုံးရှုံးမှုတွေကိုတွေ့ရတယ်။ ယာကုပ်ရဲ့နောက်ပိုင်း အသက်တာ၊ သူ့သား ယောသပ် တို့အကြောင်းတွေလို တဦးချင်း အောင်မြင်မှု၊ ကောင်းကြီးခံစားရတာတွေလည်း ရှိတယ်။ လှို့ဝှက် ကြံစည်မှု၊ လိမ်ညာမှု၊ လှည့်စားမှုတွေကိုလည်း တွေ့ရတယ်။ ဘုရားက သူ့သားသမီးတွေ စကား ပြောပုံ၊ ပြန်လာဖို့ ခေါ်ဆောင်ပုံ၊ ဖြောင့်မတ်သူ အားကိုးသူကို ဆုလာဒ်ပေးပုံတွေ တွေ့ရတယ်။ မိသားစုထဲက အပြစ်ကို တွေ့ရတယ်။ ဆိုးညစ်တာ၊ ကိုယ့်အကျိုးအတွက် လှို့ဝှက်ကြံစည်တာ၊ မိန်းမအများယူတာ၊ လူ့အထင်နဲ့ ရုပ်တုလုပ်ပြီး၊ ဘုရားထံက မျက်နှာသာရဖို့ ကြိုးစားတာတွေဟာ ဣသရေလသမိုင်း တလျှောက်လုံးမှာ ဆူးလို ညှိတွယ်လာခဲ့တယ်။

## THE LESSON -4

### I. JACOB AND ESAU, EARLY LIFEယာကုပ်နဲ့ဧသောငယ်ဘဝ(Genesis 25, 26)

#### A. Their birth.(မွေးဖွါးလာကြပုံ။)

ယာကုပ်နဲ့ ဧသောဟာ မြုံနေတဲ့ ရေဗက္ကမှာ ဂတိတော်အတိုင်း မွေးဖွါးလာတဲ့ သားတွေ ဖြစ်တယ်။ အမွှာဖြစ်ပြီး ဧသောကသားဦးပါ။ဒါပေမယ့် ဘုရားက အမွေခံအဖြစ် ယာကုပ်ကို အစားထိုးခဲ့တယ်။ How or Why ဘာကြောင့်၊ ဘယ်လိုလုပ်ရတယ်ဆိုတာရှင်းမပြပါဘူး။ကမ္ဘာမတည်ခင်ကတည်း က ထားခဲ့တဲ့ ဘုရားအကြံကို လူကအပြည့်အဝ နားမလည်နိုင်ဘူး။ Predestination and the free will ရှေးမဆွက ကြိုတင်ခွဲခန့်ခြင်းနဲ့ လူ့လွတ်လပ်ခွင့်ဟာ လူ့ဉာဏ်နဲ့ စဉ်းစားတဲ့အခါ စိတ်ရှုပ် စရာပါ။ ဒါပေမယ့် နှစ်ခုလုံး မှန်တယ်။ ဘုရားအကြံတော်ထဲမှာ တစိတ်တပိုင်းစီ ပါနေတယ်။ လူက လိုက်မမှီနိုင်ဘူး။

#### B. Jacob schemed and bought the birthright from Esau.- ယာကုပ်က လှည့်စားပြီး ဧသောရဲ့ သားဦးအရာကို ဝယ်တယ်။

ဧသောက မုဆိုး၊ အဖေက ချစ်တယ်။ ယာကုပ်က အိမ်မှာနေတယ်။ အမေ ချစ်တယ်။ ယာကုပ်က ဘုရားသူ့အတွက် စီစဉ်ထားပြီးတဲ့အရာကို လိမ်ညာ လှည့်စားရယူတယ်။ တနေ့တော့ ဧသော အမဲ လိုက်ကအပြန် ဆွဲဆောင်မှုရှိတဲ့ ဟင်းလေးတခွက်နဲ့ သားဦးအရာ ရောင်းဖို့ တောင်းဆိုတယ်။ အာပြဟံကိုပေးခဲ့တဲ့ဂတိတော်နဲ့ပဋိညာဉ်တွေ ထက် ကိုယ်ခန္ဓာတောင့်တမှုကအားကြီးလွန်းခဲ့တယ်။သားဦးအရာကို ပဲဟင်း တခွက်နဲ့ ရောင်းလိုက်တယ်။ (Genesis 25:27-34) ဘုရားပေးတဲ့ အရိုက် အရာကိုမရှိသေဘူး။ အသွေးအသား တပ်မက်မှုများလို့ ခပ်ပေါ့ပေါ့ ရောင်းလိုက်တယ်။ နှစ်ယောက် လုံးဘုရားအလိုကို ဆန့်ကျင်ကြတယ်။ ယုံကြည်ခြင်းမရှိကြဘူး။ ဘုရားကို မရှိသေကြဘူး။ ခါးသီး တဲ့ အကျိုးဆက်တွေ ပြန်ရိတ်ကြရတယ်။

C. **Isaac, their father, continued faithful to God. -** ဣဇာက်က ဘုရားအပေါ် သစ္စာ တည်နေတယ်။

ယာကုပ်နဲ့ ဧသောမွေးပြီးနောက်အစာငတ်မွတ်တဲ့ဘေးကြုံတယ်။ဒါပေမယ့်ဣဇာက်က ဘုရား ပေးတဲ့ ခါနန်ပြည်ကို မစွန့်ခွါတော့ဘူး။စားဝတ်နေရေးအတွက်ဘုရားကိုပဲအားကိုးတော့တယ်။ ဘုရားက အာဗြဟံကိုပေးတဲ့ ကောင်းကြီးပဋိညာဉ်ကို အတည်ပြုပေးတယ်။(Genesis 26:3-6) သူဟာ ဖိလိတ္တိဘုရင် အဘိမလက်အုပ်စိုးတဲ့ ဂေရပြည်နားမှာ နေရတယ်။ အဖေ အာဗြဟံလိုပဲ မိန်းမနဲ့ ပါတ်သက်ပြီး ညာရပြန်တယ်။ဂတိတော်အမျိုးကို ဘုရားကကာကွယ်ရတယ်။(Genesis 26:6-11) ဂေရပြည်သားတွေကရေတွင်းတွေ ဖို့ပစ်ပြီး ဣဇာက်ကို အနှောက်အယှက် ပေးကြတယ်။ ဣဇာက်သည်းခံပြီး ရှောင်တယ်။ရေတွင်းအသစ်တွေ ထပ်တူးတယ်။ ဘုရားက အားပေးတယ်။"ငါသည် သင်၏အဘ အာဗြဟံ၏ဘုရားဖြစ်၏။ မစိုးရိမ်နှင့်၊ ငါသည်သင့်ဖက်မှာရှိ၏။ ငါသည် ကောင်းကြီးပေးမည်။ငါ၏ကျွန်အာဗြဟံအတွက် သင်၏အမျိုးအနွယ်ကို ငါများပြားစေမည်။" (Genesis 26:24) ဣဇာက်က ယဇ်ပလ္လင်တည်ပြီး ထာဝရဘုရားကို ဆုတောင်းတယ်။ အဘိမလက်ရဲ့လူတွေ လာပြီး ) ဣဇာက်နဲ့အတူ ဘုရားသခင် ရှိတာကို မြင်တော့ ငြိမ်းချမ်းရေး စာချုပ်ချုပ်တယ်။ (Genesis 26:26-33) ဣဇာက်ရဲ့လူတွေက ရေတွင်းအသစ် တူးကြတယ်။ ရေတွေ့တော့ "ဗေရရှေဘ" လို့ အမည်ပေးတယ်။ အဲဒီအရပ်မှာ နေတယ်။ ဣဇာက်သား ဧသောကတော့ ဟိတ္တိအမျိုးသမီးတွေကို ယူတယ်။ ဣဇာက်နဲ့ ရေဗက္က စိတ်ဆင်းရဲရတယ်။ (Genesis 26:34,35)

II. **SIN DIVIDES A FAMILY. JACOB TRICKS HIS BROTHER AND DECEIVES HIS FATHER** အပြစ်ကြောင့် မိသားစု စိတ်ဝမ်းကွဲရတယ်။ ယာကုပ်က အကိုနဲ့ အဖေကို လှည့်စားတယ်။ **(Genesis 27-31)**

**A. Jacob stole the family blessing by lying to his father** ယာကုပ်က အဖေကို ညာပြီး ကောင်းကြီးမင်္ဂလာကို ခိုးယူတယ်။ **(Genesis 27)**

မိသားစုထဲမှာ မရိုးမသား လိမ်ညာမှုတွေ ဆက်ဖြစ်လာတယ်။ အဖေ ဣဇာက်ကို လိမ်ဖို့ ယာကုပ်ကို အမေ ရေဗက္ကက အားပေးနေတယ်။ အဘအာဗြဟံကို ပေးတဲ့ ကောင်းကြီး အရယူခိုင်းတယ်။ (Genesis 27:1- 46) အမေက သားကို ဆိတ်မွေးနဲ့ လက်ကိုပတ်ပြီး ဧသော လက်၊ အနံ့အဖြစ် ညာဖို့ အဖေထံ လွှတ်တယ်။ ဣဇာက်က မျက်စိမမြင်တော့ဘူး။ ဧသောလားလို့ ယာကုပ်ကို မေးတယ်။ဟုတ်တယ်လို့ စိတ်ပါလက်ပါညာတယ်။ အညာခံရတဲ့ ဧသောဟာ စိတ်ပေါက်ကွဲ ပြီး သတ်ဖို့ ကြိုးစားလာတယ်။ ယာကုပ် အိမ်က ထွက်ပြေးရတယ်။

**B. Jacob's flight to Haran** ယာကုပ် ဟာရန်သို့ ထွက်ပြေးရတယ်။ **(Genesis 28:1-10)**

ယာကုပ်၊ဧသောနဲ့ ရေဗက္ကတို့ရဲ့အပြစ်ဟာခါးသည်းမှုတွေ၊ မုန်းတီးမှုတွေနဲ့ မိသားစု စိတ်ဝမ်းကွဲရတယ်။ဧသော သတ်မှာမို လို့ ယာကုပ် ပြေးမှရမယ်ဆိုတာ ဣဇာက်သိတယ်။ ဣဇာက်ဝမ်းနည်းသွားတယ်။ သားကို ကောင်းကြီးပေးပြီး လွှတ်လိုက် တယ်။ (Genesis 28:1-5)ဒီနေရာမှာ ဣဇာက်က သူ့အဖေအာဗြဟံနဲ့ကွာတယ်။ ဧသောက မိဘမကြိုက်တဲ့ ခါနန် အမျိုး သမီးကို ယူတယ်။ (Genesis 28:6-9) မိဘစိတ်နဲ့မတွေ့တော့ အဆက်အသွယ်လည်း ပြတ်ရတယ်။ ရေဗက္ကဟာ လိမ် ညာလှည့်စားလို့ သားနှစ်ယောက်လုံး ဆုံးရတယ်။

**C. God met Jacob at Bethel -** ဘုရားသခင်က ယာကုပ်ကို ဗေသလအရပ်မှာ တွေ့တော်မူ တယ်။ **(Genesis 28:10-22).**

ယာကုပ်က ဗေသလမှာ ခဏနားတယ်။ အာဖြဟံယဇ်ပလ္လင်တည်တဲ့နေရာ ဖြစ်တယ်။ ကောင်းကင် လှေကားမှာ ကောင်း ကင်တမန်တွေ ဆင်းလိုက်တက်လိုက် လုပ်နေတဲ့ ရူပါရုံနဲ့ ဘုရားက စကား ပြောတယ်။ အာဖြဟံ၊ ဣဇက်တို့နဲ့ ပြုတဲ့ ပဋိညာဉ်ကို ယာကုပ်မှာ အတည်ပြုတယ်။ ပြည် တော်၊ ကောင်းကြီးဝေမျှသူ၊ ဘုရားအတူရှိသူ စတဲ့ အကျိုးရတယ်။ ယာကုပ် ကြောက်တယ်။ ဘုရား သခင်ကို သူသိပေမယ့် သူကဘုရားအပေါ်သစ္စာမရှိခဲ့ဘူး။ဘုရားရဲ့ဖြောင့်မတ်ခြင်း၊ တရားစီရင်ခြင်း တွေကို သူကြောက်တယ်။ ကျောက်တိုင် စိုက်ထူပြီး ဗေသလ လို့ အမည်ပေးတယ်။ (El Bethel) ဗေသလအရပ်ရဲ့ဘုရားသခင်လို့ ဆိုလိုတယ်။ ဘုရားအတူပါရှိပြီး၊ မစမယ်။ ဒီအရပ်ကို ပြန်လာခွင့် ပေးရင် ဘုရားသခင် ကို ကိုးကွယ်မယ်လို့ ဂတိထားတယ်။ (Genesis 28:20,21)

**D. Jacob in Haran -** ဟာရန်ရောက် ယာကုပ် **(Genesis 29-30)**

ဦးရီး လာဗန်ရဲ့အိမ်ကို ရောက်တယ်။ သမီးရာခေလကို လက်ထပ်ခွင့် တောင်းတယ်။ ဦးရီးက လှည့် စားပြီး လေအာနဲ့ ပေးစားတယ်။ ရာခေလအတွက် နောက်ထပ် ၇ နှစ် ကျွန်ခံရတယ်။ ရာခေလနဲ့ လေအာကြားမှာ သားအရေးအတွက် ကြောင့် မနာလိုကြ ရန်ဖြစ်ကြတယ်။ သူတို့ကျွန်မတွေ (ဗိလ ဟာနဲ့ ဇိလပ) နဲ့ သားသမီးယူဖို့ တောင်ဆိုကြတယ်။ ယာကုပ်ဟာ ဟာရန်မှာ သား ၁၁ ယောက်ရ တယ်။ လာဗန်က သမီးတွေကိစ္စ၊ သိုးနွားကိစ္စတွေမှာ ယာကုပ်ကို လှည့် စားတယ်။ ယာကုပ်သား တွေဟာ မနာလို၊ ရန်ဖြစ်၊ လှည့်စား၊ အိမ်ထောင်ရေး သစ္စာမဲ့မှုတွေကြားမှာ ကြီးပြင်း ခဲ့ရ တယ်။ ဒီ အဖြစ်အပျက်တွေရဲ့အကျိုးဆက်ကို ဓမ္မဟောင်း ကျသရေလ သမိုင်းတလျှောက်လုံး တွေ့ရတယ်။

E. ဆင်ခြင်စရာများ-

1. လိမ်တာညာတာက ဒေင်မှာ အပြစ်ပြုကတည်းက စတယ်။ လိမ်ညာတာကို အာဒံရဲ့သားဦး ကာဣနနဲ့ ဣဇက်သား ယာကုပ်မှာ တွေ့ရတယ်။ ဘာလို့လိမ်ညာကြသလဲ? အပြစ်ကို ဖုံးကွယ်ချင် လို့ပါ။ လိမ်တာဟာ မကောင်းပါဘူး မှ သာရဲ့အဖ စာတန်ထံက လာတာဖြစ်တယ်။ (John 8:44) သင်လည်း လိမ်ညာတတ်သလား? ဘာကြောင့်လိမ်ဖို့ ကြိုးစား သလဲ?
2. ယာကုပ်ဟာ မိန်းမ နှစ်ယောက်ယူတဲ့အခါ တလင်တမယားစနစ်ကို ချမှတ်တဲ့ ဘုရားအလို တော်ကနေ လွဲလာ တယ်။ (Genesis 2:23-25) ဒီအပြစ်ကြောင့် မနာလိုရာက ရန်ဖြစ်၊ မယား ငယ် တွေ ထပ်ယူတဲ့အထိ ဖြစ်လာတ ယ်။ အပြစ်တခုကနေ တခြားတခု ထပ်လုပ်လည်း အလိုလို မပြေဘူး။ ပိုဆိုးလာတာပဲရှိတယ်။ ယာကုပ်ရဲ့အပြစ်က သားတွေ ဘဝမှာ ထပ်ထပ်ဖြစ်လာတယ်။ယာကုပ် ဝမ်းနည်းစရာဖြစ်တယ်။သင်လည်းအပြစ်တခုကနေနောက်တခု ထပ်များ တာ မျိုး ဖြစ်ဖူးသလား?

## III. **JACOB RETURNED TO CANAAN**ယာကုပ်ခါနန်ပြည်ပြန်လာပြီ။**(Genesis 31-37)**

**A. God told Jacob to return to the land of his fathers -** ဘိုးဘေးတို့ ဂတိတော်ခံရာ ပြည်တော်ကို ပြန်ဖို့ ယာကုပ်ကို ဘုရားသခင် မိန့်တော်မူတယ်။ မိန်းမတွေကလည်း သဘော တူတယ်။ဒါပေမယ့် လာဗန်စိတ်ဆိုးပြီး ခါနန် ပြည်စွန်း မိဇပါအရပ်အထိ လိုက်လာတယ်။ အဲဒီ မှာ သဘောတူညီချက်ထားပြီး အမှတ်တရ ကျောက်တိုင်စိုက်တယ်။ ပြီးမှ လမ်းခွဲကြတယ်။

**B. God met with Jacob at Peniel -** ဘုရားသခင်က ယာကုပ်ကို ပေနွေလအရပ်မှာ တွေ့တယ်။ **(Genesis 32:1-32)**

ဧသောကို ကြောက်တဲ့အတွက် ယာကုပ်ဟာ ဘုရားသခင်ထံမှ လမ်းပြခြင်း၊ ကွယ်ကာခြင်းနဲ့ တန်ခိုးတော် လိုအပ်တာကို ရိပ်မိလာတယ်။ တယောက်တည်း ဘုရားနဲ့အချိန်ယူဖို့ လိုလာတယ်။ ယာကုပ်ဟာတညလုံး ဘုရားနဲ့နပမ်းလုံးခဲ့ရတယ်။ ဘုရားမပါရင်မဖြစ်ဖူးဆိုတဲ့သဘောနဲ့ အတင်းဆွဲခဲ့တယ်။ သူ့စိတ်တောင့်တမှုက ထင်ရှားနေတယ်။ ဘုရားက ယာကုပ်ရဲ့ယုံကြည် ခြင်းကို ဂုဏ်ပြုတဲ့အနေနဲ့ (လူလိမ်)ယာကုပ်ကနေ (ဘုရားအတူပါတဲ့ မင်း) ဣသရေလ လို့ နာမည်ပြောင်း ပေးလိုက်တယ်။ ယာကုပ်က မိသားစု၊ သိုးနွားနဲ့ အစေခံတွေကို အနေအထား စီစဉ်ပြီး ဧသောကို ရင်ဆိုင်ခဲ့တယ်။ ငြိမ်း ငြိမ်းချမ်းချမ်းပဲ နှုတ်ဆက်ကြပြီး တယောက်နဲ့ တယောက်ခွင့်လွှတ် ကြတယ်။ လမ်းခွဲတဲ့အခါ ဧသောကဒေ့ဲကို ပြန်ပြီး၊ ယာကုပ်ကခါနန်ပြည် ကို ပြန်ခဲ့တယ်။ (Genesis 33:1-17)

**C. Jacob's sons shamed him at Shechem -** သားတွေက ယာကုပ်ကို ရှေခင်အရပ်မှာ အရှက်ရစေတယ်။ **(Genesis 34)**

ဟိဝိအမျိုး ရှေခင်မင်းသားက လေအာ့သမီး ဒိနကို ယူတယ်။ ပြီးမှအကိုတွေထံမှာ လက်ထပ်ခွင့် တောင်းတယ်။ (ဘုရား အတွက်သီးခြားနေတဲ့ အမှတ်အသား)အရေဖျားလှီးမှပေးစားမယ်လို့ ဆိုကြတယ်။သူတို့သဘောတူတယ်။ဂတိအတိုင်း လိုက်နာတဲ့ ဟိဝိလူတွေကို ရှိမောင်နဲ့လေဝိညီအကိုကသတ်ပစ်ကြတယ်။သားတွေရဲ့လုပ်ရပ်အတွက်ယာကုပ်ဝမ်းနည်း တယ်။ သူစိုးရိမ်တဲ့ ပေရဇိလူ၊ ခါနနိလူတွေကြားမှာ ဣသရေလလူမျိုး နာမည်ပျက်ရပြီ။ (Genesis 34:1-31)

**D. God told Jacob to return to Bethel and build an altar to worship Him -** ဘုရားသခင်က ယာကုပ် အိမ်ပြန်ပြီး ဗေသလအရပ်မှာ ယဇ်ပလ္လင်တည်ကာ ကိုးကွယ်ဝတ်ပြုဖို့ မိန့်တော်မူတယ်။

အပြန်လမ်းမှာ ရာခေလက အဖေရဲ့teraphims (ဘိုးဘွားရုပ်တု) တေရရုပ်တုကို ခိုးတယ်။ (Genesis 31:19-35). ခါနန်ပြည်ဝင်ကာနီးမှာ ယာကုပ်ရဲမိသားစုတွေ ဟာရန်က ခိုးယူ လာတဲ့ ရုပ်တုတွေကို ပယ်ရှားကြဖို့ စိတ်နှလုံးကို ပြင်ဆင်ဖို့ ဘုရားသခင် မိန့်တော်မူတယ်။ (Genesis 35:1-5)

ဒီနေရာမှာ မှတ်သားစရာတချက် ရှိတယ်။ အာဗြဟံကို ပဋိညာဉ်ပြုရခြင်း သားမြေးတွေကို ပြည်တော် အမွေပေးရခြင်းရဲ့အဓိကအကြောင်းရင်းက ဘုရားသခင်အတွက် သီးခြားရပ် တည်ဖို့ ဖြစ်တယ်။ ဘုရားသခင်က သန့်ရှင်းတယ်။ တခြား ဘုရားတွေနဲ့ ရောပြီး အကိုးကွယ် မခံနိုင်ဘူး။

ခါနန်ပြည် ရောက်တော့ဘုရားသခင်ကယာကုပ်ကိုထင်ရှားပြန်ပြီးလူမျိုးကြီးနဲ့ပြည်တော်ဂတိကို ထပ်မံ အတည်ပြုတော်မူ တယ်။ (Genesis 35:6-15) (ဗက်လင်) ဖေရတ်မြို့နားမှာ ရာခေလက ဒုတိယသား ဗင်္ယာမိန်ကို မွေးတယ်။ မီးဖွါးရင်း သေဆုံးလို့ အဲဒီအရပ်မှာ သင်္ဂြိုဟ်တယ်။ (Genesis 35:16-20) ဗက်လင်နဲ့ ဟေဗြုန်ကြားမှာ ယာကုပ် အခြေချတယ်။ ဒီကာလအတွင်းရုဗင်က ယာကုပ် ရဲ့မယားငယ်၊ရာခေလရဲ့ကျွန်မ ဗလဟာနဲ့ အိပ်တယ်။(Genesis 35:21-22) နောက်တော့ ဒီအပြစ် အတွက် စီရင်ခံရတယ်။ ယာကုပ်က အဖေဣဇာက်ရှိရာ (ဟေဗြုန်) မံရေတောကို ရောက်လာတယ်။ ဣဇာက်က အသက် ၁၈၀ မှာ သေတယ်။ သားယာကုပ်နဲ့ ဧသောတို့က မံရေမှာ သင်္ဂြိုဟ်ကြတယ်။ (Genesis 35:27-29)

**E. Jacob and Esau's descendants.-** ယာကုပ်နဲ့ဧသောရဲ့သားမြေးများ

ယာကုပ်က သား ၁၂ ယောက်ရှိတယ်။ (Genesis 35:23-26).

လေအာသား- ရုဗင်၊ ရှိမောင်၊ လေဝိ၊ ယုဒ၊ ဣသခါ၊ ဇာဗုလန်။

ဇိလပသား- ဂဒ်၊ အာရှာ။

ဗိလဟာသား- ဒန်၊ နသလိ။

ရာခေလသား- ယောသပ်၊ ဗယ်္ာမိန်။

ဒီသားတွေနဲ့ ယောသပ်သားတွေ (ဖေရိမ်နဲ့ မနာရှေ) ဟာဣသရေလအမျိုးရဲ့အဖတွေဖြစ် လာတယ်။ (နာမည်တွေကို စာမေးပွဲအတွက် ကျက်ပေးပါ။)

ဧသောက ခါနနိအမျိုးသမီးတွေနဲ့ အိမ်ထောင်ကျပြီး၊ ဧဒုံအမျိုးရဲ့အဖ ဖြစ်လာတယ်။ (Genesis 36:1-43).

**F. Things to Think About:** ဆင်ခြင်စရာများ-

လိမ်ညာလှည့်စားခြင်းရဲ့အဖိုးအခနဲ့ နောင်တရ လှည့်ပြန်ခြင်းအတွက် ဆုလာဒ်

1. ရေဗက္ကာ သားတယောက်အပေါ်မှာ ပိုခဲ့ပြီး လိမ်ညာခိုင်းတဲ့အတွက် ဘာကို ပေးဆပ် လိုက်ရ သလဲ? ချစ်တဲ့သားက အိမ်ပြေးဖြစ်ရပြီး၊ ဘယ်တော့မှ မတွေ့ရတော့ဘူး။ ကျန်တဲ့သားက လှည့်မကြည့်တော့ဘူး။
2. ယာကုပ်က အကိုနဲ့ အဖေကို လိမ်ညာလှည့်စားတဲ့အတွက် ဘာပေးဆပ်ရသလဲ? အကိုက မုန်းတယ်။ မိသားစုနဲ့ နှစ်ပေါင်းများစွာ ဝေးရတယ်။ ဦးရီးကလှည့်စားတယ်။ မကြင်နာဘူး။ သူ့ မိသားစုလည်း မနာလိုစိတ်၊ ရန်လိုစိတ်၊ ဘုရား မဲ့စိတ်တွေနဲ့ နေထိုင်ကြတယ်။ ဘုရားကောင်းကြီးကိုသိတဲ့ အဖိုးလို မဟုတ်ကြဘူး။ သင်လည်း မျက်နှာလိုက်တာ၊ လှည့်စားတာ၊ ကောက်ကျစ်တာ၊ အတ္တကြီးတာတွေ ရှိသလား? အဖိုးအခလည်း ပေးနေရသလား?
3. ယာကုပ်က ဘုရားထံလှည့်ပြန်မယ်ဆိုတဲ့အခါ ဘာတွေ ဖြစ်လာသလဲ? ဘုန်းတော် မထင်ရှား တဲ့အရပ်မှာ မနေတော့ဘူး။ ဘိုးဘေးလို ဘုန်းတော် ထင်ရှားမယ့် အရပ်ကို ပြန်လာတယ်။ ဘုရားထံမှဉာဏ်ပညာနဲ့ ကွယ်ကာမှုကို ရှာ တယ်။ ကိုယ်တော်မပါရင် သွားလို့မရဘူးဆိုတဲ့သဘောနဲ့ တညလုံး နပမ်းလုံးတယ်။ စစ်မှန်တဲ့ဘုရားထံ လှည့်ပြန်ဖို့ တခြားဘုရားတွေကို စွန့်ပယ်ပြီး ကိုယ် နဲ့တကွ မိသားစုကို ပြင်ဆင်တယ်၊ သန့် ရှင်းစေတယ်။ သင်လည်း ဘုရားထံ လှည့်ပြန်တဲ့ အတွေ့အကြုံရှိသလား? ဘာတွေ စွန့်ရသလဲ? ဘာတွေရသလဲ?ဘုရားသခင်နဲ့ မသင့်တော်တာတွေမှာ ပါဝင်ပတ်သက် နေသလား? ဘုရားမနေစေချင်တဲ့ နေရာမှာ နေသလား? နောင်တရဖို့ လှည့်ပြန်ဖို့ လိုနေသလား?

## IV. JOSEPH, A FAITHFUL SERVANT OF GOD (AND HIS UNFAITHFUL BROTHERS)

ဘုရားအပေါ်သစ္စာရှိတဲ့ ယောသပ်နဲ့ သစ္စာမရှိတဲ့ အကိုများ **(Genesis 37-50)**

A. **At home, Joseph was loved by his father, but hated by his brothers. -** အိမ်မှာတော့ အဖေက ယောသပ်ကို ချစ်တယ်။ အကိုတွေက မုန်းတယ်။ သူက အကိုတွေ မကောင်း တာ လုပ်ရင် မပါတဲ့ ရိုးသားဖြောင့်မတ်တဲ့ လူငယ်ဖြစ်တယ်။ (Genesis 37:1-4) သူက အိပ် မက်နှစ်ခု မက်တယ်။ ပထမအိပ်မက်မှာ လယ်ပြင်မှာ ကောက်လှိုင်း စီးနေတယ်။ သူ့ကောက်လှိုင်းက အကို တွေရဲ့ကောက်လှိုင်းတွေရှေ့မှာ ရပ်တယ်။ အကိုတွေရဲ့ ကောက်လှိုင်းတွေက ဦးညွှတ်ရတယ်။ဒုတိယအိပ်မက်က ကြယ်၁၁ လုံး၊ နေနဲ့ လကသူ့ကို ဦးညွှတ်ရတယ်။

(Genesis 37:5-11) ဒီအိပ်မက် တွေက နောင်မှာ သူဟာ မိသားစုကို အုပ်စိုးရမယ်လို့ ဟောနေတယ်။ အကိုတွေ ပို မုန်းလာတယ်။

**B. At Shechem Joseph was again rejected by his brothers -** ရှေခင်အရပ်မှာ ယောသပ် ကို အကိုတွေ စွန့်ပစ်ကြတယ်။

ယာကုပ်က ယောသပ်ကို ရှေခင်အရပ်မှာ သိုးကျောင်းနေတဲ့ အကိုတွေထံ စေလွှတ်တယ်။ သူ့ကို မြင်တော့ အကိုတွေ က သတ်ချင်တယ်။ရုဗင်ကမသတ်စေချင်တော့ ရေတွင်းပျက်ထဲမှာချထားတယ်။ ပြီးမှ မိဒန်ကုန်သည်တွေထံ ရောင်းလို က် လို့ အီဂျစ်ပြည်ကိုခေါ်သွားခံရတယ်။သူ့အကျီကို အသွေးမှာနှစ်ပြီး အဖေ့ရှေ့မှာ ညာပြကာ သားရဲကိုက်လို့သေပြီလို့ ယုံ အောင်လုပ်ကြတယ်။ ယာကုပ်ဟာ ယောသပ်အတွက် အကြီးအကျယ် စိတ်ကြေကွဲရတယ်။ (Genesis 37:12-36)

**C. In Egypt, Joseph was again mistreated, but then exalted -** ယောသပ်ဟာ အီဂျစ်ပြည် မှာ ညှဉ်းဆဲမှုတွေ ခံစားရပြီးမှ ကောင်းစားလာတယ်။ **(Genesis 39-50)**

1. ပေါတိဖါအိမ်မှာ ကျွန်ခံရတယ်။ သူ့သခင်နဲ့ ဘုရားသခင်အပေါ် သစ္စာရှိတယ်။ အလုပ် ကြိုးစားတော့ လေးစားခံရ စု ချီးမြင့်ခံရတယ်။ ဘုရားအတူပါတာကို လူတွေ မြင်ရတယ်။ ပေါတိဖါရဲ့မိန်းမက အတူအိပ်ဖို့ မြူဆွယ်တယ်။ ဘုရားကို မပြစ်မှားဘူး။ မဖေါက်ပြန်ဘူး။ ထွက်ပြေးလိုက် တယ်။ သူ့ကို စွပ်စွဲလို့ မတရားပြစ်ဒဏ်ခံရတယ်။ (Genesis 39:1-20).
2. ထောင်ထဲမှာ ယောသပ်က တခြားသူတွေအပေါ် သစ္စာရှိရှိ အလုပ်လုပ်တယ်။ ဘုရား သခင် ပညာပေးလို့ဘုရင့် စားတော်ဝန်နဲ့ ဖလားတော်ဝန်ရဲ့အိပ်မက်တွေကိုအနက်ပြန်နိုင် တယ်။ ဒါနဲ့ နောက်ပိုင်းမှာ ဖါရောဘုရင်ရှေ့ရော က်ရ တယ်။ (Genesis 39:21- 23; 40:1-23)
3. ဖါရောမင်းရဲ့နန်းတော်မှာ ယောသပ် ချီးမြှောက်ခံရတယ်။ (Genesis 41:1-46) ဖလား တော်ဝန်က ယောသပ် ကို သတိရပြီး ဘုရင်ကိုညွှန်းတယ်။ ယောသပ်ကဘုရင့်အိပ်မက်ကို အနက်ပြန်ရတယ်။ နာမည်တွေ၊ ရာထူးတွေ လိုချင်လို့ မဟုတ်ဘူး။ ဘုရားဘုန်းတော် ကိုသာ ရှာတယ်။ "ကျွန်တော်သည် အလိုအလျောက် မတတ်နိုင်ပါ။ ဘုရားသခင်သည် မင်္ဂလာအဖြေ စကားကို ဖါရောဘုရင်အား ပေးတော်မူပါစေသော။" (Genesis 41:16) ကော င်းစားတဲ့ ၇ နှစ်နောက်မှာ အငတ်ဘေး ၇နှစ်ကြုံမယ်လို့ အနက်ပြန်တော့ နိုင်ငံတော်အုပ်ရာထူးရတယ်။ သူကရိုး သားတော့ တိုင်းပြည်လည်း ချမ်း သာလာတယ်။ ဘုရားကောင်းကြီးအဖြစ် မယားနဲ့သားနှစ်ယောက်(မနာရှေနဲ့ ဧဖရိမ်)ရတယ်။ (Genesis 41:47-57)
4. မိသားစုနဲ့ ပြန်ပေါင်းဆုံရတဲ့အခါ ယောသပ်မှာဒေါသ၊ ရန်ငြိုးလက်စားချေတာတွေ မရှိဘဲ သစ္စာနဲ့ ပြုစုတယ်။ တခြားသူတွေလိုပဲ ယာကုပ်သား ၁၀ ယောက် အစားအစာ လာဝယ် တယ်။ လက်စားမချေဘူး။ ဒုက္ခမပေးဘူး။ သူ မှတ်မိပေမယ့် အကိုတွေက မမှတ်မိဘူး။ အကိုတွေရဲ့စိတ်ကို စမ်းကြည့်တယ်။ ဘုရားအမြင်နဲ့ ကိုယ့်ကိုကိုယ် မြင်လာ စေတယ်။ ရှိမောင်ကိုချုန်ပြီး အကို ၉ ယောက်ကို ပြန်စေတယ်။ ညီအငယ်ဆုံးကို ခေါ်လာရမယ်လို့ မှာ တယ်။ (Genesis 42:1-38) အရင်က လုပ်ခဲ့တာတွေအတွက် guilt အပြစ်ရှိတယ် လို့ခံစားမိပြီး ပြန်ကြတယ်။ Guilt အပြစ်အတွက် စိတ် မကောင်းဖြစ်တာက နောင်တရဲ့ရှေ့ပြေးပဲ။ အငတ်ဘေးက ဆက်နေဆဲ။ အတော် ကြာမှ ယာကုပ်က သားဗင်္ယာမိန်ကို အကိုတွေနဲ့ အီဂျစ်ပြည်လိုက်ဖို့ ထည့်တယ်။ ယောသပ်က သူတို့ကို ထပ်ပြီး စိတ်စမ်း တယ်။ ပြီးမှ အကြီးအကျယ်စိတ် လှုပ်ရှားစွာနဲ့ သူ့အဖြစ်မှန်ကို ဖေါ်ပြတယ်။ အကိုတွေကို သူ့မေတ္တာ

နဲ့ခွင့်လွှတ်ခြင်းကိုစိတ်ချစေတယ်။အားလုံးကိုကယ်ဖို့ ဘုရားက သူ့ကို အီဂျစ်ပြည်ကို လွှတ်တာလို့ ဆိုတယ်။ (Genesis 43,44,45)

5. ယောသပ်က အီဂျစ်ပြည်ကို လိုက်လာဖို့ အဖေ့ထံ စကားပါးတယ်။ယာကုပ်ဟာဘုရားသခင်ထံကခွင့်ပြုချက်နဲ့ ခါနန်ပြည် က ထွက်လာခဲ့တယ်။ သူနဲ့သူ့မိသားစု အယောက် ၇၀ လောက်ဟာ ဂေါရှင် အရပ်ကို ရောက်ကြတယ်။ (Genesis 46) ယာကုပ် အီဂျစ်ပြည်မှာ ၁၇ နှစ်အသက်ရှင်ပြီး သားတွေ ကို ကောင်းကြီးပေးတယ်။ (Genesis 47-49) သူသေတော့ သူတောင်းဆိုတဲ့အတိုင်း ယောသပ်နဲ့ ညီအကိုတွေက ခါနန်ပြည်ကို သယ်ပြီး၊ မံရေတော အာဗြဟံနဲ့ စာရာသေားမှာ သင်္ဂြိုဟ်တယ်။ ယာကုပ်သေတော့ ယောသပ်ကို အကိုတွေကကြောက်ကြတယ်။ သူဘုရားမဟုတ်ဘူး။ အပြစ်မပေးနိုင် ဘူး လို့ စိတ်ချမှုပေးတယ်။ အားပေးနှစ်သိမ့်ရင်း လိုတာတွေ ဖြည့်စွမ်းပေးတယ်။ သူ့ကို မယုံတဲ့အတွက် စိတ်မကောင်း ဖြစ်ရတယ်။ (Genesis 50:15-21) ယာကုပ်သေချိန်မှာ ဣသရေလ လူမျိုးတွေကို ဘုရားသခင်က အာဗြဟံ၊ ဣဇာက်၊ ယာကုပ်တို့ကို ပေးတဲ့ ခါနန်ပြည်ကို ပြန်ပို့ပေးမယ်လို့ ယောသပ်ကအားပေးတယ်။သူ့အရိုးတွေကိုအတူ ပြန်သယ်ပေးဖို့ သစ္စာဆိုခိုင်းတယ်။ ယောသပ် အသက် ၁၁၀ မှာ သေပြီး၊ သူ့အလောင်းကို အီဂျစ်ပြည်မှာ ခေါင်းတလားနဲ့ ထားတယ်။ (Genesis 50:22-26) (ထွက်မြောက်ရာကာလမှာသူ့အရိုးတွေကိုပြန်သယ်ပေးကြတယ်။)ယာကုပ်သားတွေ ခါနန်ပြည် မှာ နိုင်ငံတည်ဖို့ အသင့်မဖြစ်သေးတာကို ဘုရားသခင် သိတယ်။ ဒါကြောင့် ဂတိတော်ပြည်ကို ပြန်မယ့် စိတ်နှလုံးကို အီဂျစ်ပြည်မှာ ပြင်ပေးတယ်။ (ထွက်မြောက်ရာ- ယောရှု)

**D. Things to Think About:**ဆင်ခြင်စရာများ -

1. ယောသပ်ဟာ သူ့ရဲ့ရိုးသားမှုနဲ့ ယုံကြည်ခြင်းကို ဘယ်လိုလက်တွေ့ပြခဲ့သလဲ? အကို တွေရဲ့မကောင်းမှုတွေမှာ မပါခဲ့ဘူး။ (ကိုယ့်မိသားစုနဲ့ အရာရှိတွေက) သူ့ကို ဒုက္ခပေး၊ ငြင်းပယ်၊ နင်ထုတ် ကြပေမယ့် စိတ်ဓါတ်ခါးသည်း မသွားဘူး။ လက်စားမချေဘူး။ အလုပ် ကြိုးစားတယ်။ ဘုရားကို ကိုးကွယ်တယ်။ လူကို အားမကိုးဘူး။ သူတပါးကို ကူညီဖို့ ရှာ ကြံတယ်။ ရာထူးမြင့်လာပေမယ့် ကိုယ့်ဂုဏ်ကို မရှာဘူး။ ဘုရားဘုန်းတော် ထင်ရှားစေတယ်။ သူ့အပေါ် မကောင်းခဲ့သူတွေကို နာကြည်းစိတ် မထားဘူး။ ခွင့်လွှတ်တယ်။ ကူညီ တယ်။ဘုရားစကားကို နားလည်တယ်။ ပညာ ရှိတယ်။သင်မှာယောသပ်နဲ့တူတဲ့ စိတ်ထားတွေ ရှိသလား?
2. ယောသပ်အကိုတွေရဲ့စိတ်သဘောနဲ့အပြုအမူတွေကဘာတွေလဲ? ယောသပ်ကိုမနာလို၊ ရန်ရှာချင်ကြတော့ ဒုက္ခပေးချင်ခဲ့ကြတယ်။ကြောက်စရာကောင်းသလို၊ မဟုတ်တာလုပ်တော့ အပြစ်တင်ချင်ကြတယ်။ သူတို့စိတ်က အပြစ်ကြောင့် မာကြောနေတော့ အဖေဒုက္ခ ရောက်ရတယ်။ သင်ဟာ ယောသပ်အကိုတွေနဲ့ တူနေသလား? ဘယ်အချက် တွေမှာ တူနေသလဲ? ခွင့်လွှတ်ဖို့ ဆုတောင်းရင်း စိတ်နှလုံးနဲ့ အသက်တာကို ပြင်နိုင်ပါတယ်။

**V. THE REWARDS OF INTEGRITY-** ရိုးသားမှုအတွက်ဆုလာဒ်များ

ယောသပ်ဟာသစ္စာရှိလို့ကောင်းကြီးခံစားရတယ်။ အီဂျစ်ပြည်မှာရာထူးကြီးကြီးရတယ်။ကိုယ့်မိသားစုကိုကူညီနိုင်တယ်။ အကောင်းဆုံးကတော့ အာဗြဟံ၊ ဣဇာက်၊ ယာကုပ်တို့ကို ပေးတဲ့ ဂတိ တော်တွေနဲ့ ဘုရားရဲ့သက်သေခံချက်တွေကို စောင့်ရှောက်နိုင်ခဲ့တယ်။

**VI. PICTURES OF CHRIST-** ခရစ်တော်ကို ပုံဆောင်မှုများ

A. ယောသပ်ဟာ ခရစ်တော်ကို ပုံဆောင်တယ်။ တူညီနေတဲ့အချက်တွေက -

1. အဖေသိပ်ချစ်တဲ့သား
2. အကိုတွေက မုန်းကြတယ်။
3. ညီအကိုတွေအပေါ် အုပ်စိုးသူအဖြစ်မှ ငြင်းပယ်ခံရကြ။
4. လျှို့ဝှက်ကြံစည်ခံရပြီး၊ ရောင်းစားခံရတယ်။
5. အပြစ်ကင်းပေမယ့် အပြစ်ပေးခံရတယ်။
6. နှ ိမ့်ချရာက ဘုရားတန်ခိုးတော်ကြောင့် ချီးမြှောက်ခြင်းခံရတယ်။
7. တခြားသူတွေကို ကယ်တဲ့သူဖြစ်ရတယ်။

B. ခရစ်တော်အကြောင်း ကျမ်းဦးကျမ်းထဲက တခြားသောပုံဆောင်မှုများနဲ့ ပရောဖက်ပြု ကြိုတင်ဟောပြောမှုများ-

1. အာဒံဟာ ဖန်ဆင်းခြင်းမှာ အဦးဖြစ်တဲ့အတွက် ခရစ်တော်ကို ပုံဆောင်တယ်။ ဘုရားသားအဖြစ် ဒုတိယမွေးတဲ့ Born Again အသစ်သောဖန်ဆင်းခြင်းမှာ အဦးဖြစ်လို့ ခရစ်တော်ကို ဒုတိယအာဒံ လို့ ခေါ်တယ်။ (Romans 5:14) လူလောကထဲကို အပြစ်ကင်းစွာနဲ့ ဘုရားတန်ခိုးတော်နဲ့ ဝင်လာသူ နှစ်ယောက်ဖြစ်တယ်။
2. အာဗေလက ခရစ်တော်ကို ပုံဆောင်တယ်။ အသွေးနဲ့ ပူဇော်ကြလို့ဖြစ်တယ်။ (Genesis 4, Hebrews 9:12, 11:4) ညီအကိုချင်းတွေရဲ့သတ်ခြင်းကို ခံရကြတယ်။
3. မေလခိဇေဒက် (ဖြောင့်မတ်ခြင်းမင်း)ဟာ ခရစ်တော်ကိုပုံဆောင်တယ်။ (Hebrews 7:1-3)ရှာလင်(ငြိမ်သက်ခြင်း) မင်းလို့လည်း ခေါ်တယ်။ အမြင့်ဆုံးသော ဘုရားသခင်ရဲ့ယဇ်ပရော ဟိတ်အဖြစ် မုန့်နဲ့ စပျစ်ရည်ကို ယူလာတယ်။ (Genesis 14:18-20) မေလခိဇေဒက် ဘယ်သူလဲဆိုတာ အတိအကျ ပြောရခက်တယ်။ တချို့က ခရစ်တော် ထင်ရှား တာ (Theophany) လို့ ဆိုတယ်။ တချို့က အဲဒီခေတ်က ရှင်ဘုရင်- ယဇ်ပရောဟိတ်တပါးလို့ ဆိုတယ်။ ခရစ်တော်က ရှင်ဘုရင်- ယဇ်ပရောဟိတ် ဖြစ်တယ်။ အုပ်စိုးတယ်။ အပြစ်ဖြေပေးတယ်။
4. တခြားအရာတွေကလည်း ခရစ်တော်ကို ပုံဆောင်တယ်။ အသွေးနဲ့ယဇ်ပူဇော်တာက အပြစ် အတွက် ခရစ်တော်က ပေးဆပ်တာကို ပုံဆောင်တယ်။ နောဧသင်္ဘောက ဘုရားတန်ခိုးနဲ့ ကယ်တင်ခြင်းကို ပုံဆောင်တယ်။

C. ခရစ်တော် ဖွါးမြင်မယ့်အကြောင်း နောက်ထပ်ကြိုတင်ဟောတာကို ကမ္ဘာ ၄၉း ၁၀ မှာတွေ့ရ တယ်။ ယာကုပ်က ခရစ်တော်ဟာ ယုဒအမျိုးကနေ ဖွါးမြင်မယ်လို့ ဆိုတယ်။

ခရစ်တော်အကြောင်း ပရောဖက်ပြုချက်တွေက general to specific အကြမ်းပြင်း ပြောရာကနေ အသေးစိတ်လာတယ်။ ကျမ်းစာစောင်တိုင်းက ပိုပြီး မြင်သာလာစေတယ်။

1. Genesis 3:15 မိန်းမအမျိုးအနွယ်
2. Genesis 4:25 ရှေသအနွယ်
3. Genesis 9:26,27 ရှေမအနွယ်
4. Genesis 12:3 အာဗြဟံအမျိုး
5. Genesis 21:12 ဣဇက်အမျိုး
6. Genesis 28:14 ယာကုပ်အမျိုး
7. Genesis 49:10 ယုဒအမျိုး

**Exam – Lesson 4**

Name ________________________________________________

Address________________________________________________

Multiple choice (Circle only one letter as the correct answer unless otherwise indicated. When so indicated you may use your Bible, but we trust you not to look up the answers in the lesson.)

1.What are the last twelve chapters of Genesis about? (value 3 points)
ကမ္ဘာဦးကျမ်း၏နောက်ဆုံးအခန်း ကြီး ၁၂-ခန်းကား အဘယ်နည်း။

a) Abraham, Isaac, and Jacob အာဗြဟံ၊ ဇေက်၊ ယာကုပ်အကြောင်း

b) the organization of the nation of Israel အစ္စရေးနိုင်ငံအကြောင်း

c) Jacob (Israel) and his twelve sons ယာကုပ်နှင့်သူ၏သား ၁၂-ယောက်အကြောင်း

2.Which statement is true about Jacob and Esau? (value 3 points) အောက်ပါတို့ အနက် ယာကုပ်နှင့် ဧသော အကြောင်း မှန်ကန်စွာဖေါ်ပြထားသည့်အချက်ကို ရွေးချယ်ပါ။

a) Jacob was born first and entitled to the birthright. ယာကုပ်သည် အရင်ဦးဆုံးမွေး သဖြင့် သားဦး အရာ ရသည်။

b) They were twins, but Esau was born first. သူတို့ သည် အမွှာညီအကိုဖြစ်ပြီး ဧသော ကို အရင်မွေးသည်။

c) Jacob was a sheepherder and Esau worked with tools and gardening. ယာကုပ်သည် သိုးကျောင်း သား ဖြစ်ပြီး ဧသောသည် စူးဆောက်လက်နက်နှင့်ဥယျာဉ်ပြုစုသူဖြစ်သည်။

3.What foolish things did Esau do? (value 3 points) မည်သို့ သော မိုက်မှားသည့် အလုပ်ကို ဧသောလုပ်ဆောင်သနည်း။

a) He sold his birthright and lost his blessing. သားဦးအရာကိုရောင်းစားသောကြောင့် ကောင်းကြီးဆုံရှုံးသည်၊

b) He put poison in his brother's food. သူ့ ညီ၏အစာတွင် အဆိပ်ခတ်ခဲ့သည်။

c) He continually schemed to find ways to kill his brother. သူ့ ညီကိုသတ်ဖို့ အခွင့်ကို အမြဲရှာဖွေနေသည်။

4.What happened to Jacob at Bethel? (value 3 points)
ဗေသလအရပ်တွင် ယာကုပ် ဘာဖြစ်ခဲ့သနည်း။

a) God gave him a new covenant of blessing. ဘုရားရှင်က သူ့ အားကောင်းကြီး မင်္ဂလာ ပဋိညာဉ်အသစ်ကို ပေးခဲ့သည်၊

b) Jacob gave himself totally to God. ယာကုပ်သည် ဘုရားရှင်အား ဆက်ကပ်အပ်နှံခဲ့ သည်။

c) God renewed the covenant given to Abraham and Isaac. ဘုရားရှင်က အာဗြဟံ နှင့် ဇေက်အား ပြုခဲ့သော ပဋိညာဉ်ကို ထပ်မံအတည်ပြုသည်။

5.What happened to Jacob in Haran? (value 3 points) ဟာရံအရပ်တွင် ယာကုပ် ဘာဖြစ်ခဲ့သနည်း။

a) Jacob bore 12 sons in Haran. ဟာရံအရပ်တွင် ယာကုပ်သည် သား၁၂-ယောက်ကို ဖွါးမြင်ခဲ့သည်။

b) Laban gave Rachel to Jacob, then Leah, Bilhah, and Zilpah. လာဘံသည် ယာကုပ်အား ရာခေလ၊ လီယာ၊ ဘိလဟာ၊ ဇိလဖ တို့ ကိုပေးခဲ့သည်။

c) Laban deceived Jacob in marriage contracts and with their herds. လာဘံသည် ယာကုပ်အား အိမ်ထောင်ချခြင်းသဘောတူညီချက်၊ တိရစ္ဆာန်ခွဲဝေခြင်းသဘောတူညီချက်ကို လိမ်ညာလှည့်ဖြားခဲ့သည်။

6.What happened to Jacob at Peniel? (Genesis 32,33) (value 3 points) ပေနွေလ အရပ်တွင် ယာကုပ် ဘာဖြစ်ခဲ့သနည်း။

a) He refused to meet Esau. သူ ဧသောကိုတွေ့ ရန်ငြင်းဆန်ခဲ့သည်။

b) God changed his name to Hebrew. ဘုရားရှင်က သူ၏နာမည်အား ဟေဗြဲဘာသာ သို့ ပြောင်းခဲ့သည်။

c) Jacob clung to God with a changed heart. ယာကုပ်သည် ပြောင်းလဲသောအသက် တာနှင့် ဘုရားရှင်အား ချဉ်းကပ်ခဲ့သည်။

7.What happened at Shechem? (value 3 points) ရှေခင်အရပ်၌ ဘာဖြစ်ခဲ့သနည်း။

a) A man of Midian slept with Dina, the daughter of Leah. မိရိယန်လူသည် လီယာ၏ သမီးနှင့် အတူအိပ်ခဲ့ သည်။

b) Simeon and Levi, Dina's brothers, tricked, shamed, and killed the men of Shechem. ဒီနာ၏အကို ဆီမီယွန်နှင့်လေဝိတို့ သည် ရှေခင် အရပ်သား ရှာမက်ကိုလှည့်ဖြားပြီး သတ်ခဲ့သည်။

c) Jacob approved Dina's marriage and his sons' deeds. ယာကုပ်သည် သူ့ သား၏ အလို ဆန္ဒနှင့် ဒိနာ၏ အိမ်ထောင်ပြုခြင်းကို သဘောတူခဲ့သည်။

8.Why did Jacob ask his family to get rid of all their gods when they returned to Bethel? (value 3 points) ယာကုပ်မိသားစု ဗေသလသို့ ပြန်လာသည့်အခါ အဘယ့်ကြောင့် သူတို့ ၏ဘုရားများကို စွန့် ပစ်ဖို့ ယာကုပ်က ပြော သနည်း။

a) because the gods belonged to the land of Haran, not to Canaan ထိုဘုရားများ သည် ခါနန်ပြည် အပိုင် မဟုတ်ပဲ ဟာရန်အပိုင်ဖြစ်သောကြောင့်

b) because God wanted them to worship Him alone ဘုရားရှင်က သူတပါးတည်း ကိုသာ ကိုးကွယ်စေလို သောကြောင့်

c) because Jacob was afraid and ashamed of the gods his family had brought with them ယာကုပ်မိသားစုသည် သူတို့ ယူလာခဲ့သော ဘုရားများအတွက် ရှက်ရွံ့ ထိတ်လန့် သောကြောင့်

9.Which son of Jacob was born in Canaan? (value 3 points) ယာကုပ်၏ မည်သည့် သားသည် ခါနန်ပြည်တွင်မွေးသနည်း။

a) Joseph ယောသပ်

b) Benjamin ဘင်ဂျမင်

c) Manasseh မနာရှေ

10.What were the attitudes of Jacob and his sons toward Joseph? (value 3 points) ယာကုပ်နှင့် သူ၏သားများက ယောသပ်နှင့်ပတ်သက်သော သဘောထားကား အဘယ်နည်း။

a) Jacob loved all his sons equally and they loved each other. ယာကုပ်သည် သူ့ သားအားလုံးကို ညီတူညီမျှ ချစ်ပြီး၊ ညီအကိုများကလည်း အချင်းချင်းချစ်ကြသည်။

b) Some of Joseph's brothers hated him, but the others accepted him because his father loved him. ယောသပ်ကို သူ့ ဖခင်ကချစ်သော်လည်း ညီအစ်ကိုအချို့ က သူ့ ကို မုန်းကြပြီး အချို့ ကသူ့ ကိုချစ်ကြသည်၊

c) Jacob loved Joseph, but his brothers hated him. ယာကုပ်က ယောသပ်ကိုချစ် သော် လည်း သူ၏ညီအကို များကမုန်းကြသည်။

11.What did Joseph see in one of his dreams? (value 3 points) ယောသပ်၏အိမ်မက်များအနက် တခုကားအဘယ်နည်း။

a) twelve sheaves of grain bowing down to the moon and stars ကောက်လှိုင်းစည်း ၁၂-စည်းက ကြယ်နှင့် လများကဦးညွှတ်ကြသည်၊

b) eleven sheaves of grain bowing to him ကောက်လှိုင်းစည်း ၁၁-စည်းကသူ့ ကို ဦးညွှတ်ကြသည်

c) twelve sheaves of grain standing upright in a field under the moon and stars ကောက်လှိုင်းစည်း ၁၂-စည်းက လနှင့်ကြယ်တို့ အောက် ကွင်းပြင်ထဲတွင်မတ်မတ်ထောင်လျှက် ရှိသည်၊

12.What did Joseph's brothers do? (value 3 points) ယောသပ်၏ညီအကိုများက ဘာ လုပ်ခဲ့ကြသနည်း။

a) They sent Joseph home to his father. သူ့ ဖခင်ရှိရာအိမ်သို့ ပို့ ခဲ့သည်၊

b) They murdered him. သူ့ ကိုသတ်လိုက်သည်၊

c) They told their father that Joseph had been killed by a wild beast. သူ့ ကို သားရဲ တကောင်က သတ် လိုက်သည်ဟု သူတို့ ဖခင်ကိုပြောလိုက်ကြသည်၊

13.Why did God bless Joseph with wisdom, position, possessions and a family? (value 3 points) ဘုရားရှင်သည် အဘယ်ကြောင့် ယောသပ်အား ညာဏ်ပညာ၊ ရာထူး၊ စည်းစိမ် ချမ်းသာနှင့်မိသားစုကို ကောင်းကြီး ပေးခဲ့ သနည်း။

a) because he had worked hard and served other people အလုပ်ကြိုးစားပြီး သူတပါး ကို ကူညီသောကြောင့်

b) it was a reward for all the hard things that had happened to him ထိုအရာသည်သူခံခဲ့ရသော ခက်ခဲမှု များ အတွက် ဆုလာဘ်ဖြစ်သည်၊

c) because He was faithful to God and served Him ဘုရားရှင်အားသစ္စာရှိစွာနာခံလိုက်လျှောက်သောကြောင့်

14.How did Joseph show his faith before his brothers in Egypt? (value 3 points) ယောသပ်သည်အီဂျစ်ပြည်၌ သူ၏အကိုများရှေ့ တွင်သူ၏ယုံကြည်ခြင်းကိုမည်ကဲ့သို့ ပြခဲ့သနည်း။

a) He punished them for their wicked deeds. သူတို့ ၏ကောက်ကျစ်သောကြံစီမှု အတွက် အပြစ်ပေးခဲ့သည်၊

b) He rejected them and refused to have fellowship with would-be murderers. လူသတ်သမား ဖြစ်လာမည့် သူများနှင့် မိဿဟာယဖွဲ့ ရန် လက်မခံဘဲငြင်းပယ်ခဲ့သည်၊

c) He loved them, helped them, forgave them. သူတို့ အား ချစ်ခင်မှု၊ကူညီမှု၊ ခွင့်လွှတ် မှုပေးခဲ့သည်၊

15.What were the names of Joseph's two sons? (value 3 points) ယောသပ်သား ၂-ယောက်၏နာမည်ကား အဘယ်နည်း။

a) Naphtali and Benjamin နတ်ဖ်သာလိ၊ဘင်ဂျမင်

b) Nadab and Abihu နာဒတ်၊အဘိဟု

c) Ephraim and Manasseh ဖေရိမ်၊မနာရှေ

16.What did Jacob do before he died? (value 3 points) ယာကုပ်သည် သူမသေခင် ဘာ လုပ်ခဲ့သနည်း။

a) He returned to Canaan, the Promised Land. ကတိတော်ပြည် ခါနန်သို့ ပြန်လာခဲ့သည်၊

b) He blessed Joseph, but not his other sons. အခြားသားများကို ကောင်းကြီးမပေးဘဲ ယောသပ်ကိုသာ ကောင်းကြီးပေးခဲ့သည်၊

c) He blessed his sons and asked them to bury him with his fathers in the cave of Mamre in Canaan. သူ၏သားများကိုကောင်းကြီးပေးပြီး ခါနန်ပြည်ရှိ မံရေဂူသင်္ချိုင်းတွင် သူ့ အလောင်းအား မြှုပ်နှံဖို့

မှာခဲ့သည်၊

17.What did Joseph ask after Jacob (Israel) died? (value 3 points) ယာကုပ်သေပြီး နောက် ယောသပ်က ဘာပြောခဲ့သနည်း။

a) Joseph asked his brothers not to hate him any more. ယောသပ်က သူ၏အကိုများ အား သူ့ ကိုထပ်ပြ ပီး မမုန်းတော့ဖို့ ပြောခဲ့သည်၊

b) Joseph asked that his bones be buried in the Promised Land, showing his faith in return. ယောသပ်က သူ၏ယုံကြည်ခြင်းကိုပြရန် သူ့ အရိုးများအား ကတိတော်ပြည်တွင် မြှုပ်နှံ ရန်ပြောခဲ့သည်၊

c) Joseph asked his brothers to build cities in Egypt. ယောသပ်က သူ၏အကိုများအား အီဂျစ်ပြည်တွင် မြို့ တည်ရန်ပြောခဲ့သည်၊

18. What or who was Melchizedek a picture of? (value 3 points) မေလခိဇေဒက်၏ ပုံဆောင်ချက်ကား အဘယ်နည်း။

a) Abraham အာဗြဟံ

b) Jerusalem ယေရုရှလင်

c) Christ ခရစ်တော်

19.Match the following names with the statements that describe them. (value 32 points) အောက်ပါတို့ ကို မှန်ကန်စွာ ယှဉ်တွဲပါ။

______ father of Rachel and Leah ရာခေလနှင့်လီယာ၏ဖခင် — a) Jacob and Esau

______ sons who shamed Jacob ယာကုပ်ကို အရှက်ရစေသောသားများ — b) Rachel

______ name God gave to Jacob ယာကုပ်ကို ဘုရားရှင်ပေးသောနာမည် — c) Potiphar

______ sons of Isaac and Rebecca ရိဗက်ခါနှက်က္ကဇက်တို့ ၏သား — d) Laban

______ died in childbirth ကလေးမွေးစဉ်သေဆုံးခဲ့သူ — e) Reuben

______ lied to his father and tricked his brother အဖေကိုညာပြီး အစ်ကိုများကို လှည့်ဖြားခဲ့သူ — f) Israel

______ did not want to shed his brother’s blood သူ့ ညီ၏အသွေးကို မြေသို့ မကျစေချင်ခဲ့သူ — g) Jacob

______ man for whom Joseph worked in Egypt — h) Simeon and Levi

အီဂျစ်ပြည်တွင် ယောသပ်အလုပ်လုပ်ပေးခဲ့သောပုဂ္ဂိုလ်

20.Matching. Put the correct letters for each phrase on the line next to the place where these things happened to Joseph. (value 9 points) အောက်ပါ ကွက်လပ်တို့ တွင် ယောသပ်၌ဖြစ်ပျက်ခဲ့သည်များအနက် မှန်ကန်သော စာသားများနှင့် နေရာကို ယှဉ်တွဲပါ။

a) He was falsely accused and cast into prison. သူသည်မတရားစွပ်စွဲခံရပြီး ထောင် ထဲပို့ ခံရသည်
b) He interpreted the dreams of the butler and baker. သူသည်စားတော်မှူးနှင့် ဖလားတော်မှူးတို့ ၏ အိမ်မက်ကို အနက်ပြန်ပေးခဲ့သည်
c) He revealed himself to his brothers သူ့ အကိုများအား သူမည်သူဖြစ်ကြောင်း ထုတ် ဖော်ပြသည်
d) He spoke these words: "It is not in me. God shall give . . . an answer of peace." သူက "ကျွန်ုပ် မဟုတ်ပါ၊ဘုရားရှင်သာ ငြိမ်သက်ခြင်းအဖြေကို ပေးပါမည်" ဟု ပြောခဲ့သည်

_______ in Potiphar's house ပေါတိဖါအိမ်

_______ in prison အကျဉ်းထောင်

_______ before Pharaoh ဖါရောဘုရင်ရှေ့ တော်

Fill in the blank space. အောက်ပါတို့ ကို မှန်ကန်စွာကွက်လပ်ဖြည့်ပါ။

21. The blood sacrifices in the Old Testament show _______________ payment for sin (value 5 points) ဓမ္မဟောင်းကျမ်းတွင် အသွေးဖြင့် ပူဇော်ခြင်းသည်အပြစ်၏အခကို (                    ) ပေးဆပ်ခြင်းဖြစ်သည်။

Exploring God's Word

A Survey of the Old and New Testaments

Prepared by Polly Strong B.R.E., B.A., M.A.

For Rogma International, Inc. (All Scripture quotations from the KJV of the Bible)

Copyright by Rogma International, Inc. All rights reserved.

---

## Lesson 5

## Introduction to Section II BELONGING(ပိုင်ဆိုင်ခြင်း)

## Formation of the Nation of Israel (Exodus and Leviticus)

ဣသရေလနိုင်ငံ တည်ထောင်ခြင်း

Belonging ဆိုတာ သက်ဆိုင်မှု၊ တော်စပ်မှုပါ။ လူတိုင်းဟာ တယောက်မဟုတ် တယောက်နဲ့ သက် ဆိုင်တယ်။ အမျိုးအနွယ်၊ နိုင်ငံ၊ နိုင်ငံသား၊ အသင်းဝင် စတာတွေဟာ လူ့အဖွဲ့အစည်းရဲ့အခြေခံ အုတ်မြစ်တွေပါ။ ဒီဆက်နွယ်မှုတွေက လူ့ဘဝပါပဲ။ ဖန်ဆင်းထားတော့ လူဟာ ဘုရားနဲ့ သက်ဆိုင် တယ်။ ဒါပေမယ့် အပြစ်ကြောင့် အဆက်အသွယ်ပြတ်ပြီး စာတန်အောက် ရောက်သွားတယ်။ လူတိုင်းဟာ စာတန်အောက်မှာ မွေးလာတယ်။ သေပြစ် ခံထိုက်နေတယ်။ (John 3:17; Romans 3:23)လွတ်မြောက်ဖို့ ဘုရားက ဂရုဏာတော်နဲ့ လမ်းပြင်ဆင်ပေးတယ်။ ဘုရားသားအဖြစ် ပြန် လည်မွေးဖွါးစေတယ်။ ဒီလိုဖြစ်လာအောင် သမိုင်းတလျောက် ပြင်ဆင်ပေးတာကို ဓမ္မဟောင်း ကျမ်းတလျှောက် တွေ့ရတယ်။

အခုဒီအခန်းမှာ အာဗြဟံကို ပေးတဲ့ဂတိတော်အတိုင်း ဣသရေလနိုင်ငံ တည်ထောင်တာကို ပြောပါမယ်။ သူတို့ကို လူမျိုးတော်အဖြစ် ရွေးကောက်တာဟာ- နာမတော်ကို ယူဆောင်ဖို့၊ဘုရားစကား စောင့်ထိန်းဖို့၊ မေရှိယ ကြွလာမှာကို ပြင်ဆင်စောင့်မြော်ဖို့ ဖြစ်တယ်။

ထွက်မြောက်ရာနဲ့ ဝတ်ပြုရာကျမ်းဟာ လူမျိုးတော်အဖြစ် နိုင်ငံတခု အစပြုတာကို ဖေါ်ပြတယ်။ အာဗြဟံကို ဂတိပေးတဲ့အတိုင်း ခါနန်ပြည်ထဲကို ခေါ်ဆောင်ပြီး ကောင်းကြီးမင်္ဂလာကို ဆက်ခံစေ တယ်။ ကျွန်ခံရာ အီဂျစ်ပြည်ကနေ ခေါ်ထုတ်ပြီး မျက်မြင်ရ သားသမီးအဖြစ် စုစည်းစေတယ်။ ဘုရားသခင်ကသူတို့ရဲ့ဘုရင်ဖြစ်တယ်။ လိုက်လျောက်စရာပညတ်တော်တွေကိုပေးပြီး သူတို့နဲ့ အတူနေဖို့ တဲတော်ဆောက်ခိုင်းတယ်။ ဘုရားသခင်နဲ့ တန်ခိုးတော်အတွက် လက်တွေ့သက်သေ ပြဖို့ ဣသရေလနိုင်ငံကို တည်ထောင်တယ်။ စာတန်လက်ထဲကနေ ဘုရားသားဖြစ်ခွင့် ပေးတယ်။ သီးခြားနေခြင်း၊ သန့်ရှင်းခြင်း (Exodus 19:5,6; 29:45,46) ဆိုတဲ့ ပညတ်တွေ လိုက်နာရတယ်။ "ငါသည် သင်တို့၏ဘုရားသခင်ထာဝရဘုရားဖြစ်၏။ ငါသည်သန့်ရှင်းသောကြောင့် သင်တို့သည်လည်းကိုယ်ကိုကိုယ် သန့်ရှင်းစေ၍သန့်ရှင်းခြင်းရှိရကြမည်။" (Leviticus 11:44,45; 19:1-4; 20:26)

<u>လူမျိုးတော်အဖြစ် နိုင်ငံတည်ထောင်တယ်။</u>

ထင်ရှားတော်မူတယ်။

အနားကို ခေါ်တော်မူတယ်။

အသွေးအားဖြင့် ရွေးနုတ်ကယ်တင်တယ်။
အီဂျစ်ပြည်မှ သီးခြားခွဲထား သန့်ရှင်းစေတယ်။
မေတ္တာတော်ဖြင့် ကွယ်ကာ လမ်းပြတယ်။
ပညတ်တော်အားဖြင့် နိုင်ငံတော်ကို မြင်စေတယ်။
ပဋိညာဉ်ပြုတော်မူတယ်။
ပုန်ကန်တဲ့အခါ ဆုံးမတော်မူတယ်။
တဲတော်ဆောက်စေတယ်။
ဘုန်းတော်ရောင်ခြည်အားဖြင့် အတူနေထိုင်တယ်။
ဝတ်ပြုကိုးကွယ်နည်းကို ပြဋ္ဌာန်းပြီး
အတူလုပ်ဆောင်တတ်ဖို့ သွန်သင်တော်မူတယ်။

<u>ထွက်မြောက်ရာနဲ့ ဝတ်ပြုရာကျမ်းထဲက အဓိက ဖြစ်ရပ်များ</u>

- မောရှေ မွေးဖွါးခြင်းနဲ့ သူ့ကို ဘုရားခေါ်တော်မူခြင်း
- အီဂျစ်ပြည်မှ ရွေးနုတ်တော်မူတယ်။
- သိနာတောမှာ စောင့်ရှောက်တော်မူတယ်။
- ပဋိညာဉ်နဲ့ ပညတ်တော်တွေကို ပေးတယ်။
- ဣသရေလလူမျိုးက ပုန်ကန်တယ်။ ရုပ်တုကိုးကွယ်တယ်။
- တဲတော်တည်ဆောက်တယ်။
- ဘုရားသခင်က လူမျိုးတော်ထံမှာ ကျိန်းဝပ်တယ်။
- အာရုန်နဲ့ ယဇ်ပရောဟိတ်တွေကို သွန်သင်တော်မူတယ်။
- ယဇ်ပူဇော်ခြင်း၊ ပေးလှူပူဇော်ခြင်း၊ ပွဲတော်များ၊ ပညတ်များ

Dates: ဣသရေလလူမျိုး အဲဂုတ္တုပြည်မှာ - 1800- 1400 B.C
မောရှေနဲ့ ထွက်မြောက်ရာကာလ 1400 B.C (အနှစ် ၄၀ ခန့်)

ထွက်မြောက်ရာနဲ့ ဝတ်ပြုရာကျမ်းထဲက ဩဝါဒတွေဟာ ဓမ္မဟောင်းကျမ်းရဲ့စံနှုန်းတွေ ဖြစ်တယ်။ သိနာတောင်မှာ မောရှေကိုပေးတဲ့ ပညတ်တော်ဟာ သခင်ခရစ်တော်ရဲ့ဓမ္မသစ်ကာလ ပဋိညာဉ် တရားသစ် မရောက်မချင်း ဣသရေလလူမျိုးကို အုပ်စိုးပါတယ်။ ဒီဩဝါဒတွေဟာ ဒီနေ့ခေတ် ယုံ ကြည်သူအတွက်လည်း လိုက်နာစရာဖြစ်နေဆဲပါ။မိသားစု၊ ဆွေမျိုးစု၊လူမျိုး၊တိုင်းပြည်နဲ့ အုပ်စုတွေ အတွက် ဘယ်လိုဆက်နွယ်၊ တော်စပ်သလဲဆိုတာကို သိမှတာဝန်သိမယ်။ ဘုရားသခင်နဲ့ ဘယ်လို တော်စပ်သလဲဆိုတာ သိမှ၊ ဘုရားနဲ့ မိတ်ဆွေဖွဲ့တတ်မယ်။ ဘုရားသခင်နဲ့ တော်စပ်ပုံကိုသိပြီး ပညတ်တော်ကို နာခံရင်း တာဝန်ကျေဖို့ သင်ယူပါ။

Exploring God's Word

A Survey of the Old and New Testaments

Prepared by Polly Strong B.R.E., B.A., M.A.

For Rogma International, Inc. (All Scripture quotations from the KJV of the Bible)

Copyright by Rogma International, Inc. All rights reserved.

---

## Lesson 5

## Section II – Belonging

## Redemption and the Law – Formation of the Nation of Israel

-ရွေးနုတ်ခြင်းနဲ့ ပညတ်တော် - ဣသရေလနိုင်ငံ တည်ထောင်ခြင်း

**Theme**: ဘုရားပညတ်တော်ကိုနာခံခြင်းဟာနာမတော်ကိုယူဆောင်ရာမှာမရှိမဖြစ်လိုတယ်။

**Goal**: ဘုရားသားသမီးအဖြစ် နာမတော်အောက်မှာ အသက်ရှင်ပါ။

**Summary**: ဘုရားကို သိပြီး အားကိုးမယ့် ဣသရေလနိုင်ငံ တည်ထောင်ပုံကိုတွေ့ရတယ်။ အီဂျစ်ပြည်မှာငြီး တွား ငိုကြွေးသံကို ကြားတယ်။ ကယ်တင်ခဲ့တယ်။ စကြဝဠာကို ပိုင်သအုပ်စိုးသူအဖြစ် တန်ခိုးတော်ကို ပြသတော်မူတာ တွေက ......

- မိဒျန်ပြည်ကို ထွက်ပြေးလာတဲ့ မောရှေကို ပေါရအရပ်မှာ ...
- ဖါရောမင်း၊ အီဂျစ်ပြည်သားနဲ့ ဣသရေလလူမျိုးတွေကို ဘေးဒဏ် ၁၀ မျိုးနဲ့
- ဣသရေလလူမျိုးကို ပင်လယ်နီနဲ့ သိနာတောမှာ ....

မှန်သောဘုရား တဆူတည်းဖြစ်တယ်။ တခြားဘုရား မရှိကြောင်း ထပ်ထပ် မိန့်တော်မူတယ်။ "ငါသည် ထာဝရဘုရားဖြစ် ၏။" "ငါသည် သင်တို့၏ ဘုရားသခင် ထာဝရဘုရားဖြစ်ကြောင်း" လို့ မိန်တော်မူတယ်။ (Exodus 6:6,7; 7:5,17; 10:2; 11:7; 14:4) အီဂျစ်ပြည်မှ ကယ်တင်ပြီး၊ သိနာတောင် ဟောရေအရပ်ကို ပို့ဆောင်တယ်။ လမ်းတလျှောက် ကွယ်ကာစောင်မတယ်။ ပဋိညာဉ် ပြုတယ်။ ဖြောင့်မတ်၊ သန့်ရှင်း၊ တရားတော်မူကြောင်း ပြတော်မူတယ်။ ဣသရေလ လူမျိုးကလည်း ပဋိညာဉ်တရားကို လက်ခံခြင်းဖြင့် ဘုရားသခင်နဲ့ ဘုရင်ဖြစ်ကြောင်း ဝန်ခံကြတယ်။ နာခံကြတယ်။ နာခံဖို့ ဘုရားက သွန်သင်သလို၊ နာခံရင် ကောင်းကြီးမင်္ဂလာ၊ မနာခံရင် ကျိန်ခြင်းအမင်္ဂလာကို ပညတ်ထားတယ်။

**Outline: Exodus 1-34**

Chapters 1,2 မောရှေ မွေးဖွါးခြင်း၊ မိဒျန်ပြည်သို့ ထွက်ပြေးခြင်း။

Chapters 3,4 မောရှေကို ခေါ်ပြီး၊ လူမျိုးတော်ကို ကယ်ဖို့ အီဂျစ်ပြည်ကို ပြန်စေတယ်။

Chapters 5-11 ဘေးဒဏ်ကြီး ၁၀ ခု။

Chapters 12,13 ပသခါပွဲစတင်ကျင်းပ၊အီဂျစ်သားဦးများသေ၊ ထွက်ခွာလာခဲ့ကြ။

Chapters 14-15 ပင်လယ်နီဖြတ်ခြင်း၊ သိနာတောင်ခရီး။

Chapters 16-18 ကွယ်ကာမစမှုများ၊ မာရအရပ်မှ ရေ၊ မန္နမုန့်၊ ကျောက်ထဲမှ ရေ၊ ရေဖိဒိန်အရပ် အာမလက်လူတို့ကို အောင်နိုင်ခြင်း၊ ယေရခေါ်ကို လေ့လာခြင်း။

Chapters 18-31 သိနာတောင် ပဋိညာဉ်၊ ပညတ်တော် ၁၀ ပါး၊ ပညတ်တော်များ၊ တဲတော် ဆောက်ဖို့ လမ်းညွှန်ချက်များ။

Chapters 31-33 နွားသူငယ်ရုပ်တု လုပ်ဆောင်ခြင်း။

**People to know:** လူအမည်များ **(Exodus 1-34)**

Moses, Aaron, Miriam, Pharaoh and the Egyptians; the mid-wives, the children of Israel (Hebrews, Israelites) (Exodus 1,2)

Jethro (Moses' father-in-law), Zipporah (his wife), Gershom and Eliezer (his sons) (Exodus 3,4)

Moses, Aaron, Pharaoh, The Hebrews, the Egyptian magicians, sorcerers, priests (Exodus 2-11)

The Israelites, their elders, Egyptians (Exodus 12,13)

Moses, Joshua, Amalek (Exodus 14-18) Moses, Jethro, the elders (Exodus 18-31) Aaron, Moses, Joshua (Exodus 32,33)

**Places to know:** နေရာများ

Egypt (Goshen), the Nile River, Midian (Exodus 1-13) (အီဂျစ်ပြည်ဟာ ဇာတိ အသွေးအသားကို ပုံဆောင်တယ်။) Sinai: Rameses, Succoth, the Red Sea, Desert of Sin: Marah, Elim, Rephidim (Exodus 14-18) Mount Sinai, Horeb (Exodus 18-31) (သိနာတောင်ဟာ ပညတ်တရားကို ပုံဆောင်တယ်။)

**Words to Know:** ဝေါဟာရများ

exodus: come out, or bring out ထွက်မြောက်ရာ - ထွက်လာခြင်း၊ ခေါ်ထုတ်ခြင်း။

idol: image of a divinity used as an object or medium of worship; anything loved, adored, venerated instead of God

holy: separated, set apart from all that is evil

judgments: act of fulfilling justice; directing payment of a debt

kingdom of God: all created beings who are willingly subject to God

manna: မန္နမုန့် - ဣသရေလလူတို့ကို တောထဲမှာ ကျွေးမွေးခဲ့တဲ့ အံ့ဩဘွယ် မုန့်။ during the wilderness wanderings (It was small and round, resembling hoar frost and melted in the sun. It tasted like fresh oil and honey wafers.)

plague: a judgment of God where He revealed His power and sovereignty through a miracle; a supernatural manifestation of divine power.

Passover: ပသခါပွဲ - သေမင်းတမန်က အဲဂုတ္တုပြည်ကို ဖြတ်တဲ့ညမှာ ဣသရေလူ တွေ ကျင်းပတဲ့ပွဲ (ခရစ်တော်ရဲ့ အသွေးတော်ကို ပုံဆောင်)

priest:  an intermediator between deity and worshippers (The Levitical priests offered sacrifices for the people and went into the presence of God.)

Promised Land:  the land of Canaan which God promised to give to Abram and his seed

redeem:  to buy back what had been lost, to free from captivity by paying a price

Sabbath day:  the day set apart to the Lord; day of rest and reflection on God's goodness

tabernacle:  tent of meeting, or temporary dwelling place where men came to meet God

theophony:  ဘုရားသခင် ထင်ရှားခြင်း - ဓမ္မဟောင်းကာလ ခရစ်တော်ထင်ရှားခြင်း။

## Introduction - နိဒါန်း

Relationship (belonging) တော်စပ်မှု၊ သက်ဆိုင်မှုမှာ လမ်းညွှန်မှု၊ ခေါင်းဆောင်များ၊ ရည် ရွယ်ချက်များနဲ့ အသက်ရှင်ရခြင်းရဲ့အကြောင်းရင်းတွေပါလာတယ်။ဘုရားက တော်စပ်စေ တယ်။ သူ့နိုင်ငံသား ဖြစ်စေတယ်။ ဘုရားသားသမီးဖြစ်ဖို့ ရွေးနှုတ်ခြင်းက စတယ်။ နာခံမှုက ပိုရင်းနှီးစေ တယ်။ အစုအခန်းက ဣသရေလလူမျိုးကို အီဂျစ်ပြည်က ရွေးနှုတ်ရာက စတယ်။ နာမတော်နဲ့ ဆိုင်တဲ့ လူမျိုးဖြစ်စေတယ်။ ခါနန်ပြည်ဝင်ဖို့ လူမျိုးတော်ကို ပြင်ဆင်ပုံကို ပြတယ်။ ကျွန်ခံရာမှ ရွေးနှုတ်ပြီး လောကီနိုင်ငံတွေနဲ့ မဆိုင်ဘဲ ဘုရားသခင့်လူမျိုးတော်အဖြစ် သီးခြား ရပ်တည်စေ တယ်။ ဘုရားသခင်ကို ဘုရင်အဖြစ်အသိအမှတ်ပြုတဲ့ လူမျိုးအဖြစ် ပုံသက်သေ ဖြစ်စေတယ်။ ပညတ်တော်ကို ပေးပြီး လိုက်လျှောက်စေတယ်။

## THE LESSON - 5

### I. GOD SAVES AND SEPARATES HIS PEOPLE UNTO HOLINESS - လူမျိုး တော်ကို ကယ်တင်ပြီး သီးခြားနေစေတယ်။ (Exodus 1-14)

A. **God heard the cry of His people and prepared a way of redemption.-** ငိုကြွေးသံကိုကြားပြီး၊ ရွေးနှုတ်ဖို့ ပြင်ဆင်တယ်။

1. The birth and training of Moses - မောရှေ မွေးဖွါးခြင်းနဲ့ သင်ယူခြင်း(Exodus 1,2) ယာကုပ်မိသားစုကို အီဂျစ်ပြည်ထဲ ခေါ်ဆောင်တော်မူတယ်။ အီဂျစ်က တိုးတက်နေချိန်ဖြစ်တယ်။ ဒီ အချိန်ဟာ ယာကုပ် မိသားစုကို သွန်သင်နေချိန်လည်း ဖြစ်တယ်။ ယောသပ်နဲ့ဟေဗြဲလူတွေကိုမသိ၊မလေးစားတဲ့ဘုရင်တပါးပေါ်လာတယ်။ သူတို့ကို ကြောက်ပြီး၊ ကြမ်းကြမ်းတမ်းတမ်းဆက်ဆံတယ်။ သားယောကျ်ားတွေကိုသတ်တယ်။သားဖွါးဆရာမတွေက ဖါရောစကားထက် ဘုရား စကားကို ကြောက်ရွံ့တဲ့အတွက် မောရှေကို အသက်ဘေးက လွတ်စေတယ်။ (Exodus 1:1-22) မောရှေလေးဟာ အန္တရာယ်ကြားမှာ မွေးလာတယ်။ မိဘတွေက သူ့ကို ဘုရားလက်တော် အပ်နှံ ကြတယ်။အမ မိရိအံက မြစ်ကမ်းနဘေးမှာ စောင့်ကြည့်နေတယ်။ဘုရားက အံ့ဩဘွယ် ကယ်တင်လို့ ဖါရောဘုရင့်နန်းတော်ထဲ ရော

က်သွားပြီး၊ သူ့မိဘထံ ပြန်အပ်နံ့တယ်။ (Exodus 2:1-11). ဟေဗြဲလိုသာမက အီဂျစ်တယောက်လိုပါ သင်ကြားခံ ယူခဲ့ရတဲ့ မောရှေဟာ အီဂျစ်ရာထူးထက် ဘုရားသားအဖြစ်ကို ရွေး ချယ်ခဲ့တယ်။ (Hebrews 11:23-26) ညှင်းဆဲ တဲ့ အီဂျစ်တွေကို စိတ်ဆိုး ပြီး အီဂျစ်တယောက်ကို သတ်မိတယ်။ မိဒျန် ပြည်ကို ထွက်ပြေးတယ်။ (Exodus 2:11-15) ဘုရား က မောရှေကို တောထဲမှာ အနှစ် ၄၀ သွန်သင်တယ်။ မိဒျန် ယဇ် ပုရောဟိတ်သမီး ဇိပေါရန့် အိမ်ထောင်ကျတယ်။ သား ၂ ယောက် ရေရှုန်နဲ့ ဧလျာဇာ ရတယ်။ သိနာလွင်ပြင်မှာ ယောက်ခမသိုးတွေကိုအနှစ်၄၀ ထိန်းကျောင်းရတယ်။ (Exodus 2:16-22) ဣသရေလလူမျိုးတွေဆက်ဒုက္ခခံနေရတယ်။ သူတို့ငိုသံကို ဘုရားသခင်ကြားတယ်။ အာဗြဟံ၊ ဣဇက်၊ ယာကုပ်တို့နဲ့ ထားတဲ့ ပဋိညာဉ်ကို သတိရတယ်။ ကယ်ဖို့ မောရှေကို စေလွှတ်တယ်။ (Exodus 2:23-25)

2. မောရှေခေါင်းဆောင်ပြီး အီဂျစ်ပြည်မှ ကယ်ထုတ်၊ ဂတိတော်ပြည်ကို ပြန်စေတယ်။ (Exodus 3,4). ဘုရားက မောရှေကို ဟောရေအရပ် မီးလောင်ခြုံပုတ်မှာ စကားပြောတယ်။ အာဗြဟံရဲ့ဘုရား သခင်အဖြစ် နှုတ်ဆက်တယ်။ "ငါဖြစ်သည့်အတိုင်း ငါဖြစ်သည်" လို့ မိန့်တော်မူတယ်။ မောရှေကို ဣသရေလ လူမျိုးအကြီးအကဲတွေထံသွားပြီး ခေါင်းဆောင်စေတယ်။ (Exodus 3). သူ့စကားကို လူတွေ နားမထောင်မှာ မောရှေ စိုးရိမ်တယ်။ အံ့ဖွယ်နိမိတ် လက္ခဏာ ၂ ခုရတယ်။လှံတံက မြွေဖြစ်၊ ပြီးမှ လှံတံဖြစ်စေနိုင်တယ်။ လက်က နူစေပြီး ပျောက်စေနိုင်တယ်။ စကား မပြောတတ်ဘူးလို့ မောရှေ ညည်းတယ်။ အကို အာရုန်ကို ပရောဖက်အဖြစ် စကားပြောဖို့ ခန့်တယ်။ (Exodus 4:1-18) အီဂျစ်ပြည်အပြန်မှာဇိပေါရကသား ၂ ယောက်ကိုပဋိညာသ်တရားရဲ့သက်သေဖြစ်တဲ့အရေဖျား မလှီးမချင်း မောရှေ အသက်ကို ဘုရားသခင် ထိခိုက်စေတယ်။ (Exodus 4:19-26) မောရှေကိုယ် တိုင် သူ့မိသားစုကို ဘုရား အတွက် သီးခြားရပ်တည်ပြဖို့ လိုတယ်။

**B. God revealed His power and authority as Creator and Sovereign of the universe - စကြဝဠာကို ဖန်ဆင်း ပိုင်သတဲ့ တန်ခိုးအာဏာကို ပြသတော်မူတယ်။ (Exodus 5-12).**

အာရုန်နဲ့ မောရှေ ဣသရေလ လူမျိုးအကြီးအကဲတွေထံသွားတယ်။သူတို့စကားကို ယုံကြည်ပြီး ဘုရားသခင်ကိုကိုးကွယ် ကြတယ်။ (Exodus 4:27-31). ဖါရောဘုရင်ထံသွားပြီး ဣသရေလ လူမျိုးကို တောအရပ်မှာ ပွဲကျင်းပဖို့ လွှတ်ပေးရန် တောင်းဆိုတယ်။ ဖါရောက ငြင်းပြီး အလုပ်ပိုခိုင်း လာတယ်။လူမျိုးအကြီးအကဲတွေကမောရှေနဲ့ အာရုန်ကိုဆန့်ကျင်ကြ တယ်။ ဘာကြောင့် ဒီလို ဖြစ်ရသလဲဆိုတာ မောရှေက ဘုရားသခင်ကို မေးလျှောက်တယ်။ (Exodus 5:1-23) ဘုရား သခင် က အနန္တတန်ခိုးရှင် ဘုရားသခင် El Shaddai နဲ့ Jehovah ရွေးနှုတ်သော ထာဝရဘုရားအဖြစ် ထင်ရှားမယ်လို့ မိန့်တော်မူတယ်။ နမိတ်လက္ခဏာတွေ ပြစေတယ်။ ဘေးဒဏ် ၁၀ ခုဖြစ်တယ်။ ဘေးဒဏ်တခုစီဟာ စကြဝဠာကို ပိုင်သ ကြောင်း ပြနေတယ်။ဘုရားရှင်စစ်မှန်တယ်။ နောက်ဆုံး ဘေးဖြစ်တဲ့ အိမ်တံခါးမှာ အသွေးမသုတ်ရင် သားဦးသေရတာ ဟာ အထူးခြားဆုံးဖြစ်တယ်။ ဒီကို အမှတ်ရတဲ့အနေနဲ့ ပသခါပွဲကို ဣသရေလလူမျိုးတွေ ခရစ်တော် အသေမခံခင်ချိန် အထိ ကျင်းပ ကြတယ်။

**<u>The 10 plagues of Exodus-ထွက်မြောက်ရာကျမ်းမှ ဘေးဒဏ်၁၀(chapters 7-12):</u>**

1. river turned to blood မြစ်ရေက အသွေးဖြစ်။ (Exodus 7:14-25)
2. frogs ဖါးများ (Exodus 8:1-15)
3. lice ခြင်ကောင်များ (Exodus 8:16-19)
4. flies ယင်ရဲများ (Exodus 8:20-32)

5. disease on the beasts တိရစ္ဆာန်များ ရောဂါဘေး (Exodus 9:1-7)

6. boils on man and beasts လူနှင့်တိရစ္ဆာန်များ အနာဆိုးဖြစ်။(Exodus 9:8-12)

7. hail မိုးသီး (Exodus 9:13-35)

8. locusts ကျိုင်းကောင်များ (Exodus 10:1-20)

9. darkness မှောင်မိုက် (Exodus 10:21-29)

10.death of firstborn သားဦးများ သေဆုံးခြင်း (Exodus 11-12)

**C. God saved His people through faith in the blood sacrifice.** ယုံကြည်ခြင်းအားဖြင့်အသွေး သွန်းသော ကြောင့် ကယ်တင်ခံရတယ်။

ခရစ်တော် အသေခံတာကို ပုံဆောင်တဲ့ ပသခါပွဲကို ကျင်းပစေတယ်။ (Exodus 12,13) ဘုရားက ယုံကြည်ခြင်းကို တောင်းဆိုတယ်။ ဂေါ်ရှင်အရပ်မှာ သိုးသူငယ်ကို သတ်ပြီး အိမ်တံခါးမှာ အသွေး သုတ်ခိုင်းတယ်။ သိုးသားကင်ကို ခါးတဲ့အရွက်တွေနဲ့ စားရတယ်။ ဒုက္ခကို ပုံဆောင်တယ်။ တဆေး မဲ့မုန့်ကို စားရတယ်။ စင်ကြယ်ခြင်းကို ပုံဆောင်တယ်။ အဝတ်ဝတ်၊ ဖိနပ်စီးပြီး မတ်တပ်ရပ် စားရ တယ်။ အသင့်ပြင်ဆင်တဲ့သဘောဖြစ်တယ်။ သေမင်းတမန် လာတဲ့ညမှာ သူတို့ကို ကျော်သွား လို့ Passover ပွဲလို့ ခေါ်တယ်။ ယုံကြည်ရင် ကယ်တယ်။ တံခါးမှာ အသွေးမတွေ့ရင်တော့ သားဦး သေ မယ်။ အဲဒီည အီဂျစ်တွေငိုကြတယ်။ဖါရောမင်းက မြန်မြန်ထွက်သွားဖို့ နှင်တယ်။ မြန်မြန်ထွက် ဖို့ အီဂျစ်တွေက ရွှေ ငွေတွေ ပေးလာတယ်။ ကျွန်ဘဝနဲ့ သေခြင်းထဲကကယ်လို့ နှစ်တိုင်းကျင်းပရတယ်။ လောကသားတွေရဲ့အပြစ်အတွက် ခရစ်တော်လက်ဝါးကားတိုင်မှာ အသွေးသွန်းတာကို ပုံ ဆောင်တယ်။ (ပွဲတော်မင်္ဂလာကတော့ ခရစ်တော် အသေခံတာကို အသင်းတော် အောက်မေ့ဖို့ ဖြစ်တယ်။) တံခါးမှာ အသွေးသုတ်ရင် ကယ်တယ်။ ဒါက ယုံကြည်ခြင်း ကြောင့် ဖြစ်တယ်။ အပြစ် ကြောင့် သေမယ်ဆိုတာ သိတယ်။ ရွေးနှုတ်မယ့်သခင် လာမယ်ဆိုတာ သိတယ်။ (Genesis 3:15; Job 19:25,26) ဘုရားကယ်တာကို မမေ့ဖို့ ပသခါပွဲ ကျင်းပရတယ်။ ဘုရားကို ယုံကြည်ကိုးစားတတ်ဖို့ ဖြစ်တယ်။ အီဂျစ်ပြည်ထဲက ထွက်လာတော့ သားဦးမှန်သမျှ သန့်ရှင်းရမယ်လို့ မှာထား တယ်။ (Exodus 13:1-20) မိုးတိမ်၊ မီး၊ မောရှေရဲ့ဆုံးမစကားတွေနဲ့ လမ်းပြခဲ့တယ်။ (Exodus 13:21,22) ဒါက ဣသရေလနိုင်ငံ အစပဲ။

## II. GOD GUIDES AND CARES FOR HIS PEOPLE (Exodus 14-18) မစလမ်းပြခြင်း

A. **God divided the Red Sea for His children to cross over into the Sinai** - သိနာ တောကို သွားဖို့ ပင်လယ်နီကို ခွဲပေးတယ်။ (Exodus 14-15:21).မြေထဲပင်လယ်ဘေးကနေ အတည့်မသွားခိုင်းဘူး။ ပင်လယ်ရှေ့မှာ ပိတ်နေတော့ ကြောက် ကြတယ်။ ဖါရောက စိတ် နလုံးမာကြောတော့ စစ်တပ်နဲ့ လိုက်ခိုင်းတယ်။ ရှေ့မှာ ပင်လယ်၊ ဘေးမှာတောင်နဲ့ လွင်ပြင်။ မောရှေကို အပြစ်တင်ကြ တယ်။ မောရှေက ဆုတောင်းတယ်။ မကြောက်ဖို့ အားပေးရင်းဘုရားလက်ရာကို စောင့်ကြည့်ခိုင်းတယ်။ ဘာဘဲဖြစ်ဖြစ် ဘုရားကို အားကိုးတတ်ဖို့ သင်ကြရတယ်။ ဘာဘဲလိုလို ဘုရားကိုအားကိုးတတ်ရမယ်။ မကြောက်နဲ့၊ ဘုရားကယ်မယ်။ ဒီအီဂျစ်တွေကို နောက်တခါမမြင်ရတော့ဘူးလို့ ဆိုတယ်။ ဘုရားဘုန်းတော် ထင်ရှားမယ်။ထာဝရဘုရားရဲ့ကောင်းကင် တမန်နဲ့ မိုးတိမ်က ဣသရေလနဲ့ အီဂျစ်တွေကြားမှာ တည်လုံး ခြားထားတယ်။ အီဂျစ်ဖက်ကမှောင်တယ်။ ဣသရေလ ဖက်ကလင်းတယ်။ (Exodus 14:1-20) မနက်မှာပင်လယ်နီကို ဖြတ်ခိုင်းတယ်။မောရှေကလှံတံကိုမြှောက်ပြီး ပင်လယ် ဖက် ဖြန့်လိုက်တဲ့အခါ ပင်လယ်နှစ်ခြမ်းကွဲတယ်။ ခြောက်သွေ့တဲ့ မြေပေါ်မှာ လမ်းလျှောက်ရတယ်။ ယုံကြည်ခြင်းဟာ ပျော်စရာပါ။အီဂျစ်တွေနောက်ကလိုက်လာတော့ ရေပြန်ပြည့်ပြီး စစ်သားေ

တွေသေကြတယ်။ ဒါကိုမြင်တော့ဣသရေလ လူတွေ ကြောက်ကြ၊ ယုံကြည်ကြ၊ မောရှေကို လေးစားကြတယ်။ (Exodus 14:21-31) နောက်တနေ့တော့ ပျော်ပြီး ချီးမွမ်းသီဆိုကြတယ်။ "ထာဝရဘုရားသည် ကာလအစဉ်အမြဲ စိုးစံတော်မူစေသတည်း။" လို့ သီချင်းဆိုကြတယ်။ (Exodus 15:1-21)

B. God provided for His people - ပြုစု ကျွေးမွေးတော်မူတယ်။ (Exodus 15:22-17:7) ၃ ရက်အကြာမှ ရေမရှိလို့ စိတ်ပျက်၊ အပြစ်တင်ကြတယ်။ မာရအရပ်က ရေက သိပ်ခါးတယ်။ မောရှေ ဆုတောင်းတော့ ရေက ချိုတယ်။ "ထာဝရဘုရား၏ စကားကို စေ့စေ့ နားထောင် ... လျှင်၊ အဲဂုတ္တုလူတို့ စွဲစေသော ရောဂါတစုံတခုမျှ သင်တို့ မစွဲစေ။" ဧလိမ်အရပ်မှာ ကြည်လင်တဲ့ စမ်းရေ တွင်းတွေပေးလာတယ်။ (Exodus 15:22-27) တလခွဲ အကြာ မှာတော့အစားအစာအတွက်လူတွေ ညည်းတွား မြည်တမ်းပြန်တယ်။ မောရှေကို အပြစ်တင်တယ်။င တ်သေအောင်တောထဲခေါ်လာတယ်လို့ဆိုကြတယ်။ ကောင်းကင်က မန္နမုန့်ချပေးတယ်။ ဥပုဒ်နေ့ကလွဲလို့ မနက်တိုင်း ကောက်ရတယ်။ ၆ ရက်မြောက်နေ့မှာ ၂ ရက်စာရတယ်။ တောထဲမှာနေတုန်း မန္နမုန့်ပဲ စားကြတ ယ်။ (Exodus 16:10-36) တောင်ဖက် ရေဖိဒိန် အရပ်ကို ရောက်တော့ ရေမရှိလို့ အပြစ်တင်ကြပြန်တယ်။ ဘုရားသခင်က မောရှေကို အသက်ကြီး သူ ၃ ယောက်နဲ့ ဟောရေအရပ်က ကျောက်နားကို သွားဖို့မှာတယ်။ ကျောက်ကို လှံတံနဲ့ရိုက်ရတယ်။ ရေထွက်လာတယ်။ ဒီနေရာကို မေရိဘ လို့ ခေါ်တယ်။ ဘုရားသခင်အတူရှိ ရဲ့သားနဲ့ ညည်းလွန်းလို့ ဖြစ်တယ်။ (Exodus 17:1- 7)

C. God protected His people (at Rephidim) (Exodus 17:8-16) - ကွယ်ကာတော်မူတယ်။ ဧသောက ဆင်းတဲ့ အာမလက်လူတွေဟာ ရေဖိဒိန်အရပ်မှာ ဣသရေလလူမျိုးကို တိုက်ခိုက်တယ်။ လူစုပြီး ယောရှုက ဦးဆောင်စစ်တိုက်ရတယ်။မောရှေကတောင်ပေါ်မှာ။သူ့လက်ကို လှံတံကိုင်ပြီး မြှောက်ထားရတယ်။လက်ညော င်းတော့ အာရုန်နဲ့ဟုရကဘေးကကူရတယ်။စစ်ပွဲနိုင်တယ်။ဒီစစ်ပွဲ အကြောင်း မှတ်တမ်းတင်ဖို့ မောရှေကိုမိန့်မှာ တယ်။ ယဇ်ပလ္လင် တည်ပြီး Jehovah-nissi လို့ ခေါ် တယ်။(ထာဝရဘုရားဟာငါတို့ရဲ့အောင်မြင်ခြင်း)မောရှေရဲ့ ယောက်ခမယေသရောက ဒီအကြောင်း တွေကို ကြားတယ်။ မောရှေရဲ့ဘုရားဟာ အမှန်ဖြစ်တယ်လို့ ယုံတယ်။ သမီးနဲ့ မြေး ၂ ယောက် ဂေရရှုန်နဲ့ ဧလျာဇာကို ခေါ်လာတယ်။ ယဇ်ပူဇော်တယ်။ (Exodus 18:1-12) နောက် တနေ့ မောရှေက သူ့လူတွေကို တရားစီရင် တယ်။ ယောခမက ကြည့်နေတယ်။ တရားစီရင်တတ်တဲ့သူတွေကို တာဝန်ခွဲပေးဖို့အကြံပေးတယ်။ ဒီအကြံအတိုင်း မောရှေကခေါင်းဆောင်တွေခန့်တယ်။ ယေသယော အိမ်ပြန် သွားတယ်။ (Exodus 18:13-27)

**D. Things to Think About:**ဆင်ခြင်စရာများ

1. ယုံကြည်ခြင်းကို ဘယ်လို ခိုင်မာစေသလဲ? မ,စတယ်။ ကယ်တင်တယ်။
2. မောရှေက ဘယ်လို အားပေးသလဲ? သူက ဘုရားကို အားကိုးတယ်။ ဘုရားဘာလုပ်ပေး မလဲ သူမသိ ဘူး။ မြော်ကြည့်ခိုင်းတယ်။
3. ဘုရားက ဘယ်လို ဂရုစိုက်သလဲ? လမ်းပြင်ဆင်ပေးတယ်။ ဦးဆောင်တယ်။ မ,စတယ်။ ကွယ်ကာတယ်။
4. အစာရေစာ မရှိတော့ သူတို့ ဘာလုပ်ကြသလဲ? ညည်းတယ်။ အပြစ်တင်တယ်။
5. အီဂျစ်နဲ့ အာမလက်တွေကို ဖျက်ဆီးတယ်။ ဣသရေလလူမျိုးကို အောင်မြင်စေတယ်။
6. ယေသရော ဘာလုပ်သလဲ? မောရှေကို အကြံပေးတယ်။
7. ဘုရားက ခေါ်တယ်။ လမ်းပြတယ်။

## III. GOD ESTABLISHED HIS GOVERNMENT BY GIVING THE LAW ပညတ် တော်ပေးပြီး အုပ်ချုပ်စေတယ်။ (Exodus 19-33)

### A. God made a covenant with Israel on Mount Sinai and gave them His laws သိနာ‌တောင်မှာ ပဋိညာဉ်ပေး တယ်။ ပညတ်တော်တွေ ပေးတယ်။ (Exodus 19).

ဣသရေလလူမျိုးကို သန့်ရှင်းတဲ့နိုင်ငံ ဖြစ်စေဖို့ အလိုတော်ရှိတယ်။ ဘုရားနဲ့ တခြားနိုင်ငံတွေကြား မှာ ယဇ်ပရောဟိတ်နိုင်ငံဖြစ်စေတော်မူလိုတယ်။ လူက နာခံဖို့ပဲ လိုတယ်။ (Exodus 19:1-6) ဘုရားတန်ခိုးကို လူတွေ မြင်ရပြီ။ မေတ္တာကရုဏာကို တွေ့ကြုံရပြီ။ ရွေးနုတ်ပြီးပြီ။ ဂရုစိုက်တယ်။ သူတို့ရဲ့ဘုရားဖြစ်လိုတယ်။ ပဋိညာဉ် ပေးတယ်။ (Exodus 19:8) အားလုံး သဘောတူတယ်။ မိန့်တော်မူတဲ့အတိုင်း ဆောင်ရွက်မယ်။ ငါတို့ရဲ့ဘုရားသခင်ဖြစ်တယ်လို့ ဆိုကြတယ်။ ဒါကြောင့် ပညတ်တော်တွေကို ချပေးတယ်။ လူမှုကျင့်ဝတ်တွေ ချပေးတယ်။ သူတို့ ကောင်းလို့ ရွေးကောက်တာ မဟုတ်ဘူး။ သူတို့ကို ချစ်လို့၊ ဘိုးဘေးတွေကို ဂတိပေးထားလို့ ဖြစ်တယ်။ (Deuteronomy 7:6-8)

### B. God defined His will for them in a written law -ဘုရားသခင်ကအလိုတော်ကို ပညတ်တော်မှာ ဖေါ်ပြတယ်။ (Exodus 20-31).

အလိုတော်သိဖို့ပညတ်တော်ပေးရတာဖြစ်တယ်။ပညတ်တော်ကို ကြည့်ရင်အလိုတော်သိနိုင်တယ်။ ပညတ်တော်မှာ ဘုရားရဲ့သန့်ရှင်းခြင်းနဲ့ လူရဲ့မစုံလင်ခြင်းကို တွေ့ရတယ်။ ပညတ်တော်များရဲ့အစ - ပညတ်တော် ၁၀ပါးမှာဆိုရင် ဘုရားအလိုတော်ကို အကြမ်းပြင်း သိနိုင်တယ်။ ပညတ်တော် ၁၀ ပါးကို ကျောက်ပြားတွေပေါ်မှာ ရေးတယ်။ (Exodus 31:18) ဒါကပညတ်တော်အားလုံးရဲ့အနှစ်အချုပ်လို့ဆိုနိုင်တယ်။ပထမ၄ချက်(Exodus 20:1-11)ဝတ်ပြုကိုးကွယ်ခြင်းနဲ့ ဆိုင်တယ်။ ဘုရားသခင်အပေါ် အပြုအမူ သဘောထား ဖြစ်တယ်။ ဘုရားက သန့်ရှင်းတယ်။ ဖြောင့်မတ်တယ်။ အပြစ်ကို မသိယောင်ဆောင်လို့ မရဘူး။

1. Worship God alone - ဘုရားသခင်တပါးတည်းကိုသာဝတ်ပြုပါ။(Exodus 20:2,3)
2. Make no images ရုပ်တုမလုပ်နဲ့။ (Exodus 20:4-6) ဘုရားက ဝိညာဉ်ဖြစ်တယ်။ တခြားအရာ တခုခုနဲ့ အစားထိုးလို့ မရဘူး။ လူလုပ်တဲ့အရာကို ဦးမချနဲ့။ ဆုမတောင်းနဲ့။
3. Honor God's name - ဘုရားနာမကို ရိုသေပါ။ (Exodus 20:7) နာမတော်ကို ကြောက်ရွံ့ရိုသေရမယ်။ နာမတော်ကို ခပ်ပေါ့ပေါ့ မသုံးရ။ မလေးမစား မရွတ်ရ။ နာမ တော်ကို ရိုသေတာဟာ ဘုရားသခင်ကို ရိုသေတာပဲ။
4. Observe the Sabbath ဥပုဒ်နေ့ကို သန့်ရှင်းစေပါ။ (Exodus 20:8-11) စနေနေ့ဟာ ဖန်ဆင်းခြင်းကိုသတိရတဲ့အနေနဲ့နားဖို့ ဖြစ်တယ်။ (Genesis 2:1-3) ဥပုဒ်နေ့ကို သန့်ရှင်းစေခြင်းဟာ ဣသရေလလူမျိုးအတွက် ဘုရားပညတ် ကိုလိုက်နာခြင်းဖြစ်တယ်။ နောက်ပိုင်း ပညတ် ၆ ခု (Exodus 20:12-17) ကတော့ လူမှုရေးနဲ့ ဆိုင်တယ်။ လူအချင်း ချင်းအပေါ် တုန့်ပြန် ပုံ ဖြစ်တယ်။ ပထမပညတ် ၄ ခုက ဘုရားကို ရိုသေဖို့၊ နောက်ပညတ် ၆ ခုက လူလူချင်း လေးစားဖို့ ဖြစ်တယ်။အခြေခံကတော့မိသားစုပါ။ အဲဒီကနေ လူမျိုးနဲ့ တိုင်းနိုင်ငံတွေ ဖြစ်လာတယ်။ (Genesis 1,2,4) အိမ်ထောင် ကလည်းလူနဲ့ဘုရားသခင်လိုပဲ ရိုသေလေးစားမှုမှာ အခြေခံတယ်။ လင်နဲ့မယားလည်း လေးစားဖို့လိုတယ်။ သားသမီး က မိဘကို ရိုသေရမယ်။ လူအချင်းချင်းလည်း တယောက်နဲ့တယောက် ဘုရားမျက်နှာထောက်လို့ လေးစားရမယ်။ ( ဖေက် ၅။ ၆။ ၁ ပေ ၃) ဘုရားပညတ်တော်အရ လူ့လောကဟာ အပြန်အလှန် ရိုသေလေးစားမှုအပေါ်မှာသာ တည်နိုင် တယ်။ (Exodus 20:12-17)
5. Respect in the family: မိသားစုမှာ ရိုသေပါ။ မိဘကို ရိုသေစွာ ပြုလော့။

6. Respect the sanctity of life: လူ့အသက်ကို တန်ဖိုးထားပါ။ လူ့အသက်မသတ်ရ။
7. Respect purity in marriage: အိမ်ထောင်သန့်ရှင်းမှုကို လေးစားပါ။ သူ့မယား မပြစ်မှားရ။
8. Respect ownership of others: သူတပါးပိုင်ဆိုင်မှုကို လေးစားပါ။ သူ့ဥစ္စာ မခိုးရ။
9. Respect truth: အမှန်တရားကို လေးစားပါ။ မမှန်သက်သေမခံရ။
10. Respect individual position and possession given by God: သူတပါး ရာထူး၊ စည်းစိမ်ကို အသိအမှတ်ပြု လေးစားပါ။ မတပ်မက်ရ။

လူကို ဘုရားသခင်ရဲ့ပုံစံအတိုင်း ဖန်ဆင်းတယ်။ လူက လူလူချင်းကို လေးစားဖို့ လိုတယ်။ လူမှုရေးကို ကြည့်ရင် ဝိညာဉ် ရေးပါ မြင်ရတယ်။ နောက်ဆုံးပညတ်မတပ်မက်ရဟာ ကိုယ့်ကို ဘုရားမပေးတာကိုလိုချင်တဲ့အပြစ် ဖြစ်တယ်။ အခြေခံ အကျဆုံး အပြစ်ဖြစ်တယ်။ စာတန်ရော၊ လူသား အားလုံးပါ ဒီအပြစ်နဲ့ ကျဆင်းလာတာ ဖြစ်တယ်။ (Ezekiel 14, Genesis 3:1-6)(ပညတ်တော် ၁၀ ပါးကို လေ့လာပါ။)

**C. The people feared God and responded to His law -** ဘုရားကိုကြောက်ပြီးပညတ်တော်ကို လိုက်နာကြ တယ်။ **(Exodus 20:18-26)**

မောရှေက မကြောက်နဲ့၊ ဒါက စုံးစမ်းတာလို့ ပြောတယ်။ ဒါက ဘုရားသခင်ကို စိတ်မဆိုးစေဘဲ တိုးဝင်ချဉ်းကပ်တတ်ဖို့ သွန်သင်တာပါ။ဘုရားထံပါး ရိုးရိုးလေးချဉ်းကပ်ဖို့ပါ။ မြေကြီး၊ ကျောက်တုံး စတဲ့ သဘာဝအရာတွေနဲ့ ယဇ်ပလ္လင်တည်ဖို့ မှာပါတယ်။

**D.** ဘုရားသခင်က မောရှေကို မြို့ပြပညတ်**(civil),**ဝတ်ပြုရာပညတ် **(ceremonial)** နဲ့ ဝိညာဉ် ရေး ပညတ်တွေ ပေးတယ်။ **(Exodus 21-31)**

ပဋိညာဉ်ပြုပြီး ဘုရားဘုန်းတော်ကို ဖွင့်ပြတယ်။ (Exodus 21-24) တဲတော်ဆောက်ဖို့၊ အလှူဆင်ဖို့ လမ်းညွှန်တယ်။ (Exodus 25-27) ယဇ်ပရောဟိတ်တွေရဲ့အဝတ်အစားနဲ့ ခန့်ထား ပုံတွေကို ညွှန် ကြားတယ်။ (Exodus 28-31) (ထွက် ၂၈- ၃၁) ဘုရားနဲ့အတူ လျှောက်လှမ်း ချင်သူဟာ ဘုရား ပညတ်အတိုင်း လျှောက်ရမယ်။

<u>ပညတ်တရားမှာ ပါဝင်တဲ့ အပိုင်း ၃ ပိုင်း။</u>

- ဘုရားအလိုတော်ပြတဲ့ ပညတ်များ (Exodus 20:1-26)
- ကိုယ့်စည်းကမ်းနဲ့ကိုယ် နေထိုင်ရင်း အများနဲ့လည်း အတူနေထိုင်တတ်ဖို့ မြို့ပြပညတ်များ (Exodus 21:1-24:11)
- ဆုတောင်းခြင်း၊ ဝတ်ပြုကိုးကွယ်ခြင်းဆိုင်ရာ အထုံးအဖွဲ့ပညတ်တော်များ (Exodus 24:12-31:18)

ပဋိညာဉ်တရားဟာ ငါးဆက်မြောက် သမိုင်းကာလမှာ စတင်တယ်။ (Exodus 19:5,6; 34:28; Romans 10:4) ပညတ်တော်ကာလအကုန် မေရှိယကြွလာပြီး အသေခံချိန်အထိ တည်တယ်။ (Exodus 34:28)ပညတ်တရားကလူကို မကယ်နိုင်ဘူး။ ကယ်တင်နိုင်တဲ့ ခရစ်တော်ကို ညွှန်ပြပေးတယ်။

**E. The law was violated. God executed judgment (Exodus 32,33)-** ပညတ်တရားကို ကျူးလွန်ကြတယ်။ အပြစ်ပေးရတယ်။

- ရုပ်တုကိုးကွယ်သွားကြတယ်။ (Exodus 32:1-6) ဘုရားစကား ကြားရပေမယ့်မလိုက်နာကြဘူး။မောရှေ တောင်ပေါ်မှာ ပညတ်တော် လက်ခံနေတုန်းယုံကြည်ခြင်းကို စွန့်သွားကြပြီး ပဋိညာဉ်ကို ချိုးဖေါက်ကြတယ်။အရင်လိုပဲပထမနဲ့ ဒုတိယ ပညတ်ကိုကျူးလွန်ပြီးတခြား ဘုရားကို ရှာကြတယ်။ အာရုန်က ရွှေနွားသူငယ်ရုပ်ကို လုပ်ပေးတော့ ဒူးထောက် ပြပ်ဝပ် ကိုးကွယ်ကြတယ်။ သူတို့ အားကိုးတာက ဘုရားကို မဟုတ်ဘဲ မောရှေနဲ့ အာရုံကိုပါ။
- အပြစ်စီရင်ခံရတယ်။(Exodus 32:15-28) အမျက်တော်ထွက်ပြီး လူမျိုးတော်ကို စွန့်လိုက်တယ်။ ဣသရေလလူမျိုးကို စွန့်ပြီး မောရှေနဲ့ လူမျိုးသစ်စဖို့ ကမ်းလှမ်းတော်မူတယ်။ တပါးအမျိုးသား ရှေ့မှာ နာမတော် ဘုန်းထင်ရှားစေဖို့ မောရှေ တောင်းပန်တယ်။ (Exodus 32:7-14) မောရှေက ရုပ်တုကို ပယ်ရှားပြီး လူမျိုးတော်ကို ဆက်ဦးဆောင်တယ်။ ရွှေနွား သူငယ်ရုပ်ကို မီးရှို့ အမှုန့်ဖြစ်စေပြီး ရေမှာဖျော်ကာ သောက်ခိုင်းလိုက်တယ်။
- နောင်တ၊ ရန်ငြိမ်း၊ ပြန်လက်ခံခြင်း။(Exodus 32:21-33:23) မောရှေကအပြစ်ကိုထောက်ပြပြီးနောင်တရဖို့ပြောတယ်။ (Exodus 32:21-35) ဘုရားက ဂတိတော်ပြည်ကိုကောင်းကင်တမန် လွှတ်ပေးမယ်။ကိုယ်တော်တိုင် မလိုက်တော့ဘူး လို့ မိန့်တော်မူတယ်။ မောရှေကတဲတော်ဆောက်ပြီးလူတွေကိုသန့်ရှင်းစေတယ်။မောရှေတဲထဲဝင်တော့ တဲပေါ် မှာ မိုးတိမ်တည်နေတာကို မြင်ကြရတယ်။ ယောရှုက မောရှေနဲ့ အတူ ရှိနေတယ်။ဘုရားသခင်က မောရှေကို မိတ်ဆွေချင်း လို မျက်နှာချင်းဆိုင် ပြောဆိုတယ်။ မောရှေက မေးခွန်း ၃ ခု မေးတယ်။ (Exodus33:11,13,15,18)

သူက ...

- လမ်းပြတော်မူပါ။ - Show me your way.
- အတူလိုက်ပါတော်မူပါ။ - Show me your presence, we cannot go without You.
- ဘုန်းတော်ကို ပြတော်မူပါ။ Show me your glory.

ဘုရားသခင်က မောရှေကို ကျောက်ဂူတခုမှာ ဝင်စေတယ်။ ကျောဖက်ကိုသာ မြင်ရတယ်။ လူတွေ အပြစ်ဝန်ခံကြတယ်။ ဘုရားသခင်ထံ ပြန်ချဉ်းကပ်ကြတယ်။

## F. Things to Think About: ဆင်ခြင်စရာများ-

i. တော်စပ်သက်ဆိုင်ခြင်းရဲ့တာဝန်တွေက ဘာတွေလဲ? အသိုင်းအဝိုင်းတခုမှာပါဝင်ရင်သူ့စည်းကမ်း ကို လိုက်နာပြီး သူ့ခေါင်းဆောင်ကို နာခံရပါတယ်။ ဘုရားနိုင်ငံတော်မှာ ပါဝင်ရင် ဘာတာဝန်တွေ ရှိသလဲ? ဘုရားစကား နားထောင်၊ သူ့ပညတ်ကို လိုက်နာရတာပါပဲ။

ii. တော်စပ်သက်ဆိုင်ခြင်းရဲ့တာဝန်တွေက ဘာတွေလဲ? ခေါင်းဆောင်ရှိတယ်။ လုံခြုံတယ်။ ဘုရား နိုင်ငံထဲမှာ ပါဝင်ရင် ဘာအကျိုးရသလဲ? လမ်းပြ၊ ကွယ်ကာ၊ မ,စ တယ်။

iii. မောရှေကိုပေးတဲ့ ပညတ်တော်တွေကို ဘယ်လို နားလည်သလဲ? နေ့စဉ်ဘဝနဲ့ ဘုရားဝတ်ပြုရာမှာ ဘုရားသခင်က ဘာကို အလိုရှိသလဲ? ပညတ်တော်တွေကို နေ့စဉ် ကျင့်သုံးသလား?

iv. ဣသရေလလူမျိုးကို ပဋိညာဉ်ပြုသလို ဒီနေ့ခေတ်လူတွေကို ပဋိညာဉ်ပြုသေးသလား? ကယ်တင်ခြင်းဟာ ထာဝရ ပဋိညာဉ်ဖြစ်တယ်။ ပဋိညာဉ်ကို ကိုယ်ဘာသာ ပြုလည်းရတယ်။ ချိုးဖေါက်ရင် ဘာဖြစ်တတ်သလဲ? အပြစ်ပေးတယ်။ ပြန်မိသဟာရ ဖွဲ့ပါသလား? (1 John 1:9)

**IV. LEARNING ABOUT GOD IN EXODUS 1-33-** ဘုရားသခင်အကြောင်းကို ထွက် မြောက်ရာကျမ်းမှာ လေ့လာခြင်း

**A. God is faithful to His promises** ဂတိတော် တည်မြဲတယ်။ **(Exodus 1-11).**

ဣသရေလလူမျိုးရဲ့ငိုသံကို ကြားတယ်။ ကယ်ဖို့ မောရှေကို စေလွှတ်တယ်။ ဘုရားသခင်ဆိုတာသိလာဖို့ နောက်တော် လိုက်ဖို့ ကိုးကွယ်တတ်ဖို့ ကိုယ်ထင်ပြတယ်။ အသွေးနဲ့ ရွေးတယ်။ စုံစမ်းတယ်။ ယုံကြည်ခြင်းတိုးစေတယ်။ (Exodus 12-19) ပသခါပွဲမှာ ပုံဆောင်ပြပြီး သိနာတောမှာ အတွေ့အကြုံရစေတယ်။ ဘုရားကိုအားကိုးရင်ဘုရားနဲ့ ပတ်သက်ခွင့် ရလာတယ်။ (Exodus 20-33) သိနာတောင်မှာ ပဋိညာဉ်ပြုပြီး သူတို့ရဲ့ဘုရားအဖြစ် ကြေညာတယ်။ လူမျိုးတော်အဖြစ် သတ် မှတ်တယ်။ ပညတ်တရားနဲ့ လမ်းပြတယ်။ ပညတ်တရားဟာ လူမျိုးတော် အသက်ရှင်နေထိုင်ရမယ့် ပုံစံ၊ ဘုရား အလိုတော် ဖြစ်တယ်။နိမိတ်လက္ခဏာတွေ ပြတယ်။မိုးတိမ်နဲ့မီးအားဖြင့်လမ်းပြတယ်။မန္နမုန့်ကျွေးတယ်။ ရေပေးတယ်။ အဝတ်အစား ဟောင်းနွမ်းမသွားဘူး။ အပြစ်ပြုတဲ့အခါ နောင်တရ ရင် ခွင့်လွှတ်ခြင်း ခံစားရတယ်။

**B. The Promise of the Redeemer, Christ, in the book of Exodus -** ထွက်မြောက်ရာကျမ်းမှာ တွေ့ရတဲ့ ရွေးနှုတ်တဲ့ကယ်တင်ရှင် ခရစ်တော်။

ထွက်မြောက်ရာကျမ်းမှာ မေရှိယကယ်တင်ရှင်နဲ့ဆိုင်တဲ့ တိုက်ရိုက် ပရောဖက်ပြုတာ မတွေ့ရဘူး။ ရွေးနှုတ်သူ၊ ပသခါသိုးသူငယ်၊ ပညတ်တော်၊ တဲတော်၊ ယဇ်ပရောဟိတ် စတဲ့ ပုံဆောင်ချက်တွေပဲ တွေ့ရတယ်။ မောရှေဟာ ပရောဖက်၊ ယဇ်ပရောဟိတ်၊ ဘုရင်၊ ကယ်တင်သူ၊ ပညတ်တရားပေးသူ၊ ဖြန်ဖြေသူ mediator ၊ အမျိုးသားချင်း ရွေးနှုတ်သူအဖြစ် ခရစ်တော်ကိုပုံဆောင်တယ်။ (Deuteronomy 18:15) ခရစ်တော်လိုပဲ မောရှေလည်းကလေးဘဝမှာ အသက်ဘေး[ ] ကံ့ တယ်။ စည်းစိမ်နဲ့အာဏာကိုမမက်ဘူး။ငြင်းဆန်တယ်။ ပသခါသိုးသူငယ်က ခရစ်တော်ကို ပုံဆောင်တယ်။ (John 1:29,36; 1 Corinthians 5:7) ပွဲတော် ၇ မျိုးကလည်း ခရစ်တော်ရဲ့အလုပ်ကို ပုံဆောင် တယ်။ အီဂျစ်ပြည်က ထွက်မြောက်လာတာဟာ နှစ်ခြင်းမင်္ဂလာကို ပုံဆောင်တယ်။ (Romans 6:2-3; 1 Corinthians 10:1-2) မန္နမုန့်နဲ့ ရေက ခရစ်တော်ဟာ အသက်မုန့်နဲ့ အသက်ရေဖြစ်တာ ကို ပုံဆောင်တယ်။ (John 6:31-35; 48-63;1 Corinthians 10:3-4) ဣသရေလလူမျိုး ဘုရားသခင်ထံချဉ်းကပ်နည်းကမွေဟောင်းနည်းဖြစ်တယ်။ခရစ်တော်ကကားတိုင်မှာ အသေခံပြီး မော ရှေရဲ့ပညတ်တရားကို ပြည့်စုံစေတယ်။ အသေခံခြင်း၊ အသက်ပြန် ရှင်ခြင်းအားဖြင့် ကယ်တင်ခြင်းကို ပြင်ဆင်ပေး တယ်။

*C.* **Themes to Think About in the Book of Exodus:** ဆင်ခြင်စရာများ -

Suffering: ဣသရေလလူမျိုး ခံရတဲ့ဆင်းရဲဒုက္ခဟာ ဘုရားသခင်ထံ အော်ဟစ် ဆုတောင်းစရာ ဖြစ်လာတယ်။

Choices: ရွေးစရာတွေ - မောရှေက စည်းစိမ်နဲ့ အာဏာကို မရွေးဘဲ ဘုရားနဲ့ဆိုင်တဲ့ အရာကို ပိုနှစ်သက်လို့ ဆင်းရဲတဲ့ သိုးထိန်းဘဝကို ရွေးခဲ့တယ်။

Salvation through a blood sacrifice: အသွေးသွန်းခြင်းအားဖြင့် ကယ်တင်ခြင်း။

Guidance: ရှေးက မိုးတိမ်၊ မီးနဲ့ လမ်းပြပြီး၊ ဒီနေ့ခေတ်မှာ သမ္မာကျမ်းစာအားဖြင့် လမ်းပြတယ်။

Circumstances: နေ့စဉ်အတွေ့အကြုံများကြောင့် ဘဝပျက်ဖို့ မဟုတ်ဘူး။ ပိုသန့်ရှင်းလာဖို့ ယုံကြည်ခြင်း တိုးလာဖို့ ဖြစ်တယ်။

**D. Israel pictures all God's people:** ဣသရေလလူမျိုးက ဘုရားသားအားလုံးကို ပုံဆောင်ပါတယ်။

- အသွေးတော်ဖြင့် ရွေးဝယ်တယ်။
- အပြစ်နဲ့ သေခြင်းတရားရဲ့ချည်နှောင်ခြင်းမှ ကယ်နှုတ်တယ်။
- လမ်းပြ၊ ကွယ်ကာ၊ မ,စတော်မူတယ်။
- တန်ခိုးတော်ကို ပြတော်မူတယ်။
- လိုတာပေးသနားတယ်။
- ပဋိညာဉ်ပြုပြီး စကားပြောတယ်။
- ပညတ်တရားပေးတယ်။
- ဘုရားဝတ်ပြုဖို့ ခေါ်တော်မူတယ်။
- ဘုရားသခင်က လူတွေနဲ့အတူ နေပေးတယ်။ ကျိန်းဝပ်တော်မူတယ်။

**E. Things to Think About:** ဆင်ခြင်စရာများ-

ယုံကြည်သူကို ကယ်ဖို့ ဘုရားသခင် သစ္စာရှိတော်မူတယ်။ နောက်တော်လိုက်ရင် ကွယ်ကာ၊ မ,စတယ်။

**Exam - Lesson 5**

Name __________________________________________________

Address__________________________________________________

Multiple choice (Circle one letter as the correct answer unless otherwise indicated. When so indicated you may use your Bible, but we trust you not to look up the answers in the lesson.)

1.Why did God form the nation of Israel? (value 4 points) ဘုရားရှင်က အစ္စရေး နိုင်ငံ ကို အဘယ့်ကြောင့် တည်ထောင်ခဲ့သနည်း။

a) to show who He is and how He wants to save people ဘုရားရှင်က သူသည် မည်ကဲ့သို့ သောဘုရားဖြစ် သည်၊ လူတို့ အားမည်သို့ ကယ်တင်ခြင်းပေးလိုသည်ကို ဖေါ်ပြရန်၊

b) because the Hebrew people were superior to other people ဟေဗြဲလူမျိုးများသည် အခြားသောလူမျိုးများ ထက် အင်အားသာလွန်သောကြောင့်၊

c) because He didn't like the rest of the world အခြားသောလူမျိုးများကို မကြိုက်နှစ်သက်သောကြောင့်၊

2.Why were the children of Israel in Egypt instead of Canaan, the Promised Land? အဘယ့်ကြောင့် ဣသရေလလူမျိုးများသည် ကတိတော်ပြည်ဖြစ်သောခါနန်တွင်မရှိဘဲ အီဂျစ် ပြည်သို့ ရောက်ရသနည်း။ (value 4 points)

a) because Jacob's sons were merchants and shepherds who naturally migrated there ယာကုပ်၏သားများသည် ကုန်သည်များ၊ တိရစ္ဆာန်မွေးမြူသူများဖြစ်သောကြောင့် ရောက်ရခြင်းဖြစ်သည်၊

b) because Egypt was a much more developed area where God wanted to train His people အီဂျစ်ပြည် သည် ဘုရားရှင်၏သားများအား လေ့ကျင့်သင်ကြားပေးရန် ပိုမိုဖွံ့ ဖြိုး တိုးတက်သောကြောင့်၊

c) because Jacob's sons did not do right or honor God, and sold their brother into slavery in Egypt ယာကုပ်သားများသည် ဘုရားစကားမနာခံသဖြင့် အီဂျစ်ပြည်သို့ ကျွန် အဖြစ် ရောင်းစားခံရသောကြောင့်၊

3.What made Moses different from other Israelites?(value 4 points) မည်သည့်အချက်ကမောရှေနှင့် ဣသရေလ လူများကို ကွဲပြားခြားနားစေခဲ့သနည်း။

a) He was put to death by Pharaoh. ဖါရောဘုရင်က သူ့ အားသတ်ပစ်သည်၊

b) He was trained as a Hebrew and as an Egyptian. သူသည် ဟေဗြဲလူအဖြစ်ရော၊ ဣသရေလလူ အဖြစ်ပါ လေ့ကျင့်ပေးခဲ့သည်၊

c) He killed an Egyptian. သူသည် အီဂျစ်လူမျိုးတဦးကို သတ်ပစ်ခဲ့သည်၊

4.What did Moses do in Midian? (value 4 points) မိဒိရံအရပ်တွင် မောရှေဘာလုပ်ခဲ့သနည်း။

a) He stayed there 20 years cultivating the fields of his father-in-law. သူ၏ ယောက္ခမအတွက် နှစ်ပေါင်း ၂၀-ကျော် လယ်ယာလုပ်ကိုင်ပေးရင်းနေခဲ့သည်၊
b) He worked there 2 years, before returning to Egypt. အီဂျစ်ပြည်သို့ မပြန်မီ ထိုအရပ်တွင် ၂-နှစ်ကျော် အလုပ်လုပ်ခဲ့သည်၊
c) He stayed there 40 years and herded sheep for his father-in-law. ထိုအရပ်တွင် နှစ်ပေါင်း ၄၀-ကျော် နေထိုင်ပြီး ယောက္ခမအတွက် တိရစ္ဆာန်များ သိုးများမွေးမြူပေးခဲ့သည်၊

5.What did God ask Moses to do when he was in Midian? (value 4 points) မောရှေမိဒိရံပြည်တွင် နေထိုင်စဉ် ဘုရားရှင်က သူ့အား ဘာပြောခဲ့သနည်း။

a) to form an army and kill the Egyptians စစ်တပ်တတပ်ဖွဲ့ပြီး အီဂျစ်လူမျိုးများကို သတ်ခိုင်းသည်၊
b) to return to Egypt, to lead the people of Israel out of slavery အီဂျစ်ပြည်သို့ ပြန်ပြီး ကျွန်ဘဝရောက်နေ သော ဣသရေလလူမျိုးများကို ခေါ်ထုတ်ခိုင်းသည်၊
c) to call for Aaron to come to him in the desert to help him build a house of worship for God အာရုံကို ခေါ်ပြီး သဲကန္တာရထဲ၌ဘုရားရှင်အားကိုးကွယ်ဖို့ ယဇ်ပလ္လင်တည်ဆောက်ခိုင်းသည်၊

6.Why did God send ten plagues on the people of Egypt? (value 4 points) ဘုရားရှင်သည် အဘယ့် ကြောင့် ဘေးဆိုးကြီး ၁၀-ခုကို အီဂျစ်လူမျိုးများအားကျရောက်စေသနည်း။

a) to warn the people of Egypt of coming future judgment အီဂျစ်လူမျိုးများအား နောင် အနာဂါတ်တွင် ဖြစ် လာမည့် တရားစီရင်ခြင်းအကြောင်းဖြင့် သတိပေးရန်၊
b) to show His power over the universe, so the Egyptians and the Hebrews would know that He is God ဘုရားရှင်၏တန်ခိုးတော်သည် စကြာဝဠာတခွင်လုံးတွင် သက်ရောက်ကြောင်း အီဂျစ်လူမျိုးနှင့် ဣသရေလ လူမျိုးများ ကိုပြသရန်၊
c) to make the Hebrews proud of their God ဟေဗြဲလူမျိုးများအား သူတို့ ကိုးကွယ်သော ဘုရားရှင်အတွက် ဂုဏ်ယူစေရန်၊

7.What did Moses ask of Pharaoh? (value 4 points) မောရှေက ဖါရောဘုရင်ကို ဘာပြောခဲ့သနည်း။

a) to let the children of Israel go into the wilderness to hold a feast to their God ဣသရေလ လူမျိုးများ တောထဲသို့ သွားပြီးဘုရားရှင်အားယဇ်ပူဇော်ခွင့်ပြုရန်၊
b) to let the children of Israel return to Canaan, their homeland ဣသရေလ လူမျိုးများ မိမိတို့ နေရင်းနိုင်ငံ ခါနန်ပြည်သို့ ပြန်သွားခွင့်ပြုရန်၊

c) to let the children of Israel organize their own nation and govern themselves ဣသရေလ လူမျိုးများ အားသူတို့ နိုင်ငံကိုပိုင်ဆိုင်ခွင့်ပြုပြီး အုပ်စိုးခွင့်ပေးရန်၊

8.What happened in the last plague? (value 4 points) နောက်ဆုံးအကြိမ်ဒါဏ်ခတ်သော ဘေးဆိုးကြီးတွင် ဘာဖြစ်ခဲ့သနည်း။

a) The firstborn son of every family died မိသားစုတိုင်း၏သားဦးများ သေဆုံးကြသည်၊
b) The firstborn sons of the Hebrews died. ဟေဗြဲလူများ၏သားဦးများသေကြသည်၊
c) The firstborn son in every house that did not put blood on the doorpost died. အိမ်တိုင်၏ထုတ်တိုင်ကို အသွေးမသုတ်သော မိသားစုတိုင်း၏သားဦးများ သေကြသည်၊

9.What is the Passover a picture of? (value 4 points) ပသခါပွဲတော်သည် မည်သည်ကိုပုံဆောင်သနည်း။

a) the departure of Israel from Canaan ခါနံပြည်မှဣသရေလလူများထွက်ခွာခြင်း
b) the death of Christ to redeem men through His bloodအသွေးတော်ဖြင့်လူတို့ အားခရစ်တော်ရွေးနှုတ်ခြင်း
c) salvation through the Old Testament sacrifices ဓမ္မဟောင်းကာလကပြုခဲ့သော ယဇ် ပူဇော်ခြင်းများ အားဖြင့် ကယ်တင်ခြင်းရခြင်း၊

10.How often were the Israelites to repeat this feast? (value 4 points) ဤပွဲတော်ကို ဣသရေလလူမျိုးများ ဘယ်နှစ်ကြိမ်လုပ်ဆောင်ကြသနည်း၊

a) every month လစဉ်လတိုင်း
b) once a year တနှစ်တကြိမ်
c) whenever they wished သူတို့ ဆန္ဒရှိသည့်အခါတိုင်း

11.What was the purpose of the Passover celebration? (value 4 points) ပသခါပွဲတော်၏ ရည်ရွယ်ချက်ကား အဘယ်နည်း။

a) to maintain national unity ပြည်ထောင်စုညီညွတ်ရေးကို ထိန်းသိမ်းရန်၊
b) to remind Israel that salvation is through the shedding of blood ကယ်တင်ခြင်းသည် အသွေးသွန်းခြင်း အားဖြင့်သာရကြောင်း ဣသရေလလူများ အား သတိပေးရန်။
c) to distinguish Israel from the Egyptians and other nations ဣသရေလလူများကို အခြားသောလူမျိုးများ နှင့် ကွဲကွဲပြားပြားသိစေရန်၊

12.What symbol does the church have that resembles the Passover? (value 4 points) အသင်းတော်များက ထိုပသခါပွဲကို မည်သည့်အခန်းအနားတွင် ပုံဆောင်ကျင်းပကြသနည်း။

a) church membership အသင်းသားအဖြစ်လက်ခံခြင်း

b) baptism နှစ်ခြင်းမင်္ဂလာခံခြင်း

c) The Lord's Supper ပွဲတော်မင်္ဂလာစားခြင်း

13.The covenant God made with Israel at Mount Sinai was conditional. What was the condition? ဘုရားရှင်က ဣသရေလလူမျိုးများနှင့် သိနာတောင်တွင်ပြုခဲ့သော အခြေ အနေပေါ် မူတည်သည်။ ထိုအခြေအနေကား အဘယ်နည်း။ (value 4 points)

a) performing certain rites and ceremonies ပွဲတော်များကို ကျင်းပခြင်း၊

b) acting like a royal kingdom of priests ယဇ်ပုရောဟိတ်များအဖြစ် လုပ်ဆောင်ခြင်း၊

c) obedience to God ဘုရားရှင်အားနာခံခြင်း၊

14.What did the people say when they accepted God's covenant at Mount Sinai? (value 4 points) သိနာတောင်ပေါ်တွင် ဘုရားရှင်နှင့်ပြုခဲ့သောပဋိညာဉ်အားလက်ခံအသိအမှတ်ပြုသည့်အခါ လူများက အဘယ်သို့ ပြောဟာသနည်း။

a) We want God to be our King. ကျွန်ုပ်တို့ ဘုရင်အဖြစ် ဘုရားရှင်ကိုလိုချင်သည်၊

b) We are not worthy of all the Lord has said. ကျွန်ုပ်တို့ သည် ဘုရားရှင်စကား လိုက်နာလောက်အောင် ထိုက်တန်သူများမဟုတ်ပါ၊

c) We are afraid and want to return to Egypt. ကျွန်ုပ်တို့ သည် ကြောက်လန့် သောကြောင့် အီဂျစ်ပြည်သို့ သာပြန်သွားလိုသည်၊

15.Why did God give the Law to Israel? (value 4 points) ဘုရားရှင်ကဣသရေလလူတို့ အားအဘယ့်ကြောင့် ပညတ်တော်များပေးရသနည်း။

a) to show the people what He demanded from them သူတို့ ထံမှ ဘုရားရှင်တောင်းဆိုသောအချက်များကို ဖေါ်ပြရန်၊

b) to help them realize that they were Israelites သူတို့ သည် ဣသရေလလူမျိုးများဖြစ်ကြောင်းသိစေရန်၊

c) to help them to keep from worshipping idols ရုပ်တုဆင်းတုများ ကိုးကွယ်ခြင်းမှ တားဆီးပေးရန်၊

16.Who was the author of the Law? (value 4 points) ပညတ်တော်များကို ရေးသားသူကား အဘယ်သူနည်း။

a) Moses မောရှေ

b) God ဘုရားသခင်

c) the elders of Israel ဣသရေလလူကြီးများ

17.What were the Ten Commandments written on? (value 4 points) ပညတ်တော်ဆယ်ပါးကို မည်သည့်အပေါ်တွင်ရေးခဲ့သနည်း။

a) parchment သားရေပုရပိုက်

b) paper စက္ကူ

c) stone ကျောက်တုံး

18.What did Aaron and the people do while Moses was on the mountain talking to God? (value 4 points) မောရှေကတောင်ပေါ်တွင် ဘုရားရှင်နှင့်စကားပြောနေစဉ် အာရုံ နှင့် လူများဘာလုပ်ကြသနည်း။

a) They prayed for Moses and purified themselves. မောရှေအတွက် ဆုတောင်းပေးကာသန့် ရှင်းစွာနေသည်၊

b) They made a golden calf and fell down and worshipped it. ရွှေနွားရုပ်ကို ပြတ်ဝပ်ရှိခိုးကြသည်၊

c) They gathered materials to construct the Tabernacle.တဲတော်ဆောက်ဖို့ လိုအပ်သောပစ္စည်းများစုဆောင်း ကြသည်၊

19.What did God say to Moses when He saw Israel's idolatry? (value 4 points) ဣသရေလလူများ ရုပ်တုဆင်းတု ကိုးကွယ်ကြောင်းဘုရားရှင်တွေ့ သည့်အခါ မောရှေကိုဘာပြောခဲ့သနည်း။

a) Take the law to the people quickly, and teach them to turn from their sin. ပညတ်တော်များကို အလျှင် အမြန်ယူပြီးနောက်အပြစ်ဒုစရိုက်မှ ဝေးဝေးနေရန်ပြောသည်၊

b) I will come as fire and consume this people and make a new nation from you. ငါသည်မီးကဲ့သို့လာပြီး ထိုလူများကိုလောင်မြိုက်ပျက်စီးစေကာ နိုင်ငံသစ်ကိုတည်မည်၊

c) I will return this people to Egypt so they can again taste the bitterness of slavery. ငါသည် ဤလူများကို အီဂျစ်ပြည်သို့ ပြန်ပို့ ကာ ခါးသီးသောကျွန်ခံခြင်း အရသာကို မြည်းစမ်းစေမည်၊

20.Why did Moses plead with God not to destroy the people? (value 4 points) အဘယ့်ကြောင့် မောရှေက ဤလူများကို မဖျက်ဆီးဖို့ ဘုရားရှင်အားတောင်းပန်သနည်း။

a) He was afraid to be left in the wilderness alone. မောရှေသည် တောနက်ထဲတွင် တဦးတည်းကျန်ရစ်ခဲ့မည် ကို စိုးရိမ်ခဲ့သည်၊

b) He loved the people and didn't feel they were deserving of death. မောရှေသည်သူ၏လူများကိုချစ်သော ကြောင့် သေပြစ်ကျခံရန် မထိုက်တန်ကြောင်း ခံစားရသည်၊

c) He was concerned for the name of God and what the other nations might say. မောရှေသည် ဘုရားရှင် ၏နာမတော်နှင့် အခြားသူများကမည်သို့ ကဲ့ရဲ ကြမည်ကိုစိုးရိမ်သည်၊

21.What did the Israelites do after God punished them for worshipping the golden calf? (value 3 points) ရွှေနွားသငယ်ရုပ်ကိုလုပ်ကာကိုးကွယ်သည့်အတွက် ဘုရားရှင်ကအပြစ်ဒဏ်ခတ်ပြီးနောက် ဣသရေလ လူများ ဘာလုပ်ကြသနည်း။

a) The people hardened their hearts. သူတို့ ၏နှလုံးသားများ မာကြောလာသည်၊

b) The people repented. သူတို့ နောင်တတရားရကြသည်၊

c) The people fled into caves to hide their faces from God. သူတို့ သည် လိုဏ်ဂူများ၌ ဘုရားရှင်မတွေ့မြင် အောင်ပုန်းနေကြသည်၊

22. What did bondage do for the people of Israel? (value 3 points) ဤချည်နှောင်ခြင်းက ဣသရေလလူတို့အား ဘာဖြစ်စေသနည်း။

a) It made the people cry out to God. ထိုသူတို့ အား ဘုရားရှင်ထံအော်ဟစ်သနား ခံစေသည်၊

b) It turned the people away from God. ထိုသူတို့ ကို ဘုရားရှင်နှင့်ဝေးကွာစေသည်၊

c) It made them serve the idols of Egypt. ထိုသူတို့ အား အီဂျစ်ပြည်မှရုပ်တုများကို ကိုးကွယ်စေသည်၊

Matching: Match the names with the phrase. အောက်ပါတို့ ကိုမှန်ကန်စွာယှဉ်တွဲပါ။

23.Many of the children of Israel forgot God in Egypt, but some still believed in Him. Who still believed in God? (value 8 points) ဣသရေလလူများစွာသည် အီဂျစ်တွင်ရှိစဉ် ဘုရားရှင်ကိုမေ့လျော့ကြ သော်လည်း အချို့ မှာထာဝရဘုရားအားကိုးကွယ်ကြဆဲဖြစ်သည်၊ဘုရားရှင်ကိုကိုးကွယ်ဆဲသူတို့ ကားအဘယ်သူတို့ နည်း။

| | | |
|---|---|---|
| _____watched over a brother with God's help<br>ဘုရားရှင်၏မစမှုဖြင့် အကိုအားစောင့်ရှောက်သည် | a) | Moses |
| _____listened to God more than Pharaoh<br>ဖါရောဘုရင်ထက် ဘုရားရှင်အားပိုမို နားထောင်သည် | b) | Miriam |
| _____trusted God with their son's life<br>သူတို့ ၏သားအသက်နှင့်ထပ်တူ ဘုရားရှင်ကိုကိုးစားသည် | c) | Moses' parents |
| _____chose the things of God over the riches of Egypt<br>အီဂျစ်ပြည်တွင်ခံစားရသောစည်းစိမ်ဥစ္စာထက် ဘုရားရှင်၏အရာများကိုသာရွေးချယ်ခဲ့သည် | d) | the mid-wives |

Fill in a word in the blank space. အောက်ပါကွက်လပ်များကိုဖြည့်ပါ။

24. The introduction to the Law is stated in the _____________(value 3 points) ပညတ္တိ ကျမ်းအစကို ( ) တွင် ဖေါ်ပြထားသည်

25. The meaning of the word "exodus" is _________ (value 3 points) ထွက်မြောက်ခြင်း ဟူသော စကားလုံး ၏အနက်အဓိပ္ပါယ်မှာ ( ) ဖြစ်သည်

Exploring God’s Word

A Survey of the Old and New Testaments

Prepared by Polly Strong B.R.E., B.A., M.A.

For Rogma International, Inc. (All Scripture quotations from the KJV of the Bible)

Copyright by Rogma International, Inc. All rights reserved.

---

**Lesson 6**

**Section II – Belonging**

**The Tabernacle, Offerings, Feasts and Priesthood**

- တဲတော်၊ ပူဇော်သက္ကာများ၊ ပွဲတော်များနဲ့ ယဇ်ပရောဟိတ်

**Theme**: ဘုရားသခင်ထံတိုးဝင်ချဉ်းကပ်ရာမှာ သန့်ရှင်းခြင်း၊အပြစ်နဲ့ ခွင့်လွှတ်ခြင်းကို သိဖို့လိုတယ်။

**Goal**: ဘုရားသခင်ထံ ချဉ်းကပ်ရာမှာ ဘုရား ပြင်ဆင်ပေးတဲ့လမ်းအတိုင်း ချဉ်းကပ်ဖို့လိုတယ်။

**Summary**: ဘုရားသခင်နဲ့သက်ဆိုင်ပြီး အထံတော်ချဉ်းကပ်ပြီဆိုရင် သန့်ရှင်းဖို့၊ အပြစ်ဆေးကြောဖို့လိုတယ်။ ဘုရား သခင်က သန့်ရှင်းတယ်။ အပြစ်ကို ရွံရှာလို့ ဖြစ်တယ်။ ဒီအခန်းမှာ အပြစ်ရှိတဲ့လူဟာ သန့်ရှင်းတဲ့ ဘုရားထံ ဘယ်လို ချဉ်းကပ်ရမယ်ဆိုတာ ပြောပါတယ်။ သန့်ရှင်းရာဌာန ဆိုတာ လောကရဲ့အပြစ်တွေထဲကနေ သီးခြားခွဲထားပြီး ဘုရား သခင်ကိုးကွယ်ဝတ်ပြုဖို့ ပြင်ဆင်တဲ့နေရာ ဖြစ်တယ်။ သန့်ရှင်းရာဌာနဟာ ဘုရားသခင်ထံတော်ပါး ယဇ်ပူဇော်ဖို့၊ အပြစ် ဆေး ကြောတဲ့ နေရာ ဖြစ်တယ်။ သန့်ရှင်းရာဌာနဟာ ခရစ်တော်ကိုပုံဆောင်တယ်။ (Hebrews 7:22,24,25; 9:24; 10:1,19-23)

ထွက်မြောက်ရာကျမ်းရဲ့နောက်ဆုံးအခန်းကြီး ၇ ခန်းဟာ တဲတော်တည်ဆောက်ခြင်းကို ပြောပြတယ်။ တဲတော်ဟာ ဘုရားဘုန်းတော် ဆင်းသက်ရာ၊ ကိုးကွယ်ဝတ်ပြုရာဖြစ်တယ်။ ဘုရားဘုန်းတော်ဟာ အသန့်ရှင်းဆုံးဌာနရဲ့ပဋိညာဉ် သေတ္တာ တော်ပေါ်မှာသက်ရောက်တယ်။ ဘုရားက မောရှေကို တဲတော်ဆောက်ဖို့ မှာတယ်။ “ငါသည် သင်တို့တွင် ကိန်းဝပ်ရာ ဖို့ သန့်ရှင်းရာဌာနကို လုပ်ကြစေ။”(Exodus 25:8)။“ထိုအရပ်၌ငါသည်သင်နှင့်တွေ့၍သက်သေခံချက်ထားသောသေ တ္တာ ဖုံးအပေါ် ခေရုဗိမ်နှစ်ပါးစပ်ကြားမှာသင်နှင့်နှုတ်ဆက်သဖြင့် ဣသရေလ အမျိုးသားတို့၌ ဆင့်ဆိုရာသမျှတို့ကိုစီရ င်၏။” (Exodus 25:22) ။ “ထိုအခါ မိုးတိမ်သည် ပရိတ်သတ် စည်းဝေးရာ တဲတော်ကိုလွှမ်းမိုး၍ ထာဝရဘုရား၏ ဘုန်းတော် သည် တဲတော်ကိုဖြည့်လေ၏။” (Exodus 40:34) အပြစ်ရှိသူဟာ ဘုရားသခင်ထံပါး တိုးဝင်ချဉ်းကပ်ဖို့၊ ပြင်ဆင်ဖို့လို တယ်။ ဝတ်ပြုရာကျမ်းဟာ ပူဇော်သက္ကာများ၊ ပွဲတော်များ၊ ပညတ်တော်များနဲ့ ယဇ်ပရောဟိတ်ဘဝ အင[illegible] ကာင်းတွေကို ပြောပြထားတယ်။

**Outline:** ထွက်မြောက်ရာကျမ်း

Exodus Chapters 34-40 တဲတော်တည်ဆောက်ခြင်း

Leviticus - ဝတ်ပြုရာကျမ်း

Chapters 1-10 ယဇ်ပူဇော်ခြင်း၊ ပေးလှူခြင်း၊ ယဇ်ပရောဟိတ်အလုပ်အားဖြင့် ဘုရားထံချဉ်းကပ်ခြင်း

Chapters 11-22 သန့်ရှင်းစွာအသက်ရှင်ခြင်းဖြင့် ဘုရားထံချဉ်းကပ်ခြင်း

Chapters 23 ပွဲတော်များ၊ ပွဲနေ့များအားဖြင့် ဘုရားသခင်ထံ တိုးဝင်ချဉ်းကပ်ခြင်း

Chapters 24-27 ပညတ်တော်များကို စောင့်ထိန်းခြင်းအားဖြင့် ချဉ်းကပ်ခြင်း

**People to know:**လူများ

Moses, Aaron, the priests (Exodus 34-40)

Aaron's sons: Nadab, Abihu, Eleazar, Ithamar (Leviticus 1-27)

**Places to know**:နေရာများ

Sinai, Mount Horeb

**Words to know:** ဝေါဟာရများ**-**

ark (of the covenant or testimony): chest or coffer holding the stone tablets of the law. God's presence dwelt over the ark.

atonement: covering over of sin to bring reconciliation between God and man ceremonies: sacred rites or observances for remembering or symbolizing events or truths communion: meeting of two parties in a common bond of fellowship

consecration: act of setting apart a thing or a person for the worship or service of God

ephod: ယဇ်ပရောဟိတ်မင်း ဝတ်ဆင်ရသော ရွှေ၊ အပြာရောင်၊ အညိုရောင်၊ ခရမ်းရောင် ပါသော ဝတ်ရုံ။ (Exodus 28:31-35)

high priest: the highest, or supreme priest, who represented the people before God

holiness: separated, set apart from all evil

holy days: special days set apart to recognize God and His acts

holy of holies: second room in the tabernacle, separated from the holy place by a heavy veil or curtain. It contained the ark of the covenant where the glory of God was. Only the high priest could enter the holy of holies.

holy feasts: joyous times set aside to commemorate an act of God by eating together

holy place: the first room in the tabernacle where the priests went with the offerings. It housed the table of shewbread, the alter of incense and the candlestick.

laver: a basin where the priests washed their hands and feet when performing their services

sacred: set apart or dedicated for holy use, consecrated

sacrifice or offering: a voluntary gift brought to God to show confession of sin, faith in His redemptive work, thanksgiving and praise

sanctuary: consecrated or holy place; a place of shelter, protection, refuge

shekinah (shechinah): ဘုရားသခင်ဘုန်းတော်ကို ဖော်ပြသောဝေါဟာရ။

tabernacle: tent of meeting. The tabernacle of God was the place where the people met God.

Urim and Thummim: ဥရိမ်နဲ့ ဥသိမ်။ ယဇ်ပရောဟိတ်မင်းရဲ့ဝတ်ရုံရှိ အိတ်ကပ်ထဲမှ အဖိုးတန်ကျောက်နှစ်လုံး။

veil (vail): ကုလားကာ။ သန့်ရှင်းရာဌာနနဲ့ အသန့်ရှင်းဆုံးဌာနကို ပိုင်းခြားထားထားသည့် ထူထဲလေးလံတဲ့ ကုလားကာ။ ယဇ်ပရောဟိတ်မင်းတပါးတည်းသာလျှင် လူများရဲ့အပြစ်ဖြေစရာ၊ ယဇ်ပူဇော်ဖို့ တနှစ်မှာ တကြိမ်သာဝင်ရတဲ့ အသန့်ရှင်းဆုံးဌာနတော်ကို ကာထားတဲ့ ကုလားကာ။

worship: respect and honor shown to God

## Introduction- နိဒါန်း

God instructs His people to come into His presence (Exodus 34-40, Leviticus 1-27)-ဘုရားသခင်ထံ ချဉ်းကပ်ဖို့ နည်းလမ်းကို ညွှန်ပြထားတယ်။

သန့်ရှင်းခြင်း။ ။သန့်ရှင်းခြင်းဟာ ဝတ်ပြုရာကျမ်းရဲ့ အဓိကအကြောင်းရင်းဖြစ်တယ်။ တဲတော်ဆောက်ရာမှာ ဘုရားသခင်ရဲ့ သန့်ရှင်းခြင်းသက်ရောက်ဖို့ ပြင်ဆင်ရတယ်။ဘုရားထံချဉ်းကပ်နည်းကိုပြတယ်။ သန့်ရှင်းတဲ့ဘုရားထံ ချဉ်းကပ်ဖို့ အချက် ၃ ချက်လိုတယ်။ ခွင့်လွှတ်ခြင်း၊ ဆေး ကြောခြင်းနဲ့ ပြန်ဖြေပေးခြင်းဖြစ်တယ်။ခွင့်လွှတ်ခြင်း၊ ဆေးကြောခြင်းနဲ့ ပြန်ဖြေပေးသူ တယောက် ရှိဖို့လိုတယ်။။ သန့်ရှင်းခြင်းဆိုတဲ့စကားကို ဝတ်ပြုရာကျမ်းမှာ အကြိမ် ၈၇ ကြိမ်မက တွေ့ရ တယ်။ "ငါသည် သင်တို့၏ဘုရားသခင် ထာဝရဘုရားဖြစ်၏။ ငါသည် သန့်ရှင်းသောကြောင့် သင်တို့ လည်း ကိုယ်ကို ကိုယ်သန့်ရှင်းစေ၍ သန့်ရှင်းခြင်း ရှိရကြမည်။ (Leviticus 11:44-45; 19:2; 20:7,26) ဘုရားသခင်ကို ပူဇော်ရာမှာ လူဟာ သန့်ရှင်းတဲ့ ဘုရားထံ ချဉ်းကပ်တာဖြစ်လို့ခွင့်လွှတ်ခြင်းခံရဖို့အရေးကြီးတယ်။ဝတ်ပြုရာကျမ်းဟာ ထွက်မြောက် ရာကျမ်းကို အနက်ဖွင့်တဲ့ ကျမ်းတကျမ်းဖြစ် တယ်။ယဇ်ပရောဟိတ်အကြောင်း၊ ပညတ်တော်အကြောင်း၊ တဲတော် အကြောင်းကို အသေးစိတ်ရှင်းပြတယ်။ ထွက်မြောက်ရာကျမ်းက ရွေးနှုတ်ခြင်း၊ အပြစ်ဆေးကြောခြင်း၊ ဝတ်ပြုကိုးကွယ်ခြင်းနဲ့အမှုတော်ဆောင်ခြင်း အကြောင်းရှင်းပြတယ်။ဝတ်ပြုရာကျမ်းကတော့ ရွေးနှုတ်ခံရပြီးတဲ့သူတွေ ဘုရားသခင်ထံပါး တိုးဝင် ချဉ်းကပ်ခြင်း အကြောင်း ပြောပြတယ်။ ထွက်မြောက် ရာကျမ်းမှာ ဘုရားသခင်က သိနာတောင်မှာ စကားပြောတယ်။ လူတွေထံကခွါသွားတယ်။ ဝတ်ပြုရာကျမ်းမှာတော့ ဘုရားသခင်ကလူတွေထံမှာကျိန်းဝပ်ဖို့ တဲတော်ကိုဆင်းသက်လာတယ်။ဝတ်ပြုရာကျမ်းကိုသိနာတောင်မှာရေးတယ်။ဝတ်ပြုရာကျမ်းဟာဓမ္မဟောင်းကာလတလျှောက် ဂျူးလူမျိုးတွေ အတွက်ဘုရားနဲ့မိတ်သဟာယဖွဲ့ဖို့ရေးသားတဲ့အခြေခံကျမ်းဖြစ်တယ်။သခင်ယေရှုခရစ်တော် ကားတိုင်ပေါ်မှာအသေခံပြီးရွေးနှုတ်မယ်ဆိုတာကိုလည်း ကြိုတင်ဖော်ပြထားတဲ့ ကျမ်းဖြစ်တယ်။ဟေဗြဲ သြဝါဒစာကိုဖတ်ပါ။

## THE LESSON - သင်ခန်းစာ

**I. GOD CAME TO LIVE WITH HIS PEOPLE IN THE TABERNACLE: THE PLACE OF FORGIVENESS, WORSHIP, AND COMMUNION (Exodus 34-40) -** ဘုရားသခင်က လူတွေထံမှာ ကျိန်းဝပ်ဖို့ တဲတော်ကို ကြွလာတယ်။တဲတော်ဟာ ခွင့်လွှတ်ရာနေရာ၊ ဝတ်ပြုကိုးကွယ်ခြင်းနဲ့ မိတ်သဟာယဖွဲ့တဲ့နေရာဖြစ်တယ်။

**A. God wrote the law again (Exodus 34:1-35) -** ဘုရားသခင်က ပညတ်တော်ကို ပြန် ရေးတယ်။ ရွှေနွားသူငယ်ရုပ်နဲ့ ပြစ်မှားပြီးတဲ့အခါဘုရားကမောရှေကို ခေါ်တယ်။နောက်ထပ်ကျောက်ပြားနှစ်ပြား လုပ်ခိုင်းတယ်။ "ထာဝရဘုရား၊ ထာဝရဘုရား ချစ်သနားခြင်း မေတ္တာဂရုဏာနှင့် ပြည့်စုံ၍ စိတ်ရှည်ခြင်း၊ ကျေးဇူးပြုခြင်း၊ သစ္စာ စောင့်ခြင်းနှင့် ကြွယ်ဝတော်မူသော အထောင်အသောင်း များသော သူတို့အား သနားခြင်းကျေးဇူးတရားကို စောင့် တော်မူထသော အဓမ္မကျင့်ခြင်း၊ တရားတော်ကိုလွန်ကျူးခြင်းပြစ်မှားခြင်းအပြစ်တို့ကို ဖြေလွှတ်သော်လည်း အချည်းနှီး သက်သက် ဖြေလွှတ်တော်မမူသော၊သားစဉ်မြေးဆက် တတိယအဆက်၊ စတုတ္ထအဆက်တိုင်အောင် အဘတို့အပြစ်ကို သားတို့၌ ဆပ်ပေးတော်မူသော ဘုရားသခင်. . ."(Exodus 34:6-9) မောရှေဟာ ဣသရေလလူမျိုးထံ ဘုရားသခင် ပြန်ကြွလာဖို့ ဆုတောင်းခဲ့ရတယ်။

ပြည်တော်ကိုအမွေပေးမယ်လို့ ဘုရားဂတိပေးထားတယ်။ တခြားလူမျိုး၊တခြားတိုင်းနိုင်ငံနဲ့ ပဋိညာဉ် ပြုထားတာမရှိဘူး။ တခြားလူမျိုးတွေဟာဘုရားသခင်ကိုစွန့်ခွါပြီးတခြားဘုရားကိုကိုးကွယ်ကြတယ်။ ဒါကြောင့် "ငါမှတပါး တခြားသော ဘုရားကိုမကိုးကွယ်ရ" လို့ မိန့်တော်မူတယ်။ (Exodus 34:13,14) တပါးအမျိုးသားတွေနဲ့ အိမ်ထောင်မပြုဖို့၊ ရုပ်တု ဆင်းတု မလုပ်ဖို့လည်း ဘုရားသခင်သတိပေးတယ်။ မောရှေဟာရက်ပေါင်း ၄၀ လုံးလုံး သိနာတောင်မှာ ဘုရားသခင်နဲ့ အတူရှိတယ်။ တောင်ပေါ်ကဆင်းလာတော့သူ့မျက်နှာမှာဘုရားသခင်ရဲ့ဘုန်းတော်ကို တွေ့ရတယ်။ဒါကို လူတွေပြောပြ တော့ သူက မျက်နှာကို ဖုံးအုပ်ခဲ့ရတယ်။ (Exodus 34:27-30)

**B. The construction of the tabernacle (Exodus 35-40)** တဲတော်တည်ဆောက်ခြင်း

မောရှေဟာ ဘုရားသခင် စကားတော်ကို ပြန်ပြောပြတယ်။တဲတော်ကိုလည်းစကားတော်အတိုင်း တည်ဆောက်တယ်။

1. ဣသရေလလူမျိုးတွေဟာ တဲတော်အတွက်လိုတာတွေကို စေတနာစိတ်နဲ့ ပေးလှူကြတယ်။ (Exodus 35,36) ဒီပေးလှူခြင်းတွေဟာ ဘုရားသခင်အပေါ်ထားတဲ့ သူတို့ ရဲ့ချစ်ခြင်းမေတ္တာကို ဖော်ပြနေတယ်။ ဘုရားသခင်က ယုဒအမျိုး ဗာဇလေနဲ့၊ ဒန်အမျိုး အဟောလိဗတို့ကို အလုပ်လုပ်ဖို့ ခေါ်တယ်။ သူတို့ကို သန့်ရှင်းသောဝိညာဉ်တော်နဲ့ ပြည့်စေလို့ ဉာဏ်ရှိတယ်။ အလုပ်လုပ်နိုင်တယ်။ တခြားသူတွေကိုလည်း သင်ပြပေးနိုင်တယ်။ (Exodus 35:30-35) လူတွေဟာ တဲတော်အတွက် လိုအပ်တာထက် ပိုပြီးတော့ ပေးလှူခဲ့ကြတယ်။ (Exodus 36:2-7)

2. ဣသရေလလူမျိုးတွေဟာ ဘုရားသခင်မိန့်မှာတဲ့အတိုင်း လုပ်ဆောင်ခဲ့တယ်။(Exodus 36-39) ကုလားကာ၊ အကာ အရံ၊ တဲတော်အတွက် အတွင်းပစ္စည်း၊ အပြင်ပစ္စည်းတွေ၊ ပဋိညာဉ်သေတ္တာ၊ အခန်းတွေ၊ တံခါးဝတွေကို ပြင်ဆင်ခဲ့ကြ တယ်။ (Exodus 36-38). အာရုန်နဲ့ ယဇ်ပရောဟိတ်တွေ အတွက်လည်း ဝတ်ရုံတွေ ချုပ်ပေးကြတယ်။ "ထာဝရ ဘုရား အတွက် သန့်ရှင်းခြင်း" ဆိုတဲ့ခေါင်းမှာဆောင်းဖို့ သရဖူသင်းကျစ်ကိုလည်းလုပ်ပေးကြတယ်။(Exodus 39-30)လုပ်ငန်း အားလုံး ကောင်းမွန်စွာ ပြီးစီးတာကို မောရှေမြင်တဲ့အခါ လူတွေကို ကောင်းကြီးပေးတယ်။ (Exodus 39:42,43)

**3. The function of the tabernacle - တဲတော်ရဲ့အသုံးဝင်မှု**

- လူတွေထံမှာ ဘုရားသခင် ကျိန်းဝပ်ဖို့ သန့်ရှင်းတဲ့နေရာဖြစ်တယ်။
- ဘာသာရေး လူမှုရေးနဲ့ ကိုယ်ကျင့်တရားအတွက် ပင်မဌာနတခု ဖြစ်တယ်။ ယဇ်ပူဇော်ရာ ကျေးဇူး တော်ချီးမွမ်းရာ ပွဲနေ့များကျင်းပရာ နေရာဖြစ်တယ်။
- ဘုရားသခင် သွန်သင်ချင်တဲ့အရာတွေကို မျက်မြင်ထင်ရှား ဖော်ပြရာအရုပ်ဖြစ်တယ်။ တဲတော်ဟာ ခရစ်တော်အားဖြင့် ကယ်တင်ခြင်းရနိုင်တယ်ဆိုတာကို ပုံဆောင်ပြရာ နေရာ ဖြစ်တယ်။ (Read Hebrews 8-10.)

**4. The structure of the tabernacle - တဲတော်ဖွဲ့စည်းပုံ**

a.တဲတော်ဝင်းဟာ ၁၇၂ ပေ x ၈၆ ပေကျယ်ဝန်းတယ်။ အပြာရောင်၊ နီညိုရောင်၊ အပြာရင့် ရောင် စတဲ့အရောင်တွေ မွန်းမံထားတဲ့ ကုလားကာတွေနဲ့ ကာထားတယ်။ အကာရှ သစ်သားတိုင် တွေနဲ့ ဆောက်တယ်။ တခုတည်းသော အဝင် ဝကတော့ မီးရှို့ရာယဇ်ပလ္လင် (Exodus 38:1-7)ကိုသွားတဲ့လမ်း ဖြစ်တယ်။ ဝတ်ပြုခြင်းဆိုင်ရာဆေးကြောခြင်းအတွက် အင်တုံ (Exodus 38:8) ရှိတယ်။ ဒီအသုံးအဆောင်တွေဟာ ဘုရားထံချဉ်းကပ်တဲ့ တခုတည်းသော ကယ်တင်ခြင်း လမ်း၊ အပြစ်ခွင့်လွှတ်ခြင်းနဲ့ ဆေးကြောခြင်းကို ပုံဆောင်တယ်။

b.တဲတော်ဟာ အကာရှသစ်သားကို ရွှေကွပ်ပြီး ဆောက်တယ်။ သားရေနဲ့ ဖုံးအုပ်တယ်။ အခန်း နှစ်ခန်းပါတယ်။ သန့်ရှင်းရာဌာနနဲ့ အသန့်ရှင်းဆုံးဌာနဖြစ်တယ်။ ကုလားကာနဲ့ ပိုင်းထားတယ်။

- သန့်ရှင်းရာဌာနမှာ အသက်မုန့်ဖြစ်တဲ့ ခရစ်တော်ကိုပုံဆောင်တဲ့ ရှေ့တော်မုန့်စားပွဲရှိတယ်။ (Exodus 37:10-16; John 6:32-35) ရွှေနဲ့လုပ်ထားတဲ့ မီးတိုင်ရှိတယ်။ ဤလောက၏ အလင်းဖြစ်တဲ့ ခရစ်တော်ကို ပုံဆောင်တယ်။ (Exodus 37:17-24; John 1:1-12; 9:5) ခရစ်တော်ရဲ့ဆုတောင်းပေးခြင်းကို ပုံဆောင်တဲ့ နံ့သာပေါင်းပူဇော်ရာ ရွှေပလ္လင်ရှိ တယ်။ (Exodus 37:25-29; John 17) ဒါတွေအားလုံးဟာ ရွေးနုတ်ခြင်းခံရသူအားလုံးလျှောက်ရာလမ်းမှာ ပါဝင်တဲ့ အရာဖြစ်တယ်။
- အသန့်ရှင်းဆုံးဌာနမှာ ပဋိညာဉ်သေတ္တာတော်နဲ့ ဘုရားသခင်ရဲ့ဘုန်းအသရေတော်ရှိတယ်။

**THE TABERNACLE - တဲတော်**




**1.The ark and the glory of God (Exodus 37). ပဋိညာဉ်သေတ္တာနဲ့ ဘုရားသခင်ရဲ့ဘုန်းတော်**

တဲတော်ရဲ့အဓိကအရာဟာ ပဋိညာဉ်သေတ္တာ ဖြစ်တယ်။ အကာရှသစ်သားနဲ့လုပ်ပြီး အတွင်းရောအပြင်ရော ရွှေစင်နဲ့ ဖုံး ထားတယ်။ သေတ္တာတော်ကို ယဇ်ပုရောဟိတ်တွေ သယ်နိုင်ဖို့ တဘက် တချက်မှာရွှေကွင်းနှစ်ကွင်းစီတပ်ထားတယ်။ ခေရုဗိမ်နှစ်ပါးကမျက်နှာချင်းဆိုင်ရှိပြီး သေတ္တာတော်ကို အတောင်တွေဖြန့်ကျက် အုပ်မိုးထားတယ်။ ဒါက ဘုရားသခင် ရဲ့ကွယ်ကာစောင့်ရှောက်ခြင်းကို ပုံဆောင်တယ်။ ဘုရားသခင်ရဲ့ဘုန်းတော်ဟာခေရုဗိမ်တွေကြားမှာ ကျိန်းဝပ်တယ်။ ပဋိညာဉ် သေတ္တာဟာ အတွင်းမှာ ပညတ်တော်(၁၀) ပါး ကျောက်ပြားတွေ ထည့်ထားတယ်။ မန္နမုန့်အိုးနဲ့ အာရုန်ရဲ့လှံ လည်းရှိတယ်။ သေတ္တာတော်ထဲမှာ ပညတ္တိကျမ်းစာလည်း ထည့်ထားတယ်။ တနှစ်တကြိမ် ယဇ် ပုရောဟိတ်မင်းက လူ တွေရဲ့အပြစ်အတွက် သေတ္တာတော်ပေါ်မှာယဇ်ပူဇော်တယ်။ဘုရားသခင်နဲ့ စကားပြောတယ်။ သေတ္တာတော်ဟာ ဘုရား သခင်လျှောက်စေချင်တဲ့လမ်းကိုလူတွေ လျှောက်ဖို့ ပုံဆောင်တာဖြစ်တယ်။

5. The tabernacle was set up (Exodus 40) - တဲတော်ဆောက်လုပ်ပြီးစီးခြင်း (သေတ္တာတော်ကို တဲတော်ထဲမှာ ထားကြတယ်။)ပါဝင်တဲ့ အသုံးအဆောင်အားလုံးကိုလည်းနေရာတကျ ထားကြတယ်။ (Exodus 40:1-33) သိနာတောင်မှာ လူတွေကို လမ်းပြခဲ့တဲ့ မိုးတိမ်ဟာ အခုတဲတော်ထဲမှာ ကျိန်းဝပ်နေပြီ။ (Exodus 40:34-38) ဘုရားသခင်က လူတွေနဲ့ အတူနေပြီ။ တဲတော်ဟာ ရှောလမုန်ဗိမာန်တော် ဆောက်သည့်အချိန်မတိုင်ခင်အထိ ဝတ်ပြုကိုးကွယ်ရာဌာန အဖြစ် ရှိခဲ့တယ်။ ဣသရေလလူမျိုးတွေအတွက် ခရစ်တော် သခင်ကြွလာသည့်တိုင်အောင် ဝတ်ပြု ရာဌာနဖြစ်တယ်။ ခရစ်တော်က ကားတိုင်မှာအသေခံပြီး ဗိမာန်တော် ကုလားကာ ကွဲသွားတယ်။ (Matthew 27:51; Mark 15:38; Luke 23:45) တဲတော်ဟာ အရေးကြီးတယ်။ အပြစ်သားက သန့်ရှင်းတဲ့ဘုရားထံ ချဉ်းကပ်ပုံကို ပုံဆောင်တယ်။

**A.Things to Think About :** ဆင်ခြင်စရာများ

5.ယဇ်ပုရောဟိတ်က တဲတော်ထဲ မဝင်ခင် လုပ်ရမယ့်အချက်နှစ်ချက်က ဘာတွေလဲ? မီးရှို့ရာယဇ်က အပြစ်အတွက်ဖြစ်တယ်။ အင်တုံက ဆေးကြောဖို့ဖြစ်တယ်။ ဒီအရာတွေက ဘာကို ပုံဆောင်သလဲ?အပြစ်ဝန်ခံပြီးခရစ်တော်ရဲ့အသွေး တော်ဆေးကြောခြင်းကိုလက်ခံရင်ခွင့်လွှတ်ခြင်းနဲ့ ဆေးကြောခြင်းရတယ်။လူတယောက်ဟာခွင့်လွှတ်ခံရဖို့ဆေးကြော ခံရဖို့ ဒီနေ့ ဘာလို အပ်သလဲ။ (Read 1 John 1:9)

6.တဲတော်ရဲ့ပထမအခန်းထဲမှာရှိတဲ့အရာသုံးခု။ ရှေ့တော်မုန့်၊ စားပွဲ၊ရွှေမီးတိုင်နဲ့ နံ့သာပေါင်း ပူဇော်ရာပလ္လင်တွေဟာ ဘုရားနှုတ်ကပတ်တော်ကို စားသောက်ခြင်း၊ ဝိညာဉ်တော်အားဖြင့် ဉာဏ်အလင်းရခြင်း၊ဆုတောင်းခြင်းအားဖြင့် ဘုရား သခင်နဲ့ စကားပြောခြင်းတွေကို ပုံဆောင်တယ်။

7.ဣသရေလလူမျိုးဟာ တဲတော်အတွက် စေတနာထက်သန်စွာနဲ့ ပေးလှူတယ်။ဘုရားကိုသူတို့ချစ်တာရှိသေတာကို ပြတယ်။ သူတို့နဲ့အတူဘုရားသခင်လာပြီးမိတ်သဟာယ ဖွဲ့စေချင်ကြတယ်။

## THE BOOK OF LEVITICUS - ဝတ်ပြုရာကျမ်း

**Maintaining Communion with God** ဘုရားသခင်နဲ့ မိတ်သဟာယဖွဲ့မြဲ ဖွဲ့ခြင်း **(Leviticus 1-27)**

I. **LEVITICUS IS A BOOK TO THE REDEEMED ABOUT THEIR ACCESS TO AND COMMUNION WITH GOD IN WORSHIP AND SUPPLICATION-** ဝတ်ပြုရာကျမ်းဟာ ရွေးနှုတ်ခံရ သူတွေအနေနဲ့ ဘုရားသခင်နဲ့ ဆက်လက် မိတ်သဟာရ ဖွဲ့နေဖို့ အကြောင်း ရေးထားတဲ့ စာအုပ်ဖြစ်တယ်။

A.**Leviticus is divided into two major parts:** ဝတ်ပြုရာကျမ်းကို အဓိက နှစ်ပိုင်းခွဲနိုင် တယ်။

1.The way to God-ဘုရားသခင်ထံသွားသောလမ်း (Leviticus 1-10)

2.A holy walk with God-ဘုရားသခင်နဲ့ သန့်ရှင်းစွာ လျှောက်လှမ်းခြင်း (Leviticus 11-27)

B.ဝတ်ပြုရာကျမ်းထဲမှာ နာဒပ်၊ အဘိဟုတို့နဲ့ ပတ်သက်တဲ့ဖြစ်ရပ်တခု ပါလာတယ်။ (Leviticus 10:1-3).

C.ဝတ်ပြုရာကျမ်းဟာ လေဝိရဲ့သား ယဇ်ပုရောဟိတ်တွေအတွက် ရေးတဲ့စာအုပ် ဖြစ်တယ်။ ဒါကြောင့် Leviticus လေဝိသားများကျမ်း လို့ အမည်ပေးတာဖြစ်တယ်။

D.ဝတ်ပြုရာကျမ်းဟာ ထွက်မြောက်ရာကျမ်းကို အနက်ဖွင့်တဲ့ ကျမ်းတစောင်ဖြစ်တယ်။ အပြစ် သားနဲ့ သန့်ရှင်းတဲ့ဘုရားကြားက ဆက်သွယ်မှုအသေးစိတ်ကို ရှင်းပြတယ်။

II.**COMMUNION IS INITIATED AND MAINTAINED THROUGH:** မိတ် သဟာယ ဖွဲ့ခြင်းကို အစပြု ခြင်းနှင့် ဆက်လက်တည်တံ့စေခြင်း

A.ယဇ်ပူဇော်ခြင်းနဲ့ ပူဇော်သက္ကာများဟာ ပေးလှူသူရဲ့စိတ်သဘောကိုပြတယ်။ **(Leviticus 1-10).**

ဘုရားသခင်က သန့်ရှင်းတဲ့အတွက် ကိုးကွယ်သူဟာ သန့်ရှင်းဖို့လိုတယ်။ အပြစ်ခွင့်လွှတ်ခြင်းနဲ့ ဆေးကြောခြင်းအတွက် လည်း အသွေးသွန်းပြီးတော့ ကြားဝင် ပြန်ဖြေပေးမယ့် အာမခံလိုတယ်။ (အပြစ်အတွက် ပေးဆပ်ခြင်းကို Genesis 3:15; Romans 6:23 မှာ တွေ့ရတယ်။) ဘုရားရဲ့သန့်ရှင်းခြင်းနဲ့ တရားတော်မူခြင်းဟာ ယဇ်ပူဇော်ခြင်းကို တောင်းဆိုတယ်။ ဝတ်ပြုရာကျမ်းမှာတွေ့ရတဲ့ယဇ်ပူဇော်ခြင်းဟာသခင်ခရစ်တော်ရဲ့ယဇ်ပူဇော်ခြင်းကိုညွှန်ပြနေတယ်။ ဘုရားသခင်က ယဇ်ပူဇော်တဲ့ နည်းလမ်းကို ပြင်ဆင်ပေးတယ်။ ဣသရေလလူမျိုးတွေဟာ ဘုရားသခင်က ယဇ်ပူဇော်ခြင်းအတွက် မစတာကို ယုံကြည်ကြောင်း ပြကြတယ်။ ပူဇော်သက္ကာတွေ ယူလာတာဟာအပြစ်ကိုနောင်တရပြီး၊ကျေးဇူးတော် ချီးမွမ်း ဖို့ ဖြစ်တယ်။ ယဇ်ပုရောဟိတ်တွေဟာ ယဇ်တွေကို ဘယ်လိုပြင်ဆင်ရမယ်ဆိုတာ အသေးစိတ် ညွှန်ကြားခံရတယ်။ ဗိမ္မာန်တော်မှာ ဘယ်လို ဝတ်ပြု ကိုးကွယ်ရမယ် ယဇ်နဲ့ အလှူတွေကို ဘယ်လိုလက်ခံရမယ်ဆိုတာတွေကို ပြောတယ်။

1. ဓမ္မဟောင်းကျမ်းရဲ့ယဇ်ပူဇော်ခြင်းတွေ နည်းစနစ်တွေဟာ အာဒံ အပြစ်ကျဆင်းရာ ဒေင်မှာ အစပြုတယ်။ ဘုရားက လူကို ပြန်လာစေချင်တယ်။ တိရိစ္ဆာန်အသွေးအားဖြင့် အပြစ်ဖြေပြီး အာဒံ ဧဝကိုပြန်လာစေတယ်။ (Genesis 3:21)

လူက ကိုယ့်နည်းကိုယ့်ဟန်နဲ့ ဘုရားထံ ချဉ်းကပ်ဖို့ကြိုးစားတယ်။ (Genesis 3:7; 4:1-7) ဒါကို ဘုရား မကြိုက်ဘူး။ ခရစ်တော်ရဲ့အသွေးတော်ကသာ အပြစ်တွေကို ဆေးကြောပေးတယ်။ (Hebrews 9:14) ဓမ္မဟောင်းကျမ်းမှာ ဘုရားသခင်ထံ ချဉ်းကပ်သူတိုင်းဟာ အသွေးသွန်းလောင်း ခြင်းအားဖြင့် တိုးဝင်ရတယ်။ အာဗေလ၊နောဧ၊ယာကုပ်၊ အာဗြဟံ၊ ဣဇာက် စသဖြင့်- - - (Genesis 4:4; 8:20; 31:54; Job 1:5; 42:8) အသွေးသွန်းလောင်းခြင်းမရှိရင် အပြစ်ဖြေ လွှတ်ခြင်းမရှိ။ (Hebrews 9:22) ဣသရေလလူမျိုးတွေကိုအီဂျစ်ပြည်မှမောရှေခေါ်ထုတ်လာတဲ့အခါ ဘုရားကအသွေး သွန်းလောင်းခြင်းနဲ့ပတ်သက်တဲ့ အရာကို ညွှန်ကြားတယ်။ ဘုရားသခင်ရဲ့သန့် ရှင်းတော်မူခြင်းနဲ့ တရားတော်မူခြင်း ဟာ ယဇ်ပူဇော်ဖို့တောင်းဆိုတယ်။ ရွေးနှုတ်ခြင်းလမ်းကိုလည်း ပြင်ဆင်ပေးတယ်။ ဘုရားသခင် ကိုယ်တော်တိုင်

ဟာ စုံလင်တဲ့ယဇ်အဖြစ် ဆင်းသက်လာခဲ့ရတယ်။ (Hebrews 9:23-28) လူဟာ အပြစ်သားဖြစ်တဲ့အတွက် အပြစ်နဲ့ ညစ် ညူးတယ်။ လူကိုယ်တိုင်မလုပ်နိုင်တဲ့အရာအတွက်ရွေးနုတ်တဲ့ကယ်တင်ရှင်လိုတယ်။ဓမ္မဟောင်းကျမ်းရဲ့ယဇ်ပူဇော်ခြင်း အားလုံးဟာ ဘုရားသခင်ရဲ့သိုးသူငယ်ဆိုတဲ့ ကားတိုင်ပေါ်မှာ လူသားတွေအပြစ်အတွက် အသေခံခဲ့တဲ့ ခရစ်တော်ရဲ့စုံလင်ခြင်းကိုညွှန်ပြတယ်။(John 1:29)ယဇ်ပရောဟိတ်ဆိုတာ လေဝိသားတွေကို ခန့်တဲ့နေရာ ဖြစ်တယ်။ နောင်ကြွ လာမယ့်သခင် မေရှိယကို ပုံဆောင်တာဖြစ်တယ်။

2. The five offerings show different aspects of Christ (Leviticus 1:1- 6:1) - ယဇ်ပူဇော်ခြင်းငါးမျိုးဟာ ခရစ် တော်ရဲ့အကြောင်းကို ပုံဖော်ကြတယ်။

a. ဘုရားထံ မိတ်သဟာယပြုမယ့်ယဇ်များ

- မီးရှို့ရာယဇ် (Leviticus 1:1-17) ခရစ်တော်က ခမည်းတော်ရဲ့အလိုကို အပြည့်အဝခံခြင်းကို ပြတယ်။ ပေးလှူသူဟာ ယဇ်ကောင်အပေါ်မှာ လက်ကိုတင်ပြီးတော့ ပူဇော်ရတာဖြစ်တယ်။
- ဘောဇဉ်ပူဇော်သက္ကာ (Leviticus 2:1-16) ခရစ်တော်ရဲ့အပြစ်ကင်းမဲ့တဲ့ အစေခံခြင်းကို ပြတယ်။
- မိတ်သဟာယယဇ် (Leviticus 3:1-17) ယုံကြည်သူက ဘုရားနဲ့မိတ်သဟာယဖွဲ့ရာမှာ ကားတိုင်မှာ ခရစ်တော် အသေ ခံခြင်းကို ပြောပြတယ်။

b. ဘုရားသခင်နဲ့ မိတ်သဟာယ ပျက်သူတွေအတွက် ပူဇော်ခြင်းများ

- အပြစ်ဖြေရာယဇ် (Leviticus 4:1-13) ခရစ်တော် အပြစ်ကို သယ်ဆောင်တာကိုပြတယ်။
- ဒုစရိုက်ဖြေရာယဇ် (Leviticus 5:14-6:7) အပြစ်ရဲ့ဆိုးကျိုးတွေကို ခရစ်တော်ခံရခြင်းကိုပြတယ်။

3. Laws concerning the offerings (Leviticus 6:8-7:38) ယဇ်ပူဇော်ခြင်းဆိုင်ရာ ပညတ်တော်များ

a.မီးရှို့ရာယဇ်ပလ္လင်က မီးဟာ အခန်းကြီး ၁ မှာ ဖေါ်ပြတဲ့အတိုင်းနေ့ရောညပါ လောင်ကျွမ်းနေရတယ်။ ဘယ်တော့မှ မငြိမ်းရဘူး။ (Leviticus 6:13)

b.ဘောစဉ်ပူဇော်သက္ကာရဲ့အစိတ်အပိုင်းတချို့grain offering ဟာ ယဇ်ပရောဟိတ်တွေ စားစရာဖြစ်တယ်။ (Leviticus 6:14-18)

c.ဘောစဉ်ပူဇော်သက္ကာတချို့Meal offering ဟာ ယဇ်ပရောဟိတ်တွေအတွက် နေ့ရောညပါ မီးရှို့ရာယဇ်ပြုရတယ်။ (Leviticus 6:19-23)

d.တချို့သောယဇ်ပူဇော်တဲ့အရာတွေကယဇ်ပရောဟိတ်တွေကိုပေးရတယ်။ ဒါပေမယ့်မိတ်သဟာယဖွဲ့ရာယဇ်ကတော့ မီးနဲ့ လုံးဝလောင်ကျွမ်းစေရတယ်။(Leviticus 6:24-30) ဒုစရိုက်ဖြေရာယဇ်ထဲက တချို့အရာတွေက မီးရှို့ပစ်ရပြီး တချို့အရာတွေက ယဇ်ပရောဟိတ် ကို ပေးရတယ်။ (Leviticus 7:1-10)

e.မိတ်သဟာယယဇ်က သစ္စာဂတိအတွက်ဖြစ်စေ၊ ဆက်ကပ်တာနဲ့ ပတ်သက်လို့ဖြစ်စေ ကျေးဇူးတော် ချီးမွမ်းဖို့ရာ ပူဇော်တာဖြစ်တယ်။ (Leviticus 7:11-31)

f. ချီလွှဲရာပူဇော်သက္ကာကတော့ ယဇ်ပရောဟိတ်တွေအတွက်ဖြစ်တယ်။ (Leviticus 7:32-38)

4. Consecration of the priests (Leviticus 8-10) - ယဇ်ပရောဟိတ်များဆက်ကပ်ခြင်း

ယဇ်ပရောဟိတ်တွေဟာ သူတို့လည်း အပြစ်သားဖြစ်တော့ သန့်ရှင်းရာဌာနထဲကို ပြန်ဖြေသူမပါဘဲ ဝင်လို့မရဘူး။ ဝတ်ပြုရာကျမ်းက ယဇ်ပရောဟိတ်ဆိုတာ ဒီအကြောင်းကို ပြောပြနေတာဖြစ်တယ်။ ယဇ်ပရောဟိတ်မင်းဟာ ဘုရား သခင်ထံ တနှစ်မှာ တကြိမ်ပဲ တိုက်ရိုက်ဝင်ခွင့်ရှိတယ်။ ဒါကလည်း ခရစ်တော်ကိုပုံဆောင်တယ်။ ခရစ်တော်သာလျှင် လူနဲ့ ဘုရားသခင်ကြားမှာ ပြန်ဖြေသူ အာမခံ ဖြစ်တယ်။ (John 14:6; 1Timothy 2:5)

ယဇ်ပရောဟိတ်တွေကို (Exodus 28-29) မှာပါတဲ့အတိုင်း ခန့်အပ်ဖို့ မောရှေကို တာဝန်ပေးတယ်။ သူတို့မှာ ခါးစည်းကြိုး၊ ဝတ်ရုံ၊ ရင်စည်း၊ ဥရိမ်နဲ့ ဥသိမ်၊ ခေါင်းမှာ သင်းကျစ်၊ သန့်ရှင်းတဲ့သရဖူ စတာ တွေပါတယ်။ (Leviticus 8:7-9) မောရှေက အာရုန်နဲ့ သူ့ရဲ့သားတွေအတွက် ယဇ်ပူဇော်ပေးတယ်။ သူတို့လက်တွေကို ယဇ်ကောင်ပေါ်မှာတင်ထားပြီး အသေခံတဲ့ ဆက်ကပ်မှုကို ပုံဖော်ကြတယ်။ အပြည့်အဝနာခံမှုဟာ အရေးကြီးတယ်။ နာဒပ်နဲ့ အဘိဟုဆိုတဲ့ အာရုန်သားတချို့ဟာ ထူးဆန်းတဲ့ မီးကို ပူဇော်တယ်။ ဘုရားသခင်ကို ထူးဆန်းတဲ့မီးနဲ့ ကိုယ့်နည်းအတိုင်းပူဇော်ကြတော့ သေပြစ် သင့်တယ်။ အာရုန်ကိုယ်တိုင်ပင်လျှင် သားတွေကိုသင်္ဂြိုလ်ဖို့ ခွင့်ပြုချက်မရဘူး။ ညစ်ညူးသွားလို့ ဖြစ်တယ်။ (Leviticus 10:1-6)

B. ဣသရေလဟာ အသက်တာမှာ သစ္စာရှိခြင်း၊ နာခံခြင်းအားဖြင့် သန့်ရှင်းတဲ့အသက်တာကိုပြရတယ်။ (Leviticus 11-22) ဣသရေလလူမျိုးကို မြို့ပြပညတ်တွေ နေ့စဉ်အသက်တာအတွက် ပေးတယ်။ ဝတ်ပြုရာပညတ်တွေပေးတယ်။ ဘုရားသခင်က သန့်ရှင်းတဲ့အတွက် ဘုရားသခင်ထံ ချဉ်းကပ်တဲ့သူတွေဟာ သန့်ရှင်းဖို့လိုတယ်။

| | |
|---|---|
| 1.စင်ကြယ်ခြင်းနဲ့ဆိုင်တဲ့ ပညတ်များ | Leviticus 11-15 |
| 2.အပြစ်ဖြေခြင်း | Leviticus 16-17 |
| 3.ဘုရားသခင်နဲ့ လူရဲ့ဆက်သွယ်မှု အတူလျှောက်လှမ်းမှု | Leviticus 18-22 |

C. ပွဲတော်များနှင့် အထုံးအဖွဲ့တော်တွေဟာ ဣသရေလလူမျိုးအတွက် ဘုရားသခင်ပြုဖူးသမျှကို မှတ်မိဖို့၊ ကျေးဇူးချီးမွမ်းဖို့၊ အနာဂတ်မှာ ဂတိတော်တွေကို မျှော်လင့်တတ်ဖို့ဖြစ်တယ်။ (Leviticus 23)

**The seven feasts of Jehovah-** ထာဝရဘုရားရဲ့ပွဲတော် ခုနစ်ပွဲ

Sabbath - ဥပုသ်နေ့ (Leviticus 23:1-3) ကယ်တင်ခြင်းကိုဖော်ပြသော ပွဲတော်များ

1. Passover: (ပသခါပွဲ) ဘုရားသခင်ရဲ့သိုးသူငယ်တော်က ကိုယ်စားအသေခံတာကိုပြတဲ့ပွဲ (Leviticus 23:4-5). ခရစ်တော်က ပသခါပွဲနေ့မှာ အသေခံတယ်။ (Luke 22).
2. Unleavened Bread: တဆေးမဲ့မုန့်ပွဲနေ့။ ။ ယုံကြည်သူ သန့်ရှင်းစွာလျှောက် လှမ်းဖို့ကို ပုံဆောင်တယ်။ (Leviticus 23:6-8; 1 Corinthians 5:8).
3. Firstfruits: အဦးသီးပွဲ။ ။ ခရစ်တော်ရဲ့ရှင်ပြန်ထမြောက်ခြင်းဟာ ယုံကြည်သူအားလုံး ရှင်ပြန်ထမြောက်ဖို့ရန် အတွက်အဦးသီးတဲ့အသီးဖြစ်တယ်။ (Leviticus 23:9-14; 1 Corinthians 15:20-23) ခရစ်တော်ဟာ အဦးသီးသော ပွဲနေ့မှာ ထမြောက်ခဲ့တာဖြစ်တယ်။
4. Pentecost: ပင်တေကုတ္တေနေ့။ ။ ခရစ်တော် ကောင်းကင်ပေါ်တက်ကြွပြီး သန့် ရှင်းသောဝိညာဉ်တော် ဆင်းသက်တဲ့ နေ့ဖြစ်တယ်။ (Leviticus 23:15-22). (ခရစ်တော် ဒုတိယအကြိမ်ကြွလာခြင်းနဲ့ဆိုင်တဲ့ ပွဲနေ့တွေကတော့ ဣသရေလပြက္ခဒိန်မှာ ပွဲနေ့ ၄ မျိုးနဲ့ မပတ်သက်ဘဲ သီးခြားဖော်ပြထားတာ တွေ့ရတယ်။)

5. Trumpets: တံပိုးမှုတ်ရာပွဲနေ့။ ။ဣသရေလလူမျိုးတွေပြည်တော်ကိုအနာဂတ်မှာ ရောက်လာစုရုံးမယ့်နေ့ဖြစ်တယ်။ (Leviticus 23:23-25).

6. Day of Atonement: အပြစ်ဖြေရာနေ့။ ။ အနာဂတ်ကာလမှာ ဣသရေလလူမျိုး ရဲ့နောင်တကို ပုံဖော်တယ်။ (Leviticus 23:26-32).

7. Tabernacles: တဲတော်ပွဲနေ့။ ။ ဣသရေလလူမျိုးတွေအီဂျစ်ပြည်ကျွန်ခံရာက ရွေးနှုတ်တာကို အောက်မေ့တဲ့အနေနဲ့ ပုံဖော်တာဖြစ်ပြီး အနာဂတ်ကာလ ခရစ်တော်ရဲ့နိုင်ငံတော်ကိုလည်း ပုံဖော်တယ်။ (Leviticus 23:33-44). ဒီနေ့ခေတ်အသင်းတော်မှာရှိတဲ့ ယုံကြည်သူတွေကိုလည်း ပွဲတပွဲပေးထားပါတယ်။ သခင်ဘုရားရဲ့ပွဲတော်မင်္ဂလာ ဖြစ်တယ်။ ဒီပွဲတော်ကတော့ ခရစ်တော်ရဲ့အသေခံခြင်း၊သင်္ဂြိုဟ်ခြင်း၊ ရှင်ပြန်ထမြောက်ခြင်းနဲ့ ပြန်ကြွလာမယ်ဆိုတာကို ယုံကြည်ခြင်းအားဖြင့် ပုံဆောင်နေတဲ့ ပွဲဖြစ်ပါတယ်။

B.ပြည်တော်နဲ့ဆိုင်တဲ့ ဘုရားရဲ့ပညတ်တွေကို စောင့်ထိန်းခြင်း၊ ပြည်တော် တဲတော်နဲ့ဆိုင်တဲ့ ပညတ်တော်တွေကို စောင့်ထိန်းခြင်းဖြင့် ဣသရေလလူမျိုးဟာ ထာဝရဘုရားကို ထာဝရ ကြီးမြတ် တဲ့ ဘုရားသခင်အဖြစ်နဲ့ အသိအမှတ် ပြုကြောင်း ပြသကြတယ်။ (Leviticus 24-27)

1.လူ့အသိုင်းအဝိုင်းနဲ့ပတ်သက်တဲ့ စီရင်စရာပညတ်တော်တွေကိုလည်း ဖော်ပြထားတယ်။ (Leviticus 24)

2.ဘုရားခင်က ပြည်တော်ကို ၇နှစ်တခါ အနားပေးဖို့ မိန့်တော်မူတယ်။ဒါကို ဥပုဒ်နှစ်လို့ခေါ်တယ်။ (Leviticus 25:1-7) အနှစ် ၅၀မြောက်နှစ်တိုင်းဟာစိုက်ပျိုးခြင်း၊ ရိတ်သိမ်းခြင်းမပြုရဘူး။ မြေယာမှန်သမျှလည်း မူလပိုင်ရှင်ထံပြန်ပေးရတယ်။ ကျွန်တိုင်းလည်း ကိုယ့်အိမ်ကိုယ် ပြန်ခွင့်ရတယ်။ ဒါကို ယုဘိလနှစ်လို့ခေါ်တယ်။ (Leviticus 25:8-55)

3."သင်တို့သည် ငါ့ထုံးဖွဲ့ရာလမ်းသို့လိုက်၍၊ ငါ့ပညတ်တို့ကို ကျင့်စောင့်လျှင် အချိန်တန်မှ ငါသည် သင်တို့အဖို့မိုးရွာစေသဖြင့် မြေသည် မိမိဘဏ္ဍာကိုပေး၍ ဥယျာဉ်အပင်တို့သည် အသီးသီးကြလိမ့် မည်။ စပါးနင်းနယ်သောအမှုသည် စပျစ်သီး သီးရာကာလတိုင်အောင်၎င်း၊ စပျစ်သီးညှစ်သော အမှုသည် မျိုးစေ့ကြဲရာကာလတိုင်အောင်၎င်း မှီသဖြင့် သင် တို့သည်ဝစွာစား၍ ကိုယ့်ပြည်၌ဘေးလွတ်လျက်နေရကြလိမ့်မည်။ သင်တို့ပြည်၌ စစ်မှုကိုငါငြိမ်းစေ၍ငြိမ်းချောက်သော သူ မရှိဘဲ သင် တို့သည်အိပ်ရကြလိမ့်မည်။ ဆိုးသောသားရဲတို့ကိုလည်းငါပယ်ရှားမည်။တပြည်လုံးသည် ထားဘေးနှင့် ကင်းလွတ်လိမ့်မည်။သင်တို့သည်ရန်သူများကိုလိုက်၍ထားလက်နက်ဖြင့်အောင်ကြလိမ့်မည်။သင်တို့တွင်လူငါးယောက် သည် ရန်သူတရာကိုလိုက်လိမ့်မည်။ လူတရာသည် ရန်သူတသောင်းကိုပြေးစေ၍ ထားလက်နက်ဖြင့် အောင်ကြလိမ့် မည်။သင်တို့ကို ငါစောင်မသဖြင့်တိုးပွါးများပြားစေ၍ သင်တို့နှင့်ငါပြုသောပဋိညာဉ်ကို ငါမြဲမြံစေမည်။ သိုထားသော စပါး ဟောင်းကိုစား၍မကုန်မှီ စပါးသစ်ပေါ်လာသောကြောင့် အဟောင်းကိုထုတ်ရကြလိမ့်မည်။ငါသည်စက်ဆုပ်ရွံရှာခြင်းမရှိ ဘဲ သင်တို့တွင် တဲတော်ကိုတည်မည်။သင်တို့တွင်လှည့်လည်၍သင်တို့၏ဘုရားသခင်ဖြစ်မည်။(Leviticus 26:3-19)

**III.THE BOOKS OF EXODUS AND LEVITICUS PREPARED THE PEOPLE OF ISRAEL FOR THE COMING OF CHRIST-**ထွက်မြောက်ရာကျမ်းနဲ့ ဝတ်ပြုရာကျမ်း ဟာ ခရစ်တော်ပြန်ကြွလာမယ့်အချိန် အတွက် ဣသရေလလူမျိုးကို ပြင်ဆင်ပေးနေတယ်။

A.တဲတော်မှာပါဝင်တဲ့ပစ္စည်းတွေ အရောင်တွေ၊ အသုံးအဆောင်တွေ၊အထားအသိုတွေဟာခရစ်တော်နဲ့သူ့ရဲ့ရွေးနှုတ်ခြင်းကို ဖော်ပြနေတယ်။ အသေခံခြင်း၊ အသွေးသွန်းခြင်းတွေဟာ ယဇ်ပလ္လင်မှာပူဇော်တဲ့ ယဇ်တွေရဲ့သဘာဝတွေကို ကြည့်ခြင်းအားဖြင့် တွေ့နိုင်တယ်။

B.ယဇ်ပရောဟိတ်တွေဟာ ခရစ်တော်ရဲ့အမှုတော်ဆောင်တာကို ပုံဆောင်ကြတယ်။ ခရစ်တော်က ယဇ်ပရောဟိတ်မင်းအကြီး ဖြစ်တယ်။ (Hebrews 4:14-16;9:11-12, 24-28) အပြစ် ဖြေရာယဇ်ဟာလောကရဲ့အပြစ်အတွက် ခရစ်တော်အပြစ်ဖြေပေးခြင်းကိုပုံဆောင်တယ်။ဓမ္မဟောင်း ကာလတဲတော်ဟာသန့်ရှင်းတဲ့ဘုရားထံဘယ်လိုဝင်ရောက်မိတ် သဟာယ ဖွဲ့ရမယ်ဆိုတာကိုဖော်ပြတဲ့ ပုံဆောင်ချက်တခုဖြစ်တယ်။

**C. Things to Think About:** ဆင်ခြင်စရာများ

1.ဘုရားသခင်ထံ ချဉ်းကပ်ဖို့ အချက်နှစ်ချက်လိုတယ်။ ခွင့်လွှတ်ခြင်းနဲ့ အပြစ်ဆေးကြောခြင်းဖြစ်တယ်။ လူဟာ သူ့ဘာသာသူ ဘုရားထံ ချဉ်းကပ်လို့ ရသလား။မရဘူး။ သူ့မှာယဇ်ပရောဟိတ် (သို့) အာမခံပေးအပြစ်ဖြေပေးသူရှိရမယ်။ ဘုရားသခင့်ရှေ့မှာ အပြစ် ဖြေပေးနိုင်သူဟာ ဘယ်သူ လဲ။ ခရစ်တော်ဖြစ်တယ်။

2.ဣသရေလနိုင်ငံကိုယဇ်ပရောဟိတ်နိုင်ငံလို့ဘာကြောင့်ခေါ်ရသလဲ။ဒီနေ့ခေတ်ယုံကြည်သူတွေဟာယဇ်ပရောဟိတ်မင်းမျိုး ဖြစ်တယ်။(1 Peter 2:5) ယဇ်ပရောဟိတ်တွေဟာ ဘုရားသခင်ထံ ယဇ်ပူဇော်ပြီး လူတွေကိုဘုရားနဲ့ မိတ်သဟာယ ဖွဲ့စေရတယ်။ ဘုရားထံ ချဉ်းကပ်ဖို့ဆိုတာ အဝတ်အစားလှလှ၊ အထုံးအဖွဲ့တွေနဲ့ဝင်ရတာ မဟုတ်ဘူး။ ခရစ် တော် ရဲ့ဖြောင့်မတ်ခြင်းဝတ်လုံနဲ့ ဝင်ရတာဖြစ်တယ်။

3.ဣသရေလလူမျိုးကို ပွဲနေ့တွေ ပေးထားတာဟာ အတိတ်သမိုင်းကြောင်းကို သတိရဖို့ ဖြစ်တယ်။ တဖက်ကလည်း ခရစ်တော်စီရင်တဲ့ ပွဲတော်မင်္ဂလာဟာခရစ်တော်ရဲ့အသေခံခြင်း၊ သင်္ဂြိုလ်ခြင်းနဲ့၊ ရှင်ပြန်ထမြောက်ခြင်း ပြန်လည်ကြွလာမှာကို ပုံဆောင်တာဖြစ် တယ်။

**Exam - Lesson 6**

Name _________________________________________________

Address_________________________________________________

Multiple choice (Circle one letter as the correct answer unless otherwise indicate. When so indicated you may use your Bible, but we trust you not to look up the answers in the lesson.)

1.What are the last 7 chapters of Exodus about? (value 4 points) ထွက်မြောက်ရာကျမ်း၏ နောက်ဆုံး အခန်းကြီး ၇-ခုက မည်သည့်အကြောင်းကို ပြောထားသနည်း။

a) the organization of the nation of Israel ဣသရေလနိုင်ငံအကြောင်းပြောသည်၊

b) God proving His power by miracles ဘုရားရှင်က သူ၏တန်ခိုးတော်ကို အံ့ဘွယ်နိမိတ် လက္ခဏာများဖြင့် သက်သေပြခဲ့သည်၊

c) the construction of the tabernacle တဲတော်တည်ဆောက်ခြင်းအကြောင်းကို ပြောသည်၊

2.What is the theme of Leviticus? (value 4 points) ဝတ်ပြုရာကျမ်း၏ ဆိုလိုရင်း အချက်ကားအဘယ်နည်း။

a) holiness in worship and walk ကိုးကွယ်ခြင်း၊လမ်းလျှောက်လှမ်းခြင်း၌သန့် ရှင်းရန်

b) the walk of the believer in difficulties ယုံကြည်သူများ ခက်ခဲချိန်တွင် လျှောက်လှမ်းပုံ အသက်တာ

c) the Christian warfare ခရစ်ယာန်စစ်တိုက်ခြင်းအကြောင်း

3.Why were the children of Israel told not to worship any other god? (value 4 points) ဣသရေလ လူ များအား အခြားသောဘုရားများကို မကိုးကွယ်ဖို့ အဘယ့်ကြောင့် ပြောထားသနည်း။

a) because God is easily angered and must not be provoked ဘုရားရှင်အမျက်ထွက်လွယ်သောကြော င့် အမျက်တော်ကို မနှိုးဆွမိစေလိုသောကြောင့်

b) because God sees everything they do သူတို့ လုပ်သမျှကို ဘုရားရှင်မြင်သောကြောင့်

c) because the Lord is a jealous God ဘုရားရှင်သည် သဝန်တိုသောကြောင့်

4.Why did Moses have to put a veil over his face when he came down from the mountain? (value 4 points) မောရှေသည် သိနာတောင်ပေါ်မှဆင်းလာသည့်အခါ အဘယ့် ကြောင့် သူ၏မျက်နှာကို အဝတ်နှင့်ဖုံးထား ရသနည်း။

a) His face shone with the glory of God. သူ၏မျက်နှာသည် ဘုရားရှင်၏ဘုန်းရောင် ခြည် တောက်ပနေ၍၊

b) He didn't want the people to recognize him. သူ့ ကို လူများမမှတ်မိစေလို၍၊

c) He was hiding his sorrow for the people's evil conduct. လူများပြုခဲ့သောမှားယွင်းမှုကြောင့် ဖြစ်ပေါ် လာ သော သူ၏ဒေါသကို ဖုံးကွယ်လို၍၊

5.How was the building of the tabernacle financed? (value 4 points) တဲတော်တည် ဆောက်ဖို့ ရန် မည်ကဲ့သို့ ရန်ပုံငွေရှာဖွေသနည်း။

a) Each tribe was allotted a certain amount to pay for materials and construction. လူမျိုးနွယ် တစုစီတိုင်း ကို သတ်မှတ်သော ပစ္စည်းနှင့်ဆောက်လုပ်ခတို့ ကို ကျခံစေသည်၊

b) Taxes were levied. အခွန်ကောက်သည်၊

c) People brought freewill offerings. လူအများက သဒ္ဒါရှိသမျှ ပါဝင်လှူဒါန်းကြသည်၊

6.What items were in the courtyard of the tabernacle? (value 4 points) တဲတော်ဝင်းအတွင်းရှိ ပစ္စည်း များကား အဘယ်နည်း။

a) the altar of burnt offerings and the altar of incense မီးရှို့ ရာယဇ်ပလ္လင်နှင့် နံ့ သာ ပေါင်းပူဇော်ရာယဇ်၊

b) the altar of burnt offerings and laver မီးရှို့ ရာယဇ်ပလ္လင်နှင့်ကြေးဝါအင်တုံ

c) the laver, the altar of burnt sacrifices and the ark of the covenant ကြေးဝါအင် တုံ၊ မီးရှို့ ရာယဇ်နှင့် ပဋိညာဉ်သေတ္တာ

7.What were the two sections of the tabernacle? (value 4 points) တဲတော်၏ အခန်း ၂-ခန်းကား အဘယ်နည်း။

a) the altar and the ark of the covenant ယဇ်ပလ္လင်အခန်းနှင့်ပဋိညာဉ်သေတ္တာအခန်း

b) the holy place and the holy of holies သန့် ရှင်းရာအခန်းနှင့်အသန့် ရှင်းဆုံးအခန်း

c) the courtyard and the holy of holies တဲတော်ဝင်းနှင့်အသန့် ရှင်းဆုံးအခန်း

8.Where do we find the table of shewbread, the candlestick, and the altar of incense? (value 4 points) ပွဲတော်မုန့် ၊ဆီမီးတိုင်နှင့်နံ့ သာအမွေးတိုင်တို့ ကို မည်သည့်နေရာတွင်တွေ့ ရသနည်း။

a) in the courtyard တဲတော်ဝင်း

b) in the holy of holies အသန့် ရှင်းဆုံးအခန်း

c) in the holy place သန့် ရှင်းရာအခန်း

9.What did the ark of the covenant contain? (value 4 points) ပဋိညာဉ်သေတ္တာ အခန်းတွင် ဘာတွေ့ ရသနည်း။

a) the tablets of stone on which were written the law ပညတ်တော်များရေးထားသည့် ပဋိညာဉ်ကျောက်ပြား၊

b) the law and a register of the people by tribes ပညတ်တော်နှင့် လူမျိုးနွယ်စုစာရင်း

c) instructions for the sacrifices and feasts ယဇ်ပူဇော်ခြင်းနှင့် ပွဲတော်ဆိုင်ရာညွှန်ကြား ချက်များ၊

10.Who was allowed to enter into the holy of holies? (value 4 points) အသန့် ရှင်းဆုံး အခန်းကို မည်သူ အားဝင်ခွင့်ပြုသနည်း။

a) only the Levites who were consecrated to the priesthood ယဇ်ပရောဟိတ်အဖြစ် ရွေးချယ်ထားသော လေဝိအမျိုး၊

b) only the chief priest, once a year တနှစ်တကြိမ်ဝင်ခွင့်ပြုသည့် ယဇ်ပုရောဟိတ်မင်း၊

c) only priests of the line of Moses မောရှေအနွယ်မှဆင်းသက်သော ယဇ်ပုပဟိတ်များ၊

11.What happened when the tabernacle was finished? (value 4 points) တဲတော်ပြီး သွားသည့်အခါ ဘာလုပ်ဆောင်ကြသနည်း။

a) The glory of God came and filled it. ဘုရားရှင်ဘုန်းရောင်ခြည်ဆင်းသက်ကြွလာပြီး တဲတော်ကိုဖြည့်သည်၊

b) Other nations were astonished by what Israel had accomplished. ဣသရေလ လူတို့ လုပ်ဆောင်ခဲ့သော အရာအပေါ် အခြားသူတို့ အံ့သြကြသည်၊

c) The fire of God descended from heaven and consumed a special offering. ကောင်းကင်မှ ဘုရားသခင် ၏မီးဆင်းသက်လာပြီး ပူဇော်ထားသောယဇ်များကို ဝါးမျိုလောင်ကျွမ်းသည်၊

12.Into what two parts is the book of Leviticus divided? (value 4 points) ဝတ်ပြုရာကျမ်းကို အပိုင်း၂-ပိုင်း အဖြစ် မည်သို့ ခွဲခြားနိုင်သနည်း။

a) the feasts and ceremonies and the construction of the tabernacle ပွဲတော် အခန်းအနားနှင့် တဲတော် တည်ဆောက်ပုံ၊

b) the laws for the priests and the laws for the people ယဇ်ပုရောဟိတ်နှင့်ဆိုင်သော ပညတ်နှင့် လူတို့နှင့် ဆိုင်သောပညတ်၊

c) the way to God and a holy walk with God ဘုရားရှင်ထံသွားနိုင်သည့်နည်းနှင့် ဘုရားရှင်နှင့်အတူသန့်ရှင်းစွာ လျှောက်လှမ်းနည်း၊

13.Why were Nadab and Abihu, the sons of Aaron, killed? (value 4 points) အာရုံ၏ သားများဖြစ်သော နာဒပ်နှင့်အဘိဟုတို့ သည် အဘယ့်ကြောင့် အသတ်ခံရသနည်း။

a) They were evil priests who caused problems among the people. သူတို့ သည် လူအများဒုက္ခရောက်စေသော ဆိုရွားသည့်ယဇ်ပုရောဟာတ်များဖြစ်သည်၊

b) They did not obey God and came with strange fire into the presence of the Lord. သူတို့ သည် ဘုရား ရှင်စကားနားမထောင်ဘဲ ဘုရားရှင်ရှေ့ သို့ ထူးဆန်းသော မီးနှင့် အတူ လာကြသည်၊

c) They entered the tabernacle but were not qualified as priests. သူတို့ သည် တဲတော်သို့ လာသော်လည်း ယဇ်ပုရောဟိတ်ဂုဏ်အင်္ဂါနှင့်မပြည့်စုံသူများဖြစ်သည်၊

14.Why was a blood sacrifice necessary for entering into the presence of God? (value 4 points) ဘုရားရှင်မျက်မှောက်တော်သို့ လာသည့်အခါ အဘယ့်ကြောင့် ယဇ်ပူဇော် ဖို့ လိုသနည်း။

a) because of God's power and glory ဘုရားရှင်၏တန်ခိုးတော်နှင့်ဘုန်းအာနုဘော်တော်ကြောင့်၊

b) because of God's holiness and justice ဘုရားရှင်၏သန့် ရှင်းခြင်းနှင့်ဖြောင့်မတ်ခြင်းကြောင့်၊

c) because of God's love and mercy ဘုရားရှင်၏မေတ္တာတော်နှင့်သနားခြင်းကရုဏာတော်ကြောင့်၊

15.When did the blood sacrifices begin? (value 4 points) အသွေးဖြင့်ယဇ်ပူဇော်ခြင်းကို မည်သည့်အခါ လုပ်ဆောင်သနည်း။

a) at the time of the Passover ပသခါပွဲ ပြီးနောက် လုပ်ဆောင်သည်၊

b) in the book of Leviticus ဝတ်ပြုရာကျမ်းတွင်လုပ်ဆောင်သည်

c) when Adam and Eve first sinned အာဒံနှင့်ဧဝ ပထမဦးဆုံးအပြစ်လုပ်သည့်အခါ လုပ်ဆောင်သည်၊

16.What effect did the festivals and ceremonies have on Israel? (value 4 points) ဣသရေလလူတို့ အပေါ် ပွဲတော်၊အခန်းအနားများက မည်သည့်အကျိုးသက်ရောက်မှုရှိသနည်း။

a) Israel remembered what God had done and looked forward to the future promise. ဣသရေလလူ များသည် ဘုရားရှင်ပြုခဲ့သောအရာများကို အောက်မေ့ကြပြီး နောင် အနာဂါတ်တွင်ဖြစ်လာမည့်အရာများကို စောင့် မျှော်ကြသည်။

b) The people of Israel became very religious. ဣသရေလလူများ ဘာသာရေးကိုင်းရှိုင်းသူများဖြစ်လာသည်၊

c) The nation of Israel developed a beautiful culture. ဣသရေလနိုင်ငံတွင် ကောင်းမွန်သောယဉ်ကျေးမှု ထွန်းကားလာသည်။

17.Every seven years the land was to be left to rest. What was this called? (value 4 points) လယ်ယာများကို ၇-နှစ်တကြိမ် မစိုက်ပျိုးဘဲ အလွတ်ထားရသည်၊ ဤအချက်ကိုမည်သို့ ခေါ်သနည်း။

a) a year of Jubilee ရွှေရတုသဘင်နှစ်ပါတ်လည်

b) a sabbatical year ဥပုသ်နှစ်

c) a year of consecration သန့် ရှင်းရာနှစ်

18.What did the offerings in Leviticus specify? (value 4 points) ဝတ်ပြုရာကျမ်းတွင် တင်လှူသောယဇ် များက မည်သည်ကိုရည်ညွှန်းသနည်း။

a) They specified only the forgiveness of sin. အပြစ်လွှတ်ခြင်း

b) Some were for forgiveness and some were for thanksgiving, fellowship and other reasons. အချို့ သောယဇ်သည် အပြစ်လွှတ်ခြင်း၊ အချို့ သည်ကျေးဇူးတော်ချီးမွမ်းခြင်း၊အချို့ သည် မိဿဟာယယဇ်စ သည်ဖြင့်၊

c) After seven sins an Israelite had to make a blood sacrifice. အပြစ် ၇-ကြိမ်လုပ်ပြီးသောအခါ အသွေး သွန်းခြင်း ယဇ်ဖြင့်ပူဇော်ရသည်၊

19.Match these words with the following definitions: (value 28 points) အောက်ပါ ကွက်လပ်များတွင် မှန်ကန်သောစကားလုံးများကို ယှဉ်တွဲပါ။

__________ Communion a) meeting of two parties in a common bond of fellowship အဖွဲ့ အစည်း ၂-ခု ကိုစည်းလုံးအောင် မိဿဟာယဖွဲ့ ခြင်းသည်( )ပေးခြင်းဖြစ်သည်

__________holiness b) the highest, or supreme, priest who represented the people before God အမြင့်ဆုံးသောယဇ်ပုရောဟတ်မင်းက ဘုရားရှင် မျက်မှောက်တော်တွင် ဆက်သခြင်းသည် ( )ခြင်းဖြစ်သည်

__________tabernacle c). separated, set apart from all that is evil တဲတော်သည် ( )ကို မကောင်းမှု များမှ သီးသန့် ခွဲခြားလိုက်ခြင်းဖြစ်သည်

__________holy feasts d) the second room in the tabernacle, separated from the holy place by a heavy veil or curtain. It contained the ark of the covenant where the glory of God was. ( ) အခန်းသည် သန့် ရှင်းရာအခန်းကို ထူထဲလေးလံသောကုလားကာဖြင့်ကာထားသောတဲတော်တွင်းဒုတိယခန်းဖြစ်၏

__________high priest e) a joyous time set aside to commemorate an act of God by eating together ဘုရားရှင်လုပ်ဆောင်ပေးသောအရာကို သတိယ သောအားဖြင့် ပျော်ရွှင်စွာစုဝေးစားသောက်ရန် သတ်မှတ်ထားသော နေ့ ကို ( )ဟုခေါ်သည်

__________sacred. f). set apart or dedicated for holy use, consecrated သန့် ရှင်းရာအတွက်သီးသန့် ရည်မှန်းထားသောအရာကို ( )ဟုခေါ်သည်

__________holy of holies g). tent of meeting; place where the people met God ဘုရားရှင်နှင့်လူတွေ့ သော အသန့် ရှင်းဆုံးနေရာကို ( )ဟုခေါ်သည်

Copyright by Rogma International, Inc. All rights reserved.

---

## Lesson 7

### Introduction to Section III - BEHAVIOR

### Discipline leads to Maturity- သင်ယူရာမှ ရင့်ကျက်ရာသို့

### Numbers, Deuteronomy, Joshua- တောလည်ရာကျမ်း၊ တရားဟောရာကျမ်း၊ ယောရှုမှတ်စာ

**Behavior** အပြုအမူဆိုတာ ယုံကြည်ခြင်းမှာ အခြေခံတယ်။ ရင့်ကျက်ဖို့နဲ့ ကောင်းကြီးရဖို့အတွက် ယုံကြည်ခြင်းကို သင်ယူရမယ်။

ဒီအခန်းဟာ ဂတိတော်ကိုအမွေခံမယ့် ဣသရေလလူမျိုးတွေ ယုံကြည်ခြင်းကို လေ့လာသင်ယူရတဲ့ အကြောင်းဖြစ်တယ်။ သူတို့ရဲ့နာခံခြင်းနဲ့ မနာခံခြင်းတွေရဲ့အကျိုးဆက်တွေကိုပြတယ်။

- တောလည်ရာကျမ်းရဲ့ပထမအပိုင်းက ပြည်တော်ကို ရဖို့ ဣသရေလအမျိုးမှာ ယုံကြည်ခြင်းမရှိခဲ့တဲ့အကြောင်းကို ပြော တယ်။ (တော ၁၄) ဒါကြောင့် သူတို့ဟာ ပါရန်တောမှာ နှစ်ပေါင်းများစွာလှည့်လည်ရတယ်။အီဂျစ်ပြည်က ထွက်လာတဲ့ မျိုးဆက်ဟာ လမ်းမှာသေကြတယ်။
- တောလည်ရာကျမ်းရဲ့ဒုတိယပိုင်းနဲ့ တရားဟောရာကျမ်းတအုပ်လုံးဟာဂတိတော်ပြည်ကိုအောင်မြင်ဖို့အတွက်မျိုးဆက် သစ်တွေက ယုံကြည်ခြင်းကို သင်ယူလေ့ကျက်တဲ့အကြောင်း ဖြစ်တယ်။
- အပိုင်း ၃ ဖြစ်တဲ့ ယောရှုမှတ်စာဟာ ခါနန်ပြည်ကို ယုံကြည်ခြင်းအားဖြင့် အောင်မြင်တဲ့အကြောင်း ပြောတယ်။ ယောရှုက ဣသရေလအမျိုးအနွယ်တွေကို ပြည်တော်ခွဲဝေပေးတယ်။ ဒီအခန်းဟာ ဘုရားသခင်ရဲ့ပညတ်တော်နဲ့ အထုံးအဖွဲ့တော်တွေကို လေ့လာသင်ယူခြင်းအားဖြင့် ရင့်ကျက်ဖို့ ပြောတယ်။

သင်ခန်းစာ ၁) က ဣသရေလလူမျိုးဟာ သိနာတောင်မှ ကာဒေရှတောတိုင်အောင် ညည်းတွား၊ အပြစ်တင်ကြတယ်။ ယုံကြည်ခြင်းမရှိဘူး။ ဘုရားသခင်က သူတို့ ယုံကြည်တတ်အောင် သင်ပေးတယ်။ပါရန်အရပ်မှာ နှစ်ပေါင်းများစွာ လှည့် လည်ပြီးတဲ့နောက် မျိုးဆက်သစ်ပေါ်လာတယ်။ သူတို့ မှာ ယုံကြည်ခြင်းရှိတယ်။ သတ္တိရှိတယ်။ ဘုရားသခင်က မောဘ အရပ်မှာ သင်ပေးခဲ့တယ်။

သင်ခန်းစာ ၂) က ယောရှုဟာ ခါနန်ပြည်ကို အောင်မြင်ပြီးတော့ ပြည်တော်ကို ခွဲဝေတယ်။ ဘုရားကို အားကိုးတော့ အောင်မြင်ခြင်းနဲ့ အောင်ပွဲတွေ တွေ့ရတယ်။ အခုသင်ခန်းစာဖြစ်ပျက်တဲ့အရပ်ဒေသတွေကတော့ သိနာတောင်၊ ပါရန် အရပ်၊ မောဘအရပ်၊ ခါနန်ပြည်

events: အချိန်ကာလ 1400B.C; နှစ်ပေါင်း ၄၀

Israel's enemies: ဣသရေလရဲ့ရန်သူများ

အာမောနိ၊ ခါနနိ၊ ပေရဇိ၊ ခိဝိ၊ယေဗုသိ၊မိဒျန်၊ ဂိဗောင်၊တောင်ပိုင်းမင်းကြီးငါးပါး၊ ယာဗိန်၊သိသရန့် မြောက်ပိုင်းမင်းကြီးများ ဖြစ်တယ်။

**THE PATH TO VICTORY, FROM SINAI TO CANAAN, WAS A PATH OF DISCIPLINE**

သိနာတောင်မှ ခါနန်အထိ အောင်မြင်ခြင်းလမ်းကြောင်းဟာ၊ သင်ပေးတဲ့လမ်းကြောင်း ဖြစ် တယ်။ ဣသရေလအမျိုးဟာ ဘုရားကိုသိဖို့ ပညတ်တော်တွေကိုနားထောင်တတ်ဖို့နှစ်ပေါင်း ၄၀ သင်ယူရတယ်။ယုံကြည်ခြင်း၊မိတ်သဟာယ၊ အပြစ် ဝန်ခံခြင်း၊အသက်တာဆက်ကပ်ခြင်းနဲ့ပဋိညာဉ်တရား စောင့်ထိန်းခြင်းတွေ သင်ရတယ်။

"အိုဣသရေလအမျိုး နားထောင်လော့။ ငါတို့၏ ဘုရားသခင်ထာဝရဘုရားသည် တဆူတည်းသော ထာဝရဘုရားဖြစ်တော်မူသည်။" (Deuteronomy 6:4)

"အကြောင်းမူကား သင်တို့၏ဘုရားသခင် ထာဝရဘုရားသည်၊ လောင်သောမီး အပြစ်ရှိသည်ဟု ယုံလွယ်သောဘုရားဖြစ်တော်မူ၏။" (Deuteronomy 4:24)

"ထိုပညတ္တိကျမ်းစာ၌ရေးထားသမျှအတိုင်း ကျင့်မည်ဟု၊ စောင့်ရှောက်ခြင်းအလိုငှါ ကျမ်းစာကို မဖတ်မရွတ်ဘဲမနေ နေ့ညမပြတ် ကြည့်ရှုဖတ်ရွတ်ရမည်။ သို့ပြုလျှင် သင်သည်အကြံထမြောက်၍ အောင်မြင်လိမ့်မည်။ (Joshua 1:8)

**DISCIPLINE** သင်တန်းဆိုတာ တရားသဘောတွေကို လက်တွေ့အသုံးချတတ်ဖို့သင်ယူခြင်းဖြစ်တယ်။

တောလည်ရာကျမ်းနဲ့ တရားဟောရာကျမ်းတွေဟာ Pentatteuch ဆိုတဲ့ မောရှေကျမ်း ငါးကျမ်းရဲ့နောက်ဆုံးကျမ်းတွေ ဖြစ်တယ်။ ယောရှုမှတ်စာကတော့ သမိုင်းကျမ်း ၁၂ စောင်ရဲ့အစဖြစ်တယ်။ ယောရှုမှတ်စာ၊ တရားသူကြီးမှတ်စာ၊ ရှုသ ဝတ္ထု၊ ဓမ္မရာဇဝင် ပထမစောင်၊ ဒုတိယစောင်၊ တတိ ယစောင်၊ စတုတ္ထစောင်၊ ရာဇဝင်ချုပ် ပထမစောင်၊ ဒုတိယစောင်၊ တတိယစောင်၊ စတုတ္ထစောင်၊ ဧဇရမှတ်စာ၊ နေဟမိမှတ်စာ။ သင်ယူတတ်တယ်ဆိုတာဟာ အသက်တာကြီးထွားဖို့၊ ရင့်ကျက်ဖို့၊ ယုံကြည်ခြင်းကြီးရင့်လာဖို့လိုအပ်တယ်။ သင်ပေးတာကို ခံယူတတ်ရမယ်။ ဒါဟာ ရင့်ကျက်ဖို့ အတွက် အရေးကြီးတဲ့အချက် ဖြစ်တယ်။

Copyright by Rogma International, Inc. All rights reserved.

---

## Lesson 7

## Section III – Behavior

## Training in the Wilderness-တောထဲက သင်တန်း

**Theme**: အခက်အခဲတွေကြားမှာသင်ယူတတ်ခြင်းဟာယုံကြည်ခြင်းတိုးတက်ဖို့အတွက် မရှိမဖြစ်လိုတယ်။

**Goal**: အခက်အခဲတွေကြားထဲမှာ ဘုရားကို အားကိုးတတ်ဖို့ဖြစ်တယ်။

**Summary**: ယုံကြည်ခြင်းကို လက်တွေ့အသုံးချဖို့ အစုသင်ခန်းစာကပြတယ်။ သိနာတောင်မှာ သင်ယူခဲ့တဲ့အရာတွေ ကို လက်တွေ့ကျင့်သုံးကြတယ်။ ဘုရားကို အားကိုးသူတွေ၊ ဂတိတော်ကို ကိုင်စွဲသူတွေ၊ ဘုရားကို အားမကိုးတတ်တဲ့ အပြုအမူတွေအကြောင်းကို ဖော်ပြတယ်။ အားကိုးတယ်ဆိုတာ ယုံကြည်တာကို လက်တွေ့ပြတာဖြစ်တယ်။ ဒီသင်ခန်း စာထဲမှာပါတဲ့ အဖြစ်အပျက်တွေဟာ ခါနန်ပြည်သွားတဲ့ခရီးစဉ်သိနာတောင်အရပ်မှာ ဖြစ်တဲ့ ဖြစ်ရပ်တွေဖြစ်တယ်။ဂတိ တော် ဝင်စားဖို့ရာအတွက် မောဘအရပ်မှာ သူတို့ အဆုံးသတ်ကြရတယ်။ ဘုရားကိုအားမကိုးပဲ ညည်းတွားနေတယ်၊ အပြစ်တင်နေတယ်၊ ဂတိတော်ထဲဝင်ဖို့ ကြောက်ရွံ့ခဲ့ကြတယ်။ မယုံကြည်ကြတဲ့အတွက် တောထဲမှာ ၃၈ နှစ်လောက် ကျင်လည်ရတယ်။ ဒီနှစ်ကာလတွေထဲမှာ အသက်ကြီးသူတွေသေကြရတယ်။ တောထဲမှာမွေးဖွားလာတဲ့ မျိုးဆက်သစ် ပေါ်လာတယ်။ ဂတိတော်ပြည်ကို ခရီးဆက်ကြတယ်။ ဘုရားက သူတို့ကို မောဘအရပ်မှာသွန်သင်ပေးနခဲ့တယ်။ ဒီအချိန် ကာလတွေ ဟာ မောရှေရဲ့နောက်ဆုံးနေ့ရက်ကာလတွေဖြစ်တယ်။

**Outline:**

Numbers:

Chapter 1-19 သိနာတောင်မှ ကာဒေရှ၊ ပါရန်အရပ် ။ ညည်းတွားပုန်ကန်၊ယုံကြည်ခြင်းမဲ့

Chapters 20-36 ကာဒေရှအရပ်မှ မောဘအရပ် ။ ခါနန်ပြည်ဝင်စားဖို့ ပြင်ဆင်ခဲ့။

Deuteronomy: Chapter 1-34 လမ်းညွှန်ကျမ်းစာဖြစ်တယ်။ ဂတိတော်ဝင်ဖို့အတွက် လမ်းညွှန်ချက်တွေ ရေးထားတယ်။

**People to know in Numbers:**လူများ

Moses and the children of Israel

sons of Levi: Gershom, Merari and Kohath

sons of Kohath: Moses and Aaron

sons of Aaron: Nadab, Abihu, Eleazar and Ithamar

Miriam, the 12 spies (including Joshua, Caleb) Korah, Dathan and Abiram

kings of Edom: Sihon (Amorites), Og (Bashan), Balak (of Moab), Balaam (the prophet), the Moabites, Phinehas

**Places to know:**နေရာများ

Mountains of Sinai, Horeb (Numbers 1-10); Sinai to Paran (Numbers 11-19); Kadesh-barnea, Canaan (Numbers 11-14); the desert of Paran (Numbers 15-20)

From Kadesh to Moab (Numbers 20-36); the desert of Zin; the waters of Meribah, Edom; the mountains of Hor and Seir, Moab, Ammon, Bashan, Gilead Moab, Nebo, Pisgah (Deuteronomy 34:1); (Rephidim, near Kadesh-barnea)

**Words to know:** ဝေါဟာရများ-

Nazarite: နာဇရိလူ- ဘုရားအမှုတော်ဆောင်ဖို့မွေးကတည်းကဖြစ်စေ၊အချိန်ပိုင်းဖြစ်စေ၊သီးခြားနေဖို့သစ္စာပြုထားသူ။

serpent of brass:ကြေးဝါမြွေရုပ် - တပ်ထဲမှာ ကြေးဝါမြွေရုပ်ကိုထူဖို့ မောရှေကိုမိန့်မှာတယ်။ လက်ဝါးကပ်တိုင်မှာ ခရစ်တော် အသေခံတာကို ပုံဆောင်တယ်။ ( John 3:14,15)

rod that budded:အပွင့်ပွင့်တဲ့လှံတံ - ယဇ်ပရောဟိတ်အလုပ်အတွက် ဘုရားသခင် ရွေး ကောက်တဲ့ အာရုန်နဲ့ သူ့ရဲ့သားတွေကို သက်သေအဖြစ်ပေးတဲ့ အာရုန်ရဲ့လှံတံဖြစ်တယ်။ အပွင့်ပွင့်တယ်၊ အသီးသီးတယ်။

discipline: strict, regular training through experience

foreigners: Egyptians, and perhaps others, who saw God's miracles, believed in Him and became a part of the nation of Israel.

maturity: fully developed, grown, perfect

Meribah: contention or strife, name applied to place where Israel entered into strife with God and God provided water from the rock to meet their needs

murmuring (complaining): expressions of dissatisfaction with the circumstances or people

new generation: children born in the wilderness, whose fathers had said the people of Canaan would capture them (Numbers 14:3)

# Introduction - နိဒါန်း

Discipline Develops Faith and Maturity - သင်ယူခြင်းဟာ ယုံကြည်ခြင်းကို တိုးတက်စေတယ်။ ရင့်ကျက်စေတယ်။

ဣသရေလအမျိုးရဲ့သိနာတောင်မှ ခါနန်အထိခရီးဟာ နာခံခြင်၊ မနာခံခြင်းရဲ့အကျိုးဆက်တွေကိုသင်ပေးတဲ့သင်ခန်းစာ ဖြစ်တယ်။ ဣသရေလအမျိုးမှာ ထွက်မြောက်ရာကျမ်းနဲ့ ဝတ်ပြုရာကျမ်းတွေမှာပေးထားတဲ့ တရားတွေကိုလက်တွေ့မှာ ကျင့်သုံးဖို့အတွက်အခွင့်အရေးရခဲ့တယ်။ယုံကြည်ခြင်းကိုလက်တွေ့ကျင့်သုံးတာဟာ အသီးသီးတဲ့အသက်တာအတွက် အရေးပါတယ်။ ဘုရားကိုအားကိုးတတ်ဖို့ သင်ယူရတယ်။ယုံကြည်ခြင်းတိုးမှကောင်းကြီးရတယ်။ နောက်တော်လိုက် ရင်း ရင့်ကျက်ဖို့လိုတယ်။

တောလည်ရာကျမ်းက သိနာတောင်မှ မောဘအရပ်အထိ အဖြစ်အပျက်၊ ကာဒေရှဗာနာအရပ်မှာယုံကြည်ခြင်းအားနည်း တဲ့အတွက် လမ်းလွဲသွားတဲ့အဖြစ်အပျက်အသက်ကြီးသူတွေသေဆုံးသွားတဲ့ဖြစ်ရပ်တွေ ရေးထားတယ်။

တရားဟောရာကျမ်းဟာ ဣသရေလလူမျိုးအတွက် တောထဲမှာလမ်းညွှန်ဖို့ ရေးထားတဲ့ကျမ်းဖြစ်တယ်။ ဂတိတော်ပြည် ကိုဝင်စားဖို့ ပြင်ဆင်တာလည်းဖြစ်တယ်။ အီဂျစ်ပြည်ကနေ မောဘအရပ်အထိဖြစ်ရပ်များ ပညတ်တော်များနဲ့ အသေး စိတ်ညွှန်ပြချက်များအကြောင်း ဖော်ပြတယ်။

ယောရှုမှတ်စာ - ဘုရားသခင်ကိုအားကိုးပြီး ပြည်တော်ထဲဝင်စားဖို့၊ အောင်မြင်ဖို့ပြောပြတယ်။ ယုံကြည်အားကိုးခြင်းဟာ ယုံကြည်သူအတွက် အရေးကြီးတယ်။ ယုံကြည်ခြင်းရှိမှ ဘုရားသခင်စိတ်တော်နဲ့တွေ့တယ်။ ယုံကြည်ခြင်းမရှိရင် ဘုရား သခင်စိတ်တော်နဲ့ မတွေ့ဘူး။ ဘုရားသခင်စိတ်တော်နဲ့ တွေ့ဖို့ဆိုတာ လူမှာ အရေးကြီးဆုံးပန်းတိုင်ဖြစ်တယ်။ ဘုရား သားသမီးဆိုတာ အမြဲတမ်းဘုရားကို အားကိုးတတ်ဖို့လိုတယ်။ ယုံကြည်ခြင်းတိုးပွါးလာတာဟာ ရင့်ကျက်တဲ့လက္ခဏာ ဖြစ်တယ်။ ဘုရားကိုသိဖို့၊ ဘုရားအလိုတော်ကိုသိဖို့ ဘုရားသခင်က ဖွင့်ပြလေ့ရှိတယ်။ဘုရားစကားနားထောင်ရင် ဘုရား အလိုတော်ကိုသိဖို့ သင်ယူရတယ်။ ယုံကြည်ခြင်းတိုးနေတာကို ဘုရားသခင် မြင်ခြင်တယ်။ ယုံကြည်ခြင်းက ဘုရားသခင်ရှိတယ်ဆိုတာကို အသိအမှတ်ပြုတယ်။ ယုံကြည်ခြင်းက ဘုရားရှိကြောင်း အသိအမှတ်ပြုသလို ကြီးမြတ်ကြောင်းကိုလည်းပြတယ်။ လိုအပ်သမျှ အရာရာတိုင်းအတွက် ဘုရားသခင်က လုံလောက်တယ်။ လူကဘုရားအစေခံရင်းနဲ့ ဘုရား သခင်ထံ၌ ကြီးပွါးဖို့လိုတယ်။ ယုံကြည်ခြင်းဆိုတာ ဘုရားကို အားကိုးတာဖြစ်တယ်။ ယုံကြည်ခြင်း က ဘုရားဖြစ်စေချင်တာကို လူကလုပ်စေတယ်။ ယုံကြည်ခြင်းက တခြားအရာဘာကိုမှတယောက်ကိုမှ၊ ဘယ်သူကိုမှ မရှာဘူး။ ယုံကြည်ခြင်းဟာ ဘုရားသခင်အပေါ်မှာ အားကိုးခြင်းဖြစ်တယ်။ သိနာတောင်မှာ နှစ်ပေါင်း ၄၀ လောက် ကျင်လည်ခဲ့တဲ့အတွက် သူတို့ယုံကြည်ခြင်းမရှိတဲ့အပြစ် အကျိုးဆက်ကို ခံကြရတယ်။ ဒါပေမယ့် ဘုရားက သူတို့ကို မမေ့ဘူး။ သူတို့ကိုဦးဆောင်ဖို့ သင်ပေးဖို့ မောရှေကို လွှတ်တယ်။ ဘုရားကို အားကိုးတတ်ဖို့၊ ယုံကြည်ခြင်း ရင့်ကျက်ဖို့ သင်ယူကြရတယ်။ ဘုရားမစမှုကြောင့် မျိုးဆက်သစ်ဟာ ခါနန်ပြည်ကိုဝင်ပြီး လွန်ခဲ့တဲ့နှစ်ပေါင်း ၅၀၀ကျော်တုန်းက အာဗြဟံကိုပေးခဲ့တဲ့ ဂတိအမွေကို လက်ခံယူကြတယ်။ ခါနန်ပြည်ဟာလည်း ဣသရေလနိုင်ငံ ဖြစ်သွားတယ်။

## THE LESSON - သင်ခန်းစာ

### I. GOD PUNISHED ISRAEL BECAUSE OF THEIR LACK OF FAITHယုံကြည်ခြင်း မရှိလို့ ဘုရားက အပြစ်ပေးတယ်။ (Numbers 1-19) (From Sinai to Kadesh-barnea and Paran)

### A. Preparation in Sinai သိနာတောင်မှာပြင်ဆင်ခြင်း (Numbers 1-10).

ခါနန်ပြည်ဝင်ဖို့ ပြင်ဆင်ပေးခဲ့တယ်။ အသွေးတော်အားဖြင့် ကယ်တင်တာကို ယုံကြည်ကြောင်းပြဖို့ ပဿခါပွဲ ကျင်းပ ခဲ့တယ်။ ပညတ်တော်ကို ပေးထားတဲ့အတွက် လက်တွေ့ကျင့်သုံးကြတယ်။ တဲတော်ဆောက်တယ်။ တပ်ကိုလည်း ပြင်ဆင်ကြတယ်။ ဘုရားသခင်ကို ဦးဆောင်သူအဖြစ် ရှိသေကြတယ်။ အမျိုးအနွယ်တိုင်းမှာ တာဝန်ကိုယ်စီ ရှိကြ တယ်။ လုပ်ဆောင်ရမယ့် အလုပ်တွေ ကိုလည်း ညွှန်ကြားထားတယ်။ (ဥပမာ တဲတော်ရွှေ့ပြောင်းခြင်း၊ နာဇရိလူရဲ့သစ္စာဂတိ)

### A.God is a God of Order - ဘုရားသခင်ဟာ အစီအစဉ်ရှိတဲ့ စနစ်ကျတဲ့ဘုရားဖြစ်တယ်။

ဘုရားသခင်လုပ်ဆောင်သမျှဟာ အစီအစဉ် စနစ်တကျရှိတယ်။ အဓိပ္ပါယ်ရှိတယ်။ ဖန်ဆင်းရာမှာ ဖြစ်စေ၊စကြဝဠာကို ဆက်လက် လည့်ပတ်ရာမှာဖြစ်စေ အစီစဉ်ရှိတယ်။ ဣသရေလကို တပ်နေရာ ချထားတဲ့နေရာမှာလည်း အစီစဉ်ရှိတယ်။ တာဝန်ပေးရာမှာလည်း ဒီဇိုင်းရှိတယ်။ တပ်ချီရာမှာဖြစ် စေ၊ တဲတော်ရွှေ့ပြောင်းရာမှာဖြစ်စေ အစီစဉ်ရှိတယ်။ ဘုရားသားသမီးတွေ လိုက်နာဖို့အတွက် အကြံ အစီစဉ်ရှိတယ်။ ဣသရေလလူမျိုးတွေဟာ မိုးတိမ်ရွှေ့သွားတဲ့အခါ နောက်က ပဋိညာဉ် သေတ္တာထမ်းပြီး လိုက်ကြရတယ်။ အမြဲတမ်း ဘုရားက ရှေ့ကဦးဆောင်တယ်။ လေဝိလူတွေက သေတ္တာတော်ကိုထမ်းတယ်။ တဲတော်နဲ့ဆိုင်တဲ့ပစ္စည်းတွေကို သယ်ကြတယ်။ အဲဒီနောက်မှာမှ ဣသရေလအမျိုး ဆယ့်နှစ်မျိုးက သုံးမျိုးကိုတဖွဲ့ လေးဖွဲ့ဖွဲ့ပြီးလိုက်ကြတယ်။ သူတို့တပ်ချီတဲ့ပုံစံဟာ စနစ်ကျတယ်။

### B.Sinai to Kadesh-barnea (Numbers 10-12)-သိနာတောင်မှ ကာဒေရှ ဗာနာအရပ်

ဣသရေလအမျိုးဟာ မြောက်ဘက်အရပ်ကို ခရီးပြုခဲ့ကြတယ်။ ဒါပေမယ့် သူတို့စိတ်က မရောင့်ရဲဘူး။ ဘုရားက ရင့်ကျက်စေချင်တယ်။ ယုံကြည်ခြင်း ကြီးစေခြင်တယ်။ ဒါပေမယ့် သူတို့က ညည်း တွားပြစ်တင်တယ်။ ယုံကြည်ခြင်းနဲ့ အသက်ရှင်မယ့်အစား၊ ဘုရားက အကောင်းဆုံးသိတာကို လက်ခံမယ့်အစား ကိုယ်ကာယအတွက် သက်သာမှု၊ လောကီအရာ တပ်မက်မှုတွေကို ရှာကြ တယ်။ ဘုရားသခင်အမျက်တော်ကို နှိုးဆော်တယ်။ မီးကိုလွှတ်ပြီး တပ်ကို လောင်စေတယ်။ (Numbers 11:1,2) သူတို့အထဲမှာပါလာတဲ့ တပါးအမျိုးသားတွေလည်း မနာလိုဖြစ်ကြတယ်။ အစားအသောက်နဲ့၊ ခရီးလမ်းကြမ်းတမ်းမှုအတွက် ပြစ်တင်ကြတယ်။ ဘုရားသခင် စိတ်ဆိုးပြီး၊ မောရှေလည်း စိတ် ညစ်သွားတယ်။ ဒီလူတွေကို ဦးဆောင်ရတာ မလွယ်ဘူးလို့ ဆိုတယ်။ (Numbers 11:4-14) ဘုရားသခင်က မောရှေ ကိုကူညီဖို့ လူ ၇၀ ပေးတယ်။ ငုံးတွေကို တပ်ထဲကို စေလွှတ်ပြီး စားဖို့ပေးတယ်။ ဒါပေမယ့် ကျေးဇူးမသိတတ်လို့ ရောဂါ ကပ်ဘေးသင့်ခဲ့ကြတယ်။ (Numbers 11:15-35) လူအများအပြား သေကြတယ်။ မိရိအံနဲ့ အာရုန်က မောရှေ ကို အပြစ်တင်ကြတယ်။ ခေါင်းဆောင်နေရာ လိုချင်ကြတယ်။ မိရိအံနူနာစွဲပြီးမောရှေကသူ့အတွက်ဆုတောင်းပေးတယ်။ (Numbers 12) ညည်းတွား ပြစ်တင်တာဟာ ယုံကြည်ခြင်းမရှိတဲ့ လက္ခဏာဖြစ်တယ်။ ကျေးဇူးမသိတတ်တာ မရင့် ကျက်တာလည်းဖြစ်တယ်။ ယုံကြည်ခြင်းကလူကိုရောင့်ရဲစေတယ်။ ဘုရားရဲ့ကွယ်ကာမစမှုတွေကို စိတ်ချစေတယ်။ (1 Timothy 6:6)

## C.God did not allow Israel to enter Canaan because of their unbelief (Numbers 13,14) မယုံကြည်တဲ့ အတွက် ခါနန်ပြည်ကိုမဝင်ကြရဘူး။

ဒီအခန်းတွေကို သေချာဖတ်ကြည့်ပါ။ သူတို့ရဲ့ယုံကြည်ခြင်းနဲ့ မယုံကြည်ခြင်းသက်သေတွေကို လေ့လာပါ။ ဘုရားသခင် နှစ်သက်တဲ့အရာတခုဟာ ယုံကြည်ခြင်းပဲဖြစ်တယ်။ ယုံကြည်ခြင်းမရှိရင် ဘုရားသခင်ရဲ့စိတ်တော်နဲ့ မတွေ့နိုင်ဘူး။ (Hebrews 11:6) ယုံကြည်ခြင်းမရှိတဲ့ လူမျိုးဟာဘုရားအတွက် တန်ဖိုးမရှိဘူး။ မျက်စိကန်းနေတယ်၊ ခွန်အားမရှိဘူး၊ မျှော်လင့်ခြင်း၊ ဝမ်းမြောက်ခြင်း သူတပါးကို မပေးနိုင်ဘူး။ ဘုရားကောင်းချီးကို ဖျက်ဆီးပစ်ကြတယ်။ ဘုရားသဏ္ဍာန်တော်ကို ညစ်နွမ်း စေတယ်။ ဘုရားက ခါနန်ပြည်ကို သိမ်းပိုက်စေချင်တယ်။ ဒါပေမယ့် သူတို့မှာ ယုံကြည်ခြင်းနည်းလွန်းတယ်။ ဘုရားကို လုံးလုံးအားမကိုးဘူး။ ဂတိတော်တွေကို မယုံဘူး။ စားဝတ်နေရေးနဲ့ ခေါင်းဆောင်အပေါ်မှာလည်း ယုံကြည်အားကိုးဖို့ ပျက်ကွက်တယ်။ အဲဒီနောက် ပြည်တော်ကိုသိမ်းပိုက် ရမယ်ဆိုတဲ့ အခွင့် စစ်ဆေးမှုကြီးကိုလည်း မအောင်ကြတော့ဘူး။ ခါနန်ပြည်ကို သွားတဲ့သူလျှို ၁၂ယောက်ထဲက ၁၀ယောက်မှာ ယုံကြည်ခြင်းမရှိဘူး။ သိပ်ခက် တယ်။ ရန်သူကလည်း အားကြီး တယ်။ အောင်နိုင်ဖို့ မဖြစ်ဖူး လို့ ဆိုတယ်။ ယောရှုနဲ့ ကာလက် ကတော့ ဘုရားသခင်က ကယ်တင် မယ်လို့ ယုံကြည်တယ်။ ဣသရေလလူမျိုးကို စိတ်ဆိုးတဲ့ အတွက် စွန့်ပစ်ဖို့ဖြစ်လာတယ်။ ဒီလူမျိုး ကို ဖျက်ဆီးပစ်မယ်။ မောရှေကို လူမျိုးသစ်ရဲ့အဖေ အဖြစ် ခန့်မယ် လို့ဆိုတယ်။ ဒါပေမယ့် မောရှေ က ဘုရားနာမတော်အတွက် တောင်းပန်တယ်။ ဘုရားရဲ့သစ္စာရှိခြင်းဟာ မောရှေ လူမျိုးအဖ ဖြစ်ဖို့ ထက်ပိုအရေးကြီးတယ်။ မယုံကြည်တဲ့ဣသရေလလူမျိုးတွေကိုတောထဲမှာနှစ်ပေါင်း ၃၈နှစ်လောက် ကျင်လည်ခိုင်းပြီး နောက်ဆုံး သေစေတဲ့ အထိ အပြစ်ပေးခဲ့တယ်။ ယောရှုနဲ့ ကာလက်ပဲ ပြည်တော် ကိုဝင်စားရတယ်။ (Read Numbers 14 and 15.)

## D.In the desert of Paran (Numbers 16-19)-ပါရန်တောအရပ်

### i. The sin of Korah (Numbers 16) ကောရအပြစ်

လူတွေက ပါရန်အရပ်မှာ ဆက်လက်ညည်းတွားကြတယ်။ ကောရ၊ ဒါသန်၊ အဘိရံနဲ့ သူတို့ အပေါင်း ပါတွေဟာ မောရှေ နဲ့ အာရုန်ကိုပြစ်တင်ကြတယ်။ဘုရားကသူတို့ကိုအပြစ်ပေးတယ်။မြေငလျင်လှုပ်ပြီးကောရနဲ့သူ့မိသားစုကိုမြေမျိုတယ်။ (Numbers 16:32) ဘုရားသခင်က အပြစ်ကို တရားစီရင်တယ်ဆိုတာကို သိစေတယ်။ ဘုရားရဲ့အမှုတော်ဆောင်တွေ ရဲ့စကားကို နားထောင်ဖို့လည်း ဘုရားအလိုရှိတယ်။

### ii. The signification of Aaron's rod that budded (Numbers 17,18) အာရုန်ရဲ့အပွင့်ပွင့်တဲ့လှံတံ

အာရုန်ကို ယဇ်ပရောဟိတ်မင်းအဖြစ် ခန့်အပ်တာကို အသိသက်သေပေးတဲ့အနေနဲ့ လှံတံဟာ အပွင့်ပွင့်တယ်။ အသီးသီးတယ်။ (Numbers 17:1-13) အာရုန်နဲ့ သူ့ရဲ့သားတွေကို ယဇ်ပရော ဟိတ်အဖြစ် ခန့်ထားတယ်။ (Numbers 18:1-19:22) အာရုန်ရဲ့လှံတံကို အောက် မေ့ဖို့ရာအတွက် ပဋိညာဉ်သေတ္တာတော်ထဲမှာ ထည့်ထားခိုင်းတယ်။ အာရုန်နဲ့ သူ့သားမြေး တွေဟာ ဣသရေလ အမျိုးမှာ ယဇ်ပရောဟိတ်ဖြစ်ရတယ်။ တဲတော်မှာ အမှုဆောင်ရတယ်။

## E.Things to Think About: ဆင်ခြင်စရာများ

1.သင်ယူခြင်းဟာ တရားသဘောကို လက်တွေ့အသုံးချဖို့ ဖြစ်တယ်။ ယုံကြည်ခြင်းကို ခိုင်မာစေတယ်။ အခက်ခဲတွေကြားထဲမှာ ရှင်သန်စေတယ်။ သင်ပေးတာကို လက်ခံတတ်သလား။

2.သိနာတောင်မှာ ဣသရေလအမျိုး ဘာကို သင်ယူခဲ့ရသလဲ။ ဘုရားသခင်မှာ အကြံအစည်နဲ့ အစီစဉ်အမြဲရှိတယ်။ ဒီနေ့ခေတ် အသင်းတော်မှာရှိတဲ့ ယုံကြည်သူတွေအတွက် ဘုရားသခင်ရဲ့အကြံ အစည်နဲ့ အစီစဉ်ရှိတယ်။ သင့်အသက် တာအတွက် ဘုရားသခင်မှာအစီစဉ်ရှိတယ်။ ဒီအစီစဉ်ကိုသိပြီလား။ဘုရားအကြံအစည်အတိုင်းလိုက်နာရဲ့လား။

3.ယုံကြည်ခြင်းမရှိရင် ဘုရားသခင်ရဲ့စိတ်တော်နဲ့မတွေ့နိုင်ဘူး။ ယုံကြည်ခြင်းမဲ့တဲ့ ဣသရေလလူမျိုးရဲ့ပုံသက်သေကို ကြည့်ပါ။ ညည်းတွားတယ်၊ ပြစ်တင်တယ်၊ ဘုရားခိုင်းတာကို လုပ်ဖို့ကျ တော့ ကြောက်ရွံ့တယ်။

## I. GOD PREPARED THE NEW GENERATION TO ENTER CANAAN, THE PROMISED LAND ပြည်တော်ဝင်စားဖို့ မျိုးဆက်သစ်ကို ပြင်ဆင်တယ်။ (ကာဒေရှအရပ်မှ မောဘအရပ်) (Numbers 20-35) (from Kadesh to Moab)

A. ကာဒေရှအရပ်နဲ့ ဇိနတောထဲမှာ ဣသရေလအမျိုးကို တခါကောင်းကြီးပေးပြန်တယ်။ ဘုရားကို အားမကိုးတဲ့သူတွ တောထဲမှာ သေခဲ့ပြီ။ ဒါပေမယ့် ဘုရားက ဣသရေလအမျိုးကို မမေ့ဘူး။ တောထဲမှာ မွေးဖွားတဲ့မျိုးဆက်သစ်ကို ဆက် ဦးဆောင်တယ်။မျိုးဆက်သစ်ဟာသူတို့ရဲ့တာဝန်ကို ဆက်လက်လေ့လာတယ်။ ပါရန်အရပ်မှထွက်ပြီး ဇိနတောကို ရောက်တယ်။အဲဒီမှာမိရိအံ သေတယ်။ (Numbers 20:1) ရေမရှိလို့ ပြစ်တင်ကြပြန်တယ်။ ရေထွက်လာဖို့ ကျောက်ကို မှာဖို့မောရှေကို မှာတယ်။မောရှေကစိတ်မရှည်လို့ ဣသရေလအမျိုးရှေ့မှာအပြုအမူမှားယွင်းခဲ့တယ်။ အဲဒီမှာအကြောင်း ရင်းနှစ်ချက်ရှိတယ်။ ပထမအချက်က "ဒီကျောက်ထဲကနေရေထွက်အောင်လုပ်ရမလား" လို့ ဘုရားသခင်ကိုမေးတယ်။ ဘုရားစကားကို နားထောင်မှု၊ယုံကြည်မှု၊ မောရှေကိုယ်တိုင် မပြနိုင်ခဲ့ဘူး။ ကျောက်ကိုစကားပြောရုံပြောရမယ့်အစား ရိုက်လိုက်တယ်။ ဒုတိယအချက်က မောရှေဟာခရစ်တော်အသေခံခြင်းကိုပုံဆောင်တဲ့ ဒီကျောက်ကို ညစ်ညူးစေ တယ်။ ဒါကြောင့် ခါနန်ပြည်ထဲကို သူ့ကိုဝင်ခွင့်မပေးဘူး။ဒီအရပ်ကို မေရိဘာအရပ်လို့ခေါ်တယ်။(Numbers 20:2-13)

B. မျိုးဆက်သစ်ကို ဆက်စုံစမ်းတယ်။ဧသောကနေဆင်းသက်တဲ့ ဧဒုံဘုရင်ဟာ ဣသရေလအမျိုးကို လမ်းဖြတ်ခွင့်မပေးဘူး။ ဒါကြောင့် ဣသရေလအမျိုးက စိရတောရဲ့တောင်ဘက်ကို သွားရတယ်။ နောက်ပင်လယ်နီ၊ အဲဒီနောက် မြောက်ဘက်ကို ဆက်သွားရတယ်။ (Numbers 20:14-21) အာရုန်ဟာ အဟောရအရပ်မှာ သေတယ်။ သူ့သား ဧလေဇာက သူ့နေရာကို ဆက်ခံရ တယ်။ (Numbers 20:22-29)

C. ခါနန်လူတချို့ကို ဖျက်ဆီးဖို့ မစတော်မူတယ်။ (Numbers 21:1-3) ခါနန်ပြည်က ဘုရင်တပါးနဲ့ တွေ့တယ်။ ဘုရားသခင်မစတော်မူရင် ဒီမြို့တွေကိုဖျက်ဆီးမယ်လို့ ဂတိပေးကြတယ်။ အောင်မြင်ခြင်းကိုပေးတယ်။ သူတို့လည်း မြို့တွေ ဖျက်ပစ်တယ်။ ဒါဟာဣသရေလအတွက် လေ့ကျင့်ခန်း တခု သဘောမျိုးဖြစ်တယ်။ ဘုရားတန်ခိုးတော်ကို မြင်ရတယ်။အခက်အခဲ ကြား ထဲမှာစိတ်ပျက် သွားတယ်။ မောရှေတဘက်မှာ အပြစ်တင်ကြတယ်။ ဘုရားက သူတို့ကို မီးမြွေ မွှ လွှတ်ပြီး အပြစ်ပေး တယ်။ ဒါပေမယ့် ကယ်တင်ရာလမ်းကိုလည်း ယုံကြည်ခြင်းအားဖြင့်ရဖို့ ပြင်ဆင်ပေးတယ်။ မောရှေ ကို ကြေးဝါမြွေရုပ်တရုပ် လုပ်စေတယ်။ မြွေကိုက်တဲ့ဒဏ်ရာပျောက်ဖို့ ကြေးဝါ မြွေရုပ်ကို ကြည့်ရုံကြည့်ဖို့ပဲ လို တယ်။ (Numbers 21:4-9) အဲဒီနောက်မှာ သူတို့ အားပြန်တက်လာတယ်။ ချီးမွမ်းသီချင်းဆိုလာနိုင်တယ်။ (Numbers 21:17) အဲဒီနောက်မှာရှိဟုန်ဘုရင်ကိုအောင်နိုင်တယ်။ (Numbers 21:21-31) ဗာရှန်ဘုရင် ဩဂကိုလည်းနိုင်တယ်။ (Numbers 21:33-35)

D. မောဘအရပ်မှာ ဆက်လက်သွန်သင်တယ်။ မောဘဘုရင် ဗာလက်နဲ့ ပရောဖက်ဗာလမ် အား ဖြင့် ဘုရားသခင်က စုံစမ်းတယ်။ ဘုရားသခင်က ဣသရေလအမျိုးကို ကျိန်ဆဲဖို့ ဗာလမ်ကို ခွင့် မပြုဘူး။ကောင်းကြီးပဲ ပေးခွင့်ပြုတယ်။

(Numbers 22:1-24:25) နောက်တော့ ဗာလမ် က ဣသရေလအမျိုး မောဘဘုရားကို လိုက်ပူဇော်ဖို့အတွက် သွေးဆောင်ခိုင်းတယ်။မောဘအမျိုး၊ အမျိုးသမီးတွေနဲ့ အိမ်ထောင်ပြုစေတယ်။(Revelation 2:14) ဒီအပြစ်ရဲ့အကျိုးဆက် ကတော့ ဣသရေလ အမျိုး ၄၄,၀၀၀(လေးသောင်းလေးထောင်) သေတယ်။ ဧလျာဇာရဲ့သား ဖိနဟပ်က ဒီအပြစ်ကို ပယ်ရှင်းပေးတယ်။ ဘုရားသခင်ရဲ့သန့်ရှင်းခြင်းအပေါ်ထားတဲ့ သူ့ရဲ့သစ္စာကိုပြတယ်။ သူ့အပေါ် မှာ ထာဝရယဇ်ပရော ဟိတ်အခွင့်နဲ့ ငြိမ်သက်ခြင်းပဋိညာဉ်ကိုဆုချတယ်။ (Numbers 25:1-18) ဣသရေလအမျိုးရဲ့မျိုးဆက်သစ်အပေါ်မှာ လည်း ကာလကြာရှည်စွာ အပြစ်စီရင်မှုတွေ သက်ရောက်လာတယ်။ဘုရားသခင်ဟာသန့်ရှင်းတယ်ဆိုတာကို သံသယ မရှိသင့်ဘူးဆိုတာကို သင်ပေးနေတယ်။

E. ခါနန်ပြည်ကို အောင်နိုင်ဖို့ ပြင်ဆင်ပေးတယ်။ မောရှေက လူအရင် ရေတွက်တယ်။ တိုက်ပွဲ အတွက် ပြင်ဆင်ပေးတယ်။ (Numbers 26:1-65)ခေါင်းဆောင်သစ်အဖြစ်ယောရှုကိုခန့်ထား တယ်။ ဥပုသ်နေ့၊ ပသခါပွဲ၊ တံပိုးမှုတ်ရာပွဲနဲ့ သစ္စာဂတိတွေအကြောင်း ပြန်ပြောပြတယ်။ (Numbers 27:15-23; 28-30)လူမျိုးတော်ကို သန့်ရှင်းစေတယ်။ မိဒျန် အမျိုးကို အနာရစေတယ်။ စစ်ပွဲမှာရတဲ့ဥစ္စာပစ္စည်းတွေကို ဘယ်လိုသဘောထားမလဲဆိုတာ သင်ပေးတယ်။ အားလုံး ဖျက်ဆီးပစ်ဖို့လိုတယ်။ (Numbers 31) ရုဗင်၊ ဂဒ်နဲ့ မနာရှေမျိုးတဝက်ကို ယော်ဒန်မြစ်ရဲ့အရှေ့ ဘက်ခြမ်းမှာ နေရာချ တယ်။တခြားအမျိုးတွေနဲ့အတူထပ်ပြီးစစ်တိုက်ပေးဖို့လည်း သူတို့ဘက်ကကူရတယ်။ (Numbers 32) အီဂျစ်ကနေ မောဘကိုသွားတဲ့ခရီးစဉ်ကို ပြန်လည်စီစစ်တယ်။ (Numbers 33:1-49) ခါနန်ပြည်မှာရှိနေတဲ့ ဝတ်ပြုကိုးကွယ်ခြင်းနဲ့ ဆိုင်တဲ့ အရာတွေကို ကျောက်တုံးတွေ၊ရုပ်တုတွေ၊ မြင့်သောအရပ်တွေကို အကုန်ဖျက်ဆီးရတယ်။ (Numbers 33:50-56) နယ်နိမိတ် တွေကို သတ် မှတ်ပေးတယ်။ (Numbers 34:1-14) ပြည်တော်ကို အပိုင်းအခြားတွေလုပ်တယ်။ (Numbers 34:16-29)၊ လေဝိသားတွေအတွက် မြို့တွေပေးတယ်။ (Numbers 35:1:34) သူတို့ အတွက် အိမ်ထောင် ဖက်ကိုလည်း ပြင်ဆင်ပေးတယ်။ (Numbers 36:11-12)

**F. Things to Think About:**ဆင်ခြင်စရာများ

ဣသရေလမျိုးဆက်သစ်ကို ဘယ်လို စမ်းသပ်ခဲ့သလဲ။ ရေမရှိဖြစ်ခဲ့ကြတယ်။ ဒေ့ကသူ့ပြည်တွင်းက ဖြတ်သွားဖို့ ငြင်းပယ်ခဲ့တယ်။ လမ်းခရီးက ကြမ်းတမ်းတယ်။ ရန်သူတွေရှိတယ်။ဗာရက် ကျိန်ဆဲခိုင်းတယ်။ ဒီစုံစမ်းခြင်းတွေကို ဘယ်လိုတုံ့ပြန်ခဲ့ကြသလဲ။ တခါတရံမှာ အောင်မြင်တယ်၊ တခါတရံ မှာ ကျရှုံးတယ်။ ဒါပေမယ့် ဘုရားထံလှည့်ပြန်တဲ့အခါ ထွက်မြောက်ရာလမ်းနဲ့ အောင်မြင်ခြင်းကို ပြင်ဆင်ပေးတယ်။သင့်အတွက် ဘုရားသခင်က စုံစမ်းခြင်းတွေရှိသလား။ (1 Corinthians 10:13) မှာပါတဲ့ဂတိတော်ကို သတိရပါ။

.

**THE BOOK OF DEUTERONOMY-** တရားဟောရာကျမ်း

God's book of instructions for those entering the Promised Land-ပြည်တော်ဝင်စားမယ့်သူတွေအတွက် လမ်းညွှန်ချက်ကျမ်းစာဖြစ်တယ်။

**I. THE BOOK OF DEUTERONOMY IS THE LAST BOOK OF MOSES AND CONTAINS A RESUME OR CONCLUSION TO HIS FIVE BOOKS.** တရား ဟောရာကျမ်းဟာ မောရှေကျမ်း ထဲမှာ နောက်ဆုံးကျမ်းဖြစ်တယ်။ ၅စောင်တွဲကျမ်းရဲ့နိဂုံးချုပ် အပိုင်းတွေလည် းဖြစ်တယ်။

ဒီကျမ်းကို တောထဲမှာသေဆုံးသွားတဲ့ ဣသရေလလူမျိုးတွေနဲ့ မျိုးဆက်သစ်တွေပြည်တော်ဝင်စား ဖို့ရန်အတွက် လမ်းညွှန်ချက်ရေးထားတာလည်းဖြစ်တယ်။ တရားဟောရာကျမ်းကို ရေးထားခြင်းဟာ

A.ဘုရားတန်ခိုးတော်သန့်ရှင်းခြင်းကို ဣသရေလလူမျိုးတွေ သတိရဖို့ဖြစ်တယ်။ (Deuteronomy 1:1-6) ဘိုးဘေးတွေ ဘုရားသခင်ကိုသိခဲ့သလို မျိုးဆက်သစ်ကို သိစေချင်တယ်။

B.ခါနန်ပြည်ဝင်စားဖို့အတွက်ဣသရေလလူမျိုးကိုပြင်ဆင်ဖို့ရေးတယ်။(Deuteronomy 1:7-8)

1. - "သူတို့အမျိုးအနွယ်အားပေးမည်ဟု ကျိန်ဆိုတော်မူသော ပြည်ကိုဝင်၍သိမ်းယူကြလော့" ဆိုတဲ့ စကားကို ၃၄ ခါ တွေ့ရတယ်။

2. "သင်၏ဘုရားသခင်ထာဝရဘုရားသည် သင်နှင့်အတူရှိတော်မူ၍ ပြည်တော်ကို ပေးတော်မူမည်" ဆိုတဲ့စကားကို ၃၅ ကြိမ်တွေ့ရတယ်။

C.ဂတိတော်ပြည်မှာ ဘုရားသခင်ရဲ့အုပ်စိုးမှုကို ဝန်ခံတတ်ဖို့ ဣသရေလလူမျိုးကို ပြင်ဆင်ဖို့ ရေးတယ်။

D.ဘုရားသခင်ရဲ့ကြီးမြတ်မှုကို ဣသရေလလူမျိုး သတိရဖို့၊ အချိန်တိုင်း နေရာတိုင်း ဘုရားစကား နားထောင်တတ်ဖို့အတွက် ရေးရတယ်။

**II.THE BOOK OF DEUTERONOMY COUNSELS THE PEOPLE TO KNOW THE HISTORY OF ISRAEL AND TO REMEMBER WHAT GOD HAS DONE (Deuteronomy 1-5)-** တရားဟော ရာကျမ်းဟာ ဣသရေလသမိုင်းကိုသိပြီး ဘုရားပြုတာတွေကို သတိရဖို့သွန်သင်တယ်။

A.**Know God's Law**-ပညတ်တော်ကိုသိဖို့ **(Deuteronomy 5-26).**

1.the ten commandments-ပညတ်တော် ၁၀ ပါး chapters 5-11

2.the ceremonial laws and festivals-ဝတ်ပြုရာပညတ်များနဲ့ ပွဲတော်များ chapters 12-16

3.the civil laws-မြို့ပြပညတ်များ (of government) chapters 16-20

4.the social laws (of human interaction)- လူမှုရေးပညတ်များ chapters 21-25

B.ဘုရားရဲ့အကြံအစည်ကိုသိပြီး မျှော်လင့်တတ်ဖို့ (Deuteronomy 25-30) နားထောင်ရင် ကောင်းချီးရပြီး၊ မနာခံရင် ကျိန်ခြင်းရတဲ့ ဂတိတော်များကို တွေ့ရတယ်။.

C.Know God's faithfulness (Deuteronomy 31-34). ဘုရားသခင်ရဲ့သစ္စာရှိခြင်းကိုသိဖို့ ယောရှုကို ပြောတဲ့ မောရှေရဲ့နောက်ဆုံးစကား:

1.ဘုရားသခင်အတူရှိကြောင်းသိဖို့ယော်ဒန်မြစ်ကိုဖြတ်တဲ့အခါမှာအားယူပြီးရဲရင့်ခြင်းရှိဖို့ ဘုရားသခင်အတူရှိကြောင်း ပြောခဲ့တယ်။ (Deuteronomy 31:1-8).

2. ဘုရားနှုတ်ကပတ်တော်ကိုသိပြီး စောင့်ထိန်းတတ်ဖို့ လူတွေစုပြီး နှုတ်ကပတ်တော်ကို သင်ယူဖို့မှာတယ်။ (Deuteronomy 31:9-13).

3. ဘုရားသခင်ရဲ့သီချင်းကို သိဖို့ နောင်ကာလမှာ ပုန်ကန်မှုတွေရှိမယ်ဆိုတာကို မောရှေ ပရောဖက်ပြုပြီး သီချင်း တပုဒ်ရေးပေးခဲ့တယ်။ ဘုရားရဲ့သစ္စာရှိမှုကို သတိပေးခဲ့တယ်။ (Deuteronomy 31:13-32:47).

4. ဘုရားကောင်းကြီးကိုသိဖို့ -ဣသရေလအမျိုးကိုမောရှေကနောက်ဆုံးအနေနဲ့ ကောင်း ကြီး ပေးခဲ့တယ်။ (Deuteronomy 33:1-29).

## III. THE DEATH OF MOSES ON MOUNT NEBO (Deuteronomy 32:48-52; 34:1-12) နေဗော တောင်မှာ မောရှေသေဆုံးခြင်း.

မောရှေဟာ နေဗောတောင်မှာသေရတယ်။ ဘိုးဘေးတွေရှိရာအရပ်ကို ဝင်စားတယ်။ သူ့ အသက်တာမှာ ဘုရားစကား နားထောင်သလို သေဆုံးတဲ့အချိန်မှာလည်း နားထောင်ခဲ့တယ်။ ဗိသခါ တောင်ပေါ်တက်ပြီး ယော်ဒန်မြစ်တဘက်ကမ်းကိုလှမ်းကြည့်ခွင့်ရတယ်။ အာဗြဟံ၊ ဣဇာက်၊ ယာကုပ်ကို ဂတိထားတဲ့ ပြည်တော်ကိုပြတယ်။ "သင်တို့ရဲ့အမျိုး အနွယ်ကို ငါပေးမယ်။ သင့်မျက်စိနဲ့ မြင်ခွင့် ငါပေးပြီ" လို့ မိန့်တော်မူတယ်။ မောရှေဟာ ပြည်တော်တခုလုံးကို မြင်ခွင့်ရပေမယ့် မေရိဘအရပ်မှာ အပြစ်ပြုခဲ့မိတဲ့အတွက် ဝင်စားခွင့် မရဘူး။ အဲဒီတောင်မှာသေပြီး ဘုရားက သူ့ ကိုသင်္ဂြိုလ်တယ်။ သူ့ရဲ့သင်္ချိုင်း ဘယ်မှာရှိတယ်ဆိုတာကိုဘယ်သူမှမသိကြဘူး။မောရှေဟာ သူသေဆုံးချိန်မှာအသက်၁၂၀ရှိပြီဖြစ်တယ်။ အသက်ကြီးသော်လည်းပဲ သူ့ရဲ့ကိုယ်ခန္ဓာဟာ ကျန်းမာဆဲပဲဖြစ်တယ်။.

## IV. Things to Think About: ဆင်ခြင်စရာများ

1. မောရှေက ဣသရေလသမိုင်းနဲ့ ပညတ်တော်တွေ ဘာကြောင့်ထပ်ပြောပြသလဲ။ မျိုး ဆက်သစ်ကို ဘုရားသခင်အကြောင်း သိစေချင်လို့ ဖြစ်တယ်။ ဒီနေ့ခေတ်မှာလည်း ဘုရားသခင်နဲ့ သူ့ရဲ့သစ္စာတော်ကိုသိဖို့ ကျမ်းစာတော်ကို သေသေချာချာ ဖတ်ဖို့လို တယ်။

2. မောရှေသေဆုံးချိန်မှာ သူ့မှာရှိတဲ့ ယုံကြည်ခြင်းအကြောင်းကိုသင်ယူပြီးပြီလား။ သူဟာ သေဖို့ မကြောက်ဘူး။ တောင်ပေါ်မှာတယောက်တည်းရှိနေခဲ့တယ်။ဘုရားသခင်ဦးဆောင်ပြီး ဘုန်းအသရေရှိရာကို သိမ်းဆည်းမယ်လို့ ယုံကြည်ခဲ့တယ်။

## V. THINGS TO KNOW ABOUT THE BOOKS OF NUMBERS AND DEUTERONOMY: တောလည်ရာကျမ်းနဲ့ တရားဟောရာကျမ်းအကြောင်း သိသင့်သော အရာများ

A. တရားဟောရာကျမ်းဟာ ဣသရေလလူမျိုး ယုံကြည်ခြင်းကို ဝန်ခံခြင်းအကြောင်း ရေးတာဖြစ်တယ်။ ဒီအကြောင်းကိုဓမ္မာန်တော်တဲတော်မှာရှိတဲ့ပဋိညာဉ်တရားသေတ္တာထဲမှာသိမ်းထားတယ်။ သခင်ယေရှုက တရား ဟောရာကျမ်းကို မကြာခဏ ကိုးကားလေ့ရှိတယ်။ (Matthew 4:1-10; Luke 4:1-13 and other places)

B. ဂတိတော်ရှိတဲ့ မေရှိယခရစ်တော်သခင်ကို တောလည်ရာကျမ်းနဲ့ တရားဟောရာကျမ်းမှာ တွေ့ရတယ်။

1. တောလည်ရာကျမ်းမှာ ခရစ်တော်ကိုတွေ့ရတယ်။ ကြေးဝါမြွေရုပ် (Numbers 21:4-9) ဟာ ကားတိုင်မှာ အသေခံခြင်းကိုပုံဆောင်တယ်။ (John 3:14,15) ရေထွက်တဲ့ကျောက်ဟာ ခရစ်တော်ကို ပုံဆောင်တယ်။ လူအများရဲ့ဆာင

တ် မှုကို ရေငတ်ပြေစေမယ့် ကျောက်ဟာ ခရစ်တော် ဖြစ်တယ်။ (1 Corinthians 10:4) နေ့စဉ်စားရတဲ့ မန္နမုန့်ကတော့ အသက်မုန့်ဖြစ်တဲ့ခရစ်တော်ကိုပုံဆောင်တယ်။ (John 6:31-33) ပရောဖက်ဗာလမ်ဟာခရစ်တော် နောင်ကာလမှာ အုပ်စိုးမယ့် အကြောင်းကို ကြိုမြင်ခဲ့တယ်။ (Numbers 24:17) မိုးတိမ်တိုင် နဲ့ မီးကတော့ခရစ်တော်ရဲ့အတူ ရှိနေခြင်းနဲ့ လမ်းပြခြင်းကိုပုံဆောင်တယ်။ ခိုလှုံရာမြို့ခြောက်မြို့ကအပြစ်သားရဲ့ခိုလှုံရာခရစ်တော်ကိုပုံဆောင်တယ်။ အနီရောင်နွား မကတော့ ခရစ်တော်ရဲ့အသေခံခြင်းကိုပုံဆောင်တယ်။ (Numbers 19) အာရုန်ရဲ့လှံတံက အပွင့်ပွင့်တဲ့အတွက် ရှင်ပြန် ထမြောက်ခြင်းကို ပုံဆောင်တယ်။

2.ခရစ်တော်ကို တရားဟောရာကျမ်းထဲမှာ တွေ့ရတယ်။ Deuteronomy 18:15-19 မှာ ပရောဖက်မောရှေထက်ကြီးမြတ်သူ၊ဘုရားသခင်ရဲ့နှုတ်ကပတ်တော်ကို ဟောပြောမယ့်သူ ပညတ်တရားကို ပြန်နေရာ ချထားမယ့်သူလို့တွေ့ရတယ်။ ခရစ်တော်ဟာ မောရှေလိုပဲ ဣသရေလအမျိုးသားဖြစ်တယ်။ ဘုရားနှုတ်ကပတ်တော် ကို အာဏာနဲ့တကွဟောပြောမယ်။ ခရစ်တော်ဟာခမည်းတော်ဘုရားသခင်နဲ့အတူမိတ်သဟာယဖွဲ့ပြီး လူအများရှေ့မှာ နိမိတ်လက္ခဏာ မောရှေလိုပဲပြမယ်။ရှင်ပေတရုကသူ့ရဲ့ဒုတိယမြောက်ဟောပြောတဲ့ စကားထဲမှာ ဒီကျမ်းချက်တွေကို ကိုးကား ခဲ့တယ်။ (Acts 3:11-26)သတေဖန်ကလည်း ဟောပြောရာမှာ ခရစ်တော်ဟာ ပရောဖက်ဖြစ်ကြောင်း ပြောဆိုခဲ့တယ်။ (Acts 7:37)

3.Moses pictures Christ as : မောရှေဟာ ခရစ်တော်ကိုပုံဆောင်တယ်။

a. prophet ပရောဖက် (Deuteronomy 34:10-12)

b. priest (Exodus 32:31-35) ယဇ်ပရောဟိတ်

c. king or ruler of Israel (Deuteronomy 33:4-5) ဣသရေလအမျိုးရဲ့ဘုရင်

4.Both Moses and Christ were:မောရှေနဲ့ ခရစ်တော်ဟာ

a. in danger of death during childhood သူငယ်ဘဝမှာပင် သေဘေးကြုံခဲ့ကြတယ်။

b. saviors and intercessors ကယ်တင်ရှင်နဲ့ ကြားဝင်ပြန်ဖြေပေးသူဖြစ်တယ်။

c. believers who depended on God the Father ခမည်းတော်ဘုရားသခင်ကိုယုံကြည် အားကိုးသူတွေ ဖြစ်တယ်။

d. rejected by their brethren သူတို့ရဲ့ညီအကိုတွေက သူတို့ကိုငြင်းပယ်တာ ခံခဲ့ကြရတယ်။

**Exam – Lesson 7**

Name ______________________________________________

Address ______________________________________________

Multiple choice (Circle one letter as the correct answer unless otherwise indicated. When so indicated you may use your Bible, but we trust you not to look up the answers in the lesson.)

1.What is the primary theme of the books of Numbers, Deuteronomy, and Joshua? (value 4 points) တောလည်ရာကျမ်း၊ တရားဟောရာကျမ်း၊ ယောရှုမှတ်စာတို့၏ အဓိက ဖော်ပြလိုရင်းကား အဘယ်နည်း။

a) Belonging – the formation of the nation of Israel ပိုင်ဆိုင်မှု - ဣသရေလနိုင်ငံ တည်ထောင်ပုံ

b) Behavior – discipline leads to maturity အပြုမူ - စည်းကမ်းဖြင့်ရင့်ကျက်သူဖြစ်စေ

c) Broken – the fall of the nation of Israel ချိုးဖဲ့ခံရမှု - ဣသရေလနိုင်ငံကျဆုံးခြင်း

2.What is the primary purpose of discipline? (value 4 points) စည်းကမ်းသတ်မှတ်ခြင်း၏ အဓိက ရည် ရွယ်ချက်ကားအဘယ်နည်း။

a) to make strong homes သန်မာသော မိသားစုအိမ်များဖြစ်ရန်

b) to develop faith and maturity ယုံကြည်ခြင်းနှင့်ရင့်ကျက်ခြင်း ကြီးထွားရန်

c) to keep peace in the community ရပ်ရွာတွင်း တည်ငြိမ်အေးချမ်းမှုကိုထိန်းသိမ်းရန်

3.Where did Israel travel in the book of Numbers? (value 4 points) တောလည်ရာ ကျမ်းတွင် ဣသရေလလူများ မည်သည့်ဒေသသို့ သွားခဲ့သနည်း။

a) from Egypt to Canaan အီဂျစ်ပြည်မှ ခါနန်ပြည်သို့

b) from Sinai to Moab သိနာအရပ်မှ မောဘအရပ်သို့

c) from Elim to Paran ဧလိမ်အရပ်မှ ပါရံအရပ်သို့

4.Why was Israel punished at Kadesh-barnea? (value 4 points) ကာဒက်ရှိဘာနေ အရပ်တွင် ဣသရေလလူများ အဘယ့်ကြောင့် အပြစ်ပေးခံရသနည်း။

a) because of their murmuring and complaining ငြီးတွားမြည်တမ်းသောကြောင့်

b) because of their rebellion against authority အကြီးအကဲအပေါ်ပုန်ကန်သောကြောင့်

c) because of their lack of faith ယုံကြည်ခြင်းနည်းသောကြောင့်

5.What characterized the journey from Sinai to Kadesh-barnea? (value 4 points) သိနာတောင်မှ ကာဒက်ရှိဘာနေအရပ်သို့ သွားသော ခရီးသည် မည်သည်ကိုရည်ညွှန်း သနည်း။

a) great spiritual growth in the lives of the children of Israel ဣသရေလလူတို့ ဝိညာဉ်ရေးရာကြီးထွားမှု ကို ရည်ညွှန်းသည်၊

b) murmuring and complaining ငြီးတွားမြည်တမ်းခြင်းကို ရည်ညွှန်းသည်၊

c) joy and rejoicing because of what God had done ဘုရားရှင်လုပ်ဆောင်သည့်အရာအပေါ် ဝမ်းမြောက်ပျော်ရွှင်ခြင်းကို ရည်ညွှန်းသည်၊

6.How did the foreigners among the Israelites feel about them? (value 4 points) ဣသရေလတို့ နှင့်အတူပါလာသော တိုင်းတပါးသားများက သူတို့ ကို မည်သို့ ရှုမြင်ကြသနည်း။

a) They were afraid of them. သူတို့ ကြောက်ရွံ့ ကြသည်၊

b) They did not adapt to the circumstances. သူတို့ ဖြစ်ပျက်သမျှကို မခံစားတတ်ကြပါ၊

c) They were jealous. သူတို့ မနာလိုဝန်တိုခဲ့သည်၊

7.What happened when the people murmured and complained? (value 4 points) လူများငြီးတွား မြည်တမ်းသည့်အခါ ဘာဖြစ်ခဲ့သနည်း။

a) Moses was angry and asked God to punish them. မောရှေဒေါသထွက်ပြီး၊ ဘုရားရှင်အား သူတို့ ကို အပြစ်ပေးဖို့ တောင်းဆိုသည်၊

b) God took great pity on them because they were so weak and helpless. သူတို့ သည် အားငယ်ပြီ ကူညီမည့်သူ မဲ့သောကြောင့် ဘုရားရှင်က အလွန်သနားသည်၊

c) God sent them their desire (meat), but many of them died in a plague because of their ungratefulness. ဘုရားရှင်က သူတို့ ဆန္ဒရှိသောအရာကိုပို့ ပေးသော်လည်း မနာခံသောကြောင့် လူများစွာသေသည်၊

8.What was the punishment for lack of faith at Kadesh? (value 4 points) ယုံကြည် ခြင်းကင်းမဲ့သော ကြောင့် ကာဒက်ရှ်အရပ်တွင် ပေးသောပြစ်ဒဏ်ကားအဘယ်နည်း။

a) God added thirty years of famine and suffering in the desert. ဘုရားရှင်က သဲ ကန္တာရတွင် အစာခေါင်းပါး ခြင်းနှင့် ဒုက္ခဆင်းရဲခြင်း အနှစ် ၃၀-ထပ်တိုးသည်၊

b) God brought plagues of sickness and death that would wipe out all the adult population. ဘုရားရှင် က အရွယ်ရောက်ပြီးသူအားလုံးကို ဖျားနာခြင်း သေဆုံးခြင်း ကပ်ရောဂါ များကျရောက်စေသည်၊

c) God added 38 more years of wandering in the wilderness until all the adults died. အရွယ်ရောက်ပြီး သူ အားလုံးသေဆုံးချိန်ထိ နောက်ထပ် ၃၈-နှစ် တောထဲတွင်လှည့်လည်စေသည်၊

9.What did God do to Korah and those with him when they rebelled against Moses and Aaron? ကောရနှင့်သူ၏လူများက မောရှေနှင့်အာရုံကို ပုန်ကန်သောအခါ ဘုရား ရှင်က ဘာလုပ်သနည်း။(value 4 points)

a) He struck them dead with lightening and thunder. ဘုရားရှင်က မိုးကြိုးမုန်တိုင်းများဖြင့် သူတို့ကို အဆုံး စီရင်သည်၊

b) He punished them with severe illness and crippled them for life. ဘုရားရှင်က ပြင်းထန်သော အနာရောဂါ များဖြင့် အပြစ်ဒဏ်ပေးခဲ့သည်၊

c) He caused the earth to open up and swallow them. ဘုရားရှင်က မြေကြီးကိုဖွင့်ကာမျိုခဲ့သည်၊

10.How did God prove that Aaron was the true high priest? (value 4 points) ဘုရား ရှင်က အာရုံကို စစ်မှန်သောယဇ်ပုရောဟိတ်ဖြစ်ကြောင်း မည်သို့ သက်သေပြခဲ့သနည်း။

a) through his heritage as a son of Levi လေဝိအနွယ် အစဉ်အဆက်အားဖြင့်

b) through a vision accompanied by an earthquake မြေလျှင်လှုပ်ပြီးနောက် ဗျာဒိတ် ရူပါရုံဖွင့်ပြခြင်းဖြင့်

c) through his rod that budded သူ၏တောင်ဝှေးတွင် အတက်ပေါက်ခြင်းဖြင့်၊

11.What sin later kept Moses and Aaron from entering the land or promise? (value 4 points) မည်သည့်အပြစ်က မောရှေနှင့်အာရုံကို ကတိတော်နယ်မြေကို မဝင်နိုင်ဖို့ တားဆီးထားသနည်း။

a) the unbelief that weakened the other people အခြားသူတို့ကိုအားနည်းစေသော မယုံကြည်ခြင်း

b) the rebellions that caused trouble in the camp တပ်ထဲတွင်ဒုက္ခရောက်စေသောပုန်ကန်ခြင်း

c) the disobedience that destroyed the symbol of Christ's death ခရစ်တော်အသေခံခြင်းကိုပုံဆောင်သော သင်္ကေတကို ပျက်စီးစေသောမနာခံခြင်း၊

12.Why did the children of Israel have to turn south again toward the Red Sea and go around the mountains of Seir? (value 4 points) ဣသရေလလူများသည် အဘယ့်ကြောင့် ပင်လယ်နီရှိရာတောင်ဘက်သို့ လှည့်ပြီး ဆေးရာတောင်တန်းများ တလျှောက်တွင် လှည့်ပတ်နေကြသနည်း။

a) because the mountains of Seir blocked any other way to Canaan ဆေးရာတောင်သည် ခါနန်ကိုဝင်သည့် လမ်းအားပိတ်နေသောကြောင့်၊

b) because Moab refused passage so they had to go around the mountains of Seir မောဘလူများသည် သူတို့နယ်မြေမှဖြတ်သန်းဖို့ ငြင်းဆန်သည့်အတွက် ဆေးရာ တောင် ပတ်လည်တွင် လှည့်လည်နေရသောကြောင့်

c) because God wanted to test and train the new generation of Israel ဘုရားရှင်သည်ဣသရေလမျိုးဆက် သစ်များကို လေ့ကျင့်စမ်းသပ်လိုသောကြောင့်

13.When the fiery serpents were biting the people, what did God tell Moses to make to save them? (value 4 points) လူများကိုမြွေဆိုးများကိုက်သည့်အခါ သူတို့ကိုကယ်တင်ဖို့ ဘုရားရှင်ကမောရှေအားဘာပြောလဲ။

a) special herbal medicine အထူးအားတိုးဆေးသောက်ဖို့ ပြောသည်၊

b) brass serpent ကြေးဝါမြွေရုပ်

c) an altar of confession အပြစ်ဝန်ချသောပလ္လင်တော်

14.Why did 44,000 men of Israel die in Moab? (value 4 points) မောဘအရပ်တွင် ဣသရေလလူ ၄၄၀၀၀-အဘယ့်ကြောင့်သေကြရသနည်း၊

a) because the kings of Og and Sihon were stronger than Israel and attacked them ခွန်အားကြီးသော ဘုရင်အောဂနှင့်သိဟုံ တို့ သည် သူတို့ ကိုတိုက်ခိုက်သောကြောင့်၊

b) because men of Israel participated in the pagan, sexual feasts of Baal Peor ဣသရေလလူများသည် ပုဂံနိုင်ငံ ဗာလဘုရားပူဇော်ပွဲတွင် ပါဝင်ဆင်နွှဲသောကြောင့်၊

c) because Balaam, under Balak's instruction, put a curse on them ဘာလက်မင်း၏ ညွှန်ကြားချက်အရ ဘာလံသည် သူတို့ ကိုကျိန်သောကြောင့်၊

15.Place the letter in front of the phrase in front of the name that describes it. (value 4 points) အောက်ပါကွက်လပ်များတွင် မှန်ကန်သော စကားလုံးများကို ကွက်လပ်တွင်ဖြည့်ပါ။

_______ Balaam a. king of Moab မောဘဘုရင်

_______ Balak b. god of the Moabites မောဘလူတို့ ၏ဘုရား

_______ Baal Peor c. prophet hired to curse Israel ဣသရေလလူတို့ ကိုကျိန်ဖို့ ငှါး ထားသော ပရောဖက်

16.Place the letter in front of the phrase in front of the name that describes him. (value 20 points) ကွက်လပ်တွင် မှန်ကန်သောစကားလုံးကိုဖြည့်ပါ

_______ Phinehas a. high priest who succeeded Aaron အာရုန်ကိုဆက်ခံသော ယဇ်ပုရောဟိတ်

_______ Eleazar b. son of the high priest who purified the camp after the incident of Baal Peor ဗာလပြောကိစ္စဖြစ်ပြီးနောက် တပ်တော်အားသန့် ရှင်းစေသည့်ယဇ်ပုရော ဟိတ်၏သား

_______ Gad c. tribes of Israel who settled on the east side of Jordan ဂျော်ဒန်မြစ် အရှေ့ ဖက်ကမ်းတွင်အခြေချသော ဣသရေလအနွယ်

17. Place the letter in front of the phrase in front of the name that describes it: (value 20 points) အောက်ပါကွက်လပ်တို့ တွင် မှန်ကန်သော အဖြေကို ရွေး၍ဖြည့်ပါ

______ God a. murmured against Moses မောရှေကို စောဒကတက်သည့်နေရာ

______ Moses b. were jealous မနာလိုဝန်တိုကြသည်

______ Miriam c. complained about the food အစာအတွက် စောဒကတက်ကြသည်

______ the people d. was angry ဒေါသထွက်သည်

______ foreigners e. grew weary ဆင်းရဲပင်ပန်းကြသည်

Copyright by Rogma International, Inc. All rights reserved.

## Lesson 8

## Section III – Behavior Conquering and Claiming Joshua

## - အောင်မြင်ခြင်းနဲ့ သိမ်းပိုက်ခြင်း (ယောရှုမှတ်စာ)

**Theme**: အောင်မြင်ခြင်းနဲ့ သိမ်းပိုက်ခြင်းအတွက် ယုံကြည်ခြင်း၊ နာခံခြင်းရှိဖို့ အရေးကြီးတယ်။

**Goal**: ဂတိတော်ကိုကိုင်စွဲပြီး နောက်တော်လိုက်ဖို့ ဘုရားသခင်ကိုအားကိုးပါ။

**Summary**: သင်ယူတတ်မှ ယုံကြည်ခြင်းတိုးပွါးတယ်။ ယုံကြည်တယ်ဆိုတာအားကိုးတာဖြစ်တယ်။ ယုံကြည်တာကို တကယ်အားကိုးလိုက်ရတယ်။ ဣသရေလလူမျိုးဟာ ပြည်တော်ကိုရတော့မယ်လို့ ယုံကြည်ကြပြီ။ ဒီအခန်းမှာ ယောရှု ခေါင်းဆောင်ပြီး ခါနန်ပြည်ကို အောင်မြင်တဲ့အကြောင်းပြောတယ်။ ယော်ဒန်မြစ်ကိုဖြတ်တာနဲ့စတယ်။ ဒါက ရင့်ကျက် လာတော့မယ်ဆိုတဲ့ အကြောင်းကို ပုံဆောင်တယ်။ တိုက်ပွဲတွေအကြောင်း၊ သိမ်းပိုက်တဲ့အကြောင်းအပြင် ပိုင်ဆိုင်တာ ရှိတဲ့အတွက်တာဝန်ရှိလာတာကိုပြောပြတယ်။ ပြည်တော်ကို အမွေခွဲကြတယ်။ပိုင်ဆိုင်လာရင်တာဝန်တွေရှိလာတယ်။ - Possession carries responsibilities.

### Outline of the book of Joshua

I. ဘုရားကအောင်မြင်ဖို့ ပြင်ပေးတယ်။ **(Joshua 1-5)**

A.ယုံကြည်ခြင်းအားဖြင့် သန့်ရှင်းလာကျပြီးနောက်မှာ သစ္စာဂတိတွေ အသစ်ထပ်မံပြုလာကြတယ်။

B.ယော်ဒန်မြစ်ကိုဖြတ်ပြီး ယေရိခေါမြို့ကို စုံစမ်းထောက်လှမ်းကြတယ်။အဲဒီမှာအထိမ်းအမှတ်ကျောက်ကိုတည်တယ်။

C.အရေဖျားလှီးပြီး ကိုယ်ကိုကိုယ် ပြင်ဆင်တယ်။ ယုံကြည်မှုနဲ့ ပသခါပွဲကျင်းပတယ်။ ယောရှုက ထာဝရဘုရားရဲ့ တပ်တော်က ကောင်းကင်တမန်ဗိုလ်ခြေနဲ့ တွေ့ဆုံခဲ့တယ်။

II.ပြည်တော်ဝင်စားဖို့ ဘုရားကဦးဆောင်ပြီး အင်အားနိုင်မာစေခဲ့တယ်။ **(Joshua 6-12)**

A.At Jericho and Ai - ယေရိခေါနဲ့ အာဣမြို့မှာ

B.In a treaty with Gibeon-ဂိဗောင်မြို့မှာ

C.Reading of the law at Ebal-ဂိဗောင်မြို့မှာ

D.Conquest of the south (တောင်ပိုင်းအရပ်ဖြစ်တဲ့ ယေရုရှလင်၊ ဟေဗြုန်၊ ယာမုတ်၊ ယာဖျာ၊ ဒေဗိရမြို့တွေကို အောင်နိုင်တယ်။)

E.The sun stood still-နေက ကောင်းကင်မှာရပ်နေတယ်။ (Joshua 10:13)

F.Conquest of the north (မြောက်ပိုင်းမြို့တွေဖြစ်တဲ့ဟာဇော်နဲ့ ခါနနိမင်းတွေရဲ့နယ်မြေတွေကိုအောင်မြင်တယ်။)

III.ပြည်တော်ကို သိမ်းပိုက်ဖို့ ပြင်ဆင်တော်မူတယ်။ **(Joshua 13-24)**

A.ဘုရားသခင်က သစ္စာရှိတယ်။ ဂတိအားလုံးကို ပြည့်စုံစေတယ်။.

B.လူမျိုး ၁၂ နွယ်လုံးကို မြေခွဲပေးတယ်။

C.ယောရှုက နောက်ဆုံးအမှာစကားပြောတယ်။

**People to know in the book of Joshua:**လူများ

Joshua, the priests, all Israel, Reubenites, Gadites, Manasseh (chapters 1-5) Rahab, the spies, king of Jericho, Captain of the Host of the Lord (chapters 2-5)

Enemies: Hittites, Amorites, Canaanites, Hivites, Perizzites, Jebusites, Midianites, 5 kings of the south, Jabin, king of Hazor, kings of the north, Achan, Gibeonites (chapters 6-12)

Eleazar, Caleb, Og, king of Bashan, Phinehas, the elders, chiefs, judges and officers (chapters 13-23)

**Places to know**:နေရာများ

Moab, Shittim, Jericho, Jordan, Gilgal (chapters 1-5) Center: Jericho, Ai, Gibeon, Ebal, Gerizim

South: Jerusalem, Hebron, Jarmuth, Lachish, Eglon

North: Hazor, lands of the Canaanites, Hivites, Amorites, Hittites, Perizzites, Jebusites

Limits of the country: orient/east, mountain of Hermon, occident, west of Jordan, north: Lebanon to the mountains, south: near the mountains of Seir, Kadesh-barnea, Gaza (chapters 6-12)

Territories of the 12 tribes (chapters 13-23)

**Words to know**:ဝေါဟာရများ

inheritance: to receive property or rank from another, often a deceased parent

discipline: strict and regular mental or moral training, through experience or adversity, system of rules governing conduct

faith: accepting as true something not seen or experienced by human senses

maturity: full grown, fully developed

rebellion: resistance to, defiance of authority

**Introduction- နိဒါန်း**

ယောရှုမှတ်စာဟာ သမိုင်းကျမ်း ၁၂ စောင်ထဲမှာ အဦးဆုံးကျမ်းစောင်ဖြစ်တယ်။ ဓမ္မဟောင်းကျမ်း အားလုံးနီးပါးဟာ သမိုင်းအကြောင်းရေးထားတာဖြစ်ပေမယ့် ယောရှုမှတ်စာမှသည် ဧသတာဝတ္ထုအထိကို သမိုင်းကျမ်း စာစောင်များ အဖြစ် ခေါ်လေ့ရှိတယ်။

ဣသရေလသမိုင်းကို ကာလ ၇ပိုင်း ပိုင်းနိုင်တယ်။

1.အာဗြဟံမှသည် ထွက်မြောက်ရာအထိ (Genesis 12 to Exodus 1:22) ဒါက ဘုရားဂတိတော်အတိုင်း နိုင်ငံတခု မွေးဖွားတဲ့ကာလ ဖြစ်တယ်။

2.ထွက်မြောက်ရာမှသည် မောရှေသေဆုံးသည်အထိ (ထွက်မြောက်ရာကျမ်းမှ တရားဟောရာကျမ်း) ဒီအပိုင်းဟာ ဣသရေလနိုင်ငံမှာ ပညတ်တော်ရရှိလာတဲ့အပိုင်းဖြစ်တယ်။

3.မောရှေသေဆုံးရာမှ ရှောလုမင်းအထိ (Joshua to 1 Samuel 10) ဒီအပိုင်းဟာ ယဇ် ပရောဟိတ်များ၊ တရား သူကြီးများဦးဆောင်ပြီးသီအိုခရေစီခေတ်ဘုရားအုပ်ချုပ်တဲ့ကာလဖြစ်တယ်။

4.ရှောလုမင်းမှသည် ကျွန်ခံရာအထိ (1 Samuel 11:1 to 2 Kings 25; 1 and 2 Chronicles; Isaiah, Hosea to Zephaniah) ဒီအပိုင်းဟာ ဘုရင်နဲ့ပရောဖက်တွေရဲ့ခေတ်ကာလ ဖြစ်တယ်။

5.ဘုရင်များကျဆုံးရာမှသည် ယေရုရှလင်မြို့ပြန်တည်ဆောက်သည်အထိ (Esther, Jeremiah to Daniel, Habakkuk) ဒီအပိုင်းဟာ တပါးအမျိုးသားတိုင်းပြည်များမှာ ဣသရေလအမျိုး ကျွန်ခံရတဲ့ကာလဖြစ်တယ်။ ဒါကို တပါးအမျိုးသားကာလ အစအဦးလို့ခေါ်တယ်။ (Luke 21:24)

6.နှစ်ပေါင်း ၇၉နှစ် ကျွန်ခံအပြီးမှာ ယေရုရှလင်ကို ဂျူးလူမျိုးတွေပြန်ရောက်လာအပြီး A.D. 70 မှာ ယေရုရှလင် ဖျက်ခံရသည်အထိ (ဇေရ၊ နေဟမိ၊ ဟဂ္ဂဲ၊ မာလခိ၊ မဿဲမှသည် ရှင်ယောဟန် ခရစ်ဝင်ကျမ်းအထိ) ဒီအပိုင်းဟာ တပါး အမျိုးသား အုပ်ချုပ်မှုအောက်မှာ နေထိုင်ရသောခေတ် ကာလဖြစ်တယ်။

7.ယေရုရှလင်မြို့ဖျက်ဆီးခံရချိန်မှသည် ဣသရေလအမျိုးဟားကွဲလွင့်ရာကာလ (Luke 21:20-24) ဂတိတော် အတိုင်း ဣသရေလအမျိုး ပြန်လည်စုစည်းရာကာလအထိ (Deuteronomy 30:1-9) (တမန်တော်ဝတ္ထုမှ ဗျာဒိတ် ကျမ်း) ဒီကာလဟာ ဣသရေလအမျိုးစစ်မှန်တဲ့ယုံကြည်သူများ အသင်းတော်ထဲမှာ ပါဝင်တဲ့ကာလ ဖြစ်တယ်။ ဒံယေလနဲ့ ယေရမိတို့ ပရောဖက်ပြုထားတဲ့ တပိုင်းတစပြန်လည်ထူထောင်ခြင်းဟာ မေရှိယသခင် ပြန်ကြွလာပြီး ဒုက္ခဝေဒနာခံရတဲ့ ပရောဖက် ပြုခြင်းတွေအားလုံးပြည့်စုံမှပဲ ဂတိတော် ပြည့်စုံရာရောက်တယ်။

ယောရှုမှတ်စာဟာ မျိုးဆက်သစ်ဣသရေလလူမျိုးဟာဘုရားကိုဘယ်လိုအားကိုးတယ်၊ပြည်တော်ဝင်တယ်၊ အောင် နိုင်တယ်၊ သိမ်းပိုက်တယ်ဆိုတာကို ပြတယ်။ (Numbers 14:3) ဂတိတော်ကို ဝင်စားအောင်နိုင်ပြီးနောက်မှာ ဘုရား သခင်ရဲ့နိုင်ငံတော်ကို စတင်တည်ထောင်ကြတယ်။ ခါနန် ပြည်က ဣသရေလနိုင်ငံဖြစ်လာတယ်။ အမျိုးအနွယ် ၁၂ မျိုး ကို ဝေပေးတယ်။ "ထာဝရဘုရားသည် မောရှေကိုမှာသမျှအတိုင်း၊ ယောရှုသည် ထိုပြည်တလျှောက်လုံးကို သိမ်း ယူ၍ ဣသရေလအမျိုး အနွယ်အသီးသီးတို့အား အမွေပေးသဖြင့် တပြည်လုံးစစ်ငြိမ်းလေ၏။" (Joshua 11:23) ဘုရား ဂတိတော် ပြည့်စုံတယ်။ ခါနန်က ဣသရေလနိုင်ငံဖြစ်လာတယ်။ မောရှေကျမ်း ငါးစောင် (The Pentateuch) ဟာ ဖန် ဆင်းခြင်းမှသည် တောမှာလှည့်လည်သည်အထိ ကာလဖြစ်တယ်။ သမိုင်းကျမ်းယောရှုမှသည် ဧသတာ က တော့ ဓ မ္မဟောင်းကာလရဲ့သမိုင်းကြောင်းဖြစ်တယ်။ကဗျာလင်္ကာ ကျမ်းများနဲ့ ပရောဖက်ကျမ်းများကတော့ သမိုင်း ကျမ်းစော င်တွေထဲမှာပါတဲ့ခေတ်ကာလအကြောင်းပဲရေးတာဖြစ်တယ်။ ယောရှုမှတ်စာဟာ သူ့ရှေ့ကကျမ်းစာစောင် တွေကို အပြီးသတ်နိဂုံးချုပ်ရေးထားတာဖြစ်တယ်။ ကမ္ဘာဦးကျမ်းမှာအာဗြဟံကို ဂတိထားခဲ့တဲ့အရာတွေနဲ့၊ ထွက် မြောက်ရာကျမ်း၊

ဝတ်ပြုရာကျမ်းတွေမှာပါတဲ့ ကျသရေလရဲ့မြော်လင့်ခြင်းကို ပြီးပြည့်စုံလာတဲ့အပိုင်းဖြစ်တယ်။ ဣသရေလလူတွေဟာ ဘုရားကို အားကိုးပြီး ရင့်ကျက်မှုအဆင့် တဆင့်အထိ ရောက် လာတယ်။ ဂတိတော်ပြည်ထဲကို ဝင်စားပြီး သိမ်းပိုက်နိုင်ခဲ့တယ်။ ယော်ဒန်မြစ်ကိုဖြတ်ပြီး ဂတိတော်ပြည်ထဲကိုဝင်တာဟာ ခရစ်တော်၌ ရင့်ကျက်လာ တဲ့အခါ ငြိမ်သက်ခြင်းခံစားရတာကို ပုံဆောင် တယ်။

## LESSON-သင်ခန်းစာ

I. **GOD PREPARED HIS PEOPLE FOR CONQUEST** အောင်မြင်ခြင်းအတွက် ဘုရားသခင်ပြင်ဆင်ပေး တယ်။ **(Joshua 1-6)**

A. မောဘပြည် ရှိတ္တိမ်အရပ်မှာ သူတို့စိတ်နလုံးကို ပြင်ဆင်တယ်။ (Joshua 1,2)

1.နှုတ်ကပတ်တော်ကို အားကိုးဖို့ ပြင်ဆင်တယ်။ ဘုရားက ယောရှုကိုမှာတယ်။ ယောရှုက လူမျိုးတော်ကို ပြန်ပြောပြတယ်။

2.ပြည်တော်ကို သူလျှိုနှစ်ယောက်လွှတ်ပြီး ယုံကြည်ခြင်းစမ်းသပ်ခံရတယ်။  သူလျှိုတွေနဲ့ ရာခပ်ဟာ ဘုရား သခင်ကို အားကိုးတယ်။ (Joshua 2:1-24)

B. ယော်ဒန်မြစ်ကို ဖြတ်ပြီး ခါနန်ပြည်ဝင်စားခြင်းဖြင့် သူတို့ယုံကြည်ခြင်း အစစ်ဆေးခံရတယ်။

1.ဘာလုပ်ရမယ် ဘယ်လိုနေရမယ်ဆိုတာကို ပြပြီး ပြင်ဆင်တော်မူတယ်။ သူတို့အသက် တာသန့်ရှင်းရမယ်။ (Joshua 3:1-13)

2.သွားရာလမ်းကို ပြင်ဆင်ပြီး မြစ်ကို ဖြတ်စေတော်မူတယ်။ ပဋိညာဉ်သေတ္တာက လမ်းခရီးကို ပြင်ဆင်တယ်။ ယဇ်ပုရောဟိတ်တွေကသူတို့ရဲ့ခြေကို ပင်လယ်ရေမှာချခဲ့တယ်။ဒါက ယုံကြည် ခြင်း နဲ့လုပ်ဆောင်တာဖြစ်တယ်။ အဲဒီ နောက်မှာ ဘုရားနိမိတ်လက္ခဏာကပ်လိုက်လာတယ်။ ခြောက်သွေ့တဲ့မြေပြင်မှာ လျှောက်သလို လျှောက်ခွင့်ရကြ တယ်။ (Joshua 3:12-17)

3.မြစ်လယ်မှာ အမှတ်တရ ကျောက်တုံးကျောက်တိုင်ကို တည်ဆောက်ခိုင်းတယ်။ သားမြေးတွေက ဘုရားရဲ့လက်တော်ကို သတိရဖို့ဖြစ်တယ်။ (Joshua 4:1-24)

C. ဂိလဂါလအရပ်မှာ သူတို့ရဲ့သစ္စာကို စစ်ဆေးရင်း အောင်မြင်ဖို့အတွက် ပြင်ဆင်ပေးတယ်။

1.ပြည်တော်ရောက်တဲ့အခါ လက်တော်ကို သတိရဖို့ အမှတ်တရကျောက်တိုင် စိုက်ထူကြတယ်။ (Joshua 4:19-24)

2.တောထဲမှာမွေးဖွားလာတဲ့ သားယောက်ျားတိုင်း ဘုရားပဋိညာဉ်ရဲ့အမှတ်သင်္ကေတအဖြစ် အရေဖျားလှီးမင်္ဂလာခံယူကြတယ်။ (Joshua 5:1-9)

3.သေခြင်းမှ ကင်းလွတ်တဲ့ အမှတ်သင်္ကေတအဖြစ်ပသခါပွဲကိုကျင်းပကြတယ်။ (Joshua 5:10-11) ဒါဟာတတိယအကြိမ်မြောက် ပသခါပွဲ ကျင်းပတာဖြစ်တယ်။ ပထမပွဲက အီဂျစ်ပြည်မှာ၊ ဒုတိယပွဲက သိနာတောင် တောရအရပ်မှာ ကျင်းပခဲ့တယ်။

4.ပြည်တော်ကိုပိုင်ဆိုင်ရတဲ့ အမှတ်အသားအဖြစ် မန္နမုန့်ချပေးခြင်းကို ရပ်စဲလိုက်တယ်။ (Joshua 5:12)

5.ထာဝရဘုရား ကောင်းကင်တမန်တပ်ရဲဗိုလ်မှူးဟာ ယောရှုနဲ့တွေ့ပြီး ညွှန်ကြားခဲ့တယ်။ (Joshua 5:15)

**D. Things to Think About:** ဆင်ခြင်စရာများ

1.ယေရိခေါ်ကို ယောရှုလွှတ်လိုက်တဲ့ သူလျှိုတွေနဲ့ ခါနန်ပြည်ကို ကာဒေရှဗာနာအရပ်မှ သူလျှိုတွေဟာ ဘာကွာခြားသလဲ။ ကာဒေရှဗာနာ အရပ်မှာတုန်းက ဘုရားကို အားမကိုးခဲ့ဘူး။ ယောရှုခေတ်မှာတော့ ဘုရားကို အားကိုးကြတယ်။ ခါနန်ပြည်သားတွေကို မကြောက်ကြဘူး။ ယေရိခေါ်မြို့သားတွေကသာ သူတို့ကို ပြန်ကြောက်နေရတယ်။ ဘုရားလုပ် ဆောင်တယ်ဆိုတာ ဒါမျိုးကိုခေါ်တယ်။

2.တပါးအမျိုးသား တိုင်းနိုင်ငံတွေနဲ့ ပတ်သက်လို့ ဣသရေလအမျိုးကိုပေးတဲ့ ဘုရားရဲ့အမိန့်ကဘာတွေလဲ။ တပါးအမျိုးသားတွေနဲ့ မရောနှောရဘူး။ သူတို့နဲ့ မပတ်သက်ရဘူး။ ယေရိ ခေါ်မြို့နဲ့ ပတ်သက်ပြီး ဘယ်လိုပညတ်ထားသလဲ။ လုံးလုံးဖျက်ဆီးပစ်ဖို့ မှာတယ်။ ဘာကြောင့် ဒီလိုမှာရသလဲ။ တပါးအမျိုးသား တိုင်းနိုင်ငံတွေရဲ့ညစ်ညူးခြင်းမှ ကာ ကွယ်ဖို့ ဖြစ်တယ်။ ဘုရားကို အားကိုး ဖို့ဖြစ်တယ်။ လောကီအရာ လောကီအာဏာကို အားမကိုးဖို့ ဖြစ်တယ်။

## II.GOD LED AND STRENGTHENED ISRAEL IN THE CONQUEST OF THE LAND အောင်မြင်ဖို့ရန်အတွက် ခိုင်မာစေခဲ့တယ်။ (Joshua 6-12)

### A. ယေရိခေါ်မြို့ကျဆုံးခန်း (Joshua 6).

ဘုရားပေးတဲ့ခွန်အားနဲ့ ဘုရားခိုင်းတဲ့နည်းစဉ်အတိုင်းလုပ်ဆောင်တဲ့အခါ ယေရိခေါ်ကို အောင်နိုင်တယ်။ ယုံကြည်ခြင်းနဲ့မြို့ကို ခုနစ်ရက်တိုင်တိုင်လှည့်တယ်။ လူ့ရဲ့စစ်ရေးနည်း ဗျူဟာကိုမသုံးဘူး။ အံ့သြဖွယ်ရာမြို့ကိုရရှိခဲ့တယ်။ ဘုရားတန်ခိုးတော် ကြီးမြတ်ခြင်းကို သက်သေအဖြစ် မြင်တွေ့ရတယ်။ ယေရိခေါ်မြို့ရိုးတွေ ပြိုကျတယ်။ ဒီစစ်ပွဲမှာတပ်မက်မှုအားကြီးတဲ့လူတယောက်တော့ စစ် တိုက်ရာမှာ ပါဝင်ခဲ့တယ်။ ဒီမြို့မှာရှိတဲ့အရာတွေကို ကျိန်ထားတဲ့အတွက် ဘာမှ မယူရဘူး။ အာခန်ကတော့ အလိုဆန္ဒတပ်မက်မှုအားကြီးတယ်။ တားမြစ်ထားတဲ့ အရာတွေကိုယူပြီး သူ့တဲအောက်မှာ ဖွက်ထားခဲ့တယ်။အာခန်တယောက် မနာခံတဲ့အပြစ်ဟာ ဣသရေလတမျိုးလုံး မနာခံဘူးဆိုတဲ့ သဘောမျိုး ရောက်သွားတယ်။

### B. Defeat, then victory, at Ai (Joshua 7,8) အာဣမြို့မှာ ရှုံးနိမ့်ခြင်းနဲ့ နောက်ပိုင်းမှာ အောင်မြင်ခြင်း

နောက်မြို့တမြို့ကတော့ အာဣမြို့ဖြစ်တယ်။ဒီမှာလည်း ဘုရားကိုအားမကိုးပဲ သူ့ခွန်အားနဲ့ စစ်ဗျူဟာကိုသုံးတယ်။ သူတို့ကိုယ်သူတို့ အားရနေကြတယ်။ အာဣမြို့ကို ရှုံးခဲ့တယ်။ အာဣမြို့သား တွေ စစ်နိုင်သွားတာဟာ ဣသရေလလူမျိုးထဲမှာ အပြစ်ရှိနေလို့ဖြစ်တယ်။ အာခန်ရဲ့မနာခံခြင်းဟာ တပ် တတပ်လုံးကိုညစ်ညူးစေတယ်။ ဘုရားသခင်ရဲ့သန့်ရှင်းခြင်းကိုဣသရေလလူမျိုးမလိုက်လျှောက်ရာကျတယ်။ လူတယောက်ရဲ့အပြစ်ဟာ လူမျိုးတမျိုးလုံးကို စစ်ရှုံးစေခဲ့တယ်။ ယောရှုက ကြောက်ရွံ့ စွာနဲ့ ဘုရားသခင်ထံ အော်ဟစ်ဆုတောင်းတယ်။ ယုံကြည်ခြင်းနဲ့ ထရပ်ပြီးလူမျိုးတော်ကို တရားစီရင်ဖို့ အပြစ်ကိုပယ်ရှင်းဖို့ မိန့်တော်မူတယ်။ ယောရှု ဒီအတိုင်း လုပ်ဆောင်တယ်။ သူဟာ အာခန်ကို သားတယောက်လို စကားပြောတယ်။ ဒါပေမယ့် သူနဲ့ သူ့မိသားစုကို တရားစီရင် လိုက်တယ်။ အပြစ်ကိုပယ်ရှင်းလိုက်တဲ့အခါ အာဣမြို့ကို အောင်နိုင်ခွင့်ရတယ်။ (Joshua 7:1-8:35)

### A.Treaty with Gibeon (Joshua 9) ဂိဗောင်မြို့သားတွေနဲ့ သဘောတူညီချက်

ယောရှုကို ဂိဗောင်မြို့သားတွေ ကြောက်နေတယ်။ ဣသရေလလူမျိုးကိုလှည့်စားလာတယ်။ဘုရားသခင်ကို မမေးမြန်းဘဲ ဂတိစာချုပ်ချုပ်လိုက်တော့ ထောင်ချောက်ထဲ ရောက်သွားတယ်။ (Joshua 9)

D. တောင်ပိုင်းမင်းကြီးများကို အောင်နိုင်ခြင်း (Joshua 10)

တောင်ပိုင်းမင်းကြီးငါးပါးဟာ ဂိဗောင်မြို့ကို တိုက်ခိုက်တယ်။ ဒါပေမယ့် ဣသရေလအမျိုးက ဘုရားကို အားကိုးတယ်။ တောင်ပိုင်းမင်းကြီးငါးပါးကို အောင်နိုင်လိုက်တယ်။ ယောရှုဟာစစ်တိုက်ရာမှာ အချိန်ပိုလိုလာတယ်။ ဒါကြောင့် ဘုရားသခင်က နေကို ကောင်းကင်မှာ ရပ်ခိုင်းလိုက်တယ်။ (Joshua 10:12-14)

E. ဟာဇော်မြို့နဲ့ မြောက်ပိုင်းခါနန်မင်းကြီးများကို အောင်နိုင်ခြင်း။ (Joshua 11,12)

ဟာဇော်မင်းနဲ့ မြောက်ပိုင်းမင်းကြီးများက ဣသရေလလူမျိုးကို တိုက်ခိုက်တဲ့အခါ ဘုရားက ယောရှုလက်မှာ အပ်လိုက် တယ်။ ခါနန်ပြည်တပြည်လုံး ဣသရေလလက်ထဲ ရောက်လာတယ်။ ခါနန်ပြည် ဟာဣသရေလနိုင်ငံဖြစ်လာတယ်။ ဒါပေမယ့်ဆက်လက်သိမ်းပိုက်စရာတွေအများကြီးရှိသေးတယ်။

F. Things to Think About:ဆင်ခြင်စရာများ

1.လူမျိုးတော်ကို ဘယ်လိုပြင်ဆင်ခဲ့သလဲ။ သန့်ရှင်းစေတယ်။ ပြီးတော့သွန်သင်တယ်။

2.အာခန်ရဲ့အပြစ်ဟာ အားလုံးအပေါ်မှာ သက်ရောက်သွားတယ်။ စစ်ရှုံးတဲ့အခါ ယောရှုဘာလုပ်သလဲ။ အပြစ်ကို တွေ့ပြီး ဖယ်ရှားပစ်လိုက်တယ်။

## III.GOD PREPARED ISRAEL FOR OCCUPATION OF THE LAND ပြည်တော် ကို သိမ်းပိုက်ဖို့ ပြင်ဆင်ပေးခဲ့တယ်။ (Joshua 13-24)

A.ပြည်တော်ကိုခွဲဝေခြင်း (Joshua 13-19) ပိုင်ဆိုင်ရပြီဆိုတာနဲ့ တာဝန်တွေလည်း ရှိလာတယ်။ ပြည်တော်ကို မဲခွဲပြီး ဝေကြတယ်။ အမျိုးအနွယ်တိုင်း အမွေရကြ တယ်။ လေဝိလူမျိုးကတော့ ပြည်နယ်မရဘဲ တခြားအမျိုးအနွယ်တွေရဲ့ပြည်နယ်ထဲမှာ နေရာရတယ်။ ခါနန်ပြည်ဟာ ဣသရေလနိုင်ငံဖြစ်လာတယ်။ဒါပေမယ့် စစ်ရှုံးတဲ့ အမျိုးအနွယ်တွေလည်း ပြည်တော်ထဲမှာ ဆက်ရှိနေတုန်းပဲ။ ယောရှုက ဣသရေလအမျိုးကို ပြည်တော်ကို ဝင်ရောက်သိမ်းပိုက်ပြီး တပါးအမျိုးသားတွေကို ဖယ်ရှားဖို့မှာတယ်။ (Joshua 13-19) ဒီလိုမဖယ်ရှားနိုင်ရင် ဒီလူမျိုးတွေကြောင့် ထောင်ချောက် တွေ ရှိလာလိမ့်မယ်လို့ သတိပေးတယ်။

B.ခိုလှုံရာမြို့များနဲ့ လေဝိသားနေထိုင်ရာမြို့များ သတ်မှတ်ပေးတယ်။ (Joshua 20,21)

1.ခိုလှုံရာမြို့များ (Joshua 20) ခိုလှုံရာ ဘေးလွတ်ရာမြို့များကို ပြင်ဆင်ပေးတယ်။ မမြော်လင့်ပဲ လူသတ်မှုဖြစ်ခဲ့တဲ့ သူတွေ အဲဒီမြို့ကိုပြေးပြီးအမှုဘေးမှ ကွယ်ကာရာရဖို့ အခွင့်ပေးတယ်။

2.လေဝိသားမြို့များ (Joshua 21) ပြည်တော်ကိုခွဲဝေရာမှာ လေဝိသားတွေဟာ တခြားအမျိုး သားတွေရဲ့ပြည်နယ်ထဲမှာ နေခွင့်မြို့တွေရဖို့ မောရှေ မှာခဲ့တယ်။ ခိုလှုံရာ၊ လေဝိသား နေထိုင်ရာ မြို့ပေါင်း ၄၈မြို့ရှိတယ်။ "ထာဝရဘုရားကလည်းငါပေးမည်ဟုဘိုးဘေးတို့အား ကျိန်ဆိုတော်မူသောပြည်ရှိသမျှကို ဣသရေလအမျိုးသားတို့အား ပေးတော်မူသဖြင့်သူတို့ သည်သိမ်းယူ၍ နေရာကျကြ၏။ ဘိုးဘေးတို့အားကျိန်ဆိုတော် မူသမျှအတိုင်း ပတ်ဝန်းကျင်အရပ်တို့၌ ငြိမ်ဝပ်ရာအခွင့်ကို ပေးတော်မူသဖြင့် သူတို့ရှေ့မှာ အဘယ်ရန်သူမျှ မရပ်နိုင်၊ ရန်သူအပေါင်းတို့ကို သူတို့လက်သို့ အပ် တော်မူ၏။ ထာဝရဘုရားသည် ဣသရေလ အမျိုးအဖို့ မိန့်တော်မူသော ကောင်းကျိုး တစုံတပါးမျှ မလျော့ ရှိသမျှတို့ သည်ပြည့်စုံကြ ၏။" (Joshua 21:43-45)

C.Things to Think About: ဆင်ခြင်စရာများ

1.ဂိဖောင်လူတို့နဲ့ မိတ်သဟာယဖွဲ့တဲ့အတွက် ဘာအကျိုးဆက်ဖြစ်ခဲ့သလဲ။ ဂိဖောင်လူတွေက လှည့်စားတယ်။ ဣသရေလကဘုရားကို လမ်းညွှန်မှုမတောင်းဘူး။ဂိဖောင်နဲ့မိတ်သဟာယဖွဲ့တဲ့အတွက် တောင်ပိုင်းမင်းကြီးတွေနဲ့ စစ်တိုက်ခဲ့ရတယ်။

2.အခက်အခဲကြုံရာကာလမှာ ဣသရေလလူမျိုးကို ဘယ်လိုမစခဲ့သလဲ။ ရန်သူကို အောင် နိုင်ခြင်းအခွင့် ပေးတယ်။ သင့်ရဲ့အခက်အခဲတွေထဲမှာ ဘုရားသခင် ဘယ်လို မစခဲ့သလဲ။

## IV.FINAL WORDS OF JOSHUA ယောရှုရဲ့နောက်ဆုံးအမှာစကား (Joshua 22-24)

A.အရှေ့ဘက်ခြမ်း အမျိုးအနွယ်တွေဟာ သူတို့ရဲ့အမွေခံရာပြည်နယ်ကို သိမ်းပိုက်ကြတယ်။ (Joshua 22) ယောရှုက ရုဗင်အမျိုး၊ ဂဒ်အမျိုးနဲ့ မနာရှေအမျိုးတဝက်ကိုခေါ်တယ်။ သူတို့ဟာ ကျန် တဲ့အမျိုးအနွယ်တွေနဲ့အတူပြည်တော်ကို တိုက်ခိုက်သိမ်းပိုက်ခဲ့တယ်။အခုတော့ ယော်ဒန်မြစ်အရှေ့ ဘက်အခြမ်းကို အမွေခံဖို့ ပြန်လို့ရပြီ။ မောရှေက ပညတ်တော်ကို နားထောင်ဖို့ မှာတယ်။ "သင်တို့၏ ထာဝရဘုရားကို စိတ်နှလုံးအကြွင်းမဲ့ချစ်ခြင်း၊လမ်းတော်အလုံးစုံတို့၌လိုက် သွားခြင်း၊ ပညတ်တော်တို့ကို စောင့်ရှောက်ခြင်း၊ ပညတ်တော်၌ ဆည်းကပ်ခြင်း၊ အမှုတော်ကို ဆောင်ရွက်ခြင်းငှါ ကြိုးစား၍ သတိပြုကြလော့ဟု မှာထားလျက် ကောင်းကြီးပေး၍ လွှတ်လိုက်လေ၏။" (Joshua 22:5) သူတို့ပြန်သွား ပြီးနောက်မှာ ယော်ဒန် မြစ်ကမ်းနားမှာ ကြီးမားတဲ့ယဇ် ပလ္လင်ကြီးကို တည်ကြတယ်။ တခြားအမျိုးအနွယ်တွေက ဒီစကားကို ကြားပြီး စိုးရိမ်ကြတယ်။ အရှေ့ဘက်ကမ်းကို ကိုယ် စားလှယ်တွေလွှတ်ပြီးသတိပေးကြတယ်။ မပုန်ကန်ဖို့၊ တခြားဘုရား မကိုးကွယ်ဖို့ အာခန် ပြစ်မှား တဲ့ အပြစ်ရဲ့အကျိုးဆက်တွေကို ထောက်ပြကြတယ်။ ရုဗင်အမျိုး၊ ဂဒ်အမျိုးနဲ့ မနာရှေအမျိုးတဝက်ဟာ ပုန်ကန်တာမဟုတ်ဘူးလို့ ပြောကြတယ်။ သူတို့ စိုးရိမ်တာတခုရှိတယ်။ နောင်သားမြေးတွေ က "ဘုရားသခင်နဲ့ မင်းနဲ့ဘာဆိုင်လို့လဲ"လို့ မေးမှာစိုးရိမ်တယ်။ အခုယဇ်ပလ္လင်ဟာဘုရားသခင်ကို အတူကိုးကွယ် တယ်ဆိုတဲ့ သက်သေသာ ဖြစ်တယ်။ ယဇ်ပရောဟိတ် ဖိနဟတ်ဟာ ဒီစကားကို ကြားတဲ့အခါ သဘောကျသွားတယ်။ လူမျိုးတော်ကို ပြန်ပြောပြတယ်။ ဒီအဖြစ်အပျက်ကို သေချာ စဉ်းစားပြီး အေးအေးဆေးဆေး စဉ်းစားကြတယ်။ သူတို့ အားလုံး ဘုရားကျေးဇူးတော်ချီးမွမ်းကြတယ်။ ဒီယဇ်ပလ္လင်ကို သက်သေ(Witness) လို့ ခေါ်ကြတယ်။ (Joshua 22:10-34)

B.ဣသရေလလူမျိုးကို အကြံပေးတဲ့ယောရှုရဲ့နောက်ဆုံးစကား (Joshua 23) ယောရှုရဲ့ နောက်ဆုံးအချိန်ကာလမှာ ဣသရေလလူမျိုးကိုခေါ်ပြီး ဘုရားသခင် ပြုတော်မူသမျှ ကို သတိရဖို့ ပြောတယ်။ တပါးအမျိုးသားတွေကို နှင်ထုတ်ဖို့ ဂတိတော် ရှိတယ်။ အားယူကြ ရမယ်လို့ မှာတယ်။ မောရှေကျမ်းစာထဲမှာ ရေးထားသမျှအတိုင်း ဘုရားသခင်ပြုတော်မူ မယ်။ဘုရားသခင်ကို ဦးထိပ်ထားဖို့ ချစ်ဖို့မှာတယ်။ ဘုရားကိုမချစ်ရင် ရန်သူတွေကို မနှင်ထုတ်နိုင်ဘူး။ အပြစ်ပေးခံရမယ်လို့ သတိ ပေးတယ်။ (Joshua 23:1-10) တပါးအမျိုးသားတွေနဲ့ ရော ရောနှောနှောဖြစ်လာရင် တပါးအမျိုး သားနည်းတူ အပြစ်ပေး ခံရမယ်လို့ သတိပေးတယ်။ (Joshua 23:11-16)

C.ရှေခင်အရပ်မှ ပဋိညာဉ် (Joshua 24:1-28) ရှေခင်အရပ်မှာ လူအများကိုစုဝေးစေတယ်။ ဘုရားသခင်ပြု ပြီးသမျှကို ပြန်ပြီးတော့ ပြောပြတယ်။ "ယခုမှာ ထာဝရ ဘုရားကိုကြောက်ရွံ့၍၊ ကြည်ဖြူခြင်း သစ္စာစောင့်ခြင်းနှင့်တကွ ဝတ်ပြုကြလော့။ မြစ်ကြီးတဘက်၌၎င်း၊ အဲဂုတ္တုပြည် တဘက်၌၎င်း၊ ဘိုးဘေးတို့ဝတ်ပြုသော ဘုရားများကိုပယ်၍ ထာဝရဘုရားကိုသာ ဝတ်ပြုကြလော့။ ငါနှင့်ငါ့အိမ်သူ အိမ်သားဖြစ်လျှင် ထာဝရဘုရားကိုဝတ်ပြုမည်။" (Joshua 24:13-14) ဣသရေလအမျိုးကလည်း ထာဝရဘုရားကို သာ ဝတ်ပြုပါမည်၊ ထိုဘုရားသည် ငါတို့ဘုရားသခင်ဖြစ်တော်မူသည်ဟု ပြန်ပြောတော်မူကြ၏။ (Joshua 24:15-18) ယောရှုက သူတို့ကိုသတိပေးတယ်။ တပါးအမျိုးသား ဘုရားတွေကိုပယ်ရမယ်။ အဲဒီနေ့မှာ လူတွေနဲ့ ပဋိညာဉ်ပြုတ

ယ်။ ကျောက်တုံးကြီး တတုံးပေါ်မှာ ပညတ္တိကျမ်းရဲ့စာသားတွေကို ရေးမှတ်တယ်။ ပြီးတော့ သက်သေအဖြစ်နဲ့ စိုက်ထူလိုက် ကြတယ်။ (Joshua 24:25,26)

D.ယောရှုနဲ့ ဧလျာဇာသေဆုံးခြင်း (Joshua 24:29-33) ယောရှုသေပြီး ဖေရိမ်တောင်ပေါ်မှာ သင်္ဂြိုဟ်ကြတယ်။ အီဂျစ်ပြည်မှ သယ်ယူလာပြီး ယောသပ်ရဲ့အရိုးကိုလည်း ရှေခင်အရပ်မှာ သင်္ဂြိုဟ်ကြတယ်။ အာရုန်ရဲ့သား ဧလျာဇာသေပြီး ဖေရိမ်တောင်မှာ သင်္ဂြိုဟ်တယ်။ ယောရှုခေတ် ကာလတလျှောက်လုံး ဣသရေလလူမျိုးဟာ ထာဝရဘုရားကို ဝတ် ပြုတယ်။ ယောရှုဟာ ဘုရားသခင်ရဲ့အမှုတော် ကိုသိပြီး အဲဒီအတိုင်း လုပ်ဆောင်သူ ဖြစ်တယ်။ (Joshua 24:29-33) သူ့နောက်ဆက်ခံတဲ့ အသက်ကြီးသူတွေလည်း ဒီအတိုင်း လက်ခံကြတယ်။

E.ယောရှုမှတ်စာထဲမှာတွေ့ရတဲ့ ခရစ်တော် ယောရှုမှတ်စာထဲမှာ မေရှိယနဲ့ပတ်သက်တဲ့ ပရောဖက်ပြုချက်ကို တိုက်ရိုက်မတွေ့ရဘူး။ ပုံဆောင်ချက်တွေအဖြစ်နဲ့ တွေ့ရတယ်။

1.ယောရှုဟာ ခရစ်တော်ကိုပုံဆောင်တယ်။ (Yeshua ) ဆိုတဲ့နာမည်မှာ (Yahweh is Salvation) ထာဝရဘုရား ကယ်တင်ခြင်းလို့ဆိုလိုတယ်။ အမွေခံရာပြည်ထဲကို အောင်မြင်စွာ ခေါ် သွင်းနိုင်ခဲ့တယ်။ ယေရှုခရစ်တော်ဟာလည်း ဘုန်းတော်ရှိရာအရပ်ကိုလူအများကို ခေါ်သွင်းသူဖြစ်တယ်။ (Hebrews 2:10; 2 Corinthians 2:14; Romans 8:37)

2.ခရစ်တော်ဟာ ဖွားမြင်ခြင်းခံရာကာလ မတိုင်မီ ထာဝရဘုရားရဲ့ကောင်းကင်ဗိုလ်ခြေကို အုပ်ချုပ်တဲ့ တပ်မှူးအနေနဲ့ ယောရှုကို ကိုယ်ထင်ရှားပြခဲ့တယ်။ (Joshua 5:13-15)

3.ရာခပ်ရဲ့အနီရောင်ကြိုးဟာ ခရစ်တော်ရဲ့အသွေးတော်ကိုပုံဆောင်တယ်။ (Joshua 2:21; Hebrews 9:19-22)

**F.Things to Think About:** ဆင်ခြင်စရာများ

1.ရုဗင်အမျိုး၊ ဂဒ်အမျိုးနဲ့မနာရှေအမျိုးတဝက်ဟာ ယဇ်ပလ္လင်ကိုတည်တဲ့အတွက်ဣသရေလ အမျိုးက ဘာကြောင့် စိုးရိမ်ရသလဲ။ တခြားဘုရားကိုးကွယ်တယ်လို့ ထင်တဲ့အတွက် ဖြစ်တယ်။ ခေါင်းဆောင်တွေကို စေလွှတ်ပြီး အခြေအနေကိုစစ်ဆေးကြတယ်။ ယဇ်ပလ္လင်တည်တာဟာ ပုန်ကန်တာမဟုတ်ဘူး။ မိတ်သဟာယဖွဲ့ဖို့ ဖြစ်တယ်။ သူတို့က အခြေအနေကို အလောတကြီး ကောက်ချက်မချဘူး။ စစ်ဆေးတယ်။ အေးအေးဆေးဆေး ဖြေရှင်းတယ်။ တခြားသူတွေကို သံသယရှိလာတဲ့အခါ ဘာလုပ်သင့်သလဲ။ အဖြစ်မှန်ကို အရင်သိဖို့ လိုတယ်။

2.ယောရှုက လူတွေရှေ့မှာ ဘာကိုရွေးချယ်ပြသလဲ။ ဘုရားကို ကိုးကွယ်မယ်။ ဘုရားအမှု တော်ဆောင်မယ်။ သူနဲ့ သူ့အိမ်သားဟာ ဘုရားကို ကိုးကွယ်မယ်။ သင်လည်း ဒီလို ရွေးချယ်ခဲ့ ပြီလား။

**Exam - Lesson 8**

Name ______________________________________________

Address______________________________________________

Multiple choice (Circle one letter as the correct answer unless otherwise indicated. You may use your Bible when so indicated, but we trust you not to look up the answers in the lesson.)

1.How are people characterized in the book of Joshua? (value 4 points) ယောရှုမှတ်စာတွင် ပါသောလူတို့ ၏ အကျင့်စရိုက်များကား အဘယ်နည်း။

a) They had less faith than their fathers.သူတို့ သည်ယုံကြည်ခြင်းတွင် ဘိုးဘေးများလောက်မကြီးမားပေ၊

b) They lived in the country of Moab most of the time. သူတို့ သည် မောဘပြည်တွင် အများဆုံးနေထိုင်သည်၊

c) They had faith to believe that God was giving them the land. သူတို့ ကိုဘုရားရှင်က နိုင်ငံပေးထားကြောင်းယုံကြည်ကြသည်၊

2.How are the twelve books from Joshua through Esther usually referred to? (value 4 points) ယောရှုမှတ်စာမှ ဧသတာဝတ္ထုအထိ ၁၂-ကျမ်းသည် မည်သို့ ဆက်နွယ်လျှက် ရှိကြသနည်း။

a) as the books of revelation ဗျာဒိတ်ကျမ်းအဖြစ်

b) as the poetical books ပို့ ကဗျာလင်္ကာကျမ်းအဖြစ်

c) as the Pentateuch ဓမ္မဟောင်းကျမ်း ၅-ကျမ်းအဖြစ်

d) as the historical books သမိုင်းဆိုင်ရာကျမ်းအဖြစ်

3.Where are the children of Israel camping at the beginning of the book of Joshua? (value 4 points) ယောရှုမှတ်စာ အစပိုင်းတွင် ဣသရေလလူများ မည်သည့်နေရာတွင် စခန်းချကြသနည်း။

a) in the mountains of Pisgah, east of the river Jordan ဂျော်ဒန်မြစ်အရှေ့ ဖက်ကမ်း ပိဆဂါအရပ်

b) in Shittim of Moab, on the east of the river Jordan ဂျော်ဒန်မြစ်ရှေ့ ဖက်ကမ်းမောဘပြည်ရှစ်တိမ်အရပ်

c) in the land of Galaad, by the Sea of Galilee ဂါလိလဲပင်လယ် ဂါလဒ်နယ်မြေ

d) in the land of Canaan near Jericho ယေရိခေါမြို့ အနီး ခါနန်ပြည်

4.Who did Joshua send into the land before crossing the Jordan River into Canaan? (value 4 points) ခါနန်ပြည်သို့ အဝင် ဂျော်ဒန်မြစ်အားမဖြတ်သန်းမီ ယောရှုမှမည်သူတို့ ကို စေလွှတ်ခဲ့သနည်း။

a) He sent 12 spies, who stayed with Rahab in Jericho, to explore out the land of Canaan. ယေရိခေါမြို့ ရာဟတ်အရပ်တွင်နေထိုင်ပြီး ခါနန်ပြည်အားစုံစမ်းထောက်လှမ်းရန် သူလျှို ၁၂-ဦးကို စေလွှတ်ခဲ့သည်၊
b) He sent 2 spies to Gilgal to observe the people. လူများအားထောက်လှမ်းရန် သူလျှို ၂-ဦးအား ဂိလဂါလ အရပ်သို့ စေလွှတ်ခဲ့သည်၊
c) He sent 2 spies to view the land. နယ်မြေကို ထောက်လှမ်းဖို့ သူလျှု ၂-ဦးကိုစေလွှတ်ခဲ့သည်၊

5.What did Joshua tell the people to prepare them for going into Canaan? (value 4 points) ခါနန်ပြည်သို့ ဝင်ရန်ပြင်ဆင်သည့်အခါ လူများကို ယောရှုကဘာပြောခဲ့သနည်း။
a) He told them to organize and prepare themselves for battle.စစ်ပွဲအတွက်ပြင်ဆင်ကြရန်ပြောခဲ့သည်၊
b) He told them to sanctify themselves to God. ဘုရားရှင်အတွက် မိမိတို့ ကိုယ်အားသန့် ရှင်းစွာနေကြရန်၊
c) He told them to prepare food and clothing for a long journey. ခရီးရှည် သွားဖို့ ရန်အတွက် စားနပ်ရိက္ခာ ပြင်ဆင်ကြရန်ပြောခဲ့သည်၊

6.What happened at the crossing of the Jordan? (value 4 points) ဂျော်ဒန်မြစ်ကို ဖြတ်သည့်အခါ ဘာဖြစ်ခဲ့သနည်း။
a) Joshua lifted his rod over the river and the waters parted making a dry path. ယောရှုသည် တောင်ဝေှး အား ဂျော်ဒန်မြစ်အပေါ်သို့ မလိုက်သည့်အခါ ဂျော်ဒန်မြစ်သည် ၂-ခြမ်း ကွဲသွားပြီး လူအများသွားလာနိုင်သည့် ခြောက် သွေ့ သောလမ်းပေါ်လာသည်၊
b) Joshua went first and the people followed with the ark in the middle. ယောရှုသည် အရင်ဆုံး လျှောက် သွားပြီး လူအများကပဋိညာဉ်သေတ္တာကို အလယ်တွင်ထားကာ လျှောက် သွားကြသည်၊
c) When the feet of the priests carrying the ark touched the water, it parted. ပဋိညာဉ်သေတ္တာထမ်းလာ သော ယဇ်ပုရောဟိတ်များ၏ခြေထောက်သည် မြစ်ရေကိုထိ လိုက် သည့်အခါ ၂-ခြမ်းကွဲသွားသည်၊

7.At Gilgal, how did God test Israel's loyalty to him? (value 4 points) ဂိလဂါလ အရပ် တွင် ဘုရားရှင်က ဣသရေလလူများ သူ့ အပေါ်မည်မျှသစ္စာရှိသည်ကို မည်သို့ စမ်းသပ်ခဲ့သနည်း။
a) He commanded them never to worship idols. ရုပ်တုမကိုးကွယ်ဖို့ အမိန့် ပေးခဲ့သည်၊
b) He told them to send out spies. သူလျှိုများစေလွှတ်ဖို့ ပြောခဲ့သည်၊
c) He told them to celebrate the Passover. ပသခါပွဲဆင်နွှဲဖို့ ပြောခဲ့သည်၊

8.How did Israel conquer Jericho? (value 4 points) ဣသရေလလူများ ယေရိခေါမြို့ ကို မည်သို့ အောင်နိုင်ခဲ့သနည်း။

a) by a shrewd military maneuver of Joshua ယောရှု၏ လိမ္မာပါးနပ်သောစစ် သေနင်္ ဗျူဟာဖြင့်၊
b) by marching together in the strength of unity စည်းလုံးညီညွတ်စွာ စစ်ချီတိုက် ခိုက်ခြင်း အားဖြင့်
c) by following God's methods and in God's strength ဘုရားရှင်၏ခွန်အား၊ ဘုရား ရှင်၏ နည်းလမ်းကို လိုက်နာခြင်းအားဖြင့်၊

9.Why was Israel defeated at Ai? (value 4 points) အာအိမြို့ တိုက်ပွဲတွင်အဘယ့်ကြောင့် ဣသရေလလူများ စစ်ရှုံး ခဲ့သနည်း။

a) because they were afraid and didn't trust God သူတို့ သည်ကြောက်ပြီးဘုရားကိုမယုံကြည်သောကြောင့်၊
b) because Ai had a stronger army အာအိမြို့ တွင် အားကြီးသောစစ်တပ်ရှိသောကြောင့်၊
c) because there was sin among them သူတို့ တွင် အပြစ်တရားရှိသောကြောင့်

10.Why was Gibeon successful in deceiving Israel? (value 4 points) အဘယ့်ကြောင့် ဂိဘိရွန်သည် ဣသရေလလူတို့ ကို အောင်မြင်စွာ လှည့်ဖြားနိုင်ခဲ့သနည်း။

a) because Gibeon had a very strong army ဂိဘိယွန်တွင် အင်အားကြီးသော စစ်တပ်ရှိသောကြောင့်၊
b) because Israel was afraid of other kings ဣသရေလသည် အခြားသောဘုရင်များကိုကြောက်သောကြောင့်
c) because Israel did not consult God ဣသရေလသည်ဘုရားရှင်နှင့်မတိုင်ပင်သောကြောင့်

11.Why was Israel forced to attack the kings of the south? (value 4 points) ဣသရေလတို့ သည် အဘယ့်ကြောင့် တောင်ပိုင်းနိုင်ငံဘုရင်များကို တိုက်ခိုက်ကြသနည်း။

a) because they had disobeyed God and made a covenant with Gibeon who was attacked by these kings သူတို့ သည် ဘုရားရှင်စကားနားမထောင်ဘဲ ဂိဘိယွန်တို့ နှင့် ပဋိညာဉ် ထားသောကြောင့်
b) because the kings of the south were a threat to them and God said to advance တောင်ပိုင်းနိုင်ငံဘုရင်များသည် သူတို့ အတွက် အန္တရာယ်ရှိပြီး ဘုရားရှင်က တိုက်ခိုက်ခိုင်းသော ကြောင့်၊
c) because the kings of the south deceived them, drawing them into warfare တောင်နိုင်ငံဘုရင်များက သူတို့ ကိုလှည့်ဖြားပြီး စစ်ပွဲတွင်းသို့ ဆွဲခေါ်သောကြောင့်

12.How did Israel overcome the kings of the south? (value 4 points) ဣသရေလ လူ များသည် တောင်ပိုင်းနိုင်ငံ ဘုရင်များကို မည်သို့ စစ်အောင်နိုင်ခဲ့သနည်း

a) God sent hail, wind, and rain that made them flee. ဘုရားရှင်က ဆီးနှင်း၊ လေပြင်း နှင့် မိုးတို့ ကိုစေလွှတ် ပြီး သူတို့ ကို နှင်ထုတ်ခဲ့သည်၊
b) God made the sun stand still. ဘုရားရှင်က နေကိုရပ်တန့် စေသည်၊

c) God sent large armies, so they fled in fear. ဘုရားရှင်က သူတို့ ကြောက်လန့် တကြားထွက်ပြေးအောင် ကြီး မားသော စစ်တပ်ကြီးစေလွှတ်ခဲ့သည်၊

13.What did Joshua tell the tribes they should do in order to conquer the land completely? (value 4 points) နိုင်ငံကို အပြီးအပိုင်သိမ်းပိုက်ဖို့ ယောရှုက သူ၏လူမျိုးနွယ် များအား ဘာပြောခဲ့သနည်း။

a) They should join together to cultivate the land and build strong cities. လယ်ယာ စိုက်ပျိုးဖို့ ၊ခိုင်ခံ့သော မြို့ များတည်ဆောက်ဖို့ အတူတကွပူး ပေါင်းကြရန်ပြောခဲ့သည်၊
b) They should remove all the foreigners. တိုင်းတပါးသားများကို မောင်းထုတ်ဖို့ ပြောသည်၊
c) They should just possess and enjoy the land and thank God for it. နယ်မြေကို ဝမ်း မြောက်ဝမ်းသာသိမ်း ပိုက်ပြီး ဘုရားရှင်ကို ကျေးဇူးတင်သင့်သည်၊

14.What did God designate certain cities for? (value 4 points) ဘုရားရှင် သီးသန့် ခွဲ ထားသော မြို့ များကား အဘယ်နည်း။

a) for storage of the grain used by the priests ယဇ်ပုရောဟိတ်များအတွက် ဂျုံစပါး များ သိုလှောင်ရန်မြို့ များ
b) for refuge for people who accidentally killed someone တစုံတယောက်အား မတော်တဆ သတ်မိသော ကြောင့် ထွက်ပြေးခိုလှုံရန်မြို့ များ၊
c) for government centers for the 12 tribes လူမျိုး ၁၂-မျိုးအတွက် အစိုးရဋ္ဌာနများ

15.How did the Israelites settle in the land after the conquest? (value 4 points) နယ်မြေသိမ်းပိုက်ပြီး နောက် ဣသရေလလူများ မည် သို့ အခြေချကြသနည်း၊

a) All of the tribes settled west of the Jordan River by the Mediterranean Sea. လူမျိုးစုအားလုံး မြေထဲ ပင်လယ်ဒေသရှိ ဂျော်ဒန်မြစ်အနောက်ဖက်ကမ်းတွင် အခြေချကြသည်။
b) Rueben, Naphtali, and Judah claimed land east of the Jordan River. ရုဘင်၊ နတ်ဖ်သာလိ၊ ယုဒတို့က ဂျော်ဒန်မြစ် အရှေ့ ဖက်ကမ်းတွင် အခြေချကြသည်၊
c) Rueben, Gad and half the tribe of Manasseh received land on the east side of the Jordan River. ရုဘင်၊ ဂတ်နှင့် မနာရှေမျိုးနွယ် တဝက်သည် ဂျော်ဒန်မြစ်အရှေ့ ဖက်ကမ်းဒေသကို လက်ခံရရှိကြသည်၊

16.What would happen if Israel mixed with the people of the land? (value 4 points) ဣသရေလနှင့် အခြား သောသူများအတူရောနှောနေထိုင်ကြလျှင် ဘာဖြစ်မည်နည်း။

a) God would punish them. ဘုရားရှင်က ပပြစ်ဒဏ်ခတ်မည်၊
b) God would pour out ten plagues on them. ပြစ်ဒဏ်၁၀-မျိုးဖြင့်ဒဏ်ခတ်မည်၊
c) God would give the land to the nations.ဘုရားရှင်ကနိုင်ငံထူထောင်ဖို့ မြေပေးမည်၊

17.How did Joshua make a covenant with the people? (value 4 points) ယောရှု သည် လူများနှင့်မည်သို့ ပဋိညာဉ်ပြုသနည်း။

a) by declaring a week of prayer and fasting ရက်သတ္တတပတ် အစာရှောင်ဆုတောင်း ဖို့ ကြေညာသည်၊
b) by celebrating the victories won အောင်ပွဲအခန်းအနားကျင်းပသည်၊
c) by writing the word of the Law on a large stone by the sanctuary as a witness ဗိမ္မာန်တော်တွင် ကျောက်တုံးပေါ်၌ပညတ်တော်များကို သက်သေအဖြစ်ရေးထားသည်၊

18.Did Israel serve the Lord after Joshua died? (value 4 points) ယောရှုသေဆုံးပြီး နောက် ဣသရေလ လူများ ဘုရားရှင်ကို ကိုးကွယ်ကြပါသလား။

a) Yes, they served faithfully for many generations. မှန်၏၊သူတို့ မျိုးဆက်ပေါင်းများစွာ ကိုးကွယ်ကြသည်၊
b) Yes, but only until all the elders who knew Joshua died. မှန်၏၊ သို့ သော် ယောရှု ကိုမှီသောသက်ကြီး သူများကွယ်လွန်ချိန်ထိသာ ကိုးကွယ်ကြသည်၊
c) Yes, by chasing out all the enemies in the land. မှန်၏၊ နယ်မြေ အတွင်းရှိရန်သူ အားလုံးကို မောင်းထုတ်ပြီး ချိန်ထိ၊

19.Of what is Rahab's scarlet cord a picture? (value 4 points) ရာခပ်၏ကြက်သွေး ရောင်ဖဲကြိုးသည် မည်သည်ကို ပုံဖေါ်သနည်း။

a) It is a picture of Christ's blood. ခရစ်တော်၏အသွေးတော်ကို ပုံဖေါ်သည်၊
b) It is a picture of the destruction of Jericho. ယေရိခေါမြို့ ဖျက်ဆီးခြင်းကို ပုံဖေါ်သည်၊
c) It is a picture of Rahab's faithfulness to God. ရာခပ်၏ဘုရားရှင်အပေါ် သစ္စာရှိခြင်း ကို ပုံဖေါ်သည်၊

20. What was the choice Joshua put before the people of Israel? (value 4 points) ယောရှုက သူ၏လူများ အား မည်သည့်ရွေးချယ်မှုကို ရွေးခိုင်းသနည်း။

a) to follow him, Joshua ယောရှုနောက်လိုက်ကြရန်
b) to serve God ဘုရားရှင်ကို ကိုးကွယ်ရန်၊
c) to choose the Egyptian idols အီဂျစ်ပြည်မှရုပ်တုများကို ရွေးချယ်ရန်၊

အောက်ပါကွက်လပ်များတွင် သင့်တော်သောစကားလုံးကို ရွေးချယ်၍ထည့်ပါ။

21.A proper attitude toward faith and ________________is essential to victory and possession. (value 4 points) ယုံကြည်ခြင်းနှင့် (                    ) အတွက်မှန်ကန်သောစိတ်ထားမှာ အောင်ပွဲ နှင့်ကြီးပွါး ခြင်းအတွက် သော့ချက်ဖြစ် သည်။ (Chose one of the following words: loyalty, military assignments, obedience.)

22.The book of Joshua is a book of learning to follow God and ___________His promises.(value 4 points) ယောရှုမှတ်စာသည် ဘုရားရှင်နောက်လိုက်ရန်၊ ဘုရားရှင်ကတိ တော်များကို (                    ) ရန်ဖြစ်သည်(Chose one of the following words: claiming, knowing, publicizing.)

23.Trust is ________________ what you believe.  (value 4 points) ကိုးစားခြင်းသည် သင်ယုံကြည် သောအရာအပေါ် (              ) ဖြစ်သည်။ (Chose one of the following words: knowing well, belonging to, acting on.)

24. The book of Joshua teaches us that possession means _____________(value 4 points) ယောရှုမှတ်စာက ကျွန်ုပ်တို့အား သွန်သင် ပေးသည်မှာ ပိုင်ဆိုင်ခြင်းဆိုသည်မှာ (                          ) ဟူ၍ဖြစ်သည် (Chose one of the following words: doom, destruction, responsibility, development.)

Complete this sentence with one of the phrases listed. (value 4 points) ဝါကျကို ပြည့်စုံအောင် အောက်ပါတို့ကို ရွေးချယ်၍ဖြည့်ပေးပါ

25.When Joshua conquered Hazor in the north ယောရှုသည် မြောက်ပိုင်းဒေသ ဟာဇော အရပ်ကို သိမ်းသောအခါ_______________________________________________

- the conquest of Canaan was complete ခါနန်နယ်မြေသိမ်းပိုက်ခြင်းပြီးဆုံးသည်
- all the Canaanites fled ခါနန်လူမျိုးအားလုံးထွက်ပြေးသည်
- there was still one more city to possess နောက်ထပ် မြို့ တမြို့ သိမ်းပိုက်ရန်ကျန်သေးသည်

Prepared by Polly Strong B.R.E., B.A., M.A.

For Rogma International, Inc. (All Scripture quotations from the KJV of the Bible)

Copyright by Rogma International, Inc. All rights reserved.

---

## Lesson 9

## Introduction to Section IV - BUILDING

## Administration of Possessions -တည်ဆောက်ခြင်းအမွေမြေကိုစီမံခန့်ခွဲခြင်း

## Judges, Ruth, 1 Samuel - တရားသူကြီးမှတ်စာ၊ ရှုသဝတ္ထု၊ ဓမ္မရာဇဝင်ပထမစောင်

ဒီအခန်းမှာ အမွေမြေကိုစီမံခန့်ခွဲရတဲ့တာဝန်နဲ့ ကိုယ့်ဘက်က လုပ်ဆောင်ရတဲ့အပိုင်းတွေကို ပြောပြထားတယ်။ ဘုရားပေးတဲ့ပြည်တော်ကိုဘုရားဘုန်းတော်အတွက်ဘုရားဦးဆောင်တဲ့အစိုးရအဖြစ်အုပ်ချုပ်ဖို့မလုပ်ဆောင်နိုင်ခဲ့ဘူး။ တရားသူကြီးမှတ်စာဟာဂတိတော်ပြည်မှာ ပထမနှစ်ပေါင်း ၄၀၀ရဲ့သမိုင်းဖြစ်တယ်။ ယောရှု ကာလမှာ ပြည်တော်ကို အမွေခံရတယ်။ ဘုရားဘုန်းတော်အတွက် ဘုရားနည်းအတိုင်းလုပ်ဆောင် ကြဖို့ ဖြစ်တယ်။ဘုရားသခင်က သူတို့ရဲ့ရှင်ဘုရင်ဖြစ်တယ်။ လိုက်နာရမယ့် တရားဥပဒေတွေကိုပေးထားတယ်။လက်တွေ့ လုပ်ဆောင်မယ့်ယဇ်ပုရောဟိတ်တွေကိုလည်း ခန့်ထားတယ်။ဒါပေမယ့် ဣသရေ လလူမျိုးက သစ္စာမရှိခဲ့ဘူး။ ဘုရားသခင်ကို ဘုရင်အဖြစ် မေ့သွားပြီ။ စကားတော်ကို နားမထောင် ဘူး။ ဒီကျမ်းထဲမှာပါတဲ့ အခန်းတွေကတော့ ဣသရေလဟာ ဘုရားသခင်ကို ဘုရင်အဖြစ် သဘော မထား တော့ဘူး။ ဘုရားကိုဘုရင်အဖြစ်ထားတဲ့ (theocracy) ခေတ်မှသည် မင်းမဲ့ကာလ (anarchy)၊ အဲဒီကတဆင့်လူ ဘုရင် ကစိတ်ကြိုက်အုပ်စိုးတဲ့ (monarchy)ခေတ်ကိုရောက်သွားတယ်။လူတွေကဘုရားပညတ်ကို လိုက်လျှောက်မယ့် အစား ကိုယ့်အလိုဆန္ဒ နောက်ကိုလိုက် လာတယ်။ ဘုရားကိုဘုရင်အဖြစ် လက်မခံတော့ဘူး။ ဒါကြောင့်ရန်သူတွေ ရောက် လာတယ်။ မေသောပေါတာမိ၊ မောဘ၊ ဖိလတ္တိ၊ ခါနန် ဟာဇာ၊ မိဒျန်နဲ့ အမ္မုန်အမျိုးတို့ဖြစ်တယ်။ ဒါပေမယ့် ဘုရားက သနားတတ်တော့ တရားသူကြီးတွေ စေလွှတ်ပြီး ကယ်ခဲ့တယ်။ တရားသူကြီးမှတ်စာရဲ့နောက်ဆုံးအပိုင်းဟာ နိုင်ငံရေး အယူသီးမှုနဲ့ ကိုယ်ကျင့်တရားပျက်တာတွေကို တွေ့ရတယ်။ ဘုရားသခင်ကဖြောင့်မတ်တဲ့အတွက် အပြစ်ကို ဒဏ်ပေးရ တယ်။ ဒါပေမယ့် ဂရုဏာတော်က အပြစ်သား အတွက် ကယ်တင်ခြင်းနည်းကို ပြင်ဆင်ပေးတယ်။ ယုံကြည်သူတိုင်း ဟာ ဘုရားပေးတဲ့ ဆုကျေးဇူးတွေကို စီမံခန့်ခွဲတတ်၊ သုံးစွဲတတ်ရမယ်။

**ဘုရားအုပ်ချုပ်တဲ့ခေတ် (theocracy)**

”ထာဝရဘုရားချန်ထားတော်မူသောလူမျိုးများကမောရှေအားဖြင့် ဘိုးဘေးတို့ကိုမှာထားတော်မူသောပညတ်များအတိုင်း ကျင့်မည် မကျင့်မည်ကိုထင်ရှားစေခြင်းငှါ၊ ဣသရေလအမျိုးကို စုံစမ်းဖို့ရာဖြစ်သတည်း။” (Judges 3:1,4; 2:21,22)

ဣသရေလအမျိုးက ဘုရားကိုပစ်ပယ်ပြီး **(anarchy)** မင်းမဲ့ကာလ

"ထိုကာလ၌ ဣသရေလရှင်ဘုရင်မရှိ လူတိုင်း မိမိစိတ်အလိုရှိသည်အတိုင်း ပြုသတည်း။ (Judges 17:6; 21:25)

ဘုရင်တောင်းခဲ့တယ် (monarchy) သက်ဦးစံပိုင် ဘုရင်စနစ်

"သူတို့သည် သင့်ကိုသာမပယ်၊ ငါသည် သူတို့ကိုမအုပ်စိုးစေခြင်းငှါ ငါ့ကိုလည်းပယ်ကြပြီ။ သူ့စကား ကို နားထောင်၍ သူတို့အဖို့ ရှင်ဘုရင်ကို ချီးမြှောက်လော့။" (1 Samuel 8:7,22; 13:14; 16:2)

ရှသဝတ္ထုဟာ ဆိုးညစ်တဲ့ လူ့အသိုင်းအဝိုင်းကြားထဲမှာ ဖြောင့်မတ်စွာနေထိုင်ရင်း ဘုရားကို အားကိုးတတ်တဲ့ ယုံကြည်သူ လူနည်းစုရဲ့သမိုင်းကြောင်းလေးဖြစ်တယ်။ဘုရားချစ်ခြင်းနဲ့ကျေးဇူးတရားကို မြင်သာတယ်။

ဓမ္မရာဇဝင် ပထမစောင်ကတော့ ဘုရင်တွေ၊ ပရောဖက်တွေရဲ့ကာလဖြစ်တယ်။ ကိုယ်ကျင့်တရား ပျက်တယ်။ နိုင်ငံရေး မတည်ငြိမ်မှု၊ တိုင်းတပါးက တိုက်ခိုက်လာချိန်မှာ ဣသရေလလူမျိုးက ဘုရင် တပါးကို တောင့်တလာတယ်။ ဘုရားက ရှောလုဆိုတဲ့ ဘုရင်ကိုပေးတယ်။ ဒါပေမယ့် ဘုရင်ရတာ နဲ့တပြိုင်နက် ဘုရင်နဲ့ ပတ်သက်တဲ့ ပြဿနာတွေလည်းရှိလာတယ်။ ရှမွေလက တရားသူကြီး ပရောဖက်ဖြစ်တယ်။ ရှောလုက ဘိသိက်ခံဘုရင် ဖြစ်တယ်။ နောက်ပိုင်း ဒါဝိဒ် မင်းဖြစ်လာတယ်။

| | |
|---|---|
| ကာလ = တရားသူကြီးများ ៖ 1400 - 1000 B.C | ရှင်ဘုရင်များ 1000 – 0 B.C |
| ရှသ 1150 B.C | ရှောလု 1053 B.C |
| ရှမွေလ 1100 B.C | ဒါဝိဒ် 1113 B.C |

ပိုင်ဆိုင်မှုနဲ့ ခေါင်းဆောင်မှုရဲ့တာဝန်တွေကို ကောင်းစွာနားလည်ခြင်းဟာ ပိုင်ဆိုင်မှုနဲ့ရတဲ့ ရာထူး တည်မြဲဖို့အတွက် အရေးကြီးတယ်။ ဘုရားပေးတဲ့အရာတွေကို ကောင်းစွာစီမံခန့်ခွဲပြီး အသုံးချတတ်ဖို့ သင်ယူပါ။

Exploring God's Word

A Survey of the Old and New Testaments

Prepared by Polly Strong B.R.E., B.A., M.A.

For Rogma International, Inc. (All Scripture quotations from the KJV of the Bible)

Copyright by Rogma International, Inc. All rights reserved.

---

## Lesson 9

## Section IV – Building: Administration of the Land

## Leaders and Good Government

**Theme**: ဖြောင့်မတ်တဲ့ခေါင်းဆောင်ဟာ ဘုရားချစ်တဲ့ တိုင်းနိုင်ငံအတွက် တိုးတက်စေတယ်။.

**Goal**: ငြိမ်သက်ခြင်းနဲ့ ညီညွတ်ခြင်းရှိဖို့ဘုရားအလိုအတိုင်းဦးဆောင်နိုင်သူသာအရေးကြီးတယ်။.

**Summary**: ဒီသင်ခန်းစာဟာဘုရားပေးတဲ့ဆုကျေးဇူးတွေကိုကောင်းမွန်စွာသုံးစွဲခြင်းအကြောင်း ဖြစ်တယ်။ ဣသရေလကို ဘုရားပိုင်တဲ့နိုင်ငံအဖြစ် ဖန်ဆင်းခဲ့တယ်။ တလောကလုံးအတွက် ပုံ သက်သေ ဖြစ်တယ်။ ပြည်တော်ကို အမွေပေးတယ်။ လိုက်နာရမယ့် ဥပဒေတွေပေးတယ်။ ဘုရား အုပ်ချုပ်တဲ့ခေတ်(theocracy) ဖြစ်တယ်။ဘုရားက သူတို့ ရဲ့ဘုရင်ဖြစ်တယ်။ ယဇ်ပရောဟိတ်တွေ က ဝန်ကြီးတွေဖြစ်တယ်။ ဘုရားပညတ်အတိုင်းစီရင်အုပ်ချုပ်တယ်။ ဒါပေမယ့် ယောရှုသေပြီးနောက်မှာ လူတွေက ဘုရားကို မရိုသေကြတော့ဘူး။ ပညတ်တရားကို ပစ်ပယ်လာတယ်။ ဒါကြောင့် ဘုရား တန်ခိုးနဲ့ကွယ်ကာမစခြင်းမခံရတော့ဘူး။ လူတိုင်းကိုယ်ထင်ရာ လုပ်လာတယ်။ နောက်တော့ မင်းမဲ့ တိုင်းပြည် (anarchy) ဖြစ်လာတယ်။ ဒီအခါ လူတွေက လူဘုရင်ကို တောင်းဆိုတယ်။ ဒါ ကြောင့် သက်ဦးဆံပိုင် ဘုရင်စနစ် (monarchy) ဖြစ်လာတယ်။ ဒီအချိန်မှာ ဘုရင်တွေနဲ့ ပရောဖက် တွေရဲ့ခေတ်ကာရဲ့အစပိုင်းကို ရောက်လာတယ်။ ဘုရားကို အားကိုးတဲ့ ပညတ်တော်ကို စောင့် ရှောက်တဲ့ ယုံကြည်သူ လူနည်းစုဟာ အမှောင်လွှမ်းတဲ့ ခေတ်ထဲမှာ အလင်းတွေလိုတောက်ပကြတယ်။ ဘုရား ကိုရိုသေတဲ့ တရားသူကြီးတွေရှိတယ်။ ရုသ၊ ဗောဇ၊ ဟာန၊ ရှမွေလစတဲ့ လူတွေရှိတယ်။ဒီအခန်းဟာဘုရားကိုချစ်တဲ့ ခေါင်းဆောင်ကောင်းတွေက လူတွေကို ခွန်အားနဲ့ ပြည့်စုံစေတဲ့အကြောင်းကို ပုံဖော်တယ်။ ဒါပေမယ့် အားနည်းတဲ့ ခေါင်းဆောင်တွေက လူကိုကြောက်တယ်။ ဘုရားစကား နားမထောင်ဘူး။ ဒါကြောင့် တိုင်းပြည် အားနည်းရတယ်။.

**Outline**

| | | | | | |
|---|---|---|---|---|---|
| Judges Chapter 1-3 | Israel's failure | Ruth Chapter 1 | Naomi in Moab | 1 Samuel 1-8 Chapter 1 | birth of Samuel |
| Chapter 3-16 | God sent judges | Chapter 2,3 | Ruth in the | Chapter 2-6 | evil sons of Eli |
| Chapter 17-21 | degenerate state of the people | Chapter 4 | fields of Boaz blessing | Chapter 7-8 | Samuel judged righteously |

**People to know:**လူအမည်များ

In the book of Judges: In the book of Ruth:

Israelites after Joshua (Judges 1-3) Naomi, Orpah, Ruth, Boaz (Ruth 1-4) The judges (Judges 3-16)

Othniel, Ehud, Shamgar (Judges 3) In the book of 1 Samuel:

Deborah, Barak (Judges 4:1-5:31) Eli, Elkanah, Hannah, Samuel (1 Samuel 1-3) Gideon (Jerubbaal), Abimelech (Jotham) (Judges 6-9) Philistines, Hophni, Phinehas (1 Samuel 4-7)

Jephthah (Judges 10-12) Samuel and his sons (1 Samuel 8)

Samson (Judges 13:1-16:31)

Enemies: Canaanites (Sisera);Midianites, Ammonites, Philistines, Amorites

**Places to know:**

In the book of Judges:

Judah, Gaza, Gilgal, territories of the tribes: Judah, Benjamin, Manasseh, Ephraim, Zebulun, Asher, Naphtali, Dan, Hazor, Ramah, Bethel, Ephraim, Shechem (Judges 1-3)

Benjamin, Midian (Judges 4-10)

Tob, Ammon, Gilead, Ephraim, Gaza (Judges 11-16) Gibea of Ephraim, Dan, Lakish, Benjamin (Judges 17-21)

In the book of Ruth:

Moab, Israel, Bethlehem (Ruth 1-4)

In the book of 1 Samuel:

Ramah, Shiloh, Eben-ezer, Ashdod, Gath, Ekron, Beth-shemesh, Kirjath-jearim, Mizpeh, Bethel, Gilgal (1 Samuel 1-7)

**Words to Know:** ဝေါဟာရများ **(know these for your exam)**

priest: a mediator between deity and worshippers (the Levitical priests offered sacrifices for the people and went into the presence of God (see section 2)

prophet: one who gives forth the declarations or words of God

judge: one who administrates justice in accordance with prescribed laws

king: sovereign or supreme ruler

Theocracy: ဘုရားသခင်အုပ်ချုပ်သောခေတ်

Anarchy: မင်းမဲ့ကာလ အစိုးရမရှိ၊ အုပ်ချုပ်သူမရှိ၊ တရားဥပဒေမရှိ၊ စည်းစနစ်မရှိတဲ့ကာလ

Monarchy: သက်ဦးဆံပိုင်ဘုရင်စနစ်

## Introduction-နိဒါန်း

ဣသရေလလူမျိုးဟာ ဘုရားရဲ့ဆုကျေးဇူးကို လက်ခံပေမယ့် ဘုရားကို မေ့သွားတယ်။ (Judges 1-3; 17-21) ဒီကာလဟာ ဘုရားပေးတဲ့ ဆုကျေးဇူးတွေကို အလေးအနက်မထားဘဲ ကောင်းမွန်စွာ မသုံးတတ်တာကို ပြတယ်။ ဘုရားဆုကျေးဇူးတွေကို ကောင်းမွန်စွာ လက်မခံတဲ့ အကျိုးကဘုရားတန်ခိုးတော်ကို ငြင်းပယ်ပြီးဘုရားရဲ့ပစ်ပယ်ခြင်း၊ ဖျက်ဆီးခြင်းတွေကို ရလာစေတယ်။

A.ဣသရေလလူမျိုးဟာဘုရားခိုင်းတဲ့အတိုင်းမလုပ်ဆောင်ဘူး။ တပါးအမျိုးသားတွေကို လိုက်ရှာပြီး နှင်မထုတ်ခဲ့ဘူး။

B.ဘုရားသခင်စကားတော်ကိုနားမထောင်ပဲ တပါးအမျိုးသားတွေနဲ့ အိမ်ထောင်ပြုလာတယ်။ ကိုယ်ကျင့်တရား ပျက်သူတွေကို ပေါင်းဖော်လာတယ်။ ဘုရားစကားနားမထောင်ပဲ ဘုရားကို ပစ်ပယ်ခြင်းဟာ ရန်သူ့ရှေ့မှာ ရှုံးနိမ့်စရာ ဖြစ်လာတယ်။ (Judges 17:6)

C.ဣသရေလအမျိုးဟာဘုရားကိုတော့ဝတ်ပြုကိုးကွယ်သေးတယ်။ဒါပေမယ့်ဘုရားတန်ခိုးတော်နဲ့ ကောင်းကြီး မင်္ဂလာကိုတော့ မသိတော့ဘူး။ ရှိလောင်မြို့မှာ တဲတော်ရှိနေသေးတယ်။ ဒါပေမယ့် ဘုရားခိုင်းတဲ့အတိုင်း ဆုမတောင်းတော့ ဘူး။ သူတို့ရဲ့ဝိညာဉ်ရေးခေါင်းဆောင်တွေ၊ယဇ်ပရောဟိတ်တွေ၊လေဝိသားတွေဟာဘုရားသခင်ရဲ့နောက်တော်ကို မလိုက်တော့ဘူး။

D.ဘုရားကိုမေ့ပြီး ဘုရားပညတ်အစားကိုယ့်ပညတ်တွေကို အစားထိုးသုံးစွဲလာတယ်။လူတိုင်း ကိုယ်ထင်ရာ လုပ်လာတယ်။ ပြည်တွင်းစစ်ဖြစ်ပြီး ကိုယ့်လူမျိုးအချင်းချင်း တိုက်ခိုက်လာတယ်။ (Judges 17-21). ရန်သူတိုင်းနိုင်ငံတွ က ပြည်တော်ကို ကောင်းကောင်းဖျက်ဆီးပစ်တယ်။ ဘုရားသခင်အတူရှိခြင်းလည်း ပျက်လွင့်သွားတယ်။ သူတို့က လူရှင်ဘုရင်တပါးကို တောင်းဆိုတယ်။

E.ကျဆင်းနေတဲ့ခေတ်ကာလထဲမှာ သစ္စာရှိသူအနည်းစုဟာဘုရားတန်ခိုးတော်နဲ့ ကောင်းကြီးတွေကို ဆက်လက်သယ်ယူလာတယ်။ သူတို့ကနေတဆင့် နောင်သားမြေးတွေကြားထဲမှာ ဝိညာဉ် ရေးရာ ခေါင်းဆောင်ကောင်းတွေ ပေါ်လာတယ်။ နောင်ပိုင်းမှာ မေရှိယ ကယ်တင်ရှင်ပင်ဆင်းသက်လာတယ်။

## THE LESSON - သင်ခန်းစာ

**I. THE BOOK OF JUDGES:** ဘုရားသခင်က တပါးအမျိုးသား တိုင်းနိုင်ငံတွေအားဖြင့် ဣသရေလကို စမ်းသပ် စစ်ဆေးခဲ့တယ်။ ဒါပေမယ့် ကယ်ဖို့ တရားသူကြီးတွေကိုလည်း စေ လွှတ် ခဲ့တယ်။ **(Judges 1-16).** တရားသူကြီးများခေတ်ကာလဟာ အမှောင်ဖုံးလွှမ်းတဲ့ ခေတ်၊ မင်းမဲ့ကာလ ဖြစ်တယ်။ **"** ထိုကာလ၌ ဣသရေလ ရှင်ဘုရင်မရှိ လူတိုင်း မိမိစိတ်အလိုရှိ သည် အတိုင်း ပြုသတည်း။**" (Judges 17:6; 21:25).**

A.**Israel fell into anarchy.** မင်းမဲ့ကာလရောက်လာတယ်။

1. ဘုရားအုပ်ချုပ်တဲ့ခေတ် (theocracy)က အနှစ်၄၀၀ကြာတယ်။ဒါပေမယ့်ဣသရေလက ဖောက်လာတယ်။ ဘုရားကိုပစ်ပယ်ပြီးကိုယ့်အလိုဆန္ဒတွေနောက်လိုက်လာတယ်။ ဘုရား ဂတိ တော်ကို မကိုင်စွဲပဲ တခြားတိုင်းနိုင်ငံတွေနဲ့ သီးခြားခွဲမနေပဲရှိခဲ့တယ်။ရုပ်တု ဆင်းတုကိုးကွယ်လာ တယ်။ ကိုယ်ကျင့်တရားပျက်ယွင်းလာတယ်။ ယဇ်ပရောဟိတ် တွေပင်လျှင် ပျက်စီးလာတယ်။ ဒါ ကြောင့် ထာဝရဘုရားရဲ့ကောင်းကင်တမန် ရောက် လာပြီး တရားစီရင်မယ်လို့ ဆိုခဲ့တယ်။ သူတို့ မနိုင်နိုင်တဲ့တိုင်းနိုင်ငံတွေကိုအခွင့်ပေးလာ ပြီး သူတို့အတွက် ဆူးနဲ့ထောင် ချောက်တွေ ဖြစ်လာ စေတယ်။ (Judges 1,2).

B.မနာခံလို့ ကျရှုံးရတယ်။ **(Judges 1-3:7).**

ဣသရေလဟာ အားနည်းလာတယ်။ ဘုရားနဲ့အဆက်ပြတ်လာတယ်။ ဘုရားစကားနား မထောင်၊ မယုံကြည်တော့ဘူး။.

1. ပြည်တော်ထဲကတပါးအမျိုးသားတွေကိုနှင်ထုတ်မယ့်အစားအတူနေတယ်။ ခါနနိလူ၊ ဟိတ္တိလူ၊ အာမောရိလူ၊ ပေရသိလူ၊ ဟိဝိလူ၊ ယေဗုသိလူတို့ကို ကြောက်ရွံ့လာတယ်။ အဲဒီလူမျိုး တွေရဲ့ဘုရားတွေက ထောင်ချောက် ဖြစ်လာတယ်။ (Judges 2:2,3).
2. ရုပ်တုကိုးကွယ်တဲ့ တပါးအမျိုးသားတွေရဲ့သားသမီးတွေနဲ့ ကိုယ့်သားသမီးတွေကို ပေးစားလာတယ်။ဟာလနဲ့ တခြားဘုရားတွေကို ဝတ်ပြုလာတယ်။ တပါးအမျိုးသား ထုံးစံတွေနဲ့ ပညတ်တွေ ကို လိုက်လျှောက်လာတယ်။ ဘုရားကိုရှိသေမယ့်အစား လူတွေကို အားကိုးလာတယ်။ အိမ်ထောင်ရဲ့မိသားစုနဲ့ လူမှုဘဝတွေမှာ လမ်းလွဲလာ တယ်။ ကိုယ်ကျင့်တရားပျက်ယွင်းတယ်။ ရုပ်တုကိုးကွယ်တယ်။ တပ်မက် လာတယ်။.
3. ဣသရေလလူမျိုးကို အပြစ်ပေးဖို့ ရန်သူနိုင်ငံတွေဖြစ်တဲ့ မောဘ၊ ဖိလိတ္တိ၊ မိဒျန်နဲ့ တခြား နိုင်ငံတွေကို သုံးခဲ့တယ်။ (Deuteronomy 7:1-5) ဘုရားအုပ်ချုပ်မယ့်အစား လူအုပ်ချုပ်ရင် ဘာ ဖြစ်မယ်ဆိုတာ ဘုရားက သတိပေးပြီးသားဖြစ်တယ်။

C.နာခံမှုရှိတဲ့အခါ အောင်မြင်မှုလည်း ရလာတယ်။(Judges 3:8-16:31)ဖိနှိပ်မှုတွေခံရတဲ့ အခါ ဘုရားသခင်ထံ အော်ဟစ် ဆုတောင်းလာတယ်။ ကယ်ဖို့ တရားသူကြီးတွေကို ပေးတယ်။ တရားသူကြီးတွေဟာ ဒေသတွင်းမှာ ဘုရား အလိုတော်ကိုသင်ပေးတဲ့ခေါင်းဆောင်တွေ ဖြစ်တယ်။ သူတို့အားဖြင့် ဉာဏ်ပညာရတယ်။ ခွန်အားနဲ့ ပြည့်စုံရတယ်။ လူတွေက ဘုရားထံလှည့်ပြန်တဲ့အခါ ဘုရားကောင်းကြီးနဲ့ တန်ခိုးကို ပြန်ခံစားရတယ်။ အချင်းချင်း ချစ်ချစ်ခင်ခင် နေ ထိုင်လာနိုင်ပြီး တပါး အမျိုးသားတွေနဲ့လည်း စစ်မက် ကင်းလာတယ်။ တရားသူကြီးတွေဟာ ရန်သူလက်မှ ကယ်ဖို့ ခေါင်း ဆောင်တွေ ဖြစ်တယ်။ မေဖိတိမ် အရပ်မှာ မောရှေဟာယေသရောနဲ့တွေ့တယ်။ဣသရေလလူမျိုးရဲ့ ပြဿနာ တွေကို တရား စီရင်ဖို့ မြို့ပြအရာရှိတွေ ခန့်ထားခိုင်းတယ်။ တရားသူကြီးခေတ်ကာလမှာ ဘုရားကတရားသူကြီးတွေကို ခန့်ထားပြီး တိုင်းတပါး အုပ်ချုပ်မှုအောက်မှ ကယ်နှုတ်တယ်။ သူတို့ ကလူတွေကိုကယ်ပြီး ငြိမ်းချမ်း

ရာကာလမှာ ဘုရား အတွက်အသက်ရှင်ဖို့ ခေါင်းဆောင်ခဲ့တယ်။ တရားသူကြီးမှတ်စာထဲမှာ တရားသူကြီး ၁၂ယော က်ကို ဖော်ပြထားတယ်။ တချို့ကိုတော့ အတိုချုပ် မျှ ဖော်ပြပြီး တချို့ကို အသေးစိတ်ဖော်ပြတယ်။ ( တရားသူကြီးတွေ လုပ်ဆောင်ပုံကို စာမေးပွဲ အတွက် လေ့လာပါ။ )

1.ဩသံယေလ ဟာ မေသောပေါတာမိဘုရင်ကို အောင်နိုင်ခဲ့တယ်။ (Judges 3:3-11).

2.ဧဟုဒဟာ မောဘရှင်ဘုရင်ကိုသတိနိုင်ခဲ့တယ်။ (Judges 3:12-30).

3.ရှန်ကာဟာ ဖိလိတ္တိလူတွေကို အောင်နိုင်ခဲ့တယ်။ (Judges 3:31).

4.ဒေဗောရနဲ့ဗာရက်ဟာနဿလိနဲ့ ဇာဗုလုန်အမျိုးကို ဦးဆောင်ပြီး ဟာဇော်အမျိုးဘုရင် သိသရနဲ့မြောက်ပိုင်း ခါနန်ဘုရင်တွေကိုအောင်နိုင်ခဲ့တယ်။(Judges 4:1-5:31).

5.ဂိဒေါင်ဟာ သူ့အဖေရဲ့ဗာလယဇ်ပလ္လင်ကို ဘုရားသခင်ကို ယဇ်ပူဇော်ခဲ့တယ်။ သူနဲ့ သူ့ နောက်လိုက်တွေဟာ မိဒျန်လူမျိုးကို အောင်နိုင်ခဲ့တယ်။(Judges 6-10) သူ့ကို ဘုရင်တင်မြှောက် ပေမယ့် ဘုရားသခင်သာ ဘုရင်ဖြစ်တဲ့အတွက် ငြင်းပယ်ခဲ့တယ်။ ဒါပေမယ့် နောက်ပိုင်းမှာ သူဟာ သင်တိုင်းဝတ်ရုံကြီးကိုလုပ်ပြီးသူနဲ့သူ့သားအဘိမလက်၊ ယောသံတို့ ဟာ ရှင်ဘုရင်အဖြစ် နေထိုင်ခဲ့ တယ်။

6.ယေဖသာဂိလဒ်ပြည်ကခွန်အားကြီးတဲ့ စစ်သူရဲဖြစ်တယ်။အမ္မုန်အမျိုးကိုအောင်နိုင်တယ်။ ဒါပေမယ့်အလျင်စလို သစ္စာဂတိပြုတဲ့အတွက် သမီးအသက်ဆုံးရတယ်။ (Judges 11:1-12:7).

7.ဣဗဇာတ်၊ဧလုံ၊ အာဗဒုံတို့ဟာ အချိန်ကာလတခုစီ အုပ်စိုးခဲ့ကြတယ်။(Judges 12:8-15).

8.နာဇရိသစ္စာဂတိအားဖြင့် ရှံဆုံမွေးဖွားလာပြီး ဖိလိတ္တိလူမျိုးကို တိုက်ခိုက်ဖို့ဘုရားသခင်ထံမှ ထူးခြားစွာ ခွန်အားရခဲ့တယ်။ သူ့မှာအားနည်းချက်တွေရှိခဲ့ပေမယ့် ဘုရားကိုတော့ရှိသေတယ်။ဘုရားအသုံးပြုခြင်းခံရတယ်။ (Judges 13:1-16:31).

9.ရှမွေလ နောက်ဆုံးတရားသူကြီးဖြစ်တယ်။ ဖိလိတ္တိလူမျိုးကို တိုက်ဖို့ ဣသရေလအမျိုးကို ခိုင်ခံ့စေခဲ့တယ်။ (တရားသူကြီး ၁-၂၅) သူဟာ ဘုရင်နဲ့ ပရောဖက်တွေခေတ်အတွက် အစပြုဖို့ ပြင်ဆင်ခဲ့သူဖြစ်တယ်။ (၁ ရာဇဝင် ၁-၂၅) တရားသူကြီးတွေဟာ ကယ်တင်ရှင်၊ အုပ်စိုးသူ၊ နိုင်ငံ ရေးခေါင်းဆောင်အဖြစ်နဲ့ ခရစ်တော်ကို ပုံဆောင်တယ်။သူတို့ကို ကြည့်ခြင်းအားဖြင့် ဖြောင့်မတ်တဲ့ ဘုရင်ရှိဖို့လိုတယ်ဆိုတာ မြင်သာစေတယ်။ ဣသရေလသမိုင်းရဲ့အစောပိုင်းကာလ မှာ အနှစ် ၅၀မှ ၁၀၀ အတွင်း တရားသူကြီးတွေပေါ်ပေါက်တယ်။ လူတွေကို ဘုရားထံလှည့်ပြန်စေပြီး ငြိမ်းချမ်းရေး နဲ့ တိုးတက်မှုကို ရရှိစေတယ်။ ဒါပေမယ့် အနှစ် ၄၀၀ကျော်တဲ့နောက်ပိုင်းမှာ ဣသရေလလူမျိုးဟာ အရမ်းပျက်စီးသွား တယ်။ အဲဒီအချိန်မှာ တရားသူကြီးများစွာ စေလွှတ်ခဲ့တယ်။ (I Samuel 1-25).

D.ကိုယ်ကျင့်တရားနဲ့နိုင်ငံရေး ပျက်စီးယိုယွင်းမှု (Judges 17-21).

1.ရုပ်တုကိုးကွယ်လာခြင်း (Judges 17-18).

2.ကိုယ်ကျင့်တရားပျက်ယွင်းလာခြင်း၊လေဝိလူတယောက်နဲ့သူ့မယားငယ်အကြောင်းဟာကြောက်စရာဖြစ်ရပ်ဖြစ်ခဲ့ပြီး ဗယ်္ာမိန်အမျိုးတွေကိုပြည်တွင်းစစ်ချီခဲ့တယ်။(Judges 19-21).

3.ဘုရားမဲ့ဖြစ်လာခြင်းဟာ ဣသရေလလူမျိုးပျက်စီးရခြင်းမှာ အခြေခံအကြောင်းရင်းဖြစ်တယ်။ အဲဒီခေတ်မှာ ဘုရင်မရှိခဲ့ဘူး။ (Judges 18:1; 19:1).

**A.Things to Think About:** ဆင်ခြင်စရာများ

1. ဘုရားက အောင်မြင်တဲ့၊ ငြိမ်းချမ်းတဲ့ပြည်ကို ပေးပေမယ့် ဘယ်လိုဆုံးရှုံးခဲ့ရသလဲ။?

*a)*တပါးအမျိုးသားတွေနဲ့ သီးခြားမနေပဲ သူတို့ကို ကျွန်ပြုခဲ့တယ်။ (Judges 1:29-35).

*b)*ဘုရားကိုမေ့ပြီး ဗာလနဲ့ အာရှဒရက်လို ဘုရားတွေကိုဝတ်ပြုခဲ့တယ်။.

*c)*ရန်သူကြားမှာနေထိုင်ရင်း ညီအကိုအချင်းချင်း တိုက်ခိုက်ခဲ့ကြတယ်။.

*d)*တပါးအမျိုးသားဘုရားတွေကို ကြော့်ရွံတတ်ဖို့သင်ယူလာရင်း ကိုယ်ကျင့်တရားပျက်၊ အသွေးအသားအလို လိုက်လာတယ်။ (Judges 2:10,13,19; 6:25; 10:6; 14:1; 16:1-4).

*e)*ဘုရားကို မကိုးကွယ်တော့ပဲ အိမ်တွေမှာ ရုပ်တုတင်လာတယ်။ (Judges 17:4,5; 18:30,31).

*f)* အချင်းချင်းအပေါ် မကောင်းမှုတွေလုပ်လာတယ်။ (Judges 19:1,22,26).

2. ဒီနေ့ခေတ်မှာလည်း ဘုရားရဲ့အောင်မြင်မှုနဲ့ ကောင်းကြီးတွေ ဘယ်လိုဆုံးရှုံးသွားနိုင်သလဲ။ ဘုရားကို လျစ်လျူရှုပြီး တခြားဘုရားတွေနောက် ဘယ်လိုလိုက်သွားနိုင်သလဲ။ကိုယ်ကျင့်တရား ပျက်ပြီး အသွေးအသား အလိုဆန္ဒက ဘယ်လို လိုက်သွားနိုင်သလဲ။?

3. ဘုရားကို ပစ်ပယ်သူကို ဘုရားသခင်စီရင်သလား။ ဣသရေလကို တရားစီရင်ခဲ့ တယ်။ ရန်သူ ရှေ့မှာ ရှုံးနိမ့်တယ်။ အချင်းချင်း ကိုက်စားစေတယ်။ ဒီနေ့ခေတ်မှာ ဘုရားကိုမေ့ပြီး အသွေးအသား အလိုဆန္ဒနောက်လိုက်ရင် ဘာဖြစ်သွားနိုင်သလဲ။ အပြစ် ကြောင့် လူတွေ ဘယ်လိုဖြစ်ရသလဲ။ ဘုရားရဲ့ငြိမ်သက်ခြင်း အောင်မြင်ခြင်းတွေထဲမှ သင်အသက်ရှင်နေသလား။ လောကီနဲ့ အသွေး အသားကို အခွင့်ပေးနေသလား။ (1 John 2:15-17)?

4. ဘုရားစကားနားထောင်ပြီးယုံကြည်ရင် တန်ခိုးတော်ခံစားရတယ်။ ဣသရေလကို ပြန်ရဖို့ တရားသူကြီးတွေကို အသုံးပြုတော်မူခဲ့တယ်။ ဒီနေ့ခေတ်မှာ သစ္စာရှိတဲ့ခေါင်း ဆောင်တွေကို ဘုရား ဘယ်လိုအသုံးပြုသလဲ။ လူတွေကို ဘုရားထံလှည့်ပြန်ဖို့ကူညီနေတဲ့အမှုတော်ဆောင်တွေကိုသင်သိသလား။ ဘုရားကသင့်ကိုလည်း အသုံးပြုနေသလား။

5. ယုံကြည်ခြင်းအားကြီးပြီး လူတွေကို ဘုရားထံလှည့်ပြန်စေသူတချို့ရှိသေးတယ်။

*a)*ရန်သူကို တိုက်ခိုက်ပြီး ဘုရားဘုန်းတော်အတွက် သီချင်းဆိုတဲ့သူ ဒေဗောရ။ (Deborah)

*b)*မှားယွင်းတဲ့ ကိုးကွယ်မှုတွေကိုဖျက်ဆီးပြီးဘုရားသခင်ကို ကိုးကွယ်တဲ့အရပ်တည်ဆောက်တဲ့သူဂိဒေါင်။(Gideon)

*c)*ဘုရားဦးဆောင်မှုကိုခံယူပြီး ကယ်တင်တဲ့သူ ယေဖသ။ (Jephthah)

*d)*ဘုရားရဲ့ဉာဏ်ပညာနဲ့ ခွန်အားကို ဘုရားဘုန်းတော်အတွက်ပြသခဲ့တဲ့ ရှံဆုံ။ (Samson)

*e)*အခြေအနေအမျိုးမျိုးကြားထဲမှာ ဘုရားကို အားကိုးတတ်တဲ့သူ ရှမွေလ။ (Samuel)

*f)* အားလုံးထက် ဘုရားကိုဦးစားပေးရွေးချယ်ခဲ့သူ ရုသ။ ဒီနေ့ခေတ်မှာလည်း သူတို့လိုပဲ ဘုရားကို အားကိုးနိုင်ပါသေးတယ်။ (Ruth 1)

## II.THE BOOK OF RUTH – ရုသဝတ္ထု ဘုရားက ခေတ်ဆိုးထဲမှာ ဖြောင့်မတ်သူကို ကွယ်ကာတယ်။ (Ruth 1-4). ဘုရားကို အားကိုးတဲ့သူတွေကို စောင့်ရှောက်တယ်။

A.မောဘအမျိုးသမီး ရုသ ဘုရားထံ ယုံကြည်ခြင်းနဲ့လာတယ်။ ကယ်တင်ခံရတယ်။ ကောင်းကြီးခံရတယ်။ ရုသ ဧလိမလက်နဲ့ နောမိ ဆိုတဲ့ယောက္ခမတွေဟာ ယုဒပြည်ကနေ အစာငတ်မွတ် ခေါင်းပါးလို့တရားသူကြီး ခေတ်မှာ မောဘပြည်ကိုထွက်ပြေးခဲ့ကြတယ်။ သူတို့ရဲ့သားနှစ် ယောက်က မောဘအမျိုး သမီးတွေကို ယူတယ်။ ဧလိမလက်နဲ့ သူ့သားနှစ်ယောက်က မောဘပြည်မှာသေ တယ်။ နောမိနဲ့ ချွေးမ နှစ်ယောက် ရုသနဲ့ ဩရပကျန်တယ်။ နောမိက ယုဒပြည်ဗက်လင်မြို့ကိုပြန်ဖို့ ဆုံးဖြတ်တယ်။ ရုသက အတူလိုက်ချင်တယ်။ "ကိုယ်တော် သွားလေရာရာသို့ ကျွန်ုပ်

လိုက်ပါမည်။ ကိုယ်တော် အိပ်လေရာရာ၌ ကျွန်ုပ်အိပ်ပါမည်။ ကိုယ်တော့ အမျိုးသည်ကျွန်မအမျိုး၊ ကိုယ်တော့် ဘုရား သည်ကျွန်မဘုရားဖြစ်ပါစေ။" (Ruth 1:16) တပါးအမျိုးသား မိန်းကလေးဟာ ယုံကြည် ခြင်းနဲ့ ရောက်လာတယ်။ ဣသရေလအမျိုးရဲ့ဘုရားသခင်ထံချဉ်းကပ်တယ်။သူ့ယောက္ခမကြီးပြောတဲ့အတိုင်းဗောဇရဲ့လယ်ကွင်းမှာကောက်သင်း ကောက်တယ်။ ဗောဇက ယုံကြည်သူ၊ ဘုရား ရဲ့လူဖြစ်တယ်။ ဘုရားက ရုသကို ဗောဇအားဖြင့် ကယ်မတယ်။ ရုသရဲ့အရင်အိမ်ထောင်ရဲ့အမျိုး အနွယ်ဖြစ်လို့ အခု ဆက်လက်စောင့်ထိန်း ပေးတယ်။ သူတို့ဟာ ဒါဝိဒ်မင်းရဲ့အဖေ ယေရှဲ၊ ယေရှဲ ရဲ့အဖေသြဗက်ရဲ့မိဘတွေဖြစ်လာ တယ်။ ဒါဟာသခင်ယေရှုရဲ့ဆွေတော်စဉ် မျိုးတော်ဆက်ထဲမှာ ပါတယ်။

B.အမျိုးသားချင်းရွေးနှုတ်သူ ဗောဇ (Ruth 3:9) ဗောဇဟာ အမျိုးသားချင်းဖြစ်တဲ့ ခရစ် တော်ကို ပုံဆောင်တယ်။ သူတို့နှစ်ယောက်လုံးဟာ ရွေးနှုတ်ခံရသူတွေနဲ့ အမျိုးတော်တယ်။ (Deuteronomy 25:5, 7-10; John 1:14; Romans 1:3; Philippians 2:5-8; Hebrews 2:14-15) ရွေးနှုတ်ဖို့ အဖိုးအခကိုလည်း ပေးနိုင်ကြတယ်။ (1 Peter 1:18-19) ရွေးနှုတ်ပေးချင် စိတ်လည်း ရှိတယ်။ (Ruth 3:11; Matthew 20:28; John 10:15,18; Hebrews 10:7) သူတို့ကိုယ်တိုင်ဟာ လွတ်လပ်သူတွေဖြစ်တယ်။ ခရစ်တော်ဟာ အပြစ်ရဲ့ကျိန်ခြင်းမှ လွတ်ကင်းသူဖြစ်တယ်။ အမျိုးသားချင်းရွေးနှုတ်သူ ကယ်တင်သူ ဆိုတဲ့စကားကို ရုသဝတ္ထု ထဲမှာ အကြိမ် များစွာသုံးထားတယ်။ ရုသအတွက် ဗောဇ ဝင်ရောက်ဖြေရှင်းပေးတာဟာ ယုံကြည်သူအတွက် ခရစ်တော်က ကြားဝင်ပြန်ဖြေပေးတာကို ဆိုလိုတယ်။

**C. Things to Think About:** ဆင်ခြင်စရာများ

1. ရုသက ဣသရေလအမျိုးရဲ့ဘုရားသခင်ကို ယုံကြည်ခဲ့တယ်။ သူ့ရဲ့မွေးရပ်မြေကိုစွန့်ပြီး ဘုရား သခင်ရဲ့လူမျိုးတော်နဲ့ အတူပူးပေါင်းလာတယ်။ဒီနေ့ခေတ်မှာဒီလိုလုပ်ဖို့ လိုသလား။ ရုသလို လုပ်တဲ့သူတွေကို ဘုရားကဂရုစိုက်ပေးသလား။ ကိုယ့်မိသားစု ဓလေ့ထုံးစံတွေကို စွန့်ပြီး ခရစ်တော်နဲ့ စပ်ဆိုင်တဲ့ အရာတွေဟာ ကိုယ့်မိသားစု ဖြစ်လာစေနိုင်သလား။

2. ဗောဇဟာ ခရစ်တော်ကိုပုံဆောင်တဲ့ ယုံကြည်သူဖြစ်တယ်။ဆိုးညစ်တဲ့လောကထဲမှာသန့်ရှင်းစွာနေထိုင်သူဖြစ်တယ်။ ရုသကိုကွယ်ကာတယ်။ သူ့ဘဝကိုစင်ကြယ်အောင် စောင့်ထိန်းတယ်။ ဘုရားရဲ့အစီအစဉ်ထဲမှာ သူပါဝင်ပံ့ပိုးခဲ့တယ်။ သင်လည်း တခြားတယောက်ရဲ့ဘဝအတွက် ဘုရားရဲ့အကြံအစည်ထဲမှာ ပါဝင်ပံ့ပိုးနိုင်သလား။

## III.THE BOOK OF 1 SAMUEL-ဓမ္မရာဇဝင်ပထမစောင်

A. ရှမွေလဟာ နောက်ဆုံးသောတရားသူကြီးနဲ့ ပထမဦးဆုံးသောပရောဖက်ဖြစ်တယ်။ (1 Samuel 1-25). တရားသူကြီးခေတ်ကာလအဆုံးမှာဘုရားကတပြိုင်နက်တည်းတရားသူကြီးတွေအများကြီး စေလွှတ်ခဲ့တယ်။ လူတွေကတော့ နောင်တမရသေးဘူး၊ မပြောင်းလဲသေးဘူး။ ဒါကြောင့် ဖျက်ဆီးခြင်းနဲ့ ပျက်ဆီးခြင်းထဲမှာ ရောက် သွားကြတယ်။ ရှံဆုံ (Judges 13-16) နဲ့ ရှမွေလ (1 Samuel 1-25) တို့ဟာ နောက်ဆုံးသော တရားသူကြီးတွေ ဖြစ်တယ်။ သူတို့လိုပဲ ခေတ်ပြိုင်တရားသူကြီးတွေ အများကြီးရှိတယ်။ သူတို့နှစ်ယောက်လုံးမှာ သားသမီးတွေရှိတယ်။ ဘုရားသခင်အတွက် သီးခြားခွဲခန့်ထားတယ်။

1.ရှံဆုံဟာမွေးကတည်းကနာဇရိလူသစ္စာဂတိအတိုင်း မွေးလာတဲ့သူဖြစ်တယ်။ ဖိလိတ္တိလူတွေကိုတိုက်ခိုက်ဖို့ ခွန်အားထူးထူးခြားခြားရထားတယ်။သူ့မိဘတွေကဘုရားသခင်ထံ ပေးလှူထားတယ်။သူ့အားဖြင့် ဖိလိတ္တိလူတွေကို အော

င်နိုင် ဖို့ ခွဲခန့်ထားတယ်။ အောင်မြင် သင့် သလောက်သူမအောင်မြင်ခဲ့ဘူး။ သူကမိန်းမတွေကို တပ်မက်တယ်။ ဘုရားစကား သစ္စာ ဂတိ ကိုမစောင့်ထိန်းပဲ မှားယွင်းခဲ့လို့ ခွန်အားဆုံးရှုံးခဲ့တယ်။ သူ့ကိုဖမ်းပြီး ထောင်ချကြတယ်။ ဒါပေမယ့် သူ့စိတ် နလုံးက ဘုရားထံ လှည့်ပြန်တယ်။ ဘုရားက သူ့ကို ခွန်အားပြန်ပေးတယ်။ လူ ၃၀၀၀ရှိတဲ့ ခန်းမကြီးရဲ့တိုင်တွေကို ဆွဲလှဲချတဲ့အခါ သူလည်း ဖိလိတ္တိလူတွေနဲ့အတူ သေတယ်။ အသက် ရှင်စဉ်ကထက် သေချိန်မှာ ပိုအောင်မြင်တယ်။ (Judges 13:1-16:31)

2.ရှမွေလဟာ သူ့အမေရဲ့သစ္စာဂတိအတိုင်း မွေးဖွားလာသူဖြစ်တယ်။ သူလည်း ဖိလိတ္တိလူတွေကို တိုက်ခိုက်ခဲ့ရ တယ်။ သူက နာခံတယ်။ ဘုရားက အများကြီးသူ့ကို လုပ်ဆောင်စရာတွေ ပေးခဲ့တယ်။ လူတွေကို သူက မင်းမဲ့ကာလ အမှောင်ခေတ်ထဲမှာ သတိပေးစကားပြောခဲ့တယ်။ နောက်မျိုးဆက်တွေနဲ့ ဘုရင်တွေကို ပြင်ဆင်ပေးခဲ့တယ်။

B. ရှမွေလဟာ ဂတိတော်တွေကို ယုံကြည်သူ သစ္စာရှိစွာစွဲလမ်းသူဖြစ်တယ်။ (1 Samuel 1:1-2:11; 3:1-21) ဘုရားဂတိအတိုင်း ဟန္နကိုသားပေးတယ်။ (1 Samuel 1:1-23) ဟန္နက သူ့ဂတိ ကို စောင့်ထိန်းပြီး ရှမွေလကို ဘုရားအမှုတော်ဆောင်ဖို့ ပေးခဲ့တယ်။ (1 Samuel 1:24-2:11). ရှမွေလဟာ သူ့အမေရဲ့ဂတိကို ဖြည့်ဆည်းပေးခဲ့တယ်။ ယဇ်ပရောဟိတ်မင်း ဧလိကို သစ္စာရှိစွာလုပ်ကျွေးပြုခဲ့တယ်။(1 Samuel 3:1-3) ဘုရားရဲ့ခေါ်သံကိုလည်းနားထောင်ခဲ့တယ်။ နာခံမှုရှိ တယ်။(1 Samuel 3:3-10) သူဟာ ရိုးသားစွာ တရားစီရင်တယ်။ ဧလိနဲ့ ဧလိသားတွေရဲ့ဘာဖက်မှာ အပြစ်ဒဏ်ကိုကြေညာခဲ့တယ်။(1 Samuel 3:15-18)တခြားသူတွေ အမှားလုပ်ကြပေမယ့် ရှိလော မြို့ဗိမ္မာန်တော်မှာ သူဟာအမှန်ကိုပဲ လုပ်ဆောင် ခဲ့တယ်။ (1 Samuel 3:19-21)

**C.ဣသရေလရဲ့ပျက်စီးမှုနဲ့ ပြစ်ဒဏ် (1 Samuel 2-6).**

1. ဧလိသားတွေဖြစ်တဲ့ ဟောဖနိနဲ့ ဖိနဟပ်ဟာ ပျက်ဆီးခြင်းရဲ့သားတွေဖြစ်တယ်။ ဘုရားသခင် ကို မသိကြဘူး။ (1 Samuel 2:14) ယဇ်ပူဇော်တဲ့ ပညတ်တွေကို လျစ်လျူရှုပြီး သူတို့လိုချင်တာကို အတင်းအဓမ္မ ယူကြတယ်။ သူတို့ကို အပြစ်ပြောရင်လည်း နားမထောင်ဘူး။ (1 Samuel 2:12-15) ဝတ်ပြုကိုးကွယ်ဖို့ လာတဲ့သူတွေကို ကြမ်းကြမ်း တမ်းတမ်း ပြောကြတယ်။ ဘုရားထံ ယဇ်ပူဇော်တာကို စိတ်နာစရာ ဖြစ်စေတယ်။ (1 Samuel 2:16-17) တဲတော်ကို လာတဲ့အမျိုးသမီး တွေနဲ့ ပြစ်မှားကြတယ်။ (1 Samuel 2:22) သူတို့အဖေရဲ့ဆုံးမစကားကို နားမထောင်ဘူး။ (1 Samuel 2:23-25) သူတို့ကြောင့် ဣသရေလအမျိုး တရား စီရင်ခြင်းခံရတယ်။ (1 Samuel 2:28-36) သူတို့ဟာ ဆိုးညစ်တဲ့ လူတွေ၊ ဆုံးမမရတဲ့ လူတွေ ဖြစ်တယ်။ (1 Samuel 3:11-24) သူတို့ကြောင့်ပဋိညာဉ်သေတ္တာဟာရှိလောမြို့တဲတော် မှ ပယ်ရှားခံရတယ်။ (1 Samuel 4:1-11) ဘုရားက မနာခံခြင်းကို အပြစ်စီရင်တဲ့အခါ ဧလိသားတွေ စစ်ပွဲမှာ ကျရှုံးကြ တယ်။ ဧလိလည်းပဲ သတင်းကြားတဲ့အခါမှာ သေတယ်။ (1 Samuel 4:11-18)

2. ဘုရားသခင်ရဲ့ဘုန်းတော်ဟာ ဣသရေလမှ ခွါခဲ့တယ်။ (1 Samuel 4:22) ဘုရားရဲ့သန့်ရှင်းခြင်းဟာ ဘုရားမဲ့တွေကြားထဲမှာ အတူမရှိနိုင်ဘူး။ ဘုရားကျိန်းဝပ်တဲ့နေရာ သေတ္တာတော်ဟာ တဲ တော်အသန့်ရှင်းဆုံးဌာနကနေ ပယ်ရှားခံရတယ်။ ဘုရားအတူမရှိတော့ ဘူးလို့ ဆိုလိုတယ်။ ဣသရေလလူမျိုးနဲ့အတူ မနေတော့ဘူး။ ပညတ်တော်ကိုလည်း လျစ်လျူ ရှုခံလိုက်ရတယ်။ ဒါပေမယ့် ဘုရားသခင်က လူတွေကိုစကားပြောသေးတယ်။ သတိပေးသေးတယ်။ ရှမွေလကို တရားသူကြီးအဖြစ်ပရောဖက်အဖြစ်ခန့်ထားတယ်။ရှမွေလကအပြစ်ကို စွန့်လွှတ်ပြီး ဘုရားထံလှည့်ပြန်ဖို့ သတိပေးတယ်။ သူ့စကားကို နားထောင်တော့ ဘုရားထံ လှည့်ပြန်ခဲ့ကြတယ်။ (1 Samuel 1-7)

3.ပဋိညာဉ်သေတ္တာတော်ဟာ ဣသရေလလူမျိုးထံပြန်ရောက်တယ်။ (1 Samuel 5:1-12) ဘုရားက ဖိလိတ္တိလူတွေကို အပြစ်ပေးပြီး သေတ္တာတော်ကို နေရင်းပြန်ရောက်စေတယ်။ (1 Samuel 5:1-6:12) ပဋိညာဉ်သေတ္တာတော် ပြန်ရောက်တဲ့အခါ ဗေသရှေဘမြို့မှာထားတယ်။လေဝိလူတချို့ကခံယူတယ်။သေတ္တာပေါ်မှာကျောက်တုံးကြီးကို တင်

ထားပြီး ယဇ်ပူဇော်ကြတယ်။ (1 Samuel 6:1-15) တချို့က သေတ္တာတော်ကို ဖွင့်ကြည့်ကြတော့ သေပစ်ထိုက်ကြ တယ်။(1 Samuel 6:16-19) လူတွေက "သန့်ရှင်းတော်မူသော ဤထာဝရဘုရားရှေ့တော်၌ အဘယ်သူ ရပ်နေနိုင် သနည်း။" (1 Samuel 6:20) လို့ပြောကြတယ်။ ကိရတ်ယာရိမ်မြို့သားတွေက သေတ္တာ တော်ကို အဘိနဒပ်အိမ်ကို သယ်ကြတယ်။ သူ့သားဧလျာဇာကို သန့်ရှင်းစေပြီး စောင့်ထိန်းခိုင်း တယ်။ အဲဒီမှာ အနှစ် ၂၀ ကြာတယ်။ (1 Samuel 7:1,2)

D.ရှမွေလက ဆိုးညစ်တဲ့ လူ့အသိုင်းဝိုင်းကို ဖြောင့်မတ်စွာစီရင်တယ်။ (1 Samuel 7-25) ရှမွေလက တခြားဘုရား တွေကို စွန့်ခွါပြီး စိတ်နလုံးကို ဘုရားသခင်ထံလှည့်ပြန်ဖို့ အကြံပေးတယ်။ (1 Samuel 7:3,4)မိဇပါမြို့မှာ ဆုတော င်းဖို့ စည်းဝေးကြတယ်။ ဖိလိတ္တိလူတွေကဒီစုဝေးခြင်းကို မြင်တဲ့အခါတိုက်ခိုက်ဖို့ ပြင်ဆင်ကြတယ်။ ဣသရေလက ကြောက် နေတယ်။ ရှမွေလ ဆုတောင်း ပေးဖို့တောင်းဆိုကြတယ်။သူတို့ဆုတောင်းသံကိုဘုရားသခင်အဖြေပေးပြီး မိုးချုန်းသံစေလွှတ်လိုက်တယ်။ ဖိလိတ္တိ လူမျိုးတွေ စိတ်ရှုပ်ထွေးသွားပြီး ဣသရေလအနိုင်ရတယ်။ ရှမွေလက ေကျောက်တုံး ကိုတည်ထောင်ပြီး ဧဗနေဇာ လို့ အမည်ပေးတယ်။ "ထာဝရဘုရားသည် ငါတို့ကို ယခုတိုင်အောင် မစေ တ်မူပြီ။" လို့ ဆိုလိုတယ်။ (1 Samuel 7:5-17) ဣသရေလလူ မျိုးတွေ စစ်ငြိမ်းတာကို ခံစား ရတယ်။ရှမွေလက ရာမမြို့မှာနေထိုင်ပြီးဗေသလ၊ ဂိလဂါလနဲ့ မိဇပါမြို့တွေမှာနေထိုင်ပြီးတရားစီရင်တယ်။

E.ဣသရေလလူမျိုးဟာ ဘုရားသခင်ကို ရှင်ဘုရင်အဖြစ် ပစ်ပယ်ပြီး လူရှင်ဘုရင်ကိုတောင်းဆိုတယ်။ (1 Samuel 8:1-9) လူတွေက စိတ်ညစ်တယ်။ မရောင့်ရဲကြဘူး။ အားနည်းတယ်။ စိတ်ပျက်နေတယ်။ သူတို့စိတ်နလုံးလည်း အား လျော့နေတယ်။ ဘုရားကို မေ့ထားကြပြီ။ ခေါင်းဆောင် လည်းမရှိတော့ဘူး။ သူတို့ရဲ့ရှင်ဘုရင်အစစ်အမှန်ကို ပစ်ပယ် ပြီး လူရှင်ဘုရင်ကို တောင်းဆိုတယ်။ ဘုရားက သူတို့ တောင့်တတာကို အခွင့်ပေးပေမယ့်အကျိုးဆက် ဒုက္ခ အခက်အခဲ တွေကိုတော့ သတိပေးတယ်။ သူတို့က "ရှင်ဘုရင်ပေးပါ"လို့ ပြောတဲ့အချိန်မှာဘုရားက "သူတို့သည်သ င့်ကိုသာမပယ်၊ ငါသည် သူတို့ကို မအုပ်စိုးစေခြင်းငှါငါ့ကိုလည်းပယ်ကြပြီ။"(1 Samuel 8:6-7) လူရှင်ဘုရင်ကို တောင်းတဲ့အတွက် အကျိုးဆက်တွေကိုသတိပေးတယ်။ဒါပေမယ့် သူတို့ကနားမထောင်ဘူး။(1 Samuel 8:10-22) ရှမွေလကလူရှင်ဘုရင် ဟာ လူတွေအပေါ်မှာ ဘာတွေလုပ်မယ်ဆိုတာကို အသိပေးခဲ့တယ်။

1.သားသမီးတွေကို အမှုထမ်းစေလိမ့်မယ်။

2.မြင်းရထားတွေ၊ မြင်းစီးသူရဲတွေ ခန့်ထားလိမ့်မယ်။

3.သမီးတွေက အချက်အပြုတ်လုပ်ပေးရလိမ့်မယ်။

4.အစေအပါတွေအတွက် လယ်ကွင်းတွေ၊ ဥယျာဉ်တွေကို ယူလိမ့်မယ်။

5.သူတို့ရဲ့အသီးအနှံ ဆယ်ဖို့တဖိုကို ကော်ခံလိမ့်မယ်။

6.သူတို့အထဲက အကောင်းဆုံးလူတွေကို ဘုရင့်အတွက် တောင်းခံလိမ့်မယ်။

7.သူတို့ရဲ့သိုး နွား မြင်းတွေကိုယူလိမ့်မယ်။

ဘုရားကသတိပေးတယ်။ ဒါပေမယ့် လူတွေက နားမထောင်ဘူး။ ရှမွေလက ရှင်းပြတယ်။ ဒါပေမယ့် သူတို့ကဘုရင်ကို ဆက်လိုချင်နေသေးတယ်။ ဒါကြောင့်ဘုရားသခင်ကဘုရင်တွေကိုပေးတယ်။ အရင်ပြောထားတဲ့အကျိုးဆက်တွေ လည်း ဆက်ခံစားရတယ်။ဒါဟာ ဘုရားအုပ်ချုပ် တဲ့ခေတ် theocracy ခေတ်ရဲ့နိဂုံးဖြစ်တယ်။ သက်ဦးဆံပိုင်ဘုရင်စနစ် monarchy ရဲ့အစဖြစ်တယ်။ ရှမွေ လဟာ ယဇ်ပရောဟိတ်၊ တရားသူကြီးနဲ့ အုပ်စိုးသူဖြစ်တဲ့ ခရစ်တော်ကို ပုံဆောင် တယ်။သူ့ကိုလူတွေက အရမ်းလေးစားတယ်။ ဒါနဲ့ ရှင်ဘုရင်တွေ ပရောဖက်တွေရဲ့ခေတ် ကာလကိုရောက်လာတယ်။ ခရစ်တော်ဟာလည်း ခေတ်သစ်တခုကို ဦးဆောင်ပေးမယ့်သူ ဖြစ်တယ်။ နိုင်ငံတော်ကာလရောက်လာလိမ့်မယ်။

## F.Things to Think About: ဆင်ခြင်စရာများ

1. ဘုရားသခင်ရဲ့ဘုန်းအသရေတော် ဣသရေလလူမျိုးမှာ ဘာကြောင့်ရုပ်သိမ်းခဲ့သလဲ။ ဘုရားရဲ့အတူရှိခြင်းဟာ ဣသရေလူမျိုးရဲ့ဆိုးယုတ်စွာအသက်ရှင်ခြင်းကြောင့် ကွယ်ခဲ့ရတယ်။ သေတ္တာတော်ကို ဖိလိတ္တိလူတွေ သိမ်းသွားလို့ ဘုရားသခင်ရဲ့အတူပါရှိခြင်း ကွယ်ခဲ့ရတယ်။ ဘုရားသခင်ရဲ့သန့်ရှင်းခြင်းကို ဒီနေ့ခေတ်လူတွေ ဘယ်လို အလွဲအသုံးပြု သလဲ။ သူ့တရားတော်နဲ့ မညီတာကို ဘုရားက ကောင်းကြီးမပေးနိုင်ဘူး။ သူ့နာမကို သုံးနေရင်လည်းမရနိုင်ဘူး။ ဘုရား သခင်ရဲ့သန့်ရှင်းခြင်းဟာ သင့်ရဲ့အမှုတော်နဲ့ ဝတ်ပြုကိုးကွယ်ရာမှာအတူရှိသလား။
2. ဣသရေလလူမျိုး ဘုရင်ကို တောင်းတဲ့အချိန်မှာ သူတို့ ဘာကို ပြောဆိုခဲ့သလဲ။ သူတို့ပြောတာက ဘုရားသခင်နဲ့ မလုံလောက်တော့ဘူး။ ဘုရားသခင်တပါးတည်းနဲ့ မကျေနပ်နိုင်ဘူး။ ဒီ လောကမှာ တခုခုထပ်ဖြည့်ဖို့လိုတယ်။ သင်ဟာ ဘုရားသခင် တပါးတည်းနဲ့ ကျေနပ်ရောင့်ရဲရဲ့လား။ တခြားအရာတွေကို ထပ်ပြီးတောင်းဆိုနေသလား။ သင့်ရဲ့အပြု အမူနဲ့ လုပ်ရပ်တွေက ဒါကိုဖော်ပြနေသလား။

## Exam - Lesson 9

Name ____________________________________________

Address__________________________________________

Multiple choice (Circle one letter as the correct answer unless otherwise indicated. You may use your Bible when so indicated, but we trust you not to look up the answers in the lesson.)

1.On what does the development of godly nations depend? (value 3 points) ဘုရား ရှင်စိတ်တော်အတိုင်း ထွန်းကားသောနိုင်ငံသည် မည်သည့်အပေါ် အခြေခံသနည်း။

a) good economic conditions စီးပွါးရေးကောင်းမှုအပေါ် အခြခံသည်၊

b) righteous leadership ဖြောင့်မတ်သောခေါင်းဆောင်မှုအပေါ် အခြခံသည်၊

c) a rich heritage ချမ်းသာကြွယ်ဝမှုအမွေအပေါ် အခြခံသည်၊

2.What do we call a government in which God is the supreme ruler? (value 4 points) ဘုရားရှင် ကိုယ်တိုင်ဦးဆောင်သော အစိုးရကို မည်ကဲ့သို့ ခေါ်ဆိုသနည်း။

a) a democracy ဒီမိုကရေစီ အစိုးရ၊

b) a monarchy သက်ဦးဆံပိုင် အစိုးရ၊

c) a theocracy ကျမ်းစာနည်းကျ အစိုးရ၊

d) a republic ပြည်သူ့ အစိုးရ၊

3.What did the people do after the time of Joshua? (value 3 points) ယောရှု ကွယ်လွန် ပြီးနောက် သူ့ လူများ ဘာလုပ်ကြသနည်း။

a) They continued to faithfully conquer the land and claim it for God's glory. သူ တို့ ကိုပေးသောနယ်မြေများအား ဆက်လက်သိမ်းပိုက်ပြီး ဘုရားရှင်ဘုန်းတော်ထင်ရှားစေသည်၊

b) They failed to chase out the people of the land, but remained separate from them. ကတိတော်နယ်မြေ မှရန်သူများကို သိမ်းပိုက်ဖို့ ပျက်ကွက်ခဲ့သော်လည်း သူတို့ နှင့် မရော နှောဘဲနေလာခဲ့သည်၊

c) They did not claim all that God gave them and intermingled with foreigners. ဘုရားရှင်ပေးထားသော ကတိတော်နယ်မြေများကို အကုန်အစင်မသိမ်းပိုက်ဘဲ တိုင်းတပါး သား များနှင့်အတူကူးလူးရက်နွယ်ကြသည်၊

4.In what way did God punish Israel in the period of the judges? (value 4 points) တရားစီရင်ရာ ကာလတွင် ဣသရေလလူတို့ အား မည်သည့်နည်းဖြင့် ဘုရားရှင် ဒဏ်ခတ်သနည်း။

a) by a severe famine အစာခေါင်းပါးခြင်းဖြင့်

b) by sending them plagues အနာရောဂါများစေလွှတ်ခြင်းဖြင့်

c) by attacks of enemy nations ရန်သူနိုင်ငံများက လာရောက်တိုက်ခိုက်စေခြင်းဖြင့်

5.How did Israel cause their own destruction? (value 3 points) ဣသရေလနိုင်ငံ ပျက်စီးရခြင်းသည် မည်သို့မည်ပုံဖြစ်ပွါးခဲ့သနည်း၊

a) by dishonest business dealings and fraud မရိုးဖြောင့်သော ကုန်သွယ်ခြင်းနှင့် အတု အပလုပ်ခြင်း

b) by bad alliances with foreign governments ပြည်ပအစိုးရများနှင့်မဟာမိတ်ပြုခြင်း၊

c) by living according to pagan standards တိုင်းတပါးပုဂံလူမျိုးတို့၏ထုံးတမ်းများကို လိုက်နာအသက်ရှင်ခြင်း

6.Of what country was Ruth a citizen? (value 3 points) ရုသသည် မည်သည့်နိုင်ငံသား ဖြစ်သနည်း။

a) Israel ဣသရေလ

b) Moab မောဘ

c) Jerusalem ယေရုရှလင်

7.Who was the kinsman-redeemer for Ruth? (value 3 points) ရုသကို ရွေးနှုတ်ပိုင်ခွင့်ရှိသူကား အဘယ်သူနည်း

a) Boaz ဗောဇ

b) Jesse ယေရှဲ

c) David ဒါဝိဒ်

8.What is true of both Samuel and Samson? (value 3 points) ရှမွေလနှင့် ရှန်ဆုန်တို့၏အနွယ်ကား အဘယ်နည်း။

a) they were Nazarites သူတို့ နာဇရိလူဖြစ်သည်၊

b) they were judges in the early period of the judges သူတို့ သည် တရာသူကြီးခေတ်ကာလကတရားသူကြီး များဖြစ်ကြသည်၊

c) they were born under a vow, given to God from birth သူတို့ သည် မွေးကတည်း ကပင် ဘုရားရှင်အားကတိ ပေးပြီးအပ်နှံထားသူများဖြစ်သည်၊

9.Why did the glory of God leave Israel? (value 3 points) အဘယ့်ကြောင့် ဘုရားရှင်၏ဘုန်းတော် ဣသရေလ လူတို့ ထံမှပျောက်ကွယ်သွားရသနည်း။

a) because God's holiness cannot dwell among the ungodly ဘုရားရှင်၏သန့် ရှင်းခြင်းသည် မသန့် ရှင်း သူတို့ ထံတွင် မကိန်းဝပ်နိုင်သောကြောင့်၊

b) because they refused to build the temple ဗိမာန်တော်တည်ဆောက်ခိုင်းသည်ကို ငြင်း ပယ်သောကြောင့်၊

c) because Israel made agreements with other nations ဣသရေလလူတို့ သည် အခြား နိုင်ငံရှိလူများနှင့် အတူပူးပေါင်းနေထိုင်ဖို့ သဘောတူသောကြောင့်၊

10.What did the Philistines do with the ark? (value 3 points) ဖိလိတ္တိလူတို့ က ပဋိညာဉ်သေတ္တာကို ဘာလုပ်ကြသနည်း။

a) They destroyed the ark. ပဋိညာဉ်သေတ္တာကို ဖျက်ဆီးကြသည်၊

b) They returned the ark to Israel. ပဋိညာဉ်သေတ္တာကိုပြန်လည်ပေးပို့ကြသည်၊

c) They looked into the ark and died.ပဋိညာဉ်သေတ္တာကိုကြည့်ပြီးနောက်သေကြသည်၊

11.Why did Israel ask for a human king? (value 3 points) အုပ်ချုပ်သူဘုရင်ခန့် ပေးရန် ဣသရေလလူတို့ အဘယ့်ကြောင့်တောင်းကြသနည်း။

a) because they were making great advancements in government အစိုးရအဖွဲ့ ကို အလျှင်အမြန်ဖွဲ့ ကြသောကြောင့်

b) because they wanted to follow God's commands ဘုရားရှင်၏ ပညတ်တော်များကို လိုက်လျှောက်လိုသောကြောင့်၊

c) because they had rejected God as their king and therefore were without a leader သူတို့ သည် ဘုရားရှင်ကိုငြင်းပယ်သည့်အခါခေါင်းဆောင်မည့်သူမဲ့သွားသောကြောင့်၊

12.According to God, what would a human king do to Israel? (value 3 points) ဘုရားရှင်သည် ဣသရေလ တို့ အားအုပ်စိုးမည့် လူသားဘုရင်ကို ဘာလုပ်ခိုင်းမည်နည်း။

a) He would give strength to their nation. ဘုရားရှင်က သူတို့ အား ခွန်အားကြီးသော နိုင်ငံဖြစ်စေမည်၊

b) He would help them identify with other nations. ဘုရားရှင်က သူတို့ အား အခြား နိုင်ငံများနှင့်အတူ မစကူညီမည်၊

c) He would take their sons, daughters, and land. ဘုရားရှင်က သူတို့ ၏သားသမီးနှင့် နိုင်ငံကို သိမ်းပိုက်မည်၊

13.What kind of government was introduced in the time of Samuel? (value 3 points) ရှမွေလလက်ထက်အခါက မည်သို့ သောအစိုးရအဖွဲ့ တည်ထောင်ခဲ့သနည်း။

a) a theocracy ဘုရားရှင်ကိုယ်တိုင်အုပ်စိုးသည့်စံနစ်

b) a monarchy စည်းမျဉ်းခံဘုရင်စံနစ်

c) government by the judges တရားသူကြီးများအုပ်စိုးသည့်စံနစ်

Fill in the blank line with one of the answers given after the question.အောက်ပါကွက်လပ်များ တွင်မှန်ကန်သော အဖြေကို ရွေးပြီးဖြည့်ပါ။

14. God gave Israel about _______ years to establish His government in Canaan, but they failed.

(value 4 points) 200, 40, 400.

Matching: အောက်ပါမေးခွန်းများတွင် အဖြေကို မှန်ကန်စွာယှဉ်တွဲပါ။

15. Match the following judges with the correct statement that describes what they did by putting the letter in front of the name in the blank in front of the statement. (value 18 points)

________led the people to victory over the king of Mesopotamia a. Othni

________assassinated the king of Moab b. Deborah and Barak

________led the armies of Naphtali and Zebulon that defeated Sisera of Hazor and the Canaanite kings of the north c. Ehud

_______broke down his father's altars of Baal and gave offerings to God. He and his men conquered the Midianites. d. Gideon

_________ a mighty warrior of Gilead, who overcame the people of Ammon, but made a rash vow that cost him his daughter e. Samson

____son of a Nazarite vow, received special strength from God to fight the Philistines f. Jephthah

16.Match these names with the statement that best describes them: (value 28 points)

________Samuel's mother a. Eli

________the priest under whom Samuel served b. Hophni and Phinehas

________corrupt sons of Eli who knew not the Lord and took the ark to battle c. Hannah

_______Israel's enemies who fought against Samson and Samuel d. Naomi

_______Israel's enemies who fought against Gideon e. the Philistines

________Ruth's mother-in-law f. Bethlehem

________Naomi's home town g. Midianites

17. Match by placing the letter in front of the phrase in the blank in front of the word. (value 9 points)

| | |
|---|---|
| _____ Priest | a. Lack of government, no law and order |
| _____ Anarchy | b. One who administers justice according to law |
| _____ Judge | c. Mediator between a deity and worshippers |

Exploring God’s Word

A Survey of the Old and New Testaments

Prepared by Polly Strong B.R.E., B.A., M.A.

For Rogma International, Inc. (All Scripture quotations from the KJV of the Bible)

Copyright by Rogma International, Inc. All rights reserved.

---

## Lesson 10

## Section IV – Building: Administration of the Landတည်ဆောက်ခြင်း ပြည်တော်ကိုစီမံခန့်ခွဲခြင်း

## Contrast in Leadership: မတူတဲ့ခေါင်းဆောင်မှု - ရှောလုနဲ့ ဒါဝိဒSaul and David

## The Beginning of the Monarchy in Israelဣသရေလမှာ ဘုရင်စနစ်စတင်ခြင်း

**Theme**: ဘဝပေးအခြေအနေတွေအပေါ်မှာ ယုံကြည်ချက်နဲ့ သည်းခံခြင်း၊ ဝန်ခံခြင်းဟာ ဝိညာဉ်ရေးရာ ကြီးပွါးဖို့ အတွက် အခြေခံဖြစ်တယ်။.

**Goal**: ဘုရားသခင်ကို မြှော်လင့်ပါ။ အလိုတော်ဝန်ခံပါ။ အချိန်တိုင်း အရာရာတိုင်းမှာဘုရား သခင်ကို စိတ်ရှည် စွာနဲ့ အားကိုးပါ။.

**Summary**: ဒီအခန်းဟာ ခေါင်းဆောင်တွေအနေနဲ့ဘုရားကိုအားကိုးခြင်းနာခံခြင်းအကြောင်း ပြောပြတယ်။ ဣသရေလနိုင်ငံမှာ ဘုရားသခင် အုပ်စိုးတဲ့ theocracy စနစ်ကနေ ဘုရင်စနစ်ကို ပြောင်းလဲတဲ့ အစပိုင်းအကြောင်းဖြစ်တယ်။ လူဘုရင်က စတင်အုပ်ချုပ်တဲ့ အတွေ့အကြုံ အချိန် ဖြစ်တယ်။ ရှောလုရှင်ဘုရင် ပေါ်ပေါက်ခြင်းနဲ့ ကျဆုံးခြင်း အကြောင်း ဖြစ်တယ်။ဒါဝိဒ်ရဲ့ငယ်စဉ်ဘဝနဲ့ တည်ဆောက်နေတဲ့အပိုင်းလည်း ဖြစ်တယ်။ ဒီရှင်ဘုရင်နှစ်ယောက်အကြောင်းကို နှိုင်းယှဉ်လေ့ လာ ကြည့်ရင်ထူးခြားတဲ့အချက်တွေတွေ့ရမယ်။ရှောလုက ကြောက် တတ်တယ်။မနာလိုတတ်တဲ့သူဖြစ်တယ်။ ဒါဝိဒ်ကဘုရားရဲ့စိတ်တော်နဲ့ တွေ့တဲ့သူဖြစ်တယ်။သည်းခံတယ်။အလိုတော် ဝန်ခံ တယ်။ ဘုရားကို အားကိုးတယ်။ရှောလုဟာကြောက်စိတ် မနာလိုစိတ်တွေနဲ့ အသက်ရှင်လာတော့ မင်းအာဏာ ဆုံးရှုံးရတယ်။ ဒါဝိဒ်က ဘုရားသခင်ကိုမြှော်လင့်တယ်။ သင်ကြားခံယူတတ်သူဖြစ်တယ်။ ခရစ်တော်မကြွလာခင် အချိန် အထိ ဣသရေလမှာ ဘုရားကို အားအကိုးတတ်ဆုံး ဘုရင်တပါးဖြစ်တယ်။.

**Outline**:

ဒါဝိဒ် ဘုရားရဲ့စိတ်တော်နဲ့တွေ့သူ(1 Samuel 9-31) ရှောလု၊ဣသရေလရဲ့ပထမဦးဆုံးသော ဘုရင် (1 Samuel 16-31)ရှောလုအစကောင်းတယ်။(1 Samuel 9-10)ရှောလုရဲ့နန်းတော်မှာအမှုထမ်း ရ။ (1 Samuel 16,17)ရှောလုအပြစ်ပြုပြီး ကျဆင်းတယ်။ (1 Samuel 11-26) ရှောလု ထံမှ ထွက်ပြေးခြင်း (1 Samuel 18-30) ရှောလုနဲ့သားတွေ ကျဆုံးခြင်း (1 Samuel 31)

**People to know:**လူအမည်များ

In 1 Samuel 9-15: Saul, the prophets, Jonathan, the Philistines, Amalekites, king Agag

In 1 Samuel 16-31: Samuel, Jesse, David, Eliab, Saul, Goliath, Abner, Jonathan, Michal, Ahimelech, Doeg, Achish, Gad, Abiathar, Nabal, Abigail, witch of Endor

**Places to know:**နေရာများ

In 1 Samuel 9-15: Gibeah of Benjamin, Mizpah, Amalek, Nob, Judah

In 1 Samuel 16-31: Bethlehem of Judah, Shochoh, Ramah, Nob, Gath, Adullam, Keilah, En-gedi, the deserts of Ziph and Maon, Ziklag, Beth-shan

**Words to know:** ဝေါဟာရများ

anoint: to consecrate by applying oil. Anointing in the Bible is a sign of God's consecration.

medium, spiritist: intervening one who communicates with spirits king: sovereign, preeminent person, highest in authority and rule priest: one who serves God with the right to perform rites

prophet: one inspired by God to teach His will to men and announce future events

**Introduction-**နိဒါန်း

ဒီအခန်းဟာနောက်ပိုင်းဓမ္မဟောင်းကျမ်းတွေ အားလုံးအတွက် အခြေခံ (foundation) ကျမ်းဖြစ်တယ်။ ဘုရင်နဲ့ပရောဖက် တွေကာလရဲ့အစပိုင်းဖြစ်တယ်။ ကိုယ့်စိတ်နဲ့ကိုယ် အသက်ရှင်သူ တယောက်နဲ့ ဘုရားထိန်းချုပ်သူ တယောက်ကို နှိုင်းယှဉ်ပြထားတယ်။ ရှောလုကို ဘုရားက ရွေး ချယ်ထားတယ်။ ဒါပေမယ့် သူ့ရဲ့ကြောက်စိတ်တွေ စိတ်ခံစားချက်တွေနဲ့ အသက်ရှင်တယ်။ ဒါဝိဒ်က ဘုရားသခင်ကို လုံးလုံးဆက်ကပ်အပ်နှံသူ ဖြစ်တယ်။ ဒါဝိဒ်ဟာ ဘုရားကို ချစ်တဲ့ ရှင်ဘုရင်တွေအတွက် စံနမူနာပြသူဖြစ်တယ်။ ဒီအခန်းမှာ ဣသရေလအတွက်ဘုရားခန့်ထားတဲ့အမှုတော်ဆောင်တွေရဲ့လုပ်ငန်းတွေကိုပြတယ်။ ယဇ်ပရောဟိတ်၊ တရားသူကြီး၊ ပရောဖက်နဲ့ ရှင်ဘုရင်။ ပရောဖက်က ရှင်ဘုရင်ကို ဘိသိက် ပေးရတယ်။ အကြံပေးရတယ်။ ယဇ်ပရောဟိတ်ကသူတို့ထံလာသူတွေရဲ့ဝိညာဉ်ရေးကို အကြံပေးရတယ်။ ဆုတောင်း ရာ ဝတ်ပြုရာ၊ ယဇ်ပူဇော်ရာဌာနဖြစ်တယ်။ သန့်ရှင်းရာဌာနတော်ကို စောင့်ထိန်းရခြင်းဖြစ်တယ်။

**THE LESSON -** သင်ခန်းစာ

I. **SAUL, THE FIRST KING OF ISRAEL** ဣသရေလရဲ့ပထမဆုံးရှင်ဘုရင် ရှောလ **(1 Samuel 9,10)**

A.**Saul became king.-** ရှောလု ဘုရင်ဖြစ်လာတယ်။

1.ရှမွေလက ရှောလုကို ဘိသိက်ပေးတယ်။ ရှောလုဟာ အရပ်ရှည်တယ်။ အမျိုးထဲမှာ ထင်ရှားတယ်။ ဘုရားကဘိသိက်ပေးခိုင်းတယ်။ (1 Samuel 9,10) ထာဝရဘုရားရဲ့ဝိညာဉ်တော်ဟာ ရှောလုအပေါ်မှာ သက်ရောက် တယ်။ သူဟာ ပရောဖက်တွေနဲ့အတူ ပရောဖက်ပြုခဲ့တယ်။ ရှမွေလကလူတွေကို မိဇပါမြို့မှာစုဝေးပြီးရှောလုနဲ့ တွေ့စေ တယ်။

"သင်တို့ကို ဒုက္ခဆင်းရဲ ဘေးဥပဒ် ရှိ သမျှတို့အထဲက ကယ်တင်သော သင်တို့၏ ဘုရားသခင်ကို ယနေ့ သင်တို့ သည်ပယ်ကြပြီ။"(1 Samuel 10:19). ရှောလုကကြောက်လို့လုည်းတွေ နောက်မှာပုန်းနေတယ်။ ရှောလုဟာယုံကြည် ခြင်း အားကြီးသူတယောက် မဟုတ်ဘူး။.

2. ရှောလုအစ ကောင်းခဲ့တယ်။ လူတွေကို စစ်တိုက်ဖို့ခေါ်တယ်။ အမ္မုန်အမျိုးကိုနိုင်တယ်။ (1 Samuel 11) လူတွေက သဘောကျတယ်။ ဂိလဂါလမြို့ကို အားလုံးသွားတယ်။ သူ့ကို ဘုရင်အဖြစ် ချီးမြှောက်ကြတယ်။

3. ရှောလု ကောင်းကောင်းမွန်မွန် အုပ်ချုပ်တယ်။ ဒါပေမယ့် ကြောက်တတ်တယ်။ လူတွေ သူ့ကို ဘယ်လိုထင်မလဲလို့ အမြဲတွေးနေတတ်တယ်။လူကိုကြောက်တတ်တဲ့အတွက်ဘုရားစကားနားမထောင်တော့ဘူး။ဒါကြောင့် ဘုရားသခင်က ဘုရင်အဖြစ်ကပယ်တယ်။ စိတ်တော်နဲ့ တွေ့တဲ့ သူကို ရှာတယ်။

4. ရှောလုဟာလူတွေကိုဆက်လက်အကြံပေးအုပ်ချုပ်တယ်။(1 Samuel 12) သူက မောရှေနဲ့အာရုန်တို့အပေါ်မှာထားတဲ့ ဘုရားရဲ့သစ္စာတရားကို ပြန်သတိရစေတယ်။ ရှမွေလက လူတွေကို ဘုရင်ရှိလာပေမယ့် ဘုရားကို ဆက်ကြောက်ဖို့ ပညတ်တရားကို ဆက်စောင့်ထိန်းဖို့ သတိပေးတယ်။ နားမထောင်ရင်ဘုရားလက်တော်နဲ့တွေ့မယ်လို့လည်းပြောတယ်။ (1 Samuel 12:12-15) ဣသရေလနိုင်ငံမှာ ဘုရင်ရှိပြီ ဖြစ်ပေမယ့် ဘုရားနှုတ်ကပတ်တော်ကြားရဖို့ ပရောဖက်ကို ဆက်လက် အသုံးပြုနေတာဖြစ်တယ်။.

## B.ရှောလုအပြစ်နဲ့ကျဆင်းခြင်း **(1 Samuel 11-26).**

1. ရှောလုနားမထောင်လို့ အာဏာကျရှုံးခဲ့ရတယ်။(1 Samuel 13)ရှောလုဟာရန်သူကိုဆက် တိုက်ခဲ့တယ်။ စစ်တိုက်ဖို့ ပြင်ဆင်တုန်း ရှမွေလလာပြီး ယဇ်ပူဇော်မှာကို စောင့်နေတယ်။ သူမျှော် လင့်တဲ့အတိုင်းရှမွေလရောက်မလာခဲ့ဘူး။ ရှောလုက လူတွေ သူနဲ့အတူမရှိဘဲနေမှာကို ကြောက် တယ်။ ဒါကြောင့် ကိုယ့်လက်နဲ့ ယူပြီး ယဇ်ပူဇော်တယ်။ ဒါဟာ ပညတ်တော်ကို မရိုသေတာပဲ။ ကိုယ့်သဘောနဲ့ကိုယ် ယဇ်ပရောဟိတ် အလုပ်ကို ဝင်လုပ်တာ ဖြစ်တယ်။ ရှောလုဟာ ဘုရားရဲ့အခွင့်အာဏာကို မလေးစားဘူး။ ဒါကြောင့် ဘုရားကသူ့ကိုပယ်တယ်။ စိတ်တော်နဲ့တွေ့မယ့် ဘုရင်ကိုရှာ တယ်။ (1 Samuel 13:13,14).

2. Sရှောလုဟာ မိုက်မဲတဲ့ သစ္စာဂတိကိုပြုတယ်။ သူ့သားယောနသန်အတွက် အသက်အန္တရာယ်ရှိစေတယ်။ (1 Samuel 14) ယောနသန်က ရှောလုထက်ပိုပြီး သစ္စာရှိတယ်။ ယုံကြည်တယ်။ ရန်သူကို ရဲရဲစွမ်းသတ္တိနဲ့ တိုက်ခိုက်တယ်။ဘုရားကယောနသန်ကိုကယ်တင်တယ်။ ရန်သူ့ဘေးက အသက်လွတ်စေတယ်။ သူ့အဖေ ဂတိသစ္စာကြားထဲက ကယ်ထုတ်တယ်။.

3. ရှောလုဟာ ဘုရားစကားကို နောက်ထပ်မနာခံတာတွေ လုပ်လာတယ်။ အာမလက်လူတွေကိုမသတ်ပဲသူတို့ပစ္စည်းတွေကို မဖျက်ဆီးပဲထားတယ်။ (1 Samuel 15) ဘုရားက ပရောဖက် ရှမွေလအားဖြင့် ပြောထားတယ်။ အာမလက်လူမျိုးတွေကို စစ်နိုင်မယ်။ ရှိသမျှဖျက်ဆီး ရမယ်။ (1 Samuel 15:1-3) ရှောလုက တဝက်တပျက်ပဲ နားထောင်တယ်။ အာမလက်လူ တွေကို နိုင်ပေမယ့် ဘုရင်နဲ့ တိရိစ္ဆာန်တချို့ကို အသက်ရှင်ခွင့်ပေးတယ်။ ရှမွေလရောက်လာတဲ့ အခါ ဘာ လုပ်သလဲ လို့မေးတယ်။ ဘုရားသခင်ကို ယဇ်ပူဇော်ဖို့ လို့ ဆင်ခြေပေးတယ်။ ရှမွေလက ပြန်ပြောတယ်။ "ထာဝရဘုရား ၏ အမိန့်တော်ကိုနာခံခြင်း၌အားရတော်မူသကဲ့သို့ မီးရှို့ရာယဇ်အစရှိသောယဇ်မျိုးတို့ကိုပူဇော်ခြင်း၌ အားရတော်မူမည် လော။ အလိုတော်ကိုလိုက်ခြင်းသည် ယဇ်မျိုးထက် သာ၍ ကောင်း၏။ နားထောင်ခြင်းသည် သိုး ထီးဆီဥထက် သာ၍ ကောင်း၏။ ငြင်းဆန်သော သဘောသည် နတ်ဆိုးနှင့် ပေါင်းခြင်းကဲ့သို့၎င်း၊ ခိုင်မာသော သဘောသည် ဗေဒင်တန်ဆာ ကို သုံးခြင်းကဲ့သို့၎င်း အပြစ်ကြီး၏။ သင်သည် ထာဝရဘုရား၏ စကားတော်ကို ပယ်သောကြောင့် ထာဝရဘုရားသည် ရှင်ဘုရင်အရာကိုနှုတ်၍ သင့်ကိုပယ် တော်မူပြီ။"(1 Samuel 15:22,23)မနာခံလို့

ရှောလုကိုပယ် လိုက်တယ်။ ဒီ အတွက်ဝမ်းမနည်း နဲ့လို့ရှမွေလကို မိန့်တော်မူတယ်။ ဗက်လင်မြို့ကိုသွားပြီး စိတ်တော်နဲ့တွေ့တဲ့ ဘုရင်အသစ် (David) ကို ဘိသိက်ပေးစေတယ်။ (1 Samuel 16:1).

## C. **Things to Think About:** ဆင်ခြင်စရာများ

1. ရှောလု ဘာကြောင့်ကျဆင်းရသလဲ။ ဘုရားထက်လူကိုပိုကြောက်တယ်။ ဒါဟာလူအများ စုအတွက်ထောင်ချောက်ဖြစ်တယ်။လူကိုကြောက်ရင်ဘုရားစကား နားမထောင်ရာ ရောက်သွားစေနိုင်တယ်။
2. နာခံခြင်းဟာ ဝတ်ပြုကိုးကွယ်ခြင်း၊အမှုတော်ဆောင်ခြင်း စတာတွေထက် ပိုအရေးကြီးတယ်။ ယဇ်ပူဇော်ခြင်းထက် နာခံခြင်းဟာပိုကောင်းတယ်လို့ ရှမွေလက ရှောလုကိုသတိပေးတယ်။ တခြား အရာတွေထက် နာခံခြင်းဟာအရေးကြီး တယ်။ (Deuteronomy 4:5,6; John 14:15)ကိုဖတ်ပါ။

## II. **DAVID, A MAN AFTER GOD'S OWN HEART** ဘုရားသခင်ရဲ့စိတ်တော်နဲ့ တွေ့တဲ့သူဒါဝိဒ်**(1 Samuel 16-31)**

ဒါဝိဒ်ဟာ ကျမ်းစာထဲမှာ အထင်ရှားဆုံးနဲ့ လူချစ်အခံရဆုံးသောသူ ဖြစ်တယ်။ သူရေးတဲ့စာတွေကလည်း တခြားလူတွေ ရေးတာထက် ပိုဖတ်ရှုခံရတယ်။ ဆာလံသီချင်းအများစုကို သူရေးတာဖြစ်တယ်။ဓမ္မရာဇဝင်ပထမစောင်နဲ့ဒုတိယစောင် ၊ရာဇဝင်ချုပ်ပထမစောင်တို့ဟာသူ့ဘဝအကြောင်း ရေးတာဖြစ်တယ်။ ၁ရာ ၁၆မှ ၃၁ဟာ ဒါဝိဒ်ရဲ့သိုးကျောင်းသားဘဝ စစ်သူရဲဘဝနဲ့ထွက်ပြေး တိမ်းရှောင်နေရတဲ့အကြောင်း ရေးထားတယ်။ ဓမ္မရာဇဝင်ဒုတိယစောင်နဲ့ ရာဇဝင်ချုပ်ပထမ စောင် ၁၁မှ ၃၉ (II Samuel and I Chronicles 11-39) ဟာဒါဝိဒ် ရှင်ဘုရင် လုပ်တဲ့အကြောင်း ပြောတာဖြစ်တယ်။ ဆာလံသီချင်းတွေဟာ ဒါဝိဒ်ရဲ့စိတ်နှလုံးကို ဖွင့်လှစ်ပြတယ်။ သူဘုရားကို ဘယ်လောက်ချစ်သလဲ ဘယ်လောက်ကြည် ညိုသလဲဆိုတာကို သိရတယ်။.

### A. **David, God's anointed, goes to the house of King Saul** ဘိသိက်ခံရပြီးတဲ့ဒါဝိဒ် ဟာ ရှောလုရဲ့နန်းတော်ကို ရောက်သွားတယ်။ **(1 Samuel 16-18).**

1. ရှမွေလက သိုးကျောင်းသားဒါဝိဒ်ကို ဘိသိက်ပေးတယ်။ (1 Samuel 16) ဒါဝိဒ်ဟာ ဗက် လင် မြို့မှာရှိတဲ့ယေရှဲရဲ့ သားတွေထဲမှာအငယ်ဆုံးသားဖြစ်တယ်။မိသားစုထဲမှာ သိပ်အရေးမပါသူလည်း ဖြစ် တယ်။ (1 Samuel 16:11; 17:12-29) ဒါပေမယ့် ဘုရားသခင်ကို ဦးထိပ်ထား သူ ဖြစ်တယ်။ "ထာဝရဘုရားသည်လူမြင်သကဲ့သို့ မြင်တော်မူသည် မဟုတ်၊လူသည် အဆင်းသဏ္ဍာန်ကို ကြည့်ရှုတတ်၏။ ထာဝရဘုရားမူကားနှလုံးကို ကြည့်ရှုတတ်သည်။" (1 Samuel 16:7) သူ့ရဲ့ဂီတတတ် စွမ်းမှု၊ ရဲစွမ်းသတ္တိ၊ ခွန်အားနဲ့ ဘုရားသခင် အတူပါရှိနေတာတွေဟာ တခြားသူတွေ သတိမပြုဘဲ မနေနိုင်လောက်အောင် ဖြစ်ခဲ့တယ်။ (1 Samuel 16:18)
2. ရှောလုမင်းကဒါဝိဒ်ကိုနန်းတော်ထဲခေါ်တယ်။ (1 Samuel 16:14-18:5). ဒါဝိဒ်မှာ ထူးခြား တဲ့ ကိုယ်ကျင့်တရားနဲ့ သတ္တိတွေရှိတယ်။ ဘုရင့်အပါးတော်နားမှာ ရာထူးရလာတယ်။ (1 Samuel 16:18-21) ဘုရားကရှောလုကိုပယ်တယ်။ ဝိညာဉ်တော်ကသူ့ကိုစွန့်ခွါတယ်။ ရှောလုတုန်လှုပ်လာတယ်။ဆောက်တည်ရာ မရဖြစ်လာတယ်။ သီချင်းတီးခတ်ဖို့ ဒါဝိဒ်ကိုခေါ်ရတယ်။ဒါဝိဒ်ဟာ ငြိမ်းချမ်း တဲ့သဘော၊ တည်ငြိမ်တဲ့သဘော ရှိတယ်။ဂီတကိုကျွမ်းကျင်တယ်။ ယုံကြည်ရ တယ်ဆိုတာ ရှောလုမင်း သတိထားမိတယ်။ ဒါဝိဒ်ရဲ့တေးသီချင်းသံဟာ ရှောလုရဲ့စိတ်ကို ငြိမ်းချမ်းစေတယ်။ ရှောလုကို ဘုရားရဲ့ဝိညာဉ်တော်က စွန့်ခွါခဲ့တယ်။ဒါပေမယ့် ဒါဝိဒ်နဲ့အတူရှိနေတယ်။

3.ဒါဝိဒ်ဟာ ဂေါလျက်ကိုသတ်တဲ့အခါမှာ ဘုရားကို ပိုပြီးယုံကြည်ခြင်းအားကြီးတာ ထင်ရှားတယ်။ (1 Samuel 17)
ဘုရားဘုန်းတော် နာမတော်ကို အစဉ်ထင်ရှားစေတဲ့သူဖြစ်တယ်။ ဖိလိတ္တိ သူရဲကောင်းရဲ့စော်ကားနေမှုကို ဣသရေလ လူမျိုးတွေဘာကြောင့်ကြောက်နေရတယ်ဆိုတာ ဒါဝိဒ် နားမလည်ခဲ့ဘူး။ ဘုရားကို အားကိုးတဲ့အတွက် ဂေါလျက်ကို ရင်ဆိုင်နိုင်ရဲတယ်။ ဒါဝိဒ်က "သင် သည် ထားလှံဂိဒုန်ပါလျက်ငါ့ထံသို့လာ၏။သင်သည်သင်ကျိန်းပသော ဣသရေလ ဗိုလ်ခြေတို့၏ ဘုရားသခင် ကောင်းကင် ဗိုလ်ခြေအရှင် ထာဝရဘုရား၏ နာမတော်ပါလျက် သင်ရှိရာသို့လာ၏။" (1 Samuel 17:45) ဒါဝိဒ်ဟာ ဂေါလျက်ကိုအောင်နိုင်လိုက်တယ်။ ရှောလုဟာ ဒါဝိဒ်ရဲ့ဉာဉ်ပညာနဲ့ ရဲစွမ်းသတ္တိကို စိတ် ထဲထိတွေ့သွားတယ်။ ဒါကြောင့် လက်နက်ဆောင် လုလင်အဖြစ်ခန့်ထားတယ်။ တခြားသူတွေလည်း စိတ်ထိတွေ့ကြပြီး ဒါဝိဒ်ကို ချီးကျူးကြတယ်။ အဲဒီအခါမှာ ရှောလုမနာလို ဖြစ်လာတယ်။

4.ရှောလုက ဒါဝိဒ်ကို မနာလိုတဲ့အတွက် သူကိုယ်တိုင်ပျက်စီးသလို နိုင်ငံ့အာဏာလည်းဆုံးရှုံးရတယ်။ (1 Samuel 18:6-26:25) လူတွေဘယ်လိုထင်မလဲလို့အမြဲကြောက်ရွံ့နေတဲ့အတွက် ရှောလုဟာ ဒါဝိဒ်ကို ချီးကျူးတာကို မနာလိုဖြစ်ခဲ့တယ်။ ဒီမနာလိုစိတ်ဟာသူ့ကို အဆိပ်သင့်စေ တယ်။ ဒါနဲ့ ဒါဝိဒ်ကိုသတ်ဖို့ ရှာကြံ လာတယ်။ သူ့သမီးမိက္ခာလနဲ့ ဒါဝိဒ်ကိုပေးစားတယ်။ အိမ်ထောင်ကျပြီး ဒါဝိဒ်ကို စစ်ထဲလွှတ်ရင်စစ်ပွဲမှာကျဆုံးလိမ့်မယ်လို့မျှော်လင့်ခဲ့တယ်။ဒါပေမယ့် ဘုရားကဒါဝိဒ်ကိုကွယ်ကာတယ်။ ဖိလိတ္တိလူတွေနဲ့စစ်တိုက်ခဲ့တယ်။ (1 Samuel 18:17-30) ရှောလုက သူ့ကျွန်တွေ ကို ဒါဝိဒ်ကို သတ်ဖို့မှာတယ်။ (1 Samuel 19:1) ရှောလုဟာ ဒါဝိဒ်ကို ကြောက်နေတယ်။ ဒါဝိဒ်နဲ့အတူ ဘုရား သခင် ရှိနေတယ်။ (1 Samuel 18:12,28) ရှောလုရဲ့အသက်တာနောက်ပိုင်းဟာ ဒါဝိဒ်ကို လိုက်ဖမ်းတာနဲ့ပဲ အချိန်ကုန် နေတယ်။

5.ဒါဝိဒ်ဟာ ဘုရားသခင်ကို ချစ်တယ်။ ဘုရားအတွက် အသက်ရှင်ဖို့ အသင့်ရှိတယ်။ သူက သူ့ရဲ့ရပ်တည်ချက်ကို မိသားစု၊ စစ်တပ်နဲ့ရှင်ဘုရင် ရှောလု ရှေ့မှာရဲရဲဝံ့ဝံ့ပြောရဲသူ ဖြစ်တယ်။ဒါဝိဒ် ကလည်း "အကျွန်ုပ်သည် အဘယ်အမှုကိုပြုမိသနည်း၊ ယခု ပြောစရာအမှုမရှိသလော။" (1 Samuel 17:29) ဒါဝိဒ်ကဂေါလျက်ကိုလည်း ပြောခဲ့တယ်။ "ထာဝရဘုရားသည်သင့်ကိုငါ့လက်၌ ယနေ့အပ်တော်မူသဖြင့် ဣသရေလ အမျိုး၌ ထာဝရဘုရားရှိတော်မူသည်ကို မြေကြီးသား အပေါင်းတို့သည် သိရကြလိမ့်မည်။ ထာဝရဘုရားသည် ထား၊ လှံအားဖြင့် ကယ်တော်မမူ ကြောင်းကို ဤ ပရိတ်သတ်တို့သည် သိရကြလိမ့်မည်။ အကြောင်းမူကား ထာဝရဘုရားသည် စစ်ကိုပိုင်တော်မူ၍ ငါတို့လက်သို့အပ်နှံ တော်မူမည်။ "(1 Samuel 17:45-47) ဒါဝိဒ်ဟာ ဂေါလျက်ကိုနိုင်တယ်။ စစ် သူရဲကောင်းဖြစ်လာတယ်။ ဒါပေမယ့် ဒီ အဖြစ်အပျက်ကြောင့် ရှောလု နောက်ပိုင်းသေတဲ့အချိန်ထိ ထွက်ပြေးတိမ်းရှောင်နေရတယ်။ (1 Samuel 18-31)

6.ရှောလုရဲ့သား ယောနသန်ဟာ ဒါဝိဒ်ကိုချစ်တယ်။ (1 Samuel 18-20) ဒါဝိဒ်နဲ့ ယောနသန်ဟာဘုရားကိုယုံကြည်တဲ့စိတ်တူတဲ့အတွက်ကြောင့်နိုင်နိုင်မာမာရပ်တည်ကြတယ်။ဂတိသစ္စာပြုကြ တယ်။ဒါဝိဒ်ကယောနသန်ကိုဝတ်ရုံ သူ့ထားနဲ့ ချပ်ဝတ်တန်ဆာတွေ၊မြားနဲ့ ခါးပတ်တွေပေးတယ်။ (1 Samuel 18:2) ဒီလိုပေးခြင်းအားဖြင့် ယောနသန်ဟာ ဒါဝိဒ်တနေ့မှာ ဘုရင် ဖြစ်လာမယ်ဆိုတာကို ရိပ်မိခဲ့တယ်။ သူရမယ့် ရာထူးကို တခြားသူတယောက်ကို ရက်ရက်ရော ရော လွှဲပေးတာလည်း ဖြစ်တယ်။ ယောနသန်ကဒါဝိဒ်ရဲ့အသက်ကိုကယ်တယ်။ နောင်သားစဉ် မြေးဆက်အတွက် ဂတိ သစ္စာပြုကြတယ်။ ဒါဝိဒ်ကလည်း ရှောလုရဲ့အိမ်သူအိမ်သားတွေကိုကာကွယ်ပေးဖို့ ဂတိပြုတယ်။ (1 Samuel 20:16, 42) "ရှောလုသား ယောနသန် စိတ်နှလုံး သည် ဒါဝိဒ် စိတ်နှလုံးနှင့် စွဲကပ် လျက်ရှိ၍၊ ဒါဝိဒ်ကို ကိုယ်နှင့်အမျှ ချစ်လေ၏။" (1 Samuel 18:1)

**B.David flees from Saul** ရှောလုထံမှ ဒါဝိဒ်ထွက်ပြေးခြင်း **(1 Samuel 18-30). (Learn what happened in each of these places for exam.)**

**1.**ရာမမြို့ရှိ ရှမွေလထံသို့ ထွက်ပြေးခြင်း။ ဒါဝိဒ် ရှမွေလထံပြေးသွားတယ်။ ဖြစ်ပျက်သမျှကို ပြောပြတယ်။ ရှောလုက
ဒါဝိဒ်ကိုဖမ်းဖို့ စေတမန်တွေလွှတ်တယ်။ဒါပေမယ့်ဘုရားသခင်ရဲ့ဝိညာဉ်တော်ကကွယ်ကာတယ်။ (1 Samuel
19:18).

2.နောဗမြို့ယဇ်ပုရောဟိတ် အဟိမလက်ထံ ထွက်ပြေးခြင်း။ အဟိမလက်က ရှေတော်မုန့်ကို ကျွေးတယ်။ ဂေါလျက် ရဲ့
ထားကိုပေးတယ်။ ဒေါဂက မြင်သွားပြီး ဘုရင်ကိုတိုင်ကြားတယ်။ (1 Samuel 21:1,7; 22:9).

3.ဂါသဘုရင် အာခိတ်ထံ ထွက်ပြေးခြင်း။ အဲဒီမှာ သူ့အသက်ဘေးအတွက် အရူးဟန်ဆောင်ခဲ့ရတယ်။ (1 Samuel
21:12-15).

4.အဒုလံဥမင်သို့ထွက်ပြေးခြင်း။အဲဒီမှာသူ့မိသားစုတွေနဲ့ တခြားထွက်ပြေးတိမ်းရှောင်သူတွေနဲ့ ပေါင်းဆုံမိကြတယ်။
(1 Samuel 22:1,2).

5.မောဘပြည် မိဇပါမြို့သို့ထွက်ပြေးခြင်း။ အဲဒီမှာ သူ့အမေ အဖေကို စောင့်ရှောက်ဖို့ ဘုရင်ကို တောင်းဆိုတယ်။ ပရော
ဖက်ဂဒ်က ယုဒပြည်ကို ပြန်ဖို့ သတိပေးတယ်။ (1 Samuel 22:3,5).

6.ယုဒတောမှ ထွက်ပြေးခြင်း။ အဲဒီမှာ ရှောလုကဒါဝိဒ်ကိုအပြစ်တင်ပြီး ဒေါဂကဒါဝိဒ်ကိုသစ္စာ ဖောက်တယ်။ (1
Samuel 22:6-10) ရှောလုက အဟိမလက်ကို အပြစ်တင်တယ်။ ဒါဝိဒ်ကို ကူညီတယ်လို့ စွပ်ဆွဲတယ်။ အဟိမလက်
က"ကိုယ်တော်၏ကျွန်တို့တွင် ဒါဝိဒ်ကဲ့သို့ အဘယ်သူသည် သစ္စာရှိသနည်း။" လို့ အဟိမလက်က ဖြေ တယ်။ (1
Samuel 22:14) ရှောလုက အဟိမလက်ကို သေဒဏ်ပေးတယ်။ ယဇ်ပုရောဟိတ်တွေပါ အသေခံရတယ်။ ကျွန်ေ
တွကသတ်ဖို့ငြင်းတဲ့အခါ ဒေါဂက သတ်လိုက်တယ်။ (1 Samuel 22:16-19) အဟိမလက်ရဲ့သားတယောက် အဗျာ
သာ ဟာ ဒါဝိဒ်ထံကို ထွက်ပြေးလာတယ်။ သူနဲ့အတူ သင်တိုင်းတော်ပါလာတယ်။ (1 Samuel 22:20- 23;23:6).

7.ကိလမြို့သို့ ထွက်ပြေးခြင်း။ ကိလမြို့ကို ဖိလိတ္တိလူတွေလက်ထဲက ကယ်ထုတ်ပေးခဲ့တယ်။ ဒါပေမယ့် ဒါဝိဒ်ကို ကျေး
ဇူးမတင်ကြဘူး။ ဒါဝိဒ်ကို ရှောလုလက်ထဲအပ်ဖို့ပဲ ကြံစည်ကြတယ်။ (1 Samuel 23:1-12).

8.ဇိဖနဲ့ မောနတောသို့ ထွက်ပြေးခြင်း။ လူ ၆၀၀ နဲ့ အတူ ပြေးခဲ့တယ်။ (1 Samuel 23:13-28) အဲဒီမှာ ယောနသန်
က လာတွေ့တယ်။ နောက်ဆုံးအကြိမ် တွေ့ဆုံခြင်းဖြစ်ပြီး ဒါဝိဒ်ကို သခင် ဘုရား၌ ခွန်အားပေးခဲ့တယ်။ (1 Samuel
23:16-19).

9.အင်္ဂေဒိတောသို့ ထွက်ပြေးခြင်း။ (1 Samuel 23:29-24:1) ရှောလုဟာ လူအင်အား ၃၀၀၀နဲ့ ဒါဝိဒ်ကို လိုက်ခဲ့
တယ်။ ဒါဝိဒ်ပုန်းနေတဲ့လိုဏ်ဂူထဲကိုရှောလုဝင်လာတယ်။ ရှောလုရဲ့ဝတ်ရုံ အပိုင်း လေးတပိုင်းကို ဒါဝိဒ် ဖြတ်တောက်
လိုက်တယ်။ဒါပေမယ့်သူ့တပည့်တွေက ရှောလုကိုသတ်ချင်တာကိုအခွင့်မပေးခဲ့ဘူး။ နောက်တော့ရှောလုကိုအော်ေ
ဟ တယ်။"ကျွန်တော်၏သခင် အရှင်မင်း ကြီး" လို့ခေါ်လိုက်တယ်။ မြေမှာ ပြပ်ဝပ်နေလိုက်တယ်။ "ဘာကြောင့် ကျွ
န်တော့ ကို သတ်ချင်သလဲ" လို့ ရှောလုကို မေးတယ်။ "ထာဝရဘုရား၏ ဘိသိက်ခံသူ ဖြစ်တော်မူသောကြောင့်၊ ထို
အရှင်ကို ထိခိုက်ခြင်းငှါ ငါသည် လက်ကို မဆန့်ဟု အကြံရှိပါ၏။" (1 Samuel 24:8-10) သူဟာ ရှောလုကို အဖေ
လို့ခေါ်တယ်။ ဖြတ်ခဲ့တဲ့အဝတ်စ အပိုင်းလေးကိုပြတယ်။ "ကျွန်တော်၌ ဒုစရိုက် အပြစ်မရှိ၊ လွန်ကျူးခြင်းအပြစ်မရှိေ
ကာင်းကို သိမြင် တော်မူပါ။ကိုယ်တော်ကိုမပြစ်မှားပါ။သို့ သော်လည်း ကျွန်တော်အသက်ကိုသတ်ခြင်းငှါ ရှာကြံတော်
မူပါသည်တကား။" (1 Samuel 24:11) ရှောလုက ငိုပြီးပြောတယ်။ "သင်သည် ငါ့ထက် သာ၍တရားစောင့်၏။ သင့်
အကျိုးကို ငါဖျက် သော်လည်း၊သင်သည်ငါ၌အကျိုးကျေးဇူးပြုပြီ။ငါ၌အဘယ်သို့ကျေးဇူးပြုသည်ကိုသင်သည်
ယနေ့ပြု ပြီ။လူသည်ရန်သူ ကို တွေ့လျှင် ချမ်းသာစွာလွှတ်လိမ့်မည်လော။ သို့ဖြစ်၍ သင်သည်ယနေ့ငါ၌ပြုသောေ

ကျေးဇူးကိုထာဝရဘုရားဆပ်တော် မူပါစေသော။ ယခုမှာ သင်သည် စင်စစ် ရှင်ဘုရင် ဖြစ်လိမ့်မည်ဟူ၍၎င်း၊ ဣသရေလနိုင်ငံသည် သင့်လက်၌တည်လိမ့် မည်ဟူ၍၎င်း ငါအမှန်သိ၏။” (1 Samuel 24:17,19,20) ရှောလုက ဒီစကားတွေ ကိုပြောခဲ့တယ်။ ဒါပေမယ့် ဒါဝိဒ် အပေါ်မှာထား တဲ့ သူ့ရဲ့စိတ်သဘောတွေက ပြောင်းမသွားသေးဘူး။

10.မောနတောသို့ ထွက်ပြေးခြင်း။ အဲဒီတောမှာ ဒါဝိဒ်နဲ့သူ့လူတွေဟာ နာဗလရဲ့မဖွယ်မရာဆက် ဆံခြင်းကိုခံကြရတယ်။ ဒါဝိဒ်ဟာ ဒေါသနဲ့ လက်တုံ့ပြန်ခြင်လာတယ်။နာဗလရဲ့မိန်းမ အဘိ ဂဲလ ဟာ ဒါဝိဒ်ကို ဒီအပြစ်မပြုဖို့တားတယ်။ နာဗလသေပြီး အဘိဂဲလက ဒါဝိဒ်ရဲ့ဇနီးဖြစ်လာတယ်။ “သင်ပေးသောအကြံလည်းမင်္ဂလာရှိစေသတည်း။ယနေ့ငါသည် လူ့အသက်ကိုသတ်ခြင်းငှါမသွားရမည်အကြောင်းကိုယ်လက်နှင့်ကိုယ့်အမှုကိုစောင့်၍အပြစ်ဒဏ်မပေးရမည်အကြောင်း ဆီးတားသောသူ သင်သည်လည်း မင်္ဂလာရှိစေသတည်း။ (1 Samuel 25:33).

11.ဇိဖတောသို့ထွက်ပြေးခြင်း။ဒါဝိဒ်ဟာရှောလုအိပ်ပျော်တာကိုတွေ့တဲ့အခါ လှံနဲ့ရေဗူးကိုယူခဲ့ တယ်။(1 Samuel 26:12) သူဟာ တခြားတဖက်မှာရှိတဲ့ တောင်ကုန်းပေါ်သွားပြီးဣသရေလလူမျိုးတွေကို အော်ပြောလိုက်တယ်။ ဗိုလ်ချုပ်အာဗနာကို လူလွှတ်ပြီး လှံကို ပြန်လာယူစေတယ်။ ရှောလုနဲ့ အာဗနာဟာ ဒါဝိဒ်ရဲ့အသံကိုမှတ်မိတယ်။ ရှောလုဟာ သူ့အပြစ်ကို ဒီအခါမှာလည်းပြန်ဝန်ခံတယ်။ ဒါဝိဒ်က ရှောလုကိုပြောတယ်။“လူအသီးသီးတို့သည်ဖြောင့်မတ်ခြင်း၊သစ္စာ စောင့်ခြင်း ရှိသည် အတိုင်းထာဝရဘုရားသည် အကျိုးကိုဆပ်ပေးတော်မူပါစေသော။ ထာဝရဘုရားသည် ယနေ့ကိုယ် တော်ကိုကျွန်ုပ်လက်၌အပ်တော်မူသော်လည်း၊ထာဝရဘုရားပေးတော်မူသော ဘိသိက်ခံသူကို ကျွန်ုပ်တော်မထိမခိုက်ပါ။ ယနေ့ ကိုယ်တော့ အသက်ကိုကျွန်ုပ်တော်နမြောသည်နည်းတူ ကျွန်ုပ်တော့ အသက်ကို ထာဝရဘုရားနမြော၍ ကျွန်ုပ်တော့ ကို ခပ်သိမ်း သောဒုက္ခထဲကကယ်နှုတ်မူပါစေ သော။” ရှောလုကလည်းပြန်ပြောတယ်။“ငါ့သားဒါဝိဒ်သင်သည်မင်္ဂလာ ရှိပါစေသော။ ပြုလေရာရာ၌ အောင်မြင်ပါစေသော။” ဒါနဲ့ ဒါဝိဒ်ဟာ သူ့လမ်းသူပြန်ပြီးရှောလုလည်း နန်းတော်ပြန်သွား တယ်။(1 Samuel 26:22-25)ရှောလုဟာစိတ်မကောင်းတော့ ဖြစ်သွားတယ်။ ဒါပေမယ့် နောင်တမရဘူး။

12.ဖိလိတ္တိတောသို့ထွက်ပြေးခြင်း။ (1 Samuel 27-29) ဒါဝိဒ်စိတ်ဓါတ်ကျနေတယ်။ဖိလိတ္တိလူတွေနဲ့သွားပေါင်းတယ်။ “တဖန်ဒါဝိဒ်ကငါသည် ရှောလုလက်ဖြင့် ဆုံးရှုံးရသောအချိန် ရောက်လိမ့်မည်။ သို့ဖြစ်၍ ဖိလိတ္တိပြည်သို့ အလျင်အမြန် ပြေးကောင်း၏။ ဒီထက်ကောင်းသောအရာမရှိ။ သို့ပြု လျှင် ရှောလုသည် ဣသရေလပြည်ထဲ၌ ငါ့ကိုရှာ၍ မတွေ့နိုင် ကြောင်းကိုသိလျက် အားလျော့၍ သူ့ လက်မှ ငါလွတ်လိမ့်မည်ဟု အကြံရှိသည်အတိုင်း. . .” (1 Samuel 27:1) ဒါဝိဒ်ဟာ ဖိလိတ္တိဘုရင် အာခိတ်ထံကိုရောက်သွားတယ်။ အာခိတ်ဘုရင်က သူ့ကိုလက်ခံတယ်။ ဒါပေမယ့် မှူးမတ် တွေက လက်မခံဘူး။အာခိတ်ကပြောတယ်။ “သင်သည် ငါ့ရှေ့မှာ ဘုရားသခင်၏ ကောင်းကင်တမန်ကဲ့သို့ ကောင်း သည်ကို ငါသိ၏။ သို့သော်လည်း ငါ့တို့နှင့်အတူ စစ်တိုက်မလိုက်စေနှင့်ဟု ဖိလိတ္တိမင်းတို့သည် စီရင်ကြပြီ။” (1 Samuel 29:9)

13.ဇိကလတောသို့ထွက်ပြေးခြင်း။(1 Samuel 30) အဲဒီမှာ ဒါဝိဒ်ဟာ ဖိလိတ္တိလူတွေရဲ့ကြားမှာ နေထိုင်ခဲ့တယ်။ ဒါဝိဒ်စစ်တိုက်ရာကနေအပြန်မှာအာမလက်လူတွေဟာသူနေထိုင်တဲ့ဇိကလ မြို့ကို တိုက်ခိုက်ပြီး သူ့မိသားစုကို ဖျက် ဆီးသွားတယ်။ဇနီးမယားတွေကို သိမ်းပိုက်သွားတာကိုတွေ့လိုက် ရတယ်။ ဒါဝိဒ်နဲ့ သူ့လူ ၆၀၀က လိုက်ရှာတယ်။ အီဂျစ်လူမျိုးတယောက်က အာမလက်လူတွေ စား သောက်ပျော်ပါးနေတဲ့နေရာကို ပြတယ်။ဒါဝိဒ်ကတိုက်ခိုက်ပြီး တယောက်ကိုမှ ချမ်းသာမပေးဘူး။ အာမလက်လူတွေသိမ်းထားသမျှကို ပြန်ရတယ်။ သူ့ဇနီးသည် နှစ် ယောက်ကို လည်း ပြန်ကယ် လိုက်နိုင်တယ်။ (1 Samuel 30:18,19) တစုံတခုမျှ မပျောက် ပျက်မဆုံးရှုံးခဲ့ဘူး။ ဒါဝိဒ်တပ်ထဲ မှာပါတဲ့ လူဆိုးတချို့က စစ်တိုက်ရာမလိုက်တဲ့သူတွေကိုဝေစု ခွဲမပေးချင်ဘူး။ ဇိကလမှာ ကျန်နေခဲ့ တဲ့သူတွေကို မပေးချင်ဘူး။ ဒါဝိဒ်က “ငါ့ညီအကိုတို့ ငါ တို့ကို စောင့်မ၍ ငါတို့ကို တိုက်လာသော အလုံးအရင်းကို ငါတို့လက်သို့ အပ်တော်

မူသော ထာဝရဘုရား ပေးသနားတော်မူသော ဥစ္စာကို ထိုသို့မပြုရ။ ဤအမှု၌ သင်တို့စကားကို အဘယ်သူ နားထောင်လိမ့်မည်နည်း။ စစ်တိုက်သွားသော သူရသည်အတိုင်း ဥစ္စာကိုစောင့်လျက် နေရစ်သောသူရစေ။ နှစ်ပါးစလုံးတို့သည် အညီအမျှ ခံစေဟုစီရင်၏။ ထိုနေ့မှစ၍ ယနေ့တိုင်အောင် ဣသရေလအမျိုး၌ ထိုသို့ ဖြစ်စေခြင်းငှါ စီရင်ထုံးဖွဲ့ သတည်း။" (1 Samuel 30:23-25).

## C.**Things to Think About:** ဆင်ခြင်စရာများ

1. ထွက်ပြေးတဲ့ကာလ၊ သစ္စာဖောက်ခံရတဲ့ ကာလ၊ ငြင်းပယ်ခံရတဲ့ ကာလ၊ မမှန်ဘဲ စွပ်စွဲခံရ တဲ့ကာလတွေမှာ ဒါဝိဒ်ဘာလုပ်ခဲ့သလဲ။သူလည်း တခြားလူတွေလိုပဲ ကြောက်တယ်။ စိတ်ဆိုးတယ်၊ စိတ်ပျက်တယ်။ဒါပေမယ့် ဒီအရာတွေက သူ့ယုံကြည်ခြင်းကို ဖျက်ဆီးခွင့် မပေးဘူး။ ဘုရား ဘိသိက်ပေးတဲ့ ရှောလုကို လက်နဲ့ မထိခဲ့ဘူး။ရှောလုကသာ သူ့ကို လိုက်သတ်တာဖြစ်တယ်။ ခက် ခဲနေတဲ့အချိန်မှာလည်း သင့်ရဲ့ယုံကြည်ခြင်း အားကြီးနေနိုင်သေးသလား။ ဘုရားသခင် ထံစိတ်နှလုံး ကို ပုံအပ်ထားရင် အားကြီးနိုင်ပါတယ်။
2. ရှောလုရဲ့စိတ်သဘောက ဘယ်လိုလဲ။ သူမှားမှန်းလဲသိတယ်။ စိတ်မကောင်းလဲဖြစ်နေတယ်။ ဒါပေမယ့် နောင်တမရဘူး။ အမှားလုပ်မိတဲ့အခါ သင်လဲ ဘယ်လိုသဘောထားလဲ။ စိတ်မကောင်းဖြစ်တယ်၊ ဝမ်းနည်းတယ်။ ဒါပေမယ့် နောင်တရသလား၊ ခွင့်လွှတ်ဖို့တောင်း ခံသလား။?
3. ဇိကလမြို့မှာ သူ့လူတွေကို ဒါဝိဒ်ဘယ်လို ပြန်ဖြေသလဲ။ ဝေစုမပေးချင်တဲ့သူတွေကို ဘယ်လိုပြန်ဖြေသလဲ။ ဘုရားကအမှုတော်ထဲမှာ နေရာအသီးသီးမှာ ခန့်ထားတယ်။ ကောင်းကြီး မင်္ဂလာဆိုတာ အတူဝေမျှ ခံစားဖို့ဖြစ်တယ်။ ကိုယ်နဲ့အတူ လက်တွဲနေသူတွေကို ကောင်းကြီးဝေမျှဖို့ စိတ် စေတနာရှိရဲ့လား။?

# III.**DEATH OF SAUL AND HIS SONS** ရှောလုနဲ့ သူ့သားများသေဆုံးခြင်း **(1 Samuel 31)**

## A.**Saul consulted a spiritist.** ရှောလုဟာ နတ်ဝင်သည်ကိုရှာခဲ့တယ်။

ဒါဝိဒ်ကိုလိုက်ရှာနေတုန်းသူ့ရန်သူဖိလိတ္တိလူတွေရောက်လာတယ်။ဒါဝိဒ်ကိုဆက်မလိုက်တော့ဘဲ ဖိလိတ္တိတပ်ကိုရင်ဆိုင်ရ တယ်။ ဒါပေမယ့် မနိုင်ဘူး။ အင်အားမရှိတော့ဘူး။ ဘုရားသခင်ထံ မေးမြန်းတယ်။ မဖြေဘူး။ အိပ်မက်အားဖြင့်၊ ဥရိမ် အားဖြင့်၊ ပရောဖက်အားဖြင့် မဖြေတော့ဘူး။ ကိုယ့်အား နည်းခြင်းတွေ နဲ့အတူ ကြောက်ရွံ့ခြင်းတွေကြောင့် ရှောလုဟာ ဘုရားပညတ်ကို ချိုးဖောက်ပြီး နတ် ဝင်သည်မိန်းမကိုလိုက်ရှာခိုင်းတယ်။ ကြောက်တတ်တဲ့ ရှောလုဟာ ရုပ်ဖျက်ပြီး နတ်ဝင်သည်မိန်းမထံ သွားတယ်။နတ်ဝင်သည်က ရှောလုကိုယ်တိုင် နတ်ဝင်သည်တွေ သတ်မိန့်ပေးထားတာကြောင့် ကြောက်နေတယ်။(1 Samuel 28:3) ရှောလုကဘာမှမလုပ်ဖူးလို့ ကျိန်ဆိုတယ်။ရှမွေလရဲ့ဝိညာဉ်ကိုဖော်ပြီး ရှောလုထံ စကားပြောစေတယ်။ "သင်သည် ထာဝရဘုရား၏စကားကို နားမထောင်ပြင်းစွာသောအမျက်တော်ကို အာမလက်အမျိုး ၌ မစီရင်သောကြောင့် ထာဝရဘုရားသည် ဤအမှုကို ယနေ့သင်၌ရောက်စေတော်မူပြီ။ ထိုမှတပါး သင်နှင့် ဣသရေလ အမျိုးကို ဖိလိတ္တိလူတို့လက်၌ အပ်တော်မူမည်။မနက်ဖြန်နေ့ သင်နှင့် သင်၏ သားတို့သည် ငါနှင့်အတူရှိလိမ့်မည်။ ထာဝရဘုရားသည် ဣသရေလလူအလုံးအရင်းကို ဖိလိတ္တိ လူတို့လက်၌ အပ်တော်မူမည်။ (1 Samuel 28:16-19)

ရှောလုနဲ့ သူ့သား ၃ ယောက်ဂိဗောရတောင်ပေါ်မှာသေကြရတယ်။ ရှောလုဟာ သစ္စာမရှိတဲ့အတွက် အသက်ဆုံးတယ်။ ဘုရားစကားကိုနားမထောင်ဘူး။ နတ်ဝင်သည်ကို လိုက်ရှာတယ်။ဘုရားသခင်ထံ မမေးမြန်းဘူး။ ဒါကြောင့် သူ့အသက် ကို ရုပ်ပြီး သူ့နိုင်ငံကို ယေရှဲသား ဒါဝိဒ်ထံ လွှဲပေးလိုက် တယ်။ (1 Chronicles 10:13,14) ဂိလဒ်ပြည် ယာဗက်မြို့သား တွေက ရှောလုနဲ့ သူ့သားတွေရဲ့အလောင်းတွေကို ဗေသရှန်မြို့ရိုးကနေယူပြီး ယာဗက်မြို့မှာ သင်္ဂြိုလ်ပေးကြတယ်။

C.**Things to Think About:** ဆင်ခြင်စရာများ

ရှောလုဟာ ရန်သူတွေကို ဘာကြောင့် အောင်နိုင်စွမ်းမရှိတော့တာလဲ။ သူဟာ ဘုရားစကား နား မထောင်တဲ့အတွက် တန်ခိုးတော် ဆုံးရှုံးသွားတာဖြစ်တယ်။နတ်ဝင်သည်ကိုလည်း လိုက်ရှာမိလို့ ဖြစ်တယ်။ သင်လည်း ရန်သူတွေကို ရှုံးနိမ့်နေသလား။ ဘုရားပညတ်တော်ကို နားမထောင်ဘဲ ဘုရားနဲ့မဆိုင်တဲ့ အရာတွေမှာ အကြံဉာဏ် တောင်းခံနေသလား။?

## IV.DAVID IS AN OLD TESTAMENT PORTRAYAL OF THE PERSON OF CHRISTဒါဝိဒ်ဟာ ဓမ္မဟောင်းကျမ်းထဲမှာ ခရစ်တော်ကို ပုံဆောင်ရသူတယောက် ဖြစ်တယ်။

A.သူဟာ ဗက်လင်မြို့မှာ သိုးကျောင်းသားအဖြစ်နဲ့ မွေးဖွားလာပြီး ဣသရေလရှင်ဘုရင် ဖြစ်ရတယ်။ ခရစ်တော်ဟာလည်း သိုးထိန်းတွေကြားထဲမှာ မွေးဖွားလာပြီး ဣသရေလနိုင်ငံကို အုပ်စိုးမယ့်သူဖြစ်တယ်။.

B.ဒါဝိဒ်ဟာ မေရှိယရှင်ဘုရင်ရဲ့ရှေ့တော်ပြေးအဖြစ် ဘိသိက်ပေးခံရတယ်။ ခရစ်တော်က မေရှိယဘုရင် ဖြစ်တယ်။.

C.ဒါဝိဒ်ဟာ ဘုရားသခင်ရဲ့စိတ်တော်နဲ့ တွေ့တဲ့သူဖြစ်တယ်။(1 Samuel 13:14) ဣသရေလရဲ့အကြီးမြတ်ဆုံးဘုရင်ဖြစ်တယ်။ ခရစ်တော်ဟာ သားတော်ဘုရားသခင်ဖြစ်ပြီး ခမည်းတော် ဘုရားနဲ့စိတ်တလုံးတဝတည်းဖြစ်တယ်။ လူ့ဇာတိ ခံရပေမယ့်အားလုံးထဲမှာအကြီးမြတ်ဆုံးဘုရင်ဖြစ်တယ်။

D.ဒါဝိဒ်ဟာ စွန့်ပစ်ခြင်းနဲ့ အန္တရာယ်တွေကြားမှာ ၂၂ နှစ်ကြာ ကျင်လည်ခဲ့ရတယ်။ ခရစ်တော်ဟာ ဒီကမ္ဘာပေါ်မှာ စွန့်ပစ်ခြင်းဒဏ်ကို နှစ်ပေါင်း ၃၀ ခံစားခဲ့ရတယ်။.

E.ဒါဝိဒ်ရဲ့မေရှိယနဲ့ဆိုင်တဲ့ ဆာလံသီချင်းတွေဟာကြွလာမယ့် မေရှိယအကြောင်းကို အရှင်းလင်းဆုံး အပြည့်စုံဆုံး ပုံဖော်ပေးတယ်။ ခရစ်တော်ကို လူ့ဇာတိခံယူတော့ "ဒါဝိဒ်ရဲ့အမျိုးအနွယ်လို့" ခေါ်တယ်။ (ရောမ ၁း၃) "ဒါဝိဒ်ရဲ့အမျိုး အနွယ်အမြစ်လို့"လည်းခေါ်တယ်။(Revelation 22:16).

## Exam - Lesson 10

Name ______________________________________________

Address ______________________________________________

Multiple choice (Circle one letter as the correct answer unless otherwise indicated. You may use your Bible when so indicated, but we trust you not to look up the answers in the lesson.)

1.What is the basis for spiritual growth? (value 4 points) ဝိညာဉ်ရေးရာတိုးတက်ဖို့ အခြေခံလိုအပ်ချက် ကား အဘယ်နည်း။

a) good leadership မှန်ကန်သောဦးဆောင်မှုပေးခြင်း

b) practicing spiritual ceremonies and rites ဝိညာဉ်ဆိုင်ရာ ရိုးရာအစဉ်လာများ၊ ပွဲတော် များကို ကျင်းပခြင်း

c) patience (trust) and submission ယုံကြည်ကိုးစားလျှက် ဆက်ကပ်အပ်နှံခြင်း

2.Who was the first anointed king of Israel? (value 4 points) ဣသရေလနိုင်ငံ၏ ပထမဦးဆုံးသော ဘိသိက်ခံ ဘုရင်ကား အဘယ်သူနည်း။

a) Abimelech အဘိမလက်

b) David ဒါဝိဒ်

c) Saul ရှောလု

3.What kind of government did Israel have under King Saul? (value 4 points) ဘုရင်ရှောလုမင်း အုပ်စိုးသော ဣသရေလနိုင်ငံ အစိုးရစနစ်ကား အဘယ်နည်း။

a) a theocracy ဘုရားရှင်အုပ်စိုးသောခေတ်

b) a monarchy စည်းမျဉ်းခံဘုရင်စံနစ်

c) a democracy ဒီမိုကရေစီစံနစ်

d) a republic ပြည်ထောင်စုစံနစ်

4.What was King David's major literary work? (value 4 points) ဘုရင်ဒါဝိဒ်မင်းကြီးရေး သားသော ကျမ်းကား အဘယ်နည်း။

a) part of the book of I Chronicles ရာဇဝင်ချုပ် ပထမစာစောင် အစိတ်အပိုင်းအချို့

b) most of the book of Psalms ဆာလံကျမ်း အားလုံးနီးပါး

c) a history of the judges တရားသူကြီးမှတ်စာ

5.What were two of the functions of prophets: (value 4 points) ပရောဖက်တို့ လုပ် ဆောင်ရသည့် အလုပ် ၂-ခု ကားအဘယ်နည်း။

a) to anoint and advise kings ရှင်ဘုရင်အား ဘိသိက်ပေးရန်နှင့် အကြံညာဏ်ပေးရန်
b) to care for and transport the tabernacle တဲတော်ကိုစောင့်ရှောက်ရန်နှင့်တနေရာမှတနေရာပြောင်းရွှေ့ရန်
c) to offer sacrifices and intercede to God for the people လူများအတွက် ယဇ်ပူဇော် ပေးရန်နှင့် ဘုရားရှင်ထံ ကိုယ်စားလျှောက်ထားပေးရန်

6.Why did God reject Saul? (value 4 points) ဘုရားရှင်က ရှောလုမင်းကို အဘယ့်ကြောင့် ငြင်းပယ်သနည်း။

a) Saul was afraid to fight the enemy.ရှောလုသည်ရန်သူများကို မတိုက်ခိုက်ရဲသောကြောင့်
b) Saul took David into his house to play the harp for Saul. ရှောလုသည် ဒါဝိဒ်ကို နန်းတော်သို့ ခေါ်ပြီး စောင်းတီးခိုင်းသောကြောင့်
c) Saul disobeyed God's commands. ရှေလုသည်ဘုရားစကားနားမထောင်သောကြောင့်

7. In what way is David an Old Testament picture of Christ? (value 4 points) ဓမ္မ ဟောင်းမှဒါဝိဒ်၏ အသက်တာ သည် ခရစ်တော်ကို မည်သို့ ပုံဆောင်သနည်း။

a) in the way he played his harp for Saul ရှောလုအတွက် စောင်းတီးပေးခြင်း၊
b) in the way he did not fear Saul ရှောလုကို ကြောက်ရွံ့ မှု မရှိခြင်း
c) in being anointed as king ဘိသိက်ခံဘုရင်အဖြစ် ရှုမြင်ခြင်း

8.What is the most important thing a believer can do? (value 4 points) ယုံကြည် သူများလုပ်ဆောင်နိုင်သည့် အရေးကြီးဆုံးအချက်ကား အဘယ်နည်း။

a) obey God ဘုရားရှင်စကားအားနာခံခြင်း
b) make sacrifices to God ဘုရားရှင်အား ယဇ်ပူဇော်ခြင်း
c) keep the 10 Commandments ပညတ်တော်၁၀-ပါးကိုစောင့်ရှောက်ခြင်း

9.Why did David flee from Saul? (value 4 points) ဒါဝိဒ်သည် ရှောလုမင်းထံမှ အဘယ့် ကြောင့်ထွက်ပြေးသနည်း။

a) He was angry with Saul. ရှောလုကို ဒေါကန်သောကြောင့်
b) He disliked Saul's attitude. ရှောလု၏ အကျင့်စရိုက်ကို မနှစ်သက်သောကြောင့်
c) Saul was trying to kill him. ရှောလုမင်းက သူ့ ကို သတ်ဖို့ ကြံစည်သောကြောင့်

10.Who were the main characters in this lesson? (value 4 points) ဤသင်ခန်းစာ၏ အဓိကဇာတ်ဆောင်ကား ဘယ်သူနည်း။

a) Samson, Saul, and Samuel ရှံဆုံ၊ ရှောလု၊ ရှမွေလ
b) Samuel, Saul, and David ရှမွေလ၊ ရှောလု၊ ဒါဝိဒ်
c) Samuel, David, and Joshua ရှမွေလ၊ ဒါဝိဒ်၊ ယောရှု

11.Which of David's actions showed that he trusted God? (value 3 points) ဒါဝိဒ် သည် ဘုရားရှင်အားကိုးစားကြောင်းကို မည်သည့်လုပ်ရပ်အားဖြင့် သက်သေပြခဲ့သနည်း။

a) killing the giant, Goliath လူထွားကြီး ဂေါလျက်ကို သတ်ပြစ်နိုင်ခြင်းအားဖြင့်
b) becoming Jonathan's friend ယောနသန်၏မိတ်ဆွေဖြစ်ခြင်းအားဖြင့်
c) playing his harp for Saul ရှောလုမင်းအားစောင်းတီး၍ဖြေဖျော်ခြင်းအားဖြင့်

12.Why was Saul afraid of David? (value 3 points) ရှောလုသည် အဘယ့်ကြောင့် ဒါဝိဒ် ကို ကြောက်ရွံ့ သနည်း။

a) because God was with him ဘုရားရှင်သည် ဒါဝိဒ်နှင့်အတူရှိသောကြောင့်
b) because David wanted Saul's daughter for a wife ဒါဝိသည် ရှောလု၏သမီးကို လက်ထပ်လိုသောကြောင့်
c) because David killed a lion ဒါဝိဒ်သည် ခြင်္သေ့ကိုပင် သတ်နိုင်သောကြောင့်

13.What action showed Jonathan's attitude toward David? (value 3 points) ယောနသန်၏ဒါဝိဒ်အပေါ်ထားသော စိတ်သဘောထားကို မည်သည့်အပြုအမူ အားဖြင့်ပြသခဲ့ သနည်း။

a) He stood with his father against David.ဒါဝိဒ်ကို ဆန့်ကျင်ပြီး သူ့ဖခင်ဖက်မှရပ် တည်ခြင်းဖြင့်
b) He told David what his father planned to do so that David could flee for his life. သူ့ဖခင်ဘုရင်က ဒါဝိဒ်အားသတ်ဖို့ကြံရွယ်နေသောကြောင့် ထွက်ပြေးဖို့ ပြောဆိုဖြောင်း ဖြခြင်းဖြင့်
c) He was jealous of David because David was taking his place as king ဒါဝိဒ်က သူ့နေရာဝင်ပြီး ဘုရင်အဖြစ် ပြုလုပ်မည်ကို မနာလိုခြင်းဖြင့်

14.What sin did Saul commit before the battle in which he died? (value 3 points) စစ်ပွဲတွင် ရှောလု မသေဆုံးမီ သူသည် မည်သည့်အပြစ်ကိုကျူးလွန်ခဲ့သနည်း။

a) He consulted a spiritist. သူ နတ်ဝင်သည်နှင့်တိုင်ပင်သည်
b) He tried to kill David. ဒါဝိဒ်ကို သတ်ဖို့ကြိုးစားသည်
c) He made a sacrifice to God instead of waiting for Samuel. ရှမွေလကို စောင့်ဆိုင်း ရမည့်အစား သူကိုယ် တိုင် ယဇ်ပူဇော်သည်

အောက်ပါကွက်လပ်များတွင် မှန်ကန်သောစကားလုံးများဖြည့်စွက်ပါ။

15.Match the following names with the correct statement that describes them. (value 21 points)

_____________feared man more than God a.) Samuel

ဘုရားထက် လူကိုပိုကြောက်သည်

_____________an Edomite who betrayed David b.) Saul

ဒါဝိဒ်ကို သစ္စာဖေါက်သော ဒေနလူမျိုးဖြစ်သည်

____________prophet who anointed both Saul and David c.) Jonathan

ရှောလုနှင့်ဒါဝိဒ်တို့ နှစ်ဦးလုံးကို ဘိသိက်ပေးခဲ့သူပရောဖက်ဖြစ်သည်

____________Saul's son who loved David d.) Michal

ဒါဝိဒ်ကိုချစ်သော ရှောလု၏သားဖြစ်သည်

____________Philistine warrior who defied the name of God e.) Ahimelech

ဘုရားရှင်၏နာမတော်ကို ရှုံ့ချသော ဖိလိတ္တိစစ်သူရဲဖြစ်သည်

____________priest who helped David f.) Doeg

ဒါဝိဒ်ကိုကူညီသော ယဇ်ပုရောဟိတ်ဖြစ်သည်

____________Saul's daughter who became David's wife g.) Goliath

ဒါဝိဒ်၏မိဖုရားဖြစ်လာသော စောလု၏သမီးဖြစ်သည်

16.What happened in these places where David fled? (value 18 points) ဒါဝိဒ်ထွက်ပြေးပုန်းခိုခဲ့သော နေရာများ တွင် ဘာဖြစ်ခဲ့သနည်း။

__________David met Samuel and the Spirit of God protected a.) Ziklag

him from Saul's messengers. ဒါဝိဒ်သည် ရှမွေလကိုတွေ့ပြီး ဘုရားရှင် ဝိညာဉ်တော်က သူ့ကို ရှောလု၏သတင်းထောက်ရန်မှကွယ်ကာပေးသည်

__________David feigned madness, pretending he was insane. b.) Ramah

ဒါဝိဒ်သည်စိတ်မနှံ့သော အရူးလို ပါးစပ်မှအမြှုပ်ထွက်ကာဟန်ဆောင်သည်

__________David delivered this town from the Philistines, but c.) En-gedi

instead of thanking him they plotted to deliver him to Saul. ဒါဝိက ဤမြို့အား ဖိလိတ္တိတို့လက်မှတိုက်ယူပေးခဲ့သော်လည်း ကျေးဇူးမတင်သည့်အပြင် သူ့အားရှောလုလက်ထဲအပ်လိုက်သည်

__________David cut off a piece of Saul's robe, but refused d.) Gath

to kill him. ဒါဝိဒ်သည် ရှောလု၏ဝတ်လုံအစွန်းကို ဖြတ်လိုက်သော်လည်း သူ့ကိုမသတ်ခဲ့ပေ

__________David found Saul sleeping and took his spear and e.) Keilah

water jug, but refused to touch him. ဒါဝိဒ်သည် ရှောလုအိပ်နေသည်ကို မြင်ပြီး သူ၏လှံနှင့် ရေဘူးကိုယူသော်လည်း သူ့ကိုလက်နှင့်မျှမတို့ခဲ့ပေ

__________David made his home among the Philistines. f.) the wilderness of Ziph and Maon ဒါဝိဒ်သည် ဖိလိတ္တိလူတို့ကြားတွင် နေထိုင်ခဲ့သည်

Fill in the blank space with one of the words given.   (value 9 points) ကွက်လပ်ဖြည့်ပါ။

17.Saul made a foolish vow and put the life of __________________ in danger.) ရှောလုသည် လှည့်ဖြားသောကတိကိုပေးပြီး (                         )၏ အသက်ကိုရန်ရှာခဲ့သည် (David,   Jonathan,  Samuel )

18.A _____________________is a person who speaks with spirits. သူသည် သေဆုံးပြီး ဝိညာဉ်များနှင့် စကားပြောသူဖြစ်သည် (prophet,  priest,   medium)

19.Consecrating a person or thing to God is called _______________________လူ (သို့ မဟုတ်) အရာဝတ္ထုအား ဘုရားရှင် အတွက်ဆက်ကပ်ထားခြင်းကို (  ) ဟုခေါ်သည် (justification, anointing, sanctifying)

Exploring God’s Word

A Survey of the Old and New Testaments

Prepared by Polly Strong B.R.E., B.A., M.A.

For Rogma International, Inc. (All Scripture quotations from the KJV of the Bible)

Copyright by Rogma International, Inc. All rights reserved.

---

## Lesson 11

## Introduction to Section V

## BLESSINGS OF BONDING ဘုရားနှစ်သက်သောစိတ်နှလုံးနှင့် ဉာဏ်ပညာ

## A Mind and Heart Devoted to God

2 Samuel, 1 Chronicles 1-29 (King David), 1 Kings 1-11; 2 Chronicles 1-9 (King Solomon) Psalms, Proverbs, Ecclesiastes, Song of Solomon (poetical books)

ဒါဝိဒ်နဲ့ ရှောလမုန်တို့ဟာ ယုံကြည်တဲ့၊ ပညာရှိမင်းတွေဖြစ်တယ်။ ဘုရားသခင်ကို ရှင်ဘုရင်အဖြစ် အသိအမှတ်ပြုတယ်၊ ကြောက်ရွံ့တယ်၊ မျက်နှာတော်ကို ရှာတယ်။ ပဋိညာဉ်တရားကို စောင့်ထိန်း တယ်။ဗိမ္မာန်တော်တည်ဆောက်တယ်။ ဣသရေလအမျိုးထံ ဘုရားသခင်ရဲ့ဘုန်းတော်ပြန်လာတာ ကို မြင်ခဲ့ကြရတယ်။ (2 Chronicles 5:14)

“ထာဝရဘုရား၏ဂရုဏာတော်မူကား ကြောက်ရွံ့သောသူတို့အပေါ်သို့ ကာလအစဉ်အဆက် သက်ရောက်တတ်၏။သစ္စာ တော်ကိုစောင့်၍ပညတ်တော်တို့ကိုကျင့်ခြင်းငှါသတိပြုသောသူတို့၏သားစဉ်မြေးဆက်တို့သည်ကုသလတရားတော်နှင့် ဆိုင်ရကြ၏။” (Psalm 103:17,18)

“ထာဝရဘုရားနှင့် တန်ခိုးတော်ကိုရှာကြလော့။ မျက်နှာတော်ကို အစဉ်မပြတ်ရှာကြလော့။စီရင်တော်မူသော အံ့သြဘွယ် တို့ကိုငှင်း၊ထူးဆန်းသောအမှုတော်တို့နှင့်နှုတ်တော်ထွက်ပညတ်တို့ကိုငှင်းအောက်မေ့ကြလော့။ ကိုယ်တော်မြတ် ထာဝရ ဘုရားသည် ငါတို့ဘုရားဖြစ်တော်မူ၏။မြေကြီးတပြင်လုံး၌ စီရင်ပိုင်တော်မူ၏။ ဣသရေလအမျိုး၌ နိစ္စထာဝရ ဖြစ်စေခြင်းငှါ လူမျိုးအဆက် တစ်ထောင်တိုင်အောင် မိန့်မြွက်တော်မူသော နှုတ်ကပတ်တော်တည်းဟူသော ဝန်ခံခြင်း တရားတော်ကို အစဉ်အမြဲ အောက်မေ့တော်မူ၏။” (1 Chronicles 16:11-15)

“အချုပ်အခြာစကားဟူမူကား၊ ဘုရားသခင်ကိုကြောက်ရွံ့၍ ပညတ်တော်တို့ကိုစောင့်ရှောက်လော့။ လူနှင့်ဆိုင်သော အမှု အရာအလုံးစုံတို့ကို ချုပ်ခြာသတည်း။” (Ecclesiastes 12:13).

“ထာဝရဘုရားကို ကြောက်ရွံ့သောသဘောသည် ပညာ၏မူလအမြစ်ဖြစ်၏။ သန့်ရှင်းသောဘုရားကို သိကျွမ်းသော သဘောသည် ဉာဏ်ဖြစ်၏။” (Proverbs 9:10)

“အကယ်စင်စစ်ဘုရားသခင်သည် ရှေးကာလမှစ၍ ကယ်တင်တော်မူခြင်းကို မြေအလယ်၌ပြုသော ငါတို့၏ရှင်ဘုရင် ဖြစ်တော်မူ၏။” (Psalm 74:12).

ဒီအခန်းကဣသရေလတနိုင်ငံလုံးနဲ့ယုဒပြည်ယေရုရှလင်မှာဖြောင့်မတ်စွာအုပ်စိုးတဲ့ဒါဝိဒ်နဲ့ရှောလမုန်တို့ရဲ့ဣသရေလ နိုင်ငံ ဘုန်းကြီးတဲ့နေ့ရက်ကာလများ အကြောင်းဖြစ်တယ်။ သစ္စာရှိတဲ့အစေခံကျွန်များအားဖြင့်လူမျိုးတော်ကို ဘုရား

သခင်အုပ်စိုးတယ်။ဗိမ္မာန်တော်တည်တယ်။ ကောင်းကင်က ဆင်းကြွလာပြီးလူတွေကြားထဲမှာ ကျိန်းဝပ်တယ်။ နိုင်ငံတော်ဟာ အရွယ်အစားကြီးလာတယ်။ ငြိမ်သက်ခြင်းလည်း ရလာတယ်။ရှင်ဘုရင်တွေနဲ့ တိုင်းသူပြည်သားတွေရဲ့စိတ်ထဲမှာ ဘုရားသခင်ရဲ့ကြီးမြတ်မှုကို အသိအမှတ်ပြုကြတယ်။ ဒါဝိဒ်နဲ့ ရှောလမုန်ဟာ ဘုရားသခင်ကိုအားကိုးတယ်။ ဘုရားကိုသိဖို့၊ ချစ်ဖို့၊ နောက်တော်လိုက်ဖို့ လူတွေကို သွန်သင်တယ်။ဘုရားကိုကိုးစားတဲ့လူတွေရဲ့စိတ်နှလုံးထဲမှာ ဒီအချက်ဟာ နက်နက်ရှိုင်းရှိုင်းရှိနေတယ်။ဘုရားသခင်က ဒါဝိဒ်ကိုပြောတယ်။ "စိတ်နှလုံး၌ ညီညွတ်သည်ဖြစ်၍ ငါ့အလိုကိုပြည့်စုံစေမည့်သူ ယေရှဲ၏သားဒါဝိဒ်ကို ငါတွေ့ပြီဟု မြွက်ဆို၏။" (Acts 13:22; 1 Samuel 13:14) ရှောလမုန်ကိုတော့ "ရှောလမုန်သည် မြေ ကြီးပေါ်မှာရှိသော ရှင်ဘုရင်တို့ထက် ပညာနှင့်စည်းစိမ်အားဖြင့်လွန်ကဲ၏။" (1 Kings 10:23) ဒီ ခေတ်ကာလမှာ ဣသရေလလူမျိုးဟာဘုရားကိုကြည်ညိုတယ်။ ပညာရှိတယ်။ တရားမျှတမှုရှိ တယ်။ ငြိမ်သက်ခြင်း ရှိတယ်။ဝမ်းမြောက်နေကြတယ်။ဘုရားကိုကိုးကွယ်ရင်း ချီးမွမ်းနေကြတယ်။ ကျမ်းစာထဲက ကဗျာ လင်္ကာကျမ်းအများစုဟာဒီခေတ်ကာလမှာရေးခဲ့တာဖြစ်တယ်။သီချင်းတွေ ဆုံးမစကားတွေပညာစကား ချစ်ခြင်းမေတ္တာစကားတွေရေးခဲ့ကြတယ်။ ကဗျာလင်္ကာကျမ်းတွေကိုရေးဖို့ လူအမျိုးမျိုးကို သုံးခဲ့ပေမယ့် ဒါဝိဒ်နဲ့ရှောလမုန်က အဓိကဖြစ်တယ်။ ဒါဝိဒ်က ဘုရားသခင်ထံ စိတ်နှလုံးအပ်နှံထားပြီး စကားပြောတယ်။ရှောလမုန်ကဘုရားရဲ့ဉာဏ်ပညာရပြီးပြောတယ်။ သူတို့ဟာဘုရားအမှုတော်ကို ဆောင်ခွင့်ရသူတွေဖြစ်တယ်။သူတို့ရေးတဲ့ ကျမ်းစာသားတွေက သူတို့စိတ်နဲ့နှလုံးသားကို ဘုရား ထံ အပ်နှံထားတာကို ပြနေသူတွေဖြစ်တယ်။ ဒီကျမ်းစကားတွေဟာ ရာစုနှစ်များစွာ လူတွေရဲ့စိတ် နှလုံးကို နှစ်သိမ့်မှု လမ်းပြမှုတွေပေးတယ်။ ဘုရားသခင်ကလူတယောက်နိုင်ငံတနိုင်ငံရဲ့နှလုံးသားကို ပဲ့ပြင်ခွင့်ရတဲ့ အခါ ငြိမ်သက်ပြီးကောင်းစားလာတယ်။လူဟာကိုယ်စိတ်ထင်တဲ့အတိုင်း ဖြစ်တတ် တယ်။ (Proverbs 23:7) လူတယောက်ရဲ့အတွေးကို ဘုရားက သစ်လွင်စေနိုင်တယ်။ (Romans 12:2; Deuteronomy 6:4,5; Matthew 22:37) မိသဟာယဖွဲ့ခြင်းနဲ့ ကောင်းကြီးမင်္ဂလာရဖို့အတွက် ဦးနှောက်အသိနဲ့ စိတ်သဘောထားမှန်ကန်ဖို့ အရေးကြီးတယ်။

Copyright by Rogma International, Inc. All rights reserved.

---

## Lesson 11

## Section V

## Blessings of Bonding A Heart and a Head for God

## David and Solomon ဘုရားသခင်အတွက် စိတ်နှလုံးနဲ့ ဉာဏ်ပညာ (ဒါဝိဒ်နဲ့ ရှောလမုန်)

**Theme**: ကောင်းကြီးရဖို့ရာ ယုံကြည်ခြင်းနဲ့သည်းခံခြင်းလိုသလို စိတ်ရင်းမှန်ဖို့နဲ့ ဦးနှောက်အသိ ဝန်ခံတတ်ဖို့ လိုတယ်။.

**Goal**: ကိုယ့်စိတ်နဲ့ နှလုံးသားကို ဘုရားသခင်ထိန်းချုပ်ခွင့်ပြုလိုက်ပါ။ ဘုရားကိုချစ်ပါ။ အားကိုးပါ။.

**Dates**: David, 1013 B.C. Solomon, 973 B.C.

**Summary**: ဒါဝိဒ်နဲ့ ရှောလမုန်ခေတ်ဟာ ဘုရားကို လုံးဝဆက်ကပ်အပ်နှံသူတယောက်အားဖြင့် ဘုရားသခင်လုပ် ဆောင်နိုင်တာတွေကိုပုံဖေါ်ပြတယ်။ ဒါဝိဒ်ဟာဘုရားကိုချစ်တတ်ကိုးကွယ် တတ်ဖို့ တစစသင်ယူလာသူဖြစ်တယ်။ လူလတ်ပိုင်းအရွယ်လောက်မှာ ရန်ပြုခံရ အနှောင့်ယှက် ခံရတယ်။ ဣသရေလလူမျိုးက ဘုရားထံမှဝေးကွာပြီး ကိုယ့်အလိုအတိုင်း အသက်ရှင်ကြတယ်။ ဒါဝိဒ်ဟာ မိသားစုထဲမှာ အငယ်ဆုံးဖြစ်တယ်။ သူ့အကိုတွေက သူ့ကို အထင်မကြီးဘူး။ စစ်သူရဲဖြစ်လာတယ်။
ဒါပေမယ့် သူရဲကောင်းဖြစ်လာခြင်းဟာသူ့ကိုမနာလိုသူပေါ်ပေါက်စေပြီးဝေးရပ်ကိုထွက်ပြေးရသည် အထိဖြစ်ခဲ့တယ်။ ဒါဝိဒ်ကဘုရားသခင်ကို အားကိုးတယ်။ဆက်ကပ်အပ်နှံတယ်။တခြားဣသရေလ ရှင်ဘုရင်အားလုံးထက်ဘုရားကို ချစ်တတ်ကိုးကွယ်တတ်တဲ့အလှတရားသူ့မှာရှိတယ်။သူ့အရေးအသားတွေမှာဒါတွေနဲ့ပြည့်လျှံနေတယ်။ သူ့ရဲ့ယုံကြည် ခြင်း ချစ်ခြင်း နာခံခြင်းကြောင့် ဘုရား သူ့ ကိုရွေးကောက်တယ်။ ဒါဝိဒ်ရဲ့သား ရှောလမုန်ဟာ သူ့အဖေလိုပဲဘုရားသခင်နည်းနဲ့ လူမျိုးတော်ကိုအုပ်ချုပ်တယ်။ ဘုရားက ဉာဏ်ပညာပေးတယ်။ တခြားသူတွေအားလုံးထက် ဉာဏ်ပညာပိုသာတယ်။ အပြစ်ထဲမကျဆင်းခင်အထိ နှစ်ပေါင်းများစွာ ပညာရှိစွာအုပ်ချုပ်ခဲ့တယ်။ နိုင်ငံတော်ဟာ တိုးတက်ကြီးပွါးပြီး ဣသရေလ သမိုင်း တလျှောက်မှာ အအောင်မြင်ဆုံးဖြစ်ခဲ့တယ်။.

**Outline**:

King David: 2 Samuel King Solomon: 1 Kings 1-11; (2 Chronicles 1-11)

| | | | |
|---|---|---|---|
| Chapters 1-5 | David became king | Chapters 1-4 | God gave King Solomon |
| Chapters 6-10 | David ruled under God | Chapters 5-8 | Solomon built the temple |
| Chapters 11-24 | David's sins and consequences | Chapters 9-11 | Solomon's sin and fall |

**People to know: (for the exam learn what they did)**

2 Samuel: David, Joab, Abner, Nathan, Uzza, Bath-sheba, Absalom, Ammon, Tamar

1 Kings 1-11: Solomon, Adonijah, Hiram, Queen of Sheba

**Places to know:**

Hebron, Judah, Israel, Jerusalem (Zion, City of David), Mount of Olives

Other nations: Philistines, Lebanon, Syria (Damascus), Egypt, Moab, Amalek, Zobah, Edom, Ammon, Sheba

**Words to know: (know these words for exam)**

devotion: act of being loyal, faithful, devoted

dynasty: succession of rulers of the same family

loyalty: faithful to people or causes

presumption: behave with improper boldness

repentance: sorrow for wrong doing (sin) with determination to change

restoration: bring back to the owner, or to the original state

reverence: deep respect with awe and affection, veneration

temple: building dedicated to the worship of God

## Introduction - နိဒါန်း

ဒါဝိဒ်နဲ့ ရှောလမုန်အုပ်စိုးတဲ့ နှစ်ပေါင်း ၈၀ ကာလကို ဣသရေလအမျိုး ဘုန်းကြီးတဲ့ကာလလို့ ခေါ် တယ်။ ဒီကာလမှာ သစ္စာရှိတဲ့ အစေခံတွေအားဖြင့် အုပ်စိုးတယ်။ နိုင်ငံတော်က ကျယ်ဝန်းသလို ငြိမ်သက်မှုလည်းရှိတယ်။ ရှင်ဘုရင် တွေကသူတို့စိတ်နှလုံးထဲမှာဘုရားရဲ့ကြီးမြတ်မှုကို အသိအမှတ် ပြုလို့ဖြစ်တယ်။ ဘုရားကို အားကိုးတယ်။ လူတွေကို လည်း ဘုရားကိုချစ်ဖို့သိဖို့ နောက်တော်လိုက်ဖို့ ဖြစ်တယ်။ဘုရားတရားရှိသေတယ်။ပညာရှိတယ်။တရားမျှတတယ်။ ငြိမ်သက်တယ်။ဝမ်းမြောက်တဲ့ကာလ ဖြစ်တယ်။ လူမျိုးတော်က ကိုးကွယ်ချီးမွမ်းတဲ့အခါ ဘုရားကိုယ်တိုင် လူတွေကြား ထဲမှာ ကျိန်းဝပ်တယ်။ ဒါဝိဒ်နဲ့ ရှောလမုန် အပြစ်ပြုမိကြတယ်။ အားကြီးတဲ့ ခေါင်းဆောင်ဖြစ်ပေမယ့် လူ့ စိတ်နှလုံးထဲမှာ ညစ်ညူးမှု၊ အသွေးအသား ညစ်ညူးမှုတွေကြောင့် အပြစ်ထဲမှာ ကျဆင်းတတ် တယ်။ အပြစ်ရဲ့အကျိုးဆက်အဖြစ် ဆိုး ကျိုးတွေ အများကြီး သက်ရောက်လာတယ်။ ဒါပေမယ့် ဒါဝိဒ်နဲ့ ရှောလမုန်ဟာ ဘုရားသခင်ကို ရှင်ဘုရင်အဖြစ်

အသိ အမှတ်ပြုတယ်။ဒါဟာရှောလမုန်ကမိန်းမအများယူပြီး တခြားဘုရားတွေဘက်စိတ်နှလုံးပါမသွားခင်အချိန်ထိဖြစ်တယ်။

**THE LESSON**-သင်ခန်းစာ

**I. KING DAVID GAVE THE RULE OF ISRAEL BACK TO GOD**ဒါဝိဒ်မင်းဟာ ဣသရေလလူမျိုးကို ဘုရားသခင်ထံ လှည့်ပြန်စေခဲ့တယ်။ **(2 Samuel 1:1-27)**

ဘုရားစကားနားထောင်သူဟာ ဘုရားသခင်ရဲ့အစီအစဉ်ကို နားထောင်တတ်တယ်။ (Psalm 127:1,2). သူဟာ အာဏာရဖို့ ယာကုပ်လို မလှည့်စားဘူး။ မကြိုးစားဘူး။ (as Jacob did, Genesis 25:29-34; 27:1-29).

A.**David became king** ဒါဝိဒ် ရှင်ဘုရင်ဖြစ်လာတယ်။ **(2 Samuel 1-5).**

1. ဒါဝိဒ်ဟာ ဘုရားသခင်ရဲ့အာဏာတော်ကို ရှိသေတယ်။ အသိအမှတ်ပြုတယ်။ (2 Samuel 1:1-27). ဘုရားသခင်ဟာဣသရေလရဲ့ရှင်ဘုရင်အစစ်အမှန်ဖြစ်တယ်ဆိုတာ ဒါဝိဒ်သိတယ်။ အခွင့်အရေးမယူဘူး။ အင်အား မသုံးဘူး။ မတရားတဲ့နည်းနဲ့ အာဏာရဖို့ မကြိုးစားဘူး။ (1 Samuel 24:3-22; 26:1-25) ဘုရားသခင်ရဲ့အချိန်နဲ့ နည်းလမ်းကို စောင့်တယ်။ ဘုရားအလို တော်ကို လိုက်လျှောက်ချင်သူဖြစ်တယ်။ ဣသရေလဟာ ဘုရင်စနစ်ဖြစ် လာတယ်။ ဒါပေမယ့် theocracy သီအိုခရေစီ ဘုရားအုပ်ချုပ်တဲ့နိုင်ငံ ဖြစ်နေတုန်းပဲ။ ဘုရားက ဦးစီးတယ်။ ဒါဝိဒ်က ဘုရားသခင်ရဲ့အစေခံကျွန် ဖြစ်တယ်။ ရှောလုသေတဲ့အခါ ဒါဝိဒ် ဝမ်းသာဟန်မပြခဲ့ဘူး။ ဘုရားဘိသိက်ပေးသူ သေဆုံး တဲ့အတွက် ငိုကြွေးခဲ့တယ်။ ရှောလုသား ယောနသန်သေတဲ့အတွက်လည်း ငိုကြွေးတယ်။
2. Dဒါဝိဒ်က ဘုရားရဲ့အကြံဉာဏ်ကို ရှိသေပြီး ယုဒပြည်မှာ ဘုရင်ဖြစ်လာတယ်။ (2 Samuel 2:1-7) ဘုရားစကားနားထောင်ချင်သူဟာ လမ်းပြမှုကိုတောင်းခံတယ်။ယုဒပြည်ကို အုပ်စိုးရမလားလို့ ဘုရားသခင်ထံမေးတယ်။ ဘုရားက ဟေဗြုန်မြို့ကို သွားခိုင်းတယ်။ ဟေဗြုန်မှာ ယုဒပြည်ရဲ့ဘုရင်အဖြစ်ဘိသိက်ပေးတယ်။ (2 Samuel 2:1-4) ယုဒပြည် သားတွေက ဒါဝိဒ်ကို သိတယ်။ အားကိုး တယ်။ ဒါဝိဒ်နဲ့ ရင်းနှီးပြီးသား ဖြစ်တယ်။ ဒါဝိဒ်ဟာ ဘုရားကိုရှိသေတယ်။ လူတွေကို ဂရုစိုက်တယ်ဆိုတာ သိကြတော့ သူ့နောက်ကိုလိုက်ချင်ကြတယ်။ ဒါပေမယ့် မြောက်ပိုင်းဣသရေလ လူမျိုး တွေက ဒါဝိဒ်ကိုကြောက်တယ်။ရှောလုရဲ့စိတ်ထားတွေ သူတို့မှာ ရှိနေတယ်။ ရှောလုကဒါဝိဒ်ကိုရန်သူလိုသဘောထား ပြီး သတ်ဖို့ကြိုးစားခဲ့တယ်။ ရှောလုရဲ့ဗိုလ်ချုပ် အာဗနာဟာ ဘုရားအလိုတော်ကို မလိုက်နာဘူး။ ရှောလုရဲ့သားကိုပဲ ဘုရင်ဖြစ်စေချင်တယ်။ ဒါဝိဒ်ကို နှစ်ပေါင်းများစွာ တိုက်ခိုက်ခဲ့တယ်။ဟေဗြုန်မှာဒါဝိဒ်စိုးစံတဲ့အခါအာဗနာက စစ်တိုက်ခဲ့ တယ်။ အာဗနာက ရှောလုရဲ့သား ဣရှဗောရှက်ကို ဣသရေလ ရှင်ဘုရင်အဖြစ် တင်မြှောက်တယ်။ ဒါဟာ ဣသရေလ နဲ့ ယုဒ ပထမဦးဆုံးကွဲပြားခြင်းဖြစ်တယ်။ ဒါဝိဒ်ရဲ့စစ်ဗိုလ်ချုပ် ယွာဘဟာ အာဗနာကိုဆန့်ကျင်တယ်။ ဣသရေလနဲ့ ယွာဘကြား ရှနစ်ကြာ စစ်ပွဲဖြစ်တယ်။ (2 Samuel 2:8-3:1).

3. ဒါဝိဒ်ဟာ ယေရုရှလင်မြို့မှာ ဣသရေလ ဘုရင်ဖြစ်လာတယ်။ (2 Samuel 3:1- 5:4; 1 Chronicles 11:1-9) ဘုရားကို အားကိုးပြီး တရားတော်အတိုင်း လိုက်လျှောက်ချင်သူဟာ တခြား သူတွေကို ခွန်အားနဲ့ပြည့်စုံသူ ဖြစ်လာတယ်။ ဘုရားကို အားမကိုး သူကတော့ တခြားသူတွေကို အားနည်းစေတယ်။ ဒါဝိဒ်ဟာ အင်အားကြီးမားလာတယ်။ သူကဘုရားကို အားကိုးတယ်။ နားထောင်တယ်။ ဒါပေမယ့် သူ့လူတွေနဲ့ အာဗနာကတော့ အားနည်းသထက် နည်းလာ တယ်။ (2 Samuel 3:1) ရှောလုရဲ့အမှုထမ်းတွေဟာဒါဝိဒ်ကိုနားမလည်ကြဘူး။ ဒါဝိဒ်ကဂေါလိယကိုသတ်တာ

ပဲ သတိ ရနေကြတယ်။ ရှောလုက ရန်သူအဖြစ် သဘောထားတာပဲသိကြတယ်။ရှောလုသေပြီးနောက်ပိုင်း ဣသရေလလူမျိုး ဟာ ဒါဝိဒ်ရဲ့ချစ်ခြင်းနဲ့ ခွန်အားကို သိလာကြတယ်။ တချို့က ဒါဝိဒ်နောက်ကိုလိုက်ချင်တယ်။ ရှောလုသား ဣရှဗောရှက် နဲ့ ရှောလုရဲ့ဗိုလ်ချုပ်အာဗနာဟာ သဘောထားတင်းမာတယ်။ ဣရှဗောရှက်ကအာဗနာကို ရှောလုရဲ့မယားငယ်ကိုယူတဲ့ အတွက် အပြစ်တင် တယ်။အာဗနာကစိတ်ဆိုးပြီးဒါဝိဒ်ဘက်ကိုဝင်စားလာတယ်။(2 Samuel 3:7-21)ဒါဝိဒ်ရဲ့ဗိုလ်ချုပ် ယွာဘက အာဗနာကိုမယုံဘူး။ သတ်ပစ်လိုက်တယ်။(2 Samuel 3:22-27)ယွာဘလုပ်ရပ် အပေါ်ဒါဝိဒ်စိတ်ပျက်တယ်။ အာဗနာသေတော့ဒါဝိဒ်ငိုတယ်။ (2 Samuel 3:28-39; 4:1-12) မြောက်ပိုင်း အနွယ်တွေရဲ့အသက်ကြီးသူတွေဟာ ရောက်လာပြီး ဟေဗြုန်မှာရှိတဲ့ ဒါဝိဒ်ကို ဣသရေလ တနိုင်ငံလုံးရဲ့ရှင်ဘုရင်အဖြစ် ဘိသိက်ပေးကြတယ်။ ဒါဝိဒ်ဘုရင် စဖြစ်တော့ အသက် ၃၀ပဲရှိပြီး အနှစ်၄၀စိုးစံခဲ့။ တောင်ပိုင်းဟေဗြုန်မှာ၇နှစ်၊ ယေရုရှလင်မှာ ၃၃နှစ်စိုးစံတယ်။ (2 Samuel 5:1-4)

4. ဒါဝိဒ်ဟာ ဘုရားသခင်ကို ရိုသေတယ်။ ဘုရားအမှုကို ဆောင်ရွက်တယ်။ (2 Samuel 2:5-7; 5:17-25). ဘုရားဘုန်းအသရေကိုရှာတဲ့သူဟာကောင်းကြီးခံရတယ်။တခြားသူတွေကိုကောင်းကြီး ဖြစ်စေတယ်။ ဟေဗြုန်မှာ ဒါဝိဒ် မင်းဖြစ်တဲ့အခါ ရှောလုကိုသင်္ဂြိုလ်တဲ့ ဂိလဒ်ပြည် ယာဗက် မြို့သား တွေကို ကျေးဇူးတင်ကြောင်းစာလွှာပါးရင်း ဘုရားဘိသိက်ခံရသူကိုလေးစားကြောင်းပြခဲ့တယ်။(2 Samuel 2:5-7)ဣသရေလရှင်ဘုရင်ဖြစ်လာတဲ့အခါ ဘုရားသခင်မြို့တော် ယေရုရှလင် ဇိအုန်ကို ယေဗုသိလူတွေလက်မှ နှုတ်ယူရင်း ရိုသေမှုပြခဲ့တယ်။ ယေရုရှလင်ဟာ ဒါဝိဒ် ရဲ့မြို့ဖြစ်လာ တယ်။ (2 Samuel 5:6-9). ဘုရားက ဒါဝိဒ်ကို ကောင်းကြီးပေးတယ်။ သူဟာ ကြီးမြတ်တဲ့ဘုရင်ဖြစ်လာပြီး ကောင်းကင်ဗိုလ်ခြေ ထာဝရဘုရားဟာ သူနဲ့အတူ ရှိတယ်။ (2 Samuel 5:10) တခြားတိုင်းပြည်က ခေါင်းဆောင်တွေ ဟာ ဘုရားသခင်က ဒါဝိဒ်ကို ကောင်း ကြီး ပေးကြောင်း မြင်လာ ကြတယ်။ တုရိပြည်ဘုရင် ဟိရံနဲ့ ဖိလိပ္ပိလူတွေဟာ ဒါဝိဒ်ကို ဘုရင် အဖြစ် အသိအမှတ်ပြုကြတယ်။ (2 Samuel 5:11-25).

B. **David restored God to His rightful place in the government of Israel** ဒါဝိဒ်ဟာ ဣသရေလလူမျိုးကို အုပ်ချုပ်ရာမှာ ဘုရားကို အသိအမှတ်ပြုနေရာပေးခဲ့တယ်။ **(2 Samuel 6-10; 1 Chronicles 13-27).**

1. ပဋိညာဉ်သေတ္တာတော်ကို ယေရုရှလင်သို့ ပြန်သယ်လာတယ်။ယေရုရှလင်ဟာ ဘုရားသခင် ရဲ့ မြို့တော်ဖြစ်တယ်။ (၂ရာ ၆း၁-၂၃၊ ၅ရာ ၁၃း၁-၁၄၊ ၁၅း၁- ၁၆း၄၃)ဒီဖြစ်ရပ်ဟာဒါဝိဒ်ရဲ့အလွန်ကြီးမြတ်တဲ့ ဖြစ်ရပ်ဖြစ်တယ်။သေတ္တာတော် ဟာ ကောင်းကင်ဗိုလ်ခြေအရှင်ထာဝရဘုရား ခေရုဗိမ်ကြားမှာကျိန်းဝပ်တဲ့အရပ်ဖြစ်တယ်။ လူမျိုးတော်ကို ပညတ်ပေး ရာ တွေ့ဆုံရာအရပ်လည်း ဖြစ် တယ်။ဇိအုန်မှာသေတ္တာတော်ကို ပြန်ထားခြင်းဟာ လူမျိုးတော်ပေါ်မှာဘုရားသခင်အတူ ရှိကြောင်း ပြတာဖြစ်တယ်။ ဘုရားသခင်ရဲ့ဘုန်းတော်ဟာ ရှောလမုန် တဲတော်ဆောက်မပြီးမီအထိ တည်နေခဲ့တယ်။ ပထမအကြိမ်သေတ္တာတော်ကိုသယ်ယူရာမှာမအောင်မြင်ခဲ့ဘူး။ ဘုရားရဲ့နည်းလမ်းကို မလိုက်လျှောက်လို့ ဖြစ်တယ်။ ဟုရိက သေတ္တာတော်ကို လက်နဲ့ကိုင်မိ တယ်။(2 Samuel 6:1-11) သေရတယ်။ (2 Samuel 6:1-23; 1 Chronicles 13:1-14; 15:1-16:43) ဒုတိယ အကြိမ် ဒါဝိဒ် ကြိုးစား တဲ့အခါ ယဇ်ပရောဟိတ်တွေက ဘုရားသခင်ရဲ့အလိုတော်နဲ့ အညီ ယေရုရှလင်သို့ သယ်ယူ ကြတယ်။ (Numbers 4:5,6) လူတွေသီချင်းဆိုကြ၊ ဝမ်းမြောက်ကြတယ်။ ဇိအုန် အရပ်မှာ တဲတော်ကိုဆောက်ကြတယ်။ ဒါဝိဒ်က ပေးလှူပြီး လူတွေကို ကောင်းကြီးပေး တယ်။ (2 Samuel 6:12-23).

2. ဘုရားဘုန်းတော်အတွက် ဗိမ္မာန်တော် ဆောက်လုပ်ချင်တယ်။ ဘုရားနဲ့ ပဋိညာဉ်ပြုထားတဲ့ ဗိမ္မာန်တော်ဖြစ်တယ်။ (2 Samuel 7:1-29; 1 Chronicles 17:1-27) ဘုရားကိုကြည်ညိုတဲ့သူ ဟာ ဘုရားကို မြတ်နိုးတယ်။ ဒါဝိဒ်ဟာ

စိတ် လှုပ်ရှားတယ်။ သူကလှပတဲ့ အိမ်မှာနေတယ်။ ဘုရား သခင်က တဲတော်မှာကျိန်းဝပ်ရတယ်။ ပရောဖက်နာသန်ကို ဗိမ္မာန်တော်ဆောက်ချင်ကြောင်းပြောခဲ့တယ်။ ဘုရားသခင်က နာသန်ကို အဲဒီညမှာ စကားပြောတယ်။ ဘုရားသခင်က တဲတော်မှာ ကျိန်းဝပ်ပြီး လူတွေကြားမှာနေတယ်။ အခု ပြည်တော်တည် ဆောက်ချိန်ဖြစ်တယ်။ ဒါဝိဒ်ရဲ့သား ရှောလမုန် သာ ဗိမ္မာန်တော်တည်ရမယ်။ ဒါဝိဒ် မတည်ရဘူး။ ဒါပေမယ့် ဒါဝိဒ်ရဲ့သားမြေးတွေလက်ထဲမှာ ဗိမ္မာန်တော်တည်မယ်လို့ ဂတိပေးတယ်။ ဒါဝိဒ်နဲ့ ဆိုင်တဲ့ ပဋိညာဉ်ဖြစ်တယ်။ (2 Samuel 7:4-17) ဒီဂတိတော်ဟာ ဒါဝိဒ်ရဲ့သားတော် ခရစ်တော် မှာ ပြည့်စုံတယ်။(Matthew 21:9; 22:45;Luke 1:32-33; Isaiah 9:7) ဒါဝိဒ်ဟာ စိတ်နှလုံးနှိမ့်ချစွာဖြင့် ဘုရားသခင် ကိုကျေးဇူးတော်ချီးမွမ်းတယ်။ ဒါဝိဒ်က -"အိုအရှင်ထာဝရဘုရား ကိုယ်တော်သည် ဘုရားသခင်မှန်တော်မူ၏။ စကား တော်လည်းမှန်ပါ၏။" (2 Samuel 7:18-29) ဒါဝိဒ်ဟာ ဗိမ္မာန်တော်ကို သူ့သားတည်ဆောက်ဖို့ လိုတဲ့အရာတွေကို အားလုံးစီစဉ်ပေးတယ်။ ဗိမ္မာန်တော်နဲ့ပတ်သက်တဲ့ သူ့ရဲ့စိတ်စေတနာကို ဆာလံကျမ်းတွေထဲမှာ မြင်နိုင်တယ်။

3. ဣသရေလလူမျိုးနဲ့ ဘုရားသခင်ရဲ့နာမတော်အတွက် စစ်တိုက်ခဲ့သူဖြစ်တယ်။ (2 Samuel 8:1-14; 10:1-19) ယုံကြည်ခြင်းရှိတဲ့ ခံယူချက်အတွက် တိုက်ခိုက်ရတယ်။ A man of faith will fight for the course. ဒါဝိဒ်နဲ့ ဗိုလ်ချုပ်ယွာဘဟာဣသရေလလူမျိုးရဲ့ရန်သူတွေကို အောင်နိုင်ခဲ့တယ်။ ဖိလိတ္တိ၊ မောဘ၊ ရှုရိ၊ အာမလက်၊ ဧဒုံ၊ ဒေး၊ အာမုန် တို့ကို အောင်နိုင် ခဲ့တယ်။ (2 Samuel 5:17-25; 8:2-13; 10:1-19, 11:1, 12:26-31; 21:15-22;1 Chronicles 18:1-19:19).
4. ဒါဝိဒ်ဟာတရားသဖြင့် စီရင်အုပ်ချုပ်သူဖြစ်တယ်။(2 Samuel 8:15-18)ဖြောင့်မတ်ခြင်းရဲ့ဘုရားသခင်ကိုချစ်တဲ့သူဟာ လူတွေအပေါ်မှာ ဖြောင့်မတ်တယ်။ ချစ်တတ်တယ်။ဒါဝိဒ်ဟာ ရှောလု ရဲ့အမျိုးအနွယ်အပေါ် စိတ်ကောင်း စေတနာ ထားခဲ့တယ်။ ယောနသန်ရဲ့သား မေဖိဗောရှက်ကို ပြုစုခဲ့တယ်။ နန်းတော်ထဲဖိတ်ပြီး သူ့ကျွန် ဇိဘနဲ့အတူ နန်းတော်မှာ အတူနေစေ၊ ဘုရင်နဲ့အတူ စားစေတယ်။ (2 Samuel 9:1-13).

## C. **David's sins and their consequences** ဒါဝိဒ်ရဲ့အပြစ်နဲ့ အကျိုးဆက်များ **(2 Samuel 11-24).**

1. David's sin of personal lust ဒါဝိဒ်ရဲ့တပ်မက်မှုအပြစ် (2 Samuel 11:1-27).

a. The sin: အသက်ရလာတော့ ဒါဝိဒ်ဟာ နန်းတော်မှာ လုံခြုံစွာနေရတယ်။ စစ်တိုက်ရမယ့်အစားအုပ်ချုပ်မှုကို လုပ်လာရတယ်။ဉယျာဉ်ထဲမှာ နေနိုင်တယ်။ သူ့မျက်လုံးကဗာသရှေဘကို တပ်မက်တယ်။ တပ်မက်ပြီး ပြစ်မှားမိတယ်။ စစ်ရေးလှည့်ဖျားမှုနဲ့ လူသတ်မှုတခုကို ကျူးလွန်တယ်။

b. The recognition of sin: အပြစ်ကို မြင်လာတယ်။ ဘုရားက ပရောဖက်နာသန်ကို စေလွှတ်ပြီး ပုံဥပမာတခုကို ပြောခိုင်းတယ်။ (2 Samuel 12:1-15)ဒါဝိဒ်ဟာသူ့အပြစ်ကိုသိလာပြီး နောင်တရတယ်။ဝမ်းနည်းပြီးတော့ဒိုတယ်။ "အို ဘုရားသခင်ကျေးဇူးပြုခြင်သောစေတနာစိတ်တော်ရှိသည်အတိုင်း အကျွန်ုပ်ကို သနားတော်မူပါ။ စုံမက်တော်မူခြင်း ဂရုဏာ များပြားသည်နှင့်အညီ အကျွန်ုပ်လွန်ကျူးခြင်းအပြစ်ကို ဖြေတော်မူပါ။ ဒုစရိုက်အညစ်အကြေးကို အကုန်အစင် ဆေးကြော ၍ အကျွန်ုပ်ကို သန့်ရှင်းစေတော်မူပါ။ အကျွန်ုပ်လွန်ကျူးပါပြီဟု ဝန်ချလျက် ကိုယ်အပြစ်ကို အစဉ်မပြတ် အောက်မေ့လျက် နေပါ၏။ ကိုယ်တော်ကို ပြစ်မှားပါပြီ။ ကိုယ်တော်ကိုသာ ပြစ်မှား၍ မျက်မှောက်တော်၌ပင် မတရား သောအမှုကို ပြုပါပြီ။ (Psalm 51:1-4).

c. The consequences: အကျိုးဆက်များ။ ဒါဝိဒ်ရဲ့အပြစ်ကြောင့် ရန်သူတွေ ကဲ့ရဲ့ခွင့်ကို ပေးလိုက်တယ်။ သားသေတယ်။ (2 Samuel 12:16-25) ဒါဝိဒ်ရဲ့သား အာမနန်က ညီမ တာမာ ကို ပြစ်မှားတယ်။ (2 Samuel 13:1-24)

အဗရှလုံက အာမနန်ကို သတ်ပြီးထွက်ပြေးတယ်။ (2 Samuel 13:23-39) နောက်တော့အဗရှလုံ ယေရုရှလင်ကို ပြန်လာတယ်။ ယွာဘက ပြန်ဖြေ ပေးရတယ်။ (2 Samuel 14:1-33) နောက်တော့ အဖေကို အမျိုးမျိုးလှည့်စားရင်း နိုင်ငံတော်ကိုရယူခဲ့တယ်။(2 Samuel 15:1-12)။ဒါဝိဒ်ဟာသစ္စာရှိသူတချို့နဲ့အတူထွက်ပြေးခဲ့ရတယ်။ဒါဝိဒ် နဲ့အဗရှလုန် ကြားမှာ စစ်ဖြစ်ကြတယ်။ (2 Samuel 15:13-18:33) မာနကြီးတဲ့ အဗရှလုန် အသတ်ခံရတယ်။ ဒါဝိဒ် ငိုတယ်။ ယွာဘ က ဒါကို အပြစ်တင်တယ်။ သစ္စာရှိသူတွေကို ထောက် ထားဖို့ အကြံပေးတယ်။ (2 Samuel 19:1-8).

*d.* **The restoration:** အာဏာပြန်ရခြင်း။  နိုင်ငံတော်ကို ဒါဝိဒ်ပြန်ရတယ်။ **(2 Samuel 19:9-20:26)** ရှောလု လက် ထက်မှာ ဂိဗောင်မြို့သားတွေကို ပြုတဲ့အပြစ်ကြောင့် အစာငတ်မွတ် ခေါင်း ပါးရတယ်။ (2 Samuel 21:1-11) ဒါဝိဒ်က ရှောလုနဲ့ယောနသန်ရဲ့အရိုးကို သင်္ဂြိုလ်ပေးတယ်။ (2 Samuel 21:12-14) ဖိလိတ္တိသူရဲကောင်းတွေကို ဖြိုခွင်းနိုင်ခဲ့ တယ်။ (2 Samuel 21:15-22) အပြစ်ဟာ ကိုယ်ပြုတာဖြစ်တဲ့အတွက် ကိုယ်နဲ့ပဲဆိုင်တယ်။ အပြစ်ရှိသမျှဟာ ဘုရား ကို ပြစ်မှားတာဖြစ်တယ်။ လူကို ပြစ်မှားတာဆိုပေမယ့်ဘုရားနဲ့ဆိုင်တယ်။ အပြစ်ရှိသမျှဟာ အကျိုးဆက်ဖြစ်တယ်။ အပြစ်ရှိသမျှကို ဖြေရှင်းရမယ်။အပြစ်ရှိသမျှအတွက်ခရစ်တော်အသေခံတယ်။ အပြစ်အတွက် အခိုက်အတန့် အပြစ်ပေး တာဟာ ဘုရားခွင့်လွှတ်ခြင်းခံရဖို့ လူကို ခေါ်ဆောင်တာ ဖြစ်တယ်။ ထာဝရအပြစ်ပေးခြင်းမှ လွှတ်စေတယ်။(Acts 5:1-11;1 Corinthians 10:13).

e. **David thanked and praised God.** ဒါဝိဒ်ကကျေးဇူးတော်ချီးမွမ်းတယ်။ ဘုရားသခင်က သူ့ရဲ့ကျောက်၊ ရဲတိုက်၊ ခွန်အား၊ ဒိုင်းလွှား၊ ကယ်တင်ခြင်းလို့ ခေါ်တယ်။ (2 Samuel 22:1-51)  ဒါဝိဒ်နဲ့ သူ့အမျိုးအနွယ်တွေပေါ်မှာ ထားတဲ့ ပဋိညာဉ်တရားကို ပြန်လည် သစ်လွင်စေတယ်။ (2 Samuel 23:1-5; 7:15,16) ဒါဝိဒ်ရဲ့သူရဲကောင်းတွေ စာရင်းကို (2 Samuel 23:8-39 and 1 Chronicles 11:10-12:40) မှာတွေ့ရတယ်။

2. David's sin of presumption ဒါဝိဒ်ရဲ့presumption အယူအဆလွဲမှားတဲ့အပြစ် (2 Samuel 24:1-25; 1 Chronicles 21:1-30) ဒါဝိဒ်ကယွာဘကို လူရေတွက်ခိုင်းတယ်။ လူအင်အားကို သိချင်တယ်။ (2 Samuel 24:1-9; 1 Chronicles 21:1-30) ဒါဟာ ဘုရားသခင်ကို ယုံကြည်မှု ကင်းမဲ့တယ်လို့ စီရင်ခံရတယ်။ နောင်တရပြီး ခွင့်လွှတ်ဖို့ တောင်းပန်တယ်။ ပြစ်ဒဏ် အနေနဲ့ ၃ ခုထဲက တခုကို ရွေးခွင့်ပေးတယ်။ အစာငတ်မွတ်ဘေး၊ စစ်ပွဲနဲ့ ရောဂါဘေးဖြစ် တယ်။ ဒါဝိဒ်က ရောဂါကို ရွေးချယ်တယ်။ (2 Samuel 24:10-16) ဒါဝိဒ်ဟာ ယေဗုသိလူ  အရောနရဲ့မြေကွက်ကို ဝယ်လိုက်တယ်။ မြေကွက်ထဲမှာ ဣဇာက်ကို ပူဇော်တဲ့ မောရိယတောင်လည်းပါတယ်။ အဲဒီမှာ ယဇ်ပလ္လင် တည်ပြီး မီးရှို့ရာယဇ်၊ မိဿဟာယဇ် ပူဇော်တယ်။ ဘုရားသခင်က ကပ်ဘေးကို ရပ်တန့်စေတယ်။(2 Samuel 24:17-25) အဲဒီ တောင်ပေါ်မှာ ဗိမ္မာန်တော်ကို နောက်တော့ တည်ဆောက်တယ်။ ဗိမ္မာန်တော်အတွက် လိုအပ်တဲ့ ပစ္စည်းတွေကို သား ရှောလမုန်အတွက် ဒါဝိဒ်ကစုဆောင်းပေးတယ်။ (1 Chronicles 22:1-19; 28:1-29:30) ဒါဝိဒ်အပြစ်ပြုမိပေမယ့် ဘုရားသခင်အပေါ်တော့သစ္စာရှိဆဲဖြစ်တယ်။ သူ့လက်ထက်မှာ ရုပ်တုဆင်းထု ကိုးကွယ်မှု လုံးဝမရှိခဲ့ဘူး။

D.**David, a king after God's heart.** ဒါဝိဒ်ဟာဘုရားသခင်ရဲ့စိတ်တော်နဲ့တွေ့တဲ့ရှင်ဘုရင် ဖြစ်တယ်။

ဒါဝိဒ်ဟာ ချစ်တတ်၊ သနားတတ်၊ တရားသဖြင့်စီရင်တတ်သူဖြစ်တယ်။ (1 Samuel 13:14; Psalm 89:20-  21; Acts 13:22)ဘုရားသခင်ရှိတယ်ဆိုတာသူသိတယ်။ ကြီးမြတ်တယ်။တန်ခိုးကြီးတယ်။သန့်ရှင်းတယ်။တရားတယ်။ချစ်တယ်။ သနားတယ်။ ခွင့်လွှတ်တယ်။ ဒါဝိဒ်က သူဖြစ်ခြင် တဲ့ဆန္ဒကိုဘုရားသခင်ထံချထားပြီး ဘုရားနာမတော်ချီးမြှော

က်စရာ ဖြစ်စေတယ်။ သီချင်းအား ဖြင့်ဖြစ်စေ၊စကားအားဖြင့်ဖြစ်စေ၊ အပြုအမူအားဖြင့် ဖြစ်စေ၊ဘုန်းတော်ထင်ရှားစရာ ဖြစ်စေ တယ်။ တရားတော်မူခြင်း သစ္စာရှိတော်မူခြင်းတို့ကိုရေတွက်ပြီး ဘုရားသခင်ရဲ့ထိန်းချုပ်မှုကိုလက်ခံသူ ဖြစ်တယ်။ "အိုဘုရားသခင်ကိုယ်တော်သည်အကျွန်ုပ်၏ရှင်ဘုရင်ဖြစ်တော်မူ၏။" (Psalm 44:4)"ထာဝရဘုရားသည် အသက်ရှင် တော်မူသည်ဖြစ်၍ငါ၏ကျောက်၌ မင်္ဂလာရှိတော်မူပါစေသတည်း။ ငါ့ကိုကယ်တင်တော်မူသောကျောက်၏ ဘုရားသခင် ၌ချီးမြှောက်ခြင်း ရှိပါစေသတည်း။ ထို့ကြောင့် အိုထာဝရဘုရား အကျွန်ုပ်သည် တပါးအမျိုးသားတို့တွင် ကျေးဇူးတော် ကို ချီးမွမ်း၍ နာမတော်ကို ထောမနာသီချင်းဆိုပါမည်။" (2 Samuel 22:47,50)"အို ဣသရေလအမျိုး၏ ဘုရားသခင် ထာဝရဘုရား ကောင်းကင်နှင့် မြေကြီးပေါ်မှာ ကိုယ်တော်နှင့်တူသောဘုရားတဆူမရှိပါ။ရှေ့တော်၌ စိတ်နှလုံးအကြွင်းမဲ့ ကျင့်သော ကိုယ်တော်၏ကျွန်တို့ အဖို့ ပဋိညာဉ်တရားနှင့် သစ္စာတရားကို စောင့်ရှောက်တော်မူပြီ။" (2 Chronicles 6:14). ဒါဝိဒ်ဟာ အရာရာမှာ ဘုရား သခင်ကို စိတ်နှလုံးအကြွင်းမဲ့ရှာပြီး ကြည်ညိုတဲ့ ရှင်ဘုရင်ဖြစ်တယ်။

## E. **Things to Think About:** ဆင်ခြင်စရာများ

1. ဒါဝိဒ် ဘာကြောင့်ကြီးမြတ်တဲ့ရှင်ဘုရင် ဖြစ်ရသလဲ။ အရာရာမှာ ဘုရားအလိုတော်ကို သည်းခံဝန်ခံတယ်။ ဘုရားကို ချီးမြှောက်သူဖြစ်တယ်?
2. ပဋိညာဉ်သေတ္တာတော်နဲ့ ဥဇ္ဇရဲဖြစ်ရပ်မှ ဘာသင်ယူရသလဲ။ ဘုရားအလုပ်ဆိုတာ ဘုရားသခင့် နည်းလမ်းအတိုင်း လုပ်ရတယ်။ အမှုတော်ဆောင်ရင်း ဘုရားစကားနားမထောင်ရင် အပြစ်ပေးခံ ရမယ်။ ဘုရားအလိုတော်ကို ဝန်ခံရင်း အမှုတော်ထဲမှာ ကိုယ့်နည်းနဲ့ ကြိုးစားလုပ်ဆောင်တာတွေ ရှိသလား။?
3. ဒါဝိဒ်ရဲ့အသက်တာအတွက် နာသန်ကို ဘုရားဘယ်လို အသုံးပြုခဲ့သလဲ။ ဗိမ္မာန်တော်တည်ဆောက်ဖို့ ဒါဝိဒ်ကို မရွေး ကောက်ဘူးလို့ နာသန်ကိုပြောစေတယ်။ ဒါဝိဒ်ရဲ့အပြစ်ကိုလည်းဖော်ပြတယ်။ နာသန်ရဲ့စကားကို ဒါဝိဒ်လက်ခံပြီး ဘုရား နဲ့ ပြေလည်မှုရတယ်။ ကိုယ့်အပြစ်ကိုဖော်ပြပြီး လမ်းမှန်ကိုညွှန်ပြဖို့ ဘုရားကဘယ်သူ့ကို ကိုယ့်အသက်တာအ တွက် အသုံးပြုသလဲ။ အကြံပေး စကားကိုကြားတဲ့အခါ ဝမ်းမြောက်သလား။ စိတ်ဆိုးသလား။ ဒေါသထွက်သလား။?
4. ဒါဝိဒ်ဟာ အပြစ်ကိုအောင်မြင်ခဲ့သလား။ သတိရပြီး ဝန်ခံခဲ့တယ်။ နောင်တရပြီး နောက်လှည့် ပြန်ခဲ့တယ်။

## II. **KING SOLOMON** ရှောလမုန်မင်း **(1 Kings 1-11, 2 Chronicles 1-9)**

### A. **Solomon became king** ရှောလမုန်ရှင်ဘုရင်ဖြစ်လာတယ်။ **(1 Kings 1:1-2:12; 1 Chronicles 29:1-22:30)**

ဒါဝိဒ်ရဲ့သား အဒေါနိယဟာ သူ့ကိုယ်သူ ဘုရင်အဖြစ် ချီးမြှောက်တယ်။ယွာဘနဲ့ ယဇ်ပရောဟိတ် အဗျာသာကို အသုံးချ တယ်။ ဒါပေမယ့် သစ္စာရှိတဲ့ ယဇ်ပရောဟိတ်ဇာဒုတ် ပရောဖက်နာသန်နဲ့ တခြားသူရဲကောင်းတွေက ဆန့်ကျင်ကြ တယ်။ (1 Kings 1:5-27) ဒါဝိဒ်မင်းဟာ ရှောလမုန်ကို လူရှေ့ခေါ်ထုတ်လာတယ်။ ဘုရင်အဖြစ် ချီးမြှောက်တယ်။ (1 Kings 1:28-40) အဒေါနိယ ကြောက်ပြီး ယဇ်ပလ္လင်ဦးချိုကိုင်ထားတယ်။ ရှောလမုန်မင်းက သူဟာလူကောင်းဖြစ်ရင် မသေရ ဘူးလို့ ဆိုတယ်။ (1 Kings 1:41-50). ဒါဝိဒ်က ရှောလမုန်ကို ဘုရားပညတ်တော် စောင့်ထိန်း ဖို့မှာတယ်။ (1 Kings 2:1-4)အပြစ်ရှိသူနဲ့ ကောင်းစွာ ပြုသူတွေကို ဉာဏ်ပညာနဲ့တရားသဖြင့် စီရင်ဖို့အကြံပြုတယ်။ (1 Kings 2:5-11). ဒါဝိဒ်သေပြီး ရှောလမုန် ရှင်ဘုရင် ဖြစ်လာတယ်။ (1 Kings 2:12-46).

B.ရှောလမုန်ကဘုရားသခင်ကို ချစ်တယ်။ တရားတော်အတိုင်းလိုက်လျှောက်တယ်။ ဒါ ပေမယ့်အပြည့်အဝ မလျှောက်ဘူး။ (1 Kings 3-4) ရှောလမုန်ဟာ တပါးအမျိုးသားဘုရင် ဖာရောနဲ့ မိတ်ဆွေဖွဲ့တယ်။ဖာရောသမီးနဲ့ လတ်ဆတ်တယ်။ မြင့်သောအရပ်မှာ ယဇ်ပူဇော်ပြီးနံ့သာပေါင်းကို ပူဇော်တယ်။ (I Kings 3:1-3) မသန့်ရှင်းတဲ့ မိသဟာယ၊ ဘုရားအလိုတော်မရှိတဲ့ဝတ်ပြုခြင်းတွေက ဣသရေလရှင်ဘုရင် အဆက်ဆက်ကိုကူးစက်ပြီး နိုင်ငံတော် ကျဆင်းကာ ကျွန်ဘဝ ရောက်ရတယ်။ ဘုရားသခင်က ရှောလမုန်ကို ဂိဗောင်အရပ်မှာတွေ့ပြီး သူ့အလိုရှိရတာကို တောင်းဆိုစေတယ်။ ရှောလမုန်က ဖြောင့်မတ်စွာ တရားမျှတစွာ လူတွေကိုအုပ်စိုးဖို့နားလည်နိုင်တဲ့ဉာဏ်ကို တောင်း တယ်။ ဘုရားကစိတ်တော်ထိတွေ့ပြီးဉာဏ်ပညာနဲ့စည်းစိမ်ကိုပေးတယ်။ ဘုရားအလိုတော်လိုက်လျှောက်ရင်အသက် တာရှည်မယ့်ဂတိကိုလည်း ပေးတယ်။ (I Kings 3:5-15) ရှောလမုန်က ဖြောင့်မတ်စွာတရားစီရင်တယ်။ (I Kings 3:16-28) နိုင်ငံတော် ကျယ်ဝန်းပြီး စည်းစိမ်နဲ့အာဏာ တိုးပွါးလာတယ်။ ရှောလမုန်က သုတ္တံစကားပေါင်း ၃,၀၀၀ ကို ပြောဆိုခဲ့တယ်။ (1 Kings 4:32).

C.ရှောလမုန်က ဘုရားကိုရှိသေတယ်။ ဣသရေလအမျိုးကို ဘုရားထံလှည့်ပြန်စေတယ်။ (1 Kings 5-8) ဗိမ္မာန်တော်နဲ့ အခြားအဆောက်အအုံများကို ဆောက်လုပ်တယ်။ (1 Kings 5:1-7:51) ပညတ်တော် ကျောက်ပြားနှစ်ပြားပါတဲ့ ပဋိညာဉ်သေတ္တာတော်ကို သယ်ယူတယ်။ (1 Kings 8:1-9) ဘုရားသခင်ရဲ့ဘုန်းတော်ဟာ အိမ်တော်ကို ပြည့်စေတယ်။ (1 Kings 8:10)ရှောလမုန်က လူတွေကို ကောင်းကြီးပေးတယ်။(1 Kings 8:14-21) ဣသရေလ အမျိုးရဲ့ဘုရား သခင်ကိုချီးမြှောက်တယ်။"အိုဣသရေလအမျိုး၏ဘုရားသခင်ထာဝရဘုရားအထက်ကောင်းကင်ဘုံနှင့်အောက် အရပ်မြေကြီးပေါ်မှာ ကိုယ်တော်နှင့်တူသောဘုရားတဆူမျှမရှိပါ။တဆူမရှိပါ။ ရှေ့တော်၌ စိတ်နှလုံး အကြွင်းမဲ့ကျင့်သော ကိုယ်တော်၏ကျွန်တို့အဖို့ ပဋိညာဉ်တရားနှင့် သစ္စာတရားကို စောင့်ရှောက် တော်မူပြီ။" (1 Kings 8:22-53) ပရိတ် သတ်ကိုလည်းကောင်းကြီးပေးတယ်။(1 Kings 8:54-61) ရက်ပတ်လုံးပွဲကျင်းပလျက် ယဇ်ပူဇော်တယ်။ ပရိတ်သတ် က ဝမ်းမြောက်စွာနဲ့ ပြန်သွားကြတယ်။ (1 Kings 8:62-66).

D.ရှောလမုန်က ဘုရားရဲ့ပညတ်ကို ဂရုမစိုက်တဲ့အတွက် နိုင်ငံတော်ဆုံးရှုံးရတယ်။ (1 Kings 9-11) ရှောလမုန်ကို ဘုရားသခင် ဒုတိယအကြိမ်တွေ့တယ်။ ဗိမ္မာန်တော်မှာ ဆုတောင်းသံကို နားထောင်တယ်။ "ဖြောင့်မတ်စွာကျင့်သော စိတ်နှလုံးနှင့် ငါ့ရှေ့မှာကျင့်နေလျှင်သင်ထိုင်ရသော ဣသရေလရာဇပလ္လင်ကိုထာဝရတည်စေမည်။သို့မဟုတ် ငါမှာထားသောစီရင်ထုံးဖွဲ့ ချက်တို့ကို မစောင့်၊ တခြားတပါးသော ဘုရားတို့ထံသို့ ဝတ်ပြုကိုးကွယ်လျှင် ဣသရေလအမျိုး ကို ငါပေးသော ပြည်မှ ငါပယ်ဖျက်မည်။ (1 Kings 9:4-9).

1. ရှောလမုန် မာနတက်ပြီး ကိုယ်ကျိုးရှာလာတယ်။ တုရုမင်းကြီးဟိရံနဲ့ လက်ဆောင်လဲလှယ်တယ်။ (1 Kings 9:10-14) အိမ်တွေ ဉယျာဉ်တွေ မြင်းတွေ စီးပွါးရေးလုပ်ငန်းတွေ အတူလက်တွဲလုပ်လာကြတယ်။ရှေဘပြည်ရဲ့မိဖုရားလည်း ရှောလမုန်ရဲ့ချမ်းသာကြွယ်ဝမှုတွေကိုကြည့်ဖို့ရောက်လာတယ်။ (1 Kings 10:1-29).
2. ရှောလမုန်က မိန်းမအများအပြားကိုယူပြီး ဘုရားသခင်ထံမှ စိတ်နှလုံးဝေးကွာလာတယ်။ (1 Kings 11:1-13) ဣသရေလမဟုတ်တဲ့မိန်းမတွေကို မြတ်နိုးလာတယ်။မိန်းမ ၇၀၀ ရှိပြီး မယားငယ် ၃၀၀ ရှိတယ်။ဒါတွေကလက်ဆောင် အဖြစ် ရတာဖြစ်တယ်။ တခြားတပါးဘုရားတွေကိုသူတို့နိုင်ငံတော်ထဲယူလာတယ်။(1 Kings 11:1-4) သူတို့ဘာသာ ထုံးစံအတိုင်း ဝတ်ပြုခွင့်ကို ပြည် တော်ထဲမှာပေးလာတယ်။အာရှဒရတ်၊ မိလကုန်၊ ခေမုရှ၊ မောလက်၊ ဇိဒုန်၊အာမောနိ၊ မောဘဘုရားတွေကို ကိုးကွယ်လာတယ်။ (1 Kings 11:1-8) ဘုရားအမျက်တော်ထွက်လာတယ်။

ပဋိညာဉ် တရား ကိုမစောင့်ဖို့ ရှောလမုန်ကိုပြောလာတယ်။ နိုင်ငံတော်ကို ဆွဲဆုတ်ပြီး ရှောလမုန်ရဲ့ကျွန်ကိုပေးလိုက် တယ်။ (1 Kings 11:5-13)ဒါပေမယ့် ဒါဝိဒ်မျက်နှာကြောင့် နိုင်ငံတော်ကို လုံးလုံးအပြစ်ပေးခြင်းမပြုခဲ့ဘူး။

3. ရှောလမုန်က ဘုရားကိုပစ်ပယ်လို့ ဘုရားကသူ့ကိုပစ်ပယ်တယ်။ (1 Kings 11:13-40)လူတွေကလည်း ရှောလမုန် ကို ပစ်ပယ်စပြုလာတယ်။ ဒေ့ဒ်နဲ့ဆီးရီးယားကပုန်ကန်လာတယ်။(1 Kings 11:14-25)ယရောဗက်အဟိယက ရှောလ မုန် ရဲ့အလုပ်ကြပ် ယေရောဗောင်ဆီရောက်လာတယ်။ ဝတ်လုံကို ၁၂ ပိုင်းပိုင်းပြီး၊ ၁၀ ပိုင်းပေးလိုက်တယ်။ ဘုရား က ရှော လမုန် ထံကနေ ၁၀ နွယ်ကို နှုတ်ပြီးပေးလိုက်တဲ့ သဘောဖြစ်တယ်။ (1 Kings 11:30-40).

## E. **Solomon's death** ရှောလမုန်သေဆုံးခြင်း **(1 Kings 11:41-43).**

## F. **Things to Think About:** ဆင်ခြင်စရာများ

1. ရှောလမုန်က ပညာရှိစွာဖြောင့်မတ်စွာအုပ်ချုပ်တဲ့အတွက် ဘယ်လိုအကျိုးရသလဲ။ ဘုရားသခင်ရဲ့ဘုန်းအသရေက ဣသရေလမှာ သက်ရောက်လာတယ်။?
2. မသန့်ရှင်းသူတွေနဲ့အတူမိတ်ဆွေဖွဲ့တဲ့၊အတူကိုးကွယ်တဲ့အပြစ်ရဲ့အကျိုးဆက်ရှောလမုန်ဘာရသလဲ။ ဘုရားက ငြင်း ပယ် တယ်။ လူတွေကလည်း သူ့ကို ငြင်းပယ်စပြုတယ်။?

## III. **CHRIST IN THE LIVES OF DAVID AND SOLOMON-**ဒါဝိဒ်နဲ့ ရှောလမုန်တို့ အသက်တာမှာ တွေ့ကြုံရတဲ့ခရစ်တော်

ဒါဝိဒ်ဟာ ကြွလာမယ့် မေရှိယကိုပုံဆောင်တယ်။ သူ့နောက်မှာပေါ်ထွန်းမယ့် ရှင်ဘုရင်အားလုံးအတွက် သူဟာ စံပြ ပုဂ္ဂိုလ်ဖြစ်တယ်။ ဒါဝိဒ်ဟာ ဘုရားသခင်ကို အမြဲသစ္စာရှိတယ်။ သူဟာ Yahweh (Jehovah, Lord) ထာဝရဘုရားရဲ့စစ်မှန်သော အစေခံဖြစ်တယ်။ ပညတ်တရားတော် ကို နာခံတယ်။ ကြွလာမယ့် မေရှိယ နိုင်ငံတော်ကို ပုံဆောင်ရသူ ဖြစ်တယ်။ ဒါဝိဒ်နဲ့ဆိုင်တဲ့ ပဋိညာဉ်မှာ ကတိတော် ၃ ခုပါတယ်။ (2 Samuel 7:4-17)

- ထာဝရနိုင်ငံတော်
- ပလ္လင်
- အမျိုးအနွယ်

ဒီကတိတော်သုံးခုဟာ ခရစ်တော်ကိုလည်းပေးတယ်။(Luke 1:32-33)ယုဒနိုင်ငံမှာပေါ်ပေါက်တဲ့ နောက်ရှင်ဘုရင်အားလုံး ဟာ ဒါဝိဒ်မှဆင်းသက်တယ်။ ဣသရေလ ဆယ်နိုင်ငံကတော့ မင်းဆက် ၉ ဆက်နဲ့ အုပ်ချုပ်တယ်။ ဒါပေမယ့် ယုဒမှာ တော့ ဒါဝိဒ်မင်းမျိုး မင်းမျိုးတမျိုးပဲရှိတယ်။ ထာဝရ မင်းမျိုးမင်းဆက်ကို ဒါဝိဒ်ရဲ့သားတော် ခရစ်တော်၌ ပြည့်စုံစေတယ်။ (Matthew 21:9; 22:45) ခရစ်တော်ဟာ ဒါဝိဒ်ရဲ့ယဇ်ပလ္လင်မှာ ထာဝရထိုင်တော်မူမယ်။(Isaiah 9:7; Luke 1:32) ရှောလမုန်က ပညာအရာမှာ ခရစ်တော်ကို ပုံဆောင်ရတယ်။ (၁ကော ၁း၃၀) ကျော်ကြားမှု ဘုန်းအသရေ၊ စည်းစိမ်နဲ့ ဂုဏ်အသရေတွေကို ပုံဆောင်တယ်။ သူ့ရဲ့ငြိမ်းချမ်းစိုးစံရမှုဟာ ခရစ်တော်ရဲ့နိုင်ငံတော်ကို ပုံဆောင်တယ်။ငေ

ရှာလမုန်က ပညာ၊ ငြိမ်သက်ခြင်း၊ ဘုရားတရားနဲ့ စိုးစံခြင်းဟာ နောင်ကြွလာမယ့် ခရစ်တော်ကို ပုံဆောင်တယ်။ ခရစ်တော်က ရှောလမုန်ထက် သာ၍ကြီး မြတ်သောသူ ဖြစ် တယ်။ (Luke 11:31).

**Exam- Lesson 11**

Name ________________________________________________

Address________________________________________________

Multiple choice (Circle only one letter as the correct answer unless otherwise indicated. You may use your Bible when so indicated, but we trust you not to look up the answers in the lesson.)

1.What is the path to power and blessing in faith and practice? (value 3 points)တန်ခိုးအစွမ်းနှင့် ကောင်း□ ကီးမင်္ဂလာ ခံစားရရန် မည်သည့်နည်းလမ်းဖြင့်လုပ်ဆောင်ရမည်နည်း။

a) having much knowledge of biblical principles ကျမ်းစာနည်းနာများ၌ ဗဟုသုတ ကြွယ်ဝရမည်

b) follow good leaders, submit to the group ခေါင်းဆောင်ကောင်းနောက်လိုက်ကာ သူ့စကားကို နာခံပါ

c) submit to God, allow Him to control your heart and mind ဘုရားရှင်ကိုအပ်နံပြီး သင်၏စိတ်နှလုံးကို ထိန်းချုပ်စေပါ၊

2.What did David experience between his anointing and the time he ascended the throne? (value 3 points) ဒါဝိဒ်သည် ဘိသိက်ကောင်းကြီးရချိန်နှင့် ထီးနန်းစွန့် ရချိန်တွင် မည်သို့ ခံစားရသနည်း။

a) He experienced a secure peaceful society. ငြိမ်းချမ်းသော ပတ်ဝန်းကျင်ကိုခံစားရသည်၊

b) He experienced adverse circumstances. ဆန့် ကျင်ဖက်အခြေအနေများကို ခံစားရသည်

c) He experienced long-term privileges of a great hero.မဟာသူရဲကောင်းအဖြစ်လေးစားခြင်းကို နှစ်ပေါ င်း များစွာရရှိသည်

3.Why did God choose David? (value 3 points) ဘုရားရှင်က ဒါဝိဒ်အား အဘယ့်ကြောင့် ရွေးချယ်သနည်း။

a) because of his outstanding talents and character သူ၏ ထင်ရှားသောစွမ်းရည် သတ္တိနှင့်အကျင့်စရိုက်

b) because of his family heritage သူ၏မိဘမျိုးရိုးအရှိန်အဝါကြောင့်

c) because of his love, trust, and submission to God သူ၏ ဘုရားရှင်အပေါ်ချစ်ခြင်း၊ကိုးစားခြင်း၊ ဆက်ကပ် အပ်နံခြင်းကြောင့်

4.When did David and Solomon live? (value 3 points) ဒါဝိနှင့်ရှောလမုန်မင်းတို့ မည်သည့်အချိန်က အသက် ရှင်ခဲ့သနည်း။

a) about 1,000 to 900 years before Christ ခရစ်တော်မပေါ်မီ နှစ်၉၀၀မှ ၁၀၀၀ ကြား

b) about 500 years before Christ ခရစ်တော်မပေါ်မီ နှစ်ပေါင်း ၅၀၀ခန့်

c) about 2,000 years before Christ ခရစ်တော်မပေါ်မီ နှစ်ပေါင်း၂၀၀၀ခန့်

5.How is the period of David and Solomon described in Israel's history? (value 3 points) ဣသရေလသမိုင်းတွင် ဒါဝိဒ်နှင့်ရှောလမုန်အုပ်စိုးသောခေတ်အား မည်သို့ ပုံဖေါ်ကြသနည်း။

a) as the period of Israel's unfaithfulness ဣသရေလလူတို့ သစ္စာမဲ့သောကာလ

b) as the period of Israel's glory ဣသရေလလူတို့ ဘုန်းတန်ခိုးကြီးသောကာလ

c) as the period of Israel's formation ဣသရေလနိုင်ငံတည်ထောင်သောကာလ

6.What happens when God controls the head and the heart of the king? (value 3 points) ဘုရားရှင်က ရှင်ဘုရင်များ၏ဦးနှောက်နှင့်နှလုံးသားကို အုပ်စိုးသောအခါ နိုင်ငံ ဘာဖြစ်သနည်း။

a) Enemies will come and destroy the land. ရန်သူများက နိုင်ငံကိုလာရောက်ဖျက် ဆီးကြ သည်၊

b) There will be war among the tribes. လူမျိုးနွယ်စုများကြား စစ်ပွဲဖြစ်ပွါးသည်

c) There will be peace and prosperity in the land. နိုင်ငံတော်စည်ပင်ဝပြောသာ ယာသည်

7.How does God want man to respond to His revelation? (value 3 points) ဘုရားရှင်က သူ၏အလေ့အလာအား လူသားများကို မည်သို့ နားလည်စေလိုသနည်း။

a) with dread, fear, and trembling ထိန့် လန့် ၊တုန်လှုပ်၊ကြောက်ရွံ့ စေချင်သည်

b) with love, trust, and devotion ချစ်မေတ္တာ၊ ယုံကြည်ခြင်းနှင့် ကိုးစားခြင်းရှိစေချင်သည်

c) with an attitude of independence and freedom တသီးတခြား လွတ်လပ်သော သူဖြစ်စေချင်သည်

8.What other books of the Bible were written during the period of David and Solomon? (value 3 points) ဒါဝိဒ်နှင့်ရှောလမုန်လက်ထက်တွင် သမ္မာကျမ်းစာအုပ်မှ မည်သည့်ကျမ်းများကို ရေးသားခဲ့သနည်း။

a) the prophetical books ပရောဖက်ကျမ်းများ

b) the Pentateuch ဓမ္မဟောင်းကျမ်း ၅-ကျမ်း

c) the poetical books ကဗျာလင်္ကာကျမ်း

9.After his anointing, what did David do about ascending the throne? (value 3 points) ဘုရင်အဖြစ်ဘိသိက် ခံယူပြီးနောက် ဒါဝိဒ်သည် ဘုရင့်ပလ္လင်ပေါ်သို့ မတက်မီ ဘာလုပ်ခဲ့သနည်း။

a) He planned ways to overcome Saul and take the kingdom. ရှောလုကိုအောင်နိုင် ဖို့ လုပ်ဆောင်ခဲ့ပြီး ဘုရင့်နိုင်ငံထူထောင်ခဲ့သည်

b) He developed a bitter hatred for Abner, Saul's military leader. ရှောလု၏စစ်ဗိုလ် ချုပ်ကြီး အဗ္ဗနာကို စိတ်နာ လာခဲ့သည်

c) He waited for God to put him on the throne. သူ့ ကိုဘုရင့်ပလ္လင်အပေါ် ဘုရားရှင် တင်ပေးမည့်အချိန်ကို စောင့်မျှော်ခဲ့သည်

10.Why did David as a monarch consider Israel to be a theocracy during his reign? (value 3 points) အဘယ့်ကြောင့် သက်ဦးဆံပိုင်ဘုရင်ဖြစ်သော ဒါဝိဒ်မင်းကြီးသည် သူအုပ်ချုပ်ချိန်ကာလအား ဘုရားရှင်အလိုတော်အတိုင်း အုပ်ချုပ်ဖို့ စဉ်းစားခဲ့သနည်း။

a) because David felt the kingdom had come from Moses ဒါဝိမင်းကြီးက နိုင်ငံတော် သည် မောရှေထံမှ လာသည်ဟုခံစားရသောကြောင့်ဖြစ်သည်၊
b) because David recognized God as King ဒါဝိဒ်က ဘုရားရှင်အားဘုရင်အဖြစ်အသိမှတ်ပြုသောကြောင့်
c) because David built a temple for God ဒါဝိဒ်က ဘုရားရှင်အတွက်ဗိမာန်တော်ကိုဆောက်သောကြောင့်

11.Where did David began his reign? (value 3 points) မည်သည့်အရပ်တွင် ဒါဝိဒ်မင်းကြီး စတင်နန်းထိုင်ခဲ့သနည်း

a) Jerusalem ယေရုရှလင်
b) Shiloh ရှိလောမြို့
c) Hebron ဟေဗြုန်အရပ်

12. When did David become king of all Israel? (value 3 points) ဒါဝိဒ်သည် မည်သည့် အချိန်တွင် ဣသရေလ တနိုင်ငံလုံး၏ဘုရင် ဖြစ်လာခဲ့သနည်း။

a) as soon as Saul died ရှောလု သေပြီးပြီးခြင်း
b) 7 years after he became king over the tribe of Judah ယုဒမျိုးနွယ်တို့ ၏ဘုရင်အဖြစ်စိုးစံပြီးနောက် ၇-နှစ်အကြာ
c) David never became king of all Israel. ဒါဝိဒ်သည် ဣသရေလနိုင်ငံ၏ဘုရင်မဖြစ်ခဲ့ပါ

13.What city is called God's chosen city? (value 3 points) မည်သည့်မြို့ အား ဘုရားရှင်ရွေးချယ်ထားသည့်မြို့ အဖြစ်ခေါ်သနည်း။

a) Jerusalem ယေရုရှလင်
b) Hebron ဟေဗြုန်
c) Jericho ယေရိခေါ်

14.What was David's first act as king that showed he recognized God's rule? (value 3 points) ဘုရားရှင်သည် ဘုရင်အဖြစ် အုပ်စိုးကြောင်းကို အသိအမှတ်ပြုသော ဒါဝိဒ်မင်းကြီး ၏ပထမဦးဆုံးသောလုပ်ဆောင်ချက်ကားအဘယ်နည်း။

a) He built the temple. သူ ဗိမာန်တော်ဆောက်ခဲ့သည်
b) He conquered Jerusalem. သူ ယေရုရှလင်ကို သိမ်းပိုက်ခဲ့သည်
c) He brought the ark to Jerusalem. သူ ပဋိညာဉ်သေတ္တာကို ယေရုရှလင်သို့ သယ်ယူလာခဲ့သည်

15.What great sin did David commit? (value 4 points) ဒါဝိဒ်ကျူးလွန်ခဲ့သော အကြီး ဆုံးအပြစ်ကားအဘယ်နည်း

a) He lied to the prophet of God. ဘုရားရှင်ပရောဖက်ကို လိမ်ညာခဲ့သည်
b) He murdered a man in Egypt. အီဂျစ်လူမျိုးကို သတ်ခဲ့သည်
c) He committed adultery. သူများမယားကို ပြစ်မှားခဲ့သည်

16.Why did David remain a man after God's own heart even though he had sinned? (value 3 points) ဒါဝိဒ်သည် အပြစ်ကျူးလွန်ခဲ့သော်ငြားလည်း အဘယ့်ကြောင့် ဘုရားရှင် စိတ်တော်နှင့်တွေ့ သူအဖြစ် သူ့ အားခေါ်သနည်း

a) because God overlooked his sin since he was king သူဘုရင်ဖြစ်ပြီးကတည်းက ပင်ဘုရားရှင်သည် သူ၏အ ပြစ်များကို ခွင့်လွှတ်သောကြောင့်
b) because he confessed, repented and asked forgiveness သူသည် အပြစ်ကို ဝန်ခံပြီး နောင်တရကာ ခွင့်လွှတ်ဖို့ ရန်တောင်းလျှောက်သောကြောင့်
c) because God wanted him to continue to rule Israel ဘုရားရှင်က သူ့ အား ဣသရေလရှင်ဘုရင်အဖြ စ် အုပ်ချုပ်စေလိုသောကြောင့်

17.What three choices of punishment did God give David after he numbered the people? (value 3 points) ဣသရေလနိုင်ငံလူဦးရေစာရင်းကို ကောက်ယူသည့်အတွက် အပြစ်ဒဏ် ၃-ခုအမည်ကားအဘယ်နည်း။

a) an early death, sickness, rebellious children စောစီးစွာသေခြင်း၊ဖျားနာခြင်း၊ပုန်ကန်သောသားသမီးများ
b) famine, war, pestilence အစာခေါင်းပါးခြင်း၊စစ်ဖြစ်ခြင်း၊ရောဂါဘေးဆိုးဖြစ်ခြင်း
c) war, destruction of Jerusalem, poverty စစ်ဖြစ်ခြင်း၊ယေရှုရှလင်ပျက်စီးခြင်း၊ ဆင်းရဲခြင်း

18.Where did David offer a sacrifice after God punished him for numbering the people? (value 3 points) လူဦးရေသန်းခေါင်စာရင်းကောက်မိသောအပြစ်ကြောင့် ဘုရားရှင်က သူ့ အားအပြစ်ဒဏ်ခတ်ပြီးနောက် ဒါဝိဒ်မင်းသည် မည်သည့်နေရာတွင် ယဇ်ပူဇော်သနည်း။

a) on Mount Moriah where Isaac was offered ဇေက်ကိုပူဇော်ခဲ့ရာ မောရတောင် ပေါ်တွင်
b) on Mount Nebo နေဘိုတောင်ပေါ်တွင်
c) on Mount Carmel ကာမဲတောင်ပေါ်တွင်

19.What was Solomon's choice when God asked what he desired? (value 3 points) ဘုရားရှင်က ဘာအလို ရှိသနည်းဟုပြောသောအခါ ရှောလမုန် ရွေးချယ်သောအရာကား အဘယ်နည်း။

a) He chose great power to conquer Israel's enemies. ဣသရေလရန်သူများကို နိုမ်နင်းဖို့ ခွန်အားတောင်းခံခဲ့ သည်
b) He chose great riches and honor. မဟာစည်းစိမ်နှင့်ဂုဏ်သရေကို တောင်းခံခဲ့သည်

c) He chose an understanding heart to rule the people with justice and righteousness. တိုင်းသူပြ ပသား များအား တရားမျှတစွာနှင့်ဖြောင့်မတ်စွာအုပ်ချုပ်နိုင်ရန်နားလည်တတ်သောနလုံးသားပေးဖို့ တောင်းခံ ခဲ့သည်

20.Why did God give Solomon wisdom and wealth? (value 3 points) အဘယ့်ကြောင့်ဘုရားရှင်က ရှောလမုန်ကို ညာဏ်ပညာနှင့်ကြွယ်ဝခြင်း ပေးခဲ့သနည်း။

a) because of his power and military victories သူ၏တန်ခိုးနှင့်စစ်ပွဲအောင်နိုင်ခြင်းကြောင့်
b) because David was his father ဒါဝိဒ်သည် သူ၏ခမည်းတော်ဖြစ်သောကြောင့်
c) because God was pleased with Solomon's choice ဘုရားရှင်သည် ရှောလမုန်၏ ရွေးချယ်မှုကို သဘောကျ သောကြောင့်

21. After Solomon built the temple, what did Israel do? (value 3 points) ရှောလမုန် မင်းကြီး ဗိမာန်တော် တည်ဆောက်ပြီးနောက် ဣသရေလလူများ ဘာလုပ်ကြသနည်း။

a) Israel celebrated for 8 days. ၈-ရက်ကြာအောင် ပွဲတော်ကျင်းပသည်
b) Israel celebrated for 40 days. ရက် ၄၀-ကြာအောင် ပွဲတော်ကျင်းပသည်
c) Israel decided to always follow Solomon. ဣသရေလလူမျိုးများ ရှောလမုန်မင်းကိုအမြဲနာခံရန်ဆုံးဖြတ်သည်

22.What turned Solomon's heart away from God when he became rich and powerful? (value 3 points) ရှောလမုန်မင်းကြီး တန်ခိုးအာဏာကြီးထွားလာသောအခါ မည်သည့်အရာက သူ့အားဘုရားရှင်နှင့်ဝေးကွာစေသနည်း

a) He built a strong family to carry his name. သူ၏မျိုးနွယ်အားဆက်ခံဖို့ ခိုင်မာသော မိသားစုထူထောင်သည်
b) He took many wives of foreign nations. တိုင်းတပါးမိန်းမများစွာကို ယူသည်
c) He gave abundantly to the poor.ဆင်းရဲသားများအား လိုလေသေးမရှိအောင် ပေးကမ်းသည်

23.Why did Solomon lose his kingdom? (value 3 points) အဘယ့်ကြောင့်ရှောလမုန်မင်းဆက်ပျက်သုံးခဲ့ရလဲ။

a) because he did not respect God and His laws ဘုရားရှင်ကို မရိုသေဘဲ ပညတ်တော်မချိုးဖေါက်၍
b) because he committed adultery with Bath-sheba ဘာသရှေဘနှင့်မှားယွင်းသောကြောင့်
c) because the Moabites came and fought against him and took the kingdom away from him မောဘလူ မျိုးများကလာရောက်တိုက်ခိုက်ပြီး သူ့နိုင်ငံကို သိမ်းပိုက်သွားသောကြောင့်

24.In whom is God's covenant to David of an everlasting kingdom fulfilled? (value 3 points) မည်သူ့အားဖြင့် ဘုရားရှင်ကဒါဝိဒ်အားထားသောပဋိညာဉ်သည် အစဉ်အမြဲ တည် သနည်း။

a) in David's son Solomon ဒါဝိဒ်၏သားရှောလမုန်

b) in the kings of Judah ယုဒရှင်ဘုရင်များ

c) in Jesus Christ, the Son of David ဒါဝိဒ်၏သားတော်ယေရှုခရစ်

25.Match the following names with the correct statement that describes what they did. (value total 15 points, 3 each) အောက်ပါကွက်လပ်များတွင် မှန်သောစကားလုံး များဖြင့် မှန်ကန်စွာ ယှဥ်တွဲပါ

__________became the king of Israel after Saul a) Absalom

ရှောလုပြီးနောက် ဣသရေလ၏ဘုရင်ဖြစ်လာသည်

__________a prophet who exposed David's sin b) David

ဒါဝိဒ်၏အပြစ်ကို ဖေါ်ပြသော ပရောဖက်ဖြစ်သည်

__________revolted against his father and took his kingdom c) Solomon

သူ့ ဖခင်ကိုပုန်ကန်ပြီး နိုင်ငံ့အာဏာရယူခဲ့သူဖြစ်သည်

_________made a treaty with Pharaoh, a pagan king, and married his daughter d) Tamar

အခြားသောဘုရားကိုးကွယ်သူဖါရောဘုရင်နှင့်မဟာမိတ်ပြုပြီး သူ၏သမီးတော်နှင့်လက်ထပ်သည်

__________was violated by her brother, Amnon e) Nathan

သူမ၏အကို အာမုန်၏စော်ကားခြင်းကိုခံရသူဖြစ်သည်

26.Match the word with its meaning. (value total 12 points, 3 each) အောက်ပါတို့ ကို မှန်ကန်စွာယှဥ်တွဲပါ

______devotion a. Sorrow for sin with a determination to change

ယတိပြတ်ပြောင်းလဲရန်စိတ်ထားဖြင့် အပြစ်အတွက်ဝမ်းနည်းခြင်း

______dynasty b. The act of being loyal သစ္စာရှိသည့် လုပ်ရပ်

______repentance c. Succession of rulers of the same family မျိုးရိုးတခု

တည်းမှအုပ်စိုးသူအား ဆက်ခံသူ

Copyright by Rogma International, Inc. All rights reserved.

---

## Lesson 12

## Section V – Blessings of Bonding

## Believing Minds and Loving Hearts Devoted to God (songs and sayings)

သဘောတူထားတဲ့ကောင်းကြီးများ ယုံကြည်သောစိတ်နဲ့ ချစ်တတ်သောနှလုံးသားများ

ဘုရားသခင်ကို ကြည်ညိုခြင်း **(**သီချင်းများနှင့် ဆိုစကားများ**)**

**Theme**: ဝတ်ပြုကိုးကွယ်ရာမှာ ဆုတောင်းခြင်းနဲ့ ချီးမွမ်းခြင်းဟာ အရေးပါတယ်။ ဘုရား သခင်နဲ့ မိသဟာယ ဖွဲ့ဖို့ အမှုတော်ဆောင်ဖို့ဖြစ်ပါတယ်။ ဝတ်ပြုကိုးကွယ်ခြင်းဟာ အရေးပါတယ်။.

**Goal**: ဝတ်ပြုကိုးကွယ်ခြင်းအကြောင်းကို ကျမ်းစာနဲ့အညီနားလည်ဖို့ သင်ယူပါ။ ချစ်ခြင်းမေတ္တာနဲ့ ကြည် ညိုမှုကို ဝတ်ပြုကိုးကွယ်ရာ ပြောဆိုရာ လုပ်ကိုင်ရာမှာဖေါ်ပြပါ။.

**Summary**: ကျမ်းစာထဲမှာကဗျာလင်္ကာကျမ်းတွေဖြစ်တဲ့ဆာလံကျမ်း၊သုတ္တံကျမ်း၊ဒေသနာကျမ်း နဲ့ ရှောလမုန် သီချင်းစာတွေဟာ သီချင်း၊ ကဗျာ၊ ဆုံးမစကားတွေနဲ့ ပညာရှိစကားတွေ ပါဝင်တယ်။ ဘုရားသခင်ကို ကြည်ညိုတတ်ဖို့ ထောက်ပြတယ်။ ဘုရားသခင်ကို ကြည်ညိုတဲ့ လူတွေရဲ့နက်ရှိုင်း ပုံကို ဖေါ်ပြတယ်။ သမိုင်း အဖြစ်အပျက်တွေကို ဖေါ်ြ ပလေ့မရှိဘဲ စိတ်သဘောထားတွေကို ပြောပြ တယ်။ မပါမဖြစ်လို့ ပါရပေမယ့် လူတွေ၊ ဒေသတွေ၊ နေ့စွဲတွေအကြော င်းကို ပြောပြလေ့မရှိဘူး။ ဆာလံကျမ်းအများစုကို ဒါဝိဒ်နဲ့ သူ့ရဲ့သီချင်းဆရာ အာသတို့ ရေးကြတယ်။ ဣသရေလဟာ ဘုရင် အုပ်ချုပ်တဲ့နိုင်ငံ monarchy ဖြစ်တယ်။ ဒါပေမယ့် ဒါဝိဒ်နဲ့ ရှောလမုန်က ယုံကြည်သူဘုရင်များ အုပ် ချုပ်တဲ့နိုင်ငံ theocracyစနစ်ကို ကျင့်သုံးခဲ့တယ်။ဘုရင်စနစ် ဖြစ်ပေမယ့်ဘုရားကိုအားကိုးပြီးဘုရား အစီအစဉ်အတိုင်း အုပ်ချုပ်ခဲ့တ ယ်။ ဒီအခန်းအတွက် ဆင်ခြင်စရာကတော့ ဘုရားသခင်တွေးသလို တွေးပြီး၊ ဓမ္မသီချင်းကို နှလုံးသားထဲမှာသိုထား ဖို့ဖြစ်တယ်။.

**Outline**: ဒီသင်ခန်းစာအတွက် outline မရှိပါ။သင်ခန်းစာထဲမှာပါတဲ့ကျမ်းစောင် ၁စောင်ချင်း အတွက်တော့ Outline တွေ့ရနိုင်တယ်။.

**Words to know: (know these words for your exam)**ဝေါဟာရများ

analogy: ဆင်တူယိုးမှား အရာတွေကို နှိုင်းယှဉ်တဲ့ပညာ

blessing: divine favor

canticle: တူရိယာမဲ့ ရွတ်ဖတ်တဲ့သီချင်း

didactic: ကိုယ်ကျင့်တရားကို သွန်သင်ဆုံးမခြင်း

enmity: hostility, deep seated ill-will

messianic: referring to the Messiah, Savior

penitent: sorry, repentant for sin

praise: approve, extol, glorify

prayer: speaking to God with reverence

proverbs: short expression of a well-known truth

Psalms: sacred songs or hymns

sanctuary: consecrated or holy place

type: ပုံဆောင်ချက်

vanity: အနတ္တ၊ အချည်းနှီးသက်သက်၊ အကျိုးမ

wisdom: knowing discernment, discretion

worship: reverence, homage, adoration, recognition of superiority

## Introduction-နိဒါန်း

**The Poetical Books:** ကဗျာလင်္ကာကျမ်းများ ။ ။ ယောဘ ဆာလံ သုတ္တံ ဒေသနာ ရှောလမုန်သီချင်း မြည်တမ်းခြင်း။ ကဗျာလင်္ကာကျမ်းများဟာ ဓမ္မသီချင်းများ ဆုံးမစကားများ မေတ္တာပညာနှင့်ဆိုင်သော စကားများ ပါဝင်တယ်။ ဒီကျမ်းတွေကိုရေးဖို့ လူအမျိုးမျိုးကိုသုံးခဲ့ပေမယ့် အဓိကက ဒါဝိဒ်နဲ့ ရှောလမုန် ဖြစ်တယ်။ ဒါဝိဒ်က ဘုရားပေးတဲ့စိတ်နလုံးမှတဆင့် စကားပြောတတ် သူဖြစ်တယ်။ ရှောလမုန်က ဘုရားပေးတဲ့ပညာကို လိုချင်သူတယောက်လို စကားပြောတယ်။ နှစ်ယောက်လုံးဟာယုံကြည်သူတွေ ဖြစ်ပြီးဘုရား အသုံးပြုခံခြင်သူတွေဖြစ်တယ်။ ဒီကျမ်းတွေဟာ ဘုရားထံဆက်ကပ်သူရဲ့စိတ်ထားကိုပြတယ်။ ဒီကျမ်းစကားတွေအရဒါဝိဒ်နဲ့ရှောလမုန်ဟာဘုရားအုပ်စိုးခြင်းကိုဝန်ခံတဲ့ ဘုရင်စနစ်ကို ကျင့်သုံးသူတွေ ဖြစ်တယ်။ ဒီ ကျမ်းစကားတွေကို နှစ်ပေါင်းရာနဲ့ချီပြီး လူတွေဖတ်ရွတ်ကြတယ်။ နှစ်သိမ့်မှု လမ်းပြမှုကိုခံရကြတယ်။ ကဗျာလင်္ကာ ကျမ်းတွေဟာ သမိုင်းဖြစ်ရပ်တွေကို အသေးစိတ် မပြောဘူး။ စိတ်ရဲ့အတွေးနဲ့ ခံစားချက်အပြုအမူတွေကိုသာ ပြောပြ တယ်။ ဘုရားနဲ့ လူ့ကြားက ခံစားချက်ကို ပြတယ်။ ချစ်ခြင်း ကြောက်ရွံ့ခြင်း မုန်းတီးခြင်း မြော်လင့်ခြင်း နာကျင်ခြင်း နှစ်သက်ခြင်းပညာ စတာ တွေကိုပြောတယ်။ဒီကျမ်းစာအများစုကို ဒါဝိဒ်နဲ့ရှောလမုန်ခေတ်မှာရေးခဲ့တယ်။ ကဗျာ လင်္ကာကျမ်း တွေဟာ လူတွေရဲ့စိတ်နလုံး ကို အနာဂတ်အတွက်ပြင်ဆင်ပေးတယ်။ ဒီကျမ်းဟာ ဣသရေလ လူမျိုး တွေရဲ့သီချင်းတွေ ဆိုစကားတွေ ဖြစ်လာတယ်။

## THE LESSON - သင်ခန်းစာ

ဆုတောင်းခြင်း ကျေးဇူးတော်ချီးမွမ်းခြင်းနဲ့ ဝတ်ပြုကိုးကွယ်ခြင်းအတွက် ဘုရားရဲ့အစီအစဉ်

God's Pattern for Prayer, Praise and Worship

### I. THE BOOK OF PSALMS - ဆာလံကျမ်းများ

A.ဆာလံကျမ်းဟာ သီချင်းအပုဒ်ပေါင်း ၁၅၀ပါဝင်ပြီး သီချင်းအဖြစ်ရေးထားကာ ဗိမ္မာန်တော်မှာ သုံးတယ်။ ဒီသီချင်းတွေကို ဂျူးလူမျိုးတွေက တဦးချင်းဖြစ်စေ လူအများ ဝတ်ပြုကိုးကွယ်ရာမှာ ဖြစ်စေသုံးတယ်။ တူရိယာပါတာရှိသလို မပါတာလည်းရှိတယ်။ ဒီဂျူးလူမျိုး ကဗျာလင်္ကာ ကျမ်းတွေဟာ အကြောင်းအရာတခုကို ထပ်ကြော့ပြီး ဆိုတာရှိသလို ပိုတိုးတက်အောင်လုပ်ပြီး ဆိုတာလည်း ရှိတယ်။.

B.ဆာလံကျမ်းကို လူများစွာကရေးခဲ့တယ်။ ဒါဝိဒ်က ၇၃ပုဒ်၊ ရှောလမုန် ၂ပုဒ်၊ ကောရသားများ ၁၁ပုဒ်၊ အာသ ၁၂ပုဒ်၊ ဟေဇကိ ၁၀ပုဒ်၊ မောရှေအကြောင်း ၁ပုဒ်၊ ဟေမန် ဆာလံ ၈၈၊ ‌အေသန် (Psalms 89). နဲ့ တခြားကျမ်းတွေကိုတော့ ရေးသူအမည်မသိရဘူး။

C.ရှေးကတည်းက ဆာလံကျမ်းတွေကို အပိုင်း၅ပိုင်းခွဲခဲ့တယ်။ အပိုင်းခွဲရခြင်းရဲ့အကြောင်းရင်း မသိရပေမယ့် သီချင်းအားလုံးကို ဒါဝိဒ်က စုစည်းပြီး အပိုင်း၁ ဖြစ်စေခဲ့ပုံရတယ်။ အတွဲ ၂ က ဟေဇ ကိရဲ့ဗိမ္မာန်တော်မှာဆိုတဲ့ သီချင်းတွေဖြစ်တယ်။ အပိုင်း ၃ က ယောရှက စုစည်းပြီး အပိုင်း ၄ နဲ့ ၅ ကိုဇေရန်နဲ့နေဟမိက စုစည်းတယ်။ ဆာလံသီချင်းတွေကို သမိုင်းနေ့စွဲအရ စုစည်းခဲ့တာမဟုတ်ဘူး။

D.ဆာလံသီချင်း အမျိုးအစား အများအပြားရှိတယ်။

အသနားခံသော ဆာလံ၊ ဆုတောင်းသော ဆာလံ၊ ကျေးဇူးတော်ချီးမွမ်းသော ဆာလံ ညည်းတွား သော ဆာလံ၊ ဘုရား ကို ချီးမြှောက်သောဆာလံ၊ ယုံကြည်မှုနိုင်ငံတော်၊မေရှိယဖန်ဆင်း ခြင်း၊ ဝေဒနာခံစားခြင်း၊ တောအရပ်လှည့်လည်ခြင်း၊ ပရောဖက်ပြုခြင်း၊ တရားစီရင်ခြင်း ပညာ၊ ဘုရား သခင်ကြီးမြတ်ကြောင်းဖွဲ့ဆိုခြင်းတို့ပါဝင်တယ်။လူတွေရဲ့ခံစားချက်ကို အကြီးအကျယ် ဖေါ်ပြတဲ့ သီချင်းတွေဖြစ်တယ်။ သခင်ယေရှုက ဆာလံကျမ်းကို မကြာခဏ ကိုးကားခဲ့ရှိတယ်။ ကားတိုင် မှာအသတ်ခံရစဉ် Psalms 22:1 and Psalms 31:5 (Matthew 27:46; Luke 23:46)။ ဆာလံ သီချင်း တွေဟာ တခါတရံမှာ ဧဝံဂေလိကျမ်းများကို ကြိုတင်ဖေါ်ပြ တယ်။ ဒါကို Messianic Psalms မေရှိယဆာလံများလို့ ခေါ်တယ်။ ခရစ်တော်ကို ဘုရင်အဖြစ် မဿဲ၊ အစေခံကျွန်အဖြစ် မာကု၊ လူသားအဖြစ် လုကာ၊ ဘုရားသားတော်အဖြစ် ယောဟန်တို့ မှာတွေ့ရတယ်။

E.ဆာလံသီချင်းများကို အပိုင်းခွဲခြားခြင်း ။ ။ဆာလံကျမ်းကို ၅ ပိုင်း ပိုင်းနိုင်တယ်။ မောရှေကျမ်း ၅စောင်တွဲလိုမျိုးဖြစ်တယ်။တပိုင်းစီဟာ ချီးမွမ်း တဲ့ ဆာလံများနဲ့ အဆုံးသတ်တာတွေ့ရတယ်။.

1. Book I – Psalms 1-41 – Genesis

အဓိကအကြောင်းအရာက လူဖြစ်တယ်။

a. ကောင်းကြီးခံရသောအခြေအနေ (Psalm 1)

b. ကျဆင်းပြီး ဘုရားနဲ့ရန်ငြိုးဖွဲ (Psalms 2-15)

c. သခင်ယေရှုခရစ်ရဲ့ကျေးဇူးတော်အားဖြင့် ကောင်းကြီးပြန်ရခြင်း (Psalms 16-41)

2. Book II – Psalms 42-72 – Exodus

အဓိကအချက်က ဣသရေလနိုင်ငံ

a. ဣသရေလရဲ့ပျက်စီးခြင်း (Psalms 42-49)

b. ဣသရေလကို ရွေးနှုတ်ကယ်တင်သ (Psalms 50-60)

c. ဣသရေလ ရွေးနှုတ်ခြင်း (Psalms 61-72)

န၊ ၀ိပ်စက်ညှင်းပန်းခြင်းခံရသူရဲ့ ငိုကြွေးသံနဲ့စပြီး ရွေးနှုတ်ကယ်တင်သူဘုရင် စိုးစံခြင်းနဲ့ ဆုံးလေ့ ရှိတယ်။ Psalm 72.

3. Book III – Psalms 73-89 – Leviticus

အဓိကအချက်က သန့်ရှင်းရာဌာန (Sanctuary) ပျက်စီးခြင်းမှသည် ကောင်းကြီးမင်္ဂလာများ ပြည့်စုံလျက် ပြန်လည် တည်ထောင်ခြင်း အကြောင်းဖြစ်သည်။

4. Book IV – Psalms 90-106 – Numbers

အဓိကအကြောင်းမှာတောထဲတွင်လှည့်လည်ခြင်းဖြစ်သည်။ကောင်းကြီးခံစားရဖို့ လိုအပ်နေသော ကမ္ဘာမြေကြီးနှင့် သူ့ရဲ့ကြည်နူးစရာကောင်းသော အစွမ်းသတ္တိကိုရေးတယ်။ တောထဲမှာ လှည့်လည်စဉ် မောရှေက ဆာလံ ၉၀ကိုရေးတယ်။

5. Book V – Psalms 107-150 – Deuteronomy

အဓိကအချက်က ဘုရားရဲ့နှုတ်ကပတ်တော်ဖြစ်တယ်။ သမ္မာကျမ်းစာထဲမှာ အရှည်ဆုံး အခန်းဖြစ်တဲ့ ဆာလံ ၁၁၉ဟာ နှုတ်ကပတ်တော်အကြောင်းကိုရေးတယ်။

F. Christ in the book of Psalms.

ဆာလံကျမ်းအများစုဟာ သခင်ယေရှုခရစ်တော်ရဲ့အမှုတော်ကို ဖေါ်ပြတယ်။ မေရှိယအဖြစ်ကြွ လာမယ့်အကြောင်း ပြော တယ်။ဒါကို messianic Psalms မေရှိယကျမ်းများလို့ခေါ်တယ်။ ခရစ်ဝင်ကျမ်း ၄ကျမ်းလိုပဲ ဆာလံကျမ်းများဟာ ခရစ် တော်ရဲ့အကြောင်းနဲ့ သူ့ရဲ့အမှုတော်ကို အချက်အလက် များစွာရေးသားဖေါ်ပြထားတယ်။ စာမေးပွဲအတွက်ခရစ်တော်ရဲ့အကြောင်းနဲ့ သူ့ရဲ့အမှုတော်ကို *အမှတ် ပေးပြီး အသားပေးထားတယ်။

1. Jesus Christ, the King သခင်ယေရှုခရစ်တော် ဘုရင် (Matthew)

a. Psalm 2 – တိုင်းပြည်တို့ရဲ့ဘုရင်အဖြစ် ငြင်းပယ်ခံရ။ *

b. Psalm 18 – ကွယ်ကာသူနဲ့ ကယ်တင်သ*

c. Psalm 20 – ကယ်တင်ခြင်းကို ပေးကမ်းသ

d. Psalm 21 – ဘုရားသခင်အားဖြင့် ဘုန်းအသရေပေးသ

e. Psalm 24 – ဘုန်းကြီးသောရှင်ဘုရင်*

f. Psalm 47 – နိုင်ငံတော်မှာ အုပ်ချုပ်သူ

g. Psalm 110 – ဘုရင် ယဇ်ပုရောဟိတ

h. Psalms 132 – ပလ္လင်ပေါ်တွင် စိုးစံခြင်း

2. Jesus Christ, the servant သခင်ယေရှုခရစ်တော် အစေခံကျွန် (Mark)

a. Psalm 17 – ဆုတောင်းပေးသူ*

b. Psalm 22 – အသေခံပေးသောကယ်တင်ရှင်*

c. Psalm 23 – သိုးထိန်း*

d. Psalm 40 – အသေခံရသည့်တိုင်အောင် နာခံသူ

e. Psalm 41 – ရင်းနှီးသောမိတ်ဆွေရဲ့သစ္စာဖောက်ရောင်းစားခြင်းကိုခံရသူ

f. Psalm 69 – အကြောင်းမရှိပဲ အမုန်းခံရသူ

g. Psalm 109 – သူ့ကိုငြင်းပယ်သူများအား ချစ်တော်မူသောသူ

3. Jesus Christ, the Son of Man သခင်ယေရှုခရစ် လူသား (Luke)

a. Psalm 8 – ကောင်းကင်တမန်တို့ထက် အနည်းငယ်နိမ့်ချမှုကိုခံယူသူ

b. Psalm 16 – ရှင်ပြန်ထမြောက်ဖို့ ဂတိတော်ခံရသူ

c. Psalm 40 – ရှင်ပြန်ထမြောက်ခြင်းကို နားလည်စေသူ

4. Jesus Christ, the Son of God ယေရှုခရစ်တော် ဘုရားသားတော် (John)

a. Psalm 19 – ဖန်ဆင်းရှင်

b. Psalm 102 – ထာဝရ

c. Psalm 118 – တိုက်ထောင့်အထွဋ်ကျောက်-Chief Cornerstone

5. Psalms of Christ fulfilled in the New Testament – ခရစ်တော်နှင့်ဆိုင်သော ဆာလံကျမ်းများ ဓမ္မသစ် ကျမ်းမှာ ပြည့်စုံခဲ့တယ်။ မေရှိယအကြောင်း ပရောဖက်ပြုချက်များ messianic prophecies

a. Psalm 2:7 – သားတော်ဟာ ဘုရားသခင်ရဲ့သားတော်ဖြစ်ကြောင်း ကြေညာခဲ့တယ်။ (Matthew 3:17; Acts 13:33).

b. Psalm 8:6 – သူ့ရဲ့ခြေအောက်မှာ အရာအားလုံးကိုချထားတယ်။ (Hebrews 2:8, 6-13).

c. Psalm 16:10 – သေခြင်းမှထမြောက်မယ (Mark 16:6-7).သန့်ရှင်းသူဟာ ပုပ်ပျက်ခြင်းသို့မရောက်။ (Acts 2:27; 13:35).

d. Psalm 22:1 – ဘေးရောက်ရာကာလမှာ သူ့ကိုစွန့်ပစ်မယ်။ (Matthew 27:46).

e. Psalm 22:7-8 – လှောင်ပြောင်ခြင်း ကဲ့ရဲ့ခြင်းကိုခံရမယ်။ (Luke 23:35).

f. Psalm 22:8 – ဘုရားသခင်ကိုအားကိုးတယ်၊ ဘုရားအကယ်ခံတယ်။ (Matthew 27:42).

g. Psalm 22:16 – လက်တော်နဲ့ ခြေတော်ဟာ သံချက်ရာခံရတယ်။ (John 20:25,27).

h. Psalm 22:18 – အဝတ်တော်ကို မဲချခံရတယ်။ (Matthew 27:35-36; John 19:24).

i. Psalm 34:20 – သူ့အရိုးများကို မချိုးဖဲ့ရ။ (John 19:32-33, 36).

j. Psalm 35:11 – မမှန်ပဲနဲ့ အပြစ်တင်ခံရတယ်။ (Mark 14:57).

k. Psalm 35:19 – အကြောင်းမရှိပဲ အမုန်းခံရ။ (John 15:25).

l. Psalm 40:7-8 – အကြောင်းမရှိပဲ အမုန်းခံရ။ (Hebrews 10:7).

m. Psalm 41:9 – မိတ်ဆွေက သစ္စာဖောက်ရောင်းစားခြင်းခံရ။ (Luke 22:47; John 13:18).

n. Psalm 45:6 – သူ၏ပလ္လင်တော် ထာဝရတည်မယ်။ (Hebrews 1:8).

o. Psalm 68:18 – ဘုရားသခင်ရဲ့လက်ျာတော်ဘက်ကို တက်ကြွမယ်။ (Mark 16:19).

p. Psalm 69:9 – ဘုရားသခင်ရဲ့အိမ်တော်ကို စွဲလမ်းခြင်းစိတ်ဟာ သူ့ကိုလောင်ကျွမ်းတယ်။ (John 2:17).

q. Psalm 69:21 – ဆေးခါးနဲ့ပုန်းရည်ကို သောက်ဖို့ပေးခံရတယ်။ (Matthew 27:34).

r. Psalm 109:4 – ရန်သူတို့အတွက် ဆုတောင်းပေးမယ်။ (Luke 23:34).

s. Psalm 109:8 – သူ့ကို သစ္စာဖောက်သူရဲ့နေရာကို တခြားသူရမယ်။ (Acts 1:20).

t. Psalm 110:1 – ရန်သူများက သူ့ကိုပြန်ဝန်ခံရမယ်။ (Matthew 22:44). ဘုရားသခင်ရဲ့လက်ျာတော်ဘက်မှာ ထိုင်မယ်။

u. Psalm 110:4–မေလခိဇေဒက်လိုထာဝရယဇ်ပရောဟိတ်မင်းဖြစ်မယ်။(Hebrews 5:6; 7:17).

v. Psalm 118:22 – ငြင်းပယ်ခြင်းကိုခံရသော တိုက်ထောင့်အထွဋ်ကျောက် (Matthew 21:42).

w. Psalm 118:26 – ထာဝရဘုရားရဲ့နာမတော်နဲ့ ကြွလာမယ်။ (Matthew 21:9).

G. **Things to Think About:** ဆင်ခြင်စရာများ

1. ဆာလံကျမ်းများဟာ အားပေးတယ်။ခွန်အားနဲ့ပြည့်စုံစေတယ်။ ကောင်းကြီးရစေတယ်။ ဆာလံကျမ်းဖတ်ပြီး ခွန်အားရသလား။ ကောင်းကြီးရပြီလား။ကိုယ့်အတွက် အထောက်အကူ ဖြစ်မယ့် ဆာလံတွေကို ပြောပြနိုင်မလား။ ဆာလံ ကျမ်း ဘယ်လောက်များများ အလွတ်ရသလဲ။
2. ဆာလံကျမ်းဟာလူတွေရဲ့အတွေးတွေနဲ့ စကားတွေကိုဖော်ပြတယ်။ သူတို့ရဲ့သက်သေခံချက်တွေဟာသိပ်မြင့်တယ်။ ဘုရားကိုချီးမွမ်းပြီး ဘုရားရဲ့ကိုယ့်အသက်တာပေါ်လုပ်ဆောင်မှုကို ပြန်ဝေငှတတ်ပြီလား။ ကိုယ်ပြောတာ ရေးတာတွေ က သူများကိုခွန်အားရစေပြီလား။?
3. ဆာလံကျမ်းမှာပြောထားတဲ့ ခရစ်တော်အကြောင်းပြောတာတွေကို ဆင်ခြင်ကြည့်ပါ။ ပရောဖက်ပြုချက်အတိုင်း ပြည့်စုံခဲ့ပြီ။ ဒါက ဘာကိုဆိုလိုသလဲဆိုရင် ကျမ်းစာ ၁၀၀% မှန်ကြောင်း ပြတယ်။ ရေးထားတဲ့အတိုင်း အတိအကျဖြစ်လာခဲ့တယ်။ ဘုရားသခင်ရဲ့နှုတ်ကပတ်တော်ကို ဘယ်လိုသဘောထား ခံစားသလဲ။?

## II. THE BOOK OF PROVERBS IS A COLLECTION OF SOLOMON'S SAYINGS OF WISDOM, EXPRESSED IN PROVERBS OR SHORT COMPARISONS SIMILAR TO PARABLES-သုတ္တံကျမ်း ဟာ ရှောလမုန်ရဲ့ပညာ စကား တွေကို စုစည်းထားတာဖြစ်တယ်။ ဆုံးမစကားများနဲ့ ပညာစကားများကို အတိုချုပ် ပြောထားတာ လည်းဖြစ်တယ်။

သုတ္တံရဲ့နောက်ဆုံးကျမ်းနှစ်ခန်းဖြစ်တဲ့ အခန်း၃၀ နဲ့ ၃၁ ကို အာကုလနဲ့ လေမွေလတို့ရေးတယ်။ ဒီနှစ်ယောက် အကြောင်းကို သိပ်မသိရဘူး။

A.သုတ္တံကျမ်းဟာ ဘုရားဝတ်၌ ဘယ်လိုမွေ့လျော်တယ်ဆိုတာ ကောင်းကြီး ဘယ်လိုရမလဲဆိုတာ ညွှန်ပြတယ်။ Didatic book သွန်သင်သောကျမ်းလို့ ခေါ်တယ်။ လူ့ဘဝရဲ့အခြေခံ သဘောတရား basic principles တွေကို နှိုင်းယှဉ်ညွှန်ပြတယ်။

1. godliness and sinဘုရားဝတ်မွေ့လျော်ခြင်းနဲ့အပြစ်
2. wealth and povertyချမ်းသာနဲ့ဆင်းရဲ
3. wisdom and follyပညာနဲ့ မိုက်မဲခြင်း
4. pride and humilityမာနနဲ့ နှိမ့်ချခြင်း
5. justice and vengeanceတရားသဖြင့်စီရင်ခြင်းနဲ့ လက်စားချေခြင်း
6. strife and loveပုန်ကန်ခြင်းနဲ့ ချစ်ခြင်းမေတ္တာ
7. laziness and workပျင်းရိခြင်းနဲ့ အလုပ်လုပ်ခြင်း
8. life and deathအသက်နဲ့သေခြင်း
9. speech and silenceစကားပြောခြင်းနဲ့ တိတ်တိတ်နေခြင်း
10. rich and poorချမ်းသာခြင်းနဲ့ ဆင်းရဲခြင်း
11. righteousness and wickednessဖြောင့်မတ်ခြင်းနဲ့ ဆိုးညစ်ခြင်း
12. hopes and fearsမျှော်လင့်ခြင်းနဲ့ ကြောက်ရွံ့ခြင်း
13. joys and sorrowsဝမ်းမြောက်ခြင်းနဲ့ ဝမ်းနည်းခြင်း
14. anger and peaceစိတ်ဆိုးခြင်းနဲ့ ငြိမ်သက်ခြင်း
15. lust and controlတပ်မက်ခြင်းနဲ့ ထိန်းချုပ်ခြင်း

လူနဲ့ ဘုရားသခင်ကြားဆက်သွယ်မှု၊ လူလူချင်းဆက်သွယ်မှုများကို သုတ္တံကျမ်းများကရေးသား တယ်။ လင်ယောကျာ်းနဲ့ ဇနီးသည်၊ မိဘနဲ့ သားသမီး၊ မိတ်ဆွေချင်း၊ သခင်နဲ့ကျွန် ဘုရင်နဲ့ ပြည်သူ ကြား ဆက်သွယ်မှုလည်း ပြတယ်။

Wisdom is defined: ပညာကို အနက်ဖွင့်ထားတယ်။ပညာရဲ့အစအဦးဟာဘုရားသခင်ကိုကြောက်ရွံ့ခြင်းဖြစ်တယ်။ Worship is differentiated:ဝတ်ပြုကိုးကွယ်ခြင်းကိုလည်း ရှင်းပြတယ်။ စစ်မှန်တဲ့ ဝတ်ပြုကိုးကွယ်ခြင်းဟာ ဘုရားကို ဦးတည်တယ်။ အလွဲဝတ်ပြုကိုးကွယ်သူတွေကတော့ လူကိုအဓိကထားတယ်။.

B.သုတ္တံကျမ်းရဲ့အဓိကအချက်ဟာ ဘုရားကိုကြောက်ရွံ့ပြီး နေ့စဉ်ဘဝမှာ ဖြောင့်မတ်စွာ အသက် ရှင်ဖို့ဖြစ်တယ်။.

C.**Outline of Proverbs:**

1. Introduction to wisdom ပညာအကြောင်းနိဒါန်း (chapters 1:1-7)
2. Precepts of wisdom ပညာရဲ့ဩဝါဒများ (chapters 1:8 – 9:18)
3. Proverbs of Solomon ရှောလမုန်ရဲ့သုတ္တံစကားများ (chapters 10:1-24:34)
4. Proverbs of Solomon copied by Hezekiahဟေဇကိကူးရေးသော ရှောလမုန်မင်း၏ သုတ္တံ စကားများ (chapters 25-29)
5. Words of Agur အာကုရရဲ့စကားများ (chapter 30)

6. Words of Lemuel လေမွေလရဲ့စကားများ (chapter 31:1-9)

7. The virtuous woman သီလရှိသောမိန်းမ (chapter 31:10-31)

D.ခရစ်တော်ကို သုတ္တံကျမ်းထဲမှာ ပညာအဖြစ်ဖေါ်ပြတယ်။

1. in its divine perfection ဘုရားဇာတိပြည့်စုံတယ်။ (Proverbs 8:22-31)

2. as source of life အသက်ရဲ့မူလလအမြစ်အဖြစ်ပြတယ်။ (Proverbs 3:18; 8:35-36)

3. righteous and moral ဖြောင့်မတ်သော ကိုယ်ကျင့်တရားရှိသောသူအဖြစ်ပြတယ် (Proverbs 8:8-9)

4. available to all who receive wisdom ပညာကို လိုသူတိုင်း ရနိုင်တယ်။ (Proverbs 8:1-6, 32-35) ပညာရတနာအလုံးစုံတို့ကို ခရစ်တော်၌ ဖွက်ထားတယ်။ (Colossians 2:3; 1 Corinthians 1:22-24).

E.**Things to Think About:** ဆင်ခြင်စရာများ

သုတ္တံကျမ်းဟာ အမှားနဲ့အမှန်နဲ့ သူတို့ရဲ့အကျိုးဆက်တွေကိုဖေါ်ပြတယ်။ ဘုရားသခင်ကို ကြောက်ရွံ့ခြင်းဟာ ပညာဉာဏ်ရဲ့အစဖြစ်တယ်။ ဘုရားသခင်ကို ကြောက်ရွံ့ရင် မှန်တာလုပ်ဖို့ ဘုရားသခင်က မစမယ်။ ဘယ်သုတ္တံကျမ်းကို အသက်တာမှာကျင့်သုံးနေပြီလဲ။

III.**THE BOOK OF ECCLESIATES IS THE BOOK OF THE "PREACHER" WHO OBSERVES ALL OF LIFE AND CONCLUDES ALL IS FUTILE APART FROM GO**Dဒေသနာကျမ်းဟာ လူ့ဘဝနဲ့ ဘုရား သခင်ထံမှ ဝေးကွာသွားသူများအကြောင်းကို လေ့လာ ထားတဲ့ တရားဟောဆရာ **"Preacher"** ဒေသနာဆရာ ရေးတဲ့ ကျမ်းဖြစ်တယ်။

အသက်တာမှာ ဘုရားသခင်မပါရင် စိတ်ပျက်စရာ၊ အချည်းနှီးဖြစ်စရာသာဖြစ်တယ်။

A.**Outline of Ecclesiastes:**

1. လူ့ဘဝရဲ့ပျက်စီးလွယ်တတ်တဲ့သဘာဝကို ရှင်းပြတယ်။ လူ့ဉာဏ်ပညာ၊လူ့အကြံအစည်လူ့ စည်းစိမ်တွေဟာ ယာယီဖြစ်တယ်။ ဒီတနေ့အတွက်သာ ပျော်စရာဖြစ်တယ်။ (chapters 1,2).

2. ဘုရားပေးတဲ့အစီအစဉ်နဲ့ လူ့ဘဝအဓိပ္ပါယ်ကို ရှာယူရမယ်။ဘုရားပေးတဲ့လက်ဆောင်တွေအနာဂတ်တရားစီရင်ခြင်းနဲ့ပတ်သက်တဲ့ အတွေးအခေါ်တွေကို ဘုရားကပြတယ်။ (chapter 3,4).

3. လူ့ဘဝရဲ့ပျက်စီးလွယ်တဲ့အရာတွေကို ရင်ဆိုင်ရတယ်။ နှိပ်စက်ခြင်း အလုပ်လုပ်ခြင်း၊ နိုင်ငံရေးအောင်မြင်မှု၊ လွဲမှားတဲ့ကိုးကွယ်မှုနဲ့ စည်းစိမ်ဉစ္စာတွေဖြစ်တယ်။ (chapter 5).

4. စည်းစိမ်ဉစ္စာရဲ့မတည်မြဲမှု (chapter 6).

5. လူ့ရဲ့ဆိုးညစ်မှုနဲ့ ဘုရားရဲ့သန့်ရှင်းမှုတွေအကြောင်းကို ဆုံးမစကားအဖြစ် ရေးတယ်။ လူ့ဘဝရဲ့မရေရာမှု၊ အသက်အရွယ် အိုမင်းရင့်ရော်လာမှုတွေကိုပြောတယ်။ (chapters 7-12) Chapter 12 ဟာ အဓိကအချက်ကို အဆုံးသတ်ပြထားပြီး ဘုရားကိုကြောက်ရွံ့ပြီးပညတ်တော် စောင့်ထိန်းရမယ်လို့ဆိုတယ်။

ခရစ်တော်ကို ဒေသနာကျမ်းထဲမှာစစ်မှန်သောသိုးထိန်း။သိုးထိန်းမရှိရင်လူ့ဘဝဟာရှုပ်ထွေးပြီး အချည်းနှီးဖြစ်တယ်လို့ ဆို တယ်။ ခရစ်တော်သာလျှင်လူ့ရဲ့ကျေနပ်မှုဝမ်းမြောက်မှုပညာဉာဏ်ကို ပေးစွမ်းနိုင်တယ်။လူ့ရဲ့အကောင်းဆုံး အောင်ြမင် မှုကတော့ သိုးထိန်းကြီးတပါး၌သာလျှင်ရနိုင်တယ်။ (Ecclesiastes 12:11)သိုးထိန်းကြီးဟာကြွယ်ဝသောအသက် တာ ပေးတယ်။ (John 10:9-10) လူ့ရဲ့စိတ်ထဲမှာ ထာဝရကာလအကြောင်း မွေးဖွားပေးနိုင်တယ်။ (Ecclesiastes 3:11).

## IV.THE SONG OF SOLOMON (Song of Songs; the Canticles) IS A BEAUTIFUL LYRIC POEM, WHICH PORTRAYS THE JOYS OF PASSIONATE LOVE BETWEEN A MAN AND A WOMAN IN THE PROPER PERSPECTIVE OF COURTSHIP AND MARRIAGE

အိမ်ထောင်ရေး အကြောင်းဖြစ်တဲ့ ယောကျ်ားနဲ့ မိန်းမ ကြားက ဝမ်းမြောက်ပျော်ရွှင်ဖွယ် ချစ်ခြင်းမေတ္တာကိုပုံဖေါ် ထားတယ်။ လှပတဲ့ ကဗျာလင်္ကာကျမ်း ဖြစ်တယ်။

ဘုရားသခင်ရဲ့ချစ်ခြင်းမေတ္တာ ဣသရေလလူမျိုးအပေါ်မှာထားတာကို ပုံဖေါ်တယ်။

A.ဒီကျမ်းကို ၄ပိုင်း ပိုင်းနိုင်တယ်။

1. the courtship ချစ်ကြိုက်ခြင်း (chapters 1,2)
2. the marriage လက်ထပ်ခြင်း (chapters 3,4)
3. the return from the honeymoon ဟန်နီးမွန်းမှ ပြန်လာခြင်း (chapters 5,6)
4. the marriage deepening and maturing ရင့်ကျက်လာသော အိမ်ထောင်ရေး (chapters 7,8)

B.ပါဝင်သူများမှာ

1. the Bride (the Shulamite) သတို့သမီး (ရှုလမိတ်မင်းသမီး)
2. the King (probably Solomon) ရှောလမုန်မင်းဖြစ်နိုင်သည်။
3. a chorus of palace ladies called "daughters of Jerusalem" ယေရုရှလင်သတို့သမီးတို့ရဲ့သီဆိုသောသီချင်း

C.ဖြစ်ပျက်ချိန်မှာ နွေဦးပေါက်ကာလဖြစ်သည်။

D.ခရစ်တော်ကို ရှောလမုန်သီချင်းစာထဲမှာတွေ့ရတယ်။ ဓမ္မဟောင်းမှာ ဣသရေလကို ထာဝရ ဘုရားရဲ့သတို့သမီး (Isaiah 54:5-6; Jeremiah 2:2; Ezekiel 16:8-14; Hosea 2:16-20) ဓမ္မသစ်မှာ ခရစ်တော်ရဲ့သတို့သမီး၊ အသင်း တော (2 Corinthians 11:2; Ephesians 5:23-25; Revelation 19:7-9;21:9) နဲ့ နှိုင်းယှဉ်စရာအဖြ စ်တွေ့ရတယ်။

ရှောလမုန်သီချင်းစာဟာ ဓမ္မဟောင်းမှာ ဣသရေလလူမျိုးရဲ့ဆက်သွယ်မှု ဓမ္မသစ်မှာ ခရစ်တော်နဲ့ အသင်းတော်ရဲ့ ဆက် သွယ်မှုကို ပုံဆောင်တယ်။ မှတ်ချက်။ ယောဘဝတ္ထုနဲ့ ယေရမိ မြည်တမ်း စကားဟာလည်း ကဗျာလင်္ကာကျ မ်းတွေ ထဲ မှာပါဝင်တယ်။ ဒါပေမယ့် အချိန်ကာလကို အဓိကထားပြီး လေ့လာရတဲ့အတွက် ဒီကျမ်းတွေကိုသမိုင်းကျ မ်းတွေထဲမှာ ထည့်လိုက်တယ်။ အပိုင်း ၁နဲ့ အပိုင်း၆ မှာကြည့်ပါ။တခြားကျမ်းများကတော့ပရောဖက်ကျမ်းများဖြစ်ပြီး သူ့ထဲမှာလည်း ကဗျာ လင်္ကာများစွာ ပါဝင်တယ်

E.**Things to Think About:** ဆင်ခြင်စရာများ

ဒေသနာကျမ်းဟာ သုတ္တံကျမ်းလိုပဲ ဘုရားသခင်ကိုကြောက်ရွံ့ခြင်းဟာ အရေးကြီးကြောင်း သွန်သင်တယ်။ ဘုရားကို မကြောက်ပဲ အသက်ရှင်ရင် ဘာဖြစ်မလဲ။ အချည်းနှီးဖြစ်တယ်။ ပျက်စီးယိုယွင်း လွယ်တယ်။အနတ္တဖြစ်တယ်။ သင့်ဘဝထဲမှာဘယ်အရာတွေကအချည်းနှီးသက်သက် ဖြစ်နေသလဲ။ ဒါကို ဘယ်လိုပြောင်းလဲပစ်မလဲ။

**Exam - Lesson 12**

Name ______________________________________________

Address______________________________________________

Multiple choice (Circle only one letter as the correct answer unless otherwise indicated. You may use your Bible when so indicated , but we trust you not to look up the answers in the lesson.)

1.What is an essential part of worship? (value 3 points) ဝတ်ပြုကိုးကွယ်ခြင်း၏အရေးကြီးသော အချက်တခုကား အဘယ်နည်း။

a) owning a good Bible and having a good education ကျမ်းစာအုပ်ကောင်းတအုပ်နှင့် ပညာကောင်းတတ်မှု

b) prayer and praise ဆုတောင်းခြင်းနှင့်ချီးမွမ်းခြင်း

c) the ability to sing well သီချင်းကောင်းကောင်းသီဆိုနိုင်မှု

2.Worship is essential to: (value 3 points) ကိုးကွယ်ခြင်း အရေးကြီးရခြင်းမှာ

a) fellowship with God ဘုရားရှင်နှင့်မိဿဟာယဖွဲ့ ဖို့ ဖြစ်သည်၊

b) attendance at church services အသင်းတော်ဝတ်ပြုခြင်းတက်ရောက်ဖို့ ဖြစ်သည်၊

c) a beautiful church building လှပသောဘုရားကျောင်းဖြစ်သောကြောင့်ဖြစ်သည်၊

3.Of what section of the Bible are Psalms, Proverbs, Ecclesiastes, and Song of Solomon a part? ကျမ်းစာ၏ မည်သည့်အပိုင်းသည် ဆာလံသီချင်း၊သုတ္တံကျမ်း၊ဒေသနာကျမ်း၊ရှောလမုန်သီချင်းများဖြစ်သနည်း။(value 3 points)

a) Pentateuch ပဉ္စတ္တိကျမ်း ၅-ကျမ်း

b) Poetical books ကဗျာလင်္ကာကျမ်းများ

c) Prophets ပရောဖက်ကျမ်းများ

d) Historical books ရာဇဝင်သမိုင်းကျမ်းများ

4.Who wrote the majority of the Psalms? (value 4 points) ဆာလံကျမ်းအများစုကို မည်သူရေးသနည်း။

a) David and Solomon ဒါဝိဒ်မင်းကြီးနှင့်ရှောလမုန်မင်းကြီး

b) Moses မောရှေ

c) David and Asaph ဒါဝိဒ်မင်းကြီးနှင့်အာသပ်မင်းကြီး

5.What kind of government did Israel have under David and Solomon? (value 4 points) ဣသရေလနိုင်ငံကိုအုပ်စိုးခဲ့သော ဒါဝိဒ်နှင့်ရှောလမုန်တို့ ၏အစိုးရသည်မည်သို့ သော အစိုးရမျိုးဖြစ်သနည်း။

a) it was a total monarchy သက်ဦးဆံပိုင်ဘုရင်စံနစ်စစ်စစ်ဖြစ်သည်၊
b) it was a theocracy ဘုရားရှင်အလိုကျအုပ်စိုးသောစံနစ်ဖြစ်သည်၊
c) it was a monarchy that functioned as a theocracy ဘုရားရှင်အလိုကျအုပ်စိုးသောသက်ဦးဆံပိုင်စံနစ်ဖြစ် သည်၊

6.What is the character of the Poetical books? (value 4 points) ကဗျာလင်္ကာကျမ်းများ၏ ဇာတ်ကောင် စရိုက် ကားအဘယ်နည်း။

a) They give detailed chronologies of history. ရာဇဝင်သမိုင်းဆိုင်ရာအချက်အလက် များကို အသေးစိပ်ပေးမှု
b) They delve into the hearts and minds of men. လူတို့ ၏စိတ်နှလုံးသားကို နက်ရှိုင်း စွာဖေါ်ပြထားသည်၊
c) They give many political prophecies. နိုင်ငံရေးနှင့်ဆိုင်သောပရောဖက်ပြုချက်များကို ဖေါ်ပြထားသည်၊

7.Choose the correct statement. (value 4 points) အောက်ပါတို့ အနက်မှ မှန်သော အချက်ကိုရွေးပါ။

a) All of the poetical books were written during the time of David and Solomon. လင်္ကာကျမ်းအားလုံးသည် ဒါဝိဒ်နှင့်ရှောလမုန်မင်းကြီးအုပ်စိုးစဉ်ကာလက ရေးခဲ့သည်၊
b) Most of the poetical books were written at the same time as the books of Moses. လင်္ကာကျမ်းအားလုံးနီးပါးသည် မောရှေကျမ်းများ ရေးသားချိန်ခေတ်ကာလနှင့် အတူတူပင်ဖြစ်သည်၊
c) Most of the poetical books were written during the time of David and Solomon. လင်္ကာကျမ်းအားလုံးနီးပါးသည် ဒါဝိဒ်နှင့်ရှောလမုန်မင်းကြီးအုပ်စိုးစဉ်ကာလက ရေးခဲ့သည်၊

8.The book of Psalms is divided into five parts. What do these parts correspond with? (value 3 points) ဆာလံကျမ်းများကို အပိုင်း၅-ပိုင်းခွဲနိုင်သည်၊ ဤအပိုင်းများသည် မည်သို့ ဆက်စပ်နေကြသနည်း။

a) the five dispensations of: innocence, conscience, promise, law, and grace အပိုင်း၅-ခုမှာ အပြစ်မဲ့ကာလ၊ အသိတရားအုပ်စိုးမှုကာလ၊ ကတိတော်ကာလ၊ ပညတ် တော်ကာလ၊ ကျေးဇူးတော်ကာလတို့ ဖြစ်သည်၊
b) the Pentateuch ပညတ္တိကျမ်း ၅-ကျမ်း
c) the five great patriarchs: Noah, Abraham, Isaac, Jacob, and Moses ရှေးဘိုး ဘေးများ ၅-ဦးဖြစ်သော နောဧ၊ အာဗြဟံ၊ ဇေက်၊ ယာကုပ်နှင့်မောရှေ

9.What do we call the Psalms that speak of Christ? (value 3 points) ခရစ်တော် အကြောင်းပြော ထားသော ဆာလံသီချင်းကို မည်သို့ ခေါ်သနည်း။

a) parallel Psalms မျဉ်းပြိုင်ဆာလံ
b) poetical Psalms လင်္ကာဆာလံ
c) messianic Psalms နောက်ထပ်ကြွလာမည့်ဘုရားဆာလံ

10.Who was the primary source for the material in the book of Proverbs? (value 3 points) သုတ္တံကျမ်းရေးသားသောအဓိကပုဂ္ဂိုလ်ကားအဘယ်နည်း။
a) the patriarchs ရှေးဘိုးဘေးများ
b) Solomon ရှောလမုန်မင်း
c) David ဒါဝိဒ်မင်း

11.How is Christ seen in the book of Proverbs? (value 3 points) သုတ္တံကျမ်းတွင် ခရစ်တော်အကြောင်းကို မည်သို့ တွေ့ ရသနည်း။
a) as the coming Messiah နောက်ထပ်ကြွလာမည့် မေရှိယအဖြစ်
b) as wisdom personified သန့် ရှင်းသောဝိညာဉ်တော်ပုဂ္ဂိုလ်တပါးအဖြစ်
c) as the King of Israel ဣသရေလဘုရင်အဖြစ်

12.What kind of a person wrote the book of Ecclesiastes? (value 3 points) ဒေသနာကျမ်းကို မည်ကဲ့သို့သော ပုဂ္ဂိုလ်က ရေးခဲ့သနည်း။
a) a prophet ပရောဖက်တပါး
b) a priest ယဇ်ပုရောဟိတ်
c) a preacher တရားဟောဆရာ

13.How does the writer of the book of Ecclesiastes see life? (value 3 points) ဒေသနာကျမ်းကိုရေးသူသည် လူ့ ဘဝအားမည်သို့ ရှုမြင်သနည်း။
a) as full and satisfying ပြီးပြည့်စုံသောကျေနပ်ဖွယ်လူ့ ဘဝအဖြစ်
b) as vanity အချည်းနှီးသက်သက်အဖြစ်
c) as full of suffering and pain နာကျင်မှု ခံစားမှုများပြည့်နှက်နေသော လူ့ ဘဝအဖြစ်

14.What is the conclusion of Ecclesiastes? (value 3 points) ဒေသနာကျမ်း၏ အနှစ်ချုပ်ကား အဘယ်နည်း။
a) Fear God and keep His commandments. ဘုရားရှင်ကို ကြောက်ပြီး ပညတ်တော် များလိုက်လျှောက်ပါ
b) Life is futile, there is no hope. ဘဝဆိုတာ အချည်းနှီး၊ မျှော်လင့်ချက်ဆိုသည်မှာ လုံးဝမရှိ
c) Enjoy life for it will soon be past. ဘဝဆိုတာတိုတိုလေးဖြစ်လို့ ပျော်သလိုနေလိုက်ပါ

15.How is Christ seen in Ecclesiastes? (value 3 points) ဒေသနာကျမ်းတွင် ခရစ်တော်ကို မည်သို့ တွေ့ ရသနည်း

a) wisdom personified သန့် ရှင်းသောဝိညာဉ်တော်ပုဂ္ဂိုလ်တပါးအဖြစ်
b) the coming Messiah နောင်ကြွလာမည့် မေရှိယအဖြစ်
c) the only true Shepherd in life's perplexities ရှုပ်ထွေးနက်နဲသည့် လောကထဲမှ တပါး တည်းသော သိုးထိန်း

16.What does the Song of Solomon portray? (value 3 points) ရှောလမုန်သီချင်းက မည်သည့်အကြောင်း ဖွဲ့ဆို ထားသနည်း။

a) the folly of illicit love affairs and the long term consequences မိုက်မဲသော ကာမဂုဏ် ချိုးဖေါက်ခြင်းနှင့် ရေရှည်ဆိုးကျိုးများ
b) the joys of passionate love between a man and a woman in the proper perspective of courtship and marriage အမျိုးသားနှင့်အမျိုးသမီး နှစ်ဦးအကြား သေချာစွာစေ့စပ်ကြောင်းလမ်းလက်ထပ်ပြီးမှရရှိသော ပျော်ရွှင်နှစ် သက်ခြင်း
c) Solomon in his downfall of taking on many wives ရှောလမုန်မင်းကြီးမိန်းမများစွာယူသောကြောင့်ကျရှုံးခြင်း

17.Match the following words with the correct definition: (value 24 points, 3 points for each correct answer) အောက်ပါတို့ ကို ကွက်လပ်များတွင် မှန်ကန်သောအဖြေကိုဖြည့်ပါ။

| | |
|---|---|
| _____________wisdom | a.) divine favor ဘုရားရှင်မျက်နှာသာပေးခြင်း |
| _____________ proverb | b.)hostility, deep seated ill-will ရန်လိုမုန်းတီးခြင်း |
| _____________ enmity | c.)sorry, repentant for sin အပြစ်တွက် ကြေကွဲ နောင်တရခြင်း |
| _____________ blessing | d.)speaking to God with reverence ဘုရားရှင်ကိုရိုသေစွာလျှောက်ထား ခြင်း |
| _____________ vanity | e.)short expression of a well-known truth အမှန်တရားအကြောင်းအတိုချုပ်ဖေါ်ပြခြင်း |
| _____________ penitent | f.)model or pattern, representation ပုံစံ၊တင်ပြချက် |
| _____________ prayer | g.)empty, valueless, inconsequential, futile, useless ဗလာနတ္ထိ၊ တန်ဘိုးမဲ့၊ အဆက် စပ်မဲ့၊ အချည်းနည်း၊အလဟာသ၊ အသုံးမကျ |
| _____________ type | h.)knowing, discernment, discretion သိခြင်း၊ သတိပြုခြင်း၊ လျှို့ထားခြင်း |

18. Many of the Psalms anticipate the ministry of Jesus Christ. How is the person or work of Christ seen in the Psalms listed below? Match the Psalm with the correct word or phrase. ဆာလံသီချင်းများစွာသည် ယေရှုဘုရားအမှုတော်ဆောင်ခြင်း အကြောင်းဖေါ်ပြ ထားသည်၊ အောက်ပါတို့ တွင် ခရစ်တော်ကို မည်သို့ တွေ

¸ရ သနည်း၊ ဆာလံကျမ်းတွင် မှန်ကန်သော စကားစုများကိုဖြည့်ပါ။ (Value 24 points, 4 points for each correct answer) (You may use your Bible but do not copy this material from your lesson!!)

| | |
|---|---|
| ______ Rejected as King by the nations<br>လူထုက ဘုရင်အဖြစ်မှ ငြင်းပယ်ခံရသည် | a. Psalm 23 |
| ______Protector and Deliverer-ကွယ်ကာသူ၊ ရွေးနှုတ်သူ | b. Psalm 2 |
| ______ King of glory-ဘုန်းကြီးသောဘုရင် | c. Psalm 22 |
| ______Intercessor-သူတပါးတွက်အသနားခံတောင်းလျှောက်သူ | d. Psalm 24 |
| ______A dying Savior-အသေခံသောကယ်တင်ရှင် | e. Psalm 18 |
| ______A shepherd-သိုးထိန်း | f. Psalm 17 |

Copyright by Rogma International, Inc. All rights reserved.

---

**Lesson 13**

**Introduction to Section VI - BROKEN**

**God Judges Sin: A Call to Repentance and Hope-** ပြိုကွဲခြင်း

အပြစ်ကိုစီရင်တော်မူတယ်။ နောင်တရဖို့ မြော်လင့်ဖို့ ခေါ်တော်မူတယ်။

1 Kings 12-22; 2 Kings 1- 25; 2 Chronicles 10-36; Ezra, Nehemiah, Esther, Isaiah through Malachi

ဣသရေလနိုင်ငံကျဆင်းခြင်းနဲ့ ကျန်ကြွင်းသူ (သို့) အမျိုးအနွယ်ကို ထိန်းသိမ်းစောင့် ရှောက်တော်မူခြင်း

ဒီအခန်းမှာ ဣသရေလနိုင်ငံနှစ်ခြမ်းကွဲပြီး ဣသရေလနဲ့ ယုဒဖြစ်လာတယ်။ အဖက်ဖက်က ကျဆင်းလို့ ကျွန်အဖြစ် သိမ်း သွားခံရတယ်။နောက်ပိုင်းမှာကျန်ကြွင်းတဲ့ဂျူးလူမျိုးအနည်းစုကယေရုရှလင်ကို ပြန်လာပြီး ဗိမ္မာန်တော်နဲ့ မြို့ကို တည် ထောင်တယ်။ နိုင်ငံရေး၊ လူမှုရေး၊ ဝိညာဉ်ရေးမှာ ရုပ်တုကိုး ကွယ်ခြင်း၊ ကိုယ်ကျင့်တရား ယိုယွင်းခြင်း၊ မ တရားမှုများ ရှိခြင်း၊ ဘာသာရေးလမ်းလွဲခြင်းတွေ ဖြစ်နေတယ်။ အာဏာနဲ့ ဘုရားသခင်ရဲ့ချစ်ခြင်း ဂရုဏာတွေ ခံစားရ တဲ့အချိန်တွေ ရှိခဲ့သလို ပရောဖက် တွေနဲ့ ဘုရားသခင်ကို ကြောက်ရွံ့တဲ့ ဘုရင်အနည်းငယ်က နိုးထဖို့အတွက် ဘုရား သခင်ထံလှည့် ပြန်ဖို့ နှိုးဆော်ခဲ့တဲ့အချိန်ဖြစ်တယ်။

B. C 1000 မှ 5000 အတွင်း နှစ်ပေါင်း ၅၀၀ ကြာတဲ့ ကာလ ဖြစ်တယ်။

| | |
|---|---|
| နိုင်ငံတော်ကွဲပြားခြင်း | 933 B.C |
| အာဆီရီးယားမှသိမ်းယူခြင်း | 722 B.C |
| ဗာဗုလုန်မှ ယုဒကိုသိမ်းယူခြင်း | 606 B.C |
| ယေရုရှလင်နှင့် မြို့ရိုးတည်ဆောက်ဖို့ ပြန်ခြင်း | 538 B.C |

ဒီအခန်းဟာ ဣသရေလဘုရင်များနဲ့ ရှောလမုန်ခေတ် ယုဒဘုရင်များမှသည် ကျွန်ခံရာသို့ သိမ်းသည်အထိ သမိုင်းဖြစ် တယ်။ ဧလိယ၊ ဧလိရှဲ၊ နာသန်နဲ့ ကျမ်းစာရေးတဲ့ပရောဖက်များ ဟောရှာယမှသည် မာလခိအထိ အကြောင်းကို ပြောပြ တယ်။တခြားအမျိုးသားဘုရင်များဖြစ်တဲ့ အာရှုရိ၊ ရှုရိ၊ ဗာဗုလုန် နဲ့ အီဂျစ်ဘုရင်များ အကြောင်းလည်းပါတယ်။

ဖြစ်ပျက်ရာနေရာကတော့။ ။ ဣသရေလ (ရှမာရိ)၊ ယုဒ (ယေရုရှလင်)၊ ရှုရိ (ဒမာသက်)၊ အာရှုရိ (နိနဝေ)၊ အီဂျ စ်နဲ့ ဗာဗုလုန်တို့ဖြစ်တယ်။ ဒီအခန်းမှာ ဘုရားသခင်ရဲ့သန့်ရှင်းခြင်းက တရား မျှတမှုကို တောင်းဆိုတယ်။ တရားမျှတမှု က တရားစီရင်ခြင်းကို တောင်းဆိုတယ်။ နောင်တရရင် ဘုရားဂရုဏာတော်က ကယ်တင်ခြင်း၊ ဂရုဏာနဲ့ ကျေးဇူးကို မစ တယ်။ လေ့လာရာမှာ အရှည်ဆုံး အခန်းဖြစ်တယ်။ အပိုင်း၇ ပိုင်းခွဲထားတယ်။

1. A Broken kingdom:  ကွဲပြားတဲ့နိုင်ငံ။ ဣသရေလနဲ့ ယုဒဟာ ကွဲပြားသွားပြီး ရုပ်တု ဆိုးညစ်ခြင်းတွေနဲ့ ကျ ဆင်းလာတယ်။ စည်းစိမ်နဲ့ အာဏာ ကွယ်ပျောက်လာတယ်။ အာဟပ်မင်း မျိုးဆက်ရဲ့အဆုံးဖြစ်တဲ့ ရောဗောင်နဲ့ ယေရောဗောင်မင်းတို့ခေတ် ရောက် လာတယ်။ (1 Kings 12-22; 2 Chronicles 10-16).
2. Broken loyalties and relationships:သစ္စာနဲ့ မိသဟာယယိုယွင်းခြင်း။ ဣသရေလနိုင်ငံ ပြန်လည်တည် ထောင်ဖို့ reforms လုပ်ပေမယ့် နိုးထမှု revival မရှိဘူး။ ဘုရား သခင်အတွက် သစ္စာမဲ့တဲ့ ဇနီးဖြစ်တယ်။ ယေဟု မင်း လက်ထက်မှ အာရှုရိမင်း သိမ်းသွားချိန်ထိ ဖြစ်တယ်။ (2 Kings 9-15; 2 Chronicles 17-27) ဒီကာလမှာ ပရောဖက်တွေက ကျမ်းစာ စတင်ရေးသားလာတယ်။ Hosea, Joel, Amos, Obadiah and Jonah.
3. Broken covenants and commitments: ပဋိညာဉ်နဲ့ သစ္စာဂတိများ ချိုးဖျက်ပြန်တယ်။ မသန့်ရှင်းတဲ့ ပေါင်း ဖော်မှု၊ အပြုအမူမလေ့တွေကြောင့် ယုဒအားနည်းသွားတယ်။ ဟေဇကိနဲ့ယောရှလိုမင်းကောင်းတွေအောက်မှာနိုးထမှု တွေဖြစ်ပြီးလူတွေဘုရားထံ လှည့်ပြန်ကြတယ်။ မင်းဆိုးတွေလက်ထက်မှသည်ဗာဗုလုန်ပြည်သို့သိမ်းသွားခြင်းခံရသည် အထိတိုင်အောင် ဆိုးညစ်မှုတွေ ဆက်ရှိနေတယ်။ ယေရုရှလင်နဲ့ ဗိမ္မာန်တော် လည်းဖျက်ဆီးခံရတယ်။ (2 Kings 16-25; 2 Chronicles 28-36) ဒီခေတ်ကာလမှာ ကျမ်းစာရေးတဲ့ပရောဖက်တွေကတော့ ဟေရှာယ၊ မိက္ခာ၊ နာဟုံနဲ့ ဇေဖနိ တို့ဖြစ်တယ်။
4. Broken hearts:  ကြေကွဲသွားတဲ့စိတ်နှလုံးများ။ ဒုက္ခရောက်နေတဲ့ ဂျူးတွေဟာ ဘုရား သခင်ထံငိုယိုပြီး လှည့်ပြန်လာတယ်။ ကျမ်းစာရေးတဲ့ပရောဖက်တွေကတော့ ယေရမိနဲ့ ဟဗ္ဗကုက် ဖြစ်တယ်။
5. Broken spirits:  စိတ်ဝိညာဉ်ကျိုးပျက်ခြင်း။ ဗာဗုလုန်မှာ ကျွန်ခံရတဲ့ဂျူးတွေဟာ အပြစ်ရဲ့အကျိုးဆက်ကို ရိပ်မိလာတယ်။ ရုပ်တုကိုးကွယ်မှုကို စိတ်ပျက်လာပြီး တရား စီရင်မှုကို လက်ခံလာတယ်။ ဘုရားသခင်ရဲ့ဘုန်းတော်ကို ရှာလာပြီး ဟေဇကိနဲ့ ဒံယေလ တို့လက်ထက်မှာ နှိမ့်ချတဲ့စိတ်နှလုံးနဲ့ ဘုရားထံ တုန့်ပြန်လာတယ်။
6. Back to build:  ပြန်လည်တည်ဆောက်ခြင်း။ဂျူးလူမျိုးအကျန်အကြွင်း ယုံကြည်သူ အနည်းစုဟာ ယေရုရှလင် ကိုမြို့ရိုးတည်ဆောက်ဖို့ပြန်လာတယ်။ ဇေရ၊ နေဟမိ၊ ဟဂ္ဂဲနဲ့ ဇာခရိတို့ ခေတ်မှာ ဖြစ်တယ်။
7. Back to God. ဘုရားထံလှည့်ပြန်ခြင်း။ ဇေရ၊ နေဟမိနဲ့ သေတာတို့ခေတ်မှာ စစ်မှန်တဲ့နိုးထမှုတွေ ဖြစ်ခဲ့တယ်။ အပြစ်မှ ပြန်လှည့်လာပြီး ဘုရားသခင်ထံတိုးဝင်ကြတယ်။ မာလခိ ခေတ်မှာ ဣသရေလဟာ ပျက်စီးယိုယွင်းမှုဘက်ကို လှည့်ပြန်ပြီး နှစ်ပေါင်း ၄၀၀ တိုင်အောင် တိတ်ဆိတ်တဲ့ ကာလထဲ ရောက်သွားတယ်။ ပရောဖက်အားဖြင့် ဘုရားသခင် စကားမပြောတော့ဘဲ နှစ်ခြင်းဆရာ ယောဟန်နဲ့ သခင်ယေရှုကြွလာချိန်အထိ တိတ်ဆိတ်စွာနေတော်မူတယ်။ ( ဓမ္မသစ် ကာလအထိ)

The price of pride and perversion is always destruction. (မာနနဲ့ ဖောက်ပြန် ခြင်းရဲ့အဖိုးအခဟာ ပျက်စီးခြင်းဖြစ်လေ့ရှိတယ်။)

ဘုရားပညတ်တော်ကို မနာခံရင်တရားစီရင်ခြင်းနဲ့ ပစ်ပယ်ခံရခြင်းကို ကြုံရတယ်။ Pride goes before a fall. ပျက်စီးခြင်း မတိုင်ခင် မာန ဝင်တတ်တယ်။ ဒီအခန်းမှာ ကိုယ့်အလို ကိုယ့်ဆန္ဒကိုယ့် မာနအတိုင်းအသက်ရှင်ပြီးကိုယ့်ဆန္ဒ ကိုအရင်ရှာတဲ့အတ္တကြီးတဲ့ဘုရင်တွေရဲ့အကျိုးကိုတွေ့ရတယ်။ ဘုရားထက်လူကိုအားကိုးတာကိုတွေ့ရတယ်။ ဒီအခန်းဟာအပြစ်ကိုသိနောင်တရပြီးဘုရား ထံလှည့် ပြန်ဖို့ သင်ယူတဲ့အခန်းဖြစ်တယ်။

ဣသရေလဟာ ဘုရားကိုမရှိမသေ၊ ပညတ်တော်ကိုမလေးမစားလုပ်ခဲ့ကြတယ်။ကိုယ်ပိုင်ဘုရားတွေကိုဖန်တီးပြီး ဝတ်ပြု ကိုးကွယ်ပုံပြောင်းလဲကာ တိုင်းတပါး ဘုရားတွေထံပြောင်းသွားကြ တယ်။ မတရားသဖြင့်စီရင်ခြင်းနဲ့ ကိုယ်ကျင့်

တရား ပျက်ယွင်းခြင်းကြောင့် တိုင်းပြည်ပျက်စီးရတယ်။ ဒါပေမယ့် သစ္စာရှိတဲ့ ယုံကြည်သူအနည်းငယ်ရဲ့စိတ်နှလုံးဟာ ဘုရား ဘုန်းတော်ကို မြော်လင့်နေခဲ့ ကြတယ်။ ဒီစိတ်ဓါတ်အသိတရားအလင်းရောင်ဟာဒီနေ့ခေတ်တိုင် ရိုက်ခတ်ရောင်ပြန် ဟပ်နေပါတယ်။

Copyright by Rogma International, Inc. All rights reserved.

---

**Lesson 13**

**Section VI – Broken**

**A Broken Kingdom – Perversion of Power and Prosperity**

ကျိုးပျက်ခြင်း ကျိုးပျက်သွားတဲ့နိုင်ငံ - စည်းစိမ်နဲ့ အာဏာပျက်လွင့်ခြင်း

**Theme**: စည်းစိမ်နဲ့ အာဏာအတွက် ခေါင်းဆောင်ဟာ ဘုရားဝတ်မွေ့လျော်သူ ဖြစ်ဖို့လိုတယ်။

**Goal** : စည်းစိမ်နဲ့ အာဏာဟာ ဘုရားဘုန်းတော်အတွက်သာဖြစ်သင့်တယ်။ ကိုယ့်အကျိုးအတွက် အသုံးပြုဖို့ မဟုတ်ဘူးဆိုတာ သင်ယူပါ။

**Summary** : ဒီအခန်းဟာ ကွဲပြားသွားတဲ့နိုင်ငံအကြောင်းကိုပြောတယ်။မြောက်ပိုင်း ဣသရေလ ဆယ်နိုင်ငံနဲ့ ယုဒနှစ် နိုင်ငံတို့အကြောင်း ဖြစ်တယ်။ ဣသရေလနဲ့ ယုဒရှင်ဘုရင်တို့ဟာ ကိုယ်ကိုကိုယ် ချီးမြှောက်တယ်။ မာနတက်တယ်။ ကျဆင်းကြတယ်။ ရှောလမုန်ရဲ့သတိပေးစကားကို Ecclesiastes 5:13 မှာတွေ့နိုင်တယ်။ဘုရားသခင့်ရှေ့ နှိမ့်ချသူတွေ ကတော့ ချီးမြှောက်ခြင်းခံရပြီး ဘုရားရဲ့အကွယ်အကာနဲ့ ကြည့်ရှု စောင့်ရှောက်ခြင်းကို ခံရတယ်။

**Date** ៖ ၉၅၀မှ ၈၅၀ B.C အနှစ် ၁၀၀ ကာလအတောအတွင်း ရောဗောင်နဲ့ ယေရောဗောင် မင်းမှသည် အာဟပ်မင်းမျိုး ဆက်တိုင်အောင်ထိ။

**Outline**:

1 Kings 12-14 ဣသရေလနဲ့ ယုဒအဖြစ် နှစ်နိုင်ငံကွဲသွားတယ်။ 2 Chronicles 10-12

1. Kings 14-22 ဣသရေလနဲ့ ယုဒ ယိုယွင်းပျက်စီးသွားတယ်။ပရောဖက်ဧလိယအချိန် ဖြစ်တယ်။ 2 Chronicles 13-20

2. Kings 1-9 အာဟပ်မင်းရဲ့အမျိုးအနွယ်မင်းဆက်များ။ ပရောဖက် ဧလိရှဲခေတ်ဖြစ်တယ်။

**People to know: (Know what these people did for the exam) 1 Kings 12-22**

kings of Judah: Rehoboam, Abijah (Abijam), Asa, Jehoshaphat

kings of Israel: Jeroboam, Nadab, Baasha, Elah, Zimri, Omri, Ahab (Jezebel), Ahaziah

prophets: Shemaiah, Ahijah, Jehu, Elijah, Elisha, Micaiah, Zedekiah

others:  Shishak (king of Egypt), Ben-hadad (king of Syria), Obadiah (governor of Ahab), Obadiah, Naboth (owned a vineyard)

2 Kings 1-9

kings of Israel:  Ahaziah, Jehoram kings of Judah:  Joram, Ahaziah kings of Syria:  Ben-hadad

prophets:  Elijah, Elisha, Hosea, Joel, Obadiah

others:  the Shunammite, Naaman, Gehazi

**Places to know: 1 Kings 12-22**

Israel:  Shechem, Bethel, Dan, Ramah, Samaria, the Brook Cherith, Carmel, Jezreel,

Judah:  Jerusalem, Beer-Sheba, Jericho

Zarephath of Sidon, Horeb, Egypt, Syria, Damascus, Ramoth of Gilead

2 Kings 1-9

Moab, Gilgal, Edom, Shunem, Jordan

**Words and phrases to know:**

alliance:  joined by treaty; united; related

Baal:  a chief male Phoenician god of fertility, son of El and Dagon, fathers of the gods.  The Canaanites  worshipped Baal through priests in the temples or in high places in the open fields.

divided kingdom:  refers to the nation of Israel after it separated into Judah and Israel; (the ten tribes of the  north which withdrew from Judah.)

dynasty:  succession of rulers of the same family

high places:  local places of worship originating with the Canaanite religions

miracle:  act or happening in the physical world that defies natural laws; supernatural occurrence

national idolatry:  idolatry set up as a part of the national system of government

remnant:  that which is left; fragment; the few who remained true to God

## **Introduction** - နိဒါန်း

ဣသရေလရဲ့သစ္စာတရားဟာ ဒါဝိဒ်နဲ့ ရှောလမုန်တို့ရဲ့အပြစ်ကြောင့် ကိုယ်ကျင့်တရား ပျက်လာတယ်။ ကိုယ့်အသရေကို ရှာတဲ့ ရောဗောင်မင်းဟာ ပုန်ကန်မှုနဲ့ တိုင်းပြည်နှစ်ခြမ်းကွဲစေတယ်။ မြောက်ပိုင်း ဆယ်နိုင်ငံ ဣသရေလ တောင်ပိုင်း နှစ်နွယ် ဘင်ဂျမင်အပါအဝင် ယုဒဖြစ်လာတယ်။ ကိုယ့်အလိုကိုရှာတဲ့ နိုင်ငံရေးကြောင့် ကြောက်စရာမင်း ယေရော

ဖောင်ဟာ မြောက်ပိုင်းဆယ် နိုင်ငံကို ရုပ်တု ကိုးကွယ်စေတယ်။ ကိုယ်ကျင့်တရားပျက်စီးတယ်။ လောဘ၊ မတရား လုယက်၊ အယူလွဲ ကိုးကွယ်မှု တွေဟာ ဘုရားသားသမီးတွေကို အားနည်းသွားစေတယ်။ ယုဒနိုင်ငံရဲ့သား မြေးတွေ ကတော့ ဘုရားအပေါ် သစ္စာရှိနေတယ်။ အပြစ်ကြောင့်ထိခိုက်မှုတော့သူတို့မှာလည်းရှိတယ်။အစပထမမှာ ဣသရေလ နဲ့ ယုဒ စစ်တိုက်ကြတယ်။သစ္စာရှိသူလူနည်းစု remnant သာဘုရားသခင်ထံမှာကျန်ရစ်ခဲ့တယ်။နောက် မင်းဆက်တွေ လက်ထက်မှာလည်း တိုင်းပြည်ကွဲပြား မှုတွေရှိနေတယ်။ ယုဒပြည်ကဘုရားသခင်ကို တိုင်းပြည်ရဲ့ဦးခေါင်းအဖြစ် လက် ခံပြီး ဣသရေလကရုပ်တုဆင်းတုတွေနဲ့တခြားဘုရားတွေနဲ့ ပြစ်မှားနေတယ်။ မြောက်ပိုင်းဣသရေလနိုင်ငံထဲကစစ်မှန် တဲ့အကျန်အကြွင်း အနည်းစုဟာဣသရေလနိုင်ငံကိုစွန့်ခွါပြီး တောင်ပိုင်း ယုဒသို့ ပြောင်းရွှေ့ကြတယ်။ ဒါကြောင့် ဂျူး လို့ ပြောရင် ၁၂ နွယ်စလုံးကိုကိုယ်စားပြုပါတယ်။ ဒီသင်ခန်း စာအဆုံးမှာ ဣသရေလနဲ့ ယုဒရှင်ဘုရင်များရဲ့မသန့်ရှင်း တဲ့ မိသဟာယအကြောင်း ဖြစ်ပေါ်တဲ့ဝမ်းနည်း စရာများအကြောင်းကို လေ့လာပါတယ်။ဣသရေလဟာ ရှုရိပြည်နဲ့ပူးပေါင်း တယ်။ ယုဒက အီဂျစ် ပြည်နဲ့ စာချုပ်ချုပ်တယ်။ အဲဒီနောက်မှာ ဆိုးညစ်တဲ့ အာဟပ်နဲ့ ယေဇဗေလက ဗာလဘုရား ကို ကိုးကွယ်ကြတယ်။ ဘုရားသခင်က ဧလိယနဲ့ ဧလိရှဲတို့ကိုစေလွှတ်ပြီး ဘုရားတန်ခိုးတော်ရဲ့ကြီး မြတ်မှုတွေကို ဣသရေလနဲ့ တခြားနိုင်ငံတွေ သိလာအောင်ပြသတယ်။.

## THE LESSON

### I. **THE KINGDOM DIVIDED TO BECOME ISRAEL AND JUDAH** ဣသရေလနဲ့ ယုဒနှစ်နိုင်ငံ ကွဲပြားတယ်။ **(1 Kings 12-14; 2 Chronicles 10-12)**

A.**Rehoboam provoked division** ရောဗောင်မင်းက ကွဲပြားစေတယ်။ **(1 Kings 12:1-24; 14:25-41; 2 Chronicles 10-12).**

ရှောလမုန်ရဲ့ပညာမဲ့တဲ့သားဖြစ်တဲ့ ရောဗောင်ဟာ စည်းစိမ်နဲ့ အာဏာကို အလွဲသုံးစားပြုတယ်။ ဘုရားဘုန်းတော်ကို သူ့ အကျိုးအတွက်အသုံးချတယ်။ အသက်ကြီးတဲ့သူ ဘုရားသခင်ရဲ့လူ စကားကိုပစ်ပယ်ပြီး အခွန်တိုးကောက်တယ်။ ကိုယ့် အလိုအလျောက် အသက်ရှင်သူဖြစ်ပြီးဘုရားသခင်ကိုရှာဖို့ စိတ်နှလုံးမပြင်ဆင်ဘူး။(2 Chronicles 12:14) ပြည်သား တွေပုန်ကန်လာတယ်။ မြောက်ပိုင်းဆယ်နိုင်ငံ ကွဲထွက်သွားတယ်။ အဲဒီနိုင်ငံတွေကို ယေရောဗောင်က စုစ ည်းလိုက် တယ်။ အဲဒီနောက်ပိုင်းမှာ ဘုရားသခင့် အိမ်တော်ကဘဏ္ဍာတွေ အီဂျစ်ပြည်ကို ပါသွားခံရတယ်။ (I Kings 14:25-28; 2 Chronicles 12:1-4). ဘုရားသခင်ရဲ့ပရောဖက်တပါးက ရောဗောင်ရဲ့အပြစ်ကို ထောက်ပြတယ်။ သူ့စိတ်နှလုံး နှိမ့်ချ တဲ့လို့ ဘုရားသခင်က ပြန်ခွန်အားပေးတယ်။ ယေရုရှလင်ကို ပြန်အုပ်စိုးခွင့်ရတယ်။ (2 Chronicles 12:5-13)

B.**Jeroboam rejected God and introduced national idolatr**yယေရောဗောင်ဟာ ဘုရားကို ပစ် ပယ်ပြီး တိုင်း ပြည်တဝှမ်း ရုပ်တုကိုးကွယ်စေတယ်။ **(1 Kings 12:25-14:24).**

ယေရောဗောင်ဟာ မြောက်ပိုင်း ၁၀နွယ်ကို ဦးဆောင်တယ်။ ယုဒမင်း ရောဗောင်လက်ထဲကို နိုင်ငံတော်ပြန်ပါသွားမှာ စိုးတဲ့အတွက် ယေရုရှလင်ဗိမ္မာန်တော်ကို လူတွေသွားခွင့်မပေးဘူး။ ဗေသလမြို့မှာရွှေနွားသူငယ်ရုပ်တုကိုလုပ်ပြီး လူေ တွကို ကိုးကွယ်စေတယ်။ဒါဟာ ဘုရားသခင်ရဲ့ကြီးမြတ်မှု ကို ငြင်းပယ်ပြီး ဣသရေလလူမျိုးကို ကျွန်ဖြစ်စေရာ ကမ္ဘာ အနဲ့ ကွဲပြားစရာအကြောင်း ဖြစ်ခဲ့တယ်။ ယုဒပြည်မှ ပရောဖက်တပါးရောက်လာပြီး ဗေသလမြို့ကယဇ်ပလ္လင် တဘက်

မှာ ဆန့်ကျင်ဟောပြောတယ်။ ဒါဝိဒ်အမျိုးထဲကသူငယ်တယောက်မွေးဖွားလာပြီး လူတွေရဲ့အရိုးကို ဒီပလ္လင် တွေရှေ့မှာ မီးရှို့မယ်လို့ဆိုတယ်။ဒီပရောဖက်ပြုချက်ကို ပြည့်စုံစေသူက ယောရှမင်းဖြစ်တယ်။(2 Kings 23:15,16) ဘုရားသခင်က ဒီနိမိတ်လက္ခဏာကိုပြတယ်။ ယဇ်ပလ္လင်ဟာ ကွဲပျက်သွားပြီး ပြာတွေလည်း ထွက်ကျကုန်တယ်။ ယေရောဗောင်ဟာ သူ့ လက်ကိုဆန့်ပြီး ပရောဖက်ကို ဖမ်းဖို့ ကြိုးစားတယ်။ ဒါပေ မယ့် လက်က လေဖြတ်ပြီးသေသွား တယ်။ ယဇ်ပလ္လင်ကွဲပြီး ပြာတွေ ဖြာကျသွားတယ်။ ယေရော ဗောင်ကပရောဖက်ကို သူ့လက်ပြန်ကောင်းဖို့ ဘုရားသခင် ထံ ဆုတောင်းပေးဖို့ တောင်းဆိုတယ်။ ဘုရားသခင် ပေးပျောက်စေတယ်။ ပရောဖက်ကတော့ ယေရောဗောင်ရဲ့အိမ်ကို မလိုက်ဘူးလို့ဆိုတယ်။ (I Kings 13:1-10) သူဟာ တခြားအသက်ကြီးသူ တယောက်ရဲ့ဖိတ်ခေါ်မှုကိုလည်း ငြင်းဆိုခဲ့တယ်။ နောက်မှာ အဲဒီအဘိုးကြီးက ဒီပရောဖက်ဟာ ဘုရားသခင်စေလွှတ်တဲ့သူဖြစ်တယ်လို့ ပြောတဲ့အချိန်မှာ ဒီအဘိုး ကြီးနဲ့အတူပရောဖက်လိုက်သွားတယ်။ဒီပရောဖက်ရဲ့လိုက်သွားတဲ့အဖြစ်ကို ဘုရားသခင် အပြစ်တင်တယ်။ ဒါကြောင့် အပြန်လမ်းခရီးမှာ ခြင်္သေ့ကိုက်သတ်ပြီး သေရတယ်။ အဘိုးကြီးက ပရောဖက်ရဲ့အလောင်းကို သင်္ဂြိုဟ်ပြီး သူသေရင် လည်း ပရောဖက်ဘေးမှာ သူ့ကို သင်္ဂြိုဟ်ဖို့ သားတွေကိုတောင်းဆိုတယ်။ (1 Kings 13:11-32) ယေရောဗောင်မင်း ရဲ့သား အဘိယ ဟာ မကျန်းမမာဖြစ်နေတယ်။ သူ့မိဖုရားကို ရုပ်ဖျက်ပြီးတော့ ပရောဖက်အဟိယထံ စေလွှတ်တယ်။ အဟိယဟာ ယေရောဗောင်မင်းဖြစ်မယ်လို့ ရှိလောမြို့မှာကြိုတင် ပရောဖက်ပြု ခဲ့သူဖြစ်တယ်။ (1 Kings 14:1-4) ပရောဖက်က ရှင်ဘုရင်ကို သတင်းစကား ပြန်ကြားတယ်။"သင့်ကိုလူစုထဲက ငါရွေး၍ချီးမြှောက်လျက် သင်မူကား သင့်ရှေ့မှာ ဖြစ်ဖူးသောသူ အပေါင်းတို့ ကိုလွန်၍ ဒုစရိုက်ကိုပြုလေ ပြီ။ သူငယ်သေလိမ့်မည်။ အာရှရပင်တို့ကိုပြု၍ ထာဝရဘုရား၏ အမျက်တော်ကို နှိုးဆော်ကြသောကြောင့် ဤပြည်ကောင်းမှ နှုတ်ပယ်ပြီးလျှင် မြစ်ကြီးတဘက်၌ အရပ်ရပ်သို့ ကွဲပြားစေမည်။(1 Kings 14:5-16)အဲဒီလိုမိန့်တော်မူတဲ့အတိုင်းတကယ်ဖြစ်လာခဲ့တယ်။ (1 Kings 14:17-20)

C.**Things to Think About:** ဆင်ခြင်စရာများ

*1.* ရောဗောင်နဲ့ ယေရောဗောင်မင်းလက်ထက် ကျဆင်းရခြင်းက ဘာလဲ။ အတ္တကြီးသူတွေဖြစ်တယ်။ ကြီးမြတ်တဲ့ နိုင်ငံတော်တွေ တည်ဆောက်ခြင်ကြတယ်။ ဘုရားကို ဦးထိပ်မထားဘူး။ နှစ်ယောက်လုံး ဒုက္ခကြုံရတယ်။ သင့် အသက်တာထဲမှာလည်း အတ္တကြောင့်ထားတဲ့ ရည်ရွယ်ချက်တွေ ရှိနေသလား။ ဦးစားပေးမှန်ကန်ဖို့ ဘုရားထံ ဆု တောင်းပါ။ (1 Corinthians 10:31).

*2.* ယေရောဗောင်မင်းက ဘာကြောင့် နွားသူငယ်ရုပ်ထုကိုလုပ်ပြီး လူတွေကိုကိုးကွယ်စေသလဲ။ လူတွေက ရောဗောင်မင်းထံသွားပြီး ယေရုရှလင်မြို့မှာ ကိုးကွယ်မှာကိုကြောက်ခဲ့တယ်။ ဒီကြောက်တဲ့စိတ်ဟာ ကိုးကွယ်မှုကိုပါမှားယွင်းသွား စေတယ်။ ရောလုရဲ့ယဇ်ပူဇော်ခြင်းကို ၁ရာ ၁၃မှာ တွေ့ ရတယ်။ သင်လည်း ဘာတွေကို ကြောက်ရွံ့နေသလဲ။ ရုပ်ထု၊ နတ်ဆိုးများ၊ တခြားတန်ခိုးများကို ကြောက်ရွံ့နေသလား။?

## II.THE DECLINE OF ISRAEL AND JUDAH ဣသရေလနဲ့ ယုဒကျဆင်းခြင်း (1 Kings 14-22; 2 Kings 1-8; 2 Chronicles 13-20)

ဣသရေလနဲ့ ယုဒကြား စစ်ဆက်ဖြစ်နေတယ်။ ခေါင်းဆောင်က ကွဲပြားနေတယ်။ (1 Kings 15:6). ယုဒက ဘုရားသခင်ကိုအသိအမှတ်ပြုတယ်။ ရိုသေမှုတော့ အားနည်းတယ်။ ဣသရေလက ရုပ်တုကိုးကွယ်တယ်။ ယုဒပြည် ရောဗောင်မင်းနဲ့ သူ့သားများ အဘိယ၊အာသတို့ဟာ ဣသရေလပြည် ယေရောဗောင်သူ့သားနာဒပ်နဲ့ နောက်ပိုင်းဘုရင်တွေကို ဆန့်ကျင်ကြတယ်။ နောက်ပိုင်း ဘုရင်တွေကတော့ ဗာရှာ၊ ဇိမရိ၊ ဩမရိနဲ့ အာဟပ်ဖြစ်တယ်။ ဒီနှစ်တွေ နောက်ပိုင်းမှာ တောင်နိုင်ငံ ယုဒမှာ ဘုရားကိုကြောက်ရွံ့တဲ့ ယောရှဖတ်မင်းပေါ်တယ်။ သူဟာဘုရားကို မကြောက်တဲ့ ဣသရေလ

နဲ့ မသင့်တော်တဲ့ မိတ်သဟာယကိုဖွဲ့တယ်။ (1 Kings 22:44; 2 Chronicles 18:1; 19:2) ဒီအချိန်မှာ ယုဒပြည်ဟာလည်း ဣသရေလပြည်လိုပဲ ယိုယွင်းပျက်စီးလာတယ်။.

A.တောင်နိုင်ငံ ရောဗောင်မင်းရဲ့သားများနဲ့ ဣသရေလ ယေရောဗောင်တို့ဟာ သူတို့နိုင်ငံတွေကို သူတို့စိတ်ကြိုက် တည်ထောင်လာတယ်။ (1 Kings 12-22; 2 Chronicles 13-20)

*1.* ရောဗောင်ရဲ့သားများဟာ ဘုရားကို ဦးထိပ်ထားတယ်။ ဒါပေမယ့် ဘုရားစကားအမြဲ နားမထောင်ဘူး။

a. ရောဗောင်မင်းရဲ့သား အဘိယဟာ သူ့အဖေလိုပဲမကောင်းဘူး။ ဒါပေမယ့် ဘုရားသခင်ရဲ့နာမတော်ကို ရာဖွေခဲ့သူဖြစ်တယ်။ ဒါကြောင့် သူ့ကို အောင်မြင်ခြင်းပေးတယ်။ ဒါဝိဒ်မင်းမျိုး ဆက်လက်စိုးစံခွင့်ပေးတယ်။ (1 Kings 15:1-7; 2 Chronicles 13:1-12).

b. အဘိယရဲ့သား အာသဟာ ဘုရားသခင်ကိုဦးထိပ်ထားတယ်။ ပညတ်တော်ကိုလေးစားတယ်။ (1 Kings 15:8-24; 2 Chronicles 14:1-16:14). ယောကျ်ားလျာနဲ့ ရုပ်တုဆင်းတုများ ဖျက်ဆီးတယ်။ သူ့ရဲ့မယ်တော်ကိုပင်လျှင် မိဖုရား အရာမှာ ဖြုတ်ချခဲ့တယ်။ မယ်တော်က ရုပ်တုကိုးကွယ်လို့ ဖြစ်တယ်။ မယ်တော်ရဲ့ရုပ်တုများကို ဖျက်ဆီးပစ်ပြီး ထာဝရ ဘုရားရဲ့အိမ်တော်မှာ ဆက်ကပ်မှုကို လုပ်ဆောင်ခဲ့တယ်။ (1 Kings 15:11-16) ဣသရေလရဲ့ရုပ်တု ကိုးကွယ်ခြင်း ကို ဆန့်ကျင်ပြီး ဗာရှမင်းကို တိုက်ခိုက်သူဖြစ်တယ်။ ဒါပေမယ့် သူဟာ မြင့်သောအရပ်များကို မဖယ်ရှားခဲ့ဘူး။ ဘုရား သခင်အိမ်တော်က အဖိုးတန် ပစ္စည်းများလည်း ဒမာသက် မြို့ရှုရိမင်းထံ ပေးအပ်ခဲ့သူဖြစ်တယ်။ရှုရိနဲ့ ယုဒပြည်ကြား သဘောတူစာချုပ်ကို ချုပ်ဆိုခဲ့တယ်။ ရှုရိပြည်က ဣသရေလနိုင်ငံကို တိုက်ဖို့တွန်းအားပေးခဲ့တယ်။ (1 Kings 15:14,19,20).

*2.* ယေရောဗောင်ရဲ့သားနဲ့ သူ့ကိုဆက်ခံကြတဲ့ဘုရင်တွေဟာ ရုပ်တုကိုးကွယ်မှုပြုခဲ့ကြတယ်။

a. ယေရောဗောင်ရဲ့သားနာဒပ်မင်းဟာ ၂နှစ်အုပ်ချုပ်ခဲ့ပြီးသူ့အဖေလိုပဲမကောင်းဘူး။(1 Kings 14:20; 15:25, 26).

b. ဣသခါအမျိုး ဗာရှာမင်းဟာ နာဒပ်မင်းရဲ့တာဘက်မှာပုန်ကန်ပြီး ယေရောဗောင် မင်းမျိုးအားလုံးကိုသတ်ပစ်ခဲ့တယ်။ ပရောဖက်ပြောချက်အတိုင်းဖြစ်တယ်။ ယုဒပြည် အာသမင်းနဲ့ ဣသရေလပြည် ဗာရှာမင်းကြားမှာ စစ်ဆက်ဖြစ်တယ်။ (1 Kings 15:27,29,32) ပရောဖက် ယေဟုက ဗာရှာမင်းမျိုးပြုတ်မယ့်အကြောင်းကို ပရောဖက်ပြုခဲ့တယ်။ ဣသရေလ ဟာ ယေရောဗောင် ကိုးကွယ်တဲ့ရုပ်တုကို ဆက်ကိုးကွယ်လို့ ဖြစ်တယ်လို့ဆိုတယ်။ (1 Kings 16:1-3).

c. ဗာရှာရဲ့သားဧလာက နှစ်နှစ်အုပ်ချုပ်တယ်။ သူ့ကျွန်ဇိမရိက သူ့ကိုသတ်တယ်။ (1 Kings 16:8-14).

d. ဇိမရိကတိဇရမြို့မှာ၇ ရက်ပဲအုပ်ချုပ်ရတယ်။ဘုရင်ကိုသတ်တယ်လို့ လူတွေကြားတဲ့ အခါ မှာသူ့ကိုပယ်ပြီး ဗိုလ်ချုပ် ဩမရိကို မင်းအဖြစ် တင်မြှောက်ကြတယ်)

e. ဩမရိဟာ တိဇရမြို့ကိုအောင်ပြီး ဇိမရိနဲ့အတူ နန်းတော်ကို မီးရှို့ဖျက်ဆီးလိုက်တယ်။ ဒီအခါ လူနှစ်စုကွဲသွားတယ်။ ဒါပေမယ့် ဩမရိကအားတိုးပွါးပြီး ဣသရေလဘုရင်ဖြစ်လာတယ်။ (1 Kings 16:15-22) ဩမရိဟာ ရှမာရိတောင် ကို ဝယ်ယူလိုက်ပြီး သူ့ရဲ့နန်းတော် တည်ရာမြို့ဖြစ် စေတယ်။ ယေရောဗောင်လိုပဲ ရုပ်တုကိုးကွယ်ပြီး သူ့ရှေ့ ဘုရင်တွေ ထက် ဆိုးယုတ်တယ်။ (1 Kings 16:23-28) သူသေတဲ့အခါ သူ့သား အာဟပ်မင်း ဘုရင် ဖြစ်လာတယ်။(1 Kings 16:29-30) (မြောက်ပိုင်း ၁၀ နွယ်ကို ရှမာရိလို့ မကြာခဏ ခေါ်လေ့ရှိတယ်)

f. ဣသရေလမင်းတွေရဲ့အဆိုးဆုံးမင်းဖြစ်တဲ့အာဟပ်ဟာ ယေရောဗောင်ရဲ့ ရုပ်တုကိုးကွယ်တဲ့ အပြစ်ကို ဆက်ကျူးလွန်တယ်။ သူဟာ ဇိဒုန်ပြည်သူ ယေဇဗေလကို မိဖုရား တင်မြှောက်ပြီး ဗာလ ဝတ်ပြုကိုးကွယ်ခြင်းကို လက်ခံတယ်။ ဗာလအတွက် ဗိမ္မာန်ကိုဆောက်ပြီး ယဇ်ပလ္လင်နဲ့ တောအုပ်ကို တည်ထောင်တယ်။ ဘုရားသခင်ရဲ့အမျက်တော်ကို

နိုးဆော်သူဖြစ်ပြီး သူ့ရှေ့က ဘုရင်အားလုံးထက် ဆိုးယုတ်တယ်။ (1 Kings 16:31,33) (1 Kings 16:29-22:39. မှာ အာဟပ်မင်း အကြောင်းကို ဖတ်ရှုနိုင်တယ်။)

B.ဘုရားသခင်ရဲ့လူ ဧလိယဟာ ဆိုးညစ်တဲ့အာဟပ်နဲ့ ယေဇဗေလကို ဆန့်ကျင်ခဲ့တယ်။ (1 Kings 17-19). ပရောဖက်ဧလိယဟာ အစာငတ်မွတ်ရာကာလရောက်မယ်လို့ အာဟပ်နဲ့ ဣသရေလ လူတွေကို သတိပေးခဲ့တယ်။ အာဟပ်ရဲ့ဆိုးညစ်တဲ့ စိတ်နှလုံးကို ဘုရားသခင်သိတဲ့အတွက် ဧလိယကို ခေရုတ်ချောင်းနားမှာ ဖွက်ထားပြီး အစာရေစာ ချကျွေးခဲ့တယ်။ (1 Kings 17:5,6) စမ်းချောင်း ရေခမ်းခြောက်တဲ့အခါ ဘုရားက ဧလိယကို ဇိရဖမြို့မှဆိုးမ တယောက်ထံ စေလွှတ်တယ်။ အဲဒီ မုဆိုးမရဲ့အိုးထဲက မုန့်ညက်ကို ပြည့်စေဖို့ မုန့်ညက်နဲ့ ဆီကိုပြည့်စေဖို့ ပရောဖက်ကို အသုံးပြုခဲ့ တယ်။ မုဆိုးမရဲ့သား သေတဲ့အခါ ဘုရားသခင်က ဧလိယအားဖြင့် အသက်ပြန်ရှင်စေခဲ့တယ်။ (1 Kings 17:8-24)။ ဘုရားက ဣသရေလကို ထင်ရှားပြနေတယ်။ ဧလိယရဲ့ဘုရားဟာ စစ်မှန်တဲ့ ဘုရားလို့ သိစေချင်တယ်။ အစာ ငတ်မွတ်ရာကာလ ၃နှစ်မြောက်နေ့မှာ ဘုရားက ဧလိယကို အာဟပ်မင်းထံစေလွှတ်ပြီး မိုးရွာမယ်လို့ ပြောခိုင်းတယ်။ အာဟပ်မင်းကသူ့ရဲ့ဝန်ကြီး သြဗဒိကို အစာရေစာရှာဖို့ စေလွှတ်ခဲ့တယ်။ သြဗဒိဟာ ဘုရားကိုကြောက်ရွံ့ပြီး ယေဇဗေလရဲ့လက်မှ ပရောဖက် ၁၀၀ကို သေဘေးလွတ်အောင်ဖွက်ထားပြီး အစာရေစာကျွေးမွေးခဲ့သူဖြစ်တယ်။ (1 Kings 18:1-6) သြဗဒိပြန်လာချိန်မှာ ဧလိယကိုတွေ့တယ်။ အာဟပ်ထံသွားပြီး ဧလိယရှိကြောင်း ပြောခိုင်းတယ်။ သြဗဒိဟာ အသက်ဘေးအတွက်ကြောက်တယ်။ ဒါပေမယ့် ဧလိယပြောသလို သွားပြောတယ်။(1 Kings 18:7-16) အာဟပ်က ဧလိယကို "ဣသရေလအမျိုးကိုနှောင့်ယှက်သူ" လို့ခေါ်တယ်။ အစာငတ်မွတ်ခေါင်းပါးရခြင်းဟာ သူ့ကြောင့် ဖြစ်တယ်လို့ ဆိုတယ်။ ဧလိယက အစာငတ်မွတ်ခေါင်းပါးရခြင်းဟာ ဘုရားသခင်နဲ့ သူ့ရဲ့ပညတ်တော်ကို ပစ်ပယ်ပြီး ဗာလနောက် လိုက်လို့ဖြစ်တာ လို့ပြောတယ်။

ဧလိယဟာ အာဟပ်ကို ကရေမေလတောင်မှာ ပြိုင်ပွဲတခု ကျင်းပစေတယ်။ သူကိုးကွယ်တဲ့ ဘုရားသခင်နဲ့ ဗာလရဲ့ ပရောဖက်တွေကြား ပြိုင်ပွဲဖြစ်တယ်။ (1 Kings 18:17-20) လူတွေ စုဝေးလာတယ်။ဧလိယက"သင်တို့သည် ဘာသာ နှစ်ပါးစပ်ကြားမှာ အဘယ်မျှ ကာလပတ်လုံး ယုံမှားသော စိတ်နှင့် နေကြလိမ့်နည်း။ ထာဝရဘုရားသည် ဘုရားသခင် မှန်လျှင် ထိုဘုရားကို ဆည်းကပ်ကြလော့။ ဗာလသည် ဘုရားမှန်လျှင် ထိုဘုရားကိုဆည်းကပ်ကြလော့" လို့ ပြော ခဲ့တယ်။ လူတွေက ဘာမှပြန်မပြောနိုင်ခဲ့ကြဘူး။ ဧလိယက ဘုရားသခင်ဘက်က တယောက်တည်းသော ပရောဖက် ဖြစ်တယ်။ ဗာလဘက်ကပရောဖက် ၄၅၀ ရှိတယ်။ ပရောဖက်တွေဟာ ယဇ်ပလ္လင်နဲ့ ပူဇော်သက္ကာတွေကို ကိုယ့်အဖို့ ပြင်ဆင်ကြတယ်။ ဗာလပရောဖက်တွေက သူတို့ ဘုရားကို အော်ဟစ်ဆုတောင်းကြတယ်။ အသံကျယ်ကျယ်နဲ့ အော် ဟစ် ခုန်ပေါက်ကိုယ့်ကိုကိုယ်အနာတရဖြစ်အောင်လုပ်မနက်ခင်းကနေ ညနေတိုင်အောင် အော်ဟစ်ဆုတောင်းကြ တယ်။ ဒါပေမယ့် ဘာမှဖြစ်မလာဘူး။ ဗာလက အဖြေမပေးဘူး (1 Kings 18:21-29)။ ဧလိယဟာ ထာဝရ ဘုရား အတွက် ကျောက်တုံး ၁၂ တုံး နဲ့ ယဇ်ပလ္လင်ကို တည်တယ်။ မီးရှို့ရာယဇ်အပေါ်မှာ ရေ ၄ စည်ကိုလောင်းတယ်။ ပြီးမှ အာဗြဟံ ဣဇာက် ဣသရေလအမျိုးရဲ့ ဘုရားသခင်နာမတော် ကို ခေါ်တယ်။ "ကိုယ်တော်သည် ဣသရေလ အမျိုး၏ ဘုရားသခ င် ဖြစ်တော်မူကြောင်းကိုင်၊ အကျွန်ုပ်သည် ကိုယ်တော့်ကျွန်ဖြစ်၍ အမိန့်တော်အတိုင်း ဤအမှုအရာပြု ကြောင်း ကိုင် ယနေ့ သိကြပါစေသော။" (1 Kings 18:30-36) ထာဝရ ဘုရားရဲ့မီးဟာ ကောင်းကင်ကကျပြီး ယဇ် ကောင် ထင်း၊ ကျောက်တုံး မြေမှုန့်နဲ့ ရေအားလုံးကို လောင်ကျွမ်းခဲ့တယ်။ "လူအပေါင်းတို့ သည် မြင်လျှင် ပြပ်ဝပ်၍ ထာဝရ ဘုရားသည် ဘုရားသခင် ဖြစ်တော်မူ၏ဟု ဝန်ခံကြ၏။" (1 Kings 18:39) ဧလိယက အာဟပ်ကို သွားစား သောက်စေ တယ်။ မိုးရွာတော့မယ်။ ဧလိယက ဂုကြိမ် တိုင်တိုင် ကြည့်တဲ့အခါ မိုးတိမ်တက်လာတာမြင်ပြီး မိုး အကြီး အကျ ယ်ရွာချလာတယ်။ အာဟပ် ဟာ သူ့ရထားကို စီးပြီးသွားတယ်။ ဧလိယက သူ့ရှေ့မှာ ယေဇရေလမြို့ကို ပြေးတယ်။ (1

Kings 18:41-46) ကျေးဇူးမသိတဲ့ ယေဇဗေလဟာ ဧလိယကို သတ်မယ်လို့ဆိုတယ်။ ဧလိယက အသက်အတွက် ဗေရရှေဘမြို့ကို ပြေးရတယ်။ တောထဲမှာ ရှိတဲ့အခါ ဘုရားသခင်က သူ့ကို တွေ့တယ်။ ၃ရာ ၁၉း ၁-၈။ ဧလိယဟာ ရာသန်ပင် juniper tree အပင်အောက်မှာနားနေတယ်။ ထာဝရဘုရားရဲ့ကောင်းကင်တမန်က သူ့ကိုပြုစုတယ်။ ရက်ပေါင်း ၄၀ ညပေါင်း ၄၀ ဟောရ အရပ်ကို ခရီးသွားဖို့ ခွန်အားပေးတယ်။ အဒီအရပ်ဟာ ထာဝရဘုရားရဲ့တောင်သိနာ အရပ်ဖြစ်တယ်။(1 Kings 19:1-8) အဲဒီမှာ သူဟာ လိုဏ်ဂူတခုထဲမှာ ပုန်းနေတယ်။ ထာဝရဘုရားကြွလာပြီး သူ ဘာလုပ်နေ လဲလို့မေးတယ်။ "အကျွန်ုပ်တယောက်တည်း ကျန်ရစ်၍" လို့ဆိုတယ်။ ဧလိယဟာ တယောက်တည်းလို့ ခံစားရပြီး ကြောက်နေတယ်။ ဘုရားသခင်က ကြီးမားတဲ့လေ၊ မြေလျင်နဲ့ မီးကို စေလွှတ်တယ်။ အဲဒီနောက်မှာ ဖြည်းညှင်းသောအသံ သေးငယ်သောအသံနဲ့ ကြွလာတယ်။ဧလိယနိမ့်ချသွားတယ်။ သူဘာလုပ်နေလဲလို့ထပ်မေးတယ်။ ဧလိယဟာ သူ့ စိတ်နလုံးကို ဘုရားသခင်ထံမှာ သွန်းလောင်းတယ်။ (1 Kings 19:9-14) ဧလိယ ခွန်အားရပြီး ဘုရားသခင်ရှေ့မှာ နိမ့်ချလာတယ်။ ဒမာသက်ကို သွားပြီး ရှုရိရှင်ဘုရင်အဖြစ် ဟာဇေလကို ဘိသိက်ပေးဖို့ ပြောတယ်။ ယေဟုကို ဣသရေလရှင်ဘုရင် ဖြစ်စေမယ်။ဧလိရှဲကို ဧလိယနောက်လိုက်ပရောဖက်ဖြစ်စေမယ်။ ဣသရေလနိုင်ငံမှာ ပရောဖက် ၇၀၀၀ ရှိတယ်။ဗာလကို ဦးမချဝတ်မပြုဘူးလို့ ဧလိယကိုပြောတယ်။(1 Kings 19:15-18) ဧလိယဘုရားသခင်ပြောတဲ့ အတိုင်း လုပ်ဆောင်တယ်။

C.ဣသရေလကို စစ်ဆေးဖို့နဲ့ အပြစ်ပေးဖို့အတွက် ရန်သူနိုင်ငံတွေကို စေလွှတ်ခဲ့တယ်။ (1 Kings 20-22). ရန်သူနိုင်ငံတွေဖြစ်တဲ့ အီဂျစ်၊ ရှုရိ၊ အာရှုရိနဲ့ ဗာဗုလုန်တို့ကို အသုံးပြုတယ်။ ဣသရေလကိုဆုံးမဖို့ အပြစ်ပေးဖို့ဖြစ်တယ်။ တရားသူကြီးခေတ်မှာလည်းဒီလိုသုံးဖူးတယ်။ ရှုရိက ရှမာရိ ပြည်ကို သိမ်းပိုက်တယ်။ (1 Kings 20:1-12) ရှုရိဘုရင် ဗင်ဟာဒတ်က အာဟတ်ကို စကားပါးတယ်။ သင့်ရွှေနဲ့ ငွေသည် ငါ့ဥစ္စာဖြစ်၏။ သင့်သားမယား အကောင်းဆုံးကိုလည်း ငါပိုင်၏လို့ ဆိုတယ်။ (1 Kings 20:3) အာဟတ်က ဒီစကားကြားရတဲ့အခါ-"ငါနှင့် ငါ့ဥစ္စာ ရှိသမျှသည်ကိုယ်တော်ဥစ္စာ ဖြစ်ပါ၏။" (1 Kings 20:4) ဒါပေမယ့် ဗင်ဟာဒတ်က ဆက်တိုက်ခိုက်တယ်။ ဘုရားတန်ခိုးပြဖို့ ရှုရိလူတွေကို ရှုံးနိမ့်စေ တယ်။ ဒါပေမယ့် နောက်တခါလာဦးမှာ ဖြစ်လို့ အာဟတ်ဟာကိုယ့်ကိုကိုယ် ခိုင်ခံ့အောင်ပြင်ဆင်ဖို့လိုတယ်။ (1 Kings 20:16, 20-22). ဣသရေလဟာ ဘုရားသခင်အတွက် ပုံသက်သေ လွဲနေတယ်။ ရှုရိကလည်းဘုရားကိုပစ်မှားနေ တယ်။ ရှုရိဘုရင်ရဲ့အစေခံကျွန်တွေက ဣသရေလရဲ့ဘုရားဟာ တောင်ကိုသာ အစိုးရတဲ့ဘုရားဖြစ်တယ်။ လွင်ပြင်ကို အစိုးမရဘူး။ တောင်ပေါ်မှာပဲ စစ်တိုက်နိုင်တယ်လို့ဆိုတယ်။ (1 Kings 20:23)ဘုရားသခင်က"ထိုကြီးစွာသော အလုံး အရင်း အပေါင်းကို သင့်လက်သို့ ငါအပ်မည်။ ငါသည် ထာဝရ ဘုရား ဖြစ်ကြောင်းကို သင်တို့သိရကြလိမ့်မည်။" လို့ ဆိုတယ်။ (1 Kings 20:28,29). ရှုရိပြည် နဲ့ စစ်ပြေငြိမ်းလိုက်တယ်။ ဒါကို ဘုရားက အပြစ်တင်တယ်။ (1 Kings 20:34-43) ဒါဟာ ရှုရိက အားနည်းတဲ့ ဣသရေလကို တိုက်ခိုက်သိမ်းယူမှု အစဖြစ်တယ်။ အာဟတ်ဟာ နာဗုတ်ရဲ့စပျစ်ဥယျာဉ်ကိုသိမ်းယူတယ်။ အတ္တကြီးတယ်။(1 Kings 21:1-16) ဧလိယကဘုရားသခင်ရဲ့စီရင်ခြင်းကိုကြညာ တယ်။ ကိုယ်ကိုကိုယ် ရောင်းပြီး ဒုစရိုက်ပြုသူဖြစ်တယ်။ သူနဲ့ သူ့မိသားစုကို ပယ်ရှင်းမယ်။ အာဟတ်ဟာ လျှော်တေ အဝတ်ဝတ်ပြီးပြာပုံပေါ်မှာထိုင်ကာ နောင်တရခဲ့တယ်။ အာဟတ်က သူ့အမှားကို နိမ့်ချပြီး၊ နောင်တရနေတဲ့အတွက် စီရင်ခြင်းဟာသူ့သားလက်ထက်မတိုင်မီမကြုံရဘူးလို့ ဆိုတယ်။ (1 Kings 21:17-29)အာဟတ်ဟာမိန်းမယေဇဗေလ အားဖြင့် မွေ့နှောက်ခံရပြီး၊ တခြားဘုရင်တွေထက်ဆိုးတယ်။ (1 Kings 21:25). အဲဒီနောက် ၃နှစ်လုံးလုံး ဣသရေလ နဲ့ ရှုရိအကြား စစ်ပွဲမရှိဘူး။ (1 Kings 22) အာဟတ်ဟာ ယုဒဘုရင် ယောရှဖတ်ကို သူနဲ့အတူ ဂိလတ်ပြည်၊ ရာမုတ်မြို့ကို စစ်ချီဖို့ ပြောတယ်။(1 Kings 22:4) စစ်ပွဲမှာ ကျဆုံးတယ်။သူ့အလောင်းကို ရှမာရိပြည်ကိုသယ်ပြီး၊ သူ့အသွေးကို မြင်းရထားမှာ ဆေးကြောတဲ့အခါ ခွေးတွေက လျှက်ကြတယ်။ (1 Kings 22:33- 40)

D.ယုဒဟာ မသန့်ရှင်းတဲ့ မိသဟာယအတွက် အဖိုးအခ ပေးခဲ့ရတယ်။

ယုဒပြည်က ဘုရားသခင်ကို အသိအမှတ်ပြုတယ်။ ဒါပေမယ့် စကားအမြဲ နားထောင်တာတော့ မဟုတ်ဘူး။ ယုဒမင်းကောင်းတပါးဖြစ်တဲ့ ယောရှဖတ်ဟာ တိုင်းပြည်ကို ဘုရားမဲ့အပြုအမူတွေကြားမှာ ရောင်းစားခဲ့တယ်။ အာသပ်ရဲ့သား ယောရှဖတ်မင်းဟာ ယုဒနိုင်ငံမှာ ယောကျာ်းလျာ တွေကို ပယ်ဖြတ်ပြီး နိုင်ငံကို အားပြည့်စေတယ်။ ကုန်သွယ်မှုတွေ ဆက်လုပ်တယ်။ ဒါဝိဒ်လမ်းအတိုင်း လျှောက်တယ်။ ဗာလနောက် မလိုက်ဘူး။ ဣသရေလအမျိုးရဲ့လမ်းကိုလည်း မလိုက်ဘူး။ ကုန်းမြင့်တွေ၊ တေအုပ်တွေကို ဖယ်ရှားတယ်။ မင်းတွေ၊ လေဝိသားတွေ၊ ယဇ်ပုရောဟိတ်တွေကို ရောအနှံ့ စေလွှတ်ကာ တရားတော်ကို သင်စေတယ်။ သူရဲ့ပုံသက်သေက ဘုရားကို ကြောက်ရွံ့တာ ထင်ရှားတယ်။ တိုင်းပြည် စီးပွါးတက်လာတယ်။ (1 Kings 22:46,49; 2 Chronicles 17:1-19) ဒါပေမယ့် ယောရှဖတ်ဟာ ယဇ်ပူဇော်ရာကုန်း မြင့်တွေကိုမပယ်ရှားဘူး။(1 Kings 22:43),(1 Kings 22:44) ဣသရေလ နဲ့ ငြိမ်းချမ်းရေးရပြီး ဆိုးညစ်တဲ့ အာဟတ်နဲ့ အမျိုးစပ်ခဲ့တယ်။ နိုင်ငံရေး၊ စစ်ရေးနဲ့ စီးပွါးရေး ပူပေါင်းခဲ့တယ်။ (2 Chronicles 18:1,2).

အာဟတ်မင်းရဲ့သမီးတော် အာသလိကို သားယေရောဖောင်နဲ့ ပေးစားတယ်။ (2 Chronicles 21:6).သူ့ကိုသားသောက်ပွဲကြီး ကျင်းပပေးတယ်။ ဂိလတ်ပြည်၊ ရာမုတ်မြို့ကို စစ်ချီရာမှာ ပါဝင်စေဖို့ ဖြစ်တယ်။ ယောရှ ဖတ်က ပရောဖက်တပါးပါးရဲ့အကြံကိုတောင်းချင်တယ်။ အာဟတ်ရဲ့ပရောဖက်တွေက စစ်ချီဖို့ပဲ ပြောကြတယ်။ ဘုရား သခင်ရဲ့ပရောဖက်ဖြစ်တဲ့ မိက္ခာကတော့ စစ်ချီပါလို့ ဆိုတယ်။ ဒါပေမယ့် ဣသရေလအမျိုးသားတွေဟာ တောင်ပေါ်မှာ ကွဲလွင့်ပြီး တောင်ပေါ်မှာ ထိန်း သူမရှိတဲ့ သိုးတွေလို ဖြစ်မယ်လို့ ဆိုတယ်။ (1 Kings 22:17). အာဟတ် စိတ်ဆိုးပြီး၊ မိက္ခာကို ထောင်ချတယ်။ အာဟတ်မင်း စစ်ပွဲမှာ ကျဆုံးတယ်။ (1 Kings 22:29-40; 2 Chronicles 18:1-32)

ပရောဖက်ယေဟုက ယောရှဖတ်ကို "မင်းကြီးသည် မတရားသော သူတို့ကို မ,စ သင့်သလော။ ထာဝရဘုရား၏ အမျက် တော်သည် မင်းကြီးအပေါ်သို့ သက်ရောက်လေပြီ။" လို့ ပြောတယ်။ (2 Chronicles 19:2) ယောရှဖတ်က နားထောင် တယ်။ တရားသူကြီးတွေက လူ့အတွက် တရား စီရင်တာမျိုး မဟုတ်ဘဲ၊ ဘုရားသခင်အတွက်တရားစီရင်ရမယ်။ ဘုရား သခင်ကို ကြောက်ရွံ့ရ မယ်။ လေဝိသားနဲ့ ယဇ်ပရောဟိတ်တွေဟာ ဘုရားကိုကြောက်ရွံ့စွာ အမှုဆောင်ရမယ်။ ရိုသေ ရမယ်။ အပြစ်ကို သတိပေးရမယ်လို့ ဆိုတယ်။ (2 Chronicles 19:5-11).

မောဘနဲ့ အာမုန်လူမျိုးတွေ လာတိုက်ခိုက်တဲ့အခါ ယောရှဖတ်ဟာ ကြောက်ရွံ့ပြီး ဘုရားသခင်ကို ရှာတယ်။ အစာရှောင် ဆုတောင်းဖို့ လူတွေကိုစုဝေးစေတယ်။ သူ့စိတ်နှလုံးကို အရင်ပြင်တယ်။လူတွေရဲ့စိတ်နှလုံးကိုလည်းပြင်ဆင်ဖို့ တောင်း ဆိုတယ်။ ဝတ်ပြုကိုးကွယ်ပြီး ကျေးဇူးတော် ချီးမွမ်းတယ်။ လူတွေကလည်း စိတ်နှလုံးနှိမ့်ချပြီး၊ ထာဝရဘုရားရဲ့ ဝိညာဉ် တော်က လူတွေကို အား ပေးတယ်။ လေဝိလူတွေက ရပ်ပြီး၊ ချီးမွမ်းကြတယ်။ ယောရှဖတ်ကလည်း သူတို့ကို အားပေး စကား ပြောတယ်။ "သင်တို့၏ ဘုရားသခင်ကို ယုံကြည်ကြလော့။ သို့ပြုလျှင် တည်ကြည်ကြလိမ့်မယ်။ သန့်ရှင်းခြင်း အသရေကို ချီးမွမ်းရသော သီချင်းသည်တို့ကို ထာဝရဘုရားအဖို့ ခန့် ထားတော်မူ၏။" ချီးမွမ်းသီချင်းတွေ စဆိုကြ တဲ့အခါ ဘုရားသခင်က အာမုန်နဲ့ မောဘကြားမှာ ချောင်းမြောင်း ပစ်ခတ်တဲ့ ရှုပ်ထွေးမှုတွေကို စတင် ဖြစ်ပေါ်စေတယ်။ ၃ ရက်လုံးလုံး တိုက်ခိုက် ချေမှုန်းရတယ်။ ဘုရားကျေးဇူးတော် ချီမွမ်းကြတယ်။ ဘုရားသခင်ကို ကြောက်ရွံ့ခြင်းဟာ တနိုင်ငံ လုံးမှာ သက်ရောက်ပြီး ငြိမ်သက်ခြင်း ခံစားရကြတယ်။ (2 Chronicles 20:20-30).

အာဟတ်သေတဲ့အခါ ယောရှဖတ်ဟာ အာမဇိနဲ့ ပေါင်းပြန်တယ်။ သူဟာ ဣသရေလရဲ့နောက် ထပ် မင်းဆိုးတပါး ဖြစ်တယ်။ တာရှိမြို့ကို သင်္ဘောတွေ စေလွှတ်ဖို့ ပြင်ကြတယ်။ဘုရားကအဲဒီ သင်္ဘော တွေကို ချိုးဖျက်ခဲ့တယ်။ (2 Chronicles 20:35-37). ယောရှဖတ်သေပြီး သူ့သား ယေဟောရံ နန်းထိုင်တယ်။ (1 Kings 22:50,51).

E.**Things to Think About:** ဆင်ခြင်စရာများ

*1.* ဣသရေလနဲ့ ယုဒပြည်ကြားမှာ ဘာကြောင့် စစ်ဖြစ်ရသလဲ? ဣသရေလက ရုပ်ထုကိုးကွယ်တယ်။ ယုဒက ဘုရားသခင်ကို ကိုးကွယ်တယ်။ ဘုရားကို ကိုးကွယ်ခြင်းနဲ့ ဘုရားကို ဆန့်ကျင် ခြင်းကြားမှာ အမြဲတမ်း ပြဿနာ ရှိတယ်။ ဒီပြဿနာရဲ့ကြားမှာ ဧလိယ ဘယ်လို ရပ်တည်သလဲ။ ဘုရားသခင်ဖက်က ရပ်တဲ့အခါ သူ့အသက်ကိုပင် ခြိမ်းခြောက်စရာ ဖြစ် လာတယ်။ မကောင်းမှု တွေကြားမှာ ဘုရားအတွက်ရပ်တည်ဖို့ ရဲ့ဝံ့တဲ့ သတ္တိရှိရဲ့လား?

*2.* မင်းကောင်းဖြစ်တဲ့ ယောရှဖတ်ဟာ ဘာကြောင့် သူ့ရဲ့ယုဒနိုင်ငံကို အားနည်းစေခဲ့သလဲ? စီးပွါးရေး လုပ်ရင်း ဣသရေလမင်းဆိုးတွေနဲ့ သားသမီးတွေကို အိမ်ထောင်ချ ပေးလို့ဖြစ် တယ်။ ဘုရားစကား နားမထောင်တဲ့သူနဲ့ မိတ်ဆွေဖွဲ့ရင် မသန့်ရှင်းတဲ့ မိဿဟာယဖြစ်တယ်။ ဒီနေ့ခေတ် ယုံကြည်သူတွေရဲ့မသန့်ရှင်းတဲ့ မိဿဟာယက ဘာတွေလဲ?

*3.* ဧလိယအားဖြင့် ဘုရားသခင်က နိမိတ်လက္ခဏာတွေ ဘာကြောင့်လုပ်ဆောင်ခဲ့သလဲ။ လူတွေကို ဘုရားတန်ခိုးတော်မြင်စေခြင်လို့ဖြစ်တယ်။ သူ့တန်ခိုးနဲ့ဘုန်းတော်ကို ဒီနေ့ ယုံကြည် သူတွေရဲ့အသက်တာအားဖြင့် ဘုရား သခင်ပြပါတယ်။ သင့်အားဖြင့် ဘုရားသခင် ရဲ့တန်ခိုးနဲ့ ဘုန်းတော်ကို တခြားသူတွေမြင်နိုင်ပြီလား။?

## III.THE PRICE OF DISOBEDIENCE IN AHAB'S DESCENDANTS IN ISRAEL ဣသရေလပြည်ရှိ အာဟပ်သားမြေးတွေရဲ့မနာလိုမှု အာခံခြင်းကြောင့်ပေးဆပ်ရတဲ့ အဖိုးအခ (2 Kings 1-9)

A. အာဟပ်ရဲ့သားမြေးတွေက ဣသရေလပြည်မှာ ဆက်လက်ဆိုးညစ်ကြတယ်။.

သူတို့ကိုသတိပေးဖို့ ပရောဖက်တွေ စေလွှတ်ခဲ့တယ်။ အာဟပ်ရဲ့သား အာဟဇိက ဣသရေလ ဘုရင် ဖြစ်လာတယ်။ (2 Kings 1:1-18). သူဟာ ဗာလဇေဗုလဘုရားထံ မေးမြန်းဖို့ အစေ အပါတွေ လွှတ်ခဲ့တယ်။ ဘုရားသခင်က ဧလိယကို သွားတွေ့ခိုင်းပြီး သတင်းစကားပါးတယ်။ "ဣသရေလပြည်၌ ဘုရားသခင်မရှိသောကြောင့် ဧကြုန်မြို့၏ ဘုရားဗေဇဗုလ သို့သွား၍ မေးမြန်း ရသလော။ အာဟဇိမင်းသေမယ် လို့ပြောလိုက်တယ်။ (2 Kings 1:2-4).

အာဟဇိဟာ ဧလိယကို တောင်ပေါ်ကနေဆင်းလာဖို့ လူ ၅၀ ကို ၃ကြိမ်တိုင်တိုင် စေလွှတ်ခဲ့တယ်။ ဧလိယက ကောင်းကင်ကလောင်မီးကျပြီး သူတို့ကို လောင်စေခဲ့တယ်။ သူတို့အနေနဲ့ ဘုရားသခင် ကို ဝန်မခံမချင်း မီးကျလောင်ခဲ့တယ်။ ဧလိယဟာ အာဟဇိထံကို သေမိန့်နဲ့အတူ သွားခဲ့တယ်။ (1 Kings 1:9-18) (ဘုရားသခင်က ဧလိယနေရာမှာ အစားထိုးဖို့ ဧလိရှဲကို စေလွှတ်တယ်။, 2 Kings 2)

အာဟဇိရဲ့သား ယဟောရံဟာ ဣသရေလကို အုပ်စိုးတယ်။ (2 Kings 3:1). ယဟောရံ တဘက်မှာ မောဘက ပုန်ကန် တယ်။ ယုဒပြည် ယောရှဖတ်မင်းကို သူနဲ့အတူ မောဘပြည်ကို စစ်တိုက်သွားဖို့ ခေါ်တယ်။ ယောရှဖတ်က သဘောတူ ပြီး ပူးပေါင်းခဲ့တယ်။ ဣသရေလ၊ ယုဟာနဲ့ ဧဒုန်ရှင်ဘုရင် တို့ဟာ မောဘကို သွားတိုက်ကြတယ်။ ရေမရှိတဲ့အခါ ယော ရှဖတ်က ပရောဖက်ကို ရှာတယ်။ ပရောဖက်ဧလိရှဲက ဣသရေလ ရှင်ဘုရင်ကို မကြိုက်ဘူး။ ဒါပေမယ့် ယောရှဖတ် မင်းကိုတော့ အသိအမှတ်ပြုတယ်။ လေမရှိ မိုးမရှိပေမယ့် ကန်တူးကြဖို့ ပြောတယ်။ ဧဒုန်ချိုင့် ဝှမ်းမှာ ရေပြည့် မယ် လို့ဆိုတယ်။ (2 Kings 3:16-20). မနက်မှာ မောဘလူတွေဟာ ရေပေါ်မှာ တောက်ပနေတာကို တွေ့တယ်။ အသွေး လို့ထင်တယ်။ ရှင်ဘုရင်တွေ အချင်းချင်း စစ်တိုက်ပြီး ပျက်စီးကုန်ပြီလို့ ယူဆကြတယ်။ ဣသရေလက သူတို့ကို ဆီးကြို တိုက်ခိုက် အနိုင်ယူလိုက်တယ်။ မောဘ ရှင်ဘုရင် ဟာ သူရှုံးတာသိပြီဆိုတဲ့အခါ သူ့သားကို ယူပြီးတော့ မီးရှို့ရာ ယဇ် ပလ္လင် အပေါ်မှာ ပူဇော်တယ်။ အဲဒီသားဟာ သူ့ရဲ့ထီးနန်းအမွေကို ဆက်ခံမယ့်သူဖြစ်တယ်။ (2 Kings 3:21-27).

B. ယုဒပြည်မှာ ယောရှဖတ်မင်းအစား ယေဟောရံမင်းအုပ်စိုးတယ်။(2 Kings 8:16)

သူဟာ အာဟပ်မင်းနဲ့ ယောက္ခမ ယေဇဗေလလမ်းကို လိုက်တယ်။ ဒါပေမယ့် ဘုရားသခင်က ဒါဝိဒ်နဲ့ပြုတဲ့ ပဋိညာဉ်ကြောင့် ယုဒပြည်မှာ မင်းမျိုးမပျောက်စေဘူး။ (2 Kings 8:18,19). ဧဒုန်နဲ့ လိဗနဟာ ပုန်ကန်ခဲ့တယ်။ (2 Kings 8:20-22). အာခဇိ (ယဟောရံ) က ယုဒပြည် ကိုစိုးစံ တယ်။ (2 Kings 8:25-29) သူ့အဖိုးအာဟပ်ရဲ့လမ်းအတိုင်း လိုက်တယ်။ သူဟာ ယေဟောရံနဲ့ အာသလိရဲ့သားဖြစ်တယ်။ သူဟာ ဣသရေလရှင်ဘုရင်ယောရံနဲ့ ပေါင်းပြီးတော့ ရှုရိဘုရင် ဟာဇေ လကို တိုက်ခိုက်ကြတယ်။ ယောရံ ဒါဏ်ရာရပြီး၊ အာဟာဇိက သူ့ကို ယေဇ ဗေလမြို့ကို ပြန်စေခဲ့ တယ်။ (2 Kings 8:28,29). ယေဟုဟာ ရှမာရိကို ရောက်လာပြီး ယောရံ မင်းကို သတ်လိုက် တယ်။ ယောရံမင်း အာခဇိနဲ့ ယေဇဗေလကို သတ်လိုက်တယ်။ အာသလိဟာ အာခဇိရဲ့အမေ၊ အာဟပ်နဲ့ ယေဇဗေလရဲ့သမီးဖြစ်တယ်။ သူဟာ သူ့သားအာဟဇိ သေပြီးနောက်မှာ မင်းမျိုး မင်းနွယ်အားလုံးကို သတ်ဖြတ်ရှင်းလင်းခဲ့တယ်။ ယုဒပြည်မှာ ဘုရင်မအဖြစ် အုပ်ချုပ်တယ်။ အာဟာဇိရဲ့ညီမယဟောရှဗဟာ ဘုရင်ရဲ့အငယ်ဆုံးသား ယောရှကို ဗိမ္မာန်တော်ထဲမှာဖွက်ထားခဲ့တယ်။ ယဇ်ပရောဟိတ်က ယေဟောယဒဖြစ်တယ်။ ကလေးအသက် ၇နှစ်ရှိတဲ့အခါ ယုဒပြည်ရဲ့ဘုရင် အဖြစ်နဲ့ အားလုံးရှေ့မှာ ထုတ်ပြပြီး အာသလိကို သတ်ပစ်တယ်။ (2 Kings 11:1-20; 2 Chronicles 22:10-23:15; 24:7)

C. ဧလိရှဲရဲ့နိမိတ်လက္ခဏာတွေဟာ ဘုရားတန်ခိုးတော်ကိုခေတ်ဆိုးကြီးထဲမှာပြရာရောက်တယ်။(2 Kings 4-8).

*1.* ဘုရားကို ယုံကြည်တဲ့ အမျိုးသမီးနစ်ယောက်ကို မစခဲ့တယ်။ ပရောဖက်ကတော် မုဆိုးမတယောက်ကို အကြွေး ဆပ်ဖို့ ဆီတွေထောက်ပံ့ခဲ့တယ်။ (2 Kings 4:1-7). ရှုနမိတ်အမျိုးသမီးက ဧလိရှဲအတွက် အခန်းကိုပြင်ဆင်ပေး တဲ့အတွက် သူ့ကို သားပေးခဲ့တယ်။ (2 Kings 4:8-17) သူ့သား သေတဲ့အခါ ဧလိရှဲက အသက်ပြန်ရှင်စေတယ်။ (2 Kings 4:18-37).

*2.* ပရောဖက်ရဲ့သားနစ်ယောက်ကို ဘုရားသခင်မစခဲ့တယ်။ အဆိပ်ပါတဲ့ ဟင်းချိုကို အဆိပ်ကင်းမဲ့စေတယ်။ မုယော မုန့်အလုံး၂၀နဲ့ ကောက်ပဲသီးနှံအနည်းငယ်ကို လူ ၁၀၀စာကျွေးမွေး ခဲ့ တယ်။ (2 Kings 4:38-44).

*3.* ရှုရိစစ်ဗိုလ်ချုပ်ကြီးနေမန်ကို နူနာပျောက်စေတယ်။ (2 Kings 5). နေမန်ဟာ နူနာစွဲတယ်။ ဂျူးလူမျိုး ကျွန်မလေး တယောက်က သူ့ဇနီးသည်ကို ဘုရားသခင့်တန်ခိုးတော်အကြောင်း သက် သေခံတယ်။ (2 Kings 5:1-4). နေမန်က ရှင်ဘုရင်ထံသွားတယ်။ ရှင်ဘုရင်က သူမတတ်နိုင်ဘူး။ ဒါကြောင့် ဧလိရှဲထံ စေလွှတ်တယ်။(2 Kings 5:5-7) ပထမ တော့ နေမန်ကဧလိရှဲရဲ့စကားကို နားမထောင်ဘူး။ ဒါပေမယ့် သူ့အစေခံတွေက နားထောင်ဖို့ အကြံပေးလို့ နားထောင် ပြီး ရောဂါ ပျောက်သွားတယ်။ (2 Kings 5:8-14) အဲဒီနောက်မှာ သူက "ဣသရေ လပြည်မှတပါး အဘယ်ပြည်၌မျှ ဘုရားသခင် မရှိသည်ကို ယခု အကျွန်ုပ်သိပါ၏။" လို့ဆိုတယ်။ ဧလိရှဲက လာပေးတဲ့အလှူကို ငြင်းတယ်။ ဒါပေမယ့် သူ့ကျွန်ဂေဟာဇိက ဒါတွေကို ရဖို့ကြိုးစားတယ်။ အဲဒီအခါမှာ အပြစ်ကြောင့် နူနာ စွဲသွားတယ်။ (2 Kings 5:15-27).

*4.* ဘုရားသခင်က သူ့တန်ခိုးတော်ကို ပရောဖက်များအားဖြင့် ပြတယ်။ ပရောဖက်ကျောင်းသားတွေရဲ့ပုဆိန်ခေါင်းဟာ ရေထဲကျသွားတယ်။ ဧလိရှဲ ဆုတောင်းတဲ့အခါ ပုဆိန်ခေါင်းကို ရေပေါ် မှာပေါ်ပြီး ယော်ဒန်မြစ်ထဲမှာ ကူးနေစေတယ်။ (2 Kings 6:1-7)

*5.* ဘုရားသခင်က ဣသရေလဘုရင်နဲ့ ရှမာရိပြည်သူတွေကို အကြိမ်များစွာ ကွယ်ကာပေးခဲ့တယ်။

a. ဘုရားသခင်ရဲ့လူတယောက်က ဣသရေလရှင်ဘုရင်ကို ရှုရိစစ်တပ်ရှိရာနေရာကို ပြခြင်းအားဖြင့် ကယ်ခဲ့တယ်။ (2 Kings 6:8-10).

b. ရှုရိုရှင်ဘုရင်ဟာ ဒေါသန်မြို့မှာ ဧလိရှဲကိုဖမ်းဖို့ ကြိုးစားခဲ့တယ်။ (2 Kings 6:13-22). ဧလိရှဲက သူ့ရဲ့အစေခံကျွန်ကို ပြောတယ်။ "မစိုးရိမ်နှင့်။ ငါတို့ဘက်၌နေသောသူတို့သည် ရန်သူ တို့ဘက်၌ နေသောသူတို့ထက် သာ၍များကြသည်။" (2 Kings 6:16). ဘုရားသခင်က သူ့ရဲ့မျက်စေ့ကို ဖွင့်ပေးလိုက်တဲ့အခါ တောင်ပေါ်မှာ မီးမြင်းရထားအပြည့် ကို တွေ့လိုက်ရတယ်။ ဘုရား သခင်က ရှုရိုလူမျိုးတွေရဲ့မျက်စေ့ကိုကန်းစေပြီး ဧလိရှဲက သူတို့ ကို ရှမာရိပြည်ထဲခေါ် သွားခဲ့တယ်။ အဲဒီမှာ ဘုရားသခင်က သူတို့မျက်စေ့ကို ပြန်ဖွင့်ပေး လိုက်တယ်။ ဧလိရှဲက ဣသရေလရှင်ဘုရင်ကို သူတို့တွေကို ကျွေးမွေးပြီး အိမ်ပြန်လွှတ်ဖို့ ပြောခဲ့တယ်။ (2 Kings 6:17-23).

c. ရှုရိုတပ်က ရှမာရိပြည်ကိုဝိုင်းထားတယ်။ အဲဒီမှာ အစာငတ်မွတ်ခေါင်းပါးသွားတယ်။ (2 Kings 6:24-33; 7:1-20) လူတွေဟာ သူတို့ရဲ့မွေးစင်နဲ့ သားသမီးအရင်းကိုပင် စားသောက် ရသည် အထိ ဖြစ်လာတယ်။ ဘုရင်က သေချင်စိတ်ပေါက်လာတယ်။ ဒါပေမယ့် ဧလိရှဲက ငြင်းတယ်။ နောက်တနေ့မှာ အစာရမယ်လို့ ပရောဖက်ပြုတယ်။ ရှင်ဘုရင်ရဲ့အမတ်တပါးက ဘုရားသခင်ရဲ့စကားတော်ကို မယုံတဲ့အတွက် မစားရဘူးလို့ အပြောခံရတယ်။ (2 Kings 7:1,2). နောက်တနေ့မှာ လူနူလေးယောက်ဟာ ရှုရိုတပ်ထဲ သွားကြတယ်။ ဘုရားသခင်က ရှုရိုတပ်ကို ဆူဆူညံညံ အသံ[] ကား ပြီး ဟိတ္တိလူနဲ့ အီဂျစ်လူတွေကို ဣသရေလကငှါးပြီလို့ ထင်စေတယ်။ ဒါကြောင့် သူတို့ ထွက်ပြေးတဲ့အခါ အရာအားလုံး ကိုစွန့်ပြီး ထွက်ပြေးခဲ့ရတယ်။ လူနူတွေဟာ ဒီသတင်း စကားကို ရှမာရိပြည်ကို ပြန်သယ်လာတယ်။ လူတွေက အစား အစာရဖို့ အတင်းတိုးဝှေ့ ထွက်ပြေး ကြတယ်။ (2 Kings 7:3-20).

*6.* ယုံကြည်တဲ့အမျိုးသမီးကို ဘုရားသခင်ကဆုချတယ်။ သားသေရာမှ ရှင်လာရတဲ့အမျိုးသမီး ဟာ အစာငတ်မွတ်ပြီး ၇ နှစ်အကြာမှာ သူ့နေရင်းအရပ်ကို ပြန်လာတယ်။ သူ့မြေကွက်ကိုရဖို့ ရှင် ဘုရင်ထံ အသနားခံတယ်။ ဂေဟာဇိက ဧလိရှဲရဲ့နိမိတ်လက္ခဏာအကြောင်းကို ရှင်ဘုရင်ထံ သံတော်ဦးတင်တယ်။ ဒီသက်သေခံချက်ကြောင့် သူ့ရဲ့မြေပြန်ရတယ်။ (2 Kings 8:1-6).

*7.* ဘုရားသခင်ကသူ့တန်ခိုးတော်ကိုတခြားနိုင်ငံရဲ့ဘုရင်တွေကိုလည်းပြတယ်။ရှုရိုပြည်ဘုရင်ဘင်ဟာဒဒ်ထံ ဟာဇေလကို စေလွှတ်ဖို့ ဧလိရှဲကိုပြောတယ်။ ဘင်ဟာဒဒ်ဟာ မသေဘူးလို့ သတင်းစကားပါးတယ်။ ဧလိရှဲက ဘင်ဟာဒဒ်ဟာ သေမယ်။ ဟာဇေလဟာ ဣသရေလ လူတွေ ကို ပြုမယ့်အရာတွေအတွက် ဧလိရှဲငိုကြွေးခဲ့တယ်။ (2 Kings 8:7-15).

D. **Things to Think About:** ဆင်ခြင်စရာများ

*1.* ယောရှဖတ်ဟာ ဣသရေလနဲ့ မသန့်ရှင်းတဲ့မိတ်သဟာယကို ဖွဲ့တဲ့အတွက် ဘာအကျိုးရသလဲ။ သူ့သားသမီး တွေဟာ ဆိုးညစ်တဲ့ ဘုရင်အာဟပ်ရဲ့သမီးနဲ့ ပေါင်းဖော်လာခဲ့တယ်။ ကိုယ့်သား မြေးတွေအတွက် ကိုယ့်ရဲ့အပြု အမူတွေက အလွှဲဦးတည်နေသလား။?

*2.* ဧလိရှဲရဲ့အမှုတော်ဆောင်ခြင်းအကျိုးတွေက ဘာတွေလဲ။ မြို့တမြို့အကယ်ခံရတယ်။ ဆာလောင်နေသူတွေ စားသောက်ရတယ်။ နေမကောင်းသူတွေ ရောဂါပျောက်တယ်။ သားသေတဲ့ အမေက သူ့သားအသက်ပြန်ရှင်ပြီး ဆုံးရှုံးတဲ့မြေလည်း ပြန်ရတယ်။ ဇာံဂေလိတရား ဟောပြော ယုံကြည်တဲ့နေရာမှာ ဘယ်လိုကောင်းကျိုးတွေကို မြင်ရသလဲ။?

E. **Miracles.** နိမိတ်လက္ခဏာများ

ခေတ်ကာလကြီး ၃ ခု အတွင်းမှာ ဘုရားသခင်ဟာ မျက်မြင်ရနိမိတ်လက္ခဏာများစွာကို အသုံးပြုခဲ့တယ်။:

*1.* ဣသရေလလူမျိုးတွေ အီဂျစ်ပြည်မှထွက်ခွါချိန်

*2.* ပရောဖက်ဧလိယနဲ့ ဧလိရှဲခေတ်

*3.* ခရစ်တော်မြေပေါ်မှာ ကြွလာချိန်

ဒီခေတ်တွေဟာ လူတွေက ဘုရားသခင်ကိုမေ့လျော့နေချိန်မှာ အပြောင်းအလဲ ဖြစ်တဲ့ ကာလတွေ ဖြစ်တယ်။ လူတွေ နောင်တရဖို့ ဘုရားကိုယ်တော်တိုင် ထင်ရှားရခြင်းလည်းဖြစ်တယ်။ ဘုရားသခင် ကိုယ်တော်တိုင်က သူ့တန်ခိုးကို တပါးအမျိုးသား ကိုရော ဣသရေလကိုရော ပြတဲ့ အချိန်ကာလ ဖြစ်တယ်။ ဧလိယဟာ ဣသရေလသမိုင်းမှာ ခေတ်သစ်ကို စတင်ခဲ့သူဖြစ်တယ်။ အဲဒီခေတ်သစ်က ကျမ်းစာရေးတဲ့ ပရောဖက်များခေတ်ကာလဖြစ်တယ်။ ပရောဖက်ပြုချက်တွေ နိမိတ်လက္ခဏာတွေ ကို ဖြစ်ပျက်ပြီး မှတ်တမ်းတင် ကြတယ်။ ဧလိယဟာ ခရစ်တော်ကြွလာမယ့်လမ်းကို ပြင်ဆင်ရတဲ့ နှစ်ခြင်းဆရာ ယောဟန်ကို ပုံဖော်ရတဲ့ ပုံဆောင်ရသူဖြစ်တယ်။.

**Exam - Lesson 13**

Name ________________________________________________

Address________________________________________________

Multiple choice (Circle only one letter as the correct answer unless otherwise indicated. You may use your Bible when so indicated, but we trust you not to look up the answers in the lesson.).

1.How should God's gifts of possession and position be used? (value 4 points) ဘုရားရှင်ပေးထားသော ဆု ကျေးဇူးဖြစ်သည့် ရာထူးဂုဏ်သိမ်နှင့်စည်းစိမ်ဥစ္စာကို မည်သို့ အသုံးချ ရမည်နည်း။

a) to live a prosperous life on earth ကြွယ်ဝသောအသက်တာဖြင့် အသက်ရှင်နေထိုင် သွားရန်

b) to make a person great အင်အားကြီးထွားအောင်လုပ်ရန်

c) for God's glory alone ဘုရားရှင်ဘုန်းတော်ထင်ရှားဖို့ အတွက်သာလုပ်ဆောင်ရန်

2.What does the divided kingdom refer to? (value 4 points) ခွဲခြာထားသော နိုင်ငံ တော်ဆိုသည်မှာ အဘယ် နည်း။

a) Moab and Edom မောဘနှင့်ဧဒုံ

b) Israel, Judah, Syria and Egypt ဣသရေလ၊ယုဒ၊ဆီးရီးယားနှင့်အီဂျစ်

c) Judah and Israel ယုဒနှင့်ဣသရေလ

3.What is the immediate effect of the personal sins of David and Solomon? (value 4 points) ဒါဝိဒ်နှင့် ရှောလမုန်တို့ အပြစ်ပြုခြင်းကြောင့် ချက်ချင်းလက်ငင်းခံရသော သက်ရောက် မှုကားအဘယ်နည်း။

a) It damaged the political position of the nation. နိုင်ငံရေးဦးဆောင်မှုအပိုင်းပျက်စီးခြင်း

b) It damaged Israel's recognition of God as king. ဣသရေလလူများက ဘုရားရှင်ကိုဘုရင်အဖြစ် သတ် မှတ် ထားမှု ပျက်စီးခြင်း

c) It damaged the moral fiber of the home life. အိမ်ထောင်ရေးစည်းစောင့်ထိန်းမှုစာရိတ္တစံနစ် ပျက်စီးခြ င်း

4.What was one of Jeroboam's first acts as king? (value 4 points) ယေရောဗေါင်မင်း ဘုရင်အဖြစ် ပထမဦး ဆုံးလုပ်သော အချက်ကားအဘယ်နည်း။

a) the introduction of a new economic system into Israel ဣသရေလနိုင်ငံကို စီးပွါးရေး စံနစ်သစ်ကို ပြဌာန်း ပေးသည်၊

b) the introduction of national idolatry နိုင်ငံတော်အဆင့် ရုပ်တုဆင်းတုကိုးကွယ်ခြင်းကို ပြဌာန်ပေးသည်

c) forming alliances with foreign powers တိုင်းတပါးနိုင်ငံများနှင့်မဟာမိတ်ဖွဲ့ သည်

5.What people does the remnant refer to? (value 4 points) ကြွင်းကျန်ရစ်သောသူများဆိုသည်မှာ မည်သူတို့ကို ရည်ညွှန်းသနည်း။

a) to the few who turned from God to idols ဘုရားရှင်ကိုစွန့်ပြီး ရုပ်တုဆင်းတုကို ကိုးကွယ် သည့် လူနည်းစု

b) to the faithful few who remained true to God ဘုရားရှင်ကိုစစ်မှန်စွာ သစ္စာရှိစွာ ကိုးကွယ်သူ လူနည်းစု

c) to those who left to join Jeroboam ယေရောဗေါင်မင်းနှင့်ပူးပေါင်းဖို့ ကျန်ရစ်ခဲ့သူများ

6.Who are the outstanding prophets of this period? (value 4 points) ဤခေတ်တွင် ထင်ရှားသော ပရောဖက် များကားအဘယ်နည်း။

a) Eli and Elijah ဧလိနှင့်ဧလိယ

b) Elisha and Ali ဧလိရှဲနှင့်အေးလိ

c) Elijah and Elisha ဧလိယနှင့်ဧလိရှဲ

7.Why were there continual wars between Israel and Judah? (value 4 points) ဣသရေလနှင့်ယုဒ နိုင်ငံနှစ်ခု ကြား အဘယ့်ကြောင့် စင်ဆက်မပြတ်စစ်ပွဲဖြစ်ပွါးနေရသနည်း။

a) because there were tribal cultural conflicts လူမျိုးနွယ်စုချင်း မတူညီသော ယဉ်ကျေးမှု ခြင်းပဋိပက္ခဖြစ်သော ကြောင့်

b) because Judah served God and Israel worshipped idols ယုဒလူမျိုးများက ဘုရားရှင် ကိုကိုးကွယ်ပြီး ဣသရေလလူများက ရုပ်တုဆင်းတုကို ကိုးကွယ်သောကြောင့်

c) because there was bitter hatred between the kings ဘုရင်အချင်းချင်းကြား ခါးသီးသော မုန်းတီးမှုကြောင့်

8.What was a primary reason for the downfall of both Rehoboam and Jeroboam? (value 4 points) ယေရောဗေါင်နှင့်ရဟောဗေါင်မင်းနှစ်ပါးစလုံး ကျရှုံးရခြင်း၏အဓိကအချက်ကား အဘယ်နည်း။

a.) following false gods, idolatry ရုပ်တုကိုးကွယ်ခြင်းနှင့် မှားယွင်းသောဘုရားများ နောက် သို့ လိုက်ခြင်း

b.) fear of the people လူကိုကြောက်လန့်ခြင်း

c.) selfish ambitions of building great kingdoms for themselves သူတို့ကိုယ်ကျိုးအတွက် အတွက် မဟာဘုရင့် နိုင်ငံတော်များထူထောင်ခြင်း

9.Why did Jeroboam build the golden calves? (value 4 points) အဘယ့်ကြောင့် ယေရောဗေါင်မင်းသည် ရွှေနွားသူငယ်ရုပ်ကို ထုလုပ်သနည်း။

a) to enhance the beauty of his kingdom သူ၏နိုင်ငံတော်ကြီးပိုမိုလှပစေရန်

b) because he was angry with God သူသည် ဘုရားရှင်ကို စိတ်ဆိုးသောကြောင့်

c) to keep the people from going to Jerusalem, and back to Rehoboam လူများ ယေရုရှလင်သို့ သွားရောက် ခြင်းမှ သူ့ ထံသို့ ပြန်လာစေရန်

10.How did Judah fail, even though they recognized God as king? (value 4 points) ယုဒလူမျိုးများသည် ဘုရားရှင်အား ဘုရင်အဖြစ်အသိအမှတ်ပြုသော်လည်း အဘယ့်ကြောင့်ကျရှုံးရသနည်း။

a) They did not always respect and reverence Him. ဘုရားရှင်ကို အစဉ်အမြဲလေးစား မှုမရှိသောကြောင့်

b) They also worshipped the golden calves. သူတို့ သည် ရွှေနွားသူငယ်ရုပ်ကိုလည်း ကိုးကွယ်သောကြောင့်

c) They refused to worship at Jerusalem. ယေရုရှလင်မြို့ တွင်ကိုးကွယ်ရန် ငြင်းဆန် သောကြောင့်

11.What did Elijah tell King Ahab that God was sending? (value 4 points) ပရောဖက် ဧလိယက ဘုရင်အာဟတ် အား ဘုရားရှင်ဘာစေလွှတ်ကြောင်းပြောခဲ့သနည်း။

a) a plague to kill all the cattle ကျွဲနွားအားလုံးသေဆုံးမည့် ကပ်ရောဂါဘေး

b) a famine in the land တိုင်းနိုင်ငံတွင်းကျရောက်မည့်ငတ်မွတ်ခြင်းဘေး

c) enemy nations to attack Israel ဣသရေလနိုင်ငံကိုတိုက်ခိုက်ဖျက်ဆီးမည့် ရန်သူများ

12.To what did Elijah challenge Ahab? (value 4 points) ပရောဖက်ဧလိယသည် ဘုရင် အာဟတ်အား ဘာကို စိမ်ခေါ်ခဲ့သနည်း။

a) a military battle on Mount Carmel ကာမဲတောင်ပေါ်တွင် စစ်တိုက်ရန်

b) a contest with the prophets of Baal ဗာလပရောဖက်များနှင့် ယှဉ်ပြိုင်ရန်

c) a dialogue between the prophets of God and the prophets of Baal ဗါလပရောဖက်များနှင့် ထာဝရဘုရား၏ ပရောဖက်တို့ စကားစစ်ထိုးကြရန်

13.What did Elijah do after the great victory on Mount Carmel? (value 4 points) ကာမဲတောင်တွင် အောင်ပွဲရပြီး နောက် ဧလိယဘာလုပ်ခဲ့သနည်း။

a) He went to the palace to rejoice with the king. ဘုရင်နှင့်အတူဝမ်းမြောက်ရန် နန်းတော် သို့ သွားခဲ့သည်

b) He called all the prophets of God together to pray. ထာဝရား၏ပရောဖက်များကို အတူ တကွဆုတောင်းကြရန်ခေါ်သည်

c) He ran for his life to Beersheba. ဘီယာရှေဘသို့ အသက်လုပြီးထွက်ပြေးရသည်

14.How did God come and speak to Elijah at Horeb? (value 4 points) ဘုရားရှင်သည် ဧလိယအား ဟောရပ်အရပ်၌ မည်ကဲ့သို့ စကားပြောခဲ့သနည်း။

a) in a great wind လေမုန်တိုင်းဖြင့်
b) in an earthquake မြေကြီးလှုပ်ခြင်းဖြင့်
c) in a fire မီးလျှံအားဖြင့်
d) in a still small voice တိုးတိုးငြင်သာသောစကားသံဖြင့်

15.What did Elijah do when God appeared to him at Horeb, the mount of God? (value 4 points) ဘုရားသခင်၏တောင်တော်ဖြစ်သော ဟောရပ်အရပ်တွင် ဘုရားရှင်ကိုယ် ထင်ပြသည့်အခါ ဧလိယဘာလုပ်သနည်း။

a) He thanked God for the victory at Mount Carmel. ကာမဲတောင်တွင်ရခဲ့သောအောင်ပွဲအတွက် ဘုရားရှင်အား ကျေးဇူးတင်စကားပြောခဲ့သည်
b) He complained that there was no one with him. ထိုအရပ်တွင် သူဖက်မှရပ်မည့်သူ တဦးမျှမရှိကြောင်း စောဒကတက်ခဲ့သည်
c) He refused to continue his ministry as a prophet. ပရောဖက်အဖြစ် ဆက်လက်ပြီး အမှုတော်ဆောင်ရန် ငြင်းပယ်ခဲ့သည်

16.Why did the Lord send Elijah to Damascus? (value 4 points) အဘယ့်ကြောင့် ဘုရားရှင်က ဧလိယအား ဒမတ်စကပ်သို့ ပို့ ခဲ့သနည်း။

a) to anoint Hazael king of Syria ဆီးရီးယားနိုင်ငံဘုရင် ဟေဇေလကို ဘိသိက်ပေးရန်
b) to anoint Jehoshaphat king of Israel ဣသရေလဘုရင် ယေဟောရှဖတ်ကို ဘိသိက် ပေးရန်
c) to anoint Obadiah as prophet to follow him ဩဗဒိယကို ပရောဖက်အဖြစ် ဘိသိက် ပေးပြီး သူ့ နောက် သို့ လိုက်စေရန်

17.With what foreign country did King Ahab align himself? (value 4 points) ဘုရင် အာဟပ်က မည်သည့် တိုင်းတပါးနိုင်ငံနှင့် မဟာမိတ်ပြုသနည်း။

a) Egypt အီဂျစ်
b) Syria ဆီးရီးယား
c) Edom ဧဒုန်
d) Assyria အာဆီးရီးယား

18. Match the following names with the correct statement that describes them. (value 24 points) အောက်ပါကွက်လပ်များ မှန်သောစကားလုံးများကိုဖြည့်စွက်ပါ။

You may use your Bible by looking in 1 Kings Chapter 12-22

________governor under Ahab who hid 100 prophets a.) Elijah

ပရောဖက် ၁၀၀-ကိုဖွက်ထားသောမြို့ဝန်မင်း

________king of Syria ဆီးရီးယားဘုရင် b.) Elisha

_______a farmer abused by Ahab ဘုရင်အာဟပ်နှိပ်စက်သည့်လယ်သမား c.) Ahab

_______the most wicked king of Israel d.) Naboth

ဣသရေလ၏ အကောက်ကျစ်ဆုံးဘုရင်

________prophet who took Elijah's place e.) Obadiah

ဧလိယ၏နေရာကို ဆက်ခံသော ပရောဖက်

________warned King Ahab of a coming famine f.) Ben-hadad

ဘုရင်အာဟပ်အား ရှေ့တွင်ကြုံရမည့်အစာခေါင်းပါးခြင်းအကြောင်းသတိပေးသူ

19.Match these places with what happened there. (value 8 points) ကွက်လပ်ဖြည့်ပါ

_______God hid Elijah and fed him by ravens a.) Mount Carmel

ဧလိယကိုဘုရားရှင်ဖွက်ထားပြီးကျီးကန်းအားဖြင့်အစာကျွေးသည့်နေရာ

_______Elijah met the prophets of Baal b.) Brook Cherith

ဗါလပရောဖက်များကိုဧလိယတွေ့သည့်နေရာ

_______God provided grain and oil for a widow woman c.) Zarephath

ဘုရားရှင်က မုဆိုးမအားဂျုံနှင့်ဆီကို ထောက်ပံ့စေသူ

Prepared by Polly Strong B.R.E., B.A., M.A.
For Rogma International, Inc. (All Scripture quotations from the KJV of the Bible)
Copyright by Rogma International, Inc. All rights reserved.

# Lesson 14

## Section VI – Broken

## Broken Loyalties and Relationships-သစ္စာတရားနဲ့ ဆက်နွယ်မှု ကျိုးပျက်ခြင်း

ဣသရေလ ကျွန်ခံရာပြည်သို့ရောက်ခြင်း- ကျမ်းစာရေးသော ပရောဖက်များကာလအစ

**Theme**: အဓိကအချက်: နှောင်တ၊ နိုးထမှု၊ ပြောင်းလဲခြင်းနဲ့ အယူလွဲခြင်းများနဲ့ဆိုင်တဲ့ ကျမ်းစာအယူအဆ ကတော့ ပျက်စီးနေတဲ့ လောကထဲကနေ သီးခြားထွက်ခွါပြီး သန့်ရှင်းစွာအသက်ရှင်ခြင်းပဲ ဖြစ်တယ်။

**Goal**: ရည်ရွယ်ချက်: အပြစ်ကိုသိမြင်ပြီး နောင်တရလျက် ဘုရားသခင်ထံလှည့်ပြန်ဖို့ သင်ယူပါ။.

**Summary**: အနှစ်ချုပ်: ဒီအပိုင်းဟာ ဣသရေလရဲ့သမိုင်းဖြစ်ပြီး ပြုပြင်ပြောင်းလဲရေးလုပ်ပေမယ့် စစ်မှန်တဲ့ နိုးထမှု မဖြစ်တဲ့အကြောင်းကိုရေးတယ်။ဣသရေလဟာဗာလကိုကိုးကွယ်ရာမှလှည့်ပြန် လာတယ်။ အာဟပ်မင်း စတင်မိတ် ဆက်ပေးခဲ့တဲ့ ကိုးကွယ်ခြင်းဖြစ်တယ်။ ဒါပေမယ့် ဘုရားသခင် ထံ သစ္စာနဲ့လှည့်ပြန်လာတာမဟုတ်ဘူး။ ပြုပြင်ပြောင်း လဲရေးဆိုတာ အပြင်ပိုင်း တိုးတက်မှု သာ ဖြစ်တယ်။ ဒါပေမယ့် စစ်မှန်တဲ့နိုးထမှုက စိတ်နှလုံးထဲမှာမတွေ့ရဘူး။ ယေရောဗောင်ရဲ့နွားသူငယ် ရုပ်တွေ ဆက်ရှိနေတယ်။ ဣသရေလဟာ ဘုရားသခင်ရဲ့နာမတော်ကိုစွဲကိုင်ပေမယ့် သစ္စာမရှိ၊ ရုပ် တည်ချက်မမှန်ဖြစ်နေတယ်။ဘုရားနဲ့ဆက်နွယ်မှုကြိုးပြတ်ပြီးတခြားဘုရားတွေနဲ့ဖောက်ပြန်တယ်။ ဒါကြောင့် သစ္စာမရှိ ဖောက်ပြန်တဲ့မိန်းမလို့ ဆိုတယ်။ စစ်မှန်တဲ့ဝတ်ပြုကိုးကွယ်ခြင်းနဲ့ မိတ်သဟာ ယဟာ အမည်ခံ ထုံးစံဝတ္တရားမျှသာမဟုတ်ဘူး။ အပေါ်ယံ အပြုအမူမျှသာမဟုတ်ဘူး။ ပြင်ပ အပြု အမူကိုဖြစ်စေတဲ့ အတွင်း စိတ် နှလုံးက အစပြုတယ်။ အပြစ်ဟာ စိတ်နှလုံးထဲက စတာဖြစ်တယ်။ စိတ်နှလုံးကအရင် ဘုရားထံမှ ထွက်ပြေးတယ်။ အယူလွဲသွားတယ်။ အပြစ်ရဲ့အကျိုးဆက်က တရား စီရင်ခြင်းဖြစ်တယ်။ အီဂျစ်ပြည်၊ ရှုရိ၊ အာရှုရိ၊ဗာဗုလုန်နဲ့ ဒေုန်စတဲ့ တိုင်းနိုင်ငံတွေဟာ ဣသရေလ နဲ့ ယုဒကိုဆုံးမဖို့ အသုံးချဖို့ နိုင်ငံတွေဖြစ်တယ်။ ဒီသင်ခန်းစာဟာ ပျက်စီးနေတဲ့ လူ့ အသိုင်းအဝိုင်း ထဲမှာ ဘုရားဝတ်ကို မွေ့လျော်တဲ့ ယုံကြည်သူ လူနည်းစုရဲ့ကောင်းကြီးမင်္ဂလာကိုလည်း ပြောပြ တယ်။ အဲဒီလူတွေထဲမှာ ကျမ်းစာရေးခဲ့တဲ့ ပရောဖက်တွေလည်းပါတယ်။

**Outline**:

2 Kings 9-11; 2 Chronicles 21 ဣသရေလရဲ့ပြုပြင်ခြင်းဟာ နိုးထမှုမဟုတ်ဘူး။ ဘုရားထံ လှည့်ပြန်ခြင်းမဟုတ်ဘူး။

2 Kings 11-14, 2 Chronicles 22 ယုဒပြည်ရဲ့ပြုပြင်ပြောင်းလဲမှုနဲ့ နိုးထမှုတွေဟာ အပြည့်မဟုတ်ဘူး။;

prophets:  Joel, Obadiah, Jonah

2 Kings 15-18  အာရှုရိက ရှမာရိပြည်ကိုသိမ်းပိုက်တယ်။ ဣသရေလက ကျွန်ခံရတယ်။ ပရောဖက်များ အာမုတ်၊ ဟောရှေ။

**Date**:  ကာလ။ ဣသရေလနိုင်ငံ ယေဟုလက်ထက်နဲ့ ယုဒပြည် ယောရှလက်ထက်မှသည် ဣသရေလ ကျဆုံးသည် အထိ (850 – 772 B.C.)

**People to know:  (Learn these names and what they did for the exam)**

Kings of Israel:  Jehu, Jehoahaz, Jehoash (Joash), Jeroboam II, Zachariah, Shallum, Menahem, Pekahiah, Pekah, Hoshea

Kings of Judah:  Joash (Jehoash), Amaziah, Azariah (Uzziah), Jotham

Kings of Syria:  Ben-hadad, Hazael, Rezin, Pekah

Kings of Assyria:  Pul, Tiglath-pileser

prophets:  Elisha, Joel, Obadiah, Jonah, Amos, Hosea

others:  Jehoiada, Urijah

**Places to know:**

Samaria of Israel; Jerusalem of Judah, Jezreel, Bethel, Dan, Jordan River Damascus of Syria; Nineveh of Assyria

**Words to know:** (လေ့လာရန်ဝေါဟာရများ။**)**

apostasy:  ဘုရားသခင်ကိုငြင်းပယ်ခြင်း။ တရားလမ်းကိုစွန့်ခွါခြင်း။

day of the LORD:  a prophetic period yet to be fulfilled when the Lord returns in glory  prophet:  a messenger chosen by God, who carries His words to others

writing prophets:  prophets commissioned by God to write their messages as part of the Scriptures

recognition:  seeing sin in the light of God's holiness

repentance:  confessing and turning from sin

revival:  revitalized by God's power

reform:  change in behavior

remnant:  faithful kings, prophets and people, true to God and His Word, who preserved the purity of revelation and prompted recognition of sin, repentance, revival and reform

## Introduction-နိဒါန်း

အာဟပ်မင်းနောက်ကိုလိုက်တဲ့ ဣသရေလမင်းမျိုးရှင်ဘုရင်တွေဟာ ပြုပြင်ပြောင်းလဲမှုလုပ်ပေမယ့် ဘုရားသခင်ရှေ့မှာ စစ်မှန်တဲ့ နိုးထမှုမရှိဘူး။ ယေဟုက အာဟပ်မင်းမျိုးနဲ့ ဗာလကိုးကွယ်မှုကိုဖျက်ဆီးပစ်တယ်။ ဒါပေမယ့် ယေရောဗောင် ကိုးကွယ်တဲ့ နွားသူငယ်ရုပ်ထုကို ဆက်ထားရှိတယ်။ ဣသရေလဟာ ရုပ်တုကိုးကွယ်သူ သစ္စာပျက်လမ်းလွဲတဲ့နိုင်ငံဖြစ်လာတယ်။ ကိုယ့်ကိုကိုယ် ဘုရား သခင်ရဲ့လူမျိုးလို့ခေါ်ပေမယ့် ဘုရားတန်ခိုးကိုငြင်းပယ်ကြတယ်။ ရုပ်တုရှေ့မှာ ဆုတောင်းပြီး ဘုရား မဲ့တဲ့နိုင်ငံတွေနဲ့ မိတ်သဟာယဖွဲ့ စာချုပ်ချုပ်တယ်။ သူတို့ရဲ့လမ်းတွေကို လိုက်လျှောက်တယ်။ လူကို ယုံပြီး ဘုရားကို ပုန်ကန်တယ်။ ဘုရားက အာရှုရိပြည်မှာ သူတို့ကိုကျွန်ခံရစေတယ်။ ပြည်တော်ကို ဆုံးရှုံးရပြီး လွတ်လပ်မှု ဆုံးရှုံးရတယ်။ ဒါက ဘုရားကိုမသိပဲ ဘုရားနဲ့ အဆက်ပြတ်လို့ဖြစ်တယ်။ ( ဣသရေလလူတွေဟာ ယောသပ်လက်ထက်မှာလည်း တိုင်းပြည်ကိုဆုံး လွတ်လပ်ရေးရှုံးရတဲ့ အချိန်တွေရှိခဲ့တယ်။) တရားသူကြီးခေတ်မှာလည်း ဒီလိုပဲ။ ဣသရေလဆယ်နွယ်ဟာဗာဗုလုန်မှာ ကျွန်ခံရပြီး ကမ္ဘာအနှံ့ ဖြန့်ကျက်ခံရတယ်။ နောက်ပိုင်းမှာ ယုဒပြည်ဟာ ဗာဗုလုန် မှာ ကျွန်ဖြစ်သွား တယ်။

ဣသရေလရဲ့အပြစ်က ဘုရားသခင်ရဲ့အမျက်တော်ကို နှိုးဆော်ခံရတယ်။ ဘုရားကိုမသိ ပညတ်တော်က နားမထောင်၊ ယုံကြည်ခြင်းမရှိ ဘုရားကိုမကြောက်ပဲ လူကိုကြောက်တယ်။ ဘုရားမစခြင်းထက် လူရဲ့အကူအညီကို ရှာတယ်။ ရုပ်တု ကိုးကွယ်တယ်။ မှားယွင်းတဲ့ ကိုးကွယ်မှုပြုတယ်။ မသန့် ရှင်းတဲ့ မိတ်သဟာယ ဖွဲ့တယ်။ နိုင်ငံရေးရှုပ်တယ်။ ဘုရားကို ပုန်ကန်တယ်။ ပညတ်တော်ကို ငြင်း ပယ်တယ်။ လူမှုရေး၊ နိုင်ငံရေး၊ ညှင်းဆဲနှိပ်စက်မှုရှိတယ်။ ကိုယ်ကျင့်တရားပျက် တယ်။ လောဘ တက်တယ်။ မတရားသဖြင့်စီရင်တယ်။ "တရားကို လွန်ကျူးခြင်း အမှုအမျိုးမျိုးတို့တဘက်၌ ဘုရား သခင်၏ အမျက်တော်သည် ကောင်းကင်မှထင်ရှားလျက်ရှိ၏။" (Romans 1:18-25).

ဒီအခန်းမှာ ပရောဖက်တွေရဲ့အမှုတော်လုပ်ငန်းဟာအဓိကနေရာက ပါဝင်တယ်။ပရောဖက်ရဲ့အလုပ်က ကြိုတင်ပြောပြရ တယ်။ (သို့) ဘုရားသခင်ရဲ့နှုတ်ကပတ်တော်ကို ဖွင့်ပြဟောပြောရတယ်။ အနာဂတ်မှာ ဖြစ်ပျက်မယ့်အရာတွေကို ကြိုတင်ပြောရတယ်။ ပရောဖက်တွေဟာ ဘုရင်နဲ့ ပြည်သူလူထု အတွက် အကြံပေးအရာရှိ ဖြစ်တယ်။ ဓမ္မဟောင်း ကာလမှာ ဘုရားသခင်ရဲ့နှုတ်ကပတ်တော်ဟာ လူတွေထံ ပရောဖက်များ မှတဆင့် ရောက်လာတယ်။ အာဗြဟံနဲ့ မောရှေတို့ဟာ ပရောဖက်ထဲမှာ ပါဝင်တယ်။ ဣသရေလနဲ့ ယုဒအပေါ် ဘုရားသခင် တရားစီရင်မယ့်အကြောင်း ခရစ်တော် ကြွလာ ခြင်းကို မျှော်လင့်ဖို့ ပရောဖက်တွေက သတိပေးတယ်။ ဒီကာလထဲမှာရှိတဲ့ ကျမ်းစာရေးတဲ့ ပရော ဖက်တွေဟာ သူတို့ရဲ့ကျမ်းစကားကို ဘုရားသခင်ရဲ့လမ်းညွှန်မှုနဲ့ရေးလို့ ကျမ်းစာထဲမှာ တစိတ်တပိုင်းအဖြစ် ပါဝင်ခွင့် ရကြတယ်။ ပရောဖက်တွေရဲ့ခေတ်ကာလ The era of the prophets ဟာ ရှမွေလမှသည် နှစ်ခြင်းဆရာ ယောဟန် အထိဖြစ်တယ်။ ခရစ်တော်ဟာ အကြီးမြတ်ဆုံးနဲ့ နောက် ဆုံးဖြစ်တယ်။ ဟေဗြဲ ၁။ ဓမ္မဟောင်းရဲ့နောက်ဆုံးကျမ်းတွေဟာ ကျမ်းစာရေးတဲ့ ပရောဖက်တွေရဲ့ကျမ်းတွေဖြစ်တယ်။ ဟေရှာယ၊ ယေရမိ၊ ယေဇကျေလ၊ ဒံယေလ၊ ဟောရှေ၊ ယောလ၊ အာမုတ်၊ ဩဗဒိ၊ ယောန။ မိက္ခာလ၊ နာဟုံ၊ ဟဗ္ဗက္ကုက်၊ ဇေဖနိ၊ ဟဂ္ဂဲ၊ ဇာခရိနဲ့ မာလခိ။ ဒီပရောဖက်တွေဟာ ဓမ္မရာဇဝင်စတုတ္ထစောင်၊ ဓမ္မရာဇဝင်ချုပ် ဒုတိယစောင်၊ ဇေရ၊ နေဟမိတို့ ခေတ် မှာ ရေးခဲ့ကြတယ်။ သူတို့ဟောတဲ့တရားကတော့ ဣသရေလ ယုဒပြည်နဲ့ တခြားတိုင်းနိုင်ငံတွေကို ရည်ရွယ်တယ်။ အပြစ်ကို သတိပေးတယ်။ နိုင်ငံရဲ့အနာဂတ်ကို ဟောတယ်။ နောက်ဆုံးသော နေ့ရက်ကာလကိုလည်း ဟောတယ်။

ကျမ်းစာရေးတဲ့ပရောဖက်တွေရဲ့ကာလကို ပိုင်းခြားခြင်း။ (သူတို့ကို ကျမ်းစာရေးတဲ့နေ့စွဲ အချိန်ကာလအရ မစီစဉ်ဘူး။)

1. ကျွန်မခံမီပရောဖက်များ။ (ယုဒပြည် ကျွန်မဖြစ်ခင်) ယောလ၊ ဩဗဒိ၊ ယောန၊ အာမုတ်၊ ဟောရှေ၊ ဟေရှာယ၊ မိက္ခာလ၊မိက္ခာလ၊ နာဟုံ၊ ဟဗ္ဗက္ကုက်၊ ဇေဖနိ၊ ယေရမိ။

2. ကျွန်ခံစဉ် (ဟဗုလုန်ပြည်မှာ ကျွန်ခံစဉ်) ယေရမိ၊ မြည်တမ်းစကား၊ ယေဇကျေလ၊ ဒံယေလ။

3. ကျွန်ခံပြီးနောက်ပိုင်းpost exilic (ကျွန်ခံပြီးနောက်ပိုင်း) ဟဂ္ဂဲ၊ ဇာခရိနဲ့ မာလခိ။ နောက်ဆုံး ပရောဖက်က ရေးပြီးနောက် နှစ်ခြင်းဆရာယောဟန်မတိုင်မီ ကြားကာလမှာ နှစ်ပေါင်း ၄၀၀ တိတ်ဆိတ်ရာကာလ ရှိခဲ့တယ်။

## THE LESSON - သင်ခန်းစာ

## I. REFORMS IN ISRAEL WERE NOT REVIVALS OR A RETURN TO GOD (2 Kings 9-15; 2 Chronicles)

ဣသရေလဟာ ပြုပြင်ပြောင်းလဲမှု Reforms သာရှိပြီး နိုးထမှု Revivals မရှိဘူး။ ၄ရာ ၉-၁၅၊ ၆ရာ နိုင်ငံရေးနဲ့ လူမှုရေး မျှသာရှိပြီး ဝိညာဉ်ရေးမဟုတ်ဘူး။ ရုပ်တု ဆက်ကိုးကွယ်တယ်။ လူတွေ ဘုရား ထံ မလှည့်ပြန်ဘူး။

A.ယေဟု ( 841- 814 B.C) အာဟပ်ရဲ့ဒုစရိုက်ကိုပယ်ရှင်းပြီး ပြုပြင်ပြောင်းလဲမှုလုပ်ပေမယ့်ဘုရားထံမလှည့်ပြန်ဘူး။ ဧလိရှဲက ယေဟုကိုဘိသိက်ပေးဖို့ ပရောဖက်တပါးစေလွှတ်ခဲ့တယ်။ အာဟပ်မင်းမျိုးကို ဖျက်ဆီးဖို့ဖြစ်တယ်။ တံပိုးခရာ တွေမှုတ်ပြီး သူ့ကိုဘုရင်အဖြစ်တင်မြှောက်တယ်။ (2 Kings 9:1-13). အာဟပ်ရဲ့သား ယောရံက စစ်ပြင်ဆင်ဖို့ စစ်တပ်ကို မစုစည်းနိုင်ခင် ယေဇရေလမြို့ကို အပြေးသွားတယ်။ ယောရံက "ငြိမ်သက်စွာလာသလား" လို့ မေးတဲ့အခါ ယေဟုက "သင့်အမိ ယေဇဗေလ ပြုသော မေထုန်အမှု၊ အစီမံပြုသော အမှုများသောကာလအတွင်းတွင် အဘယ်သို့သော ငြိမ်သက်ခြင်းရှိလိမ့်မည်နည်း။" လို့ ယေဟုက ပြန်ပြောတယ်။ (2 Kings 9:22). ယေဟုဟာ ယောရံ၊ ယေဇဗေလနဲ့ အာဟပ်မင်းမျိုး အားလုံးကိုပယ်ရှင်းခဲ့တယ်။ ဗာလကိုးကွယ်သူအားလုံးကိုလည်း ပယ်ရှင်းလိုက်တယ်။ ယုဒဘုရင်အာယဇိဟာယောရံထံလည်ပတ်နေရင်းအသတ်ခံလိုက်ရတယ်။ (2 Kings 9:23,24,27)ယေဟုဟာ ဣသရေလ မင်းမျိုးကို ပယ်ရှင်းတဲ့အတွက် ဘုရားသခင်က သူ့ သားမြေး ၄ ဆက်တိုင်အောင် အုပ်စိုးခွင့်ပေးတယ်။ (2 Kings 10:1-30) ဒါပေမယ့် ယေဟုဟာ ဘုရားသခင်နဲ့အတူ မလျှောက်လှမ်းဘူး။ ယေရောဗောင်ရဲ့ရုပ်တုကိုးကွယ်တဲ့ အပြစ် ကို ဆက်လျှောက်လှမ်းတယ်။ ဗေသလနဲ့ ဒန်မြို့မှာရှိတဲ့ နွားသူငယ်ရုပ်တွေကို ဆုတောင်းဖို့ လူတွေကိုပြောတယ်။ ဒီကာလမှာ ဣသရေလဟာ ငြိမ်သက်ခြင်း၊ ကောင်းစားခြင်းရှိပေမယ့် သူတို့စိတ်နှလုံးဟာ ဘုရားသခင်ထံ လှည့်မပြန်ဘူး။ ဘုရားသခင်က ဣသရေလကို ပယ်ဖျက်စပြုလာတယ်။ ရှုရိပြည်က ဝင်ရောက်တိုက်ခိုက်ခဲ့တယ်။.

B.ယေဟုသားများ: Jehoahaz, (814-798 B.C.) (2 Kings 13:1-9,) and Jehoash (Joash), (798-782 B.C.) (2 Kings 13:10-25; 14:8-16), ယေရောဗောင်ရဲ့အပြစ်ဟာ ဘုရားသခင်အမျက်တော်ထွက်ပြီးရှုရိပြည်ဘုရင် ဟာဇေလ နဲ့ ဘင်ဟာဒပ်တို့လက်ထဲမှာ ကယ်နှုတ်ခဲ့ရ ချိန်အထိ ဖြစ်တယ်။ ယဟောဇဟာ ဘုရားသခင်ထံ အော်ဟစ်ဆုတောင်း တယ်။ သူ့သားယောရှက ဧလိရှဲထံရောက်လာတယ်။ ဧလိရှဲက မကျန်းမာဘူး။ ဧလိရှဲက အရှေ့ဘက်ပြတင်းပေါက်ကို ဖွင့်ပြီး ရှုရိပြည်ကိုဖျက်ဆီးခြင်းသင်္ကေတအနေနဲ့ မြှားပစ်ခိုင်းတယ်။ ပြီးမှ ကြမ်းပြင်ကို မြှားတောင့်တွေနဲ့ ရိုက်ခိုင်း တယ်။ယောရှဟာ ကြမ်းပြင်ကို ၃ကြိမ်သာရိုက်လို့ ဧလိရှဲ စိတ်ဆိုးတယ်။ဧလိရှဲက ဣသရေ လဟာရှုရိပြည်ကို ၃ကြိမ် မျှသာစစ်တိုက်နိုင်မယ်လို့ဆိုတယ်။(2 Kings 13:14-19) ဧလိရှဲ သေ တယ်။ (2 Kings 13:20-21) ဘုရားသခင်ရဲ့ကျေးဇူးတော်ကြီးမားတယ်။ ရှုရိဘုရင် ဟာဇေလက ရှမာရိပြည်ကို သိမ်းပိုက်တာကို ခွင့်မပြုခဲ့ဘူး။ ဒါက

အာဖြံဟ်၊ ဣဇာက်၊ ယာကုပ်တို့ အပေါ်မှာထားတဲ့ ပဋိညာဉ်ကို ထောက်ထားလို့ဖြစ်တယ်။ ဟာဇေလသေတယ်။ သူ့သား ဘင် ဟာဒပ် ရှုရိပြည်ကို စိုးစံတယ်။ ယဟောရှက ဘင်ဟာဒပ်ကို သုံးကြိမ်သာအောင်နိုင်ပြီး ဣသရေလ၊ မြို့တွေကို ပြန်ယူနိုင် ခဲ့တယ်။ (2 Kings 13:22-25).

C.**Things to Think About:** ဆင်ခြင်စရာများ

*1.* ယေဟုနဲ့ သူ့သားတွေဟာ ကောင်းတဲ့အလုပ်တချို့ကိုလုပ်ခဲ့ပေမယ့် ဘုရားကိုမနာခံတာ ဘယ်လို အကြောင်း ကြောင့်လဲ။ ယေရောဗောင်မင်းရဲ့ရုပ်တုတွေကို မပစ်ပယ်ကြဘူး။ ဒီနေ့ခေတ် လူတွေရဲ့စိတ်ထဲမှာရှိတဲ့ ရုပ်တုတွေက ဘာတွေလဲ။ သင့်စိတ်ထဲမှာ လောကကိုစွဲလမ်းပြီး မပစ်ပယ် ဘူးလား။?

*2.* ဣသရေလကို ဘယ်လိုအပြစ်ပေးစီရင်ခဲ့သလဲ။ ရှုရိပြည်ကိုစေလွှတ်ခဲ့တယ်။ သူတို့က မိတ်ဆွေဖွဲ့ဖို့ ကြိုးစားပေမယ့် စစ်တိုက်ခဲ့တယ်။ ဒီနေ့ခေတ်ယုံကြည်သူတွေ လောကနဲ့ မိတ်ဆွေဖွဲ့ဖို့ကြိုး စားတဲ့အခါ ဘာဖြစ်ကြသလဲ။ ဖျက်ဆီးခြင်း နဲ့ပဲ ဆုံးရှုံးရတယ်။ လောကနဲ့ပေါင်းတဲ့အတွက် ကိုယ့်မှာ လောကီဆန်သွားပြီးပျက်စီးတာတွေရှိတာသတိရမိသလား။

## II.REFORMS AND REVIVALS IN JUDAH WERE NOT COMPLETE (2 Kings 11,12; 2 Chronicles 22:11-24:27)

### A.Joash (Jehoash) (2 Kings 11:2-12:21; 2 Chronicles 22:11-24:27).

ယောရှ (ယဟောရှ) ဣသရေလရှင်ဘုရင် ယောရှ (ယဟောရှ)နဲ့ ယုဒရှင်ဘုရင် ယောရှ (ယဟောရှ) ဟာ တယောက်တည်းမဟုတ်ဘူး။ မတူကြဘူး။.

*1.* ယုဒပြည်ယောရှဟာ ယဇ်ပရောဟိတ် ယဟောယဒပ်ခေတ်မှာ ဖြစ်တယ်။ ယဇ်ပရောဟိတ် ယဟောယဒပ်ဟာ ဘုရားသခင်၊ ဘုရင်နဲ့လူတွေကို ပဋိညာဉ်ဖွဲ့စေဖို့ ဖြစ်တယ်။ ဘုရားသခင်ရဲ့မြို့တော်ဖြစ်ရမယ်။ (2 Kings 11:17). အဖွားဖြစ်သူ အာသလိက မြေးယောရှကို သတ်မယ့်ဘေးက ကယ်ထုတ်ခဲ့သူ ဖြစ်တယ်။ ယောရှဟာ ယဟောယဒပ် အကြံပေးစကားအတိုင်း အသက်ရှင်တယ်။ ယဟောယဒပ်ကလည်း သူ့ကို ဂရုစိုက်တယ်။ ဗိမ္မာန်တော်ကို ပြုပြင်တယ်။ ဘုရားသခင်နဲ့အတူ သွားလာတယ်။ဗာလရဲ့ဗိမ္မာန်တော်ကို ဖြိုဖျက်ပြီး ယဇ်ပလ္လင်ကို ဖြိုဖျက်ကြတယ်။ ဗာလယဇ်ပရော ဟိတ်တွေကို သတ်ပစ်ကြတယ်။ ယောရှဟာ ဗိမ္မာန်တော်ကို ပြုပြင်ဖို့ အလှူငွေ ကောက်ခံတယ်။ ဗိမ္မာန်တော်က အာ သလိရဲ့သားတွေက ဖျက်ဆီးတာခံခဲ့ရတယ်။ (2 Kings 12:4-16; 2 Chronicles 24:7). ဒါပေမယ့် လူတွေဟာ လောကီလမ်းက လုံးဝထွက်ခွါလာတာတော့ မဟုတ် ဘူး။ သူတို့ဟာ မြင့်သောအရပ်မှာ နံ့သာပေါင်းကို ပူဇော်ဆဲ၊ ယဇ်လည်းပူဇော်ဆဲ ဖြစ်တယ်။ ဒါကို ဘုရားသခင် လက်မခံဘူး။ (2 Kings 12:1-3).

*2.* ယောရှဟာ apostasy အယူလွဲသွားတယ်။ (2 Chronicles 24:15-22). ယဟောယဒပ် သေပြီးနောက်ပိုင်းမှာ ယောရှဟာ ယုဒပြည်မှူးမတ်တွေနဲ့ ခေါင်းဆောင်တွေရဲ့စကားကိုနားထောင် ပြီး ဘိုးဘေးတို့ဘုရားသခင်ထံမှ လွဲသွား ခဲ့တယ်။ ဣသရေလက သစ်သားရုပ်ထုတွေလုပ်ပြီး ဘုရား သခင်အမျက်ကို နှိုးဆော်ကြတယ်။ ဘုရားသခင်က ယဟောယဒပ်ရဲ့သား ပရောဖက်ဇာခရိကို စေ လွှတ်ပြီး (သူဟာ ဇာခရိကျမ်းကိုရေးတဲ့ ပရောဖက်တော့မဟုတ်ဘူး။) သူက "သင်တို့သည် ထာဝရ ဘုရားကိုစွန့်သောကြောင့် သင်တို့ကိုလည်း စွန့်တော်မူမည်။" လို့ ဟောပြောခဲ့တယ်။ (2 Chronicles 24:20). ဇာခရိရဲ့အဖေ ယဟောယဒပ်ရဲ့ကြင်နာမှုကို မေ့သွားတယ်။ ယောရှဟာ ပရောဖက်ဇာခရိကို ထာဝရဘုရားရဲ့အိမ်တော်ရှေ့မှာ ခဲနဲ့ပေါက်သတ်စေခဲ့တယ်။ (2 Chronicles 24:19-22). ဒါကြောင့် ဘုရား

သခင်က ရှုရိရှင်ဘုရင်ဟာဇေလကို ယုဒပြည်ကို သိမ်းပိုက်ဖို့ အခွင့် ပေးခဲ့တယ်။ ဂါသမြို့ကိုရတယ်။ အဲဒီနောက် ယေရုရှလင်ကို ရောက်လာတယ်။ ယောရှဟာ ဗိမ္မာန် တော်ထဲက သန့်ရှင်းသောအဖိုးတန်အရာတွေပေးလိုက်လို့ ဟာဇေလပြန်သွား တယ်။ (2 Kings 12:17-18). ယောရှမင်းရဲ့အစေခံတွေက သူ့တဘက်မှာပုန်ကန်ပြီး လုပ်ကြံကြ တယ်။ ဒါဟာ သူက ယပေါယဒပ်ရဲ့သားကို သတ်ခဲ့တဲ့အတွက်လည်းဖြစ်တယ်။ (2 Kings 12:19-21; 2 Chronicles 24:25- 27). သူ့သားအာမဇိဟာ ယုဒပြည်ကို အုပ်စိုးတယ်။.

B.**Amaziah (2 Kings 14:1-20; 2 Chronicles 25:1-28)**သူဟာဘုရားသခင်ရဲ့လမ်းတော် ကို လိုက်လျှောက်သူ ဖြစ်တယ်။ဒါပေမယ့်မြင့်သောအရပ်တွေကိုမပယ်ရှားဘူး။ သူ့ဖခင်ကို သတ်ခဲ့ သူတွေကို ပြန်သတ်ပေမယ့် သူတို့ရဲ့သား တွေကိုတော့ မသတ်ခဲ့ဘူး။ အဲဒီနောက်သူဟာ ဧဒုန်ပြည် ကိုစစ်နိုင်ခဲ့တယ်။ ဒါပေမယ့်သူဟာ မာနတက်ပြီး ဣသရေလ နိုင်ငံကိုစစ်ပြုဖို့ စိန်ခေါ်ခဲ့တယ်။ ဣသရေလရှင်ဘုရင်ယောရှဟာ ဒီလိုစစ်ပြုဖို့ ကြံစည်လို့ သတိပေးခံခဲ့ရဖူးတယ်။ (လေဗနန်တော နှင့် အာရဇ်ပင်ဥပမာ) ဒါပေမယ့် အာမဇိမင်းက နားမထောင်ဘူး။ ယောရှက သူ့ကို ဝင်ရောက် သိမ်း ပိုက်ပြီး မြို့ရိုးတွေဖြိုချခဲ့တယ်။ စစ်သုံ့ပန်းအဖြစ် ဖမ်းသွားတယ်။ ဗိမ္မာန်တော်ထဲက ရွှေငွေတွေ ယူသွားတယ်။ (2 Kings 14:1-14). အာမဇိရဲ့လူတွေကပဲ သူနဲ့ သူ့သားကို ပြန်သတ်ခဲ့ကြတယ်။ အာဇရိ (အုဇိရ) ဘုရင်ဖြစ်လာတယ်။ (2 Kings 14:17-20).

C.**Azariah, (Uzziah) (2 Kings 14:21,22; 15:7; 2 Chronicles 26:1-23)** ဘုရားသခင့်ရှေ့မှာ မှန်ကန်စွာပြုခဲ့ တယ်။ ဒါပေမယ့် လူတွေယဇ်ပူဇော်နေ နံ့သားပေါင်းပူဇော်နေတဲ့ မြင့်သောအရပ်တွေကို မပယ်ရှားခဲ့ဘူး။ (2 Kings 15:4).

ဘုရားသခင်ရဲ့ပရောဖက်က ယောရှက သတိပေးခဲ့တယ်။ပရောဖက်ဇာခရိလက်ထက်မှာဘုရားသခင် ကို ရှာဖွေသူ ဖြစ်တယ်။ သူ့ကို ကောင်းကြီးပေးတယ်။ (2 Chronicles 26:5) ဧလမြို့ကို ထူထောင် ပြီး ယုဒပြည်ထဲကို ပြန်သွင်း ခဲ့တယ်။ (2 Kings 14:21,22). ဘုရားသခင်မစမှုနဲ့ ဖိလိတ္တိလူတွေကို တိုက်ခိုက်နိုင်တယ်။ အာမ္မုန်လူမျိုးက သူ့ကို လက်ဆောင်ပဏ္ဏာဆက်ရတယ်။ စစ်အင်အားကြီးလို့ အီဂျစ်ပြည်မှာ နာမည်ကြီးတယ်။ မြို့ရိုး၊ ရေတွင်းတွေ၊ သိုးနွားတွေ၊ စပျစ်ဥယျာဉ်တွေ၊ အများကြီးရှိသူ ဖြစ်တယ်။

(2 Chronicles 26:6-15). ဒါပေမယ့် သူ့စိတ်နှလုံး မာနတက်တာကြောင့် ဖျက်ဆီးခြင်းခံရတယ်။ ဘုရားသခင် တဘက် မှာ အပြစ်ပြုပြီး ဗိမ္မာန်တော်ယဇ်ပလ္လင်ရှေ့မှာနံ့သာပေါင်းပူဇော်ဖို့သွားခဲ့တယ်။ယဇ်ပရောဟိတ်အာဇရိကသူနဲ့အတူ လိုက် လာပြီး "ကိုယ်တော်သည် ထာဝရဘုရားအား နံ့သာပေါင်း မီးရှို့ခြင်းအမှုနှင့်မဆိုင်ပါ။ ခန့်ထားသော အာရုန်သားတို့သာ ထိုအမှုနှင့်ဆိုင်ကြပါ၏။" (2 Chronicles 26:16-18). ဩဇိမင်းဟာ စိတ်ဆိုးသွားပြီးလက်နူနာစွဲတယ်။ (2 Chronicles 26:19,20) သေချိန်အထိနူနာစွဲတယ်။ သူ့သားယောသံမင်း အုပ်စိုးတယ်။ (2 Chronicles 26:21-23)

D.**Jotham (2 Kings 15:32-38, 2 Chronicles 27:1-9)** အသက်၂၅ နှစ်မှာ နန်းတက်ပြီး ၁၆နှစ် အုပ်စိုးတယ်။.

ဘုရားသခင့်ရှေ့မှာ မှန်ကန်တဲ့အမှုကို ပြုတယ်။ ဘုရားသခင့် အိမ်တော်မှာ ဂိတ်တံခါးဝ တည်ထောင်တယ်။ ဩဖလ နံရံကိုလည်းတည်တယ်။ ယုဒပြည်တောင်ကုန်းများမှာ မြို့တွေတည်တယ်။ ရဲတိုက်နဲ့ မျှော်စင်တွေ ဆောက်တယ်။ အာမုန်လူမျိုးတဘက်မှာ စစ်တိုက်ပြီး အင်အားကြီးလာတယ်။ ဘုရားသခင့်ရှေ့မှာ သူသွားရာလမ်းကို ပြင်ဆင်လို့ ဖြစ်

တယ်။ (2 Chronicles 27:2-6). ဒါပေမယ့် လူတွေ ယဇ်ပူဇော်တဲ့ မြင့်သော အရပ်တွေကို မပယ်ရှားခဲ့ဘူး။ (2 Kings 15:35) ဘုရားသခင်က ရှုရိဘုရင် ရေဇနဲ့ ပေကတို့ကို ယုဒပြည်တဘက် စေလွှတ်ခဲ့တယ်။ (2 Kings 15:37).

E.**Things to Think About:** ဆင်ခြင်စရာများ

ယုဒရှင်ဘုရင်တွေဟာ ဒီကာလမှာ ဘာကြောင့်ကျဆင်းခဲ့သလဲ။ အမှန်တွေလုပ်တာရှိလျက်နဲ့ ဘာကြောင့် ကျဆင်းရသလဲ။ သူတို့ဟာ ဘုရားမဲ့လမ်းကို ခွင့်ပြုတယ်။ မာနတက်တယ်။ ကိုယ့်အလိုကို လိုက်တယ်။ သင့်အသက်တာမှာ မာနက ဘယ်လိုဒုက္ခပေးနေသလဲ။ ဘုရားမဲ့တဲ့ အလေ့အကျင့် ဓလေ့တွေကို ခွင့်ပြုနေသလား။?

III.**THE FIRST WRITING PROPHETS: JOEL, OBADIAH, AND JONAH BROUGHT BOTH JUDGEMENT AND HOPE-**အစောပိုင်းကျမ်းစာရေးသော ပရောဖက် များ။ ယောလ၊ ဩဗဒိနဲ့ ယောနဟာ တရားစီရင်ခြင်းနဲ့ မျှော်လင့်ခြင်းကို ဟောပြောသူတွေဖြစ် တယ်။

သူတို့ဟာ ဧလိရှဲခေတ်ကလူတွေဖြစ်တယ်။ ဧလိရှဲရဲ့တပည့်တွေထဲမှာ အပါအဝင် ဖြစ်ကောင်းဖြစ်နိုင်တယ်။ ရောက်လာတော့မယ့် အပြစ်ဒဏ်ကိုပြောသလို ဘုရားရဲ့ကြီးမြတ်တဲ့ချစ်ခြင်းနဲ့ ဂရုဏာကိုလည်း ပြောတယ်။ ဣသရေလ အတွက်သာမဟုတ် တကမ္ဘာလုံးအတွက်ဖြစ်တယ်။ မေရှိယ ကြွလာမယ့်အကြောင်းလည်း ဟောပြောတယ်။ ထာဝရဘုရား ကြွလာမယ်။ တကမ္ဘာလုံးကို စစ်ကြော စီရင်၊ ဆေးကြောတာနဲ့ အဆုံးသတ်မယ်။ ကောင်းကင်နဲ့ မြေကြီးကို မီးနဲ့ဆေးမယ်။ ကောင်းကင်သစ် မြေကြီးသစ် ဖြစ်မယ်။ ဒီအရာတွေရဲ့အရင် နိမိတ် ၅ခုဖြစ်လာမယ်:

1)ဧလိယကိုစေလွှတ်မယ်။ (Malachi 4:5)

2)မြေကြီးဘေးကြုံမယ်။ (Joel 2:31; Matthew 24:29)

3)မမှန်တဲ့လူတွေကြားထဲမှာ မဟုတ်မှန်တဲ့ ငြိမ်းချမ်းရေးရလိမ့်မယ်။ (1 Thessalonians 5:1-3)

4)Apostasy အယူလွဲမယ်။ (2 Thessalonians 2:3)

5)ဒုစရိုက်လူပေါ်ပေါက်မယ်။ (2 Thessalonians 2:1-8) (Isaiah 34 and 63:1-6)

A.**The book of Obadiah.**

ပရောဖက်ဩဗဒိ (840 B.C) ဒေနှ်ကို ပရောဖက်ပြုခဲ့တယ်။ ယဟောရံ၊ အာဟဇိ၊ အာသလိနဲ့ ယောရှတို့ခေတ်မှာ ဖြစ်နိုင် တယ်။ (2 Kings 8-12). ဩဗဒိရဲ့ခေတ်ကာလရက်စွဲကို ကျမ်းစာ ပညာရှင်တွေကြားမှာ ကွဲပြားနေကြတယ်။ သူ့ရဲ့တရားကတော့ မာန၊ တရားမဲ့ခြင်းရဲ့အပြစ်ကို ဟော တယ်။ (ဩဗဒိ ၃) ဂျူးလူမျိုးတွေကို မုန်းတီးရန်ပြုခြင်း။ ဒေနှ်ရဲ့အပြစ်ကို ဖေါ်ပြတယ်။ ညီ ယာကုပ်ရဲ့တဘက်မှာ မကူညီပဲ စစ်ဘုရင်တယောက်လို ပြုမူတယ်။ ယာကုပ်ရဲ့လဲကျခြင်း အပေါ် ဝမ်းမြောက် တယ်။ ဒုက္ခရောက်လို့ ထွက်ပြေးသူတွေကို ဖမ်းဆီးနှိပ်စက်တယ်။ ရန်သူ့လက်မှာ အပ်နှံတယ်။ (Obadiah 10-14; Psalm 137:7). ဩဗဒိက ဒေနှ်ရဲ့အပြစ်ကို ကြေညာတယ်။ ဖျက်ဆီး ခံရမယ် လို့ ပြောရုံမက ယေရုရှလင်ကို ချီးမြှောက်မယ့်အကြောင်းလည်းပြောတယ်။ သူက "ဇိအုန်တောင် ပေါ်မှာ ဘေးလွတ်သောသူ အချို့ရှိကလိမ့်မည်။ သန့်ရှင်းသောအရပ်ဖြစ်လိမ့်မည်။ ယာကုပ်အမျိုး သည် မိမိပိုင်ထိုက်သောမြေကို ပိုင်ရလိမ့်မည်။ ယာကုပ်အမျိုးသည် မီး၊ ယောသပ်အမျိုးသည် မီးလျှံ၊ ဧသောအမျိုးသည် အမှိုက်ဖြစ်၍ မီးညှိလျက်လောင်သဖြင့် ဧသောအမျိုး မကျန်ကြွင်းရ။ ထာဝရဘုရားမိန့်တော်မူပြီ။" (Obadiah 17,18).

B.**The book of Joel.**

ပရောဖက်ယောလ (835 B.C) ဟာ မိုးခေါင်ပြီး ကျိုင်းကောင်တွေသက်ရောက်မယ့် သတင်းကို ဟောပြောတယ်။ ပြည်တော်ပျက်စီးမယ့်အကြောင်းပြောတယ်။ တနိုင်ငံလုံး နောင်တရပြီး ဘုရားထံ လှည့်ပြန်ဖို့ ပြောတယ်။ သူက Revival နိုးထမယ့်တရားကို ဟောပြောတယ်။ "အဝတ်ကိုမဆုတ်ပဲ နှလုံးကို ဆုတ်လျက် သင်တို့၏ဘုရားသခင်ထံ တော်သို့ ပြန်လာကြလော့။ ချစ်သနားခြင်း မေတ္တာ နှင့် ပြည့်စုံ၍၊ စိတ်ရှည်သောသဘော၊ အလွန်ကျေးဇူးပြုခြင်သော သဘော၊ အပြစ်ပြုခြင်းကို နောင် တရတတ်သော သဘောရှိတော်မူ၏။" (Joel 2:13).

C.**The book of Jonah.**

ပရောဖက်ယောန (760 B.C) ကို နိနဝေမြို့သို့ စေလွှတ်တယ်။ ရန်သူအာရှုရိရဲ့မြို့တော်ဖြစ်တယ်။ ဒါဟာ ဘုရားသခင်က လူတိုင်းကို ချစ်တယ်။ စေတနာထားတယ်ဆိုတဲ့ သက်သေဖြစ်တယ်။ ဂျူးတွေကိုသာ ချစ်တာမဟုတ်ဘူး။ (Romans 3:28,29). ယောနက ဘုရားကိုသိပေမယ့် ဘုရား ရဲ့ကြင်နာတတ်တဲ့ စိတ်နှလုံးကို မသိဘူး။ ဒါကြောင့် သူထွက်ပြေး တယ်။ သူက ယောန ၄း ၂။ "ကိုယ်တော်သည် သနား စုံမက်တတ်သော ဘုရားဖြစ်၍၊ စိတ်ရှည်သော သဘော၊ ကျေးဇူး ပြုခြင် သောသဘော၊ အပြစ်ဒဏ်ပေးမည့် အမှုကို နောင်တရတတ်သော သဘောရှိတော်မူကြောင်းကို အကျွန်ုပ်သိပါ ၏။" ဘုရားက ပင်လယ်မှာ မုန်တိုင်းကျစေပြီး ယောနကို ငါးကြီးဗိုက်ထဲမှာ သုံးရက် သုံးညနေစေတယ်။ ကုန်းပေါ်ကို ပြန်ပို့ပေးတယ်။ (ဒါဟာ ခရစ်တော် သေခြင်း၊ သင်္ဂြိုဟ်ခြင်း၊ ရှင်ခြင်း ကို ပုံဆောင်တယ်။) ယောန နိနဝေမှာ တရား ဟောတယ်။ အဲဒီမြို့နောင်တရသွားတယ်။ ဒါပေမယ့် ယောနက ကယ်တင်ခြင်းမရသေးသူတွေကိုမသနားပဲ သူ့ကိုယ် သူ သနားနေတယ်။ ဘုရားကသူ့ကို အပြစ်တင်တယ်။ (ယောန ၄) ယောနဟာ ဒုတိယ ယေရောဗောင် လက်ထက်မှာ အသက်ရှင် ခဲ့သူ ဖြစ်တယ်။.

D.**Things to Think About:** ဆင်ခြင်စရာများ

ပရောဖက်တွေရဲ့အဓိကဟောပြောချက်က ဘာလဲ။ နောင်တရဖို့ ဘုရားသခင်ထံ လှည့်ပြန်ဖို့ဖြစ် တယ်။ အသက်တာမှာ စစ်မှန်စွာနောင်တရဖို့ ကယ်တင်ခြင်းရဖို့ အရင်လိုတယ်။ နောက်မှ အသက်တာမှာ နေ့စဉ်မှန်ကန်စွာ အသက်ရှင်ဖို့လို တယ်။ (1 John 1:9; Acts 17:30,31)

IV.**ASSYRIA CONQUERED SAMARIA AND TOOK ISRAEL CAPTIVE (2 Kings 15-18; Amos, Hosea)-** အာရှုရိက ရှမာရိကိုစစ်နိုင်ပြီး ကျွန်အဖြစ်သိမ်းသွားတယ်။

ဣသရေလရဲ့နောက်ဆုံးမင်းတွေကတော့ ဒုတိယမြောက် ယေရောဗောင်၊ ဇာခရိ၊ ရှလုံ၊ မနာဟင်၊ ပေကဟိ၊ ပေကနဲ့ ဟောရှေတို့ဖြစ်တယ်။ ဘုရင်နဲ့အတူ ယဇ်ပရောဟိတ်တွေ၊ ပြည်သားတွေ ဒု စရိုက်ပြုကြတယ်။ ဘုရားသခင်က ပရောဖက်တွေလွှတ်ပြီး ဆိုးညစ်တဲ့လမ်းက လှည့်ပြန်လာဖို့ သတိပေးတယ်။ ဒါပေမယ့် သူတို့ နားမထောင်ဘူး။ ဘုရားကိုပစ်ပယ်ကြတယ်။ နောက်တော့ အာ ရှုရိဘုရင်ရဲ့သိမ်းပိုက်ခြင်းကိုခံရပြီး နောက်တော့ ကျွန်ဖြစ်သွားတယ်။ ဒါဟာ ဘုရားတဘက်မှာ ပုန်ကန်ရင်း အပြစ်ပြုလို့ ဖြစ်ရတယ်။ (2 Kings 17:7-12).

A.**Jeroboam II (2 Kings 14:16, 23-29) (782-753 B.C., time of Jonah)** အာဟပ် မင်းမျိုးရဲ့ ဒုစရိုက်ကို ပယ်ရှင်းနိုင်သူဖြစ်ပေမယ့် ပထမယေရောဗောင်ရဲ့ရုပ်ထုကိုးကွယ်မှုကို ဆက်ပြုခွင့်ပေးတယ်။ (2 Kings 14:24).

ဘုရားသခင်ညွှန်ကြားတဲ့အတိုင်း ကမ်းခြေတလျှောက် ဣသရေလနိုင်ငံရယူနိုင်ခဲ့တယ်။ ဣသရေလ အမျိုးရဲ့ဒုက္ခကို မြင်တဲ့အခါ ဘုရားသခင် ကယ်တင်ခဲ့တယ်။ (2 Kings 14:26,27) ဘုရားသခင် က သူ့လူတွေကို နှစ်ပေါင်းများစွာ သနားနေခဲ့တယ်။ ဒါပေမယ့် သူ့လူတွေက နောင်တမရ၊ ပြန် မလာကြဘူး။ ဒုတိယ ယေရောဗောင်မင်းဟာ တန်ခိုး စည်းစိမ် ပွါးများလာတယ်။ ဒါပေမယ့် သူက အရှက်မရှိပဲ ရုပ်တု ကိုးကွယ်တယ်။ ဣသရေလဟာ စည်းစိမ်အာဏာ တိုး ပွါးပေမယ့် အနှစ် ၈၀ သာ သက်တမ်း ခံတော့မှာ ဖြစ်တယ်။ သမိုင်းတခုလုံးကို ပြန်ဆင်ခြင်ကြည့်ပါ။ (Recall others in history, Luke 17:26-30.)

B.**The book of Amos.**

ပရောဖက်အာမုတ်ဟာ ယေရုရှလင်နဲ့ ဗက်သလင်မြို့နားက နွားကျောင်းသားတယောက်ဖြစ်တယ်။ စည်းစိမ်ခံစားပြီး အပြစ်ဒုစရိုက်ထဲမှာ ပျော်မွေ့နေတဲ့ ဣသရေလလူမျိုးတွေရဲ့အပြစ်ကို ထောက်ပြ တယ်။ ဘုရားသခင်ရဲ့အပြစ်ဒဏ်ဟာ ဣသရေလပြည်နဲ့ ယုဒပြည်မှာကျရောက်မယ်လို့ ပြောတဲ့ အတွက် သူ့ကို the prophet of Woe လို့ ခေါ်ကြတယ်။ တနိုင်ငံလုံးရဲ့အပြစ်ဟာ တနိုင်ငံလုံးကို ဒဏ်ခံစေမှာဖြစ်တယ်။ တဦးချင်းစီကတော့ ဖြူသောပလ္လင်ရှေ့မှာ အစစ်ခံကြ ရမယ်။ တိုင်းနိုင်ငံ တွေ ကတော့ ဒီလောကမှာပဲ တရားစီရင်ခံရတယ်။ အာမုတ်ဟာ ကိုယ်ကျင့်တရားပျက်စီးမှုနဲ့ အယူ ဝါဒ လမ်းလွဲမှုတွေအကြောင်းကို ထောက်ပြ ဟောပြောခဲ့တယ်။ ခေတ်ကတော့ ကြွယ်ဝ ချမ်းသာနေတဲ့ ခေတ် ဖြစ် တယ်။ (Amos 9:8-15). ဒါပေမယ့် သူက ယာကုပ်အမျိုးရဲ့အိမ် "house of Jacob" ကို နှစ်သိမ့်ရင်း ဘုရားသခင် တည်မြဲမယ်ဆိုတဲ့ သတင်းစကားကိုလည်း ပြောခဲ့တယ်။ ဒါဝိဒ်ရဲ့မင်း မျိုးကို တည်တံ့စေမယ်။ ကြွလာမယ့် ဘုရင်ရဲ့နိုင် ငံဟာ ကြီးမားတယ်လို့ ဆိုတယ်။ (Acts 15:13-17) ခရစ်တော် ဒုတိယအကြိမ်ကြွလာမယ့် အကြောင်းကိုလည်း ဟောပြောတယ်။.

C.**The book of Hosea.**

ပရောဖက်ဟောရှေဟာ ဣသရေလရဲ့ဝိညာဉ်ရေးဖောက်ပြန်မှုကို ဟောပြောတယ်။ ဘုရားသခင်က ဟောရှေကို သစ္စာ မရှိတဲ့ မိန်းမတယောက်ကို သိမ်းယူဖို့ပြောတယ်။ ဒါဟာ သစ္စာမရှိတဲ့ ဣသရေလ ကို ပုံဆောင်တယ်။ မိန်းမက သစ္စာ မရှိပေမယ့် ဟောရှေက သူ့ကို ချစ်မြဲ၊ သနားမြဲ၊ ဂရုစိုက်မြဲဖြစ် တယ်။ ဒါဟာ ဘုရားရဲ့ကြင်နာ သနားမှုကို ပုံဆောင် တယ်။ (Hosea 2:19). ဒီအနာဂတ္တိကျမ်း ထဲမှာ ၁၅ကြိမ်တွေ့ရတဲ့ အဓိက key word ကတော့ return ပြန်လာပါ ဖြစ်တယ်။ ဟောရှေရဲ့အမှု တော်ဆောင် သက်တမ်း ၆၀ မှ ၇၀ အတွင်းမှာ ရှမာရိပြည်မှာပဲ အမှုတော်ဆောင်တယ်။ အသက် တာကုန်ဆုံးချိန်နီးတဲ့အခါ ယုဒပြည်မှာ အခြေချတယ်။ ဣသရေလလူမျိုးဟာ ဇနီးဖြစ်ပြီး ဘုရား သခင်ဟာ ခင်ပွန်းဖြစ်တယ်ဆိုတဲ့ အသုံးအနှုန်းကို သုံးတယ်။ ဣသရေလဟာ ဘုရားသခင်ရဲ့သတို့သမီးဖြစ်တယ်။ အသင်း တော် ဟာ ဘုရားသခင်ရဲ့ သတို့သမီး သိုးသူငယ်ရဲ့သတို့သမီး ဖြစ် တယ်။ ဟောရှေရဲ့ကျမ်းဟာ နောင်တနဲ့ဆိုင်တဲ့ကျမ်း၊ လဲကျသူကို ဘုရားသခင်ပြန်လက်ခံတဲ့ ပုံဆောင်တဲ့ကျမ်း ဖြစ်တယ်။ ဘုရားက သူ့နာမတော်ကြောင့် ဣသရေလကို ချီးမြှောက်တယ်။ ဒါပေမယ့် သူက ဖောက်ပြန်တယ်။ ဟောရှေသားသမီးတွေရဲ့နာမည်တွေလည်း ပုံဆောင်ချက် symbolic တွေဖြစ်တယ်။ (Hosea 1:4,5) "God's sows" ဘုရားသခင် ဖိကြိတ်တယ်။ ကွဲပြား စေတယ်။ လို့ ဆိုလို တယ်။ အာဟပ်မင်းမျိုးရဲ့ကြောက်စရာလူသတ်မှုတွေကို လျှော့မပစ်ဘူးလို့ သတိပေးတယ်။ ယေဇရေလလွင်ပြင်မှာ

ယေဟုအားဖြင့်စီရင်တယ်။ (2 Kings 10:1-11). Lo- ruhamah (unpitied မသနားဘူး။) (Hosea 1:6) က တရားစီရင် ခြင်းကို ဆိုလိုတယ်။ Lo- ammi (not my people (ငါ့လူမဟုတ်) က ဣသရေလလူမျိုးဟာ ဘုရားလူမျိုးတော် မဟုတ်တော့ဘူးလို့ ဆိုလိုတယ်။ (Hosea 1:8,9) ဣသရေလဟာ ဖန်ဆင်းရှင်ကို မေ့လျော့တယ်။ (Hosea 8:14). ဣသရေလလူမျိုးက သစ္စာမရှိပေမယ့် ဘုရားသခင်ရဲ့ချစ်ခြင်းမေတ္တာက တည်တယ်။ ဟောရှေက "သင်တို့သည် ငါ၏ လူမဟုတ်ဟု ပြောဆိုရာအရပ်၌ပင် သူတို့သည် အသက်ရှင်တော်မူသောသူ၏ သားဟု ခေါ်ဝေါ်ခြင်းကို ခံရကြလိမ့် မည်။" ဘုရားသခင်ရဲ့ဂရုဏာတော်ဟာ သူတို့ကို ဖြောင့်မတ် ခြင်း တရားသဖြင့်စီရင်ခြင်း ကြင်နာခြင်းထဲကို ပြန်ခေါ် တယ်။ (Hosea 1:10; 2:19-23) ဟောရှေ က ဣသရေလလူမျိုးကို ဖြောင့်မတ်ခြင်းတရားကို စိုက်ပျိုးပြီး ဂရုဏာ အသီးအနှံကို ရိတ်သိမ်းဖို့ ပြောဆိုတယ်။ ဘုရားသခင်ရဲ့မြေတော်မှာ မြေစိုင်ကိုခွဲပြီး အလုပ်လုပ်ဖို့ပြောတယ်။ (Hosea 10:12). "ငါမှတပါး တခြားသော ဘုရားသခင်ကို သင်မသိပြီ။ ငါမှတပါး ကယ်တင်နိုင်သော သခင် မရှိ။" (Hosea 13:4)"အို ဣသရေလ သင်သည် ကိုယ်ပြုသောဒုစရိုက်အပြစ်အားဖြင့် အကျိုးနည်း ရှိသောကြောင့်သင်၏ဘုရားသခင် ထာဝရဘုရား ထံတော်သို့ပြန်လော့။" (Hosea 14:1,9).

D.**The last kings of Israel.** ဣသရေလရဲ့နောက်ဆုံးမင်းများ

ပရောဖက်တွေက ဣသရေလကို သတိပေးတယ်။ ဒါပေမယ့် နားမထောင်ကြဘူး။ နောက်ဆုံး မင်းဆက်တွေက တိုင်းပြည်ကိုပျက်စီးစေပြီး ကျွန်ဘဝရောက်သွားစေတယ်.

1. Zachariah (753-752 B.C.) (2 Kings 15:8-12) ဟာ ဣသရေလကို ၆ လ စိုးစံတယ်။ ဘုရားသခင့်ရှေ့မှာ အပြစ်ပြုတယ်။ ရှလုံက သူ့ကို ပုန်ကန်ပြီး လုပ်ကြံသတ်ဖြတ်တယ်။ (2 Kings 15:10) သူဟာ ယေဟုရဲ့၄ ဆက် မြောက်နဲ့ နောက်ဆုံးမင်းဆက်လည်းဖြစ်တယ်.
2. Shallum (752 B.C.) (2 Kings 15:10,13-15), တလသာ စိုးစံရတယ်။ မနာဟံက လုပ်ကြံ သတ်ဖြတ်တယ်။ (2 Kings 15:14).
3. Menahem (752-742 B.C.) (2 Kings 15:14-22) ဆိုးညစ်စွာ ၁၀ နှစ်တိုင်တိုင် အုပ်စိုးခဲ့ တယ်။ လူသတ်၊ ကိုယ်ဝန်ဆောင်အမျိုးသမီးတွေကို နှိပ်စက်ခဲ့တယ်။ အာရှုရိဘုရင်ပုလက သူ့ တဘက်မှာ စစ်ချီလာတယ်။ မနာဟံက ငွေ အခွက် ၁၀၀၀ ပေးရတယ်။ ငွေရဖို့ ပြည်သူလူထုကို တောင်းဆိုတယ်။ (2 Kings 15:19,20).
4. Pekahiah (Menahem's son) (742-740 B.C.) (2 Kings 15: 22-26) ၂ နှစ်စိုးစံတယ်။ ယေရောဗောင်ရဲ့အပြစ်ကို ဆက်ကျူးလွန်တယ်။ (2 Kings 15:24) သူ့ရဲ့ဗိုလ်ချုပ်တပါးဖြစ်တဲ့ ပေကာက သူ့ကို သတ်ဖြတ်တယ်။ (2 Kings 15:25).

5. Pekah (740-732 B.C.) (2 Kings 15:27-31; 16:5; 2 Chronicles 28:6; Isaiah 7:1) ယေရောဗောင်ရဲ့အပြစ်ကိုလိုက်ပြီး အနှစ်၂၀ စိုးစံတယ်။ (2 Kings 15:28). ရှုရိဘုရင် ရာဇိန်နဲ့ ပေါင်းပြီး ယေရုရှလင် ကို စစ်ချီတယ်။ အာဟပ်ကို ဖမ်းဆီးသွားတယ်။ စစ်သူရဲ ၁၂၀,၀၀၀ ကို သတ်ဖြတ်ခဲ့တယ်။ (ဒါဟာ သူတို့ဘိုးဘေးတွေ က ဘုရားသခင်ကို ပစ်ပယ်ခဲ့တဲ့အတွက်ကြောင့် ဖြစ်တယ်။ (2 Chronicles 28:6), ဒါပေမယ့် သူဟာ ယုဒရှင်ဘုရင် အာဟပ်ကို မနိုင်ဘူး။ (2 Kings 16:5). ရှုရိရှင်ဘုရင် တိကလပိလေသာဟာ မြောက်ပိုင်းနိုင်ငံရဲ့ဒေသအများစုကို သိမ်း ပိုက်ပြီး လူတွေကို အာရှုရိပြည်ကို ဖမ်းသွားတယ်။ (2 Kings 15:29). ပေကာကို ဟောရှေက သတ်တယ်။.

6. Hoshea (732-722 B.C.) (2 Kings 15:30,31; 17:1-6) ဒုစရိုက်ပြုပြီး သူ့အရင်မင်းတွေလို မဟုတ်ဘူး။ သူဟာ အာရှုရိဘုရင် ရှေလမနေဇာရဲ့ကျွန် ဖြစ်သွားတယ်။ ရှေလမနေဇာက ဟောရှေကို အီဂျစ်ပြည်ကို လက်ဆောင်တွေ ပို့မှန်းသိသွားတယ်။ ဒါကြောင့် ထောင်ချလိုက်တယ်။ (2 Kings 17:1-4).

အာရှုရိပြည်ဟာ ရှမာရိပြည်ကို ၃ နှစ်အတွင်း သိမ်းပိုက်လိုက်တယ်။ ဟောရှေနန်းစံ ၃ နှစ်မှ အာရှုရိ ဟာ ရှမာရိကို ရလိုက်တယ်။ ဣသရေလတွေကို ကျွန်အဖြစ်သိမ်းသွားတယ်။ ရှမာရိပြည်မှာ တခြား တိုင်းတပါးလူမျိုးတွေကို ခေါ် သွင်းလာတယ်။ ဒါဟာ ဣသရေလလူမျိုးဟာ ဘုရားသခင်တဘက်မှာ အပြစ်ပြုလို့ဖြစ်တယ်။ (2 Kings 17:6-12). ဘုရားသခင်က ဣသရေလနဲ့ ယုဒကို ပရောဖက် တွေအားဖြင့် သက်သေခံခိုင်းတယ်။ (2 Kings 17:13), ဒါပေမယ့် သူတို့နားမထောင်ဘူး။ စိတ် နလုံး မာကြောတယ်။ ပညတ်တော်ကို ပစ်ပယ်တယ်။ (2 Kings 17:13-17). ဒါကြောင့် ဘုရား သခင်ဟာ ဣသရေလကို အမျက်ထွက်ပြီး မျက်မှောက်တော်မှ ပယ်ရှင်းလိုက်တယ်။ ယုဒအမျိုးသာ လျှင် တင် ကျန်တယ်။ သူတို့လည်း ပညတ်တော်ကို နားမထောင်ဘူး။ (2 Kings 17:18,19). ဘုရားသခင်က ဣသရေလအမျိုး ကို လုံးဝ ပစ်ပယ်လိုက်တယ်။ (2 Kings 17:20-23). အာရှုရိ ရှင်ဘုရင်ဟာ ဗာဗုလုန်ပြည်၊ ကုသပြည်၊ အာဝါပြည် အာမက်နဲ့ စေဖာရဲပြည်မှ လူတွေကို ရှမာရိ ပြည်ကို ခေါ်သွင်းလာတယ်။ (2 Kings 17:24). ဒီလူမျိုးတွေဟာ နောက် ပိုင်းမှာ ရှမာရိလူတွေ ဖြစ်သွားတယ်။ သူတို့ဟာ ဣသရေလလူမျိုးရဲ့ဘုရားသခင်ကို မသိတဲ့အတွက် ခြင်္သေ့တွေလည်း ရှိတော့ ကြောက်ရွံ့ခဲ့ကြတယ်။ အာရှုရိရှင်ဘုရင်ဟာ ယဇ်ပရောဟိတ်တွေကို လွှတ်ပြီးတော့ သူတို့ ကို သွန်သင်ခိုင်း တယ်။ (2 Kings 17:26-28). ဒါပေမယ့် လူတိုင်းဟာကိုယ့်ဘုရားကို လုပ်ဆောင် ကြတယ်။ ဘုရားသခင်ကို လည်း ကြောက် တခြားဘုရားတွေကိုလည်း ကိုးကွယ်နေကြတယ်။ (2 Kings 17:34-41).

E.**Judah's involvement in the captivity of Israel.** ဣသရေလလိုပဲ ယုဒလည်း ကျွန်ဖြစ်သွားခြင်း King Ahaz (2 Kings 16:1-20; 2 Chronicles 28:1-27; Isaiah 7:1-12) ဟာ မှန်ကန်စွာ မကျင့် ကြံဘူး။ ဣသ ရေလရဲ့လမ်းအတိုင်းလိုက်ပြီး သူ့သားကို တပါးအမျိုးသားတွေလို မီးရှို့ယဇ်ပူဇော်သူ ဖြစ်တယ်။ (2 Kings 16:3,4). ဒါကြောင့် သူ့ကို ရှုရိရှင်ဘုရင်နဲ့ ဣသရေလလက်မှာ အပ်နှံပြီး အများအပြား ကျွန်အဖြစ် အဖမ်းခံရတယ်။ အာဟပ် ဟာ ဘုရားကို အားမကိုးပဲ လူနဲ့ သူ့ရဲ့ခွန်အား ကိုသာ အားကိုးခဲ့တယ်။ သူဟာ တိကလပိလေသာဆိုတဲ့ ရှင် ဘုရင်နဲ့ ငြိမ်းချမ်းရေးစာချုပ်ချုပ်ဆိုပြီး ဣသရေလကို တိုက်ခိုက်ခဲ့တယ်။ တိဂလပိလေသာက အာရှုရိစစ်သားတွေ ကို ဣသရေ လနိုင်ငံကို စေလွှတ်ခဲ့တယ်။ ရှမာရိမြို့ကိုရပြီး လူတွေကို ကျွန်အဖြစ်ခေါ်သွားတယ်။ တိုင်းတပါးသားတွေကို ရှမာရိပြည် မှာနေဖို့ ခေါ်သွင်းလာတယ်။ (2 Kings 17:24). ဒီလို ဖြစ်ပျက်ရတာဟာ ဣသရေလ လူမျိုးတွေ ဘုရား သခင်ကိုပစ် ပယ်ပြီး စကားတော်ကို နားမထောင်ပဲ ပဋိညာဉ်တရားတော်ကို မစောင့်ရှောက်ခဲ့တဲ့အတွက် ဖြစ်တယ်။ (2 Kings 17:7; 18:12). ယုဒရှင်ဘုရင်အာဟပ်က တိကလပိလေသာကို ဗိမ္မာန်တော်ထဲမှ ရတနာတွေပေးလိုက်တယ်။ ဒါက ဣသရေလကို တိုက် ခိုက်ဖို့ဖြစ်တယ်။ (2 Kings 16:7,8)အာဟပ်နဲ့ တိလဂပိလေသာဟာ ဒမာသက်မြို့မှာ တွေ့ဆုံတ ယ်။ အဲဒီအချိန်မှာ ရှုရိပြည်က ရှမာရိကို သိမ်းပိုက်ထားပြီး ဖြစ်တယ်။ အာဟပ်ဟာ အဲဒီမှာ ယဇ်ပလ္လင် တခုကို သဘော ကျသွားတယ်။ အဲဒီယဇ်ပလ္လင်အတိုင်းလုပ်ပြီး ယဇ်ပရောဟိတ်ဥရိယကို ဗိမ္မာန် တော်မှာ တည်ထား စေတယ်။ အဲဒီယ ဇ်ပလ္လင်သစ်ပေါ်မှာ ယဇ်ကောင်တွေ ပူဇော်တယ်။ သူဟာ ဗိမ္မာန်တော်နဲ့ ယဇ်ပလ္လင်ကို ပုံပြောင်းခဲ့သူ ဖြစ်တယ်။ (2 Kings 16:10-18). သူ့ရဲ့အပြုအမူကြောင့် ယုဒပြည် ကျဆင်းပြီး အာရှုရိပြည်ရဲ့တိုက်ခိုက်မှုတွေကို ကျရောက်လာစေ တယ်.

F. **Things to Think About:**

*1.* ဒီကာလက ပရောဖက်တွေဟာ ဘုရားသခင်ရဲ့ချစ်ခြင်းမေတ္တာကို ဘာကြောင့် ဟောပြောခဲ့ သလဲ။ ဘုရားက နောင် တရတဲ့အပြစ်သားကို အမြဲတမ်းလက်ခံတယ်။ ဒါပေမယ့် အပြစ်ရဲ့အကျိုး ဆက်ဆိုတာ ရှိတယ်။ နောက်ဆုံးတရားစီရ င်ရာနေ့ရောက်လာမယ်။ ယုံကြည်သူအတွက် အောင် မြင်တဲ့နေ့၊ လုံခြုံတဲ့နေ့ ရောက်လာမယ်။ ဘုရားသခင်ရဲ့ချစ်ခြ

င်းမေတ္တာအပေါ်မှာ အနားယူပါရဲ့လား။ သင့်အပြစ်အတွက် ဘုရားသခင် ပေးဆပ်တာကို လက်ခံပါရဲ့လား။ အပြစ်ခွင့်လွှတ်ခံဖို့ ကိုယ့်နည်း ကိုယ့်ဟန်ကိုပဲ အားကိုးနေသလား။?

2. ဣသရေလကျရှုံးသလို ယုဒ ဘာလို့ကျရှုံးသလဲ။ ယုဒဟာ ရန်သူကို ထောက်ပံ့ကူညီသူဖြစ် တယ်။ ဒါကြောင့် ဘုရားသခင်က ယုဒကိုလည်း အပြစ်ပေးရတယ်။  သင်ဟာ တခြားတယောက်ကို ဖျက်ဆီးရာမှာ ဝင်ရောက် ကူညီနေသူဖြစ်သလား။?

## Exam - Lesson 14

Name_______________________________________________________________

Address_____________________________________________________________

Multiple choice (Circle only one letter as the correct answer unless otherwise indicated. You may use your Bible when so indicated, but we trust you not to look up the answers in the lesson.)

1. Why is a biblical understanding of repentance, revival, reform, and apostasy essential? (value 5 points) ကျမ်းစာကပြောပြသော နောင်တရခြင်း၊ နိုးထခြင်း၊ ပြောင်းလဲခြင်း၊ ဘုရားမဲ့နေခြင်း တို့ ကားအဘယ်နည်း။
   a) in order to build a great nation and strong political structures အင်အားကြီးသော နိုင်ငံတည်ဆောက်ရန်၊ ခိုင်မာသောနိုင်ငံရေးအဆောက်အအုံကို တည်ဆောက် နိုင်ရန်
   b) in order to live separated and holy in a corrupt world ပျက်စီးနေသောကမ္ဘာကြီးနှင့် တသီးတခြားနေထိုင်ပြီး သန့် ရှင်းစွာအသက်ရှင်ခြင်း
   c) in order to enjoy prosperity and economic success ကြွယ်ဝမှုနှင့်စီးပွါးတိုးတက်မှုကို ခံစားနိုင်ရန်

2. What did the reforms in this section of Israel's history fail to have? (value 4 points) ဣသရေလသမိုင်း၏ ဤအပိုင်းတွင် ပြုပြင်ပြောင်းလဲမှုလုပ်သော်လည်း မည်သည့်ကိစ္စ တွင် မအောင်မမြင်ဖြစ်ရသနည်း။
   a) political stability နိုင်ငံရေးတည်ငြိမ်မှု
   b) economic prosperity တိုင်းပြည်စီးပွါးတိုးတက်မှု
   c) true revival မှန်ကန်သောနိုးထမှု

3. What is always the result of true revivals? (value 5 points) နိုးထမှုကြောင့်ရလာသော အကျိုးကားအဘယ်နည်း
   a) change in the heart နှလုံးသားပြောင်းလဲခြင်း
   b) change in the political system နိုင်ငံရေးစံနစ်ပြောင်းလဲခြင်း
   c) change in the leadership ခေါင်းဆောင်မှုပြောင်းလဲခြင်း

4. Though Jehu eliminated some things, what practice did he continue to allow? (value 4 points) ယေဟုသည် အချို့ သောအရာများကို ပယ်ဖျက်သော်ငြားလည်း ဆက်လက် ခွင့်ပြုထားသောအရာကား အဘယ်နည်း။
   a) He allowed for people to go to Jerusalem to make sacrifices. လူများအား ယေရု ရှလင်သို့ သွားပြီး အပြစ်ဖြေရန်
   b) He continued to allow Baal worship. ဗာလဘုရားအား ကိုးကွယ်ဝတ်ပြုရန် ဆက်လက် ခွင့်ပြုသည်၊

c) He continued to allow the idol worship instituted by Jeroboam. ယေရောဗေါင် မင်း အစပြုခဲ့သော ရုပ်တုကိုး ကွယ်ခြင်းကို ဆက်လက်ခွင့်ပြုသည်

5. What was the extent of the era of the prophets? (value 5 points) ပရောဖက်များ အုပ်စိုးသောကာလကား အဘယ်နည်း။

a) from Moses to the kings မောရှေခေတ်မှ ဘုရင်အုပ်စိုးသောခေတ်ထိ
b) from Samuel to John the Baptist ရှမွေလခေတ်မှ ဗတ္တိဇံဆရာယောဟန် လက်ထက်ထိ
c) from Abraham to Christ အာဗြဟံခေတ်မှ ယေရှုခရစ်တော်ခေတ်ထိ

6. Who were the first writing prophets? (value 4 points) ပရောဖက်ကျမ်းများကို ရေးသူ တို့ ကား အဘယ် သူနည်း။

a) Joel, Obadiah, Jonah ယောလ၊ဩဗဒိယ၊ယောန
b) Elisha, Jonah, Amos, Hosea ဧလိရှဲ၊ယောန၊အာမုတ်၊ဟောရှေ
c) Elisha, Jeremiah, Daniel ဧလိရှဲ၊ယေရမိ၊ဒံယေလ

7. The sons of Jehu: Jehoahaz and Jehoash (Joash) continued the sins of Jeroboam until God's anger was stirred. Then God delivered them into whose hand? (value 5 points) ယေဟု၏ သားများဖြစ်သော ယေဟော ယဟတ်နှင့် ယေဟောရှတို့ သည် ယေရောဗေါင်လုပ်သောအပြစ်များ ကိုဆက်လက်ကျူးလွန်နေကြသောကြောင့် ဘုရားရှင် ဒေါသထွက်သည်၊ ထို့ ကြောင့် ဘုရားရှင်က သူတို့ ကို မည်သူ့ လက်ထဲသို့ အပ်လိုက်သနည်း။

a) Nebuchadnezzar, king of Babylon ဘေဘီလုံနိုင်ငံဘုရင်နေဗုခဒ်နေဇာ
b) Sennacherib, king of Assyria အဆီးရီးယားဘုရင် ရှေနာခရိက်
c) Hazael and Ben-hadad, kings of Syria ဆီးရီးယားဘုရင် ဟဇေလနှင့်ဘင်းဟာဒတ်

8. What was the primary reason for the downfall of Israel? (value 4 points) ဣသရေလနိုင်ငံ ကျဆုံးရခြင်း၏ အဓိကအချက်ကား အဘယ်နည်း။

a) They rebelled against God and committed idolatry. သူတို့ သည် ဘုရားရှင်ကို ပုန်ကန်ပြီး မှားယွင်းမှုများကို ပြုကြသည်၊
b) They feared the people of the countries around them. သူတို့ နိုင်ငံပတ်လည်ရှိ နိုင်ငံ များကို ကြောက်ရွံ့ သော ကြောင့်
c) They had ambitions of building great kingdoms for themselves. သူတို့ အတွက် မဟာ ဘုရင့်နိုင်ငံတော်ကို တည်ထောင်လိုသောကြောင့်

9. What can be said about king Joash of Judah? (value 4 points) ယုဒဘုရင်ယောရှ နှင့် ပတ်သက်၍မည်သို့ ပြောပြနိုင်သနည်း

a) He ruled well under Jehoiada the priest. သူသည် ယဇ်ပုရောဟိတ် ယေဟောအိဒ ခေတ် တွင် နိုင်ငံအားကောင်း မွန်စွာအုပ်ချုပ်နိုင်ခဲ့သည်
b) He killed Jehoiada the priest. သူသည် ယဇ်ပုရောဟိတ် ယေဟောအိဒ ကိုသတ်ခဲ့သည်
c) He encouraged Baal worship and built a temple for Baal. သူသည် ဗါလဘုရား အတွက် ဗိမာန်တော်တည် ဆောက်ပြီး ဗါလဘုရားအားကိုးကွယ်မှုထွန်းကာအောင်လုပ်ခဲ့သည်

10. What country took Israel into captivity? (value 4 points) မည်သည့်နိုင်ငံက ဣသရေလနိုင်ငံအား ကျွန်အဖြစ်ဖမ်းဆီးခေါ်ဆောင်သွားသနည်း။
a) Syria ဆီးရီးယား
b) Egypt အီဂျစ်
c) Assyria အဆီးရီးယား

11. What is the key word of the book of Hosea? (value 4 points) ဟောရှေအနာဂတ္တိ ကျမ်းမှပေးလိုသောအဓိက သတင်းစကားကားအဘယ်နည်း။
a) return ပြန်လှည့်လာရန်
b) rebuild ပြန်လည်တည်ဆောက်ရန်
c) rejoice ဝမ်းမြောက်ပျော်ရွှင်ရန်

12. How does Hosea present Israel? (value 4 points) ဟောရှေသည် ဣသရေလနိုင်ငံကို မည်သည့်အနေအထားဖြင့် တင်ပြခဲ့သနည်း။
a) as a weak and suffering child ခွန်အားနည်းပြီးဒုက္ခရောက်နေသော ကလေးသူငယ် အဖြစ်
b) as an adulterous wife မှားယွင်းဖေါက်ပြန်သော ဇနီးသည်အဖြစ်
c) as a flock of lost sheep သိုးထိန်းပျောက်နေသော သိုးအုပ်ကြီးအဖြစ်

13. Why did the Lord not allow Hazael of Syria to overtake Samaria? (value 4 points) အဘယ့်ကြောင့်ဘုရားရှင် က ဆီးရီးယားဘုရင်ဟေဇလအား ရှမာရိနယ်ကို သိမ်းပိုက်ဖို့ ခွင့်မပြု သနည်း။
a) because Israel had repented and turned back to Him ဣသရေလလူတို့ သည် နောင်တရပြီး ဘုရားရှင်ထံ ပြန်လှည့်လာသောကြောင့်
b) because of His covenant with Abraham ဘုရားရှင်ကအာဗြဟံနှင့်ထားသောပဋိညာဉ်ကြောင့်
c) because He had great compassion on them ဘုရားရှင်သည်သူတို့ အား အလွန် သနားသောကြောင့်

14. In what way was Judah involved in the captivity of Israel? (value 4 points) ဣသရေလကိုဖမ်းဆီးသိမ်းသွား ခြင်းခံရခြင်းတွင် ယုဒလူမျိုးများက မည်သို့ ပါဝင် ပတ်သက်ခဲ့ သနည်း။
a) She initiated the attack. တိုက်ခိုက်မှုကို သူတို့ ကစတင်ခဲ့သည်

b) She made a treaty with Assyria to attack Israel. ဣသရေလကိုတိုက်ခိုက်ဖို့ သူတို့ က အဆီးရီးယားနှင့် စာချုပ် ချုပ်ဆိုခဲ့သည်

c) She put together a large army to fight against Israel. ဣသရေလကိုတိုက်ခိုက်ရန် သူ၏စစ်တပ်ကို ပူးပေါင်း ပါဝင်စေခဲ့သည်

15. Match the following names with the correct statement that describes them. (value 20 points) အောက်ပါတို့ ကို မှန်ကန်စွာယှဉ်တွဲပါ။

(You may use your Bible. See the Scripture references in top right hand corner.) သင့်ကျမ်းစာအုပ်ကိုအသုံးပြုပြီး သက်ဆိုင်ရာကျမ်းညွှန်းများကို ကိုးကားနိုင်ပါသည်။

________rejected the evils of Ahab and promoted reforms, but not a return to God အာဟပ်၏ကောက်ကျစ်သောအကြံကို ပယ်ချ ပြီး ပြုပြင်ပြောင်းလဲမှုလုပ်သော်လည်း ဘုရားရှင်ဆီပြန်မလှည့်ပေ  a. Joash (Jehoash)

________son of Jehoiada, stoned by Joash ယဟောယဒ၏ သား_[ ]သည် ယောရှက ကျောက်တုံးနှင့်ပေါက်သတ်သည်  b. Jehoiada

________ saved from the assassination of his grandmother, Athaliah  c. Zechariah

[. ]သည် သူ၏အဖွါးဖြစ်သူ အတာလိယ၏လုပ်ကြံခြင်းမှ ကယ်တင်ခြင်းခံရသည်

________son of Hosea ဟောရှေ၏သား  d. Jonah

________herdsman of Judah known as the prophet of woe as he announced God's punishments on Judah and Israel.ကျိန်ခြင်းပေးသူပရောဖက်ဟုလူသိများသော ယုဒန္ဓားကျောင်းသားက ယုဒနှင့်ဣသရေလတို့ အပေါ်ဘုရားရှင်၏ အမျက်တော်ကို ကြေညာခဲ့သည်  e. Obadiah

________priest who raised and trained the young king Joash ဘုရင်ငယ်လေးယောရှိယကို လေ့ကျင့်ထိန်းကျောင်းပေးသူယဇ်ပုရောဟိတ်မှာ ( )ဖြစ်သည်  f. Jehu

________preached in Nineveh of Assyria အဆီးရီးယားပြည် နိနေဝမြို့ တွင် တရားဟောခဲ့သူမှာ ( ) ဖြစ်သည်  g.Lo-ammi

________king who burned incense on the altar of incense in the temple ပလ္လင်ရှေ့ တွင် အမွှေးနံ့ သာ ပူဇော်သော ဘုရင်မှာ ( )ဖြစ်သည်  h.Azariah (Uzziah)

________king of Judah who made a treaty with the king of Assyria to attack Israel ဣသရေလကို တိုက်ခိုက်ဖို့ အဆီးရီးယားဘုရင်နှင့်မဟာမိတ်စာချုပ်ချုပ်သော ယုဒဘုရင်မှာ ( )ဖြစ်သည်  i.Ahaz

________warned Edom against the sins of pride, godless defiance and hating and harming the Jews.မာနကြီးခြင်းအပြစ်၊ဘုရားကိုပုံကန်ခြင်းအပြစ်၊ ယုဒလူများကို မုန်းတီးနာကျည်းခြင်းအပြစ်တွက်ဒေနိကသတိပေးခဲ့သူမှ ( )ဖြစ်သည်  j.Amos

16.Match these words and phrases with the appropriate definitions. (value 20 points)

______denial of God; deliberate departure from revealed truth.  a. recognition

ဘုရားရှင်ကိုငြင်းပယ်ခြင်း၊သမ္မာတရားမှလွဲချော်ခြင်း

_______a prophetic period yet to be fulfilled, beginning with the return of the Lord in glory. ဘုန်းတန်ခိုးနှင့်သခင်ဘုရားကြွလာမည့်အကြောင်းပရောဖက်ပြုချက်သည် ပြည့်စုံဖို့ ရှိသည် b. prophet

_______good kings, faithful prophets and godly people, true to God and His Word, preserved the purity of revelation ကောင်းသောဘုရင်၊သစ္စာရှိသောပရောဖက်၊ဘုရားစကားလိုက်နာသူ၊သမ္မာတရားလိုက်လျှောက်သူသည် သန့် ရှင်းသောဖွင့်ပြချက်ကို စောင့်ထိန်းသူဖြစ်သည် c. repentance

_______a messenger who carries the words of God to the people. d. day of the LORD

ဘုရားရှင်၏စကားကို လူတို့ ထံသတင်းပို့ ပေးသူ

_______seeing sin in the light of God's holiness e. revival

ဘုရားရှင်၏သန့် ရှင်းခြင်း၌တည်နေလျှင်အပြစ်ကိုမြင်တတ်သည်

_______turning from sin အပြစ်မှပြန်လှည့်ခြင်း f. apostasy

_______revitalized by God's power ဘုရားတန်ခိုးဖြင့်ခွန်အားပြည့်ခြင်း g. reform

_______a change in behavior အပြုမူပြောင်းလဲခြင်း h. remnant

Exploring God's Word

A Survey of the Old and New Testaments

Prepared by Polly Strong B.R.E., B.A., M.A.

For Rogma International, Inc. (All Scripture quotations from the KJV of the Bible)

Copyright by Rogma International, Inc. All rights reserved.

---

## Lesson 15

## Section VI – BROKEN

## Broken Covenants and Commitments The Fall of Judah

**(ပဋိညာဥ်တရားနှင့် ဆက်ကပ်မှုများကျိုးပျက်ခြင်း)**

**Theme**: အဓိကအချက်: စစ်မှန်သောနိုးထမှုအတွက် တခုတည်းသောနည်းက အပြစ်ကိုမြင် လာ ပီး ဘုရားထံ လှည့်ပြန်ဖို့ဖြစ်တယ်။.

**Goal**: ရည်ရွယ်ချက်: ဘုရားသခင်ရဲ့ဂရုဏာနဲ့ နိုးထမှုကို သင်ယူပါ။

**Summary**: အနှစ်ချုပ်: ဒီအခန်းဟာ ဣသရေလနိုင်ငံကို ဂျူးလူမျိုးတွေ ထိန်းသိမ်းတဲ့ အကြောင်း ဖြစ်ပြီး revival နိုးထမှုနဲ့ rebellion ပုန်ကန်မှုတွေအကြောင်းဖြစ်တယ်။ ပရောဖက်တွေရဲ့သွန်သင် ဆုံးမမှုအောက်မှာ ဟေဇကိနဲ့ ယောရှမင်းတို့လို မင်းကောင်းတွေရဲ့လက်အောက်မှာ ဘုရားပဋိညာဉ် ကိုစောင့်ထိန်းရင်း ဆက်ကပ်မှုတွေ လုပ်ခဲ့ ကချိန် ဖြစ်တယ်။ ဣသရေလတနိုင်ငံလုံးနဲ့ ယုဒနောက် ဆုံးမင်းဆက်တွေဖြစ်တဲ့ မနာရှေမင်းလို ဘုရားမသိတဲ့ မင်းတွေလက် အောက်မှာ ပဋိညာဉ်တရားကိုချိုးဖောက်ပြီးဘုရားသခင်ထံမှလှည့်ပြန်ခဲ့ကြချိန်ဖြစ်တယ်။ဒါကြောင့် ယုဒပြည် ကျဆင်းပြီး ဗာဗုလုန်သို့ ကျွန်အဖြစ်ခေါ်သွားခံရတယ်။

**Date**: ရက်စွဲကာလ။ ဟေဇကိမှသည် ယုဒကျဆုံးသည်ထိ 710- 586 B.C

**Outline**:

2 Kings 18-20 return to God under Hezekiah

2 Chronicles 28-32 Isaiah and Micah

2 Kings 21 Corruption and Rebellion

2 Chronicles 33

2 Kings 22-23:30 Revival under King Josiah

2 Chronicles 34-35 Zephaniah

2 Kings 23:31-25:30 the last kings of Judah

2 Chronicles 36

**People to know: (For the exam know what they did)**

kings of Judah: Hezekiah (2 Kings 18:1-25; 25), Manasseh, Amon, Josiah, Jehoahaz, Jehoiakim, Jehoiachin (Jeconiah), Zedekiah (Mattaniah), Gedaliah

prophets: Isaiah, Micah, Nahum, Zephaniah

other people: Hilkiah the high priest, Shaphan the scribe, Huldah the prophetess

enemy kings: Sennacherib (Assyria), Nebuchadnezzar (Babylon), Pharaoh-nechoh (Egypt), Rabshakeh (captain of the Assyrian army)

**Places to know:**

Jerusalem of Judah, Babylon, Chaldea, Moab, Syria, Edom, Tyre, Assyria, Nineveh, Riblah

**Words and phrases to know:** (လေ့လာရန်ဝေါဟာရများ။)

apostate: ယုံကြည်ခြင်းတရားကိုစွန့်ပယ်သူ။

backsliders: လဲကျသူ။ ဘုရားနဲ့အတူလျှောက်လှမ်းရာမှ ကိုယ့်အလိုအတိုင်း စိတ်ဝင်စားရာဖက် လှည့်ပြန်သောသူ။

compromise: အပေးအယူလုပ်ခြင်း။ အတိုးအလျှော့လုပ်ခြင်း။

day of the LORD: is a future period beginning with the second coming of Christ in glory and ending with the cleansing of the heavens and the earth by fire, preparatory to the new heavens and the new earth of the eternal state. It is a period of final judgment when Christ will conquer all His foes.

depraved: ပျက်စီးခြင်း၊ ဆိုးညစ်ခြင်း။

God's jealousy: (ဇေဇနိကျမ်း၏ အဓိကအချက် ဖြစ်သည်။) ဘုရားသခင်က ချစ်သောကြောင့် သဝန်တိုခြင်း ဖြစ်သည်။ သို့သော် ဘုရားသခင်ကချစ်ဖို့ ကြည်ညိုဖို့ကို တောင်းဆိုသည်။

Gospel: good news; announcement of salvation in Christ the Messiah

great tribulation: period of unparalleled suffering preceding the establishment of the future kingdom of Israel and the millennium

groves: စိမ်းသောသစ်ပင်၊ တောအုပ် tamarisk tres များအောက်မှာ ဝတ်ပြုကိုးကွယ်သော နေရာ။

salvation: redeeming that which was lost

## Introduction - နိဒါန်း

### I. PERIODS OF DEPRESSION AND REVIVAL - ကျဆင်းခြင်းနဲ့ နိုးထမှုများကာလ

A.ပရောဖက်ဟေရှာယ၊မိက္ခာနဲ့ဟေဇကိမင်းလက်ထက်မှာယုဒပြည်ဘုရားသခင်ထံသို့လှည့်ပြန်သည်။(716- 687 B.C)

B.မနာရှေ အာမုန်တို့လက်အောက် ယုဒဟာ ပျက်စီးခြင်း ပုန်ကန်ခြင်းတွေကြောင့် အားအင် ချည့်နဲ့ လာတယ်။ ပရောဖက်နာဟုံက နိနဝေမြို့ကို ဖျက်ဆီးမယ့်အကြောင်းပြောတယ်။ သူတို့ဟာ ယောနခေတ်မှာလို ဘုရားသခင် ထံ လှည့်ပြန်ဖို့ ပဋိညာဉ်တရားကို မစောင့်ထိန်းနိုင်လောက်အောင် စိတ်နှလုံးမာကြောပြီး ဣသရေလလို ဖြစ်ခဲ့ရတယ်။ (696-640 B.C)

C.ယောရှမင်းလက်ထက် နိုးထမှုဟာ ယုဒပြည်သမိုင်းတလျှောက်မှာ အကောင်းဆုံးအချိန် ကာလ ဖြစ်နိုင်ပါတယ်။ (640- 608 B.C).

ယုဒရဲ့နောက်ဆုံးမင်းဆက်တွေဟာ ပျက်စီးခြင်းနဲ့ ကျွန်ခံရမှု ဖြစ်စေတယ်။ အားနည်းပေမယ့် ဘုရား သခင်ရဲ့အကြံပေးစကားကို နားမထောင်ဘူး။ ယုဒဟာ ဣသရေလလိုပဲ ကျွန်အဖြစ် သိမ်းသွားခြင်း ခံရတယ်။ ဗာဗုလုန်ဟာ ယေရုရှလင်ကို အောင်နိုင်ပြီး စစ်သုံ့ပန်းတွေကို ခေါ်သွားတယ်။ မြို့နဲ့ ဗိမ္ဗာန် တော်ကိုဖျက်ဆီးတယ်။ (608- 586 B. C).

II.**JUDAH WENT INTO CAPTIVITY BECAUSE OF SIN** အပြစ်ကြောင့် ယုဒဟာ ကျွန် ဘဝရောက်ရတယ်။ **(2 Kings 23:30 - 25:30; 2 Chronicles 36)**

ရုပ်တုထံမှာဆုတောင်းပြီးဘုရားမဲ့လူတွေတိုင်းနိုင်ငံတွေနဲ့ မိတ်သဟာယဖွဲ့ စာချုပ်ချုပ်တယ်။ဘုရားထက် ကိုယ့်အလိုဆန္ဒ ကို ဦးစားပေးတယ်။ ဘုရားကို ပုန်ကန်ရင်း လူကို အားကိုးတယ်။ ဒါကြောင့် ရန်သူကသူတို့ကိုကျွန်အဖြစ် သိမ်းသွားနိုင် ခဲ့တယ်။ဘုရားသားသမီးတွေ ဘုရားသခင်ပေးတဲ့ ပြည်တော်ကို ဆုံးရှုံးသွားတယ်။ကမ္ဘာဦးကျမ်းမှာ ယာကုပ်သားသမီး တွေခါနန်ပြည်နဲ့ဝေးသလို၊တရားသူကြီးခေတ်မှာ ဣသရေလနိုင်ငံ ကျွန်ဖြစ်သလို ကြုံရတာဖြစ်တယ်။ ဣသရေလမှာ ဘုရားသခင်ရဲ့ အုပ်ချုပ်မှု သက်ရောက်တာဟာ ခရစ်တော် ဘုရင်အဖြစ် ပြန်မကြွလာခင်အထိ ဖြစ်တယ်။

**THE LESSON** - သင်ခန်းစာ

I. **RETURN TO GOD UNDER KING HEZEKIAH AND THE PROPHETS ISAIAH AND MICAH**-ပရောဖက်ဟေရှာယ၊ မိက္ခာနဲ့ ဧဇေကိမင်းလက်ထက်မှာ ဘုရားသခင်ထံ လှည့်ပြန် ခြင်း

**A. The book of Isaiah.**

ပရောဖက်ဟေရှာယ (739-690 B. C) ယောသန်၊ အာဟပ်၊ ဟေဇကိနဲ့ မနာရှေ စတဲ့မင်းတွေလက်ထက်မှာဘုရားသခင် ရဲ့သတင်းစကားကို ကြားပြောခဲ့တယ်။ သူဟောတဲ့ တရားအများစုဟာ ရုပ်တုကိုးကွယ်တဲ့ အာဟပ်ကိုဟောတာဖြစ်တယ်။ ပျက်စီးခြင်းနဲ့ ယုဒပြည်သူတွေရဲ့အပြစ်ကိုဖေါ်ပြတယ်။ မင်းကောင်းဖြစ်တဲ့ ဟေဇကိကိုတော့ ဘုရားသခင်ရဲ့ ကယ်တင်ခြင်းနဲ့ ကျေးဇူးတရားကို ပြောတယ်။ သူ့ကို the prophet of redemption ရွေးနှုတ်ခြင်းရဲ့ပရောဖက် လို့ ခေါ်လေ့ရှိတယ်။ သူရေးတဲ့ ဟေရှာယကျမ်းကိုလည်း the Gospel of the Old Testament ဓမ္မဟောင်းကျမ်းရဲ့ဧဝံဂေလိလို့ ဆိုလေ့ရှိတယ်။ အကြောင်းက မေရှိယရဲ့အကြောင်းကို ဟော လို့ဖြစ်တယ်။ဣသရေလနိုင်ငံရဲ့စိတ်ပျက် စရာကျဆုံးခြင်းအကြောင်းနဲ့ ယုဒပြည်ကို ကယ်တင် မယ့်သူဟာ ထာဝရဘုရားဖြစ် ကြောင်း ဣသရေလရဲ့သန့်ရှင်းသောသူ

ဟာ တရားစီရင်ခြင်းနဲ့ အတူ ကျေးဇူးတရားကိုလည်း ဟောတယ်။ ကယ်တင်ခြင်းအကြောင်းဟာ ရှေ့မှာလာတော့ မယ်လို့လည်း ဟောတယ်။

1. ဟေရှာယဟာ ဓမ္မဟောင်းကျမ်းမှာ ဖွက်ထားတဲ့ ဓမ္မသစ်ကျမ်းရဲ့တရားတွေကို ဟောတယ်။ မေရှိယ သခင် ခရစ်တော်ရှင်၊ ကယ်တင်ခြင်း၊ ကျေးဇူးတော်၊ သန့်ရှင်းသော ဝိညာဉ် တော်ရဲ့လုပ်ဆောင်မှုကို ဟောတယ်။ (Isaiah 10:27; 11:2; 32:15; 40:7,13; 42:1; 44:3; 59:19,21; 61:1; 63:10), သုံးပါးတဆူအကြောင်း။ (Isaiah 6:11) ခရစ်တော်ရဲ့လူ့ဇာတိ အ ကြောင်းကိုလည်း အများကြီး ပြောတယ်။ ဖွားမြင်ခြင်း။ (Isaiah 7:14; 9:6), မိသား စု။ (Isaiah 11:1), ဘိသိက်ခံရခြင်း။ (Isaiah 11:2), ကိုယ်ကျင့်တရား။ (Isaiah 11:3,4), အစားအသောက် အနေ အထိုင် ရိုးရှင်းခြင်း။ (Isaiah 7:15), နူးညံ့သိမ်မွေ့ခြင်း။ (Isaiah 42:1-4), သေဆုံးခြင်း။ (Isaiah 53), ထမြောက် ခြင်း။ (Isaiah 25:8) နဲ့ ဘုန်းတန်ခိုးနဲ့ စိုးစံခြင်း။ (Isaiah 11:3-16) တို့ကို ဟောပြောတယ်။.
2. အခန်းကြီး ၁ မှ ၂၆ ဟာ ယုဒနဲ့ယေရုရှလင်မြို့တဘက်ဘုရားသခင်တန်ခိုးတော်ကို ဖေါ်ပြတယ်။ (ပုန်ကန်တတ်တဲ့ သားသမီးနဲ့ အသီးမသီးတဲ့ စပျစ်ပင်) ဒါပေမယ့် အနာဂတ်နိုင်ငံ တော်နဲ့ ဘုန်း ကြီးတဲ့အကြောင်း ပြောထားတယ်။ ဣသရေလအမျိုးက တရားစီရင်ပြီး ကွဲလွင့်ပြီးမှ ပြန်စုစည်း မယ့်အကြောင်း ဟောတယ်။ အခန်း၆ဟာ အပြစ်ဒုစရိုက်ကို ဘုရားသခင်ထံမှ ဆေး ကြောခြင်း အကြောင်း ပြောတယ်။
3. အခန်းကြီး၂၆-၃၇ဟာဟေဇကိမင်းအားဖြင့် ယေရုရှလင်ကိုဘုရားကယ်တဲ့အကြောင်းပြောတယ်။

အခန်းကြီး ၃၈-၆၆ ဟာ ကြွလာမယ့် ဝေဒနာခံမယ့် အစေခံကျွန်အားဖြင့် ဣသရေလလူမျိုးသက် သာရာရမယ့် အကြောင်းပထမကရွေးနှုတ်ပြီးနောက်တကြိမ်ကအုပ်စိုးမယ့်အကြောင်းဟောတယ်။ ဟေရှာယရဲ့အခန်းကြီး ၆၆ ခန်း ထဲမှာ ၄ ခန်း ကလွဲလို့ (၃၆ မှ ၃၉) ဟာ ကဗျာ ဆန်ဆန် ရေးထားတာဖြစ်တယ်။.

B. **The book of Micah.**

1. ပရောဖက်မိက္ခာဟာ ဟေရှာယနဲ့ ခေတ်ပြိုင်ဖြစ်တယ်။ ပျက်စီးခြင်းနဲ့ ကယ်တင်ခြင်းကို ဟောတယ်။မိက္ခာ Micah ဟာ Who is like Jehovah? ထာဝရဘုရားနဲ့ ဘယ်သူတူသလဲလို့ ဆိုလိုတယ်။ ဒါကပရောဖက်ရဲ့စိတ်နှလုံးကို ပြတယ်။ သူ့အတွက်တော့ ဘုရားသခင်ဟာ အရာရာ ဖြစ်တယ်။သူဟာ ဘုရားသခင်ရဲ့သနားခြင်း၊ သန့်ရှင်းခြင်း၊ ဖြောင့်မတ်ခြင်း၊စတာတွေကို မြတ်နိုးသူ ဖြစ်တယ်။.
2. မိက္ခာဟာ ယေရုရှလင်အကြောင်း ပရောဖက်ပြုတယ်။ (Micah 3:12) အနာဂတ်ဘုန်းတော်ကိုလည်း ဟောတယ်။ (Micah 4)ကယ်တင်ရှင်ရဲ့ဖွားမြင်ရာအရပ်ကိုပြောတယ်။ (Micah 5:2)မိက္ခာရဲ့ကျမ်းစကားတွေကို မကြာခဏကိုးကား ကြလေ့ရှိတယ်။ယေရမိက(Jeremiah 26:18; Micah 3:12), မာဂုပညာရှိတွေ ခရစ်တော်ဖွားမြင်ရာကို ရောက်လာ မယ့် အကြောင်း (Matthew 2:5,6; Micah 5:2), သခင်ဘုရားဖြစ်ကြောင်း (Matthew 10:35,36; Micah 7:6). ဘုရားသခင်က မတရားမှုကို မုန်းကြောင်း၊ ဝတ်နည်း အထုံးအဖွဲ့တွေကို မုန်းကြောင်းပြောတယ်။ ဒါပေမယ့် ခွင့်လွှတ် လိုစိတ် ရှိကြောင်းလည်း ပြောတယ်။ အနာဂတ်နိုင်ငံမှာ ဘုန်းအသရေနဲ့ ကြွ လာမယ့်အကြောင်းလည်း ဟောရာမှာ 1) ယေရုရှလင် (the capital မြို့တော်), 2) Peace ငြိမ်သက်ခြင်း (character သဘာဝအခြေအနေ) and 3) Prosperity ကြွယ်ဝမှု (the effect အကျိုးဆက်) ကို ဟောတယ). ဒါပေမယ့် ဒီအရာတွေမဖြစ်ခင် ဗာဗုလုန်မှာ ကျွန်ခံရသူတွေ ပြန် ရောက်လာရမယ်။ (Micah 4:9,10). ဘေးဒဏ်ကြီးကာလ "great tribulation" မှ ယေရုရှလင် မြို့ကို တခြား နိုင်ငံတွေက ဝိုင်းတိုက်ခိုက်မယ်။" (Micah 4:11-13), အဲဒီနောက်မှာ မေရှိယ ဘုန်းထင်ရှားစွာကြွလာမယ်။ (Zechariah 14:13; Revelation 19:17-21)အဲဒီနောက် ခရစ်တော် "the Ruler out of Bethlem" မြို့မှာ အစိုးရတဲ့ ခရစ်တော် ဟာ တိုင်းနိုင်ငံတွေကို အောင်မြင်စွာနဲ့ ထင်ရှားပေါ်ထွန်းမယ်။(Micah

5:1-15; 6;7)မိက္ခာဟာ ဘုရားရဲ့ခွင့်လွှတ်ခြင်း သနားဂရုဏာကို ညွှန်ပြတယ်။ သူက "အပြစ်မှ လွှတ်တော်မူထေသော ကျန်ကြွင်းသော အမွေတော် လူတို့၏ လွန်ကျူး ခြင်းများကို သည်းခံတော်မူထသော ဂရုဏာ၌ မွေ့လျော်သောကြောင့် အစဉ် အမျက်ထွက်တော်မမူ သော ကိုယ်တော်ကဲ့သို့ အဘယ်ဘုရား ရှိပါမည်နည်း။" (Micah 7:18). "ငါမူကား ယာကုပ်အမျိုး လွန်ကျူးခြင်း၊ ဣသရေလအမျိုး ပြစ်မှားခြင်းကို သူတို့အား ဖော်ပြနိုင်မည့် အကြောင်း ထာဝရဘုရား ၏ဝိညာဉ်တော်အားဖြင့် အရှိန် တန်ခိုး ဥာဏ်သတ္တိ၊အစွမ်းသတ္တိနှင့်ပြည့်စုံ၏။" (Micah 3:8)"အချင်းလူ ကောင်းသော လမ်းကိုပြတော်မူပြီ။ တရား သဖြင့်ပြုခြင်း ဂရုဏာကို နှစ်သက်ခြင်းနှင့် ဘုရား သခင်၏ရှေ့မှာ တရားသောစိတ်နှင့်ကျင့်နေခြင်းမှတပါး အဘယ်ပူဇော် သက္ကာကို ထာဝရဘုရား တောင်းတော် မူသနည်း။" (Micah 6:8)

C.ဟေဇကိမင်း **(716 – 687 B. C)** ၂၉ နှစ်စိုးစံတယ်။ အသက် ၂၅ မှ ၅၄ နှစ်အထိ အုပ်ချုပ် တယ်။ **(2 Kings 18:1-21:3; 2 Chronicles 28:27- 33:3; Isaiah 36:1-39:8).**

1. ဟေဇကိမင်းဟာ ဘုရားကို အားကိုးတယ်။ နောက်တော်လိုက်တယ်။ ပညတ်တရား စောင့် ထိန်းတယ်။ (2 Kings 18:4-6). မြင့်သောအရပ်တွေ ပယ်တယ်။ ရုပ်တုတွေ ချိုးဖျက်တယ်။ တောအုပ်တွေ ဖြိုချတယ်။ လူတွေ မှားယွင်းစွာ ကိုးကွယ်နေတဲ့ ကြေးဝါမြွေရုပ်ကို ဖျက်ဆီးတယ်။ ဘုရားသခင်က သူနဲ့အတူ ပါရှိပြီး သူ့ကို ကောင်းစားစေတယ်။ အာရှုရိဘုရင်ရဲ့လက်အောက်မှာ ကျွန်ခံဖို့ငြင်းဆန်ပြီး ဖိလိတ္တိလူတွေကို အနိုင်ရခဲ့တယ်။ ထာဝရဘုရားရဲ့ဗိမ္မာန်တော်တံခါးတွေကို ဖွင့်ပြီး ဗိမ္မာန်တော်ကို ပြုပြင်တယ်။ ယဇ်ပရောဟိတ်နဲ့ လေဝိသားတွေကို စုဝေးစေပြီး သန့်ရှင်းစေတယ်။ ဘိုးဘေးတွေရဲ့အပြစ်ကို ဝန်ခံတယ်။ (2 Kings 18:4-9; 2 Chronicles 29:3,12-19).
2. ဟေဇကိဟာ အုပ်စိုးသူတွေကို ဗိမ္မာန်တော်မှာ စုဝေးစေပြီး ဣသရေလအမျိုးအတွက် atonement တခါတည်း အပြစ်ဖြေရာယဇ်ကို ပူဇော်တယ်။ သီချင်းတွေနဲ့ ဘုရားသခင်ထံမှာ ချီးမွမ်း တယ်။ မီးရှို့ရာယဇ် ပူဇော်ပြီးသည့် တိုင် အောင် ပရိတ်သတ်ကသီချင်းဆိုတယ်။အဲဒီနောက်ရှင်ဘုရင် လေဝိသားနဲ့ ပြည်သူတွေအားလုံးဟာ ဒါဝိဒ်နဲ့ အာသရဲ့သီချင်းတွေကို ဆိုကြတယ်။ ဦးချပြတ်ဝပ်ပြီး အသက်တာကို ဘုရားသခင်ထံ ဆက်ကပ်အပ်နှံကြတယ်။ စေတနာရှိသူ တိုင်း ဗိမ္မာန်တော်ကိုလာပြီး ပူဇော်သက္ကာတွေ ပေးလှူကြတယ်။ လေဝိသားတွေက လူအများရဲ့ပေးလှူမှုကို လက်ခံနေရတဲ့ ယဇ်ပရောဟိတ်တွေကို လေဝိသားတွေက ဝိုင်းကူရတယ်။ ဘုရားဗိမ္မာန်တော်ရဲ့အမှုတော်လုပ်ငန်း ဟာအစီအစဉ်တကျ ပြန်လုပ်ဆောင်လာပြီး ပြည်သူတွေရဲ့စိတ်နှလုံးပြင်ဆင်လာတဲ့အတွက် လူ တိုင်း ဝမ်းသာကြတယ်။ (2 Chronicles 29:20,28-30,35,36) ပဿခါပွဲ Passover ပြန်လည် ကျင်းပတယ်။ ယေဇကိက ဣသရေလနဲ့ ယုဒပြည်သူအားလုံးကို ယေရှုရှလင်သို့ ဖိတ်ခေါ်ပြီး ဘုရား သခင်ရဲ့ကောင်းမြတ်ခြင်းနဲ့ကျေးဇူးတရားထံလှည့်ပြန်ဖို့ ဘုရားသခင်ကိုကျောမခိုင်းကြဖို့ပြောတယ်။ (2 Chronicles 30:1-9) ဖေရိမ်၊ မနာရှေနဲ့ ဇာဗုလန်အမျိုးတို့ဟာ ယုဒအမျိုးကို လှောင်ပြောင်ကဲ့ရဲ့ကြတယ်။ ဒါပေမယ့် တချို့သောသူတွေ ဟာ နှိမ့်ချပြီး ယေရုရှလင်ကိုလာကြတယ်။ ဘုရားသခင်ရဲ့လက်တော်ဟာယုဒပြည်အပေါ်မှာရှိပြီး ညီညွှတ်တဲ့စိတ်နှလုံးကို ပေးတယ်။ (2 Chronicles 30:10-12). ဖေရိမ်၊ မနာရှေ၊ ဇာဗုလံနဲ့ ဣသခါအပါအဝင် လူအများစုကတော့ ပွဲမှာ သန့်ရှင်းခြင်း မပြုခဲ့ ကြပေမယ့် ယေရုရှလင်ကိုတော့ ရောက်လာဝိုင်းရံကြတယ်။ ဟေဇကိဟာ စိတ်နှလုံး ပြင်ဆင်သူ တိုင်းကို ခွင့်လွှတ်ဖို့ ဆုတောင်းပေးခဲ့တယ်။ ဘုရား သခင်နားထောင်နားညောင်းပြီး လူတွေကို အသက်တာ ပြန်လည်ကျန်းမာစေတယ်။ လူတွေကလည်း ဝမ်းမြောက် စိတ်နဲ့ ချီးမွမ်း သီဆိုခဲ့ကြ တယ်။ (2 Chronicles 30:13,18,21-27). ယုဒပြည်မြို့တိုင်းမှာ ရုပ်တုတွေ တောအုပ်တွေ မြင့် သော အရပ်တွေကို ပယ်ရှားကြတယ်။ (2 Chronicles 31:1).

3. ဟေဇကိမင်းရဲ့ဆုတောင်းချက်။ "ကိုယ်တော်သည် ဘုရားသခင်ဖြစ်တော်မူ၏။ ကိုယ် တော် တပါးတည်း သာလျှင် မြေကြီးပေါ်မှာရှိသမျှသော အတိုင်းတိုင်း အပြည်ပြည်တို့၏ ဘုရား သခင် ဖြစ်တော်မူ၏။ ကိုယ်တော်သည် ကောင်းကင်နှင့် မြေကြီးကိုဖန်ဆင်းတော်မူ၏။ သနာခရိပ် မင်းသည် သန့်ရှင်းသော ဘုရားသခင်ကို ကဲ့ရဲ့၍ပြစ်တင်တော်မူစေသောစကား အလုံးစုံတို့ကို မှတ် တော်မူပါ။အကယ်စင်စစ်အာရှုရိ ရှင်ဘုရင်တို့သည်အတိုင်းတိုင်း အပြည်ပြည်တို့ကို ဖျက်ဆီး၍သူတို့ ၏ဘုရားများကို မီးထဲသို့ ချပစ်ကြပါပြီ။ ကိုယ်တော်ဘုရားတပါးတည်းသာ ဘုရားသခင်ဖြစ်တော်မူသည်ကို မြေကြီးပေါ်မှာ ရှိသမျှသော တိုင်းနိုင်ငံတို့သည် သိကြပါမည် အကြောင်း အကျွန်ုပ်တို့ကို ထိုမင်းလက်မှ ကယ်ယူတော်မူပါ။" (2 Kings 19:14-19).

4. ဟေဇကိဟာ ယဇ်ပရောဟိတ်နဲ့ လေဝိသားတွေကို အမှုတော်ဆောင်ဖို့ ခန့်အပ်ခဲ့တယ်။ သူတို့ ကို ထောက်ပံ့ မစခဲ့တယ်။ (2 Chronicles 31:2-8). ဟေဇကိမင်းဟာ ယဇ်ပရော ဟိတ်မင်း အာဇရိနဲ့ ပရောဖက် ဟေရှာယ တို့နဲ့အတူ ကောင်းတဲ့အရာ မှန်တဲ့အရာတွေကို သူတို့နဲ့ အတူ လုပ်ဆောင်တယ်။ ဒါကြောင့် သူဟာ ကောင်းစားတယ်။ (2 Chronicles 31:20,21) မြင့် သောအရပ်မှာ ယဇ်ပူဇော်သူတွေကတော့ ဝတ်ပြုကိုးကွယ်ရာမှာ ရောရောထွေးထွေး compromise လုပ်နေဆဲဖြစ်တယ်။ ဒါပေမယ့် ထာဝရဘုရားသာလျှင် ဘုရားသခင်ဖြစ်တယ် လို့ သိမှတ်ကြတယ်။ (2 Chronicles 33:17).

5. ဟေဇကိဟာ ဘုရားသခင်ပေးတဲ့ခွန်အားနဲ့ စစ်တိုက်တယ်။ အာရှုရိရှင်ဘုရင် သနာ ခရိပ် ရောက်လာပြီး ယုဒအမျိုးကို စစ်ချီတယ်။ ဟေဇကိက ရေအထောက်အပံ့ကို ဖြတ်တယ်။ စစ်တပ်ကို ဖွဲ့စည်းတယ်။ ပြည်သူလူထုကို အားပေးတယ်။ သူက "ငါတို့ဘက်၌နေသောသူ တို့သည် သူ့ဘက်၌နေသောသူထက် သာ၍များကြ၏။သူ့ဘက်၌ လူ့လက်ရုံးရှိ၏။ ငါတို့ ဘက်၌ ထောက်မ၍ စစ်ကူတော်မူသော ငါတို့၏ ဘုရားသခင် ထာဝရဘုရား ရှိတော်မူသည်။" (2 Chronicles 32:1-8) အာရှုရိဟာ ယုဒနိုင်ငံကို စစ်ချီပြီး ဗိမ္မာန်တော်မှ ရွှေတွေကို ယူ ဆောင်တယ်။ (2 Kings 18:13-16). သနာခရိပ်မင်းရဲ့အစေခံကျွန်တွေ ယေရုရှလင်မြို့ကိုရောက်လာတဲ့အခါဟေဇကိနဲ့ ဟေရှာယ တို့ ဆုတောင်းကြ တယ်။ ဘုရားသခင်က အာရှုရိကို ပယ်ဖျက်ဖို့ ကောင်းကင်တမန်တပါး စေလွှတ် တယ်။ယေရုရှလင်မြို့ အကယ်ခံရပြီး ဝမ်းမြောက် ကြတယ်။ တယောက်နဲ့တယောက် လက်ဆောင် တွေပေးပြီး ဟေဇကိမင်းကိုလည်း ချီးမြှောက် ကြတယ်။ (2 Chronicles 32:9-28; 2 Kings 18:17-19; Isaiah 37) အာရှုရိစစ်တပ်ရဲ့ဗိုလ်ချုပ် ရာဗရှာခနဲ့ သူ့ကျွန်တွေက ဣသရေလလူမျိုး ကို ဘုရားသခင်လက်၊ ဟေဇကိမင်း လက်အောက်မှ လွတ်ဖို့ ကြိုးစားခဲ့ကြတယ်။ သူတို့ဟာ ဘုရား သခင်ကိုပစ်မှားကြတယ်။ ယေရုရှလင်မြို့သားတွေက ဘာစကားမှ ပြန်မပြောခဲ့ကြဘူး။ (2 Kings 18:23-37).

6. ဟေဇကိဟာ ဟေရှာယကိုခေါ်ပြီး လျှော်တေအဝတ်ကိုဝတ်ကာ ဗိမ္မာန်တော်ကိုသွားခဲ့ တယ်။ ဟေရှာယက အာရှုရိလူမျိုးတွေရဲ့ကဲ့ရဲ့မှုကြောင့် မကြောက်နဲ့။ ဒါဟာ သူတို့ကျဆုံးခြင်းပဲလို့ ပြောတယ်။ အာရှုရိရှင်ဘုရင်က စာတစောင်ရေးပြီး "သင်ကိုးစားသော ဘုရားသခင်က ယေရုရှလင် မြို့သည် အာရှုရိရှင်ဘုရင်လက်သို့ မရောက်ရဟု၍ မလှည့်စားစေနှင့်။ အာရှုရိ ရှင်ဘုရင်တို့သည် ခပ်သိမ်းသောပြည်တို့ကို လုပ်ကြံ၍ဖျက်ဆီးကြောင်းကို သင်သည်ကြားရပြီ။ ကိုယ်တိုင် လွတ်လိမ့် မည်လော။ သူတို့၏ဘုရားတို့သည် ကယ်ယူကြပြီလော။" (2 Kings 19:1-14). ဟေဇကိဟာ အဲဒီစာကို ဘုရားသခင့်ရှေ့မှောက်မှာ ဖြန့်ထားပြီး ဆုတောင်းခဲ့ တယ်။.

7. ဟေဇကိဟာ ဘုရားသခင်ထံအနာပျောက်ဖို့ဆုတောင်းလို့နောက်ထပ်၁၅ နှစ် အသက် ရှင်ခွင့်ရတယ်။ (2 Kings 20:11-21; 2 Chronicles 32; Isaiah 38) ဘုရားသခင်ရဲ့နိမိတ် လက္ခဏာအဖြစ် နေဟာ ၁၀ ဒီဂရီ နောက်ပြန်ဆုတ်သွားခဲ့တယ်။ (2 Kings 20:8-11)ဒါပေမယ့် ဟေဇကိမင်းဟာ အသက်ပိုရှည်ခွင့် ရပေမယ့် ပညာရှိစွာ အသက် မရှင်ခဲ့ဘူး။ ယေရုရှလင်မြို့ကို လာတဲ့ ဗာဗုလုန်မြို့သားတွေကို ကြိုဆိုခဲ့ပြီး ဗိမ္မာန်တော်မှာရှိတဲ့ ရတနာတွေ

ကို ပြသ တယ်။ ဟေရှာ ယက ဟေဇကိမင်းကို ဆိုတယ်။ "နန်းတော်၌ရှိသမျှကိုင်း၊ယနေ့တိုင်အောင် ဘိုးဘေး တို့သည် ဆည်းပူးသမျှကိုင်း၊ ဗာဗုလုန်မြို့သို့ သယ်သွားရသော ကာလသည် ရောက်လိမ့် မည်။ တစုံတခုမှ မကျန် ကြွင်းရဟု ထာဝရဘုရား မိန့်တော်မူ၏။" (2 Kings 20:16,17).

D.**Things to Think About:**

1. ဟေရှာယ၊ မိက္ခာ၊ဟေဇကိတို့ဟာ ဣသရေလနဲ့ ယုဒလူမျိုးတွေကိုဘယ်လိုကူညီခဲ့ကြ သလဲ။ ဘုရားထံလှည့်ပြန်ဖို့ ဘုရားမဲ့အပြုအမူတွေကိုဖယ်ရှားဖို့ ဘုရားကိုအားကိုးဖို့ ဘုရားထံ အကူ အညီတောင်းခံဖို့ အားပေးတိုက်တွန်းခဲ့တယ်။ ဘာအကျိုးရသလဲ။ယေရုရှလင်ဟာအာရှုရိတွေ လက်က ကယ်တင်ခံရတယ်။ ဒီနေ့ခေတ်မှာလည်း ဘုရားသား သမီး တွေက အားကိုး အကူ အညီ တောင်းတဲ့အခါ ကယ်တင်ခံရနိုင်တယ်။ အဖြေပေးမယ်။ (Luke 11:9-10)?
2. ဟေဇကိ အနာရောဂါပျောက်ပြီး အသက်ပိုရှည်ခွင့်ရတယ်။ ဒါပေမယ့် သူဟာ အဲဒီ နှစ်ကာလ တွေကို ကောင်း စွာအ သုံးပြုခဲ့သလား။ မပြုခဲ့ဘူး။ မာနတက်ပြီး ဗာဗုလုန်လူမျိုးတွေ စစ်ချီဖို့ လမ်းဖွင့်ပေးခဲ့ မိတယ်။ဘုရားပေးတဲ့ဆု ကျေးဇူးတွေကို ဘယ်လိုအသုံးပြုရမလဲ။ ဘုရားဘုန်း ကို ရှာသလား ကိုယ့်အကျိုးကို ရှာသလား။?

II.**CORRUPTION AND REBELLION AGAINST GOD -** ဘုရားတဘက်မှာ ယိုယွင်း ခြင်းနဲ့ ပုန်ကန်ခြင်း **(2 Kings 21; 2 Chronicles 33:1-20)**

ဟေဇကိရဲ့ဆိုးညစ်ပြီး ရုပ်တုကိုးကွယ်တဲ့သား မနာရှေဟာ၅၅ နှစ်စိုးစံတယ်။ မြင့်သောအရပ် တော အုပ်စိမ်းများနဲ့ ဗာလ ယဇ်ပလ္လင်ကို ပြန်ထူထောင်တယ်။ကောင်းကင်တမန်တွေကို ကိုးကွယ်ပြီး ထာဝရဘုရားရဲ့ဗိမ္မာန်တော်မှာ ယဇ်ပ လ္လင် တည်ခဲ့တယ်။ သားသမီးကို မီးရှို့ပူဇော်ပြီး နတ်ဝင်သည် နဲ့ စုန်းအတတ်တွေကို ပြန်လည်အသုံးပြုခဲ့တယ်။ ယုဒနဲ့ ယေရုရှလင်ကို တပါးအမျိုးသား တွေထက် ဆိုးယုတ်စေတယ်။ ဘုရားသခင်က စကားပြောပေမယ့် လူတွေက နား မထောင်ဘူး။ ဒါကြောင့် အာ ရှုရိ ရှင်ဘုရင်ကို စေလွှတ်ပြီး ဗာဗုလုံသို့ မနာရှေကို ဖမ်းသွားခဲ့တယ်။ (2 Chronicles 33:10,11) ဒုက္ခရောက်ချိန်မှာမနာရှေဟာ ဘုရားသခင်ကိုရှာပြီး စိတ်နှလုံးနှိမ့်ချတယ်။ ဆုတောင်းတယ်။ ဘုရား သခင် နားထောင်ပြီး ယေရုရှလင်ကို ပြန်ပို့ပေးတယ်။ အဲဒီနောက် မနာရှေဟာ ထာဝရဘုရားဟာ ဘုရားသခင်ဖြစ်တ ယ် လို့ သိလာတယ်။ (2 Chronicles 33:12,13). ယေရုရှလင်မြို့ကို ပြန်တည် ပြီး ယုဒမြို့တွေမှာ စစ်ဗိုလ်ချုပ်တွေ ခန့် တယ်။ ရုပ်တု တွေ၊ ဘုရားတွေ၊ ယဇ်ပလ္လင်တွေ တည်ခဲ့ဖူး သမျှကို ပြန်ဖျက်ဆီးလိုက်တယ်။ ထာဝရဘုရား ရဲ့ယဇ် ပလ္လင်ကို ပြန်ပြင်ပြီး မိတ်သဟာယယဇ်၊ ကျေးဇူးပြုရာယဇ်တွေ ပူဇော်တယ်။ ဣသရေလ အမျိုးရဲ့ဘုရားသခင် ထာဝရ ဘုရားကို ကိုးကွယ်ဖို့ ယုဒပြည်ကို အမိန့်ပေးတယ်။ (2 Chronicles 33:14-16).

A.**The book of Nahum.**

1. ပရောဖက်နာဟုံဟာ ဟေဇကိတို့နဲ့ ခေတ်ပြိုင်ဖြစ်တယ်။ ရှမာရိပြည်ကိုဖမ်းသွား သိမ်းယူတဲ့ အချိန်မှာ ယုဒပြည်ကို ထွက်ပြေးလွတ်မြောက်ခဲ့သူ ဖြစ်တယ်။ သနာခရိပ်မင်းက ယေရုရှလင်ကို သိမ်းပိုက်ပြီး အာရှုရိတပ်က ဖျက်ဆီးခဲ့တာ ကို ကိုယ်တိုင်မြင်ခဲ့ရသူ သက်သေဖြစ်ဟန်ရှိတယ်။ (2 Kings 18,19).
2. နာဟုံက အယူလွဲသွားတဲ့နိနဝေမြို့ကို တရားဟောရတယ်။ ပျက်စီးခြင်းအကြောင်း ဟောတယ်။ (ယောနခေတ် နော က်ပိုင်း နှစ်ပေါင်း ၁၅၀ အကြာ) တချိန်က စစ်မှန်စွာနောင်တရခဲ့သူတွေ ဟာ အခုတော့ လမ်းလွဲကွယ်ပျောက်သွား ပြီ။ အယူလွဲပြီး လဲကျကြပြီ။ ဘုရားသခင်ကိုပစ်ပယ်ပြီး ရှေးယခင်ကလို ပြန်လည်ပြုမူလာတယ်။ (2 Kings 18:25, 30,35;19:10-13) ထာဝရဘုရား ဟာ မောက်မာထောင်လွှားတဲ့ အာရှုရိရဲ့စိန်ခေါ်စကားကို လက်ခံခဲ့တယ်။ (2

Kings 19:22,23) နောက်ဆုံးမှတ်တမ်းကို နာဟုံကို ရေးခိုင်းပြီး နိနဝေမြို့ကို လုံးလုံးပယ်ရှင်းလိုက်တယ်။ အဲဒီ အင်ပါ ယာဟာ ကြမ်းတမ်းခြင်း ရက်စက်ခြင်းနဲ့ ထူထောင်ခဲ့ပြီးနောက် ၈၅ နှစ်အကြာမှာ လုံးလုံး ဖျက်ဆီးခံ လိုက်ရတယ်။.

3. နာဟုံက တခြားသူတွေကို ဟောတဲ့တရား:

a. ရက်စက်ကြမ်းကြုတ်တဲ့ အဲဒီအင်ပါရာရဲ့ဒဏ်ကိုခံရသူတွေကို နှစ်သိမ့်စကားဟော ပြောခဲ့ တယ်။ "ထာဝရဘုရားသည် ကောင်းတော်မူ၏။ အမှုရောက်သောအခါ ရဲတိုက်ဖြစ်တော်မူ၏။ ခိုလှုံ သော သူတို့ကို သနားတော်မူ၏။" (Nahum 1:7) ယာကုပ်အမျိုးကို ဘုရားကပြန်လည် နေရာချ ထားပေးမယ်။

b. ယုဒပြည်နဲ့ တခြားသူတွေကို သတိပေးတယ်။ အယူလွဲတဲ့တိုင်းနိုင်ငံတွေကို ဘုရားသခင်က ဖျက်ဆီးနိုင်တယ်။ ဖျက်ဆီးတယ်လို့ ဟောတယ်။ "အပြစ်ရှိသည်ဟု ထာဝရဘုရားသည်ယုံ လွယ်၍ ဒဏ်ပေးသောဘုရား ဖြစ်တော်မူ၏။ ထာဝရဘုရားသည် ဒဏ်ပေး၍ အမျက်ပြင်းထန် တော်မူ၏။ ထာဝရဘုရားသည် ရန်ဘက်ပြုသောသူတို့ကိုဒဏ်ပေး၍ သူတို့ကို အငြိုးထားတော်မူ၏။ ထာဝရ ဘုရားသည် စိတ်ရှည်တော်မူ၏၊ တန်ခိုးလည်းကြီးတော်မူ၏။ သို့ရာတွင် အပြစ် တည်သောသူတို့ကို အပြစ်မှလွှတ်တော်မမူ။" (Nahum 1:2,3)

4. နာဟုံဟာ ဘုရားရဲ့သနားခြင်း တန်ခိုးကြီးခြင်း ကြီးမြတ်ခြင်းအကြောင်းတွေကို အဓိကထားပြီး ဖေါ်ပြခဲ့တယ်။ တရားသဖြင့် စီရင်ခြင်းအကြောင်းကို ဖေါ်ပြတယ်။

| | | |
|---|---|---|
| a. | Nahum 1 | တရားစီရင်ခြင်း။ တရားသူကြီးဖြစ်သောဘုရားသခင် |
| b. | Nahum 2 | တရားစီရင်ခြင်းအကြောင်း။ ဖျက်ဆီးခြင်း၊ ကျွန်အဖြစ်သိမ်းယူခြင်း၊ တစပြင်ဖြစ်စေခြင်း။ |
| c. | Nahum 3 | တရားစီရင်ရခြင်းအကြောင်းအရင်း။ ကောင်းကင်ဗိုလ်ခြေအရှင် ဘုရားသခင်က "သင့်တဘက်၌ ငါနေ၏။ နိနဝေမြို့ပျက်ဆီးပြီ။" (Nahum 3:5,7). |

B. မနာရှေရဲ့သား အာမုန်မင်း။ Amon (2 Kings 21:19-26; 2 Chronicles 33:20-25), ယုဒ ပြည်မှာ ၂နှစ်အုပ်စိုးပြီး ဘုရားသခင့်ရှေ့မှာ ဒုစရိုက်ပြုတယ်။ ဖခင်လုပ်ခဲ့တဲ့ ရုပ်တုတွေကို ယဇ် ပူဇော်တယ်။ ဘုရားသခင့်ရှေ့မှာ မနှိမ့်ချဘူး။ အပြစ်ကို ပိုပိုလုပ်လာတယ်။ သူ့ကျွန်တွေက သူ့ကို ပုန်ကန်ပြီး လုပ်ကြံ သတ်ဖြတ်ကြတယ်။ (2 Chronicles 33:21-25).

C. **Things to Think About:The Fall of Judah**

အပြစ်က တရားစီရင်ခံရစေတယ်။ ဒါပေမယ့် မျှော်လင့်စရာသတင်းစကားက အမြဲတမ်းရှိတယ်။ ဘာမျှော်လင့်စရာရှိသလဲ။ ဘုရားသခင့်ရှေ့မှာ နှိမ့်ချပါ။ ဆုတောင်းပါ။ ဘုရားသခင် ကယ်တင် မယ်။ အားကိုးတဲ့သူကို ဘုရားသခင်သိတယ်။ ဘုရားသခင်ကို အားကိုးပြီးပြီးလား။ ဘုရားသခင် ရှေ့မှာ စိတ်နှိမ့်ချရဲ့လား?

## III. REVIVAL: KING JOSIAH (640-608 B.C.) AND THE PROPHET ZEPHANIAH (2 Kings 21-23; 2 Chronicles 33-35)

A.Josiah (2 Kings 21:24-23:30; 2 Chronicles 33:25-35:27) အသက် ၈ နှစ်မှ ၃၉ နှစ် အထိ နှစ်ပေါင်း ၃၁ နှစ်စိုးစံတယ်။ ဘုရားသခင်ရှေ့မှာ ကောင်းသောအမှုကိုပြုတယ်။အသက် ၈ နှစ်မှ ၃၉ နှစ်အထိ နှစ်ပေါင်း ၃၁ နှစ်စိုးစံတယ်။ဘုရားသခင်ရှေ့မှာကောင်းသောအမှုကိုပြုတယ်။ (2 Chronicles 34:1,2) အသက် ၂၆ နှစ် အရွယ်မှာ ဗိမ္ဗာန်တော်ကိုပြုပြင်ပြီး လုပ်ဆောင်သူတွေ ကို ငွေကြေး မစစ်ဆေးခဲ့ဘူး။ အကြောင်းက သူတို့သစ္စာရှိစွာ လုပ်ဆောင်ခဲ့တဲ့အတွက် ဖြစ်တယ်။ (2 Kings 22:1- 7)

1. ယဇ်ပရောဟိတ်မင်းဟိလခိက ဘုရားသခင်ရဲ့ပညတ်တော်ကျမ်းစာကို ဗိမ္ဗာန်တော် သန့်ရှင်းစဉ်အတွင်း တွေ့တယ်။ ကျမ်းတတ်ဆရာ ရှာဖန်က ဘုရင်ကိုဖတ်ပြတယ်။ ဘုရင်က အဝတ်ကို ဆုတ်ဖြဲပြီး ဘုရားသခင်ရဲ့အမျက်တော်မကျရောက်ဖို့အတွက်ဆုတောင်းတယ်။ဘိုးဘေးတွေ ပညတ်တော်မစောင့်ထိန်းတာကို ဝန်ခံကြတယ်။ သူတို့ကပရောဖက်မ ဟုလဒထံအကြံဉာဏ်တောင်းကြတယ်။ ပရောဖက်မ ဟုလဒပ်က ယုဒရှင်ဘုရင်ဖတ်သော ကျမ်းစကားလာသမျှ အ တိုင်း ငါသည်ဤအရပ်၌၎င်း၊ ဤအရပ်သားတို့၌၎င်း ဘေးရောက်စေမည်။ အကြောင်းမူကား သူတို့သည် ငါ့ကိုစွန့်ပစ်ကြ ၍ မိမိ လုပ်သော အရာတို့ဖြင့် ငါ့အမျက်ကိုနိုးဆော်ခြင်းငှါ အခြား တပါးသောဘုရား တို့ရှေ့မှာ ဦးချပြီ။ ထို့ကြောင့် ဤ အရပ်၌ ငါ့အမျက်မီးသည် မငြိမ်းပဲလောင်ရလိမ့်မည်။”(2 Kings 22:8-16) ထာဝရဘုရားက ဘုရင်ကို မိန့်တော်မူတာ က “ငါငြိမ်းချောက် သောစကားကို သင်သည် ကြားသောအခါ နူးညံ့သောစိတ်ရှိ၍ ရှေတော်၌ ကိုယ်ကိုနှိမ့်ချခြင်း၊ ကိုယ် အဝတ်ကိုဆုတ်ခြင်း၊ ငါ့ရှေ့ မှာ ငိုကြွေးခြင်းကို ပြုသောကြောင့် သင့်စကားကို ငါနား ထောင်၏။ဤအရပ်၌ ငါရောက် စေ အံ့သော ဘေးကို သင်ကိုယ်တိုင် မတွေ့မမြင်ရ။” (2 Kings 22:19,20).

2. ဘုရင် ယုဒပြည်သူပြည်သား ယေရုရှလင်မြို့သားတွေဟာ ထာဝရဘုရားရဲ့အိမ်တော်ကို သွား ကြတယ်။ ကျမ်းစာကို ဖတ်ရွတ်ကြတယ်။ ဘုရင်က ထာဝရဘုရားရဲ့လမ်းတော်ကို လိုက်ပြီး ပညတ် တော် စောင့်ထိန်းဖို့ ပဋိညာဉ်ပြုတယ်။ ပြည်သူပြည်သားအားလုံးလည်း ပဋိညာဉ်ပြုဖို့ မတ်တပ်ရပ်ကြတယ်။ (2 Kings 23:1-3). ဒါဟာ ပြုပြင်ပြောင်းလဲရေး ကာလ၊ သန့်ရှင်းရေး လုပ်တဲ့ကာလလို့ ဆိုနိုင်တယ်။ လူတွေက ရုပ်တုဆင်းတုတွေ၊ ကုန်းမြင့်တွေကို ဖြိုချ ဖျက်ဆီးပြီး ပသခါပွဲကျင်းပ တယ်။ နတ်ဝင်သည်၊ စုန်းပြုစားသူ၊ ရုပ်တုနဲ့ ညစ်ညူးတဲ့အရာတွေအားလုံးကို ရှင်းလင်းကြတယ်။ (2 Kings 23:21-24).

3. ယောရှမင်းဟာ သူ့ရှေ့မှာသော်၎င်း၊ သူ့နောက်မှာသော်၎င်း ပေါ်ထွန်းတဲ့ ဘယ်ဘုရင်နဲ့မှမတူပဲ ဘုရားသခင်ရဲ့ကျမ်းစာကို ကျင့်ဆောင်သူဖြစ်တယ်။ (2 Kings 23:25) ယဇ်ပရောဟိတ်တွေ ကို လည်း သူတို့ အလုပ်အတိုင်း လုပ်စေတယ်။ သေတ္တာတော်ကို ဗိမ္ဗာန်တော်မှာပြန်ထားတယ်။ ပသ ခါပွဲအတွက် သိုးသူငယ်နဲ့ နွားသူငယ်တွေကို ဝေငှတယ်။ ယဇ်ပူဇော်ကြ၊ ပေးလှူကြ၊ သီချင်းဆိုကြ တယ်။ (2 Chronicles 35:1-19). ဒါပေမယ့် ဘုရားသခင်ရဲ့အမျက်တော် ဟာ မနာရှေမင်းလုပ်ခဲ့ တဲ့အပေါ်မှာ ဆက်ပြီး တည်နေခဲ့တယ်။ “ယုဒအမျိုးကို ငါပယ်ရှားမည်။” (2 Kings 23:26,27). ဖာရောနေခေါက အာရှုရိကို စစ်တိုက်ဖို့ သွားတယ်။ ယုဒက အာရှုရိကို ကူညီဖို့သွားတယ်။ ဒီလို မကူညီဖို့ သတိပေးပြီး သား ဖြစ်တယ်။ စစ်ပွဲမှာ ယောရှမင်းကျဆုံးတယ်။ (2 Kings 23:29-30) ယေရမိဟာ ယောရှအတွက် ငိုကြွေး မြည် တမ်းခဲ့တယ်။ (2 Chronicles 35:25).

B. **The book of Zephaniah.**

1. ပရောဖက်ဇေဖနိ (640 – 609 B.C) ယောရှမင်းသက်တမ်း အစောပိုင်းနှစ်များမှာ အမှုတော် စတင် ဆောင်သူ ဖြစ်တယ်။ (2 Kings 22-23) ပရောဖက်ယေရမိနဲ့ တခေတ်တည်းဖြစ်တယ်။ ယောရှမင်း လက်ထက် နိုးထမှုကို ကြုံခဲ့ရသူဖြစ်တယ်။ တရားစီရင်မယ့်အကြောင်းကို ဟောပြော ရတယ်။ (Zephaniah 1:1-3; 3:8) ချက်ချင်းပဲ ယုဒဟာ

ဘာဗုလုန်လက်ထဲကျွန်အဖြစ် ဖမ်းသွားခံ ရတယ်။ (နောင်အနှစ် ၂၀ အကြာမှာ ဖြစ်တယ်။) (Zephaniah 1:4-18) တိုင်းနိုင်ငံ များအကြောင်း (Zephaniah 2:4-15) ယေရုရှလင်မြို့အကြောင်း(Zephaniah 3:5-7) ဘုရားသခင် အမျက်ထွက် ရင် ရွှေနဲ့ငွေဟာ ဘာမှမဟုတ်တော့ဘူး။ မဖြောင့်မတ်တဲ့ အရာအား လုံးကို လောင်ကျွမ်းသွားစေနိုင် တယ်။ (Zephaniah 1:18).

2. နောင်တရဖို့ ဖိတ်ခေါ်ခဲ့တယ်။ "အရှက်မရှိသောအမျိုးသားတို့ ကိုယ်ကိုကိုယ် စစ်ကြောကြ လော့။ ပြင်းစွာသောအမျက်သည် သင်တို့အပေါ်သို့မရောက်၊ ထာဝရဘုရား၏အမျက်တော်သည် သင် တို့အပေါ်သို့ မရောက်မီ ကိုယ်ကိုကိုယ် စစ်ကြောကြလော့။ တရားတော်အတိုင်းကျင့်၍ စိတ် နှိမ့်ချသောပြည်သူပြည်သားအပေါင်းတို့ ထာဝရ ဘုရားကိုရှာ ကြလော့။ဖြောင့်မတ်ခြင်းနှင့် စိတ်နှိမ့်ချခြင်းကိုလည်းရှာကြလော့။ထာဝရဘုရားအမျက်ထွက်တော်မူသော နေ့၌ သင်တို့သည် ပုန်းရှောင် ရာကို တွေ့ကောင်းတွေ့ကြလိမ့်မည်။" (Zephaniah 2:1-3).

3. ယေရုရှလင်မြို့ရဲ့အပြစ်ဒုစရိုက်ကိုလည်း ဖေါ်ပြတယ်။ (Zephaniah 3:1-7) ပုန်ကန်တတ်တဲ့၊ မနာခံတဲ့၊ ဆုံးမခြင်းကိုလက်မခံတဲ့၊ ဘုရားကိုအားမကိုးတဲ့ ဘုရားနားမချဉ်းကပ်တဲ့ ယေရုရှလင် မြို့ဖြစ်တယ်။သူ့ရဲ့မှင်းတွေဟာ ဟောက်သောခြင်္သေ့နဲ့ တူတယ်။ သူ့ရဲ့တရားသူကြီးတွေကတောခွေး လိုဖြစ်တယ်။ သူ့ရဲ့ပရောဖက်တွေကလျှပ်ပေါ်တဲ့သူ၊ သစ္စာ ပျက်တဲ့သူဖြစ်တယ်။ လူတွေက သစ္စာမရှိ ဘူး။ ယဇ်ပရောဟိတ်တွေကလည်း ဆိုးယုတ်တယ်။ဒါပေမယ့်ဘုရားသခင်ရဲ့ဖြောင့်မတ်ခြင်းဟာ မြို့လယ်မှာ တည်တယ်။ ဘုရားသခင်က မတရားတာ မဖြောင့် မတ်တာ ဘာမှမလုပ်ဘူး။ မနက်ခင်း တိုင်းမှာ ဘုရားသခင်က တရားမျှတခြင်းကို သယ် ဆောင်တယ်။ ဘုရားက သစ္စာရှိတယ်။.

4. ဇေဖနိက ကယ်တင်ခြင်းသီချင်းတပုဒ်ကို ဆိုတယ်။ (Zephaniah 3:8-20). "သင်၏ဘုရား သခင် ထာဝရဘုရားသည် သင့်အလယ်၌ရှိ၍ တန်ခိုးကြီးသောဘုရားသည် သင့်ကိုကယ်တင်တော် မူလိမ့်မည်။ သင်၌ အားရ၍ဝမ်းမြောက် တော်မူလိမ့်မည်။ ချစ်ခြင်းမေတ္တာ၌ကျိန်းဝပ်၍ သီချင်းဆိုခြင်း နှင့်တကွ သင်၌ ဝမ်းမြောက်တော်မူလိမ့်မည်။" (Zephaniah 3:17).

C. **Things to Think About:**

1. ယောရှမင်းလက်ထက် နိုးထမှုအကြောင်းကို ဘယ်လိုသင်ယူခဲ့သလဲ။ နိုးထခြင်းဟာ နှုတ်ကပတ်တော် ကြားနာခြင်းက စတယ်။ ခွင့်လွှတ်ခြင်းကို တောင်းဆိုတယ်။ ဘုရားမကြိုက်တာ အားလုံးပယ်ရှားတယ်။ သင့်အသက်တာနဲ့ သင့်အသင်းတော်ထဲမှာ နိုးထမှုကို မြင်တွေ့ပြီးပြီ လား။ မှန်တဲ့လမ်းကို ရှာနေပြီလား။?

2. ဇေဖနိရဲ့တရားစကားထဲမှာပါတဲ့ တရားစီရင်ခြင်းနဲ့ ကယ်တင်ခြင်းအကြောင်းကို ဘယ်လို သင် ယူမိသလဲ။ ဘုရားက အပြစ်ကို ဖေါ်ပြတယ်။ အပြစ်ကို တရားစီရင်တယ်။ နောက်ဆုံးသောနေ့မှာ နောက်ဆုံးသော တရားစီရင်ခြင်းရှိလိမ့်မယ်။ ဘုရားကိုအားကိုးသူတိုင်းကို ကယ်တင်ပြီး ဘုရား ရှင် လက်ခံမယ်။ နောက်ဆုံးသောတရားစီရင်ခြင်းနေ့မှာ သင်ဟာ ဘယ်လိုဖြစ်လိမ့်မလဲ။ တရားစီရင် ခံရမလား။ ကယ်တင်ခံရမလား။?

## IV. **THE FINAL KINGS OF JUDAH AND THE FALL OF JERUSALEM** ယုဒပြည်ရဲ့နောက်ဆုံးမင်းဆက်များနဲ့ ယေရုရှလင်ကျဆုံးခြင်း **(2 Kings 23:30-25:30; 2 Chronicles 36)**

ယုဒပြည်ဟာ အပြစ်ကြောင့် ကျွန်ခံရာသို့ပါသွားတယ်။ မေဂိဒေါအရပ်မှာဖြစ်တဲ့ အီဂျစ်နဲ့ အာရှုရိ စစ်ပွဲကြားမှာ ယောရှမင်းဟာ ဝမ်းနည်းစရာအသတ်ခံရတယ်။ ဒါဟာဒါဝိဒ်မင်းမျိုးရဲ့ဇာတ်သိမ်း လည်း ဖြစ်တယ်။ ဒါဝိဒ်မင်းမျိုးဟာ ခရစ်တော် ပြန်ကြွလာတဲ့ အချိန်မှသာလျှင် ပြန်တည်မယ်။ (Isaiah 9:7) ယောရှနဲ့ အီဂျစ်ပြည်ချုပ်ခဲ့တဲ့စာချုပ်ဟာ တိုင်းပြည်

ကို ချည်နှောင်မှုတစ ဖြစ်လာ စေတယ်။ ယောရှရဲ့သားဦးဟာ လျစ်လျူရှုခံခဲ့ရပြီး ညီဖြစ်သူ ယောခတ် ဘုရင်ဖြစ်တယ်။

A.ယောခတ်မင်း (608 B.C) ၃ လသာ ဆိုးညစ်စွာ အုပ်ချုပ်နိုင်ခဲ့တယ်။ (2 Kings 23:30-34; 2 Chronicles 36:1-4). ဖာရောနေခေါဟာ အာရှုရိဘုရင်ကို စစ်ချီခဲ့တယ်။ ဖာရောဘုရင်က အပြန်မှာ ယောခတ်ကို ချည်နှောင်ပြီး သူ့ပြည် ကို သယ်ဆောင်သွားတယ်။ယောခတ်ဟာ သေသည့် တိုင်အောင် အဲဒီပြည်မှာပဲ နေရတော့တယ်။ သူနန်းစံချိန်မှာ အသက် ၂၃ နှစ်ရှိပြီ ဖြစ်တယ်။ ဖာရော ဟာ ယောရှရဲ့တခြား သားတယောက်ဖြစ်တဲ့ ဧလျာကိမ်ကို ဘုရင်အဖြစ် နန်းတင်တယ်။ သူ့နာမည် ကို ယောယကိမ်လို့ နာမည်ပေးတယ်။ (2 Kings 23:33,34; 2 Chronicles 36:4).

B.Jehoiakim (2 Kings 23:34-37) ဖာရောနေကောရဲ့လက်အောက်ခံအဖြစ် ၁၁ နှစ်စိုးစံ တယ်။ သူဟာ ပြည်သူလူထုကို အခွန်ကောက်ပြီး ရွှေနဲ့ငွေကို အီဂျစ်ပြည်ကို ပို့ပေးရတယ်။ (2 Kings 23:35-37) သူဟာ ဗာဗုလုန်ရှင်ဘုရင် နေဗုခဒ်နေဇာရဲ့ကျွန်အဖြစ် ၃ နှစ်လောက်နေရ တယ်။ နောက်တခါ ပုန်ကန်တယ်။ (2 Kings 24:1). ဘုရားသခင်က ခါလဒဲ၊ဆီးရီးယား၊ မောဘနဲ့ အာမုန်လူမျိုးတွေကို ယုဒပြည်ဖျက်ဆီးဖို့ လွှတ်လိုက်တယ်။ ပရောဖက်တွေရဲ့ စကားနဲ့ အညီ ဖြစ် တယ်။ (2 Kings 24:2-4). ယောယကိမ်သေတဲ့အခါ သူ့သား ယေခေါနိ နန်းတက်တယ်။ (အဲဒီအချိန်မှာ ဒံယေလ ကျွန်အဖြစ် အဖမ်းခံရတယ်။)

C.Jehoiachin (Jeconiah) (2 Kings. 24:6-25:30; Esther 2:6; Jeremiah 24:1) အသက် ၁၈ နှစ်မှာနန်း ထိုင်ပြီး ၁၃-လအုပ်ချုပ်ရတယ်။နေဗုခဒ်နေဇာနဲ့ အစေခံကျွန်တွေက ယေရု ရှလင် မြို့ကိုသိမ်းယူပြီး အဲဒီမင်းကို ဗာဗုလုန်ပြည်ကို သူ့အမေ ကျွန်များ မင်းသားများ အရာရှိများ ဗိမ္မာန်တော် ရတနာများနဲ့ အတူ ယူသွားခဲ့တယ်။ သူ့ဖခင်ရဲ့ညီဖြစ်တဲ့ မဿနိကို ဘုရင်အဖြစ် ချီးမြှောက်တယ်။ နာမည်ကို ဇေဒကိလို့ မှည့်လိုက်တယ်။ (2 Kings 24:10-17)

D.Zedekiah (Mattaniah) (597-586 B.C.) (2 Kings 24:17-20; 25:1-30) ၁၁ နှစ်တာ အုပ်စိုးပြီး ဒုစရိုက်ကို ပြုတယ်။ ယေရမိက သတိပေးစကား ပြောခဲ့ပေမယ့် ဗာဗုလုန်ဘုရင် တဘက် မှာ သူက ပုန်ကန်တယ်။ ဘုရားသခင်ရဲ့အမျက်တော်ဟာ ယေရုရှလင်နဲ့ ယုဒပြည် တဘက်မှာ တည်နေတယ်။ နေဗုခဒ်နေဇာက ယေရုရှလင်ကို ၃ နှစ်လောက်ဝိုင်းရံထားပြီး အစာငတ်မွတ်ခေါင်း ပါးမှု ဖြစ်စေတယ်။ (2 Kings 25:1-3)စစ်သူရဲတွေနဲ့ ဘုရင်ကိုယ်တိုင်ထွက်ပြေးရတယ်။ ခါလဒဲ လူမျိုးတွေက လိုက်ဖမ်းပြီး ဇေဒကိကို ဗာဗုလုန်ရှင်ဘုရင်ထံ ရိဗလ မြို့မှာ အပ်နှံကြတယ်။ သူ့မျက် စေ့ရှေ့မှာ သူ့သားတွေကို သတ်ပစ်ကြတယ်။ သူ့ကို မျက်စေ့ကန်းစေတယ်။ကျွန်အဖြစ်နဲ့ ဗာဗုန်လုန် ကို သိမ်း ယူသွားတယ်။(2 Kings 25:3-7) ဗာဗုလုန် လူမျိုးတွဟာ ဗိမ္မာန်တော်ကို မီးရှို့ဖျက်ဆီးပြီး နန်းတော်ကိုလည်း ဖျက်ဆီး ခဲ့တယ်။ ယေရုရှလင် မြို့ကို ဖြိုဖျက်ပြီး လူတွေကို ကျွန်အဖြစ်သိမ်းယူ တယ်။ ဒါပေမယ့် စပျစ်ဥယျာဉ်စိုက်သူ လယ် သမား စတဲ့ဆင်းရဲသားတွေကို ထားပစ်ခဲ့တယ်။ (2 Kings 25:8-12). သူတို့ဟာ ကြေးဝါ ရွှေ၊ ငွေ စတဲ့ ဗိမ္မာန်တော် ရတနာတွေကို ဗာဗုလုန်ကို သယ် သွားတယ်။ (2 Kings 25:8-18).

E.Gedaliah (2 Kings 25:22-25; Jeremiah 39:14-43:6) ယုဒပြည်ရဲ့မြို့တော်ဝန်အဖြစ် ခန့် အပ်ခြင်း ခံရတယ်။ (ဗာဗုလုန်ဘုရင်ကခန့်တယ်။) သူက ခါလဒဲလူတွေထံကို အမှုထမ်းတာ မကြောက်ဖို့ ပြောတယ်။ ဒါပေမယ့် ပြည်သူက ဂေဒလိကိုသတ်ပြီး အီဂျစ်ပြည်ကိုထွက်ပြေးကြ တယ် (2 Kings 24-26) ဗာဗုလုန်ရဲ့နောက်ထပ်မင်းတပါးဖြစ်

တဲ့ ဆိုး ညစ်တဲ့ မေရောဒက်ဟာ ယေ ခေါနိကို ထောင်ကလွှတ်ပြီး သူ့ကို ကျေးဇူးပြုတယ်။ နန်းတော်ထဲမှာ အသက်ရှင်ခွင့်ပေး တယ်။ (2 Kings 25:27-30)

ဒီကာလမှာ ယေရမိ၊ ဟဗ္ဗကုတ်၊ ယေဇကျေလ၊ ဒံယေလတို့ ပရောဖက်ပြုခဲ့တယ်။ (နောက် သင်ခန်း စာမှာ ကြည့်ပါ။) ဒီကာလဟာ ဣသရေလလူမျိုးတွေ သူတို့နိုင်ငံမှာ အုပ်ချုပ်ရတာ နောက်ဆုံးဖြစ် တယ်။ A.D 1948 မတိုင်မချင်း သူတို့ တိုင်းပြည်ဆုံးရှုံးခဲ့ရတယ်။ 1948 မှာ လွတ်လပ်ရေး ရခဲ့ တယ်။ ခရစ်တော် ရှင်ဘုရင်အဖြစ် မကြွလာမချင်း ဣသရေလ မှာ ဘုရားရဲ့အုပ်ချုပ်မှု ရပ်တန့်ခဲ့ရ တယ်။.

F. **Things to Think About:**

ယုဒဟာ အပြစ်ကြောင့်ကျွန်ခံရတယ်။ အီဂျစ်ပြည်နဲ့ ပညာမဲ့စွာ မိတ်သဟာယဖွဲ့တဲ့အတွက် နိုင်ငံခြား တိုင်းပြည်ရဲ့ ဂယက်ရိုက်မှုကို ခံရတယ်။ ဘုရားကို အားမကိုးတဲ့ ဘုရင်တွေဟာ ကျွန် ခံရာရောက်ဖို့ သားကောင်အဖြစ် လွယ် လွယ် ကျရောက်သွားတယ်။ အပြစ်ရဲ့ကျွန်အဖြစ်နဲ့ သင့် အသက်တာ သားကောင်အဖြစ် ကျရောက်သွားနိုင်သလား။?

## Exam - Lesson 15

Name __________________________________________________

Address__________________________________________________

Multiple choice (Circle only one letter as the correct answer unless otherwise indicated. You may use your

Bible when so indicated, but we trust you not to look up the answers in the lesson.)

1.What is the only way to true revival? (value 4 points) မှန်ကန်သည့် တခုတည်း သော နိုးထမှု ဖြစ်ဖို့ ဆိုသည်မှာ အဘယ်နည်း။

a) becoming prosperous and giving money to the Lord ကြွယ်ဝချမ်းသာပြီး ဘုရားရှင် အားပေးလှူလာနိုင်ခြင်း

b) making the required sacrifices to God ဘုရားရှင်တွက်လိုအပ်သော ပေးဆပ်အနစ်နာခံခြင်းများကိုလုပ်ခြင်း

c) a genuine recognition of sin and return to God အပြစ်အတွက်စစ်မှန်သော နောင်တ ရပြီး ဘုရားရှင်ထံပြန်လှည့်ခြင်း

2.This last section of Jewish control of the land of Israel is a history of what? (value 4 points) ဣသရေလ နိုင်ငံအားဂျူးလူမျိုးများထိန်းချုပ်သည့် နောက်ဆုံးအပိုင်းသည် သမိုင်းတွင်မည်သို့ ခေါ်သနည်း။

a) a history of revival and rebellion နိုးထခြင်းနှင့်ပုန်ကန်ခြင်းသမိုင်း

b) a history of wars between Judah and Israel ယုဒနှင့်ဣသရေလစစ်ပွဲသမိုင်း

c) a history of attacks from Syria, Assyria, and Egypt ဆီးရီးယား၊ အဆီးရီးယား၊ အီဂျစ်တို့ မှတိုက်ခိုက်မှုသမိုင်း

3.What does the captivity of Judah by Babylon mark? (value 4 points) ဘေဘီလုံက ယုဒလူများအား ဖမ်းသွား ချုပ်ထားသည့် အကြောင်းကို မည်သို့ မှတ်တမ်းတင်ထား သနည်း။

a) The end of God's rule in Israel until Christ's return as king. ခရစ်တော်မှ ဘုရင် အဖြစ်မကြွလာမီ အချိန်ထိ ဣသရေလနိုင်ငံတွင် ဘုရားရှင်အုပ်စိုးမှု အဆုံးသတ်ခြင်း

b) The end of the existence of the nation of Israel. ဣသရေလနိုင်ငံတည်ရှိမှု အဆုံး သတ်ခြင်း

c) The beginning of a coalition government of Jews and Gentiles in the land of Israel. ဣသရေလနိုင်ငံ တွင် ဂျူးနှင့်တပါးအမျိုးသားတို့ အတူတကွထူထောင်ထားသော အစိုးရပေါ်ထွန်းလာခြင်း

4.During the time of what kings did Isaiah give God's message to the people of Israel? (value 4 points) မည်သည့်ဣသရေလဘုရင်လက်ထက်တွင် ပရောဖက် ဟေရှာယက ဘုရားရှင်၏သတင်းစကား အား ဣသရေလလူများအားပေးခဲ့သနည်း

a) kings Jotham, Ahaz, Hezekiah, and Manasseh ဘုရင် ယောသန်၊ အာဟပ်၊ ဟေဇကိ၊ မနာရှေ
b) kings Jehu, Jeroboam II, Joran, and Joash ဘုရင် ယေဟု၊ယေရောဗေါင်-၂၊ယောရန်၊ ယောရှ
c) the captivity when there was no king in Judah ယုဒနိုင်ငံတွင်ဘုရင်ကင်းမဲ့ပြီးဖမ်းသွားချုပ်ထားခံရချိန်

5.According to Isaiah how could the nations of Israel and Judah receive the salvation of Jehovah? ဟေရှာယအနာဂတ္တိကျမ်းစာအရ ဣသရေလနှင့်ယုဒနိုင်ငံများသည် ထာဝရဘုရား၏ ကယ်တင်ခြင်းကို မည်သို့ ရရှိနိုင်သနည်း။(value 4 points)

a) by rebuilding the temple ဗိမာန်တော်တည်ဆောက်ခြင်းဖြင့်
b) by re-instituting the sacrificial system ယဇ်ပူဇော်ခြင်းအလေ့ကို ပြန်လည်အစပြုခြင်း ဖြင့်
c) through the coming Messiah နောင်ကြွလာမည့် မေရှိယဘုရားအားဖြင့်

6.What special subject does Micah speak about? (value 4 points) ပရောဖက်မိက္ခာက မည်သည့်အကြောင်းအ ရာကို အထူးပြုပြောထားသနည်း။

a) about the fact that God cannot pardon sin before the death of Christ ခရစ်တော် အသေမခံဘဲနှင့် ဘုရား ရှင်ထံမှအပြစ်လွှတ်ခြင်းမရနိုင်ကြောင်း
b) about how God introduced injustice and ritualism ဘုရားရှင်က မတရားမှုနှင့် ဘာသာ ရေးပွဲလမ်းများ ကို အစပျိုးပေးခဲ့ကြောင်း
c) about the glory of the coming future kingdom နောင်ဖြစ်လာမည့်နိုင်ငံတော်၏ဘုန်းအာနုဘော်အကြောင်း

7.Which of the following statements about King Hezekiah is true? (value 4 points) ဘုရင်ဟေဇကိနှင့်ပတ် သက်၍ အောက်ဖော်ပြပါတို့ အနက် မည်သည့်အချက်သည်မှန် သနည်း။

a) He turned the people toward God, but also allowed idolatry. သူသည် တိုင်းသူ ပြည် သားများကို ဘုရားရှင်ဖက်လှည့်လာစေယုံမက ရုပ်တုကိုးကွယ်ခြင်းကိုလည်း ခွင့်ပြုထားသည်
b) He trusted the Lord God of Israel, followed Him, and kept His commands. ဣသ ရေလတို့ ကိုးကွယ် သောဘုရားကို ကိုးစားပြီး ဘုရားရှင်နောက်လိုက်ခဲ ပညတ်တော်များ ကို စောင့်ထိန်းသည်
c) He grieved for the destruction of the temple and instituted other places of worship. သူသည် ဗိမာန်တော်ပျက်စီးရသည့်အတွက် ဝမ်းနည်းပြီး ဝတ်ပြုရာနေရာများကို တည်ဆောက်ခဲ့သည်

8.Why did Hezekiah invite all Israel and Judah to Jerusalem to celebrate the Passover together? (value 4 points) ဟေဇကိဘုရင်သည် အဘယ့်ကြောင့် ဣသရေလနှင့်ယုဒလူမျိုးအားလုံးကို ယေရှုရှလင်မြို့ သို့ ဖိတ်ကြားပြီးပသခါပွဲဆင်နွဲဖို့ ခေါ်ဖိတ်ခဲ့သနည်း။

a) to enhance the beauty and strength of his kingdom သူ့ နိုင်ငံ၏စွမ်းပကားနှင့်အလှ အပကို တိုးတက်စေရန်
b) because God is gracious and merciful, and will not turn His face away from those who turn to Him ဘုရားရှင်သည် သနားခြင်းကရုဏာနှင့်ပြည့်ဝသော အရှင်ဖြစ်သော ကြောင့် သူ့ ဖက်မျက်နှာလှည့်သော သူတို့ အပေါ် မျက်နှာမလွှဲသောဘုရားဖြစ်သည်
c) to strengthen the people by uniting them လူထုစည်းလုံးညီညွတ်အောင် လုပ်ဆောင်ပေးသည်

9.What is meant by “day of the LORD”? (value 4 points) ဘုရားသခင်၏နေ့ ဆိုသည်မှာ အဘယ်နည်း။

a) the period of God’s rule from creation to the end times ဖန်ဆင်းခြင်းမှနောက်ဆုံး သောနေ့ တိုင်အောင် ဘုရားရှင်အုပ်စိုးသောကာလဖြစ်သည်
b) a future period with final judgment and victory when Christ comes again in glory ခရစ်တော်ဘုရား ဘုန်းတန်ခိုးနှင့်တဖန်ကြွလာသောအခါ နောက်ဆုံးသောတရား စီရင်ခြင်းနှင့် အောင်ပွဲခံသောကာလဖြစ်သည်
c) the period when the prophets warned the people of coming judgment ပရောဖက် များက လူတို့ကို တရားစီရင်သောအချိန်ရောက်လာပြီဟု သတိပေးသော အချိန်ကာလဖြစ်သည်

10.What did King Hezekiah do when Sennacherib of Assyria came against Judah? (value 4 points) ဟေဇကိဘုရင်သည် ယုဒနိုင်ငံကို စစ်ချီလာသော အဆီးရီးယားဘုရင် သေနာ ခရိဘုရင်ကို တွေ့ သည့်အခါ ဘာလုပ်သနည်း။

a) He rose up to fight Assyria. အဆီးရီးယားစစ်တပ်ကို ရင်ဆိုင်တိုက်ခိုက်သည်
b) He closed all the gates of the city and organized the military. သူသည် မြို့ တံခါး များကို ပိတ်လိုက်ပြီး စစ်တပ်ကိုစုစည်းသည်
c) He encouraged the people saying, “Assyria comes with an arm of flesh, but our God is with us.” သူက သူ၏လူများအား “အဆီးရီးယားတပ်ဟာ လူသူလက်နက်များ နှင့် လာသော်လည်း ဘုရားရှင်ကငါတို့ နှင့်အတူရှိတယ်” ဟု ပြောခဲ့သည်

11.What did the people of Jerusalem do when Rabshakeh, chief officer of the Assyrian army, insulted Israel and God? (value 4 points) အဆီးရီးယားစစ်တပ်၏ဗိုလ်ချုပ်ကြီး ရပ်ရှာကေးက ဣသရေလနိုင်ငံနှင့် ထာဝရဘုရားကို စော်ကား သောအခါ ယေရှုရှလင်မြို့ သားများ ဘာလုပ်ကြသနည်း။

a) They rose up to fight Assyria. အဆီးရီးယားစစ်တပ်ကို ခုခံတိုက်ခိုက်သည်
b) They did not answer them. သူတို့ အဖြေမပေးခဲ့ကြပါ

c) They hid in fear. သူတို့ ကြောက်လန့် တကြားပုန်းအောင်းကြသည်

12.What did Manasseh, Hezekiah's son, do during his reign? (value 4 points) ဟေဇကိမင်းကြီး၏သား မနာရှေအုပ်စိုးသောကာလတွင် ဘာလုပ်ခဲ့သနည်း။

a) He continued doing the good work his father had started. သူ့ ဖခင်အစပြုခဲ့သည့် ကောင်းသော အလုပ်များ ကို ဆက်လက်လုပ်ဆောင်ခဲ့သည်
b) He tore down the good things his father had done and re-instated false worship. သူ့ ဖခင် အစပြုခဲ့သော အရာများကိုဖြိုချဖျက်ဆီးပြီး မှားယွင်းသောကိုးကွယ်မှုများကို ပြန်လည် လုပ်ဆောင်ခဲ့သည်၊
c) He served God faithfully until the end of his life when he turned away. သူသည် တသက်ပတ်လုံး ဘုရားရှင်အားသစ္စာရှိစွာ ကိုးကွယ်ခဲ့သည်

13.Nahum prophesied the destruction of what city? (value 4 points) ပရောဖက် နာဟုံက ပြိုကွဲပျက်စီးမည်ဟု ပရောဖက်ပြုခဲ့သော မြို့ ကား အဘယ်နည်း။

a) Jerusalem ယေရုရှလင်
b) Babylon ဗာဗုလုံ
c) Nineveh နိနေဝ

14.What did King Josiah do when the priest read the book of the law to him? (value 4 points) ယဇ်ပုရောဟိတ်က ပညတ္တိကျမ်းများဖတ်ပြသောအခါ ဘုရင်ယောရှ ဘာ လုပ်သနည်း။

a) He tore the manuscript from the priest's hands and threw it into the fire. ထိုကျမ်း များကို ယဇ်ပုရောဟိတ်လက်မှဆွဲယူပြီး မီးပုံထဲသို့ ပစ်ထဲ့လိုက်သည်
b) He rent his clothes and called on God because of the sins of the fathers. ရှေးဘိုး ဘေးများ၏ အပြစ်အတွက် အဝတ်ကိုဆုတ်ကာ ဘုရားရှင်အားဟစ်ကြွေးခဲ့သည်
c) He told the priest to put the law back in the temple to be read later. သူက ထို ပညတ္တိကျမ်းများကို ဗိမာန်တော်၌ပြန်သိမ်းထားပြီး နောင်တကြိမ်မှသာဖတ်ပြရန် ယဇ်ပုရောဟိတ် ကို ပြောခဲ့သည်

15.What did the people do after king Josiah had the law read publicly? (value 4 points) ဘုရင်ယောရှိယက ပညတ်တော်များကို ဖတ်ကြားပြီးနောက် လူများဘာလုပ်ကြ သနည်း။

a) The people stopped the priests from reading the law to them. ယဇ်ပုရောဟိတ် အား ထိုပညတ်တော်များ ဖတ်ကြားသည်ကို ရပ်ခိုင်းသည်
b) All the people stood and rejected this covenant. လူများအားလုံးမတ်တပ်ရပ်ပြီး ပဋိညာဉ်ကို ငြင်းပယ်သည်
c) The people broke down and destroyed the idolatrous things and places and kept the Passover. လူအများက ရုပ်တုဆင်းတုများ၊ဘုရားကျောင်းများကို ရိုက်ချိုးဖျက်ဆီး ကြပြီး ပသခါပွဲကို ကျင်းပကြသည်

16.What did the prophet Zephaniah reveal? (value 4 points) ပရောဖက်ဇေဖနိယက မည်သည့်အရာကို ဖွင့်ပြခဲ့ သနည်း။

a) the sinful state of Jerusalem ယေရုရှလင်မြို့ ၏အပြစ်၌ကျရောက်နေသည့် အနေ အထား
b) the disrespect of Edom ဧဒုန်ကို မရိုမသေပြုမှု
c) the coming destruction of Babylon ဗာဗီလုံမြို့ကြီးပျက်စီးတော့မည့်အနေအထား

17.Who said: "Let not thy God in whom thou trustest deceive you, saying, 'Jerusalem shall not fail.' What gods have stood against the king of Assyria?" (value 3 points) "ယေရုရှလင်မြို့ကြီး မပျက်စီးရဟု ပြောသော သင်တို့ယုံကြည်ကိုးစားသောဘုရားက သင်တို့ကို မလှည့်စားပါစေနှင့်၊အဆီးရီးယားဘုရင်ကို ပုန်ကန်သူတို့ဖက်မှာ နေသောဘုရားကား အဘယ်ဘုရားနည်း" ဟူသောစကားကို မည်သူ ပြောခဲ့သနည်း။

a) King Hezekiah ဘုရင်ဟေဇကိ
b) the king of Syria ဘုရင် ဆီးရီးယား
c) the king of Assyria ဘုရင် အဆီးရီးယား

18.What did King Josiah do when Pharaoh-nechoh went to war against Assyria? (value 3 points) ဖါရောနေ ခေါ်ဘုရင်က အဆီးရီးယားကို တိုက်ခိုက်သည့်အခါ ဘုရင်ယောရှိ ယက ဘာလုပ်သနည်း။

a) He opposed the battle and fought against Pharaoh-nechoh. ဖါရောနေခေါ်စစ်တပ် ကိုခုခံတိုက်ခိုက်သည်
b) He allowed Pharaoh-nechoh to pass through Judah and helped him with money from the Lord's treasury. ဖါရောနေခေါ်စစ်တပ်ကို ယုဒနိုင်ငံအတွင်းမှဖြတ်သန်းခွင့် ပေးပြီး ဗိမာန်တော်များ အလှူငွေများဖြင့် ထောက်ပံ့ကူညီခဲ့သည်
c) He joined the battle against Assyria, even though he was warned against it. သူ့ကို စစ်မတိုက်ဖို့တား ဆီးသတိပေးသော်လည်း ဖါရောနေခေါ်နှင့်ပူးပေါင်းပြီး အဆီးရီးယား ကို တိုက်ခိုက်ခဲ့သည်

Matching:

19.Match the following names with the correct statement that describes them. (value 30 points) အောက်ပါတို့ကို မှန်ကန်စွာယှဉ်တွဲပါ။

__________He put Jehoahaz in bonds and carried him back to Egypt, where he remained until he died. သူသည် ယေဟောယဟတ်ကို ချည်နှောင်လျှက်အီဂျစ်ပြည်သို့ ခေါ်သွားပြီး သေသည်ထိထားသည်

a.) Pharaoh

__________Manasseh's son, who reigned 2 years in Judah. မနာရှေ၏သားသည် ယုဒပြည်တွင်၂-နှစ်စိုးစံသည်

b.) Shaphan

__________The high priest who found the book of the law of God while cleaning the temple. ဗိမာန်တော်ကို သန့်ရှင်းနေကြစဉ် ယဇ်ပုရောဟိတ်မင်းများက ပညတ္တိကျမ်းများတွေ့ကြသည် c.) Amon

__________The scribe who read God's book to the king. ဘုရားရှင်၏ပညတ္တိကျမ်းကို ဘုရင်အားဘတ်ကြားပြသူ ကျမ်းရေးဆရာ d.) Isaiah

__________He conformed to the book of God like no king before or after him. သူ့ရှေ့ (သို့မဟုတ်) နောက်တွင်စိုးစံခဲ့သောမင်းများနှင့်မတူဘဲဘုရားရှင်၏ပညတ်တော်များကို လိုက်နာခဲ့သူ e.) Hezekiah

__________He is often called the prophet of redemption. His book is called the Gospel of the Old Testament. သူ့ကို ရွေးနှုတ်သောပရောဖက်ဟုခေါ်လေ့ရှိပြီး၊သူရေးသောကျမ်းကို ဓမ္မဟောင်းဧဝံဂေလိကျမ်းဟုခေါ်သည် f.) Rabshakeh

__________His name means Who is like Jehovah. သူ၏နာမကား ထောက်ပံ့သောဘုရားဟုအဓိပ္ပါယ်ရှိသည်

g.) Micah

___________He welcomed men of Babylon to Jerusalem and showed them all the riches of his house. သူသည် ဗါဗုလုံလူများကို ယေရုရှလင်သို့ ခေါ်ပြီး ငွေတိုက်ထဲမှရွှေငွေရတနာများကိုပြသည် h.) Manasseh

___________He was taken bound to Babylon. In his suffering he sought the Lord his God, humbled himself, and prayed. သူသည်ဘေဘီလုံသို့ ဖမ်းဆီးခံသွားရ သည်၊ ထိုအခါ နှိမ့်ချရိုကျိုးစွာဖြင့် ထာဝရဘုရားကို ဆုတောင်းသည် i.) Josiah

___________He was the captain of the Assyrian army. j.) Hilkiah

သူသည် အဆီးရီးယားစစ်တပ်၏ အကြီးအကဲဖြစ်သည်

Exploring God's Word

A Survey of the Old and New Testaments

Prepared by Polly Strong B.R.E, B.A., M.A.

For Rogma International, Inc. (All Scripture quotations from the KJV of the Bible)

Copyright by Rogma International, Inc. All rights reserved.

---

**Lesson 16**

**Section VI – Broken**

**Broken Hearts; Judgment is Justified; A Call to Repentance and Hope** ကျိုးပျက်ကြေမွသောနှလုံးသား- တရားသဖြင့်စီရင်ပေး နောင်တနဲ့မျှော်လင့်ခြင်းအတွက် ခေါ်တော်မူခြင်း

**Theme**: တရားစီရင်ခြင်းရဲ့အကြောင်းနဲ့အကျိုးဆက်ကိုနားလည်ဖို့ရန်ကျမ်းစာနဲ့အညီနာခံဖို့လိုတယ်။ ငြိမ်သက်ခြင်းနဲ့ သန့်ရှင်းစင်ကြယ်ခြင်းရဖို့အတွက် တရားစီရင်ခြင်းကို လက်ခံတတ်ဖို့ လိုတယ်။.

**Goal**: ဘုရားသခင်ရဲ့တရားစီရင်ခြင်းကို နားလည်လက်ခံနိုင်ဖို့ သင်ယူပါ။.

**Summary**: ဒီအခန်းဟာ ယုဒလူမျိုးကျဆင်းခြင်းအခန်းဖြစ်တယ်။လာမယ့် တရားစီရင်ခြင်းအကြောင်းကို သတိပေးရင်း ဘုရားသခင်ထံလှည့်ပြန်ဖို့ အားပေးတော်မူတယ်။ ဒါပေမယ့် သူတို့ နားမထောင်ဘူး။ ဣသရေလဟာ ဘုရားသခင်ရဲ့အစေခံဖြစ်မယ့်အစား လူရဲ့ကျွန်တွေဖြစ်လာတယ်။ ပရောဖက်ကြီးယေရမိနဲ့ ဟဗ္ဗကုတ်က ဘုရားသခင်ရဲ့တရားစီရင်ခြင်း လာမယ်။ တရားစီရင်ခြင်း အကြောင်းနဲ့ အကျိုးဆက်တွေကို ဟောပြောတယ်။.

**Outline**:

Jeremiah

Chapter 1 ယေရမိကိုခေါ်တော်မူခြင်း

Chapters 2-38 ယုဒအမျိုးဟာ မကျဆင်းခင် ကျွန်မဖြစ်ခင်မှာ ဘုရားစကားအပေါ် သစ္စာမဲ့ခဲ့ကြတယ်။

Chapter 39 ယေရှုရှလင်မြို့နောက်ဆုံးကျဆုံးခန်း

Chapters 40-44 ယေရမိဟာ ယုဒလူမျိုးအကြွင်းအကျန်ထဲမှာ အမှုတော်ဆောင်ရတယ်။ ဗာရုက်လည်း ပါဝင်တယ်။ ယေရှုရှလင်မြို့ကိုကျဆင်းပြီး ကျွန်ဖြစ်ပြီးနောက်ပိုင်းမှာ တခြားနိုင်ငံတွေအတွက် ဟောပြောရတယ်။

Chapter 45 ဖျက်ဆီးခံရခြင်းနဲ့ စွန့်ပစ်ခံရခြင်း။

Chapters 46-51 အီဂျစ်၊ ဖိလိတ္တိ၊ တုရု၊ မောဘ၊ အာမုန်၊ ဧဒုန်၊ ဒမာသက်၊ ဧလံ၊ ဗာဗုလုန် စတဲ့ နိုင်ငံများ ကို ဟောပြောခြင်း

Lamentations

Chapter 1 ယေရုရှလင်မြို့ပျက်ဆီးရခြင်းအတွက် ငိုကြွေးခြင်း။

Chapter 2 ဘုရားသခင်ရဲ့အမျက်ဒေါသနဲ့ တရားစီရင်ခြင်း။

Chapter 3 သနားဂရုဏာအတွက် ဆုတောင်းခံခြင်း။

Chapter 4 ပျက်ဆီးသွားသောလူမျိုးရဲ့နောင်တ။

Chapter 5 မြို့တော်အတွက် အသနားခံဆုတောင်းခြင်း။

Habakkuk

Chapters 1,2 ဟဗက္ကုရဲ့စိတ်ရှုပ်ထွေးခြင်းနဲ့ ဘုရားသခင်ရဲ့အဖြေ။

Chapter 3 ဟဗက္ကုရဲ့ကျေးဇူးတင်ခြင်းနဲ့ ဘုရားကိုအားကိုးခြင်း၊ ယုံကြည်အားကိုးခြင်း ဆုတောင်း ချက်

**Dates**:

627 B.C. ပရောဖက်အဖြစ် ယေရမိကိုခေါ်တော်မူခြင်း၊

625 B.C. ဇေဖနိရဲ့အမှုတော်ဆောင်ခြင်း

621 B.C. ယောရှမင်းလက်ထက် နိုးထမှုအစပိုင်း ယောရှမင်းက ပညတ္တိကျမ်းစာကို ရှာတွေ့ခဲ့တယ်။

609 B.C. အီဂျစ်ပြည်က အာရှုရိပြည်ကိုစစ်ကူဖို့ မြောက်ပိုင်းကိုစစ်ကူခဲ့တယ်။

607 B.C. ဟဗက္ကုအမှုတော်ဆောင်တဲ့ကာလ ဖြစ်နိုင်တယ်။

606 B.C. ပထမအကြိမ်တိုက်ခိုက်ပြီး ကျွန်အဖြစ်သိမ်းယူခြင်း။ ဒံယေလပါသွားခြင်း။ (ကျွန်ခံရာနှစ် ၇၀ရဲ့ အစအဦး)

605-604 B.C. ဗာဗုလုန်ရှင်ဘုရင်နေဗုခဒ်နေဇာက အီဂျစ်ပြည်၊ ရှုရိပြည်၊ ယုဒပြည်နဲ့ ဖိလိပ္ပိပြည်တို့ကို တိုက်ခိုက်သိမ်းပိုက်ခဲ့တယ်။

598 B.C. အီဂျစ်က ယုဒပြည်နဲ့ပေါင်းတယ်။ ဒါကြောင့် ဗာဗုလုန်က ယုဒပြည်ကို တိုက်ခိုက်လာတယ်။

597 B.C. ဒုတိယအကြိမ်တိုက်ခိုက်သိမ်းပိုက်ပြီး ကျွန်အဖြစ်သိမ်းယူခြင်း။ ဗာဗုလုန်က ယေရုရှလင်ကို သိမ်း ပိုက်တယ်။ ယောခတ်မင်းသေတယ်။ ယောယကိမ်ကိုဖမ်းယူပြီး ဗာဗုလုန်သို့ခေါ်သွားတယ်။ သူ့ဦးလေး ဇေဒကိ ကိုနန်းတင်တယ်။ ယေဇကျေလကို တခြားလူ ၁၀,၀၀၀နဲ့အတူ ဗာဗုလုန်ကို ခေါ်သွားတယ်။

588 B.C. ဇေဒကိဟာ ဗာဗုလုန်နဲ့သစ္စာဖျက်ပြီး အီဂျစ်ဘက်ကရပ်တည်တယ်။ ယေရု ရှလင်မြို့ဟာ ၁၈ လ ဝိုင်းရံခံရပြီးနောက် တတိယအကြိမ် ကျွန်အဖြစ် ဖမ်းဆီးခေါ်ဆောင်သွားတယ်။ (2 Kings 25:11-21)

587 B.C. ဗိမ္မာန်တော်အဖျက်ခံရတယ်။ ယေရုရှလင်မြို့ကို ဖြိုဖျက်ပြီး ဖျက်ဆီးပစ်တယ်။ ဂေဒလိကို မြို့တော်ဝန်အဖြစ် ခန့်ထားတယ်။

586 B.C. ယေရုရှလင်ကို ဖြိုဖျက်ပြီး မီးရှို့ခဲ့ကြတယ်။ ၃လအကြာမှာ မြို့တော်ဝန်ဂေဒလိ အသတ်ခံရတယ်။ ယေရမိကို အီဂျစ်ပြည်သို့ ဖမ်းသွားခြင်းခံရတယ်။

**People to know:**

Last kings of Judah:

Josiah 627-609 B.C.

Jehoahaz (Shallum) 609 B.C. Jehoiakim (Eliakim) 609-597 B.C. Jehoiachin (Coniah) 597 B.C. Zedekiah (Mattaniah) 597-586 B.C. Gedaliah (governor) 586 B.C. The prophets of this period: Jeremiah 627-595 B.C.

Habakkuk 600 B.C.

**Places to know:**

Judah (Jerusalem), Babylon, Egypt, Syria, Philistia

**Words to know:**

backslide: အရင်အပြစ်ဟောင်းထဲလှည့်ပြန်ခြင်း။

captivity: held prisoner, under the control of someone else

circumcision of the heart: setting the heart apart to God, separate from others, given to God, marked for God as the Jews marked a male child belonging to the race of Israel

exilic: belonging to the period of the exile of captivity

immanent invasion: forced entry of an enemy, ready to happen at any time immorality: not doing what is right or just, infidelity, failure to meet moral standards judgment: judicial order directing payment of a debt

pre-exilic: before the exile or captivity

yoke: a wooden or metal frame that couples together two work animals; symbol of bondage or servitude (Jeremiah 28:13-17)

unequally yoked: မညီတဲ့ထမ်းဘိုး။ ဘုရားဝတ်မွေ့လျော်သူနဲ့ ဘုရားကို မရှိသေသူပူးပေါင်းခြင်း။ (2 Corinthians 6:14), God's yoke: ဘုရားသခင်ရဲ့ထမ်းဘိုးဆိုတာ ဘုရားသခင်နဲ့ပူးပေါင်းခြင်းဖြစ်တယ်။ (Matthew 11:29,30)

## **Introduction -** နိဒါန်း

တရားစီရင်ခြင်းဟာ ဘုရားရဲ့သန့်ရှင်းခြင်းကို ဖေါ်ပြတယ်။ အပြစ်တင်ပြီး လူကို ကြောက်ရွံ့စေတယ်။ သန့်ရှင်းခြင်းနဲ့ ငြိမ် သက်ခြင်းကိုပြန်ပေးတယ်။ ဂရုဏာဟာဘုရားရဲ့ချစ်ခြင်းမေတ္တာကိုပြတယ်။တရားမျှတမှုကိုတောင်းဆိုရင် ကျေးဇူးေတာ် ကြောင့် ခွင့်လွှတ်ခြင်းကိုလည်း ပေးတယ်။ လူကို ဘုရားသခင်ထံ ဆွဲခေါ်တယ်။ ဣသရေလဟာ ပညတ်တော်ကို ချိုး ဖေါက်တယ်။ သခင်အသစ်ကို ရှာတယ်။ တရားစီရင်ဖို့ လိုလာတယ်။ဒါဟာသခင်နဲ့ကျွန်ကြားက စည်းကမ်းပေးဆုံး မတာဖြစ်တယ်။ လူဟာ သခင်နှစ်ပါးရဲ့အစေကိုမခံနိုင်ဘူး။ (Matthew 6:24) လူတယောက်ဖြစ်စေ၊ နိုင်ငံတနိုင်ငံ ဖြစ်စေ ဘုရားအစား လူကို အားကိုးလို့ မရဘူး။ ဒါဟာလောကရဲ့ဘုရားဖြစ်တဲ့ စာတန်ရဲ့အစေကို ခံခြင်းဖြစ်တယ်။ အပြစ် တရား ချည်နှောင်ခြင်းထဲမှာ ပါခြင်းလည်းဖြစ်တယ်။ ဘုရားသခင်ကို အား ကိုးဖို့ရာ ဘုရားသခင်သန့်ရှင်းခြင်းနဲ့ တန်ခိုးတော်နဲ့ တရားမျှတခြင်းနဲ့ ဘုရားကစောင့်ထိန်းပေး တယ်။ယေရမိနဲ့ ဟဗ္ဗကုတ်ဟာ သိမ်းယူခြင်းနဲ့ ယေရှုရှလင်မြို့နဲ့ ဗိ

မွာန်တော်ပျက်စီးရခြင်း အကြောင်း ကို ဟောပြောတယ်။ ဖမ်းသွားခံရတဲ့ ဂျူးတွေကြားမှာ ဖြစ်ပျက်မယ့် အပြောင်းအလဲတွေကိုလည်း ကြိုတင်ဟောပြောတယ်။ အနာဂတ်ကို ပရောဖက်အမြင်နဲ့ ဟောပြောတယ်။ ယေရမိနဲ့ ယေဇကျေလဟာ လူတွေရဲ့အပြစ်ကို ထောက်ပြတယ်။ ရောက်လာတော့မယ့် တရားစီရင်ခြင်းကိုလည်း ဟော ပြောတယ်။ ဘုရားသခင်က ကာသရေလကို သူ့ရဲ့ကျွန်အဖြစ် ဇနီးသည်အဖြစ် သစ္စာဆိုတယ်။ ဒါပေမယ့် ကာသရေလနဲ့ ယုဒဟာ ဘုရားသခင်ကိုပစ်ပယ်တယ်။ သစ္စာမရှိတဲ့မိန်းမလို ဖြစ်တယ်။ တခြားဘုရားကို လိုက်ရှာချဉ်းကပ်တယ်။ အီဂျစ်ပြည်၊ အာရှုရိပြည်၊ ဗာဗုလုန်နဲ့ တခြား တိုင်းပြည်က လုံခြုံမှုနဲ့ ထောက်ပံ့မှုကို ရဖို့ရှာတယ်။ ဒါပေမယ့် အလှည့်စားခံရတယ်။.

## THE LESSON - သင်ခန်းစာ

### I. JEREMIAH WAS CALLED TO WARN JUDAH AND JERUSALEM ABOUT THE COMING CAPTIVITY ယုဒပြည်နဲ့ ယေရှုရလင်ကို သိမ်းယူမယ့်အကြောင်း သတိပေးဖို့ ယေရမိကိုခေါ်တယ်။ (627-595 B.C.) (Jeremiah 1-39)

A. **Jeremiah's call** ယေရမိကို ခေါ်ခြင်း **(Jeremiah 1).**

1. မွေးကတည်းက ယဇ်ပရောဟိတ်ဖြစ်မယ့်ယေရမိကို ပရောဖက်ဖြစ်ဖို့ အသက်ငယ် ငယ်အရွယ်မှာ ခေါ်တယ်။ အသက် ၂၀ကျော်လောက်ဖြစ်မယ်။ မောရှေနဲ့ ဟေရှာယတို့လိုပဲ မထိုက် တန်ဘူး။ အရည်အချင်းမမှီဘူးလို့ သူခံစားခဲ့ ရတယ်။ သူ့အတွက် ပြင်ဆင်ပြီးပြီ။ လုပ်နိုင်တယ်၊ ကာ ကွယ်ပေးမယ်လို့ စိတ်ချမှုပေးတယ်။ (Jeremiah 1:1-10). ဒီလိုနိမ့်ချတတ် တုံ့ပြန်တတ်၊ ကိုယ် အားနည်းကြောင်း သိတဲ့သူကို ဘုရားက ရွေးကောက်တယ်။ ပျက်စီးယိုယွင်းနေတဲ့ လူတွေကို အပြစ်တင်စကား ဟောပြောဖို့ ဖြစ်တယ်။ တရားစီရင်မယ့်အကြောင်း ဟောပြောမယ့်သူဟာ စိတ်နှလုံးက ခံစားကြင်နာတတ်တဲ့သူ ဖြစ်ဖို့လိုတယ်။ ယေရမိဟာ စိတ်နှလုံးကြေကွဲနေသူ ဖြစ်တယ်။ ဒါပေမယ့် နှစ်သိမ့်မှုပေးတဲ့ ပရောဖက်လည်း ဖြစ်တယ်။ ဘုရားသခင်ရဲ့ချစ်ခြင်းမေတ္တာကို သူဟော ပြောတယ်။ "ငါ့ကိုခေါ်လော့၊ ငါထူးမည်။ ကြီး သောအရာ၊ သင်မသိနိုင်သော နက်နဲသောအရာတို့ကို ငါပြမည်။" (Jeremiah 33:3), တရားစီရင်ခြင်းရှိပေမယ့် ဘုရားမေတ္တာကိုလည်း တွေ့ရတယ်။.
2. ယောရှမင်းရဲ့နန်းထမှုမတိုင်ခင်မှာ ယေရမိကို ဘုရားကခေါ်တယ်။ ယေရှုရလင်မြို့မပျက်စီးမီတိုင်အောင် ဟောပြောရတယ်။ ယုဒပြည်ကျဆင်းချိန်မှာ အသက်ရှင်ရတယ်။ ဘုရားကို ငြင်းပယ်တဲ့ နောက်ဆုံးရှင် ဘုရင်လေးပါးက သူ့ကို ငြင်းပယ်ကြတယ်။ သူဟာ transitional prophet ခေတ်အပြောင်းအလဲ ပရောဖက် ဖြစ်တယ်။ ဇေဖနိ၊ ဟဗ္ဗကွတ်၊ ယေဇ ကျေလနဲ့ ဒံယေလ တို့နဲ့ တခေတ်တည်းဖြစ်ပြီး ကာသရေလ သမိုင်းမှာ ကျွန်မခံမီနဲ့ ကျွန်ခံစဉ်ကာလဆိုတဲ့ ခေတ် အပိုင်း ကြီးနှစ်ခုထဲမှာ အမှုတော်ဆောင်ရတယ်။ pre-exilic and exilic.
3. ယေရမိဟာ လဲကျနေတဲ့ဂျူးလူမျိုးတွေကို ဘုရားသခင်ထံပြန်ဖို့ သတိပေးတယ်။ သူ့ကျမ်းစာ အရေးအသားဟာ သမိုင်းအတ္ထုပ္ပတ္တိနဲ့ ပရောဖက်ပြုခြင်းကို တွဲဖက်ထားတယ်။ သမိုင်းစဉ်အရ ရေးတာမျိုးမဟုတ်ပဲ အဓိကအချက်ကို ဦးတည်ပြီး ရေးတာဖြစ်တယ်။ ယေရမိဟာ ဘုရားသခင်ရဲ့တရားစီရင်ခြင်း လာမယ်လို့ ဟောတယ်။ ဘုရားကို ပစ် ပယ်တဲ့အတွက် တရားစီရင် ခံရမယ်။ ဘုရားရဲ့ထာဝရမေတ္တာလည်း ရှိတယ် လို့ဆိုတယ်။ ယုဒက ဘုရားကို ပစ် ပယ်ပေမယ့် ဘုရားက သူ့ကိုမပစ်ပယ်ဘူး။ (အကြိမ်များစွာဖြစ်တယ်။) ဘုရားက အနာဂတ်မှာ ကျန်းမာခြင်း ငြိမ် သက်ခြင်း သမ္မာတရားသိခြင်းနဲ့ ဆေးကြောခြင်း အာမခံတယ်။ "ငါသည် ဤမြို့၏အနာကို ဆေးအုံ၍ ပျောက်စေမည်။ မြို့သား

တို့ ကျန်းမာမည့်အကြောင်း၊ ချမ်းသာစည်းစိမ်နှင့် ပြည့်စုံမည့် အကြောင်းကို ငါပြမည်။ နောက်တဖန် ဝမ်းမြောက်သောအသံ ရွှင်လန်းသောအသံကို ကြားရ ကြလိမ့်မည်။ ထိုကာလအခါ သန့်ရှင်းသောအညွန့်ကို ဒါဝိဒ်အဖို့ ငါပေါက်စေ ၍ သူသည် မြေကြီး ပေါ်မှာ မတရားသဖြင့်စီရင်လိမ့်မည်။" (Jeremiah 33:3,6,11-15).

4. ယေရမိကို weeping prophet ငိုကြွေးသောပရောဖက်လို့ခေါ်ကြတယ်။ (ဒုက္ခနဲ့ ဆိုင်တဲ့ ပရောဖက်)သူကဝမ်းနည်းစရာကောင်းတယ်။ အထီးကျန်တဲ့အသက်တာနဲ့အသက်ရှင်ရင်း ပြတ်သားတဲ့တရားကို ဟောရလို့ ဖြစ်တယ်။ သူ့နေရင်း မြို့နဲ့ သူ့မိသားစုက သူ့ကို ပစ်ပယ် ထားကြတယ်။ (ယေရမိ ၁၂း ၆၊ ၁၁း၆-၈) သူဟာ အိမ်ထောင်မပြုဘူး။ သားသမီး မရှိဘူး။ (Jeremiah 16:2). ယေရှုရှလင်မြို့သားတွေဟာ သူ့တဘက်မှာ ပုန်ကန်ကြတယ်။ ရိုက်နှက်ကြတယ်။ သူ့ကို ချုပ်နှောင်ထားခဲ့ကြတယ်။ (Jeremiah 20:1-3). သူ လွတ်လာတဲ့အခါ လုပ်ကြံခြင်းကိုခံရပြီး အသက်သေလုမတတ် ဖြစ်ခဲ့တယ်။ (Jeremiah 26). သူဟာ အကြိမ်များစွာ ထောင်ချခံရတယ်။ (Jeremiah 37:15-16). အီဂျစ်ပြည်ကို သူသွားခြင်ပေမယ့် အနှောင့်အယှက် ခံရတယ်။ နောက်ပိုင်း သူဟာ အီဂျစ်ပြည်မှာ ကျောက်ခဲနဲ့ ပေါက်သတ်ခံရတယ်။.

B. သစ္စာမရှိတဲ့ယုဒပြည် မကျဆင်းခင် ကျွန်မဖြစ်ခင်မှာ ဘုရားသခင်ရဲ့သတင်းစကား။ **(Jeremiah 2-38).**

1. God revealed their sins:

a. pride လူ့မာနဟာ ဘုရားဘုန်းကိုမထင်ရှားစေဘူး။ နှိမ့်ချမှုမရှိပဲ အချည်းနှီး အတွေးတွေပဲပြည့် စေတယ်။ (Jeremiah 4:14)

b. forsaking God, သူတို့ရဲ့ကောင်းကြီးနဲ့ လုံခြုံရေးအတွက် လွဲမှားတဲ့အရာတွေကို ကိုးစားခဲ့တယ်။ ဖောက်ပြန်တဲ့အမျိုးသမီး ဘုရားကိုပစ်ပယ်ပြီး ပဋိညာဉ်ပြုထားတဲ့ ခင်ပွန်းယောကျာ်းကို ကျောခိုင်း ခဲ့တယ်။ အီဂျစ်ပြည် အာရှုရိပြည်ကို အားကိုးခဲ့တယ်။ (Jeremiah 2:13, 18-20, 23-25; 3:1-10)ဣသရေလအမျိုးစပျစ်ပင်ဟာ အရိုင်း ဖြစ်ခဲ့တယ်။ အသက်စမ်းရေတွင်းကို စွန့်ပယ်ပြီး ရေ မလှံတဲ့အိုးကို ချဉ်းကပ်ခဲ့တယ်။ ပြုပြင်ပြောင်းလဲမှုလုပ်ပေမယ့် ဝိညာဉ်အသက်ကင်းမဲ့ခဲ့တယ်။ (Jeremiah 2:21; 11:13,22).

c. broken covenant ပဋိညာဉ်တရားကျိုးပျက်ခြင်း။ (Jeremiah 11-13; 22:9) ပညတ်တော်ကို အလွဲယူတယ်။

d. unacceptable worship. Fလက်မခံနိုင်သော ဝတ်ပြုကိုးကွယ်မှုပုံစံ။ မိစ္ဆာပရောဖက်တွေက လှည့်ဖျားတယ်။ (Jeremiah 5). သိုးထိန်းတွေကို ဖျက်ဆီးပစ်ပြီး သိုးတွေ ကွဲလွင့်ရတယ်။ (Jeremiah 23). ဘုရားမကြိုက်တဲ့ ပူဇော်နည်းနဲ့ ပူဇော်ကြတယ်။.

e. dishonesty in keeping the laws. ပညတ်တရားစောင့်ထိန်းရာမှာ မရိုးသားဘူး။ လွှတ်ပြီး သား ကျွန်တွေကို ပြန်ဖမ်းတယ်။ (Jeremiah 34:8-22).

f. idolatry. ရုပ်တုကိုးကွယ်ခြင်း။ ဘုရားကိုပစ်ပယ်ပြီး တပါးအမျိုးသားဘုရားတွေကို ဆွဲယူတယ်။ (Jeremiah 2:25; 3:1), ပညတ်တော်က ဒါကို တားမြစ်ထားပြီးသားဖြစ်တယ်။ (Deuteronomy 5:7; 6:4). ဘုရားသခင်တဘက်မှာ ဖေါက်ပြန်ခြင်းဖြစ်တယ်။.

g. corrupt living. ဖောက်ပြန်တဲ့အသက်တာ။ လိမ်ညာ ယိုယွင်း ရှက်စရာကောင်းသော အသက်တာနဲ့ နေထိုင်ကြတယ်။ သစ္စာမဲ့ကြတယ်။ (Jeremiah 3:24; 5:1).

h. misplaced confidence. အလွဲယုံကြည်မှု တည်ဆောက်ကြတယ်။ ဘုရားကို အားကိုးမယ့် အစား လူကို အားကိုးတယ်။ ကိုယ့်အားကိုယ်ကိုးခြင်းဟာ ကျိန်ခြင်းခံရမယ်။ ဘုရားကို အားကိုးမှ ကောင်းကြီးရမယ်လို့ ယေရမိက သတိပေး တယ်။ (Jeremiah 17:5,7).

i. refusal to repent နောင်တရဖို့ ငြင်းဆန်တယ်။ (Jeremiah 6:14-30), လျှို့ဝှက်ဟန် ဆောင် တယ်။ (hypocrisy)

j. failure to keep vows. သစ္စာဂတိစောင့်ဖို့၊ သစ္စာဂတိတွေပျက်တယ်။ သစ္စာစောင့်ရာမှာ ရေခပ်သားတွေဟာ ပုံ သက်သေဖြစ်တယ်။ က္ကသရေလလူမျိုးကတော့ ဘုရားကို လျစ်လျူရှုတယ်။ ရေခပ်အမျိုးသားတွေကလည်း ယော ယကိမ် သားများလက်ထက်မှာ ပယ်ဖျက်ခြင်းခံရပေမယ့်သူတို့ အမျိုးသားတွေကတော့ ဘုရားသခင်ရဲ့စောင့်မထိ န်းပေး ခြင်းကိုခံရတယ်။ (Jeremiah 35;36).

2. နောင်တရဖို့ ဘုရားသခင်ဖိတ်ခေါ်တယ်။ လဲကျတဲ့ယုဒကို တရားစီရင်ခြင်းလာမယ်လို့ ယေရမိ သတိပေးတယ်။ "စိတ်နှလုံးသည် ခပ်သိမ်းသောအရာထက် စဉ်းလဲတတ်၏။ အလွန်ယို ယွင်းသော သဘောရှိ၏။ စိတ်နှလုံးကို အဘယ် သူသိနိုင်သနည်း။ (Jeremiah 17:9). ဘုရား သခင်နောက်ကိုလိုက်ဖို့ ဗာဗုလုန်မှာ ကျွန်ခံစဉ်ပင် ဘုရား ရဲ့ဂတိတော်က သူတို့ကိုစောင့်ရှောက် မယ်ဆိုတာယုံကြည်ဖို့ ဟောပြောတယ်။ ကျွန်ခံရာပြည်ကနေ ပြန်ခေါ်မယ် လို့လည်း ဂတိရှိ တယ်။ (Jeremiah 3:18). "အိုဖေါက်ပြန်သော က္ကသရေလ ပြန်လာပါဟု ထာဝရဘုရားမိန့်တော် မူ၏။ သင်၌ ငါသည် မျက်မှန်းကျိုးခြင်းကို မပြု၊ ဂရုဏာစိတ်သဘောရှိ၏။ အစဉ်အမျက်ထွက်တတ် သည်မဟုတ် ထာဝရဘုရားမိန့်တော်မူ ၏။ ဖေါက်ပြန်ရာများကို ငါပြုပြင်မည်။ (Jeremiah 3:12,22). အရေဖျားလှီးခြင်း ခံဖို့ ဟောပြောတယ်။ (Jeremiah 4:4). ဘုရားသခင်ထံ လှည့် ပြန်ပြီး သူတို့ရဲ့နည်းလမ်းတွေကို ပြုပြင်ဖို့ အကြိမ်များစွာ ဟောပြောတယ်။ ထာဝရဘုရား ကတော့ သူတို့ကို သနားကြင်နာဆဲပဲဖြစ်တယ်။ "အိုယေရုရှလင်မြို့သင်သည် ကယ် တင်ခြင်းသို့ ရောက်သောငှါ သင်၏ စိတ်နှလုံးကို ဒုစရိုက်အပြစ်နှင့် ကင်းစင်စေလော့။ "ရှေးလမ်းဟောင်းတို့ကို ရှာဖွေ လျက် ဖြောင့်သောလမ်းသည် အဘယ်မှာရှိသနည်းဟု မေးမြန်း၍ ထိုလမ်းသို့ လိုက်ကြလော့။ သို့ပြုလျှင် စိတ်န လုံးသက်သာကြလိမ့်မည်။" "ငါသည် မြေကြီးပေါ်မှာ ချစ်သနားခြင်း၊ တရား သဖြင့်စီရင်ခြင်း၊ ဖြောင့်မတ်သော ထာဝရဘုရား ဖြစ်ကြောင်း တည်းဟူသော ငါ့ သဘောကို နား လည်ခြင်း၌သာ ဝါကြွားစေ။ ငါသည် ထိုအရာတို့၌ မွေ့လျော်သည်ဟု ထာဝရဘုရားမိန့်တော်မူ၏။" (Jeremiah 4:14; 6:16; 9:24). ဒါပေမယ့် က္ကသရေလလူမျိုးက နားမထောင်ဘူး။ ဘုရား သခင်ထံ လှည့်မပြန်ခဲ့ကြ ဘူး။ ဘုရားသခင် သတိပေးစကားကို နားမထောင်ဘူး။ "ချမ်း သာမရှိ သောအခါ ချမ်းသာ ချမ်းသာပြောဆိုလျက် ငါ၏ အမျိုး သတို့သမီးကို ကွဲရဲ့စွာပြုကြ၏။" ဒါကြောင့် ဘုရားသခ င်က သူတို့ကိုပစ်ပယ်လိုက်တယ်။ ယေရုရှလင်မြို့ကို ဖျက်ဆီး လိုက်တယ်။ (Jeremiah 6:14,16,20,30). က္ကသရေ လနဲ့ ယုဒဟာ ဘုရားသခင်ရှေ့မှာ ဒုစရိုက်ကိုပြုပြီး ဘုရားကို ကျောခိုင်း ခဲ့တယ်။ ဒါကြောင့် သူတို့ ဗာဗုလုန်ပြည်ကို ပါသွားရတယ်။ (Jeremiah 32:32,36,37).

C. **Jeremiah's dialogue with God.** ယေရမိ ဘုရားသခင်နှင့် စကားပြောခြင်း

ယောဘ၊ မောရှေ၊ ဒါဝိဒ်၊ ဟဗ္ဗကုတ်နဲ့ တခြားသူတွေလိုပဲ ယေရမိဟာ ဘုရားသခင်ရဲ့လူမျိုးတော်ဒုက္ခရောက်တာကို မေးခွ န်း ထုတ်လာတယ်။ ဘာကြောင့် မတရားသူတွေကအောင်မြင်ပြီး ဖြောင့် မတ်သူ ဒုက္ခရောက်လဲလို့ မေးလာတယ်။ ဘုရား သခင် တရားတယ်ဆိုတာသူသိတယ်။ ဒါပေမယ့် အခြေအနေကိုတော့နားမလည်နိုင်ဘူး။လူဆိုးတွေ ဘာ လို့ကောင်းစား နေလဲ။ သစ္စာပျက်သူတွေ ဘာလို့ပျော်နေလဲ။ သူတို့ ဘာလို့ကြီးပွါးပြီး ကောင်းစားနေကြလဲ။ သူတို့က လျှို့ဝှက်တဲ့သူ တွေပဲ။ ဘုရားအကြောင်း ပြောနေကြပေမယ့် စိတ်နှလုံးက ဘုရားနဲ့ဝေးတယ်။ ဘုရားသခင်ထံတော်ပါး ချဉ်းကပ်တဲ့အခါ ယေရမိဟာ ဒီအဖြေကိုရခဲ့တယ်။ "အိုထာဝရဘုရား ကိုယ်တော်သည် အကျွန်ုပ်ကို သိမြင်တော်မူ၏။ အကျွန်ုပ်သည် ကိုယ်တော်နှင့် သဘောတူကြောင်းကို စစ်ကြောတော်မူပြီ။ (Jeremiah 12:1-3)ဒီအဖြေဟာ ယေရမိ အတွက် စိတ် ကျေနပ်ပြီးလုံလောက်စရာအဖြေဖြစ်တယ်။.

D.ယေရမိကို စကားပြောဖို့ နိမိတ်လက္ခဏာများကိုပေးခဲ့တယ်။. **(Know these signs for the exam.)**

1. ခြေခါးပန်း (linen girdle) (ယေရမိ ၁၃) ဣသရေလလူမျိုးဟာ ဘုရားသခင်အတွက် ချည်ခါးပန်း အဖြစ် ပုံ ဆောင်တယ်။ သူတို့ကို နာမည်ရစေလိုတယ်။ ဒါပေမယ့် ချည်ခါးပန်းက ပျက် စီးပြီး ဥဖရမြစ်နားမှာ သွားပြီး မြုပ်နှံရ တယ်။ ဒါကြောင့် ဣသရေလဟာ အပြစ်ကြောင့် သူ့ဟာသူ ပျက်စီးသွားတယ်။.
2. The drought မိုးခေါင်ခြင်း။ (Jeremiah 14-15) ကျွန်ခံခြင်း ပစ်ထားခံရခြင်းရဲ့နိမိတ်ဖြစ်တယ်။ Deuteronomy 28:23,24 မှာကြိုတင်ဟောပြောပြီးသားဖြစ်တယ်။ 1 Kings 17မှာ တပိုင်းတစ ပြည့်စုံသွားတယ်။.
3. Celibacy. အိမ်ထောင်မပြုပဲနေခြင်း။ ယေရမိကို အိမ်ထောင်ပြုခွင့်မပေးဘူး။ နောင် လာတော့မယ့် တရားစီရင်ခြင်းရဲ့နိမိတ်လက္ခဏာဖြစ်တယ်။ (Jeremiah 16).
4. The potter and the clay အိုးထိန်းနဲ့ အိုးမြေ။ (Jeremiah 18;19) ဘုရားသခင်ရဲ့ကြီးမြတ်ခြင်းနဲ့ တန်ခိုး ကြွယ်ဝခြင်းရဲ့နိမိလက္ခဏာဖြစ်တယ်။ အိုးထိန်းသည်ရဲ့လက်ထဲမှာ အိုးမြေ ရှိသလို အိုးအသစ်ကိုလည်း လုပ်နိုင်တယ် လို့ဆိုလိုတယ်။(Jeremiah 18:4).
5. The figs သင်္ဘောသဖန်းပင် (Jeremiah 24) ဂျူးလူမျိုးတွေဟာ ယေခေါနိ (ယောယ ကိမ်) လက်ထက်မှာ ဗာဗုလုန်ပြည်ကို ဒုတိယအကြိမ် ဖမ်းဆီး ခေါ်ဆောင်ခြင်းခံရတယ်။ ကောင်းတဲ့ သင်္ဘောသဖန်းသီးက ဗာဗုလုန်မြို့ကိုဖမ်းသွားခံရတဲ့လူတွေကို ပုံဆောင်တယ်။သူတို့ကို ကောင်းကြီး ပေးပြီး စိတ်နှလုံးအသစ် ပေးမယ်။ "ငါသည် ထာဝရဘုရားဖြစ်ကြောင်းကို သူတို့ သိနိုင်သောစိတ် နှလုံးကို ငါပေးမယ်။ သူတို့သည် ငါ၏လူဖြစ်ကြ၍ ငါသည်လည်း သူတို့၏ဘုရားဖြစ်လိမ့်မည်။ ငါ့ထံ သို့ စိတ်နှလုံးအကြွင်းမဲ့နှင့် ပြန်လာကြလိမ့်မည်။" (Jeremiah 24:7) မကောင်း တဲ့ သင်္ဘော သဖန်း သီးက ယုဒပြည်မှာ ဇေဒကိမင်းနဲ့အတူ နေရသူတွေဖြစ်တယ်။ ဓါးဘေး၊ ငတ်မွတ်ခြင်းဘေး၊ မွတ်သိပ်ခြင်းဘေးတွေ ခံရတယ်။ ကမ္ဘာအနှံ့ ဖြန့်ကျက်ခြင်း ခံရတယ်။ "သူတို့သည် ငါနှင်ရာအရပ်ရပ် တို့၌ ကဲ့ရဲ့ခြင်း ပုံနိုင်းခြင်း၊ ဆဲရေးခြင်း၊ ကျိန်ခြင်းတို့ကို ခံရမည်အကြောင်း ငါသည် မြေပေါ်မှာ ရှိသမျှသောတိုင်းနိုင်ငံတို့၌ နိပ်စက် ညှင်းဆဲခြင်းသို့ သူတို့ကို အပ်လိုက်မည်။ (Jeremiah 24:9). ဒီညှင်းဆဲခြင်းဒဏ်ကို ဂျူးလူမျိုးတွေ ခံနေရဆဲပဲ ဖြစ်တယ်။ ဘုရားသခင်ထံ သူတို့လှည့်ပြန်မှ သာလျှင် ဒီကဲ့ရဲ့ခြင်းက ရွေ့လျားနိုင်လိမ့်မယ်။)
6. The yokes in Jeremiah 27 and 28 မှာပါတဲ့ တံပိုးများဟာ ကျွန်ခံခြင်းကို ပုံဆောင်တယ်။ ဣသရေလနဲ့ အနီးဝန်းကျင် နိုင်ငံတွေဖြစ်တဲ့ ဧဒုန်၊ မောဘ၊ အာမောနိ၊ တုရု၊ ဇိဒုန်တို့ဟာ ဗာဗုလုန်မှာ ကျွန်ခံရမယ်။ နေဗုခဒ်နေဇာထံမှာ အပ်နှံမယ်ဆိုတာကို ယေရမိက တံပိုးထမ်းပြီး ပုံဆောင်ပြရတယ်။ (Jeremiah 27:5-7) ဇေဒကိမင်းက မိစ္ဆာပရောဖက် ယဇ် ပရောဟိတ်နဲ့ လူတွေရဲ့စကားကို နားမထောင်ဘူး။ ဒီလူတွေက မကြာခင် ပြန်လာမယ်လို့ ပြောကြတယ်။ ဗာဗုလုန် မြို့ကိုသိမ်းသွားခံရတဲ့ ဗိမ္မာန်တော်တန်ဆာတွေဟာ အဲဒီမှာရှိနေပြီး သူတို့တိုင်းပြည် ကို ဘုရားသခင် အကြည့်အရှု ကြွမှသာလျှင် ပြန်ပြီးတော့ ရလိမ့်မယ်လို့ ဆိုတယ်။ (Jeremiah 27:12) မိစ္ဆာပရောဖက်ဖြစ်တဲ့ ဟာနနိက ပရောဖက် ယေရမိရဲ့ပုခုံးပေါ်က ထမ်းပိုးကိုယူပြီး ချိုးပစ် လိုက်တယ်။ (Jeremiah 28:10). ဟာနနိကို ပြောရမယ့် စကားကတော့ သင်ချိုးသော သစ်သား ထမ်းပိုးအစား သံထမ်းပိုးကို လုပ်ရမည်။ "ဟာနနိ နားထောင်လော့ ထာဝရဘုရားသည် သင့်ကို စေ လွှတ်တော်မမူ။ ဤလူမျိုးသည် မုသာ၌ ခိုလှုံမည့်အကြောင်းကို သင်ပြုတတ်၏။ ထိုကြောင့် သင် သည်ထာဝရ ဘုရားကို ပုန်ကန်စေခြင်းငှါ သွန်သင်သောကြောင့် သင့်ကို မြေပြင်မှငါပယ်ရှင်းမည်။ ယခုနှစ်တွင် သင်သည် သေရ မည်" လို့ ယေရမိက ဟောပြောခဲ့တယ်။ (Jeremiah 28:13-17).
7. ယေရမိထောင်ကျနေစဉ် ဝယ်ယူခဲ့တဲ့မြေကွက်။ (ယေရုရှလင်မြို့ကျရှုံးချိန်မှာ ဝယ်ယူ ခဲ့တာဖြစ်တယ်။ Jeremiah 32) ပြည်တော်ကို ဣသရေလလူမျိုးတွေ ပြန်ရစေမယ်လို့ ယုံကြည် စိတ်ချစေတဲ့ နိမိတ်လက္ခဏာ ဖြစ်တယ်။ ယေရ

မိ ဆုတောင်းခဲ့တယ်။ “ငါထာဝရဘုရားသည် ခပ် သိမ်းသောသတ္တဝါတို့ကို အစိုးရသော ဘုရားသခင်ဖြစ်၏။ ငါမတတ် သောနိုင်အရာ တစုံတခုရှိလိမ့် မည်လော။” (Jeremiah 32:1-26).

8. The wine cup of fury အမျက်တော် စပျစ်ရည်ခွက်ဖလား။ (Jeremiah 25:15-38) တိုင်းနိုင်ငံအားလုံးအတွက် တရားစီရင်ခြင်း။.

E. **Jeremiah's prophecies foretold the recompense.** ပြန်ပေးဆပ်ခံရမယ့် အကျိုး ဆက်တွေကို ယေရမိက ဟောပြောတယ်

1. ရုတ်တရက် ဝင်ရောက်သိမ်းပိုက်ခံရပြီး အနှစ်၇၀ကြာကျွန်ခံရမယ်။ ဇေဒကိမင်းက ယေရမိကို မေးတယ်။ ယေရမိကို ဘုရားသခင်ထံမှ သတင်းစကား ပေးတယ်။ ယေရမိက ဗာဗုလုန်ဟာ ယေရု ရှလင်ကို စစ်ချီလာမယ်။ ယေရုရှလင်ကို ဗာဗုလုန်ရှင်ဘုရင်လက်မှာအပ်မယ်။ ဗာဗုလုန်ရှင်ဘုရင်က မြို့ကို မီးရှို့ပစ်မယ်။ ဇေဒကိမင်းလည်း ဗာဗုလုန်ပြည်ကို သွားရမယ်။ ဓါးဘေး နဲ့တော့ မသင့်ရဘူး။ ငြိမ်ဝပ်စွာ သေရမယ်လို့ဆိုတယ်။ (Jeremiah 21:1-9; 34:4-5; 37:8,17).
2. အနှစ် ၇၀ရဲ့အဆုံးမှာ ပြည်တော်မှာ ပြန်ခွင့်ရမယ်။ (ဇေရုနဲ့ နေဟမိခေတ်) ကမ္ဘာအနှံ့ ဖြန့်ကျက် ခြင်း ခံရချိန်မှလျှင် နောက်တခါ ပြန်စုစည်းမှုမျိုးကို ခံရဦးမယ်။ ဣသရေလလူမျိုးဟာ ပြည်တော်မှာ ပြည်လည်ပြီး စုဝေးကြလိမ့်မယ်။.
3. ဘေးဒုက္ခကြီးကာလအပြီးမှာ နောက်ဆုံးအကြိမ်ပြည်တော်ကို ပြည်လည် စုဝေးလာကြ လိမ့်မယ်။ ဒါဝိဒ်ရဲ့အမြစ်ဖြစ်တဲ့ ဘုရင် ယေဟောဝါဇေဒကိ ဖြောင့်မတ်ခြင်းမင်း ပြန်လည်ကြွလာချိန်မှာ ဖြစ်မယ်။ (Jeremiah 23:3-8).  ဘုရားသခင်ရဲ့နှုတ်ကပတ်တော်ဟာ မီးနဲ့တူတယ်။ ပြီးပြည့်စုံ လိမ့်မယ်။ (Jeremiah 23:29).
4. စိတ်နှလုံးအသစ်ကို ဘုရားသခင်ပေးမယ်။  “ငါသည် ထာဝရဘုရားဖြစ်ကြောင်းကို သူတို့သိ နိုင်သော စိတ်နှလုံးကို ငါပေးမည်။ သူတို့သည် ငါ၏လူဖြစ်ကြ၍ ငါသည်လည်း သူတို့၏ဘုရား သခင်ဖြစ်လိမ့်မည်။ သူတို့သည် ငါ့ထံသို့ စိတ်နှလုံးအကြွင်းမဲ့နှင့် ပြန်လာကြလိမ့်မည်။. . . ထာဝရ ဘုရားသည် အဝေးက ထင်ရှား၍ မိန့်တော်မူသည်ကား အကယ် စင်စစ် ထာဝရမေတ္တာနှင့် သင့်ကို ငါချစ်ပင့်၏။ ထိုကြောင့် ဂရုဏာ ကျေးဇူးကို သင်၌ကြာမြင့်စွာပြမည်။” (Jeremiah 24:7;  31:3).

F. **Jeremiah's persecutions and prayers.** ယေရမိ ညှဥ်းဆဲခံရခြင်းနဲ့ ဆုတောင်းခြင်းများ

ယေရမိကို ဘုရင် ယဇ်ပရောဟိတ် မင်းသားများ၊ ပရောဖက်များနဲ့ လူများက ပစ်ပယ်ခဲ့ကြတယ်။ သူ့ကို သစ္စာဖောက် ဗာဗုလုန်တိုင်းပြည်ကို အပ်နှံမယ့်သူလို့ ယုံစားကြတယ်။ ဗိမ္မာန်တော်တံခါးနဲ့ ဝင်းထဲမှာ ဇေဒကိမင်းလက်ထက် ဟောပြောချိန်မှာ ပစ်ပယ်ခဲ့ကြတယ်။ သူ့ကိုသတ်ဖို့ ကြံစည်ကြ တယ်။ (Jeremiah 11:18-23).  သူ့ကိုရိုက်နှက်ပြီး တွင်းထဲ ချုပ်စ်ခဲ့ကြတယ်။ (Jeremiah 20:1,2)ထောင်ချခြင်းလည်း ခံရတယ်။  (Jeremiah 32:2; 37-38).  ခါလဒဲလူတွေ ယေရုရှလင် ကိုရောက်လာတဲ့အခါ ယေရမိဟာ တခြားသူတွေနဲ့ခွါပြီး ဗယ်ာမိန်အမျိုးရှိရာကို သွားခဲ့တယ်။ ဗာဗုလုန်ရှင်ဘုရင်ထံကို ပြေးဝင်ခိုလှုံမယ်လို့သူ့ကိုစွပ်စွဲခဲ့ကြတယ်။ မင်းအရာရှိတွေက သူ့ကိုရိုက်ပြီး မြေတွင်းထဲ ချုပ်စ်ခဲ့ကြတယ်။ ဇေဒကိမင်းက သူ့ကို ဘုရားသခင် နှုတ်ကပတ်တော်အကြောင်း တိတ်တဆိတ်မေးပြီးတဲ့နောက်ပိုင်းမှာ ယေရမိကို ထောင်ထဲကထုတ်ပြီး ကောင်းမွန်စွာပြုခဲ့တယ်။ (Jeremiah 37:11-21).  ယေရမိက ပရောဖက်နဲ့ ယဇ်ပရောဟိတ်တွေကိုလည်း သတိပေးစကား ပြောခဲ့တယ်။ “ယခုမှာ သင်တို့၏ကျင့်ကြံပြုမူခြင်းတို့ကို ပြောင်းလဲကြလော့။ သင်တို့၏ဘုရားသခင် ထာဝရဘုရား၏စကားတော်ကို နားထောင်ကြလော့။ ငါမူကား သင်တို့လက်၌ ရှိပါ၏။ သင်တို့စိတ်၌ ဖြောင့်မတ်လျောက်ပတ်သည်ဟုထင်သည့်အတိုင်း ငါ့ကိုပြုကြလော့။ (Jeremiah 26:13-  16).  လူတချို့က သူ့ကို ယုံ

ကည်ပြီးတော့ပြောကြပါတယ်။ "ဤသူသည် အသေခံထိုက်သည်မဟုတ်၊ ငါတို့ ဘုရားသခင် ထာဝရဘုရား၏ နာမတော်ကို အမှီပြု၍ ငါတို့အား ဟောပြောလေပြီဟု ယဇ် ပရောဟိတ်နှင့် လူတို့အားပြောဆိုကြ၏။"" (Jeremiah 26:16). ဟေဇကိမင်းလက်ထက်က ပရောဖက်မိက္ခာကလည်း ဘုရားသခင်က သူတို့ကို ကယ်တင်မယ်ဆိုတဲ့ အကြောင်းဟောပြော တယ်။ ဥရိယဆိုတဲ့ ပရောဖက်ကလည်း ယေရုရှလင်မြို့ဘက်မှာ ဆန့်ကျင်ဟောပြောခဲ့တယ်။ ဒါကြောင့် သူ့ကို သေဒဏ်ပေးတယ်။ သူက အီဂျစ်ပြည်ကို ထွက်ပြေးတယ်။ ဒါပေမယ့် ယောယ ကိမ်မင်းက လိုက်ဖမ်း ပြီး သတ်ပစ်တယ်။ ယေရမိက ဘုရားသခင်ထံ လုံးလုံးအပ်နှံထားသူဖြစ်ပြီး သူနဲ့အတူရှိကြောင်း သက်သေခံခဲ့တယ်။ "ထာဝရဘုရားသည် အားကြီးသောသူရဲ့ကဲ့သို့ ငါ့ဘက်၌ ရှိတော်မူ၏။ ထို့ကြောင့် ငါ့ကိုညှဉ်းဆဲသောသူတို့သည် မနိုင်ပဲ ထိမိ၍ လဲကြလိမ့်မည်။" သူ့ရဲ့အခက်အခဲကို ဘုရားသခင်ထံမှာ ပုံအပ်နှံသူဖြစ်တယ်။ သူထောင်ကျစဉ်မှာ ဆုတောင်း တဲ့အခါ ဘုရားသခင်ကို အားကိုးတာတွေ့ရတယ်။ ဘုရားသခင်မတတ်နိုင်တာ ဘာတခုမှမရှိဘူး။ ဘုရား သခင်ဟာ ချစ်သနားခြင်းမေတ္တာ အကြံအစည်တော်ကြီးမားတယ်လို့ ဆိုတယ်။ (Jeremiah 20:11-13; 32:17,18).

**Jeremiah's messages to the kings:** ဘုရင်များထံဟောသော ယေရမိရဲ့သတင်း စကား များ

Josiah Jeremiah 1-6 (ဘုရားသခင်ရဲ့သန့်ရှင်းခြင်းနဲ့ ဣသရေလရဲ့အပြစ်ကို ရှုပါရုံရပြီး နောင်တရဖို့ ဟောပြောတယ်။) Jehoahaz (Shallum) Jeremiah 22:10-12 ((မငိုနဲ့ သူ့ကို ဖမ်းဆီးသူတွေရဲ့လက်ထဲမှာ သူသေရမယ်။) Jehoiakim (Eliakim) Jeremiah 22:13 ((မတရားသောအမှုနဲ့ အိမ်ဆောက်ခဲ့သူဖြစ်လို့ အမင်္ဂလာရှိတယ်။) Jehoiachin (Coniah) Jeremiah 22:20-30 ((သင့်အသက်ကိုရှာသောသူတွေလက်ထဲမှာ သင့်ကိုအပ်နှံမယ်။) Zedekiah (Mattaniah) Jeremiah 21; 22; 24; 27-34; 37-39 ((နေဗုခဒ်နေဇာလက်မှာ အပ်နှံခံရပြီး ထောင်ချခံရတယ်။)

G.**Jeremiah writes God's word.** ယေရမိက ဘုရားစကားနှုတ်ကပတ်တော်ကို ထိန်း ကျောင်းခဲ့တယ်။

1. ယေရမိဟာ ကျွန်ခံနေရသူများထံ စာရေးတယ်။ အသက်ကြီးသူများ ယဇ်ပရော ဟိတ်များ၊ ပရောဖက်များ၊ လူများ ဖမ်းသွားခံရပြီ။ ဗာဗုလုန်ပြည်မှာ အိမ်ဆောက်ဖို့ ဥယျာဉ်များ စိုက်ဖို့ သာမန် နေသားတကျနေဖို့ ပြောတယ်။ ယေရုရှလင်မြို့ငြိမ်သက်ခြင်းအတွက် ဆုတောင်းပေးဖို့ ပြောတယ်။ မိစ္ဆာပရောဖက်တွေက ကိုယ်ပိုင်အိပ်မက်တွေကို မြင်ယောင်ကြပြီး မကြာခင် ပြန်လာ ရမယ်ဆိုတဲ့ စကားကို မယုံကြည်ဖို့ ပြောတယ်။ အနှစ် ၇၀ကြာမှသာ ဘုရားသခင်က ပြန်လည်ခေါ် ဆောင်မှာဖြစ်တယ်။ "ငါသည် သင်တို့ကို အကျိုးနည်းစေခြင်းငှါ ကြံစည်သောအကြံမဟုတ်ပဲ သင်တို့ သည် မျှော်လင့်သော အကျိုးကို ရမည့်အကြောင်း ငြိမ်ဝပ်စေခြင်းငှါသာ ကြံစည်သော အကြံတို့ ကိုငါသိ၏။ (Jeremiah 29:11).
2. ယောယကိမ်မင်းလက်ထက် ၄နှစ်မြောက်မှာ ကျမ်းစာလိပ်ကို ရေးသားပြီး လူတွေ ဖတ်ဖို့ ဘုရားသခင်က ခိုင်းတယ်။ ယေရမိက ထောင်ထဲမှာဖြစ်ပြီး ကျမ်းစကားကို ဗာရုတ်ကို ရေး ခိုင်းရတယ်။ ဗာရုတ်က ကျမ်းစကားကို ဗိမ္ဗာန်တော်မှာ ဖတ်ပြရတယ်။ နောက်နှစ်ကို အစာရှောင် ရာနှစ်အဖြစ် သတ်မှတ်တယ်။ မှူးမတ်တွေက ဘုရား သခင်ရဲ့နှုတ်ကပတ်တော်ကို ကြောက်ရွံ့ပြီး ရှင်ဘုရင့်နန်းတော်ထဲ ကျမ်းစာကို ယူသွားတယ်။ ဘုရင့်တုံ့ပြန်ချက်ကို သူတို့မြင်ရတဲ့အခါမှာ ဗာရုတ်နဲ့ ယေရမိကို ပုန်းဖို့ ပြောလာကြတယ်။ ယောယကိမ်မင်းက ကျမ်းစာလိပ်ကို တောင်းဆို တယ်။ နည်းနည်းဖတ်ပြီး မီးထဲပစ်ချလိုက်တယ်။ ဘုရားရဲ့နှုတ်ကပတ်တော်ကို မကြောက်ရွံ့ပဲ ဖျက်ဆီးပစ်လိုက်တယ်။ ယေရမိနဲ့ ဗာရုတ်ကိုဖမ်းဖို့ သူ့လူတွေကို အမိန့်ပေးတယ်။ ဒါပေမယ့် ဘုရားသခင်က ဖွက်ထားပေးတယ်။ ဘုရားသခ

င် က ယေရမိကို ကျမ်းစာအသစ် ရေးခိုင်းပြီး ယော ယကိမ်မင်းရဲ့သားမြေးတွေဟာ ဒါဝိဒ်ရဲ့ပလ္လင်ပေါ်မှာ မထိုင်ရဘူး။ ဘုရားသခင်ရဲ့နှုတ်ကပတ်တော် ကို ငြင်းပယ်တဲ့အတွက် အပြစ်ပေးခံရတယ်။ (Jeremiah 36).

H.**The final fall of Jerusalem** ယေရုရှလင်မြို့ရဲ့နောက်ဆုံးကျဆင်းခြင်း **(Jeremiah 39).**

II.**JEREMIAH'S MINISTRY AFTER THE FALL OF JERUSALEM** ယေရုရှလင်မြို့ကျဆုံးပြီး ယေရမိရဲ့အမှု တော်လုပ်ငန်း **(Jeremiah 40-44).**

A.**To the Jews who were left in Judah** ယုဒပြည်မှာ ဂျူးလူမျိုးများကျန်ရစ်ခြင်း **(Jeremiah 40-44).**

နေဗုခဒ်နေဇာက ယေရုရှလင်ကိုသိမ်းယူပြီး လူတွေကို ဖမ်းသွားတယ်။ ဆင်းရဲသား အနည်းအကျဉ်း ကိုသာ ချန်ထားတယ်။ ယေရမိဟာ အဲဒီဆင်းရဲသား အနည်းအကျဉ်းတွေရဲ့ကြားထဲမှာ အမှုတော် ဆောင်ရတယ်။ ဒါဟာ ဘုရားသခင်ရဲ့အလိုတော်ကို ဆန့်ကျင်ပြီး သူတို့ အီဂျစ်ပြည်ကို မသွားခင် အချိန်အထိ ဖြစ်တယ်။ အီဂျစ်ပြည်ကို မသွားဖို့ သတိပေးရ တယ်။ ဘုရားကိုသာ အားကိုးရမယ်။ (Jeremiah 40-42). လူတွေက ယေရမိကို သူ့ဘုရားသခင်ထံမှာ his (thy) God ဆုတောင်း ပေးပါလို့ ဆိုတယ်။ ယေရမိက "သင်တို့ ပြောသည့်အတိုင်း သင်တို့၏ ဘုရားသခင်ထာဝရ ဘုရားအား ဆုတောင်းမည်။ ထာဝရဘုရားသည် သင်တို့အား မိန့်တော်မူသမျှတို့ကို ငါပြောမည်။ အဘယ်သို့သောအရာကိုမျှ မထိမ်မဝှက်ဟု ပြောဆို၏။" အကယ်စင်စစ် သင်တို့သည် ဤပြည်၌ နေလျှင် သင်တို့ကိုမဖြိုမဖျက် ငါစောင့်မမည်။ သင်တို့ကို မနှုတ်၊ စိုက်ပျိုးမည်။ ငါသည် သင်တို့၌ ရောက်စေသောဘေးဒဏ်ကြောင့် နောင်တရ၏။ သင်တို့ ကြောက်သော ဗာဗုလုန်ရှင်ဘုရင်ကို မကြောက်ကြနှင့်။ ထာဝရဘုရားမိန့်တော်မူသည်ကား ထိုရှင်ဘုရင်ကို မကြောက်နှင့်။ ငါသည် သင်တို့ကို ကယ်တင်၍ ထိုမင်းလက်မှ နှုတ်ယူခြင်းငှါ သင်တို့ဘက်၌ တည်ရှိမည်။ ..." (Jeremiah 42:1-11). ယုဒပြည်က မာနကြီးတဲ့ လူတချို့ဟာ ယေရမိဟာ လိမ်ညာတယ်လို့ စွပ်စွဲကြတယ်။ ခါလဒဲပြည်မှာ အပ်နှံခြင်းလို့ စွပ်စွဲကြတယ်။ (Jeremiah 43:2,3). ဘုရားသခင်ရဲ့အကြံပေး စကားကို နားမထောင်ပဲ အီဂျစ်ပြည်ကို သွားကြ တယ်။ ယေရမိဟာ အီဂျစ်ပြည်မှ သူ့ရဲ့နောက် ဆုံးနိမိတ်လက္ခဏာကို ပြရတယ်။ ယေရမိဟာ ကြီးသောကျောက် တိုင်ကြီးတွေကို ဖာရောဘုရင်ရဲ့အိမ်တော်နား မြေအုတ်ပုံတွေကြားမှာ ဖွက်ရတယ်။ "ငါ၏ကျွန် နေဗုခဒ်နေဇာကို ယူ ဆောင်ပြီးလျှင် ငါမြှုပ်ထားသော သူ၏ရာဇပလ္လင်ကို ငါတည်မည်။ သူသည်လည်း တဲတို့ကို ဤကျောက်တို့အပေါ် မှာ ဖြန့်လိမ့်မည်။ (Jeremiah 43:8-13). ဒီလို ဒုက္ခဆိုးတွေ ကြုံရတာဟာ ဘုရားသခင်ရဲ့ပညတ် တရားကိုနားမထောင်ပဲ အပြစ်ပြုတဲ့အတွက်ကြောင့် ကြုံရတာလို့ ယေရမိက ဆိုတယ်။ (Jeremiah 44:23).

B.**To Baruch on the destruction and desolation to come** ဖျက်ဆီးခြင်းနဲ့ စွန့်ပစ်ခြင်း ရောက်လာမယ့် အကြောင်း ဗာရုတ်ကိုပြောပြရတယ်။ **(Jeremiah 45).**

C.**To the nations** တိုင်းနိုင်ငံများဟောပြောခြင်း **(Jeremiah 46-51).**

Against: Egypt (Jeremiah 46:1-28); Philistia (Jeremiah 47:1-7); Moab (Jeremiah 48:1-7); Ammon (Jeremiah 49:1-6); Edom (Jeremiah 49:7-22); Damascus (Jeremiah 49:23-27); Arabia (Jeremiah 49:28-33); Elam (Jeremiah 49:34-39); Babylon (Jeremiah 50:1-51:64). ကို ဆန့်ကျင်ဟောပြောရခြင်း။

D. **Jeremiah's summary or reviews of the events surrounding the capture of Jerusalem** ယေရုရှလင်မြို့သိမ်းပိုက်ခံရခြင်းနဲ့ ပတ်သက်တဲ့ဖြစ်ရပ်များ အမြင်များကို ယေရမိက အနှစ်ချုပ်ခြင်း **(Jeremiah 52).**

E. ဣသရေလအမျိုးပြန်လာခြင်းနဲ့ ပြန်လည်နေရာချထားခြင်းအကြောင်း ကျမ်းပိုက်များ.

1. ထိုကာလ၌ ငါသည် ဣသရေလအဆွေအမျိုးအပေါင်းတို့၏ဘုရားသခင်ဖြစ်၍ သူတို့ သည် ငါ၏လူ ဖြစ်ကြလိမ့်မည်။ အကယ်စင်စစ် ထာဝရမေတ္တာနှင့် သင့်ကိုငါချစ်၏။ ထို့ကြောင့် ဂရု ဏာကျေးဇူးကို သင်၌ ကြာမြင့်စွာပြပြီ။ သင့်ကို တဖန်ငါတည်ဆောက်သောကြောင့် သင်သည် သန့်ရှင်းခြင်းသို့ရောက်လိမ့်မည်။. .. ဆုတောင်းပဌနာပြုလျက်ရှိသော ထိုသူတို့ကို ငါပို့ဆောင်မည်။ မြစ်နားမှာလျှောက်သောလမ်း၊ ထိမိ၍ မလဲရသော လမ်းဖြောင့်တို့၌ ငါသွေးဆောင်မည်။ အကြောင်း မူကား ငါသည် ဣသရေလအမျိုး၏ ဘုရားသခင် ဖြစ်၏။ ဧဖရိမ်အမျိုးသည် ငါ၏သားဦးဖြစ်၏။ ဝေးသော အရပ်ရပ်တို့၌ ကြွေးကြော်၍ ဣသရေလအမျိုးကို အရပ်ရပ်သို့ကွဲပြားစေသောသူသည် တဖန်စုသိမ်းပြီးလျှင် သိုးထိန်း သည် သိုးတို့ကို စောင့်တတ်သကဲ့သို့ ငါသည်စောင့်ရှောက်တော် မူ၏။. . . သူတို့၏စိတ်ဝိညာဉ်သည် ရေလောင်းသော ဥယျာဉ်ကဲ့သို့ဖြစ်၍ နောက်တဖန် ညှိုးနွမ်း ခြင်းမရှိရ။. . ယဇ်ပုရောဟိတ်တို့ကိုလည်း ဆူဖြိုးသော အမဲသားနှင့် ကျွေး မည်။ ငါ့လူတို့သည်လည်း ငါ့ကျေးဇူးနှင့် ဝပြောကြလိမ့်မည်ဟု ထာဝရဘုရား မိန့်တော်မူ၏။ ငတ်မွတ်သောသူ အပေါင်း တို့ကို ငါကျွေးမွေးမည်။ ရှောင်ပုန်းနေသောသူအပေါင်းတို့ကို သက်သာစေမည်။ အငယ်ဆုံးသောသူမှစ၍ အကြီးဆုံး သော သူတိုင်အောင် လူအပေါင်းတို့သည် ငါ့ကို သိကြလိမ့်မည်။ ထိုအခါ ငါသည် သူတို့ အပြစ်များကိုသည်းခံမည်။ သူတို့ဒုစရိုက်များကို မအောက်မေ့ဘဲ နေမည်ဟု ထာဝရားမိန့်တော်မူ၏။ (Jeremiah 31:1,3,6,8-14,25,34).

2. "ငါ၏သိုးစုမူကား နှင်ထုတ်သောပြည်ရှိသမျှတို့၌ ကျန်ကြွင်းသောသိုးတို့ကို ငါစုဝေး၍ နေရင်းသိုးခြံသို့ ငါဆောင် ခဲ့ဦးမည်။ သူတို့သည်လည်း သားဘွား၍ များပြားကြလိမ့်မည်။ သူတို့ကို ကျွေးမွေးသော သိုးထိန်းတို့ကို သူတို့အပေါ်မှာ ငါခန့်ထားသဖြင့် သူတို့သည် နောက်တဖန် ကြောက်ရွံ့ခြင်းထိတ်လန့်ခြင်း မရှိရ။ ဆုံးမခြင်းကိုလည်း မခံရကြ။ သန့်ရှင်း သောအညွန့်ကို ဒါဝိဒ်အဖို့ ငါ ပေါက်စေသည်အတိုင်း ဉာဏ်ကောင်းသော ရှင်ဘုရင်သည် သူတို့ကို စိုးစံ၍ မြေကြီးပေါ် မှာ တရား သဖြင့်စီရင်ရာကာလသည် ရောက်လိမ့်မည်။ ထိုမင်းလက်ထက်၌ ယုဒပြည်သည် ကယ်တင်ခြင်း သို့ရောက် ၍ ဣသရေလ ပြည်သည်လည်း ငြိမ်ဝပ်စွာနေရလိမ့်မည်။ ထိုမင်းသည် ယေဟောဝါ ဇေဒကိမင်းဟူသော ဘွဲ့နာမရှိ လိမ့်မည်။ (Jeremiah 23:3-6).

3. "ယခုသိမ်းသွားခြင်းကိုခံရသော ငါ၏လူဣသရေလအမျိုးနှင့် ယုဒအမျိုးကို ငါဆောင်ခဲ့ ရသော အချိန်ကာလသည် ရောက်လိမ့်မည်။ သူတို့ဘိုးဘေးတို့ကို ပေးသောပြည်သို့ငါပြန်လာစေ သဖြင့် သူတို့သည် ပိုင်ရကြလိမ့်မည်။ထိုနေ့ရက် ၌ သူတို့ထမ်းရသောထမ်းဘိုးကို သူတို့လည်ပင်း မှ ငါချိုးပယ်မည်။ သူတို့ကို ချည်နှောင်သော ကြိုးများကို ငါဖြတ်မည်။ တပါးအမျိုးသားတို့သည် နောက်တဖန် သူတို့ကို မစေစားရကြ။. . . သင့်ကို ဝေးသောအရပ်မှရင်း၊ သင်၏အမျိုးသား တို့ကို သိမ်းသွားရာပြည်မှရင်း၊ ငါနှုတ်ယူဆောင်ခဲ့သဖြင့် ယာကုပ်အမျိုးသည် ပြန်လာ၍ ချောက်လှန့်သော သူမရှိ ငြိမ် ဝပ်ချမ်းသာစွာနေရလိမ့်မည်။ . . သင့်ကို မဆုံးစေ။ သို့ရာတွင် အပြစ်ကို ရှင်းရှင်းမလွှတ်ပဲ

အတော်အတန်ဆုံးမမည်။. . . သင့်ကို ကိုက်စားသော သူအပေါင်းတို့သည် ကိုက်စားခြင်း၊ သင်၏ ရန်သူအပေါင်းတို့သည် သိမ်းသွားခြင်း၊ သင့်ကို လုယူ ဖျက်ဆီးသော သူအပေါင်းတို့သည် လုယူ ဖျက်ဆီးခြင်းကိုခံရကြမည်။ သင်၏အနာရောဂါများကို ပျောက်စေ၍ ကျန်းမာပကတိရှိစေမည်။ သိမ်းသွားခြင်းကိုခံရသော ယာကုပ်အမျိုးသားတို့၏ တဲများကို ငါဆောင်ခဲ့ဦးမည်။ သူတို့ အိမ်များကို သနားဦးမည်။ ထိုသူတို့ အထဲက ကျေးဇူးကို ချီးမွမ်းခြင်းအသံ ရွှင်မြူးသောသူတို့၏အသံသည် ထွက် လိမ့်မည်။ ထာဝရဘုရားသည် လက်စသတ်၍ အကြံအစည်တော်ကို ပြည့်စုံစေတော်မမူမှီ ပြင်းစွာသောအမျက် တော် မငြိမ်းရ။ (Jeremiah 30:3,8,10,11,16-24).

4. "သူတို့ကိုနှင်ထုတ်ရာတိုင်းပြည်ရှိသမျှတို့မှ တဖန်စုသိမ်း၍ ဤအရပ်သို့ဆောင်ခဲ့ပြီး လျှင်၊ ငြိမ်ဝပ်စွာ နေစေမည်။ သူတို့သည် ငါ၏လူဖြစ်ကြလိမ့်မည်။ ငါသည်လည်း သူတို့၏ဘုရား သခင်ဖြစ်မည်။ သူတို့၌ ထာဝရပဋိညာဉ်ကို ငါထားမည်။ သူတို့သည်လည်း ငါ့ထံမှ မထွက်မသွား မည်အကြောင်း ငါ့ကို ကြောက်ရွံ့သောသဘောနှင့် ပြည့်စုံစေမည်။ သူတို့အား ကျေးဇူးပြုခြင်းအမှု၌ ငါသည် အားရဝမ်းမြောက်၍ ငါ့စိတ်နှလုံးနှင့် နံဝိညာဉ်အကြွင်းမဲ့ပါလျက် သူတို့ကို ဤပြည်၌ ဆက် ဆက်နေရာချမည်။" (Jeremiah 32:37-41).

ယေရမိနဲ့ တခြားပရောဖက်တွေရဲ့ပရောဖက်ပြုချက်တွေဟာ ဣသရေလလူမျိုး ပြည်တော်ပြန်မယ့် အကြောင်းမှာ နှစ်ပိုင်းရှိတယ်။ ဇေရနဲ့ နေဟမိခေတ်မှာ အကျန်အကြွင်း ပြန်လာခြင်းနဲ့ သခင်ခရစ် တော် အနာဂတ်မှာ နိုင်ငံတော် တည်ဖို့ ပြန်လာခြင်းဖြစ်တယ်။.

F. **Things to Think About:**

1. ဣသရေလရဲ့အပြစ်ကြောင့် ကျွန်ဖြစ်ရတယ်။ ဣသရေလရဲ့အပြစ်မျိုး ကိုယ့်အသက်တာထဲမှာ ရှိရဲ့လား။ ပရောဖက်တွေ ပြောတဲ့တရားဟာ နောင်တရဖို့ဖြစ်တယ်။ ကိုယ့်အပြစ်ကို နောင်တရပြီး အနာဂတ်မှာ ဘုန်းတော်ထင်ရှားဖို့ ဆုတောင်းပါသလား။?
2. ဒီသင်ခန်းထဲကနေပြီး ဘုရားသခင်ရဲ့မေတ္တာ ကျေးဇူးတော် ချစ်ခြင်း သနားခြင်းကို သင်ယူမိပါသလား။?

## III. **THE BOOK OF LAMENTATIONS IS JEREMIAH'S SONG OF SORROW FOR FALLEN JERUSALEM** ယေရမိမြည်တမ်းစကားဟာ ယေရုရှလင်မြို့ကျရှုံးရတဲ့အတွက် ယေရမိဝမ်းနည်းစွာဆိုတဲ့ သီချင်းဖြစ် တယ်။

A. ယေရုရှလင်နဲ့ ဗိမ္မာန်တော်ဖျက်ဆီးခံရတဲ့အတွက် ယေရမိ ငိုကြွေးတယ်။ **(2 Kings 25).**

ယေရမိမြည်တမ်းစကားမှာ ကဗျာ ၅ ပုဒ်ပါဝင်တယ်။ နောက်ဆုံးအပုဒ်ကလွဲလို့ ကျန်တဲ့အပုဒ်တိုင်း ဟာ မြို့ပျက်စီးတဲ့အကြောင်း တရားစီရင်ခြင်းအကြောင်း လူမျိုးတွေရဲ့ပျက်ဆီးခြင်းအကြောင်း တွေကို ဖော်ပြတယ်။ "ထာဝရဘုရားသည် သနားတော်မူ၍ ဂရုဏာတော်သည် မကုန်သောကြောင့် ငါတို့သည် ဆုံးရှုံးခြင်းသို့ မရောက်ပဲနေကြ၏။ နံနက်တိုင်း ဂရုဏာတော်အသစ်ကိုခံရကြ၏။ သစ္စာ တော်သည် ကြီးမြတ်ပါ၏။ ငါ့ဝိညာဉ်၏သဘောဟူမူကား ထာဝရဘုရားသည် ငါ၏အဘို့ဖြစ်တော်မူ ၏။ ထိုကြောင့် ကိုယ်တော်ကို ငါမြော်လင့်ပါ၏။ ကိုယ်တော်ကို မြော်လင့်သောသူနှင့် ကိုယ်တော်ကို ရှာသောသူ၏ စိတ်ဝိညာဉ်အား ထာဝရဘုရားသည် ကျေးဇူးပြုတော်မူ၏။"(Lamentations 3:22-25).

B.ယေရုရှလင်မြို့ကို ပစ်ပယ်ခြင်းခံရပြီး ငိုကြွေးတဲ့မုဆိုးမတယောက်အဖြစ် ပုံဖေါ်ထားတယ်။ ဒါပေမယ့် ယေရမိက ထာဝရဘုရားရဲ့ချစ်ခြင်းနဲ့ သနားခြင်းကိုလည်းဖေါ်ပြတယ်။ သန့်ရှင်းသောမြို့ကို ပစ်ပယ်ထားရာကနေ ပြန်လည်အကြည့်အရှုကြွလာမယ်လို့လည်း ပြောထားတယ်။ (Matthew 23:37).

C.မြည်တမ်းစကားကို မျော်လင့်ချက် ဆုတောင်းစကားနဲ့ အဆုံးသတ်ထားတယ်။
"အို ထာဝရဘုရားကိုယ်တော်သည် နိစ္စအမြဲတည်တော်မူ၏။ ပလ္လင်တော်သည်လည်း ထဝရပလ္လင် ဖြစ်ပါ၏။ . . . အကျွန်ုပ်တို့ကို အထံတော်သို့ လှည့်စေတော်မူပါ။ သို့ပြုလျှင် အကျွန်ုပ်တို့သည် ပြန် ၍လာကြပါမည်။ ရှေးကာလကဲ့သို့ အကျွန်ုပ်တို့ကာလကို အသစ်ပြုပြင်တော်မူပါ။" (Lamentations 5:19,21).

## IV.THE BOOK OF HABAKKUK: WHY?

A.ဟဗ္ဗကုတ်အနာဂတ္တိကျမ်းဟာ ဇာဗုလုန်အင်ပါယာရဲ့တန်ခိုးထွားတဲ့အချိန် 627- 597 B.C မှာ ရေးခဲ့ပုံရတယ်။ pre-exile ကျွန်အဖြစ်သိမ်းပိုက်မခံရခင် ကြိုတင်ဟောပြောတဲ့အကြောင်းကတော့ ဆုံးမခြင်း chastisement အကြောင်းဖြစ်တယ်။ ဒီကာလအတွင်းမှာ တခြားပရောဖက်တွေကလည်း ဘုရားသခင်ကို ဘုရင်အဖြစ် ဖြောင့်မတ်သူအဖြစ် ဖြောင့်မတ်စွာအုပ်ချုပ်သူအဖြစ် သတ်မှတ်ကြ တယ်။ ဟဗ္ဗကုတ်ကတော့ ထာဝရဘုရား ကိုယ်တော်တိုင်အကြောင်းကို အခြေခံအဖြစ်ဟော ပြော တယ်။ ထာဝရဘုရားရဲ့ဘုန်းတော်ကို ဟောပြောလေ့ရှိတယ်။ ထာဝရဘုရားရဲ့ဘုန်းတော်ဟာ ဟဗ္ဗကုတ်ကျမ်းရဲ့အဓိက key အချက်ဖြစ်တယ်။.

B.The theme of Habakkuk, ဟဗ္ဗကုတ်ကျမ်းရဲ့အဓိကအချက်ဟာ ဒါဝိဒ်မင်း ဆာလံမှာ ငိုကြွေးသလို ယေရမိ ငိုကြွေးသလိုမျိုးဖြစ်တယ်။ ဒုစရိုက်အပြစ်ကို ဘုရားသခင် ဘာလို့ကြည့်နေ သလဲလို့ မေးခွန်းထုတ်တယ်။ (Habakkuk 1:2-3). သူ့ရဲ့တိုင်းပြည်ဟာ နှစ်ခြမ်းကွဲပြီး အဆင့် အတန်းနိမ့်သွားတယ်။ ပြိုကွဲပြီးတော့ ကျွန်အဖြစ် အသိမ်းခံရတယ်။ ဘုရားသခင်ရဲ့တရား စီရင်ခြင်း ဟာ ရောက်လာပြီး ဖျက်ဆီးခံလိုက်ရတယ်။ ဘုရားသခင်က ဣသရေလအမျိုးကို အပြစ်ပေးပိုင်ခွင့် ရှိတာကို ဟဗ္ဗကုတ်က အဖြေမထုတ်ဘူး။ သူနားမလည်တာကိုပဲ ဝန်ခံတယ်။ ဗိမ္မာန်တော်ဝတ်ပြုခြင်းမှာ ပါဝင်ရင်း သူဟာ ကြိုးတပ်တူရိယာများနဲ့ သူ့ရဲ့သီချင်းကို ငိုကြွေးသီဆိုခဲ့ပုံရတယ်။ (Habakkuk 3:19).

C.ဟဗ္ဗကုတ်ကို ယုံကြည်ခြင်းပရောဖက် the prophet of faith လို့ခေါ်တယ်။ သူက "ဖြောင့် မတ်သောသူမူကား၊ မိမိယုံကြည်ခြင်းအားဖြင့် အသက်ရှင်လိမ့်မည်။" (Habakkuk 2:4) ဒီကျမ်းကို ဓမ္မသစ်မှာ ၃ကြိမ် ကိုးကားတယ်။ (Romans 1:17 – the just; Galatians 3:11 – shall live; Hebrews 10:38 – by faith). ရှင်ပေါလုက Habakkuk 1:5 ကို ကိုးကားပြီး အန္တိ အုတ်မြို့မှာ ရှိတဲ့ ယုံကြည်သူတွေကို ပြောပြတယ်။ (Acts 13:41). ဖြောင့်မတ်ပြီး ကောင်းမွန်တဲ့ ဘုရားသခင် ကို ယုံကြည်ခြင်းဖြင့် ဆိုးညစ်တဲ့လောကကြီးထဲက ဘဝတွေကို ရင်ဆိုင်ရမယ်လို့ဆိုတယ်။ ယောဘ လိုပဲ သူဟာ ဘုရားသခင်ကိုဖက်တွယ်သူဖြစ်တယ်။သူ့ရဲ့စိတ်နှလုံးကိုဘုရားသခင်ထံမှာ သွန်းလောင်းပြီး ဘုရားသခင် ရှင်းပြတဲ့စကားကို စောင့်မျှော်နားထောင်သူဖြစ်တယ်။.

D.**There are two sections to his book:** ဟဗ္ဗကုတ်ကျမ်းကို နှစ်ပိုင်းပိုင်းနိုင်တယ်။

1.ဟဗ္ဗကုတ်ရဲ့စိတ်ရှုပ်ထွေးခြင်းနဲ့ ဘုရားသခင်ရဲ့အဖြေ။ (chapters 1,2)

a. First question: ဘာကြောင့်တရားစီရင်ရသလဲ။ ဘာကြောင့် ဘုရားသခင်တိတ်ဆိတ်နေ သလဲ။ ဘာကြောင့် ဘုရားသခင် ဂရုမစိုက်သလဲ။ ဟဗ္ဗကုတ်ဆုတောင်းတယ်။ ဒါပေမယ့် ထူးခြား ပြောင်းလဲမှုမရှိဘူး။ ဒါက ဘုရားသခင် နားမထောင်သလို ဖြစ်နေတယ်။ (Habakkuk 1:1-4).

Jehovah's answer: တိတ်ဆိတ်စွာနေတယ်ဆိုတာ ဂရုမစိုက်တာ၊ ထူးခြားဟန်မပြတာမဟုတ်ဘူး။ အပြစ်ပေးခြင်းဟာ ခါလဒဲလူတွေ ရောက်လာတယ်။ (Habakkuk 1:5-11).

b. Second question: သန့်ရှင်းတဲ့ဘုရားက သူ့ရဲ့လူမျိုးတော်ကို ဆိုးညစ်တဲ့တိုင်းနိုင်ငံ တနည်း နည်းနဲ့ ဘာကြောင့် အပြစ်ပေးသလဲ။ (Habakkuk 1:12-2:1). "ကိုယ်တော်သည် ဒုစရိုက်ကို ကြည့်ရှုတော်မမူ။ သန့်ရှင်းသော မျက်စိရှိတော်မူ၏။ အဓမ္မအမှုကို ကြည့်ရှု၍ နေတော်မမူတတ်ပါ။ သို့ဖြစ်၍ သစ္စာပျက်သောသူတို့ကို အဘယ်ကြောင့် ကြည့် ရှု၍နေတော်မူသနည်း။ အဓမ္မလူသည် မိမိထက် ဖြောင့်မတ်သောသူကို ကိုက်စားသောအခါ အဘယ်ကြောင့် တိတ် ဆိတ် စွာနေတော်မူ သနည်း။" (Habakkuk 1:13).

Jehovah's answer: ပြည့်စုံတဲ့ဘုရားသခင်ကို မပြည့်စုံတဲ့သူက ဘယ်လိုမှ နားမလည်နိုင်ဘူး။ ဒါပေမယ့် ဖြောင့်မတ်တဲ့သူဟာ ယုံကြည်ခြင်းအားဖြင့် အသက်ရှင်လိမ့်မယ်။ (Habakkuk 2:2-20). လူဆိုးတွေလည်း အပြစ် ပေးခံရမယ်။ ဘုရားသခင် ဘုန်းတော်ထင်ရှားမယ်။ "ပင်လယ်ရေသည် မိမိနေရာကို လွှမ်းမိုးသကဲ့သို့၊ မြေကြီးသည် ထာဝရဘုရား၏ဘုန်းတော်ကို သိကျွမ်းခြင်းပညာနှင့် ပြည့်စုံလိမ့်မည်။" (Habakkuk 2:14). "ထာဝရဘုရားမူကား သန့်ရှင်းသော ဗိမ္မာန်တော်၌ ရှိတော် မူ၏။ မြေကြီးသားအပေါင်းတို့ ရှေ့တော်၌ ငြိမ်ဝပ်စွာနေကြလော့။" (Habakkuk 2:20).

2. Habakkuk's prayer of praise and trust ဟဗ္ဗကုတ်ရဲ့ကျေးဇူးတော်ချီးမွမ်းခြင်းနဲ့ ဘုရားကို အားကိုးခြင်း ဆုတောင်းချက် (chapter 3).

ဟဗ္ဗကုတ်ရဲ့သီချင်းနဲ့ ယုံကြည်ခြင်းရဲ့သီချင်းသံဟာ ဓမ္မဟောင်းကျမ်းမှာ အလှဆုံး ဆာလံသီချင်းတွေ ထဲမှာ အပါအဝင်ဖြစ်လာတယ်။ သူ့ရဲ့ကြောက်ရွံ့မှုကို ဝန်ခံပေမယ့် ဘုရားသခင်ရဲ့အမှုတော်နိုးထဖို့ ဂရုဏာတော်ကို သတိရဖို့ အသနားခံတယ်။ ဘုရားသခင်ကြွလာပြီး ဘုန်းတော်ဟာ မိုးကောင်းကင် ကို ဖြန့်ကျက်တယ်။ မြေကြီးဟာလည်း ချီးမွမ်းခြင်းနဲ့ပြည့်စေတယ်။ (Habakkuk 3:1-19).

E. ဟဗ္ဗကုတ်ကျမ်းရဲ့နိဂုံးဟာ ဘုရားသခင်ကို အားကိုးတဲ့အကြောင်း လုပတဲ့ဖေါ်ပြချက်ဖြစ် တယ်။ "သင်္ဘောသဖန်းပင်မပွင့်ရ၊ စပျစ်ပင်မသီးရ၊ သံလွင်ပင်၏ကျေးဇူးကို မျှော်လင့်၍မခံရ၊ လယ် တို့သည် အသီးအနှံကို မပေးရ၊ သိုးခြံ၌ သိုးကုန်၍ တင်းကုပ်၌နွားမရှိရ။ သို့သော်လည်း ထာဝရ ဘုရား၌ ငါဝမ်းမြောက်၍ ငါ့ကိုကယ်တင် တော်မူသော ဘုရားသခင်ကို အမှီပြုလျက် ရွှင်လန်းမည်။ အရှင် ထာဝရဘုရားသည် ငါ၏အစွမ်းသတ္တိ ဖြစ်တော်မူ၏။ ငါ့ခြေကို သမင်ခြေကဲ့သို့ဖြစ်စေ၍ ငါ၏ မြင့်ရာအရပ်ပေါ်မှာ ငါ့ကို နေရာချတော်မူမည်။" (Habakkuk 3:17-19).

F. **Things to Think About:**

1. သူ့ဘေးကမကောင်းတဲ့အမှုတွေကို ဟဗ္ဗကုတ်က ဘယ်လို ရင်ဆိုင်ဖြေရှင်းခဲ့သလဲ။ ဘုရားသခင်ကို အားကိုးတယ်။ ဘုရားသခင်၌ ဝမ်းမြောက်တယ်။ ကိုယ့်ဘေးက အခြေအနေ တွေကိုကြည့်ပြီး "Why"? ဘာကြောင့်လဲလို့ မေးရတာ တွေရှိသလား။ ဘုရားသခင်ထံ လှည့်ပြန် ပြီး ဘုရားကို အားကိုးဖို့ လိုတယ်။?

2. သူ့လက်ထဲမှာ ဘာမှမရှိပေမယ့် ဟဗ္ဗကုတ်က ဘုရားသခင်၌ ဝမ်းမြောက်နိုင်တယ်။ သင့်အသက်တာမှာ လည်းဘာမှမရှိပဲ ဘုရားသခင်၌ ဝမ်းမြောက်နိုင်သလား။ အဲဒီလို အခြေ အနေမျိုးမှာ ဝမ်းမြောက်နိုင်ပြီလား?

**Exam - Lesson 16**

Name ________________________________________________

Address________________________________________________

Multiple choice (Circle only one letter as the correct answer unless otherwise indicated. You may use your Bible when so indicated, but we trust you not to look up the answers in the lesson)

1.What is essential to biblical obedience and obtaining peace and purity? (value 3 points) ကျမ်းစာနည်းကျသောနာခံခြင်း၊ ငြိမ်သက်ခြင်း၊ သန့် ရှင်းခြင်းဆိုသည်မှာ အဘယ်နည်း

a) understanding the system of the law and keeping it ပညတ်တော်များကိုနားလည်လိုက်လျှောက်ခြင်း
b) understanding the meaning of obedience and peace နာခံခြင်းနှင့်ငြိမ်သက်ခြင်းကို နားလည်ခြင်း
c) understanding the reasons and results of judgment and accepting as just တရား စီရင်ခြင်း၏ အကျိုး နှင့်အကြောင်းကိုနားလည်ပြီး ဖြောင့်မတ်ခြင်းကိုလက်ခံခြင်း

2.What was this lesson about? (value 3 points) ဤသင်ခန်းစာသည် မည်သည့် အကြောင်းပြောထားသနည်း

a) about the sins of Israel (10 northern tribes) ဣသရေလလူတို့ အပြစ်အကြောင်း
b) about the fall of Judah ယုဒလူတို့ ကျရှုံးခြင်းအကြောင်း
c) about the last kings of Israel ဣသရေလလူတို့ ၏နောက်ဆုံးဘုရင်အကြောင်း

3.Of what is the judgment of God an expression? (value 3 points) ဘုရားရှင်၏ စီရင်ခြင်းကို မည်သို့ ဖေါ်ပြမည်နည်း

a) God’s love ဘုရားရှင်၏မေတ္တာ
b) God’s mercy ဘုရားရှင်၏ကရုဏာ
c) God’s holiness ဘုရားရှင်၏သန့် ရှင်းခြင်း

4.What does Jeremiah warn Judah and Jerusalem about? (value 3 points) ယေရမိ က ယုဒနှင့်ယေရုရှလင်ကို မည်သည့်အတွက် သတိပေးခဲ့သနည်း

a) about making commitments to foreigners တိုင်းတပါးသားတို့ နှင့်ရောနှောခြင်းအကြောင်း
b) about the coming captivity ဖမ်းသွားချုပ်ထားခံရမည့်အကြောင်း
c) about a coming famine အစာခေါင်းပါးမည့်အကြောင်း

5.To whom did Jeremiah minister after the fall of Jerusalem? (value 3 points) ယေရုရှလင်ကျရှုံးပြီးနောက် ယေရမိက မည်သူကိုအမှုဆောင်ခဲ့သနည်း

a) to the remnant in Judah  ယုဒအကြွင်းအကျန်များ

b) to Baruch ဘာရု

c) to the nations နိုင်ငံများ

6.What is the book of Lamentations about?  (value 3 points) မြည်တမ်းခြင်းကျမ်းသည် မည်သည့်အကြောင်းရေး ထားသနည်း

a) about Ezekiel's sorrow for the Jews ဂျူးလူမျိုးများအတွက် ပရောဖက် ယေဇကျေလ၏ ဝမ်းနည်းခြင်း

b) about Daniel's prayers for the Gentile nations တပါးအမျိုးသားများတွက် ဒံယေလ၏ ဆုတောင်းချက်

c) about Jeremiah's weeping for the destruction of Jerusalem and the temple  ယေရုရှလင်မြို့ နှင့်ဗိမာန် တော် အတွက် ယေရမိ၏ငိုကြွေးခြင်း

7.What do the books of Jeremiah and Habakkuk show? (value 3 points) ယေရမိကျမ်း နှင့်ဟဘာကုတ်ကျမ်းသည် မည်သည့်အကြောင်းဖေါ်ပြထားသနည်း

a) They show the rebuilding of the temple in Jerusalem. ယေရုရှလင်ဗိမာန် အကြောင်းဖေါ်ပြသည်

b) They show the Babylonian captivity and the destruction of Jerusalem and the temple.  ဗာဗုလုံသို့ သိမ်းသွားခြင်းနှင့် ယေရုရှလင်မြို့ ၊ဗိမာန်တော်ပျက်စီးခြင်းကိုဖေါ်ပြသည်

c) They show how the people worshipped in the temple. ဗိမာန်တော်တွင် မည်သို့ ကိုးကွယ်ကြသည်ကို ဖေါ်ပြသည်

8.Why did God allow Judah to go into captivity in Babylon? (value 3 points) အဘယ့်ကြောင့် ဘုရားရှင်က ယုဒလူတို့ ကို ဘေဘီလုံသို့ သိမ်းသွားခြင်းခံစေသနည်း

a) because they destroyed their own temple သူတို့ ၏ဗိမာန်ကိုဖျက်ဆီးသောကြောင့်

b) because they turned their backs on God  ဘုရားရှင်ကို သူတို့ ကျောခိုင်းသောကြောင့်

c) because of Judah's idolatry ယုဒ၏ မှားယွင်းသောကိုးကွယ်မှုကြောင့်

9.What two periods of Israel's history did Jeremiah's ministry span?  (value 3 points) ဣသရေလ၏သမိုင်းတွင် ယေရမိအမှုတော်ဆောင်သော ကာလ၂-ခုကား အဘယ်နည်း

a) the pre-exilic and exilic periods  သိမ်းသွားခြင်းမခံမှီနှင့်သိမ်းသွားချိန်ကာလ

b) the exilic and post-exilic periods သိမ်းသွားချိန်နှင့်သိမ်းသွားပြီးကာလ

c) the prophetic and kingdom periods ပရောဖက်ပြုခြင်းနှင့်နိုင်ငံတော်တည်ခြင်းကာလ

10.Jeremiah was:  (value 3 points) ယေရမိသည်

a) a prophet by birth, appointed a priest မွေးစကပင်ပရောဖက်ဖြစ်ပြီး ယဇ်ပုရောဟိတ် ကိုခန့် ထားသူဖြစ်သည်

b) a prophet, but not a priest ပရောဖက်ဖြစ်သော်လည်း ယဇ်ပုရောဟိတ်မဟုတ်ပေ

c) a priest by birth, called to be a prophet မွေးစကပင်ယဇ်ပုရောဟိတ်မျိုးဖြစ်ပြီးပရောဖက်ဟုခေါ်ဆိုသည်

11.What did Jeremiah tell Judah in warning them of the coming judgment? (value 3 points) တရားစီရင်ချိန် ရောက်လာမည့်အကြောင်း ယုဒလူတို့ အား သတိပေးရာတွင် ယေရမိက ဘာပြောခဲ့သနည်း

a) He told them to follow God, even into captivity in Babylon. ဗာဗီလုံသို့ သိမ်းသွား ခံရသော်လည်း ဘုရား ရှင်နောက်တော်သို့ လိုက်ရန်

b) He told them to repent and reform their lives in Jerusalem. အပြစ်နောင်တရပြီး ယေရုရှလင်၌အသက်တာ ပြောင်းလဲကြရန် သတိပေးသည်

c) He told them to go to Egypt to escape the Babylonians. ဗာဗီလုံမှထွက်ပြီး အီဂျစ်ပြည်သို့ သွား ရန်ပြောသည်

12.When would God bring back the Jewish exiles as a united nation? (value 3 points) ဘုရားရှင်သည် ပြန့်ကြဲနေသောဂျူးများအား မည်သည့်အချိန်တွင် စုစည်းမည်နည်း

a) when He was ready to punish the enemies of Judah ယုဒရန်သူများအား ဒဏ်ခတ်ဖို့ အချိန်ကျသောခါ

b) when they had stronger leaders, who would be devoted to God ဘုရားရှင်ကို ဆည်း ကပ်သော သန်စွမ်း သည့်ခေါင်းဆောင်များ သူတို့ ရရှိသောခါ

c) when they repented and returned to Him သူတို့ နောင်တရပြီး ဘုရားရှင်ထံ လှည့်လာ သောခါ

13.What did Israel do when Jeremiah warned them? (value 3 points) ယေရမိသတိပေး သောခါ ဣသရေလလူများ ဘာလုပ်ကြသနည်း

a) They repented and returned to God. သူတို့ နောင်တရပြီးဘုရားရှင်ထံလှည့်လာကြသည်

b) They held a feast of rejoicing. ပျော်ရွှင်စွာပွဲတော်ဆင်နွှဲကြသည်

c) They refused to return and ignored his warnings. သူ၏သတိပေးချက်ကို ဂရုမစိုက်၊ ဘုရားရှင်ထံသို့ လည်းလှည့်မလာကြပေ

14.What did Jeremiah ask God to help him understand? (value 3 points) ယေရမိက သူ့ ကိုနားလည်ပေးဖို့ ဘုရား ရှင်အား ဘာတောင်းလျှောက်သနည်း

a) why the unrighteous prosper and the righteous suffer အဘယ်ကြောင့် လူဆိုးများ ကြီးပွါးပြီး လူလိမ္မာများ ဆင်းရဲကြသနည်း

b) why the people were so against him အဘယ်ကြောင့် လူများကသူ့ ကို ဆန့် ကျင်ကြ သနည်း

c) why Babylon was attacking them အဘယ်ကြောင့် ဗာဗီလုံကသူ့ ကို တိုက်ခိုက်သနည်း

15.How long did Jeremiah say the captivity would last? (value 3 points) ဖမ်းသွားချုပ်ထားခြင်းကာလမည်မျှကြာမည်ဟု ယေရမိပြောခဲ့သနည်း

a) 400 years နှစ်ပေါင်း ၄၀၀
b) an indefinite period ကာလအကန့် အသတ်မရှိ
c) 70 years နှစ် ၇၀

16.What is Habakkuk primarily concerned with in his message to the people? (value 3 points) ဟဗက္ကုပ်၏သူ့ လူများကို ပေးချင်သော အဓိကသတင်းစကားမှာ အဘယ်နည်း

a) the reasons for the downfall ကျရှုံးရသည့်အကြောင်း
b) the glory of Jehovah Himself ထောက်ပံ့သောအရှင်၏ဘုန်းတော်
c) the future re-gathering of Israel အနာဂါတ်ကာလ ဣသရေလလူများပြန်လည်စုစည်းခြင်း

17.What is the theme of the book of Habakkuk? (value 3 points) ဟဗက္ကုပ်ကျမ်းစာ၏အဓိက သတင်းစကားမှာ အဘယ်နည်း

a) Who? ဘယ်သူ
b) Why? ဘာကြောင့်
c) How? ဘယ်လို

18.Who said these words: "The heart is deceitful above all things, and desperately wicked, who can know it?" (value 3 points) နှလုံးသည် အရာခပ်သိမ်းထက် စဉ်းလဲ၏၊ အစဉ်ကောက်ကျစ်၏၊ထိုအရာကို မည်သူသိ နိုင်သနည်း ဟူသောစကားကို မည်သူပြောခဲ့သနည်း

a) Habakkuk ဟဗက္ကုက်
b) Hezekiah ဟေဇကိ
c) Jeremiah ယေရမိ

19.Who said these words: "the just shall live by faith"? (value 3 points) ဖြောင့်မတ်သူသည် ယုံကြည်ခြင်းအားဖြင့် အသက်ရှင်မည် ဟူသောစကားကို မည်သူပြောသနည်း

a) Habakkuk ဟဗက္ကုက်
b) Jeremiah ယေရမိ
c) Nebuchadnezzar နေခဗုနေဇာ

Matching

20.Match these words with the proper definitions: (value 27 points) အောက်ပါတို့ ကို မှန်ကန်စွာဖြည့်ပါ

_______Being held prisoner, under the control of someone else a.) imminent invasion

တဦးတယောက်၏ထိန်းချုပ်မှုအောက်တွင် ထိန်းသိမ်းခံရခြင်း

_______Setting the heart apart to God, separate from others; given to God; marked for God as the Jews marked a male child belonging to the race of Israel ဂျူးလူမျိုးများ၏ သားယောကျ်ားကို ဣသရေလ မျိုးနွယ်တွက် အခြားသူတို့ နှင့်ခွဲနေပြီး နှလုံးသားကို ဘုရားရှင်တွက် ချန်ထားခြင်း၊ ဘုရားရှင်ထံအပ်နှံခြင်း၊ ဘုရားရှင်တွက်လုပ်ဆောင်ခြင်း b.) pre-exilic

_______The time belonging to the period of the exile or captivity c.) captivity

ဖမ်းသွားချုပ်ထားရာကာလနှင့်ဆိုင်သောအချိန်

_______A forced entry of an enemy, ready to happen at any time d.) exilic

ရန်သူအတင်းဝင်ရောက်ကျူးကျော်ခြင်း၊ အချိန်မရွေးဖြစ်နိုင်ချေတွက် အသင့်ပြင်ဆင်ခြင်း

_______Not doing what is right or just, infidelity; failure to meet moral standards မှန်သောအရာ လျှောက်ပတ်သောအရာကို မလုပ်ခြင်း၊ ကိုယ်ကျင့်တရား စောင့်ထိန်းရန်ပျက်ကွက်ခြင်း e.) circumcision

_______A judicial order directing payment of a debt f.) yoke

ပေးရန်အကြွေးအတွက် တရားရုံးအမိန့်

_______The time before the exile or captivity g.) immorality

ဖမ်းသွားချုပ်ထားခြင်းမခံရမည် အချိန်ကာလ

_______A wooden or metal frame that couples together two work animals; symbol of bondage or servitude (Jeremiah 28:13-17) ချုပ်နှောင်ခြင်းအဓိပ္ပါယ်ကို ဆောင်သောသစ်သား သို့မဟုတ် သံချောင်းအား တိရစ္ဆာန်ပုခုံးပေါ်တွင် တင်ဆောင်ချည်နှောင်ခြင်း h.) judgment

_______A union of godly and ungodly i.) unequally yoked

ဘုရားကိုယုံကြည်သူနှင့် မယုံကြည်သူကို အတူတကွပေါင်းဖက်စေခြင်း

21.Match the signs with the explanation: (value 16 points) အောက်ပါတို့ ကို ယှဉ်တွဲပါ

_______The sign of Israel who clung to the Lord, but ruined herself through pride and sin ဘုရားကို မှီခိုအားထားသော်လည်း မာနနှင့်အပြစ်ကြောင့် ပျက်စီးရ သောဣသရေလလူတို့ ကို ပုံဆောင်သည့်သင်္ကေတ

a.) celibacy

_______The sign of desolation and captivity, b.) the drought

နိုင်ငံပျက်စီးခြင်းနှင့်ဖမ်းသွားချုပ်ထားခြင်းကိုခံရသောသင်္ကေတ

_______The sign of impending judgment c.) the field

နောင်လာမည့်တရားစီရင်ခြင်း၏သင်္ကေတ

_______The sign of the sovereignty and omnipotence of God d.) the potter and the clay

ဘုရားရှင် နေရာတိုင်းတွင်ရှိကြောင်း၊အချုပ်အခြာအာဏာပိုင်ကြောင်းသင်္ကေတ

_______The Jews after the second deportation and Jews carried into captivity in Babylon ဒုတိယအကြိမ်ပြည်နှင်ဒဏ်ပေးခံရပြီး ဘေဘီလုံသို့ ဖမ်းသွားချုပ်ထားခံရသော ဂျူးလူမျိုးများ

e.) the wine cup of fury

________a sign of slavery ကျွန်ခံခြင်းသင်္ကေတ

f.) the yokes

________The sign of Jeremiah's confidence that Israel would return to claim their land ဣသရေလလူများ သူတို့ အားပေးထားသည့် ကတိတော်မြေအား သိမ်းပိုက်မည် ဟုယုံကြည်သောယေရမိ၏ သင်္ကေတ

g.) the linen girdle

_______This sign stands for the judgment on the nations နိုင်ငံများအပေါ်တရားစီရင်ခြင်းရောက်မည်ဟူသော ရုပ်တည်ချက်သင်္ကေတ

h.) the figs

Exploring God's Word

A Survey of the Old and New Testaments

Prepared by Polly Strong B.R.E., B.A., M.A.

For Rogma International, Inc. (All Scripture quotations from the KJV of the Bible)

Copyright by Rogma International, Inc. All rights reserved.

---

## Lesson 17

## Section VI – Broken

## Broken Spirits – Profiting from Judgment in Captivity

ကျိုးပဲ့ကြေမွသောစိတ်နလုံး - ကျွန်ခံရာ တရားစီရင်ခံရာမှ ရတဲ့အကျိုး

**Theme**: ဘုရားသခင်ရဲ့သန့်ရှင်းခြင်းကို နားလည်ဖို့ရာ တရားစီရင်ခြင်းနဲ့ တရားမျှတမှု အကြောင်းကို အရင်သိဖို့လိုတယ်။ တရားမျှတခြင်းအကြောင်းနားလည်ဖို့ရာ တရားစီရင်ခြင်းကို လက်ခံဖို့လိုတယ်။

**Goal**: တရားစီရင်ခံရခြင်း ဆုံးမခြင်းမှ ရနိုင်တဲ့အကျိုးကိုသင်ယူပါ။ (Hebrews 12).

**Summary**: ယေဇကျေလနဲ့ ဒံယေလဟာ ဗာဗုလုန်ကျွန်ခံရာအနှစ် ၇၀အတွင်း ကျမ်းစာ ရေးသား ခဲ့တယ်။ ဘုရား သခင်ထံ စိတ်နလုံးဖွင့်ပြီးပြန်လာဖို့ တပါးအမျိုးသားတို့ထံ ကယ်တင်ခြင်းတံခါးဖွင့်ဖို့ အားပေးရေးသားခဲ့တယ်။ ဗာဗုလုန် ကျွန်ခံရာကာလအဆုံးမှာ ဗိမ္ဗာန်တော်ပြန်တည်ဖို့ မျှော်လင့်ခြင်း ရှိဖို့လည်း ရေးသားတယ်။ ယေဇကျေလက ဘုရား သခင် ရဲ့ဗိမ္ဗာန်တော်မှာ ဘုန်းတော် ဝိညာဉ်တော် သက်ရောက်တဲ့အကြောင်း ဗာဗုလုန်မှာရှိတဲ့ကျွန်ခံရသူတွေကို ပြော တယ်။ ယေဇကျေလကျမ်း ထဲ မှာ "the glory of the Lord. ဘုရားသခင်ရဲ့ဘုန်းတော်" ဆိုတဲ့စကား အကြိမ်များစွာ ပါတယ်။ ဓမ္မဟောင်းမှာ ထာဝရဘုရားရဲ့ဘုန်းတော်ဟာ အတူရှိခြင်းကိုပြတယ်။ တဲတော် အသန့်ရှင်းဆုံး အခန်းမှာရှိတဲ့ ခေရုဗိမ်ကြားမှာ အလင်းထွန်းတောက်တာကိုလည်း ပြောတယ်။ ခေရုဗိမ်ဆိုတာက သန့်ရှင်းခြင်းဟာ ကာကွယ်ပေးတာ ကို ဆိုလိုတယ်။ (ကမ္ဘာဦး ၃နဲ့ ဗျာဒိတ် ၄) ကို ကြည့်ပါ။ ထာဝရ ဘုရားရဲ့ဘုန်းတော်ကိုမြင်ရသူဟာ ကိုယ့်အပြစ် ရှိ ကြောင်းနဲ့ အပြစ်တရားစီရင်ခံရကြောင်းကို နား လည်လာတယ်။ ငါသည်ဘုရားသခင်ဖြစ်ကြောင်း သင်တို့သိရလိမ့် မည်ဆိုတဲ့စကားဟာထွက်မြောက် ရာကျမ်းထဲမှာလိုပဲ ယေဇကျေလကျမ်းထဲမှာတွေ့ရတယ်။ (Ezekiel 6:7,10,13,14; 7:4,9,27; 11:10,12; 12:15,16,20; 13:9,14,21; 14:8; 15:7; 16:62; 17:21,24;20:20,38,42,44; 21:5; 22:16,22; 23:49; 24:24,27; 25:5,7,11,17; 26:6; 28:22,23,24,26; 29:6,9, 16, 21;30:8,19,25,26; 32:15; 33:29; 34:27,30; 35:4,9,12,15;36:11,23,36,38; 37:13; 38:23; 39:6,7,22,28.)

ပရောဖက် ဒံယေလဟာ ဂျူးလူမျိုးတွေထက် တပါးအမျိုးသားတွေနဲ့ ပိုထိတွေ့ခဲ့ရသူဖြစ်တယ်။ (Matthew 24:15). တပါးအမျိုးသားနိုင်ငံထဲမှာ အလုပ်လုပ်ရင်း ပုံသက်သေ ပြခဲ့ရသူ ဖြစ်တယ်။ သူ့ကျမ်းထဲမှာ တွေ့ရတဲ့တိုင်းနိုင်ငံဟာ

ရောမအင်ပါယာထဲက ရှေးခေတ်အမျိုးသား နိုင်ငံတွေဖြစ် တယ်။ ဒါပေမယ့် ဒီနိုင်ငံတွေဟာ အနာဂတ်မှာလည်း ပါဝင်ပတ်သက်နေတယ်။

**Date: 605 to 537 B.C. – time of the captivity in Babylon**

**Outline:**

| | | |
|---|---|---|
| Ezekiel | chapters 1-24 | Tဘုရားသခင်ရဲ့ဘုန်းတော်ကို ဣသရေလဟာနှုတ်ပယ်ပြီ။ |
| | chapters 25-32 | တိုင်းနိုင်ငံများအပေါ် ဘုရားသခင်ရဲ့တရားစီရင်မှုနဲ့ ဘုန်းတော |
| | chapters 33-48 | ဘုရားသခင်ရဲ့ဘုန်းတော် ပြန်သက်ရောက်ခြင်း |
| Daniel | chapter 1 | တပါးအမျိုးသားဓလေ့ထုံးစံကို ဒံယေလငြင်းပယ်တယ်။ |
| | chapter 2 | ဂျူးလူမျိုးတွေက တပါးအမျိုးသားအတွေးအခေါ် လက်မခံဘူး။ |
| | chapters 3-5 | တပါးအမျိုးသားမာနကို ဘုရားကလက်မခံဘူး။ (ဘုရင်တွေကို တရားစီရင်တယ်။) |
| | chapter 6 | ဒံယေလဟာ တပါးအမျိုးသားတွေရဲ့ညှင်းဆဲနှိပ်စက်မှုကို ခုခံခဲ့ရတယ်။ |
| | chapters 7-12 | တပါးအမျိုးသားနိုင်ငံတွေကို တရားစီရင်မယ့်အကြောင်းဖေါ်ပြတယ်။ |

**People to know:**

Ezekiel:Nebuchadnezzar, Belshazzar (son of Nebuchadnezzar), Darius Daniel (Belteshazzar): Hananiah (Shadrach), Mishael (Meshach), Azariah (Abed-nego)

Places to know: Judah: Jerusalem Philistines, Tyre Babylon

Words and phrases to know: (Know these for the exam)

adultery: willful infidelity in a marriage contract by intercourse with a third party; symbol of idolatry Ancient of Days: expression of reverence showing Jehovah older than creation (and all "new gods") fornication: unlawful intercourse between unmarried partners; symbolic of idolatry

Gentile: ဟေဗြဲလူမျိုး မဟုတ်တဲ့ တပါးအမျိုးသားများ။

Maccabees: ရောမတို့ မသိမ်းပိုက်ခင် B.C 167 မှ စ၍ တိုင်းပြည်ကို ခုခံကာကွယ်သူ မိသားစု တစု။

millennium: the thousand year future reign of Christ on earth when He will again establish His kingdom over Israel (Revelation 20; Acts 1:6)

profane: make common, defile that which is to be kept sacred

promiscuous: having sexual relations with many casual partners

restoration: မူလ အခြေအနေ၊ မူလပိုင်ရှင်ထံ ပြန်ပို့ပေးတယ်။

seventy weeks of Daniel: refers to seventy weeks of years in Daniel's prophecy

symbols: visual objects or actions used to represent abstract or immaterial principles, events, etc.

## Introduction

### I. **EZEKIEL (592-570 B.C.),THE MAN AND HIS MESSAGE** သူနဲ့သူ့ရဲ့တရားစကား

A.ယဇ်ပုရောဟိတ်ရဲ့သားတယောက်ဖြစ်တဲ့ ယေဇကျေလဟာ ယေခေါနိမင်းလက်ထက်မှာ ကျွန်ခံ ရာသို့ ဖမ်းသွား ခံရတယ်။ ဗိမ္မာန်တော်မပြိုပျက်ခင် ၁၁နှစ်အလိုမှာဖြစ်တယ်။ သူ့အသက် ၂၅ နှစ် အရွယ်မှာ ဗာဗုလုန်ကို ရောက်တယ်။ နောက် ၅နှစ်အကြာမှာ အမှုတော်ဆောင်တယ်။ ဗာဗုလုန်မှာ အခြေချနေပြီး အိမ်တွေဆောက်ဖို့ သစ်ပင်တွေစိုက်ဖို့ ပြောတယ်။ ယေရမိရဲ့စာရောက်ပြီး တနှစ် အကြာမှာဖြစ်တယ်။ (Jeremiah 29) သူဟာ ယေရမိ လက်အောက်မှာ လေ့လာသင်ကြားဖူးပုံရ တယ်။ ယေရှုရှလင်ဗိမ္မာန်တော်မှလည်း သင်ကြားခံယူပုံရတယ်။ ယေရမိတရားကို ဗာဗုလုန်ကျွန်ခံရ သူကြားထဲမှာ ဆက်ဟောခဲ့တယ်။ မိစ္ဆာပရောဖက်တွေက ယေရှုရှလင်ကို ပြန်လည်ရရှိမယ်ဆိုတဲ့ စကားကို မယုံဖို့ဟောတယ်။ ဗာဗုလုန်မှာအခြေချပြီး ထာဝရဘုရားကိုရှာဖို့ သူဟောပြောခဲ့တယ်။

B.ဘုရားသခင်က နောင်အနှစ် ၇၀ကြာမှအကြည့်အရှုလာမယ်လို့ ပြောပြီးသားဖြစ်တယ်။ ယေဇ ကျေလက "ဗာဗု လုန်မြို့၌ အနှစ် ၇၀ ဆေးသောအခါ သင်တို့ကို ငါ အကြည့်အရှု ကြွလာမည်။ ငါထားသော ဂတိကောင်းကို တည်စေမည်။ သင်တို့ကို ဤပြည်သို့ပို့ဆောင်မည်။ တဖန်မိမိန့်တော်မူ သည်ကား ငါသည် သင်တို့ကို အကျိုးနည်း စေခြင်းငှါ ကြံစည်သော အကြံမဟုတ်။ သင်တို့သည် မျှော်လင့်သောအကျိုးကိုရမည့်အကြောင်း ငြိမ်ဝပ်စေခြင်းငှါသာ ကြံစည်သောအကြံအစည်တို့ကို ငါတည်မည်။ (Jeremiah 29:10,11) ယေဇကျေလဟာ ထာဝရဘုရား ယေရှုရှလင်ကို အကြည့် အရှုပြန်ကြွလာမယ်ဆိုတဲ့ မျှော်လင့်ခြင်းကို သတိပေးတယ်။ ဒါဟာ ဘုရားသခင်ရဲ့ဝိညာဉ်တော် လုပ်ဆောင်မှုကြောင့်သာဖြစ်ပြီး သန့်ရှင်းတယ်လို့ဆိုတယ်။

C.ယေဇကျေလကျမ်းထဲမှာပါတဲ့ ဘုရားသခင်ရဲ့သမ္မာတရားကျမ်းတွေဟာ ရုပ်ပုံတွေ ပုံဆောင် ချက်တွေနဲ့ ဖော်ပြ ထားတယ်။ ယေဇကျေလကိုယ်တိုင်ခံရတဲ့ ဒုက္ခကိုလည်း ပုံဆောင်ချက်အဖြစ် တွေ့ရတယ်။ ဒံယေလနဲ့ ဗျာဒိတ်ကျမ်း မှာလည်း ပုံဆောင်ချက်တွေ တွေ့ရတယ်။ ဘုရားသခင်ရဲ့လူမျိုးတော်ဟာ သူတို့တိုင်းပြည်ကို စွန့်ခွါသွားရတဲ့အချိန်မှာ ဒီလိုပုံဆောင်ချက်တွေနဲ့ ဘုရား သခင်ကသွန်သင်လေ့ရှိတယ်လို့ ဆိုနိုင်ပါတယ်။.

D.ယေဇကျေလက ယုဒအတွက်သာမဟုတ်ပဲ ဣသရေလတနိုင်ငံလုံးအတွက် ဟောပြောတယ်။ သူ့ရဲ့အမှုတော်ဟာ

1.ဣသရေလလူမျိုးကိုပျက်စီးခြင်းရောက်စေတဲ့ အပြစ်ကနေ ရှောင်ကျင်ဖို့

2.ကျွန်ခံရသူတွေကို အားပေးဖို့ ထောက်ပံ့ဖို့ ဒါဝိဒ်ရဲနိုင်ငံတော်ကို ပြန်လည်ထူထောင်ဖို့ မျှော် လင့်ခြင်းကိုပေးတယ်။ (Isaiah 6:1-5; Revelation 1:17). ဒီလိုနိုင်ငံပြန်ထူထောင်ဖို့ဟာ ဣသရေလမှာ စိတ်နှလုံးရှိပြီး ဘုရားသခင်ရဲ့ဝိညာဉ်တော်ဟာ သူတို့အပေါ်မှာတည်နေမှ ဖြစ်နိုင် တယ်။

E.ယေဇကျေလ ကြိုတင်ဟောပြောတာက:

1.ဗိမ္မာန်တော်ဖျက်ဆီးခြင်းနဲ့ ဖျက်ဆီးရတဲ့အကြောင်းအရင်း (Ezekiel 1-24)

2.တပါးအမျိုးသားတိုင်းနိုင်ငံများက ယေရှုရှလင်ကို ပစ်ပယ်ထားကြခြင်း (Ezekiel 25-32)

3.အနာဂတ်မှာ ဣသရေလနိုင်ငံပြန်တည်ထောင်ခြင်း (Ezekiel 33-48)

## II.DANIEL (605-537 B.C.), THE MAN AND HIS MESSAGE သူနဲ့ သူ့ရဲ့တရားစကား

A.ဒံယေလဟာ ယောယကိမ်မင်းလက်ထက်မှာ ယေဇကျေလကို ဖမ်းမသွားခင် ၈ နှစ်အလိုမှာ ပထမဦးဆုံးအကြိမ် ဗာဗုလုန်ကို ဖမ်းသွားခံရသူဖြစ်တယ်။ ဆိုးညစ်တဲ့ ဗာဗုလုန်အသိုင်းအဝိုင်းကြား မှာ ဘုရားဝတ်မွေ့လျော်ပြီး ၆၉ နှစ် ကာ နေထိုင်ခဲ့တယ်။ ဘုရားသခင်ပေါ်မှာ သစ္စာရှိမြဲ ကြည်ညိုမြဲ ဖြစ်ပြီး ရွေ့လျော့သွားခြင်းမရှိဘူး။ ဗာဗုလုန် မေဒိနဲ့ ပါရှား အင်ပါယာမှာ ရာထူးကောင်းကောင်းရ ပေမယ့် ပြောင်းလဲမသွားဘူး။ သူဟာ အုပ်ချုပ်ရသူဖြစ်ပေမယ့် ဘုရား သခင် ရဲ့အစေခံကျွန် ပရော ဖက်ပဲဖြစ်တယ်။ နန်းတော်ထဲမှာ ပညာသင်ကြားခဲ့ရပြီး ဆိုးညစ်တဲ့ အသိုင်းအဝိုင်းထဲမှာ ဖြောင့် မတ် စွာ အသက်ရှင်သူဖြစ်တယ်။ သူ့ဘဝရဲ့အဓိကရည်ရွယ်ချက်က ဘုရား ဘုန်းတော်ထင်ရှားဖို့ ဘုရား အမှုတော် ဆောင်ဖို့ပဲဖြစ်တယ်။

B.အပြောင်းအလဲကာလ ပရောဖက်တယောက်ဖြစ်တယ်။ ဒံယေလဟာ ဣသရေလ မင်းများခေတ် ဆုံးကာလမှာ အသက်ရှင်ခဲ့ရတယ်။ ဓမ္မသစ်ကာလ ပရောဖက်ပြုချက်များနဲ့ တပါးအမျိုးသားများ ခေတ်ကာလကို မိတ်ဆက်ပေး ရတယ်။ သူ့စကားက ယုဒနဲ့ ဣသရေလအမျိုးသားများအတွက် မဟုတ်ပဲ တပါးအမျိုးသားနဲ့ တလောကလုံး အတွက်ဖြစ်တယ်။ ဓမ္မဟောင်းကာလဟာ ကျန်တဲ့ကျမ်း အများစုနဲ့ ဓမ္မသစ်ရဲ့ကျမ်း ၄ကျမ်းထဲမှာ ပါဝင်ခဲ့တယ်။ တပါးအမျိုးသားခေတ်က ဣသရေလနိုင်ငံ မှာ ဂျူးတွေဟာ အခုကာလအချိန် မရောက်မှီအထိ နေထိုင်ခဲ့ရတယ်။ (1948).

C.ဒံယေလရဲ့စကားဖြစ်တဲ့ ဘုရားသခင်ရဲ့ကြီးမြတ်မှု (Daniel 4:25)ဟာအဓိက ၂ ပိုင်းပါဝင်တယ်။

1. သမိုင်းဆိုင်ရာဖြစ်ရပ်များ
2. ရူပါရုံနဲ့ အနက်ဖွင့်ပြချက်များ

D.ဒံယေလက ဘုရားသခင်ရဲ့နာမတော်ကြီးမြတ်ရာမှာ ဖေါ်ပြတာက:

1. heathen customs. တပါးအမျိုးသားဓလေ့များထက် ကြီးမြတ်တယ်။ ရုပ်တုပူဇော်တဲ့ ဘုရင့် အစား အသောက်တွေကို ငြင်းဆန်ခဲ့တယ်။ ပိုကျန်းမာသူတွေဖြစ်တယ်။ (Daniel l).
2. heathen thinking. တပါးအမျိုးသားအတွေးအခေါ်။ ဘယ်သူမှ အနက်မဖွင့်နိုင်တဲ့ ဘုရင့် အိပ်မက်ကို အနက်ပြန်နိုင်ခဲ့တယ်။ လောကနိုင်ငံတွေထက် ဘုရားသခင်ရဲ့တန်ခိုးတော်ဟာ ကြီးမြတ်ကြောင်း ပြနိုင်ခဲ့တယ်။ (Daniel 2).
3. heathen pride. တပါးအမျိုးသားမာန။ နေဗုခဒ်နေဇာဟာ ရွှေရုပ်တုလုပ်ပြီး သားတော် ဗေလရှာဇာမင်းက ဗိမ္မာန်တော် ခွက်တွေကို လောကီပွဲလမ်းအတွက် သုံးခဲ့တယ်။ နန်းဆက် နှစ်ခုလုံး ပြုတ်ကျခဲ့တယ်။ (Daniel 3-5).
4. heathen persecutions. တပါးအမျိုးသားတို့ရဲ့ညှင်းဆဲမှု။ ထင်ထင်ရှားရှား ဆုတောင်းခြင်း တွေ့ရတယ်။ ခြင်္သေ့တွင်းထဲမှ ကွယ်ကာမစခြင်းခံရတယ်။ (Daniel 6).
5. the nations of the world. လောကီတိုင်းနိုင်ငံများ။ ဒံယေလရဲ့သိတင်းပတ် ၇၀ နဲ့ဆိုင်တဲ့ ရူပါရုံဟာ ထာဝရ နိုင်ငံတော်တည်ထောင်မယ့်အကြောင်းကို ဖေါ်ပြထားတယ်။ (Daniel 7-12).

## THE LESSON

### I. THE BOOK OF EZEKIEL

A.ဗိမ္မာန်တော်ပြိုပျက်ပြီးနဲ့ မပြိုပျက်ခင် ယေဇကျေလရဲ့အမှုတော **(Ezekiel 1-24).**

1. ဗိမ္မာန်တော်မပြိုပျက်မီ ယေဇကျေလဟာ ဗိမ္မာန်တော်ဖြိုဖျက်တော့မယ့်အကြောင်းနဲ့ ပျက်ရခြင်း အကြောင်းရင်းကို သတိပေးခဲ့တယ်။ (Ezekiel 1-24). ယေဇကျေလဟာ ရူပါရုံမှာ ဘုရားသခင်ရဲ့ဘုန်းတော်ကိုမြင်ရခြင်း။ ခေရုဗိမ်နဲ့ ပလ္လင်တော်တွေ့ရတယ်။ (Ezekiel 1-3). ဘုရားသခင်ရဲ့ဘုန်း တော်ဟာ ဣသရေလမှ ကွယ်သွားခဲ့တယ်။ (Ezekiel 4-24).

a. ထာဝရဘုရားရဲ့ဘုန်းတော်ကွယ်သွားခြင်း။ (Ezekiel 4-7). ယေဇကျေလက ယေရုရှလင်မြို့ကို သိမ်းယူမယ့် အကြောင်းနဲ့ ယုဒပြည်ကို အပြစ်ပေးမယ့်အကြောင်းကို အစီစဉ်တကျဖော်ပြခဲ့တယ်။ မြို့တော်မီးလောင်ပြီး အစာငတ် မွတ်နေတဲ့အကြောင်းကို ရက်ပေါင်း ၃၉၀တိုင်တိုင် တဖက်စောင်း လှည့်ပြီးဘယ်ဘက်နဲ့အိပ်ပြီးညာဘက်နဲ့ ရက်ပေါင်း ၄၀ (တရက်ကတနှစ်အတွက်ပုံဆောင်ချက်ဖြစ် တယ်။) သူ့ရဲ့ဆံပင်တွေကို ရိတ်ပြီးတော့ ညစ်ညူးတဲ့အစာကို စားပြခဲ့ရတယ်။ ကျေးဇူးတော်ကွယ် တယ်ဆိုတဲ့ သင်္ကေတလည်း ဖြစ်တယ်။ သူ့ရဲ့ဆံပင်ကို သုံးပုံ-ပုံပြီး မီးရှို့ဓါးနဲ့ခုတ် အရပ်ရပ်ကို လွှင့် လိုက်တယ်။ ဒါဟာ ဂျူးလူမျိုးတို့ရဲ့ ရှေ့ရေး ရှေ့ရာလည်းဖြစ်တယ်။ အကျန်အကြွင်းအနည်းစုသာ ကယ်တင်ခြင်းခံရတယ်။.

b. ဖြောင့်မတ်ခြင်း။ ဗိမ္မာန်တော်ဖျက်ဆီးဖို့ ဘုရားအခွင့်ပေးလိုက်တယ်။ (Ezekiel 8-11).

ယေဇကျေလဟာ ရူပါရုံထဲမှာ သန့်ရှင်းရာဌာန ညစ်ညူးနေပုံကြည့်ဖို့ ခေါ်သွားခံရတယ်။ သူဟာ "image of jealousy" ဆိုတဲ့ "နှောင့်ယှက်ရာရုပ်တု" (တပါးအမျိုးသား) ကို ဘုရားအမျက်တော် နိုးဆော်မှုအနေနဲ့ တွေ့ရတယ်။ နံရံ တံတိုင်းကို တူးတဲ့အခါမှာ အသက်ကြီးသူ ၇၀ ဟာ ဝတ်ပြုကိုး ကွယ်သူတွေရဲ့ထုံးစံအတိုင်း နံ့သာပေါင်းကို ပူဇော်တာတွေ့ရတယ်။ (Ezekiel 8:11-13). အမျိုး သမီးတွေကလည်း ဟာဗုလုန်ဘုရားဖြစ်တဲ့ Tammuz ရဲ့သေဆုံးခြင်းအတွက် ငိုကြွေးနေတာတွေ့ရ တယ်။ ဂျူးတွေကလည်း ဗိမ္မာန်တော်ကိုကျောခိုင်းပြီး နေဘုရားကို ကိုးကွယ်နေကြတယ်။ (Ezekiel 8:14-16). ရုပ်တုကိုးကွယ်သူတွေ အသတ်ခံရတာကိုလည်း တွေ့ရတယ်။ ဘုရားအပေါ် သစ္စာရှိ သူတွေ ကိုတော့ မှတ်တမ်းတင်ထားတာတွေ့ရတယ်။ ယဇ်ပလ္လင်ရဲ့မီးဟာ ယေရုရှလင်အပေါ်မှာ ပြန့် နှံ့သွားတယ်။ (Ezekiel 9:1-11:7). ဘုရားသခင်ရဲ့ဘုန်းတော်ဟာ သန့်ရှင်းရာမြို့နဲ့ ဌာနအပေါ်မှာ ဖြည်းညင်းစွာ သက်ရောက်တယ်။ ပထမ ဦးစွာ အခန်းကြီး ၁ မှာတွေ့ရတဲ့ ခေရုဗိမ်တွေဟာ ပြန်ပေါ် လာပြီး ဘုရားသခင်ရဲ့ဗိမ္မာန်တော်နဲ့ အရှေ့ဘက်တံခါးပေါ်မှာ ပြည်တည်လာတယ်။ နောက် တော့ မြို့တော်အထဲမှာ ကျိန်းဝပ်တယ်။ (Ezekiel 10:8-22). ယေရုရှလင်မြို့မှာ အသတ်ဖြတ်ခံရတာ တွေကို ယေဇကျေလမြင်တယ်။ သစ္စာရှိယုံကြည်သူလူအနည်းစုသာလျှင် ဘုရားသခင်ရဲ့ဗိမ္မာန် တော်မှာတည်မြဲကျန်ကြွင်းရမယ်။သူတို့ ပြန်စုဝေးပြီးဘုရားသခင်အလိုတော်အတိုင်း အသက်ရှင်ကြ တယ်။ (Ezekiel 11:16-21) ခေရုဗိမ်တွေတက်ကြွပြီးဘုရားသခင်ရဲ့ဘုန်းတော်ဟာသံလွင် တောင် ပေါ်မှာတည်တယ်။ နောက်ဆုံး အဲဒီ ကနေ ပါသွားတယ်။ (Ezekiel 11:22-25).

c. The prediction.ဇေဒကိမင်းကို သိမ်းယူမယ့်အကြောင်း ကြိုတင်ဟောပြောချက် (Ezekiel 12).

မြို့ရိုးအောက်မှာ တွင်းတူးဖို့ ယေဇကျေလကို မှာတယ်။ သူ့မျက်စိကို အဝတ်နဲ့စည်းပြီး သူပိုင်ပစ္စည်း တွေကို ရွှေ့ရတယ်။ ဒါဟာ ဇေဒကိမင်းပြေးဖို့ ကြိုးစားရင် ဗာဗုလုန်တွေက သူ့ကိုဖမ်းမယ်လို့ ကြို တင်နိမိတ်ပြဟောပြောရခြင်း ဖြစ်တယ်။ နောက်ပိုင်း သူ့ရှေ့မှာပဲ သူ့သားတွေကို သတ်ပစ်တာတွေ့ ရတယ်။ သူ့မျက်လုံးကိုဖေါက်ပြီး ဖမ်းသွားခြင်းခံရတယ်။ (2 Kings 25:4-7).

d. The answer.အဖြေ။ မိစ္ဆာပရောဖက်တွေရဲ့မေးခွန်းထုတ်နေတဲ့ ရုပ်ထုကိုးကွယ်သူတွေရဲ့အဖြေ။ (Ezekiel 13-14).

မိစ္ဆာပရောဖက်တွေက တပါးအမျိုးသားတွေဟာ ဘုရားသခင်ကျိန်းဝပ်တဲ့ ဗိမ္မာန်တော်ကိုဘယ်တော့ မှမသိမ်းပိုက် နိုင်ဘူးလို့ ပြောဆိုကြတာ မှန်ပါတယ်။ ဒါပေမယ့် ဘုရားသခင်ဟာ ဗိမ္မာန်တော်မှာ ရုပ်တုဆင်းထုတွေ နာခံမှုမရှိတဲ့ သူတွေထဲမှာ ကျိန်းဝပ်နေတယ်ဆိုတဲ့ သူတို့အပြောကတော့ မှား ပါတယ်။ ဘုရားသခင်စွန့်ပစ်တာနဲ့ မြို့တော်ဟာ သိမ်းပိုက်ဖို့ လမ်းပွင့်သွားတယ်။ နောက်အနှစ် ၆၀၀ ကြာတဲ့ အခါမှာ ဘုရားသခင်ရဲ့ဘုန်းတော်ဟာ သခင်ယေရှု ခရစ်ဖွားမြင်ခြင်းအဖြစ် ပြန်သက် ရောက်လာတယ်။ သင်တို့နေသော အိမ်သည် သင်တို့၌ လူဆိတ်ညံလျက် ကျန် ရစ်ရ၏။ (Matthew 23:38). ဘုရားမရှိတဲ့ဗိမ္မာန်တော်ဟာ အလကားပဲ။ အခွန်သက်သက်ပဲဖြစ်တယ်။.

e. The parables.ဥပမာဆောင်ချက်။ဣသရေလနိုင်ငံရဲ့အသုံးမဝင်တော့တဲ့အကြောင်းကို ပုံဥပမာ တွေနဲ့ ဖေါ်ပြတယ်။ (Ezekiel 15 to 18).

ဣသရေလဟာ အသုံးမဝင်တော့တဲ့စပျစ်ပင်၊ မီးရှို့ဖို့မကောင်းဘူး။ သစ္စာမရှိတဲ့မိန်းမ၊ အီဂျစ်ပြည်နဲ့ ဗာဗုလုန်ပြည်မှ သိန်းငှက်တွေ သယ်သွားခြင်းခံရတဲ့ သစ်ကိုင်းဖြစ်တယ်။ ဂျူးတွေဟာ သူတို့ဘိုး ဘေးတွေရဲ့အပြစ်ကြောင့် ဒုက္ခ ရောက်ကြတယ်။ ဒါပေမယ့် သူတို့အပြစ်ကြောင့် ဒုက္ခရောက်ရတာ က ပိုတယ်။ ဘုရားသခင်က လူတိုင်းကို အပြစ် ကြောင့်သာ အပြစ်ပေးခြင်းခံရတယ်။

2. The fall of Jerusalem. ယေရုရှလင်မြို့ကျဆုံးခြင်း။ ဒါဝိဒ်အမျိုးရဲ့ခြင်္သေ့ငယ်တွေဟာ စွန့်ပစ် ခြင်းကိုခံရတယ်။ (Ezekiel 19). ဒါဟာ ယောခတ် (Shallum) ယေခေါနိ (Zedekiah) တို့ကိုရည် ရွယ်ပုံရတယ်။ သားမြေးဆက်များစွာဣသရေလလူမျိုးဟာရုပ်တုကိုးကွယ်ရင်း အဆင့်နိမ့်သွားတယ်။ အခုတော့ ဓါးဘေးကြုံရတယ်။ အဟောလ (ရှမာရိ) အဟောလိဘ (ယေရုရှလင်) ဆိုတဲ့ညီအစ်မ နှစ်ယောက်ဟာ ဖေါက်ပြန်ကြတယ်။ကိုယ်ကျင့်တရား ပျက်စီးတယ်။ ယေဇကျေလရဲ့မိန်းမဟာ ယေရု ရှလင်မြို့ကို စတင်တိုက်ခိုက်တာခံရတဲ့နေ့မှာ ဖြစ်တယ်။ ဒါဟာ ဂျူးတွေချစ်တဲ့ မြို့တော်ကြီး သိမ်း သွားခံရမယ်ဆိုတာကို ဝမ်းနည်းဖွယ်ရာ ပုံဖေါ်ပြတာဖြစ်တယ်။(Ezekiel 24:1, 15-24; 2 Kings 25:1).

B.ဘုရားသခင်ရဲ့ဘုန်းတော်နဲ့ တရားစီရင်ခြင်းဟာ ပတ်ဝန်းကျင်နိုင်ငံတွေအပေါ်မှာ သက်ရောက် တယ်။ (Ezekiel 25-32) (ယေရုရှလင်မြို့ပျက်ဆီးပြီးမှ ရေးသားတဲ့ ကျမ်းစကားဖြစ်တယ်။) ဣသ ရေလရဲ့အနီးဆုံးအိမ်နီးချင်း လေးနိုင်ငံ ဟာ သူ့ရဲ့သက်တမ်းအကြာဆုံးရန်သူတွေဖြစ်တယ်။ အာမုန်၊ ဧဒုန်၊ မောဘနဲ့ ဖိလိတ္တိတို့ဟာ ယေရုရှလင်ကျဆုံး တာကို ဝမ်းမြောက်ကြတယ်။ဒီအတွက် ဘုရားက သူတို့ကို အပြစ်ပေးတယ်။ သူတို့ကို တခြားနိုင်ငံတွေက လာရောက် သိမ်းပိုက်ကြတယ်။ Maccabees ခေတ်ကာလ နောက်ပိုင်းမှာ ဖိလိတ္တိတွေဟာ သမိုင်းမှကွယ်ပျောက်သွားတယ်။ လေဗ နန်တောင်ခြေမှာရှိတဲ့ ချမ်းသာတဲ့ တုရုမြို့(Tyre) ဟာလည်း ဆက်လက်မရယ်မောနိုင် တော့ဘူး။ နေဗုခဒ်နေဇာက သိမ်းပိုက်တိုက်ခိုက်ပြီး သတင်းပတ် အကြာမှာ ၁၃ နှစ်လောက် ကျွန်ဘဝရောက် သွားတယ်။ အခန်းကြီး ၂၈ ကတော့ တုရုမင်းကြီးအတွက်ဝမ်းနည်းစကား မြည်တမ်းစကားရေးထား တာဖြစ်တယ်။ သူ့ရဲ့မာနကသူ့ကိုကျဆင်းစေတယ်။ ဒါဟာ စာတန်ရဲ့သမိုင်းကို ရေးထားတဲ့ကျမ်းစာ ဖြစ်တယ်။ (Ezekiel 28:11-19) ဇိဒုန်နဲ့ အီဂျစ်ဟာ တုရုမြို့လိုပဲ နေဗုခဒ် နေဇာမင်းရဲ့တိုက်ခိုက် သိမ်းပိုက်မှုခံရတယ်။.

C.ထာဝရဘုရားရဲ့ဗိမ္မာန်တော်အပေါ် ပြန်လည်သက်ရောက်ခြင်း (Ezekiel 33-48).

ယေရှုရှလင်မြို့ကျဆုံးပြီး ( 587 B.C) ကျဆုံးပြီးနောက်မှာ ယေဇကျေလရဲ့အမှုတော်ဟာ prophet of doom. ပျက် ဆီးခြင်းရဲ့ပရောဖက်ဆိုတဲ့ မြို့တော်ပျက်ဆီးခြင်းကို ကြိုတင်ဟောပြောရာက ဣသရေ လအမျိုး ပြန်လည်စုဝေး မယ့်အကြောင်း မြော်လင့်ခြင်းအကြောင်း ဟောရတဲ့ ပရောဖက်ဖြစ်လာ တယ်။ အစပထမမှာ ယေဇကျေလရဲ့ဟော ပြောချက်ကို လူတွေဆန့်ကျင်ကြတယ်။ ဒါပေမယ့် သူ့ ပရောဖက်ပြုချက်တွေ ပြည့်စုံလာတာကို ယေရှုရှလင်မြို့သား တွေ ဖျက်ဆီးခံရတဲ့အခါ သိလာကြ တယ်။ အမြောက်အများ ဘုရားသခင်ထံ လှည့်ပြန်လာတယ်။ ဘုရားကလည်း သူတို့ကိုကောင်းကြီးပေးပြီး သူတို့တိုင်းပြည်ကို ပြန်လာစေဖို့ ပို့ဆောင်ပေးတယ်။.

1. ပြန်လည်ထူထောင်ဖို့အတွက် လူတွေရဲ့စိတ်နှလုံးကို ဘုရားသခင် ပြန်လည်ဖြည့်ဆည်း ပေးစ ပြုတယ်။ (Ezekiel 33-34).

a. နေ့ စံကြိမ် ပြန်လည်နေရာချထားဖို့ ဂတိထားတယ်။ ပထမက အနစ်ဂုဝ ရဲ့အဆုံးမှာဖြစ်ပြီး နောက် တခုက ထာဝရဘုရား ရဲ့နေ့ရက်မှာဖြစ်တယ်။ ဒီလိုအဖြစ်အပျက်မျိုးကို တခါတရံမှာ ခွဲပြီးပြောဖို့ ခက်တတ်ပါတယ်။ ပြန်လည် စုဝေးခြင်း ရဲ့အခြေခံအချက်ကို ယေဇကျေလက မှတ်ထားတယ်။ လူမျိုး ရဲ့တာဘက်မှာ ကင်းစောင့်အဖြစ် သူ့ကို ခန့်ထားတယ်။ ဒါပေမယ့် တုန့်ပြန်ဖို့တာဝန်က လူတွေမှာရှိ တယ်။ ဆိုးညစ်တဲ့လူသေတာကို ဘုရားသခင် သဘောမကျဘူး။ ဒါပေမယ့် သူတို့ဟာ ဆိုးညစ် တဲ့လမ်းက လှည့်ပြန်လာဖို့တော့လိုတယ်။ (Ezekiel 33:1-11) လူတွေက ဘုရားသခင်ရဲ့နည်းစနစ် က သိပ်အဆင်မပြေဘူးလို့ ပြောတတ်တယ်။ ဒါပေမယ့် ဘုရားသခင်က သူ့နည်းစနစ်ဟာ စိတ်ချရတယ်လို့ ဆိုတယ်။ "သင်တို့က ထာဝရဘုရားစီရင်ချက်မဖြောင့်ဟု ဆိုတတ်ကြသည်တကား။ အို ဣသရေလအမျိုးသားတို့ သင်တို့ အသီး သီးပြုကြသည်အတိုင်း စီရင်မည်ဟု မိန့်တော်မူပြီ။ (Ezekiel 33:20).

b. Ezekiel 33:21-22 ဟာ ယေဇကျေလ အမှုတော်ဆောင်လုပ်ငန်းမှာ အချိုးအကွေ့ဖြစ်တယ်။ ယေရှုရှလင်မြို့မှ လွတ်မြောက်လာသူတချို့ဟာ ဗိမ္မာန်တော်နဲ့ ယေရှုရှလင်မြို့ပျက်ဆီးခြင်း သတင်း ကို ယူလာတယ်။ ဘုရားသခင်က ယေဇကျေလရဲ့နှုတ်ကိုဖွင့်ပြီး လူမျိုးတော်အတွက် နောက်အဖြစ် အပျက်တွေကို ပြင်ဆင်ဖို့ နှုတ်ကို ဖွင့်တယ်။

c. ယုဒမှာ ကျန်နေတဲ့လူတွေရဲ့အပြစ်ကို သတိပေးတယ်။ ပညတ်တရားမနာခံဘူး။ ရုပ်တုကိုးကွယ် တယ်။ မတရားတဲ့အပြုအမူတွေလုပ်တယ်။ ရွံရှာစရာကောင်းတယ်။ ပြည်တော်ကို ညစ်ညူးစေကြ တယ်။ ဒါကြောင့် အဲဒီမှာ နေထိုင်ခွင့် မရှိတော့ဘူး။ ဘုရားသခင်က "ပြည်သားတို့သည် ပြုမိသော စက်ဆုပ်ဖွယ်အပြုအမူတို့ကြောင့် ထိုပြည်ကို ငါ သုတ် သင်ပယ်ရှင်းသောအခါ ငါ ထာဝရဘုရား ဖြစ် ကြောင်းကို သူတို့သိရကြလိမ့်မည်။"(Ezekiel 33:23-29).

d. သိုးတော်စုကို မကျွေးမွေးပဲ ကိုယ့်ကိုကိုယ်သာ ကျွေးမွေးနေတဲ့ သိုးထိန်းတွေကို အပြစ်တင် တယ်။ လူတွေ ကွဲပြားနေပြီ။ ဒါပေမယ့် ဘုရားသခင်က ပြန်စုရုံးစေမယ်။ ကျွေးမွေးမယ်။ သူတို့ကို နားနေစေပြီး သူတို့ရဲ့သိုးထိန်း ဖြစ်မယ်လို့ ဆိုတယ်။ "ငါထာဝရဘုရားသည် သူတို့၏ ဘုရားသခင် ဖြစ်မည်။ သူတို့နှင့် ငြိမ်သက်ခြင်း ပဋိညာဉ်ကိုဖွဲ့၍ ဆိုးသော သားရဲတို့ကို ထိုပြည်၌ ပယ်ဖျက်မည်။ ငါထာဝရဘုရားသည် သူတို့နှင့်အတူ ရှိကြောင်းကိုငှင်း၊ သူတို့သည် ငါ၏လူ ဖြစ် ကြောင်းကိုငှင်း သိရ ကြလိမ့်မည်။ငါ၏ကျက်စားရာအရပ်၌ရှိသော ငါ့သားတို့သည် ငါ၏လူဖြစ်ကြ၏။ ငါသည်လည်း သူတို့ ၏ဘုရားဖြစ်သည်ဟု အရှင်ထာဝရဘုရားဖြစ်တော်မူ၏။" (Ezekiel 34:24,25, 30,31).

2. အနာဂတ်အတွက် ဂတိတော်များ (Ezekiel 35-39).

a. စိရဒေါ့တောင်ဟာ လူသူကင်းမဲ့လိမ့်မယ်။ (Ezekiel 35:9).

b. ဣသရေလတော်ငိဟာ အခက်အလက်နဲ့ဝေဆာပြီး အသီးတွေသီးလိမ့်မယ်။ ဣသရေလက ဘုရားကို ပြန်သိလာလိမ့်မယ်။ သူ့နာမကို ရှုတ်ချသူတွေ ကွဲပြားရာက ပြန်လည်ခေါ်ဆောင်လိမ့် မယ်။ နာမတော်ကို ပြန်လည် သန့်ရှင်းစေမယ်။ ဣသရေလလူမျိုးကို သန့်ရှင်းစေပြီး စိတ်နှလုံး အသစ် သဘောအသစ်ကိုပေးမယ်။ သူတို့လည်း ဘုရား

သခင်သဘောတော်အတိုင်း အသက်ရှင် လျှောက်လှမ်းကြလိမ့်မယ်။ ဣသရေလနဲ့ နိုင်ငံတကာကသိရမှာက ထာဝရဘုရားဟာ ပျက်စီးတဲ့ နေရာတွေကို ပြန်လည်တည်ဆောက်ပြီ ဆိုတာဖြစ်တယ်။ (Ezekiel 36:8-11,23-28,36-38). ဣသရေလမှာ ပြန်လည်သစ်လွင်နိုးထလာမယ်။ လွင်ပြင်ထဲက ခြောက်သွေ့တဲ့အရိုးတွေနဲ့ ပုံဥပမာ ပေးထားတယ်။ (Ezekiel 37). ဘုရားသခင်ကကြွလာပြီး အရိုးတွေဖြစ်တဲ့ သေနေတဲ့ဣသရေလ ကို အသားတွေနဲ့ ပြန်လည် ပြည့်စေမယ်လို့ ဂတိနဲ့ပြည့်စုံစေတယ်။ အသက်သွင်းပေးတယ်။ သူတို့ အသက်ရှင်ပြီး ထာဝရဘုရားဟာ ဘုရားဖြစ်ကြောင်း သိလာတယ်။ (Ezekiel 37:1-4) ဣသရေ လနဲ့ ယုဒကို တနိုင်ငံထဲဖြစ်စေတယ်။ (Ezekiel 37:15-23) "ငါ၏ကျွန် ဒါဝိဒ်သည် သူတို့၏ ရှင် ဘုရင်ဖြစ်၍ ထိုသူအပေါင်းတို့သည် တဦးတည်းရှိကြလိမ့်မည်။ ငါ၏စီရင်ချက်တရားလမ်းသို့ လိုက် ၍ စောင့်ရှောက်ကြလိမ့်မည်။" (Ezekiel 37:24,25).

c. တိုင်းနိုင်ငံတွေဟာ ဣသရေလနိုင်ငံတဘက်မှာ စုဝေးချီတက်လာကြလိမ့်မယ်။ (Ezekiel 38-39). မြောက်ပိုင်းနိုင်ငံတွေဖြစ်တဲ့ ဂေါဂနဲ့ မာဂေါက ဣသရေလတဘက်မှာ။ ပါရှား၊ အီသရိုပီးယား၊ လစ်ဗျားနိုင်ငံ တို့နဲ့ပူး ပေါင်းပြီးတိုက်ခိုက်လာလိမ့်မယ်။တိုက်ပွဲကြီးနှစ်ခုဖြစ်မယ်။တခုက ဘေးဒုက္ခကြီး ကာလမှာဖြစ်ပြီးနောက်တခုက အနှစ် ၁၀၀၀ အဆုံးမှာ ဖြစ်မယ်။ အဲဒီတိုင်းနိုင်ငံတွေအားလုံး စစ်ရှုံး ကြလိမ့်မယ်။ "ထိုသို့ ငါသည်ကိုယ်ကို ချီးမြှောက်၍ ရှိသေဖွယ်သော ဂုဏ်လက္ခဏာကိုပြလျှက် လူ များစွာတို့ရှေ့မှာ ထင်ရှားသောအခါ ငါသည် ထာဝရဘုရားဖြစ် ကြောင်း ကို သူတို့သိရကြလိမ့်မည်။" (Ezekiel 38:23)"ငါသည် သူတို့၏ဘုရားသခင် ထာဝရဘုရားဖြစ်ကြောင်းကို ဣသရေလ အမျိုးသားတို့သည် ထိုနေ့မှစ၍ သိရကြလိမ့်မည်။ ငါသည် သူတို့ကို တပါးအမျိုးသားတို့သိမ်းသွားခြင်းကို ခံစေသော ကြောင့်၎င်း နောက်တဖန် နေရင်းပြည်ကို စွန့်ခွါ၍ နေရာ ချသောကြောင့်၎င်း သူ၏ဘုရား သခင်ထာဝရဘုရား ဖြစ်ကြောင်းကို သိရကြလိမ့်မည်။ ငါသည် ကိုယ်ဝိညာဉ်ကို ဣသရေလအမျိုး သားအပေါ်သို့ သွန်းလောင်းသောအခါ သူတို့တွင် တယောက်ကိုမျှ နောက်တဖန် ငါမစွန့်ပစ်။ ငါ့ မျက်နှာကိုလည်းမလွှဲ။" (Ezekiel 39:22,28,29). တပါးအမျိုးသားတွေက ဘုရားသခင်ရဲ့တရား စီရင်ချက်တွေကို တွေ့မြင်သိလာရလိမ့်မယ်။.

3. နိုင်ငံတော်ကာလရဲ့မြို့တော်နဲ့ ဗိမ္ဗာန်တော် (Ezekiel 40-48). ယေဇကျေလကို ရူပါရုံထဲမှာ ယေရုရှလင်ကို ခေါ်ဆောင်သွားတယ်။ ပထမအကြိမ်ရောက်သွားပြီး ၁၉ နှစ်အကြာမှာ ဖြစ်တယ်။ မြို့နဲ့ ဗိမ္ဗာန်တော် ဖျက်ဆီးခံရပြီး ၁၄ နှစ်အကြာမှာပဲဖြစ်တယ်။ ဒီအနောက်မှာ အနာဂတ်ဗိမ္ဗာန် တော်ကို ရူပါရုံအဖြစ်မြင်ရတယ်။ အနှစ် ၁၀၀၀ ကာလအတွက်ဖြစ်နိုင်တယ်။ လက်ထဲမှာ လုံတံ ကိုင်ပြီး မြို့တံခါးနဲ့ ဗိမ္ဗာန်တော်ကို တိုင်းတာနေတဲ့ လူကိုမြင်တယ်။ ယဇ် ပူဇော်ရာနေရာ အတွင်း တံတိုင်း စတဲ့နေရာတွေကို တိုင်းတာတယ်။ (Ezekiel 40). သန့်ရှင်းရာဌာန ဗိမ္ဗာန်တော် တံတိုင်း ဗိမ္ဗာန်တော်အတွင်းပိုင်း ယဇ်ပရောဟိတ်များအတွက် အခန်းနဲ့ ဗိမ္ဗာန်တော်အတွင်း ဘုရားသခင် ကျိန်းဝပ်ရာ နေရာတွေကို မြင်ရတယ်။ (Ezekiel 41-43). ထာဝရဘုရားရဲ့ဘုန်းတော်ဟာ အိမ် တော်ကိုဖြည့်တယ်။ ဒီအခါ ထာဝရဘုရားက "အချင်းလူသား ဤအရပ်သည် ပလ္လင်တည်ရာ အရပ်၊ ငါ့ခြေဖဝါးနင်းမည့်အရပ် ဣသရေလ အမျိုးသားတို့နှင့် အစဉ်အမြဲနေရာအရပ်ဖြစ်၏။ ဣသရေလ အမျိုးသားများနှင့် ရှင်ဘုရင်တို့သည် မှားယွင်းခြင်းအားဖြင့်၎င်း၊ ရှင်ဘုရင်၏ အသေကောင်အား ဖြင့်၎င်း မြင့်ရာအရပ်တို့၌ ငါ့နာမတော်မြတ်ကို မရှုတ်မချရကြ။ အချင်းလူသား ဣသရေလ အမျိုး သားတို့သည် ကိုယ်ဒုစရိုက် အပြစ်ကြောင့် ရှက်ကြောက်စေခြင်းငှါ အိမ်တော်ကိုပြလော့။ အိမ် တော်ပုံကို သူတို့တိုင်းကြစေလော့။" (Ezekiel 43:4,5,7,10). ယေဇကျေလဟာ အရှေ့ဘက်တံခါး နဲ့ မင်းသားဝင်ရာအရပ်ကို မြင်တယ်။ "ထိုအခါအိမ်တော်ရှေ့မြောက်တံခါးလမ်းဖြင့် ငါ့ကိုဆောင်သွား၍ ထာဝရဘုရား၏ ဘုန်းတော်သည် ထာဝရဘုရား၏ အိမ်တော်ကို ဖြည့်တော်မူသဖြင့် ငါသည်ပြပ် ဝပ်လျက်နေ၏။" (Ezekiel 44:4). အဲဒီနေ့မှာ ဘုရားသခင်ရဲ့လူမျိုးတော်ဟာ သန့်ရှင်းခြင်းနဲ့ ညစ် ညူးခြင်းကို ကွဲပြားသိလိမ့်မယ်။ သန့်ရှင်းတဲ့အရာ မစင်

ကယ်တဲ့အရာတွေ ပိုင်းခြား နားလည်လိမ့် မယ်။ (Ezekiel 44:25). မြို့တော်ရဲ့နာမည်ဟာလည်း အဲဒီနေ့ကစပြီး ထာဝရဘုရား တည်ရာမြို့လို့ ခေါ်လာလိမ့်မယ်။ (Ezekiel 48:35).

D.**Things to Think About:**

1. ဘုရားသခင်ရဲ့ဘုန်းတော်ဟာ ဘာကြောင့်ယေဇကျေလကျမ်းရဲ့အဓိကအချက် ဖြစ်ရသလဲ။ ဘုရား သခင်ရဲ့ဘုန်းတော်ကို မြင်ရခြင်းဟာ ဘုရားသခင်ထံ လှည့်ပြန်ဖို့ တခုတည်းသောနည်း ဖြစ်တယ်။ ကိုယ့်အပြစ်ကိုမြင်ပြီး ဘုရားသခင်ထံ လှည့်ပြန်ဖို့လိုတယ်။ ဒီနေ့ခေတ်မှာ ဘုရားသခင်ရဲ့ဘုန်းတော် ကို ထင်ရှားပြသေးသလား။ ဘုရားသခင်ရဲ့ဘုန်းတော် အလင်းတော်ထဲမှာ ကျင်လည် နေပြီလား။ သင့်အသက်တာထဲမှာ ဘုရားသခင်ရဲ့ဘုန်းတော် ထင်ရှားနေပြီလား။?
2. ဗိမ္မာန်တော်မှာ ဘုရားသခင်ရဲ့ဘုန်းတော် ဘာကြောင့်ကွယ်သွားသလဲ။ အပြစ်နဲ့ ညစ်ညူးခြင်း ကြောင့် ဖြစ်တယ်။ သင့်အသက်တာထဲမှာ ဘုရားသခင်ရဲ့ဘုန်းတော် ဘာကြောင့်မှေးမှိန်ရသလဲ။ သင့်အသက်တာဟာ ဘုန်းတော်ထင်ရှားနေသလား။ သို့မဟုတ် အပြစ်ကကွယ်နေသလား။ (Matthew 5:16)?

## II.THE BOOK OF DANIEL

လူမျိုးတော်ကို လှည့်ပြန်ဖို့ ဆက်ခေါ်နေဆဲဖြစ်တယ်။ ဒံယေလဟာ ဘုရင်နဲ့ မှူးမတ်တွေရှေ့မှာ ဖြောင့် မတ်တဲ့ အသက်တာနဲ့ အသက်ရှင်ဖို့ ပုံသက်သေပြရတယ်။ ဆိုးညစ်တဲ့လောကရဲ့တဘက်မှာ နေ ထိုင်ရင်း အနာဂတ် အဖြစ်အပျက်တွေကို ဟောပြောရတယ်။.

A.ဘုရားရဲ့ကြီးမြတ်မှုကို ဒံယေလနဲ့ အပေါင်းအဖော်များအားဖြင့် ပြတယ်။ (Daniel 1-6).

1. ဒံယေလနဲ့ သူ့အပေါင်းအဖော်တွေဟာ နန်းတော်ထဲမှာ သစ္စာရှိတဲ့သက်သေခံတွေဖြစ်တယ်။ (Daniel 1). ဒံယေလက တပါးအမျိုးသားရဲ့ဓလေ့ထုံးစံတွေနဲ့ မညစ်ညူးဖို့ စိတ်ဆုံးဖြတ်ထား တယ်။ သူ့ရဲ့အသက်တာကို သန့်ရှင်း စေတယ်။ ဘုရားသခင်က ဒံယေလကို နှစ်သက်ပြီး ဗာဗုလုန် ဘုရင်ရဲ့စိတ်ထိတွေ့မှု ခံရစေတယ်။ (Daniel 1:8,9). ဒံယေလနဲ့ သူ့အပေါင်းအဖော်တွေဟာ ဒီ စိန်ခေါ်မှုကို လက်ခံတယ်။ ဘုရားသခင်နည်းလမ်းအတိုင်း အကောင်းဆုံး ယှဉ်နိုင်ခဲ့ကြတယ်။ ဘုရားက သူတို့ကို ဉာဏ်ပညာနဲ့ အိပ်မက်တွေကို နားလည်နိုင်ခွင့်ပေးတယ်။ (Daniel 1:9-17).
2. နေဗုခဒ်နေဇာရဲ့အိပ်မက်ကို အနက်ဖွင့်ခြင်းအားဖြင့် ဘုရားရဲ့ပညာတော်ကို သက်သေပြနိုင် ခဲ့တယ်။ (Daniel 2). နေဗုခဒ်နေဇာရဲ့အိပ်မက်ကို ခါလဒဲပညာရှိတွေက အနက်မပြန်နိုင်ဘူး။ (Daniel 2:1-13). ဒံယေလက ရှင်ဘုရင်ကို အကူအညီပေးခဲ့တယ်။ သူ့အပေါင်းအဖော်တွေနဲ့အတူ ဆုတောင်းတယ်။ အိပ်မက်ကိုနားလည်ပြီး အနက်ပြန်နိုင်ဖို့ဖြစ် တယ်။ (Daniel 2:14-19). အဲဒီအိပ်မက်က တကမ္ဘာလုံးက တိုင်းနိုင်ငံတွေကို ဖော်ပြနေတယ်။ (Learn the following for the exam)

ရွှေခေါင်းတော် = ဗာဗုလုန် (နေဗုခဒ်နေဇာ)

ရင်အုပ်နဲ့ ငွေလက်မောင်း = မီဒိုပါရှား ၊ မေဒိပေရသိ

ဝမ်းဗိုက်နဲ့ ကြေးဝါပေါင် = ဂရိ သံခြေထောက်

များ = ရောမ

သံနဲ့ရွှံ့ခြေချောင်းများ = နောင်ပေါ်ပေါက်မယ့်နိုင်ငံတကာ အဖွဲ့အစည်း ရုပ်တုကိုကြိတ်ဖိသွားတဲ့ကျောက်တုံး = ခရစ်တော်နဲ့ သူ့ရဲ့ဒုတိယအကြိမ်ကြွလာရာမှာ တိုင်းနိုင်ငံများကို ဖိကြိတ်လိမ့်မယ်။

3.ဒံယေလရဲ့အပေါင်းအဖေါ်တွေဟာ ဘုရားလက်ရာတော်နဲ့ ကွယ်ကာခြင်းကို ပြနိုင်ခဲ့တယ်။ (Daniel 3). နေဗုခဒ်နေဇာက လူတိုင်း ရွှေရုပ်တုရှေ့မှာ ဦးညွှတ်ကိုးကွယ်ဖို့ အမိန့်ထုတ်တယ်။ ဂျူးလူမျိုးတွေဖြစ်တဲ့ ရှာဒရက်၊ မေရှက်၊ အဗေဒနေဂေါတို့ဟာ ရုပ်တုကိုဦးညွှတ်ဖို့ ငြင်းဆန်ခဲ့ကြ တယ်။ မီးဖိုထဲကို ပစ်ချခံရတယ်။ ဘုရားသခင်က သူတို့နဲ့အတူ လမ်းလျှောက်ပြီး သူတို့ကိုကယ် ခဲ့တယ်။ (Daniel 3:1-27). ဘုရင်က ရှာဒရက်၊ မေရှက်၊ အဗေဒနေ ဂေါတို့ရဲ့ ဘုရားဟာ ကြီး မြတ်တယ်၊ ချီးမွမ်းထိုက်တယ်လို့ အမိန့်ထုတ်တယ်။ သူ့ရဲ့အစိုးရအဖွဲ့ထဲမှာ အဲဒီဂျူးလူမျိုး ၃ ဦးကို ရာထူးတွေ ပေးခဲ့တယ်။ (Daniel 3:28-30).

4.ဒံယေလဟာ ဒုတိယအိပ်မက်အနက်ကိုဖေါ်ပြီး ဘုရားသခင်ရဲ့တိုင်းနိုင်ငံတွေအပေါ်မှာ တည်မယ့် ဘုရားသခင်ရဲ့တန်ခိုးတော်ကို သက်သေပြခဲ့တယ်။ (Daniel 4). နေဗုခဒ်နေဇာဟာ ဘုရားသခင်ရဲ့ကြီးမြတ်မှုကို မြင်တယ်။ "နိမိတ်လက္ခဏာတော်သည် အလွန်ကြီးပါ၏။ အံ့ဖွယ်သောအမှုတော် သည် တန်ခိုးနှင့်ပြည့်စုံပေ၏။ ဘုရားသခင်၏ နိုင်ငံတော်သည် ထာဝရနှင့်ပြည့်စုံ၏။ အာဏာစက် တော်သည်လည်း ကမ္ဘာအဆက်ဆက်တည်တော်မူ၏။ (Daniel 4:1-3). နေဗုခဒ်နေဇာမင်းဟာ ဒုတိယအိပ်မက်ကိုမက်တဲ့အတွက် ဗေလရှာဇာဆိုတဲ့အမတ်က အနက်ပြန်ရတယ်။ ဒါက သူ့ရဲ့ကျ ဆင်းခြင်းကိုပြောပြတဲ့ သစ်ပင်တပင်အကြောင်း အိပ်မက်ဖြစ်တယ်။ ဘုရားသခင်က သူ့ကို နှိမ့်ချ ပြီးတဲ့အခါ "ယခုတွင် ငါနေဗုခဒ်နေဇာမင်းသည် ကောင်းကင်ဘုံအရှင်ဘုရားသခင်ကို ချီးမွမ်းထော မနာပြု၏။ စီရင်တော်မူသော အမှုအလုံးစုံတို့သည် သစ္စာနှင့်ပြည့်၍ ဥာဏ်တော်နှင့်ပြည့်စုံကြပါ၏။ မာနထောင်လွှားသော သူတို့ကို နှိမ့်ချခြင်းငှါ တတ်နိုင်တော်မူ၏ဟု အမိန့်တော်အရပ်ရပ်သို့ ပြန်စေ တော်မူ၏။ (Daniel 4:37).

5.ဒံယေလက နေဗုခဒ်နေဇာမင်းရဲ့သား ဗေလရှဇာမင်းကို တရားစီရင်မယ့်ဘုရားသခင်ရဲ့တန်ခိုး တော်ကို ကြေညာတယ်။ (Daniel 5) ဗေလရှဇာဟာ မာနနဲ့ယဇ်မူးပြီး ပွဲတော်ကျင်းပတယ်။ ဗိမ္မာန် တော်ထဲက ခွက်ဖလားတွေကို ယူပြီး အခြားဘုရားတွေရှေ့မှာ ပူဇော်သောက်စားမှုလုပ်တယ်။ လက်ချောင်းပုံသဏ္ဍာန်ပေါ်လာပြီး နံရံပေါ်မှာ စာရေးတယ်။ သူ့ရဲ့နိုင်ငံအဆုံးသတ်မယ်။ မေဒိနဲ့ ပေရ သိဆိုပြီး ကွဲပြားမယ်လို့ ရေးထားတယ်။ အဲဒီညမှာ မေဒိလူမျိုး ဒါရိဘုရင်ကနိုင်ငံကို သိမ်းပိုက်လိုက် တယ်။.

6.ဒံယေလရဲ့သစ္စာရှိမှုက လူထုတ်တဲ့ အမိန့်တော်အပေါ်မှာ ဘုရားသခင်ရဲ့တန်ခိုးတော် သက်သေ ထူတယ်။ (Daniel 6). မေဒိပေရသိရဲ့ရှင်ဘုရင်သစ်ဖြစ်တဲ့ဒါရိမင်းဟာ ဒံယေလနဲ့ သူ့ဘုရားသခင် ကို ဆန့်ကျင်တဲ့ မှူးမတ် တွေရဲ့သွေးထိုးမှုကို ခံရတယ်။ ဘုရင်မင်းကလွဲလို့ အခြားဘုရားကို ဦးညွှတ် မှုရင် ခြင်္သေ့တွင်းချမယ်လို့ အမိန့်ထုတ်ပြန် တယ်။ ဒံယေလက ပွင့်ပွင့်လင်းလင်းပဲ ဆက်ဆုတောင်း တယ်။ ခြင်္သေ့တွင်းထဲ ချခံရတယ်။ ဘုရားသခင်က ခြင်္သေ့တွေ ရဲ့နှုတ်ကိုပိတ်ပြီး သူ့ကိုကယ်တင်တယ်။ ဒါရိမင်းဟာ သူထုတ်တဲ့ဥပဒေအတွက် ဝမ်းနည်းကြေကွဲပြီးတော့ ဘုရားသခင် ကယ်တဲ့ အတွက် ကျေးဇူးတော်ချီးမွမ်းတယ်။ ဒံယေလကိုးကွယ်တဲ့ ဘုရားသခင်ကို ကြောက်ရွံ့ရိုသေရမယ် လို့ နိုင်ငံတော်မှာ စာထုတ်တယ်။ ဘုရားသခင်ဟာ အသက်ရှင်ပြီး သူ့နိုင်ငံဟာ ဖျက်ဆီးလို့ မရနိုင် ဘူးလို့ဆိုတယ်။ (Daniel 6:26).

B.ဘုရားသခင်က တိုင်းနိုင်ငံတွေအပေါ်မှာ တရားစီရင်မယ့်အကြောင်း ပြောပြတယ်။ ထာဝရနိုင်ငံ တော်အကြောင်း ကိုလည်း အိပ်မက်အားဖြင့်ပေးတယ်။ (Daniel 7-12).

Time of the end of the Gentile world powers. တပါးအမျိုးသား လောကီတိုင်းနိုင်ငံများရဲ့အာဏာနိဂုံးချုပ်ချိန်

1. သားရဲလေးကောင်ရူပါရုံဟာ တိုင်းနိုင်ငံတွေကိုပုံဆောင်တယ်။ (Daniel 7:1-8)

A lion: Nebuchadnezzar

A bear: Medo-Persia

A leopard: Greece

A strong beast with great iron teeth and ten horns : Rome

2. Vision of the Ancient of Days, ရူပါရုံ။ လူသားတော်ဟာ တိုင်းနိုင်ငံတွေကိုအောင်မြင်ပြီး ဘုန်းတန်ခိုးတော် ပေါ်မှာ ထိုင်တော်မူမည်။ (Daniel 7:9-28; Matthew 24:27-30; 25:31-34; Revelation 19:11-21).

3. ဦးချိုနှစ်ချောင်းပါတဲ့သိုးကို ဆိတ်ကအနိုင်ရတယ်ဆိုတဲ့ဥပမာ။ ဂရိက မီဒိုပါရှားကို အနိုင်ရခြင်း။ (Daniel 8).

4. သီတင်း ၇၀ရူပါရုံ။ ဣသရေလအတွက် timetable အချိန်စာရင်းကိုပြတယ်။ (Daniel 9). ဒံယေလဆုတောင်းပြီး သူ့လူမျိုးရဲ့အပြစ်ကိုဝန်ချတောင်းပန်တယ်။ (Daniel 9:19)ဘုရားသခင်က "လွန်ကျူးခြင်းအမှုကိုဆီးတား၍ အပြစ်ကို တံဆိပ်ခတ်စေခြင်းငှါ၎င်း၊ ဒုစရိုက်အပြစ်ကို ဖြေရှင်း၍ ထာဝရကုသိုလ်ကိုသွင်းစေခြင်းငှါ၎င်း၊ ဗျာဒိတ်ရူပါရုံနှင့် အနာဂတ္တိ ဗျာဒိတ်တော်တို့ကို တံဆိပ်ခတ်၍၊ အလွန်သန့်ရှင်းသောအရပ်ဌာနကို လိမ်းစေခြင်းငှါ၎င်း၊ သတိတင်း ၇၀ ကို သင်၏ အမျိုးသားချင်း အဘို့နှင့် သင်၏သန့်ရှင်းသောမြို့အဘို့ ဆုံးဖြတ်ခြင်းရှိ၏။" (Daniel 9:24).

5. နောင်လာမယ့်အဖြစ်အပျက်များအတွက် ပရောဖက်ပြုခြင်းများ။ (Daniel 10-12). ဒံယေလ ကျမ်းရဲ့နောက်ဆုံး ၃ ခန်းဟာ အနာဂတ်တိုင်းနိုင်ငံများအတွက် ပေးတဲ့ ရူပါရုံဖြစ်တယ်။ ပါရှား၊ ဂရိ၊ ပထိုလမ်မီ (အီဂျစ်) ဆီးရီးယားနဲ့ ရောမ တို့ ဖြစ်တယ်။ ဒံယေလဟာ ဒါတွေ သူကိုယ်တိုင်လည်း နား မလည်ခဲ့ဘူး။ Alexander the Great လို လူတွေ အားဖြင့် (Daniel 11:3,4), ဣသရေလနိုင်ငံကို ဂရိက332 B.C မှာတိုက်ခိုက်ခဲ့ပြီး Antiochus Epiphanes ကဂျူးလူမျိုးနဲ့ ဘာသာတရားကိုမျိုးဖြုတ် ဖို့ကြိုးစားခဲ့ခြင်း (175-164 B.C ) တွေကြောင့် တချို့သော ပရောဖက်ပြုချက်တွေက ပြည့်စုံခဲ့ပြီဖြစ် တယ်။ သူက ယေရုရှလင်မြို့ကို 168 B.C မှာ ဖျက်ဆီးခဲ့ပြီး ဗိမ္မာန်တော်ကို ညစ်ညူးစေခဲ့တယ်။ ဘုရားသခင်ရဲ့ယဇ်ပလ္လင်ပေါ်မှာ ဝက်တကောင်ကို တင်ပြီး ပူဇော်ခဲ့တယ်။ တချို့သော ပရောဖက်ပြု ချက်တွေကတော့ နောက် ဆုံးသောကာလ (ဒံယေလရဲ့သီတင်း ၇၀ ရဲ့နောက်ဆုံးသော သီတင်း ပတ်) နဲ့ Antichrist က ကမ္ဘာကို အုပ်စိုးဖို့ ရောက်လာချိန် (Daniel 11:36-45). ရောက်မှသာ ပြီး ပြည့်စုံမှာဖြစ်တယ်။

| | | |
|---|---|---|
| a. b | 7 weeks<br>62 weeks | (သိပ်မရှင်းလင်းပါ။ သို့ပေမယ့် ကျွန်ပြုခံရခြင်းရဲ့အဆုံးကို ဆိုလိုဟန်ရှိတယ်။)<br>ပြည်တော်ပြန်ဖို့အမိန့်နဲ့ ပြည်တော်ပြန်ပြီး ယေရုရှလင်မြို့ကို ပြန်တည်ဆောက်မယ့် အမိန့် ရတဲ့ အချိန်မှသည် မေရှယသခင်ကြွလာသည်အထိ (၄၃၄ နှစ်) |
| c. | --- | မေရှိယသခင်ကို ပယ်ရှင်းပြီး (နှစ်ကာလအတိအကျမသိရပါ) (အသင်းတော်ကာလ၊ ကျေးဇူးတော် ကာလမှသည် ဒုတိယအကြိမ်ကြွလာသည်အထိ) |
| d. | l week | ဣသရေလက ပြည်တော်ပြန်ရောက်ပြီး ပဋိညာဉ်ပြန်တည်ချိန် ဘေးဒဏ်ကြီးကာလ အကြီးအကျယ် ခံစားရချိန်ဖြစ်တယ်။ |

ဒံယေလကျမ်းဟာ ဘေးဒဏ်ကြီးကာလနဲ့ ခရစ်တော် ဒုတိယအကြိမ်ကြွလာမယ့်အကြောင်းနဲ့ အဆုံးသတ်ထားတယ်။အပြစ်ကိုတရားစီရင်ပြီးဖြောင့်မတ်ခြင်းတရားပြန်လည် နေရာရမယ်။

C. **Things to Think About:**

1. ဒံယေလဟာ ဘုရားဘုန်းတော် ထိခိုက်မယ့်အလုပ်၊ သူ့ကိုယ်သူ ညစ်ညူးမယ့် အလုပ်မျိုးကို မလုပ်ဖို့ သူ့စိတ်နလုံးကို ပြင်ဆင်ပြီး အသက်ရှင်ခဲ့သူဖြစ်တယ်။ သစ္စာရှိသူဖြစ်တဲ့အတွက် ဘုရားက ချီးမြှောက်ခဲ့တယ်။ သင့်အသက်တာမှာ ညစ်ညူးခြင်း၊ ဘုရားဘုန်းတော် မထင်ရှားခြင်းမှ လွတ်ဖို့ စိတ်နလုံးကို ဘယ်လိုဆုံးဖြတ် ကြံစည်ထားသလဲ။?
2. ဒံယေလရဲ့ပရောဖက်ပြုချက်တွေကို လေ့လာရာမှာ ဘုရားရဲ့အကြံအစည်တွေဟာ တဦးချင်းအတွက်ဖြစ်စေ၊ တိုင်းနိုင်ငံများအတွက် ဖြစ်စေ ပြောရင် ပြောတဲ့အတိုင်း တကယ်ဖြစ်လာပါတယ်။ လူမျိုးအဆက်ဆက် ယုံကြည်ကိုးစားစရာ ပရောဖက်ပြုချက်တွေဖြစ်တယ်။ သင့်ရဲ့ယုံကြည်ခြင်းဟာ ဒီအခြေခံအုတ်မြစ်ပေါ်မှာ တည်နေပါသလား။?

**Exam - Lesson 17**

Name_______________________________________________________________

Address_____________________________________________________________

Multiple choice (Circle only one letter as the correct answer unless otherwise indicated. You may use you Bible when so indicated, but we trust you not to look up the answers in the lesson.)

1. How do we gain a proper understanding of God's just judgments? (value 2 points) ဘုရားရှင်၏ တရားမျှတ သောစီရင်ချက်ကို ကျွန်ုပ်တို့ မည်သို့ နားလည်လက်ခံနိုင်မည်နည်း
   a) by understanding the law ပညတ်တော်များနားလည်ခြင်းဖြင့်
   b) by understanding God's holiness ဘုရားရှင်၏သန့် ရှင်းတော်မူခြင်းကို နားလည်ခြင်းဖြင့်
   c) by understanding the judicial system တရားစီရင်မှုစံနစ်ကို နားလည်ခြင်းဖြင့်

2. How do we profit from judgment? (value 2 points) တရားစီရင်ခြင်းမှမည်သည့် အကျိုးကျေးဇူး ရနိုင်သနည်း
   a) by taking the punishment အပြစ်ပေးခြင်း
   b) by seeking legal advice ဥပဒေအကြံညာဏ်ရယူခြင်း
   c) by understanding and accepting it as just တရားမျှတသည်ဟု နားလည်လက်ခံခြင်း

3. From where did the glory of God shine? (value 2 points) ဘုရားရှင်၏ဘုန်းတော်သည် မည်သည့်နေရာက ထွန်းလင်းသနည်း
   a) the highest point near the people လူတို့ အနီးနားရှိ အမြင့်ဆုံးနေရာ
   b) between the cherubim in the Most Holy Place in the Tabernacle or Temple တဲတော်အတွင်းမှ အသန့် ရှင်းဆုံးအခန်းရှိ ခေရုဗိန်ကြား
   c) the Ephod worn by the priests ယဇ်ပုရောဟိတ်များ ဝတ်ဆင်ရသည့် အဲဖော့

4. In the Old Testament what did the shining of the glory of the LORD signify? (value 2 points) ဓမ္မဟောင်းကျမ်းတွင် မည်သည့်ဘုရားဘုန်းတော်သည် ထင်ရှားသနည်း
   a) God's presence among the people လူတို့ အကြား ဘုရားရှင်၏မျက်မှောက်တော်
   b) God's position as sovereign of the universe စကြာဝဠာကိုစိုးပိုင်သည့် ဘုရားရှင်၏အနေအထား
   c) God's judgment on the people လူတို့ အပေါ်ဘုရားရှင်၏တရားစီရင်ချက်

5. To whom did the prophet Ezekiel speak primarily? (value 2 points) ပရောဖက်ယေဇကျေလ မည်သူတို့ ကို အဓိကထားပြီးပြောသနည်း

a) to the remnant in Judah ယုဒအကြွင်းအကျန်များ
b) to the Gentile leaders in Babylon ဘေဘီလုံရှိ တပါးအမျိုးသားခေါင်းဆောင်များ
c) to the captive Jews in Babylon ဘေဘီလုံရှိ ဖမ်းသွားချုပ်ထားခြင်းခံရသည့် ဂျူးများ

6. What was the theme of Ezekiel's message? (value 2 points) ယေဇကျေလ၏အဓိက သတင်းပေးချက်ကား အဘယ်နည်း

a) warnings against idolatry and immorality ရုပ်တုကိုးကွယ်ခြင်းနှင့်စာရိတ္တပျက်ယွင်းခြင်း
b) renewal through the Spirit of God and the glory of God dwelling in the Temple ဗိမာန်တော်တွင် ဘုရား ဘုန်းတော်ကိန်းဝပ်ခြင်း ဝိညာဉ်တော်ဘုရား အသစ်ပြုပြင်ခြင်း
c) weeping for the destruction of Jerusalem and the temple ယေရုရှလင်မြို့ နှင့်ဗိမာန်တော်ဖျက်ဆီးခံ ရသော ကြောင့်ငိုကြွေးခြင်း

7. To whom was the message of Daniel given primarily? (value 2 points) ဒံယေလ၏ သတင်းစကားသည် မည်သူတို့ ကို အဓိကထားပြီးပြောပြလိုသနည်း

a) to Israel and Judah ဣသရေလနှင့်ယုဒလူများ
b) to the remnant of Jews ဂျူးအကြွင်းအကျန်များ
c) to Gentiles တပါးအမျိုးသားများ

8. At what time did Ezekiel minister? (value 2 points) ဘယ်အချိန်က ယေဇကျေလ အမှုတော်ဆောင်သနည်း

a) at the time of the return of the Jews to Jerusalem ဂျူးများ ယေရုရှလင်သို့ ပြန်ချိန်
b) before the captivity and destruction of the temple ဗိမာန်တော်ပျက်စီးပြီး ဖမ်းဆီးချုပ်ထားခံရချိန်
c) before and after the destruction of the temple ဗိမာန်တော်မဖျက်ဆီးခံရချိန်နှင့်ခံပြီးချိန်

9. What was a sad symbol to the Jews on the day of the beginning of the siege of Jerusalem? (value 2 points) ယေရုရှလင်မြို့ အသိမ်းခံရချိန်တွင် ဂျူးတို့ ဝမ်းနဲခြင်းသင်္ကေတ

a) the death of Ezekiel's wife ယေဇကျေလ၏ဇနီးသေဆုံးခြင်း
b) the capture of their military leaders သူတို့ ၏စစ်ခေါင်းဆောင်ဖမ်းဆီးခံရခြင်း
c) the destruction of the temple ဗိမာန်တော်ဖျက်ဆီးခံရခြင်း

10. Who were Israel's four closest neighbors and oldest enemies who took delight in Jerusalem's fall? ယေရုရှလင်ကျရှုံးခြင်းကိုဝမ်းသားနေကြသော ဣသရေလ ရန်သူဟောင်းများနှင့်အနီးဆုံးမိတ်ဆွေ ၄ဦးတို့ ကားအဘယ်နည်း (value 2 points)

a) Babylon, Assyria, Ammon and Moab ဘေဘီလုံ၊အဆီးရီးယား၊အာမုန်၊မောဘ
b) Ammon, Edom, Moab and Philistia အာမုန်၊ဧဒုန်၊မောဘ၊ဖိလိတ္တိ
c) Edom, Tyre, Sidon and Egypt ဧဒုန်၊တိုင်ယာ၊သောဒုန်၊အီဂျစ်

11. How did the ministry of Ezekiel change after Jerusalem fell? (value 2 points) ယေရုရှလင်ကျဆုံးပြီးနောက် ယေဇကျေလ၏အမှုတော်ဆောင်ခြင်းကို မည်သို့ ပြောင်းလဲသွားသနည်း

a) He changed from a prophet of hope predicting the doom of the enemy to a prophet of doom foretelling the destruction of Israel. သူသည် ရန်သူများကျဆုံးချိန်ကိုခန့် မှန်းသည့် ပရောဖက်မှ ဣသရေလပျက်စီးမည့်အကြောင်းပြောသည့် ပရောဖက်အဖြစ်ပြောင်းလဲသွားသည်
b) He changed from a prophet of hope encouraging the captives to a prophet of weeping for the fall of the city. သူသည် ဖမ်းသွားချုပ်ထားခံရသူများကို နှစ်သိမ့်ပေးသူမှ ယေရုရှလင်မြို့ တော်ကျရှုံးသော☐ကာင့် ငိုကြွေးသူအဖြစ်သို့ ပြောင်းလဲခဲ့သည်
c) He changed from a prophet of doom predicting the fall of the city to a prophet of hope, foretelling the regathering of Israel. သူသည် ယေရုရှလင်မြို့ ကျရှုံခြင်းအကြောင်းပြောသူအဖြစ်မှ ဣသရေလလူတို့ ပြန်လည်စုရုံးကြမည့်အကြောင်းပြောသူအဖြစ်သို့ ပြောင်းသွားသည်

12. For what did the Lord prepare the hearts of the Jews during Ezekiel's time? (value 2 points) ယေဇကျေလ လက်ထက်အခါက ဘုရားရှင်သည် မည်သည့်အတွက် ဂျူးလူမျိုးတို့ ၏နှလုံးသားကို ပြင်ဆင်ပေးသနည်း

a) to live peaceably and productively in Babylon ဘေဘီလုံတွင်ငြိမ်သက်စွာ-အကျိုးရှိစွာနေသူများဖြစ်ရန်
b) for restoration after the captivity and in the future ဖမ်းသွားချုပ်ထားခံရပြီးနောက် ပြန်လည်စုရုံးရန်
c) to accept the fact of total destruction လုံးဝဥသုံပျက်စီးခြင်းကို လက်ခံလာစေရန်

13. What were the dry bones that were clothed with flesh and came back to life a picture of? (value 2 points) အရိုးခြောက်များ အသားအရေပြည့်လာပြီး အသက်ရှင်လာခြင်း သည် မည်သည်ကို ပုံဆောင်သနည်း

a) They were a picture of the prophets who were killed and resurrected. အသတ်ခံရပြီး နောက်အသက် ပြန်ရှင်လာသောပရောဖက်များကို ပုံဆောင်သည်
b) They were a picture of the resurrection and unification of Israel and Judah as one nation again. ဣသရေလနှင့်ယုဒလူတို့ တစုတဝးတည်းအဖြစ် ပြန်လည်အသက်ရှင်ခြင်း နှင့် ပြန်လည်စုစည်းခြင်းကို ပုံဆောင်သည်
c) They were a picture of the resurrection of all believers in the last days. နောက်ဆုံး သောအချိန်တွင် ယုံကြည်သူများပြန်လည်ထမြောက်မည်ကို ပုံဆောင်သည်

14. Where were Daniel and his companion's faithful in their witness? (value 2 points) ဒံယေလနှင့်သူ၏ အပေါင်းအဖေါ်များ မည်သည့်နေရာတွင် သစ္စာဖြင့်သက်သေခံခဲ့သနည်း

a) in the heathen court ဘာသာမဲ့များ၏ တရားရုံးတွင်

b) in prison in Babylon ဘေဘီလုံထောင်ထဲတွင်

c) in the temple in Jerusalem ယေရုရှလင်ဗိမာန်တွင်

15. How did Daniel prove God's wisdom? (value 2 points) ဒံယေလက ဘုရားရှင်၏ဉာဏ် ပညာကို မည်သို့သက်သေပြသနည်း

a) by his fear in the lion's den ခြင်္သေ့လှောင်အိမ်တွင် ကြောက်လန့်စွာနေခြင်းဖြင့်

b) by interpreting Nebuchadnezzar's dream နေဗုခဒ်နေဇာ၏အိမ်မက်ကို ဖေါ်ပေးခြင်းဖြင့်

c) by ruling well in Jerusalem ယေရုရှလင်ကို ကောင်းစွာအုပ်စိုးခြင်းဖြင့်

16. Where did Daniel's companions prove God's power to protect and save? (value 2 points) ဒံယေလနှင့်သူ၏အပေါင်းဖေါ်များဘုရားရှင်ကွယ်ကာပုံကို မည်သို့ သက်သေပြခဲ့သနည်း

a) in the lion's den ခြင်္သေ့တွင်း၌

b) in the fiery furnace မီးဖိုထဲ၌

c) in their places of leadership သူတို့ ၏ဦးဆောင်မှု၌

17. Who gave the feast at which Daniel witnessed God's power to judge? (value 2 points) ဒံယေလမှ ဘုရားရှင်၏စီရင်ခွင့်အာဏာတန်ခိုးကို သက်သေပြခဲ့သည့် စားပွဲသောက်ပွဲအား မည်သူပေးခဲ့သနည်း

a) Nebuchadnezzar နေဗုခဒ်နေဇာ

b) Belshazzar ဘာလရှာဇာ

c) Cyrus ဆိုင်းရပ်စ်

18. What did Daniel's vision of seventy weeks show? (value 2 points) ဒံယေလ၏ရက် သတ္တပတ် ၇၀- အာရုံ မြင်ကွင်းသည် မည်သည်ကို ဖေါ်ပြသနည်း

a) the duration of the captivity in Babylon ဘေဘီလုံတွင် ဖမ်းသွားချုပ်ထားရာကာလ

b) the time of the prophets ပရောဖက်များ၏အချိန်ကာလ

c) God's timetable for Israel ဣသရေလတို့ အတွက် ဘုရားရှင်၏အချိန်ဇယား

Matching

19. Match the following words with their definitions. (value 27 points) အောက်ပါတို့ ကို ယှဉ်တွဲပါ။

______Willful infidelity in a marriage contract by intercourse with a third party a) adultery

အိမ်ထောင်ရေး ဖေါက်ပြားပြီးအခြားသောသူနှင့်အတူအိပ်စက်ခြင်း

______Visual objects or actions used to represent principles b) ancient of days

ကျင့်ဝတ်များကိုကိုယ်စားဖေါ်ပြသည့် မြင်နိုင်သောအရာ၊လုပ်ဆောင်ချက်

______An expression of reverence for Jehovah c) gentile

ထောက်ပံ့သောအရှင်ထာဝရဘုရားအား ရိုသေလေးမြတ်ကြောင်းဖေါ်ပြချက်

______This refers to seventy weeks of years in Daniel's prophecy d) Maccabees

ဤအချက်သည် ဒံယေလပရောဖက်ပြုချက်ဖြစ်သည့်နှစ်ကာလအပိုင်းအခြား ရက်သတ္တပတ် ၇၀-ကိုညွှန်းသည်

_____A non-Hebrew nation or person e) millennium

ဟေဗြဲလူမျိုး နိုင်ငံသားမဟုတ်သူ

_____Having sexual relations with many casual partners f) profane

မိမိ၏အိမ်ထောင်ဖက်မဟုတ်သူများနှင့်အတူအိပ်စက်ခြင်း

______A group of Jews who defended the nation of Israel g) promiscuous

ဣသရေလနိုင်ငံကို ကာကွယ်သောဂျူးများ

______To defile that which is to be kept sacred h) seventy weeks of Daniel

ရိုသေစွာစောင့်ထိန်းထားရမည့်အရာကို ပျက်စီးညှိုးနွမ်းစေခြင်း

_____The future one thousand-year reign of Christ on earth i) symbols

နောင်တချိန်၌ ကမ္ဘာပေါ်တွင် နှစ်ပေါင်းတထောင် ခရစ်တော်အုပ်စိုးမည့်ကာလ

20. Match each phrase with the proper statement. (value 8 points) အောက်ပါတို့ ကိုယှဉ်တွဲပါ

______occurs many times in the book of Ezekiel a) "the glory of the LORD"

ယေဇကျေလကျမ်းတွင် အကြိမ်ပေါင်းများစွာပါသည်

_____used repeatedly in Ezekiel (and Exodus) ယေဇကျေလကျမ်းတွင် ကြိမ်ဖန်များစွာအသုံးပြုထားသည်

b) "Then they shall know that I am God"

21.Match the description of what was seen in Nebuchadnezzar's dream with the nation or person being represented. (value 26 points) အောက်ပါတို့ကို ယှဉ်တွဲပါ

______the head of gold ရွှေနှင့်ပြုလုပ်ထားသောဦးခေါင်း a) Medo-Persia

______the breast and arms of silver ငွေနှင့်ပြုလုပ်ထားသော ရင်အုပ်နှင့်လက်မောင်း b) Rome

______the belly and thighs of brass represented ကြေးဝါနှင့်ပြုလုပ်ထားသောဝမ်းဗိုက်နှင့်တင်ပါးကို ကိုယ်စားပြုသည် c) Babylon (Nebuchadnezzar)

______the legs of iron represented သံနှင့်လုပ်ထားသောခြေထောက်ကိုကိုယ်စားပြုသည် d) A future union of nations

_______the feet of iron and clay represented e) Christ

သံနှင့်ရွှံ့ ဖြင့်ရောနှောလုပ်ထားသော ခြေထောက်ကို ကိုယ်စားပြုသည်

_______the stone which crushed the image ရုပ်တုကို ချေမှုပြစ်သော ကျောက်တုံး f) Greece

A). The second vision of 4 beasts representing the nations:ဒုတိယရူပါရုံ၏သားရဲ ၄-ကောင်ကို ပုံဆောင်သော တိုင်းနိုင်ငံများ။

______a lion represented ခြင်္သေ့ကိုကိုယ်စားပြု a) Medo-Perisa

______a bear represented ဝက်ဝံကို ကိုယ်စားပြု b) Rome

______a leopard representedကျားသစ်ကို ကိုယ်စားပြု c) Nebuchadnezzar

______a beast with great iron teeth and ten horns represented d) Greece

သံသွားများနှင့်ချိုဆယ်ချောင်းပါသောသားရဲသည် ( ) ကိုကိုယ်စားပြု

B) The third vision of the 70 weeks: တတိယရူပါရုံ

______When Israel returns to their land, the covenant is confirmed; the suffering is known as the abomination of desolation a) undetermined time

ဣသရေလလူမျိုးများ သူတို့ နိုင်ငံသို့ ပြန်လာသည့်အခါ ပဋိညာဉ်ခိုင်မြဲလာသည်၊ ဒုက္ခခံရခြင်းကို ပျက်သုံးခြင်းအဖြစ် နားလည်ရသည်

______The period of the church အသင်းတော်ကာလ b) 62 weeks

______The time from the decree to return and rebuild Jerusalem to Messiah the Prince ပြန်လာဖို့ အမိန့်တော်ရသည့်အချိန်မှ ဘုရင်မေရှိယကြွလာမည့် ယေရုရှလင်မြို့ အား ပြန်လည်တည်ဆောက်သည့်ကာလထိ

c) one week

Fill in the blank space with one of the words given. (value 3 points) ကွက်လပ်ဖြည့်ပါ

22. Ezekiel saw the glory of the LORD_________________ the sanctuary and the Holy City. ယေဇကျေလသည် ဗိမာန်တော်၊သန့် ရှင်းသောမြို့ နှင့်ဘုရားရှင်ဘုန်းတော် (. )သည်ကိုမြင်ရသည်၊ (fill, depart) (ဖြည့်သည်၊ ထွက်ခွါသည်။)

Copyright by Rogma International, Inc. All rights reserved.

---

## Lesson 18

## Section VI – Broken

## Back to Build – Repent, Return, Rebuild, Remain

**Theme**: A proper understanding of true repentance and return is essential for biblical revival, renewal and rebuilding. တည်ဆောက်ခြင်း၊ နောင်တ၊ လှည့်ပြန်ခြင်း၊ ပြန်တည်ဆောက်ခြင်း၊ အကြွင်းအကျန်အဖြစ် တည်ရှိခြင်း၊

**Goal**: စစ်မှန်သော နိုးထမှုနဲ့ ဘုရားသခင်ထံ လှည့်ပြန်တဲ့ အသက်တာဖြစ်ဖို့ သင်ယူပါ။.

**Summary**: ဓမ္မဟောင်းကျမ်းကို လေ့လာတဲ့ ဒီနောက်ဆုံးအခန်းဟာ ယေရမိဟောပြောတဲ့ ဘုရားသခင်ရဲ့ဂတိတော် တွေ ပြည့်စုံတဲ့ အကြောင်းကို မှတ်တမ်းတင်တယ်။ ဗာဗုလုန်မှာ ကျွန်ခံပြီး အနှစ်-၇၀ အကြာမှာ ဣသရေလပြည်ကို ပြန်ရောက်မယ်လို့ ဆိုတယ်။ (Jeremiah 25:11). ဒါဟာ ဗာဗုလုန်ကို မေဒိပေရသိတို့ သိမ်းပိုက်ပြီး ဒံယေလရဲ့အသက်တာအဆုံးပိုင်းမှာ ဖြစ်ပျက်ခဲ့တာ ဖြစ်တယ်။ (၅၃၆ B.C) အသစ်တက်လာတဲ့ ဘုရင်ဖြစ်တဲ့ ကုရုမင်းဟာ ယုဒလူ တွေ သူတို့နေရင်းပြည်မှာ ဗိမ္မာန်တော် တည်ဆောက်တာကို ခွင့်ပြုတဲ့အမိန့်ကို ထုတ်ပြန်ခဲ့တယ်။ (2 Chronicles 36:22-23). ဂျူးလူမျိုးတစုဟာ ယေရှုရှလင်ကို လှည့်ပြန်ပြီး ဗိမ္မာန်တော်နဲ့ မြို့ရိုး တည်ဆောက်ဖို့ ပြင်ဆင်ကြတယ်။ ဇေရုဗဗေလဦးဆောင်တဲ့ ပထမအုပ်စုဟာ. (Ezra 1:1-3). နောက်ပိုင်းမှာ ဖြစ်ပျက်ခဲ့တယ်။ ယေရှုရှလင်ကို ရောက်တဲ့အခါ ဗိမ္မာန်တော်ကို ပြန်တည်ဆောက်စပြုတယ်။ အနီးနားက ရှမာရိလူတွေက ဂျူးလူမျိုးတွေတဖက်မှာ ရန်ပြုလာတယ်။ ဗာဗုလုန်မှာရှိတဲ့ မြို့တော်ဝန်ကလည်း မြို့တည်ဆောက်ဖို့ ခွင့်ပြုချက်ပေးခဲ့တယ်။ ဒါဟာ ဒီလိုကျေးဇူးပြုတဲ့ အတွက်ကြောင့် ဗိမ္မာန်တော်ဟာ နောက်နှစ်အနည်းငယ်အတွင်းမှာ ပြီးစီးခဲ့တယ်။ (Ezra 4:24; Haggai 1:1,15). ဇရဟာ ဒုတိယအုပ်စုကို ခေါင်းဆောင်ပြီး ပြန်ခဲ့တယ်။ ဘာသာ လူမျိုးမတူဘဲ အိမ်ထောင်ပြုမှုနဲ့ တပါးအမျိုးသားတွေကို ပြုမူဆက်ဆံပုံတွေနဲ့ ပတ်သက်ပြီး ဟောပြောတယ်။ မောရှေရဲ့ပညတ်နဲ့ အာပြဟံကို သီးခြားခေါ်ထုတ်ခြင်း အကြောင်းတို့ ဟာ အထူးတားမြစ်ထားတဲ့ ကိစ္စတွေဖြစ်တယ်။ နေဟမိက တတိယအုပ်စုကိုဦးဆောင်ပြီးပြန်ကာ ယေရှုရှလင် မြို့ရိုး တည်ဆောင်ခြင်းကို အားပေးခဲ့တယ်။.

**Dates**: (နေ့စွဲများ၊ အချိန်ကာလနဲ့ ပတ်သက်ပြီး ငြင်းခုံစရာများတော့ ရှိပါတယ်။)

| Kings of Persia: | prophets: | years: | |
|---|---|---|---|
| Cyrus | | 538-530 B.C. | Ezra 1-3 |
| Darius I | | 521-486 B.C. | |
| | Haggai | 520 B.C. | |
| Xerxes (Ahasuerus) | Zechariah | 520-515 B.C.<br>486-465 B.C. | Ezra 4:6 |
| | Esther | 474 B.C. | |
| Artaxerxes | Nehemiah | 464-423 B.C.<br>445-425 B.C. | Ezra 4:7; 7-10 |
| | Malachi | 450-400 B.C. | |
| Darius II | | 423-404 B.C. | |

**Outlines**:

Ezra

Chapters 1,2 ပြန်ဖို့ ပြင်ဆင်ခြင်း

Chapters 3-6 ဇေရုဗဗေလနဲ့ ဇေရ ခေါင်းဆောင်ပြီး ပြန်ကြတယ်။ ဗိမ္မာန်တော်စတည်ဆောက်တယ်

Chapters 7-10 ဇေရရဲ့ဒုတိယအကြိမ်ပြန်ခြင်း

Haggai

Chapter 1 ဘုရားအမှုတော်အတွက် လုပ်ဆောင်ချင်စိတ်မရှိတဲ့အတွက် အပြစ်တင်တယ်။

Chapter 2 ထာဝရဘုရား၌ အားယူဖို့ ခွန်အားပေးတယ်။

Zechariah

Chapters 1-8 ဇာခရိကာလမှာ ရူပါရုံများ ရခဲ့တယ်။

Chapters 9-14 အနာဂတ်အတွက် ဗျာဒိတ်တော်များ ခံရတယ်။

**People to know:**

Zerubbabel (Sheshbazzar), Ezra, Joshua the priest Persian kings: Cyrus, Darius, Ahasuerus, Artaxerxes prophets: Haggai, Zechariah

**Places to know: Persia, Jerusalem of Judah**

**Words to know: (Know these for the exam)**

Desire of All Nations: title for the Messiah carrying the idea of all that is valuable

Tirshatha: title for the governor of Judea under the Persians

Urim and Thummim: ယဇ်ပရောဟိတ်မင်းရဲ့ရင်ဘတ်၊ ရင်ဖုံးပြားမှာရှိသည့် ဘုရားသခင်ရဲ့အလိုတော်ကို ရှာတဲ့ အခါမှာသုံးတဲ့ အဲဒီပစ္စည်းအမျိုးအစားကို အတိအကျ မသိရဘူး။.

vision: မအိပ်ဘဲ နိုးနေချိန်မှာ ဘုရားသခင်ရဲ့ဖွင့်ပြချက

my servant the BRANCH: the branch indicates membership in a family. Christ as the BRANCH indicates He descended from royal ancestors.

**Introduction**

ဧဇရ နဲ့ နေဟမိမှတ်စာဟာ မူလအစမှာ တကျမ်းတည်းဖြစ်တယ်။ ဘုရားသခင်ရဲ့နှုတ်ကပတ်တော် တန်ခိုး၊ ဆုတောင်းခြင်း၊ ကျေးဇူးတော်ချီးမွမ်းခြင်း ရှိတဲ့သူတွေဖြစ်တယ်။ ကျွန်ခံရာ နှစ်ကာလများ အဆုံးမှာ ယေရုရှလင်ကို ပြန်ခဲ့ကြတယ်။ ဧဇရဟာ ယဇ်ပရောဟိတ်အနွယ်မှ မွေးဖွားပြီး ယောရှမင်း လက်ထက် ယဇ်ပရောဟိတ်မင်းဟေလကိရဲ့သားဖြစ်တယ်။ ယောရှမင်းက ပညတ္တိကျမ်းကို တွေ့တဲ့ အချိန်မှာ ဖတ်ပေးရသူဖြစ်တယ်။ (2 Chronicles 34:14,18). သူဟာ ဗာဗုလုန်ပြည်ကို ဖမ်းသွား ခံရတယ်။ တိုင်းတပါးမှာ ယဇ်ပရောဟိတ်အလုပ် လုပ်စရာမရှိတဲ့အတွက် နှုတ် ကပတ်တော်ကို လေ့ လာခြင်း၊ သင်ကြားခြင်းအလုပ်ကိုပဲ လုပ်ခဲ့တယ်။ (Ezra 7:10). ယေဇကျေလ၊ ဒံယေလ၊ ဧဇရ၊ နေဟမိနဲ့ တခြားဘုရားသခင်ရဲ့သစ္စာရှိတဲ့ အမှုတော်ဆောင်များရဲ့သွန်သင်မှုကြောင့် ယုဒပြည်မှာ ပုန်ကန်တတ်တဲ့ လူမျိုးဟာ ထာဝရဘုရားနဲ့ ပညတ်တရားထံ လှည့်ပြန်ခဲ့တယ်။ဗာဗုလုန်မှာ မြင်ဖူးတဲ့ ရုပ်ထုကိုးကွယ်ခြင်း အားလုံးကို စွန့်ပစ်လိုက်ကြတယ်။ သူတို့စိတ်နှလုံး ဘုရားသခင်ထံလှည့်ပြန်ပြီး ဘုရားသခင်က သူတို့ကို ကယ်မခဲ့တယ်။.
ဧဇရ မှတ်စာဟာ ကျွန်ခံရာကာလနှစ်လယ်မှာ စတင်ရေးသားပြီး ယေရမိယေရုရှလင်ပြန်ရောက်ချိန် မှာ ပြီးစီးခဲ့တယ်။ (between 456 and 444 B.C.) (Nehemiah 8:1-9). ဂျူးလူမျိုးများ ပြည် တော်ပြန်ခြင်းဟာ တပါးအမျိုးသား ပါးရှားရှင်ဘုရင်သုံးပါးဖြစ်တဲ့ ကုရု၊ ဒါရိ နဲ့ အာတဇေရဇ်မင်းတို့ရဲ့ကူညီမစမှုကြောင့် ပြီးစီးခဲ့တယ်။ ကူညီတဲ့၊ဦးဆောင် တဲ့ ယုဒခေါင်းဆောင်တွေကတော့ ဇေရုဗဗေလ၊ ယောရှု၊ ဟဂ္ဂဲ၊ ဇာခရိ နဲ့ ဧဇရတို့ဖြစ်တယ်။ ဥရုမင်းက ဗာဗုလုန်မြို့ကို အောင်မြင်ခဲ့တယ်။ ( ၅၃၉ B.C ) သူ့အမိန့်နဲ့ ကျွန်ခံသူတွေဟာကိုယ့်တိုင်းပြည်ကိုပြန်ခွင့်ရကြတယ်။ဂျူးတွေကိုလည်း ယုဒပြည် ကို ပြန်ခွင့်ပေးတယ်။(၅၃၈ B.C) ဂျူးလူမျိုး သုံးသောင်းခွဲလောက်ဟာ ဇေရုဗဗေလရဲ့ခေါင်းဆောင် မှုနဲ့ ပြန်ခဲ့ကြတယ်။ ဗိမ္မာန်တော်တိုက်မြစ်ကိုချပြီး ယဇ်ပူဇော်ခြင်းပွဲနေ့ကျင်းပခြင်းသည် ပြန်လုပ်ဖို့ စတင်တယ်။ ဒါပေမယ့် နောက်-၂၃ နှစ် အကြာ( ၅၁၅ B.C ) အထိ ဗိမ္မာန်တော်ဟာ မပြီးသေးပါ။ အချိန်က ဒါရိမင်းရဲ့အချိန်ဖြစ်တယ်။

Haggai သူဟာ ယေရုရှလင်မြို့ကို ပြန်ပြီးနောက်ပိုင်း ယုဒလူမျိုးတွေကို ပထမဦးဆုံး ဟောပြောတဲ့ ပရောဖက်ဖြစ်တယ်။ ဒါရိမင်းနန်းစံဒုတိယနှစ်မှာ အမှုတော်စတင်ခဲ့တယ်၊ ( ၅၂၀ B.C ) ။ ဇေရုဗ ဗေလ ဦးဆောင်းပြီး ပထမအကြိမ် ပြန်ပြီး နောက် ၁၆-နှစ်အကြာမှာ ဖြစ်တယ်။ ဇာခရိက အမှုတော် မဆောင်ခင် ၂-လ အလိုဖြစ်တယ်။ သူဟာ အရင်ဗိမ္မာန်တော် ကို မြင်ခဲ့ဖူးတဲ့ အသက်ကြီးသူ တယောက်ဖြစ်နိုင်တယ်။ သူ့ရဲ့အဓိကအလုပ်ကလူတွေဗိမ္မာန်တော်ကိုဆောက်ဖို့ ဘုရား သခင်ရှေ့မှာ သန့်ရှင်းစင်ကြယ်စွာနေဖို့ တိုက်တွန်းရမှာ ဖြစ်တယ်။.

Zechariah (520-518 B.C.) ကျွန်ခံရာဗာဗုလုန်ပြည်မှာ မွေးခဲ့သူဖြစ်ပုံရတယ်။ ငယ်ငယ်ကတည်းက အဖေသေသွားလို့ အဘိုး - (အစ်ဒို) Iddo (Nehemiah 12:4,16), က ပြုစု ကျွေးမွေးရတယ်။ ဒါကြောင့် သူဟာ ယဇ်ပရောဟိတ် ဖြစ်သလို၊ ပရောဖက်လည်း ဖြစ်တယ်။ ဟဂ္ဂဲ လိုပဲ ဗိမ္မာန်တော် ပြီးစီးအောင် တည်ဆောက်ဖို့ အားပေးရသူဖြစ်တယ်။

( နောက် ၄နှစ်အကြာမှာ လုပ်ဆောင်ခဲ့တယ်၊ ၅၁၅ B.C ) ။ နောင်တရဖို့ ဘုရင်ကြွလာပြီး၊ သူ့နိုင်ငံတော် အနာဂတ်မှာ တည် ဆောက်မယ်ဆိုတဲ့ မျှော်လင့်ခြင်းအကြောင်းကို ဟောပြောရတယ်။ " ငါ့ထံသို့ ပြန်၍လာကြလော့၊ ငါသည်လည်း သင်တို့ရှိရာသို့ ပြန်လာမည်ဟု " ကောင်းကင်ဗိုလ်ခြေအရှင် ထာဝရဘုရား မိန့်တော် မူ၏။. (Zechariah 1:3). ဇာခရိ ရဲ့အရေးအသားဟာ ဟဂ္ဂဲ၊ ယေဇကျေလ နဲ့ တခြားပရောဖက်တွေ လိုပဲ ပုံဆောင်ချက်တွေ အဓိကပါဝင်တယ်။ ဇာခရိ ဟောပြောတဲ့ ပရောဖက်ပြုချက်တွေကို အနှစ်ချုပ် ကြည့်ရာမှာ:

1)အတိတ်က ဣသရေလလူမျိုးကို ဆုံးမခဲ့ ရခြင်းရဲ့အကြောင်းရင်းများ

2)ရှင်ဘုရင်ရဲ့ပထမကြွလာခြင်း (Zechariah 9:9)

3)ဘုရင်ကို ငြင်းပယ်ပြီး ကားတိုင်မှာတင်ခြင်း (Zechariah 11:12,13; 13:6,7)

4)ဘုရင်ရဲ့ဘုန်းကြီးတဲ့ ဒုတိယအကြိမ် ကြွလာခြင်း (Zechariah 14:3-5)

5)နိုင်ငံတော်ကို အပြည့်အဝတည်ထောင်ခြင်း

## THE LESSON

### I. THE BEGINNING OF THE BOOK OF EZRA – THE RETURN TO JERUSALEM ယေရုရှလင်သို့ အပြန် (Ezra 1-6)

A.ပြန်ဖို့ပြင်ဆင်ခြင်း **(Ezra 1,2).**

1.ပြန်မိန့် (Ezra 1:1-4; 2 Chronicles 36:21-23).

ပါးရှားဘုရင်ရဲ့နန်းစံပထမနှစ်မှာ၊ ဘုရားသခင်က ကုရုဘုရင်ရဲ့စိတ်သဘောကို နှိုးဆော်ပြီး ယုဒပြည် ယေရုရှလင်မှာ ဘုရား သခင်ရဲ့အိမ်တော်ကိုတည်ဖို့ အမိန့်ပေးတယ်။ (2 Chronicles 36:21-23, Ezra 1:1-2) ဗာဗုလုန်က ဂျူးတွေ ပြန် ချင်ရင်၊ ယေရုရှလင်ကိုပြန်ပြီး အလုပ်လုပ်ချင်ရင် အခွင့်ပေး တယ်။ မပြန်ဖြစ်သူတွေလည်း၊ ပစ္စည်းအားဖြင့် ဖြစ်စေ၊ ငွေကြေးအားဖြင့် ဖြစ်စေ၊ ကူညီဖို့ အမိန့်ပေး တယ်။ (Ezra 1:3,4).

2.ပထမအကြိမ်ပြန်ဖို့ ပြင်ဆင်ခြင်း (Ezra 1).

ယုဒ နဲ့ ဗင်္ယာမိန်မျိုး အသက်ကြီးသူများ၊ ယဇ်ပရောဟိတ်များ၊ လေဝိသားများ၊ ဘုရားသခင်က စိတ် ထိတွေ့စေသူများ ဟာ မြို့တော်ဝန်အဖြစ်ခန့်ထားတဲ့ ဇေရုဗဗေလ၊ယောရှု (ယဇ်ပရောဟိတ်နဲ့ တခြား ယဇ်ပရောဟိတ်များ ခေါင်းဆောင် မှုနဲ့ အတူ ပြင်ဆင်ကြတယ်။ ရွှေ၊ ငွေ၊ ကြေး၊ ပစ္စည်းများနဲ့ တခြား အဖိုးတန်ပစ္စည်းများ သူတို့ကို ပေးလှူကြတယ်။ (Ezra 1:5,6)ကုရုမင်းဟာ ယေရုရှလင် ဗိမ္မာန်က ယူလာတဲ့ ဗိမ္မာန်တော်ခွက်ဖလားတွေကို ပြန်ပေးတယ်။ (Ezra 1:7-11).

3.ပထမအကြိမ် ဇေရုဗဗေလနဲ့ ပြန်သူများ (1st return) (Ezra 2).

မိသားစုအလိုက် နာမည်ဖော်ပြထားတယ်။ (Ezra 2:1-40) လေဝိသား သီချင်းသည်များ၊ အိုးထိန်း များ၊ Nethinims – ( ဗိမ္မာန်တော် ဝန်ထန်းများ )၊ ရှောလမုန်ရဲ့ကျွန်များရဲ့သားသမီးများ၊ ယဇ် ပရောဟိတ်များဖြစ်တယ်။ (Ezra 2:40-60). မြို့တော်ဝန်- Tirshatha-တိရှသက ဂျူးလူမျိုးစာရင်း ထဲမှာ သူတို့နာမည်မပါဘူးလို့ ဆုံးဖြတ်ခဲ့တယ်။ ဒါကြောင့်ယဇ် ပရောဟိတ်အဖြစ် အမှုတော်မဆောင် ရ၊ သန့်ရှင်းသောအရာကို မစားရ။ ဒါဟာ ဥရိမ် နဲ့ ဥသိမ်ရှိတဲ့ ယဇ်

ပရောဟိတ် မင်းပေါ်ထွန်းချိန်မှ သာ စားခွင့်ရမယ်။ (Ezra 2:62,63) စုစုပေါင်းလူဦးရေဟာ ၄၂၃၆၀ ရှိတယ်။ 42,360 (Ezra 2:64).

B.ဇေရုဗဗေလလက်အောက်မှ ယေရုရှလင်မြို့သို့ ပြန်ကြခြင်း (Ezra 3-6).

1. ယေရုရှလင်မှာ ပြန်လည်ဝတ်ပြုကိုးကွယ်လာတယ်။ (Ezra 3:1-13). ဂျူးလူမျိုးများရဲ့ပထမ နှစ်မှာ မီးရှို့ရာယဇ် ပူဇော်ဖို့ ယဇ်ပလ္လင်ကို တည်ကြတယ်။ (Ezra 3:1,2). တဲတော်ပွဲကို ကျင်းပပြီး မီးရှို့ရာယဇ်ကို ပူဇော်ကြတယ်။ (Ezra 3:3-6). အလှူငွေများပေးလှူပြီး ဗိမ္မာန်တော်စတင် တည် ဆောက်ကြတယ်။ တည်ဆောက်တဲ့အလုပ်ကို စနစ်တကျ design အတိအကျနဲ့ လုပ်ဆောင်တယ်။ (Ezra 3:7-10)အုတ်မြစ်ချပြီးနောက် ယဇ်ပရောဟိတ်တွေက တံပိုးခရာတွေ၊ တူရိယာတွေနဲ့ သီချင်း တွေဆိုကြ၊ ကျေးဇူးတော် အော်ဟစ် ချီးမွမ်းကြတယ်။ အရင်ဗိမ္မာန်တော်ကို မြင်ဖူးသူတွေက ဗိမ္မာန် တော်အသစ်ဟာသေးတယ်။ ရှောလမုန်ဗိမ္မာန်တော်ထက် မကြီးဘူးဆိုတာ တွေ့တဲ့အခါ ငိုကြတယ်။ ဒါပေမယ့် လူငယ်တွေကတော့ ဝမ်းမြောက်ဝမ်းသာ အော်ဟစ်ကြတယ်။ (Ezra 3:11-13).

2. ရန်သူတွေက စိတ်အားပျက်စေကြတယ်။ (Ezra 4).

ရှမာရိလူတွေ ( တိကလပိလေသာမင်းနေရာချတဲ့ အာရှုရိလူတွေ ) က ဂျူးလူမျိုးတွေ အလုပ်လုပ် တာကို စောင့်ကြည့်ပြီး လာမေးကြတယ်။ " ငါတို့သည် သင်တို့ထံ၌ တည်းခိုပါရစေ၊ သင်တို့၏ ဘုရားသခင်ကို သင်တို့ရှာသကဲ့သို့ ငါတို့လည်း ရှာကြ၏။ ထိုဘုရားသခင်အား ယဇ်ပူဇော်ကြသည်။ (Ezra 4:2). ဒါပေမယ့် ဇေရုဗဗေလ၊ ယောရှုနဲ့ တခြားယုဒ ခေါင်း ဆောင်တွေက "No" လို့ ငြင်း လိုက်ကြတယ်။ အဲဒီလူတွေဟာ ယုဒလူမျိုးတွေ ဗိမ္မာန်တော်တည်တာကို နှောက်ယှက် ကြ၊ စိတ် ပျက်စေကြတယ်။ သူတို့ကို နှောက်ယှက်ဖို့ ရှေ့နေတွေ၊ အကြံပေးတွေလည်း ငှါးထားကြတယ်။ (Ezra 4:1-5). ဒါရိမင်းကြီး ကွယ်လွန်တယ်။ အာရွှေရုနဲ့ နောက်မှာ အာတဇေရဇ်မင်း တက်တယ်။ ရန်သူတွေက ဣသရေလ လူမျိုးကို ပြစ်တင်စွပ်စွဲတဲ့စာတွေ ပို့ကြတယ်။ ဂျူးလူမျိုးတွေ အလုပ်ရပ် လိုက်ရတယ်။ (Ezra 4:7-24).

C.**Things to Think About:** ဆင်ခြင်စရာများ

1. ဣသရေလလူမျိုးအတွက် ဒီအချိန်ဟာ ဘာကြောင့်ဝမ်းမြောက်စရာ အချိန်ဖြစ်ခဲ့ရသလဲ။ နေရင်း ပြည်ကို ပြန်ကြပြီး ဘုရားသခင်ထံလှည့်ပြန်လို့ ဖြစ်တယ်။ တယောက်နဲ့တယာက် ကူညီမစကြ တယ်။ ဘုရားသခင်ထံလှည့်ပြန်တဲ့အခါ တယောက်နဲ့တယောက် ကူညီမစမှုတွေ ဖြစ်လေ့ရှိတယ်။ တခြားဘုရားသား၊ သမီးတွေနဲ့ သင်အတူလက်တွဲ လုပ်ဆောင်သလား။ တယောက်နဲ့တယောက် ကူညီတတ်ပြီလား။?
2. ရှမာရိလူတွေက ဘာကြောင့်ဂျူးလူမျိုးတွေရဲ့အလုပ်ကိုနှောက်ယှက်သလဲ။ သူတို့က ပူးပေါင်း ချင်တယ်။ ( ဒါက ဘုရားပညတ်တော်နဲ့ မညီဘူး။ ) နောက်သူတို့ဟာ ဥပဒေကြောင်းအရ နှောက် ယှက်မှုတွေလုပ်တယ်။ ဘုရားအမှုတောင်ဆောင်ရာမှာ သင်လည်းဒါမျိုးတွေ ကြုံဖူးသလား။ ဒါဆို ရင် ဘယ်လိုလုပ်မလဲ။?

II.**THE PROPHETS HAGGAI AND ZECHARIAH ENCOURAGED THE JEWS** ပရောဖက်ဟဂ္ဂဲနဲ့ ဇာခရိဟာ ဂျူးလူမျိုးတွေကို အားပေးတယ်။

ဟဂ္ဂဲနဲ့ ဇာခရိဟာ ယုဒပြည်မှာရှိတဲ့ ဂျူးလူမျိုးတွေနဲ့ ယေရုရှလင်မြို့ကို ဇေရန့် နေဟာမိခေတ်မှာ ဟောပြောခဲ့ရသူဖြစ်တယ်။ (Ezra 5:1).

A.**The book of Haggai.**

1.ဟဂ္ဂဲက ဘုရားသခင်အတွက် စေတနာစိတ်မရှိတဲ့သူတွေကို အပြစ်တင်တယ်။ (Haggai 1).

ဂျူးတွေ စိတ်ပျက်ကြပြီ။ လုပ်ဆောင်ရတာအချိန်ကြာလာပြီး၊ နိုင်ငံရေး အနှောက်ယှက် ရှိတဲ့အတွက် သူတို့စိတ်ပျက်တယ်။ ဗိမ္ဗာန်တော်ဆောက်တဲ့ အလုပ်ရပ်သွားပြီး လူတွေလည်း ကိုယ့်အိမ်အလုပ် ကိုပဲ အာရုံစိုက်နေကြတယ်။ ဟဂ္ဂဲက သူတို့ကို နှိုးဆော်လိုက်တယ်။ " ကြည့်ရှုဆင်ခြင်၍၊ အလွန် မှိုင်တွေကြလော့။" (Haggai 1:5,7) ဘုရားအမှုတော်ကိုစိတ်မဝင်စားအတွက် သူတို့ရဲ့လယ်ကွင်း တွေက အသီးအနှံမဖြစ်ထွန်းဘူး။ အိမ်တော်ကို ပျက် စီးစေပြီး ကိုယ့်အိမ်ကိုပဲ ဂရုစိုက်လို့ မိုးခေါင် လာတယ်။ အခုချိန်ဟာ ဗိမ္ဗာန်တော်တည်ဆောက်ရာ အချိန်ဖြစ် တယ်လို့ ဟဂ္ဂဲဆိုတယ်။ " ငါသည် လည်း အားရ၍၊ ငါ့ဘုန်းသည်ထင်ရှားလိမ့်မည်။ (Haggai 1:8- 11). ဟဂ္ဂဲဟာ ၃လ နဲ့ ၂၄ ရက် လောက်ပဲ ပရောဖက်ပြုတယ်။ ဒါပေမယ့် သူ့တရားက ထိရောက်တယ်။ ဇေရုဗဗေလ နဲ့ လူတွေဟာ နားထောင် ပြီး၊ ကြောက်ရွံ့နာခံကြတယ်။ (Haggai 1:12) ဘုရားသခင်က သူ့တရားစကားကို ဟဂ္ဂဲ အားဖြင့်ဟောပြောတယ်။ " ငါသည်သင်နှင့်အတူရှိ၏။ " ဟု ထာဝရဘုရား မိန့်တော်မူကြောင်းကို လူများတို့အား ဆင့်ဆိုလေ၏။ (Haggai 1:13). ဘုရားသခင်က ခေါင်းဆောင်တွေရဲ့စိတ်ဝိညာဉ် ကို နှိုးဆော်ပြီး၊ လူတွေက ဗိမ္ဗာန်တော်တည်တဲ့အလုပ်ကို ဆက်လုပ် ကြတယ်။ (Haggai 1:14).

2.ဘုရားသခင်၌ ခွန်အားရှိဖို့ ၊ အားယူဖို့ ဟဂ္ဂဲနှိုးဆော်တယ်။ (Haggai 2:1-9).

ဟဂ္ဂဲက ဘုရားသခင်ကသူတို့နဲ့အတူရှိတဲ့အတွက် ဂျူးတွေအနေနဲ့ အားယူရမယ်လို့ ဆိုတယ်။ အီဂျစ် ပြည်မှ ထွက်လာတဲ့ အခါ လောကစည်းစိမ်ဟာ ဘုရားသခင်ပိုင်တယ်ဆိုတာကို ပဋိညာဉ်အားဖြင့် သူတို့အား သတိပေးခဲ့ပြီးသားဖြစ်တယ်။ ဟဂ္ဂဲအားဖြင့်ဟောပြောတာက"လူမျိုးအပေါင်းတို့ နှစ်သက် ဘွယ်သော အရာသည်ရောက်၍၊ ဤအိမ်ကိုဘုန်းနှင့်ငါ ပြည့်စုံစေမည်။ ရွှေနှင့်ငွေကို ငါပိုင်သည်။ နောက်တည်သောအိမ်တော်သည် အရင်အိမ်တော်ထက် ဘုန်းသာ၍ ကြီးလိမ့်မည်။" (Haggai 2:1-9).

3.ဟဂ္ဂဲက လူတွေကိုသန့်ရှင်းစေဖို့ ဟောပြောတယ်။ (Haggai 2:10-19).

လူတွေဟာ မသန့်ရှင်းဘူးလို့ ယဇ်ပရောဟိတ်တွေကို ဟဂ္ဂဲပြတယ်။ (Haggai 2:10-14). သူတို့ရဲ့အပြုအမူ၊ အကျင့်အကြံတွေကို ပြန်ဆင်ခြင်ဖို့ ပြောတယ်။ ကောင်းကြီးပေးဖို့လည်း ဂတိထားတယ်။ (Haggai 2:15-19).

4.အနာဂတ်အတွက် မျှော်လင့်ခြင်းရှိဖို့ လူတွေကိုတိုက်တွန်းတယ်။ (Haggai 2:20-23).

ကောင်းကင်ဗိုလ်ခြေအရှင် ထာဝရဘုရားက တပါးအမျိုးသားနိုင်ငံတွေကို အနိုင်ယူမယ်လို့ ဂတိပေး တယ်။ ဇေရုဗဗေလ ကို " သင့်ကိုငါယူ၍၊ တံဆိပ်လက်စွပ်ကဲ့သို့ ခန့်ထားမည်ဟု ထာဝရဘုရား မိန့် တော်၏။ သင့်ကို ငါရွေးချယ်ပြီ " ဟု ကောင်းကင်ဗိုလ်ခြေအရှင် ထာဝရဘုရားမိန့်တော်မူ၏။ (Haggai 2:23).

B.**The book of Zechariah.**

1.ဇာခရိအချိန်ကာလမှာ ဖြစ်ပျက်သောရူပါရုံများ (Zechariah 1-6).

a. အခန်းကြီး - ၁ မှာ၊ ဇာခရိဟာ မြင်းနဲ့မြင်းစီးသူ ရူပါရုံကို မြင်ရတယ်။ ".... ငါသည် ယေရုရှလင်မြို့နှင့် ဇိအုန်တောင်ဖို့ အလွန်ကြင်နာသော စိတ်အားကြီးပြီ။ ကျေးဇူးပြုချင်သော စိတ်နှင့် ယေရုရှလင် မြို့သို့ ပြန်လာပြီ။ ဤမြို့တွင် ငါ့အိမ် ကို တည်ဆောက်ရမည်။ ထာဝရဘုရားသည် ဇိအုန်တောင်သား တို့ကို နှစ်သိမ့်စေအုံးမည်။ ယေရုရှလင်မြို့သားတို့ကို ရွေးကောက်၍၊ ပြုစုအုံးမည်။ " (Zechariah 1:14- 17). သူဟာ ဦးချို ၄ ချောင်းနဲ့လက်သမား ၄ ယောက်ရူပါရုံကို မြင်ခဲ့တယ်။ ဣသရေလ ပြည်ကို ကွဲပြားစေသူတွေကို ပုံဆောင်တယ်။ (Zechariah 1:18-21).

b. အခန်းကြီး - ၂ မှာ ဇာခရိဟာ တိုင်းစရာကြိုးကိုတိုင်းတဲ့လူရုပါရုံကို မြင်ရတယ်။ (Zechariah 2:1-13), ယေရု ရှလင်မြို့ကို ပြန်တည်ဆောက်မယ်။ မြို့ရိုးတဖက်ကို မီးမြို့ရိုးကိုကာပေးမယ်။ မြို့လယ်မှာ ဘုရားသခင်ရဲ့ဘုန်းတော် တည်မယ်လို့ ဆိုတယ်။ ယေရုရှလင်မြို့ကိုထိပါးသူဟာ ဘုရားသခင်ရဲ့မျက်ဆံတော်ကို ထိပါးသူဖြစ်တယ်လို့ ဆိုတယ်။ (Zechariah 2:8). လက်တော်ကို တပါးအမျိုးသားတွေ ဘက်မှာ လွှတ်တော်မူပြီး၊ ဣသရေလအလယ်မှာ ထာဝရဘုရား ကျိန်းဝပ် တော်မူကြောင်းကို သိစေမယ်လို့ ဆိုတယ်။ ဣသရေလတိုင်းနိုင်ငံကို သန့်ရှင်းသောပြည်တော်၊ ယုဒလူမျိုး အမွေခံရာ အဖြစ်နဲ့ ပြုတဲ့နေ့မှာ တပါးအမျိုးသားတွေ ဣသရေလနဲ့အတူ ပေါင်းလာ မယ်လို့လည်း ဆိုတယ်။ (Zechariah 2:9-13).

c. အခန်းကြီး - ၃ မှာ ဇာခရိဟာ ယဇ်ပရောဟိတ်မင်းယောရှုရုပါရုံကို မြင်တယ်။ စာတန်က သူ့ လက်ယာ ဘက်မှာ ရပ်ပြီး သူ့ကို အပြစ်တင်စွပ်စွဲတယ်။ (Zechariah 3:1) ဘုရားသခင်က ယော ရှုကို လမ်းခရီးတော် အတိုင်း လိုက်ပြီး ပညတ်တော်ကို စောင့်ထိန်းစေတယ်။ ဘုရားသခင်ရဲ့အိမ် တော်ကို စီရင်ရမယ်လို့ ဆိုတယ်။ " ....ငါ့ကျွန်တည်းဟူသော အညွန့်ကို ငါပေါ်ထွန်းစေမည်။ တနေ့ခြင်းတွင် ဤပြည်၏အပြစ်ကို ငါပယ်ရှင်းမည်။ " (Zechariah 3:6-10).

d. အခန်းကြီး - ၄ ။ ဇာခရိဟာ မီးအိမ်နဲ့သံလွင်ပင်တွေရဲ့ရုပါရုံကိုမြင်တယ်။ ဘုရားသခင်က ဇေရုဗ ဗေလကို စကား ပါးတယ်။ အာဏာအားဖြင့်၊ တန်ခိုးအားဖြင့် မဟုတ်ဘူး။ ဘုရားသခင်ရဲ့ဝိညာဉ် အားဖြင့် အလုပ်ပြီးစီးစေမယ်လို့ ဆိုတယ်။ " ဇေရုဗဗေလသည် ဤအိမ်တော်အမြစ်ကို ချထားပြီ။ သူသည်လည်း လက်စသတ်ရလိမ့်မည်။ ကောင်းကင်ဗိုလ်ခြေအရှင်ထာဝရဘုရား သည် သင်တို့ ရှိရာသို့ စေလွှတ်တော်မူသည်ကို သင်တို့သိရကြမည်။ " (Zechariah 4:1-9). သံလွင်ပင်တွေဟာ ဘိသိက်ခံရသူ ၂ ယောက် ဖြစ်တယ်။ နောက်ဆုံးသောကာလမှာ ဘုရားသခင်ရှေ့မှာ ရပ်ရသူ တွေ ဖြစ်တယ်။ (Zechariah 4:14; Revelation 11:3-12).

e. အခန်းကြီး - ၅ ။ ဇာခရိဟာ ပျံသန်းနေတဲ့ စာစောင်ကို မြင်တယ်။ (Zechariah 5:1-4), အပြစ်သားတွေရဲ့တဖက်မှာ ဘုရားသခင်ရဲ့တရားစီရင်ခြင်းကို ပုံဆောင်တယ်။ဖောလို့ခေါ်တဲ့ တောင်း ထဲမှာ ထိုင်တဲ့ အမျိုးသမီးဟာ ဆိုးညစ်မှုတွေ ကို ပုံဆောင်တယ်။ (Zechariah 5:5-11).

f. အခန်းကြီး - ၆ ။ ဇာခရိဟာ မြင်းရထား ၄ စီးကိုမြင်တယ်။ တိုင်းနိုင်ငံတွေကို တရားစီရင်မယ့် အကြောင်းကို ပုံဆောင်တယ်။ သရဖူကတော့ ယောရှုရဲ့ဦးခေါင်းမှာ တွေ့ရတယ်။ (Zechariah 6:1-15), ဒါက ဒုတိယအကြိမ် မေရှိယကြွလာပြီး သရဖူဆောင်းမှာကို ကြိုပြောတာဖြစ်တယ်။ " အညွန့် အမည်ရှိသောသူကို ကြည့်ရှုလော့။ ထို ဒေသအရပ်၌ပေါက်၍၊ ထာဝရဘုရား၏ ဗိမ္မာန်တော်ကို တည်ဆောက်လိမ့်မည်။- ထာဝရဘုရား၏ ဗိမ္မာန်တော်ကို တည်ဆောက်ပြီးလျှင်၊ ဘုန်းကြီး၍ မိမိ ရာဇပလ္လင်ပေါ်မှာ ထိုင်လျက်စိုးစံလိမ့်မည်။ ရာဇပလ္လင်တော်ပေါ်မှာ ယဇ်ပရော ဟိတ်လည်းဖြစ်၍၊ ထိုနှစ်ပါးတို့သည် မိဿဟာယပဋိညာဉ်ကိုဖွဲ့ကြလိမ့်မည်။ဝေးသောသူတို့သည်လည်းလာ၍ ထာဝရဘုရား၏ဗိမ္မာန်တော်၌ တည်ဆောက်ကြလိမ့်မည်။ ကောင်းကင်ဗိုလ်ခြေအရှင် ထာဝရဘုရား သည် ငါ့ကိုသင်တို့ရှိရာသို့စေလွှတ်တော်မူသည်ကို သင်တို့သိရကြလိမ့်မည်။ သင်တို့သည် သင်တို့၏ ဘုရားသခင် ထာဝရဘုရား၏ အမိန့်တော် ကို စေ့စေ့နားထောင်လျှင်၊ ဤသို့ဖြစ်ရလိမ့်မည်။ " (Zechariah 6:12,13,15).

2. ကိုယ်အကျင့်တို့ကို ဆင်ခြင်လော့။ (Zechariah 7;8).

a. အခန်းကြီး ၇ မှာ သူတို့ရဲ့ဝတ်ပြုကိုးကွယ်ခြင်းကို ဆင်ခြင်ခိုင်းတယ်။ ဘုရားသခင်အတွက် ဝပ်ပြု ကိုးကွယ်တာလား။ ကိုယ့်အတွက်ကိုးကွယ်တာလား။ အစာရှောင်တာက ကိုယ့်အတွက်လား၊ ဘုရားအတွက်လား။ သူတို့အတွက် မစားမသောက်ဘဲနေတာလား။ တရားမျှတစွာစီရင်ဖို့၊ သနား ဂရုဏာ ရှိဖို့ မိန့်တော်မူတယ်။ ဆင်းရဲသာကိုလည်း မဖိနှိပ်ဖို့လည်း ပြောတယ်။ (Zechariah 7:4,6,9,10).

b. အခန်းကြီး ၈ က မေရှိယသခင်ခရစ်တော်ကြွလာတဲ့အခါ၊ ယေရုရှလင်မြို့ရဲ့အနာဂတ် အကြောင်းကို ပြောပြတယ်။ လူမျိုးတော်ကိုကယ်တင်ပြီး ပြန်လည်းခေါ်ဆောင်သိမ်းဆည်းမည်။ " ငါ၏လူတို့ကို အရှေ့ပြည်မှငင်း၊ အနောက်ပြည်မှငင်း၊ ငါကယ်တင်၍ဆောင်ခဲ့သဖြင့်၊ သူတို့သည် ယေရုရှလင်မြို့ထဲမှာ နေရကြလိမ့်မည်။ သစ္စာတရားနှင့်၊ ဖြောင့်မတ်ခြင်း တရားအားဖြင့် သူတို့သည် ငါ၏လူဖြစ်၍ ငါသည်လည်း သူတို့၏ဘုရားဖြစ်မည် ။" (Zechariah 8:7,8). အသက် ရှင်ရမယ့်ပုံစံကို ဟောပြောရာမှာတော့:

1)အိမ်နီးချင်းတဖက်မှာ အမှန်တရားကိုပြောပါ။

2)တရားသဖြင့်ငြိမ်သက်စွာ တရားသဖြင့် ဆုံးဖြတ်ပါ။ စီရင်ပါ။

3)အိမ်နီးချင်းတဖက်မှာ မကောင်းမကြံပါနဲ့။

4)အလွဲကျိန်ဆိုမှုကို မလုပ်ပါနဲ့။ ဒါကို ဘုရားသခင်မုန်းတယ်လို့ ဆိုတယ်။ (Zechariah 8:16,17). သင်တို့သည် တယောက်နဲ့တယောက် မှန်သောစကားကိုပြောကြလော့။ တယောက်ကို တယောက် အဘယ်သူမျှ မကောင်းသော အကြံကို မကြံကြနှင့်။ မမှန်သော ကျိန်ဆိုခြင်းကို မနှစ်သက်ကြနှင့်။ ထိုသို့သောအမှုရှိသမျှတို့ကို ငါမုန်းသည်ဟု ထာဝရဘုရားမိန့်တော်မူ၏။

3. Oracles အနာဂတ်အကြောင်း၊ ဗျာဒိတ်စကား (Zechariah 9-14).

a. First oracle (Zechariah 9-11), အနာဂတ်အဖြစ်အပျက်များ:

- အခန်းကြီး ၉ က Alexander the Great လက်အောက်က ဂရိတွေရဲ့အောင်မြင်မှုများ (Zechariah 9:1-8) ဂျူးလူမျိုး Maccabees တွေရဲ့အောင်မြင်မှု၊ (Zechariah 9:11-17), Maccabee ဟာ ပြည် တော်ကို ဘုရားသခင်ရဲ့မစမှုနဲ့ ကွယ် ကာခဲ့တယ်။ အနာဂတ်နိုင်ငံတော်ရဲ့ အောင်မြင်မှုအကြောင်း တွေကိုလည်း ဟောပြောပါတယ်။ " အိုဇိအုန်မြို့သတို့သမီး အလွန်ဝမ်းမြောက်လော့၊ အို ယေရုရှ လင်မြို့သမီး ကြွေးကြော်လော့။ တရားသဖြင့်စီရင်၍ ကယ်တင်ခြင်းရောက်သော သခင် သင်၏အရှင် သည် မြည်းမနှင့် မြည်းကလေးကိုစီး၍ နူးညံ့သိမ်မွေ့သောစိတ်နှင့် သင်ရှိရာသို့ ကြွလာတော်မူသည် ကို ကြည့်ရှုလော့။ " (Zechariah 9:9,10).
- အခန်းကြီး ၁၀ က ကြွလာမယ့်ဘုရင်အကြောင်းကို ဟောပြောတယ်။ သိုးထိန်းများတဖက်မှာ တရားစီရင်ခြင်း၊ မေရှိယရဲ့ကောင်းကြီးများအကြောင်းကို ပြောတယ်။ " သိုးထိန်းတို့ကို ငါအမျက် ထွက်၍ …" (Zechariah 10:3" ယုဒအမျိုးကို လည်း ငါခိုင်ခန့်စေမည်။ ယောသအမျိုးကိုလည်း ငါကယ်တင်မည်။ သူတို့ကို သနားစုံမက်သောကြောင့် နေရာမည်။ သူတို့သည် နှင်ထုတ်ခြင်းကို မခံဖူးသကဲ့သို့ ဖြစ်လိမ့်မည်။ ငါသည်သူတို့၏ ဘုရားသခင် ထာဝရဘုရားဖြစ်၍ သူတို့ စကားကို နားထောင်မည်။ …"(Zechariah 10:6).
- အခန်းကြီး ၁၁ ကတော့ သိုးထိန်းကို ပယ်ရှင်းခြင်းအကြောင်းဖြစ်တယ်။ ( မေရှိယခရစ်တော်သခင် ) ဇာခရိဟာ မေရှိယအကြောင်းကို ဟောရာယကလွဲလို့ တခြားပရောဖက်တွေထက် ပိုပြီးတော့ ပြောတဲ့သူ ဖြစ်တယ်။ ပထမ အကြိမ်ကြွလာခြင်း (Zechariah 3:8; 9:9,16; 11:11-13; 12:10; 13:1,6) ဒုတိယအကြွလာခြင်း (Zechariah 6:12; 14:1-21).

b. ဒုတိယ Oracle - ဗျာဒိတ်စကား (Zechariah 12-14):

- ယေရုရှလင်မြို့ကို ဆေးကြောပေးမယ့်အကြောင်း (Zechariah 12,13)

• ဇိအုန်မြို့သို့ ထာဝရဘုရား၏ဒုတိယအကြိမ်ကြွရောက်ခြင်း (Zechariah 14)

C. **Things to Think About:**

ဟဂ္ဂဲနဲ့ဇာခရိဟာ လူတွေကို ဘယ်လိုအားပေးသလဲ။ ဟဂ္ဂဲက အမှုတော်အတွက် စိတ်မပါတဲ့သူတွေကို ပြစ်တင်တယ်။ ဘုရားသခင်၌ အားကြီးလျက် ကိုယ်ကိုကိုယ်သန့်ရှင်းစေဖို့ ပြောတယ်။ဇာခရိက အမှု တော်ဆောင်ရာမှာ ထားရမယ့် စိတ်ရင်းကိုပြောတယ်။ အဲဒီပရောဖက်နှစ်ပါးစလုံးဟာ လူတွေကို မေရှိယသခင်ကြွလာပြီး လောကကိုအုပ်စိုးမယ့် အကြောင်း၊ မျှော်လင့်ခြင်းကိုလည်းပေးတယ်။ ကိုယ့် အပြုအမူတွေကို စစ်ကြောဖို့၊ အသက်တာကိုသန့်ရှင်းဖို့၊ ဘုရား သခင် အမှုတော်ဆောင်ဖို့ သင်အား ပေးနေပါသလား။?

## III.THE SECOND PART OF THE BOOK OF EZRA (EZRA 5-10)

A.လူတွေဟာ ဘုရားသခင်ထံလှည့်ပြန်ပြီး ဗိမ္ဗာန်တော်တည်ဆောက်ကြတယ်။ (Ezra 5,6).

ဘုရားသခင်ရဲ့ပရောဖက်တွေနဲ့ ဇေရုဗဗေလ၊ ယဇ်ပရောဖက်ယောရှုတို့ အားပေးတဲ့အတွက်ကြောင့် လူတွေဟာ ယေရှုရှလင်မှာ ဗိမ္ဗာန်တော်တည်ဆောက်စပြုလာတယ်။ ပရောဖက်တွေကလည်း ကူ ညီကြတယ်။ (Ezra 5:2). အဲဒီဒေသရဲ့မြို့တော်ဝန်က သူတို့မှာ ဗိမ္ဗာန်တော် ဆောက်ခွင့် ရှိ သလားလို့ မေးတယ်။ ဂျူးတွေက ဒါကိုဂရုမစိုက်ဘူး။ (Ezra 5:3,4). ဘုရားသခင်ရဲ့လက်တော် ဟာ သူတို့ဘက်မှာရှိတာကြောင့် သူတို့ဟာအလုပ်ကို ရပ်မပစ်ဘူး။ ပါးရှားဘုရင်ထံ စာလွှာပါးဖို့ပဲ တောင်းဆိုကြတယ်။ (Ezra 5:5-17). ပါးရှားဘုရင်ဒါရိဟာ ကုရုမင်းက ဂျူးလူမျိုးတွေကို ဗိမ္ဗာန် တော်တည်ဆောက်ခွင့်ပေးတဲ့အမိန့်စာကိုတွေ့တယ်။ (Ezra 6:1-5). မြို့တော်ဝန် Tatnai ကို အလုပ် ဆောက်ခွင့်ပြုဖို့ စာရေးလိုက်တယ်။ ဂျူးလူမျိုးတွေလိုတဲ့အရာနဲ့ သိုး၊ နွား၊ ဆိတ်တွေ ယဇ် ပူဇော်ဖို့ပေးဖို့လည်း အမိန့် ထုတ်ပေးလိုက်တယ်။ (Ezra 6:6-12). ဒီအမိန့်စာ ရောက်လာတယ်။ ဂျူးတွေဟာ ဟဂ္ဂဲနဲ့ဇာခရိတို့ရဲ့သွန်သင်မှု အောက်မှာ ဗိမ္ဗာန်တော်ဆက်ဆောက်ပြီး ကောင်းကြီး ခံစားကြရတယ်။ ဗိမ္ဗာန်တော်ဆောက်ပြီးသွားတယ်။ ဣသရေလ လူမျိုးတွေဟာ ဗိမ္ဗာန်တော်ကို ဝမ်းမြောက်တဲ့စိတ်နဲ့ အနုမောဓနာဆက်ကပ်ကြတယ်။ ယဇ်ပူဇော်မှုတွေ လုပ်ပြီး ယဇ် ပရောဟိတ်နဲ့ လေဝိသားတွေကို ခန့်အပ်ကြတယ်။ ဒါတွေကို မောရှေရဲ့ကျမ်းစာအတိုင်း လုပ်ဆောင်တယ်။ (Ezra 6:13-18) အဲဒီနောက် ဂျူးလူမျိုးတွေဟာ ဖာဗုလုန်မှ ပြန်လာကြပြီး ရှိပြီးသား ယုဒအမျိုးနဲ့ ပူးပေါင်း ကာ ပဿခါပွဲနဲ့ တဆေးမဲ့မုန့်ပွဲကို ကျင်းပတယ်။ (Ezra 6:18-22).

B.ဧဇရဟာ ယေရှုရှလင်ကို ဒုတိယအကြိမ်သွားခဲ့တယ် (Ezra 7-10).

နေဟမိနဲ့ သေတာဝတ္ထုတို့မှာ ပါဝင်တဲ့ဖြစ်ပျက်တွေရဲ့နေ့စွဲကို အတိအကျပြောဖို့ ခက်ပါတယ်။ ဒါရိ မင်း၊ ဇာရက်မင်းစတဲ့ နာမည်တွေဟာ ဖါရောဘုရင်လိုပဲ လူသုံးများတဲ့ဘွဲ့နာမတွေ ဖြစ်တယ်။ ဒါကြောင့် အချိန် နှစ်ကာကကို အတိအကျပြောဖို့ခက်သွားတယ်။ ဧဇရအခန်းကြီး ၇ မှာ ပါတဲ့ အဖြစ်အပျက်တွေဟာ အခန်းကြီး ၆ ဗိမ္ဗာန်တော်ပြီးစီးသွား တဲ့ အချိန်ရဲ့နောက်ပိုင်း အနှစ် ၅၀ ကျော်ကာလပိုင်းမှာ ဖြစ်ပျက်ခဲ့တယ်လို့ ယူဆရတယ်။.

1.ကျမ်းတတ်ဧဇရဟာ ဗာဗုလုန်ကို ယဇ်ပရောဟိတ်တွေ၊ သီချင်းသည်တွေ၊ အိုးထိန်းသည်တွေ၊ Nethinims တွေနဲ့ အတူ သွားတယ်။ ဗိမ္ဗာန်တော်ရဲ့ရွှေထည်၊ ငွေထည်၊ တန်ဆာတွေကို သယ်ယူ သွားတယ်။ အာတဇေရဇ်မင်းကြီး ရဲ့စာ လည်းပါပြီ။ ဒီအမိန့်တော်အရ ဘုရင့် ဘဏ္ဍာတိုက်ထဲမှ ငွေ ကြေးကို ထုတ်ယူသုံးစွဲခွင့်ရတယ်။ အခွန်ငွေ ကင်း

လွတ် ခွင့်ကိုလည်း ရတယ်။ ဘုရင်က ဧဇရကို အမိန့်ထုတ်ခိုင်းစေတာ ဖြစ်တယ်။ ဘုရားသခင်ရဲ့ပညတ်တော်ကိုသင်ဖို့ ပညတ်စကားကို ဆန့် ကျင်တဲ့သူတွေကို အပြစ်ပေးဖို့ အခွင့်ပေးတယ်။ (Ezra 7:11-26).

2. ဘုရင့်ဆုံးဖြတ်ချက်ကြောင့် ဧဇရ အားရတယ်။ ဘိုးဘေးတွေရဲ့ဘုရားသခင်ဟာ ဘုရင့် စိတ်နှလုံး ကို ဗိမ္မာန်တော်တည်ဆောက်ဖို့ လှည့်ပြောင်းစေတယ်။ ဘုရားသခင်ရဲ့ဂရုဏာ လက်တော်ကြောင့် အားရပြီး သူဟာ ဣသရေလလူမျိုး အကြီးအကဲတွေနဲ့အတူ အလုပ်လုပ်ခဲ့တယ်။ (Ezra 7:27-28; 8:1-20).

3. အာဟာဝ Ahava ပါးရှားပြည် အာဟာဝမြစ်နားမှာ အစာရှောင်ဖို့ ကြေငြာခဲ့တယ်။ စိတ်နှလုံးနှိမ့်ချပြီး ဘုရားသခင်ရဲ့ကွယ်ကာမစခြင်း၊ လမ်းပြခြင်းကိုခံယူဖို့ ဖြစ်တယ်။ ဧဇရဟာ လမ်း ခရီးအတွက် စစ်သားကို မတောင်းဆိုဘူး။ ဘုရားသခင်ရဲ့လက်တော်ကွယ်ကာမှုကိုပဲ ဆုတောင်းခဲ့ တယ်။ သူတို့ ဆုတောင်းသံကို နားညောင်းတော်မူခဲ့တယ်။ (Ezra 8:21-23). ယဇ်ပရောဟိတ် တွေသယ်ယူဖို့ ရွှေ ငွေတွေကို ခွဲဝေတယ်။ အဲဒီနောက် ထွက်ခွာလာခဲ့တယ်။ (Ezra 8:24-31). ယေရုရှလင်ကို ရောက်တဲ့အခါ ရွှေ ငွေနဲ့ တခြားပစ္စည်းတွေကို ချိန်တွယ်ပြီး စာရင်းပြုစုကြတယ်။ ဘုရင့်အမိန့်တော်ကို ဒေသ အာဏာပိုင်တွေကို ပြန်ပြီးတော့ဆင့်ဆိုကြတယ်။ သူတို့လည်း ဘုရား သခင့်ဗိမ္မာန် တော်အတွက် ပါဝင်ကူညီလာတယ်။ (Ezra 8:31-36).

4. ပြည်တော်မှာနေတဲ့ လူတွေကြားထဲမှာ အပြစ်ရှိတာကို ဧဇရသိလာတယ်။ (Ezra 9:1-4). ညဦးယံ ယဇ်ပူဇော် ချိန်မှာဧဇရဟာ ဒူးထောက်ပြီးတော့ သူ့လက်တွေကို ဘုရားသခင်ထံ ဖြန့်ထား တယ်။ ရှက်ကြောက်စွာ၊ နှိမ့်ချစွာနဲ့ သူ့လူမျိုးရဲ့အပြစ်တွေကို တောင်းပန်တယ်။ လူနည်းစုပေါ်မှာ ဘုရားသခင်ရဲ့ကျေးဇူးတော်နဲ့ နိုးထမှုရှိပေမယ့် ကျေးဇူးတော်နဲ့အညီ အသက်မရှင်ခဲ့ဘူး။ (Ezra 9:5-18). ဧဇရဟာ ဆုတောင်းပြီး အပြစ်ဝန်ချတယ်။ ဘုရားသခင်ရှေ့မှာ ငိုကြွေးတယ်။ လူ အများ ကြီးဟာ သူနဲ့အတူ ငိုကြွေးကြတယ်။ လူအားလုံး ယေရုရှလင်မြို့မှာ စုဝေးနေကြတယ်။ မိုးရွာထဲမှာ ကြောက်ရွံ့တုန်လှုပ်စွာ မတ်တတ်ရပ်နေခဲ့ကြတယ်။ ဧဇရဟာ သူတို့အပြစ်ကို ဖော်ပြပြီး အဲဒီ အပြစ် တွေကို စွန့်ပစ်ဖို့ အကြံပေးခဲ့တယ်။ သူတို့ရဲ့တပါးအမျိုးသား မိန်းမနဲ့ကလေးတွေကို စွန့်လွှတ်ဖို့ ပဋိညာဉ်ပြုကြတယ်။ (Ezra 10:1-44).

C. **Things to Think About:**

1. ဘုရင့်ရဲ့အထောက်အပံ့နဲ့ မစမှု၊ ခွင့်ပြုချက်ရတဲ့အခါမှာ ဧဇရ ဘာဆက်လုပ်သလဲ။ မိတ်ဆွေ တွေကို ခေါ်ပြီး ဆုတောင်းကြတယ်။ သင်လည်း ဘုရားသခင်ကောင်းကြီးပေးတဲ့အခါ အခြားသူ တွေနဲ့အတူ ဆုတောင်းသလား။ ခံစားရတဲ့ အစာရေစာအတွက်တောင် မေ့နေတတ်သလား။?

2. ဧဇရဟာ ဘုရားသခင်ရဲ့ကောင်းကြီးမင်္ဂလာတွေကို ယူဆောင်လာတဲ့အခါ လူတွေ ဘာလုပ် ကြသလဲ။ သူတို့ရဲ့အပြစ်တွေကို ဝန်ခံပြီး ဘုရားသခင်နဲ့ မှန်ကန်ဖို့ ကြိုးစားတယ်။ ဘုရားသခင်က သင့်ကို ကောင်းကြီးပေးပြီလား။ ဒီကောင်းကြီးတွေဟာ သင့်အသက်တာ၊ သင့်အသင်းတော်မှာ အပြစ်ဝန်ခံစရာတွေ ရှိသလား။ ဘုရားသခင်နဲ့ မှန်ကန်ဖို့ လိုနေပြီလား။?

**Exam - Lesson 18**

Name____________________________________________________________

Address__________________________________________________________

Multiple choice (Circle only one letter as the correct answer unless otherwise indicated. When so indicated you may use your Bible, but we trust you not to look up the answers in the lesson.)

1. What is essential to a proper understanding of biblical revival? (value 3 points) ကျမ်းစာနည်းကျနိုးထခြင်းကို မည်သို့ နားလည်နိုင်သနည်း

   a) a proper understanding of the law ပညတ်တော်များအားနားလည်ခြင်း

   b) a proper understanding of true repentance မှန်သောနောင်တရခြင်းကိုနားလည်ခြင်း

   c) a proper understanding of prophecy and hope ဗျာဒိတ်နှင့်မျှော်လင့်ချက်ကို နားလည်ခြင်း

2. In this last section of the Old Testament what nation conquered Babylon? (value 3 points) ဓမ္မဟောင်းကျမ်းနောက်ဆုံးပိုင်းတွင် မည်သည့်နိုင်ငံသည် ဘေဘီလုံကိုအောင်နိုင်သနည်း

   a) Greece ဂရိ

   b) Egypt အီဂျစ်

   c) Medo-Persia မေဒိုပါရှား

3. What was a group of Jews prepared to do at the end of the 70 years of captivity? (value 3 points) နှစ်၇၀-ကြာ. သိမ်းသွားခြင်းခံရပြီးချိန်၌ ဂျူးတို့ က မည်သည်ကိုလုပ်ဆောင်ရန်ပြင်ဆင်ကြသနည်း

   a) build a temple to God in Babylon ဘေဘီလုံတွင်ဘုရားရှင်တွက် ဗိမာန်တော်ဆောက်သည်

   b) revolt against their captors သူတို့ အားဖမ်းသွားသူများကို တွန်းလှန်သည်

   c) return to Jerusalem to rebuild the temple ဗိမာန်တော်ဆောက်ရန် ယေရုရှလင် သို့ ပြန်လာသည်

4. Who led the first return? (value 3 points)ပထမအသုတ်ပြန်လာသူများကို မည်သူ ဦးဆောင်သနည်း

   a) Ezra ဧဇရ

   b) Nehemiah နေဟမိ

   c) Zerubbabel ဇေရုဗဗေဗဲ

5. During whose reign did the first return occur? (value 3 points) မည်သည့်မင်းဆက်တွင် ပထမအသုတ်ပြည် တော်ပြန်လာသနည်း

a) Cyrus ဆိုင်းရပ်

b) Darius ဒါရိ

c) Zerubbabel ဇေရုဗဗေဲ

6. What was the first thing the Jews did on returning to Jerusalem? (value 3 points) ဂျူးယေရုရှလင်သို့ပြန်လာပြီးနောက် ဦးဆုံးလုပ်သောအရာကားအဘယ်နည်း

a) they began with the rebuilding of the temple ဗိမာန်တော်တည်ဆောက်သည်

b) they made plans for rebuilding the city မြို့တော်ကိုပြန်လည်တည်ဆောက်သည်

c) they elected leaders to govern the territory အစိုးရခေါင်းဆောင်များရွေးချယ်သည်

7. Who opposed the work on the temple? (value 3 points) ဘုရားကျောင်းတွင်အလုပ်လုပ်ဖို့ မည်သူကငြင်းသနည်း

a) Babylonians ဘေဘီလုံလူမျိုးများ

b) Samaritans ရှမာရိလူများ

c) Persians ပါးရှန်းလူများ

8. What did Ezra initiate when he led the second return? (value 3 points) ဧဇရသည် ဒုတိယအသုပ်ပြန်လာသည့် အဖွဲ့ကို ဦးဆောင်သောအခါ သူဘာလုက်သနည်း

a) He initiated the building of the walls around Jerusalem. ယေရုရှလင်မြို့ပတ်ပတ်လည်တွင် မြို့ရိုးများတည် ဆောက်သည်

b) He initiated reforms and confession of sin. အပြစ်နောင်တရပြီ ဝန်ချတောင်းပန်ဖို့ ပြောသည်

c) He initiated the rebuilding of the temple. ဗိမာန်တော်ကို ပြန်လည်တည်ဆောက်သည်

9. Who led the third return? (value 3 points) တတိယအသုပ်ပြန်လာသည့်အဖွဲ့ကို မည်သူဦးဆောင်သနည်း

a) Zerubbabel ဇေရုဗဗေဲ

b) Nehemiah နေဟမိ

c) Darius ဒါရိ

10. In what respect were the Jews changed while in Babylon? (value 3 points) ဂျူးများ ဘေဘီလုံတွင်ရှိစဉ် မည်သည့် အလေးထားမှုပြောင်းလဲသွားသနည်း

a) They became bitter and hardened their hearts. သူတို့၏နလုံးသား ခါးသီးမာကြောသွားသည်

b) They saw what idolatry really is and rejected it. ရုပ်တုကိုးကွယ်ခြင်းကို သူတို့မြင်ရပြီး ထိုအရာကို ဆန့်ကျင်ကြသည်

c) They rejoiced in God's provision for them. ဘုရားရှင် သူတို့ အားထောက်ပံ့ကူညီသည်ကို ဝမ်းမြောက်ကြသည်

11. Who were the three Persian kings who helped in the return of the Jews? (value 3 points) ဂျူးများပြည်တော်ပြန်ခြင်းကို ကူညီခဲ့သည့် ပါးရှားဘုရင် ၃-ဦးကား မည်သူတို့ နည်း

a) Nebuchadnezzar, Darius, Belshazzar နေဗုခဒ်နေဇာ၊ဒါရိ၊ဗေလရှေဇာ

b) Cyrus, Nebuchadnezzar, Nehemiah ဆိုင်းရပ်၊နေဗုခဒ်နေဇာ၊နေဟမိ

c) Cyrus, Darius, Artaxerxes ဆိုင်းရပ်၊ဒါရိ၊အာတဇရှရက်

12. Who were the two prophets who prophesied during the period of the three kings mentioned in question 11? အထက်ပါမေးခွန်းတွင် ဖေါ်ပြထားသောဘုရင်၃-ဦးကို ပရောဖက်ပြုပေးသူများကားအဘယ်သူတို့ နည်း (value 3 points)

a) Haggai and Zechariah ဟဂ္ဂဲ၊ဇာခရိ

b) Nehemiah and Zechariah နေဟမိ၊ ဇာခရိ

c) Haggai and Habakkuk ဟဂ္ဂဲ၊ ဟဗက္ကုတ်

13. Who was the king who wrote the first decree allowing the Jews to return to Jerusalem? (value 3 points) ဂျူးလူမျိုးများ ယေရုရှလင်သို့ ပြန်သွားနိုင်ပြီဖြစ်ကြောင်း ပထမဦးဆုံးအမိန့် တော်ပြန်ခဲ့သည့်ဘုရင်ကား မည်သူနည်း

a) Artaxerxes အာတဇရှရက်

b) Darius ဒါရိ

c) Cyrus ဆိုင်းရပ်

14. Who was the first prophet in Jerusalem after the return of the Jews? (value 3 points) ဂျူးများယေရုရှလင်သို့ ပြန်လာပြီးနောက် ဖြစ်လာသော ပထမဆုံးပရောဖက်ကား အဘယ်သူနည်း

a) Ezekiel ယေဇကျေလ

b) Haggai ဟဂ္ဂဲ

c) Daniel ဒံယေလ

15. As the remnant of Jews prepared to leave Babylon to return to Jerusalem, what did the Jews who were remaining in Babylon do for them? (value 3 points) ဂျူးအကြွင်းအကျန်များဘေဘီလုံမှယေရုရှလင်သို့ပြန်သွားရန်ပြင်ဆင်နေစဉ် ဘေဘီလုံတွင်ကျန်နေသေးသည့်ဂျူးများက သူတို့ အတွက်ဘာလုပ်ပေးကြသနည်း

a) They mocked them and told them they should not go. သူတို့ ကို ရှုံ့ ချကြပြီး မပြန်သင့်ကြောင်းပြောသည်

b) They strengthened them and gave them treasures and provisions. သူတို့ ကို အားပေးစကားပြော ပြီး ရွှေငွေနှင့်စားနပ်ရိက္ခာများပေးကြသည်

c) They reported them to the king for discipline. သူတို့ သည်ဘုရင်ကိုသံတော်ဦးတင်ပြီးအရေးယူဖို့ ပြောသည်

16. What did the Jews who returned with Zerubbabel do first? (value 3 points) ဇေရုဗဗေဲနှင့်အတူပြန်လာ သောဂျူးများက ပထမဦးဆုံးဘာလုပ်ကြသနည်း

a) They built the walls. မြို့ ရိုးတည်ဆောက်သည်

b) They began to build houses and make gardens. နေအိမ်ပန်းခြံများတည်ဆောက်သည်

c) They began to reconstruct the temple. ဗိမာန်တော် ပြန်လည်တည်ဆောက်သည်

17. Who hindered the work of the Jews? (value 3 points) ဂျူးများအလုပ်လုပ်သည်ကို မည်သူနှောက်ယှက်သနည်း

a) some Persians ပါးရှန်းအချို့

b) some Samaritans ရှမာရိအချို့

c) some rebellious Jews ပုန်ကန်သောဂျူးအချို့

18. Why did Haggai rebuke the people? (value 3 points) ဟဂ္ဂဲက လူများကို အဘယ့်ကြောင့် ဆိုဆုံးမသနည်း

a) because they lost their zeal for God's work ဘုရားရှင်တွက်လုပ်ဆောင်လိုစိတ်ကုန်သောကြောင့်

b) because they were not giving enough to do the work အလုပ်လုပ်ဖို့ အချိန်လုံလောက်စွာ မပေးသောကြောင့်

c) because they were not following their appointed leader ခေါင်းဆောင်စကားကိုနားမထောင်သောကြောင့်

19. What did Haggai encourage the people to do? (value 3 points) ဟဂ္ဂဲက လူများကို မည်သို့ ခွန်အားပေးသနည်း

a) He encouraged them to make plans for the future. အနာဂါတ်ပြင်ဆင်ရန်

b) He encouraged them to organize against the enemy. ရန်သူကိုတွန်းလှန်ဖို့ စည်းလုံးရန်

c) He encouraged them to be strong in the Lord. ဘုရားရှင်၌ခွန်အားကြီးရန်

20. What was Zechariah's vision? (value 3 points) ဇာခရိ၏ရူပါရုံကား အဘယ်နည်း

a) A man with a measuring rod who was measuring the temple. ပေတံဖြင့် ဗိမာန်တော် အတွင်းအတာများကို တိုင်းတာနေသောလူတဦး

b) A man with a measuring rod who was measuring the walls. မြို့ရိုးနံရံကို ပေတံဖြင့် တိုင်းနေသောလူတဦး

c) A man with a measuring rod who was measuring the city of Jerusalem. ယေရုရှလင်မြို့ကို ပေတံဖြင့်တိုင်း နေသူလူတဦး

21. Who were the Jewish Maccabees? (value 3 points) မက္ကဘီးဂျူးဆိုသည်မှာအဘယ်နည်း

a) They were a family of priests who restored temple worship. ဗိမာန်တော်ဝတ်ပြုခြင်းကို ထိန်းသိမ်းစောင့် ရှောက်သူ ယဇ်ပုရောဟိတ်မိသားစု

b) They were the descendants of King Hezekiah. ဘုရင်ဟေဇကိမှဆင်းသက်သူများ

c) They were a family of Jews who defended their country until Rome conquered them. ရောမစစ်တပ်၏ ကျူးကျော်မှုကို ခုခံခဲ့သော ဂျူးများ

22. For what reason did Ezra declare a fast before he left Persia the second time? (value 3 points) ဧဇရသည် ပါးရှားပြည်သို့ ဒုတိယအကြိမ်မထွက်ခွါမှီ မည်သည့်အတွက်ကြောင့်အစာရှောင်ဆုတောင်းကြရန်ကြေညာသနည်း

a) to unite the people before the journey ခရီးမစမှီ လူများစည်းလုံးမှုရှိရန်

b) to demonstrate their dedication to the Persian King ပါးရှားဘုရင်ကို သတိယအောက်မေ့ရန်

c) so they would humble themselves and seek God's direction and protection for the journey သူတို့သည် နှိမ့်ချသောစိတ်ဖြင့် ဘုရားရှင်လမ်းပြမှုနှင့်လမ်းခရီးတလျှောက် ဘုရားရှင်ကွယ်ကာမှုကိုရှာသည်

23. What did the people tell Ezra when he arrived in Jerusalem? (value 3 points) ဧဇရ ယေရုရှလင်ရောက်သော အခါလူများကသူ့အားဘာပြောသနည်း

a) They told him about victories and problems in building the temple. ဗိမာန်တော်တည်ဆောက်ရာတွင် အောင်မြင်မှု ဆုံးရှုံးမှုများအကြောင်းပြောပြသည်

b) They told him about progress on the wall Nehemiah was building. နေဟမိဆောက်ခဲ့သော မြို့ရိုးပြီးစီးမှု အခြေအနေများကိုပြောပြခဲ့သည်

c) They told him about the sins of the people intermingling with foreigners. တိုင်းတပါးသားများနှင့်ရောနှော နေထိုင်သည့်အပြစ်ကိုဖေါ်ပြခဲ့သည်

24. What did Ezra do when he heard the report of the people in Jerusalem? (value 3 points) ဧဇရသည် ယေရုရှင်မြို့တွင် လူများ၏ပြောဆိုချက်ကိုကြားရသည့်အခါ ဘာလုပ်သနည်း

a) He rejoiced and called a feast for all the people. သူပျော်ရွှင်ပြီး စားသောက်ပွဲကြီးကျင်းပသည်

b) He fell on his knees, wept, prayed and confessed. သူဒူးထောက်ပြီး အပြစ်ဝန်ချကာ ငိုလျက်တောင်းပန်သည်

c) He organized a general assembly to judge the people. သူ လူများကိုစုဝေးစေပြီး တရားစီရင်ဖို့ ပြင်ဆင်သည်

25. On what was Israel's hope based? (value 3 points) ဣသရေလ၏မျှော်လင့်ချက်သည် မည်သည်ကိုအခြေခံသ နည်း

a) God's law ဘုရားရှင်၏ပညတ်တော်

b) God's judgment ဘုရားရှင်၏စီရင်ခြင်း

c) God's mercy ဘုရားရှင်၏ကရုဏာတော်

Matching

26. Match the following with the correct description. (value 15 points) အောက်ပါတို့ ကိုမှန်ကန်စွာယှဉ်တွဲပါ

______Desire of all nations a. A title indicating that Christ descended from royal ancestors. ခရစ်တော်သည် ဘုရင့်အနွယ်မှဆင်းသက်ကြောင်း ဖေါ်ပြချက်

______Urim and Thummim b. A title for the Messiah indicating all that is valuable. မေရှိယသည် အားလုံးအတွက် တန်ဘိုးထိုက်ကြောင်း ဖေါ်ပြသည့် ဂုဏ်ပုဒ်

______My servant the BRANCH c. A supernatural revelation while a person is awake. လူက အိပ်ယာမှနိုးထနေစဉ်တွင် မြင်ရသောဗျာဒိတ်ရူပါရုံ

______Tirshatha d. The breastplate of the high priest through which the will of God was ascertained. ဘုရားရှင်အလိုတော်အတိုင်း လုပ်ဆောင်သည့် ယဇ်ပုရောဟိတ်မင်း၏ ရင်ကာအပြား

______Visions e. A title for the governor of Judea under the Persians. ပါးရှားလက်အောက်ခံ ယုဒဘုရင်ခံ၏ ရာထူးအခေါ်ဝေါ်

Fill in the blank space with one of the words given.ကွက်လပ်ဖြည့်ပါ

27. Ezra was a________________________ by birth. (value 5 points) ဧဇရသည် မွေးကထဲကပင် (. )ဖြစ်သည် Nazarene Priest (နာဇရိလူ၊ ယဇ်ပုရောဟိတ်)

28. The end of the 70 years of captivity was fulfillment of the prophecy of __________________(value 5 points) Isaiah (ဟေရှာယ),Jeremiah (ယေရမိ),Ezekiel (ယေဇကျေလ) နှစ်ပေါင်း ၇၀-သိမ်းသွားခြင်းခံရမှုသည် ပရောဖက် ( ) ၏ ပရောဖက်ပြုချက် ပြည့်စုံခြင်းဖြစ်သည်

Copyright by Rogma International, Inc. All rights reserved.

---

**Lesson 19**

**Section VI – Broken**

**Rebuilding and Renewal**

ကျိုးပျက်ခြင်း၊ ပြန်တည်ဆောက်ခြင်း နဲ့ အသစ်ပြုပြင်ခြင်း

**Theme**: အဓိကအချက်: သန့်ရှင်းကိုစောင့်ထိန်းရာမှာ ဝိညာဉ်ကောင်းကြီးမင်္ဂလာများကို ပိုင်ဆိုင်ခြင်း၊ ရရှိခြင်းကို ထိန်းသိမ်းတတ်ဖို့ အရေးကြီးပါတယ်။.

**Goal**: ရည်ရွယ်ချက်: ဘုရားသခင်နဲ့လျှောက်လှမ်းရာမှာ သန့်ရှင်းအောင် စောင့်ထိန်းဖို့ အရေးကြီးကြောင်း သင်ယူပါ။.

**Summary**: အနှစ်ချုပ်: ဒီအခန်းဟာ ဣသရေလသမိုင်းကိုလေ့လာရာမှာ နောက်ဆုံးအခန်းဖြစ်ပြီး ဗိမ္မာန်တော် တည် ဆောက်ပြီးချိန်မှာ ဖြစ်ပျက်ခဲ့တာဖြစ်တယ်။ ယေရှုရှလင်မြို့ရိုးများ တည်ဆောက်နေချိန်၊ မြို့တော်မှာ လူများ စတင် နေထိုင်ချိန်၊ အသက်တာတွေ အသစ်ပြန်လည် ပြုပြင်နေချိန်ဖြစ်တယ်။ တပါးအမျိုးသားတွေကြားမှာ ဘုရားသခင် အတွက်အလင်း ( သို့ ) ပုံသက်သေဖြစ်နေခဲ့ပါတယ်။ အချိန်ကာလက ပါးရှန်းလက်အောက်မှာ ယုဒကျရောက်ချိန်ဖြစ် ပါတယ်။ အရှေ့ပိုင်းဒေသမှာ ဂျူးလူမျိုးများကို ကြိုက်ခြင်း၊ မကြိုက်ခြင်း အခြေအနေကို နေဟမိနဲ့ ဧဇရမှတ်စာတွေမှာ တွေ့ရတယ်။ ပရောဖက်မာလခိလည်း နောက်ဆုံး ပရောဖက်ပြုချက်နဲ့ အပြစ်တင်စကားကိုပြောပြီး ခရစ်တော်မကြွလာခင်အချိန်ထိ တိတ်ဆိတ်ရာ ကာလ နှစ်ပေါင်း ၄၀၀ မတိုင်ခင်အချိန်အတွက် စိမ်ခေါ်မှုကို ပေးခဲ့တယ်။.

**Outline**:

| | | |
|---|---|---|
| Nehemiah | 1:1-2:8 | နေဟမိရဲ့ခရီးစဉ် နဲ့ ယေရုရှလင်ပြန်ခြင်း |
| | 2:10-20 | ယေရုရှလင်မှဂျူးတွေကို နေဟမိက ခွန်အားပေးပြီး ရန်သူကိုခုခံစေတယ်။ |
| | 3-7 | |
| | 8-10 | ပညတ်တရားကိုဖတ်ခြင်းအားဖြင့် နိုးထမှုဖြစ်လာပြီး ပဋိညာဉ်တရားကို အသစ်သက်ဝင်စေတယ်။ |
| | 11,12 | မြို့တော်မှာလူများစတင်နေရာချ၊ မြို့ရိုးကိုတည်ပြီး ပြုပြင်ပြောင်းလဲမှုများ ပြုလုပ်ခဲ့တယ်။ |
| | 13:1-31 | Reforms- ပြုပြင်ပြောင်းလဲခြင်းများ |

| | | |
|---|---|---|
| Esther | 1 | ဘုရင်အာရွှေရု နဲ့ သူ့မိဖုရားဝါရှတိ |
| | 2 | သေတာမိဖုရားဖြစ်လာပြီး မော်ဒကဲက ဘုရင့်ရဲ့အသက်ကိုကယ်တယ်။ |
| | 3 | ဟာမန်က ဂျူးလူမျိုးတဖက်မှာ လုပ်ကြံလာတယ်။ |
| | 4,5 | မော်ဒကဲရဲ့တုန့်ပြန်ချက်၊ သေတာရဲ့သတ္တိ |
| | 6,7 | မော်ဒကဲကိုချီးမြှောက်ပြီး၊ ဟာမန်သစ်တိုင်မှာ ကွက်မျက်ခံရ |
| | 8 | သေတာနဲ့မော်ဒကဲရှိလက်ထက် ဂျူးလူမျိုးများ |
| | 9 | ပြန်လည်လက်စားချေနိုင်ခဲ့ပြီး၊ ပုရပွဲကို ကျင်းပကြတယ်။ |
| | 10 | မော်ဒကဲက ဝန်ကြီးချုပ်ဖြစ်လာတယ်။ |
| Malachi | 1:1-5 | ဣသရေလအပေါ်ထားတဲ့ ဘုရားရဲ့မေတ္တာ |
| | 1:6-2:9 | ယဇ်ပရောဟိတ်များရဲ့အပြစ်များကိုထောက်ပြခြင်း |
| | 2:10-17 | လူများရဲ့အပြစ်ကို ထောက်ပြခြင်း |
| | 3:1-4:6 | သခင်ဘုရားကြွလာတော်မူမည် |

**People to know: (Know what they did for the exam)**

kings: Artaxerxes I, Cyrus, Darius, Ahasuerus (Note: these names and titles were used for more than one king (like Pharaoh), making it difficult to know the exact time of the events.)

Sanballat the Horonite (governor of Samaria)

Tobiah (Persian slave appointed governor of the Ammonites), Geshem, Hanani Esther, Vashti, Mordecai, Haman, Nehemiah, Malachi, Eliashib, Levites

**Places to know:**

Persia, Shushan (or Susa, one of the capitals of the Persian Empire), Judah, Jerusalem

**Words to know:**

the royal signet ring: လက်စွပ်တော်၊ ဘုရင့်နာမတော်နှင့်ဥပဒေပြုနိုင်သောလက်စွပ်

providential: showing divine management or care

Purim: ပါးရှန်းလူမျိုးများရဲ့ဖိနှိပ်မှုများကြားက ကယ်တင်ခြင်းကို အမှတ်တရကျင်းပသော ယုဒပွဲတော်

## Introduction

Nehemiah, ကျွန်ခံရာဗာဗုလုန်ပြည်မှာ ပါးရှန်းပြည်ပေါက် ဂျူးတယောက် ( ဇေရ၊ ဟဂ္ဂဲ၊ ဇာခရိတို့နဲ့ ခေတ် ပြိုင်က ဘုရင်အာတဇေရဇ် ၁ ရဲ့ဖလားတော်ဝန်ရာထူးရခဲ့တယ်။) ( ၄၆၅ - ၄၂၄ B.C) နောက်ပိုင်းမှာ ဘုရင်က

သူ့ကို မြို့တော်ဝန်အဖြစ်ခန့်အပ်တယ်။ (Nehemiah 5:14) ဒါက ရှမာရိပြည် နဲ့ ယုဒပြည်ကို ပိုင်း ခြားထားတာဖြစ်တယ်။ ဒါ၀ိဒ်နဲ့ ရှောလုတို့ လက်ထက်ကတည်းက ဖြစ်ခဲ့တဲ့ ကွဲပြားမှုကို နယ်ပိုင်းခြားထား တာဖြစ်တယ်။ ( ယုဒ နဲ့ ရှမာရိ နှစ်ခြမ်းကွဲခြင်းဟာ သခင်ခရစ်တော်လက်ထက်ကနေ ယနေ့ခေတ် ကာလ ထိ ဖြစ်ဆဲ ဖြစ်တယ်။)

Esther ( ရှသလိုပဲ ခဲယဉ်းဆိုးယုတ်တဲ့ကာလမှာ ဘုရားဘုန်းတော်ထင်ရှားဖို့အတွက် အသုံးပြုတဲ့ အမျိုးသမီး တယောက်အကြောင်းကို ဖော်ပြတဲ့အပိုင်းဖြစ်တယ်။ သေတာဝတ္ထုထဲမှာဖြစ်ပျက်တာ တွေဟာ နေဟမိခေတ် မတိုင်ခင် ၁၀ နှစ်လောက်အလိုမှာ ဖြစ်တယ်။ ( ၄၈၃ - ၄၇၃ B.C) အာရှေရု ( Xerxes ) လက်ထက်ဖြစ်တယ်။ သေတာဝတ္ထုထဲမှာ ဘုရားသခင်ရဲ့နာမတော်ကိုဖော်ပြတာ မတွေ့ရဘူး။ ဒါပေမယ့် လက်တော်ကတော့ သူဂတိထားတဲ့ လူမျိုးတော်ကို ကွယ်ကာစောင့်မနေ တာကို ထင်ရှားစွာမြင်ရတယ်။.

Malachi, ကျွန်ခံရာမှ ပြန်လာမယ့်လူနည်းစုအတွက် နောက်ဆုံးပရောဖက်ဖြစ်တယ်။ ဓမ္မဟောင်း ကျမ်းရဲ့နောက်ဆုံး ကျမ်းလည်း ဖြစ်တယ်။ နေဟမိမရှိတဲ့အချိန်မှာ ယေရုရှလင်ရှိ ဂျူးလူမျိုးများကို ပရောဖက်ပြု ဟောပြောခဲ့ပုံ ရတယ်။ နေဟမိက ပါးရှားပြည်ကို ပြန်တဲ့အချိန်ဖြစ်တယ်။ လူတွေက ဓလေ့ထုံးစံအတိုင်း မှားယွင်းပြီး ကိုးကွယ်မှု ဖြစ်လာကြတယ်။ မာလခိက ယဇ်ပရောဟိတ် နဲ့ သူ့လူ မျိုးရဲ့အပြစ်ကိုထောက်ပြတယ်။ ထာဝရဘုရားရဲ့မေတ္တာအကြောင်းကိုလည်း ဟောပြောတယ်။ ဇာခရိလိုပဲ သူဟာ ထာဝရဘုရားရဲ့နေ့ရက်အကြောင်းကို ဟောပြောတယ်။ သခင်ဘုရားရဲ့ ပထမနဲ့ ဒုတိယကြွလာခြင်းကို ဟောတယ်။ (Malachi 3:1; 4:5,6).

## THE LESSON

### I. THE BOOK OF NEHEMIAH

A. **Nehemiah's commission and return to Jerusalem (Nehemiah 1:1-2:8).** ယေရုရှလင်ကိုပြန်ဖို့ နေဟမိ ရဲ့ရီးစဉ်

1. ဇေရုဗဗေလဦးဆောင်ပြီးပြန်ခဲ့ကြရာမှာ ဗိမ္မာန်တော်တည်ဆောက်ကြတယ်။ နေဟမိရဲ့ညီဖြစ်တဲ့ ဟာနန် ( နဲ့ ယုဒပြည်မှ အခြားသူများ ) တို့ ပါးရှန်း နန်းတော်ထဲ ရောက်လာပြီး ယေရုရှလင်မှ ဂျူးလူမျိုးများ အခက်အခဲတွေ့နေကြောင်း ပြောကြတယ်။ မြို့ရိုးတွေလည်း ပြိုကျပျက်စီးတာကို ပြောတယ်။ (Nehemiah 1:1-3) ဒီသိတင်းစကားကို နေဟမိကြားတဲ့အခါ ငိုတယ်။ သူ့စိတ်နှလုံးကို ဘုရားသခင်ရှေ့မှာ သွန်းလောင်းထားတယ်။ " အို ကောင်းကင်ဘုံခြေအရှင် ဘုရားသခင် ထာဝရဘုရား၊ ကြီးမြတ်၍ ကြောက်မက်ဘွယ်သော ဘုရား၊ ပညတ်တော်တို့ကို နှစ်သက်၍ ကျင့်စောင့်သော သူတို့နှင့် ဖွဲ့သော ကရုဏာ ပဋိညာဉ်ကို မဖျက်၊ တည်စေတော်မူသောဘုရား။-" သူဟာ ဣသရေလလူမျိုးအတွက် ဆုတောင်းတယ်။ အပြစ်တွေကိုပြန်သတိရပြီး ဒုက္ခရောက်ရခြင်းရဲ့အကြောင်းအရင်းကို နားလည်တယ်။ ဒါပေမယ့် ဘုရားသခင်ရဲ့ဂတိတော်က သူ့လူမျိုးကို ပြန်ခေါ်မယ်လို့ ရှိတယ်။ ကောင်းကြီးပေးမယ်လို့ ရှိတယ်။ (Nehemiah 1:5-11).
2. နောက် ၄ လအကြာမှာ ဘုရင်က နေဟမိဘာကြောင့်နေမကောင်းဖြစ်လဲလို့ မေးတယ်။ နေဟမိက ယေရုရှလင်မြို့ဟာ တစပြင်လိုဖြစ်လို့ လို့ဖြေတယ်။ (Nehemiah 2:1-3). ဘုရင်က နေဟမိကို ယေရုရှလင်မြို့ကို သွားဖို့ စေလွှတ် တယ်။ မြို့ရိုးကိုတည်ဆောက်ဖို့ ဘုရင့်အမိန့်တော်ကို စာချွန် ထုတ်ပြန်တယ်။ ဥဖရမြစ် အနောက်ဖက်ကမ်းမှာရှိ

တဲ့ မြို့တော်ဝန်တွေကိုလည်း စာလွှာပို့ တယ်။ ဘုရင့်သစ်တောအရာရှိဖြစ်တဲ့ အာသပ်ကိုလည်း စာပို့တယ်။ သူ တို့ဟာ နေဟမိလိုသမျှကို တံခါး၊ မြို့ရိုး၊ ဗိမာန်တော်အတွက်လိုသမျှကို ပေးရမယ်လို့ ဆိုတယ်။ (Nehemiah 2:6-8) နေဟမိ ဟာ တခြားဆက်ကပ်တဲ့ ဂျူးတွေနဲ့အတူ Susa မြို့ကနေ ယေရုရှလင်မြို့ကို ထွက်ခွာလာ ခဲ့ကြတယ်။

B.**Nehemiah** နေဟမိက ယေရုရှလင်မှာရှိတဲ့ဂျူးလူမျိုးတွေကို အားပေးပြီး ရန်သူတွေကို ခုခံဖို့ပြောတယ်။ **(Nehemiah 2:10-20).**

1.သမ္ဘာလတ်နဲ့ တောဘိတို့ရဲ့ခုခံခြင်း (Nehemiah 2:10).

နေဟမိ ယုဒပြည်ကို စစ်တပ်၊ မြင်းသူရဲ၊ ဘုရင့်ရဲ့စာလွှာနဲ့အတူ ရောက်လာတဲ့အခါ သမ္ဘာလတ်က ( ရှမာရိပြည်ရှိ အာတဇေရဇ်ခန့်ထားတဲ့ အရာရှိ ) နဲ့ တောဘိ ( ရှမာရိပြည်ရှိ အမ္မုန်မြို့တော်ဝန် ) တို့ဟာ လုံးလုံး မကြိုက်ကြဘူး။ ဂျူးတွေကို ကူညီမယ့်သူလာတာကို သဘောမကျဘူး.

2.နေဟမိဟာ ညဥ့်အချိန်မှာမြို့ကို လှည့်လာခဲ့တယ်။ (Nehemiah 2:11-18).

နေဟမိဟာ မြို့အခြေအနေကို မြင်ရတဲ့အခါ စိတ်ညစ်သွားတယ်။ ရောက်ပြီး ၃ ရက်အကြာမှာ သူနဲ့သူ့လူတချို့ဟာ ညဥ့် အချိန်မြို့ကို တိတ်ဆိတ်စွာလှည့်လာကြတယ်။ ဂိတ်တံခါးတခုပြီးတခု လှည့်လာကြတယ်။ သူဘာလုပ်မယ်ဆိုတာ လူတွေ ကို မပြောဘူး။ လှည့်လာပြီးတဲ့အခါ သူက ဂျူးတွေကို ယေရုရှလင်မြို့ကို တည်ဆောက်ဖို့၊ မြို့ရိုးပြင်ဖို့ စိမ်ခေါ်လိုက်တယ်။ " လာကြ။ ကဲ့ရဲ့ခြင်းနှင့်လွတ်မည့်အကြောင်း၊ ယေရုရှလင်မြို့ရိုးကို တည်ကြကုန်အံ့- " ( နေဟမိ ၂း ၁၇ ) သူက ဘုရား လက်တော်အကြောင်း ကိုလည်း ပြောတယ်။ ပါးရှားဘုရင် လုပ်ဆောင်ပေးတာကိုလည်း ပြောတယ်။ လူတွေ ဟာ သူရဲ့သက်သေခံချက်ကြောင့် အားရပြီးတော့ " ငါတို့သည် ထ၍တည်ကြကုန်အံ့ဟုဆိုလျက်၊ ထိုကောင်းမှုကို ပြီး စီးစေခြင်းငှါ၊ တယောက်ကို တယောက်နှိုးဆော်ကြ၏။ ( နေဟမိ ၂း ၁၈ )"

3.ဂျူးလူမျိုးမဟုတ်တဲ့ ရန်သူတွေက ဂျူးလူမျိုးတွေကို ဆက်လက်နှောက်ယှက်ကြတယ်။ (Nehemiah 2:19,20).

သမ္ဘာလ၊ တောဘိနဲ့ဂေရှင် ( အာရပ်လူအကြီးအကဲတယောက် ) တို့ရယ်ကြတယ်။ နေဟမိနဲ့ ဂျူးတွေကို လှောင်ပြော င်ကြတယ်။ သူပုန်လို့ ဆိုကြတယ်။ ဒါပေမယ့် နေဟမိက ဖြေတယ်။ " ကောင်းကင်ဘုံ၏ အရှင်ဘုရားသည် ငါတို့ကို အခွင့်ပေးတော်မူမည်။ ထို့ကြောင့် ဘုရားသခင်၏ ကျွန်ဖြစ်သော ငါတို့သည် ထ၍တည်မည်။သင်တို့မူကား၊ ယေရုရှလ င် မြို့တွင် ဘာမျှမဆိုင်မပိုင်၊ မှတ်စရာ သက်သေမရှိဟု ပြန်ပြော၏။ (Nehemiah 2:20).

C.မြို့ရိုးကိုဆက်လက်တည်ဆောက်ခြင်း **(Nehemiah 3-7).**

1.မြို့ရိုးကိုဆက်လက်တည်ဆောက်ခြင်း (Nehemiah 3:1-32).

နေဟမိက သူ့အစီအစဉ်အတိုင်း ဆက်လက်လုပ်ဆောင်ပြီး လူတွေကို ပါဝင်စေတယ်။ လုပ်ငန်းစကြပြီး ယဇ်ပရောဟိ တ် မင်း ဧလျာရှိပ်နဲ့ သူ့ရဲ့ယဇ်ပရောဟိတ်များဟာ သိုးတံခါးကို စပြင်တယ်။ အဲဒီနောက် ယေရိခေါ်မြို့သား ဂိဗောင်၊ မိဇ ပါနဲ့ တခြားအနီးအနားမြို့က လူတွေလည်းပါဝင်ကြတယ်။ ယဇ်ပရောဟိတ်များ၊ လေဝိလူများ၊ ရွှေပန်းတဉ်းပညာရှင် များ၊ ကုန်သည်များ၊ အတူတကွ လုပ်ဆောင်ကြတယ်။.

2.ရန်သူက ဆက်လက်တိုက်ခိုက်တယ် (Nehemiah 4:1-23).

Sanballat လုပ်ငန်းဆက်လုပ်ဆောင်တာကို မြင်ရတဲ့အခါ သမ္ဘာလတ် ပိုဒေါသထွက် လာတယ်။ ရှမာရိမှာ သူ့ရဲ့စစ်တပ်ကို ဖြန့်ချက်ပြီး " အားနည်းတဲ့ယုဒလူတွေ" ကို ကဲ့ရဲ့ လှောင်ပြောင်လာတယ်။ သူနဲ့အတူရှိ တဲ့ တောဘိကလည်း "သူတို့တည်သော ကျောက်ရိုး ကိုလည်း တောခွေးထိခိုက်လျှင် ပြိုလဲလိမ့်မည်ဟု ပြန်ပြေ

ဟာ၏။" (Nehemiah 4:3) နေဟမိရဲ့ ပထမဦးဆုံးတုန့်ပြန်ပုံကတော့ ဆုတောင်းလိုက်တာပဲဖြစ် တယ်။ ကဲ့ရဲ့သူတွေ တဖက်မှာ ဘုရားသခင်ထံ ဆုတောင်းခဲ့တယ်။ ဂျူးတွေက ဆက်တည်ဆောက်တယ်။ အတူတကွ ပါဝင်လုပ်ဆောင်ကြတယ်။ အလုပ်လုပ်ဖို့ စိတ်ဆန္ဒရှိတယ်။ (Nehemiah 4:1-6) သမ္ဘာလတ်၊ တောဘိ၊ အာရပ်လူများ၊ အမ္မုန်လူများနဲ့ အာဇုတ်လူတွေဟာ မြို့ရိုးတည်တဲ့ အကြောင်းကြားတဲ့အခါ ယေရုရှလင်မြို့တဖက်မှာ တိုက်ခိုက်ဖို့ စုဝေးလာကြတယ်။ အားအနည်းဆုံး နေရာတွေကို ရွေးပြီး တိုက် ခိုက်လာတယ်။ လျှို့ဝှက်စွာ ကြံစည်ကြတယ်။ ဒါပေမယ့် နေဟမိက ဒါတွေအတွက်အသင့်ဖြစ်နေတယ်။ (Nehemiah 4:7,8,11) ဂျူးလူမျိုးတွေ ဆက်ဆုတောင်းကြတယ်။ အလုပ်ခက်တယ်။ တိုက်ခိုက်မှုကလည်း ရှိနေတယ်။ မြို့ပြင်ဘက်မှာ နေထိုင်သူတွေဟာ သူတို့ရဲ့လုပ်ကိုစွန့်ပြီး သူတို့မိသားစုတွေကို ကာကွယ်ဖို့ လိုတယ်လို့ ပြောလာကြတယ်။ လုပ်ဆောင်သူတွေဟာလက်တဖက်ကလုပ်ရင်းတဖက်ကထားကိုကိုင်လာ ရကြတယ်။ (Nehemiah 4:9-13) သူတို့တဝက်က တည်ဆောက်ပြီး၊ တဝက်က ကင်းစောင့်ရတယ်။ တံပိုး မှုတ်တဲ့သူက သတိပေးဖို့အသင့်စောင့်နေရတယ်။ (Nehemiah 4:14-23)နေဟမိက မြို့ပြင်မှာနေတဲ့သူတွေ ဟာ မြို့ထဲဝင်ပြီး လုံခြုံစွာနေဖို့ ပြောလာတယ်။ ဒါကြောင့်သူတို့ဟာ အမြဲတမ်း သတိဝိရိယ ရှိနေရကြ တယ်။ အဝတ်အစားကို ပင်မလဲနိုင်ပဲ၊ မလျှော်ဖွတ်ဘဲနေကြရတယ်။ နေဟမိက မကြောက်နဲ့။ ဒါပေမယ့် ဘုရားသခင် ကြီးမြတ်ကြောင်းကို သတိရ ရမယ်လို့ အားပေးတယ်။ ကိုယ့်မိသားစုအတွက်လည်း တိုက် ခိုက်ရမယ်လို့လည်း အားပေးတယ်။ (Nehemiah 4:14) အတိအကျတိုက်ခိုက်မှုတွေကိုတော့ ကျမ်းစာမှာ မှတ်တမ်းတင်တာ မတွေ့ရဘူး။ ဒါပေမယ့် ရန်သူကတော့ သူတို့အလုပ်ကို ပိုမိုခက်ခဲအောင် နှောက်ယှက် တာတော့ မှန်တယ်။

3. Internal strife အတွင်းတိုက်ပွဲ (Nehemiah 5:1-19).

Economic problems. စီးပွါးရေးပြဿနာများ၊ ရန်သူတဖက်မှာ အချည်းနှီးသက်သက် ရပ်တည်ရ ကြတယ်။ ကြာတော့ မောပန်းစိတ်ပျက်လာတယ်။ အတွင်းမှာလည်း အားနည်းချိနဲ့လာတယ်။ အတွင်းတိုက်ပွဲက ရှိနေတယ်။ မြို့ရိုးအတွက်အ လုပ်လုပ်နေတဲ့အချိန် ဝင်ငွေကမရှိဘူး။ အိမ်ယာ ကိုပစ်ပြီး အလုပ်လုပ်ရတယ်။ လူတွေက အိမ်တွေ၊ ယာတွေ၊ ခြံတွေ ပေါင်နှံပြီး အလုပ်လုပ်ရကြ တယ်။ အစားအစာဝယ်ရတယ်။ အခွန်ငွေ ဆောင်ရတယ်။ တချို့လူတွေက သားသမီးကို ကျွန် အဖြစ်နဲ့ရောင်းချရသည်အထိဖြစ်လာတယ်။ (Nehemiah 5:3-5) နေဟမိဟာ လူတွေ ကိုယ်ကျိုး ရှာတာကို မြင်တဲ့အခါ စိတ်ဆိုးသွားတယ်။ လူချမ်းသာတွေက ဆင်းရဲသားတွေရဲ့ဘဝကို အနေခက် အောင်လုပ်လာတယ်။ အစည်းအဝေးခေါ်ပြီး ဒီအပြုအမူကို အပြစ်တင်တယ်။ သူတို့မတရားသဖြင့် ယူထားတာတွေကို ပြန်ပေးဖို့ တောင်းဆို တယ်။ သူ့စကားကို နားထောင်ပြီးတော့ အရာရှိတွေ၊ ဂုဏ်အသရေ ရှိသူတွေဟာ ဆင်းရဲသားတွေဆီက ယူထားတာ ကိုပြန်ပေးလာတယ်။(Nehemiah 5:6-13).

4. Nehemiah set a good example. နေဟမိဟာ ပုံသက်သေကောင်းသူဖြစ်တယ်။

သူဟာ မြို့တော်ဝန်ဖြစ်ပေမယ့် လူတွေဆီက ဘာမှ မရယူဘူး။ ( အရင်မြို့တော်ဝန်တွေကတော့ အစားအသောက်နဲ့ငွေကို တောင်းခံတယ်။ ) သူက ဘုရားသခင်ကိုပဲ အားကိုးပြီးလူတွေနဲ့အတူ အလုပ်လုပ်တယ်။(Nehemiah 5:14-16) သူက မြေမဝယ်ဘူး။ လူတွေကိုပဲ ကျွေးမွေးတယ်။ (Nehemiah 5:17-19).

5. ရန်သူက နည်းလမ်းအသစ်တွေ သုံးလာတယ်။ စွပ်စွဲပြစ်တင်ချက်တွေ ထုတ်လာတယ်။ (Nehemiah 6:1-14).

a. Unity and accusations. ညီညွတ်မှုနဲ့ စွပ်စွဲချက်များ။ တခြားနည်းနဲ့ တိုက်ခိုက်လို့ မရတဲ့အခါ သမ္ဘာ လတ်၊ တောဘိနဲ့ ဂေရှင်တို့ဟာ ညီညွတ်မှုကို ဖြိုခွဲဖို့ကြိုးစားလာတယ်။ လေးကြိမ် လောက် သူတို့က ဂျူးလူမျိုးတွေနဲ့ တွေ့ဆုံဖို့ တောင်းဆိုတယ်။ (Nehemiah 6:1,2) တွေ့ဆုံတိုင်း မှာ ဂျူးတွေက သူတို့က အလုပ်များနေတဲ့အတွက် တွေ့ ချိန်မရှိဘူးလို့ ဆိုတယ်။ ငါးကြိမ်မြောက်မှာ သမ္ဘာလတ်က နေဟမိဟာ ပါးရှန်း ဘုရင်တဖက်မှာ ပုန်ကန်ပြီး ယုဒ

မင်း လုပ်ဖို့ကြံစည်နေတယ်လို့ စွပ်စွဲတဲ့စာပို့တယ်။ (Nehemiah 6:5-7) နေဟမိက ဒီအကြောင်း ဆွေးနွေးဖို့ ငြင်းဆိုတယ်။ တခုမှ မမှန်ဘူးလို့ ဆိုတယ်။ ဒါက လူတွေကို ကြောက်ရွံ့အောင်လုပ်ပြီး လက်အားလျော့စေဖို့ ဖြစ်တယ်။ နေဟမိက ဆုတောင်းတယ်။ " သို့ရာတွင်၊ ထိုစကားကြောင့် ငါသာ၍အားရှိ၏။" (Nehemiah 6:8-9).

b. Scare tactics. ခြောက်လှန့်တဲ့ နည်းစနစ်များ။ သမ္ဗာလတ်၊ တောဘိဟာ နေဟမိကို လုပ်ကြံ တဲ့ ဘေးကနေ ဗိမ္မာန်တော်ထဲမှာ ပုန်းကွယ်ဖို့ အကြံပေးမယ့် ပရောဖက်တွေကို ငှါးတယ်။ နေဟမိ က တုန့်ပြန်တယ်။ " ငါကဲ့သို့သော သူသည် ပြေးရမည်လော။ ငါနှင့် တူသောသူသည် အသက်ချမ်း သာခြင်းငှါ၊ ဗိမ္မာန်တော်ထဲသို့ ဝင်ရမည်လော။ ငါ မဝင်ဟု ပြန်ပြော၏။ " ဒီအမှုအရာကိုလည်း ဘုရား သခင်ထံမှာပဲ အပ်ထားခဲ့တယ်။ (Nehemiah 6:11-14).

6. မြို့ရိုးတည်ပြီး ရန်သူလည်းရှုံးတယ်။ (Nehemiah 6:15-19) ဘုရားသခင်အမှုပြီးစီးစေပြီဆိုတာ သူတို့နားလည်သွားတယ်။ (Nehemiah 6:15,16) ဒါပေမယ့် တချို့သောဂျူးတွေကရန်သူတောဘိ တို့နဲ့ သားသမီးချင်းပေးစားထားတာတွေရှိတဲ့အတွက် အမြဲတမ်း အဆက်အသွယ်က ရှိနေတယ်။ (Nehemiah 6:17,19).

7. နေဟမိက ပါးရှားပြည်ကိုပြန်ဖို့ ပြင်ဆင်တယ်။ (Nehemiah 7).

သူ့ညီဟာနန်နဲ့ ဟာနနိတို့ကို ယေရုရှလင်မှာ အကြည့်အကြပ်ခန့်ထားခဲ့တယ်။ (Nehemiah 7:1,2). မြို့တော်လုံခြုံရေး ကို အကြံပေးခဲ့တယ်။ ဒါပေမယ့် အိမ်တွေ ပျက်စီးပြီး၊ နေတဲ့သူကလည်း နည်း သေးတယ်။ ဒါကြောင့်မြို့တံခါးတွေကို ညဥ့်အချိန်မှာပိတ်ဖို့၊ အစောင့်ထားဖို့၊ နေ့အချိန်မှာသာဖွင့်ဖို့၊ အဝင်အထွက်လုပ်ဖို့ မှာတယ်။ (Nehemiah 7:1-4) နေဟမိဟာ ခေါင်းဆောင်တွေကို ဆုတောင်း စုဝေးစေပြီး ကျွန်ခံရာမှ ပြန်လာတဲ့သူ အရေအတွက်ကို စာရင်း ပြုစုစေတယ်။ ( ဂျူးလူမျိုးအစေခံနဲ့ သီချင်းသည် ၄၂၃၃၀ ရှိတယ်။ ) (Nehemiah 7:5- 67).

D. ပညတ်တော်ကိုဖတ်ရှုကြပြီး နိုးထမှုဖြစ်လာကာ၊ ပဋိညာဉ် အသစ်ပြုကြတယ်။ **(Nehemiah 8-10).**

1. ဧဇရက ပညတ်တော်ကိုဖတ်ပြတယ်။ လေဝိသားတွေကအနက်ပြန်တယ်။(Nehemiah 8:1-8).

ဘုရားသခင်ရဲ့ပညတ်တော်ဟာ ဣသရေလလူမျိုးကို စည်းလုံးညီညွတ်စေတယ်။ဘုရားသခင်နဲ့အတူ ပဋိညာဉ်ပြုခဲ့ပြီး နောက် ပညတ်တရားကို မနာခံတဲ့အတွက် ကွဲပြား ပြန့်လွင့်ကြတယ်။ အခုတော့ သူတို့ပြန်လာပြီ။ သန့်ရှင်းတဲ့မြို့တော်ကို ရောက်ပြီ။ ပညတ်တော်ကို စောင့်ထိန်းဖို့ အသင့်ဖြစ်ကြပြီ။ ရေတံခါးအနီးမှာ လူတွေစုဝေးပြီး ပညတ်တော်ကို ဖတ်ပြဖို့ ဧဇရကို တောင်းဆိုကြတယ်။ ဧဇရဟာ သစ်သားပလ္လင်ပေါ်မှာ ရပ်ပြီးတော့ မနက်မှသည် ညဥ့်တိုင်အောင် ပညတ်တရားတော်ကို ဖတ်ပြ တယ်။ လူတွေရပ်ပြီး နားထောင်တယ်။ ဧဇရက ဘုရားသခင်ကို ကောင်းကြီးပေးတယ်။ လူတွေက အာမင်၊ အာမင်လို့ ဝန်ခံတယ်။ ဝတ်ပြုကိုးကွယ်တယ်။.

2. ယုဒလူမျိုးတွေဟာ ထာဝရဘုရား၌ ဝမ်းမြောက်ကြပြီး ဘုရားသခင်အတွက်သီးခြားနေလာကြ တယ်။ (Nehemiah 8:9-18) နေဟမိ၊ ဧဇရနဲ့ လေဝိလူတွေက " ဤသည်နေ့ရက်သည် ငါတို့ဘုရားရှင်အဘို့ သန့်ရှင်းသောနေ့ဖြစ်၏။ ဝမ်း မနည်းကြနှင့်။ ထာဝရဘုရားပေးတော်မူသောအခွင့်နှင့် အားယူ၍ ခွန်အားယူကြလော့။" ဟု လူအပေါင်းတို့အား ဆိုကြ ၏။ (Nehemiah 8:9-12) ဒါကြောင့် လူတွေဟာ ပညတ်တရား စကားကို ကြားပြီး နားလည်ကြတဲ့အတွက်ပွဲ ကိုကျင်းပ ကြတယ်။ ဒုတိယနေ့မှာ အတူ စုဝေးကြပြန်တယ်။ နှုတ်ကပတ်တရားတော်ကို တဲတော်ပွဲနေ့မှာ ရွတ်ဖတ်ကြတယ်။ ပညတ်တရား စကားကို ကြားရတဲ့အချိန်မှာ သားတို့နားထောင်ပြီး၊ တဲများလုပ်ပြီး တဲထဲမှာ နေထိုင်ကြတယ်။

3. လောကနဲ့ သီးခြားနေခြင်းဖြင့် ဘုရားထံလှည့်ပြန်လာတယ်။ (Nehemiah 9:1-10:39).

ပညတ်တရားစကားကို ကြားရတဲ့အခါ ဘုရားသခင်ထံပါးချဉ်းကပ်ပြီး သူတို့အပြစ်တွေကို ဝန်ခံလာ ကြတယ်။တပါးအမျိုး သားတွေနဲ့ မပေါင်းဖော်ဘဲနေလာကြတယ်။ (Nehemiah 9:1-5) သူတို့ တဦးချင်းအတွက်ဖြစ်စေ၊လူမျိုးအတွက်

ဖြစ် စေ ဘုရားသခင် ပြုတော်မူသမျှအတွက် ဘုရားကို ကောင်းကြီးပေးကြတယ်။ ဘုရားသခင် တရားတယ်ဆိုတာ သတိပြု မိလာတယ်။ သူတို့အပြစ် ကြောင့် ကိုယ့်ပြည်ရင်းမှာပဲ ကျွန်ဖြစ်လာခဲ့ရတယ်။ (Nehemiah 9:33-37) ဒါကြောင့် သူတို့ ပဋိညာဉ်အသစ်ကိုပြုပြီး နေဟမိအားဖြင့် တံဆိပ်ခတ်နိုပ်ကြတယ်။ မောရှေရဲ့ပညတ်အတိုင်း လိုက်နာဖို့ ပညတ်တရား ကို စောင့်ထိန်းဖို့ ဆုံးဖြတ်ကြတယ်။(Nehemiah 9:38) ဗိမ္ဗာန်တော် လုပ်ကိုလည်း ဝိုင်းကူကြပြီး သားသမီးတွေကို တပါးအမျိုးသားထံ မရောင်းဖို့ သဘောတူကြတယ်။ (Nehemiah 10:30-39).

4. ဣသရေလလူမျိုးဟာ အပြစ်ဝန်ခံပြီးကျေးဇူးတော်ချီးမွမ်းရာသီချင်းကို လှပစွာ သီဆိုကြတယ်။ (Nehemiah 9:1-38) သူတို့နိုင်ငံသမိုင်းတလျှောက်က ဘုရားကရုဏာတော်ကို ပြန်ဆင်ခြင်တယ်။ ထာဝရဘုရားကို ဝတ်ပြုကိုးကွယ် လာကြတယ်။ ဘုရားသခင်ဟာ အရာအားလုံးကိုဖန်ဆင်းပြီး အာဗြဟံကို ရွေးကောက်ကာ လူမျိုးတော်အဖြစ် နိုင်ငံဖွဲ့ စည်းခဲ့တယ်။ အီဂျစ်ပြည်မှရွေးနုတ်ပြီး တောအရပ်မှာ ဦးဆောင်ခဲ့တယ်။ ကောင်းကင်မှ စကားပြောပြီး ပညတ်တရားချ ပေးတယ်။ လိုတာတွေ ဖြည့်စွမ်းပေးတယ်။ ဒါကြောင့်သူတို့က " သို့ရာတွင် ကိုယ်တော်သည် အပြစ်ကို ဖြေတတ်သော ဘုရား၊ ချစ်သနားခြင်းမေတ္တာကရုဏာနှင့်ပြည့်စုံ၍ စိတ်ရှည်ခြင်း၊ ကျေးဇူးပြုခြင်းနှင့် ကြွယ်ဝသော ဘုရား ဖြစ်တော်မူ သောကြောင့် သူတို့ကို စွန့်ပစ်တော်မမူ။ " (Nehemiah 9:6-17). သူတို့ဘိုးဘေးတွေက မာနကြီးပြီး လည်ပင်းခိုင်မာ ကြတယ်။ ဘုရားစကား နားမထောင်ဘူး။ နှစ် ပေါင်း ၄၀ လုံးလုံး ပြုစု ကျွေးမွေးပေမယ့်၊ နှစ်ပေါင်း ၄၀ လုံးလုံး ပုံကန် ကြတယ်။ ဒါပေမယ့် ဘုရား သခင်က မစွန့်ပစ်ပါဘူး။ သူတို့ကို သားသမီးနဲ့ ပြည်တော်ကို အမွေအဖြစ်ပေးပြီး ကောင်း ကြီးပေး တယ်။ ဒါပေမယ့် သူတို့ နားမထောင်ဘူး။ ပုံကန်တယ်။ ရန်သူတွေကိုလွှတ်ပြီး ကိုက်စားစေတယ်။ ဒါပေမယ့် ကယ်တင်မယ့် သူတွေကိုလည်း ပေါ်ထွန်းစေတယ်။ (Nehemiah 9:21-30). ဘုရား သခင်ရဲ့ကြီးမြတ်တဲ့ ကရုဏာ ကြောင့် သူတို့ဟာ လုံးလုံး ပျက်စီးခြင်းကို မရောက်၊ စွန့်ပစ်ခြင်း မခံရ ဘူး။ လူတွေက ဘုရားသခင်ကို ကြီးမြတ်တဲ့ ဘုရား၊ တန်ခိုးကြီးသောဘုရား၊ ကြောက်မက်ဖွယ်သောဘုရား၊ပဋိညာဉ်ကိုစောင့်ထိန်းပြီး သနားကရုဏာကြီးမြတ်သော ဘုရားလို့ ပြောလာကြတယ်။ အာရှုရိခေတ်ကာလမှာ သူတို့ ဒုက္ခရောက်ခဲ့တာတွေကို ဘုရားသခင်ကြည့်မြင်ဖို့ ဆု တောင်း ခဲ့ကြ တယ်.

E.မြို့တော်တည်ပြီး ဆက်ကပ်ခဲ့တယ်။ ပြုပြင်မှုနဲ့အသစ်ပြင်မှုများရှိလာတယ်။ **(Nehemiah 11,12).**

1. မြို့တော်မှာ လူများအခြေချစပြုပြီး လူဦးရေစာရင်းကောက်တယ်။ မြို့ရိုးပြီးသွားပြီ၊ မြို့လည်း လုံခြုံပြီ၊ လူတွေနေဖို့ပဲ လိုတော့တယ်။ အုပ်ချုပ်သူတွေက မြို့ထဲမှာနေတယ်။ ဒါပေမယ့် တခြားသူတွေက မြို့ပြင်မှာနေတယ်။ မြို့ထဲကအိမ်တွေက ပျက်စီးနေတဲ့အတွက် လူတွေဟာ တခြားမှာ သွားနေကြတယ်။ မြို့မှာ လူစတင်နေထိုင်ဖို့အတွက် မဲချကြတယ်။ လူဦးရေဆယ်ပုံတပုံကို မြို့ထဲမှာပြောင်းရွှေ့နေထိုင်ဖို့ပြောရတယ်။ အဲဒီမှာလူတချို့ကစွန့်စားပြီး မြို့ထဲမှာ စတင်နေထိုင်ကြ တယ်။ (Nehemiah 11:1,2). မြို့ထဲမှာ လူဦးရေ စာရင်းကောက်ပြီး မြို့ပြင်မှာလည်း လူနေထိုင်မှုရှိနေသေးတယ်။ (Nehemiah 11:3-36) ယဇ်ပရောဟိတ်နဲ့ လေဝိသားများနာမည်ကိုလည်း စာရင်းကောက်ထားတယ်။ (Nehemiah 12:1-24).

2. Functions of the Levites. လေဝိသားတို့ရဲ့အလုပ်များ

သူတို့ရဲ့အလုပ်တွေထဲကတခုကတော့ ဒါဝိဒ်ရေးသားတဲ့ ဆာလံသီချင်းတွေကို သီဆိုချီးမွမ်းဖို့ ဖြစ်တယ်။ တခြားသူတွေ က တံခါးစောင့်ရ၊ ဘဏ္ဍာတိုက်ကို စောင့်ရကြတယ်။ (Nehemiah 12:24-26,44)သီချင်းသည်တွေ၊ တံခါးစောင့်တွေနဲ့ store ခန်းစောင့်တဲ့သူတွေဟာ ဘုရား အမှုတော်ကို ဒါဝိဒ်နဲ့ ရှောလမုန်တို့ ခန့်ထားတဲ့အတိုင်း စောင့်ရကြတယ်။ ယဇ် ပုရောဟိတ်တွေ သူတို့အလုပ် သူတို့ လုပ်လာတဲ့အတွက် ဣသရေလလူမျိုးတွေ ဝမ်းသာကြတယ်။ (Nehemiah 12:44-47).

3. မြို့နဲ့မြို့ရိုးအတွက် ဝမ်းမြောက်စွာနဲ့ဆက်ကပ်ပွဲကျင်းပကြတယ်။.

လေဝိသားနဲ့ သီချင်းသည်များ အားလုံးဟာ ဒီပွဲမှာပါဝင်ကြတယ်။ သန့်ရှင်းစင်ကြယ်စေပြီးနောက် မြို့ရိုးပတ်လည်မှာ အုပ်စု ၂ စုဖွဲ့ကြတယ်။ ဇေရက တစုကိုဦးဆောင်ပြီး၊ တခြားတစုကို နေဟမိ ဦးဆောင်တယ်။ သူတို့ဟာ တဖက် တချက်မှ သွားကြပြီး ဗိမ္ဗာန်တော်မှာ ဆုံကြတယ်။ ဘုရား သခင်ကို ကျေးဇူးတော် ချီးမွမ်းတယ်။ ယဇ်ပူဇော်တယ်။ ဝမ်းမြောက်ကြတယ်။ (Nehemiah 12:40-43) အဲဒီနေ့မှာ ယေရုရှလင်မြို့ရဲ့ဝမ်းမြောက်ခြင်းဟာ အဝေးကပင် ကြားရတယ်။ နေဟမိက တာဝန်ဝတ္တရားတွေအကြောင်း ရှင်းပြပြီး ပါးရှားပြည်ကိုပြန်သွားတယ်။ (Nehemiah 12:44-47).

F. ပြုပြင်မှုများ - **Reforms (Nehemiah 13:1-31).**

နေဟမိမှတ်စာရဲ့နောက်ဆုံးအခန်းဟာ နေဟမိပါးရှားပြည်ကို ပြန်ပြီး နှစ်အနည်းငယ်အကြာမှာ ရေးသားပုံရတယ်။ အဲဒီနောက် ယုဒပြည်ကို ပြန်လာတယ်။.

1. Separation. - သီးခြားနေခြင်း

မောရှေရဲ့ပညတ္တိကျမ်းကို ဖတ်ရှုဆင်ခြင်လာတဲ့အခါ ဘုရားသခင်အတွက် သီးခြားနေလာကြတယ်။ မကောင်းတဲ့ အရောအနှောတွေ အားလုံးပယ်ရှင်းလိုက်တယ်။ (Nehemiah 13:1-3).

2. Purification in the priesthood. - ယဇ်ပရောဟိတ်များကို သန့်ရှင်းခြင်း

ယုဒလူတွေဟာ နေဟမိမရှိတဲ့အချိန်မှာ တောဘိနဲ့ အဆက်အသွယ်ဆက်လုပ်နေကြတယ်။ ( သူက အာတဇေရဇ်မင်းထံမှ အမှာစာနဲ့အတူ ပြန်လာပြီဖြစ်တယ်။ Nehemiah 13:6) ဘုရားသခင်ရဲ့ဗိမ္ဗာန်တော်မှာ အမှုတော်ဆောင်တဲ့ ယဇ်ပရောဟိတ်လျောရှိပ်ဟာ တောဘိနဲ့ အမျိုးတော်နေတယ်။ သားသမီးချင်းပေးစားထားတယ်။ (Nehemiah 13:28) ယေရုရှလင်မှာနေဖို့ တောဘိကို ဖိတ်ထား တယ်။ ဘုရားသခင်ရဲဗိမ္ဗာန်တော်မှာ တောဘိအတွက် အခန်းတခန်းကို ပေးထားတယ်။ ဒီအခန်း ဟာ လေဝိသားတွေနဲ့သာ ဆိုင်တဲ့နေရာဖြစ်တယ်။ နေဟမိပြန်လာတဲ့အခါ တောဘိနဲ့ သူ့ အပေါင်း အပါတွေကိုနှင်ထုတ်ပြီး ဗိမ္ဗာန်တော်ကို သန့်ရှင်းရေးလုပ်ရတယ်။ (Nehemiah 13:7-9).

3. ပေးလှူခြင်းနဲ့အလှူငွေများကို ပြုပြင်ပြောင်းလဲပေးရတယ်။ (Nehemiah 13:10-14).

လေဝိလူတွေဟာ အထောက်အပံ့ မရတဲ့အတွက် လယ်ပြန်လုပ်ကြရတယ်။ ဒီပြဿနာကို ဖြေရှင်း လိုက်ပြီးတော့ လူတွေက သူတို့ကို ပံ့ပိုးရတယ်။ ဘဏ္ဍာထိန်းတွေကို ခန့်ထားလိုက်ကြတယ်။.

4. ဥပုဒ်နေ့ကို ပြန်လည်စောင့်ထိန်းလာတယ်။ (Nehemiah 13:15-22).

ဥပုဒ်နေ့မှာ အရောင်းအဝယ်လုပ်ခြင်း၊ စပျစ်ရည်နင်းနယ်ခြင်းတွေကို ပြန်လည်ပြုပြင်ပေးလိုက်တယ်။ နေဟမိက ဥပုဒ်နေ့မှာမြို့တံခါးတွေကို ပိတ်ထားဖို့ပြောတယ်။ မြို့ရိုးတံခါးဝမှာ အိပ်စောင့်နေတဲ့ သူ တွေကိုလည်း အပြစ်တင် လိုက်တယ်။.

5. ဂျူးမဟုတ်တဲ့သူတွေနဲ့ အိမ်ထောင်ပြုတာကို ပြုပြင်လိုက်တယ်။ (Nehemiah 13:28).

ဂျူးတွေဟာ Ashdod, အမ္မုန်နဲ့ မောဘမိန်းမတွေကို ယူထားကြပြီ။ နေဟမိက စည်းကမ်းတင်း ကျပ်စွာ တပ်မှတ်ပြီး အဲဒီလူမျိုးတွေကို ကိုယ့်သားသမီးနဲ့ မပေးစားဖို့ ရှောလမုန်ရဲ့အပြစ်ကို သတိရဖို့ ပြောလိုက်တယ်။ ယဇ်ပရော ဟိတ်မင်းလျောရှိပ်ရဲ့မြေးတယောက်ဟာ သမ္ဘာလတ်ရဲ့သမက်ဖြစ်နေတာကြောင့် သူ့ကို ရာထူးမှ ဖယ်ရှားလိုက်တယ်။.

**G. Things to Think About:** ဆင်ခြင်စရာများ

နေဟမိမှတ်စာဟာ ကောင်းကြီး၊ ခွန်အားပေးခြင်း၊ ဒုက္ခအခက်အခဲကြားထဲမှပင် ရရှိခဲ့တာ မှတ်တမ်း တင်တဲ့စာ ဖြစ်တယ်။ နေဟမိ ဘာကြောင့် အောင်မြင်ရသလဲ။ လိုအပ်ချက်ကိုမြင်တယ်။ ရူပါရုံ လည်း ရှိတယ်။ လုပ်ဆောင်ရမှာလည်း မကြောက်ရွံ့ဘူး။ တခြားသူတွေနဲ့လည်း ပူးပေါင်း လုပ် ဆောင်နိုင်တယ်။ ရန်သူကို ခုခံတယ်။ အလုပ်ကို ကြိုးစားလုပ် တယ်။ သင်အမှုတော်ဆောင်ရာမှာ အောင်မြင်မှုရှိသလား။ နေဟမိအသက်တာမှာ ကောင်းတဲ့အချက်တွေရှိသလို သင့်အသက်တာမှာ ရှိသလား။?

## II.**THE BOOK OF ESTHER**သေတာဝတ္ထု

A.သေတာဝတ္ထုရဲ့ခေတ်ကာလနဲ့ အခြေအနေများ.

1. ဂျူးလူမျိုးတွေ ကျွန်ခံရာမှ ယုဒပြည်ကို ပြန်တဲ့အချိန်အတောအတွင်းမှာ ဂျူးလူမျိုးတွေဟာ ရန်သူတွေနဲ့ တွေ့ကြုံရတယ်။ ယုဒပြည်ယေရုရှလင်မှာသာမက ဗာဗုလုန်နဲ့ပါးရှားမှာလည်း သူတို့မှာ ရန်သူရှိတယ်။ သေတာဝတ္ထု ဟာ ရန်သူ လူမျိုး တွေကြားထဲက လူမျိုးတော်ကို ဘုရားသခင် ကွယ်ကာ မစတဲ့ အကြောင်းကို ပြတယ်။.
2. ဒီကျမ်းစာထဲကအဖြစ်အပျက်တွေဟာ ဂျူးမိန်းကလေးတယောက်ဖြစ်တဲ့ သေတာက သူ့ဦးလေးနဲ့အတူ ရှုရှန် နန်းတော်မှာ နေရတဲ့အကြောင်းဖော်ပြတယ်။ ဗာဗုလုန်နဲ့ ပါးရှန်းအင်ပါယာရဲ့မြို့တော်ကြီး ဖြစ်တယ်။ ယေရုရှလင်ကို ဂျူးလူမျိုးအနည်းစုပဲ ပြန်ကြသေးတယ်။ ဘုရားသခင်ရဲ့လူမျိုးတော် အများစုဟာ ပါးရှားပြည်ရှိတဲ့ အရှေ့ဘက်ဒေသမှာပဲ နေထိုင်ကြသေးတယ်။ သေတာနဲ့ သူ့ဦးလေးဟာ အဲဒီလူတွေထဲမှာ အပါအဝင်ဖြစ်တယ်။.

B.ရှင်ဘုရင်အာရွှေရု ( Xerxes ) နဲ့ သူ့မိဖုရား( Vashti ) ဝါရှတိ (Esther 1:1-22).

ရှင်ဘုရင်အာရွှေရုဟာ တန်ခိုးကြီးတယ်။ မာနတက်တယ်။ တိုင်းနိုင်ငံ ၁၂၇ နိုင်ငံကို အိန္ဒိယပြည်မှ အီတီယိုပီးယားထိ ပိုင်တယ်။ တိုင်းနိုင်ငံခေါင်းဆောင်တွေကို ခေါ်ပြီး ပွဲအကြီးကြီး ကျင်းပ စားသောက်တယ်။ စပျစ်ရည်မူးပြီး ပျော်နေတုန်းမှာ သူ့မိဖုရားဝါရှတိကို လူတွေရှေ့ထွက်ပြဖို့ ခေါ်တယ်။ မိဖုရားက ငြင်းတဲ့အခါ သူ စိတ်အလွန်ဆိုးတယ်။ ဒါကြောင့် လူတိုင်းမိမိအိမ်ကို အုပ်စိုးရမယ်လို့ ဥပဒေထုတ်လိုက်တယ်။ ဝါရှတိက မိဖုရားအရာမှ နုတ်ပယ်ခြင်းခံရတယ်။.

C.သေတာ မိဖုရားဖြစ်လာတယ်။ မော်ဒကဲက ရှင်ဘုရင်အသက်ကို ကယ်လိုက်တယ်။ (Esther 2:1-23).

အလျင်စလို ပြုမူပြီးတဲ့နောက် အာရွှေရုမင်းဟာ မိဖုရားကို ဆုံးရှုံးရတဲ့အတွက် ဝမ်းနည်းသွားတယ်။ သူ့ရဲ့ဝန်ကြီးတွေက လှပတဲ့အမျိုးသမီးတွေကို ဆက်သတယ်။ သေတာဟာ အဲဒီထဲမှာ ပါဝင်တယ်။ ပြင်ဆင်နေချိန်ကာလ နောက်ပိုင်းမှာ သေတာကို ဘုရင်က ခေါ်တယ်။ ဘုရင် နှစ်သက်တဲ့အတွက် မိဖုရားဖြစ်လာတယ်။ (Esther 2:1-18) သေတာဟာ သူ ဂျူးလူမျိုးဖြစ်တယ် ဆိုတာကို မပြောပြဘူး။ သူ့ဦးလေးမော်ဒကဲက သူ့ကို အမြဲတမ်းသစ္စာရှိစွာ စောင့်ရှောက်တယ်။ ရှင်ဘုရင် အာရွှေရုကို သူ့အစေအပါတွေက လုပ်ကြံသတ်ဖြတ်မယ်ဆိုတာ ကြားတဲ့အခါ သေတာကို ပြောပြတယ်။ မော်ဒကဲပြောပြကြောင်း ဘုရင့်ကို သတင်းပို့တယ်။ ပုန်ကန်သူတွေ အသတ်ခံရပြီး ဘုရင်က သေဘေးမှ လွတ်တယ်။.

D.ဟာမန်က ယုဒလူတွေတဖက်မှာကြံစည်တယ်။ (Esther 3:1-15).

မာနကြီးပြီး မနာလိုစိတ်ရှိတဲ့ ဟာမန်ဟာ အာရွှေရုရဲ့နန်းတော်ထဲမှာ အဆင့်မြင့်ရာထူး ရထားတယ်။ ဝန်ကြီးအားလုံးထက် သူ့ရာထူးက မြင့်တယ်။ မြို့တံခါးဝမှာ သူ့ကို လူတိုင်းက ဦးချရတယ်။ ဦးမချတဲ့ သူက မော်ဒကဲ။ ဘာကြောင့်လဲ။ သူက ဂျူးလူမျိုးဖြစ်တယ်။ ဘုရားကလွဲလို့ ဘယ်သူ့ကိုမှ ဦးမချ ဘူး။ ဟာမန် စိတ်ဆိုးပြီး ဂျူးလူမျိုးအားလုံးကို သတ်ဖို့

ကြံစည်တယ်။ ဒါမှ မော်ဒကဲလည်း ပျက်စီး မယ်။ သူက ဘုရင့်အမိန့်စာ ထုတ်ပြီး ဂျူးလူမျိုးကို မျိုးတုံးသတ်ဖြတ်ဖို့ ရှုရှန်နန်းတော်နဲ့ နိုင်ငံတော် တဝန်းမှာ ကြေငြာစေတယ်။.

E.မော်ဒကဲရဲ့တုန့်ပြန်ချက်နဲ့ ဧသတာရဲ့သတ္တိ (Esther 4:1-5:14).

ရှုရှန်မြို့သူမြို့သားတွေဟာ စိတ်ရှုပ်ထွေးသွားတယ်။ မော်ဒကဲလည်း အကြီးအကျယ် ဝမ်းနည်းတယ်။ ဂိတ်တံခါးဝမှာ လျှော် တေအဝတ်ကို ဝတ်ပြီး ထိုင်နေတယ်။ သက်သာခွင့်အားလုံးကို ငြင်းပယ် တယ်။ ဧသတာက အကြောင်းအရင်းကို မေးတဲ့အခါ အသစ်ထုတ်လိုက်တဲ့ ဥပဒေအကြောင်း ပြော ပြတယ်။ ဘုရင့်ထံသွားပြီး ကိုယ့်လူမျိုးအတွက် အသနားခံဖို့ ပြောတယ်။ မိဖုရားဟာ ရှင်ဘုရင်ခေါ်မှ ဝင်ရတယ်။ သူ့ကို ရှင်ဘုရင်မခေါ်တာ ၁လ ရှိပြီလို့ပြောတယ်။ မော်ဒကဲက ဧသတာဟာ ဂျူးလူမျိုး ဖြစ်တာကို သိလာရင် တခြားသူတွေနည်းတူ ဧသတာလည်း ပျက်စီးလိမ့်မယ်။ ဒီလိုအချိန်မျိုးမှာ ရပ်တည်ဖို့ မိဖုရား ဖြစ်ရတာလို့ ပြောတယ်။ ဧသတာက မော်ဒကဲနဲ့ ဂျူးလူမျိုးတွေ သူ့အတွက် အစာရှောင် ဆုတောင်း ပေးဖို့ တောင်းဆိုတယ်။ ဧသတာက " အကျွန်ုပ်သည်လည်း ကျွန်မတို့နှင့် အစာရှောင်ခြင်း အကျင့်ကို ကျင့်ပါမည်။ ထို့ နောက် အာဏာတော်ကို ဆန်ရတော်လည်း၊ ရှင် ဘုရင်ထံတော်သို့ဝင်မည်။ သေလျှင် အသေခံပါမည်ဟု မော်ဒကဲအား ပြန်ပြောစေခြင်းငှါ မှာလိုက် သမျှအတိုင်း၊ မော်ဒကဲသည် သွား၍ပြုလေ၏။ " (Esther 4:1-17) ဧသတာ ရှင်ဘုရင့်ထံ သို့ ဝင်တဲ့အခါ ရှင်ဘုရင်က လှံတံတော်ကို ဆန့်တန်းပေးတယ်။ အလိုရှိရာကို တောင်းခိုင်းတယ်။ သူက ရှင်ဘုရင် အာ ရွှေရှန့် ဟာမန်ကို စားသောက်ပွဲအတွက် ဖိတ်တယ်။ ဘုရင်လက်ခံတယ်။ ဟာမန်ကဒီလိုဖိတ်ခေါ်ခံရတာကို သဘောကျ ကြွားဝါတယ်။ ဒါပေမယ့် မော်ဒကဲက သူ့ကိုဦးမချတဲ့အတွက် တော့ စိတ်ဆိုးနေသေးတယ်။ ဟာမန်ရဲ့ မိန်းမက မော်ဒကဲ ကို သတ်ဖို့ အိမ်ဝိုင်းထဲမှာ တိုင်ထူဖို့ အကြံပေးတယ်။.

F.မော်ဒကဲ ချီးမြှောက်ခံရပြီး၊ ဟာမန် သစ်တိုင်မှာ အသတ်ခံရတယ်။ (Esther 6:1-14; 7:1-10).

အဲဒီညမှာ ဘုရင်က အိပ်မပျော်ဘူး။ ဒါကြောင့်နန်းတော်မှတ်စာကို ဖတ်ခိုင်းတယ်။ မော်ဒကဲက ရှင် ဘုရင် အသက်ကို ကယ်တယ်၊ လုပ်ကြံမှုသတင်းကို ပေးတယ်ဆိုတဲ့အတွက် ဘာ ဆုပေးထားပြီလဲ လို့ မေးတယ်။ ဂုဏ်ပြုထိုက်တဲ့သူကို ဘယ်လို ဂုဏ်ပြုမလဲလို့ ဟာမန်ကို မေးတယ်။ ဟာမန်က ဂုဏ်ပြုထိုက်တဲ့သူဟာ သူကိုယ်တိုင်ပဲဖြစ်မယ်လို့ ထင်တဲ့အတွက် ဘုရင့်ရဲ့ဝတ်ရုံကိုဝတ်ပြီး၊ သရဖူ ကို ဆောင်း၊ ဘုရင်စီးတဲ့ မြင်းပေါ်မှာ စီးစေပြီး၊ မြို့ကို လှည့်ပတ်ပြရမယ်လို့ အကြံပေးတယ်။ ဘုရင် က မော်ဒကဲကို အဲဒီလို လုပ်ပေးဖို့ ဟာမန်ကို ခိုင်းတယ်။ ဟာမန်ဟာ ဘုရင်ခိုင်းတဲ့အတိုင်း လုပ်ရ တယ်။ ဒါပေမယ့် စိတ်တော့မပျော်ဘူး။ မကြာခင်မှာ ဧသတာက စားသောက်ပွဲအတွက် သူ့ကို ဖိတ်တယ်။ (Esther 6:1-14) ဒုတိယအကြိမ် စားသောက်ပွဲ ဖိတ်တဲ့အခါ သူမရဲ့အသက်ကို ရန်ရှာ သူရှိတယ်လို့ ဘုရင်ကို ပြောတယ်။ ဂျူးလူမျိုးကို လူမျိုးတုံး သတ်ဖြတ်ဖို့ လုပ်နေသူရှိတယ်လို့ ပြော တယ်။ ဟာမန်ဟာ ဧသတာရဲ့ခြေရင်းမှာ လဲကျပြီးအသက်ဘေးမှ လွတ်ဖို့ တောင်းပန်တယ်။ ဘုရင် အခန်းထဲကို ပြန်ဝင်လာတဲ့အခါ သူ့မိဖုရားနားမှာ ဟာမန်ပြပ်ဝပ်တာကို မြင်တဲ့အတွက် သေဒဏ် အမိန့်ပေးလိုက်တယ်။ မော်ဒကဲကိုသတ်ဖို့ ပြင်ဆင်ထားတဲ့သစ်တိုင်မှာပဲ သေဒဏ် ပေးတယ်။ (Esther 7:1-10).

G.ဧသတာနှင့်မော်ဒကဲလက်ထက်ရှိ ဂျူးလူမျိုးများ (Esther 8:1-17).

ဘုရင်က ဟာမန်ရဲ့အိမ်ကို ဧသတာကို ပေးပြီး၊ ဟာမန်ရဲ့ရာထူးကို မော်ဒကဲကို ပေးတယ်။ ဘုရင့် လက်စွပ်တော်ကိုလည်း ပေးတယ်။ ဧသတာဟာ မျက်ရည်ကျပြီး ဟာမန်ချခဲ့တဲ့ မတရားတဲ့ ဥပဒေကို ပယ်ရှင်းဖို့ ဘုရင်ကို တောင်းဆိုတယ်။ ဘုရင်ကလည်း သူနဲ့ ဧသတာကို အမိန့်တော် သစ်ထုတ်ဖို့ ပြောတယ်။ ဂျူးလူမျိုးတွေဟာ သူတို့ကို သူတို့ ခုခံ

ကာကွယ်ခွင့်ရှိဖို့ လိုတယ်လို့ ပြော တယ်။ ဒါကြောင့် အဲဒီနေ့မှာ " ယုဒလူတို့သည်လည်း ဝမ်းမြောက်ရွှင်လန်းခြင်း၊ အသရေထွန်း လင်းခြင်းသို့ ရောက်ကြ၏။ " (Esther 8:16) အဲဒီအခါမှာ ဂျူးလူမျိုးတွေရဲ့တန်ခိုးကိုမြင်ပြီး ကြောက်ရွံ့လာတဲ့အတွက် လူအများစုဟာ ဂျူးလူမျိုးများ ဖြစ်လာကြတယ်။

H.လက်စားချေပြီး ပုရပွဲနေ့ကို ကျင်းပကြတယ်။ (Esther 9:1-32).

အုပ်ချုပ်သူများဟာ ဂျူးတွေကို ကူညီကြတယ်။ အကြောင်းက သူတို့ဘုရင့်ရဲ့ဝန်ကြီး အကြီးဆုံးရာ ထူးကို ရထားတဲ့ မော်ဒကဲကို ကြောက်ရွံ့ကြလို့ ဖြစ်တယ်။ ဂျူးတွေဘက်က ခုခံရင်း ရန်သူ ၇,၅၀၀ သေဆုံးတယ်။ ရှုရှန်မြို့တမြို့တည်းမှာပဲ ၅၀၀ သေတယ်။ အဲဒီနောက် ဂျူးလူမျိုးတွေဟာ စုဝေး လျက်အနားယူပြီး ဝမ်းမြောက်ခြင်းနဲ့ ပွဲနေ့ကိုကျင်းပကြတယ်။ဒီပွဲနေ့ကို နှစ်စဉ်နှစ်တိုင်းကျင်းပကြပြီး ပုရပွဲနေ့လို့ ခေါ်တယ်။.

I. မော်ဒကဲ ဝန်ကြီးချုပ်ဖြစ်လာတယ်။ (Esther 10:1-3).

ဘုရင်အာရှေရုက မော်ဒကဲကို နိုင်ငံတော်မှာ ဒုတိယပုဂ္ဂိုလ်ဖြစ်စေတယ်။မော်ဒကဲကလည်း ဂျူးလူမျိုး တွေရဲ့အကျိုးနဲ့ စီးပွား၊ ငြိမ်သက်ခြင်းကို ရှာကြံတယ်။ (ယောသနဲ့ဒံယေလတို့ လုပ်သလိုဖြစ်တယ်)

J. Things to Think About: ဆင်ခြင်စရာများ

*1.* ဟာမန်ရဲ့မာနကို ဘယ်လိုမြင်ရသလဲ။ သူက ကြီးမြတ်ချင်တယ်။ လူတွေ သူ့ကို ဂုဏ်ပြုကြ၊ ပြပ်ဝပ် စေချင်တယ်။ ဒီလိုမလုပ်ရင် စိတ်ဆိုးတယ်။ ဒီလိုမာနမျိုး သင့်အသက်တာမှာရှိသလား။

*2.* သေတာရဲ့သတ္တိနဲ့ သစ္စာတရားဟာ လူမျိုးတော်ကို ကယ်တင်နိုင်ခဲ့တယ်။ ဘုရားသခင်က သင့်ကို ဒီလို အထူး တာဝန်ပေးတာ ရှိသလား။ ဘုရားသခင်ကို သစ္စာရှိစွာ ဘယ်လိုအမှုဆောင်မလဲ။

## III.**THE BOOK OF MALACHI, MY MESSENGER, GIVES GOD'S WORD TO BACKSLIDING ISRAEL**-ငါ့တမန်၊ လဲကျတဲ့ ဣသရေလကို ဘုရားနှုတ်ကပတ်တော် ဝေငှသူ

ဣသရေလဟာ ဘုရားဘုန်းတော်ကို မထောက်ထား၊ ပညတ်တော်ကို မနာခံသူ။ ဒါကြောင့် ဘုရားက ကျိန်ခြင်းကို စေလွှတ်ပြီး၊ သူတို့ရဲ့အမျိုးအနွယ်ကို အပြစ်တင်တယ်။ ပြည်တော်က ကြွယ်ဝမှုမရှိဘဲ၊ လူတွေ ဒုက္ခရောက်လာတယ်။ ဘုရားသခင်ရဲ့ကောင်းမြတ်ခြင်းကို သံသယဖြစ်ပြီး၊ သစ္စာတော်ကို ငြင်းပယ်လာတယ်။ မာလခိက ဘုရားသခင်ဟာ ကြီးမြတ်တဲ့ဘုရင် ဖြစ်တယ်။ နာမတော်ဟာ ရှိသေ ကြောက်မက်ဖွယ်ဖြစ်တယ်လို့ သတိပေးတယ်။ (Malachi 1:14) ဒီလိုသူတို့ကို စစ်ဆေးချိန်မှာ ဘုရားစကား နားထောင်ဖို့၊ ကောင်းကင်ပြတင်းပေါက်ကို ဖွင့်ပြီး ကောင်းကြီးမင်္ဂလာတွေ သွန်းလောင်းမယ်၊ မသွန်းလောင်းဘူးဆိုတာ စောင့်ကြည့်ဖို့ မိန့်တော်မူတယ်။ (Malachi 3:10).

A.**God still loved Israel** ဘုရားက ဣသရေလကို ချစ်ဆဲပဲဖြစ်တယ်။ **(Malachi 1:1-5).**

ဘုရားသခင်က အကျွန်ုပ်တို့ကို အဘယ်သို့ချစ်တော်မူသနည်းဟု သင်တို့မေးကြလျှင်၊ "ယာကုပ်ကို ငါချစ်၏။ ဧသောကို ငါမုန်း၍ သူနေသော တောင်တို့ကို လွင်ပြင်ဖြစ်စေပြီ။ ထာဝရဘုရားသည် ဣသရေပြည်၏ ပြင်မှာ ဘုန်းတန်ခိုးကြီးတော်မူသည်ဟု ဆိုကြလိမ့်မည်။"

B.**God rebuked the priests** ယဇ်ပုရောဟိတ်များကို အပြစ်တင်တော်မူသည်။ **(Malachi 1:6-2:9)**

1. lack of reverence.  ရိုသေမှုကင်းမဲ့ခြင်း။ သားသည် အဘကို ရိုသေတတ်၏။ကျွန်သည်သခင်ကိုကြောက်ရွံ့တတ်၏။ အဘမှန်လျှင် ငါ့ကို အဘယ်သူရိုသေသနည်း။ သခင်မှန်လျှင်အဘယ်သူကြောက်ရွံ့သနည်း။ (Malachi 1:6)
2. ယဇ်ပူဇော်ရာကို ညစ်ညူးစေတယ်။ အစိုးရမင်းကို ပေးလျှင်ပင် လက်မခံနိုင်တဲ့အရာကို ဘုရားသခင်က လက်ခံ ပါ့မလား။ (Malachi 1:7-10).
3. နာမတော်ကို မထောက်ထားသော အပြစ်။ ဘုရားသခင်ရဲ့နာမတော်ဟာ တပါးအမျိုးသားတွေ ကြားမှာ ကြီးမြတ်ရမယ်။ဒါပေမယ့် ဣသရေလက ဘုရားသခင်ရဲ့စားပွဲတော်ကို ညစ်ညူးစေတယ်။.
4. ကောက်ကျစ်တယ်။ မသန်မစွမ်း၊ မကျန်းမာတဲ့အရာတွေကို ဘုရားသခင်ထံ ပူဇော်တယ်။ ခိုးယူပစ္စည်းနဲ့ ပူဇော်တယ်။ ကောင်းမွန်တဲ့အရာရှိလျက်သားနဲ့မပေးလှူဘူး။ (Malachi 1:11-13).
5. သမ္မာတရားနဲ့ ငြိမ်သက်ခြင်းလမ်းကို စွန့်ပယ်ပြီး၊ တခြားသူများကို ထိမိလဲစရာဖြစ်စေတယ်။ ပဋိညာဉ်တရားကို ပျက်ယွင်းစေပြီး၊ ပညတ်တရားကို တပိုင်းတစသာလိုက်လျှောက်တယ်။ ဒါကြောင့် ယဇ်ပုရောဟိတ်တွေဟာ လူများ အတွက်ထိမိလဲစရာဖြစ်လာတယ်။ (Malachi 2:6-9).

C.**God rebuked the people** လူအများကိုလည်းအပြစ်တင်တယ်။**(Malachi 2:10-17; 3:8-15)**

1. ဘိုးဘေးတို့နဲ့ ပြုထားတဲ့ပဋိညာဉ်ကို ညစ်ညူးစေတယ်။ ညီအစ်ကိုချင်းကို သစ္စာဖောက်တယ်။ (Malachi 2:10)
2. ဘုရားသခင်ရဲ့သန့်ရှင်းခြင်းကို ညစ်ညူးစေတယ်။ တပါးအမျိုးသားဘုရားတွေရဲ့သမီးတွေနဲ့ အိမ်ထောင်ပြုတယ်။ (Malachi 2:11-13)
3. လက်ထပ်တဲ့ သစ္စာစကားကို ညစ်ညူးစေတယ်။ (Malachi 2:14-16)
4. ဆိုးညစ်တဲ့အရာကို အကောင်းလို့ခေါ်တယ်။ (Malachi 2:17)
5. မရိုမသေ၊ မလေးမစား
6. ထားပြအမှု၊ လုယူခြင်းအမှုကို ဆယ်ဖို့တဖို့နဲ့ အလှူပေးလှူရာမှာ ပြုတယ်။ (Malachi 3:8-9)
7. ဘုရားအမှုတော်ကို အလေးမထား၊ အချည်းနှီးသက်သက်ဖြစ်တယ်လို့ ဆိုတယ်။ (Malachi 3:14,15) ပညတ်တရားကို စောင့်တဲ့အတွက် အကျိုးမရ။ မာနကြီးတဲ့သူဟာ မင်္ဂလာရှိတယ်၊ ဆိုး ညစ်သူဟာ နေရာရတယ်လို့ ဆိုလာ ကတယ်။ မာလခိက သူတို့လုပ်ချင်သလို အခုလုပ်နိုင်တယ်။ ဒါပေမယ့် တရားစီရင်ခြင်း လာလိမ့်မယ်လို့ ဆိုတယ်။.

D.**The LORD is coming** သခင်ဘုရားကြွလာချိန်နီးပြီ။ **(Malachi 3:1-4:6).**

မာလခိက မေရှိယဘုရင် ကြွလာခြင်းကို မျှော်လင့်ဖို့ ဟောပြောတယ်။.

1. ကြွတော်မူရာလမ်းကို ပြင်ဆင်ရမယ်။ (Malachi 3:1). “ ကြည့်ရှုလော့၊ ငါသွားရာလမ်းကို ပြင်ဆင်ရသော ငါ၏ တမန်ကို ငါစေလွှတ်မည်။” နှစ်ခြင်းဆရာယောဟန်ဟာ သခင်ခရစ်တော် ကြွလာရာလမ်းကို ပြင်ဆင်ရသူဖြစ်တယ်။ လူ တွေက နောင်တရပြီးလှည့်ပြန်လာဖို့လိုတယ်။ ပရောဖက် ဧလိယဟာလည်း ခရစ်တော် ဒုတိယကြွလာခြင်းကို ပြင်ဆင် ရသူဖြစ်တယ်။ (Malachi 4:5,6).

2. The Messiah: မေရှိယသခင်

a. ပဋိညာဉ်တရားရဲ့တမန် (Malachi 3:1), မျှော်လင့်နေတဲ့သခင်ဟာ ဗိမ္မာန်တော်ကို ကြွလာမယ်။ (သခင်ခရစ်တော်ဟာ ကြွလာခဲ့ပြီး၊ ပဋိညာဉ်တရားသစ်ကို ပြုတော်မူတယ်။ (Matthew 26:28).

b. the Refiner and Purifier (Malachi 3:2-4) သန့်ရှင်းစင်ကြယ်စေသောသူ ဟာ ယဇ်ပရော ဟိတ်တွေကို စင်ကြယ်စေလိမ့်မယ်။ သူတို့ဟာဖြောင့်မတ်ခြင်းတရားရဲ့ယဇ်ကိုပူဇော်ပြီး ဘုရားသခင် ကို နှစ်သက်စေလိမ့်မယ်။.

c. တရားသူကြီးJudge (Malachi 3:5) စုံးအတတ် (Exodus 22:18), ၊ ဖောက်ပြန်ခြင်း (Exodus 20:14)၊ မမှန်သက်သေခံခြင်း (Leviticus 19:12)၊ လုပ်ခနှိမ်ခြင်း (Leviticus 19:13)၊ မုတ်ဆိုးမနဲ့ မိဘမဲ့ကလေးများကို နှိပ်စက်ခြင်း (Exodus 22:22-24)၊ ဧည့်သည်သူစိမ်းများကို နောက်ယှက်ခြင်း (Deuteronomy 24:17) နဲ့ ဘုရား သခင်ကို မကြောက်ရွံ့တဲ့ အပြစ်တွေကို တရားစီရင်လိမ့်မယ်။

d. the Immutable One- မပြောင်းလဲသောသူ (Malachi 3:6,7) မပြောင်းလဲတဲ့သနားကရုဏာကို ယူဆောင် ပေးသူဖြစ်တယ်။ " ငါသည် ထာဝရဘုရားဖြစ်၏။ ပြောင်းလဲခြင်းမရှိ။ ထို့ကြောင့် ယာကုပ်အမျိုးသားတို့ သင်တို့သည် ဆုံးရှုံးခြင်းသို့ မရောက်ကြ။ ငါ့ထံသို့ပြန်လာကြလော့။ ငါသည်လည်း သင်တို့ဆီသို့ပြန်လာမည်။ "

e. the Redeemer and Restorer ရွေးနှုတ်သူနှင့် ပြန်လည်နေရာချထားပေးသူ (Malachi 3:10-12) ဆင်းရဲသားကို ချမ်းသာစေပြီး၊ တိုင်းနိုင်ငံတို့ရဲ့ဝမ်းမြောက်စရာကို တစပြင်ဖြစ်စေလိမ့် မယ်။.

3. နောင်တရပြီး လှည့်ပြန်လာတဲ့ လူနည်းစုအတွက် ကောင်းကြီးမင်္ဂလာ (Malachi 3:16-18). ဘုရားသခင်ဟာ ကြောက်ရွံ့သောသူတို့၏ အသံကို ကြားတယ်။ သူတို့နာမတွေကို စာစောင်မှာ ရေးထားတယ်။ " ထိုသူတို့သည် ငါစီရင်သောနေ့ရက်၌ ငါပိုင်ထိုက်သော ဘဏ္ဍာတော်ဖြစ်ကြ လိမ့် မည်။ တဖန်သင်တို့သည် ပြောင်းလဲ၍၊ ဖြောင့်မတ်သောသူ၊ မဖြောင့်မတ်သောသူ၊ ဘုရားသခင် အမှုကို ဆောင်သောသူ၊ မဆောင်သောသူတို့ကို ပိုင်းခြား၍ သိရကြလိမ့်မည်။ ".

4. The fate of the wicked: ဆိုးယုတ်သူတို့ရဲ့အနာဂတ် - " မီးဖို၌မီးလောင်သကဲ့သို့ လောင်သော နေ့ရက်ကာလသည် ရောက်လိမ့်မည်။ မာနကြီးသောသူ၊ ဒုစရိုက်ကိုပြုသော သူ အပေါင်း တို့သည် အမှိုက်ခြောက် ဖြစ်ကြလိမ့်မည်။ (Malachi 4:1).

5. The Sun of Righteousness- ဖြောင့်မတ်ခြင်းရဲ့တရားတော်နေမင်းဟာ အနာပျောက်စေတဲ့ အတောင်တွေနဲ့ ပေါ်ထွန်းမယ်။ နာမတော်ကို ကြောက်ရွံ့သောသူတို့အတွက် ဖြစ်တယ်။ သူတို့ဟာ အထံတော်၌ ထွက်ဝင်ကျက်စား လိမ့်မည်။ (Malachi 4:1-3).

6. Final admonishment: နောက်ဆုံးသတိပေးစကား- " ငါ့ကျွန်မောရှေ၏တရားတည်းဟူသော စီရင်သော တရားထုံးဖွဲ့တော်မူချက်တို့ကို အောက်မေ့ကြလော့။ ကြည့်ရှုလော့။ ထာဝရဘုရား၏ ကြောက်မက်ဘွယ်သော နေ့ရက်ကြီး မရောက်မှီ၊ ပရောဖက်ဧလိယကို သင်တို့ရှိရာသို့ ငါစေလွှတ် မည်။ ငါသည်လာ၍ သင်တို့၏ ပြည်ကို ကျိန်ခြင်းဘေးနှင့် ဒဏ်မခတ်မည်အကြောင်း၊ ထိုပရောဖက် သည် သားတို့နှင့်အဖတို့ကိုငင်း၊ အဖတို့နှင့် သားတို့ကိုငင်း၊ အသင့်အတင့် ဖြစ်စေမည်" ဟု မိန့်တော် မူ၏။ (Malachi 4:4-6) ပရောဖက် မာလခိခေတ် နောက်ပိုင်းမှာဘုရားသခင်က ဣသရေလ လူမျိုး ကို ခရစ်တော်ကြွမလာမခြင်းစကားမပြောတော့ပါ။နှစ်ပေါင်း ၄၀၀ တိတ်ဆိတ်တဲ့ကာလဖြစ်တယ်။.

## E. Things to Think About: ဆင်ခြင်စရာများ

မာလခိခေတ်က လူတွေနဲ့ ဒီနေ့ခေတ်လူတွေ ဘယ်လိုတူသလဲ။ ဘုရားရဲ့နာမတော်ကို မရိုသေဘူး။ ငြိမ်သက်ခြင်းကို ဖျက်စီးကြတယ်။ သန့်ရှင်းခြင်းကို မထီမဲ့မြင်ပြုတယ်။ လက်ထပ် ဂတိသစ္စာကို ညစ်ညူးစေတယ်။ မိသားစုကို တန်ဖိုးမထားဘူး။ နတ်မိစ္ဆာ တန်ခိုးတွေကို စိတ်ဝင်စားတယ်။ သတင်းစကား အလွဲအမှားကို ပေးတယ်။ စီးပွားရေးလုပ်ငန်းမှာ

မရှိးသားဘူး။ ဘုရားကို မကြောက်ဘူး။ ဒီအရာတွေ သင့်မှာ ရှိနေသလား။ မာလခိရဲ့တရားစကားကတော့ နောင်တရပြီး လှည့်ပြန်ဖို့ ဖြစ်တယ်။ ဘုရားသခင်ရဲ့ကောင်းကြီးရဖို့ ဒီနေ့လူတွေ ဘာလုပ်ဖို့ လိုသလဲ။ နောင်တရပြီး လှည့်ပြန်လာပြီလား။?

**Exam - Lesson 19**

Name________________________________________________________________

Address______________________________________________________________

Multiple choice (Circle only one letter as the correct answer unless otherwise indicated. You may use your Bible when so indicated, but we trust you not to look up the answers in the lesson.)

1. What is an essential to maintaining position and possession of spiritual blessings? (value 3 points) ဝိညာဉ်ကောင်းကြီးနှင့် လက်ရှိဝိညာဉ်ရေးရာအဆင့်ကို ထိန်းထားဖို့ မည်သည့် အရာက မရှိမဖြစ်လိုအပ်သနည်း

a) observing Purim ပူရင်စောင့်ထိန်းခြင်း

b) practicing patience သီးခံခြင်းကိုလေ့ကျင့်ခြင်း

c) maintaining purity သန့်ရှင်းမှုကို ထိန်းသိမ်းခြင်း

2. When did the events in this lesson take place? (value 3 points) ဤသင်ခန်းစာတွင် ပါသော ပွဲတော်အခန်းနား များကို ဘယ်အခါတွင်လုပ်ဆောင်သနည်း

a) before the temple was rebuilt ဗိမာန်တော်မတည်မီ

b) while the temple was being rebuilt ဗိမာန်တော်တည်ဆောက်နေချိန်

c) after the temple was rebuilt ဗိမာန်တော်တည်ဆောက်ပြီးချိန်

3. At the time of Nehemiah and Esther, who was ruling Judah? (value 3 points) နေဟမိနှင့်အက်စတာတို့ ခေတ်ကာလက ယုဒပြည်ကို မည်သူအုပ်စိုးသနည်း

a) Babylon ဘေဘီလုံ

b) Assyria အဆီးရီးယား

c) Persia ပါးရှား

4. What position did Nehemiah hold during the captivity? (value 3 points) ဖမ်းသွား ချုပ်ထားခြင်းခံရချိန်က နေဟမိ၏ရာထူးကားအဘယ်နည်း

a) he was a scribe စာချွန်တော်

b) he was a cup bearer for the king ဘုရင့်ဖလားတော်ကိုင်

c) he was a governor in Babylon ဘေဘီလုံမြို့ တော်ဝန်

5. Why did Nehemiah weep and pray? (value 3 points) အဘယ့်ကြောင့် နေဟမိ သည် ငိုကြွေးလျှက်ဆုတောင်း သနည်း

a) because Jerusalem was under foreign rule, not under God ယေရှုရှလင်သည် ဘုရားရှင် လက်အောက် မဟုတ်ဘဲ တိုင်းတပါးလက်အောက်ရောက်နေသောကြောင့်

b) because of the sins of the people and Jerusalem lay in ruins လူများ၏အပြစ်နှင့် ယေရှုရှလင် ပြိုပျက်နေ သောကြောင့်

c) because of the suffering of the people in Babylon လူများဘေဘီလုံတွင်ဆင်းရဲဒုက္ခခံရသောကြောင့်

6. For what did the king give Nehemiah authorization papers? (value 3 points) မည်သည့်အတွင်ကြောင့် ဘုရင်က နေဟမိအား ခွင့်ပြုမိန့် စာချွန်တော် ပေးခဲ့သနည်း

a) to command the entire western territory အနောက်ဖက်နယ်မြေများကို အမိန့် ပေးရန်

b) for the rebuilding of the walls မြို့ရိုးတည်ဆောက်ရန်

c) for disciplining the people လူများကို စည်ကမ်းသေဝပ်စေရန်

7. Who opposed the work on the walls? (value 3 points) မြို့ရိုးတည်သည်ကို မည်သူတို့ ကဆန့် ကျင်သနည်း

a) The Babylonians ဘေဘီလုံလူမျိုးများ

b) The Samaritans ရှမာရိများ

c) The king of Persia ပါးရှားဘုရင်

8.How did Sanballat and Tobiah react to what the Persian king did for Nehemiah and the Jews? (value 3 points) ပါးရှားဘုရင်က နေဟမိနှင့်ဂျူးများအပေါ်လုပ်ဆောင်ချက်ကို ဆာနဘောလ နှင့်တောဘိတို့ က မည်သို့ တုန့် ပြန်သနည်း

a) They were pleased to add their support. သူတို့ ကူညီမှုအတွက်သဘောကျသည်

b) They were not interested in what was happening. ဘာဖြစ်နေသည်ကို စိတ်မဝင်စားချေ

c) They were unhappy and laughed and mocked the Jews . သူတို့ သည် စိတ်ဆိုးပြီး ဂျူးများအား ပျက်ရယ် ပြု ကာနှိမ့်ချဆက်ဆံကြသည်

9. What was Nehemiah's reaction upon his arrival in Jerusalem? (value 3 points) ယေရှုရှလင်မြို့ သို့ ရောက် သည့်အခါ နေဟမိ၏တုန့် ပြန်မှုကားအဘယ်နည်း

a) He praised God for all that was happening. ဖြစ်သမျှအရာအားလုံးအတွက်ဘုရားရှင်ကို ချီးမွမ်းသည်

b) He was grieved at the state of the city. မြို့ အခြေအနေကိုတွေ့ သည့်အခါ ဝမ်းနည်း ကြေကွဲသည်

c) He immediately called a general council of Jews. ဂျူးလူမျိုးများကို ချက်ချင်းအစည်းဝေးခေါ်သည်

10. Who did the work on the wall around Jerusalem? (value 3 points) ယေရုရှလင် မြို့ ရိုးကို မည်သူစတ်သနည်း

a) Nehemiah and his crew of hired workers. နေဟမိနှင့်သူ့ အလုပ်သမားများ

b) The officials of the city. မြို့ တော်အရာရှိများ

c) All the people together. လူအားလုံး

11.What was the reaction to Ezra's reading of the law? (value 3 points) ဧဇရ၏ပညတ်တော်များ ရွတ်ပြခြင်း အပေါ်တုန့် ပြန်ချက်ကား အဘယ်နည်း

a) The priests and Levites refused to listen. ယဇ်ပုရောဟိတ်နှင့်လေဝိတို့ က နားမထောင် ဘဲငြင်းဆန်သည်

b) The people rejected it and disobeyed. လူများက ငြင်းပယ်ပြီး မလိုက်နာကြ

c) The people stood all day and listened. လူများကတနေလုံးမတ်တတ်ရပ်ပြီးနားထောင်သည်

12. What did Nehemiah tell the people to do? (value 3 points) နေဟမိက လူများကို ဘာလုပ်ဖို့ ပြောသနည်း

a) They should move to the country and cultivate gardens. တောနယ်များသို့ ဆင်းပြီး ဥယျာဉ်တည်ဖို့ ပြောသည်

b) They should populate the secured city of Jerusalem. လုံခြုံရေးကောင်းသော ယေရုရှလင် မြို့ လူဦးရေတိုးစေဖို့

c) They should maintain their current living situations. လက်ရှိလူနေမှုစံနစ်အားထိန်း သိမ်းထားဖို့

13. Who conspired against the Jews and tried to have them annihilated? (value 3 points) မည်သူတို့ က ဂျူးများကို မကောင်းကြံစည်ပြီး အမျိုးပျောက်အောင် လုပ်ကြသနည်း

a) Mordecai မော်ဒကဲ

b) Sanballat သန်ဘာလတ်

c) Haman ဟာမန်

14.What were the special regulations in regard to a queen entering the king's presence? (value 3 points) ဘုရင်မက ဘုရင့်ထံခစားသည့်အခါ လိုက်နာရသည့် အထူးစည်း ကမ်းကား အဘယ်နည်း

a) She could enter whenever she desired. သူမကြိုက်သည့်အချိန် ဝင်ထွက်နိုင်သည်

b) She could enter only when she was invited by the king. ဘုရင်က ခေါ်တော်မူသည့် အခါမှသာ ခစားနိုင်သည်

c) She was allowed to enter at specified times. သတ်မှတ်ထားသည့်အချိန်မှသာ ဝင်ခွင့်ပြုသည်

15. How does the book of Esther differ in regard to the name of God? (value 3 points) ဧက်စတာဝတ္ထုသည် ဘုရားရှင်အမည်နှင့်စပ်လျှင်း၍မည်သို့ ခြားနားသနည်း

a) The word Providence is always used in the place of God.ထောက်ပံ့သောအရှင်ဟူသည့်စကားလုံးကို ဘုရားရှင်စပ်ဆိုင်၍အမြဲတမ်းသုံးသည်
b) The word God occurs only once in the book of Esther. အက်စတာဝတ္ထုတွင် ဘုရားဟူသောစကားလုံးကို တကြိမ်သာ အသုံးပြုထားသည်
c) The word God does not appear in the book of Esther. ဤအက်စတာဝတ္ထုတွင် ဘုရားဟူသောစကားလုံးကို သုံးထားခြင်းမတွေ့ ရပါ

16. What was said in the law Esther and Mordecai wrote? (value 3 points) အက်စတာနှင့်မော်ဒကဲတို့ ရေးထားသောအမိန့် စာတွင်ဘာပြောထားသနည်း
a) it permitted the Jews to fight to defend themselves ဂျူးများအား သူတို့ ကိုယ်သူတို့ ကာကွယ်ဖို့ ခွင့်ပြုသည်
b) it permitted the Jews to live in Persia ဂျူးများကို ပါးရှားပြည်တွင်နေထိုင်ဖို့ ခွင့်ပြုသည်
c) it exempted the Jews from Persian taxation ပါးရှားအခွန်တော်ကောက်ခံခြင်းမှ ဂျူးများကို ကင်းလွတ်ခွင့်ပြုသည်

17. Nehemiah told the people their strength was in what? (value 3 points) နေဟမိက သူ့ လူများအား သူတို့ ၏ခွန်အားသည် မည်သည့်နေရာတွင်ရှိကြောင်းပြောသနည်း
a) it was in the wonderful gifts God had given them ဘုရားရှင်ပေးထားသော အံ့ဘွယ်လက် ဆောင်တွင်ရှိသည်
b) it was in the joy of the Lord ဘုရားရှင်၌ဝမ်းမြောက်ခြင်းတွင်ရှိသည်
c) it was in their friends and neighbors မိတ်ဆွေများ အိမ်နီးချင်းများတွင်ရှိသည်

18. What does the feast of Purim commemorate? (value 3 points) ပုရံပွဲကို မည်သည့် ရည်ရွယ်ချက်ဖြင့် ကျင်းပသနည်း
a) it commemorates the completion of the temple ဗိမာန်တော်ဆောက်ပြီးခြင်းအထိမ်းအမှတ်
b) it commemorates the salvation of the Jews in the time of Esther အက်စတာခေတ်က ဂျူးများ အသက်ဘေး မှကယ်တင်ခြင်းခံရသည့်အထိမ်းအမှတ်
c) it commemorates the completion of the walls of Jerusalem ယေရုရှလင်မြို့ ရိုးတည်ဆောက်ပြီးစီးကြောင်း အထိမ်းအမှတ်

19. What was Malachi sent to do as God's messenger? (value 3 points) မာလခိကို ဘုရားရှင်၏စေတမန်အဖြစ် ဘာပြောခိုင်းသနည်း
a) He was to praise the Jews for their work in Jerusalem. ဂျူးလူမျိုးများ ယေရုရှလင် မြို့ ရိုးတည်သည့်အတွက် ချီးကျူးစကားပြောရန်

b) He was to rebuke the priests and people for their sins. လူများနှင့်ယဇ်ပုရောဟိတ် တို့ အား သူတို့ အ[illegible]
ပစ်ကို ထုတ်ဖော်ဝေဖန်ရန်

c) He was to instruct the Jews on how to build up Jerusalem. ယေရှုရှလင်မြို့ အား မည်သို့ ပြန်ဆောက်ရမည် ကိုလမ်းညွှန်ပြသရန်

Matching

20. Match the following statements with the appropriate names. (value 39 points)

အောက်ပါတို့ ကို ကွက်လပ်ဖြည့်ပါ

| | |
|---|---|
| ______He was a governor, but asked nothing of the people. သူသည်မြို့ ဝန်ဖြစ်သော်လည်း လူထုကိုမမေးမြန်းပေ | A) Hanani |
| ______ He used methods, accusations and scare tactics. သူသည်မတရားစွပ်စွဲခြင်း ချောက်လန့် ခြင်းနည်းများကိုသုံးသည် | B) Vashti |
| ______ He was a brother of Nehemiah. သူသည်နေဟမိ၏အကိုဖြစ်သည် | C) Nehemiah |
| ______ He was dressed in the king's robes and crown, and placed on the king's horse, to ride through the city for all the people to see and praise. သူသည် ရှင်ဘုရင်အဝတ်နှင့်သရဖူကိုဆောင်းကာ လူအများမြင်တွေ့ ရန်တမြို့ လုံးကို မြင်းစီးလျှက်လျှောက်သည် | D) Haman |
| ______ He was a powerful and proud man who ruled 127 provinces from India to Ethiopia သူသည် တန်ခိုးကြီးပြီးမာနထောင်လွှားသူဖြစ်ကာ အိန္ဒိယမှအီသီယိုးပီးယားထိ ပြည်နယ် ၁၂၇-ခုကို အုပ်စိုးသည် | E) Esther |
| ______Celebrated because they heard the word of the law, and understood it. သူတို့ သည်ပညတ်တော်တို့ ကိုနားလည်သောကြောင့် ပွဲလမ်းကျင်းပကြသည် | F) Ahasuerus |
| ______This person said: "If I perish I perish." "ငါသေလျှင်လည်းသေပါစေ"ဟု ဤသူကပြောသည် | G) Malachi |
| ______They stood with Ezra, as he read the law and explained it to the people. သူတို့ သည် ဧဇရက ပညတ်တော်များကို ဖတ်ပြရှင်းလင်းသောအခါ သူ့ ဖက်မှာရပ်တည်ကြသ | H) Eliashib |
| ______ He was the last prophet to the remnant that returned from the captivity. သူသည် သိမ်းသွားခြင်းမှပြန်လာသော နောက်ဆုံးပရောဖက်ဖြစ်သည် | I) Sanballat |
| ______ He was a Persian slave appointed governor over the Ammonites. သူသည် အာမုန်အမျိုးများကို အုပ်ချုပ်ရန်မြို့ ဝန်အဖြစ်ခန့် ထားခံရသည့် ပါးရှားကျွန်ဖြစ်သည် | J) Mordecai |
| ______ He was a priest over the chamber of the house of God, allied himself with Tobiah through a family marriage. သူသည် ဘုရားရှင်အိမ်တော်အမှုကိုကြီးကြပ်ရသော တောဘိ မျိုးရိုးမှဆင်းသက်သည့် ယဇ်ပုရောဟိတ်အနွယ်ဖြစ်သည် | K) Levites |
| ______ She was the first wife of King Ahasuerus. | L) Tobiah |

သူမသည် ဘုရင်အာရွှေရု၏ ပထမဦးဆုံးသောမိဖုရားဖြစ်သည်

_____ He was a proud, jealous, high ranking man in Ahasuerus' court M) the people who wanted to kill the Jews. သူသည် မာနကြီးပြီး မနာလိုစိတ်ရှိသော ဂျူးများကို သတ်ပြစ်လို သည် ဘုရင်အာရွှေရုန န်းတော်မှ အဆင့်မြင့်အရာရှိဖြစ်သည်

Fill in the blank space. ကွက်လပ်ဖြည့်ပါ

21. After Malachi's message there were no more messages from God for _______ years (value 4 points) 70 400 40 (နှစ်ပေါင်း ၇၀ ၊ ၄၀၀ ၊ ၄၀)

မာလခိထံမှသတင်းစကားရပြီးနောက် နှစ်ပေါင်း ( )တိုင်အောင် ဘုရားရှင်ထံမှ သတင်းစကား မ ကားရတော့ပေ

Copyright by Rogma International, Inc. All rights reserved.

---

## Lesson 20

## Introduction to Section VII BELIEVING THE GOSPEL OF JESUS CHRIST

သခင်ယေရှုခရစ်ရဲ့ဧဝံဂေလိတရားကို ယုံကြည်ခြင်း

## Messiah, King of Israel, Savior of the World, God Himself on Earth in Human Form

## Matthew, Mark, Luke, John

"ယေရှုသည် ခရစ်တော်တည်းဟူသော ဘုရားသခင်၏သားတော်ဖြစ်တော်မူသည်ကို သင်တို့သည် ယုံမည့်အကြောင်း၊ ထိုသို့ယုံ၍နာမတော်အားဖြင့်အသက်ကိုရမည့်အကြောင်း ဤမျှလောက် ရေးထားလျက် ရှိသတည်း။" (John 20:31).

"ယေရှုက ငါ၏နိုင်ငံသည် ဤလောကနှင့်မဆက်ဆိုင်.." (John 18:36). "...ဘုရားသခင်၏နိုင်ငံတော်သည် သင်တို့အထဲ၌ရှိသည်" (Luke 17:20,21).

ဓမ္မသစ်ကျမ်းရဲ့ပထမဦးဆုံး ၄ ကျမ်းကို The Gospels-ခရစ်ဝင်ကျမ်း (သို့) Good News of Jesus Christ- သခင်ယေရှုခရစ်၏ သိတင်းကောင်းလို့ ခေါ်ပြီး ဘုရားသခင်က လူ့ဇာတိခံယူကြောင်းကို ဖော်ပြတယ်။

To Reveal -ဘုရားသခင်ရဲ့နိုင်ငံတော်ကို လူတို့အားဖော်ပြရန်

To invite-ဘုရားသခင်ရဲ့နိုင်ငံတော်သို့ ပါဝင်ဖို့လူများကို ဖိတ်ခေါ်ရန်

To provide-ကောင်းကင်နိုင်ငံတော်ဝင်ဖို့ လမ်းပြင်ဆင်ပေးရန်

To prepare-လောကသားတို့အတွက် သိတင်းစကား သယ်ဆောင်ဖို့ တပည့်တော်တို့အား ပြင်ဆင်ရန်

သခင်ယေရှုက သူဟာဘုရားသခင်ရဲ့သားတော်ဖြစ်ကြောင်းကို သွန်သင်ပြသ၊ နိမိတ်လက္ခဏာများ ပြခဲ့တယ်။ လူ့ရဲ့အပြစ်ကြွေးအတွက် အသေခံပေးတယ်။ ရှင်ပြန်ထမြောက်ပြီး စာတန်နဲ့ သေခြင်းကို အောင်မြင်တယ်။ ယုံကြည်သူ တိုင်းကို ထာဝရအသက်ပေးတယ်။ တပည့်တော်များကို သွန်သင်ပေးပြီး၊ လောကထဲသို့ သိတင်းကောင်း ယူဆောင်ရန် စေလွှတ်တယ်။ ဂျူးလူမျိုးသာမက တပါးအမျိုးသား အားလုံးအတွက် ဖြစ်တယ်။

"လူသားသည် ပျောက်သောသူတို့ကိုရှာ၍၊ ကယ်တင်အံ့သောငှါ ကြွလာသတည်း။" (Luke 19:10).

"ယေရှုသည်တရားစရပ်တို့၌ ဆုံးမဩဝါဒပေးလျက်၊ နိုင်ငံတော်နှင့်ယှဉ်သော ဧဝံဂေလိတရားကို ဟောလျက်၊ လူများခံရ သောအနာရောဂါအမျိုးမျိုးတို့ကို ငြိမ်းစေလျက်၊ မြို့ရွာရှိသမျှတို့ကိုဒေသစာရီလှည့်လည်တော်မူ၏။"(Matthew 9:35)

ဓမ္မသစ်ကျမ်း၊ ပဋိညာဉ်တရားသစ်ဟာ ခြောက်ခုမြောက်သော ခေတ်ကာလဖြစ်တဲ့ – period of grace- ကျေးဇူးတော်ကာလကိုမိတ်ဆက်ပေးတယ်။ ခရစ်တော်ကဓမ္မဟောင်းပညတ်ကို ပြည့်စုံ စေပြီး၊ ထာဝရယဇ်ပရောဟိတ်အဖြစ် ပြည့်ဝစုံလင်တဲ့ တဲတော်မှာ ယဇ်ပူဇော်တဲ့အတွက် တိရိစ္ဆာန်ရဲ့အသွေးနဲ့ ယဇ်ပူဇော်ဖို့ မလိုတော့ဘူး။သူ့အသွေးနဲ့ ဘုရားသခင် ရဲ့အသန့်ရှင်း ဆုံးဌာန ထဲဝင်ပြီး၊ တခါတည်းအပြီး ယဇ်ပူဇော်တယ်။ " ငါတို့အဘို့ ထာဝရရွေးနှုတ်ခြင်းကျေးဇူးကိုခံရ၍၊ ဆိတ် အသွေး၊ နွားကလေးအသွေးနှင့် မဟုတ်၊ မိမိအသွေးတော်နှင့် သန့်ရှင်းရာဌာနထဲသို့ တခါတည်း ဝင်တော်မူ၏။- " (Hebrews 9:12) ကိုယ်တော်ဟာ ပဋိညာဉ်တရားသစ်ရဲ့mediator-အမှုဆောင် သခင် ( ဖြန်ဖြေသူ) ဖြစ်တယ်။ " အသေခံခြင်းအားဖြင့် ပညတ်တရားရဲ့အောက်မှာရှိတဲ့ အပြစ်သား တွေကို ရွေးနှုတ်ပေးတယ်။ ထာဝရ အမွေခံဖို့လည်း ဂတိပေးတယ်။ (Hebrews 9:11-17)

သခင်ယေရှုက ပဋိညာဉ်တရားသစ်ကို တည်စေတယ်။ မောရှေရဲ့တရားဟာ ဆုံးခန်းတိုင်သွားပြီ ဖြစ်တယ်။ သခင်ယေရှုခရစ်ရဲ့အသွေးတော်ကြောင့်၊ ဘုရားသခင်ရဲ့ထံတော်ပါး တိုးဝင်နိုင်ပြီ။ (Matthew 26:26-29; Exodus 24:8; Jeremiah 31:31-34; Mark 14:24; Luke 22:20; 1 Corinthians 11:25; Hebrews 9:19,20; 10:29)

" ယေရှုက ငါသည်လမ်းခရီးဖြစ်၏။ သမ္မာတရားလည်းဖြစ်၏။ အသက်လည်းဖြစ်၏။ ငါ့ကို အမှီမပြုလျှင် အဘယ်သူမျှ ခမည်းတော်ထံမရောက်ရ။" (John 14:6)

သားတော်ယေရှုခရစ်ကိုသိဖို့ဘုရားသခင်က ခရစ်ဝင်ကျမ်းတွေကို ပေးတာ ဖြစ်တယ်။လူနဲ့ဘုရားပြန်လည် ပေါင်းစည်းဖို့အတွက် အထောက်အကူပြုတဲ့ ကျမ်းတွေ ဖြစ်တယ်။

Prepared by Polly Strong B.R.E., B.A., M.A.
For Rogma International, Inc. (All Scripture quotations from the KJV of the Bible)
Copyright by Rogma International, Inc. All rights reserved.

---

## Lesson 20

## Section VII – Believing the Gospel of Jesus Christ

## Introduction to the Gospels

**Theme** အဓိကအချက်: သမ္မာကျမ်းစာတအုပ်လုံးရဲ့သွန်သင်ချက်ကို မှန်မှန်ကန်ကန် နားလည် ဖို့ရာ၊ သခင်ယေရှု ခရစ်တော်ဟာ ဓမ္မဟောင်းရဲ့မေရှိယ နဲ့ လောကီသားတို့ရဲ့ကယ်တင်ရှင်ဖြစ် ကြောင်း သိထားဖို့လိုတယ်။

**Goal** ရည်ရွယ်ချက်: သခင်ခရစ်တော်ကို ဘုရားသခင်၊ မေရှိယဘုရင်၊ လောကရဲ့ကယ်တင်ရှင် အဖြစ် လက်ခံပါ။

**Summary** အနှစ်ချုပ်: ခရစ်တော်ဟာ သမ္မာကျမ်းစာနဲ့ အသက်တာတခုလုံးရဲ့ဗဟိုချက်ဖြစ်တယ်။ ကြွလာမယ့် အကြောင်းကို ဓမ္မဟောင်းမှာ ကြိုပြောထားပြီး၊ ဓမ္မသစ်မှာပြည့်စုံခဲ့တယ်။ ကျမ်းဟာရဲ့တခြား သွန်သင် ချက်အားလုံး ဟာ ခရစ်တော်အကြောင်းကို ဗဟိုပြုတယ်။ မြေကြီးပေါ်မှာကြွလာတဲ့ သခင်ယေရှုရဲ့အသက်တာဟာ အသင်းတော်နဲ့ ခရစ်ယာန်အသက်တာအတွက် စံပြပုံစံ ဖြစ်တယ်။ သေခြင်းနဲ့ရှင်ပြန်ထမြောက်ခြင်းဟာ ယုံကြည်ခြင်း တရား၊ ကယ်တင်ခြင်းတရားအတွက် အခြေခံအကျဆုံး အုတ်မြစ်ဖြစ်တယ်။ ခရစ်တော်ရဲ့မြေကြီးပေါ်က အသက်တာ ကိုကြည့်ရင်၊ သူဟာ ဘုရား ဖြစ်သလို၊ လူသားလည်း ဖြစ်ကြောင်းပြတယ်။ ပညတ္တိကျမ်း၊ ပရောဖက်များရဲ့ကျမ်းမှာ ရေးထားတဲ့ အရာတွေဟာ ခရစ်တော် ကြွလာခြင်းကြောင့် ပြည့်စုံရတယ်။ နောင်လာမယ့်အရာအတွက်မျှော် လင့်စရာ လည်းဖြစ်တယ်။ ခရစ်ဝင်ကျမ်း ၄ ကျမ်းဟာ ခရစ်တော်ရဲ့မြေကြီးပေါ်က အသက်တာကို မတူတဲ့ရှုထောင့်တွေက တင်ပြထားတယ်။ ခရစ်ဝင်ကျမ်းများဟာ ကယ်တင်ခြင်းလမ်းကို ရှင်းရှင်းလင်းလင်းပြတယ်။ ခရစ်ယာန်အသက်တာကို ပြောတယ်။ ဒါကြောင့် အရေးကြီးတယ်။ ခရစ်တော်ရဲ့သေခြင်းနဲ့ရှင်ပြန်ထမြောက်ခြင်းဟာ ကယ် တင်ခြင်းအစီအစဉ်ကို ပြည့်စုံ စေပြီး၊ ကောင်းကင်ဝင်စားခွင့်ကို ဖွင့်ပေးတယ်။

**Outlines**:

I. ဓမ္မသစ်ကျမ်းအတွက် နိဒါန်း

II. ခရစ်ဝင်ကျမ်းအတွက် နိဒါန်း

III. ခရစ်ဝင်ကျမ်း ၄ ကျမ်းရဲ့Synopsis- တူဆင်မှု

A. ရှင်မဿဲခရစ်ဝင်ကျမ်း

B. ရှင်မာကုခရစ်ဝင်ကျမ်း

C. ရှင်လုကာခရစ်ဝင်ကျမ်း

D. ရှင်ယောဟန်ခရစ်ဝင်ကျမ်း

လေ့လာစရာ ဝေါဟာရများ ။

Baptism နှစ်ခြင်း- အသေခံခြင်း၊ သင်္ဂြိုလ်ခြင်း၊ ရှင်ပြန်ထမြောက်ခြင်းကို ပုံဆောင်တဲ့အတွက် ရေမှာနှစ်မြှုပ်ရတယ်။ နောင်တ၊ အပြစ်မှာသေခြင်း၊ ခရစ်တော်၌ အသက်တာ အသစ်အဖြစ် ရှင်ထမြောက်ခြင်းကို ပုံဆောင်တယ်။

Canon- ကျမ်းစာတော်အဖြစ် သန့်ရှင်းသောဝိညာဉ်တော်မှုတ်ထားတဲ့ ကျမ်းစာလိပ် အစုအဝေး။

Incarnation- လူ့ဇာတိခံယူခြင်း၊ ဘုရားသားအဖြစ်မှ လူ့ကိုယ်ခန္ဓာကို ဆောင်ယူခြင်း။

Kingdom of God ဘုရားသခင်၏ နိုင်ငံတော်- စကြဝဠာကြီးတခုလုံးကို ဘုရားသခင်အုပ်စိုးတဲ့၊ ကောင်းကင်အရာ၊ မြေ မကြီးအရာတွေကို ဖန်ဆင်းတဲ့၊ ဘုရားသခင်ရဲ့နိုင်ငံတော်-The people of the Kingdom နိုင်ငံတော်သားများ၊ ရွေးေ ကာက်ထားသူများ၊ ခရစ်တော်နဲ့အတူ အုပ်စိုးမယ့်နိုင်ငံ (Revelation 5:10)

The realm (ဘုရားသခင် အုပ်ချုပ်သောနိုင်ငံ၊ အရပ်၊ ပါဝင်သောသူများ)

The actual reign or itself တကယ့်မျက်မြင်ရ အုပ်ချုပ်သော နိုင်ငံ။

Kingdom of Heaven ကောင်းကင်နိုင်ငံတော်- ဣသရေလနိုင်ငံ၊ အနှစ် ၁၀၀၀ နိုင်ငံစသဖြင့် အချိန်ကာလ သတ်မှတ် မှုဖြင့် ဘုရားသခင်အုပ်ချုပ်သောခေတ်။

Publican အခွန်ခံ- ( လူများက မကြိုက်ကြပဲ၊ အထင်သေးလေ့ရှိ )

Synopsis- တူညီတဲ့ရှုထောင့်တခုမှ အနှစ်ချုပ်ကြည့်မြင်ခြင်း။

Synoptic- အကြောင်းအရာ၊ အစီအစဉ်၊ စကားအသုံးအနှုန်းတူညီသော Synoptic Gospels မဿဲ၊ မာကုနဲ့ လုကာ ( ရှင်ယောဟန်ခရစ်ဝင်ကျမ်းမှာ တခြားရှုထောင့်မှ ကြည့်မြင်သောကျမ်းဖြစ်သည်။ )

Talmud မောရှေကျမ်း ၅ ကျမ်းထဲတွင် မပါဝင်ပဲ၊ မြို့ပြနှင့်ကျမ်းစာဆိုင်ရာပညတ်များ စုဝေးထားသောကျမ်း။

## Introduction

ဓမ္မဟောင်းကျမ်းအဆုံးမှာ ဣသရေလတိုင်းပြည် ၂ စု ကွဲကျန်ခဲ့တယ်။

1. အကြီးမားဆုံး အစုအဝေးက ကွဲပြားနေတယ်။ (Diaspora; John 7:35) (သို့) ကွဲပြား ပြန့်လွင့်သူများ (James 1:1; 1 Peter 1:1)၊ ဝင်ရောက်နေထိုင်သူ တပါးအမျိုးသားများ ( Mesopotamia, မေဒိ၊ ဗာဗုလုန်နဲ့ ရောမ (Acts 2:9-11) ဒီလူစုလူဝေးဟာ မိခင်တိုင်းပြည်နဲ့ အဆက်အသွယ်ရှိပေမယ့် တပါးအမျိုးသားတွေနဲ့ အတော်ရင်းနီးစွာ နေ ထိုင်သူတွေဖြစ်တယ်။
2. ဒုတိယအုပ်စုထဲမှာ သစ္စာရှိသော ယဇ်ပရောဟိတ်လေဝိနဲ့ ယုဒအမျိုးပါဝင်တယ်။ ( ဂျူးလူမျိုး အကျန်အကြွင်း ) သူတို့ဟာ ကုရုမင်းလက်ထက် ဗိမ္မာန်တော် တည်ဆောက်ဖို့ ပြန်ခဲ့သူတွေ ဖြစ်တယ်။ ဒါဝိဒ်မင်းမျိုးမှာ ပါဝင်တဲ့ ဇေရုဗ ဗေလ၊ ဇေရနဲ့ နေဟမိတို့ ခေါင်းဆောင်မှုအောက်မှာ ဗိမ္မာန်တော်ကို ကုရုမင်းလက်ထက် တည်ဆောက်ခဲ့သူတွေ ဖြစ် တယ်။ မာလခိ နဲ့ မဿဲကြားကာလ နှစ်ပေါင်း ၄၀၀ အတွင်း ဣသရေလဟာ ကမ္ဘာ့အင်အားကြီးနိုင်ငံတွေရဲ့အုပ်ချုပ်

မှုကို ခံရတယ်။ ပါးရှား၊ ဂရိ၊ အီဂျစ်၊ ဆီးရီးယားနဲ့ ရောမ ( Maccabeans တွေအုပ်ချုပ်တဲ့ကာလမှာတော့ ခဏတာ လွတ်လပ်ရေး ရရှိခဲ့တယ်။ ) ( Asmoneans, Hasmoneans )

မာလခိခေတ်နောက်ပိုင်း နှစ်ပေါင်း ၁၀၀ အကြာမှာ ( ၄၃၀ -၃၃၀ B.C) ယုဒပြည်ဟာ ပါးရှားပြည် တစိတ်တပိုင်း ဖြစ်သွားရပြီး၊ ဂျူးလူမျိုးတွေရဲ့အပြုအမူကို လက်ခံနိုင်တဲ့ တိုင်းပြည်အောက်မှာ ကျရောက်တာ ဖြစ်တယ်။ အဲဒီကာလ မှာ ဂရိယဉ်ကျေးမှုဟာ အနောက်နိုင်ငံများကြားထဲမှာ တဖြေးဖြေး ရေပန်းစားလာပြီး၊ အာရှ နဲ့ အာဖရိကရဲ့ဩဇာအာဏာကို စိန်ခေါ်လာတယ်။ ၃၃၆ B.C မှာ Alexander the Great ဟာ ဂရိစစ်တပ်ကြီးကို ဦးဆောင်ပြီး အီဂျစ်ပြည်၊ အာရှရိပြည်၊ ဗာဗုလုန်ပြည်နဲ့ ပါးရှားပြည် စတဲ့အရှေ့ဘက်ဒေသကို ရောက်လာတယ်။ ၃၃၁ B.C မှာ ဂရိက ကမ္ဘာ့ဒေသ အများ စုကို သိမ်းပိုက်လိုက်တယ်။ Alexander ဟာ ဂျူးလူမျိုးတွေအပေါ်မှာ နားလည်မှုရှိတယ်။ ယေရုရှလင်မြို့အတွက် စိတ် မကောင်းခဲ့သူ ဖြစ်တယ်။ မြောက်ပိုင်းအာဖရိကတိုက်ရဲ့Alexandrian မြို့မှာ ဂျူးလူမျိုးတွေကို ယေရုရှလင်အတွက် အကူအညီပေးခဲ့တယ်။ Alexander ဟာ ဂရိမြို့တွေနဲ့ ဂရိယဉ်ကျေးမှုကို သူ့နိုင်ငံတဝန်းမှာ မြှင့်တင်တယ်။ သူသေပြီး နောက် ၁၀ နှစ်အကြာ ( ၃၂၃ B.C) မှာ သူ့နိုင်ငံဟာ ဗိုလ်ချုပ် ၄ ယောက်က ခွဲဝေယူပြီး အုပ်ချုပ်ကြတယ်။ ဆီးရီးယား ကို Seluecus က အုပ်ချုပ်ရပြီး၊ အီဂျစ်ကို Ptolemyကရတယ်။ ဣသရေလနိုင်ငံဟာအဲဒီဗိုလ်ချုပ်ကြီး၂ ပါးရဲ့အင်ပါယာ ကြားမှာ ရှိပြီး ပထမတော့ ဆီးရီးယားရောက်တယ်။ နောက်မကြာခင်မှာပဲ အီဂျစ်ဘုရင်တွေ ဖြစ်တဲ့ ( Ptolemies ) တွေရဲ့လက်ထဲရောက်သွားတယ်။ သူတို့ဟာ ၁၉၈ B.C ထိ အဲဒီပြည်ကို အုပ်ချုပ်ကြတယ်။ ဒီကာလဟာ ဂျူးလူမျိုးတွေ အတွက် ငြိမ်သက်တဲ့ကာလ ဖြစ်တယ်။ အီဂျစ်ပြည်မှာ တရားစရပ်များစွာ တည်ဆောက်ပြီး Alexandria မြို့ဟာ ယုဒ ဘာသာဝင်တွေအတွက် အဓိကကျတဲ့ မြို့တာမြို့ဖြစ်လာတယ်။

၁၉၈ B.C မှာ ရှုရိရှင်ဘုရင် ( Selecucids )၊ Antiochus the Great ဘုရင်ဟာ  စစ်အောင်နိုင်ပြီး ဣသရေလပြည်ကို သိမ်းပိုက်တယ်။သူ့ကို ထီးနန်းဆက်ခံတဲ့ Antiochus Epiphanes ( ၁၇၅-၁၆၄ B.C ) ဟာ ဂျူးလူမျိုးတွေကို ရုတ်တရက် ဆန့်ကျင်ဖိနှိပ်ပြီး၊ သူတို့ ဘာသာတရားကိုလည်း ဖိနှိပ်တယ်။ ယေရုရှလင်မြို့ကို ဖျက်စီးပြီး ဗိမ္မာန်တော်ကို ညစ်ညူးစေ တယ်။ ယဇ်ပလ္လင်ပေါ်မှာဝက်ကိုပူဇော်ပြီးJupiter အတွက်ယဇ်ပလ္လင်ကိုတည်တယ်။ဗိမ္မာန်တော်မှာဝတ်ပြုကိုးကွယ်ခြင်း ကိုတားပြီး၊ ဣသရေလလူမျိုးကို ထောင်နဲ့ချီပြီး၊ ကျွန်အဖြစ် ရောင်းစားတယ်။ ကျမ်းစာ လက်ဝယ်ထားတဲ့သူ၊ အရေဖျား လှီးမင်္ဂလာ ပြုသူတွေကို သတ်ပစ်တယ်။ သူ့ရဲ့ကြမ်းတမ်းတဲ့ ရက်စက်မှုတွေကြောင့်၊ ဂျူးလူမျိုး Maccabean ပုန်ကန်မှု ကြီးဖြစ်လာတယ်။

သတ္တိရှိပြီး၊ မျိုးချစ်စိတ်ရှိတဲ့ယဇ်ပရောဟိတ်ဖြစ်တဲ့ Mattathias က သစ္စာရှိတဲ့ ဂျူးတွေကို စုစည်းလိုက်တယ်။ ( သူ့ရဲ့ သား သူရဲကောင်း ၅ ယောက်ပါဝင်တယ်။ ) Antiochus Epiphanes ရဲ့အုပ်ချုပ်မှုအာဏာကို ဆန့်ကျင်လိုက်တယ်။ သူနဲ့သူ့သား Jonathan ဟာ အံ့ဩဖွယ်ရာ စစ်ပွဲတွေကို တိုက်ခိုက်နိုင်ခဲ့ပြီး၊ ယေရုရှလင်မြို့ကို ၁၆၅ B.C မှာ ပြန်ရတယ်။ ဗိမ္မာန်တော်ကိုသန့်ရှင်းပြီးအနမောဒနာပွဲ ကျင်းပနိုင်ခဲ့တယ်။ Maccabean တွေ အုပ်ချုပ်တဲ့ကာလမှာ ယဇ်ပရောဟိတ် နဲ့ မြို့ပြအုပ်ချုပ်ရေးကို တွဲအုပ်ချုပ်ခဲ့တယ်။ ဒီလွတ်လပ်တဲ့ ယုဒပြည်မှာ Asmonean ယဇ်ပရောဟိတ် အုပ်ချုပ်သူတွေ ဟာ နှစ်ပေါင်း ၁၀၀ လောက် အုပ်ချုပ်ခဲ့ကြတယ်။

၆၃ B.C မှာ Pompeii လက်ထက် ရောမတွေရဲ့တိုက်ခိုက်သိမ်းပိုက်ခြင်းကို ခံရတယ်။ ရောမဧကရာဇ် Julius Caesar က ယုဒပြည်ကို အုပ်ချုပ်ဖို့ ဒေုံအမျိုးအနွယ် Idumean  ( Edomite ) Antipater ကို ခန့်အပ်လိုက်တယ်။ သူ့သား Herod the Great မင်းဟာ ဗိမ္မာန်တော်ကို ဆောက်လုပ်ပေးတဲ့အတွက် ဂျူးလူမျိုးတွေရဲ့နှစ်သက်ခြင်းကို ခံရတယ်။ ဗိမ္မာန်တော်ကလည်း ခန်းနားတယ်။ ဒါပေမယ့် သူဟာ ရက်စက်ကြမ်းကြုတ်သူ တယောက်ဖြစ်ပြီး၊ သခင်ယေရှု ဖွားမြင်တဲ့အချိန်ကာလမှာ ဗက်လင်မြို့ရှိ ကလေးတွေကို သတ်ပစ်ခဲ့သူဖြစ်တယ်။

န ိုင်ငံရေး မတည်ငြိမ်မှုတွေဖြစ်နေတဲ့ ကာလအတွင်းမှာ ဣသရေလနိုင်ငံဟာ ဘုရားသခင်ကို ယုံကြည်ခြင်း ဆက်ရှိနေ တယ်။ ကျွန်ခံရာကာလ အတွေ့အကြုံတွေက ရုပ်ထုကိုးကွယ်မှုနဲ့ အစွန်းအထင်း ဖြစ်စေခဲ့တယ်။ ဒါပေမယ့် ဗိမ္မာန်တော် မရှိတဲ့အခါသူတို့ရဲ့ ဝိညာဉ်ရေးရာ အဆင့်အတန်းကို ဆက်ထိန်းနိုင်ဖို့ကိုယ်ကျင့်တရား အဆင့်အတန်းကို ဆက်ထိန်းနိုင် ဖို့ အခက်အခဲ ရှိတယ်။ Synagogues တွေက ဆုတောင်းဖို့၊ စုဝေးဖို့ဖြစ်တယ်။ ဥပုဒ်နေ့တိုင်းမှာ ကျမ်းစာကို ဖတ်ရွတ် ကြရတယ်။ ဒီကာလအတွင်းမှာ ဓလေ့ထုံးစံတွေ၊ အနက်ဖွင့်မှုတွေ အများကြီးရှိလာတဲ့အတွက် Talmud ကျမ်းအဖြစ် စုစည်းလိုက်ရတယ်။ ဒီဓလေ့ထုံးစံတွေနဲ့ အနက်ဖွင့်မှုတွေဟာ ကျမ်းစာကို ဂျူးလူမျိုးတွေရဲ့ရှုမြင်သုံးသပ်ပုံအဖြစ် စုစည်း ထားတဲ့ကျမ်းဖြစ်တယ်။

ဒီကာလမှာ ဘာသာရေးအုပ်စု ၂ ခုပေါ်လာတယ်။ ဖာရိရှဲ နဲ့ ဇဒ္ဒုကဲဖြစ်တယ်။ the Pharisees and the Sadducees. တတိယအုပ်စုကတော့ Herodians ဟေရုဒ် နောက်လိုက်တွေ ဖြစ်တယ်။ ဒီကာလမှာပဲ စတင်ပေါ်ပေါက်ပြီး၊ နိုင်ငံရေး အုပ်စု ဖြစ်တယ်။ ယဇ်ပရောဟိတ်တွေ၊ ကျမ်းတတ်တွေက ကျွန်ခံရာမှ လွတ်မြောက်ပြီးနောက်ပိုင်း အုပ်ချုပ်လာတယ်။ အစမှာတော့ ဖာရိရှဲတွေနဲ့ ဇဒ္ဒုကဲတွေဟာ ဆင်တူကြတယ်။ ဒါပေမယ့် နှစ်ကာလကြာလာတဲ့အခါ၊ Macabbean ကာလ အရောက်မှာတော့၊ လုံးဝ မတူတော့တဲ့ အုပ်စု ၂ ခု ဖြစ်သွားတယ်။ ဖာရိရှဲတွေက ကျမ်းတတ်အဖြစ်မှ ဆင်းသက်တယ်။ ဇဒ္ဒုကဲတွေက ယဇ်ပရောဟိတ်ဘဝက လာကြတယ်။ဖာရိရှဲတွေက ပညတ်တရားကိုတင်းတင်းကြပ်ကြပ် လိုက်နာဖို့ပြော ပြီး၊ ဇဒ္ဒုကဲတွေကတော့ သူတို့ရဲ့လူမှုရေး ရာထူးတွေကြောင့် လူသိများရတယ်။ ဖရိရှဲတွေက လူတွေအပေါ်မှာ ပိုသြဇာ အာဏာကြီးပြီး၊ ဘုရားဝတ်ပြုကိုးကွယ်၊ ဆုတောင်းခြင်း၊ ယဇ်ပူဇော်ခြင်းတွေအပေါ်မှာ ဦးဆောင် ကွပ်ကဲလာကြတယ်။ သူတို့ဟာ လူအုပ်စု တစုအဖြစ် ရပ်တည်တယ်။ ဇဒ္ဒုကဲတွေကတော့ သူတို့နဲ့မတူဘဲ၊ ကျမ်းစာကိုသာ လက်ခံတယ်။ တခြား ဓလေ့ထုံးစံ အားလုံးကို ငြင်းပယ်တယ်။ ကျမ်းတတ်တွေရဲ့အနက်ပြန်တာကိုလည်းလက်မခံတဲ့ ယဇ်ပရောဟိတ် တွေ ဖြစ်တယ်။ သူတို့က ဥပဒေရေးရာကိစ္စတွေမှာ တင်းတင်းကြပ်ကြပ် ကိုင်တွယ်တယ်။ အနက်ပြန်ခွင့်ကို ကိုယ့်ဟာ ကိုယ် ကိုင်ဆွဲနေတဲ့ ဖာရိရှဲတွေရဲ့လုပ်ထုံးလုပ်နည်းကို လက်မခံဘူး။ သေတဲ့သူတွေ ရှင်ပြန်ထမြောက်တဲ့ကိစ္စကိုလည်း မယုံကြည်ကြဘူး။

## THE LESSON

### I. **AN INTRODUCTION TO THE NEW TESTAMENT**ဓမ္မသစ်ကျမ်းအတွက် နိဒါန်း

A.ဓမ္မသစ်ကျမ်းဟာ ၂၇ ကျမ်းပါဝင်ပြီး အခန်းကြီး ၁ မှသည် အခန်းကြီး၂၈ အတွင်း ကျမ်းစာ အတိုအရှည် မျိုးစုံပါဝင်တယ်။ ခရစ်တော် မြေကြီးပေါ်မှာ ရှိစဉ်နဲ့ ကောင်းကင်တက်ကြွပြီးနောက်ပိုင်း ရေးသားတယ်။.

1. ခရစ်ဝင်ကျမ်း၄ ကျမ်းမဿဲ၊မာကု၊လုကာ၊ယောဟန်ကခရစ်တော်ရဲ့မြေကြီးပေါ်ရှိအသက်တာကိုပြောတယ်။
2. တမန်တော်ဝတ္ထု- ကနဦးအသင်းတော်ရဲ့သမိုင်းကို ပြောတယ်။
3. သြဝါဒစာ ၂၁ စောင် (ရောမ မှ ယုဒအထိ ) ကနဦးအသင်းတော်ကို ရေးတယ်။.
4. ဗျာဒိတ်ကျမ်းဟာ ပရောဖက်ကျမ်းဖြစ်ပြီး၊ အနာဂတ်မှာဖြစ်ပျက်မယ့်အကြောင်းတွေကို ပြောတယ်။.

B.ဓမ္မသစ်ကျမ်းထဲရှိ အဖြစ်အပျက်များဟာ မာလခိခေတ်နောက်ပိုင်း နှစ်ပေါင်း ၄၀၀ အကြာမှာ ဖြစ်တယ်။ ခရစ်တော်ကောင်းကင်ပေါ်တက်ကြွပြီး၊ အနှစ် ၃၀ လောက်မှာ ရေးတယ်။ (45 to 95 A.D.).

C.ဓမ္မသစ်ကျမ်းကို ဝိညာဉ်တော် အသုံးပြုခြင်းအားဖြင့် ရေးသူ ၉ ယောက် ရှိတယ်။ ရှင်ပေါလုက ၁၃ အုပ်၊ ယောဟန် ၅ အုပ်၊ လုကာ နဲ့ ပေတရုက ၂ အုပ်စီ၊ မဿဲ၊ မာကု၊ ယာကုပ်၊ ယုဒနဲ့ ဟေဗြဲဩဝါဒစာ ရေးသူတွေက တအုပ်စီရေးခဲ့ က တယ်။ စာရေးသူတိုင်းဟာ ကိုယ်ပိုင်ဟန်နဲ့ ရေးသားတင်ဆက်ပြီး၊ ရေးသားရတဲ့ အကြောင်းကတော့ တခုတည်းပဲ ဖြစ်ကာ၊ ဘုရားသခင်ရဲ့သားတော် သခင်ယေရှုခရစ်၊ လောကရဲ့ကယ်တင်ရှင်အကြောင်း ဖြစ်တယ်။.

D.ဓမ္မသစ်ကျမ်းကို ဂရိဘာသာနဲ့ရေးတယ်။ ( အချို့ကို **Armaic** ဘာသာနဲ့ရေးတယ်။**).**

E.**The canon of the New Testament. -**ဓမ္မသစ်ကျမ်းရဲ့ကျမ်းစာတွဲ

မတူတဲ့လူ၊ မတူတဲ့ဒေသ၊ မတူတဲ့အချိန်မှာ ရေးသားပေမယ့် ဓမ္မသစ်ကျမ်းစာတွေဟာ cannon ကျမ်းစာထဲမှာ တစု တဝေး ပေါင်းစည်းထားလိုက်တယ်။ ကနဦးအသင်းတော်က သူ့ကို သန့်ရှင်း သော ဝိညာဉ်တော် မှုတ်သွင်းတဲ့ ဘုရားနှုတ်ကပတ်အဖြစ် လက်ခံတယ်။ ဘုရားက ဖွင့်ပြတယ်။ လူက တုန့်ပြန်တယ်။ သန့်ရှင်းသောဝိညာဉ်တော်က ဦးဆောင်ပြီး၊ ကျမ်းစာကို ရေးတာဖြစ်တယ်။(1 John 1:3; 2 Peter 1:21;2 Timothy 3:16). ဝိညာဉ်တော်မှုတ်သွင်းတဲ့ ကျမ်းစာဟာ အဲဒီအဖြစ်အပျက်တွေ ဖြစ်တဲ့အချိန်အတောအတွင်းမှာ အမြဲတမ်း ရေးသားခဲ့ကြတာတော့ မဟုတ်ဘူး။ ကမ္ဘာဦး ကျမ်းဆိုရင် အလွတ် ကျက်မှတ်ခြင်းအားဖြင့်၊ မောရှေအားဖြင့် မှတ်တမ်းတင်ခဲ့တာ ဖြစ်တယ်။ မြေကြီးပေါ်မှာ သခင်ယေရှုခရစ် ကြွလာချိန်နဲ့ တမန်တော်တွေရဲ့အတွေ့အကြုံတွေဟာ ကနဦးအသင်းတော်ရဲ့အစပိုင်း နေ့ရက်တွေမှသာ၊ ရေးသား မှတ်တမ်းတင်တာ ဖြစ်တယ်။.

F.ဓမ္မသစ်ကျမ်းဟာ သမိုင်းအရ ၃ ပိုင်းခွဲနိုင်တယ်:

1.ခရစ်တော်ရဲ့အသက်တာ ( ၄ B.C မှ ၃၃ A.D အထိ ) ကို ခရစ်ဝင်ကျမ်းများမှာ မှတ်တမ်း တင်တယ်။

2.အသင်းတော်ပေါ်ပေါက်ပြီး ကြီးထွားလာခြင်း (၃၃ - ၆၂ A.D) တမန်တော်ဝတ္ထု၊ ရောမ၊ ၁ကော၊ ၂ကော၊ ဂလာတိ၊ ဧဖက်၊ ဖိလိပ္ပိ၊ ကောလောသဲ၊ ၁ သက်၊ ၂ သက်၊ ဖိလေမုန် နဲ့ ယာကုပ်တို့မှာ မှတ်တမ်းတင်တယ်။ အသင်းတော် စုစည်းပြီး ခွန်အားပြည့်ဝချိန်၊ (၆၂-၉၅ A.D) ၁တိ၊ ၂တိ၊ တိတု၊ ဟေဗြဲ၊ ၁ပေ၊ ၂ပေ၊ ၁၊၂ယော၊ ၃ယော၊ ယုဒ နဲ့ ဗျာဒိတ်ကျမ်းတို့မှာ တွေ့ရမယ်။

G.ဓမ္မသစ်ကျမ်းဟာ ပဋိညာဉ်တရားသစ် ဖြစ်တယ်။ (Luke 22:20) မောရှေရဲ့ပညတ်တရားကို အစားထိုး ဝင်ရောက်လာတာဖြစ်တယ်။ ပဋိညာဉ်တရားဟာ တဖက်က စီစဉ်ရပြီး၊ အခြားတဖက်က လက်ခံ ဒါမှမဟုတ် ငြင်းပယ်ရတာ ဖြစ် တယ်။ ဓမ္မဟောင်းကျမ်းဟာအဓိကအားဖြင့် ဣသရေလလူမျိုးတွေကိုမောရှေရဲ့ပဋိညာဉ်တရားအောက်မှာ ဘုရားသခင် ရဲ့ဆောင်ရွက်ပုံ၊ ဆက်ဆံပုံ၊ ဖြစ်တယ်။ ဘုရားသခင်ရဲ့သန့်ရှင်းခြင်းနဲ့ ရွေးနှုတ်တဲ့ ကယ်တင်ရှင်ကြွလာမယ့်အကြောင်း ကို ဂတိပေးတာဖြစ်တယ်။ ဓမ္မသစ်ကျမ်းကတော့ ပဋိညာဉ်တရားသစ် ( ကျေးဇူးတော် ) ရဲ့အောက်မှာ ဘုရားသခင်ရဲ့သားတော်အားဖြင့် ဖြောင့်မတ်ခြင်းတရားကို ဖွင့်ပြပြီး၊ အသင်းတော်၊ သူ့လူတွေ အပေါ်မှာ ဘုရားသခင်ရဲ့ဆက်ဆံပုံ ဖြစ်တယ်။ ပရောဖက်တွေ ဟောပြောတဲ့အတိုင်း အချိန် ကျလာတဲ့အခါ၊ (Daniel 9:25) ခရစ်တော် ကြွလာတယ်။ ပဋိညာဉ်တရားသစ်ကို တည်ပြီးစတင် အကျုံးဝင်လာတယ်။ ဓမ္မဟောင်းကျမ်းရဲ့ပဋိညာဉ်တရားတွေဟာ အာဗြဟံနဲ့၊ မောရှေအားဖြင့် ဣသရေလလူမျိုးကို ပေးပြီး၊ ယဇ်ပူဇော်ခြင်း၊ အရေဖျားလှီးခြင်းနဲ့ ပွဲနေ့တွေအားဖြင့် လက်တွေ့ ကျင့် သုံးကြရတယ်။ ဓမ္မသစ်ကျမ်း (သို့) ကယ်တင်းခြင်းရဲ့ပဋိညာဉ်တရားသစ်ဟာ ကျေးဇူးတော်အားဖြင့်ဖြစ်ပြီး၊ ခရစ်တော်ရဲ့အသွေးတော်အားဖြင့် လက်တွေ့ အသုံးဝင်စေတယ်။ " အချိန်ကာလ စေ့သောအခါ၊

ငါတို့သည် သား၏ အခွင့်အရာကို ခံရမည့်အကြောင်း၊ ပညတ်တရားလက်၌ရှိသော ငါတို့ကို ရွေးနှုတ်စေခြင်းငှါ၊ မိန်းမဝမ်း၌ ပဋိသန္ဓေယူ၍ ပညတ်တရား အောက်၌ ဘွားမြင်ရသော သားတော်ကို ဘုရားသခင်သည် စေလွှတ်တော်မူ၏။" (Galatians 4:4,5) ဒါဟာ ဓမ္မသစ် ကျမ်း (သို့) ပဋိညာဉ်တရားသစ်ကို ကြေငြာလိုက်ခြင်းဖြစ်ပါတယ်။

H.ဓမ္မသစ်ကျမ်းရဲ့အဓိကတရားဖြစ်တဲ့ ကယ်တင်ခြင်းဟာ ကယ်တင်ခြင်းကို ပေးနိုင်တဲ့ သခင်ယေရှု ခရစ်တော်ဆိုတဲ့ ပုဂ္ဂိုလ်ပေါ်မှာ မူတည်နေတယ်။ (Matthew 26:28) ကယ်တင်ခြင်းကို လက်ခံတဲ့လူဖြစ်တဲ့ (အသင်းတော်) အပေါ်မှာလည်း တည်တယ်။ ခရစ်ဝင်ကျမ်းတွေက ကယ်တင် ရှင်အကြောင်း မိတ်ဆက်ပေးတယ်။ တမန်တော်ဝတ္ထုက အဲဒီကယ်တင်ခြင်းတရားကို ဘယ်လို ဖြန့်ကြပ်သလဲဆိုတာ ပြောတယ်။ ဩဝါဒစာတွေကတော့ ဒီကယ်တင်ခြင်းကို ဘယ် လို အသက်ရှင် ကောင်းကြီးယူမလဲ ဆိုတာ ပြောတယ်။ ဗျာဒိတ်ကျမ်းကတော့ ကယ်တင်ခြင်းရဲ့ဇတ်ပေါင်းခန်း အထွဋ်အထိပ်ကို ကြိုတင် ဟောပြောတယ်။

I. **Things to Think About:** ဆင်ခြင်စရာများ

1. သခင်ယေရှုခရစ်တော်ဟာ ကျမ်းစာတအုပ်လုံးရဲ့အဓိကပင်မ ဖြစ်တယ်။ သင့်အသက်တာမှာ သခင်ယေရှုက ဘယ်လိုလုပ်ဆောင်သလဲ။ သူ့ကို ကယ်တင်ရှင်အဖြစ်နဲ့ လက်ခံပြီးပြီလား။ သင့်အသက်တာရဲ့ပင်မဟာ သခင်ယေရှုဖြစ်ပြီလား။
2. ကျမ်းစာကို ဘုရားသခင်က လူအမျိုးမျိုး၊ အချိန်အမျိုး၊ ဒေသအမျိုးမျိုးကြားမှာ ရေသားခဲ့တယ်။ တရားစကား ကိုလည်း ဖြန့်ကျက်ဖို့အတွက် လူအမျိုးမျိုးအသုံးပြုနေဆဲဖြစ်တယ်။ ဘုရား သခင်က သင့်ကို အသုံးပြုပြီလား။

II.**AN INTRODUCTION TO THE GOSPELS:** ခရစ်ဝင်ကျမ်းများအတွက် နိဒါန်း **MATTHEW, MARK, LUKE AND JOHN**

A.ခရစ်ဝင်ကျမ်း ၄ ကျမ်းဟာ ခရစ်တော်ရဲ့မြေကြီးပေါ်က အသက်တာကို မတူတဲ့ ရှုထောင့်တွေမှ ပြောပြတယ်။

*1.* မဿဲက ခရစ်တော်ဟာ ဣသရေလအမျိုးအတွက် ရှင်ဘုရင်ဖြစ်ကြောင်း Christ the King ကို ပြောတယ်။

*2.* မာကုက ရောမအင်ပါယာကို Christ the Servant အစေခံကျွန် ခရစ်တော်လို့ ပြောတယ်။

*3.* လုကာက ဂရိအသိုင်းအဝိုင်းကို ခရစ်တော်ရဲ့နှိမ့်ချမှုအကြောင်း Christ the Man လူသားဖြစ်သော ခရစ်တော်လို့ ပြောတယ်။

*4.* ယောဟန်က ယုံကြည်သူတွေကို Christ the Son of God ခရစ်တော်ဟာ ဘုရားသခင်ရဲ့သားတော်လို့ ပြောတယ်။

B.People encountered in the Gospels: ခရစ်ဝင်ကျမ်းများမှာ ပါဝင်တဲ့လူများ

1. ခရစ်တော်ဖွားမြင်ချိန် - ဇေလိရှဗက်၊ ဇာခရိ၊ မာရိ၊ ယောသပ်၊ သခင်ယေရှု၊ သိုးထိန်းများ၊ ဟေရုဒ်၊ ပညာရှိများ၊ ရှိမုန်၊ အန္န (Matthew 1, 2; Luke 1, 2)
2. ခရစ်တော် အမှုတော်ဆောင်ချိန်အစပိုင်း - နှစ်ခြင်းဆရာ ယောဟန်၊ ဖရိရှဲ၊ ဇဒ္ဒုကဲ၊ နိကောဒင်၊ ရှမာရိအမျိုးသမီး၊ (Matthew 3; Luke 3, Mark 1, John 1-4)၊ နူနာစွဲသူတယောက်၊ တပ်မှူး၊ ပေတရုရဲ့ယောက္ခမ

3. တပည့်တော်များ - ရှိမုန်ပေတရု၊ အန္ဒြေ၊ ယာကုပ်၊ ယောဟန်၊ ဖိလိပ္ပု၊ ဗာသောလမဲ (နာသနေလ)၊ သောမ၊ မဿဲ၊ ယာကုပ် (အာလဖဲရဲ့သား)၊ သဒ္ဒဲ၊ ရှိမုန် (ဇေလုတ်)၊ ယုဒ (Matthew 4-10; Mark 1:16-10; Luke 4-10; John 4-7)

4. တပည့်တော် ၇၀- ယောဟန်နဲ့ ယာကုပ်ရဲ့အမေ၊ လူကန်းနှစ်ယောက်၊ ဖာရိရှဲများ၊ မာသ၊ မာရိ၊ တရားစရပ်မှူး၊ အခွန်ခံများ၊ လူနူ ၁၀ ယောက်၊ ဇက္ခဲ (Matthew 20; Mark 10; Luke 10-19; John 11,12)

C. **Places to know:** နေရာများ

1. ပြည်နယ်များ- ဂါလိလဲ၊ ယုဒ၊ ရှမာရိ၊ ပေရိ

2. မြို့များ- ဂါလိလဲမှနာဇရက်၊ ကပေရနောင်၊ ဗေဇေ ယုဒပြည်မှာဗက်လင်၊ ရှမာရိပြည်မှာ ရှုခါ။

D. ခရစ်ဝင်ကျမ်းဟာ သခင်ယေရှုခရစ်တော် ဘုရားသခင်ရဲ့သားတော်ဖြစ်ကြောင်း မှတ်တမ်း တင်တယ်။ ခရစ်တော်လက်ထက်က မျက်မြင်သက်သေတွေအားဖြင့် ရေးသားတယ်။ (Luke 1:1-4) ခရစ်တော်ကို ဘုရားသခင်ရဲ့သားတော်အဖြစ်အသိအမှတ်ပြုခဲ့ကြတယ်။(Mark 1:1)ခရစ်ဝင်ကျမ်းတွေအရေးပါရခြင်းဟာဒီကျမ်းတွေက ကယ်တင် ခြင်းတရားနဲ့ ခရစ်ယာန်အသက် တာကို ရှင်းရှင်းလင်းလင်း ဖော်ပြလို့ ဖြစ်တယ်။

E. **Their purpose is:** ခရစ်ဝင်ကျမ်းများကို ရေးသားရခြင်းရဲ့ရည်ရွယ်ချက်က

1. မယုံကြည်သူများအပြစ်ကို သိမြင်ဝန်ခံပြီး ကယ်တင်ခြင်းရဖို့ ခရစ်တော်ကို ကယ်တင်ရှင်အဖြစ် ဖော်ပြတယ်။

2. ခရစ်တော်အကြောင်း နားလည်လွဲမှားကာ မေးနေတဲ့ မေးခွန်းတွေကိုဖြေဖို့

3. ခရစ်တော်အကြောင်းနဲ့ တန်ခိုးတော်ကို ပြည့်ပြည့်ဝဝ နားလည်ပြီး၊ ယုံကြည်ခြင်းကို တည်ဆောက်နိုင်ဖို့ မဿဲ၊ မာကုနဲ့လုကာကို Synoptic ခရစ်ဝင်ကျမ်းများလို့ ခေါ်တယ်။ ပါဝင်တဲ့အကြောင်းအရာ တူလို့ ဖြစ်တယ်။ ယောဟန်ကတော့ ခရစ်တော်လူ့ဇာတိခံယူခြင်းကို သက်သေပြပြီး၊ လူသားတွေရဲ့အပြစ်အတွက် အသေခံတယ် ဆိုတာကို ပြော တယ်။ Synoptic Gospels ထဲမှာပါတဲ့ နိမိတ် လက္ခဏာတွေထဲမှာ ၂ခုသာလျှင် ယောဟန်ထဲမှာပါတယ်။ လူအုပ်ကြီး ကိုကျွေးမွေးခြင်း နဲ့ ရေပေါ်မှာလမ်းလျှောက်ခြင်းအကြောင်း ဖြစ်တယ်။ခရစ်တော်ဟာ မြေကြီး ပေါ်မှာ ၃၃ နှစ် အသက် ရှင်ခဲ့တယ်။ ဒါပေမယ့် သူ့ရဲ့အမှုတော်ဆောင်ချိန်နဲ့ပတ်သက်ပြီး၊ လပေါင်းအနည်း ငယ်ခန့် လောက်သာ ခရစ်ဝင်ကျမ်း များထဲမှာ ဖော်ပြထားတာတွေ့ရတယ်။

III. **A SYNOPSIS OF EACH OF THE FOUR GOSPELS -** ခရစ်ဝင်ကျမ်း ၄ ကျမ်းရဲ့ဆင်တူမှုများ

A. **The book of Matthew.** ရှင်မဿဲခရစ်ဝင်ကျမ်း

**1.** Themes အဓိကအချက်။ ခရစ်တော်ကို ဘုရင်ဖြစ်ကြောင်း၊ မေရှိယဖြစ်ကြောင်း၊ လောကရဲ့ကယ်တင်ရှင် ဖြစ် ကြောင်း၊ ပြောတယ်။ တပည့်တော် ရှိမုန်ပေတရုက "ကိုယ်တော်ဟာ ခရစ်တော်တည်းဟူသော အသက်ရှင် တော်မူသော ဘုရားသခင်၏သားတော်" လို့ ဆိုတယ်။ (Matthew 16:16) ပိလတ်မင်းက ကားတိုင်မှာ စာချက်ထိုးတဲ့အခါ "ဂျူးလူမျိုးတို့၏ဘုရင် သခင်ယေရှု" လို့ ရေးတယ်။ ((Matthew 27:37) သခင်ယေရှု ကိုယ်တိုင်ကတော့ "ကောင်းကင် ပေါ်၊ မြေကြီးပေါ်၌ ရှိသမျှသော တန်ခိုးကို ငါခံရပြီ" လို့ ဆိုတယ်။ (Matthew 28:18)

2. ရေးသူ- ကပေရနောင်မြို့ရှိ ရောမအစိုးရဝန်ထမ်း အခွန်ခံမဿဲက ရေးတယ်။ သူ့ကို လူတွေက အထင်သေး တယ်။ ဒါပေမယ့် ဘုရားသခင်က အသုံးပြုပြီး ကျမ်းစာရေးခိုင်းတယ်။

3. ရှင်မဿဲခရစ်ဝင်ကျမ်းဟာ ဓမ္မဟောင်းနဲ့ ဓမ္မသစ်ကြားမှာ logical bridge အတွေးအခေါ် ဆက်စပ်တဲ့ တံတား တခု ဖြစ်တယ်။ဒီကျမ်းဟာဂျူးလူမျိုးတွေရဲ့အတွေးနဲ့အထင်အမြင်ကို ဆက်လက် ဖွံ့ဖြိုးစေတယ်။ အစပိုင်း ဆွေစဉ် မျိုးဆက် စာရင်းဟာ ယုဒအမျိုးရဲ့အဖ အာဗြဟံမှသည် ခရစ်တော် ဖွားမြင်လာသည်အထိ ဒါဝိဒ်ရဲ့မင်းမျိုးနဲ့လည်း ဆက်စပ်ပြီး ဖော်ပြတယ်။ ဓမ္မဟောင်းထဲက ကျမ်းချက်တွေကို ကိုးကားလေ့ရှိပြီး၊ မေရှိယနဲ့ သက်ဆိုင်တဲ့ ကျမ်းချက်တွေဟာ သခင် ယေရှုနဲ့ ကိုက်ညီကြောင်း ပြောတယ်။ ဘုရားသခင်ရဲ့ရွေးနှုတ်ခြင်းအစီအစဉ်ဟာ တိတ်ဆိတ် ရာကာလ နှစ်ပေါင်း ၄၀၀ နောက်မှာ တကယ်လက်တွေ့ ဖြစ်လာခဲ့တယ်။ မဿဲက ခရစ်တော်ရဲ့တရားဟောချက်၊ အခွင့်အာဏာ၊ သွန်သင်ချက်၊ ဓမ္မပညာခံယူချက်တို့ကို ဖော်ပြသွားတယ်။

4. ရှင်မဿဲခရစ်ဝင်ကျမ်းရဲ့အစီအစဉ်နဲ့ outline

a. သခင်ယေရှုဟာ ဂျူးလူမျိုးတွေအတွက် မေရှိယ၊ ရှင်ဘုရင်အဖြစ် ထင်ရှားတယ်။ (မဿဲ ၁။ ၁၂) တုန့်ပြန်ပုံ နှစ်မျိုးရှိတယ်။ လက်ခံခြင်းနဲ့ ငြင်းပယ်ခြင်းဖြစ်တယ်။ ဂျူးတွေက မေရှိယ ရှင်ဘုရင်ကို မျှော်လင့်ခဲ့တယ်။ မဿဲက ခရစ်တော်ရဲ့စကား၊ အပြုအမူနဲ့ ဓမ္မဟောင်းကျမ်း အကိုးအကားတွေကို ထောက်ပြီး ရှင်ဘုရင် ဖြစ် ကြောင်း ပြတယ်။တချို့ယုံကြည်ကြတယ်။ ဒါပေမယ့် ဖာရိရှဲတွေက (တိုင်းပြည်ရဲ့ခေါင်းဆောင်တွေဖြစ် တဲ့ အတွက်) ငြင်းပယ်ကြပြီး၊ ခရစ်တော်ရဲ့တန်ခိုးဟာ ဗေလဇေဗုလ နတ်ဆိုးမင်းအားဖြင့် ဖြစ်တယ်လို့ဆိုတယ်။ (Matthew 12:24) ဒီအချိန်မှာ သခင်ယေရှုရဲ့အမှုတော်ဆောင်တဲ့ သဘာဝလည်း ပြောင်းလဲလိုက်တယ်။

b. သခင်ယေရှုဟာ နောက်လိုက်များကို သူနဲ့သူ့ရဲ့အစီအစဉ်ကို ပြောပြတယ်။ (Matthew chapters 12-28) ဂျူးလူမျိုးတွေရဲ့ငြင်းပယ်ခြင်းကို ခံရတဲ့အခါမှာ သခင်ယေရှုဟာ သူ့ကို ယုံကြည်သူ၊ နောက်တော်သို့ လိုက်သူတွေဘက်ကို လှည့်ခဲ့တယ်။ သူ့ရဲ့ကားတိုင်မှာ အသေခံခြင်း၊ ရှင်ပြန်ထမြောက်ခြင်း၊ ဘုန်းအသရေတော်နဲ့ ပြန်ကြွခြင်းတွေကို တပည့်တော်တွေရှေ့မှာ ပြောပြခဲ့တယ်။

5. သခင်ယေရှုခရစ်ဟာ ပရောဖက်တွေ ဟောပြောချက်ရဲ့အထွဋ်အထိပ် အကြောင်းအရာဖြစ်ပြီး၊ ကောင်းကင်နိုင်ငံတော်နဲ့ ဘုရားသခင်နိုင်ငံတော်ရဲ့ဘုရင်ဖြစ်တယ်။ သူ့ကို ကောင်းကင်ဘုံရဲ့ရှင်ဘုရင်အဖြစ် ၃၂ ကြိမ် ဆိုထားတယ်။

a. ဘုရားသခင်ရဲ့နိုင်ငံတော်ဟာ ဧဒင်မှာ ပထမဦးဆုံးအကြိမ် တွေ့ရတယ်။

b. ဘုရားသခင်ရဲ့နိုင်ငံတော်ဟာ တိနာတောင်မှာ အစ္စရေးတွေကိုထပ်မံ ဖော်ပြတယ်။ (theocracy)

c. ဒါဝိဒ်ရဲ့နိုင်ငံတော် (ထာဝရနိုင်ငံတော်) ဟာ ပရောဖက်တွေအားဖြင့် ကြော်ငြာတယ်။

d. ဘုရားသခင်ရဲ့နိုင်ငံတော်ဟာ သခင်ယေရှုကြွလာချိန်မှာ ဂျူးလူမျိုးတွေကို ထပ်မံကြေငြာတယ်။ ဒါပေမယ့် သူတို့က ငြင်းပယ်တယ်။ သခင်ယေရှုဟာ မွေးကတည်းက ဘုရင်အဖြစ်မွေးလာတယ်။ (Matthew 2:1-6; Luke 1:32,33) နှစ်ခြင်းဆရာယောဟန်က ကောင်းကင်နိုင်ငံတော် တည်လုနီးတဲ့ အကြောင်းဟောတယ်။ (Matthew. 3:2; 4:17; 12:28; Luke 10:9; 17:20-21) သခင်ယေရှုကို ဘုရင်လို့ ခေါ်တယ်။ ဒါပေမယ့် ဘုရင်အဖြစ် လက်မခံကြဘူး။ (Matthew 21:1-11; Mark 11:7-10; Luke 19:11-14; John 18:37; 19:15,19-22)

e. ဘုရားသခင်ရဲ့နိုင်ငံတော်ဟာ လူတွေရဲ့စိတ်နှလုံးထဲမှာ ဖွက်ထားတယ်။ (Luke 8:9-10; Matthew 13:10-11)

f. ဘုန်းအသရေနိုင်ငံတော်ဟာ အနှစ် ၁,၀၀၀ ကာလ millennium မှ အထွဋ်အထိပ်ရောက်ပြီး ခရစ်တော်က တကမ္ဘာလုံးကို အုပ်စိုးတယ်။ (Revelation 20:1-15)

g. ကောင်းကင်ဘုံရဲ့ထာဝရနိုင်ငံတော်ဟာ နောက်ဆုံးသော တရားစီရင်ခြင်းအပြီးမှာ တည်လိမ့်မယ်။ ခရစ်တော်ဟာ ဂျူးတွေထံကြွလာပေမယ့် သူ့ရဲ့ဆွေစဉ်မျိုးဆက်စာရင်းအရ တပါးအမျိုးသားတွေ နဲ့လည်း ထိတွေ့မှုရှိတာ တွေ့ရတယ်။ သူဖွားမြင်တဲ့အခါမှာသူ့ကိုဝတ်ပြုကြတယ်။သူ့နောက်လိုက်တပည့်တော်တွေထဲမှာ တပါးအမျိုးသားတွေပါတယ်။ (Matthew 13:38; 28:19; 8:11,12; 21:33-43)

**6.** ဆင်ခြင်စရာများ

သခင်ယေရှုဟာ ဘုရင်တကာတို့ရဲ့ဘုရင်ဖြစ်တယ်။ သူဘုရင်ဖြစ်တာကို သင်ဘယ်လို သတိပြုမိသလဲ။ ခရစ်တော် ရှင်ဘုရင်ဖြစ်ကြောင်း သတိပြုမိတဲ့အတွက် သင်ဘာလုပ်သလဲ။ ဘုရားသခင်ရဲ့နိုင်ငံတော်ဟာ သင့်စိတ်နှလုံးထဲမှာ တည်သလား။ သင့်ရဲ့အသက်တာမှာ ခရစ်တော်အုပ်စိုးခွင့် ပေးရဲ့လား။ ဒါကို ပြသဖို့အတွက် သင်ဘာလုပ်သလဲ။

B.**The Book of Mark.** ရှင်မာကုခရစ်ဝင်ကျမ်း

1. Theme အဓိကအချက်- The Servant အစေခံကျွန်

ခရစ်တော်ဟာ အစေခံရန်နဲ့ ဆက်ကပ်ပူဇော်ရန် ကြွလာခဲ့တယ်။ "သင်တို့တွင် အကဲအမှူး ပြုလိုသော သူသည်၊ သင်တို့ အစေခံဖြစ်ရမည်။ သင်တို့တွင် အထွဋ်အမြတ်လုပ်ချင်သောသူသည်လည်း အလုံးစုံတို့၏ စေခိုင်းရာ ကျွန် ဖြစ်လိမ့်မည်။ အကြောင်းမူကား၊ လူသားသည် သူတပါးကို စေစားခြင်းငှါမလာ။သူတပါးအစေခံခြင်းငှါ၎င်း၊ မိမိအသက်ကိုစွန့်၍ လူများ ကိုရွေးခြင်းငှါ၎င်း၊ကြွလာသတည်း။"(Mark 10:43-45) သခင်ယေရှုက တပည့်တော်တွေကို အစေခံတတ်ဖို့၊ ဆက်ကပ် တတ်ဖို့ သင်ပေးတယ်။

2. ရေးသူ- John Mark ဟာ ဗာနဗရဲ့တူတော်တယ်။ ပေတရုနဲ့လည်း ရင်းနှီးသူဖြစ်တယ်။ (ပေတရုကသူ့ကို ခရစ်တော် ထံ ပို့ဆောင်ပေးသူဖြစ်နိုင်တယ်။) ရှင်မာကု ခရစ်ဝင်ကျမ်းဟာ ခရစ်ဝင်ကျမ်းတွေထဲမှာ အတိုဆုံးနဲ့ အရိုးရှင်းဆုံး ကျမ်း ဖြစ်တယ်။ တပါးအမျိုးသားတွေအတွက် (ရောမ) အတွက်ရေးတယ်။ (Latin = Marcus မာကု; Hebrew ဟေဗြဲ = John ယောဟန်။) (Acts 12:12,25;15:37) အရေးအသားက ရှင်းလင်းပြတ် သားပြီး၊ ဒွဲဒိုး ပြောတယ်။ လုပ်ရှားမှုတွေနဲ့ ပြည့်နေတယ်။ မာကုက ခရစ်တော်ကို တရားဟောဖို့၊ ကျမ်းစာသင်ဖို့၊ လောကအပြစ်အတွက် အသေခံဖို့လာတဲ့ အစေခံကျွန်လို့ ပုံဖော်တယ်။ (ချက်ချင်း ဆိုတဲ့စကားကို ၃၂ ကြိမ်တွေ့ရတယ်။) ဒီကျမ်းဟာ ပြော စကား (တရားဟောချက်) ထက်၊ လုပ်ဆောင်ချက်ကို ပြတဲ့ ကျမ်းစာဖြစ်တယ်။ ပုံဥပမာတွေထက် နိမိတ်လက္ခဏာ တွေကို ပိုပြတယ်။ ခရစ်တော်ထံ လူအစုအဝေးနဲ့ ရောက်လာတာက စပြီး၊ အတ္တကင်းတဲ့ ခရစ်တော်ရဲ့လုပ်ဆောင် ချက်များဖြစ်တယ်။ နတ်ဆိုးနှင်ထုတ်ခြင်း၊ အနာရောဂါပြိမ်းခြင်း၊ လူတွေရဲ့လိုအပ်မှုကိုဖြည့်ဆည်းခြင်းတွေကို သက် သေပြတယ်။ ဂျူးလူမျိုးနဲ့ တပါးအမျိုးသားတွေကို သနားတဲ့အတွက်နဲ့ တန်ခိုးတော်ပြတာ ၁၈ ကြိမ်တွေ့ရတယ်။

3. ရှင်မာကုခရစ်ဝင်ကျမ်းရဲ့အစီအစဉ်နဲ့ outline – ဒီကျမ်းဟာအဓိက၂ ပိုင်း။ ရှင်မာကု ခရစ်ဝင်ကျမ်းဟာ ရှင်ပေတရု ရဲ့ကိုယ်တော်သည် ခရစ်တော်ဖြစ်တော်မူ၏။(Mark 8:29) ဆိုတဲ့အဓိကအချက်ကို မူတည်ပြီး၊ အခန်း၈ ခန်းစီ ၂ပိုင်း ခွဲနိုင်တယ်။

 a. (မာကု ၁၊ ၈) သခင်ယေရှုက မေရှိယဖြစ်တယ်လို့ ဆိုတယ်။ မာကုက ခရစ်တော်ရဲ့ဖွားမြင်ခြင်းနဲ့ သူငယ်ဘဝ ကို မပြောဘူး။ (အစေခံကျွန်တယောက်အတွက် ဒါတွေကအရေးမကြီးဘူး။) အမှုတော်ဆောင်ဖို့ ပြင်ဆင်တာ နဲ့ တပည့်တော်တွေကို ခေါ်ခြင်းနဲ့ပဲ အခန်းကြီး ၁ ကို စလိုက်တယ်။

b. (မာကု ၉-၁၆) သခင်ယေရှုက တပည့်တော်တွေကိုသူ့တန်ခိုးတော်အတိုင်းလုပ်ဆောင်ဖို့ လူတွေကို ကယ်တင် တဲ့ စုံလင်တဲ့ အစေခံကျွန်ရဲ့ခြေတော်ရာကို လိုက်ဖို့ ပြောတယ်။ (Philippians 2:5-11) ယဇ်ပရောဟိတ်အကြီး၊ ကျမ်းတတ်ဆရာ၊ အသက်ကြီးသူများ၊ ဖာရိရှဲ၊ ဟေရုဒ်အပေါင်းအသင်းနဲ့ ဇဒ္ဒုကဲတွေ က သူ့ကို ညှင်းပန်းနှိပ်စက်ဖို့ ဆန့်ကျင်မှုတွေ တိုးလာတယ်။ ခရစ်တော်က သူ့ရဲ့ဝေဒနာခံစားရမယ့် ကိစ္စကို လည်း သူ့တပည့်တော်တွေကို ကြိုပြောထားတယ်။အခန်းကြီး ၁၃ မှာ သံလွင်တောင်ပေါ်မှာ ဟောတဲ့ဒေသနာ ကို တွေ့ရတယ်။ (ရှင်မာကုထဲမှာ ဒါဟာအရှည်ဆုံး သွန်းသင်ချက် ဖြစ်တယ်။) ထိုအခါ လူသားသည် ကြီးစွာသော ဘုန်းတန်ခိုးတော်ကို ဆောင်လျက်၊ မိုးတိမ်ကိုစီး၍ ကြွလာတော်မူသည်ကို မြင်ရကြလိမ့်မည်။" (Mark 13:26) နဲ့ ခရစ်တော်ရဲ့အနာဂတ် စိုးစံမှုအတွက် တပည့်တော်တို့ကို သွန်သင်ဟောပြောစေတယ်။ " ကောင်း ကင်နှင့် မြေကြီး မတည်သော်လည်း၊ ငါ့စကားတည်လိမ့်မည်။" (Mark 13:31)

4. ဆင်ခြင်စရာများ

မာကုက သခင်ယေရှုရဲ့အစေခံကျွန်ဘဝကို ဖော်ပြတယ်။ သင်ဟာ သခင်ယေရှုလိုပဲ ဘုရားသခင်ရဲ့အစေခံကျွန် ဖြစ်တယ်ဆိုတာကို ဘာနဲ့ပုံဖော်ပြမလဲ။

C.**The Book of Luke.** ရှင်လုကာခရစ်ဝင်ကျမ်း

1. Theme: Jesus, the Son of Man. သခင်ယေရှုဟာ လူသားဖြစ်တယ်။

"လူသားသည် ပျောက်သောသူတို့ကိုရှာ၍၊ ကယ်တင်အံ့သောငှါ ကြွလာသတည်း။" (Luke 19:10).

2. The Writer: ချစ်သောသမားတော်ကြီးဖြစ်တဲ့ လုကာဟာ ကျမ်းစာရေးသူတွေထဲမှာ တဦးတည်းသော တပါး အမျိုးသား ဖြစ်တယ်။ ခရစ်ဝင်ကျမ်းတွေထဲမှာ အရှည်ဆုံးနဲ့ အပြည့်စုံဆုံးကျမ်း ဖြစ်တယ်။ ဂရိဝေါဟာရတွေ ကြွယ်ဝတယ်။ ရှင်လုကာဟာ တမန်တော်ဝတ္ထုကိုလည်း ရေးတယ်။ ဒီကျမ်း ၂ ကျမ်းကို ပေါင်းတဲ့အခါ ဓမ္မသစ်ကျမ်းတစောင်လုံးရဲ့၂၈ရာခိုင်နှုန်းရှိတယ်။ လုကာဟာ ရှင်ပေါလုရဲ့ခရီးစဉ်မှာ ပါဝင်တဲ့ မိတ်ဆွေတယောက်ဖြစ်တယ်။ (Acts 16:1-17; 20:5-21:18; 27:1-28:16; Colossians 4:14; Philemon 24; 2 Timothy 4:11).

3. The book of Luke contains four hymns: ရှင်လုကာခရစ်ဝင်ထဲမှာ သီချင်း ၄ ပုဒ်ပါတယ်။

a. The magnificat, the song of Mary မာရိရဲ့သီချင်း (Luke1:46-55)

b. The Benedictus, the song of Zachariasဇာခရိရဲ့သီချင်း (Luke 1:68-79)

c. The Gloria in Excelsis, the song of the heavenly host ကောင်းကင်တမန်တို့ဆိုသော သီချင်း (Luke 2:14)

d. The Nune Dimittis, the song of Simeon ရှိမုန်ဆိုသောသီချင်း (Luke 2:29-32)

4. လုကာရဲ့ကျမ်း ၂ ကျမ်းစလုံးဟာ ဂရိလူမျိုးပညာတတ်တယောက်ဖြစ်တဲ့ Theophilus ကို လိပ်မူထားတယ်။ သူဟာ အရေးပါအရာရောက်တဲ့ ရောမအရာရှိတယောက် ဖြစ်နိုင်တယ်။(Luke 1:1-4; Acts 1:1-5) Theophilus ကို လုကာ က သူကျမ်းစာအကြောင်း လေ့လာထားသမျှဟာ တိကျမှန်ကန် ပြည့်စုံပြီး၊ ယုံကြည်စိတ်ချရတယ်လို့ ပြောတယ်။ (Luke 1:3,4).

5. လုကာက သခင်ခရစ်တော်ကို လူသားအဖြစ် ဖော်ပြတယ်။ လူ့သဘာဝ ဒုက္ခဝေဒနာများ ခံစားရတယ်။ သူက ဂရိတွေအတွက် အဓိကရေးတာဖြစ်ပြီး၊ ဂရိတွေက လူနဲ့ပတ်သက်တဲ့ Philosophical meanings အဓိပ္ပါယ်မျိုးကို နက်နက်ရှိုင်းရှိုင်း လေ့လာသူတွေ ဖြစ်တယ်။ ခရစ် တော်ကို ဘုရားသခင်ရဲ့သားတော်အဖြစ်နဲ့လည်း ဖော်ပြတယ်။ (Luke 5:4-9; 9:7-20; 13:31-33) Belief-ယုံကြည်ခြင်း (faith) နဲ့ unbelief-မယုံကြည်ခြင်း (opposition) ဟာ အမြဲတမ်း ဒွန်တွဲလျက်ရှိတယ်။ယုံကြည်သူတွေဟာ တပည့်တော်ဖြစ်ခြင်းရဲ့အဖိုးအခကို ရေတွက်သင်ယူရတယ်။ ချင့်ချိန်ရတယ်။ ရန်သူကလည်း အားကြီးလာပြီး၊ ခရစ်တော်ကို သတ်ချင်သည်အထိ ရှာဖွေခဲ့တယ်။

6. ရှင်လုကာခရစ်ဝင်ကျမ်းရဲ့အစီအစဉ်နဲ့ outline ကို ၄ ပိုင်းခွဲနိုင်တယ်။

a. chapters 1:1 – 4:13: ခရစ်တော်ဖွားမြင်ခြင်း၊ သူငယ်ဘဝများအကြောင်း။.

b. chapters 4:14 – 9:50: လူသားရဲ့အမှုတော်။

c. chapters 9:5 – 19:27: လူသားကို ငြင်းပယ်ခြင်း။

d. chapters 19:28 – 24:53: လူသားကိုကားတိုင်မှာသတ်ခြင်းနဲ့ရှင်ပြန်ထမြောက်ခြင်း၊အခန်း ကြီး ၁၅ ဟာ အဓိကအခန်းကြီးတခု ဖြစ်ပြီး၊ ပျောက်သောသိုး၊ ပျောက်သောဒင်္ဂါးနဲ့ ပျောက်သောသားဆိုတဲ့ ဥပမာတော် ၃ ခု ပါဝင်တယ်။ ဒီဥပမာတော် ၃ ခုဟာ ဒီခရစ်ဝင်ကျမ်းရဲ့အနှစ်သာရ ဖြစ်တယ်။

7. **Things to Think About:** ဆင်ခြင်စရာများ

လုကာက လူတွေအတွက် ခရစ်တော်ရဲ့သနားကြင်နာခြင်းကို ပုံဖော်ပြတယ်။ တခြားသူတွေကို သနားကြင်နာစိတ် သင့်အသက်တာမှာ ရှိသလား။ တွေ့ရသလား။

D. **The Book of John.** ရှင်ယောဟန်ခရစ်ဝင်ကျမ်း

**1.** Theme အဓိကအချက်။ "ယေရှုသည် ခရစ်တော်တည်းဟူသော ဘုရားသခင်၏ သားတော် ဖြစ်တော်မူသည်ကို သင်တို့သည်မည့်အကြောင်း၊ ထိုသို့ယုံ၍ နာမတော်အားဖြင့် အသက်ကို ရမည့်အကြောင်း၊ ဤမျှလောက် ရေးထားလျက်ရှိသတည်း။ " (ယောဟန် ၂၀း၃၁) ဒါဟာ ဒီကျမ်းရဲ့အဓိကအချက် ဖြစ်တယ်။ ယောဟန်ခရစ်ဝင်ကျမ်းဟာ ယုံကြည်သူတွေအတွက် ရေးတာဖြစ်ပြီး၊ သခင်ယေရှုဟာ ဘုရားသခင်ရဲ့သားတော်ဖြစ်ကြောင်း သိဖို့ ဖြစ်တယ်။ (John 1:11-13; 20:30-31)

**2.** ယုံကြည်ဖို့ရာအတွက် knowledge သိဖို့ လိုတယ်။(John 8:32; 10:38) စိတ်ဆန္ဒ (သို့) ရွေးချယ်မှုနဲ့ ယုံကြည်ခြင်းအားဖြင့် လက်ခံဖို့လည်း လိုတယ်။ (John 1:12; 3:19; 7:17). သိခြင်းဟာ တုန့်ပြန်ခြင်းကို တောင်း ဆိုတယ်။ ယုံကြည်ခြင်းနဲ့ တုန့်ပြန်ရင် ထာဝရအသက်ရတယ်။ မယုံကြည်မှုနဲ့ တုန့်ပြန်တဲ့အခါ ထာဝရအပြစ်စီရင်ခြင်း ရတယ်။ (John 3:36; 5:24-29; 10:27-29). ယောဟန်ရဲ့ပထမဦးဆုံးအခန်း၊ အငယ် ၁၁ နဲ့ ၁၂ မှာ လက်ခံခြင်းနဲ့ ငြင်းပယ်ခြင်းရဲ့တုန့်ပြန်မှုကို အကျဉ်းချုပ် ဖော်ပြထားတယ်။

**3.** ရေးသူ- John ယောဟန် (Johanaan ; " Yahweh has been gracious-ထာဝရဘုရား ကျေးဇူးတော် ကြွယ်ဝတော်မူသည်။") သူနဲ့ သူ့အစ်ကို ယာကုပ်ဟာ ဂါလိလဲ တံငါသည် ဇေဗေဒဲရဲ့သားတွေ ဖြစ်တယ်။ သူတို့ကို မိုးကြိုးသား လို့ သိကြတယ်။ (Mark 3:17). ဇေဗေဒဲရဲ့သားယောဟန်ဟာ နှစ်ခြင်းဆရာ ယောဟန်ရဲ့တပည့်ဖြစ်ဖူးတယ်။ သူဟာ ယေရုရှလင်မှာရှိတဲ့ အသင်းတော်ရဲ့အဓိက လူတယောက် ဖြစ်တယ်။ အဲဒီအချိန်မှာ ယာကုပ်နဲ့ ပေတရု

တို့လည်း ပါ တယ်။ (Acts 3:1; 4:13; 8:14; Galatians 2:9). ယောဟန်ဟာ ဒီကျမ်းစာကို ဖေက်မြို့မှာ ရေးတာ ဖြစ်တယ်။ (၆၀-၉၀ A.D.) ၁၊၂ နဲ့ ၃ယော၊ ဗျာဒိတ်ကျမ်းတို့ကို မရေးခင် ရေးတာဖြစ်တယ်။ ခရစ်တော်ရဲ့မျက်မြင်သက်သေထဲမှာ နောက်ဆုံးသောသူ တယောက်လည်း ဖြစ်တယ်။ သူ့ကို ယေရှုချစ်သော တပည့်တော်လို့ ခေါ်လေ့ရှိတယ်။

4. ခရစ်တော်ဟာ လူ့ဇာတိခံပြီး၊ လူတွေရဲ့အပြစ်အတွက် အသေခံတဲ့ လူ့ဇာတိခံသော ဘုရားသခင်၊ ထာဝရ နှုတ်ကပတ်တော်ဖြစ်တဲ့အကြောင်းကို သက်သေပြဖို့ရန်အတွက် တခြား Synoptic Gospels ဆင်တူတဲ့ ဧဝံဂေလိကျမ်းတွေထဲမှာ မတွေ့ရတဲ့ ဖြစ်ရပ်နဲ့ သွန်သင်ချက်တွေကို ရေးထားတယ်။ သခင်ယေရှုဟာ ခရစ်တော်၊ ဘုရားသခင်ရဲ့ သားတော်၊ ယုံကြည်သူတွေကို ထာဝရအသက် ပေးနိုင်သူ ဖြစ်ကြောင်းကို သက်သေပြဖို့အတွက် နိမိတ်လက္ခဏာ ၇ ခုကို ထည့်သွင်း ရေးသားထားတယ်။ (John 20:31).

a. ရေမှ စပျစ်ရည်ဖြစ်စေခြင်း (John 2:1-11), သဘာဝတရားဟာ ကျေးဇူးတရားအားဖြင့် ပြောင်းလဲသွားတယ်။
b. အရာရှိရဲ့သားကို အနာငြိမ်းစေတယ်။ (John 4:46-54), ဧဝံဂေလိရဲ့တရားဟာ ဝိညာဉ် ကယ်တင်ခြင်းကို လုပ်ဆောင်သွားတယ်။
c. မသန်စွမ်းသူကို ပျောက်ကင်းစေတယ်။ (John 5:1-16), အားနည်းသူက အားအင်ပြန်ရတယ်။
d. လူများစွာကို ကျွေးမွေးခဲ့တယ်။(John 6:1-13), ခရစ်တော်က လူတွေရဲ့ဝိညာဉ်ဆာငတ်မှုကို ပြေပျောက်စေတယ်။
e. ရေပေါ်မှာ လမ်းလျှောက်တယ်။(John 6:16-21), ကြောက်ခြင်းမှ ယုံကြည်ခြင်းကို ပြောင်းလဲစေတယ်။
f. မွေးကတည်းက မျက်စိကန်းသူကို မြင်စေတယ်။(John 9:1-7) အမှောင်ကို အောင်မြင်ပြီး အလင်း သယ်ဆောင်ပေးတယ်။
g. လာဇရုကို ပြန်ရှင်စေတယ်။(John 11:1-44), လူကို သေရာမှ ရှင်ပြန်ထမြောက်စေတယ်။

5. "I am" ဆိုတဲ့ စကားနဲ့ စစ်မှန်သော ဘုရားသခင်ဖြစ်ကြောင်းကို ၇ ကြိမ် မြွက်ဆိုတယ်။ I am:
a. the Bread of Life အသက်မုန့် (John 6:35,48)
b. the Light of the World ဤလောက၏ အလင်း (John 8:12; 9:5)
c. the Door တံခါးဝ (John 10:7,9)
d. the Good Shepherd ကောင်းသောသိုးထိန်း (John 10:11,14)
e. the Resurrection and the Life ရှင်ပြန်ထမြောက်ခြင်းနဲ့ အသက် (John 11:25)
f. the Way, the Truth and the Life လမ်းခရီး၊ သမ္မာတရားနဲ့ အသက် (John 14:6)
g. the True Vine မှန်သောစပျစ်ပင် (John 15:1-5)

6. ယောဟန်ခရစ်ဝင်ကျမ်းရဲ့အစီအစဉ်နဲ့ outline ဟာ သမိုင်းစဉ်ဖြစ်ရပ်ကို အထောက်အကူပြု တယ်။
a. chapters 1:1-18 – the incarnationလူ့ဇာတိခံယူခြင်း
b. chapters 1:19- 4:54 – the presentation of the Son of God ဘုရားသခင်၏ သားတော်ဖြစ်ကြောင်း ဖော်ပြခြင်း

c. chapters 5:1-12:50 – the opposition against the Son of God ဘုရားသခင်၏ သားတော်ကို ဆန့်ကျင်ဘက်ပြုကြခြင်း

d. chapters 13:1-17:26 – the preparation of disciples by the Son of God, The Upper Room Discourse ဘုရားသခင်၏သားတော်အားဖြင့် တပည့်တော်များကို ပြင်ဆင်ခြင်း၊ အထက်ခန်းမှဟောပြော သွန် သင်ခြင်း

e. chapters 18:1-21:25 – the crucifixion and resurrection ကားတိုင်မှာအသေခံရခြင်းနှင့်ရှင်ပြန်ထမြောက်ခြင်း

7. ရှင်ယောဟန်ခရစ်ဝင်ကျမ်းရဲ့နောက်ဆုံးအခန်းဟာ ပထမဆုံး အခန်းကြီး ၁ ရဲ့အဆိုပြုချက်၊ ကြော်ငြာချက်ကို ပြီးပြည့်စုံ သွားစေတယ်။ "ဤလောက၏ အပြစ်ကို ဆောင်သွားသော ဘုရားသခင်၏ သိုးသငယ်ကို ကြည့်လော့။" (John 1:29) ရှင်ပြန်ထမြောက်ခြင်းဟာ ဘုရားသခင်ရဲ့သားတော်ဖြစ်ကြောင်း၊ အကောင်းဆုံး နိမိတ်လက္ခဏာ ဖြစ်တယ်။

E. **Things to Think About:** ဆင်ခြင်စရာများ

သခင်ယေရှုခရစ်ကို ဘုရားသခင်ရဲ့သားတော်အဖြစ် သတိပြုမိသူဟာ မှန်ကန်စွာ အသက်ရှင် တတ်မယ်။ သခင်ယေရှုကို သင်ဘယ်လိုနားလည်သလဲ။ သခင်ယေရှုဟာဘုရားသခင်ရဲ့သားတော်ဖြစ်ကြောင်း သင်ယုံကြည်တာကို လောကသား တွေကို ဘယ်လိုပြမလဲ။?

## Exam - Lesson 20

Name________________________________________________________

Address______________________________________________________

Multiple choice (Circle only one letter as the correct answer unless otherwise indicated. You may use your Bible when so indicated, but we trust you not to look up the answers in the lesson.)

1. What is essential to a good understanding of Christ as the Messiah of the Old Testament and Savior of the world? (value 4 points) ခရစ်တော်ကို ဓမ္မဟောင်းကျမ်း၏မေရှိယနှင့် လောကကိုကယ်တင်သူအဖြစ် သေချာစွာနားလည်ဖို့ မည်သည့်အချက်ကို အဓိကနားလည် ရမည်နည်း
   a) a good understanding of the proper observance of the law ပညတ်တော်များကို အသေချာနားလည် လိုက်လျှောက်ခြင်း
   b) a good understanding of the proper interpretation of all other biblical teaching အခြားသော ကျမ်းစာ ရှင်းလင်းချက်များကို အသေချာနားလည်ခြင်း
   c) a good understanding of the proper understanding of the Church အသင်းတော် အကြောင်းအသေချာနား လည်ခြင်း

2. Why are the Gospels so important? (value 4 points) ဧဝံဂေလိသတင်းစကားသည် အဘယ့်ကြောင့် အရေးကြီး သနည်း
   a) because they clearly show how to keep the law ပညတ်တော်ကို မည်သို့ စောင့်ရှောက် ရမည်ကို ရှင်းလင်းစွာပြသောကြောင့်
   b) because they clearly show how to become a church member အသင်းသား မည်ကဲ့ သို့ ဖြစ်နိုင်သည်ကို ရှင်းလင်းစွာပြသောကြောင့်
   c) because they clearly show how to be saved မည်ကဲ့သို့ ကယ်တင်ခြင်းရသည်ကိုရှင်းလင်းစွာပြ သောကြောင့်

3. At the end of the Old Testament, into what two groups were the people of Israel divided? (value 4 points) ဓမ္မဟောင်းကျမ်း အဆုံးတွင် မည်သည့်ဣသရေလလူမျိုးစု ၂-ခုသည် ကွဲပြားသွားသနည်း
   a) into the Diaspora (those scattered) and the remnant (those who remained in Judea) ကမ္ဘာအနှံ့ ပျံ့ သွား သောသူများနှင့် ယုဒပြည်တွင် ကြွင်းကျန်ရစ်သူများအဖြစ်သို့
   b) into the Sadducees and the Pharisees ဇဒ္ဒုကဲနှင့်ဖါရိရှဲများအဖြစ်သို့
   c) into the rich and the poor ဆင်းရဲသူနှင့်ချမ်းသာသူအဖြစ်သို့

4. Who ruled Israel in the period between the Old Testament and the New Testament? (value 4 points) ဓမ္မဟောင်းနှင့်ဓမ္မသစ်ကြားကာလတွင် ဣသရေလနိုင်ငံအားမည်သူအုပ်စိုး သနည်း

a) Israel was an independent State. ဣသရေလနိုင်ငံသည် လွတ်လပ်သောနိုင်ငံဖြစ်သည်
b) Israel was under the rule of Babylon. ဘေဘီလုံတို့ ၏အုပ်ချုပ်မှုအောက်
c) Israel was under the rule of Persia, Greece, Egypt, Syria and Rome. ပါးရှား၊ ဂရိ၊ အီဂျစ်၊ ဆီးရီးယား နှင့် ရောမတို့ ၏အုပ်ချုပ်မှုအောက်

5. Who desecrated the temple and stirred up a revolt by the Maccabees? (value 4 points) မည်သည့် မျိုးနွယ်များက ဗိမာန်တော်ကို ဖျက်ဆီးကာ ပုန်ကန်ထကြွမှုပြုကြသနည်း

a) Antiochus Epiphanes အန္တိအိုခပ်စ် ဧဗိဖနိမင်းဆက်များ
b) Herod ဟေရုတ်မင်းကြီး
c) Alexander the Great မဟာအလက်ဇန္ဒြားမင်း.

6. What two religious sects appeared during the time between the Old and New Testaments? ဓမ္မဟော င်းနှင့်ဓမ္မသစ်ကြားတွင် မည်သည့်ဘာသာရေးအုပ်စု ၂-ခုပေါ်ပေါက်ခဲ့ သနည်း (value 4 points)

a) the Scribes and the Herodians စာချုန်တော်နှင့်ဟေရုတ်မင်းမျိုး
b) the Pharisees and the Sadducees ဖါရိရှဲနှင့်ဇဒ္ဒုကဲအမျိုး
c) the zealots and the publicans စိတ်အားကြီးသူနှင့်ပြည်သူလူထု

7. In what language was the New Testament written? (value 4 points) ဓမ္မသစ်ကျမ်းကို မည်သည့်ဘာသာ ဖြင့် ရေးသားသနည်း

a) Hebrew ဟေဗြဲ
b) Greek ဟေလသ
c) Latin လက်တင်

8. What is the relationship between the New and the Old Testaments? (value 4 points) ဓမ္မဟောင်းနှင့်ဓ မ္မသစ် ၏ဆက်နွယ်မှုကားအဘယ်နည်း

a) The New Testament added to the Old Testament Law. ဓမ္မသစ်သည် ဓမ္မဟောင်း၏ဖြည့်စွက်ချက်ဖြစ် သည်
b) The New Testament negated the Old Testament Law. ဓမ္မသစ်သည်ဓမ္မဟောင်းကိုပျက်ပြယ်စေသည်
c) The New Testament fulfilled and replaced the Old Testament Law. ဓမ္မသစ်သည် ဓမ္မဟောင်းကို အစားထိုး ပြီးပြည့်စုံစေသည်

9. What does the message of the New Testament center around? (value 4 points) ဓမ္မသစ်၏ အချက်အချာ သတင်းစကားကားအဘယ်နည်း

a) around the controversies between the Pharisees and Jesus ဖါရိရှဲနှင့်ယေရှုခရစ်တော် ကြား အငြင်းပွါးမှု

b) around the Person of Jesus Christ and a People, the Church ယေရှုခရစ်တော်နှင့် အသင်းတော်ဖြစ်သည့်လူ

c) around the historical development of the nation of Israel during the time of Christ ခရစ်တော် ကာလ အတွင်း ဣသရေလနိုင်ငံ၏သမိုင်းဆိုင်ရာ ဖြစ်ထွန်းတိုးတက်မှု

10. Why were the Gospels written? (value 4 points) အဘယ့်ကြောင့် ဧဝံဂေလိကျမ်း ကို ရေးသားရသနည်း

a) to preserve a record of the authenticity of Jesus Christ, the Son of God ယေရှုခရစ် တော်သည် စစ်မှန်သော ဘုရားသား တော်ဖြစ်ကြောင်းမှတ်တမ်းတင်ရန်

b) to preserve an accurate history of Israel and the Church ဣသရေလသမိုင်းနှင့်အသင်းတော်သမိုင်းကို မှန်ကန်စွာမှတ်တမ်းတင်ရန်

c) to refute the false teachings of the Pharisees and Sadducees ဖါရိရှဲနှင့်ဇဒ္ဒုက္ကဲတို့ ၏မှားယွင်းသော သွန်သင်ချက်များကို တုန့် ပြန်ရန်

11. What is one of the purposes of the Gospels? (value 4 points) ဧဝံဂေလိကျမ်းရေးသား ရခြင်း၏ ရည်ရွယ်ချက် တခုကားအဘယ်နည်း

a) to present Christ to unbelievers, bring them to conviction, confession and salvation ခရစ်တော်မသိသေး သူများအား ခရစ်တော်ထံပို့ ဆောင်ပြီး အပြစ်ဝန်ချ၊ နောင်တရပြီး ကယ်တင် ခြင်းပေးရန်

b) to answer all questions people may have about the Bible သမ္မာကျမ်းစာနှင့်ပတ်သက် သော မေးခွန်းများကို ဖြေကြားပေးရန်

c) to give every believer a complete understanding of the New Testament ယုံကြည်သူ တိုင်းအား ဓမ္မသစ် ကျမ်းအားနားလည်စေရန်

12. For how long did Christ live on earth and how many days of His ministry are recorded? (value 4 points) ခရစ်တော်သည် လောကတွင် မည်မျှကြာအောင် အသက်ရှင် နေထိုင်ခဲ့ပြီး ဘယ်နှစ်ရက်ကြာမျှ အမှုတော်ဆောင်ခဲ့သနည်း

a) 40 years, but only about fifty days of His ministry are recorded in the combined Gospels နှစ်ပေါင်း ၄၀-ကြာ လောကတွင် အသက်ရှင်ခဲ့ပြီး ရက်ပေါင်း ၅၀-အမှုတော်ဆောင် ခဲ့ကြောင်း မှတ်တမ်းတင်ထားသည်

b) 33 years, and about 150 days of His ministry are recorded in the combined Gospels နှစ်ပေါင်း ၃၃-ကြာ လောကတွင် အသက်ရှင်ခဲ့ပြီး ရက်ပေါင်း ၁၅၀-အမှုတော်ဆောင်ခဲ့ကြောင်း မှတ်တမ်းတင်ထားသည်

c) 33 years, but only about fifty days of His ministry are recorded in the combined Gospels နှစ်ပေါင်း ၃၃-ကြာ လောကတွင် အသက်ရှင်ခဲ့ပြီး ရက်ပေါင်း ၅၀-အမှုတော်ဆောင် ခဲ့ကြောင်း မှတ်တမ်းတင်ထားသည်

13. What kind of work did Matthew (Levi) do? (value 4 points) လေဝိလူဖြစ်သော မဿဲသည် မည်သည့် အလုပ်ကို လုပ်ကိုင်သနည်း

a) He was a fisherman called to be a disciple of Jesus. သူသည် ယေရှုနောက်လိုက်သော တံငါသည်ဖြစ်သည်
b) He was a tax collector for the Roman government in Capernaum. သူသည် ကပေရနောင်မြို့တွင်နေထိုင်ပြီး ရောမဘုရင်အတွက် အခွန်ကောက်ပေးသော အခွန်ခံဖြစ်သည်
c) He was a publican respected by the Jews. သူသည် ဂျူးလူမျိုးများက လေးစား သည့် အခွန်ခံဖြစ်သည်

14. Why is the book of Matthew a logical bridge between the Old and New Testaments? (value 3 points) အဘယ့်ကြောင့် ရှင်မဿဲခရစ်ဝင်ကျမ်းသည် ဓမ္မဟောင်း နှင့်ဓမ္မသစ်ကို ပေါင်းကူးပေးသောကျမ်းဖြစ်ရသနည်း

a) because it is a continuation of Jewish thought and anticipation ဂျူးလူမျိုးတို့၏ အတွေးအခေါ်နှင့်မျှော်လင့်ချက်များနှင့်တဆက်တစပ်တည်းဖြစ်သောကြောင့်
b) because it traces the genealogy of Jesus back to Adam ယေရှုဘုရား၏မျိုးရိုးသည် အာဒံမှဆင်းသက်လာ သောကြောင့်
c) because it is the first book of the New Testament ဓမ္မသစ်ကျမ်း၏ပထမဦးဆုံးသော ကျမ်း ဖြစ်သောကြောင့်

15. "For even the Son of man came not to be ministered unto, but to minister, and to give his life a ransom for many" is the theme of what book? (value 3 points) "လူသားကြွလာခြင်းသည် အစေခံ ရန်ကြွလာလျှက် လူသားတို့ အားအသက်ပေးပြီး ရွေးနုတ်ဖို့ ရန်ဖြစ်သည်" ဟူသော သတင်းစကားသည် မည်သည့်ကျမ်းစာတွင်ပါရှိသနည်း

a) Matthew ရှင်မဿဲ
b) Mark ရှင်မာကု
c) Luke ရှင်လုကာ
d) John ရှင်ယောဟန်

Matching

16. Match the following names with the correct statement that describes how they portrayed Christ. (value 12 points) အောက်ပါတို့ ကိုကွက်လပ်ဖြည့်ပါ

_________speaks to believers of the divinity of Christ. a) Mathew

ခရစ်တော်ဘုရားဖြစ်ကြောင်းကို ယုံကြည်သူများအား ပြောထားသည်

_________speaks specifically to the cultured Greeks who looked b) Mark

at his humanity. သူ၏လူသားဆန်မှုကို ကြည့်မြင်တတ်သော ဟေလသလူယဉ်ကျေးများအား ရည်ရွယ်၍ ပြောထားသည်

_________tells of Christ the King, coming to the people of Israel c) Luke

ဣသရေလလူတို့ အတွက်ကြွလာသော ဘုရင်ခရစ်တော်အဖြစ်ပြောထားသည်

_________tells of Christ the Servant coming to the Roman world d) John

who were in control of the land at that time. ထိုကာလက ရောမအင်ပါယာ လက်အောက် ရောက်နေသောလူများအတွက် အစေခံခရစ်တော်ကြွလာကြောင်းပြောထားသည်

17. Match these names with the statements that best describe them. အောက်ပါ တို့ ကိုယှဉ်တွဲပါ (Names may be used more than once) (27 points)

______the shortest and simplest of the Gospels a) Matthew

အတိုဆုံးအရှင်းဆုံး ဧဝံဂေလိသတင်းကောင်းဖြစ်သည်

______the man to whom both of Luke's books are addressed b) Mark

ရှင်လုကာရေးသော ကျမ်းစာ၂-အုပ်လုံးတွင် ပြောပြထားသောသူဖြစ်သည်

_______presents Christ as the Selfless Servant c) Luke

ခရစ်တော်ကို တကိုယ်ကောင်းမဆန်သောအစေခံအဖြစ်ပြထားသည်

_______presents Christ as the ideal Son of Man d) John

ခရစ်တော်ကို လူသားအဖြစ်ဖေါ်ပြထားသည်

________the Gospel, filled with rich literary Greek e) Theophilus

ဂရိဝေါဟာရများဖြင့်ပြည့်ဝနေသည့် ဧဝံဂေလိသတင်းကောင်းအဖြစ်ဖေါ်ပြထားသည်

________known with his brother James as the "sons of thunder"

မိုးကြိုးသားအဖြစ် သူ့ အကို ယာကုပ်နှင့်လူသိများသည်

________he used 7 miraculous signs to prove that Jesus is the Christ, the Son of God

သူသည် ဘုရားရှင်၏သားတော် ယေရှုခရစ်တော်ဘုရားအဖြစ် သက်သေပြရန် နိမိတ်လက္ခဏာ ၇-ခုကို အသုံးပြုသည်

________is not a part of the synoptic gospels ဆင်တူယိုးမှားဧဝံဂေလိ၏အစိတ်အပိုင်း မဟုတ်ပါ

________is a bridge between the Old Testament and the New Testament ဓမ္မဟောင်းနှင့်ဓမ္မသစ်ကို ပေါင်းကူးပေးထားသည်

Fill in the blank space. ကွက်လပ်ဖြည့်ပါ

18. The events of the New Testament took place about ________years after the time of Malachi.

(value 3 points) (600 200 400) (နှစ်ပေါင်း ၆၀၀ ၊ ၂၀၀ ၊ ၄၀၀)

ဓမ္မသစ်ကျမ်း အဖြစ်အပျက် များသည် မာလခိသေဆုံးပြီးနောက် နှစ်ပေါင်း ( ) အကြာတွင်ဖြစ်ပွါးခဲ့သည်

COMMENT PLEASE! မှတ်ချက်ပေးပါ

1.What do you think of Jesus Christ? ယေရှုခရစ်ကို သင်မည်သို့ ထင်မြင်ပါသနည်း

2.If you are a Christian, in what ways are you presently showing what Jesus means to you? သင်ခရစ်ယာန်ဖြစ်လျှင် ခရစ်တော်ကို သင့်အသက်တာတွင် မည်သို့ ပြသနေပါသနည်း

Exploring God's Word

A Survey of the Old and New Testaments

Prepared by Polly Strong B.R.E., B.A., M.A.

For Rogma International, Inc. (All Scripture quotations from the KJV of the Bible)

Copyright by Rogma International, Inc. All rights reserved.

---

## Lesson 21

## Section VII – Believing the Gospel of Jesus Christ-ယေရှုခရစ်ရဲ့ဧဝံဂေလိတရားကို ယုံကြည်ခြင်း

## The Life of Jesus Christ on Earth (Part 1)

**Theme** အဓိကအချက်။ ကယ်တင်ခြင်းနဲ့ စစ်မှန်တဲ့ တပည့်တော်ဖြစ်ဖို့ရာ ခရစ်တော်ရဲ့ဘုရားဇာတိ နဲ့ လူ့ဇာတိ (ထာဝရ၊ ဝိညာဉ်၊ ဘုရားသခင်အတူပါရှိသောအသက်တာ၊ ကိုယ်ခန္ဓာ၊ လူ့ဘဝ) ကို ကောင်းစွာ နားလည်ဖို့ လိုတယ်။

**Goal** ရည်ရွယ်ချက်။ ခရစ်တော်ကို ကယ်တင်ရှင်အဖြစ် လက်ခံပြီး၊ အသက်တာမှာ သခင်အဖြစ် နောက်တော်လိုက်ဖို့ ဖြစ်တယ်။

**Summary** အနှစ်ချုပ်။ သခင်ယေရှုက"ငါသည်လမ်းခရီးဖြစ်၏။ သမ္မာတရားလည်းဖြစ်၏။ အသက် လည်းဖြစ်၏။ ငါ့ကို အမှီမပြုလျှင် အဘယ်သူမျှ ခမည်းတော်ထံသို့ မရောက်ရ။" (John 14:6) ခရစ်တော်ဟာ ကျမ်းစာရဲ့ဗဟိုချက်နဲ့ ယုံကြည်သူရဲ့အသက်တာအတွက် ဗဟိုချက်ဖြစ်တယ်။ ခရစ်တော်ရဲ့မြေပေါ်အသက်တာကို ခရစ်ဝင်ကျမ်းတွေထဲမှာ ရေးထားတယ်။ ဘုရားဖြစ်သလို၊ လူလည်းဖြစ်ကြောင်းလည်း တွေ့ရတယ်။ ပညတ္တိကျမ်း၊ အနာဂတ္တိကျမ်းများမှာ ရေးထားသမျှ ခရစ်တော်၌ ပြည့်စုံတယ်။ ခရစ်တော်ဟာ ကယ်တင်ခြင်းအတွက်သာမက၊ အသက်တာအတွက်ပါ လမ်းခရီးဖြစ်တယ်။

**Outline**:

I. ခရစ်တော်ရဲ့ရှေးကတည်းရှိမှုနဲ့ ကြွလာဖို့ ပြင်ဆင်ခြင်း John 1:1-5; Luke 1:1-25; Matthew 1:1-17

II.ပထမအကြိမ် ကြွလာခြင်းအတွက် ပြင်ဆင်ခြင်း (ဖွားမြင်ခြင်းနဲ့ သူငယ်ဘဝ) Matthew 1-4; Mark 1; Luke 1-4; John 1

III.သခင်ယေရှုဟာ သူ့လူတွေအတွက် ကြွလာတဲ့ မေရှိယသခင် ဖြစ်တယ်။ (အစောပိုင်း သွန်သင်ချက်များနဲ့ ခရစ်တော်ရဲ့လုပ်ဆောင်မှုများ) Matthew 3-20; Mark 1-10; Luke 3-19; John 1-12

IV.သခင်ယေရှုက တချို့လူပရိတ်သတ်ကြားမှာ ထင်ရှားခဲ့တယ်။ (ဘုရားဖြစ်ကြောင်း အတိအလင်း ဆိုတယ်။) Matthew 8-10; Mark 4-10; Luke 7-10; John 6;7

V.သခင်ယေရှုက တပည့်တော်တို့ကို ပြောပြတယ်။ (သူတို့ကို ခေါ်ပြီး နောက်တော်လိုက်ဖို့ ပြောတယ်။) Matthew 4:18-22; 8:19-22; Mark 2; Luke 5

VI.ဖရိရှဲတွေကို ပြောပြတယ်။ (ပညတ်တော်ထက် ကြီးမြတ်ကြောင်း ပြောတယ်။) Matthew 9-12; Mark 2-3; Luke 5:36-39; John 5:1-47

VII.တပည့်တော်တွေကို အမှုတော်ဆောင်ဖို့ ပြင်ဆင်ပေးတယ်။ (အလုပ် ဆက်လုပ်ဖို့ ဖြစ်တယ်။) Matthew 9-19; Mark 6-12; Luke 7-9,17; John 6-7

**People to know: (Know these for the exam)**

Elizabeth, Zachariah, Mary, Joseph, Jesus, the shepherds, Herod, the wise men, Simeon, Anna (Matthew 1, 2; Luke 1, 2; Mark 1)

John the Baptist, the Pharisees, the Sadducees, Nicodemus, the woman of Samaria (Matthew 3; Luke 3, Mark 1, John 1-4); a leper, a centurion, Peter's mother-in-law

the 12 disciples: Simon Peter, Andrew, James, John, Philip, Bartholomew (Nathanael), Thomas, Matthew, James (son of Alphaeus), Thaddeus, Simon the Zealot and Judas (Matthew 4-10; Mark 2-10; Luke 4-10; John 4-7)

the mother of James and John, two blind men, Martha, Mary, Peter, the chiefs of the synagogues, publicans, 10 lepers, Zacchaeus (Matthew 20; Mark 10; Luke 10-19; John 11,12)

**Places to know: (Know these for the exam)**

Judea: Bethlehem, Jerusalem

Galilee: Nazareth, Bethsaida, Capernaum

Samaria: Sychar Decapolis and Syria Phoenicia: Tyre and Sidon

**Words to know:**

divinity: quality of being God

infinite: beyond measure; unlimited, endless

finite: limited, restricted

miracle: beyond the laws of nature, supernatural

sign: symbol, extraordinary token of an event (usually future); proofs of power and authority

## Introduction

"အစအဦး၌ နှုတ်ကပတ်တော်ရှိ၏၊ နှုတ်ကပတ်တော်သည် ဘုရားသခင်နှင့် အတူရှိ၏။ နှုတ်ကပတ်တော် သည်လည်း ဘုရားသခင်ဖြစ်တော်မူ၏။ နှုတ်ကပတ်တော်သည်လည်း လူ့ဇာတိအဖြစ်ခံယူ၍၊ ကျေးဇူးတော် နှင့်ရင်း၊ သစ္စာတော်နှင့်ပြည့်စုံလျက် ငါတို့တွင်တည် နေတော်မူသည်-" (John 1:1,14)

ရွေးနှုတ်တဲ့ သခင်ခရစ်တော်အကြောင်းဟာ ဓမ္မဟောင်းကျမ်းတလျှောက်လုံးမှာ နေရာအနှံ့ ပါဝင်နေတယ်။ ဓမ္မသစ်ကျမ်းမှာလည်း အလင်းသဖွယ်ထွန်းလင်းပြီး၊ ကျမ်းစာချက်တွေ ပြည့်စုံခဲ့တယ်။ ခရစ်ဝင်ကျမ်းတွေက ခရစ်တော်လောကထဲ ဆင်းသက်လာကြောင်းနဲ့ လူကလက်ခံမလား၊ ငြင်းပယ်မလား တုန့်ပြန်ဖို့လို တဲ့ အကြောင်းပြောတယ်။ ဒါဟာ ခရစ်ယာန်ယုံကြည်ခြင်းရဲ့အဓိကအချက်ဖြစ်တယ်။တခြားဘာသာတရား ယုံကြည်ချက် တွေနဲ့ မတူတဲ့အချက်လည်း ဖြစ်တယ်။

ဘုရားသခင်ရဲ့သားတော်ခရစ်တော်ဟာ လူနဲ့ တိုက်ရိုက် ဆက်သွယ်လာတယ်။ ဘုရား သခင်ရဲ့နိုင်ငံတော်မှာ အမှုဆောင်သခင်၊ တရားသူကြီး၊ ရှင်ဘုရင်ဖြစ်တယ်။ လူဟာ ဘုရားသခင်ရှေ့မှာ အစစ်ဆေးခံရမယ်။ ဘုရားသခင်ထံ ဝင်စားဖို့ကတော့ ခရစ်တော် တပါးတည်းအားဖြင့်သာ ရတယ်။ ဓမ္မဟောင်းကျမ်းတခုလုံးဟာ ခရစ်တော်ဖွားမြင်မယ့် သမိုင်းဖြစ်ရပ်အတွက် ပြင်ဆင်နေခဲ့တာဖြစ်တယ်။ ဓမ္မသစ်ကျမ်းကတော့ ဓမ္မဟောင်း ကျမ်းကို ပြန်ရှင်းပြတာဖြစ်တယ်။ ဘုရားသခင်က အာဒံမှသည် ယုဒပြည်ဗက်လင်မြို့မှာ မေရှိယသခင် ပေါ်ထွန်းသည်အထိ အမျိုးအနွယ်မျိုးရိုးကို စောင့်ထိန်းခဲ့တယ်။

ခရစ်ဝင်ကျမ်းတွေထဲမှာ ပါဝင်တဲ့ဖြစ်ရပ်တွေဟာ သမိုင်းစဉ်အစီအစဉ်အတိုင်း မှတ်တမ်းတင်တာတော့ မဟုတ် ဘူး။ ဒါပေမယ့် အဓိပ္ပါယ်အကျိုးအကြောင်းအရ စီစဉ်ရေးသားတာ ဖြစ်တယ်။

.

## THE LESSON

## THE LIFE OF CHRIST - Part I

### I. CHRIST'S PRE-EXISTENCE AND PREPARATION FOR HIS COMING-ခရစ်တော်ရဲ့ရှေးယခင်ကတည်းကရှိနေခြင်းနဲ့ ပထမအကြိမ်အတွက်ပြင်ဆင်ခြင်း John 1:1-5; Luke 1:1-25; Matthew 1:1-17

A.**There is no beginning to Christ Jesus.-** ယေရှုခရစ်တော်မှာ အစမရှိဘူး။

သူဟာ အရင်ကတည်းကရှိပြီး၊ နောင်လည်းရှိနေအုံးမယ်။ ဘုရားသခင်ဖြစ်တဲ့အတွက် ထာဝရတည်တယ်။ လူ့သမိုင်းအတွက် အရေးအကြီးဆုံးအချက်က သူဟာ လူ့ဇာတိကိုခံပြီး ဘုရားလူ the God Man အဖြစ် အပြစ်သား တွေကို ရွေးနှုတ်ဖို့လာတယ်။ ယေရှုခရစ်ဟာ သန့်ရှင်းတဲ့ဘုရားနဲ့ အပြစ်ရှိတဲ့ လူကြားမှာ ဆက်သွယ်တဲ့ တံတားဖြစ်တယ်။

B.**His coming to earth was planned from the creation of the world.** မြေကြီးပေါ်ကြွ လာခြင်းဟာ ဤလောကကို ဖန်ဆင်းစဉ်ကတည်းက စီစဉ်ထားတာဖြစ်တယ်။

1. It was foretold through: ဒီအကြောင်းကို ကြိုတင်ပြောပြထားတာတွေက

a. the seed of the woman မိန်းမရဲ့အမျိုးအနွယ် (Genesis 3:15)

b. a blood sacrifice အသွေးဖြင့် ပူဇော်ခြင်း (Genesis 4:3-5)

c. the Abrahamic covenant အာဗြဟံနဲ့ပြုသော ပဋိညာဉ် (Genesis 12:3; 18:18; 22:18)

d. Melchizedek's priesthood ယဇ်ပုရောဟိတ်မေလခိဇေဒက် (Genesis 14:18-20)

e. the offering of Isaac ဣဇက်ကို ပူဇော်ဖြင်း (Genesis 22:1-19)

f. the promise to Isaac ဣဇက်ကို ပေးတဲ့ဂတိတော် (Genesis 26:4; 28:14)

g. the Scepter of Shiloh ရှိလောင်ရဲ့ လှံတံ (Genesis 49:10,11)

h. the Passover ပသခါပွဲ (Exodus 12)

i. the Day of Atonement အပြစ်ဖြေရာ (Leviticus 16)

j. The fiery serpent မီးမြွေ (Numbers 21:6-9)

k. the Star out of Jacob ယာကုပ်အမျိုးရဲ့ကြယ် (Numbers 24:17,19)

l. Prophet like Moses မောရှေနဲ့တူသော ပရောဖက် (Deuteronomy 18:15-19)

m. Joshua the conqueror/savior ယောရှုလို ကယ်တင်ရှင် (Joshua 1-24)

n. Son of Ruth and Boaz of Bethlehem ဗက်လင်မြို့ရှိ ရုသနဲ့ ဗောဇရဲ့သား (Ruth 1-4)

o. the anointed of David's family ဒါဝိဒ်ရဲ့အမျိုး ဘိသိက်ခံသောသူ (1 Samuel 16)

p. promise of an eternal throne ထာဝရပလ္လင်ပေါ်မှာ ထိုင်မယ့် ဂတိတော် (2 Samuel 7:16)

q. the promise to Solomon ရှောလမုန်ကို ပေးသောဂတိတော် (1 Kings 9:5)

r. the declaration of Jobယောဘရဲ့ကြေငြာစကား (Job 19:25-27)

s. the book of Psalmsဆာလံကျမ်း

t. the vision of Isaiah ဟေရှာယရဲ့ရူပါရုံ (Isaiah 2:2-4)

u. the Branch of the LORD ထာဝရဘုရားရဲ့အညွန့် (Isaiah 4:2-6; Jeremiah 23:5,6; Zechariah 3:8; 6:12)

v. the virgin's Son, Emmanuel အပျိုကညာမှ မွေးသောသား ဧမာနွေလ (Isaiah 7:13,14)

w. Wonderful Child အံ့သြဖွယ် သူငယ် (Isaiah 9:1,2,6,7)

x. the reign of the Branch အညွန့်ဖြစ်သောသူရဲ့စိုးစံခြင်း (Isaiah 11:1-10)

y. the promise of resurrection ရှင်ပြန်ထမြောက်မယ့် ဂတိတော် (Isaiah 25:6-9; 26:1,19)

z. the reign of the coming King ကြွလာမယ့်ဘုရင်ရဲ့စိုးစံခြင်း (Isaiah 32:1,2)

aa. Messiah's miracles and a way prepared မေရှိယသခင်ရဲ့ အံ့ဖွယ်နိမိတ်လက္ခဏာများနဲ့ လမ်းခရီးကို ပြင်ဆင်ခြင်း (Isaiah 35:5,6,8,10)

bb. Messiah's tenderness မေရှိယရဲ့နူးညံ့သိမ်မွေ့မှု (Isaiah 40:1,11)

cc. the Light of the Gentiles တပါးအမျိုးသားအတွက် အလင်း (Isaiah 42:1-11; 60)

dd. the Messiah's sufferings မေရှိယရဲ့ဝေဒနာခံစားရခြင်း (Isaiah 53)

ee. Prince of the house of David ဒါဝိဒ်ရဲ့သားတော်မင်းမျိုး (Ezekiel 34)

ff. the life-giving Stream အသက်ရေစီးရာမြစ် (Ezekiel 47:1-12)

gg. the King of the four kingdoms နိုင်ငံတော် ၄ပါးရဲ့ရှင်ဘုရင် (Daniel 2)

hh. the Giver of the Holy Spirit သန့်ရှင်းသောဝိညာဉ်တော်ကို စေလွှတ်သူ (Joel 2:28)

i. the restoration of David's throne ဒါဝိဒ်ရဲ့ပလ္လင်ကို တည်ဆောက်မယ့်သူ (Amos 9:11,12,14)

jj. the sign of Jonah ယောနရဲ့နိမိတ်လက္ခဏာ (Jonah 1:17)

kk. Bethlehem, His birthplace မွေးဖွားရာအရပ် ဗက်လင် (Micah 5:2-5)

ll. a new language ဘာသာစကားအသစ် (Zephaniah 3:9)

mm. the Desire of All Nations တိုင်းနိုင်ငံတို့ရဲ့နှစ်လိုရာ (Haggai 2:6,7)

nn. announced by John the Baptist နှစ်ခြင်းဆရာ ယောဟန်က ကြေငြာသောသူ (Malachi 3:1; 4:5)

2. အမျိုးအနွယ်တော်ကို ကမ္ဘာဦးကျမ်း ခေတ်ကာလမှစ၍ ဖွားမြင်တော်မူရာအထိ ဘုရားသခင် စောင့်ထိန်းပေးတော်မူခဲ့တယ်။ (Matthew 1:1-17, Luke 3:23-38).

C. **The purpose:** ရည်ရွယ်ချက်။ အလင်း၊ အသက်၊ ရွေးနှုတ်ခြင်းအဖြစ် လူတို့ထံသို့ လာခဲ့တယ်။ **(John 1:1-12).**

D. Human response: rejection and acceptance. လူ့ရဲ့တုန့်ပြန်ချက်- ငြင်းပယ်ခြင်းနဲ့ လက်ခံခြင်း သခင်ယေရှုခရစ်ဟာ သူဖန်ဆင်းထားတဲ့ လူများထံ လာခဲ့ပေမယ့် သူ့ကို မသိကြ၊ လက်မခံကြဘူး။ ယုံကြည်သူအနည်းစုသာ သူ့ကို လက်ခံတယ်။ ဒီအနည်းစုဟာ ရွေးနှုတ်ခံရပြီး၊ ဘုရားသခင်ရဲ့မိသားစုဝင် ဖြစ်လာကြတယ်။ (John 1:11,12; 3:16,17).

## II.THE PREPARATION AND FIRST PRESENTATION OF JESUS သခင်ယေရှု ပထမအကြိမ်ကြွလာခြင်းနဲ့ ပြင်ဆင်ခြင်း (Matthew 1-4; Mark 1; Luke 1-4; John 1)

A.သခင်ယေရှုရဲ့ဖွားမြင်ခြင်းဟာ တိကျတဲ့အချိန်၊ တိကျတဲ့နေရာမှာ ဘုရားသခင် ကြိုတင်ပြောတဲ့အတိုင်း ဖြစ်လာ ခဲ့တယ်။.

1. Divine preparation: ဘုရားသခင် ပြင်ဆင်ခြင်း

a. အရပ်ဒေသကို ပြင်ဆင်ပြီးကြေငြာခဲ့တယ်။ ယုဒပြည်၊ ဗက်လင်မြို့ (Micah 5:2-5)

b. အမျိုးအနွယ်ကို ပြင်ဆင်တယ်။- ဒါဝိဒ်ရဲ့အမျိုးဖြစ်တယ်။ (Ruth 4; Ezekiel 34:23)

c. လောကကို ပြင်ဆင်တယ်။- နိုင်ငံရေးအရ ရောမအင်ပါယာ အားကောင်းချိန် ဖြစ်တယ်။ ငြိမ်သက်ပြီး၊ လမ်းပန်းဆက်သွယ်ရေး ကောင်းတယ်။ ဘာသာစကားအားဖြင့် ဂရိတမျိုးတည်းကို သုံးနေချိန်ဖြစ်တယ်။ စီးပွားရေး အဆင်မပြေချိန် ဖြစ်တယ်။ Economic unrest. အခွန်တိုးကောက် ခြင်းကြောင့် လူတွေ စားဝတ်နေရေး ကြပ်သည်းလာတယ်။ Spiritually,ဝိညာဉ်ရေးအရ ယုဒ ဘာသာ ဂုဏ်ကျဆင်းပြီး၊ ရောမဘုရားများလည်းအလုပ်မဖြစ်ချိန်ဖြစ်တယ်။ လူတွေ က ရွေးနှုတ် ခြင်းအတွက် အသင့်ဖြစ်နေပြီ။ ဒါပေမယ့် တချို့သော ဓလေ့ထုံးစံ၊ လောကီသွန်သင်မှုနဲ့ သူတို့ရဲ့အပြစ်တွေ ကြောင့် မျက်စိကွယ်ပြီး ကယ်တင်ရှင်ကို မမြင်ခဲ့ရတာ ဖြစ်တယ်။.

d. အချိန်ကလည်း ကွက်တိဖြစ်တယ်။ (ဒံယေလသီတင်း ၇၀ (Daniel 9:25).

2. Divine conception: ဘုရား လူ့ဇာတိခံယူခြင်း- အပျိုကညာမှ လူ့ဇာတိခံယူခဲ့တယ်။ ထာဝရအသက်ရှင်သူဟာ လူအဖြစ်ဝင်စားတယ်။ (John 1:14, Matthew 1,2; Luke 2).

3. Divine annunciation by angels: ကောင်းကင်တမန်များအားဖြင့် ကြေငြာခြင်း - မာရိ၊ ယောသပ်၊ ဇာခရိ၊ ဧလိရှဗက်နဲ့ သိုးထိန်းများထံ သတင်း ကြေငြာခဲ့တယ်။(Luke 1:26-38; 2:8-14) အရှေ့ပြည်မှ ပညာရှိများအား ကြယ်အားဖြင့် လမ်းပြခဲ့တယ်။ (Matthew 2:1-2)

4. Divine protection from the rejection by Herod: ဟေရုဒ်ရဲ့ငြင်းပယ်တဲ့ ရန်ဘေးမှ ကွယ်ကာမစခဲ့တယ်။

a. The flight into Egypt အီဂျစ်ပြည်သို့ ထွက်ပြေးရတယ်။ (Matthew 2:13-15)

b. Slaughter of the innocents အပြစ်ကင်းတဲ့ ကလေးများ သတ်ဖြတ်ခံခဲ့ရတယ်။ (Matthew 2:16-18)

B. **Jesus' identification with the human race and the Jewish nation in particular.** လူသားတွေကြားထဲက သခင်ယေရှုရဲ့ထူးခြားမှု

1. မျိုးရိုးစဉ်ဆက်အားဖြင့် လူမျိုးရဲ့အဖ အာဒံမှသည် ဂျူးလူမျိုးရဲ့ဖခင်အာဗြဟံနဲ့ ဒါဝိဒ်ရဲ့မင်းမျိုးဖြစ်တဲ့ ယုဒအနွယ်မှ ဆင်းသက်တယ်။
2. ယုဒထုံးစံအရ ဗိမ္မာန်တော်မှာ အရေဖျားလှီးမင်္ဂလာ ခံယူတယ်။ (Luke 2:21-24) ရှိမောင်နဲ့ အန္နက ဗိမ္မာန်တော်မှာ သူငယ်တော်ကို မြင်ပြီး ဝင်ရောက် သက်သေခံတယ်။(Luke 2:25-38).
3. ငယ်စဉ်ဘဝမှာ ဂါလိလဲပြည်၊ နာဇရက်မြို့မှာ သာမန်မိသားစုဘဝနဲ့ နေထိုင်တယ်။ (Luke 2:39-40; 40-52).
4. အသက် ၁၂နှစ်အရွယ်၊ ယေရုရှလင်မြို့မှာ ပသခါပွဲနေ့အပါအဝင်၊ ယုဒထုံးစံနဲ့ပွဲနေ့များမှာ ပါဝင်တယ်။ (Luke 2:41-52).

C. ခရစ်တော်ကြွလာခြင်းကို ယောဟန်က ကြော်ငြာပြီး အမှုတော်ဆောင်မယ့် လမ်းခရီးကို ပြင်ဆင်ပေးတယ်။ **(Matthew 3:1-16; Mark 1:1-11; Luke 3:1-20; John 1:6-8,15-34),** ဒီအချိန်ကာလဟာ **A.D.** ၂၇၊ **January** မှ **April** အထိ သုံးလ ကြာမြင့်တယ်။

1. ဇာခရိနဲ့ဧလိရှဗက်ရဲ့သားဖြစ်တဲ့နှစ်ခြင်းဆရာယောဟန်ဟာသခင်ယေရှု မတိုင်ခင် လအနည်းငယ်အကြာမှာမွေးဖွားခဲ့တယ်။ သူဟာ ပညတ္တိကျမ်းအောက်မှာ မွေးဖွားတဲ့ ယုဒပရောဖက်တွေထဲမှာ နောက်ဆုံးပရောဖက် ဖြစ်တယ်။ Deuteronomy 18:15-19 မှာ မောရှေက ပြောတဲ့ပရောဖက်ဖြစ်တဲ့ မေရှိယကယ်တင်ရှင်၊ ယဇ်ပရောဟိတ်နဲ့ ဘုရင်ရဲ့သွားရာလမ်းခရီးကို ပြင်ဆင်ရသူ ဖြစ်တယ်။
2. သူ့ရှေ့က ပရောဖက်တွေလိုပဲ သူ့အလုပ်ကလည်း ခရစ်တော်ကြွလာဖို့အတွက် လူတွေရဲ့စိတ်နှလုံးကို ပြင်ဆင်ဖို့ ဖြစ်တယ်။ (Matthew 3:1-12; Mark 1:2-8; Luke 3:1-20; John 1:6-8) နောင်တရတဲ့ သင်္ကေတကတော့ နှစ်ခြင်းခံခြင်း ဖြစ်တယ်။ ယောဟန်ဟာ နောင်တရသူတွေကို ရေမှာ နှစ်ခြင်းပေးတယ်။ ဒီနှစ်ခြင်းမင်္ဂလာဟာ အပြစ် နဲ့ပတ်သက်လို့ သေတဲ့သဘော၊ ဘုရားသခင်ရဲ့စကားနားထောင်တာကို ပြင်ပ သက်သေခံခြင်း ဖြစ်တယ်။
3. ယောဟန်က ဖာရိရှဲတို့နဲ့ ဇဒ္ဒုကဲတို့ရဲ့ဟောပြောသွန်သင်ချက်ဖြစ်တဲ့ စိတ်နှလုံး မပြောင်းလဲဘဲ၊ အပြင်ပန်းက ပညတ်တရား လိုက်လျှောက်တာကို လက်မခံဘူး။ (Matthew 3:5-10)
4. သခင်ယေရှုက ယောဟန်ထံလာပြီး နှစ်ခြင်းခံတယ်။ ယောဟန်က မြင်တဲ့အခါ "ဤလောကရဲ့အပြစ်ကို ဆောင်သွားသော ဘုရားသခင်၏ သိုးသငယ်ကို ကြည့်လော့။ ဤသူကား ဘုရားသခင်၏ သားတော် ဖြစ်သတည်း။ ထိုသူသည်

တိုးပွားခြင်းရှိရမည်။ ငါမူကား၊ ဆုတ်ယုတ်ခြင်းရှိရမည်။”(John 1:29,34,36; John 3:30) ဒါဟာ ပညတ်တရားမှ ကျေးဇူးတရား၊ မောရှေမှ ခရစ်တော်၊ ယောဟန်ခေတ်မှ သခင်ယေရှုခေတ်သို့ ပြောင်းလဲတာ ဖြစ်တယ်။

5. သခင်ယေရှုရဲ့နှစ်ခြင်း (Matthew 3:13-17; Mark 1:9-11; Luke 3:21,22) ဟာ သူဟာ လူ့ဇာတိ ခံယူပြီး အသေခံဖို့ ကြွလာတယ်။ ရှင်ပြန်ထမြောက်မယ်ဆိုတာကို ပုံဖော်ပြခြင်းဖြစ်တယ်။ သခင်ယေရှုရဲ့နှစ်ခြင်းခံခြင်းမှာ ခမည်းတော်ဘုရားသခင်က လူရှေ့မှာ ဘုရားဖြစ်ကြောင်း ကြေငြာတယ်။

6. စာတန်က သခင်ယေရှုကို စုံစမ်းသွေးဆောင်ဖို့ ကြိုးစားတယ်။ ဒါပေမယ့် မအောင်မြင်ဘူး။ (Matthew 4:1-11; Mark 1:12,13; Luke 4:1-13) ဒါဟာ သခင်ယေရှုဟာ ကျဆင်းနေတဲ့ လူသားတွေထဲမှာ ဝင်ရောက်လာတယ် ဆိုတဲ့အရာလည်း ဖြစ်တယ်။ အောင်မြင်သူဖြစ်တဲ့အတွက် အပြစ်သားကို ကယ်နှုတ်ပြီး၊ ထာဝရ သန့်ရှင်းခြင်းထဲကို သွင်းပေးနိုင်ကြောင်းပြတယ်။

*D.* **Things to Think About:** ဆင်ခြင်စရာများ

လူသားတို့ရဲ့ကယ်တင်ရှင်ဖြစ်ဖို့အတွက် သခင်ယေရှုဟာ လူ့ဇာတိခံယူရတယ်။ ဘုရားမိသားစုထဲမှာ ဝင်ဖို့ ဘုရားသခင်ရဲ့ဝိညာဉ်တော်အားဖြင့် မွေးဖွားလာရတယ်။ ယောဟန်က ဒါကို John 1:1-12 , 3:16-18,36 မှာ ရှင်းပြထားတယ်။ သင်ဟာ ဘုရားသခင်ရဲ့မိသားစုထဲမှာ မွေးဖွားလာပြီလား။ ဘုရားသား တယောက်လို အသက်ရှင်နေပြီလား။

III. **JESUS, THE MESSIAH, PRESENTS HIMSELF TO HIS OWN** မေရှိယဖြစ်တဲ့ သခင် ယေရှုဟာ သူ့ရဲ့လူမျိုးတော်မှာ ထင်ရှားခဲ့တယ်။ **(**အစောပိုင်း သွန်သင်မှုများနဲ့ အမှုတော် ဆောင်ခြင်းများ**) (early teachings and works of Jesus) (Matthew 3-20; Mark 1-10, Luke 3-19, John 1-12) (About eight months, April to December, 27 A.D.)**

A. သခင်ယေရှုက တပည့်တော်များကို ယုံကြည်သူအဖြစ်မှ ခေါ်ခဲ့တယ်။.

ရှိမုန်ပေတရုရဲ့ညီ အန္ဒြေ၊ ယောဟန်၊ ဖိလိပ္ပု နဲ့ နသနေလတို့ဟာ တပည့်တော်တွေထဲမှာ ပထမဦးဆုံး အခေါ်ခံရသူတွေ ဖြစ်တယ်။ (John 1:35-51) ယောဟန်နဲ့ ယာကုပ်ဟာ ကပေရနောင်မြို့မှာ ပါဝင်လာသူဖြစ်တယ်။ (Matthew 4:12-25; Mark 1:16-20).

B. **Jesus declared Himself privately.** သခင်ယေရှုက သူ့အကြောင်းကို တိတ်ဆိတ်စွာလည်း ပြောလေ့ရှိတယ်။

1. ကာနမြို့မှာ သူ့မိသားစုနဲ့ တပည့်တော်များကို ရေမှ စပျစ်ရည်ပြောင်းလဲစေတဲ့ မင်္ဂလာဆောင်မှာ တန်ခိုးတော်ကို ပြတယ်။ ဘုရားသခင်ရဲ့အလုပ်ကို လုပ်ဆောင်ဖို့အတွက်တခုတည်းသာ သူ့ရည်ရွယ်ချက် ဖြစ်ကြောင်း ပြောပြတယ်။ ကပေရနောင်မြို့သွားဖို့အတွက် မိခင်၊ ညီများနဲ့ တပည့်တော်များကို ထားခဲ့ပြီး နာဇရက်မြို့မှ ထွက်ခဲ့တယ်။ (John 2:1-12)

2. ယေရုရှလင်မြို့ရှိဂျူးလူမျိုးများကိုတော့ပသခါပွဲအတွင်းဗိမ္ဗာန်တော်ကိုသန့်ရှင်းစေတဲ့အခါ ပညတ်တရားရဲ့အထုံးအဖွဲ့ထက် သူ့တန်ခိုးတော်ဟာ သာကြောင်းပြခဲ့တယ်။ မေရှိယအဖြစ် အမှုတော်ဆောင်ရာမှာ စစ်မှန်စွာဝတ်ပြုကိုးကွယ်ဖို့ စိတ်အားကြီးကြောင်း ဖော်ပြတယ်။ (John 2:1-17) ဂျူးလူမျိုးတွေက သူ့ကို ဘုရား နိမိတ်လက္ခဏာ တခုပြဖို့ တောင်း တယ်။ “ယေရှုကလည်း ဤဗိမ္ဗာန်တော်ကို ဖြိုဖျက်ကြလော့။ သုံးရက်အတွင်းတွင် ငါတည်ဆောက်မည်ဟု မိ

နဲ့တော်မူ ၏။" (John 2:19) သူ့ရဲ့ကိုယ်ခန္ဓာကို ရည်ညွှန်း ပြောဆိုပေမယ့် လူတွေက နားမလည်ကြဘူး။ ဒါပေမယ့် မာရိကတော့ နိမိတ်လက္ခဏာတွေကို မြင်တဲ့အခါမှာ သခင်ယေရှုကို ယုံကြည်သွားတယ်။ (John 2:23)

3. ယုဒ အရာရှိတယောက်ဖြစ်တဲ့ နိကောဒင်ဟာ ညအခါမှာလာပြီး ဘုရားသခင်ရဲ့နိုင်ငံတော်ကို ဘယ်လို ဝင်ရမလဲဆိုတာ မေးတယ်။ (John 3:1-21) သခင်ယေရှုက နောက်တခါ ပြန်မွေးခြင်းအားဖြင့်သာ ကောင်းကင်နိုင်ငံတော်ကို ဝင်ရ နိုင်တယ်လို့ ရှင်းပြတယ်။
4. သခင်ယေရှုကို မြင်တဲ့အခါ နှစ်ခြင်းဆရာယောဟန်က ငါဟာ ခရစ်တော်မဟုတ်ဘူး။ သူ့ရှေ့မှာ စေလွှတ်ခံရသူသာ ဖြစ်တယ်။ မင်္ဂလာဆောင် သတို့သားဟာ အခု ဒီမှာရှိနေပြီ။ သူ့စကားကို နားထောင်ပါ။ ဘုရားသခင် စေလွှတ်သူလို့ ကောင်းကင်က သက်သေရထားသူ ဖြစ်တယ်လို့ ဆိုတယ်။ ဘုရားသခင်က စစ်မှန်တယ်။ ထာဝရအသက် ပေးတယ်။ (John. 3:22-36) သခင်ယေရှုဟာ ဂါလိလဲပြည်ကို ရှမာရိလမ်းမှ ပြန်တယ်။ (Matthew 4:12; Mark 1:14; Luke 4:14; John 4:1-5,43)
5. ယာကုပ်ရေတွင်းမှ ရှမာရိအမျိုးသမီးကို သူဟာ မေရှိယဖြစ်ကြောင်း ရှင်းရှင်းပြောပြတယ်။(John 4:25,26) စစ်မှန်တဲ့ ဝတ်ပြုကိုးကွယ်ခြင်းဆိုတာဟာ စိတ်ဝိညာဉ်နဲ့ သစ္စာနဲ့အညီ ကိုးကွယ်ရမယ်။ ဒါမှ ဘုရားသခင် လက်ခံတယ် လို့ ဆိုတယ်။ (John 4:24) သန့်ရှင်းသောဝိညာဉ်တော် ဆင်းသက်လာမယ့် အကြောင်းကိုလည်း ပြောတယ်။ (John 4:14) ရှမာရိပြည်မှာရှိတဲ့ လူအများစုက ကိုယ်တော်ကို ယုံကြည်ကြတယ်။ (John 4:39)

C. **Things to Think About:** ဆင်ခြင်စရာများ

သခင်ယေရှုက လူအမျိုးမျိုးကို သူ့အကြောင်းသိခွင့်ပေးတယ်။ တချို့လက်ခံတယ်။ တချို့ငြင်းပယ် တယ်။ သခင်ယေရှုက သင့်ကို ဘယ်လိုဖော်ပြခဲ့ပြီလဲ။ သင့်ရဲ့တုန့်ပြန်ချက်က ဘယ်လိုလဲ။?

IV. **JESUS SHOWED HIS POWER, SOVEREIGNTY AND COMPASSION TO THE MULTITUDES**သခင်ယေရှုက လူစုလူဝေးကို သနားခြင်း၊ တန်ခိုးတော်နဲ့ ကြီးမြတ်ခြင်းကို ပြတယ်။ **(ဘုရားဖြစ်ကြောင်း ပြောပြတယ်။) (Matthew 8-10; Mark 4-10; Luke 7-10; John 6;7)**

A. Beginning of Jesus' public ministry in Galilee. သခင်ယေရှုရဲ့ဂါလိလဲအိုင်က အမှုတော် အစပိုင်း ဂါလိလဲ၊ ဆီးရီးယား၊ ဒေကာပေါလိ၊ ယေရုရှလင်၊ ယုဒပြည် ယော်ဒန်မြစ်ကမ်းတလျှောက်မှ လူများ ရောက်လာပြီး၊ တရား စကားနားထောင်ကြတယ်။.

1. အရာရှိရဲ့သားကို ရောဂါပျောက်ကင်းစေတယ်။ (ယောဟန် ၄း၄၆-၅၄) ယုံကြည်ခြင်းရဲ့တန်ခိုးကိုပြပြီးရောဂါပျောက်ကင်းစေတယ်။
2. ဘုရားသခင် စေလွှတ်သောသူဖြစ်ကြောင်း ကြေငြာတဲ့အခါ နာဇရက်မြို့မှာ ငြင်းပယ်ခံရတယ်။ (Luke 4:16-30) ဘယ်ပရောဖက်မှ နေရင်းပြည်မှာ အသရေမရှိ။ လက်မခံလို့ ပြောတယ်။
3. Isaiah 9:1,2 ပြည့်စုံဖို့အတွက် ကပေရနောင်မြို့ကို သွားတယ်။ (Matthew 4:13-16) "နောင်တရကြလော့။ ကောင်းကင်နိုင်ငံ တည်လုနီးပြီ"လို့ တရားဟောတယ်။ (Matthew 4:17)
4. တပည့်တော်တွေကို ခေါ်တယ်။ ပေတရု၊ အန္ဒြေ၊ ယာကုပ်နဲ့ ယောဟန်ကို ဂါလိလဲအိုင် ငါးဖမ်းနေစဉ် ခေါ်တယ်။ ငါးအများကြီး မိစေခြင်းအားဖြင့် တန်ခိုးတောက်ကို ပြခဲ့တယ်။ "ငါ့နောက်သို့လိုက်ကြလော့။ လူကိုမျှားသော တံငါ သည်ဖြ

စ်စေမည်" လို့ ပြောတယ်။ (Matthew 4:18-22; Mark 1:16-20, Luke 5:1-11) သခင်ယေရှုရဲ့အသက် တာနဲ့ အမှုတော်လုပ်ငန်းအများစုဟာ ဂါလိလဲဒေသမှာ အချိန်ယူခဲ့တယ်။ (Matthew 4:12-18; Luke 4:31,32)

5. တရားစရပ်မှာ ညစ်ညူးတဲ့ နတ်စွဲတဲ့လူထဲက နတ်ဆိုးကို နှင်ထုတ်ခြင်းအားဖြင့် တန်ခိုးတော်ပြခဲ့တယ်။ (Mark 1:21-28; Luke 4:31-37)

6. ဂါလိလဲပြည်ကို သွားပြီး တရားဟောခြင်း၊ သွန်သင်ဆုံးမခြင်း ပြုတယ်။ (Matthew 4:23-25; Mark 1:35-39; Luke 4:42-44)

a. လူနာသည်ကို ရောဂါပျောက်စေတယ်။ (ဘယ်သူ့ကိုမှ မပြောဖို့ တားတယ်။ ) (Matthew 8:2-4; Mark 1:40-45; Luke 5:12-14)

b. တပ်မှူးရဲ့အစေခံကျွန် (Matthew 8:5-13; Luke 7:1-10)

c. ပေတရုရဲ့ယောက္ခမ (Matthew 8:14-18; Mark 1:29-34; Luke 4:38-41)

d. ခြေလက်သေနေသူကို မိတ်ဆွေများက ခေါင်မိုးပေါ်က လျှောချခဲ့တယ်။ (Matthew 9:1-8; Mark 2:1-12; Luke 5:18-26) လက်ခြေသေသူကို ကိုယ်တော်က "ငါ့သား၊ မစိုးရိမ်နှင့်။ သင်၏ အပြစ်ကို လွှတ်စေပြီ။" ဒီစကားကို ကြားတဲ့ အခါ ပညတ်ကျမ်းစာဆရာတွေက ဒါဟာ ဘုရားကို မရိုမသေပြုတာလို့ စွပ်စွဲကြတယ်။ ကိုယ်တော်က "အဘယ် စကား ကို သာ၍ ပြောလွယ်သနည်း။ သင်၏အပြစ်ကို လွှတ်စေပြီဟု ပြောလွယ်သလော။ သင်ထ၍ လမ်းသွားလော့ ဟု ပြော လွယ် သလော။" (Matthew 9:2-5) ဒါဟာ သူရဲ့တန်ခိုးတော်နဲ့လုပ်ဆောင် ခြင်းကို ကြေငြာလိုက်ခြင်း ဖြစ်တယ်။

B. **He taught and trained disciples, using parables.** တပည့်တော်တို့ကို ပုံဥပမာများနဲ့ သွန်သင်ပြသခဲ့တယ်။

1. ဗိမ္မာန်တော်မှာ နိုင်ငံတော်အကြောင်းကို သွန်သင်ရင်း ဖျားနာသူကို အနာရောဂါပျောက်စေခဲ့တယ်။ ဒီအခါမှာ သနားတဲ့စိတ်နဲ့ "စပါးရိတ်စရာများစွာရှိ၏။ ရိတ်သောသူတို့သည် နည်းကြ၏။ (Matthew 9:35-38; Mark 6:5,6)

2. တောင်ပေါ်ဒေသနာ - ဒီဒေသနာကို ဘယ်အချိန်မှာ ဟောတယ်ဆိုတာ အတိအကျမပြောနိုင်ပါ။ ယုံကြည်သူရဲ့ အသက်တာအတွက် အခြေခံအချက်တွေ ပြောတာဖြစ်တယ်။ ဒီဒေသနာဟာ နိုင်ငံတော်မှာ ကောင်းကြီးခံစားရဖို့ အသက်ရှင်ပုံဖြစ်တယ်။ (Matthew 5:1-16)

ခရစ်တော်ရဲ့တပည့်တယောက်က မောရှေရဲ့တရားကို ကြည့်မြင်တတ်ဖို့ သွန်သင်တာဖြစ်တယ်။ (Matthew 5:17-7:12)

ဘုရားသခင်ရဲ့နိုင်ငံတော်မှာ ထာဝရအသက်စိတ်ချမှုကို ပြောတယ်။ (Matthew 7:13-29)

ဒီဒေသနာမှာပါတဲ့ လူသိများတဲ့ ကျမ်းပိုက်တွေကတော့ -

ဆားဥပမာ (Matthew 5:13) နဲ့ အလင်း (Matthew 5:14-16)

ပညတ်တရားကို ဖျက်စီးဖို့လာတာမဟုတ်။ ပြည့်စုံစေဖို့ လာတာဖြစ်တယ်။ (Matthew 5:17-20)

ဆုတောင်းချက်သင်ပေးခြင်း (Matthew 6:5-15)

လောကီအသုံးအဆောင် လိုအပ်မှုများအတွက် ထားသင့်သောသဘောထားများ (Matthew 6:25-34)

ကျဉ်းသောလမ်းနဲ့ ကျယ်သောလမ်း၊ မှားယွင်းတဲ့ သွန်သင်ချက်များအကြောင်း သွန်သင်မှု (Matthew 7:13-23)

အိမ်ဆောက်သူပညာရှိနဲ့ လူမိုက်ဥပမာ (Matthew 7:24-27)

3.ဂါလီလဲကမ်းခြေမှာ လူအုပ်ကြီးကို တရားဟောရင်းနဲ့ ဖာရိရှဲတို့ရဲ့ငြင်းခုံခြင်းကြားထဲ ရောက်သွားတယ်။

a.ခွင့်မလွှတ်နိုင်သောအပြစ် (Matthew 12:31,32; Mark 3:29,30)

b.ကောင်းသောအပင်နှင့် မကောင်းသောအပင် (Matthew 12:33-37)

c.ယောနရဲ့နိမိတ်လက္ခဏာ (Matthew 12:38-42, Luke 11:29-44)

d.ကိုယ့်ကိုကိုယ် ပြောင်းလဲခြင်းရဲ့အချည်းနှီးဖြစ်ပုံ (Matthew 12:43-45; Luke 11:24-26

C.မကျန်းမာသူကို ရောဂါပျောက်စေပြီး၊ သေသူကို အသက်ပြန်ရှင်စေခြင်းဖြင့် အမှုတော်ကို ထင်ရှားစေတယ်။.

1.တပ်မှူးရဲ့အစေခံကို အဝေးကနေ ရောဂါပျောက်ကင်းပေးစေတယ်။ (Matthew 8:5-13; Luke 7:1-10)

2.နာဣမြို့မှ မုတ်ဆိုးမ၏ သားကို သေရာမှ ပြန်ရှင်စေတယ်။ (Luke 7:11-17)

D.**Things to Think About:** ဆင်ခြင်စရာများ

ခရစ်တော်ရဲ့သနားခြင်း၊ တန်ခိုးတော်နဲ့ မြင့်မြတ်ခြင်းကို ယုံကြည်သလား။?

V.**JESUS CONTINUED TO TEACH AND CALL OUT DISCIPLES** တပည့်တော် တို့အားခေါ်ပြီး ဆက်လက်သွန်သင်ပေးတယ်။ **(Matthew 8:19-22; Mark 2; Luke 5)**

A.တပည့်တော်တို့ရဲ့ဆက်ကပ်မှုကို စမ်းသပ်ခဲ့တယ်။ "မြေခွေးမှာတွင်းရှိ၏။ သို့သော်လည်း လူသား၌ ခေါင်းချစရာ မရှိ။" "လူသေတို့သည် လူသေကိုသင်္ဂြိုဟ်ပါလေစေ။" (Matthew 8:19-22; Luke 9:57-62)

B.အခွန်ခံလေဝိကို ခေါ်ပြီး တပည့်တော်ဖြစ်စေတယ်။ (Matthew 9:9-13; Mark 2:13-20; Luke 5:27-32).

C.သတို့သားရှိနေစဉ် အချိန်မှာ အစာရှောင်ဖို့မလိုဘူးလို့ ဖာရိရှဲတွေရဲ့မေးခွန်းကို ပြန်ဖြေခဲ့တယ်။ (Matthew 9:14-17; Mark 2:18-22; Luke 5:33-39).

D.မုန်တိုင်းကျစဉ်မှာ လှိုင်းလေကို ငြိမ်းစေတဲ့အတွက် တပည့်တော်တို့ရဲ့ယုံကြည်ခြင်းကို ပိုမိုတိုးပွားစေတယ်။ (Matthew 8:23-27; Mark 4:36-41; Luke 8:22-25).

E.ဂါဒရပြည်ရှိ လူတယောက်ရဲ့အထဲမှ နတ်ဆိုးများကို နှင်ထုတ်တဲ့အချိန်မှာ ကောင်းကင်တမန် တွေအပေါ်မှာ အာဏာထားနိုင်ကြောင်း ပြခဲ့တယ်။ (Matthew 8:28-34; Mark 5:1-20; Luke 8:26-40).

VI.**JESUS DECLARED HIS AUTHORITY OVER THE LAW AND TRADITION BECAUSE HE IS GOD-**ဘုရားဖြစ်တဲ့အတွက် ပညတ်တရားနဲ့ ထုံးတမ်းဓလေ့တွေထက် ပိုပြီး အခွင့်အာဏာရှိတယ်လို့ သခင်ယေရှု ဆိုတယ်။ **(ဖာရိရှဲတွေက ဒါကိုလက်မခံကြဘူး။)**

A.အဝတ်နဲ့ စပျစ်ရည်အဟောင်း၊ အသစ်ဥပမာတော်ဟာ အဟောင်းတွေကို စွန့်ပစ်ရမယ် ဆိုတဲ့အကြောင်း ပြောတယ်။ အသစ်လာနေပြီ။ (Matthew 9:16,17; Mark. 2:21,22; Luke 5:36-39) ပညတ်တရားကို ကျေးဇူးတော်နဲ့ အစားထိုးလိုက်ပြီ ဖြစ်တယ်။

B.သခင်ယေရှုနဲ့ ယုဒဘာသာရေးခေါင်းဆောင်တွေကြားက ဥပုဒ်နေ့နဲ့ ပတ်သက်တဲ့ သဘောထားကွဲလွဲမှုများ

1.သခင်ယေရှုက ယုဒပွဲနေ့ကို တက်ပြီး ဗေသေသဒအိုင်မှာ လူတယောက်ကို ဥပုဒ်နေ့မှာ အနာရောဂါ ပျောက်ကင်းစေတယ်။ (John 5:1-47) ယုဒတွေက ကန့်ကွက်ကြတဲ့အခါ သခင်ယေရှုက "ခမည်းတော် ပြုတော်မူသောအမှုကို သားတော်သည်မြင်၍သာပြု၏။ မိမိအလိုအလျောက် အဘယ် အမှုကိုမျှ မပြုနိုင်။ ခမည်းတော် ပြုတော်မူသမျှအတိုင်း သားတော်လည်းပြု၏။" (John 5:19) "ငါ့စကားကို နားထောင်၍ ငါ့ကို စေလွှတ်တော်မူသောသူကို ယုံကြည်သော သူသည် ထာဝရ အသက်ကိုရသည်ဖြစ်၍ အပြစ်စီရင်ခြင်းကို မခံရ၊ သေခြင်းမှ အသက်ရှင်ခြင်းသို့ ကူးပြောင်းသော သူဖြစ်၏။ ခမည်းတော်သည် ကိုယ်၌အသက်ရှိတော်မူသည်နည်းတူ သားတော်သည် မိမိ၌ အသက် ရှိရသော အခွင့်ကို ပေးတော်မူ၏။ ငါသည် ကိုယ်အလိုအလျောက် အဘယ်အမှုကိုမျှ မပြုနိုင်။ ငါ သည် ကြားသည်အတိုင်း တရားစီရင်၏။ ငါ့တရားစီရင်ခြင်းသည်လည်း တရားတော်နှင့် ညီညွတ်၏။ အကြောင်းမူကား၊ ငါသည် ကိုယ့်အလိုသို့ မလိုက်၊ ငါ့ကို စေ လွှတ်တော်မူသော ခမည်းတော်၏ အလိုသို့ လိုက်၏။" (John 5:24,26,30) ယုဒလူတို့က သခင်ယေရှုဟာ ဥပုဒ်နေ့ကို ချိုးဖောက် တယ်ဆိုပြီး သတ်ဖို့ ရှာကြံလာတယ်။ သခင်ယေရှုကလည်း သူ့အကြောင်းကို ပွင့်ပွင့် လင်းလင်း ပြောတယ်။ "ခမည်းတော်သည်ကိုယ်၌အသက်ရှိတော်မူသည်နည်းတူ၊ သားတော်သည် မိမိ၌ အသက်ရှိရသောအခွင့်ကို ပေးတော် မူ၏။ ငါသည် ကိုယ့်အလိုသို့မလိုက်၊ ငါ့ကိုစေလွှတ် တော်မူသော ခမည်းတော်၏ အလိုသို့ လိုက်၏။" (John 5:26,30)

2.ဥပုဒ်နေ့မှာ တပည့်တော်တို့က ကောက်ပဲသီးနှံတွေကို ခူးယူကြတယ်။ ဖာရိရှဲတွေက ပညတ်တရားကို ချိုးဖောက်တယ်လို့ အပြစ်တင်တဲ့အခါ သခင်ယေရှုက "လူသားသည် ဥပုဒ်နေ့ကို အစိုးရ တော်မူ၏။"လို့ ပြန်ဖြေတယ်။ (Matthew 12:1-8; Mark 2:23- 28; Luke 6:1-5)

3.ဥပုဒ်နေ့မှာ လက်ခြေသေတဲ့သူကို ပေးပျောက်စေတဲ့အခါ "ထို့ကြောင့် ဥပုဒ်နေ့၌ ကျေးဇူးပြုအပ်သည်"ဟု ပြန်ပြောတော်မူပြီးမှ (Matthew 12:9-14; Mark 3:1-6; Luke 6:6-11) ရေဖျင်းနာစွဲတဲ့သူကို ဥပုဒ်နေ့မှာ ဖာရိရှဲတယောက်ရဲ့အိမ်မှာ ပျောက်ကင်းစေတဲ့အခါ၊တရိစ္ဆာန်တွေကိုဥပုဒ်နေ့မှာကူညီမစကောင်းသလား"လို့ မေးခဲ့တယ်။ အဲဒီအခါ အားလုံး တိတ်ဆိတ်သွားကြ တယ်။(Luke 14:1-6)

4.နတ်ဆိုးစွဲတဲ့သူကို ပျောက်ကင်းစေတယ်။ ဖာရိရှဲတွေက သူဟာ ဗေလဇေဗုလကို အမှီပြုပြီး နတ်ဆိုး နှင်ထုတ်တယ်လို့ ဆိုတယ်။ ယောနရဲ့နိမိတ်လက္ခဏာကို မယုံကြည်တဲ့သူဟာ နိမိတ် လက္ခဏာကို ရှာနေတာဟာ ဆိုးညစ်တာ၊ ဖောက်ပြန်တာလို့ အဖြေပေးတယ်။ "မြို့ရွာဖြစ်စေ၊ အိမ်ဖြစ်စေ၊ မိမိနှင့် မသင့်မတင့် ကွဲပြားလျှင်၊ မတည်နိုင်ရာ။" (Matthew 9:32-34; 12:22-50; Mark 3:22-30; Luke 11:14-23)

5.ယုဒလူတွေ ငြင်းခုံတဲ့အကြောင်းအရာကို ဆက်ပြီး အဖြေပေးတယ်။ "ငါ့ဘက်၌ မနေသော သူသည် ငါ့ရန်ဘက် ဖြစ်၏။ ငါနှင့်အတူ မစုအသိမ်းသောသူသည် ကြဲဖြန့်သောသူဖြစ်၏။" (Luke 11:23) ကိုယ့်ကိုကိုယ် ပြုပြင်ခြင်းဟာလည်း အချည်းနှီးဖြစ်ကြောင်း ပြောတယ်။(John 5:40-47)

6.သခင်ယေရှုရဲ့စကားမှန်ကန်ကြောင်း သက်သေ ၄မျိုးရှိတယ်။ (စာမေးပွဲအတွက် သိထားဖို့ လိုတယ်။)

a. John the Baptist -နှစ်ခြင်းဆရာယောဟန်

b. His own works - သခင်ယေရှုရဲ့လုပ်ဆောင်မှုများ

c. The Father - ခမည်းတော်ဘုရားသခင်

d. The Scriptures - သမ္မာကျမ်းစာ (John 5:33-39)

C.နှစ်ခြင်းဆရာယောဟန်ဟာ သူ့တပည့်တွေကို သခင်ယေရှုထံ သွားပြီး မေးမြန်းတယ်။ ငါ့ဝန်လည်းပေါ့၏။” (Matthew 11:2-19; Luke 7:18-35)သခင်ယေရှုကဂျူးလူမျိုးတွေရဲ့မယုံကြည်မှုကိုအပြစ်တင်တယ်။“ဝန်လေး၍ ပင်ပန်းသောသူအပေါင်းတို့ ငါ့ထံသို့လာကြလော့။ ငါ သည်ချမ်းသာပေးမည်။ငါသည် နူးညံ့သိမ်မွေ့နှိမ့်ချသော စိတ် သဘောရှိ၏။ သင်တို့ စိတ်နှလုံးသည် သက်သာခြင်းကို ရလိမ့်မည်။ အကြောင်းမူကား၊ ငါ့ထမ်းပိုးသည် ထမ်းလွယ်၏။. (Matthew 11:1-30).

D.**Things to Think About:**

သခင်ယေရှုဟာ အသက်ရှင်တော်မူသောဘုရားသခင်၏ သားတော် ခရစ်တော်ဖြစ်ကြောင်း ယုံကြည်သလား။ ဘယ်အရာတွေက ယုံကြည်စေတာလဲ။?

VII.**JESUS BEGAN TO PREPARE HIS DISCIPLES FOR THEIR NEW ROLES -** တပည့်တော်တို့ကို တာဝန်ဝတ္တရားသစ်အတွက် ပြင်ဆင်ပေးခဲ့တယ်။ (ဂါလိလဲဒေသ အမှုတော်ရဲ့ဒုတိယပိုင်း **A.D.28-29)**

A.တပည့်တော် ၁၂ ပါးကို ခေါ်ပြီး ဣသရေလလူမျိုးများထံ ၂ယောက်စီ စေလွှတ်တယ်။ (Matthew 9:35-11:1; Mark 6:6-13; Luke 9:1-6).

B.တပည့်တော်တို့ကို သွန်သင်ပေးပြီး သူတို့နဲ့အတူ သွားလာတယ်။ **(Matthew 5-7; Luke 6:20-49)** တပည့်တော်များ၊ ယုံကြည်သူ အမျိုးသမီးများနဲ့အတူ **(မာဂဒလမာရိနဲ့အခြားသူများ)** တမြို့ပြီး တမြို့သွားလာခဲ့တယ်။ **(Luke 8:1-3)** လူအစုအဝေးကို မြင်တဲ့အခါ တောင်ပေါ်သို့ တက်ပြီး ဘုရားသခင်နဲ့အတူ လျှောက်လှမ်းခြင်းရဲ့ကောင်း ကြီးခံစားရပုံကို သွန်သင်ပေးတယ်။ တပည့်တော် ၁၂ ပါးကို သွန်သင်ပြီး စေလွှတ်ခိုင်းစေတယ်။ **(Matthew 10:1-42; 11:1; Mark 6:7-13; Luke 9:1-6)** မယ်တော်နဲ့ ညီတော်များနဲ့ ဆိုင်တဲ့ တော်စပ်မှုအသစ်ကိုလည်း ပြောပြတယ်။ **(Matthew 12:46-50; Mark 3:31-35; Luke 8:19-21).**

C.ဖာရိရှဲတယောက်ရဲ့အိမ်မှာ ဦးခေါင်းကို ဆီနဲ့ လိမ်းကျံခြင်းခံရတယ်။ အမျိုးသမီးက အပြစ်ရှိတဲ့ သူ တယောက်ဖြစ်တဲ့အတွက် ငိုကြွေးနေတယ်။ ခြေတော်ကို မျက်ရည်နဲ့ စိုစေပြီး ဆံပင်နဲ့ သုတ် ပေးခဲ့တယ်။သခင်ယေရှုကသူ့ကို **“**များ စွာသောအပြစ်တို့နှင့် လွတ်သည်ဖြစ်၍သင်၏ ယုံကြည်ခြင်း သည် သင့်ကို ကယ်တင်ပြီ၊ ငြိမ်ဝပ်စွာသွားလော့။**”** ဖရိရှဲတွေက သခင်ယေရှုက ဒီအမျိုးသမီးကို လက်ခံစကားပြောတဲ့အတွက် ပရောဖက်မဟုတ်ဘူးလို့ ဆိုတယ်။ သခင် ယေရှုက အမျိုးသမီးကို ချီးမွမ်းပြီး ဖာရိရှဲတွေကို အပြစ်တင်တယ်။ **(Luke 7:36-50)** ဖရိရှဲတွေက သခင်ယေရှုကို သတ်ဖို့ ကြံစည်ပြီး သခင်ယေရှုက ရှောင်သွားတယ်။ **(Matthew 12:14-21; Mark 3:6-12).**

D.သခင်ယေရှုက ကောင်းကင်နိုင်ငံတော်အကြောင်း ဥပမာများကို သွန်သင်တယ်။ သူကို ငြင်းပယ်မယ့် အကြောင်းလည်း ဖော်ပြတယ်။ **(Matthew 13:1-53; Mark 4:10-12; Luke 8:9,10)** မဿဲ ၁၃ မှာ တွေ့ရတဲ့ ကောင်းကင် နိုင်ငံတော်နဲ့ဆိုင်တဲ့ ဥပမာတော်များကတော့ **....**

1. မျိုးစေ့ကြဲသူနဲ့ မျိုးစေ့ (Matthew 13:1-23; Mark 4:1-20; Luke 8:4-15)
2. ကောင်းသောမျိုးစေ့နဲ့ တောမျိုးစေ့ (Matthew 13:24-30; explained in 13:36-43) မှာ ပြန်ရှင်းပြတယ်။)
3. မုန်ညင်းစေ့ (Matthew 13:31-32; Mark 4:30-32)
4. တဆေး (Matthew 13:33-35; Luke 13:20,21)
5. ဝှက်ထားသောဘဏ္ဍာ (Matthew 13:44)
6. ပုလဲ (Matthew 13:45,46)
7. ပိုက်ကွန် (Matthew 13:47-52)
8. အိမ်ရှင် (Matthew 13:51-52)

E.ဟေရုဒ် က သခင်ယေရှုဟာ နှစ်ခြင်းဆရာအသက်ပြန်ရှင်လာတာလို့ ဆိုတယ်။ **(Matthew 14:1-12; Mark 6:14-29; Luke 9:7-9).** နှစ်ခြင်းဆရာယောဟန်ကို ဟေရုဒ်က ခေါင်းဖြတ် သတ်ခဲ့လို့ ဖြစ်တယ်။

F.သခင်ယေရှုကို နာဇရက်မြို့က ငြင်းပယ်ခဲ့တယ်။ **(Matthew 13:53-58; Mark 6:1-6; Luke 4:16-32).**

G.**Jesus showed His power:** သခင်ယေရှုက တန်ခိုးတော်ကို ပြရာမှာ **....**

1. Over nature. သဘာဝတရားအပေါ်- လှိုင်းလေကို ငြိမ်စေတယ်။ (Matthew 8:18, 23-27; Mark 4:35-41; Luke 8:22-25) ရေပေါ်မှာ လမ်းလျှောက်တယ်။
2. Over the spirit world. နံဝိညာဉ်လောကအပေါ်- ဂါဒရအရပ်မှာ နတ်ဆိုးတွေကို နှင်ထုတ်ပြီး ဝက်ထဲကို ဝင်စေတဲ့အတွက် ချောက်ကမ်းပါးထဲ ပြုတ်ကျကုန်တယ်။ (Matthew 8:28-34; Mark 5:1-20; Luke 8:26-39) လူတွေက ကြောက်ရွံ့ပြီး ထွက်သွားဖို့ ပြောတယ်။
3. Over death and disease. အနာရောဂါနဲ့ သေခြင်းအပေါ်- သွေးသွန်နာစွဲသူ အမျိုးသမီးကို ပျောက်ကင်းစေတယ်။ (ပန်းပွားတော်ကို ထိရုံနဲ့ ပျောက်တယ်။) Jairus ယာဣရုရဲ့သမီးကို ပြန်ရှင်စေတယ်။ (Matthew 9:18-26; Mark 5:21-43; Luke 8:40-56) ဂနေ်သရက်ဒေသမှာလည်း လူအများကို အနာရောဂါ ငြိမ်းစေတယ်။ (Matthew 14:34-36; Mark 6:54-56)
4. Over darkness. အမှောင်မိုက်ခြင်းအပေါ်- မျက်မမြင် ၂ ယောက်ကို မြင်စေတယ်။ (Matthew 9:27-34) ဖာရိရှဲတွက ဒါကိုမြင်တဲ့အခါ နတ်ဆိုးမင်းကို အမှီပြုပြီး နတ်ဆိုးနှင်ထုတ်တယ်လို့ ဆိုတယ်။
5. Over hunger. ဆာလောင်မွတ်သိပ်မှုအပေါ်- လူ၅၀၀၀ ကို ကျွေးမွေးခဲ့တယ်။ (Matthew 14:15-21; Mark 6:30-44; Luke 9:10-17; John 6:1-14), လူ ၄၀၀၀ ကိုလည်း ကျွေးမွေးတယ်။ (Matthew 15:32-39; Mark 8:1-9)

6. Over natural laws. သဘာဝတရားရဲ့ဖြစ်လေ့ဖြစ်ထများအပေါ်- ရေပေါ်မှာလမ်းလျှောက်တဲ့အခါ တပည့်တော် တွေက ကိုယ်တော်ဟာ ဘုရားသခင်ရဲ့သားတော်လို့ ပြောကြတယ်။ (Matthew 14:22-36; Mark 6:45-56; John 6:16-21)

H. **Jesus' discourse on the Bread of Life** အသက်မုန့်အကြောင်းဟောပြောတယ်။ **(John 6).**
သခင်ယေရှုရဲ့နိမိတ်လက္ခဏာတွေကို မြင်တဲ့အခါ လူတွေက သူ့ကို ဘုရင်အဖြစ် တင်မြှောက်ချင် တယ်။ (John 6:15)) သခင်ယေရှုက "သင်တို့သည် နိမိတ်လက္ခဏာတို့ကို မြင်သောကြောင့် ငါ့ကို ရှာသည်မဟုတ်။ မုန့်ကိုစား၍ ဝသော ကြောင့်သာ ရှာကြ၏။ ပျက်စီးတတ်သော အစာကို ရခြင်းငှါ မကြိုးစားကြနှင့်။ လူသားသည် သင်တို့အားပေး၍ ထာဝရ အသက်နှင့်အမျှ တည်တတ်သောအစာကို ရခြင်းငှါ ကြိုးစားကြလော့။ ခမည်းတော်သည် မှန်သော ကောင်းကင်မုန့်ကို သင်တို့အား ပေး တော်မူ၏။ သားတော်ကို ကြည့်မြင်၍ယုံကြည်သောသူရှိသမျှတို့သည် ထာဝရအသက်ကို ရစေခြင်း ငှါရင်း အလိုတော်ရှိ၏။နောက်ဆုံးသောနေ့၌ထိုသူတို့ကိုထမြောက်စေမည်။ငါ့ကိုယုံကြည်သောသူသည် ထာဝရအသက် ကို ရ၏။ ငါသည် အသက်မုန့်ဖြစ်၏။ ဤတရားစကားကြောင့် သင်တို့သည် စိတ်ပျက်ကြသလော။ ဝိညာဉ်သာလျှင် အသက်ရှင်စေ၏။ ငါပြောသောစကားသည် ဝိညာဉ်ဖြစ်၏။ အသက်လည်းဖြစ်၏။ (John 6:26,32,40,47,48,65) အဲဒီအချိန်မှစ၍တပည့်တော် အများအပြားဟာ နောက်ဆုတ်သွားပြီး၊ သခင်ယေရှုနောက်ကို မလိုက်ကြတော့ဘူး။ (John 6:66).

I. တပည့်တော်တွေ လက်မဆေးဘဲစားတဲ့အတွက် ဖာရိရှဲတွေက အပြစ်တင်တယ်။ သခင်ယေရှုက ဒါကို ceremonial (religious) washing အထုံးအဖွဲ့နဲ့ဆိုင်တဲ့ လက်ဆေးခြင်းလို့ ခေါ်တယ်။
(Matthew 15:1-20; Mark 7:1-23).

VIII. **THIRD PERIOD OF INSTRUCTION IN GALILEE -** ဂါလိလဲပြည်မှာ အမှုတော် ဆောင်သော ကာလ အပိုင်း ၃ **(A.D ၂၈ Spring**နွေဦးပေါက်မှ **A.D ၂၉ Spring** နွေဦးပေါက်အထိ ၁နှစ်ခန့်**)** သခင်ယေရှုက သနား ကြင်နာခြင်းနဲ့ သွန်သင်သလို၊ ယုံကြည်ခြင်းရဲ့တန်ခိုးကိုလည်း ပြတယ်။ **(Matthew 14:13-21; Mark 6:30-44; Luke 9:10-17).**

A. တုရု၊ ဇိဒုန်နဲ့ဒေကာငေ ပါလိမြို့များသို့ သွားတယ်။ (နွေဦးပေါက်A.D ၂၉ မှသည် မိုးရာသီအထိ) ယုဒလူမျိုးတွေထက် ယုံကြည်ခြင်းအားကြီးတဲ့ ရှုရိ ဖိနိတ်ပြည်သူအမျိုးသမီးရဲ့သမီးကို ဝေဒနာ ပျောက်ကင်းစေတယ်။ (Matthew 15:21-28; Mark 7:24-30) လူများစွာ ကိုယ်တော့်ထံ လာပြီး ဝေဒနာ ပျောက်ကင်းကြတယ်။ (Matthew 15:29-38; Mark 7:31-8:9).

B. ဖာရိရှဲတွေကို အပြစ်တင်တော်မူတယ်။ (မှားယွင်းမှုရဲ့မူလအမြစ်ဖြစ်တဲ့ လူ့ဓလေ့ထုံးတမ်းတွေ အကြောင်း သွန်သင် တယ်။).

1. ဘုရားကို နှုတ်နဲ့ ချီးမွမ်းပေမယ့် စိတ်နှလုံးက ဘုရားနဲ့ ဝေးကွာနေတယ်။ သူတို့က လူကန်းကို လမ်းပြတဲ့ လူကန်း တွေ ဖြစ်တယ်။ (Matthew 15:1-20; Mark 7:1-23; John 7:1)

2.နိမိတ်လက္ခဏာကို တောင်းဆိုပေမယ့် ပေးပြီးသား နိမိတ်လက္ခဏာကို မယုံဘူး။ သခင်ယေရှုက"သင်တို့သည် မိုဃ်းကောင်းကင်၏ မျက်နှာကို ပိုင်းခြား၍ သိနိုင်ကြ၏။ ကပ်ကာလ၏ နိမိတ်လက္ခဏာကို ပိုင်းခြား၍ မသိနိုင်ကြ။ (Matthew 15:39-16:4; Mark 8:9-12)

3.ဖာရိရှဲတို့နဲ့ ဇဒ္ဒုကဲတို့ရဲ့တဆေး (doctrines သွန်သင်ချက်များ)ကို ရှောင်ဖို့ သတိပေးတယ်။ (Matthew 16:5-12; Mark 8:13-21)

C.တပည့်တော်တွေက သူတို့ရဲ့ယုံကြည်ခြင်းကို အတည်ပြုကြတယ်။ ပေတရုက "ကိုယ်တော်သည် ခရစ်တော်တည်းဟူသော အသက်ရှင်တော်မူသော ဘုရားသခင်၏သားတော် ဖြစ်တော်မူသည်ဟု လျှောက်လေ၏။" (Matthew 16:13-20, Mark 8:27-30; Luke 9:18-21; John 6:68,69).

D.သေခြင်းနဲ့ ရှင်ပြန်ထမြောက်ခြင်းကို ကြိုတင်ပြောပြတယ်။ (Matthew 16:21-27; Mark 8:31-33; Luke 9:22-27) လူသားဟာ အပ်နှံခြင်းကိုခံရမယ့်အကြောင်း ပြောတယ်။ (Matthew 17:22-23; Mark 9:30-32; Luke 9:43-45).

E.ဆက်လက်သွန်သင်တဲ့အကြောင်းအရာတွေကတော့-

**1.** The value of life. အသက်တာရဲ့တန်ဖိုးရှိမှု-"အကြင်သူသည် မိမိအသက်ကို ကယ်ဆယ်ခြင်းငှါ အလိုရှိ၏။ ထိုသူသည် အသက်ရှုံးလိမ့်မည်။ အကြင်သူသည် ငါ့ကြောင့် အသက်ရှုံး၏။ ထိုသူသည် အသက်ကို တွေ့လိမ့်မည်။ လူသည် ဤစကြဝဠာကို အကြွင်းမဲ့အစိုးရ၍ မိမိအသက်ဝိညာဉ်ရှုံးလျှင် အဘယ်ကျေးဇူး ရှိသနည်း။ မိမိအသက်ဝိညာဉ်ကို အဘယ်ဥစ္စာနှင့် ရွေးနိုင်သနည်း။" (Matthew 16:23-28; Mark 8:34-9:1; Luke 9:23-27)

**2.** His dead. အသေခံခြင်း- ပေတရု၊ ယောဟန်၊ ယာကုပ်တို့ကို တောင်ပေါ်သို့ ခေါ်သွားပြီး၊ ကိုယ်ရောင်ကိုယ်ဝါ ပြောင်းလဲပြတော်မူတယ်။ Transfiguration (Matthew 16:28; 17:1- 13,22,23) အဲဒီမှာ မောရှေနဲ့ ဧလိယ ကိုလည်း တွေ့ရပြီး၊ ဘုရားသခင်ရဲ့အသံတော်ကို ကြားရတယ်။ (Matthew 17:9-13; Mark 9:2-13)

**3.** Faith. ယုံကြည်ခြင်း- နတ်ဆိုးစွဲပြီး သတိလစ်နေတဲ့လူကိုပျောက်ကင်းစေတယ်။ တပည့်တော်တွေရဲ့ယုံကြည်ခြင်းအားနည်းတဲ့အတွက်၊တန်ခိုးမဲ့တဲ့အတွက်အပြစ်တင်တယ်။(Matthew 17:14-21; Mark 9:14-29; Luke 9:37-43)

**4.** Civil responsibilities. ပြည်သူပြည်သားတယောက်ရဲ့တာဝန်များ-အုံ့ညြဖွယ်ဒင်္ဂါးပြားကိုရယူပြီး ဗိမ္ဘာန်တော် အခွန်အဖြစ် ပေးခဲ့ပေမယ့် အခွန် ပေးသင့်တယ်လို့ သွန်သင်တယ်။ (Matthew 17:24-27; Mark 12:13)

**5.** Humility and pride. နှိမ့်ချခြင်းနဲ့ မာန (Matthew 18:1-10; Mark 9:33-37; Luke 9:46-48) ကောင်းကင်နိုင်ငံတော်မှာ ဘယ်သူ အကြီးမြတ်ဆုံးလဲဆိုတဲ့ မေးခွန်းကို သူငယ်လေးတွေလို ဖြစ်သင့်တယ်လို့ အဖြေ ပေးတယ်။ (Matthew 9:13-15; Mark 10:13-16; Luke 18:15-17)

**6.** The consequences of causing others to stumble. သူတပါး ထိမိလဲစရာဖြစ်စေတဲ့ အကျိုးဆက် (Matthew 18:1-10; Luke 17:1,2)

**7.** Forgiveness. ခွင့်လွှတ်ခြင်း- ဘယ်နှစ်ကြိမ် ခွင့်လွှတ်ရမလဲ။ အကြိမ် ခုနစ်ဆယ် ခုနစ်လီ ခွင့်လွှတ်ရမယ်။ (Matthew 18:22) ခွင့်လွှတ်ခြင်းအကြောင်းနဲ့ အကြွေးရှိသူတွေနဲ့ ရှင်ဘုရင်အကြောင်း ဥပမာတော်ကို ပြောတယ်။ (Matthew 18:21-35)

**8.** Self denial. ကိုယ်ကိုကိုယ် ငြင်းပယ်ခြင်း-ခရစ်တော်နောက်လိုက်လိုသူဟာ ကိုယ့်အလိုကို ငြင်းပယ်ရမယ်။ မြေခွေးတွေမှာ တွင်းရှိပေမယ့် ခရစ်တော်မှာ အိမ်မရှိခဲ့ဘူး။ (Matthew 8:19-22; Luke 9:57-62)

**9.** Fellowship and meeting with other believers. တခြားယုံကြည်သူများနှင့် မိတ်သဟာယဖွဲ့ဆိုခြင်း- နာမတော်၌ နှစ်ယောက် (သို့) သုံးယောက် စုဝေးရင် ကိုယ်တော်အတူ ရှိတယ်လို့ ဆိုတယ်။ (Matthew 18:20)

F. **Things to Think About:**

သင်ဟာ ခရစ်တော်ရဲ့တပည့်တော် တယောက်ဖြစ်ပြီလား။ ခရစ်တော်က သင့်ကို ဘယ်လို သွန်သင်ထားသလဲ။ သွန်သင်ချက်တွေကို သင်ဘယ်လို လိုက်လျှောက်နေသလဲ။?

## Exam - Lesson 21

Name________________________________________________________________

Address______________________________________________________________

Multiple choice (Circle only one letter as the correct answer unless otherwise indicated. You may use your Bible when so indicated, but we trust you not to look up the answers in the lesson.)

1.A proper understanding of the divinity and humanity of Jesus is essential to salvation and which of the following? (value 4 points) ယေရှုခရစ်တော်ကို ဘုရားအဖြစ် နှင့်လူသားအဖြစ် နားလည် နိုင်ခြင်းသည် ကယ်တင်ခြင်း အတွက် အရေးကြီးသည့်အပြင် အောက် ပါတို့ အတွက်လည်း အရေးကြီးသည်

a) one's social standing in the community လူ့ အဖွဲ့ အစည်းအတွင်းရပ်တည်ခြင်း

b) to becoming a good disciple of Christ ခရစ်တော်၏ကောင်းသောတပည့်တော်ဖြစ်ခြင်း

c) to keeping of the law ပညတ်တော်များစောင့်ထိန်းခြင်း

2. What did Jesus say about Himself? (value 4 points) ယေရှုဘုရားက သူ့ ကိုယ်သူ မည်သူ ဖြစ်ကြောင်း ပြောထားသနည်း

a) I am a way of truth and life ငါသည် သမ္မာတရား၏လမ်းခရီးဖြစ်သည်၊ အသက်ဖြစ်သည်

b) I am the way, the truth, and the life ငါသည်လမ်းခရီးဖြစ်သည်၊သမ္မာတရားဖြစ်သည်၊အသက်ဖြစ်သည်

c) no man can ever come to the Father မည်သူမှ ခမည်းတော်ထံသို့ မရောက်ရ

3. What has Christ done in regard to the law? (value 4 points) ပညတ်တရားနှင့်ပတ်သက် ၍ ခရစ်တော် ဘာလုပ်ခဲ့သနည်း

a) He abolished the law and the prophets. ပညတ်တော်များ၊ ပရောဖက်များကို ပယ်ဖျက် သည်

b) He negated the law but kept the prophets. ပညတ်တော်များကို ပယ်ဖျက်သော်လည်း ပရောဖက်များကိုဆက်လက်ထားရှိခဲ့သည်

c) He fulfilled the law and the prophets. ပညတ်တော်နှင့်ပရောဖက်များကို ပြည့်စုံစေသည်

4. What is the dividing line between all religions? (value 4 points) ဘာသာတရားအားလုံး ကို မည်သည့် အရာက ပိုင်းခြားထားသနည်း

a) the law and the prophets ပညတ်တရား နှင့်ပရောဖက်

b) the Old and New Testaments ဓမ္မဟောင်းနှင့်ဓမ္မသစ်

c) Jesus Christ ယေရှုခရစ်တော်

5. What does the pre-existence of Jesus Christ mean? (value 4 points) ခရစ်တော်မတိုင်မှီ ကာလ ဆိုသည်မှာ ဘာကိုဆိုလိုသနည်း

a) It means that He was a being before He came to earth. ခရစ်တော် လောကကို မကြွလာမှီ အချိန်ကိုခေါ်သည်

b) It means that He is equal with God. သူသည်ဘုရားရှင်နှင့်အတူတူပင်ဖြစ်ကြောင်းပြသည်

c) It means that He will exist forever. သူသည် ထာဝရကာလထိတည်ရှိကြောင်းပြသည်

6. What was the primary purpose of Christ's coming? (value 4 points) ခရစ်တော်ကြွ လာခြင်း၏ အဓိကရည်ရွယ်ချက်ကား အဘယ်နည်း

a) to have the experiences of a human လူ့ ဇာတိခံယူသည့်အတွေ့ အကြုံရရန်

b) to show men how they are to live in this world လူတို့ အား လောကတွင်မည်သို့ အသက်ရှင်နေထိုင်ရသည် ကိုပြသရန်

c) to bring light, life and redemption to the human race လူသားတို့ အား အလင်း၊ အသက်ကိုယူလာပြီးရွေးနှုတ်ကယ်တင်ရန်

7. Who announced Jesus' coming and ministry? (value 4 points) ခရစ်တော်ကြွလာပြီး အမှုတော်ဆောင်ခြင်းကို မည်သူကကြေညာသနည်း

a) the shepherds သိုးထိန်းများ

b) John the Baptist ဗတ္တိဇံဆရာယောဟန်

c) Mary and Joseph မာရိနှင့်ယောသပ်

8. What was the theme of John the Baptist's preaching? (value 4 points) ဗတ္တိဇံဆရာ ယောဟန် ဟောပြောခြင်း ၏ ရည်ရွယ်ချက်ကားအဘယ်နည်း

a) repentance နောင်တရခြင်း

b) obedience to the law ပညတ်တော်နာခံခြင်း

c) to truly worship Christ ခရစ်တော်ကို စစ်မှန်စွာကိုးကွယ်ခြင်း

9. Who rejected both John and Jesus? (value 4 points) ယေရှုခရစ်တော်နှင့်ယောဟန်တို့ ၂-ဦးလုံးကို မည်သူငြင်းပယ်သနည်း

a) all Jews living at that time ထိုစဉ်က အသက်ရှင်ခဲ့ကြသောဂျူးများ

b) the Pharisees and Sadducees ဖါရိရှဲနှင့်ဇာဒုက္ကဲများ

c) the multitude at Pentecost ပင်တေကုတ္တေနေ့ ရှိလူအုပ်ကြီး

10. Where did Jesus perform His first miracle? (value 4 points) ယေရှုခရစ်တော်သည် ပထမဦးဆုံးသော အံ့ဩသဖွယ် နိမိတ်လက္ခဏာကို မည်သည့်နေရာတွင်ပြခဲ့သနည်း

a) Jerusalem of Judea ယုဒပြည် ယေရုရှလင်မြို့

b) Cana of Galilee ဂါလိလဲပြည် ကာနမြို့

c) Capernaum of Samaria ရှမာရိပြည် ကပေရနောင်မြို့

11. What is true worship, acceptable by God? (value 4 points) ဘုရားရှင်လက်ခံသော စစ်မှန်သည့် ကိုးကွယ်ခြင်း ဆိုသည်မှာအဘယ်နည်း

a) worship by making sacrifices ယဇ်ပူဇော်ခြင်းဖြင့်ကိုးကွယ်ခြင်း

b) worship by giving gifts and music ပေးလှူခြင်း သီဆိုတီးမှုတ်ခြင်းဖြင့်ကိုးကွယ်ခြင်း

c) worship in spirit and in truth သစ္စာနှင့်ဝိညာဉ်နှင့်ဝိညာဉ်နှင့်ဝင်း ကိုးကွယ်ခြင်း

12. What was the reaction of the people of Jesus' home town, Nazareth, toward Him? (value 4 points) ယေရှုဘုရား၏ဇာတိမြို့ ဖြစ်သော နာဇရက်မြို့ မှလူများ၏ယေရှုအပေါ်တုန့် ပြန် မှုကား အဘယ်သို့ နည်း

a) They were proud of what Jesus was doing. ယေရှုဘုရားလုပ်ဆောင်ချက်များကို ဂုဏ်ယူသည်

b) They welcomed Jesus among them. ယေရှုဘုရားကို ကြိုဆိုကြသည်

c) They rejected Jesus and His teachings. ယေရှုဘုရားနှင့်သူ၏သွန်သင်ချက်များကို ငြင်းပယ်ကြသည်

13. What was Jesus' reason for preaching the Sermon on the Mount? (value 4 points) ယေရှုဘုရားသည် တောင်ပေါ်ဒေသနာကို အဘယ့်ကြောင့်ဟောရသနည်း

a) Jesus wanted to draw people to Himself. ယေရှုဘုရားကသူတို့ ကို သူ့ ထံဆွဲခေါ်လိုသောကြောင့်

b) Jesus knew that this was His last opportunity to preach to the people before the crucifixion. သူ လက်ဝါးကပ်တိုင်မတက်မီ ယခုအချိန်သည် တရားဟောဖို့ နောက်ဆုံးအခွင့်အရေးဖြစ်ကြောင်း သိသောကြောင့်

c) Jesus wanted to show people how to be a blessed believer. ယေရှုဘုရားက မည်ကဲ့သို့ ကောင်းကြီး မင်္ဂလာ ခံစားရသည့် ယုကြည်သူဖြစ်နိုင်ပုံကို လူတို့ အားပြသလိုသောကြောင့်

14. As Christ preached to the multitudes, with whom did He enter into controversies? (value 4 points) ခရစ်တော်သည် လူများစွာအားတရားဟောသည့်အခါ မည်သူနှင့်အငြင်းပွါးခဲ့သနည်း

a) with his family သူ၏မိသားစုနှင့်

b) with the Roman government ရောမအစိုးရနှင့်

c) with the Pharisees, Sadducees, and leaders of the Jews ဖါရိရှဲ၊ ဇာဒုတ္တဲ၊ ဂျူးခေါင်းဆောင်များနှင့်

15. Jesus declared His authority over: (value 4 points) ယေရှုဘုရားက အောက်ပါတို့ နှင့်ပတ်သက်၍ သူ၏လုပ်ပိုင်ခွင့်ကိုကြေညာခဲ့သည်

a) nature and disease သဘာဝတရားနှင့်အနာရောဂါ

b) the Pharisees and Sadducees ဖါရိရှဲနှင့်ဇာဒုတ္တဲ

c) the writing of the New Testament ဓမ္မသစ်ကျမ်းရေးသားခြင်း

16. Why did the Jews try to kill Jesus? (value 4 points) ဂျူးလူမျိုးများက ယေရှုဘုရားအား အဘယ်ကြောင့် အသက်သတ်ဖို့ ကြိုးစားကြသနည်း

a) because He called them white washed graves သူတို့ ကို ထုံးဖြူသုတ်ထားသော သင်္ချိုင်းဂူဟု ခေါ်သောကြောင့်

b) because He said He was the Son of God သူသည် ဘုရားရှင်၏သားတော်ဟု ပြောခဲ့သောကြောင့်

c) because they thought He was too proud သူတို့ က သူသည် အလွန်ဂုဏ်ယူကြွားဝါလွန်းသူဟု ထင်သောကြောင့်

17. Why was it necessary for Jesus to be baptized? (value 4 points) အဘယ့်ကြောင့် ယေရှုဘုရားသည် ရေနှစ်ခြင်းခံဖို့ လိုအပ်သနည်း

a) to show that He had repented သူသည် အပြစ်ကိုဝန်ချခဲ့ပြီးဖြစ်ကြောင်းပြသရန်

b) to show the beginning of the transition from Law to Grace ပညတ်တရားမှကျေးဇူးတရားသို့ ကူးပြောင်းပြီး ဖြစ်ကြောင်းပြသရန်

c) it was a sign of His passage from boyhood to manhood သူသည် လူငယ်ဘဝမှလူကြီးဘဝသို့ ကူးပြောင်းပြီး ဖြစ်ကြောင်းပြသရန်

16.List four witnesses that show that Jesus' words were true. (value 8 points) ယေရှုဘုရားပြောခဲ့သော စကားများသည် မှန်ကန်ကြောင်း ထောက်ခံချက် ၄-ခုမျှရေးပြပါ။

Matching

19.Match these names with the statements that best describe them. (value 18 points) အောက်ပါတို့ ကို မှန်ကန်စွာယှဉ်တွဲပါ

| | |
|---|---|
| ______She was the mother of John the Baptist<br>သူမသည် ဗတ္တိဇံဆရာယောဟန်၏မိခင်ဖြစ်သည် | a) Pharisees |
| ______He said that Jesus was John the Baptist come back to life<br>သူက ယေရှုသည် ဗတ္တိဇံဆရာယောဟန် သေရာမှပြန်ရှင်လာသူဖြစ်သည်ဟု ပြောခဲ့သည် | b) Nicodemus |
| ______They accused the disciples of eating with unwashed hands<br>သူတို့ က လက်မဆေးဘဲစားသောက်သော တပည့်တော်များကို ပြစ်တင်ခဲ့သည် | c) Elizabeth |

________ He declared: "Thou art the Christ" d) Peter

သူက "ကိုယ်တော်သည် ခရစ်တော်ဖြစ်သည်" ဟုကြေညာခဲ့သည်

_______A Jewish ruler who asked how to enter the kingdom of heaven e) Andrew

ဂျူးအရာရှိတဦးက ကောင်းကင်နိုင်ငံတော်သို့ မည်သို့ ဝင်စားနိုင်သည်ကိုမေးမြန်းခဲ့သည်

_______He was Simon Peter's brother f) Herod

သူသည် ရှိမုန်ပေတရု၏အိကိုဖြစ်သည်

20. Match the word with its definition. (value 6 points) အောက်ပါတို့ ကိုယှဉ်တွဲပါ

_______Unlimited, endless အဆုံးမရှိ၊အကန့် အသတ်မရှိ a) Divinity

_______Limited, restricted အကန့် အသတ်ရှိ b) Finite

_______The quality of being Godဘုရားဖြစ်ခြင်း၏ဂုဏ်ပုဒ် c) Infinite

Copyright by Rogma International, Inc. All rights reserved.

---

## Lesson 22

## Section VII – Believing the Gospel of Jesus Christ

ယေရှုခရစ်ရဲ့ကယ်တင်ခြင်းကို ယုံကြည်ခြင်း

## The Life of Christ on Earth, (Part 2) - ခရစ်တော်၏ မြေပေါ်အသက်တာ (အပိုင်း ၂)

## Judean and Perean Ministry

**Theme** အဓိကအချက်။ ယေရှုခရစ်ရဲ့သေခြင်း၊ ရှင်ပြန်ထမြောက်ခြင်းကို လက်ခံပြီး ကောင်းစွာ နားလည်ခြင်းဟာ ဘုရားသခင်ရဲ့နိုင်ငံတော်ဝင်စားဖို့နဲ့ အသက်တာမှာ မရှိမဖြစ် အရေးကြီးတယ်။

**Goal** ရည်ရွယ်ချက်။ သခင်ယေရှုခရစ်ကို ကယ်တင်ရှင်အဖြစ်လက်ခံပြီးနိုင်ငံတော်သားဖြစ်စေတာ။

**Summary** အနှစ်ချုပ်။ ခရစ်တော်အမှုတော်ဆောင်ရာ ပထမပိုင်းလများမှာ ဂျူးလူမျိုးများထက် ရွေးနှုတ်သော အရှင် မေရှိယရှင်ဘုရင်အဖြစ် ဖေါ်ပြခဲ့တယ်။ ဘုရားသခင်ရဲ့သစ္စာရှိသော အစေခံ အဖြစ် လူအများကို သနားသောစိတ်နဲ့ တရားဟောပြီး အနာရောဂါငြိမ်းစေတယ်။ လူသားအနေနဲ့ ခမည်းတော်ကို ဆုတောင်းခြင်းအားဖြင့် လုံးဝအားကိုးပြီး ဝိညာဉ်တော်ဖြင့် လူကိုခံယူတယ်။ ဘုရားသားတော်အနေနဲ့ ဘုရားဖြစ်ကြောင်း နိမိတ်လက္ခဏာ အံ့ဖွယ်များပြတယ်။ ဒါပေမယ့် သူ့ဇာတိလူမျိုးတော်ရဲ့ငြင်းပယ်ခြင်းကိုခံရတယ်။ သူ့ကိုဘုရင်အဖြစ်နဲ့ တင်မြောက်ဖို့ ကြိုးစားချင်တဲ့ လူတွေ ကလည်း ဘုရားကို ပစ်မှားသူအဖြစ် စွပ်စွဲပြီး သတ်ဖို့ကြိုးစားလာတယ်။ သူတို့ရဲ့စိတ်ကိုသိတဲ့ သခင်ယေရှုဟာ သူတို့ နဲ့ခွဲပြီး တပည့်တော်တွေကို ရွေးနှုတ်သောအရှင်ရဲ့အမှုတော် ဆောင်ဖို့ ပြင်ဆင်ခဲ့တယ်။မြေကြီးပေါ်ရှိ ခရစ်တော်ရဲ့အသက်တာ ဒုတိယပိုင်းမှာ သမိုင်းတလျှောက် အရေးကြီးဆုံးအဖြစ်အပျက်ကြီး ဖြစ်ပေါ်ခဲ့တယ်။ ဒါကတော့သခင်ခရစ်တော်ရဲ့သေခြင်း၊သင်္ဂြိုလ် ခြင်း၊ ရှင်ပြန်ထမြောက်ခြင်းတို့ပဲ ဖြစ်တယ်။ခရစ်ဝင်ကျမ်းများရဲ့နောက်ဆုံးအခန်းများဟာ ဒီဖြစ်ရပ် ကို ရှုထောင့်လေးမျိုးမှ မှတ်တမ်းတင်ထားတယ်။

**Outline** (life of Christ – part 2): ခရစ်တော်၏အသက်တာ အပိုင်း ၂

I. အနာဂတ် နိုင်ငံတော်ပြင်ဆင်ခြင်း (Matthew 19-26, Mark 10-14, Luke 10-19, John 7-12)

II.ဘုရင်အဖြစ် ချီးမြှောက်ပြီးမှ ငြင်းပယ်ခံရခြင်း။ သခင်ယေရှု ကားတိုင်မှာ အသတ်ခံရခြင်း။ (Passion week) (Matthew 21-27, Mark 11-15, Luke 21-23, John 12-19)

III.သခင်ယေရှုရဲ့ရှင်ပြန်ထမြောက်ခြင်း (Matthew 28, Mark 16, Luke 23:56-24:12, John 20,21)

**People to know:**

chief priests, Pharisees, Sadducees, Herodians

the disciples; Mary, Martha, Lazarus; Zacchaeus; Mary Magdalene and Mary the mother of Jesus; Caiaphas, Pilate

**Places to know:**

Jerusalem of Judea, Mount of Olives, Perea

**Words to know:**

The Feast of Tabernacles: တဲတော်ပွဲ။ ငါးစောင်တွဲကျမ်း Pentateuch ကို ဖတ်ခြင်းပြီးဆုံးတဲ့ အထိမ်းအမှတ် အနေနဲ့ ကျင်းပတဲ့ပွဲဖြစ်တယ်။

The Passion Week: ကားတိုင်မှာ အသတ်မခံရခင် ယေရုရှလင်မြို့မှာ ခရစ်တော်ရဲ့နောက်ဆုံး သီတင်းပတ်။

Sanhedrin: ဖာရိရှဲနဲ့ ဇဒ္ဒုကဲများပါဝင်သော ယုဒအုပ်ချုပ်ရေးအဖွဲ့

## Introduction

ခရစ်တော်က လူမျိုးတော်ကို နိုင်ငံတော်အပ်နှင်းပြီး ကယ်တင်ခြင်းလမ်းကို ပြီးပြည့်စုံစေတယ်။ သခင်ယေရှုက "ငါသည် လမ်းခရီးဖြစ်၏။ သမ္မာတရားလည်းဖြစ်၏။ အသက်လည်းဖြစ်၏။ ငါ့ကိုအမှီမပြုလျှင် အဘယ်သူမျှ ခမည်းတော်ထံသို့ မရောက်ရာ။"(John 14:6)။ ဒီတရားစကားဟာ ခရစ်ဝင်ကျမ်းတွေရဲ့နောက်ဆုံးအခန်းတွေမှာ ပြီးပြည့်စုံသွားတယ်။ သခင်ခရစ်တော်ရဲ့အမှုတော်ဆောင် ပထမပိုင်းအများစုဟာ ဂါလိလဲဒေသမှာ ဖြစ်တယ်။ ဒါပေမယ့် နောက်ဆုံးအချိန် ရောက်လာတဲ့အခါ ယုဒလူတွေနဲ့ ရင်ဆိုင်ဖို့ ယေရုရှလင်ကို ပြန်လာတယ်။ ကယ်တင်ခြင်းအတွက် အသက်ကို ပေးသွားတယ်။ The Passion Week နဲ့ ပတ်သက်ပြီး ကျမ်းစာအခန်းကြီး များစွာရှိတယ်။ ခရစ်ဝင်ကျမ်း လေးကျမ်းလုံးဟာ ခရစ်တော်ရဲ့ပြန်ထမြောက်ခြင်းနဲ့ တပည့်တော်တွေကို ကိုယ်ထင်ပြခြင်းနဲ့ အဆုံးသတ်ထားတယ်။ ခရစ်တော်ရဲ့အမှုတော်ဆောင် ပထမပိုင်းမှာ အမှုတော်ဆောင် အလုပ်အကျွေးပြုခြင်းဖြင့် စုံလင်သူဖြစ်တယ်။ အမှုတော်ဆောင်ခြင်း ဒုတိယအပိုင်းမှာတော့ ဝေဒနာခံစားပြီး စုံလင်ခဲ့သူဖြစ်တယ်။

## THE LESSON

## THE LIFE OF CHRIST ခရစ်တော်ရဲ့အသက်တာ - Part 2

### I. **PREPARATION FOR THE FUTURE KINGDOM** အနာဂတ်နိုင်ငံတော်အတွက် ပြင်ဆင်ခြင်း

**(Matthew 19-26; Mark 10-14; Luke 9:51-19:44; John 7-12).**

သခင်ယေရှုဟာ နောက်ဆုံးအချိန်မှာ ယေရုရှလင်ဘက်ကို လှည့်ပြန်ခဲ့တယ်။ (ဂါလိလဲမှ နောက်ဆုံး အကြိမ် ထွက်ခွါလာခြင်း).

A.တပည့်တော်တွေကို တဲတော်ပွဲသွားဖို့ စေလွှတ်ရင်း "သင်တို့သွားကြ ငါ့အချိန်မရောက်သေး" လို့ဆိုတယ်။ ပွဲနေ့မှာ ယုဒလူတွေက ကိုယ်တော်ကိုရှာတယ်။ တချို့က သူဟာ လူကောင်းဖြစ်တယ်။ တချို့က "မဟုတ်ဘူး သူကလှည့်ဖျား တယ်" လို့ဆိုကြတယ်။ ပွဲနေ့အလယ်မှာ သခင်ယေရှုကြွ လာ တော့ ဗိမ္မာန်တော်ကိုသွားပြီး သွန်သင်ခဲ့တယ်။ (John 7:1-14).

B.သခင်ယေရှုဟာ ဘုရားသခင်ရဲ့နိုင်ငံတော်နဲ့ဆိုင်တဲ့ သူ့အခွင့်အာဏာကို ပွင့်ပွင့်လင်းလင်း ကြေညာတယ်။ ဒါကြောင့် ဆန့်ကျင်ပြစ်တင်မှုတွေကိုလည်း ရင်ဆိုင်ရတယ်။

1. သူ့သွန်သင်ချက် (Doctrine) ဟာ ဘုရားသခင်ထံမှ ဖြစ်ကြောင်း ပြောတယ်။ (John 7:16-52) ယုဒလူတွေက သခင်ယေရှုကို စွပ်စွဲပြီး သူ့အခွင့်အာဏာနဲ့ ပတ်သက်လို့ မေးခွန်းထုတ်ကြတယ်။ "ငါ့ဒေသနာသည် ငါ့တရားမဟုတ်။ ငါ့ကိုလွှတ်သောသူ၏ ဒေသနာဖြစ်၏။" ခမည်းတော်ကို သိရင် သားတော်ကိုလည်း သိမယ်လို့ ပြော တယ်။ (John 7:16-18) လူအများကလည်း "ဤသူကား ပရောဖက်စင်စစ် ဖြစ်သတည်း။" လို့ ဆိုကြတယ်။ တချို့က လည်း "ဤသူကား ခရစ်တော်တည်း" လို့ဆိုတယ်။ တချို့က သံသယရှိတယ်။ (John 7:40,41) ယဇ်ပရောဟိတ် အကြီးတွေနဲ့ ပရောဖက် တွေ ရောက်လာတဲ့အခါ သူ့ကို ဘာလို့မဖမ်းလဲလို့ အရာရှိတွေကို မေးကြတယ်။ သူတို့ ပြန် ဖြေတာ က "အဘယ်သူမှ ထိုသူကဲ့သို့ ဟောပြောခြင်းမရှိ။ (John 7:46)
2. တရားစီရင်ခြင်းအားဖြင့် ဖြောင့်မတ်စွာ တရားစီရင်ခွင့်ရှိကြောင်း ကြေညာတယ်။ သခင်ယေရှု ဟာ သံလွင်တောင် ပေါ် တက်သွားတယ်။ ကျမ်းတတ်ဆရာနဲ့ ဖာရိရှဲတွေက သခင်ယေရှုကို စုံစမ်း ခြင်းပြုရန်အတွက် မှားယွင်းခြင်းပြုတဲ့ အမျိုးသမီးကို ခေါ်လာတယ်။ ပညတ်တရားအာဖြင့် ကျောက် ခဲနဲ့ ပစ်ရမယ်လို့ ဆိုတယ်။ သခင်ယေရှုက တရားစီရင် ခြင်း ဟာ ဘုရားသခင်ပိုင်တယ် လူမပိုင်ဘူး ဆိုတာ သတိပေးတယ်။ "သင်တို့ထဲ၌ အပြစ်နှင့်ကင်းသောသူသည် ခဲ နဲ့ပေါက် စေ။" အမျိုးသမီးကို တော့ "သွားတော့၊ အပြစ်မပြုနဲ့" လို့ပြောတယ်။ (John 8:1-11)
3. သမ္မာတရားနဲ့ဆိုင်တဲ့ အခွင့်အာဏာကို ကြေညာတယ်။ "ငါသည် ဤလောက၏အလင်းဖြစ်၏။" ကိုယ်တော်ကို မယုံ ကြည်တဲ့သူဟာ အမှောင်မှာ ကျင်လည်တယ်။ ကိုယ့်အပြစ်ကြောင့် သေရမယ်။ ဒါပေမယ့် သမ္မာတရားကို လက်ခံ တဲ့ သူဟာ လွှတ်ခြင်းအခွင့်ခံစားရတယ်။သူတို့က ကိုယ်တော်ကို နတ်ဆိုးစွဲသူလို့ စွပ်စွဲတယ်။ ကိုယ်တော်က "ငါနတ်ဆိုး မဟုတ်ဘူး။ ခမည်းတော်ဘုန်းကို ထင်ရှားစေ သူဖြစ်တယ်။ သင်တို့က ငါ့ကို ရှုတ်ချဖို့ဖြစ်တယ်" လို့ ဆိုတယ်။ (John 8:12,24,32,36,44,49)
4. ထာဝရကာလနဲ့ဆိုင်တဲ့ အခွင့်အာဏာကို ကြေညာတယ်။ ယုဒလူတွေက အပြစ်တင်တဲ့အခါမှာ သူတို့အဘ အာဗြဟံ ထက် ကြီးမြတ်တယ်လို့ ဆိုတဲ့အတွက်ကြောင့် ဖြစ်တယ်။ ကိုယ်တော်က "အာဗြဟံမဖြစ်မီ ငါဖြစ်၏" (John 8:58) ဒီစကားကြောင့် ကိုယ်တော်ကို ခဲနဲ့ ပေါက်ချင်ခဲ့ကြတယ်။
5. အပြစ်ခွင့်လွှတ်ပိုင်ကြောင်း ကြေညာတယ်။ "ကိုယ်တော် အကျွန်ုပ်ယုံကြည်ပါ၏" လို့ ဆိုတဲ့ မျက်စိမမြင်တဲ့သူကို ပြန် မြင်စေတဲ့အခါ ဝတ်ပြုကိုးကွယ်လာတယ်။ သခင်ယေရှုဟာ သူ့အပြစ်တွေ ကို လွှတ်လိုက်တယ်။ တချို့က နတ်ဆိုး စွဲ သူလို့ စွပ်စွဲတယ်။ ဒါပေမယ့် တချို့ကလည်း နတ်ဆိုးတွေက မျက်စိမြင်အောင် လုပ်ပေးသလားလို့ မေးခွန်းထုတ်တ ယ်။ (John 9:1-7,38)
6. ဘုရားသခင်ရဲ့နိုင်ငံတော်အသီးအနှံကို ရိတ်သိမ်းရကြောင်း ကြေညာတယ်။ (Luke 10:1-24) တပည့်တော် ၇၀ ကို စေလွှတ်ပြီး လူတွေက ပေးလှူသမျှနဲ့ အသက်မွေးဖို့ မှာတယ်။ ငြင်းပယ်ခဲ့ရင် အဲဒီမြို့ရွာမှာ ဖုန် ခါ ခဲ့ဖို့ ပြောတယ်။ ကိုယ်တော်ကိုငြင်းပယ်တဲ့ ယုဒမြို့ရွာတွေကို တရားစီရင်ခြင်း လာမယ့်အကြောင်း ပြောတယ်။ ခေါ်

ရဇိန် မြို့ ဇက်သဒဲမြို့ ကပေရနောင်မြို့တို့ဟာ မယုံကြည်ခဲ့ဖူးတဲ့ တုရုမြို့နဲ့ ဇိဒုန်မြို့ထက် ဆိုးတယ်လို့ဆိုတယ်။ တပ ည့်တော် တွေကို တန်ခိုးပေးရင်းနဲ့ ကောင်းကြီး လည်းပေးတယ်။ ဒါဟာ ကောင်းကင်နိုင်ငံတော်မှာ အခွင့်အာဏာရှိကြေ ကာင်း ခရစ် တော် သက်သေပြ တာဖြစ်တယ်။

C.ပညတ်တရားနဲ့ ယုံကြည်ခြင်းတရားမတူကြောင်း ရှင်းပြတယ်။

1. ကျမ်းတတ်တယောက်ကို အပြစ်တင်ရာမှာ ယုံကြည်ခြင်းဟာ အကျင့်အားဖြင့် ထင်ရှားတယ်လို့ ဆိုတယ်။ ကျမ်းတ တ်က ထာဝရအမွေခံရဖို့ ဘာလုပ်ရမလဲလို့ မေးတယ်။ သခင်ယေရှုက ပညတ်တရား ဘယ်လို သွန်သင်လဲလို့ ပြန်မေ းတယ်။ သူက ပညတ်တရားက ဘုရားသခင်ကိုချစ်၊ ကိုယ်နှင့်သက်ဆိုင်သောသူကို ကိုယ်နှင့်အမျှချစ်ရမယ် လို့ ပြ န်ဖြေတယ်။ သခင်ယေရှုက အဲဒီတရားကို စောင့်ထိန်းဖို့ ပြောတယ်။ သူ့ကိုယ်သူ ဖြောင့်မတ်ကြောင်းပြချင်တဲ့ အဲဒီ လူက သူနဲ့သက်ဆိုင်သူဟာ ဘယ်သူလဲလို့မေးတယ်။ သခင်ယေရှုက ကောင်းသောရှမာရိ ဥပမာတော်နဲ့ အဖြေပေး ခဲ့တယ်။ (Luke 10:25-37)

2. အကျင့်တရားက ကုန်နိုင်တယ်မရှိတာကို သက်သေပြခဲ့တယ်။ (Luke 10:38-42)။ ဗေသနိရှိ မိတ်ဆွေများရဲ့အိမ်မှာ မာသက လုပ်ကျွေးပြုစုပြီး မာရိက ခြေတော်ရင်းမှာထိုင်တယ်။ မာရိဟာ ကောင်းသောအဖို့ ရွေးပြီလို့ ဆိုတယ်။ ဒါက လုပ်ကျွေးပြုစုခြင်းထက် ချစ်ခြင်း၊ သင်ယူခြင်းဟာ ပိုကောင်းတယ်လို့ ပြောတာဖြစ်တယ်။ အကျင့်ကျင့်လို့ မပြီး ဘူး။ အလုပ်လုပ်လို့ မပြီးဘူးလို့ ဆိုလိုတယ်။

3. ဆုတောင်းခြင်းအားဖြင့် တန်ခိုးခံစားရကြောင်း လက်တွေ့ပြတယ်။ မိတ်ဆွေထံမှာ မုန့်ကို လာတောင်းတဲ့ သူ တယေ ာက်အကြောင်းနဲ့ ဥပမာပေးတယ်။ (Luke 11:1-13)

4. စစ်မှန်တဲ့အကျင့်နဲ့ မကောင်းတဲ့အကျင့်တွေရဲ့ကွာခြားမှုကို ရှင်းပြတယ်။ ဆွံ့အသူကို နတ်ဆိုး တွေရဲ့တန်ခိုးနဲ့ အနာငြ ငိမ်းစေတယ်လို့ စွပ်စွဲလာတဲ့အခါ "မာရ်နတ်သည် အချင်းအချင်း မသင့် မတင့်ဖြစ်လျှင် သူ၏နိုင်ငံသည် အဘယ်သို့ တည်မည်နည်း" လို့ ဖြေတယ်။ နှုတ်ကပတ်တော်သည် ကြားနာစောင့်ထိန်းတဲ့အခါ မင်္ဂလာရှိတယ်လို့ ဆိုတယ်။ (Luke 11:14-28)

5. ဓလေ့ထုံးစံရဲ့အသုံးမဝင်ပုံကိုပြတယ်။ ritualism (Luke 11:29-36) နိမိတ်လက္ခဏာကို တောင်းဆိုပြီး၊ ပေးထားတဲ့ နိမိတ်လက္ခဏာကို မယုံကြည်ပဲ အမှောင်မှာ ကျင်လည်ပြီး၊ လက်ဆေးခြင်းအကြောင်း မေးခွန်းထုတ်တဲ့ ဖာရိရှဲတွေရဲ့ လျှို့ဝှက်တွေကို အပြစ်တင်တယ်။ ဖာရိရှဲတွေနဲ့ပတ်သက်တဲ့ အမင်္ဂလာတွေကို ကြေညာတယ်။

a. အပြင်ပန်းကို ဆေးကြောပြီး စိတ်နှလုံးကိုမဆေးတဲ့သူ

b. ဆယ်ဖို့တဖို့ပေးပြီး ဘုရားရဲ့မေတ္တာကို မပြ၊ တရားသဖြင့် မစီရင်သူ

c. ကိုယ့်ဘုန်းအသရေကို ရှာခြင်တဲ့သူ

d. ဘုရားသခင်တွက် အသက်ရှင်တယ်ပြောပြီး တကယ်တမ်းမှာ သေနေသူ

e. ကိုယ်တိုင်က ဘာတာဝန်မှမယူပဲ သူတပါးအပေါ်မှာ ဝန်ထုပ်တင်ခြင်တဲ့သူ

f. သမ္မာတရားအတိုင်း အသက်ရှင်သူတွေကို လုံချသတ်ပစ်ခြင်သူ

g. ဉာဏ်ပညာမရှိ၊ သူတပါးသင်ယူမှုကိုလည်း ဖျက်ဆီးသူ။ (Luke 11:37-54)

6. ဖာရိရှဲတွေရဲ့တဆေးနဲ့ လျှို့ဝှက်ချက်အကြောင်း သတိပေးတယ်။ လူကို ကြောက်တတ်ပြီး သန့်ရှင်းသော ဝိညာဉ် တော်ကို ကဲ့ရဲ့တဲ့သူတွေဖြစ်တယ်။ (Luke 12:1-12) "အကြင်သူသည် လူတို့ရှေ့မှာ ငါ့ကိုဝန်ခံ၏။ ခမည်းတော်ဘုရား

သခင်၏ ကောင်းကင်တမန်တို့ရှေ့မှာ ထိုသူကို လူသား ကဝန်ခံမည်။ လူတို့ရှေ့မှာ ငါ့ကို ငြင်းပယ်သောသူကို ဘုရားသခင်၏ ကောင်းကင်တမန်တို့ ရှေ့မှာ ငါငြင်းပယ်မည်။"

7. မတပ်မက်ဖို့ သတိပေးပြီး ဘုရားသခင်ထံ၌ ချမ်းသာကြွယ်ဝဖို့သာ ရာခိုင်းသည်။ မိုက်မဲသော သူဌေးတယောက်အကြောင်း ဥပမာ။ (Luke 12:13-21) လောကီစည်းစိမ်ရဲ့အချည်းနှီးသက် သက်ဖြစ်မှုကို ပြတယ်။ ဘုရားကို အားကိုးရင် နေ့စဉ်လိုအပ်မှုကို ဖြည့်စွမ်းပေးတယ်။ (Luke 12:22-34; Matthew 6:25-33) "သင်တို့၏ ဘဏ္ဍာရှိသမျှ၌ သင်တို့စိတ်နှလုံးကပ်လိမ့်မည်။" (Luke 12:34).
8. သခင်ဘုရား ပြန်ကြွလာမယ့်အချိန်ကို စောင့်မျှော်ဖို့ မှာထားတယ်။ သူခိုးသည် ညမှာ လာ သလိုဖြစ်တဲ့အတွက် အစဉ်အမြဲ အသင့်ရှိရမယ်။ ကြွလာချိန်ကို ဘယ်သူမှမသိဘူး။ (Luke 12:35-40) သစ္စာနဲ့ စောင့်နေခြင်းဟာ ကောင်း ကြီးနဲ့ ဆုလာဘ်ရမယ်။ စောင့်မနေခြင်းဟာ အပြစ်ပေး ခံရမယ်။ (Luke 12:41-48) ခရစ်တော်က ငြိမ်သက်ခြင်းကို ယူလာတာမဟုတ်ပဲ ကွဲပြားခြင်းကို ယူလာတယ်။ (Luke 12:49-59).
9. ဣသရေလရဲ့အကြီးမားဆုံး လိုအပ်ချက်ဟာ နောင်တရဖို့ ဖြစ်တယ်လို့ သတိပေးတယ်။ (Luke 13:1-9) အသီးမသီးလို့ ခုတ်လှဲခြင်းခံရတဲ့ သဘော်သဖန်းပင်ဟာ ဣသရေလလူမျိုးရဲ့ ဝိညာဉ်ရေး ကို ပုံဆောင်ပြီး သူတို့ရဲ့အနာဂတ်ကို ပြတယ်။ သားနှစ်ယောက် ဥပမာ မှာလည်း ဒီအကြောင်းကိုပဲ ပြတယ်။ (Matthew 21:28-32) ဆိုးညစ်တဲ့ ဥယျာဉ်စောင့်သူများ ဥပမာ မှာလည်း ပြောတယ်။ (Matthew 21:33-44).

D. သခင်ယေရှုက လျှို့ဝှက်ခြင်းနဲ့ ကောင်းကင်နိုင်ငံ ဝင်ခြင်းအကြောင်းကို သင်ပြတယ်။ တရား ဇရပ်မှူးက စိတ်ဆိုးနေတယ်။ ဥပုသ်နေ့မှာ မသန်စွမ်းတဲ့အမျိုးသမီးကို ပျောက်ကင်းစေလို့ ဖြစ် တယ်။ သခင်ယေရှုက လျှို့ဝှက်သောသူလို့ ခေါ်တယ်။ ဘုရားသခင်ရဲ့နိုင်ငံတော်ဟာ မုန်ညင်းစေ့ (သို့) အတွင်းမှာ တိုးပွါးစေတဲ့ တဆေးလို ဖြစ်တယ်လို့ ဆိုတယ်။ (Luke 13:10-21; Matthew 13:31-33; Mark 4:30-34).

1. ကောင်းကင်နိုင်ငံဝင်ခွင့်ဟာ ကျဉ်းသောတံခါး တခုတည်းအားဖြင့်သာ ဖြစ်တယ်။ (Luke 13:22-35) ပညတ်တရားနဲ့ ဓလေ့ထုံးစံတွေအားဖြင့် မရဘူး။ ဘုရားရဲ့နည်းလမ်းကို ငြင်းပယ်ရင် ထာဝရ ဆုံးရှုံးလိမ့်မယ်။ သခင်က တံခါးကို ပိတ်တဲ့အခါ ဘယ်သူမှ ဝင်ခွင့်မရတော့ဘူး။ လူအများက တံခါး လာခေါက်ပြီး သူတို့ လုပ်ဆောင်ခဲ့တဲ့ အလုပ် တွေကို ပြောလိမ့်မယ်။ အဲဒီအခါမှာ "သင်တို့ကို ငါမသိ လို့ဖြေလိမ့်မယ်" (Luke 13:27) ဣသရေလလူမျိုးရဲ့ငြင်းပယ်ခြင်းကြောင့် တခြားလူမျိုးတွေကို ဘုရားသခင်ကအခွင့်အရေးပေးတဲ့အကြောင်း မင်္ဂလာဆောင်ပွဲ ဥပမာနဲ့ ပြောသွားတယ်။ ဖိတ်ကြား ခံရတဲ့လူတွေ မလာတဲ့အတွက် လမ်းပေါ်ကလူတွေကို ဖိတ်လိုက်တာဖြစ်တယ်။ (Luke 14:15-24; Matthew 22:1-14)
2. သခင်ယေရှုက "ငါသည် ကောင်းသောသိုးထိန်းဖြစ်၏" လို့ ဆိုတယ်။ (John 10:1-42) နိုင်ငံ တော်အကြောင်းကို ဆက်သင်တယ်။ ယုံကြည်သူဟာ နိုင်ငံတော်သားဖြစ်တယ်။ မယုံကြည်ရင် နိုင်ငံတော်နဲ့ မဆိုင်ဘူး။ သိုးဝင်ရာတံခါးဝဟာ ခရစ်တော်ဖြစ်သလို သိုးထိန်းဟာလည်း ခရစ်တော် ဖြစ်တယ်။ သူ့သိုးတွေက နောက်တော်လိုက်တယ်။ (John 10:1-13) "ကောင်းသောသိုးထိန်း မူကား သိုးတို့အဖို့ မိမိအသက်ကို စွန့်၏။ ငါ့သိုးတို့သည် ငါ့စကားကို ကြား၍ နားလည်ကြ၏။ ငါ့နောက်သို့လိုက်ကြ၏။ ငါသည်လည်း သူတို့ကို ထာဝရအသက်ပေး၏။ သူတို့သည် ဖျက်ဆီး ခြင်းသို့ မရောက်ရကြ။ ငါ့လက်မှ အဘယ်သူမျှ သူတို့ကို မနှုတ်မယူရ။ သူတို့ကို ငါ့အားပေးသော ငါ့ခမည်းတော်သည် ခပ်သိမ်း သောသူတို့ထက် ကြီးမြတ်သောသူဖြစ်၏။ အဘယ်သူမျှ ခမည်းတော် ၏လက်မှ သူတို့ကို မနှုတ်မယူနိုင်ရာ။ ငါနှင့် ငါ့ ခမည်းတော်သည် တလုံးတဝတည်း ဖြစ်၏။" (John 10:14,15,27-30).

သိုးမဟုတ်သူတွေက ငြင်းပယ်ကြတယ်။ ပွဲနေ့မှာ သခင်ယေရှုဟာ ဗိမ္မာန်တော်မှာ ဂျူးတွေထံသွားခဲ့ တယ်။ ခရစ်တော် ဆိုရင်လည်း ပွင့်ပွင့်လင်းလင်း ပြောပါလို့ဆိုတယ်။ "ငါပြောပြီ သင်တို့မယုံကြ" လို့ဖြေတယ်။ ခမည်းတော်ရဲ့အမှုကို ဆောင်ခဲ့ပြီး ဒီသက်သေတွေရှိပေမယ့် မယုံကြည်ကြဘူး။ ဘာကြောင့်လဲဆိုတော့ သူတို့ဟာ ကိုယ်တော့ရဲ့သိုးတွေ မဟုတ်ဘူး။ "ငါနှင့် ငါ့ခမည်းတော်သည် တလုံးတဝတည်းဖြစ်၏။" (John 10:22-30) ဘုရားကို လွန်ကျူးပြီဆိုပြီး ေ ကျာက်ခဲနဲ့ပစ်ဖို့ ကြိုးစား တယ်။ ယော်ဒန်မြစ်တဖက်ကမ်း ပေရပ် အရပ်ကို ရှောင်သွားတော် မူတယ်။ ယုံကြည်သူ အငြ မာက် အများ နောက်တော်လိုက်လာတယ်။ (John 10:31-42) သခင်ယေရှု ကို ဟေရုဒ်က သတ်ဖြတ် လိမ့်မယ် လို့ ဖာရိရှဲတွေက လာသတိပေးတယ်။သခင်ယေရှု က သွားပြီး အဲဒီမြေခွေးကိုပြောကြသခင်ယေရှုကတော့ အမှုတော် ကို ပြီးစီးအောင် လုပ်ဆောင်မယ်လို့ဆိုတယ်။ (Luke 13:30-33) သခင်ယေရှုဟာ ယေရုရှလင်မြို့ကျဆုံးခြင်းအတွက် ငိုငြ ကွေးခဲ့တယ်။ (Matthew 23:37-39;Luke 13:31-35) ဒီအခါမှာ တပည့်တော်တွေနဲ့အတူ တခြားအမှုအရာတွေ လုပ်ေ ဆာင်ဖို့အတွက် ထွက် သွားကြတယ်။ (John 10:40-42).

Later Judean and Perean Ministry ယုဒပြည်နှင့် ပေရဲဒေသ၌ အမှုတော် ဆောင်ခြင်း – Third period

E.တပည့်တော်တွေကို ဆက်သွန်သင်တယ်။ (Luke 14-17):

1.နှိမ့်ချခြင်းနဲ့ ကျေးဇူးပြုခြင်း။ ဥပုသ်နေ့မှာ ထပ်မံအနာငြိမ်းခြင်း။ (Luke 14:1-14). ပွဲခံရာနေ့မှာ နေရာမယူဖို့ ချမ်း သာတဲ့သူတွေကို မဖိတ်ပဲ ဆင်းရဲသားတွေကို ဖိတ်ဖို့။ (Luke 14:7-14)

2.တပည့်တော်ဖြစ်ခြင်း။ နောက်တော်လိုက်သူဟာ အကုန်စွန့်ရတယ်။ (Luke 14:25-35)

3.အပြစ်သားအတွက် ကျေးဇူးတော်ကို ပုံဆောင်ရတဲ့ ဥပမာများ။ ပျောက်သောသိုး (Luke 15:1-7) ပျောက်သောဒင်္ ါး (Luke 15:8-10) ပျောက်သောသား (Luke 15:11-32)

4.အမှုတော်ဆောင်ခြင်းရဲ့စိတ်ပြတ်သားမှု။ အဘယ်သူမျှ သခင်နှစ်ဦး၏ အစေကိုမခံနိုင်။ (Luke 16:1-13)

5.ပညတ်တော်။ အိမ်ထောင်နဲ့ ကွာရှင်းခြင် (Matthew 19:1-12; 5:31,32; Mark 10:1-12; Luke 16:18)

6.လောကီစည်းစိမ်နဲ့ တန်ဖိုးမဲ့ခြင်း။ သူဌေးနဲ့ လာဇရု (Luke 16:19-31) (မဂၢာနိုင်ငံအကြောင်း ရှင်းပြခြင်း)

7.ပြစ်မှားခြင်း၊ ခွင့်လွှတ်ခြင်း၊ ယုံကြည်ခြင်းနဲ့ စီရင်ခံခြင်း (Luke 17:1-10)

8.ကျေးဇူးတော်ချီးမွမ်းခြင်းနဲ့ ယုံကြည်ခြင်း (Luke 17:11-19) ။ နူနာ ၁၀ယောက် အနာ ပျောက်ပေမယ့် ၁ယောက် သာ ကျေးဇူးတင်ကြောင်း လာပြောတယ်။ "သင်၏ယုံကြည်ခြင်းသည် သင့်ကို အနာပျောက်စေပြီ"

9.နောင်ဖြစ်မယ့် နိုင်ငံတော်အကြောင်း (Luke 17:20-37)

10.ဆုတောင်းခြင်း ဥပမာနှစ်ခု (Luke 18:1-14)။ မုဆိုးမ အခွန်ခံနဲ့ အပြစ်သား။

11.ကလေးသူငယ်တို့၏ ကောင်းကြီးမင်္ဂလာ။ (Luke 18:15-17 Matthew 19:13-15; Mark 10:13-16)

12.နှိမ့်ချခြင်း (Luke 18:15-17; Matthew 19:13-15; Mark 10:13-16) သူငယ်လို လူတွေသာ ကောင်းကင် ဝင်ရတယ်။

13.စည်းစိမ်ဥစ္စာဟာ ကောင်းကင်နိုင်ငံတော်နဲ့ လွဲသွားစေနိုင်တယ်။ ချမ်းသာတဲ့ အရာရှိလူငယ်တယောက်ကို ဖြေကြား ခဲ့တယ်။ (Luke 18:18-30; Matthew 19:16-26; Mark 10:17-31)

14.ထာဝရအသက် (Luke 18:18-30; Matthew 19:16-20:16; Mark 10:17-31)

15.အနာဂတ်နိုင်ငံတော်ရှိ ကြီးမြတ်မှုနဲ့ ရာထူးများ (Matthew 19:27-30) ယာကုပ်နဲ့ ယောဟန်ရဲ့အမေ တောင်းဆိုချက် (Matthew 20:20-28, Mark 10:35-45)

16.သခင်ရဲ့ဆုပေးပိုင်ခွင့်။ စပျစ်ဥယျာဉ်မှာ လုပ်ဆောင်သောသူများအကြောင်း။ (Matthew 20:1-16). အစေခံက သူလုပ်ရမယ့်အရာကို ဘာမှမေးမြန်းခြင်းမရှိပဲ လုပ်ဆောင်တာ တွေ့ရတယ်။

17.အသေခံခြင်းနဲ့ ရှင်ပြန်ထမြောက်ခြင်းအကြောင်းကို ပြောပြတယ်။ (Luke 18:31-34; Matthew 20:17-19; Mark 10:32-34) (အသေခံခြင်းအကြောင်း တတိယမြောက် ပြန်ပြောခြင်း)

F. "ငါသည် ထမြောက်ခြင်းအကြောင်း အသက်ရှင်ခြင်းအကြောင်းဖြစ်၏" လို့ ကြေညာတယ်။

1. ဗေသနိမှာ လာဇရုကို သေရာမှ ရှင်စေတယ်။ သေပြီး ရက်အတော်ကြာဖြစ်တယ်။ (John 11:1-54) သခင်ယေရှုဟာ သူတို့မိသားစုကို သနားသောစိတ်ရှိပြီး ကြီးမားသော တန်ခိုးတော်ကို ပြခဲ့တယ်။ နိမိတ်လက္ခဏာကိုမြင်လို့ လူများစွာ ယုံကြည်ကြတယ်။ ဒါကြောင့် ယဇ်ပရောဟိတ်အကြီးတွေနဲ့ ဖာရိရှဲတွေက သတ်ဖို့ ကြိုးစားလာတယ်။ Sanhedrin လွှတ်တော်မှာ စည်းဝေးခေါ်တယ်။ ယဇ်ပရောဟိတ်မင်း ကယာဖက တတိုင်းပြည်လုံး ပျက်စီးမယ့်အစား လူတယောက်သေတာက ပိုကောင်းတယ်လို့ ဆိုတယ်။ သူတို့ရဲ့စိတ်ကို သိတဲ့အတွက် လူတွေရှေ့မှာ မသွားလာတော့ဘူး။ ယေရုရှလင်နဲ့ ဂါလိလဲမြို့ကြားမှာ သွားလိုက်တယ်။ (John 11:54)

2. ယေရိခေါ်မြို့မှာ ဗာတိမဲဆိုတဲ့ လူကန်းကအော်ဟစ်တယ်။ "ဒါဝိဒ်ရဲ့သားတော် ယေရှု ကျွန်တော့်ကို သနားပါ" သခင်ယေရှုက မျက်စိ ပြန်မြင်စေတယ်။ (Luke 18:35-43; Matthew 20:29-33; Mark 10:46-52) အခွန်ခံ ဇက္ခဲ (Luke 19:1-10) ဟာ အိမ်မှာရော နလုံးသားမှာပါ လက်ခံတယ်။ ဂျူးတွေက အခွန်ခံနဲ့အတူ စားတဲ့အတွက် ဂျူးတွေက အပြစ် တင်တယ်။ "လူသားသည် ပျောက်သောသူတို့ကိုရှာခြင်းငှါ ကြွလာသတည်း။" လို့ဖြေတယ်။ ယေရိခေါ်မြို့မှ ပြန်လာတဲ့ အခါ သခင်ယေရှုဟာ မျက်မမြင်နှစ်ယောက်ကို မြင်စေတယ်။ (Matthew 20:29-34)

3. သစ္စာရှိတဲ့အစေခံဟာ စောင့်နေတတ်တယ်။ (Luke 19:11-27; Mark 13:31-37). လူကိုမကြောက်နဲ့။ သန့်ရှင်းသောဝိညာဉ်တော်က စောင့်ရှောက်လျက်၊ သွန်သင်လျက်ရှိတယ်။ လျှို့ဝှက်သောသူ၊ တပ်မက်သောသူတွေကို သတိထားဖို့လိုတယ်။ ကြွလာမယ့်အချိန်ကို မသိတဲ့အတွက် သတိနဲ့စောင့်နေရမယ်။ ပညာရှိတဲ့ ဘဏ္ဍာစိုးဟာ အသင့်ရှိတယ်။ ပိုက်ဆံတွေကို ငယ်သားတွေနဲ့ လွှဲထားခဲ့ပြီး သွားတဲ့ အရာရှိတယောက်အကြောင်း ပြောတယ်။ ပြန်လာချိန်မှာ ပေးထားတဲ့အရာတွေနဲ့ ဘာလုပ်ထားလဲဆိုတာ မေးတယ်။

G.**Things to Think About:** ဆင်ခြင်စရာများ

*1.* သူဟာ ကောင်းကင်သွားဖို့ တခုတည်းသောလမ်းဖြစ်ကြောင်း ရှင်းပြတယ်။ တခုတည်းသော တံခါးလည်း ဖြစ်တယ်။ လုပ်ဆောင်သမျှ၊ ထုံးတမ်းစဉ်လာရှိသမျှဟာ ကောင်းကင်နိုင်ငံတံခါးကို မဖွင့်စေနိုင်ဘူး။ ကယ်တင်ခြင်းတံခါးကို သင်ဝင်ပြီးပြီလား။ ကိုယ်တော့်ရဲ့သိုးဖြစ်ပြီလား။ ကိုယ်တော်နဲ့ သက်ဆိုင်ပြီလား။

*2.* ကြွလာခြင်းအတွက် တပည့်တော်တွေဟာ စောင့်ဆိုင်းဖို့လိုတယ်။ ဒုတိယအကြိမ် ကြွလာခြင်း အတွက် သင်ဘာတွေ ပြင်ဆင်နေပြီလဲ။ ?

II.**OFFICIAL PRESENTATION AND REJECTION OF THE KING -** ရှင်ဘုရင် အဖြစ် လက်ခံပြီးမှ ငြင်းပယ်ခြင်း  သခင်ယေရှုကို ဖမ်းဆီးပြီး ကားတိုင်မှာ အသေသတ်ခြင်း **(The Passion Week) (Matthew 21-28; Mark 11-16; Luke 21-24; John 12-21)**

A.ယေရုရှလင်မြို့ရဲ့ နောက်ဆုံးသတင်းပတ် (ပသခါပွဲ သတင်းပတ်).

1.ဗေသနိရွာရောက်တယ်။ (Matthew 26:5-13; Mark 14:3-9; John 12:1-8) ပသခါပွဲ မတိုင်မီ ၆ရက်အလို (တဆေးမဲ့မုန့်လွှန်ပွဲ) မှာ သခင်ယေရှုဟာ ယေရိခေါမြို့က စားသောက်ပွဲမှာ ပါဝင်တယ်။ မာရိ မာသ လာဇရုတို့နဲ့ အတူ နူနာပျောက်သွားတဲ့ ရှိမုန်အိမ်မှာ ရှိကြတယ်။ မာရိက သခင်ယေရှုရဲ့ဦးခေါင်းကို အဖိုးတန်တဲ့ဆီမွှေး သွန်းလောင်း တယ်။ ယုဒက ဒါဟာ ဖြုန်းပစ်တာပဲ မရှိတဲ့ ဆင်းရဲသားကို ကျွေးရမယ် ဆိုတယ်။ သခင်ယေရှုက သူရဲ့ အသေခံခြင်း အတွက် ဆီလိမ်း ဘိသိက်ပေးတာဖြစ်တယ်လို့ ဆိုတယ်။ (Mark 14:3-9; John 12:1-8; Matthew 26:6-13)

2.နောက်တနေ့ ယေရုရှလင်မြို့မှာ ဘုရင်အဖြစ် ဝင်ရောက်တယ်။ (Matthew 21:1-11; Mark 11:1-11; 14-17; Luke 19:29-44; John 12:12-19) သံလွင်တောင်နား Bethphage အရပ်မှာ သခင်ယေရှုဟာ မြည်းကို စီးပြီး မြို့ထဲ ဝင်တယ်။ လူတွေက အဝတ်တွေနဲ့ သံလွင်ခက်တွေကို ခင်းပြီး အော်ဟစ်ကြတယ်။ "ဟောရှန္နာဖြစ်စေသတည်း။ ဒါဝိဒ်၏သားတော်၌ ဟောရှန္နာဖြစ်စေသတည်း။ ထာဝရဘုရားအခွင့်နှင့် ကြွလာသောသူသည် မင်္ဂလာရှိစေသတည်း။ ငါတို့အဘရဲ့နိုင်ငံတော်ဟာ မင်္ဂလာရှိစေသတည်း" လို့ ကြွေးကြော်ကြတယ်။ ( Zechariah 9:9 ကိုကြည့်ပါ) တမြို့လုံး ဟာ နာဇရက်မြို့သား ခရစ်တော်ယေရှု အကြောင်းကို အုတ်အုတ်သဲသဲ ဖြစ်နေကြတယ်။ သခင်ယေရှုက ဗိမ္မာန်တော် ကို ဝင်ပြီး တပည့်တော် ၁၂ပါးနဲ့အတူ ဗေသနိကို ပြန်တယ်။

3. နောက်တနေ့ ယေရုရှလင်ကို ပြန်ကြွလာတယ်။ (Matthew 21:12-19; Mark 11:12-19; Luke 19:45-46) သွားရာလမ်းမှာ အသီးမသီးတဲ့ သဖန်းပင်ကို တွေ့တယ်။ ဣသရေလ လေးမျိုးကို ပုံဆောင်တယ်။ တခါ ဗိမ္မာန်တော်ကို သွားပြီး ငွေလဲလှယ်သူ ကုန်သည်တွေကို သန့်ရှင်းရေးလုပ်တယ်။ "ငါ့အဘ၏ အိမ်ကို ဆုတောင်းရာအိမ် ဟု ခေါ်ဝေါ်ကြ လတံ့။ သို့သော်လည်း သင်တို့သည် သူခိုးတွင်းဖြစ်စေပြီတကား။" ကျမ်းတတ်ဆရာနဲ့ ဖာရိရှဲတွေက စိတ်ဆိုးတယ်။ လူ တွေအများကြီး သခင်ယေရှုကို ဘုရင်အဖြစ်နဲ့ ကြွေးကြော်လို့ ဖြစ်တယ်။ ကလေးတွေကလည်း "ဟောရှန္နာ ဒါဝိဒ်၏ သားတော်" လို့ အော်ကြတယ်။ အာဏာပိုင်တွေက သတ်ဖို့ ကြံစားလာတယ်။ သခင်ယေရှုဟာ တပည့်တော်တွေနဲ့ အတူ ဗေသနိရွာ ပြန်တယ်။ ကျိန်ထားခဲ့တဲ့ သင်္ဘောသဖန်းပင် ခြောက်သွေ့နေတာ အံ့ဩဖွယ်ရာ တွေ့ရတယ်။ (Matthew 21:20-22, Mark 11:20-24)ယေရှုက"သင်တို့သည်ဘုန်းကြီးသောစိတ်နှင့်တောင်းသမျှကိုရကြလိမ့်မည်။

4.တတိယနေ့မှာ သခင်ယေရှုဟာ ဗိမ္မာန်တော်ကို ပြန်သွားပြီး ယဇ်ပရောဟိတ်တွေကို သူ့ရဲ့အခွင့်အာဏာ အကြောင်း ပြောပြတယ်။ (Matthew 21:23-22:14; Mark 11:27-12:12; Luke 20:1-19)

a.ဥပမာတော်ကို သင်ပြတယ်။ "ဘုရားသခင်၏နိုင်ငံတော်ကို သင်တို့ထံမှ နုတ်ယူလိမ့်မည်။ အသီးသီးသောလူမျိုးအား အပ်ပေးလိမ့်မည်" စပျစ်ဥယျာဉ်မှ စပျစ်သီးကို တောင်းခံသော စပျစ်ဥယျာဉ်ပိုင်ရှင် ဥပမာ ကို ပြောပြလာတယ်။ (Luke 20:9-19; Matthew 21:33-46; Mark 12:1-9).

b.ဖာရိရှဲ ဟေရုဒ်တပည့်နဲ့ ဇဒ္ဒုကဲတွေကို ပြန်ဖြေတယ်။ (Matthew 22:15-46; Mark 12:13-27; Luke 20:20-47) ယဇ်ပရောဟိတ်တွေက ကိုယ်တော်ကို ဖမ်းချင်ပေမယ့် လူတွေကို ကြောက်နေ ရတယ်။ အပြစ်တင်စရာအခွင့်ကို ရှာစေဖို့ ဟေရုဒ်တပည့် တချို့ကို စေလွှတ်ပြီး ကဲသာဘုရင်ကို အခွန်ပေးသင့် မပေးသင့် မေးတယ်။ သခင်ယေရှုက "ကဲသာဘုရင်နဲ့ဆိုင်တဲ့အရာကို ကဲသာဘုရင် ကိုပေးကြ၊ ဘုရားသခင်နဲ့ စပ်ဆိုင်တဲ့ အရာကို ဘုရားသခင်ကိုပေးကြ"

လို့ ဆိုတယ်။ သခင်ယေရှု ဟာ ဖာရိရှဲတွေရဲ့လျှို့ဝှက်တဲ့စိတ်ကို အပြစ်တင်တယ်။ အပြင်ပန်းက ဖြောင့်မတ်ဟန် ရှိပေ မယ့် အတွင်းက ဆိုးညစ်တယ်။ (Matthew 23:1-12; Mark 12:38-40; Luke 20:45-47)

c. ယေရုရှလင်မြို့အတွက် ငိုကြွေးခဲ့တယ်။ "အို ယေရုရှလင်မြို့ ယေရုရှလင်မြို့ သင်သည် ပရောဖက်တို့ကို သတ်လျက် သင့်ထံသို့ စေလွှတ်သောသူတို့ကို ကျောက်ခဲနဲ့ ပစ်ပေါက်ကြပြီ။ ကြက်မသည် အတောင်အောက်မှာ သားငယ်တို့ကို စုရုံးသကဲ့သို့ ငါသည် သင်တို့ကို ကြိမ်ဖန်များစွာ စုရုံးစေခြင်းငှါ အလိုရှိနှင့်ပြီ။ သင်မူကား ထိုသို့ အလို မရှိ။" (Matthew 23:37-39;Luke 13:31-35) ဂရိလူမျိုးတချို့ရောက်လာပြီး "သခင် သခင်ယေရှုကို မြင်ချင်တယ်" လို့ ပြောကြတယ်။ (John 12:20-50) ဒါပေမယ့် သူ့လူမျိုးတော်ကတော့ သူ့ကို ပစ်ပယ်နေတယ်။

B.အသေခံခြင်းအတွက် ပြင်ဆင်ခြင်း (Matthew 26;27; Mark 14;15; Luke 23; John 18;19) ဘုရင်အဖြစ် တရားစီရင်ဖို့ လူသားကြွလာခြင်း (Matthew 23:1-39; Mark 12:38-40; Luke 20:45-47).

1. တပည့်တော်တို့အား အနာဂတ်အကြောင်းအရာများ ကိုပြောပြတယ်။ (Matthew 24:1-25:46; Mark 13:1-37; Luke 21:5-36) သံလွင်တောင်မှာ ပြောပြခြင်းဖြစ်တယ်။ နောက်ဆုံးသောကာလ နဲ့ နိမိတ်လက္ခဏာများ အကြောင်း မေးတယ်။ အဖြေက ....:

a. စစ်ပွဲနဲ့ စစ်တိုက်မယ်ဆိုတဲ့ သတင်းစကားများ။ ငလျင်နဲ့ ကြောက်မက်ဖွယ်ရာများ။ ဒုက္ခများ၊ သစ္စာဖောက်ခြင်း၊ ညှင်းပန်းနှိပ်စက်ခြင်း။

b. လောကီတိုင်းနိုင်ငံက မုန်းသော ဘုရားသားသမီးများကို သန့်ရှင်းသောဝိညာဉ်တော်က လမ်းပြကွယ်ကာပေး

c. မိစ္ဆာပရောဖက်အများပေါ်တယ်။

d. ဧဝံဂေလိတရားကို မြေကြီးတပြင်လုံးမှာ ဟောပြောပြီး အသင်းတော်ကို သိမ်းယူတယ်။

e. ယေရုရှလင်ကို ရန်သူတွေဝိုင်းပြီး ဖျက်ဆီးခံရဖို့အချိန်နီးလာပြီ။

f. ဘေးဒဏ်ကြီးကာလရဲ့အဆုံးမှာ နေနဲ့လ ဟာ မှောင်ပြီး ကောင်းကင်ကနေ ကြယ်တွေ ကြွေမယ်။

g. ကြီးမားသောအလင်းဟာ အရှေ့အရပ်ကနေ ပေါ်ထွန်းပြီး ဘုန်းတန်ခိုးနဲ့ကြွလာမယ့် လူသားရဲ့နိမိတ်လက္ခဏာ အဖြစ်ရှိမယ်။

h. သခင်ဘုရားကြွလာမယ့် နေ့ရက်အတိအကျကို ခမည်းတော်မှတပါး အဘယ်သူမျှမသိ။ "ထိုကြောင့် လူသား ကြွလာသော အချိန်နာရီကို မသိသောကြောင့် သတိနှင့် ဆုတောင်း၍ စောင့်နေကြလော့။" သတို့သားနဲ့ တွေ့ဖို့ မီးခွက်ပြင်နေကြတဲ့ သတို့သမီး ၁၀ယောက် ဥပမာကိုပြောတယ်။ (Matthew 25:1-13).

2. ဂျူးလူမျိုးအာဏာပိုင်တွေက သခင်ယေရှုကို သတ်ဖို့ စည်းဝေးကြတယ်။ (Matthew 26:1-4; Mark 14:1,2; Luke 22:1,2)

3. ယုဒရှကာရုတ်က သစ္စာဖေါက်ဖို့ ပြင်ဆင်တယ်။ (Matthew 26:14-16; Mark 14:10,11; Luke 22:3-6)

4. နောက်ဆုံးသောပသခါပွဲ သခင်ဘုရားရဲ့နောက်ဆုံးသော ညစာစားပွဲကို တပည့်တော်တွေ ပြင် ဆင်ကြတယ်။ (Matthew 26:26-29; Mark 14:22-25; Luke 22:17-20; John 13:2-30) ညဦးအချိန်မှာ တပည့်တော် ၁၂ ပါး နဲ့ တွေ့တယ်။ ညစာမစားခင် တပည့်တော်တို့ရဲ့ခြေကို စံနမူနာ အဖြစ်နဲ့ နှိမ့်ချစွာ ဆေးပေးတယ်။ ဖြစ်ပေါ်လာမယ့် အရာ တွေကို ပြောပြီး ဒီအရာတွေဖြစ်တဲ့အခါမှာ ခရစ်တော်ဖြစ်ကြောင်း သိကြလိမ့်မယ်လို့ ဆိုတယ်။ "ငါသည် သင်တို့နှင့် ယခု ခဏရှိ၏။ ငါသွားရာ အရပ်သို့ သင်တို့မလာနိုင်ကြ။ ဤမုန့်ကား သင်တို့အဖို့ အလို့ငှါ ချိုးဖဲ့သော ငါ၏ကို

ယ်ဖြစ် သတည်း။ ငါ့ကို အောက်မေ့ဖို့ရာ ဤသို့ပြုကြလော့။" အဲဒီနောက် တပည့်တော်တွေက ကောင်းကင်နိုင်ငံမှာ ဘယ်သူ အကြီးမြတ်ဆုံး ဖြစ်မယ်ဆိုတာ ငြင်းခုံကြတယ်။သခင်ယေရှုကပညတ်သစ်ကိုချပေးတယ်။ "ငါသည် သင်တို့ကို ချစ် သည့်နည်းတူ သင်တို့သည် အချင်းချင်း ချစ်ကြလော့။ ထိုသို့ဖြစ်လျှင် သင် တို့သည် ငါ့တပည့်ဖြစ်သည်ကို သိရကြ လိမ့်မည်။" ပေတရုက သူ ဘာကြောင့် မလိုက်နိုင်သလဲလို့ မေးတယ်။ ပေတရုက အသေခံခြင်းတိုင်အောင် လိုက်မယ် လို့ ပြောတယ်။ သခင်ယေရှုက "ဒီညှ ကြက်မတွန်ခင်မှာ သင်ဟာ ငါ့ကို သုံးကြိမ်ငြင်းမယ်" လို့ ဆိုတယ်။

5. သခင်ယေရှုရဲ့နောက်ဆုံးသွန်သင်ချက် (John 14-17) သူ့ထံ၌ တည်နေဖို့ သူလည်း တပည့် တော်တွေထံမှာ တည်နေမယ့်အကြောင်းပြောတယ်။ သန့်ရှင်းသောဝိညာဉ်တော်ကို စေလွှတ်ပြီး တံဆိပ်ခတ် လမ်းပြ ကွယ်ကာမယ့် အကြောင်းပြောတယ်။

6. ဂေသရေမန်ဥယျာဉ်မှာ ဝေဒနာခံစားရင်း အော်ဟစ်ဆုတောင်းတယ်။"အကျွန်ုပ်၏အလိုအတိုင်း မဖြစ်ပါစေနှင့်။ ကိုယ်တော့အလိုတော်အတိုင်း ဖြစ်ပါစေ။" (Matthew 26:36- 46; Mark 14:32-42; Luke 22:40-46) ဆုတောင်းချိန်မှာ တပည့်တော်တွေက အိပ်ပျော်နေတယ်။ အချိန်နာရီကျပြီ။ သခင်ယေရှုဟာ အပ်နှံခြင်းကို ခံရပြီး စွန့်ခွါထွက်ပြေးခြင်းကို ခံရတယ်။ (Matthew 26:47-56; Mark 14:43-52; Luke 22:47-53; John 18:2-11)

7. Sanhedrin လွှတ်တော်မှာ ယဇ်ပရောဟိတ် ကယာဖရဲ့ယောက္ခမ အန္နတ်က မေရှိယလားလို့ မေးတယ်။ သခင်ယေရှုက "ဟုတ်တယ်။ လူသားဟာ လက်ျာဘက်မှာထိုင်ပြီး မိုးတိမ်ကိုစီးပြီး ကြွလာမယ်လို့ဆိုတယ်။ (ပေတရုက ဒီအချိန်မှာ နှစ်ခါငြင်းသွားပြီ။ ယဇ်ပရောဟိတ်မင်းဟာ သူ့ရဲ့ဝတ်ရုံကိုဆွဲဖြဲပြီး ဘုရားကိုစော်ကားပြီ လို့ဆိုတယ်။ လူတွေက သခင်ယေရှုကို လက်နဲ့ထိုး တံတွေးနဲ့ထွေးပြီး ပရောဖက်ပြုပါဦးလို့ ပြောကြတယ်။ (ပေတရုက နောက် ထပ်တခါငြင်းတယ်) Sanhedrin လွှတ်တော်ကို ခေါ်ပြီး အပြစ်ရှိတယ်လို့ ကြေညာတယ်။ မေရှိယလား လို့မေးတယ်။ သခင်ယေရှုက သူ ပွင့်ပွင့်လင်းလင်း ပြောပြီးပြီ။ မယုံကြည်ကြဘူးလို့ ဆိုတယ်။ "လူသားသည် တန်ခိုးတော်၏လက်ျာ ဘက်မှာ ထိုင်လျက်နေသည်ကို သင်တို့ တွေ့ရလိမ့်မည်" (Matthew 26:64) သူတို့က "သင်ဟာ ဘုရားသခင်ရဲ့သား တော်လောလို့ မေးတယ်"  သခင်ယေရှုက "သင်တို့ဆိုသည့်အတိုင်း မှန်၏" လို့ဆိုတယ်။ (Matthew 27:1,2; Mark 15:1; Luke 22:66-23:1) Sanhedrin လွှတ်တော်က သခင်ယေရှုကို ပိလတ်ထံ ပို့တယ်။ (ယုဒကိုယ့်ကိုကိုယ် သတ်သေတယ်။ Matthew 27:3-10)

8. ရောမဘုရင်ခံ ပိလတ်မင်းရှေ့မှာ (Matthew 27:11-14; Mark 15:2-5; Luke 23:2,3; John 18:28-38) ပိလတ်ကလည်း စွပ်စွဲတယ်။ "သင်ဟာ ယုဒလူမျိုးတို့ရဲ့ ဘုရင်လား" လို့မေးတယ်။ သခင်ယေရှုက "သင်ပြောတဲ့ အတိုင်း မှန်တယ်" လို့ ဆိုတယ်။ (ပိလတ်ရဲ့အပြုအမူကိုLuke 13:1 မှာတွေ့ရတယ်။) ယဇ်ပရောဟိတ်မင်းများနဲ့ အကြီးအကဲများဟာ ဗာရဗ္ဗကိုလွှတ်ပြီး သခင်ယေရှုကို သတ်ဖို့ သွေးဆောင်ကြတယ်။ ပိလတ်က လူတွေရဲ့ရှေ့မှာ သူ့လက်ကိုဆေးပြီး "ဖြောင့်မတ်သော ဤသူ၏အသွေးသည် ငါနှင့်လွှတ်၏ဟု သင်တို့သည် ကြည့်ကြလော့။" လို့ဆိုတယ်။ လူတွေက "သူ့အသွေးသည် ငါတို့အပေါ်၌၎င်း ငါတို့သားမြေး မြစ်များအပေါ်၌၎င်း တည်ပါစေ" လို့ဆိုတယ်။ ဗာရဗ္ဗကလွှတ်ပြီး သခင်ယေရှုက အပြစ်ပေးခြင်းခံရတယ်။

C. The crucifixion ကားတိုင်မှာ အသတ်ခံရခြင်း (Matthew 27:39-44; Mark 15:29-32; Luke 23:35-37; John 19:25-27).

1. ပိလတ်က သခင်ယေရှုကို ကြိမ်ဒဏ်ပေးပြီး ကားတိုင်မှာ ကမ္ပည်းစာရေးစေတယ်။ ဂျူးလူမျိုးတို့ရဲ့ရှင်ဘုရင် နာဇရက်သား ယေရှု။ ယဇ်ပရောဟိတ်အကြီးတွေက ကန့်ကွက်ပြီး ပြန်ရေးဖို့ပြောတယ်။ သူဟာဂျူးလူမျိုး တို့ရဲ့ဘုရင် ဖြစ်တယ်လို့ ဆိုတယ်လို့ ရေးစေချင်တယ်။ ပိလတ်က "ငါရေးတဲ့ အတိုင်း ငါရေးပြီ" လို့ ပြန်ဖြေတယ်။

2. စစ်သားတွေကသခင်ယေရှုကိုရိုက်နှက်ပြီး နီညိုရောင်ဝတ်စုံကို ဝတ်ဆင်ပေးကြတယ်။ခေါင်းမှာဆူးဦးရစ်ကို တင်ပြီး ညာလက်မှာ ကျူလုံးကိုတင်ပေးတယ်။ ရှေ့မှာ ဒူးထောက်ပြီး လှောင်ပြောင်ကြ တယ်။ "ကဲ ဂျူးလူမျိုးတို့ရဲ့ရှင်ဘုရင် လို့" ဆိုတယ်။ သခင်ယေရှုကို တံထွေးနဲ့ထွေးတယ်။ ရိုက်နှက်တယ်။ ပြီးတော့ ကားတိုင်မှာသတ်ဖို့ ခေါ်ထုတ်သွားတယ်။

3. ယဇ်ပရောဟိတ်အကြီးများ။ကျမ်းတတ်များ၊ အကြီးအကဲများဟာ "သူက တခြားလူတွေကို ကယ်တယ်။ ကိုယ့်ကို ကိုယ် မကယ်နိုင်ဘူး။ ဣသရေလဘုရင် ကားတိုင်ပေါ်မှ ဆင်းခဲ့ရင် ငါတို့ယုံကြည် မယ်။သူက ဘုရားကို အားကိုးပြီး ဘုရားက သူ့ကို ကယ်ပါစေ" လို့ လှောင်ပြောင်ကြတယ်။ စစ်သားတွေက သူ့ကို ပုန်းရည်ပေးတယ်။ "သင်သည် ဣသရေလရှင်ဘုရင်ဖြစ်လျှင် ကိုယ်ကိုကိုယ် ကယ်ပါ" လို့ဆိုတယ်။

4. တဘက်တချက်မှာသူခိုးနှစ်ယောက်လည်းအသတ်ခံရတယ်။တယောက်က "သင်သည် ဘုရားသခင်ဖြစ်လျှင် ကိုယ့်ကိုကိုယ်ကယ်ပါ ငါတို့ကိုလည်း ကယ်ပါ" တခြားတယောက်က အဖေါ်ကို ဆုံးမရင်း သူတို့က အပြစ်ရှိလို့ ခံရတယ်။ ဒီလူ မှာ အပြစ်မရှိဘူး။ သူက သခင်ယေရှုကို "ကိုယ်တော် နိုင်ငံတော်တည်ဖို့ ကြွလာတဲ့အခါအကျွန်ုပ်ကို အောက်မေ့ပါ" လို့ဆိုတယ်။ သခင်ယေရှုက "ငါအမှန် အကန်ဆိုသည်ကား ယနေ့ပင် သင်သည် ငါနှင့်အတူ ပရိဒိသုဘုံ၌ရှိလိမ့်မည်။" လို့ ဖြေတယ်။ (Luke 23:42,43)

5. သခင်ယေရှုရဲ့မယ်တော်၊ ညီမတော် ကယောဖရဲ့ဇနီး မာရိနဲ့ မာဂဒလမာရိတို့ဟာ ကားတိုင်နားမှာ ယေရှုချစ်သော တပည့်တော် ယောဟန် တို့နဲ့ အတူရှိတယ်။ သခင်ယေရှုက မယ်တော်ကို "အချင်း မိန်းမ သင့်ရဲ့သားကို ကြည့်လော့။" ယောဟန်ကိုတော့ "သင်၏အမိကိုကြည့်လော့" လို့ဆိုတယ်။ အဲဒီနေ့ကစပြီး မယ်တော်ကို ယောဟန်က သူ့ရဲ့အိမ်မှာ ခေါ်ထားတယ်။ (John 19:26,27)

6. နေ့အချိန်မှာ ကမ္ဘာတခုလုံး အမှောင်ဖုံးသွားတာ သုံးနာရီခန့်ကြာတယ်။ သခင်ယေရှုက "ဧလိ၊ ဧလိ လာမာရှ ဗခသနိ" လို့ ဆိုတယ်။ အဓိပ္ပါယ်က "အကျွန်ုပ် ဘုရား၊ အကျွန်ုပ်ဘုရား အဘယ် ကြောင့် အကျွန်ုပ်ကို စွန့်ပစ်တော် မူသနည်း။" (Matthew 27:46) အဲဒီနောက် "ရေငတ်တယ်" လို့ ဆိုတယ်။ စစ်သားတယောက်က ပုံးရည်ကို ပေးလာတယ်။ သခင်ယေရှုက ကြီးသောအသံနဲ့ "It is finished အမှုပြီးပြီ" လို့ အော်တယ်။ (John 19:25,30) "အို အဖ အကျွန်ုပ်၏ဝိညာဉ်သည် ကိုယ်တော်လက်သို့ အပ်နှံပါပြီ" လို့ ပြောပြီး အသက်ချုပ်တယ်။ (Luke 23:46)

7. ချက်ချင်းပဲ ဗိမ္မာန်တော်ကုလားကာ အထက်မှအောက်သို့ ကွဲသွားတယ်။ ပညတ်တရားဟာ ခရစ်တော်၌ ပြည့်စုံသွားတယ်။ (Matthew 27:51)

**8.** THE DISPENSATION OF LAW HAD ENDED; THE DISPENSATION OF GRACE HAD BEGUN. ပညတ်တရားကာလကုန်ဆုံးပြီး ကျေးဇူးတော်ကာလ စတင်ပြီ

9. အစောင့်စစ်သူရဲတပ်မှူးက"ဤသူကားဖြောင့်မတ်သောသူပေတည်း။ကယ်စင်စစ် ဘုရားသခင်၏ သားတော် ဖြစ်သည်။" လို့ အော်ဟစ်တယ်။ (Matthew 27:54; Luke 23:47)

**D.The burial of Jesus** သင်္ဂြိုဟ်ခြင်း **(Matthew 27:57-61; Mark 15:43-47; Luke 23:50-55; John 19:38-42).**

အရိမသဲမြို့သား ယောသပ်ဟာ ချမ်းသာပြီး Sanhedrin လွှတ်တော်မှာ အဖွဲ့ဝင်တယောက် ဖြစ် တယ်။ ဖြောင့်မတ်သူ လူကောင်းတယောက်ဖြစ်ပြီး secret believer တိတ်တဆိတ် ယုံကြည်သူ တယောက်ဖြစ်တယ်။ သခင်ယေရှုကို မသေ စေခြင်ဘူး။ အလောင်းတော်ကို တောင်းယူခဲ့တယ်။ အဝတ်နဲ့ ပတ်ပြီးမှ သင်္ချိုင်းတွင်း အသစ်မှာ သင်္ဂြိုဟ်ခဲ့တ

ယ်။ ဂါလိ လဲပြည်က အမျိုးသမီးတွေက သခင်ယေရှုရဲ့အလောင်းကို သင်္ချိုင်းထဲမှာသဂြိုလ်ကြတယ်။ ဖာရိရှဲတွေက သင်္ချိုင်းဂူကို တံဆိပ် ခတ်ပြီး အစောင့်ချထားတယ်။.

E.**Things to Think About:** ဆင်ခြင်စရာများ

*1.* မာရိက သခင်ယေရှုရဲ့သေခြင်းအတွက် ဆီမွှေးသွန်းလောင်းတယ်။ ကလေးတွေက "ဒါဝိဒ်ရဲ့သားတော် ဟောရှဏ္ဏ ဖြစ်စေသတည်း" လို့ အော်ဟစ်ကြတယ်။ အမျိုးသမီးများနဲ့ ချစ်သော တပည့်တော်များက ကားတိုင်သွားလမ်းမှာ လိုက်ခဲ့ကြတယ်။ ဘုရင်တကာတို့ရဲ့ဘုရင်အတွက် သင့်ရဲ့ရှိသေမှု ချစ်ခြင်းနဲ့ ကြည်ညိုခြင်းကို ဘယ်လိုပြမလဲ။

*2.* ပေတရုက ငြင်းပယ်ပြီးနောက်ပိုင်းမှ နောင်တရတယ်။ ယုဒကတော့ သစ္စာဖောက်အပ်နှံပြီး ကိုယ့်အသက် ကိုယ်သတ်သေသွားတယ်။ ခရစ်တော်အတွက် ရပ်တည်ရမယ့် အချိန်နာရီ ကြုံဖူးသလား။ သူ့တပည့်ဖြစ်ရတာကို ရှက်နေသလား။ အဲဒီအချိန်မျိုးမှာ သင် ဘာလုပ်ခဲ့သလဲ။ အဲဒီနောက်ပိုင်း သင် ဘာဆက်လုပ်သလဲ။

III.**THE RESURRECTION OF JESUS** ရှင်ပြန်ထမြောက်ခြင်း **(Matthew 28; Mark 16; Luke 23:56-24:12, John 20:1-21:25)**

A.အမျိုးသမီးများက အလောင်းတော်ကို ဆီမွှေးသွန်းလောင်းဖို့ လာတယ်။.

ဥပုသ်နေ့လွန်ပြီဖြစ်တဲ့အတွက် မာဂဒလ မာရိ၊ ယာကုပ်အမေ မာရိနဲ့ ဆလိုမီတို့ မနက်စောကြီး သင်္ချိုင်းကိုလာပြီး ဆီမွှေး လိမ်းဖို့ ရည်ရွယ်တယ်။ အဲဒီမှာ မြေငလျင် အကြီးအကျယ်လှုပ်ပြီး ကောင်းကင်တမန်တပါး ကောင်းကင်ကဆင်းသက် လာတယ်။တုံးကိုတွန်းဖယ်လိုက်တယ်။ အမျိုးသမီးတွေက လွတ်လပ်လဟာဖြစ်သွားတဲ့ သင်္ချိုင်းဂူကို ကြည့်ပြီး ပေတရု နဲ့ ယောဟန်ကို ပြေးပြောကြတယ်။ "သခင်ဘုရားကို သင်္ချိုင်းတွင်းကနေယူသွားပြီ။ ဘယ်မှာ ထားလဲမသိ" လို့ ပြောဆို ကြတယ်။ (John 20:2).

B.ပေတရုနဲ့ ယောဟန်ဟာ သင်္ချိုင်းဂူကို အတူပြေးတယ်။ အထဲကိုဝင်ကြည့်တယ်။ နောက်တော့ အလောင်းတော်ကို ပတ်တဲ့ အဝတ်ကိုသာ တွေ့တယ်။ ဒါနဲ့ သခင်ယေရှုဟာ ရှင်ပြန်ထမြောက်မယ် လို့ ပြောထားတဲ့စကားကို ယုံကြတယ်။

C.သင်္ချိုင်းဂူမှာ ကျန်ခဲ့ပြီး ငိုနေတဲ့ မာရိကို ပထမဦးဆုံးအကြိမ် ကိုယ်ထင်ပြတယ်။ ကောင်းကင်တမန်နှစ်ပါးဟာ အလောင်းတော်ရဲ့ခေါင်းရင်းနဲ့ ခြေရင်းနားမှာ ထိုင်နေတာကို တွေ့ တယ်။ သူတို့က "အချင်းမိန်းမ ဘာကြောင့် ငိုသလဲ" လို့ မေးတယ်။ "ကျွန်မသခင်ကို ခေါ်သွား ကြပြီ။ ဘယ်မှာ ထားမှန်းမသိဘူးလို့ဖြေတယ်။" နောက်ပြန်လှည့်ကြည့်တဲ့ အခါမှာ သခင်ယေရှုကို တွေ့တယ်။ ဒါပေမယ့် မမှတ်မိသေးဘူး။ ဥယျာဉ်စောင့်လို့ ထင်လို့ "အလောင်းကို ဘယ်ကို ယူ သွား သလဲ။ ကျွန်မကိုပြောပြပါ" လို့ဆိုတယ်။ သခင်ယေရှုက "မာရိ" လို့ ခေါ်တဲ့အခါ မာရိက "Rabonni (Dear Teacher) ရဗ္ဗုနိ" လို့ ပြန်ပြောတယ်။ (John 20:15,16) သခင်ယေရှုက သူ့ကို မထိနဲ့ဦး ခမည်းတော်ထံသို့ သွားရဦး မယ်။ တပည့်တော်တွေကို သွားပြောပါလို့ ဆိုတယ်။

D.ယောဟန္န (ပေတရု၏နောက်ထပ်နာမည်)၊ မာရိ၊ ယာကုပ်ရဲ့အမေနဲ့ တခြားအမျိုးသမီးတွေဟာ သင်္ချိုင်းဂူကို ရောက်လာကြတယ်။ သင်္ချိုင်းတံခါးပွင့်ပြီးတော့ အလောင်းကိုမတွေ့ဘူး။ လူငယ် တယောက်ဟာ ဝတ်ရုံဖြူစင်နဲ့ တဘက်မှာ

ထိုင်နေတာ တွေ့ရတယ်။ "သင်တိုသည် ကားတိုင်မှာ အသေသတ်ခြင်းခံသော ယေရှုကိုရှာသည်ကို ငါသိ၏။ သူသည် ဤအရပ်၌ မရှိ၊ ရှင်ပြန်ထမြောက် ပြီ။" လို့ဆိုတယ်။ ဒါနဲ့ သူတို့ဟာအရင်ကစကားတော်ကို သတိရသွားတယ်။ "လူသား သည် အပြစ်ရှိသောသူ၏လက်သို့အသေသတ်ခြင်းကိုအပ်နှံခံရမည်။ကားတိုင်၌သတ်ခြင်းကိုခံရပြီး သုံးရက်မြောက် သော နေ့၌ ရှင်ပြန်ထမြောက်မည်။" အဲဒီလူက လာပြီးတော့ သခင်ယေရှု လဲ လျောင်းရာနေရာကို ကြည့်ပါ။ ပြီးတော့ တခြားတပည့်တော်တွေကို မြန်မြန်သွားပြောကြ။ သေရာမှ ရှင်ပြန်ထမြောက်ပြီ။ သူ့ရှေ့က ဂါလိလဲပြည်ကို သွားနှင့်ပြီ။ ထိုပြည်မှာ တွေ့လိမ့်မယ်လို့ ဆိုတယ်။ (Matthew 28:1-7) သူတို့ တပည့်တော်တို့ထံ ပြေးသွားကြတယ်။ လမ်းမှာ သခင်ယေရှုနဲ့ တွေ့တဲ့အခါ ဝမ်းမြောက်ကြတယ်။ ခြေတော်ရင်းကို ကိုင်စွဲပြီး ပြတ်ဝပ် ကိုးကွယ်ကြတယ်။ သခင် ယေရှုက သူ ဂါလိလဲပြည်ကို သွားမယ့်အကြောင်း ညီအစ်ကိုတွေကို ပြောခိုင်းတယ်။ အဲဒီမှာ တွေ့မယ်လို့ ဆိုတယ်။.

E.ယဇ်ပရောဟိတ်အကြီးတွေဟာ အစောင့်တွေကို ငွေကြေးပေးပြီး အလောင်းတော်ကို တပည့် တော်တွေက ခိုးတာပါလို့ လိမ်ညာခိုင်းတယ်။ သူတို့ဟာ ပိုက်ဆံကိုယူပြီးတော့ အလိမ်အညာကို ဖြန့်နှံ့ကြတယ်။.

F. သခင်ယေရှု အကြိမ်များစွာ ထင်ရှားပြခြင်း.

1. ဧမောက်ရွာကို သွားတဲ့လမ်းမှာ လူနှစ်ယောက်ကိုတွေ့တယ်။သူတို့က ယေရှုရှလင်မြို့မှ ဖြစ်ပျက်တဲ့ အကြောင်း ကိုပြောဟနေကြတယ်။ သခင်ယေရှုက ကျမ်းစာကို ရှင်းပြတယ်။ သူတို့နဲ့ အဲဒီညအတူ တည်းတယ်။ မုန့်ဖဲ့ပြီး ကောင်းကြီးပေးချိန်မှာ သူတို့မျက်စိတွေ ပွင့်လင်းပြီး ကိုယ်တော်ကို မြင်ကြတယ်။သူတို့က "လမ်းခရီး၌ ကျမ်းစာကိုဖွင့်ပြပြီး ဟောပြ တဲ့အချိန်မှာ ငါတို့ရဲ့စိတ်နလုံးဟာ ထိထိ တွေ့တွေ့ ရှိတယ်မဟုတ်လား" လို့ဆိုတယ်။ (Luke 24:13-32)
2. ယေရှုရှလင်မြို့မှာ ရှိမုန်နဲ့ တပည့်တော်တွေကိုတွေ့တယ်။ တံခါးပိတ်ထားတဲ့အချိန် ဖြစ်တယ်။ (သိတင်းပတ်ရဲ့ ပထမဦးဆုံးနေ့ဖြစ်တယ်။)သူတို့တုန်လှုပ်ပြီး အံ့သြကြောက်ရွံ့ကြတယ်။ သခင် ယေရှု က ဘာကြောင့် တုန်လှုပ်ကြ အံ့သြကြောက်ရွံ့ကြသလဲ။ သူ့လက်နဲ့ နံတော်ကိုပြတယ်။ "သင်တို့၌ ငြိမ်သက်ခြင်းရှိစေသတည်း။ ငါ့ခမည်းတော်သည် ငါ့အားစေလွှတ်တော်မူသည်နည်းတူ ငါလည်း သင်တို့ကို စေလွှတ်တော်မူ၏။" သောမတ်စ်ကသူတို့နဲ့အတူ အဲအချိန်မှာ မရှိဘူး။ ဒီသတင်း စကားကြားရတဲ့အခါမှာလက်တော်နဲ့ခြေတော်ကိုတို့ထိရမှ၊ ဒဏ်ချက်ရာတွေကို ထိတွေ့ရမှယုံမယ်။ မဟုတ်ရင် မယုံဘူး" လို့ဆိုတယ်။ နောက် ၈ ရက်အကြာမှာ သခင်ယေရှုက သူတို့ကို ထပ်တွေ့ တော့ သောမက်စ်ကို ဒဏ်ချက်ရာတွေ တို့ထိဖို့ခေါ်တယ်။ သောမက်စ်က "အကျွန်ုပ်၏သခင်၊ အကျွန်ုပ်၏ဘုရားပါတကား" လို့ဆိုတယ်။ (John 20:19-28)
3. ဂါလိလဲအိုင်မှာ တပည့်တော်တွေဟာ တညလုံး ငါးဖမ်းရင်း မိုးလင်းရောက်တော့ သခင်ယေရှု ကမ်းနားမှာ ရပ်နေတာ တွေ့ရတယ်။ ဒါပေမယ့် ကိုယ်တော်မှန်း သတိမပြုမိကြဘူး။ ပိုက်ကို ပြန်ချ ပါလို့ ဆိုတဲ့အခါ ငါးတွေ အများကြီးမိကြတယ်။ ယောဟန်က ပေတရုကိုပြောတယ်။ "အဲဒါ သခင် ဖြစ်တယ်လို့"ဆိုတယ်။သခင်ယေရှုက သူတို့ကို ငါးတချို့ယူခဲ့ခိုင်းပြီး မနက်စာအတွက် ပြင်ဆင် တယ်။ သူတို့ စားကြတဲ့အချိန်မှာ သခင်ယေရှုက ရှိမုန်ကို "ချစ်သလား" လို့ သုံးကြိမ်တိုင်အောင် မေးတယ်။ "ငါ့သိုးတို့ကို ကျွေးလော့" လို့မှာတယ်။ သူပြန်ကြွလာတဲ့ အချိန်ထိတိုင်အောင် ရှိမနေ ရင်လည်း နောက်တော်လိုက်ဖို့ ပြောတယ်။ (John 21)

G.သခင်ယေရှုရဲ့ Great commission ခိုင်းစေချက် (Matthew 28:16-20; Mark 16:15).

1. တပည့်တော် ၁၁ ယောက်ကို ဂါလိလဲရှိတောင်ပေါ်မှာတွေ့တယ်။ နှုတ်ကပတ်တော် ဟောပြော ခိုင်းတယ်။ နောက်တကြိမ် စားသောက်နေတဲ့အချိန်မှာ ထပ်တွေ့တယ်။ သူတို့ရဲ့မယုံကြည်တဲ့စိတ်နဲ့ မာကြောတဲ့ နှလုံးသားကို ပြစ်တင်တယ်။ "သင်တို့သွား၍ လူမျိုးတကာတို့ကို ငါ့တပည့်ဖြစ်စေလျှက် ခမည်းတော် သားတော် သန့်ရှင်းသောဝိညာဉ်တော် နာမ၌ ဗတ္တိဇံပေးကြလော့။ နိမိတ်လက္ခဏာ တွေပေးဖို့ တန်ခိုးပေးသလို သူတို့နဲ့အတူရှိမယ် လို့လည်း ဂတိပေးတယ်။

2. ခွဲခွါခါနီးချိန်မှာ မောရှေကျမ်း၌ ရေးထားသမျှတို့သည် ပြည့်စုံကြရလိမ့်မည်။ မောရှေ၏ကျမ်း ပရောဖက်ကျမ်းနှင့် ဆာလံကျမ်းများတို့မှာ ရေးထားသမျှတို့သည် ပြည့်စုံရလိမ့်မည်။ "ခရစ်တော် သည် ဝေဒနာကိုခံပြီးသေမည်။ သုံးရက် မြောက်သောနေ့မှာ သေခြင်းမှ ထမြောက်ပြီး အပြစ် အတွက် နောင်တရခြင်းတရားကို ဟောပြီး ယေရုရှလင်မှစ၍ လူမျိုးတကာတို့အား ပြောရလိမ့်မည်" လို့ဆိုတယ်။သင်တို့ဟာ ငါ့ရဲ့သက်သေခံတွေဖြစ်တယ်။ ခမည်းတော်ရဲ့ ဂတိတော် နဲ့အတူ သင်တို့ကို စေလွှတ်တယ်။ ဒါပေမယ် အထက်အရပ်မှ တန်ခိုးကို မခံရမချင်း ယေရုရှလင်မှာ စောင့်နေကြဖို့ဆို တယ်။ ဗေသနိရွာကို ခေါ်သွားပြီးတော့ သူ့လက်တော်ကို မြှောက်ပြီးတော့ ကောင်းချီးပေးခဲ့တယ်။ (Luke 24:44-53)

3. ဒီကျမ်းစာအုပ်မှာရေးထားတဲ့ နိမိတ်လက္ခဏာတွေကိုလည်း သခင်ယေရှု ပြခဲ့သေးတယ်။ "သခင်ယေရှုသည် ခရစ်တော်တည်းဟူသော ဘုရားသခင်ဖြစ်သည်ကိုသင်တို့ယုံကြည်မည့် အကြောင်း ရေးထားသတည်း။ ထိုသို့ ယုံကြည် ၍ နာမတော်အားဖြင့် အသက်ကိုရကြမည် အကြောင်းတည်း။" (John 20:30-31) သခင်ယေရှုဟာ သေခြင်းမှ ရှင်ပြန်ထမြောက်ခဲ့ တယ်။ စာတန်နဲ့ သေခြင်းရဲ့တန်ခိုးကိုအောင်နိုင်တယ်။လူသားတွေအတွက် ကယ်တင်ခြင်းလမ်းကို အပြည့် အစုံ ပြင်ဆင်ပေးလိုက်တယ်။

H. **Things to Think About:** ဆင်ခြင်စရာများ

သခင်ယေရှုဟာ အသေခံပြီး သေခြင်းမှ ရှင်ပြန်ထမြောက်တာကို ယုံကြည်သလား။ ဒီယုံကြည်မှုက သင့်အသက်တာကို ဘာဖြစ်သွားစေသလဲ။

## Exam - Lesson 22

Name________________________________________________

Address______________________________________________

Multiple choice (Circle only one letter as the correct answer unless otherwise indicated. You may use your Bible when so indicated, but we trust you not to look up the answers in the lesson.)

1. What must be understood and accepted as essential to life and entrance into the kingdom of God? (value 4 points) ဘုရားရှင်နိုင်ငံတော်သို့ ဝင်းစားဖို့ မည်သည့်အချက်များ နားလည်သဘော ပေါက်လက်ခံဖို့ အရေးကြီး သနည်း

   a) baptism and identification with followers of God ဗတ္တိဇံခံခြင်းနှင့်ဘုရားရှင်နောက် လိုက်သူများ၏ အသိအမှတ်ပြုမှုကိုခံယူခြင်း

   b) the death and resurrection of Jesus Christ ယေရှုခရစ်တော် အသေခံခြင်းနှင့်ပြန်လည် ရှင်သန် ထမြောက်ခြင်း

   c) the servanthood of Christ ခရစ်တော်၏အစေခံခြင်းအသက်တာ

2. Through what was Christ perfected in the second part of His ministry? (value 4 points) ခရစ်တော်သည် သူ၏အမှုတော်ဆောင်ခြင်းလုပ်ငန်း ဒုတိယပိုင်းတွင် မည်သည့်အချက် အားဖြင့်ပြီးပြည့်စုံအောင်လုပ်ခဲ့သနည်း

   a) preaching ဟောပြောခြင်း

   b) suffering ဒုက္ခဆင်းရဲခြင်း

   c) service လုပ်ကြွေးခြင်း

3. Where did the second part of Christ's ministry take place primarily? (value 4 points) မည်သည့် ဒေသတွင် ခရစ်တော်၏အမှုတော်ဆောင်ခြင်းဒုတိယပိုင်းကို လုပ်ဆောင်ခဲ့သနည်း

   a) Jerusalem, Capernaum, and Nazareth ယေရှုရှလင်၊ကပေရနောင်၊နာဇရက်

   b) Galilee and Perea ဂါလိလဲ၊ပေရီယ

   c) Jerusalem and Judea ယေရှုရှလင်၊ယုဒပြည်

4. How did Jesus declare the authority of His doctrine? (value 4 points) ယေရှုခရစ်တော် က သူ၏ အယူဝါဒ ဆိုင်ရာ လုပ်ပိုင်ခွင့်အာဏာကို မည်သို့ ကြေညာသနည်း

   a) by quoting the Torah တိုရကျမ်းများကို ကိုးကားခြင်းဖြင့်

   b) by comparing it with the Pharisees ထိုလုပ်ပိုင်ခွင့်ကို ဖါရိရှဲတို့ နှင့်နိုင်းယှဉ်ခြင်းဖြင့်

   c) stating that His doctrine came from God သူ၏အယူဝါဒသည် ဘုရားရှင်ထံမှလာသည်ဟု ဖေါ်ပြခြင်းဖြင့်

5. What did Jesus say in judging the woman taken in adultery? (value 4 points) မှားယွင်းမှုပြုနေသော အမျိုးသမီးအား တရားစီရင်သည့်အခါ ယေရှုဘုရားက ဘာပြောခဲ့သနည်း

a) He said that judgment belongs to God. တရားစီခြင်းကို ဘုရားရှင်သာ လုပ်နိုင်သည် ဟုပြောသည်
b) He said the law should be upheld, stone her. ပညတ်တရားအတိုင်း သူမကို ကျောက်ခဲနှင့် ပစ်ပေါက်ကာ သတ်ရမည်ဟုပြောခဲ့သည်
c) He said that her accusers should stone her. သူမကို စွပ်စွဲသူများကသာ သူမအား ကျောက်ခဲနှင့် ပစ်ပေါက်ကာ သတ်ရမည်ဟုပြောခဲ့သည်

6. What did Christ say in declaring His pre-existence? (value 4 points) ခရစ်တော်သည် သူ ရှေးမဆွကပင် ရှိခဲ့ကြောင်းကို ကြေညာရာတွင်ဘာပြောခဲ့သနည်း

a) I am of David's line. ငါသည် ဒါဝိဒ်အမျိုးဖြစ်သည်
b) Before Abraham was I am. အာဗြံမရှိမှီ ငါရှိနှင့်ပြီးဖြစ်သည်
c) I am the light of the world. ငါသည် လောက၏အလင်းဖြစ်သည်

7. What did Jesus tell the seventy disciples when He sent them out? (value 4 points) ယေရှုဘုရားသည် နောက်လိုက် ၇၀-ကို စေလွှတ်သည့်အခါ ဘာပြောခဲ့သနည်း

a) He told them to go with provision for the journey. လမ်းခရီးအတွက် ရိက္ခာပါရမည်ဟု ပြောသည်
b) He told them to live from what people gave them. လူအများပေးကမ်းသည်နှင့်သာ အသက်မွေးဖို့ ပြောဟသည်
c) He told them to purchase what they needed on the way. လမ်းခရီးအတွက်လိုအပ်သော အရာများကို ဝယ်သွားဖို့ ပြောခဲသည်

8. To whom did Jesus give the parable of the Good Samaritan? (value 4 points) ကောင်းသောရှမာရိပုံပြင်ကို ယေရှုဘုရားက မည်သူ့အားပြောခဲ့သနည်း

a) Nicodemus နိကောဒင်
b) the woman of Samaria ရှမာရိအမျိုးသမီး
c) an expert of the law ကျမ်းတတ်ပုဂ္ဂိုလ်

9. For what did Jesus condemn the Pharisees? (value 4 points) ယေရှုဘုရားက ဖါရိရှဲတို့ ကို မည်သည့်အတွက် အပြစ်ဖို့ ခဲ့ သနည်း

a) for their hypocrisy and ritualism သူတို့ ၏ဟန်ဆောင်လိမ်ညာမှု၊ ဘာသာရေးထုံးတမ်းများ မလိုအပ်ဘဲ လုပ်ဆောင် မှုများအတွက်

b) for turning the people against Him လူများအား သူ့ ကိုဆန့် ကျင်လာအောင် လှုံ့ ဆော်ပေး သည့်အတွက်

c) for not obeying the law ပညတ်တော်များ မလိုက်နာသည့်အတွက်

10. Over what did Jesus weep? (value 4 points) မည်သည့်ကိစ္စအတွက် ယေရှုဘုရားငိုခဲ့ သနည်း

a) the hypocrisy of the Pharisees ဖါရိရှဲများ၏ဟန်ဆောင်လိမ်ညာမှု

b) the rejection of Nazareth နာဇရက်မြို့ သားများ၏ငြင်းပယ်မှု

c) the city of Jerusalem ယေရုရှလင်မြို့

11. What was the parable of the great wedding supper about? (value 4 points) မင်္ဂလာပွဲကြီးပုံဥပမာသည် မည်သည့်အကြောင်းနည်း

a) being a follower of Christ ခရစ်တော်နောက်လိုက်ဖြစ်ခြင်းအကြောင်း

b) entrance into the Kingdom of heaven ကောင်းကင်နိုင်ငံသို့ ဝင်ခြင်းအကြောင်း

c) false teachings မှားယွင်းသောသွန်သင်ချက်များအကြောင်း

12. How did the people of Nazareth, Jesus' home town, feel about Him? (value 4 points) ယေရှုဘုရား၏မွေး ဇာတိ နာဇရက်မြို့ သားများက ယေရှုဘုရားအား မည်သို့ ရှုမြင်ကြ သနည်း

a) They were proud of what Jesus was doing. ယေရှုလုပ်ဆောင်ချက်များ အပေါ်ဂုဏ်ယူ ကြသည်

b) They welcomed Jesus among them. ယေရှုဘုရားအားကြိုဆိုကြသည်

c) They rejected Jesus and His teachings. ယေရှုဘုရားနှင့်သူ၏သွန်သင်ချင်များကို ငြင်းပယ်ကြသည်

13. What was Jesus presenting in the Olivet discourse? (value 4 points) သြလိဗက်ဆွေးနွေးငြင်းခုန်ပွဲတွင် ယေရှုဘုရားက မည်သည်ကို တင်ပြခဲ့သနည်း

a) a salvation message, to draw people to Himself သူ့ ထံသို့ လူများဆွဲခေါ်ရန်အတွက် ကယ်တင်ခြင်း သတင်းစကားကို တင်ပြခဲ့သည်

b) signs of the coming of the end days နောက်ဆုံးသောကာလ ရောက်လာမည့် နိမိတ်လက္ခဏာများ

c) the way to live as a blessed believer ကောင်းကြီးခံစားရသော ယုံကြည်သူများအဖြစ် မည်သို့ အသက်ရှင်နိုင်ပုံ

14. What parable gives a description of hell? (value 4 points) ငရဲအကြောင်းနှင့်ပတ်သက်၍ မည်သည့်ပုံဥပမာကို ပေးခဲ့သနည်း

a) the parable of the Lost Sheep ပျောက်သောသိုး ဥပမာ

b) the parable of the talents ငွေအကြွေဥပမာ

c) the parable of the rich man and Lazarus သူဌေးကြီးနှင့်လာဇရု ဥပမာ

15. In what city did Lazarus, who was raised from the dead, live? (value 4 points) သေရာမှ အသက်ရှင်လာ သော လာဇရုသည် မည်သည့်မြို့ တွင် နေထိုင်ခဲ့သနည်း

a) Bethany ဗေသနိ

b) Jerusalem ယေရုရှလင်

c) Jericho ယေရိခေါ်

16. The chief priests and Pharisees who wanted to kill Jesus, called a meeting of what organization? ယဇ်ပုရောဟိတ်မင်းနှင့်ဖါရိရှဲများက ယေရှုဘုရားကိုသတ်ဖို့ အတွက် မည်သည့် အဖွဲ့ အစည်းများနှင့် စည်းဝေးခဲ့သနည်း (value 4 points)

a) the Roman governors ရောမမြို့ ဝန်များ

b) the Sadducees ဇာဒုက္ကဲ

c) the Sanhedrin ဆန်ဟိန်ဒရင်

17. Of what was the cursed fig tree a picture? (value 4 points) ကျိန်ခြင်းခံရသော သင်္ဘောသဖန်းပင်သည် မည်သည်ကို ပုံဆောင်သနည်း

a) the lack of faith of the disciples တပည့်တော်များ၏ယုံကြည်ခြင်းမရှိမှု

b) the nation of Israel who brought no fruit ဣသရေလနိုင်ငံ၏ အချိုးနီးအလဟာသဖြစ်မှု

c) the death and resurrection of Christ ခရစ်တော် အသေခံခြင်းနှင့်ပြန်လည်ရှင်သန် ထမြောက်ခြင်း

18. What title did Pilate put on the cross? (value 4 points) ပိလတ်မင်းက လက်ဝါး ကပ်တိုင်တွင် ထိုးခဲ့သော ကဗျည်းကား အဘယ်နည်း

a) THE NAZARINE WHO SAID HE IS THE KING OF THE JEWS သူသာလျှင် ဂျူးတို့ ၏ ဘုရင်ဟု ပြောခဲ့သော နာဇရိလူ

b) JESUS OF NAZARETH THE KING OF THE JEWS ဂျူးတို့ ၏ဘုရင် နာဇက်မြို့ သားယေရှု

c) THE GALILEAN IMPOSTOR ဂါလိလဲလူ

19. When or where did these events occur? (value 8 points) (The same answer may be used more than once.) အောက်ပါအဖြစ်အပျက်များကို ယှဉ်တွဲပါ

_______The high priest asked, "Are you the Messiah?" a. at the last supper

ယဇ်ပုရောဟိတ်မင်းကမေးသည် "သင်ဟာမေရှိယလား"

_______The people struck Jesus and spit on him b. in Gethsemane.

လူအများက ယေရှုကို ထိုးနှက်ကြပြီး တံတွေးနှင့်ထွေးကြသည်

________Jesus washed the disciples' feet c. before the Sanhedrin

ယေရှုဘုရားက တပည့်တော်များ၏ခြေကိုဆေးခဲ့သည်

_________Judas betrayed Jesus d. in Pilate's hall

ယုဒကယေရှုဘုရားအား သစ္စာဖေါက်ခဲ့သည်

________The disciples discussed who would be greatest

in the kingdom. တပည့်တော်များက ကောင်းကင်နိုင်ငံတော်တွင်မည်သူသည် အကြီးမြတ်ဆုံး ဖြစ်မည်နည်းဟု ဆွေးနွေးခဲ့ကြသည်

________The crowd cried: "Crucify Him" and asked for Barabbas. လူအုပ်ကြီးက "သူ့ကိုသတ်ပါ" ဟု အော်ပြောကြပြီး ဘာနဗဗကို လွှတ်ပေးဖို့ ပြောကြသည်

________Jesus appeared before Caiaphas. ကေဖရှေ့တွင် ယေရှုဘုရားပေါ်ခဲ့သည်

________Jesus said, "Not my will but Thine be done." ယေရှုဘုရားက "ကျွန်ုပ် အလိုအတိုင်း မဖြစ်ပါစေနှင့်၊ ကိုယ်တော့်အလိုအတိုင်းသာဖြစ်စေပါ" ဟုပြောခဲ့သည်

20. Who said the following? (8 points) အောက်ပါတို့ကို မည်သူပြောသနည်း

_______"He said He was the king of the Jews." a. Soldiers.

"သူက သူဟာ ယုဒလူမျိုးတို့ရဲ့ ဘုရင်ဖြစ်သည်ဟုပြောသည်"

_______"Are you the Messiah, the Son of the blessed?" b. Mary.

"သင်ဟာ ကောင်းကြီးပေးသော အရှင်ရဲ့သားတော် မေရှိယလား"

_______"Lord, remember me when You come into your Kingdom." c. chief priests.

"သခင် ကောင်းကင်နိုင်ငံတော်သို့ သခင်ဝင်သည့်အခါ ကျွန်ုပ်ကို သတိရပါ"

_______"Hosanna to the son of David." "ဒါဝိဒ်၏သားတော် ဟောရှန်နဖြစ်စေသတည်း" d. the crowd"

_______"His blood be on us and on our children." e. Pilate.

"သူ့အသွေးသည် ကျွန်ုပ်တို့နှင့်ကျွန်ုပ်တို့၏သားသမီးများအပေါ်ကျရောက်ပါစေ"

_______"If you are the King of the Jews, save yourself!" f. a thief

"သင်သည်ယုဒဘုရင်ဖြစ်လျှင် ကို့ကိုယ်ကို ကယ်လော့"

_______"They took away my Lord, and I know not where they laid him." g. Caiaphas

"သူတို့သည် ကျွန်မတို့၏သခင်ကို ယူသွားကြပါပြီ၊ သူ့ကိုဘယ်နေရာတွင်ထားသည်ကို ကျွန်မမသိပါ"

_______"I am innocent of the blood of this just person: see ye to it." h. children

"ငါသည် ဤသန့်ရှင်းသူအသွေးနှင့်ဘာမျှမဆိုင်သည်ကိုသင်တို့တွေ့ကြပြီ"

21. Match these people with the statement that describes them. (12 points) အောက်ပါတို့ကို မှန်ကန်စွာ ယှဉ်တွဲပါ

________that Fox! ထိုမြေခွေး a. Judas

________they went out with lamps to meet the bridegroom b. Peter

သူတို့ သည် သူတို့ သားလောင်းကိုတွေ့ ဖို့ မီးအိမ်များဖြင့်ထွက်သွားကြသည်

________betrayed Jesus ယေရှုကိုသစ္စာဖေါက်သည် c. Mary

________a publican who accepted Christ ခရစ်တော်ကိုလက်ခံသော အခွန်ခံ d. Herod

________anointed Jesus for His burial e. Zacchaeus

ကိုယ်တော်၏အလောင်းကိုလိမ်းကျံရန် ယေရှုအားဆီနှင့်လိမ်းခဲ့သည်

________he denied Jesus သူယေရှုကိုငြင်းပယ်သည် f. ten virgins

Copyright by Rogma International, Inc. All rights reserved.

## Lesson 23

## Introduction to Section VIII

## BODY OF BELIEVERS, THE CHURCH (the Bride of Christ)

**The Acts of the Apostles, The Epistles, The Book of Revelation** ယုံကြည်သူများရဲ့ကိုယ်ခန္ဓာ၊ အသင်းတော် **(ခရစ်တော်ရဲ့သတို့သမီး)** တမန်တော်ဝတ္ထု ဩဝါဒစာများ ဗျာဒိတ်ကျမ်း

သားတော်ယေရှုခရစ်ကို သိဖို့ ခရစ်ဝင်ကျမ်းများကို ပေးထားတယ်။ ဘုရားသခင်နဲ့ ပြန်ပေါင်းစည်းဖို့ အဓိက လိုအပ်ချက် ဟာ ယေရှုခရစ်တော်ဖြစ်တယ်။ ဓမ္မဝေလီသတင်းစကားကို ထိန်းသိမ်းစောင့် ရှောက် ဖြန့်ချီဖို့အတွက် အသင်းတော်ရဲ့လုပ်ဆောင်ချက်ကို လောကီသားတွေ နားလည်ဖို့ရာ တမန်တော်ဝတ္ထုကို ပေးတယ်။.

God gave the epistles to: ဩဝါဒစာများ ပေးရခြင်းက ......

1. လူတို့ကို ကယ်တင်ရန် လူဇာတိခံရသော သခင်ယေရှုဟာ ဘုရားဖြစ်ကြောင်းခိုင်လုံဖို့
2. ယုံကြည်သူများ ယုံကြည်ခြင်း ခိုင်ခံ့စေရန်
3. တဦးခြင်းဖြစ်စေ အသင်းတော်တပါးခြင်းဖြစ်စေ ဘုရားသခင်နဲ့အတူ လျှောက်လှမ်းဖို့

စံနမူနာပေးရန်

ဗျာဒိတ်ကျမ်းကိုပေးရခြင်းက အနာဂတ်အကြံအစည်တော်ကိုဖေါ်ပြပြီး အသင်းတော်ရဲ့အလုပ်ကိုအတည်ပြုဖို့ဖြစ်တယ်။

ဓမ္မသစ်ရဲ့သမိုင်းဆိုင်ရာကျမ်းများ။

ခရစ်ဝင်ကျမ်းတွေက ခရစ်တော်ရဲ့အသက်တာကို မှတ်တမ်းတင်တယ်။ တမန်တော်ဝတ္ထုက အသင်းတော်မွေးဖွားပြီး တိုးပွါးလာခြင်းကို မှတ်တမ်းတင်တယ်။

The Epistles (or letters):ဩဝါဒစာများ။

တဦးချင်းဖြစ်စေ အသင်းတော် တပါးစီအတွက်ဖြစ်စေ လမ်းညွှန်မှုတွေကို မှတ်တမ်းတင်တယ်။

Paulline epistle. ရှင်ပေါလု ရေးသောဩဝါဒများ - တဦးချင်း (သို့ ) အသင်းတော် အစုအဝေးများသို့။

ရောမ၊ ၁ နဲ့ ၂ ကော၊ ဂလာတိ၊ ဖေက်၊ ဖိလိတ္တိ၊ ကောလောသဲ၊ ၁ နဲ့ ၂ သက်

Paulline epistle. ရှင်ပေါလု ရေးသောသြဝါဒများ - တဦးချင်းအတွက်

၁ နဲ့ ၂ တိ၊ တိတု၊ ဟေဗြဲ (ရေးသူကို အတိအကျမသိရပေမယ့် ရှင်ပေါလုရေးသော ကျမ်းများထဲမှာ ထည့်သွင်းထားတယ်။) ဖိလေမုန်။

Non Paulline epistle. ရှင်ပေါလု မရေးသောသြဝါဒစာများ -

၁ နဲ့ ၂ပေတရု၊ ၁၊ ၂ နဲ့ ၃ ယောဟန်၊ ယုဒ

ပရောဖက်ပြုသောကျမ်း

ဗျာဒိတ်ကျမ်း

သမ္မာကျမ်းစာရဲ့နောက်ဆုံးကျမ်းများဟာ အသင်းတော်ကာလအတွင်း ရင်ဆိုင်ရတဲ့ ပြဿနာများကို အောင်မြင်စွာ အသက်ရှင်နိုင်ဖို့၊ ခရစ်တော်ကြွလာသောအခါ နောက်ဆုံးသော အောင်မြင်ခြင်းကိုရမယ့် မျှော်လင့်ခြင်း ရှိဖို့ပြင်ဆင်ပေးတယ်။

Copyright by Rogma International, Inc. All rights reserved.

---

## Lesson 23

## Section VIII – Body of Believers; The Church (the Bride of Christ)

## Birth of the Church, Period of the Holy Spirit

ယုံကြည်သူများရဲ့ကိုယ်ခန္ဓာ၊ အသင်းတော် **(**ခရစ်တော်ရဲ့သတို့သမီး**)**

အသင်းတော်မွေးဖွားခြင်း သန့်ရှင်းသော ဝိညာဉ်တော်ကာလ

**Theme** အဓိကအချက်။ အသင်းတော်အကြောင်းကို နားလည်ပြီး၊ စတင်ဖြစ်ပေါ်လာပုံနဲ့ လုပ်ဆောင်ပုံ။ သန့်ရှင်းသော ဝိညာဉ်တော်ကို ကောင်းစွာနားလည်ပြီး ခရစ်ယာန်အသက်တာမှာ သက်သေခံနိုင်ရန်။

**Goal** ရည်ရွယ်ချက်။ ခရစ်တော်ရဲ့ကိုယ်ခန္ဓာထဲမှာ ပါဝင်သူတိုင်း တာဝန်အသီးသီးရှိကြောင်း လက်ခံဖို့။

**Summary** အနှစ်ချုပ်။ တမန်တော်ဝတ္ထုပြဟာ ခရစ်ဝင်ကျမ်းများရဲ့အဆက် ဖြစ်တယ်။ သခင်ယေရှုရဲ့တရားစကားကို တမန်တော်တွေဆက်လက်သယ်ဆောင်တဲ့ သမိုင်းဖြစ်တယ်။ ခရစ်ဝင်ကျမ်းများ ကာလမှာ ဣသရေလဟာ သူ့ရဲ့ဘုရင် ကို ငြင်းပယ်ခဲ့တယ်။ ဘုရားက ကယ်တင်ခြင်းအလင်းကို ဂျူးနဲ့ တခြားသူတွေနဲ့ ဖွဲ့စည်းထားတဲ့ တခြားအသေးစား အသင်းတော်လက်ထဲ အပ်လိုက်တယ်။ ခရစ်တော် ကောင်းကင်သို့ ကြွသွားတဲ့အခါ သန့်ရှင်းသောဝိညာဉ်တော်က ယုံကြည်သူတွေရဲ့စိတ်နှလုံးထဲမှာ ကျိန်းဝပ်လာတယ်။ဝိညာဉ်တော်ရဲ့တန်ခိုးနဲ့ သွန်သင်ချက်ကဧဝံဂေလိတရားစကား ကို ကမ္ဘာအနှံ့ ကြဲဖြန့်ဖို့ အသင်းတော်ကို အစွမ်းရှိလာစေတယ်။ အသင်းတော်က သူ့ရဲ့တာဝန်တွေနဲ့ အလုပ်တွေကို ပြောပြတယ်။

**Outline**:

The book of Acts, chapters 1-12

1. သခင်ယေရှု ကောင်းကင်သို့ တက်ကြွတယ်။ (အခန်း ၁-၂) သန့်ရှင်းသောဝိညာဉ်တော် ကြွလာပြီး အသင်းတော် မွေးဖွားတယ်။
2. အသင်းတော်က ညှင်းဆဲခြင်းအောက်မှာ ကြီးထွားလာတယ်။ (အခန်း ၃-၈)
3. တပါးအမျိုးသားများကြားမှာ ဧဝံဂေလိလုပ်ဆောင်ခြင်း (အခန်း ၉- ၁၂)

**People to know in Acts 1-12:**

disciples: Simon Peter, Andrew, James, John, Philip, Bartholomew (Nathanael), Thomas, Matthew, James (son of Alphaeus), Thaddeus, Simon the Zealot and Judas

deacons: Philip, Stephen

Jewish leaders: priests and captain of the Temple, Sadducees, Annas and Caiaphas (chief priests), Gamaliel (doctor of the law)

king: Herod

Others: Mary (mother of Jesus); Jesus' brothers; Barnabas (Acts 4:36); Ananias and Sapphira (Acts 5); people of Cyrene, Alexandria, Cilicia, and Asia; Saul (Paul); Simon the sorcerer (Acts 9-12); Cornelius (Roman leader, a believer)

Theophilus: Gentile to whom the book of Acts was written

Peter: led the evangelization of the Jews

Paul: led the evangelization of the Gentiles

**Places to know**

Jerusalem and the Mount of Olives Samaria, Gaza (road to Ethiopia), Caesarea Damascus, Tarsus, Lydda, Joppa (Acts 9)

Phoenicia, Cyprus, Antioch of Syria (Acts 10-12)

**Words to know: (Know these for the exam)**

apostle: တမန်တော်။ ခန့်ထားသော သိတင်း ကြားပြောသူ။ ခရစ်တော်နဲ့ မြေပေါ်မှာ အမှုတော်ဆောင်သော တပည့်တော်များ။

eunuch : ဘဏ္ဍာစိုး။ တပါးအမျိုးသား ဂရိများကြားမှာ အစေခံများ ကျွန်များကို အုပ်ချုပ်ရသော အရေးပါသည့်လူ။

Church: "called out." The Church refers to the invisible body of believers saved out of the world and united to Christ (the Body of Christ). A church, refers to local groups of believers (local church).

epistle: a formal letter; term used for the 21 books written by the apostles in the Scriptures

eunuch: man made impotent, a practice of Gentile Greeks with servants and slaves mystery: (as used in the Bible) an operation or plan of God not yet revealed

ordinance : အထုံးအဖွဲ့။ ဘုရားစည်းကမ်း အမိန့်။

Lord's Table, communion: an ordinance given to the church where believers partake of bread and wine as symbols of the Lord's death, resurrection and coming again

Pentecost: ပင်တေကုတေ။ အဦးသီးသောပွဲအပြီး ရက် 50 အကြာ ကျင်းပသော ယုဒပွဲ။ ခရစ်တော် ရှင်ပြန်ထမြောက်ခြင်းကို ပုံဆောင်တယ်။ (1 Corinthians 15:23)

## Introduction

ဓမ္မဟောင်း သန့်ရှင်းသူတွေဟာ ဖန်ဆင်းတဲ့ဘုရားကိုဝတ်ပြုပြီး ရွေးနှုတ်သောသခင် (မေရှိယ/ ခရစ် တော်) နဲ့ ကြွလာမယ့် the mystery နက်နဲရာကိုမျှော်လင့်ခဲ့ကြတယ်။ ဓမ္မသစ် သန့်ရှင်းသူတွေ (ဂျူးနဲ့ တပါးအမျိုးသားများ) က ရွေးနှုတ် တဲ့သခင်ကို သိတယ်။ လောကရဲ့ကယ်တင်ရှင် ခရစ်တော် ကိုယုံကြည်တယ်။ဘုရင်အဖြစ်ကြွလာမှာကိုမျှော်လင့်တယ်။ထွက်မြောက်ရာကျမ်းနဲ့ဝတ်ပြုရာကျမ်း တို့နောက်မှာ တော လည်ရာကျမ်း၊ တရားဟောရာကျမ်းနဲ့ ယောရှုမှတ်စာ တို့ လိုက်လာသလို ခရစ် ဝင်ကျမ်းများနောက်မှာ တမန်တော်ဝတ္တု လိုက်လာတယ်။ ခရစ်ဝင်ကျမ်းများမှာ ဘုရားသခင် ကိုယ် တော်တိုင်က သူ့လူတွေကို ထင်ရှားတယ်။ တမန်တော်ဝတ္တု မှာတော့ဘုရားအစီအစဉ်ကိုဘုရားသားသမီးတွေ ကဆက်လက် လုပ်ဆောင်တယ်။ ဘုရားစကားကို နာခံတဲ့အကြောင်း ဖြစ်တယ်။ သူတို့ ဟောပြော ရေးသားချက်များ (ဩဝါဒစာများ) အားဖြင့် အသင်းတော်ကို ဆုံးမသွန်သင်ဖို့တမန်တော် တွေကို ဘုရားသခင် သုံးတယ်။ ဓမ္မဟောင်းမှာ ပရောဖက်တွေကို သုံးသလိုမျိုးဖြစ်တယ်။ ဘုရားအကြံအစည်ကို ဖွင့်ပြ မယ်။ အပြစ်ထောက်ပြမယ်။ နောင်တရဖို့ ဖိတ်ခေါ်မယ်။ နည်းပေးလမ်းပြလုပ်ပြီး အနာဂတ် တရားစီရင်ခြင်းနဲ့ မျှော် လင့်ခြင်းကို ပြောပြတယ်။ တမန်တော် တွေက ခေါင်းဆောင်တွေရဲ့အရည်အချင်းကို သတ်မှတ်တယ်။ (သင်းအုပ်များနဲ့ သင်းထောက်များ) သူတို့က ယုံကြည်သူသိုးတော်စုကို ထိန်းကျောင်းရတယ်။ ပရောဖက်တွေက ရှင်ဘုရင်တွေကာလ မှာ လုပ်ဆောင်ရသလို ဖြစ်တယ်။ ဘုရားကို အားကိုးတတ်ဖို့၊ လိုက်နာတတ်ဖို့ သွန်သင်ကြတယ်။ တမန်တော်တော် ဝတ္တုဟာ ခရစ်ဝင်ကျမ်းများအပေါ်မှာ တည်ဆောက်ထားတယ်။ သခင်ယေရှု လုပ်ဆောင်သမျှ သွန်သင်သမျှ (Acts 1:1) တမန်တော်တွေကိုလောကီနိုင်ငံအရပ်ရပ်သွားပြီး ဇေ၀ဂေလီ ဟောခိုင်းတယ်။ (Acts 1:2) ဘုရားသခင်ရဲ့နိုင်ငံ တော်အကြောင်း သင်ခိုင်းတယ်။ (Acts 1:3) ရှင်ပြန်ထမြောက်ပြီးနောက် ခရစ်တော်ဟာ တမန်တော်တွေထံမှာ ရက် ပေါင်း ၄၀ လုံးလုံး ကိုယ်ထင်ပြ တယ်။ အနာဂတ်ကာလသစ်အတွက် သူတို့ကို ပြင်ဆင်ပေးတယ်။ ခရစ်တော် သေခြင်း အားဖြင့် ကွဲလွင့်ခဲ့ပြီးနောက်၊ ထမြောက်ခြင်း အားဖြင့် စိတ်လှုပ်ရှားလာတယ်။ မေရှိယသခင်ရဲ့သေချာမှုကို အခုမှ ပိုခံစားလာရတယ်။ တရားစကားကို ဆက်လက်ဟောပြောဖို့ အသင့်ဖြစ်နေတယ်။ Matthew 28:19,20 and Mark 16:15 တမန်တော်ဝတ္တုဟာ ခရစ်တော်အသေခံခြင်းနဲ့ နောင်ကာလ ရှင် ဘုရင်အဖြစ် ဒုတိယအကြိမ် ကြွလာမယ့် ကာလနှစ်ခုကြားမှာ အပြောင်းအလဲကို ပြတဲ့ ကျမ်းစာ လည်းဖြစ်တယ်။ အသင်းတော်ရဲ့မွေးဖွားခြင်းနဲ့ တိုးပွါးခြင်းကို မှတ်တမ်းတင်တယ်။ ဒီကျမ်းဟာ ဩဝါဒကျမ်းများရဲ့ သမိုင်းဆိုင်ရာ အခြေခံကျမ်း framework ဖြစ်တယ်။

## THE LESSON

### I. INTRODUCTION TO THE CHURCH AGE အသင်းတော်ကာလ နိဒါန်း (Acts 1,2)

ခရစ်တော်ရဲ့ပဋိညာဉ် တရားသစ်က ခေတ်ကာလအသစ်ကို မိတ်ဆက်တယ်။ ပညတ်တရားအစား ကျေးဇူးတရား ဝင်လာတယ်။ဣသရေလလူမျိုးအစား အသင်းတော် ဖြစ်လာတယ်။ ယဇ်ပရောဟိတ် အရာခံရတယ်။ အဓိကက ခရစ်တော်ဖြစ်ပေမယ့်ဝိညာဉ်တော်ရဲ့လုပ်ဆောင်မှုက နေရာယူလာတယ်။.

A.ကောင်းကင်တက်ကြွခါနီး တပည့်တော်တွေကို ပြောတဲ့ ခရစ်တော်ရဲ့နောက်ဆုံးစကား (Acts 1:1-26).

1. ရှင်လုကာကတမန်တော်ဝတ္ထုဟာခရစ်ဝင်ကျမ်းတွေရဲ့အဆက် ဖြစ်တယ်လို့ဆိုတယ်။ရှင်လုကာ ခရစ်ဝင်ကျမ်းမှာ သခင်ယေရှုရဲ့သွန်သင်ချက် လုပ်ဆောင်ချက်တွေကို တမန်တော်တွေ ဆက် လက် လုပ်ဆောင်မယ့်အကြောင်း သော ဖိလုကို ရေးသားခဲ့တယ်။ (Acts 1:1,2)

2. နိုင်ငံတော်အကြောင်း ခရစ်တော်ရဲ့သွန်သင်ချက်နဲ့ သန့်ရှင်းသောဝိညာဉ်တော် ကြွလာမယ့် ဂတိ တော် (Acts 1:3-8) ရှင်ပြန်ထမြောက်ပြီးနောက် တပည့်တော်တို့နဲ့အတူ ရက် ၄၀ ကြာ အတူသွား လာ ပြောဆိုရင်း သေခြင်းကို အောင် မြင်ပြီး အသက်ရှင်ကြောင်း ထင်ရှားတဲ့သက်သေပြတယ်။ ဒီအချိန်ကာလမှာ ဘုရားသခင်ရဲ့နိုင်ငံတော်အ ကာင်းကို သွန်သင်ပေးတယ်။ ဘုရားသခင်ရဲ့နိုင်ငံတော်ဟာ universal and uninterrupted.တကမ္ဘာလုံးနဲ့ဆိုင်ပြီး မပျက်မယွင်း နိုင်တဲ့ နိုင်ငံဖြစ်တယ်။အရာရာကိုဘုရားသခင် အုပ်စိုးမယ့်အကြောင်းဖြစ်တယ်။ကမ္ဘာကိုအုပ်စိုးမယ့် အကြောင်းဟာ ခေတ်ကာလအသီးသီးမှာ ပုံစံ အမျိုးမျိုးကွဲတယ်။ ဒီလို အုပ်ချုပ်ရေးကို ပထမဦးဆုံး အာဒံကို ပေးခဲ့ တယ်။ နောဧခေတ် မှာ လူအစိုးရကို ခန့်ထားတယ်။ လူတွေက ဘုရားစကား နား မထောင်တဲ့အတွက် တိုင်းနိုင်ငံ တွေ ကွဲပြားစေတယ်။ ( ဗာဗုလုန်ရဲတိုက် Genesis 11:1-9)) ဘုရားအတွက် နိုင်ငံသစ်တည်ထောင်ဖို့ အာဗြံဟံကို ခေါ်တယ်။ သိနာတောင်မှာ မောရှေအားဖြင့် ဘုရားအုပ်စိုးခြင်းကို ပြတယ်။ ဣသရေလနိုင်ငံအဖြစ် လက်တွေ့ပေါ် လာတယ်။ ဘုရားသခင်ရဲ့အုပ်စိုး မှုမှာ ဘုရင်ဖြစ်တဲ့ ခရစ်တော်ဟာ သူ့လူမျိုးအတွက် ကြွလာတယ်။ ဒါပေမယ့် အပယ်ခံရတယ်။ ဒါကြောင့် ဘုရင်ဟာ ကောင်းကင်ပလ္လင်ကို ပြန်သွားပြီ။ နိုင်ငံတော်ရဲ့အလုပ်က ဆက်ရှိ နေတယ်။ ယုံကြည်သူအပြစ်အတွက် နောင်တရသူ တွေဟာ အသွေးတော်အားဖြင့် ဆေးကြောပြီး နိုင်ငံတော်သားဖြစ်လာတ ယ်။ဘုရင်ဖြစ်တဲ့ သခင်ယေရှု ကောင်းကင်ပြန် သွားတဲ့အခါ တပည့် တော်တွေကို ဘုရားသခင်ရဲ့နိုင်ငံတော်ကို ကို ယ်စားပြုဖို့ ခိုင်းစေတယ်။ နောင်တရခြင်း၊ ပြောင်း လဲခြင်းအားဖြင့် နိုင်ငံတော်သား ဖြစ်လာတယ်။ နောက်ဆုံး မှာ ကားချက်တွေက ....

1. The scope of their work: အမှုတော်ရဲ့အင်နံအတာ။ ယေရှုရှလင်၊ ယုဒပြည်၊ ရှမာရိ တွေနဲ့ မြေ ကြီးစွန်း။

2. The focus of their work: အမှုတော်ရဲ့ဦးတည်ချက် ခရစ်တော်နဲ့ ကယ်တင်ခြင်း။

3. The power of their work: အမှုတော်ရဲ့တန်ခိုး။ သန့်ရှင်းသောဝိညာဉ်တော်။

4. The hope of their work: အမှုတော်ရဲ့မျှော်လင့်ခြင်း။ ခရစ်တော်ကြွလာခြင်း။

သခင်ယေရှုက တပည့်တော်တွေကို ယေရှုရှလင်မြို့သို့သွားပြီးဂတိတော်အတိုင်း ဝိညာဉ်တော်ကိုစောင့်စားဖို့ မှာတယ်။ ယောဟန်ကရေမှာနှစ်ခြင်းပေးသလို အခု သန့်ရှင်းသောဝိညာဉ်တော် အားဖြင့် နှစ်ခြင်းခံကြရမယ်။ အခုအချိန်မှာ နိုင်ငံ တော် ပြန်တည်ထောင်မှာလားလို့တပည့်တော် တွေက မေးတယ်။ နိုင်ငံတော်တည်ထောင်ချိန်ကိုဘယ်သူမှမသိနိုင်ဘူး လို့ ခရစ်တော်က ဖြေတယ်။ ဒါပေ မယ့် သန့်ရှင်းသောဝိညာဉ်တော် ကြွလာမယ်လို့ ခရစ်တော်က ဂတိပေးတယ်။ တန် ခိုးကိုခံပြီး ယုဒ ပြည် ရှမာရိပြည်နဲ့ ကမ္ဘာစွန်းတိုင်အောင် သက်သေဖြစ်မယ်လို့ ဆိုတယ်။

3. ခရစ်တော် ကောင်းကင်ကို ပြန်ကြွသွားတယ်။ (Acts 1:9-11) မိုးတိမ်က သူ့ကို ခံယူတယ်။ ကောင်းကင်တမန်နှစ် ပါးပေါ်လာပြီး သခင်ယေရှု တက်ကြွသွားသလို ဒီနေရာမှာ ဒီနည်းနဲ့ ပြန်ကြွ လာမယ်လို့ ဆိုတယ်။

4. တပည့်တော်တွေဟာ ယေရှုရှလင်မြို့ကိုသွားပြီး ဝိညာဉ်တော်ကြွလာမှာကို စောင့်မျှော်ကြတယ်။ (Acts 1:12-26) ယေရှုရှလင်မြို့အထက်ခန်းမှာ တပည့်တော် အပါး ၁၀၀ လောက် စုဝေး ကြတယ်။ သခင်ယေရှုရဲ့ညီတော် မယ်ေ တာ် မာရိနဲ့ တခြားအမျိုးသမီးတွေလည်း ပါတယ်။ ဂတိတော်ကို ဆုတောင်းစောင့်နေကြတယ်။ (Acts 1:12- 15) သစ္စာဖောက်သူ ယုဒက မြေတကွက်ကိုဝယ်ပြီး သူ့ကိုယ်သူ သတ်သေသွားတယ်။ (ဒီမြေကွက်က အသွေးမြေလို့ ခေါ်တယ်။ Acts 1:16-19) ယုဒရဲ့နေရာမှာ အစားထိုးဖို့ တခြားတယောက်ကို တပည့်တော်တွေ စဉ်းစားတယ်။ သခင် ယေရှုရဲ့စကားတော်နဲ့ လုပ်ဆောင်ချက်တွေကို ပြန်သက်သေခံနိုင်မယ့်သူ (တမန်တော်အရာနဲ့ ညီတဲ့သူ) ကို

ရှာတယ်။ ဟာရဗ (ယုဒ) နဲ့ မဿိနှစ်ယောက်ကို ရွေးပြီး ဆုတောင်းအဖြေရှာ မဲချကြတယ်။ မဿိကို အရွေးခံရပြီး တပည့်တော် ၁၂ ပါး အဝင်ဖြစ်သွားတယ်။ (Acts 1:20-26)

B.ဝိညာဉ်တော်ကြွလာခြင်း အသင်းတော်မွေးဖွားခြင်း (Acts 2:1-47). (Know the three names for today's age)

1. ပင်တေကုတေနေ့မှာ သန့်ရှင်းသောဝိညာဉ်တော်က တပည့်တော်တွေထံ ကြွလာတယ်။ (Acts 2:1-5) ဝိညာဉ်တော်နဲ့ပြည့်ပြီး တန်ခိုးခံစားရတယ်။ ပွဲနေ့မှာ မတူညီတဲ့ ဘာသာစကားတွေကို ပြော နိုင်လာတယ်။ ဝိညာဉ် တော်ရဲ့လုပ်ဆောင်ခြင်းက ဖန်ဆင်းခြင်းအချိန်ကတည်းက မြင်နေရတာ ဖြစ် တယ်။ ဓမ္မဟောင်းမှာ အမျိုးမျိုးလုပ် ဆောင်ခဲ့တယ်။ ဓမ္မသစ်မှာ ယုံကြည်သူတွေ တန်ခိုးခံရတယ်။ ဒါကြောင့် ဒီကာလကို the Ageof the Spirit. ဝိညာဉ် တော်ကာလလို့ ခေါ်သလို the Age of Grace ကျေးဇူးတော်ကာလ (သို့) the Age of the Church. အသင်းတော် ကာလလို့လည်း ခေါ် နိုင်တယ်။ ဝိညာဉ်တော်က ခရစ်တော်ဖွားမြင်ခြင်းကို ကြေညာတယ်။ ကမ္ဘာကို ကွယ်ကာတယ်။ ဒုစရိုက်မှုကို ရပ်တန့်စေတယ်။ ကျမ်းစာရေးသူတွေအပေါ် ကျမ်းစကားတွေ ချပေးသူဖြစ်တယ်။ ဒီနေ့ခေတ်မှာ ဝိညာဉ် တော်ရဲ့အလုပ်က ယုံကြည်သူတွေရဲ့စိတ်နလုံးထဲမှာ အလုပ်လုပ်တာဖြစ် တယ်။

a. သခင်ယေရှုကိုယုံကြည်ရင် ဝိညာဉ်တော်က အသက်ပေးတယ်။ (John 1:12,13; 3:3-8; 6:63; Titus 3:5).

b. ခရစ်တော်ရဲ့ကိုယ်ခန္ဓာထဲမှာ နှစ်ခြင်းပေးတယ်။ (Acts 1:5; 11:16; Matthew 3:11; Mark 1:8; Luke 3:16; John 1:33; 1 Corinthians 12:13; Romans 6:3; Ephesians 4:5; Colossians 2:12).

c. ဘုရားဂတိတော်ကို တံဆိပ်ခတ်ပေးတယ်။ (Ephesians 1:13; 4:30; 2 Corinthians 1:22; Romans 8:16; Galatians 4:6).

d. ယုံကြည်သူရဲ့စိတ်နလုံးကို ပြည့်စေတယ်။ (Acts 6:3; 11:24; 2:4; 9:17; 4:8,31; 13:9; Ephesians 5:18). e. He guides (Acts 5:9; 8:29; 13:2; 15:28; 16:6; Galatians 5:16-18, 25, Romans 8:14).

f. အသွေးအသားနဲ့ စာတန်ကိုအောင်နိုင်ဖို့ အခွင့်ပေးတယ်။ (Romans 8:13; Galatians 5:17,22; Ephesians 5:9; Philippians 1:11; Zechariah 4:6).

g. ယုံကြည်သူတွေကို အလင်းပေးတယ်။ (John 14:26; 16:13; 1 John 2:20,27; 1 Corinthians 2:13).

h. ဝိညာဉ်ဆုကျေးဇူးများ ပေးဝေတယ်။ (1 Corinthians 12:4,7-11; Romans 12:6-8; Ephesians 4:11; 1 Peter 4:10).

i. ယုံကြည်သူတွေအတွက် ဆုတောင်းပေးတယ်။ (Romans 8:26).

ဝိညာဉ်တော်အပေါ်မှာ ထားရမယ့် ယုံကြည်သူရဲ့တာဝန်ကတော့ စိတ်မနာစေပါနဲ့။ (Ephesians 4:30); tempt သွေးမဆောင်ပါနဲ့။ (Acts 5:9); quench အရှိန်မငြိမ်းစေပါနဲ့။ (1 Thessalonians 5:19); offend မပစ်မှားပါနဲ့ (Hebrews 10:29)

2. ဘာသာစကားပြောတာတွေကို လူအများကြီး ကြားခဲ့ရတယ်။ (Acts 2:5-13) ဂါလိလဲလူတွေ ဘာသာစကား အမျိုးမျိုးပြောတာကို အံ့သြသွားကြတယ်။ (Acts 2:7-8) အရှေ့ အနောက် တောင် မြောက် အရပ်ရပ်က ပွဲတော်ကို ရောက်လာသူတွေဟာ ကိုယ့်ဘာသာစကား အသီးသီးနဲ့ကြားရ တယ်။ အံ့သြကြ ယုံကြည်ကြတယ်။ တချို့က လှောင်ပြောင်ကြပြီး အရက်မူးတယ်လို့ စွပ်စွဲတယ်။ (Acts 2:9-11)

3. ပေတရုက သခင်ခရစ်တော်အကြောင်း တရားဟောတယ်။ (Acts 2:14-40) ပေတရုကရပ်ပြီး ယုဒလူတွေကို တရားဟောတယ်။ အရက်မူးနေတာမဟုတ်ဘူး ဝိညာဉ်တော်နဲ့ ပြည့်နေတာဖြစ် တယ်။ ပရောဖက်ယောလ ဂတိပေး

ထားတဲ့အတိုင်း ဖြစ်တယ် လို့ဆိုတယ်။ (Joel 2:28-32) သခင်ဘုရားရဲ့နာမ၌ ဆုတောင်းရင်း ကယ်တင်ခြင်းခံကြဖို့ ပြောတယ်။ နာဇရက်မြို့သားယေရှုဟာ ဘုရားသခင် ခန့်ထားသူဖြစ်ပြီး နိမိတ်လက္ခဏာတွေက သက်သေပြနေတယ် လို့ သတိပေးတယ်။ ခရစ်တော်ကို ကားတင်သတ်ကြပေမယ့် ဘုရားသခင်က ဒါဝိဒ်ကို ဂတိပေးထားတဲ့အတိုင်း ရှင်ပြန်ထ မြောက်စေတယ်။ (Psalm 16:8-11) ရှင်ပြန်ထမြောက်တဲ့ကိုယ်ခန္ဓာကို ပေတရုကိုယ်တိုင် မြင်ရပြီလို့ဆိုတယ်။ သခင် ယေရှုဟာ ဘုရားသခင်ရဲ့လက်ျာဘက်မှာ ထိုင်နေပြီး ဝိညာဉ်တော် တန်ခိုးအားဖြင့် သခင်ယေရှုက စေလွှတ်တာဖြစ် တယ်။ (Acts 2:15-36) လူအများက စိတ်လှုပ် ရှားပြီး ဘာလုပ်ရမလဲလို့ မေးလာပါတယ်။ ပေတရုက နောင်တရပြီး သခင်ယေရှုနာမ၌ နှစ်ခြင်းခံဖို့ ဆိုတယ်။ သန့်ရှင်းသောဝိညာဉ်တော်ရဲ့ဆုကျေးဇူးခံရလိမ့်မယ်။ (Acts 2:37-40) ယုံကြည်သူတွေ ဟာ နှုတ်ကပတ်တရားစကားကို ဝမ်းမြောက်စွာခံယူကြပြီး နှစ်ခြင်းခံကြတယ်။ တခြားတပည့် တော်တွေနဲ့အတူ နေ့တိုင်း ဆုတောင်းခြင်း၊ ကျေးဇူးတော်ချီးမွမ်းခြင်း ကျမ်းစာသင်ကြားခြင်းမှာ ပါဝင်လာတယ်။ တမန်တော်တွေရဲ့နိမိတလက္ခဏာတွေကို မြင်ရတယ်။ ဘုရားသခင်ကို ကြောက် ရွံ့စိတ် ပြည့်ဝလာတယ်။ လောကီလိုအင်ဆန္ဒတွေ မရှိတော့ပဲ ပိုင်ဆိုင်သမျှကို ရောင်းကြတယ်။ ကနဦးအသင်းတော်ထဲမှာ ဆုတောင်း[ က ချီးမွမ်းလာကြတယ်။ (Acts 2:41-47)

4. အသင်းတော် (ခရစ်တော်ရဲ့ကိုယ်ခန္ဓာ) ယုံကြည်သူ အားလုံးပါဝင်ပြီး အစမှသည် ခရစ်တော် ကြွလာသည် အထိ ရှိနေမယ်။ အသင်းတော်ဟာ ဣသရေလလူမျိုးရဲ့အဆက်မဟုတ်ဘူး။ ဣသရေလခံရတဲ့ ပညတ်တော်တွေကို စောင့်ထိန်းဖို့ မလိုဘူး။ ဒီကာလရဲ့ယုံကြည်သူဟာ ခရစ် တော်ရဲ့ကိုယ်စားလှယ် သံတမန‌အဖြစ် တဦးချင်း (သို့) အစုအဝေး အလိုက် (သို့) အသင်းတော် တပါးစီအားဖြင့် အမှုဆောင်ရတယ်။ အသင်းတော်ကို ခရစ်တော်ရဲ့သတို့သမီး လို့လည်း ခေါ်တယ်။
5. ဒေသအသင်းတော်ဟာ ဒေသတခုအတွင်းမှာ ခရစ်တော်ရဲ့ကိုယ်ခန္ဓာရဲ့အစိတ်အပိုင်းတခုအဖြစ် ယုံကြည်သူတွေ စုဝေးကြတာဖြစ်တယ်။ ဒေသအသင်းတော်တွေဟာ သူတို့ဘာသာသူတို့ အုပ်ချုပ်ခွင့်ရတယ်။အသင်းတော်ရဲ့ဦးခေါင်း က ခရစ်တော်ဖြစ်တယ်။ သင်းအုပ်ဆရာတွေက ဦးဆောင်သူ သိုးထိန်းများဖြစ်တယ်။ သင်းထောက်တွေက သင်းအုပ် တွေကို ကူညီရတယ်။ အသင်းသားတိုင်း အသင်းတော်ထဲမှာ မိသားစုအပါအဝင်အဖြစ် ဘုရားဘုန်းတော် ထင်ရှားဖို့ လုပ်ဆောင်ရတယ်။ ယုံကြည်ခြင်းခိုင်မာမယ်။ ဖြောင့်မတ်စွာ အသက်ရှင်မယ်။ နှုတ်ကတ်တော် လေ့လာမယ်။ ဆု တောင်းမယ်။ အတူတကွ ဝတ်ပြုစည်းဝေးမယ်။ ပျောက်ဆုံးဝိညာဉ်တွေကို ကယ်တင်ခြင်း အကြောင်းပြောဖို့ ပါဝင်ကြ တာဖြစ်တယ်။ ယုံကြည်သူလူသစ်ကို လူ့ရှေ့မှာ နှစ်ခြင်းပေးကြတယ်။ အသင်းသားတွေဟာ ပွဲတော်ဝင်ကြတယ်။ ခရစ်တော်ရဲ့အသေခံခြင်းနဲ့ ပြန်ကြွလာခြင်းကို အောက် မေ့ သတိရဖို့ဖြစ်တယ်။ မင်္ဂလာဝတ်နှစ်ပါးရှိတယ်။ ( နှစ်ခြင်းနဲ့ ပွဲတော်မင်္ဂလာ) ဘုရားသခင်ထံပါး ရောက်ပြီဆိုတဲ့အနေနဲ့ ယုံကြည်သူက ပဋိညာဉ်ပြုတဲ့ မျက်မြင်သက်သေ မင်္ဂလာ ဝတ်များဖြစ်တယ်။

C. **Things to Think About:** ဆင်ခြင်စရာများ

ခရစ်တော်ရဲ့ကိုယ်ခန္ဓာ အသင်းတော်ထဲမှာ ပါဝင်ပြီလား။ ဒေသအသင်းတော် တခုထဲမှာ ပါဝင်ပြီ လား။

## II. THE CHURCH GREW THROUGH SUFFERING AND PERSECUTION အသင်းတော်ဟာ ညှင်းပန်းနှိပ်စက်ခြင်းကြားမှာ တိုးပွါးလာတယ်။ (Acts 3-8)

A.နှုတ်ကပတ်တော် ဟောပြောခြင်းအားဖြင့် အသင်းတော်တည်ထောင်တယ်။ ပေတရုနဲ့ ယောဟန်က ဂျူးလူမျိုးတွေကို တရားဟောတယ်။ (Acts 3:1-26).

1. တရားဟောဖို့ ဗိမ္မာန်တော်ကိုသွားတယ်။ (သခင်ယေရှု လုပ်ခဲ့သလိုဖြစ်တယ်။) ခြေမစွမ်းသူက ငွေနည်းနည်းပေးဖို့တောင်းဆိုတယ်။ ပိုကောင်းတဲ့အရာဖြစ်တဲ့ ကိုယ်ခန္ဓာနဲ့ စိတ်ဝိညာဉ် ကျန်းမာခြင်းကို နာဇရက်မြို့သား ယေရှုနာမဒ္ဓပေးခဲ့ကြတယ်။ ယုံကြည်တဲ့အတွက် အနာငြိမ်းပြီး ဗိမ္မာန်တော်မှာ လမ်းလျှောက် ထခုန်ပြီး ကျေးဇူးတော်ချီးမွမ်းတယ်။ သူက ပေတရု၊ ယောဟန်တို့နဲ့ ပေါင်းဖေါ်လာတော့တယ်။ ဒီနိမိတ် လက္ခဏာဟာ တမန်တော်တွေ အလုပ်လုပ်ရာမှာ ဘုရားတန်ခိုးတော်ရှိကြောင်း သက်သေဖြစ်တယ်။ (Acts 3:1-12)

2. ပေတရုဟာ ဂျူးတွေကို တရားဟောရာမှာ အာဗြဟံ ဣဇာက် ယာကုပ်တို့ရဲ့အမွေအကြောင်း ဟောတယ်။ အသက်ပေးပိုင်တဲ့သခင်ကို သတ်ခဲ့ပြီ။ ဒါပေမယ့် ဘုရားက သေရာမှ ရှင်ပြန်စေပြီလို့ ဟောတယ်။ မသိလို့ လုပ်တာဖြစ်တယ်။ ဒါပေမယ့် နောင်တရ ရမယ်လို့ ဆိုတယ်။ မောရှေနဲ့ ပရောဖက်တွေရဲ့စကားတွေဟာ ပြန်သတိပေးတယ်။ ခရစ်တော်ရဲ့တရားတွေဟာ ပထဦးဆုံး ဂျူးတွေကို ဦးဆုံးဟောမယ် ဆိုတဲ့အကြောင်း ပြောခဲ့တယ်။ (Acts 3:13-26)

B.ညှင်းဆဲခြင်းက သန့်ရှင်းစေပြီး စည်းလုံးညီညွတ်လာစေတယ်။ (Acts 4:1-37).

ပေတရုနဲ့ ယောဟန်ကို မမှန်ပဲ အပြစ်တင်ပြီး ထောင်ချလိုက်ကြတယ်။ ဒါပေမယ့် အများကယုံကြည်တယ်။ (Acts 5:1-42) ဗိမ္မာန်တော်အကြီးအကဲတွေဟာ သခင်ယေရှုအကြောင်း ဟောတာကို မကြိုက်ဘူး။ ပေတရုနဲ့ ယောဟန်ကိုဖမ်း တယ်။ ဒါပေမယ့် ယုဒလူမျိုး အရာရှိများ၊အသက်ကြီးသူများ၊ကျမ်းတတ်များ အပါအဝင် လူ ၅၀၀၀ ယုံကြည်ပြီး အသင်း တော်မှာ ပါဝင် ကြတယ်။ (Acts 4:1-4) ဗိမ္မာန်တော်အကြီးအကဲတွေက တမန်တော်တွေကို ဘယ်က တန်ခိုးရလဲ လို့ မေးတယ်။ ပေတရုက သန့်ရှင်းသောဝိညာဉ်တော်နဲ့ပြည့်ပြီး ဒီတန်ခိုးဟာ နာဇရက်မြို့သား သခင်ယေရှုထံမှလာတယ်။ သူတို့ ကားတင်သတ်ပြီး ဘုရားသခင် ရှင်ပြန်ထမြောက်စေတယ်။ ဆောက်လုပ်သူတွေ ငြင်းပယ်ထားတဲ့ တိုက်ထောင့် အထွဋ်ကျောက်ဖြစ်တယ်လို့ ဆိုတယ်။ (Psalm 118:22) အဲဒီနောက်မှာပေတရုကရှင်းရှင်းလင်းလင်းကြေညာလာတာ က "ထိုသခင်၏ နာမ တော်မှ တပါး ငါတို့ကို ကယ်တင်နိုင်သောနာမတော် တစုံတခုမျှ ကောင်းကင်အောက် လူတို့တွင် မပေါ်မရှိ။" (Acts 4:5-12) အကြီးအကဲတွေဟာ ယောဟန်နဲ့ ပေတရုရဲ့သတ္တိကို မြင်တယ်။ ခြေ မစွမ်းသူ ပျောက်တာ ကိုလည်း သက်သေအဖြစ် မြင်တယ်။ ဒါကြောင့် ပြောစရာစကားမရှိ ဖြစ် သွားတယ်။ သခင်ယေရှုအကြောင်း မပြော နဲ့တော့ လို့ မှာပြီး ပြန်လွှတ်လိုက်တယ်။ ထောင်မှ လွှတ်လိုက်တယ်။ ပေတရုနဲ့ ယောဟန်က ပြန်ပြောတယ်။ "ငါတို့ သည် ကြားလျက် မြင်လျက် ရှိသော အရာတို့ကို မဟောမပြောပဲ မနေနိုင်ဟု ထိုသူတို့အား ဆိုကြ၏။" (Acts 4:13-22) ဒါနဲ့ သူတို့ကို ပိုပြီးတော့ ခြိမ်းခြောက်လာကြတယ်။ ပေတရုနဲ့ ယောဟန်က ယုံကြည်သူတွေထံ ပြန် တယ်။ အတူတကွ ဆုတောင်းရင်းဘုရားတန်ခိုးတော်အတွက် ချီးမွမ်းကြတယ်။ သန့်ရှင်းသော ဝိညာဉ်တော်နဲ့ပြည့်ပြီးရှိသမျှအရာကိုအတူ ဝေမျှကြတယ်။ အချို့ကပိုင်ဆိုင်တဲ့မြေကွက်ကိုရောင်းပြီးခရစ်တော်အကျိုးအတွက်လှူဒါန်းကြတယ်။ (Acts 4:32-37).

C.အတွင်းမှာ စင်ကြယ်စေပြီး အပြင်မှာ ညှင်းဆဲခြင်းရှိတယ်။ (Acts 5:1-42).

1. အတွင်းမှာ ဆေးကြောခြင်း Purging within (Acts 5:1-11) အာနနိနဲ့ ရှဖိရက မြေကွက်ကိုရောင်းပြီး ပိုက်ဆံကိုတမန်တော်တွေကို လာပေးတယ်။ ဒါပေမယ့် တချို့တဝက်ကို ဖွက်ထားပြီး ညာတယ်။ နှစ်ယောက်စလုံး လဲကျသေတယ်။ ပေတရု လူကိုသာ ညာတာမဟုတ်ဘူး။ သန့်ရှင်းသော ဝိညာဉ်တော်ကိုလည်း ညာတာ လို့ ဆိုတယ်။ ဒါကေ

တော့ အသင်းတော်ရဲ့အလုပ်ဆိုတာ လူ့အလုပ် မဟုတ်ဘူး ဘုရားအလုပ်ဖြစ်ကြောင်း ပြနေတယ်။ သန့်ရှင်းခြင်းရှိဖို့ ဆုံးမခြင်းကလည်း မရှိမဖြစ် လိုတတ်တယ်။ (Acts 5:1-11)

2. အပြင်မှလာတဲ့ ညှင်းဆဲခြင်း Persecution from without (Acts 5:12-42) အသင်းတော်မှာ နေ့စဉ် လူဦးရေတိုးလာတယ်။ တမန်တော်တွေက တရားဟောတယ်။ နိမိတ်လက္ခဏာပြတယ်။ ယဇ်ပရောဟိတ်မင်းနဲ့ အကြီးအကဲတွေက ပိုမြင့်တက်လာတယ်။ တမန်တော်တွေကို ဖမ်းပြီး ထောင်ချတယ်။ အဲဒီညမှာ ဘုရားသခင်ရဲ့ကောင်းကင်တမန်က အကျဉ်းထောင်တံခါးတွေကို ဖွင့်ပြီး သူတို့ကို ခေါ်ထုတ်တယ်။ ယဇ်ပရောဟိတ်မင်းရဲ့အရာရှိတွေက ထောင်မှာ သူတို့ကို သွားရှာတဲ့အခါ မတွေ့တော့ဘူး။ သူတို့က ဗိမ္မာန်တော်မှာ တရားဟောနေပြီ။ တပ်မှူးက သူတို့ကိုခေါ်ပြီး အကြီးအကဲ တွေထံ ပို့တယ်။ ခရစ်တော်အကြောင်း တရားမဟောဖို့ သတိပေးတယ်။ (Acts 5:12-27) သူတို့က "သင်တို့သည် လက်ဝါးကပ်တိုင်၌ဆွဲ၍ ကွပ်မျက်သောယေရှုကို ငါတို့ဘိုးဘေးများ၏ ဘုရားသခင်သည် ထမြောက်စေတော်မူပြီ။ ထိုအကြောင်းအရာတို့သည် အမှန်ဖြစ်ကြောင်းကို ငါတို့သည် သက်သေခံဖြစ်ကြ၏။" (Acts 5:29-32) ဒီစကားက ဂျူး လူမျိုးခေါင်းဆောင်တွေရဲ့စိတ်နှလုံးကို ထိရှသွားတယ်။ သူတို့ ကောင်စီထဲမှာ ပညာတတ် ဖာရိရှဲဖြစ်တဲ့ ဂါမလေျလက ဒီလူတွေရဲ့စကားက ဘုရားသခင်ထံမှ လာတာမဟုတ်ရင် ဒီလူတွေ ပျက်စီးမှာပဲ။ ဘုရားသခင်ထံမှ လာရင် သူတို့ကို မတိုက်ခိုက်သင့်ဘူးလို့ ဆိုတယ်။ ဒါကြောင့် ကောင်စီက တမန်တော်တွေကို ရိုက်ပြီး ပြန်လွှတ်လိုက်တယ်။ (Acts 5:33-40) တပည့်တော်တွေထွက်သွားပြီး ခရစ်တော်ရဲ့နာမတော်ကြောင့် ဒုက္ခခံစားထိုက်တယ် ဆိုပြီး ဝမ်းမြောက်ကြ တယ်။ သခင်ယေရှုအကြောင်းကို ဗိမ္မာန်တော်မှာ အိမ်များမှာ နေ့စဉ် နေ့တိုင်း ဟောပြောသွန်သင်ကြတယ်။ (Acts 5:41,42)

D.အသင်းတော်တိုးပွါးပြီး သင်းထောက်များ ခန့်ထားတယ်။ (Acts 6:1-7).

အသင်းတော် တိုးပွါးလာတာနဲ့ ပြစ်တင်ခြင်းတွေလည်း ဂရိလူမျိုးတွေနဲ့ ဟေဗြဲလူမျိုးတွေကြားမှာ ပေါ်လာတယ်။ မုဆိုးမ တွေကို မထောက်ပံ့ဘူးလို့ ဆိုတယ်။ တမန်တော်တွေက လူတွေကို စုဝေးစေပြီး ပညာ ဉာဏ်ရှိသောသူ၊ ဝိညာဉ်တော် ပြည့်တဲ့သူတွေကို ခန့်ထားပြီး လိုအပ်တာတွေ ကူညီဖို့ ခိုင်းစေတယ်။ တမန်တော်တွေကတော့ နှုတ်ကပတ်တော် ဟောပြောခြင်း အသင်းတော်ကို ခိုင်မာစေခြင်းပဲ လုပ်ကြတယ်။ အမှုတော်လုပ်ငန်းလည်း တိုးတက်လာပြန်တယ်။ ယဇ်ပရောဟိတ် အများအပြားပင် သခင်ယေရှုကို ယုံကြည်လာကြတယ်။

E.Stephen, the first martyr ပထမဦးဆုံး မာတုရ သတေဖန် (Acts 6:8-8:3).

1. ယုံကြည်ခြင်းနဲ့ တန်ခိုးတော်ပြည့်တဲ့ သင်းထောက်တယောက် သတေဖန်ဟာ နိမိတ်လက္ခဏာ အများကို ပြခဲ့တယ်။ ခရစ်တော်ရဲ့တရားစကားကို ဆန့်ကျင်သူများဟာ သတေဖန်ရဲ့ပညာကို မနိုင်ကြဘူး။ ဒါကြောင့် သူ့တဘက်မှာ အပြစ်တင် ပြောဆိုမယ့်လူတွေ ငှားကြတယ်။ ခရစ်တော်ကို ရရှိပြီးနောက် မောရှေနဲ့ ဘုရားသခင်ရဲ့တဘက်မှာ ပစ်မှား တယ်လို့ စွပ်စွဲတယ်။ ကောင်စီရှေ့ကို ခေါ်လာတဲ့အခါမှာ သူ့မျက်မှာဟာ ကောင်းကင်တမန်တပါးရဲ့မျက်နှာကဲ့သို့ဖြစ် နေတယ်။ (Acts 6:8-15)

2. သတေဖန်က ဂျူးတွေကို ခရစ်တော်အကြောင်း ဟောတယ်။ (Acts 7:1-53) သတေဖန်က ဣသရေလမိုင်းကို အာဗြဟံမှစ၍ ပညတ်တရား ပရောဖက်များအထိ ပြန်ပြောပြတယ်။ အရေဖျားမလှီး ခေါင်းမာတဲ့ လူမျိုးအဖြစ် ပြောတယ်။ သန့်ရှင်းသောဝိညာဉ်တော်ကို ငြင်းဆန်ပြီး ပရောဖက်တွေကို ညှင်းဆဲတယ်။ ပညတ်တွေကိုမစောင့်ပဲ ဖြောင့်မတ်ခြင်းအကြောင်းကို ဟောပြောတဲ့သူတွေကို သတ်တယ် လို့ ဆိုတယ်။

3. သတေဖန်ရဲ့သေခြင်း (Acts 7:54-60; 8:1-3) သတေဖန်ရဲ့စကားတွေဟာ ဂျူးလူမျိုး အာဏာပိုင်တွေကို အံ့သွား ခဲ
ကိတ်စေလောက်အောင် ဒေါသထွက်စေတယ်။ ဝိညာဉ်တော်နဲ့ပြည့်တဲ့ သတေဖန်ဟာ ကောင်းကင်ကို မျှော်ကြည့်
တယ်။ "ကြည့်ပါ ကောင်းကင်ဖွင့်လှစ်သည်ကိုငင်း လူသားသည် ဘုရားသခင်၏ လက်ျာတော်ဘက်၌ ရပ်နေသည်ကို
ငင်း ငါမြင်သည်ဟုဆို၏။" (Acts 7:55-56) သူတို့က နားတွေပိတ်ပြီး ခဲနဲ့ပေါက်ကြတယ်။ မြို့ပြင်ဆွဲထုတ်ကြတယ်။
သတေဖန်ဟာ ဒူးထောက်ဆုတောင်းပြီး သူ့သခင်လိုပဲ "သခင် ဤသူတို့ပြုသော ဒုစရိုက်မှုကို မှတ်တော်မမူပါနဲ့။" လို့
ဆုတောင်းသွားတယ်။ (Acts 7:57-60)

4. ရှောလုဆိုတဲ့ လူတယောက်က သတေဖန်ရဲ့သေခြင်းကိုကြည့်နေပြီး လူသတ်သမားတွေရဲ့အဝတ်ကို စောင့်ရသူဖြစ်
တယ်။ သတေဖန်ကို သင်္ဂြိုဟ်ပြီးနောက်မှာ ရှောလုဟာ အသင်းတော်ကို ညှင်းဆဲတယ်။ ယုံကြည်သူတွေကို အိမ်တွေ
မှာ လိုက်ဖမ်းပြီး ထောင်ထဲချတယ်။ (Acts 7:58; 8:1-3) ယေရုရှလင်မြို့အသင်းတော်ဟာ အဲဒီအချိန်မှာ အကြီး
အကျယ် ညှင်းဆဲခံရတယ်။ ယုံကြည်သူတွေဟာ ယုဒပြည် ရှမာရိပြည်ကို ကွဲပြားပြန့်လွင့်ကြတယ်။ တမန်တော်တွေ
သာလျှင် ယေရုရှလင်မှာ ကျန်ရစ်တယ်။ (Acts 8:1)

F. **Things to Think About:** ဆင်ခြင်စရာများ

1. ဘယ်လိုပြဿနာ ဘယ်လိုညှင်းဆဲခြင်းမျိုးကို သင်တို့အသင်းတော် တွေ့ကြုံဖူးသလဲ။ ကြားရဖူးသလဲ။ ဒါကို
လူတွေ ဘယ်လိုတုံ့ပြန်ကြသလဲ။
2. သတေဖန်ရဲ့အသက်တာဟာ သင့်ရဲ့စိတ်နှလုံးကို အားပေးလှုံ့ဆော်တဲ့အချက် ရှိသလား။

III. **THE CHURCH GREW IN JUDEA AND SAMARIA** ယုဒပြည်နဲ့ ရှမာရိပြည်မှာ အသင်းတော်တိုးပွါးခြ
င်း **(Acts 8:4-12:25)**

A. ခရစ်ယာန်များ ပြန့်လွင့်ပြီး နှုတ်ကပတ်တရားတော်ကို ဖြန့်ကျက်ကြတယ်။ (Acts 8:4-40).

1. ဖိလစ်က ဘုရားသခင်ရဲ့နိုင်ငံတော်အကြောင်း တရားဟောတယ်။ သခင်ယေရှု နာမတော်ကို ရှာရိပြည်မှာ ဟော
တယ်။ (Acts 8:4-25) နိမိတ်လက္ခဏာ ပြတဲ့အတွက် လူအများယုံကြည်ကြတယ်။ (နိမိတ်လက္ခဏာတွေဟာ ဓမ္မသ
စ် ကျမ်းမပြည့်စုံခင်တိုင်အောင် တရားစကားကို အထောက် အမပြုဖို့ သုံးရတာဖြစ်တယ်။) နတ်ဝိဇ္ဇာဆရာ ရှိမုန်ပင်
လျှင် ယုံကြည်ပြီး နှစ်ခြင်းခံတယ်။ မြို့ထဲမှာ အလွန်ဝမ်းမြောက်ကြတယ်။ ယေရုရှလင်မှာရှိတဲ့ တမန်တော်တွေက
ပေတရုနဲ့ ယောဟန်ကို သူတို့ထံ လွှတ်တယ်။ ပေတရုနဲ့ ယောဟန်က ယုံကြည်သူ လူသစ်တွေအပေါ်မှာ လက်တင်ပြ
ပီး ဆုတောင်း ပေးတဲ့အခါ သန့်ရှင်းသောဝိညာဉ်တော်ရဲ့ဆုကျေးဇူးကို ခံရတယ်။ ဒါကို ရှိမုန်မြင်တဲ့အခါ ဘုရားသခင်
ရဲ့ဆုကျေးဇူးကို ဝယ်ယူဖို့ တောင်းဆိုတယ်။ ပေတရုက ဘုရားသခင်ရဲ့ဆုကျေးဇူးကို ငွေနဲ့ဝယ်ယူဖို့ ကြံတဲ့အကြံကို
ပြစ်တင်ဆုံးမတယ်။ ရှိမုန်ကို နောင်တရဖို့ပြောတယ်။ ရှိမုန်ကသူ့အတွက်ဆုတောင်းပေးပါလို့ ပြောတယ်။ပေ
တရုနဲ့ယောဟန်က ယေရုရှလင် ကို ပြန်ပြီး ရှမာရိမြို့ရွာ လမ်းတလျှောက်မှာ တရားဟောတယ်။

2. ထာဝရဘုရားရဲ့ကောင်းကင်တမန်က မြေထဲပင်လယ်အနီး ယေရုရှလင်မြို့တောင်ဘက်က ကမ်းခြေအရပ်ကို ဖိလိပ္ပု
ကိုစေလွှတ်တယ်။ လမ်းမှာ အာဖရိကကိုသွားနေတဲ့ အဲသယောပိဘုရင်မရဲ့အဆင့်အတန်း ရာထူးကြီးတဲ့ ဘဏ္ဍာ စိုး
ကိုတွေ့တယ်။ ဘဏ္ဍာစိုးက ရထားပေါ်မှာ ထိုင်ရင်း ကျမ်းစာဖတ်နေတယ်။ ဝိညာဉ်တော်ဦးဆောင်မှုနဲ့ ဖိလိပ္ပုက ကျ
မ်း စကားနားလည်ရဲ့လားလို့ အမတ်ကို မေးတယ်။ အမတ်က နားမလည်ဘူး။ သွန်သင်ပြသသူမရှိဘူး လို့ ဆိုတယ်။
ဖိလိပ္ပုက သခင်ယေရှု ခရစ်တော်အကြောင်းကို ရှင်းပြတယ်။ အမတ်က သခင်ယေရှုခရစ်ကို ဘုရားသခင်ရဲ့သားေ
တာ် အဖြစ် ယုံကြည်ပြီး နှစ်ခြင်းခံဖို့ တောင်းဆိုတယ်။ ဖိလိပ္ပုက သူ့ကို နှစ်ခြင်းပေးတယ်။ ချက်ခြင်းပဲ ဝိညာဉ်တော်

က သူ့ကို သယ်ဆောင်သွားတဲ့အတွက် ကဲသရိပြည်သို့ မရောက်ခင် တခြားအရပ်တွေမှာ တရားဆက်ဟောသွားတယ်။ (Acts 8:26-40).

B.Damascus ဒမားစကက်သွားတဲ့လမ်းမှာ ရှောလုပြောင်းလဲခြင်း (Acts 9:1-31).

1. ခရစ်ယာန်တွေကို ညှင်းဆဲဖို့ ဒမားစကတ်ကိုသွားတဲ့ လမ်းမှာ ဘုရားသခင်က ရှောလုကို ခေါ်တယ်။ (Acts 9:1-8) ကြီးမားတဲ့အလင်းကို မြင်ပြီး သူ့ကိုခေါ်တဲ့အသံကို ကြားရတယ်။ သခင်ဘုရားလို့ သူသိတယ်။ သူ့ကိုယ်သူနှိမ့်ချပြီး ယုံကြည်တယ်။ ဘာလုပ်ရမလဲလို့ မေးတယ်။ ဒမာသက်မြို့ကို သွားဖို့ ပြောတယ်။ ရှောလုနဲ့ ပါလာသူတွေဟာ ဘာမှ မမြင်ရ ဘာသံမှမကြားရဘူး။ ဒါပေမယ့် ရှောလုတော့ မျက်စိကန်းသွားတယ်။ အဲဒီလူတွေက သူ့ကို ဒမာသက်မြို့ကို ခေါ်သွားပြီး သုံးရက်လုံးလုံး မျက်စိကန်းနေတယ်။ အစာမစားဘူး။

2. ဘုရားသခင်က ဒမာသက်မြို့က တပည့်တော်အာနနိကို ရှောလုထံလွှတ်တယ်။ အာနနိက ရှောလုကို ကြောက်နေတယ်။ ဒါပေမယ့် သခင်ဘုရားက "ထိုသူက တပါးအမျိုးသားတို့နှင့် ရှင်ဘုရင်တို့ထံသို့၎င်း ဣသရေလအမျိုးသားတို့ ရှိရာသို့၎င်း ငါ၏နာမကို ပို့ဆောင်စေခြင်းငှါ ငါရွေးကောက်သော တန်ဆာ ဖြစ်၏။ အကြောင်းမူကား ထိုသူသည် ငါ၏ နာမကြောင့် အဘယ်မျှလောက် ဆင်းရဲခံရသည်ကို ငါသည် သူ့အားပြမည်။" အာနနိက ရှောလုထံသွားတယ်။ ရှောလု ရဲ့မျက်စိကန်းခြင်းကို ဘုရားသခင် ပျောက်စေတဲ့အခါ အာနနိလည်း သူ့ကို လုပ်ကျွေးပြုစုတယ်။ (Acts 9:9-16)

3. ရှောလုက ဒမာသက်မြို့တရားဇရပ်မှာ တရားဟောတယ်။ သခင်ယေရှုဟာ ဘုရားသခင်ရဲ့သားတော်ဖြစ်ကြောင်း သက်သေပြတယ်။ လူတွေအံ့သြကြတယ်။ အဲဒီနေ့ နောက်ပိုင်းမှာ ဂျူးလူမျိုးတွေက သူ့ကိုသတ်ဖို့ ကြိုးစားကြတယ်။ ဒါပေမယ့် ရှောလုဟာ ညအချိန်မှာ မြို့ရိုးပေါ်ကနေ ထွက်ပြေးလွတ်မြောက်ရတယ်။ (Acts 9:20-25)

4. ရှောလု ယေရှုရှလင်ကိုပြန်တယ်။ ဒါပေမယ့် တပည့်တော်တွေက သူ့ကိုကြောက်နေတယ်။ ဗာနဗက တမန်တော်တွေရဲ့ရှေ့မှာ သခင်ဘုရားက သူ့ကို ဘာလုပ်ခဲ့ပြီဆိုတာပြတယ်။ ရှောလုကလည်း ယေရှုရှလင်မှာ သခင်ယေရှု အကြောင်းကို ပွင့်လင်းစွာဟောတယ်။ ဂရိလူမျိုးတွေက သူ့ရဲ့တဘက်မှာ ဆန့်ကျင်ကြတယ်။ တပည့်တော်တွေက သူပကို တာရှုမြို့ကိုစေလွှတ်ကြတယ်။ (Acts 9:26-30) အဲဒီနောက်မှာ ယုဒပြည်၊ ဂါလိလဲပြည်၊ ရှမာရိပြည်မှာရှိတဲ့ အသင်းတော်တွေ ငြိမ်သက်ရာကာလ ရောက်တယ်။ ကြီးပွါးလာပြီး ဘုရားသခင်ဝိညာဉ်တော်အားဖြင့် ကြီးထွားမှုရှိတယ်။ (Acts 9:31)

C.ဘုရားသခင်က တပါးအမျိုးတွေရဲ့ကယ်တင်ခြင်းတရားကို ဖွင့်ဖို့ ပေတရုကို အသုံးပြုတယ်။ (Acts 9:32-11:30).

1. ပေတရုတရားဟောတယ်။ နိမိတ်လက္ခဏာ ပြတယ်။ (Acts 9:32-43) သူ့အားဖြင့် ဘုရားသခင်က လူတယောက်ကို လုဒ္ဒမြို့မှာအနာရောဂါပျောက်စေတယ်။ ခရစ်တော်ကို လူများစွာ ယုံကြည်လာတယ်။ (Acts 9:32-35) အဲဒီနောက် ယုပ္ပေမြို့ကိုသွားပြီး ဘုရားသခင်ကိုချစ်ပြီး လူအများကို ကူမတဲ့ တဗိသ (ဒေါ်ကာ) ကို သေရာမှ ထမြောက်စေတယ်။ လူအများစု ခရစ်တော်ကို ယုံကြည်လာတယ်။ (Acts 9:36-43)

2. ဘုရားသခင်က တပါးအမျိုးသား ကောနေလိထံ ပေတရုကိုစေလွှတ်တယ်။ (Acts 10:1-48)

a. ဘုရားသခင်ကိုကြောက်ရွံ့ပြီး ဆုတောင်းတဲ့ ရောမတပ်မှူးကောနေလိကို ဘုရားသခင် ပြင်ဆင်တယ်။ ထာဝရဘုရားရဲ့ကောင်းကင်တမန်က ကောနေလိကို ရူပါရုံမှာ ထင်ရှားပြီး ယုပ္ပေမြို့မှာရှိတဲ့ ပေတရုထံ လူလွှတ်ဖို့ပြော တယ်။ (Acts 10:1-8)

b. ဘုရားသခင်က ဣသရေလလူမျိုးအတွက် unclean ညစ်ညူးတဲ့အရာလို့ ဆိုတဲ့ ရုပါရုံအားဖြင့် ပြင်ဆင်တယ်။ ၃ကြိမ် တိုင်တိုင် မသန့်ရှင်းတဲ့အရာကို ထစားဖို့ ပြောတယ်။ "ပေတရု ထ၍ သတ်စားလော့။ ဘုရားသခင် သန့်ရှင်းစေ သော အစာကို ညစ်ညူးသည်ဟု မထင်နှင့်။" အဲဒီနည်းနဲ့ ပေတရုဟာ ကောနေလိထံကို ပြင်ဆင်ပြုပြင်ခြင်းခံရတယ်။ ပညတ် တရားဟောင်းဟာ ပဋိညာဉ် တရားသစ်အားဖြင့် အစားထိုးသွားပြီ။ ဂျူးလူမျိုး တခြားလူမျိုးလို့ ခွဲခြားမှုမရှိ တော့ဘူး ဆိုတာကို ပေတရု နားလည်သွားပြီ။ (Acts 10:9-22)

c. ကောနေလိနဲ့ အိမ်သူအိမ်သားတွေ နားလည်ကြတယ်။ (Acts 10:23-48) ပေတရုက တပါးအမျိုးသား လူမျိုး တွေ ကို လက်ခံပြီး သူတို့နဲ့အတူ နောက်တနေ့မှာ ကဲသရိမှာရှိတဲ့ ကောနေလိရဲ့အိမ်ကို သွားကြတယ်။ တပါးအမျိုး သားတွေကို အိမ်မှာလက်ခံခြင်းဟာ ( ပညတ်တော်အရ တားမြစ်ထားတယ်။) ကောနေလိ သူ့မိသားစုနဲ့ မိတ်ဆွေ များဟာ စိတ်လှုပ်ရှားစွာနဲ့ စောင့်နေကြတယ်။ ပေတရုရဲ့ခြေတော်ရင်းမှာ လဲကျပြီး ပေတရုက ရပ်ဖို့ ပြောရတယ်။ ဘုရားသခင်အကြောင်းကို ပြောကြပြီး ဒီအဖြစ်အပျက်အတွက် ပြင်ဆင်ခံရကြောင်းကို ပြတယ်။ ပေတရုက "အကယ် စင်စစ် ဘုရားသခင်သည် လူ့မျက်နှာကို မှတ်တော်မမူ။ လူအမျိုးမျိုးတို့တွင် ဘုရားသခင်ကိုကြောက်ရွံ့၍ တရားစောင့် သောသူသည် အထံတော်၌ မျက်နှာရသည်ကို ငါသိမြင်၏။" (Acts 10:34,35) သခင်ယေရှုအကြော င်း အသေခံခြင်းနဲ့ ထမြောက်ခြင်းအကြောင်းကို သင်ပြတယ်။ ဂျူးလူမျိုးနဲ့ တပါးအမျိုးသားအားလုံးအပေါ်မှာ သန့်ရှ င်းသောဝိညာဉ်တော် သက်ရောက်ကြောင်းကိုလည်း ပြောခဲ့တယ်။ သခင်ဘုရားရဲ့နာမတော်၌ သူတို့ နှစ်ခြင်းခံကြတ ယ်။ (Acts 10:36-48)

d. ပေတရုလုပ်ဆောင်တာကို တခြားတမန်တော်တွေကမေးခွန်းထုတ်လာတယ်။ ဖြစ်ပျက်သမျှကို ပေတရုက သေချာ ရှင်းပြတယ်။ တပါးအမျိုးသားတွေအပေါ်မှာ ဝိညာဉ်တော် သက်ရောက်တဲ့အခါ သူသတိရတဲ့ သခင်ဘုရားရဲ့စကားကို ပြောပြတယ်။ ယောဟန်က ရေမှာ နှစ်ခြင်းပေးတယ်။ "ဒါပေမယ့် သင်တို့ဟာ သန့်ရှင်းသောဝိညာဉ်တော်၌ နှစ်ခြင်းခံ ရမယ်။" လို့ ပြောဖူးတယ်။ ဘုရားသခင်က တပါးအမျိုးသားတွေကိုလည်း တူညီတဲ့ ဆုကျေးဇူးပေးတယ်။ ဒါကြောင့် ဘုရားကိုငြင်းဆန်လို့မရဘူးလို့ပြောတဲ့အခါ တခြားတမန်တော်တွေစိတ်ထဲမှာ ကျေနပ်သွားကြတယ်။ (Acts 11:1-18)

D. ညှင်းဆဲခြင်းထဲမှာ အသင်းတော်တိုးပွါးခြင်း (Acts 11:19-12:25).

1. ညှင်းဆဲခြင်းကြောင့် ကွဲလွင့်ကြပေမယ့် နေရာဒေသအသီးသီးမှာ ခရစ်တော်အကြောင်း ပြောပြကြတယ်။ ဖိနိတ် ပြည်၊ ကုဖရုပြည်၊ ရှုရိပြည် အန္တိအုတ်မြို့ ကရေနေပြည် (မြောက်အာဖရိက) သခင်ဘုရား သူတို့နဲ့ရှိပြီး လူများစွာ ယုံ ကြည်ကြတယ်။ (Acts 11:19- 22)

2. ယေရုရှလင်မှာရှိတဲ့ အသင်းတော်က ဗာနဗကို အန္တိအုတ်မြို့သို့ စေလွှတ်တယ်။ အဲဒီမှာရှိတဲ့ လူတွေရဲ့အပေါ်မှာ ဘု ရားသခင်ရဲ့ကျေးဇူးတော် သက်ရောက်တာကို တွေ့တဲ့အခါ သူအားရတယ်။ သူက ခွန်အားပေးပြီး သခင်ဘုရားနဲ့ နီး ကပ်စွာအသက်ရှင်ဖို့ ပြောတယ်။ တာရှုမြို့ကိုသွားပြီး ရှောလုကို ခေါ်လာတယ်။ အန္တိအုတ်မြို့အသင်းတော်မှာ တနှစ် လောက် အမှုတော်ဆောင်ကြတယ်။ ယေရုရှလင်မှ လာတဲ့ တချို့သောပရောဖက်တွေ အန္တိအုတ်မြို့ကိုရောက်လာ တယ်။ အာဂါပုဆိုတဲ့ ပရောဖက် တယောက်က အစာခေါင်းပါးခြင်း ရောက်လာမယ်လို့ဆိုတယ်။ အန္တိအုတ်မြို့က တပည့် တော်တွေဟာ လှူငွေကို ကောက်ယူကြပြီး ယေရုရှလင်မြို့ရှိ ယုံကြည်သူများထံ ဗာနဗနဲ့ ရှောလုလက်မှာ ပေးပို့ကြ တယ်။ (Acts 11:23-30)

3. ဟေရုဒ်ရဲ့ညှင်းဆဲခြင်း (Acts 12:1-25)

a. ဟေရုဒ်က ယောဟန်ရဲ့အစ်ကို ယာကုပ်ကိုသတ်တယ်။ ဂျူးလူမျိုးတွေ သဘောကျစေဖို့ ဖြစ် တယ်။ ပေတရုကို ထောင်ချတယ်။ အသင်းတော်က တညီတညွတ်တည်း ဆုတောင်းတယ်။ ထာဝရဘုရားရဲ့ကောင်းကင်တမန်ဟာ ပေတရုထံရောက်လာပြီး မတ်တပ်ရပ်ဖို့ပြောတယ်။ ပေတရုရဲ့သံခြေကျင်းတွေ ပြုတ်ကျပြီး ထောင်တံခါးတွေပွင့်တယ်။ ကောင်းကင်တမန်က ပေတရုကိုခေါ်ထုတ်ပြီး ထွက်သွားတယ်။ (Acts 12:1-10)

b. ဒီအံ့သြဖွယ်ရာ အဖြစ်အပျက်ကို ပေတရုနားလည်တဲ့အခါ ချက်ချင်းပဲ ယုံကြည်သူတွေ ဆုတောင်းနေတဲ့ အိမ်ကို သွားတယ်။ တံခါးစောင့်တဲ့ ရောဒေဆိုတဲ့အမျိုးသမီးက သူ့ကိုမြင်တဲ့အခါ အလွန် အံ့အားသင့်တယ်။ တံခါးမဖွင့်ပဲ တခြားသူတွေထံ ပြေးသွားတယ်။ ပေတရုက တံခါး ဆက်ခေါက်တယ်။ တခြားသူတွေလည်း သူ့ကိုမြင်တဲ့အခါ အံ့အား သင့်ကြတယ်။ ဖြစ်ပျက်သွားတဲ့ အံ့သြဖွယ်ရာအမှုကို သူ ပြန်ပြောပြတယ်။ တခြားညီအစ်ကိုတွေကိုလည်း ဒီအကြောင်း ပြောပြ တယ်။ အဲဒီနောက် တခြားနေရာကို ထွက်သွားတယ်။ (Acts 12:11-17)

c. ပေတရုကို ရှာမတွေ့တဲ့အခါ ဟေရုဒ်စိတ်ဆိုးပြီး အစောင့်စစ်သည်တွေကို သတ်ပစ်တယ်။ အဲဒီနောက် သူ့ရဲ့ရှင် ဘုရင်ဝတ်စုံကို ဝတ်ဆင်ပြီး တုရုနဲ့ ဇိဒုန်က လူတွေကို တွေ့ဆုံတယ်။ ဝတ်ရုံခြုံပြီး စကားပြောတဲ့အခါ ပရိတ်သတ်က ဘုရားရဲ့အသံဖြစ်တယ်လို့ ပြောဆိုတယ်။ ချက်ချင်းပဲ ထာဝရဘုရားရဲ့ကောင်းကင်တမန်က သူ့ကို ဒဏ်ခတ်လိုက်တယ်။ သူဟာ ဘုရားဘုန်းတော်ကို မထောက်ထားတဲ့အတွက် ဖြစ်တယ်။ သူသေပြီးနောက် ဘုရားသခင်ရဲ့နှုတ်ကပတ်တော်ဟာ အလွန်ပွါးများလာတယ်။ ဗာနဗ ရှောလုနဲ့ ယောဟန် မာကုတို့ဟာ အန္တိအုတ်မြို့ကိုပြန်ကြတယ်။ (Acts 12:18-25)

E. **Things to Think About:** ဆင်ခြင်စရာများ

ကနဦးခရစ်ယာန်များဟာ အခက်အခဲတွေတွေ့ရပေမယ့် ခရစ်တော်ရဲ့နာမတော်ကို သက်သေခံခဲ့ကြ တယ်။ သင်လည်း ခရစ်တော်အကြောင်းကို ဘယ်လိုနည်းတွေနဲ့ သက်သေခံမလဲ။

## Exam - Lesson 23

Name______________________________________________________________

Address____________________________________________________________

Multiple choice ( Circle only one letter as the correct answer unless otherwise indicated. You may use your Bible when so indicated, but we trust you not to look up the answers in the lesson.)

1. What does this lesson deal with primarily? (value 4 points) ဤသင်ခန်းစာသည် အဓိက အားဖြင့်မည်သည့် အကြောင်းပြောထားသနည်း
    a) a proper understanding of Christ and the disciples ခရစ်တော်နှင့်တပည့်တော်များ အကြောင်း အသေအချာ သိ မြင်နားလည်ရန်
    b) a proper understanding of the Church and the Holy Spirit အသင်းတော်နှင့် သန့် ရှင်း သောဝိညာဉ်တော် အကြောင်းအသေအခြာနားလည်ရန်
    c) a proper understanding of the Pharisees and the Sadducees ဖါရိရှဲနှင့်ဇာဒုက္ကဲတို့ အကြောင်း အသေအချာ နားလည်ရန်

2. The book of Acts is a continuation of Christ's teachings: (value 4 points) တမန်တော်ဝတ္တုသည် ခရစ်တော် ဆက်လက်ဟောကြားသောသွန်သင်ချက်များဖြစ်သည်
    a) about the importance of the law ပညတ္တိကျမ်းအရေးကြီးပုံ
    b) about the future of Israel အနာဂါတ် ဣသရေလနိုင်ငံအကြောင်း
    c) about the kingdom နိုင်ငံတော်အကြောင်း

3. Where did Jesus tell the disciples to go and wait for the promised Comforter? (value 4 points) ယေရှု ဘုရားကသူ၏တပည့်တော်များအား မည်သည့်နေရာသို့ သွားပြီး ကတိတော်ရှိသောဥပဇ္ဈာယ်ဆရာကို စောင့်နေဖို့ ပြောသနည်း
    a) at Jerusalem ယေရုရှလင်
    b) in Galilee ဂါလီလဲဒေသ
    c) on the Mount of Olives သံလွင်တောင်

4. The book of Acts covers the transitional period: (value 4 points) တမန်တော်ဝတ္တုသည် အောက်ပါကာလများ အတွင်းရေးသားထားသည်
    a) between the law and the coming of Christ to die for mankind ပညတ်တော်ကာလနှင့် လူသားတို့ အ[ ပစ် အတွက်ခရစ်တော်လာရောက်အသေခံသည့်ကြားကာလ

b) between Malachi and the establishment of the future kingdom မာလခိနှင့်အနာဂါတ် နိုင်ငံတော် တည်ဆောက်မည့်ကြားကာလ

c) between the death of Christ and His second coming to establish His kingdom on earth ခရစ်တော် အသေခံချိန်နှင့် သူဒုတိယအကြိမ်ကြွလာပြီး ဤလောကတွင်နိုင်ငံတော် ထူထောင်မည့် ကြားကာလ

5. Who wrote the book of Acts? (value 4 points) တမန်တော်ဝတ္တုကို မည်သူရေးသား သနည်း

a) Theophilus သီအိုဖိလပ်

b) Luke လုကာ

c) The apostles တမန်တော်များ

6. In the Gospels the nation of Israel: (value 4 points) ခရစ်ဝင်ကျမ်းတွင် ဣသရေလနိုင်ငံ သည် အောက်ပါတို့ အနက်မှတခုဖြစ်သည်

a) was strong and thriving under Christ's ministry ခရစ်တော်အမှုတော်ဆောင်မှု အောက်တွင် တက်ကြွသန်မာခဲ့သည်

b) rejected their King သူတို့၏ဘုရင်ကိုငြင်းပယ်ခဲ့သည်

c) was transformed into the Church အသင်းတော်အဖြစ်သို့ ကူးပြောင်းခဲ့သည်

7. What were Jesus' last instructions to His disciples? (value 4 points) ယေရှုဘုရားမှ သူ၏တပည့်တော်များကို နောက်ဆုံးမှာကြားခဲ့သောအချက်များကား အဘယ်နည်း

a) He instructed them about the kingdom and the promise of the Holy Spirit. နိုင်ငံတော်နှင့် သန့်ရှင်းသော ဝိညာဉ်တော်အကြောင်း ညွှန်ကြားခဲ့သည်

b) He gave them a warning against false teachers. မှားယွင်းသောသွန်သင်ချက် များ အကြောင်း သတိပေးခဲ့သည်

c) He gave them instructions for the organization of the church. အသင်းတော် တည်ဆောက်ပုံအကြောင်းကို ညွှန်ကြားခဲ့သည်

8. Which of the following statements is true about the Kingdom of God? (value 4 points) ဘုရားရှင်နိုင်ငံတော် နှင့်ပတ်သက်၍ အောက်ပါတို့ အနက် မည်သည့်အချက်သည် မှန်ကန်သနည်း

a) It is embraced by all created beings. ၎င်းသည် ဖန်ဆင်းထားသောအရာအားလုံး ထွေးပိုက်ထားရမည့်အရာ ဖြစ်သည်

b) It is universal and uninterrupted. ၎င်းသည် ထာဝရတည်မြဲပြီး မပျက်စီးနိုင်ပါ

c) It is the ruling power in the earth today. ၎င်းသည် ယနေ့ ကမ္ဘာကို အုပ်စိုးထားသော တန်ခိုးတော်ဖြစ်သည်

9. Who replaced Judas? (value 4 points) ယုဒရှာကာရုတ်နေရာတွင် မည်သူကိုအစားထိုးခဲ့ သနည်း

a) Barsabas ဘာနဗ

b) Matthew မဿဲ

c) Matthias မက်သီးယပ်

10. Why is the day in which we are living often called the period of the Holy Spirit? (value 4 points) အဘယ့်ကြောင့် ကွန်ုပ်တို့ အသက်ရှင်နေသောကာလကိုသန့် ရှင်းသောဝိညာဉ်တော်အုပ်စိုးသောကာလဟုခေါ်သနည်း

a) because this is the time of the beginning of the ministry of the Holy Spirit ယခုအချိန်သည် သန့်ရှင်းသော ဝိညာဉ်တော်အုပ်စိုးသည့်ကာလဖြစ်သောကြောင့်

b) because the Holy Spirit is the dominate power and guiding light in this period ယခုကာလတွင် သန့် ရှင်း သောဝိညာဉ်တော်တန်ခိုးသည် လွှမ်းမိုးပြီး လောကကို အလင်းပြပေး နေသောကြောင့်

c) because it is the period of transition from law to grace ပညတ်တရားမှ ကျေးဇူးတရား ခေတ်သို့ ကူးပြောင်းနေ သည့်ကာလဖြစ်သောကြောင့်

11. Who is the head of the Church? (value 4 points) အသင်းတော်၏ဦးခေါင်းကား အဘယ်နည်း

a) the pastor သင်းအုပ်

b the apostles တမန်တော်

c) Jesus Christ ယေရှုခရစ်

12. Why should believers be baptized? (value 4 points)အဘယ့်ကြောင့် ယုံကြည်သူများနစ်ခြင်းခံသင့်သနည်း

a) as a public testimony of their death, burial and resurrection with Christ ခရစ်တော် နှင့်အတူ အသေခံ ခြင်း၊ သင်္ဂြိုဟ်မြှုပ်နှံခြင်း၊ သေခြင်းမှရှင်သန်ထမြောက်ခြင်းကို လူရှေ့ အများ ရှေ့ တွင်သက်သေခံခြင်းဖြစ်သည်

b) to complete their salvation and give them new life သူတို့ ၏ကယ်တင်ခြင်းရရှိမှုနှင့် အသက်တာ သစ်ပေးကြောင်း ကိုပြည့်စုံစေရန်

c) as a public ceremony of entrance into a local church ဒေသန္တရအသင်းတော်သို့ ဝင်ရောက်ခြင်း အခန်းအနား ဖြစ်သည်

13. Why were Jewish believers scattered into Samaria and other areas? (value 4 points) အဘယ့်ကြောင့် ယုဒ ယုံကြည်သူများသည် ရှမာရိနှင့်အခြားဒေသများသို့ ပျံ့ နှံ့ သွားကြ သနည်း

a) because they wanted to obey Jesus' command သူတို့ သည် ယေရှုဘုရား၏ အမိန့် တော် ကို နာခံလိုသောကြောင့်

b) because they were excited to see the Church grow သူတို့ သည် အသင်းတော်တိုးပွါး သည်ကိုမြင်လိုသောကြောင့်

c) because they were persecuted at the time of Stephen's death သူတို့ သည် သတေဖန်သေဆုံးချိန်တွင် ညှင်းပမ်းနှိပ်စက်ခံရသောကြောင့်

14. Why did Ananias and Sapphira die? (value 4 points) အဘယ့်ကြောင့် အာနနိနှင့်ရှဖိရေ သေသနည်း

a) because they did not give to the church အသင်းတော်ကို မပေးလှူသောကြောင့်
b) because they lied to the Holy Spirit သန့် ရှင်းသောဝိညာဥ်တော်ကို လိမ်ညာသော ကြောင့်
c) because they deceived the apostles တမန်တော်များကို လိမ်ညာလှည့်ဖြားသောကြောင့်

15. After Peter preached, the people asked him what they should do. (value 4 points) ပေတရုဟောပြော[ပြီး နောက် လူများကို သူတို့ ဘာလုပ်သင့်သနည်းဟုပြောသနည်း

a) He told them to love the Lord their God with all their heart, mind and soul. သူတို့ ၏ဘုရားသခင်ထာဝရ ဘုရားအား ကိုယ်စွမ်း ညာဏ်စွမ်းရှိသမျှ နလုံးသားအပြည့်ဖြင့်ချစ်ရန် ပြောသည်
b) He told them repent and be baptized in the name of Jesus Christ. နောင်တရပြီး ယေရှုခရစ်နာမ၌ နှစ်ခြင်းခံရန်ပြောသည်
c) He told them to do the works that God had given them to do. ဘုရားရှင်စေခိုင်းသော အရာများကို လုပ်ဆောင်ရန်ပြောသည်

16. Philip preached to a eunuch. Where did the eunuch come from? (value 4 points) ဖိလိပ္ပုက အပျိုတော် ခေါင်းအားတရာဟောခဲ့သည်၊ထိုအပျိုတော်ခေါင်းသည်ဘယ်ကလာသနည်း

a) Jericho ယေရိခေါ
b) Antioch အန္တိအုတ်
c) Ethiopia အဲသယောပိ

17. Saul was converted on his way to what town? (value 4 points) ရှောလုသည် မည်သည့်မြို့ သို့ သွားသော လမ်းတွင် အသက်တာပြောင်းလဲသနည်း

a) Jerusalem ယေရှုရှလင်
b) Damascus ဒမာသက်
c) Antioch အန္တိအုတ်

18. How did the disciples react when Saul returned to Jerusalem? (value 3 points) တမန်တော်များသည် ရှောလု ယေရှုရှလင်သို့ ပြန်လာသည့်အခါ မည်သို့ တုန့် ပြန်ကြသနည်း

a) The disciples received him with great joy. လိုက်လှဲစွာကြိုဆိုကြသည်
b) Peter and John were the only ones who talked with him. ပေတရုနှင့်ယောဟန်သာလျှင် သူနှင့်စကားပြောကြသည်

c) Barnabas presented him to the other disciples. ဗါနဗ က သူ့ အားအခြားသော တပည့်တော်များနှင့် မိတ် ဆက်ပေးသည်

19. When did the Holy Spirit first come on the disciples? (value 3 points) သန့် ရှင်း သောဝိညာဉတော်သည် တပည့်တော်များထံသို့ ပထမဦးဆုံးအကြိမ်အဖြစ် မည်သည့်အချိန် တုန်းက ဆင်းသက်ခဲ့သနည်း

a) at the feast of Passover ပသခါပွဲတော်

b) on the day of Pentecost ပင်တေကုတ္တေပွဲတော်

c) the day Christ ascended into glory ခရစ်တော်ဘုရားဘုန်းတော်ဖြင့် ကောင်းကင် သို့ တက်ကြွသည့်အခါ

20. Give three names for the Age in which we live: (value 6 points) ကျွန်ုပ်တို့ တို့ အသက်ရှင် နေထိုင်နေသော ခေတ်ကာလ ၃-ခု၏အမည်ကိုရေးပြပါ

Matching

21. Match these people with the statement that describes them. (value 10 points) မှန်ကန်စွာယှဉ်တွဲပါ

_____He was the first Christian martyr သူသည် ပထမဦးဆုံးသော ခရစ်ယာန် အာဇာနည်ဖြစ်သည် — a) Herod

_____He opened the door of salvation to the Gentiles သူသည် တပါးအမျိုးသားများ ကယ်တင်ခြင်းရဖို့ တံခါးဖွင့်ပေးခဲ့သည် — b) Cornelius

_____He killed James, the brother of John သူသည် ယောဟန်၏ညီ ယာကုပ်ကိုသတ်သည် — c) Saul

_____He sent messengers to Peter သူ ပေတရုထံသတင်းထောက်လွှတ်ခဲ့သည် — d) Stephen

_____He persecuted the Christians သူ ခရစ်ယာန်များကို ညှင်းဆဲသည် — e) Peter

22. Match the words with the definitions. (Value 10 points) မှန်ကန်စွာယှဉ်တွဲပါ

_______church a) A term used for 21 books in the Bible written by the Apostles
တမန်တော်များရေးခဲ့သည့် ကျမ်းစာ ၂၁-အုပ်တွင် အသုံးပြုသော အသုံးအနှုန်း

_____Pentecost b) An ordinance in which believers partake of bread and wine as symbols of the Lord's death, resurrection and coming again ခရစ်တော် အသေခံခြင်း၊ ပြန်လည်ရှင်သန်ခြင်း၊ နောက်တဖန်ပြန်ကြွလာဦးမည်ဖြစ်ခြင်းကို ပုံဆောင်သည့် စပျစ်ရည်နှင့်မုန့် ကို ယုံကြည် သူများ အတူစားကြသည့်ပွဲတော်

_____apostle c) A local group of believers ဒေသန္တရယုံကြည်သူအုပ်စု

_____epistle d) Jewish Feast of weeks, 50 days after the feast of Firstfruits အဦးသီးပွဲတော် ကျင်းပပြီးနောက် ရက်ပေါင်း ၅၀-အကြာတွင်ကျင်းပသည့် ဂျူးလူမျိုးများ၏ပွဲ

______Lord's Table                                        e) A specially commissioned messenger အထူးတာဝ

န်ပေးထားသော တမန်

Exploring God's Word

A Survey of the Old and New Testaments

Prepared by Polly Strong B.R.E., B.A., M.A.

For Rogma International, Inc. (All Scripture quotations from the KJV of the Bible)

Copyright by Rogma International, Inc. All rights reserved.

---

## Lesson 24

## Section VIII – Body of Believers; The Church (the Bride of Christ)

## Beginning of the Gentile Church

ယုံကြည်သူများရဲ့ကိုယ်ခန္ဓာ အသင်းတော် ( ခရစ်တော်ရဲ့သတို့သမီး) တပါးအမျိုးသားအသင်းတော် စတင်ခြင်း

**Theme**:အဓိကအချက်။ အသင်းတော်တိုးပွါးခြင်းနဲ့ စည်းလုံးခြင်းအကြောင်းကို ကောင်းမွန်စွာ နားလည်ခြင်း ဟာ ဘုရားသခင်ရဲ့နိုင်ငံတော်တိုးပွါးခြင်းကို နားလည်နိုင်ဖို့ အရေးကြီးတဲ့အချက် ဖြစ်ပါတယ်။.

**Goal**:ရည်ရွယ်ချက်။ အသင်းတော်ရဲ့စည်းလုံးညီညွတ်မှုကို ထိန်းသိမ်းပြီးကမ္ဘာ့ဧဝံဂေလိ လုပ်ငန်းမှာပါဝင်ပါ။.

**Summary**: အနှစ်ချုပ်။ ဒီအခန်းက တပါးအမျိုးသားအသင်းတော် တိုးပွါးခြင်းအကြောင်း ဖြစ်တယ်။ ရှင်ပေါလုနဲ့ သူ့ မိတ်ဆွေများ Asia Minor နဲ့ ဥရောပ (မာကေဒေါနိ နဲ့ ဂရိ) ကို သာသနာပြုသွားတဲ့အကြောင်းများ ဖြစ်တယ်။ လောက ရဲ့ကယ်တင်ရှင်နဲ့ ကြသရေလရဲ့မေရှိယအဖြစ် အသေခံပြီးထမြောက်တဲ့ နာဇရက်မြို့သား ယေရှု ခရစ်တော်ရဲ့ တရားကို ဟောပြောကြတယ်။ ယုံကြည်သူတွေနှစ်ခြင်းခံပြီးအသင်းတော်ဖွဲ့စည်းကြတယ်။ခရစ်တော်ဖွဲ့စည်းထားတဲ့ အသင်းတော် အကြောင်း သင်ပေးကြတယ်။ ရုပ်ထုကိုးကွယ်တဲ့ တပါးအမျိုးသားနဲ့ မယုံကြည်သူ ပြစ်တင်ခြင်တဲ့ ဂျူးလူ မျိုးတွေရဲ့ညှင်း ဆဲခြင်းကြားထဲမှာပင် သန့်ရှင်းသော ဝိညာဉ်တော်ရဲ့ဝမ်းမြောက်ခြင်းနဲ့ ခွန်အားကို ရကြတယ်။ အသ င်းတော်အသစ် များထံ စာများရေးသားပြီး ဓမ္မသစ်ကျမ်းစာများ ရေးသားတဲ့အတွက် အဲဒီစာတွေဟာ ဓမ္မသစ်ကျမ်းရဲ့ ဩဝါဒစာတွေ ဖြစ်လာတယ်။.

**Outline**:

Acts 13-20

1. တမန်တော် ၁၃၊ ၁၄ ပထမ သာသနာပြုခရီးစဉ် (Aia Minor)
2. တမန်တော် ၁၅ ယေရုရှလင်ကောင်စီ
3. တမန်တော် ၁၆ - ၁၈ ဒုတိယ သာသနာပြုခရီးစဉ် (Europe: Macedonia, Greece)
4. တမန်တော် ၁၉ - ၂၁ တတိယ သာသနာပြုခရီးစဉ် (Asia Minor, Europe)

   Epistle ဩဝါဒစာများ

   1. ယာကုပ် ၁ - ၅
   2. ဂလာတိ ၁ - ၆

3. ၁သက် ၁- ၅၊ ၂သက် ၁- ၃
4. ၁ကော ၁- ၁၆၊ ၂ကော ၁- ၁၃
5. ရောမ ၁- ၁၆

**People to know in Acts 13-20:**

missionaries: Paul, Barnabas, Silas, Timothy, John Mark

believers: Lydia, jailer, Jason, Aquila and Priscilla, Justus, Crispus, Apollo, Erastus, Eutychus, Gaius,

others: Gallio, sons of Sceva and Demetrius

**Places to know:**

Antioch of Syria; Paphos of Cyprus; Jerusalem of Judea; Caesarea of Samaria; Asia Minor; Galatia (Perga, Antioch of Pisidia, Iconium, Derbe); Troas, Ephesus, Miletus; Europe; Macedonia (Philippi, Thessalonica, Berea); Greece (Athens, Corinth), Achaia (southern part of Greece).

**Words to know: (Know these for the exam)**

Areopagus (Mars Hill in Latin): မားစ်တောင်ရဲ့လက်တင်နာမည်) တရားစီရင်ဆုံးဖြတ်ရာ Acropolis မြို့နားရှိ မြင့်မား ပြန့်ပြူးသော ကျောက်တောင်

day of the Lord: when God's kingdom triumphs over His foes and delivers His people. It begins with the second coming and is completed with the final judgment.

Epicureans: သမ္မာတရားကိုမရှာ သာယာမှုကိုရှာသော၊ ဆင်ခြင်တုံတရားကိုမရှာ အတွေ့အကြုံကိုရှာသော အပျော်အပါးကို ရှာဖွေသော အတွေးအခေါ်။

evangelize: proclaim salvation through grace, in Jesus Christ, who died and rose again

eschatology: ခရစ်တော် ဒုတိယအကြိမ်ကြွလာခြင်းနှင့် ပတ်သက်သောအကြောင်းအရာများကို အဓိကထား လေ့လာသောပညာ။

missionary: person sent with a message; one who takes the message of salvation to others

rapture: ခရစ်တော် ဒုတိယအကြိမ်ကြွလာပြီး ယုံကြည်သူများကို ချီဆောင်သိမ်းဆည်းရာ ပထမအဆင့် ဝမ်းမြောက်စွာနဲ့ ဝင်စားရချိန်။

## Introduction

အသင်းတော်ဟာ ဘုရားသခင်ရဲ့နိုင်ငံတော်နဲ့ဆိုင်တဲ့ တစိတ်တပိုင်းမျှသာမဟုတ် ကြာသရေလနိုင်ငံရဲ့တစိတ်တပိုင်းမျှလည်း မဟုတ် တိုးချဲ့ခြင်းလည်း မဟုတ်ပါ။ ဓမ္မဟောင်းကာလမှာ နက်နဲရာဖြစ်ခဲ့တဲ့ အသင်းတော်ဟာ ခရစ်တော်ကို ဣသရေလရှင်ဘုရင်မှာ ငြင်းပယ်ချိန်က စတင်ပြီး နိုင်ငံတော် တည်ထောင်ဖို့ တဖန် ပြန်ကြွလာချိန်အထိ မြေကြီးပေါ်မှာ ဘုရားရဲ့ကိုယ်စား အစုအဝေးဖြစ်တယ်။ ကမ္ဘာကို ဖော်ဂေလိ ဟောခြင်းဟာ အသင်းတော်ကာလ ဝိညာဉ်တော်ကာလရဲ့ အလုပ်ဖြစ်တယ်။ ယုံကြည်သူတွေဟာ သန့်ရှင်းသော ဝိညာဉ်တော်ရဲ့ဗိမ္မာန်တော်မှန်ဖြစ်တယ်။ ယုံကြည်သူတွေရဲ့စိတ်နှလုံးထဲမှာကျိန်းဝပ်ပြီး အလုပ်လုပ်လို့ဖြစ်တယ်။ခရစ်တော်ရဲ့ကိုယ်ခန္ဓာထဲမှာပါဝင်တဲ့အသင်းသားတွေဟာ ဒေသတွင်းက ယုံကြည်သူ အစုအဝေးထဲမှာဆုံတွေ့ပြီး အချင်းချင်း အားပေးကြတယ်။ ကယ်တင်ခြင်းတရားကို ဟောပြောကြတယ်။နှစ်ခြင်းခံခြင်းဟာခရစ်တော် သင်္ဂြိုလ်ခြင်း ရှင်ပြန်ထမြောက်ခြင်းကို လူ့ရှေ့မှာ သက်သေခံခြင်းဖြစ်သလို အသင်းသားဖြစ်ဖို့လည်း နှစ်ခြင်းခံရတာဖြစ် တယ်။ ဒီတရားဟာတမန်တော်တွေ ဟောတဲ့တရား၊ လက်တွေ့ကျင့်သုံးတဲ့ တရားလည်းဖြစ်တယ်။.

## THE LESSON

### I. THE BEGINNING OF THE GENTILE CHURCH AND THE COUNCIL AT JERUSALEM တပါးအမျိုးသားအသင်းတော် အစပြုခြင်းနဲ့ ယေရုရှလင်ကောင်စီ (Acts 13-15)

A. **First missionary journey** ပထမသာသနာပြုခရီးစဉ် **(Acts 13;14).**

ရှုရိပြည် အန္တိအုတ်မြို့မှအသင်းတော်ဟာ ဗာနဗနဲ့ ရှောလုကို အာရှတိုက်ကို စေလွှတ်တယ်။ (Acts 13;14).

1. The commissioning စည်းဝေးစေလွှတ်ခြင်း (Acts 13:1-3). ဗာနဗနဲ့ ရှောလုဟာ အန္တိအုတ်မြို့က ပရောဖက်တွေ ဆရာတွေနဲ့အတူ အမှုတော်ဆောင်ကြတယ်။ သန့်ရှင်းသော ဝိညာဉ်တော်က Asia Minor ကိုလုပ်ဖို့ စီစဉ်တယ်။ တခြားသူတွေက ဆုတောင်းပြီး သူတို့ကို စေလွှတ်တယ်။
2. ဝိညာဉ်တော်က Cyprus ကျွန်းကိုလွှတ်တယ်။ (Acts 13:4-12) ရှောလု (အခုချိန်မှစ၍ ပေါလုလို့ ခေါ်လာတယ်။) ဗာနဗနဲ့ ယောဟန် မာကုတို့ဟာ Paphos မြို့မှာ Sergius Paulus သာရဂိ ပေါလုကို သက်သေခံကြတယ်။ Bar – jesus (Elymas) ဆိုတဲ့ ဂျူးလူမျိုး နတ်ဆရာတယောက်က သာဂိရ ပေါလုကို ဘုရားသခင်ရဲ့နှုတ်ကပတ်တော် နားမထောင်ဖို့ ကြိုးစားတယ်။ ပေါလုက ဖြောင့်မတ်ခြင်းတရားရဲ့ရန်သူအဖြစ် ပြစ်တင်ပြီး ဝိညာဉ်တော်ရဲ့တန်ခိုးနဲ့ ပြစ်တင်တယ်။ သာဂိရပေါလု ယုံကြည်လာတယ်။
3. ရှင်ပေါလုနဲ့ သူ့မိတ်ဆွေများဟာ အာရှတိုက်ရှိ ဂလာတိပြည်ကိုသွားတယ်။ (Acts 13:13-14:5) ယောဟန် မာကုက ဆက်မလိုက်တော့ပဲ ယေရုရှလင်ကိုပြန်တယ်။ Pisidia ပိသဒိပြည် အန္တိအုတ်မြို့မှာ ပေါလုနဲ့ ဗာနဗက ဂျူး လူမျိုးတွေကို ဥပုသ်နေ့ တရားဇရပ်မှာ တွေ့ဆုံတယ်။ ပညတ္တိကျမ်းကို ဖတ်ပြီးတဲ့နောက် ပေါလုက တရားဟောခွင့်တောင်းတယ်။ သူ့တရားက (Acts 13:16-41) ဣသရေသမိုင်းကို ပြောပြီး သခင်ယေရှုဟာ အပြစ်တွေကိုလွှတ်မယ့် ကယ်တင်ရှင်မေရှိယဖြစ်ကြောင်း ရှင်းပြတယ်။ ခရစ်တော်လုပ်ခဲ့တဲ့ အလုပ်ကို မငြင်းပယ်ဖို့ သတိပေးတယ်။ တပါးအမျိုးသားတွေက နောက်တပတ် တရားလာဟောဖို့ တောင်းဆိုပြီး တမြို့လုံးနီးပါး တောင်းဆိုကြတယ်။ ဂျူးလူမျိုးတွေဟာ မနာလိုဖြစ်ပြီး ပေါလုပြောတဲ့အရာတွေကို ဆန့်ကျင်ကြတယ်။ သူ့ကို တပါးအမျိုးသားလေးဆရာအဖြစ်

ခန့်ထားတဲ့ ကယ်တင်ခြင်းဟာ မြေကြီး စွန်းတိုင်အောင် ဟောရမယ်ဆိုတာကို ဆန့်ကျင်ကြတယ်။ တပါးအမျိုးသား တွေက ယုံကြည်လာပြီး ဝမ်းမြောက်ကြတယ်။ ဘုရားဘုန်းတော်ထင်ရှားတယ်။ဒါပေမယ့်မနာလိုတဲ့ဂျူးလူမျိုးတွေက ပေါလုနဲ့ ဗာနဗကို ဆန့်ကျင်ဖို့ လူတွေကိုနှိုးဆော်တယ်။ အဲဒီအခါ ခြေထောက်က ဖုန်ကိုခါချပြီး ထွက်သွား ကာ ဘုရားသခင်၌ဝမ်းမြောက်ကြတယ်။ (Acts 13:42-52) ဣကောနိမြို့ကိုရောက်ပြီး တရားဇရပ် မှာ တရားဟောတ ယ်။ ဂျူးအများအပြား ယုံကြည်ပေမယ့် မယုံကြည်တဲ့ ဂျူးတွေက လူတွေကို နှိုးဆော်ကြပြန်တယ်။ (Acts 14:1-5)

4. Lystra လုတ္တရမြို့ကိုထွက်ပြေးပြီး တရားဟောတယ်။ခြေမစွမ်းသူကယုံကြည်ခြင်းနဲ့ ကောင်းသွား တယ်။ လူတွေဟာ တမန်တော်တွေရဲ့ရှေ့မှာ ပြတ်ဝပ်ပြီး ဘုရားများ (mercury နဲ့ Jupiter) အဖြစ် ကိုးကွယ်ကြတယ်။ ပေါလုနဲ့ ဗာနဗက ငြင်းဆန်ပြီး ဘုရားသခင်တပါးတည်းကိုသာ ကိုးကွယ်ဖို့ပြော တယ်။ ဒေါသထွက်နေတဲ့ အန္တိအုတ်မြို့က ဂျူးလူမျိုး တွေ ဟာ ရောက်လာပြီး နှိုးဆော်ကာ ပေါလုကို ကျောက်ခဲနဲ့ ပစ်ကြတယ်။ သေပြီအထင်နဲ့ မြို့ပြင်မှာပစ်ထားကြတ ယ်။ ဒါပေမယ့် ပေါလုဟာ ထရပ် ပြီး ဒေရဗေမြို့ကို သွားကာ တရားဟောတယ်။ (Acts 14:6-21) လုတ္တရမြို့ ဣကော ကာနိမြို့ အန္တိအုတ် မြို့တွေကို ပြန်လာပြီး တပည့်တော်တွေကို အားပေးနှိုးဆော်တယ်။ အသင်းတော်ဦးဆောင်သူတွေ ကို ခန့်ထားတယ်။ (Acts 14:22-26)

5. ပေါလုနဲ့ ဗာနဗဟာ ရှုရိပြည် အန္တိအုတ်မြို့ကိုရောက်လာပြီး ပေရဂေမြို့အနားမှာ လှည့်လည်ကြ ပြန်တယ်။ သူတို့ကို စေလွှတ်တဲ့အသင်းတော်ကို ခရီးစဉ်အကြောင်းတွေ ပြန်ပြောကြတယ်။ (Acts 14:25-26)

B.The council at Jerusalem ယေရှုရှလင်မြို့ကောင်စီ (Acts 15).

ယုဒပြည်က လူအချို့အန္တိအုတ်မြို့ကိုရောက်လာပြီး ယုံကြည်သူတွေဟာ အရေဖျားလှီးခြင်းခံရမယ်၊ မောရှေတရားကို စောင့်ထိန်းရမယ်လို့ဆိုတယ်။ ပေါလုနဲ့ ဗာနဗက ဒါကိုကြားတဲ့အခါ စိတ် အနှောင့် အယှက် ဖြစ်ပြီး တခြားတမန်တော် တွေနဲ့ ဆွေးနွေးဖို့ ယေရုရှလင်ကို သွားတယ်။ (Acts 15:1-3) ယေရုရှလင်မြို့တမန်တော်တွေရှေ့မှာဘုရားသခင်ဟာ တပါးအမျိုးသားတွေအတွက် ချတော်မူခဲ့တဲ့ အရာတွေနဲ့ ဖာရိရှဲတွေကတပါးအမျိုးသားတွေကို မောရှေရဲ့တရား ကျင့် စောင့်ခိုင်းတာတွေကို ပြောပြ ကြတယ်။ (Acts 15:4-5) တမန်တော်တွေနဲ့ ဦးဆောင်သူတွေက ဒီအကြောင်းကို ဆွေးနွေးကြ တယ်။ ပေတရုက သူ့ကို ဘုရားသခင်ရဲ့ဝိညာဉ်တော်ကို တပါးအမျိုးသားတွေလည်း ခံရတဲ့ အကြောင်း ပြောတယ်။ဂျူးလူမျိုးနဲ့ တပါးအမျိုးသားတွေကြားက တံတိုင်းကိုဖယ်ရှားပစ်လိုက်တယ်။ (Acts 15:6-11) ပေါလုနဲ့ ဗာနဗ ဟာ တပါးအမျိုးသားတွေကြားထဲမှာ လုပ်ဆောင်နေတာတွေကို ပြောပြတယ်။ (Acts 15:12) ယာကုပ်ကတပါးအမျိုး သားတွေအနေနဲ့ စင်ကြည်ခြင်းဆိုင်ရာ ပညတ် တွေကို လိုက်နာဖို့ ရေးသင့်တယ်လို့ဆိုတယ်။ ဝိညာဉ်ရေးအရ (ရုပ်ထု မကိုးကွယ်ရ) အိမ်ထောင်ရေး အရ (မဖောက်ပြန်ရ) အစားအသောက်အရ (ရုပ်ထုမှာ အသွေးနဲ့ ပူဇော်ထားတဲ့အသား ကို မစားရ) (Acts 15:13-29) ပေါလု ဗာနဗ သိလနဲ့ ယုဒတို့ဟာ ဒီစာကို အန္တိအုတ်မြို့ကို ယူသွား ပေးလို့ သူတို့ လက် ခံကြတယ်။ အဲဒီနောက်ပိုင်းမှာ ပေါလုက ဗာနဗကို Asia Minor ရှိ အသင်းတော်တွေဘက်ကို သွား ဖို့မှာတယ်။ ဗာနဗ က ယောဟန်မာကုကို ခေါ်ခြင်တယ်။ ပေါလုက လက်မခံဘူး။ ဒါနဲ့ လမ်းခွဲကြ ပြီး ပေါလုက သိလကို ရွေးတယ်။ (Acts 15:30-41).

## II.GROWTH OF THE CHURCH AND EXPANSION TO MACEDONIA AND GREECE အသင်းတော်တိုးပွါးပြီး မာကေဒေါနိနဲ့ ဂရိပြည်သို့ ပြန့်နှံ့ခြင်း (Acts 16-20)

A.ပေါလု သိလနဲ့ တိမောသေတို့ ဒုတိယသာသနာပြုခရီးစဉ် (Acts 16-18).

1. ဒေရဗေမြို့မှာ တိမောသေပါဝင်လာတယ်။ (Acts 16:1-10). တိမောသေရဲ့အမေနဲ့ အဖွားက ဘုရားတရားကြည် ညို တဲ့ ဂျူးလူမျိုးတွေဖြစ်တယ်။ သူ့အဖေက ဂရိဖြစ်တယ်။သူကနှုတ်ကပတ် တော်ကို ခံယူထားသူဖြစ်တယ်။ ပေါလုက သူ့ကို အရေဖျားလှီးမင်္ဂလာပေးတယ်။ (ဂျူးတွေကြားမှာ အမှုတော်ဆောင် နေရလို့ဖြစ်တယ်။) တိမောသေက အမှု တော်ထဲမှာ ပါဝင်လာတယ်။ ပေါလုက မြောက်ပိုင်း Asia Minor ရှိ ဗိသုန်ပြည်ကို သွားခြင်တယ်။ ဒါပေမယ့် တရော့ မြို့ရောက်တဲ့အခါ ဝိညာဉ်တော်က ရူပါရုံပေးတယ်။ မာကေဒေါနိပြည်က လူတယောက်က "မာကေဒေါနိပြည်သို့ လာ၍ ငါတို့ကို ကူမပါ" လို့ အော်တာကို မြင်ရတယ်။ ဒါနဲ့ အစီအစဉ်ပြောင်းပြီး မာကေဒေါနိပြည်ကို သွားတယ်။
2. ဖိလိပ္ပိပြည်မှာ ပေါလုက လုဒိဆိုတဲ့ သွာဒိရမြို့သူ အဝတ်အထည်ရောင်းတဲ့ကုန်သည်ကို တွေ့တယ်။သူနဲ့ သူ့မိသားစု က နှစ်ခြင်းခံပြီး ပေါလုကို အိမ်မှာ ဧည့်ခံကြတယ်။ ပေါလုက ခရစ်တော် အကြောင်းဟောပြီး နတ်ဆိုးစွဲတဲ့ အမျိုး သမီး ငယ်တယောက်ကို ပျောက်ကင်းစေတယ်။ သူ့သခင် တွေက ငွေဝင်လမ်း မရှိတော့ဘူးဆိုပြီး စိတ်ဆိုးကြတယ်။ တမန်တော်တွေကို စိတ်ဆိုးပြီး ရိုက်နှက် ကာ ထောင်ချကြတယ်။ (Acts 16:11-23) (တမန်တော် ၁၆း ၁၁- ၂၃) ထောင်ထဲမှာ ပေါလုနဲ့ သိလက ဘုရားသခင်ကို အားကိုးပြီး ဆုတောင်းကြ သီချင်းဆိုကြတယ်။ ဘုရားက အံ့သြ ဘွယ်ရာ လွှတ်ပေးပေမယ့် သူတို့ထွက်မပြေးဘူး။ထောင်မှူးကိုသက်သေခံလို့ မိသားစုနဲ့အတူ ကယ်တင်ခြင်း ခံရတ ယ်။ အာဏာပိုင်တွေက ပေါလုနဲ့ သိလဟာ ရောမလူမျိုးတွေ ဖြစ်တယ်ဆိုတာ ကို သိတဲ့အခါ ထွက်သွားဖို့ တောင်း ဆိုတယ်။ တမန်တော်တွေက လုဒိရဲ့အိမ်ကိုပြန်သွားပြီး သန့်ရှင်းသူတို့ကို မစ ကာ သက်သာလောနိတ်မြို့ရှိရာ တော င်ဘက်ကို သွားကြတယ်။ (Acts 16:24-40).
3. သက်သာလောနိတ်မြို့မှာ ပေါလုက တရားဇရပ်မှာ တရားဟောတယ်။ တချို့ယုံကြည်တယ်။ မယုံကြည်တဲ့ ဂျူးတွေ က စိတ်ဆိုး ဒေါသထွက်အောင် မြို့ကို မွှေနှောက်တယ်။ ပေါလုနဲ့ သိလ တည်းနေတဲ့ ရာသုန်ရဲ့အိမ်ကိုဖျက်ဆီးတ ယ်။ တမန်တော်တွေကိုမတွေ့တဲ့အခါ ရာသုန်နဲ့သူ့မိသားစု တွေကို ဖမ်းသွားတယ်။ ယုံကြည်သူတွေက ပေါလုနဲ့ သိလကို ဗေရိမြို့ကို လွှတ်လိုက် တယ်။ (Acts 17:1-10)
4. ဗေရိမြို့တရားဇရပ်မှာ သက်သာလောနိတ်မြို့သားတွေထက် ဗေရိမြို့ယုံကြည်သူတွေ ပိုမြင့်မြတ် တာကို တွေ့ရ တယ်။ ကျမ်းစာကို မှန်မမှန်နေ့တိုင်းဖတ်ကြလို့ဖြစ်တယ်။ ဒေါသထွက်နေတဲ့ဂျူးလူမျိုး တွေ ရောက်လာပြီး လူတွေကို ပေါလုတဘက်မှာ ရှန်းရင်းခတ်အောင် လုပ်ကြတယ်။ ပေါလုနဲ့ တိမောသေက အဲဒီမှာ ခဏနေတယ်။(Acts 17:11-14)
5. ပေါလုက အာသင်မြို့မှာ သိလနဲ့ တိမောသေကိုစောင့်နေတယ်။ မြို့က ရုပ်ထုကိုးကွယ်တဲ့ အတွက် စိတ်လှုပ်ရှား တယ်။ တချို့Epicureans ဖေိကုရုလူတွေက သူ့ကို ဖလော်ဆော်ဖီစကား နားထောင်ဖို့ Areopagus အာရေတောင် ကို ခေါ်သွားကြတယ်။ (Acts 17:15-21) ပေါလုက သူတို့ရဲ့ ယဇ်ပလ္လင်တခုမှာ တွေ့တဲ့စာသား "TO THE UNKNOWN GOD ငါတို့မသိသောဘုရား" ဆိုတာကို မှတ်ချက်ပေးတယ်။ စစ်မှန်တဲ့ဘုရား ကောင်းကင်မြေကြီးကို ဖန်ဆင်းတဲ့ဘုရား သေသူကို ရှင်ပြန် ထမြောက်စေတဲ့ ဘုရားအကြောင်းပြောတယ်။ (Acts 17:22-31) သေခြင်းမှ ရှင်ပြန်ထမြောက် စေ တယ် ဆိုတာကို လူတချို့က လှောင်ပြောင် ကဲ့ရဲ့ကြတယ်။ တချို့ကတော့ ထပ်ကြားချင်သေး တယ်။ ပေါလုထွက်သွားပြီး တချို့လိုက်လာယုံကြည်ကြတယ်။ (Acts 17:32-34)
6. အာသင်မြို့မှ ပေါလုဟာ ကောရိန္တုသို့သွားတယ်။ အဲဒီမှာ အာကုလနဲ့ ပြစ်ကိလကိုတွေ့တယ်။ သူတို့က ရောမမြို့က ထွက်ပြေးလာတဲ့ ဂျူးတွေဖြစ်တယ်။ ပေါလုလိုပဲ တဲရှင်ချုပ်တဲ့သူတွေ ဖြစ် တယ်။ အတူနေကြတယ်။ (Acts 18:1-3) ဥပုသ်နေ့တိုင်း တရားဇရပ်ကိုသွားတယ်။ ဂျူးတွေနဲ့ ဂရိတွေ စဉ်းစားလာတယ်။ သိလနဲ့ တိမောသေလည်း ရောက် လာ တယ်။ ပေါလုက ဂျူးတွေ့ရှေ့မှာ သခင်ယေရှုခရစ်ဟာ ခရစ်တော်ဖြစ်ကြောင်း ပြောပြတယ်။ သူတို့ဆန့်ကျင်လို့ ပေါလု တရားဇရပ်မှ ထွက်လာပြီး Justus ယုတ္တုဆိုတဲ့ ယုံကြည်သူတယောက်အိမ်မှာနေတယ်။ကောရိန္တုလူအများ

ယုံကြည်ပြီး နှစ်ခြင်းခံကြတယ်။ အဲဒီအထဲမှာ Crispus ကရိပ္ပုဆိုတဲ့ တရားဇရပ်မှူး နဲ့ သူ့အိမ်သား တွေလည်း ပါတယ်။ ပေါလုက တနှစ်ခွဲလောက်ကြာတရားဟောပြီးသွန်သင်တယ်။ (Acts 18:1-11) ဂျူးလူမျိုးတွေက ပေါလုကို Achaia အခါယပြည် ရဲ့ Gallio ရှေ့မှာ ပြစ်တင် စွပ်စွဲကြတယ်။ ဂျူး လူမျိုးတွေနဲ့ဆိုင်တဲ့ အမှု ဖြစ်တဲ့အတွက် သိပ်စိတ်မဝင်စားဘူး။ Sosthenes သူသင်ဆိုတဲ့ တရား ဇရပ်မှူး အရိုက်ခံရတယ်။ (Acts 18:12-17)

7. ပေါလုဟာ ဖေက်မြို့နဲ့ ကဲသရိလမ်းကနေ အန္တိအုတ်မြို့ကို ပြန်လာတယ်။ အာကုလနဲ့ ပြစ်ကိလ တို့လည်း ပါတယ်။ ယေရုရှလင်မြို့ကိုသွားဖို့ ဆုံးဖြတ်ထားတဲ့အတွက် လူတွေကို နှုတ်ဆက်စကား ပြောဆိုတယ်။ (Acts 18:18-22)

B.ရှင်ပေါလုရဲ့တတိယ သာသနာပြုခရီးစဉ် (Acts 18:23-20:38).

တတိယခရီးစဉ်ဟာ Asia Minor မှတဆင့် ဂလာတိပြည် ဖြုဂိပြည်က ယုံကြည်သူတွေကို အားပေး တဲ့ ခရီးစဉ်ဖြစ်တယ်။ အာလေဇန္ဒြိမြို့က ယုံကြည်သူတယောက်ဖြစ်တဲ့ အာပေါလုဟာ ဖေက်မြို့ကို ရောက်လာပြီး ကျမ်းစာလေ့လာတယ်။ နောက် ကျမ်းစာသင်တဲ့ ဆရာဖြစ်လာတယ်။ အာကုလနဲ့ ပြစ်ကိလတို့က ကျမ်းစာသင်ပေးပြီး အာခါပြည်တလျှောက်လုံးမှာ သခင်ယေရှုဟာ ခရစ်တော်ဖြစ် တယ် ဆိုတာကို ကျမ်းစာပြ သွန်သင်လာတယ်။ (Acts 18:23-28) အာပေါလု ကောရိန္တုမြို့မှာရှိစဉ် ဖေက်ကိုရောက်လာတယ်။ လူတဒါဇင်ခန့်ကို တွေ့တယ်။ ယောဟန်ရဲ့နောင်တနဲ့ဆိုင်တဲ့ နှစ်ခြင်းကို ခံထားသူတွေ ဖြစ်တယ်။ ဒါပေမယ့် သန့်ရှင်းသောဝိညာဉ်တော်ကို မသိသေးဘူး။ဒါနဲ့ ခရစ်တော် အကြောင်း သင်ပေးတယ်။ ယုံကြည်ပြီး သခင်ယေရှုနာမ၌နှစ်ခြင်းခံတယ်။ပေါလုကသူတို့အပေါ် မှာ လက်တင်တဲ့အခါသန့်ရှင်း သော ဝိညာဉ်တော်ကို ခံရကြတယ်။ (Acts 19:1-7) ပေါလုက တရား ဇရပ်မှာ သုံးလကြာအောင်ဟောပြောသွန်သင် တယ်။မယုံကြည်သူတွေကလည်းပေါလုကို မကောင်း ပြောကြတယ်။ ဒါနဲ့ Tyrannus တုရန္နုရဲ့ကျောင်းမှာ ရွှေ့ပြီး နှစ်နှစ် ကြာအောင် သင်ယူ ကြတယ်။ ဘုရားသခင် ကျေးဇူးပြုတာကြောင့် နိမိတ်လက္ခဏာတွေ များစွာပြုတယ်။ ဂျူးလူမျိုး တချို့( sons of Sceva, chief of the priests)ယဇ်ပရောဟိတ်အကြီး သကေဝရဲ့သားတွေက သခင်ယေရှုနာမ ၌ နတ်ဆိုးထုတ်ဖို့ ကြိုးစားတယ်။ နတ်ဆိုးတွေက "သခင်ယေရှုကို ငါသိတယ်။ ပေါလုကို ငါသိ တယ်။ မင်းတို့ကဘယ်သူ တွေလဲ" သူတို့အပေါ်မှာခုန်အုပ်တဲ့အတွက်ထွက်ပြေးကြတယ်။(Acts 19:8-16)ဖေက်မြို့မှာရှိတဲ့ဂျူးတွေက ဒီအကြောင်း ကိုကြားတဲ့အခါ လူအများအပြား ယုံကြည် တယ်။ သူတို့ အပြစ်တွေကို ဝန်ခံပြီး သူတို့ရဲ့နတ်စာအုပ်တွေကို မီးရှို့ဖျက် ဆီးကြတယ်။ (Acts 19:17-20) ယေရှုရှလင်ကို သွားတဲ့ခရီးစဉ်မှာ မာကေဒေနိပြည်နဲ့ အခါယပြည်ကိုဖြတ်ရတယ်။ တိမောသေနဲ့ Erastus ဧရတ္တု ( ကောရိန္တုမြို့မှ ယုံကြည်သူ) ဟာ ဖေက်မြို့မှာနေတယ်။ ပန်းထိမ် သမားဒေမေတရိဟာ အာတေမိ နတ်သမီးကို ကိုးကွယ်တဲ့သူတွေကို နှိုးဆော်တယ်။ မကိုးကွယ် ရင် သူ့စီးပွါးပျက်မှာစိုးလို့ ဖြစ်တယ်။ လူအုပ် ကြီးဟာစိတ်လှုပ်ရှားရှုပ်ထွေးစွာနဲ့ ပေါလုကိုဖမ်းပြီးကပွဲရုံမှာဖမ်းထားတယ်။အာလေဇန္ဒြုဆိုတဲ့ ယုံကြည်သူ တယောက် က ခုခံ ကာကွယ်ဖို့ ကြိုးစား တယ်။ ဒါပေမယ့် လူအုပ်ကြီးက သူလည်း ဂျူးလူမျိုးမှန်း သိတဲ့အခါ နှစ်နာရီကြာအောင် သူတို့ရဲ့အာတေမိနတ်သမီးဟာ ကြီးမြတ်တယ်လို့ အော်နေကြတယ်။ မြို့ရဲ့အုပ်ချုပ်ရေးစာရေးက တရား ဥပဒေနဲ့အညီ လုပ်ဖို့ လူတွေကိုပြောတယ်။ ဒေမေတရိနဲ့ တခြား ပန်းထိမ်သမားတွေဟာ အမှုရှိရင် တရားဥပဒေအတိုင်း စွဲဆိုသင့် တယ် လို့ဆိုတယ်။ ဒါနဲ့ လူစု လူဝေးကို ဖျက်သိမ်းပစ်တယ်။ (Acts 19:21-41) ပေါလုက ယုံကြည်သူတွေနဲ့ တွေ့ပြီးမှ မာကေ ဒေါနိပြည်ကို သွားတယ်။ နောက်တော့ ဂရိပြည်ကို ရောက်ပြီး သုံးလနေတယ်။ ဂျူးလူမျိုးတွေ သူ့ကိုသတ်ဖို့ စောင့်နေတာကြောင့် ရှုရိ ပြည်ကို ရွက်လွှင့်မသွားတော့ပဲ မာကေဒေါနိပြည်ကို ပြန်တယ်။ တေရဇမြို့ယုံကြည်သူ တွေက သူ့ကို ဝိုင်းရံကြတယ်။(Acts 20:1-5)

တရောမြို့မှာ ညသန်းခေါင်ချိန်တိုင်အောင် တရားဟောတယ်။ ဥတုခုဆိုတဲ့ လူငယ်တယောက်က အိပ်ပျော်ကျူးလွန်ပြီး ပြတင်းပေါက်ကကျပြီး သေဆုံးတယ်။ ပေါလုက အသက်ပြန်ရှင်စေတယ်။ (Acts 20:6-12) မိုးလင်းချိန်ထိတိုင်အောင် စကားပြောဆိုကြတယ်။ အဲဒီနောက် လုကာနဲ့ လူတချို့တို့ဟာ သင်္ဘောရှိရာကို သွားပြီး Assos အာသုတ်မြို့မှာ တွေ့ဆုံကြတယ်။ ပေါလုကအဲဒီကို ခြေကျင် သွားခဲ့တယ်။ အသသုကျွန်းကို ရွက်လွှင့်ပြီးပေါလုက ဖေက်မြို့မှာ မရပ်ခြင်တဲ့ အတွက် မိတုလင်ကျွန်း ကို ရွက်လွှင့်ကြတယ်။အာရှိပြည်ကို ချက်ချင်းသွားပြီး ယေရုရှလင်မြို့မှာ ပင်တေ ကုတေပွဲ ပါဝင်ချင်တယ်။ ဖေက်မြို့က ဦးဆောင်သူတွေ မိလက်မြို့ကို ရောက်လာတယ်။ သူ့ကို ဝိညာဉ်တော်က ချည် နှောင်ပြီး ယေရုရှလင်ကို သွားစေတယ်လို့ ပြောပြတယ်။ အန္တရာယ်ကို သိပေမယ့် မကြောက်ရွံ့ဘူး။ သူ့အသက်ကို ပမာမထားပဲ လုပ်ဆောင်ရမှာကိုပြီးစီးအောင် လုပ်ဆောင်ချင်တယ်။ ဧဝံဂေလိ တရား ကို ဆက်လက် သက်သေခံရဦးမယ်။ သစ္စာရှိစွာနဲ့ ဆက်လက် ဟောပြောပြီး ယုံကြည်သူတွေကို ခွန်အားပေး နှိုးဆော်တယ်။ အသင်းတော်ကို လုပ်ကျွေးပြုစုတယ်။ သူထွက်သွားပြီးနောက်ပိုင်းမှာ သိုးရေခြုံတဲ့ ဝံပုလွေတွေ ဝင်လာမယ်လို့လည်း ဆိုတယ်။ သတိထားပြီး စောင့်နေဖို့ သွန်သင်ထား သမျှကို မမေ့လျော့ဖို့ မှာတယ်။ သူတို့ကို ဘုရားသခင်ထံ ဆက်ကပ်ပြီး သူတို့အသက်တာကို တည် ဆောက်ခဲ့တယ်။ ဒူးထောက် ဆုတောင်းကြပြီး ငိုကြတယ်။ ဦးဆောင်သူတွေဟာ ပေါလုကို နောက်တဖန် မတွေ့ရတော့ ဘူးဆိုတဲ့ အတွေးနဲ့ ဝမ်းနည်းနေကြ တယ်။(Acts 20:13-38)

III.**LETTERS TO THE BELIEVERS AND CHURCHES – THE EPISTLES** ယုံကြည် သူနှင့် အသင်းတော်များသို့ ရေးသောစာများ ဩဝါဒစာများ **(James, Galatians, 1 and 2 Thessalonians, 1 and 2 Corinthians, Romans) (Know theme, recipients and reason of each book for the exam)**

A.The book of James – Faith evidenced by works. ယာကုပ်ဩဝါဒစာ - အကျင့်အားဖြင့် ယုံကြည်ခြင်းကို သက်သေပြခြင်း

1. The writer: ရေးသူ။

ဓမ္မသစ်ကျမ်းမှ ရေးသူအမည်များစွာရှိပါတယ်။ ဒီကျမ်းကိုရေးသူဟာ သခင်ဘုရားရဲ့ညီတော် ယာကုပ် ဖြစ်မယ်လို့ ကျမ်းစာပညာရှင်အများက ယုံကြည်ကြတယ်။ (Matthew 13:55; Mark 6:3; Galatians 1:19), ယေရုရှလင်မြို့အသင်းတော်မှာရှိတဲ့တိုင်(Acts 12:17; 15:13-21; 21:18; Galatians 2:9,12). ရှင်ယာကုပ်ဩဝါဒစာကို General or Universal Epistles. အများသော ဩဝါဒစာတွေထဲမှာ ထည့်ထားတယ်။.

2. Date and place: နေရာအချိန်

ဩဝါဒစာများထဲမှာ အဦးဆုံးကျမ်းဖြစ်ပြီး AD 45 နဲ့ 50 အတွင်းမှာ ရေးပုံရတယ်။ တပါးအမျိုးသား အသင်းတော် မပြ နဲ့ပွဲးခင်မှာယာကုပ်ရေးခဲ့ပုံရတယ်။ရပ်ထုကိုးကွယ်ခြင်း၊ကျွန်စနစ် တပါးအမျိုးသား များ (သို့) တပါးအမျိုးသားနဲ့ ယုံကြည်သူ ဂျူးလူမျိုးများကြားက ဆက်ဆံရေး ခရစ်ဝင်ကျမ်း ၄ကျမ်း (ရေးသားပုံ မရသေး) (သို့) တမန်တော် 15 မှာပါတဲ့ ယေရုရှလင် ကောင်စီအကြောင်းတွေ မပါ ဝင်ဘူး။ အသင်းတော်အကြောင်းထက် တရားဇရပ်အကြောင်းကို ပိုပြောတယ်။

3. Recipients: ကျမ်းစာဖတ်မည့်သူများ၊

ပါလက်စတိုင်း အရပ်ရပ်သို့ ကွဲပြားနေသော ဂျူးလူမျိုး ခရစ်ယာန်များအတွက်

4. Reason: ရေးရခြင်းအကြောင်းရင်း

ယုံကြည်သူတယောက်အတွက် အဓိကစစ်ဆေးခြင်းနဲ့ စုံစမ်းခြင်းကို မှန်ကန်စွာ တုံ့ပြန်ခြင်းကတော့ အရာရာဟာ ဘုရားသခင်ထံမှ လာတဲ့အတွက် ဝမ်းမြောက်နေဖို့ ဖြစ်တယ်။ ခရစ်ယာန် နေ့စဉ် အသက်တာမှာ ကျင့်သုံးရမယ့် ကျမ်းဖြစ်တယ်။ ဓမ္မသစ်ကျမ်းရဲ့သုတ္တံကျမ်းလို့ ဆိုနိုင်တယ်။

5. Theme: အဓိကအချက်

စစ်မှန်တဲ့ယုံကြည်ခြင်းဟာ သက်သေရှိတယ်။ စုံစမ်းခြင်းတွေကို ယုံကြည်ခြင်းကြောင့် တည်ကြည်စေ တယ်။ အပြစ်သွေးဆောင်ခြင်းကိုနားလည်တယ်။ မျက်နှာမလိုက်ဘူး။နာခံမှုရှိတယ်။ ဘုရားသခင်ရဲ့ ဂတိတော်ကို တုံ့ပြန်တတ်တယ်။ နှုတ်လျှာကို ထိန်းတယ်။ ပညာနဲ့ ပြုမူတယ်။ ကောင်းကင်ပညာကို ရှာတယ်။ လောကီပညာကို မရှာဘူး။ လောကထဲမှ ခွဲထွက်လာပြီး ဘုရားစကားကို နာခံလာတယ်။ သခင်ဘုရား ကြွလာမှာကို စောင့်မျှော်နေတယ်။ ဒုက္ခ အခက်အခဲတွေကြားထဲမှာ မညည်းညူဘူး။ ရှင်ယာကုပ်ရဲ့ကျမ်းထဲမှာ systematic theology ဓမ္မပညာအကြောင်း နည်းနည်းပဲပါတယ်။

6. Outline of James:

a. James 1:1-18 – Test of faith ယုံကြည်ခြင်းကို စစ်ဆေးခြင်း

b. James 1:19-5:6 – Characteristics of faith ယုံကြည်ခြင်းရဲ့သဘောသဘာဝ

c. James 5:7-20 – Triumph of faith ယုံကြည်ခြင်းရဲ့အောင်မြင်ခြင်း

7. Key verses and phrases: အဓိကကျမ်းချက်များနဲ့ စကားစုများ

"ကိုယ်ကိုကိုယ် လှည့်ဖြား၍ နှုတ်ကပတ်တရားကို နာရုံမျှသာ ပြုသောသူမဟုတ်၊ တရားကို ကျင့်သောသူ ဖြစ်ကြလော့။" (James 1:22; 2:14-20). "အကျင့်နှင့် ကင်းသော ယုံကြည် ခြင်းသည် အသေဖြစ်သည်။"

B. The book of Galatians – Justification is by faith, apart from the law. ဂလာတိသြဝါဒစာ - ပညတ်တရားမပါပဲ ယုံကြည်ခြင်းအားဖြင့် ဖြောင့်မတ်ခြင်း

1. Writer: ရှင်ပေါလု

2. Date and place: နေရာအချိန်

AD 46 မှာ ဖေက်မြို့နဲ့ မာကေဒေါနိပြည်မှာ ရေးပုံရတယ်။ (သို့) ရှုရိပြည် အန္တိအုတ်မြို့လည်း ဖြစ်နိုင်တယ်။) ရှင်ပေါလုရဲ့ ပထမ သာသနာပြုခရီးစဉ်အတွင်း ယေရုရှလင်မြို့ကောင်စီနဲ့ မတွေ့ခင်အချိန်ဖြစ်တယ်။ (တမန်တော် ၁၅) တတိယ သာသနာပြုခရီးစဉ်အတွင်း ရေးတာဖြစ်နိုင်တယ်။

3. Recipients: ကျမ်းစာဖတ်မည့်သူများ

ရှင်ပေါလုနဲ့ ဗာနဗ ပထမခရီးစဉ်အတွင်း ဖြစ်ပေါ်လာခဲ့တဲ့ ဂလာတိအသင်းတော်များ ဂလာတိ လူများဟာ Asia Minor အလယ်ပိုင်းရှိ Celtic လူမျိုးများဖြစ်တယ်။

4. Reason: ရေးရခြင်းအကြောင်းရင်း

ဂလာတိပြည် အသင်းတော်များဟာ မှားယွင်းတဲ့ ယုဒဆရာတွေရဲ့သွန်သင်ချက်ကြောင့် လမ်းလွဲ တာကိုကြားတဲ့အတွက် တုံ့ပြန်ရေးသားတာဖြစ်တယ်။သခင်ယေရှုကိုကယ်တင်ရှင်အဖြစ် ဝန်ခံပေမယ့် ပညတ်တရား စောင့်ဖို့လိုတယ်လို့ ဆိုနေ တယ်။ legalists ဆိုတဲ့ ပညတ်တရားများက ဂလာတိ လူတွေကို ပညတ်တရားအောက် ကျွန်ခံစေဖို့ ဆွဲချနေတယ်။ ဒီကျမ်းစာဟာ အကျင့်အားဖြင့် ဆိုတဲ့ gospel of works ကို တုံ့ပြန် တိုက်ခိုက်တဲ့ ယုံကြည်ခြင်းတရား gospel of faith အကြောင်း ဖြစ်တယ်။.

5. Theme: အဓိကအချက်

ပညတ်တရားရဲ့အကျင့်အားဖြင့်မဟုတ်ပဲ ယုံကြည်ခြင်းအားဖြင့် ဖြောင့်မတ်တယ်။ လွတ်ခြင်းအခွင့် ဟာ လိုင်စင်မဟုတ်ဘူး။ ဂလာတိကျမ်းကို  the Charter of Christian liberty. ခရစ်ယာန် လွတ်ခြင်းအခွင့် ကြေညာစာတမ်း လို့လည်း ခေါ်တယ်။.

6. Outline of Galatians:

a. chapters 1,2 – တမန်တော်ဖြစ်ကြောင်း ရှင်ပေါလုရဲ့တုံ့ပြန်ချက် - ကျေးဇူးတော် ဧဝံဂေလိကို ကာကွယ်တယ်။

b. chapters 3,4 – ပညတ်တရားအားဖြင့် မဟုတ်ပဲ ယုံကြည်ခြင်းတရားအားဖြင့် ဖြောင့်မတ် ကြောင်း ဓမ္မပညာအရ ခုခံတယ်။ ကျေးဇူးတော် ဧဝံဂေလိကို ရှင်းပြတယ်။

c. chapters 5,6 – ပညတ်တရားအောက်မှ လွတ်ခြင်းအခွင့်ရတာဟာ ပရမ်းပတာ (သို့) လုပ်ချင်ရာ လုပ်ဖို့ လိုင်စင် မဟုတ်လူး။ ကျေးဇူးတရားကို အသုံးချတာဖြစ်တယ်။

7. Key verses and phrases: အဓိကကျမ်းချက်များနဲ့ စကားစုများ

*a.* "ငါသည် ခရစ်တော်နှင့်အတူ လက်ဝါးကပ်တိုင်မှာ အသေခံပြီ။ သို့သော်လည်း အသက်ရှင် သေး၏။ ထိုသို့ဆိုသော် ငါသည် ကိုယ်တိုင်မရှင်။ ခရစ်တော်သည် ငါ၌ အတူရှင်တော်မူ၏။ ကိုယ် ခန္ဓာ၌ ယခု ငါရှင်သော အသက်သည် ဘုရား သခင်၏ သားတော်ကို ယုံကြည်ခြင်းအားဖြင့် တည် ၏။ သားတော်သည် ငါ့ကိုချစ်၍ ငါ့အဘို့ ကိုယ်ကိုကိုယ် စွန့်တော် မူ၏။ ဘုရားသခင်၏ ကျေးဇူးတော် ကို ငါမပယ်။ပညတ်တရားကို အမှီပြု၍ ဖြောင့်မတ်ရာသို့ရောက်နိုင်လျှင် ခရစ်တော် သည်အချည်းနှီး အသေခံတော်မူပြီ။" (Galatians 2:20-2l)

*b.* "ထိုကြောင့် ခရစ်တော်သည် ငါတို့ကို လွှတ်တော်မူသော လွတ်ခြင်းအခွင့်၌ တည်နေသဖြင့်၊ ကျွန်ခံရာ ထမ်းဘိုးကို ထမ်း၍ ချည်နှောင်ခြင်းကို တဖန်မခံကြနှင့်။"  (Galatians 5:1)

C. 1 and 2 Thessalonians. သက်သာလောနိတ်

1. 1 Thessalonians – Salvation and sanctification in anticipation of the second coming of Christ.

a. Writer: ရေးသူ    ရှင်ပေါလု

b. Date and place: နေရာအချိန်

ကောရိန္တုမြို့မှ AD 51 ခန့်ကရေးတယ်။.

c. Recipients: ကျမ်းစာဖတ်မည့်သူများ၊

ရှင်ပေါလု ဒုတိယခရီးစဉ်မှာ တည်ထောင်ခဲ့သော သက်သောလောနိတ်မြို့အသင်းတော်(Acts 17)ရောမမြို့မှ အရှေ့ဘက် သို့ သွားတဲ့လမ်းမကြီးပေါ်မှာ တည်နေတဲ့ သက်သာလောနိတ်မြို့ဟာ အရေး ကြီးတဲ့ ပင်လယ်ဆိပ်ကမ်းမြို့နဲ့ မာကေ ဒေါနီပြည် ရောမမြို့ရဲ့အုပ်ချုပ်မှုမြို့ဖြစ်တယ်။ ဂျူးလူမျိုး အများအပြားနေထိုင်တယ်။ ဂျူးလူမျိုးအများအပြားကတော့ သူတို့ရဲ့ဂရိနတ်ဘုရားတွေကို သိပ် စိတ်မဝင်စားပဲ သမ္မာတရားရဲ့ဉ္စန်ကြားမှုကို တိမ်းညွတ်နေသူတွေဖြစ်တယ်။ ဘုရား ကို ကြောက် ရွံ့ရိုသေတဲ့ သူတို့တွေဟာ ရှင်ပေါလုရဲ့ခရစ်တော်အကြောင်းဟောပြောခြင်းကို ကြားရတဲ့ အခါ ဝမ်းသာကြ တယ်။ မနာလိုတဲ့ဂျူးတွေက အနှောင့်အယှက်ပေးတဲ့အတွက် ရှင်ပေါလု ထွက်သွားရ တယ်။ သီလနဲ့ တိမောသေ ခဏ တာဆက်နေတယ်။ တိမောသေက ရှင်ပေါလုကို သတင်းပေးတဲ့ အချက်ဟာ ဒီကျမ်းစာတွေထဲမှာပါ တယ်။

d. Reason: ရေးရခြင်းအကြောင်းရင်း

ယုံကြည်ခြင်းတရားမှာ တိုးပွါးတဲ့ သက်သာလောနိတ်မြို့သားတွေရဲ့ချစ်ခြင်းနဲ့ မဟုတ်မမှန်တဲ့သူတွေ ရဲ့ တဘက်မှာရှိတဲ့ သူတို့ရဲ့ရုပ်တည်ချက်ကို ကျေးဇူးတင်စကားပြောရင်း သူတို့ရဲ့အသက်တာ ဖြောင့်မတ်စွာ အသက်ရှင်ဖို့ အားပေးတယ်။ ထမြောက်ခြင်းအတွက်လည်း မျှော်လင့်ခြင်းပေးဖို့ ရေးတယ်။

e. Theme: အဓိကအချက်

ခရစ်တော်ဟာ ကယ်တင်ခြင်း သန့်ရှင်းခြင်းအတွက် ယုံကြည်သူရဲ့မျှော်လင့်ရာဖြစ်တယ်။ ယခုရော ဒုတိယအကြိမ်ကြွလာခြင်းအတွက်လည်း ဖြစ်တယ်။ ကယ်တင်ဖို့ ပြန်ကြွလာမယ်။ deliver (1:10; 5:4-11), ဆုပေးမယ် recompense (2:19), စုံလင်စေမယ် perfect (3:13), ထမြောက်စေမယ်။ resurrect (4:13-18) သန့်ရှင်းစေမယ်။ sanctify (5:23)

f. Outline of 1 Thessalonians:

1. ပေါလုနဲ့ သက်သာလောနိတ်အသင်းတော် အခန်းကြီး ၁- ၃ - နှုတ်ဆက်စကား ချီးကျူးခြင်း စိုးရိမ်ခြင်း
2. ခရစ်တော် ကြွလာမယ့်အဓာကာင်းနဲ့ပတ်သက်တဲ့သွန်သင်မှု အခန်းကြီး ၄- ၅ - အသင်းတော်ကို ချီဆောင်သိမ်းသွင်းခြင်း rapture သခင်ဘုရားရဲ့နေ့

g. Key verses and phrases: အဓိကကျမ်းချက်များနဲ့ စကားစုများ

1.) Sanctification: သန့်ရှင်းစေခြင်း "ထိုသခင်သည် မိမိသန့်ရှင်းသူအပေါင်းတို့နှင့် အတူ ကြွလာတော်မူသော အခါ . . . ဘုရားသခင်ရှေ့မှာ အပြစ်တင်ခွင့်နှင့် ကင်းလွတ်သော သင်တို့၏စိတ်နှလုံးကို ကိုယ်တော်သည် သန့်ရှင်းခြင်းပါရမီ၌ မြဲမြံခိုင်ခံ့စိမ့်သောငှါ. . ." (1 Thessalonians 3:12,13).

2.) Second coming: ဒုတိယအကြိမ်ကြွလာခြင်း "သခင်ဘုရားသည် ကြွေးကြော်ခြင်း ကောင်းကင်တမန်မင်းအသံ ပေးခြင်း၊ ဘုရားသခင်၏ တံပိုးတော်ကို မှုတ်ခြင်းနှင့်တကွ၊ ကောင်းကင်ဘုံမှ ကိုယ်တိုင်ဆင်းသက်တော်မူ၍ ခရစ်တော် ၌ သေလွန်သောသူတို့သည် အဦးထမြောက်ကြလိမ့်မည်။ ထိုအခါ အသက်ရှင်၍ ကျန်ကြွင်းသောငါတို့သည်လည်း အာကာသကောင်းကင်၌ သခင်ဘုရားထံ တော်သို့ ရောက်စေခြင်းငှါ၊ ထိုသူတို့နှင့်တကွ မိုးတိမ်ပေါ်သို့ ချီဆောင်ခြင်းကို ခံရသောအားဖြင့် သခင်ဘုရားနှင့်အတူ အစဉ်မပြတ်နေရကြလိမ့်မည်။ သို့ဖြစ်၍၊ ဤစကားများအားဖြင့် အချင်းချင်း တယောက်ကိုတယောက် သက်သာစေကြလော့။" (1 Thessalonians 4:16-18).

2.2 Thessalonians – ဒုတိယအကြိမ် ကြွလာခြင်းအကြောင်း နှစ်သိမ့်ပေးခြင်း ရှင်းပြခြင်း

a. Writer, date, place, recipients: ရေးသူ၊ နေရာအချိန်၊ ဖတ်မည့်သူများ (see I Thessalonians)

b. Reason: အကြောင်းရင်း

သက်သာလောနိတ်ပဌမစောင်ကို ရေးပြီး လအနည်းငယ်အကြာမှာ ညှင်းဆဲခံရခြင်း နားလည်လွဲခြင်း များအကြောင်း သတင်းစကားကို ကြားရတယ်။ သခင်ဘုရားရဲ့အကြောင်း နားလည်လွဲ ယူသွား ရခြင်းအကြောင်းရင်းဟာ ယုံကြည်သူ အချို့ကို အလုပ်မလုပ်စေကြတော့ပဲ သခင်ဘုရားကြွလာခြင်း ကို ပျင်းရိစွာ ထိုင်စောင့်နေစေတယ်။ မှားယွင်းတဲ့သွန် သင်ချက်တွေကို ထောက်ပြပြီး ကောင်းတဲ့ အရာတွေ လုပ်ဆောင်ဖို့ နှိုးဆော်တယ်။ သခင်ဘုရားကြွလာခြင်းအကြော င်း လက်တွေ့လုပ်ရမှာ တွေ ရှိတယ်။

c. Theme:

လွဲမှားတဲ့သွန်သင်မှုတွေ ညှင်းဆဲခြင်းတွေနဲ့ ပတ်သက်ပြီး နှစ်သိမ့်ခြင်း အမှန်သင်ပြခြင်း

d. Outline of 2 Thessalonians:

1.) Thanksgiving and encouragement ကျေးဇူးတော်ချီးမွမ်းခြင်းနဲ့ ခွန်အားပေးခြင်း (1:1-12)

a.) ယုံကြည်ခြင်းနဲ့ ချစ်ခြင်းမေတ္တာမှာ ကြီးထွားလာတဲ့အတွက် ကျေးဇူးတော်ချီးမွမ်းခြင်း (1:1-4)

b.) ညှင်းဆဲခြင်းကြားထဲမှာ စစ်မှန်စွာ ရပ်တည်တဲ့အတွက် အားပေးခြင်း (1:5-10)

c.) ဘုရားသခင်ထံမှ ကောင်းကြီးရဖို့ ဆုတောင်းပေးခြင်း (1:11-12)

2.) သခင်ဘုရားရဲ့နေ့အကြောင်း အမှန်ကို သင်ပြပေးခြင်း (2:1-17)

a.) ဒုစရိုက်အပြစ် လမ်းလွဲခြင်းဟာ အရင်လာမယ်။ (2:1-12)

- ဒုစရိုက်လူ ထင်ရှားလာမယ်။ (2:1-3)
- ဆီးတားသူကို ဖယ်ရှားမယ်။ (2:4-5)
- အဓမ္မလူ ထင်ရှားလာမယ်။ (2:8-12)

b.) ခရစ်တော်အတွက် ယုံကြည်သူ၌ နှစ်သိမ့်မှု (2:13-17)

3.) အသင်းတော်အတွက် နှိုးဆော်ခြင်း (3:1-16)

a.) သည်းခံစွာစောင့်ဆိုင်းပါ။ သခင်ဘုရား သစ္စာရှိတယ်။ (3:1-5)

b.) ကမောက်ကမတွေနဲ့ လွတ်ကင်းအောင်နေပါ။ (3:6-15)

c.) ဘုရားသခင်ထံမှ ကျေးဇူးနဲ့ ငြိမ်သက်ခြင်းရဖို့ ကောင်းကြီးပေးခြင်း (3:16-18)

e. Key verses and phrases: အဓိကကျမ်းချက်များနဲ့ စကားစုများ

2 Thessalonians 2:2-3; 3:5-6

D. 1 and 2 Corinthians – အသင်းတော်အတွက် ညွှန်ကြားချက်များ

1. 1 Corinthians – Correction of church problems အသင်းတော် ပြဿနာများကို စစ်ဆေးခြင်း

a. Writer: ရေးသူ

ကောရိန္တုမှ အာသင်မြို့သို့ ရှင်ပေါလုရောက်လာပြီး ခရစ်တော်အကြောင်း သွန်သင်တယ်။ သူ့နောက် မှာ ဖေက်မြို့မှလာ တဲ့ အာပေါလုရောက်လာတယ်။ (Acts 18:1,24-28; 19:1).

b. Date and place: နေရာအချိန်

AD 56 ခန့်မှာ ဖေက်မြို့မှ ရှင်ပေါလုရေးတယ်။

c. Recipients: ဖတ်မည့်သူများ၊

တောင်ပိုင်းဂရိပြည်ရဲ့စီးပွါးရေး အချက်အချာကျတဲ့မြို့ဖြစ်တဲ့ကောရိန္တုမှာ ရှိတဲ့အသင်းတော်ဟာ ကိုယ်ကျင်တရား ပျက်စီး ခြင်း ရုပ်ထုကိုးကွယ်ခြင်း ဖြစ်လာတယ်။ ကောရိန္တုဟာ မတရားမှုတွေ ရုပ်ထုကိုးကွယ်မှုတွေ ကာမဂုဏ် ညစ်ညူးမှုတွေနဲ့ ပြည့်လာတယ်။ ရှင်ပေါလုက ဒီအသင်းတော်ကို ဒုတိယ ခရီးစဉ်အတွင်း တည်ထောင်ခဲ့တာဖြစ်တယ်။ (Acts 18:1-17) အသင်းတော်ဟာ ပြဿနာ ပေါင်းစုံ ကူးစက်ခံစားရတယ်။ ကိုယ်ကျင့်တရား အတွေးအခေါ်၊ ခံယူချက်၊ လက်တွေ့ကျင့်သုံးမှု အများနဲ့ ပူးပေါင်း ဆောင်ရွက်မှု တညီးချင်း ဘဝတွေမှာဖြစ်တယ်။

d. Reason: အကြောင်းရင်း

တရားအမှုတွေခြင်း၊ ကိုယ်ကျင့်တရား ပျက်ယွင်းခြင်း၊မစည်းလုံးခြင်း မကောင်းမသင့်တဲ့ ဓလေ့စရိုက် များရှိခြင်း သခင်ဘုရားရဲပွဲတော်နဲ့ ဝိညာဉ်ဆုကျေးဇူးတွေကို အလွဲအသုံးချခြင်းတွေဖြစ်တယ်။ ရှင်ပေါလုက တုံ့ပြန်တယ်။ ( ဒီအရင် စာတစောင်ရေးဘူးတယ်။ 1 Corinthians 5:9.) ရုပ်ထုကိုး ကွယ်တဲ့ အသိုင်းအဝိုင်းထဲက ခေါ်ထုတ်လာတဲ့ အသင်းတော်ဖြစ်ကြောင်း ပြန်သတိပေးတယ်။ ရုပ်ထုကိုးကွယ်တဲ့အသက်တာတွေဟာ အသင်းတော်ထဲမှာ တိုးဝင်ချဉ်းကပ်လာပြန်တယ်။ တဦး ချင်းဖြစ်စေ၊ အသင်းတော်တခုလုံးဖြစ်စေ ပြောင်းလဲဖို့လိုလာတယ်။

e. Theme:

အသင်းတော်ရဲ့Doctrine တွေဖြစ်တဲ့ ဖွဲ့စည်းပုံ ဝိညာဉ်ဆုကျေးဇူးများ၊ လူသေတို့ ရှင်ပြန် ထမြောက်ခြင်း၊ အပြစ်ပေးဆုံးမခြင်း ဆုံးမစကားပြောကြားခြင်းနဲ့ သူတို့သိလိုတဲ့အရာ မေးသမျှကို ဖြေကြားတယ်။

f. Outline of 1 Corinthians:

1.) Divisions of immaturity မရင့်ကျက်မှုရဲ့ ပြိုကွဲမှုများ – chapters 1-4

a.) Human or divine wisdom လူ့ဉာဏ်လား ဘုရားဉာဏ်လား

b.) Pride or humility မာနလား နှိမ့်ချခြင်းလား

c.) Pride in human leaders ခေါင်းဆောင်များရဲ့မာန

2.) Discipline for immorality ကိုယ်ကျင်းတရား ပျက်ဖွင်းမှုအတွက် စည်းကမ်း – chapters 5;6

a.) Sexual irregularities ကာမဂုဏ်ဖောက်ပြန်ခြင်း

b.) Going to law ပညတ်တရားထံ လှည့်ပြန်ခြင်း

3.) Answers to questions မေးထားတဲ့ မေးခွန်းအတွက် အဖြေများ– chapters 7-16

a.) Marriage, celibacy, divorce, remarriage လက်ထပ်ထိမ်းမြားခြင်း၊ အိမ်ထောင်ကွဲခြင်း၊ ပြန်လက်ထပ်ခြင်း (chapter 7)

b.) Meat offered to idols ရုပ်ထုကို ပူဇော်သောအသား (chapters 8-11)

c.) Public worship, Lord's Supper, spiritual gifts ဝတ်ပြုကိုးကွယ်ခြင်း အစီအစဥ်၊ ပွဲတော်မင်္ဂလာ၊ ဝိညာဉ်ဆုကျေးဇူးများ (chapters 11-14)

d.) Resurrection ရှင်ပြန်ထမြောက်ခြင်း (chapter 15)

e.) ယေရုရှလင်မှာရှိတဲ့ သန့်ရှင်းသူများကို သန့်ရှင်းသူများအတွက် အလှူငွေကောက်ခံခြင်း၊ (chapter 16)

g. Key verses and phrases: အဓိကကျမ်းချက်များနဲ့ စကားစုများ

1.) "အဘယ်သို့နည်း။ သင်တို့သိုယ်ခန္ဓာသည် ဘုရားသခင်ပေးတော်မူသော ဝိညာဉ်တော်တည်းဟူသော သင်တို့အထဲ၌ ကျိန်းဝပ်၍ သန့်ရှင်းသောဝိညာဉ်တော်၏ ဗိမ္မာန်ဖြစ်ကြောင်းကိုငင်း၊ မိမိတို့မိမိမပိုင်ကြောင်းကိုငင်း မသိကြသလော။ သင်တို့၏ကိုယ်ခန္ဓာနှင့် စိတ်ဝိညာဉ်အားဖြင့် ဘုရားသခင်၏ ဂုဏ်တော်ကို ထင်ရှားစေကြလော့။" (1 Corinthians 6:19-20).

2.) ""ထိုကြောင့် အကြင်သူသည် မိမိတည်ကြည်လျက်နေသည်ဟု မိမိထင်မှတ်၏။ ထိုသူသည် မလဲခြင်းငှါ သတိပြုစေ။ . . . သင်တို့သည် ခံနိုင်မည့်အကြောင်း စုံစမ်းနှောင့်ယှက်ခြင်း အရာနှင့် တကွ ထွက်မြောက်သော လမ်းကိုလည်း စီရင် ပြုပြင်တော်မူလိမ့်မည်။" (1 Corinthians 10:12-13).

3.) Love chapter ချစ်ခြင်းမေတ္တာအကြောင်း– 1 Corinthians 13

4.) Resurrection chapterထမြောက်ခြင်းအကြောင်း – 1 Corinthians 15

2. 2 Corinthians – Defense of Paul's apostleship ရှင်ပေါလုရဲ့တမန်တော်ရာထူးကို ကွယ်ကာခြင်း

a. Writer, date, and place: ရေးသူ ၊ နေရာအချိန်

ရှင်ပေါလုက ဖေက်မြို့မှာရေးပြီး တိတုက စာကိုယူသွားရတယ်။ ပေါလုက တရောနဲ့ မာကေဒေါနိ ပြည်ကိုသွားပြီး တိတုနဲ့ အပြန်ခရီးမှာတွေ့တယ်။ (2 Corinthians 2:12-13; 7:5-16) ပေါလုကဖေက်မြို့မှာနေတယ်။ တိမောသေကို ကောရိန္သု သွားဖို့ မျှော်လင့်နေပြီး သူ့ဆီ ပြန်လာဖို့ စောင့် နေတယ်။ ရှင်ပေါလုကို ဆန့်ကျင်တဲ့ သတင်းစကားကို တိမောသေက သယ်ဆောင်လာရပုံရတယ်။ ကောရိန္သုပဌမစောင်ကို ရေးတဲ့တနစ်တည်းမှာပဲ ဒုတိယစောင်ကို ရေးခဲ့ပုံရတယ်။

b. Recipients: ဖတ်မည့်သူများ ကောရိန္သုမြို့အသင်းတော်

c. Reason: အကြောင်းရင်း

သူ့ရဲ့ပဌမစောင်ကိုဖတ်ပြီး နောင်တရတဲ့အတွက် ကျေးဇူးတင်ကြောင်း ဖေါ်ပြတယ်။ သူ့ရဲ့အခွင့် အာဏာကို တချို့အနည်း စုက ပုန်ကန်တာလည်း တွေ့ရတယ်။ သူ့ရဲ့အပြောအဆိုဘုရားခေါ်ခြင်းတွေကိုခုခံကာကွယ်ရေးသွားပြီး ဆန့်ကျင်ဘက် အဖွဲ့ရဲ့ခေါင်းဆောင်ကို အပြစ်ပေးဖို့ နှိုးဆော် တယ်။.

d. Theme: အဓိကအချက်

ရှင်ပေါလုရဲ့တမန်တော်ဖြစ်ခြင်းအခွင့်နဲ့ သူ့တရားစကားရဲ့အခွင့်ကို ကာကွယ် ရေးသားတယ်။ (2 Corinthians 1:1,12, 18-24; 2:14-17; 3:1-6; 5:19; 10:1-12:13).

e. Outline of 2 Corinthians:

1.) To the repentant နောင်တရသူအတွက် – chapters 1-9

a.) Paul's ministry ရှင်ပေါလုရဲ့အမှုတော် (chapters 1-7)

b.) The collection for the saints သန့်ရှင်းသူများအတွက် အလှူငွေကောက်ခံခြင်း (chapters 8-9)

2.) To the rebellious ပုန်ကန်သူများအတွက် – chapters 10-13 – Paul's apostleship

f. Key verses and phrases: အဓိကကျမ်းချက်များနဲ့ စကားစုများ

1.) "ငါတို့သည် ကိုယ်အကြောင်းကို ဟောပြောကြသည်မဟုတ်။ ယေရှုခရစ်သည် သခင် ဖြစ် တော်မူကြောင်းကိုင်း ငါတို့သည် ယေရှုအတွက် သင်တို့ပ၏ကျွန်ဖြစ်ကြောင်းကိုင်း ဟောပြော ကြ၏။ မှောင်မိုက်ထဲက အလင်းထွန်းလင်း မည့်အကြောင်း မိန့်တော်မူသော ဘုရားသခင်သည် ယေရှုခရစ်၏ မျက်နှာ၌ ထွန်းလင်းသော ဘုရားသခင်၏ ဘုန်း တော်ကို သိသောဉာဏ်၏အရောင်ကို ပေးလိုသောငှါ၊ ငါတို့စိတ်နှလုံးထဲ၌ အလင်းကို ထွန်းလင်းစေတော်မူ၏။" (2 Corinthians 4:5,6).

2.) "လူမည်သည်ကား ခရစ်တော်၌ရှိလျှင် အသစ်ပြုပြင်သော သတ္တဝါဖြစ်၏။ . . ." (2 Corinthians 5:17-19).

## Exam - Lesson 24

Name________________________________________________________________

Address______________________________________________________________

Multiple choice (Circle only one letter as the correct answer unless otherwise indicated. You may use your Bible when so indicated, but we trust you not to look up the answers in the lesson.)

1. What is the expansion of the Church an extension of?  (value 3 points) အသင်းတော် တခု၏ ထပ်တိုး အသင်းတော်ဆိုသည်မှာ အဘယ်နည်း

   a) the nation of Israel ဣသရေလနိုင်ငံ

   b) the universal kingdom of God   ဘုရားရှင် နိုင်ငံတော်

   c) Old Testament worship ဓမ္မဟောင်း ဝတ်ပြုကိုးကွယ်ခြင်း

2. What does this section of the lesson deal with primarily? (value 3 points)  ဤသင်ခန်းစာသည် အဓိက အားဖြင့် မည်သည့်အချက်များနှင့်ဆက်စပ်သနည်း

   a) with the apostles and the church in Jerusalem တမန်တော်များနှင့် ယေရုရှလင်အသင်းတော်

   b) with the future of Israel and the church အနာဂါတ် ဣသရေလလူတို့ နှင့်အသင်းတော်

   c) with the Gentile Church   တပါးအမျိုးသားအသင်းတော်

3. What was Paul's main focus in evangelization of the then-known world? (value 3 points) ရှင်ပေါလု၏ ဧဝံဂေလိသတင်းကောင်း ဖြန့် ဝေရခြင်း၏အဓိကအချက်ကားအဘယ်နည်း

   a) stopping the sale of idols ရုပ်တုဆင်းတုများ ရောင်းဝယ်ခြင်းကို ရပ်တန့် ရန်

   b) presenting Christ to the Jews ယုဒလူတို့ ကို ခရစ်တော်နှင့်မိတ်ဆက်ပေးရန်

   c) organizing churches   အသင်းတော်များတည်ထောင်ရန်

4. What did the people of Lystra do first when they heard Paul? (value 3 points) ရှင်ပေါလုအသံကြားသော အခါ လစ်တရအရပ်ရှိလူများ လုပ်ဆောင်သော ပထမဦးဆုံးအရာကား အဘယ်နည်း

   a) immediately rejected Paul and Silas ပေါလုနှင့်သိလကို ငြင်းပယ်ကြသည်

   b) ignored Paul and Silas ပေါလုနှင့်သိလကို လစ်လျူရှုထားသည်

   c) worshipped Paul and Silas as gods   ပေါလုနှင့်သိလကို ဘုရားကဲ့သို့ ရှိခိုးကြသည်

5. What is the mystery referred to in the Old Testament? (value 3 points) ဓမ္မဟောင်းကျမ်းနှင့်ပတ်သက်၍ အံ့သြထူးဆန်းဖွယ်အချက်ကား အဘယ်နည်း

a) the Church အသင်းတော်

b) baptism ဗတ္တိဇံ

c) the rejection of Christ ခရစ်တော်ကို လက်မခံခြင်း

6. Who commissioned and sent out Paul and Barnabas? (value 3 points) ပေါလုနှင့်ဘာနဗကို မည်သူတာဝန်ပေးစေလွှတ် သနည်း

a) the apostles တမန်တော်များ

b) the church in Antioch အန္တိအုတ်မြို့ အသင်းတော်

c) the church in Jerusalem ယေရုရှလင်အသင်းတော်

7. Why did Paul and Silas return to Antioch? (value 3 points) ပေါလုနှင့်သိလတို့ အဘယ့်ကြောင့် အန္တိအုတ်မြို့ သို့ ပြန်ခဲ့သနည်း

a) to report to their church အသင်းတော်ကို သတင်းပြန်ပို့ ရန်

b) because they lacked supplies စားစရာများ ကုန်သွားသောကြောင့်

c) to meet with the apostles တမန်တော်များနှင့်စည်းဝေးတိုင်ပင်ရန်

8. Paul preached and many believed. Why were mobs often stirred up against them? (value 3 points) ပေါလုတရားဟောသည့်အခါ လူများစွာပြောင်းလဲကြသည်။ ဘာ့ကြောင့် မကြာ ခဏ သူ့ အားဆန့် ကျင်အုံကြွကြသနည်း

a) because they were Jews သူတို့ သည်ဂျူးများဖြစ်သောကြောင့်

b) because the Gentiles disliked them since Paul was a Roman citizen ပေါလုသည်ရောမနိုင်ငံသားဖြစ်သည်ကို တပါးအမျိုးသားများက မကြိုက်နှစ်သက်သောကြောင့်

c) because many of the Jews were jealous ဂျူးလူမျိုးများစွာက မနာလိုသောကြောင့်

9. Why was the council at Jerusalem held (Acts 15)? (value 3 points) ယေရုရှလင် ကောင်စီအစည်းအဝေးကို အဘယ့်ကြောင့် ကျင်းပရသနည်း

a) to discuss how to deal with the Gentile Church တပါးအမျိုးသားအသင်းတော်ကို မည်သို့ ဆက်ဆံရမည့် အကြောင်းဆွေးနွေးရန်

b) to discuss the commissioning of missionaries သာသနာပြုအဖွဲ့ များ စေလွှတ်ရေးတွက် ဆွေးနွေးရန်

c) to discuss the disciplining of those who did not keep the law ပညတ်တော်မလိုက် လျှောက်သူများအား မည်သို့ အရေးယူရမည်ဆိုသည်ကိုဆွေးနွေးရန်

10. Who joined Paul and Silas at Derbe? (value 2 points) ပေါလုနှင့်သီလကို ဒါဘီအရပ် တွင် မည်သူတို့ ပူးေပါင်းကြ သနည်း

a) John Mark ယောဟန်မာကု

b) Barnabas ဗါနဗ

c) Timothy တိမောသေ

11. Where was the man who, in a vision, called to Paul "Come over and help us."? (value 2 points) လူတဦးက ရှင်ပေါလုအား "ငါတို့ကို လာပြီးကူညီပါ" ဟုပြောသောအရပ်ကား အဘယ်နည်း

a) Bithynia ဗေသနိ

b) Galatia ဂလာတိ

c) Macedonia မေစိဒေါနိယား

12. Who was Timothy? (value 2 points) တိမောသေသည် အဘယ်သူနည်း

a) a circumcised Jew အရေပြားလှီးသောဂျူး

b) a converted pagan ပြောင်းလဲသော ရုပ်တုဆင်းတုကိုးကွယ်သူ

c) a man of Jewish and Greek descent ဂျူးနှင့်ဂရိသွေးနှောသူ

13. What did James suggest at the council in Jerusalem? (value 3 points) ယေရုရှလင်ကောင်စီ အစည်းအဝေးတွင် ယာကုပ်က မည်သည့်ကိစ္စကို တင်ပြသနည်း

a) that a letter be written to the church in Antioch အန္တိအုတ်မြို့ အသင်းတော်သို့ ရေးသောစာအေကာင်း

b) that the Gentile believers be disciplined ပြောင်းလဲလာသော တပါးအမျိုးသားတို့ အား စည်းကမ်းချပေးရန်ကိစ္စ

c) that Peter be appointed to go to the church in Antioch ပေတရုအား အန္တိအုတ်အသင်း တော်သို့ စေလွှတ် တာဝန်ပေးရန်ကိစ္စ

14. In what way were the people of Athens different from others? (value 3 points) အေသင်မြို့ မှလူများသည် အခြားသူများထက် မည်သည့်နေရာတွင် ကွဲပြားသနည်း

a) They had many synagogues. သူတို့ တွင် ဘုရားကျောင်းများစွာရှိသည်

b) They served many idols. ရုပ်တုဆင်းတု များစွာကိုးကွယ်ကြသည်

c) There were many Gentile believers there. ထိုအရပ်တွင် တပါးအမျိုးသားယုံကြည်သူများစွာရှိသည်

15. What were the people of Corinth known for? (value 3 points) ကောရိန္သုမြို့ သား များသည် မည်သည့်အချက်တွင် လူသိများသနည်း

a) for searching the Scriptures to find truth သမ္မာတရားသိဖို့ ကျမ်းစာဖတ်ခြင်းတွင်

b) for their hatred of the Jews ဂျူးများအားမုန်းတီးသည့်နေရာတွင်

c) for immorality and pagan practices စာရိတ္တပျက်ယွင်းပြီး ရုပ်တုကိုးကွယ်ရာတွင်

16. What did Paul and Silas do when the Jews in Antioch of Pisidia rejected the Gospel? (value 3 points) ပိဆိဒိယားဒေသ အန္တိအုတ်မြို့ ရှိဂျူးများက ဧဝံဂေလိ သတင်းကောင်းကို ငြင်းပယ်ကြသည့်အခါ ပေါလုနှင့်သိလတို့ ဘာလုပ် ကြသနည်း

a) They condemned them and taught the Gentiles. သူတို့ ကို အပြစ်ဖို့ ပြောဆိုပြီး တပါးအမျိုးသားများ အား ဟောပြောသည်

b) They left the synagogue to teach in the school of a believer. ယုံကြည်သူများအစုအဝေးကိုသင်□ ကားပေးရန် ဘုရားကျောင်းသို့ ထွက်ခွါခဲ့သည်

c) They shook the dust of the city from their feet. သူတို့ ခြေထောက်တွင်ကပ်နေသော ထိုမြို့ မှဖုန် များကို ခါချကြသည်

17. Why did the Jews often oppose Paul? (value 3 points) ဂျူးများက ပေါလုကို အဘယ့် ကြောင့် မကြာမ□ ကာငြင်း ပယ်ကြသနည်း

a) because they wanted to obey God, not a stranger သူတို့ သည် ဘုရားရှင်စကားကိုသာ နာခံပြီး သူစိမ်းများ၏ စကားကို မကြားလိုသောကြောင့်

b) because they were envious of Paul's success သူတို့ သည် ပေါလု၏အောင်မြင်မှုကို မနာလိုသော□ ကာင့်

c) because they were afraid of the people သူတို့ သည် လူများဝေဖန်မည်ကို ကြောက်ကြ သောကြောင့်

Matching

18. Match these people with the quotations. (value 6 points) မှန်ကန်စွာယှဉ်တွဲပါ

Who said:

____ Great is Diana of the Ephesians ဧဖက်မြို့ ဒိုင်ယာနာရုပ်တု a) The people of Ephesus

____ Come over and help us လာပြီးကူညီပါ b) A man of Macedonia

19. Match these people with the statement that describes them: (value 28 points) မှန်ကန်စွာယှဉ်တွဲပါ

________They searched the scriptures daily သူတို့ နေ့ စဉ်ကျမ်းစာဖတ်သည် a) Lydia

________Taught in Corinth ကောရိန္တုတွင်ဟောပြောသည် b) John Mark

________Paul taught in this person's home in Corinth ပေါလုသည် ဤသူ၏ ကောရိန္တု နေအိမ်တွင် ဟောပြော သည် c) Silas

________An early convert in Philippi ဖိလိပ္ပိတွင် ဦးဆုံးပြောင်းလဲသူ d) Bereans

________He operated a school where Paul taught for two years   သူသည် ရှင်ပေါလု ၂-နှစ်ကြာမျှ ဟောပြောခဲ့သော ကျောင်းကို အုပ်ချုပ်စီမံသည်.   e) Aquila and Priscilla

_______Accompanied Paul on his journeys  ပေါလု၏ခရီးစဉ်တွင်လိုက်ပါသည်   f) Eutychus

________Was seized and assaulted when angry Jews could not find Paul and Silas ဒေါသထွက်နေသော ဂျူးများက ပေါလုနှင့်သိလကို မတွေ့သောအခါ ဖမ်းဆီးနှိပ်စက်သည်   g) Apollo

________Fell from a window   ပြူတင်းပေါက်မှလိမ့်ကျသည်   h) Tyrannus

________Looked for happiness in philosophies of pleasure not truth ပျော်ရွှင်မှုသက်သက်ကိုရှာခြင်းသည် မမှန်ပါ   i) Crispus

________Started a missionary journey by left partway through it   j) Gallio

________A deputy of Achaia   k)Demetrius

________A silversmith of Ephesus   ဖေက်မြို့ မှပန်းထိမ်သမား   l) Jason

_________ The chief ruler of the synagogue and was converted at Corinth ဘုရားကျောင်းမှ အကြီးဆုံးလူဖြစ်ပြီ ကောရိန္တုတွင် ပြောင်းလဲခဲ့သည်   m) Epicureans

_________ Tentmakers and friends of Paul တဲရှင်လုပ်သူပေါလု၏မိတ်ဆွေ   n) Justus

20. Match the words with the definitions.  (value 18 points) ယှဉ်တွဲပါ

_______Evangelize   a. The doctrine of last things နောက်ဆုံးအရာများအယူဝါဒ

_______Areopagus   b. When Christ returns in the clouds to take up His Church ခရစ်တော်သည် မိုးတိမ်ကိုစီးလျက် သူ၏အသင်းတော်အား ချီဆောင်ဖို့ လာသောအခါ

_______ day of the Lord   c. Mars Hill အင်္ဂါဂြိုလ်တောင်

_______ Epicureans   d. Proclaim salvation in Christ ခရစ်တော်ကယ်တင်ခြင်းကြေငြာသည်

_______ Rapture   e. They looked for happiness in philosophies သူတို့ ပျော်ရွှင်မှုရှာသည်

_______ Eschatology   f. Begins with the second coming of Christ and is completed with the final judgment ဒုတိယအကြိမ်ကြွလာခြင်းနှင့်အစပြုပြီး တရားစီရင်ခြင်းဖြင့် အဆုံးသတ်သည်

Exploring God's Word

A Survey of the Old and New Testaments

Prepared by Polly Strong B.R.E, B.A., M.A.

For Rogma International, Inc. (All Scripture quotations from the KJV of the Bible)

Copyright by Rogma International, Inc. All rights reserved.

---

**Lesson 25**

**Section VIII – Body of Believers; The Church (the Bride of Christ)**

**Expansion and Strengthening of the Church**

ယုံကြည်သူများရဲ့ကိုယ်ခန္ဓာ အသင်းတော် (ခရစ်တော်ရဲ့သတို့သမီး)အသင်းတော် ကြီးထွား တိုးပွါးလာခြင်း

**Theme**: အသင်းတော် ကြီးထွားရင့်ကျက်လာခြင်းအတွက် ယေရှုခရစ်တော်ဟာ သခင်ဖြစ်ကြောင်း ကောင်းစွာသိဖို့ အရေးကြီးတယ်။.

**Goal**: အသင်းတော် ကြီးထွားရင့်ကျက်လာဖို့ ခွန်အားပေးခြင်း။

**Summary**: တမန်တော်ဝတ္ထုရဲ့နောက်ဆုံးအခန်းများဟာ ရှင်ပေါလုရဲ့ယေရုရှလင်ခရီးစဉ် အဖမ်း ခံရခြင်း၊ ဂျူးနဲ့ အာဏာပိုင်များရှေ့မှာ တရားရင်ဆိုင်ရခြင်း၊ ရောမမြို့မှာ ထောင်ချခံရခြင်း အကြောင်း များ ပါဝင်တယ်။ ဒီကာလဟာ အသင်းတော်များနဲ့ ခေါင်းဆောင်များထံ "prison epistles အကျဉ်း ထောင်ထဲမှ ရေးသော ဩဝါဒစာများ" ကို ရေး သောကာလ ဖြစ်တယ်။.

**Outline**:

Acts, chapters 21-26 – ရောမဘုရင်ခံ Felix နဲ့ Agrippa တို့ရှေ့မှာ ရှင်ပေါလု တရားရင်ဆိုင်ရခြင်း, chapters 27-28 – ရှင်ပေါလု ရောမမြို့သို့ အပို့ခံရခြင်း။

The book of Romans ရောမဩဝါဒစာ

Prison Epistles: အကျဉ်းထောင်ဩဝါဒစာများ။ Ephesians, Philippians, Colossians, 1 and 2 Timothy, Titus, Philemon

**People to know: (Know these for the exam)**

Agabus: a prophet of Jerusalem, possibly one of the 70 mentioned in the Gospels

Agrippa: Herodian king of the Jews (Bernice: his wife) Augustus Caesar: emperor of Rome and her territories Ananias: high priest of the Jews

Epaphras: leader in the church of Colosse Claudius Lysias: Roman commander in Jerusalem Felix: Roman procurator (governor) of Judea

Festus, Porcius: governor who followed Felix in Caesarea

Gamaliel: a Pharisee, very highly respected doctor of the Law

Onesimus: a servant (or slave) from Colosse. Paul led him to Christ in prison in Rome.

Philemon: a prominent believer in the church of Colosse

Titus: a Gentile believer who accompanied Paul in his ministries

**Places to know:**

Caesarea (of Palestine): Mediterranean Sea coast city on the road between Tyre and Egypt

Ephesus: commercial center of Asia Minor

Greece: southeastern corner of Europe, divided into Achaia and Macedonia

Jerusalem: capital city of the Jews

Lycia: province in southwestern Asia Minor

**Words to know: (Know these for the exam)**

canon: အများလက်ခံထားသော ပညတ်တော်(သို့) စည်းကမ်းများ

Canon of Scripture: ဘုရားမှုတ်သွင်းထားသော စကားများအဖြစ် လက်ခံထားသော ကျမ်းစာစောင်များ

centurion: လူတရာကို အုပ်သော ရောမတပ်မှူး

Praetorium: ရောမစစ်တပ်ရှိ ဌာနချုပ် ပြဲတော်ရှိရုံး

"the Way": term used for believers who followed the teaching of Jesus of Nazareth

syncretism: မတူညီသော ယုံကြည်မှုများကို ပေါင်းစည်းထားသော အယူသစ်တမျိုး။

## Introduction

တမန်တော်များရဲ့ခေတ်ကာလပြီးဆုံးချိန် နီးလာတယ်။ အသင်းတော်တွေကို ယုဒ ရှမာရီ ရှုရိ Asia Minor နဲ့ ရောမမြို့မှာပါ တည်ထောင်လာတယ်။ သမိုင်းအရ အနေ့ရှေဘက်မှာ အာရေဗျ၊ အာဖရိကနဲ့ နေရာအတော်များများမှာ အသင်းတော်တွေ ရှိလာတယ်။ဧဝံဂေလိတရားကို လူသိများပြီး ခရစ်ယာန် တွေ ပွါးများလာတယ်။နိမိတ်လက္ခဏာဆုကျေးဇူးများနဲ့ အံ့သြဘွယ်ရာအဖြစ်အပျက်များက တရား စကားကိုသက်သေထူ တယ်။အဲဒီနေရာကို နှုတ်ကပတ်တော်သမ္မာကျမ်းစာက နေရာဝင်ယူလာ တယ်။ ဓမ္မသစ်သြဝါဒစာ အများစုဟာ ဒီ ကာလမှာရေးတယ်။ နောက်ပိုင်းကျမှသာလျှင် canon of scripture လို့ အသိအမှတ်ပြု စုစည်းတာဖြစ်တယ်။

သြဝါဒစာများဟာ ခရစ်တော်နဲ့ အသင်းတော်ကို အဓိကထားရေးတယ်။ ရောမသြဝါဒစာက ကယ်တင်ခြင်း အဓိကထားရေးတယ်။ ဖေက်က ခရစ်တော်ရဲ့ကိုယ်ခန္ဓာဖြစ်တဲ့ အသင်းတော်အကြောင်း အဓိက ရေးတယ်။ ကောလောသဲက

ခရစ်တော်ဟာ အသင်းတော်ရဲ့ဦးခေါင်းဖြစ်တယ်ဆိုတဲ့ အကြောင်း ရေးတယ်။ ဖိလိပ္ပိကခရစ်တော်ရဲ့နှိမ့်ချမှုကို စံနမူနာ ယူပြီး အသင်းတော်က အမှုတော် ဆောင်ဖို့ ပြတယ်။ ဖိလေမုန်က ကျွန်ဘဝမှ ညီအစ်ကိုအဖြစ် ပြောင်းလဲပေးတဲ့ ခရစ်တော်ရဲ့ဂရုဏာကို ပြတယ်။ တိမောသေနဲ့ တိတုက အသင်းတော် ခေါင်းဆောင်တွေရဲ့အရည်အချင်းကို သတ်မှတ်ပြတယ်။.

**THE LESSON**

I. **PAUL'S DEFENSE BEFORE GOVERNMENT OFFICIALS** အာဏာပိုင်များရှေ့ ရှင်ပေါလု အမှုစစ်ခံရခြင်း **(Acts 21-26)**

A.ခရစ်တော်အတွက် အသေခံဖို့ အသင့်ရှိတယ်လို့ ပေါလုဆိုတယ်။ **(Acts 21:1-14).**

ယေရုရှလင်သွားတဲ့ ခရီးစဉ်မှာ ပေါလုဟာ တုရုပြည် ရှုရိမြို့ကို ရောက်တယ်။ ယုံကြည်သူတချို့က ယေရုရှလင်သွားရင် အန္တရာယ်ရှိမယ်လို့ သတိပေးတယ်။ ကဲသရိမြို့ရောက်တဲ့အခါ ဧဝံဂေလိဆရာ ဖိလိပ္ပုနဲ့ သူ့သမီးလေးယောက်ကလည်း ပရောဖက်ပြုကြတယ်။ ယုဒပြည်ကလာတဲ့ အဂ္ဂပုဆိုတဲ့ လူက ရှင်ပေါလုရဲ့လက်နဲ့ခြေတွေကို အဝတ်နဲ့ပတ်စည်းပြီး ယေရုရှလင်မြို့မှာ ဒီလိုဖြစ်မယ်လို့ ဆို တယ်။ ပေါလုက "ငါသည် ချည်နှောင်ခြင်းသာမက သခင်ယေရှု၏ နာမတော်အတွက် ယေရုရှလင် မြို့မှာ အသေသတ်ခံခြင်းငှါပင် အသင့်ရှိတယ်" လို့ဆိုတယ်။ (Acts 21:13,14).

B.**Paul in Jerusalem** ယေရုရှလင်မြို့ရောက် ပေါလု **(Acts 21:15-23:32).**

1.ဂျူးလူမျိုးယုံကြည်သူများနဲ့ ရှင်ပေါလု (Acts 21:15-26) ယာကုပ်နဲ့ တခြားခေါင်းဆောင်တွေ ရှေ့မှာ ရှင်ပေါလုက သူ့ရဲ့တပါးအမျိုးသား အသင်းတော်အကြောင်းကို ပြောပြတယ်။ သူတို့ ဝမ်း သာကြတယ်။ ဂျူးလူမျိုးအများစုလည်း ယုံကြည်တာကြောင့် ပညတ်တရားအပေါ်မှာ စိတ်အားကြီး ဆဲဖြစ်တယ်လို့ ဆိုတယ်။ ဒါကြောင့် ရှင်ပေါလုအနေနဲ့ ပညတ်တရားကို ဆက်လက်စောင့်ထိန်းဆဲ ဖြစ်ကြောင်း သစ္စာဂတိပြုဖို့ ဗိမ္မာန်တော်မှာ ဝတ်ဖြေဖို့ အကြံတောင်းကြတယ်။ တပါးအမျိုးသား တွေအတွက် စာတွေရေးပို့ကြတယ်။ (Acts 15) ပေါလုက အဲဒီသစ္စာဂတိကို ပြုပြီး ဗိမ္မာန်တော် ထဲဝင်တယ်။

2.ဗိမ္မာန်တော်ထဲမှာ ရှင်ပေါလု အဖမ်းခံရတယ်။ (Acts 21:27-36)

သန့်ရှင်းစင်ကြယ်ရာနေ့ ၇ ရက်နေ့အပြီးမှာ အာရှတိုက်မှလာတဲ့ ဂျူးလူမျိုးတချို့က ရှင်ပေါလုနဲ့ မိတ်ဆွေတဘက်မှာ နှိုးဆော်ကြတယ်။ ပညတ်တရားကို ဆန့်ကျင်သူတွေအဖြစ် စွပ်စွဲကြတယ်။ ဗိမ္မာန်တော်ထဲကို ဂရိတွေ သွင်းတယ်လို့ ဆိုတယ်။ လူတွေက စိတ်ဒေါသထွက်လာပြီး လူအုပ်စု ကြီးဖြစ်လာကာ ပေါလုကို ဗိမ္မာန်တော်ထဲမှ ဆွဲထုတ် သတ်ပစ်ဖို့ ကြိုးစားတယ်။ တပ်မှူး ( Claudius Lysias) ကြားတဲ့အခါ စစ်သားတွေလွှတ်ပြီး ရှင်ပေါလုကို သံကြိုးနဲ့ ချည်နှောင်တယ်။ လူအုပ်ကြီးက ဆက်လက် အော်ဟစ်နေဆဲဖြစ်လို့ တပ်မှူးက ဘာဆက်လုပ်ရမှန်းမသိ ဖြစ်နေတယ်။ စစ်သားတွေက တားဆီးမရတာကြောင့် ရှင်ပေါလုကို ဖမ်းပြီး ထိန်းသိမ်းထားတယ်။

3.ဗိမ္မာန်တော် ဂျူးလူမျိုးတွေရှေ့မှာ ရှင်ပေါလု ရှင်းပြစကားဆိုတယ်။ (Acts 21:37-22:29) လှေခါးအတိုင်း တက် သွားတဲ့အခါ ပေါလုက စကားပြောခွင့်တောင်းတယ်။ တပ်မှူးက သူဟာ အီဂျစ်လူမျိုး ပြဿနာရှာတဲ့လူလို့ ထင်တယ်။ ဒါပေမယ့် ပေါလုက သူဟာ ကိလိကိပြည် တာရှုမြို့က ဂျူးတယောက်ဖြစ်ကြောင်း ရောမနိုင်ငံသားဖြစ်ကြောင်း ပြောတယ်။ တပ်မှူးက ရှင်ပေါလုကို စကားပြောခွင့်ပေးတယ်။ ပေါလုက ဟေဗြဲလို စကားပြောလိုက်တယ်။ ဟေဗြဲစကား

ပြောသံကြား တဲ့အခါ တိတ်ဆိတ်စွာ နားထောင်တယ်။ ဂျူးလူမျိုးတယောက်အဖြစ် မွေးဖွားပြီး ဂါမလျေလထံမှာ တပည့် ခံတဲ့အကြောင်း ပြောတယ်။ ဘုရားသခင်ဘက်မှာ စိတ်အားကြီးလို့ ခရစ်ယာန်တွေကို ညှင်းဆဲခဲ့ကြောင်း ပြောတယ်။ ဒမာသက်သွားတဲ့လမ်းမှာ သူ့ကို ဘုရားသခင် စကားပြောပြီး တပါး အမျိုးသားတွေအတွက် ရွေးကောက်ခံရသူဖြစ် ကြောင်း ပြောတယ်။ ယုံကြည်သူတွေကို တရား ဇရပ်တွေမှာ ဖမ်းဆီးပြီး ထောင်ချခဲ့သူ ဖြစ်တယ်။ သတေဖန်ကို ခဲနဲ့ ပေါက်သတ်ရာမှာ ပါဝင်ခဲ့တယ်။ ဘုရားသခင်က သူ့ကို တပါးအမျိုးသားတို့ထံ စေလွှတ်ခဲ့တယ်။ (Acts 22:21) ဒီအချက်ရောက်သည်အထိ နားထောင်ပြီး နောက်မှာ သူ့ကို ဒေါသနဲ့သတ်ဖို့ ကြံစည်ကြတယ်။ တပ်မှူးက သူ့ကို စစ် ရုံးခန်းကိုခေါ်ပြီး ရိုက်နှက် မေးခွန်းမေးတယ်။ သူ့ကို ချည်နှောင်ထားတယ်။ ပေါလုက ရောမလူမျိုးတယောက်ကို တရား မစီရင်ပဲ ရိုက်ခွင့်ရှိသလားလို့ မေးတယ်။ ရှင်ပေါလုဟာ ရောမဖြစ်ကြောင်းသိရတဲ့အခါ သူ့ကို မရိုက်ပဲ ထားလိုက်တယ်။

4. Sanhedrin လွှတ်တော်မှာ ပေါလု ရင်ဆိုင်ရခြင်း (Acts 22:30-23:10) နောက်တနေ့ ယဇ်ပရောဟိတ်မင်း လွှတ်တော်ကို ရောက်လာပြီး ပေါလုအမှုကို နားထောင်တယ်။ ပေါလုက သူအပြစ်မရှိကြောင်း Sanhedrin မှာချေပတယ်။ ယဇ်ပရောဟိတ်အကြီးက သူ့ကို ရိုက်ဖို့ တခြား တယောက်ကို အမိန့်ပေးတယ်။ ရှင်ပေါလုက "ဘုရားသခင် မင်းကို ရိုက်လိမ့်မယ်။ အဖြူသုတ် တဲ့အုတ်ရိုး" လို့ခေါ်တယ်။ တရားစီရင်တဲ့သူက ပညတ်တရားကိုဆန့်ကျင်တဲ့အတွက် ဖြစ်တယ်။ ယဇ်ပရောဟိတ်မင်းကို ဒီလိုပြန်ပြောတဲ့အတွက် လူတွေက အပြစ်တင်ကြတယ်။ ပေါလုက သူ ယဇ်ပရောဟိတ်မင်းမှန်း မသိဘူးလို့ဆိုတယ်။ လွှတ်တော်ဟာ ဇဒ္ဒုကဲ ( ကောင်းကင်တမန်နဲ့ မယုံကြည်တဲ့) နဲ့ ဖာရိရှဲ (ဒီအရာတွေ အားလုံးကိုယုံကြည်တဲ့) တွေ ပေါင်းစည်းပါဝင်တယ်။ ရှင် ပေါလုက သူဟာ ထမြောက်ခြင်းကိုယုံကြည်တဲ့ ဖာရိရှဲ တယောက်ဖြစ်တယ်လို့ ကြေညာတယ်။ ဒါက လွှတ်တော်မှာ ကွဲပြားမှုကို ဖြစ်သွားစေတယ်။ ဒါကြောင့် တပ်မှူးက ရှင်ပေါလုရဲ့အသက် အန္တရာယ်အတွက် စိုးရိမ်ပြီး ရုံးခန်းထဲ ပြန်ခေါ်တယ်။

5. Lysias ဆိုတဲ့တပ်မှူးက ရှင်ပေါလုကို ကဲသရီမြို့ဝန် Felix ထံကိုပို့တယ်။ (Acts 23:11-32) သခင်ဘုရားကြွလာပြီး ရှင်ပေါလု ရောမမြို့ကို ဆက်သွားရဦးမယ်လို့ ပြောတယ်။ နောက်တနေ့မှာ ဂျူးလူမျိုး ၄၀ က ပေါလုကို မသတ်ရရင် မစားမသောက်ဘူးလို့ သစ္စာဂတိပြုကြတယ်။ အဲဒီသတင်း ကို သူ့တူက လာပြောတဲ့အခါ ရှင်ပေါလုက သူ့တူကို တပ်မှူး ထံ ပို့လိုက်တယ်။ ပေါလုရဲ့အသက်ကို စိုးရိမ်တဲ့ တပ်မှူး Lysias ဟာ ညအချိန်မှာ သူ့ကို အစောင့်တွေနဲ့အတူ ကဲသရီ မြို့ကို ပို့လိုက်တယ်။ မြို့ဝန် Felix ကိုလည်း ရှင်ပေါလုမှာ အပြစ်မတွေ့ဘူးလို့ စာရေးပေးလိုက်တယ်။

C. **Paul in Caesarea** ကဲသရီမြို့ရောက် ရှင်ပေါလု **(Acts 23:33-26:32).**

1. မြို့ဝန်ထံရောက်ရှိခြင်း (Acts 23:33-35) မြို့ဝန်က စာကိုဖတ်ပြီး ရှင်ပေါလုရဲ့ဇာတိကို မေး တယ်။ သူဟာ ကိလိကိဒေသကလာတဲ့ ရောမလူမျိုးမှန်း သိတဲ့အခါ သူ့ကို တရားစွဲသူတွေရဲ့စကားနားထောင်ဖို့ ပြဲတောရိရုံးကို ပို့လိုက်တယ်။
2. ဂျူးလူမျိုးတွေရဲ့စွပ်စွဲခြင်း (Acts 24:1-9) ၅ ရက်ကြာတဲ့အခါ ယဇ်ပရောဟိတ်မင်း အာနနိနဲ့ တေရတုလုတို့ ကဲသရီမြို့ကိုရောက်လာတယ်။ ရှင်ပေါလုဟာ ဂျူးလူမျိုးတွေရဲ့ဘာသာဘက်မှာ ဆန့်ကျင် မှု ပြုတယ်လို့ စွပ်စွဲတယ်။ နာဇရက်အုပ်စုကို ခေါင်းဆောင်တဲ့သူဖြစ်ပြီး ဗိမ္မာန်တော်ကို ရှုတ်ချသူလို့ စွပ်စွဲတယ်။
3. ရှင်ပေါလုက Felix မင်းရှေ့မှာ ဖြေရှင်းပြီးနောက် မြို့တော်ဝန်ရဲ့တုံ့ပြန်ချက် (Acts 24:10-27). မြို့တော်ဝန်က ပေါလုကို စကားပြောခိုင်းတယ်။ မကြာသေးခင် ၁၂ ရက် အလိုက ယေရုရှလင်ကို သူတို့ ဘုရားဝတ်ပြုသွားတယ်။ ဗိမ္မာန်တော်မှာ တခြားတဦး တယောက်ကိုမှ မနှောင့်ယှက်ဘူး။ ရန်ရင်းဆန်ခတ် မလုပ်ဖူးလို့ဆိုတယ်။ သူတို့ စွပ်စွဲ ချက်တွေအတွက် သက်သေမရှိဘူး။ ပရောဖက် တွေရဲ့ပညတ္တိကျမ်းတွေ ရေးသားတဲ့အတိုင်း ယုံကြည်ပြီး ဘုရားဝတ်ပြု ကိုးကွယ်တယ်လို့ ဆို တယ်။ အဲဒီယုံကြည်ခြင်းဟာ သေသောသူတွေ ရှင်ပြန်ထမြောက်ခြင်းနဲ့ ဆိုင်တယ်လို့ ဆို

တယ်။ သူ့စိတ်ဟာ ဘုရားသခင့်ရှေ့ လူ့ရှေ့မှာ ရှင်းလင်းတယ်လို့ ဆိုတယ်။ အာရှတိုက်က ဂျူးတွေ ရောက် လာပြီး ပြဿနာရှာ တယ်လို့ ဆိုတယ်။ Felix မင်းက စိတ်ဝင်တစား နားထောင်တယ်။ Lysias တပ်မှူးက ပြီးသည်အထိ ဒီအမှုကို ဆက် ကြားနာမယ် ပြီးမှ စီရင်မယ်လို့ ဆိုတယ်။ သူက ပေါလုကို ဆက်အကျဉ်းချထားခြင်းဟာ လွတ်မြောက်ဖို့ မိတ်ဆွေ တွေက ငွေနဲ့ လာရွေးဖို့ဖြစ်တယ်။ နောက် နေ့ကြာတဲ့အခါ Felix ဟာ Drusilla ဆိုတဲ့ သူ့ဂျူးအမျိုးသမီးနဲ့ ရှင်ပေါလု ဟောတဲ့တရားကို နား ထောင်ဖို့ လာတယ်။ ရှင်ပေါလုနဲ့ စကား ခဏခဏပြောပြီးတဲ့နောက်ပိုင်းမှာ လွှတ်ဖို့ လာဘ်ငွေရ မယ်လို့ သူက မြော်လင့်ထားတယ်။ နှစ်နှစ်အကြာမှာ Felix အစား Festus မင်းတက်လာတယ်။ ဂျူးတွေကို မျက်နှာသာ ပေးချင်တာနဲ့ Felix ဟာ ပေါလုကို ဆက်ချုပ်ထားတယ်။

4. ပေါလုကို ကဲသရီမြို့ဖေတ္တုမင်းထံစေလွှတ်ဖို့ တောင်းပန်တယ်။ (Acts 25:1-14). ဖေတ္တုမင်း ရောက်လာပြီး ယေရုရှလင်ကို ခရီးပြုတယ်။ ယဇ်ပရောဟိတ်မင်းနဲ့ ဂျူးလူမျိုး အကြီးအကဲတွေက ပေါလုကို ယေရုရှလင်မြို့သို့ ပြန်ပို့ဖို့ တောင်းဆိုတယ်။ ဖေတ္တုမင်းက ပေါလုစကားသံကို နားထောင် ချင်တယ်။ သူတို့ကိုယ်တိုင် လာပြီး တရားစွဲနိုင်တယ်။ အပြစ်တင်နိုင်တယ် လို့ဆိုတယ်။ နောက် ၁၀ ရက်အကြာမှာ ကဲသရီမြို့သွားကြပြီး နောက်နေ့မှာတော့ ပေါလုကို Felix မင်းထံ ပို့ဆောင်တယ်။ ဂျူးတွေက ပေါလုတဘက်မှာ အမျိုးမျိုး ပြစ်တင်ကြတယ်။ သက်သေတော့မပြနိုင်ဘူး။ ပေါလု က သူဟာ ပညတ်တရားကို မဆန့်ကျင်ဘူး။ ဗိမ္ဘာန်တော် (သို့) ကဲသာဘုရင်ကိုလည်း မပြစ်မှားဘူးလို့ ဆိုတယ်။ ဖေတ္တုမင်းက ဂျူးတွေကို မျက်နှာသာပေးချင်တဲ့အတွက် ပေါလုကို ယေရုရှလင်မြို့သို့ သွားမလားလို့မေးတယ်။ ပေါလု က ရောမမြို့ကဲသာဘုရင့်ရှေ့မှာသာ စီရင်ပိုင်ခွင့် ရှိတယ်လို့ ဆို တယ်။ ဖေတ္တုမင်းက လွှတ်တော်ကို လွှဲတဲ့အခါ သူတို့က ပေါလုကို ကဲသာဘုရင်ထံသို့ လွှတ်သင့် တယ်လို့ ဆိုတယ်။

5. အဂြိပ္ပမင်းကြီးရှေ့မှာ တရားစီရင်ခြင်း (Acts 25:13-26:32) ဟေရုဒ် ဒုတိယ အဂြိပ္ပမင်း (ယေရုရှလင် အရှေ့ပိုင်းနဲ့ မြောက်ပိုင်းကို အုပ်ချုပ်ရသူ) ယေရုရှလင်မြို့ကို သူ့ဇနီး ဗေရနိတ်နဲ့ အလည်ရောက်လာတယ်။ ဖေတ္တုက ပေါလု အကြောင်း ပြောပြတယ်။ အဂြိပ္ပမင်းက ကြားနာ ချင်တယ်။ ဖေတ္တုက ပေါလုကို နန်းတော်ထဲကိုသွင်းပြီး တပ်မှူးအကြီးအကဲတွေ မြို့ဝန်တွေ မြို့အရာရှိတွေ စုဝေးစေတယ်။ ပေါလုမှာ အပြစ်မတွေ့ဘူး။ ဒါပေမယ့် ကဲသာဘုရင်ထံ အယူခံဝင်ခြင် တယ်။ ရောမမြို့ကို ပို့တော်မယ်လို့ ဆိုတယ်။ စွဲချက်မပါဘဲ ပို့ရင်လည်း မကောင်းဘူးလို့ဆိုတယ်။ (Acts 25:13-27) အဂြိပ္ပက ပေါလုကို စကားပြောခွင့်ပေးတယ်။ ပေါလုက သူ့လက်ကိုဖြန့်ပြီး ပရိတ်သတ်ရှေ့မှာ စကားပြောတယ်။ စကားပြောရတာ ဝမ်းသာတယ်။ သည်းခံနားထောင်ပေးပါ လို့ ဆိုတယ်။ သူဟာ ဖာရိရှဲဂိုဏ်းဝင်ဖြစ်ကြောင်း အစော ပိုင်းဘဝကို ပြောတယ်။ ဘိုးဘေးတို့ ယုံကြည် တဲ့အတိုင်းယုံကြည်တဲ့အတွက် အပြစ်ပေးခြင်းခံရတယ်။ ဒမာသက်မြို့သွားတဲ့လမ်းမှာ ဘုရားသခင် က သူ့ကို တပါးအမျိုးသားတွေအတွက် စေလွှတ်တယ်လို့ ပြန်ပြောပြတယ်။ "တပါးအမျိုး သားတို့ သည် မှောင်မိုက်မှ အလင်းသို့ရောက်၍ စာတန်၏အာဏာထဲမှ ဘုရားသခင့် အထံတော်သို့ ပြောင်း လဲသော အားဖြင့် အပြစ်လွှတ်ခြင်း ကျေးဇူးကိုခံရမည်အကြောင်း . . . သူတို့၏မျက်စိကို ဖွင့်စေခြင်း ငှါ သူတို့ဆီသို့ သင့်ကို ငါ စေလွှတ်မည်။ . . ." (Acts 26:18,19) ကောင်းကင်ကလာတဲ့ရူပါရုံကို သူ ငြင်းပယ်ခွင့်မရှိ၊ ဒါကြောင့် သူ့မှာဂျူးတွေရဲ့အပြစ်တင်ခြင်းကို ခံရတယ်လို့ ဆိုတယ်။ ဒါပေမယ့် ဘုရားသခင်ရဲ့မစခြင်းအားဖြင့် ခရစ်တော်အကြောင်း သူ ဆက် တရားဟောရတယ်။ ဖေတ္တုမင်းက ဒီစကားနားထောင်ပြီးတဲ့အခါ ပေါလုရူးပြီလို့ ဆိုတယ်။ (Acts 26:24) ပေါလုက သူအမှန်ကို ပြော တာဖြစ်တယ်။ အဂြိပ္ပမင်းကြီးဟာ ပရောဖက်တွေရဲ့စကားကို ယုံသလားလို့ မေးတယ်။ အဂြိပ္ပ မင်းကြီးက "သင်သွေးဆောင်သောအားဖြင့် ငါသည် ခရစ်ယာန်ဖြစ်လုပြီ" လို့ဖြေတယ်။ (Acts 26:28)အဂြိပ္ပက ပေါလုမှာ အပြစ်မတွေ့ဘူး ကဲသာဘုရင်ထံသွားဖို့ မတောင်းဆိုခဲ့ရင် လွှတ်ပေး သင့်တယ် လို့ ဖေတ္တုမင်းကိုဆိုတယ်။

D.**Things to Think About:** ဆင်ခြင်စရာများ

ပေါလုက အကြပ်အတည်းနဲ့ ကြုံတွေ့နေရချိန်ဖြစ်တယ်။ ခရစ်တော်အတွက် သက်သေခံဖို့ သစ္စာရှိဆဲ အချိန်ဖြစ်တယ်။ သင့်မှာ ဘယ်လို အခက်အခဲတွေ ကြုံနေသလဲ။ ဘယ်လိုတုံ့ပြန်သလဲ။ ခရစ်တော် အကြောင်း ဘယ်လိုသက်သေခံ သလဲ။

II.**PAUL SENT TO ROME** ပေါလုကို ရောမမြို့သို့ပို့တယ်။ **(Acts 27-28)**

A.**The voyage** သင်္ဘောခရီးစဉ် **(Acts 27:1-28:14).**

ရှင်ပေါလုကို ဩဂုတ္တုတပ်ရဲ့တပ်မှူး ယုလိထံမှာ အပ်တယ်။ ယုလိဟာ ရှင်ပေါလုအပေါ် စာနာတယ်။ ဇိဒုန်မြို့ရောက်တဲ့ အခါ မိတ်ဆွေတွေ လာတွေ့ခွင့်ပေးတယ်။ Lycia လုကိပြည် Myra မုရမြို့ရောက် တဲ့အခါ အာလေဇန္ဒြိ သင်္ဘောကို ပြောင်းစီးပြီး ဣတလိ( Italy) ကို သွားတယ်။ လေကြောင်း မသင့် လို့ သင်္ဘောလမ်းကြောင်း ပြောင်းသွား တယ်။အချိန်နာရီနောက်ကျတဲ့အတွက်ရွက်လွှင့်ရတာအန္တရာယ်ကြီးလာတယ်။ပစ္စည်းတွေအတွက်ရော လူတွေအတွက် ပါ အန္တရာယ်ကြီးတယ်လို့ ပေါလု သတိပေးတယ်။ ဒါပေမယ့် သင်္ဘောသူကြီး သင်္ဘောပိုင်ရှင်က ခရီးဆက်ချင်တယ်။ တောင်လေ တိုက်လာတဲ့အခါ ဘေးကင်းစွာသွားနိုင်မယ်လို့ ထင်တယ်။ မကြာခင်မှာပဲ အခြေအနေပြောင်း သွားပြီး လှိုင်းတံပိုး အကြီးအကျယ်ခံစားရတယ်။

B.**The shipwreck on Malta** မေလိတေကျွန်းမှာ သင်္ဘောပျက်ခြင်း **(Acts 27:15-28:16).**

မုန်တိုင်းကြားမှာ ကောင်းကင်တမန်က ပေါလုကို သင်္ဘောပျက်မယ်။ လူတယောက်မှ မသေဘူးလို့ ဆိုတယ်။ ကဲသာဘုရင့်ရှေ့ ရောက်ရမယ်။ ပေါလုက ဒီသတင်းစကားကို တခြားလူတွေကို ပြန်ပြော ပြတယ်။ မကြောက်ဖို့ဖြစ်တယ်။ သူက ဘုရားသခင်နဲ့ နှုတ်ထွက်စကားကိုယုံတယ်။ အသက်ကယ် လှေစီးပြီး သင်္ဘောသားတချို့ထွက်ပြေးဖို့ ကြိုးစားတဲ့အခါ သင်္ဘောမှာမနေရင် သေမယ်လို့ ပေါလု ကပြောတယ်။ အစာမစားပဲ အကြာကြီးနေသူတွေကို အစာစားဖို့ အားပေးတယ်။ သူကိုယ်တိုင် လည်း ယူစားတယ်။ ဘုရားကျေးဇူးတော်ချီးမွမ်းပြီး အစာစားပြတယ်။ တခြားသူတွေလည်း လိုက် စားပြီး ခွန်အားပြည့် အားရကြတယ်။ လေမုန်တိုင်းက တိုးပြီးတိုက်ခိုက်တဲ့အခါ သင်္ဘောဟာ ပင်လယ်လှိုင်းဒဏ်ခံစားရတယ်။ မနက်ရောက်တော့ ကမ်းခြေမှာတင်ပြီး ပင်လယ်နှစ်ခုဆုံရာ ရေလက်ကြားမှာ ရောက်နေတယ်။ သင်္ဘောလုံးလုံးပျက်စီးသွားတယ်။ စစ်သားတွေက အကျဉ်း သားတွေကို သတ်ချင်တယ်။ ဒါပေမယ့် တပ်မှူးက ပေါလုကို ကယ်ချင်လို့ မသတ်ခိုင်းဘူး။ လူတိုင်း ကမ်းအရောက် ကူးသွားကြရတယ်။ဘုရားကပေါလုကိုကွယ်ကာတာဖြစ်တယ်။ မေလိတေ ကျွန်းကို အားလုံး ဘေးကင်းစွာရောက်တယ်။ အေးချမ်းတဲ့အတွက် ကျွန်းသားတွေက မီးဖိုကြ တယ်။ အဆိပ်ပြင်းတဲ့မြွေတကောင် ပေါလုရဲ့ထင်းထဲမှာပါလာပြီးလက်မှာပတ်ရစ်နေတယ်။လူ့အသက်ကိုသတ်ခဲ့ဖူးတာကြောင့် အပြစ်ပေးခံရတယ်လို့ လူတွေက ကြောက်ရွံ့ကြတယ်။ မြွေကိုခါချတော့ အန္တရာယ်မရှိတာတွေ့ရတယ်။ ဘုရားတပါးဖြစ်မယ်လို့ ထင်ကြပြန်တယ်။ ပေါလုက ကျွန်းသူကြီးရဲ့အဖေကို အနာရောဂါငြိမ်းစေတယ်။ ကျွန်းပေါ်မှာ သုံးလလောက်နေကြတယ်။ ရောမမြို့ကို တခြားသင်္ဘောတစီးနဲ့ ထွက်ခွါတယ်။ လူတွေက သူတို့ကို လက်ဆောင်အများ ပေးကြတယ်။ ရောမမြို့သွားတဲ့ခရီးစဉ်အတွင်း Puteoli ပေါတယောလိဆိုတဲ့အရပ်မှာ ယုံကြည် သူတွေ တွေ့ရတယ်။ တခြားယုံကြည် သူတွေက ရောမမြို့မှာ လာတွေ့ကြတယ်။ တပ်မှူးက အကျဉ်းသားတွေကို တခြားတပ်မှူးထံ လွှဲပြောင်းပေးပေမယ့် ပေါလုကိုတော့ သီးခြား အစောင့် အစောင့်နဲ့ နေခွင့်ပေးတယ်။.

**C. Paul in Rome** ရောမမြို့ရောက် ရှင်ပေါလု **(A.D. 60-62) (Acts 28:17-31).**

ရောက်ပြီး သုံးရက်အကြာမှာ ဂျူးလူမျိုးခေါင်းဆောင်တွေစုဝေးပြီး ကဲသာဘုရင်ရဲ့ရှေ့မှာ အပြစ်တင် စွပ်စွဲကြတယ်။ ဘုရားအကြံအစည်ဖြစ်တယ်လို့ ပေါလုသိတယ်။ ဣသရေလရဲ့မျှော်လင့်ရာအတွက် "ငါ ဒီသံကြိုးနဲ့ ချည်နှောင်ခံရတယ်"လို့ဆိုတယ်။(Acts 28:20)ရောမမြို့ရှိဂျူးလူမျိုးတွေကပြဿနာ အကြောင်း ဘာမှမကြားဘူး။ ပေါလုဟောတဲ့ တရားကိုသာ သိချင်လိုစိတ်ရှိတယ်။ ဘုရားသခင်ရဲ့နိုင်ငံတော်အကြောင်းကို လာနားထောင်ကြတယ်။ မနက်ကနေ ညနေအထိ လာကြတယ်။ တချို့ယုံ တယ် တချို့မယုံဘူး။ ပေါလုက ဗိဿဉ်တော်ရဲ့ကျမ်းစကားကို ပြန်ပြောပြတယ်။ "သင်တို့သည် ကြားလျက်ပင် အနက်ကိုနားမလည်ပဲ ကြားကြလိမ့်မည်။ မြင်လျက်ပင် အာရုံမပြုပဲမြင်ကြလိမ့်မည် ဟု ထိုလူမျိုးရှိရာသို့ သွား၍ပြောလော့။" (Acts 28: 26,27) ဘုရားသခင်ရဲ့ကယ်တင်ခြင်း အကြောင်းကို တပါးအမျိုးသားတွေထံ ဟောနေပြီ။ ကြားချင်နေကြပြီ။ ဂျူးတွေက ကြားပေမယ့် စဉ်းစားတုန်းပဲရှိတယ်။ လက်မခံဘူး။ အဲဒီအိမ်မှာ ပေါလုနေပြီး ဘုရားသခင်အကြောင်း ဟောတယ်။ သခင်ယေရှုခရစ်အကြောင်း သွန်သင်တယ်။ ဘယ်သူမှ အဆီးအတား မရှိဘူး။

**D. Things to Think About:** ဆင်ခြင်စရာများ

ဘုရားသခင်က ရှင်ပေါလုရဲ့ခရီးစဉ်မှာ သဘော်ပျက်ပေမယ့် ကွယ်ကာတယ်။ ရောမမြို့ကို ရောက်တယ်။ အမှုတော်ဆောင်ရင် ဘုရားကွယ်ကာခြင်း မစခြင်းကို သင်ခံစားရသလား။ အမှုတော် ဆောင်နေသူ ဖြစ်သလား။?

III.**PAUL'S EPISTLE TO THE CHURCH IN ROME AND HIS PRISON EPISTLES:** ရောမမြို့အသင်းတော်ကို ရေးတဲ့စာနဲ့ အကျဉ်းထောင် ဩဝါဒစာများ။ **Romans, Ephesians, Colossians, Philippians, Philemon**

(Know epistles, theme, recipients and reason of each book for the exam)

ကျမ်းစာထဲမှာ အတိအကျမပြောပေမယ့် ရောမမြို့မှာ ရှင်ပေါလု နှစ်ခါထောင်ကျတယ်လို့ တွေ့ရ တယ်။ ပထမအကြိမ် နှစ်နှစ်ကျတယ်။ (Acts 28:30) တဲတောရိရုံးနားမှာ အိမ်ငှါးနေပုံရတယ်။ အဲဒီအချိန်မှာ အသင်းတော်များအတွက် ဩဝါဒစာများကို ရေးတယ်။ (ဖေက် ကောလောသဲ ဖိလိပ္ပိ) လူတဦးချင်း (တိမောသေ ဖိလေမုန်နဲ့ တိတု) တို့ထံ စာရေးတယ်။ ၂ တိမောသေဟာ ဒုတိယအကြိမ် ထောင်ကျချိန်မှာ ရေးပုံပေါ်တယ်။ ရောမဩဝါဒစာကတော့ ရောမမြို့ကို မရောက်ခင် ရေးတယ်။

A.**The book of Romans.** ရောမဩဝါဒစာ

1. Writer: ရေးသူ တမန်တော်ရှင်ပေါလု

2. Date and place: နေရာအချိန်

ရောမဩဝါဒစာကို A. D. 57 or 58 အကုန်လောက်မှာ တတိယ သာသနာပြုခရီးစဉ်အဆုံးမှာ ရောမ လူမျိုးများထံ ရေးတယ်။ (Acts 18:23-21:4 cf. Romans 15:19) ဂရိပြည်မှာ သုံးလခန့် နေထိုင် စဉ်အတွင်း ကောရိန္တုမြို့မှာ ရေးတာဖြစ်တယ်။ (Acts 20:3-6) ရေးချိန်မှာ ဂါယုနဲ့အတူရှိတယ်။ (Romans 16:23: 1 Corinthians 1:14) စာကို ကောရိန္တုမြို့နား ကင်ခြေမြို့အသင်းတော်မှ ဖိဗေရဲ့လက်မှတဆင့် ပေးပို့တာဖြစ်တယ်။ (Romans 16:1-2)

3. Recipients: ဖတ်မည့်သူများ

ရောမမြို့ရှိအသင်းတော်ကိုရေးတယ်။ အဲဒီယုံကြည်သူများဟာ ပင်တေကုတေနေ့ ယေရုရှလင်မှာ ရှိခဲ့ဖူးသူတွေ (သို့) အာရှပြည်မှ သက်သေခံခြင်းကြောင့် ပြောင်းလဲလာသူတွေ ဖြစ်နိုင်တယ်။ စကတည်းက တပါးအမျိုးသား အသင်းတော်ဖြစ်ခဲ့တယ်။ (Romans 1:13; 11:13, 28-31; 15:15,16) ဒါပေမယ့် ဂျူးလူမျိုးယုံကြည်သူတွေလည်းရှိတယ်။ (Romans 2:17-3:8; 3:21-4:1; 7:1-14; 14:1-15:12) အဲဒီခေတ်မှာ ရောမဟာ ကမ္ဘာမှာ အကြီးဆုံးမြို့ဖြစ်တယ်။ လူဦးရေ တသန်း ကျော် နေထိုင်တယ်။ (၄ သန်းခန့်ဖြစ်နိုင်တယ်။)အလွန်ချမ်းသာတဲ့မြို့ဖြစ်ပြီးလူအများစုကကျွန်တွေ ဖြစ်တယ်။ ဘာသာရေးမှာ ဘုရားအများ လက်ခံတယ်။ ဧကရာဇ်ကိုလည်း ဘုရားအဖြစ် ထည့်သွင်း တယ်။

4. Reason: အကြောင်းရင်း

အွန္တိအုတ်မြို့အခြေခံပြီး အရှေ့ဘက်မှာ အသင်းတော်အများအပြား တည်ထောင်ခဲ့တယ်။ အနောက် ဘက် ရောမမြို့ကို သွားချင်လာတယ်။ ဂျူးလူမျိုးနဲ့ တပါးအမျိုးသား ယုံကြည်သူတွေ အတူလက်တွဲ ပြီး လုပ်ဆောင်ဖို့ စိတ်ထက် သန်နေ တယ်။ ရောမမြို့ကိုမသွားခင် ဒီစာကို ပြင်ဆင်ရေးခဲ့တယ်။.

5. Theme: အဓိကအချက်

ယုံကြည်ခြင်းအားဖြင့် ဖြောင့်မတ်ခြင်း။ ခရစ်ဝင်ကျမ်းများမှာပါတဲ့ ခရစ်တော်ရဲ့ရွေးနှုတ်ကယ်တင် ခြင်းကို အဓိကထား ပြောပြတယ်။ ရောမသြဝါဒဟာ မေးခွန်းတလှည့် အဖြေတလှည့် နည်းနဲ့ သင်ပြ တဲ့ systematic doctrine (theology) စနစ်တကျ ဓမ္မပညာစာအုပ်ဖြစ်တယ်။ ဒီကျမ်းရဲ့အခြေခံ အချက်ကတော့ "ယေရှုခရစ် ရွေးနှုတ်တော်မူခြင်းအားဖြင့် အဖိုးကိုမပေးပဲ ဘုရားသခင်၏ ကျေးဇူး တော်ကြောင့် ဖြောင့်မတ်ရာသို့ ရောက်ရခြင်းဖြစ်တယ်။ (Romans 3:24) ဒီ ကျမ်းရဲ့အခြေခံအချက် ကတော့ ကယ်တင်ခြင်းတရားက အသက်ရစေတယ်။ အသက်ရပြီးနောက် ဖြောင့်မတ်စွာ အသက် ရှင်စေတယ်လို့ ဆိုလိုတယ်။

6. Outline of the book of Romans:

a. ဘုရားသခင်ရဲ့ကြီးမြတ်တဲ့အစီအစဉ် ကယ်တင်ခြင်း ။ ဂျူးနဲ့ တပါးအမျိုးသားတွေကို ဘုရားက တရားစီရင်ခြင်း ဖြောင့်မတ်စေခြင်း၊ သန့်ရှင်းစေခြင်း၊ ဘုန်းထင်ရှားစေခြင်းတွေ အကြောင်း ဖွင့်ပြ တယ်။ (chapters 1-8).

1.) အပြစ်စီရင်ခြင်း, chapters 1-3:30

2.) ဖြောင့်မတ်ခြင်းရောက်စေတဲ့ ကယ်တင်ခြင်း, chapters 3:21-5:21

3.) သန့်ရှင်းစင်ကြယ်ခြင်းနဲ့ ဘုန်းထင်ရှားခြင်း, chapters 6:1-8:39

b. ဣသရေလလူမျိုးအပေါ်ဘုရားသခင်ရဲ့ကြီးမြတ်သောရွေးကောက်ခြင်းစွန့်ပစ်ခြင်းနဲ့ ပြန်လက်ခံ ခြင်း (chapters 9:1-11:36) ဘုရားသခင်ရဲ့ဖြောင့်မတ်ခြင်းတရား ထင်ရှားခြင်း

c. အသင်းတော်ရဲ့အမှုတော်ဆောင်ခြင်း။ ခရစ်ယာန်လွတ်ခြင်းအခွင့် (chapters 12-16) ဖြောင့်မတ်စွာ သင့်တင့်စွာ အသက်ရှင်ဖို့ နိုးဆော်ခြင်း

7. Key verses and phrases: အဓိကကျမ်းချက်များနဲ့ စကားစုများ

"ဖြောင့်မတ်သောသူသည် ယုံကြည်ခြင်းအားဖြင့် အသက်ရှင်လိမ့်မည်။" (Romans 1:17b).

B. **The book of Ephesians.** ဧဖက်သြဝါဒစာ

1. Writer, date, place: ရေးသူ နေရာအချိန်

တမန်တော်ရှင်ပေါလုက A. D. 60 – 62 အတွင်း ရောမမြို့မှာ ပထမအကြိမ် ထောင်ကျစဉ် ရေးတာ ဖြစ်တယ်။.

2. Recipients:

ဖေက်မြို့ယုံကြည်သူတွေအတွက် ရေးတဲ့စာဖြစ်တယ်။ ဖေက်က စီးပွါးရေးနဲ့ ဘာသာရေးမှာ အချက် အချာကျတဲ့အတွက် အာရှတိုက်ယုံကြည်သူအားလုံးကို ရေးချင်ပုံရတယ်။ ဖေက်ဟာ ကနဦး အသင်းတော်တွေထဲမှာ အပါအဝင်ဖြစ်တယ်။ ပေါလုက အဲဒီမှာ အချိန်အတော်ကြာ နေခဲ့ဖူးတယ်။.

3. Reason:

ဖေက်မြို့ယုံကြည်သူတွေဟာ ခရစ်တော်၌ ကြွယ်ဝကြတယ်။ သူတို့ရဲ့ဝိညာဉ်ရေး ကြွယ်ဝမှုကို အသုံး မချကြဘူး။ ဝိညာဉ် ရေးမှာ ဆင်းရဲသားလိုအသက်ရှင်နေတယ်။ ဝိညာဉ်ရေးမှာ ကောင်းစွာအသုံးချဖို့ ရှင်ပေါလုက တည်ဆောက်ပေးချင်တာဖြစ်တယ်။.

4. Theme:

ဩဝါဒစာရဲ့အဓိကအချက်ဟာ ခရစ်တော်ရဲ့အသင်းတော်ဆိုတဲ့ ပြည့်စုံရာ ကိုယ်ခန္ဓာဖြစ်တယ်။ ယုံ ကြည်သူရဲ့တာဝန်များ အကြောင်းကိုဖေါ်ပြတယ်။ငြင်းခုန်စရာအကြောင်းတွေ မပါဘူး။ အသင်းတော် ထဲက ဒုစရိုက်အပြစ်အကြောင်းမပါဘူး။ ခရစ်တော်၌ ရင့်ကျက်လာဖို့ပဲ ပြောတယ်။ ရင့်ကျက်လာမှ သာလျှင် စည်းလုံးမှုလည်းရှိလာမယ်။.

5. Outline of Ephesians:

a. Chapters 1-3, အသင်းတော်ရဲ့ဦးခေါင်းဖြစ်တဲ့ ခရစ်တော်၌ ယုံကြည်သူရဲ့အခွင့်အရာ

1. ခမည်းတော်က ရွေးကောက်ပြီး သားတော်က ရွေးနှုတ်တယ်။ ဝိညာဉ်တော်က တံဆိပ်ခတ်တယ်။ (1:1-14)
2. ပညာအတွက် ဆုတောင်းခြင်း (1:15-23)
3. ခရစ်ယာန်တယောက်ရဲ့တဦးချင်းအခွင့်အရာ (2:1-10)
4. ခရစ်ယာန်တယောက်ရဲ့အများနဲ့ စပ်ဆိုင်တဲ့အခွင့်အရာ (2:11-3:13)
5. ဝိညာဉ်တော်၌ ခွန်အားရှိဖို့ ခရစ်တော်ရဲ့မေတ္တာကိုနားလည်ဖို့ ဆုတောင်းခြင်း

b. Chapters 4-6, ခရစ်တော်ရဲ့ကိုယ်ခန္ဓာထဲမှာ ယုံကြည်သူ အသက်ရှင်ရပုံ

1. ကိုယ်ခန္ဓာ၌ စည်းလုံးညီညွတ်ခြင်း (4:1-16)
2. သန့်ရှင်းစွာအသက်ရှင်ခြင်း (4:17-5:21)
3. မိသားစုနဲ့ လုပ်ထဲမှာ ဆောင်ရွက်သင့်တဲ့တာဝန်များ (5:22-6:9)
4. ယုံကြည်ခြင်းအတွက် တိုက်လှန်ခြင်း (6:10-24)

6. Key verses and phrases: အဓိကကျမ်းချက်များနဲ့ စကားစုများ

Ephesians 2:8-10; 4:1-3; 6:1-18; Building the Body of Christခရစ်တော်ရဲ့ကိုယ်ခန္ဓာကို တည်ဆောက်ခြင်း

C. **The book of Colossians.** ကောလောသဲ ဩဝါဒစာ

1. Writer, date, place:

တမန်တော်ရှင်ပေါလုက A. D. 60 – 62 အတွင်း ပထမအကြိမ် ထောင်ကျစဉ် ရေးတယ်။.

2. Recipients:

လောဒိကိမြို့အနီး ဖေက်မြို့ရဲ့မိုင် ၁၀၀ အကွာလောက်မှာ ရှုရိပြည်ရှိ စီးပွါးရေး အချက်အချာမြို့ကောလောသဲရှိ ယုံ◻ ကည် သူများကိုရေးတယ်။(တမန်တော် ၂း ၁၀ ပင်တေကုတေနေ့မှာ ဒီဒေသရဲ့နာ မည်ပါတယ်။) ပထမနဲ့ ဒုတိယသာ

သနာပြု ခရီးစဉ်အတွင်း ရှင်ပေါလုက ကောလောသဲမြို့ကို ဖြတ်သွားဖူးတယ်။ ပေဖြ Epaphras ( ရှင်ပေါလုကို လာ‌ပြောပြ မှာတဲ့သူ ထောင်အတူကျသူ)ဟာ ကောလောသဲ အသင်းတော်ရဲ့ဦးဆောင်သူဖြစ်တယ်။.

3. Reason:

Syncretism ဆိုတဲ့ ( ဂျူးပညတ်အယူ၊ ဂရိအတွေးအခေါ်နဲ့ အရှေ့တိုင်း နတ်ဝိဇ္ဇာအယူတွေကို ပေါင်း ထားတဲ့) မှားယွင်း တဲ့အယူအကြောင်း သတိပေးရေးထားတယ်။ အစားအသောက် ဥပုသ်နေ့ အရေ ဖျားလှီးခြင်း ကောင်းကင်တမန်ကို ကိုးကွယ်ခြင်း စတာတွေအကြောင်းရေးတယ်။.

4. Theme:

အသင်းတော်ရဲ့ဦးခေါင်း ဖန်ဆင်းခြင်းရဲ့သခင်ဖြစ်တဲ့ ခရစ်တော်အကြောင်းကို အဓိကထား ရေး တယ်။ ခရစ်တော်ရဲ့ ကြီး မြတ်ခြင်း၊ စုံလင်ခြင်း၊ ကယ်တင်ခြင်းအတွက် ပြီးပြည့်စုံခြင်းကို ပြတယ်။ လူသားအချင်းချင်းရင်းနှီးမှုနဲ့ ခရစ်တော် ထံ ပြောင်းလဲတဲ့ အသက်တာတွေအကြောင်း ပြောတယ်။.

5. Outline of Colossians:

a. Chapters 1-2, doctrinal ဩဝါဒ

1.) Christ’s person and work ခရစ်တော်ရဲ့ လူဇာတိနဲ့ အမှုတော် (I:1-2:3)

2.) Freedom in Christ ခရစ်တော်၌ ခံရသော လွတ်လပ်ခြင်း (chapter 2:4-23)

b. Chapters 3-4, practical – လက်တွေ့ပိုင်း - ယုံကြည်သူရဲ့ခရစ်တော်နဲ့အတူ အသက်ရှင်ခြင်း ခရစ်ယာန် အသက် တာ

1.) Walk focused on Christ ခရစ်တော်ကို ဦးထိပ်ထားသောအသက်တာ (3:1-4)

2.) Walk in holiness သန့်ရှင်းစွာ အသက်ရှင်ခြင်း (3:5-4:6)

3.) Conclusion နိဂုံး (4:7-18)

6. Key verses and phrases: အဓိကကျမ်းချက်များနဲ့ စကားစုများ

Preeminence of Christ ခရစ်တော်ရဲ့ ဘုရားဇာတိအဖြစ်တော် ကြီးမြတ်ခြင်း (Colossians 2:9-10 and chapter 3)

D. **The book of Philippians.** ဖိလိပ္ပိဩဝါဒစာ

1. Writer, date, place:

တမန်တော်ရှင်ပေါလုက A. D. 60 – 62 အတွင်း ပထမအကြိမ်ထောင်ကျစဉ် ရေးတယ်။ တချို့က လည်း ”တ ချို့ကလည်း ဖေက် (သို့) ကဲသရိမှာရေးတယ်လို့ ယုံကြည်တယ်။.

2. Recipients:

မာကေဒေါနိပြည်ရဲ့အရှေ့ဘက်ကမ်းခြေရှိ ရောမကမ်းခြေမှာရှိတဲ့ ရောမစစ်တပ်အခြေချရာ ဖိလိပ္ပိရှိ ယုံကြည်သူများထံ ရေးတယ်။ သိလ ပေါလု တိမောသေနဲ့ လုကာတို့ဟာ ဖိလိပ္ပိကို လွန်ခဲ့တဲ့ ၁၁ နှစ်ခန့်က ရောက်ဖူးတယ်။ (A. D 51)။ ဒါက မာကေဒေါနိခေါ်သံအရ ရောက်ခဲ့တာဖြစ်တယ်။ (Acts 16).

3. Reason:

Epaphroditus အားဖြင့် ပါလာတဲ့ အလှူလက်ဆောင်အတွက် ကျေးဇူးတင်တဲ့အနေနဲ့ ရေးတာ ဖြစ်တယ်။ သူတို့ ချစ်ခြင်း မေတ္တာကြောင့် စိတ်ကျေနပ်အားရပြီး ဝမ်းမြောက်ကြောင်း ပြလိုတဲ့ အတွက် ဖြစ်တယ်။ အသင်းကွဲခြင်း၊ မညီညွတ်ခြင်း၊ ပုန်ကန်ခြင်းတွေရဲ့ပြဿနာကို ဖြေရှင်းဖို့လည်း ရေးတာဖြစ်တယ်။.

4. Theme:

ခရစ်တော်ရဲ့နှိမ့်ချမှုကိုအတုယူပြီးအစေခံကျွန်ကဲ့သို့ ဝမ်းမြောက်ပျော်ရွှင်စွာဆုတောင်းပြီးအသက်ရှင်ဖို့ခွန်အားပေးတယ်။

5. Outline of Philippians:

chapter I ဖိလိပ္ပိအသင်းတော်နဲ့ မိတ်ဆွေဖွဲ့ရတဲ့အတွက် ဝမ်းမြောက်ခြင်းနဲ့ ခရစ်တော်ကြောင့် ခံရတဲ့ ဒုက္ခဆင်းရဲ

chapter 2 ကိုယ်ကိုကိုယ် ငြင်းပယ်ပြီး နှိမ့်ချစွာ ခရစ်တော်ကဲ့သို့ အသက်ရှင်ခြင်း။

chapter 3 ခရစ်တော်အကြောင်း ပိုသိကျွမ်းလာပြီး မှားယွင်းတဲ့သွန်သင်ချက် တွေကြားမှ လွတ်မြောက်နိုင်ဖို့

chapter 4 ခရစ်တော်ရဲ့တန်ခိုးတော်နဲ့ ခရစ်တော် အတူရှိခြင်း ခံစားရတဲ့ ငြိမ်သက် ခြင်းနဲ့ ဝမ်းမြောက်ခြင်း

6. Key verses and phrases:

To live is Christ"အသက်ရှင်သည့်အရာမှာ ခရစ်တော်ဖြစ်၏။" (Philippians 1:21;2:5;4:12)

E.**The book of Philemon.** ဖိလေမုန် ဝါဒစာ

1. Writer, date, place:

ရှင်ပေါလုက ရောမမြို့မှာရေးပြီး အတိုဆုံးနဲ့ အရင်းနှီးဆုံး ရေးတဲ့ကျမ်းဖြစ်တယ်။

2. Recipients:

ကောလောသဲမြို့ရှိ ယုံကြည်သူအသင်းသား ဖိလေမုန်ထံ ရေးတယ်။ ပေါလုကြောင့် ပြောင်းလဲလာ ခဲ့သူ ဖြစ်တယ်။.

3. Reason:

ဖိလေမုန်ထံမှ ထွက်ပြေးတဲ့ ဩနေသိမဟာ ပေါလုနဲ့ ထောင်ထဲမှာတွေ့ပြီး ခရစ်တော်ကို ယုံကြည် သွားပြီ။ သူ့မိတ်ဆွေ ဖိလေမုန်ကို ကျွန်အဖြစ်သဘောမထားတော့ပဲ သခင်ဘုရား၌ ညီအစ်ကိုအဖြစ် လက်ခံဖို့ တောင်းဆိုတာဖြစ်တယ်။.

4. Theme:

သခင်ယေရှုခရစ်တော်ရဲ့ကျေးဇူးတော်ကြောင့် ကျွန်အရာမှ ညီအစ်ကို အဖြစ်သို့ ပြောင်းလဲတဲ့ အသက်တာထဲမှာ တွေ့ရတဲ့ ခရစ်တော်ရဲ့ချစ်ခြင်းမေတ္တာ။.

5. Outline of Philemon:

a. Verses 1-7 ဖိလေမုန်ကို ကျေးဇူးစကားဆိုခြင်း.

b. Verses 8-16 ဩနေဇိမအတွက် ဖိလေမုန်ကိုတောင်းပန်ခြင်း.

c. Verses 17-25 ဩနေဇိမတင်ခဲ့တဲ့အကြွေးကို ပြန်ဆပ်ဖို့ ကတိပေးခြင်း

6. Key verses and phrases:

Forgiveness, ခွင့်လွှတ်ခြင်း verses 16,17

F. Things to Think About:

ဒီသြဝါဒစာ ၅စောင်စလုံးကို ဖတ်ပြီးပြီလား။ ခရစ်တော်အကြောင်း ခရစ်ယာန်အသက်တာအကြောင်း ဘာတွေသင်ယူမိသလဲ။?

## IV. PAUL'S PASTORAL EPISTLES, WRITTEN TO TIMOTHY AND TITUS, DEAL WITH PASTORAL CARE OF THE CHURCH AND QUALIFICATIONS FOR MINISTERS ရှင်ပေါလုရဲ့တိမောသေနဲ့ တိတုကိုရေးတဲ့ သင်းအုပ်ဆိုင်ရာ သြဝါဒစာများ။ သင်းအုပ်လုပ်ငန်းနဲ့ အမှုတော်များဆိုင်ရာ အရည်အချင်း

A. **The books of 1 and 2 Timothy.**

1. Writer, date, place:

ဒီကျမ်းတွေကို ရောမမြို့ကနေ ရှင်ပေါလုရေးတယ်။ (တချို့က ၁ တိဟာ မာကေဒေါနိပြည်မှ ရေး တယ်လို့ ယူဆကြတယ်။) နှစ်နှစ်အကြာမှာ ပထမအကြိမ် ထောင်ကလွတ်တယ်။ခရီးသွားတယ် (စပိန်ပြည်ဖြစ်နိုင်တယ်။) နောက် ထောင်ပြန်ကျတယ်။ သမိုင်းမှတ်တမ်းများအရ Nero ဘုရင် လက်ထက်မှာ ဖြစ်နိုင်တယ်။ ၂ တိ ကို ဒုတိယအကြိမ် ထောင်ကျစဉ်မှာ ရေးတယ်။.

2. Recipients:

ယုံကြည်ခြင်းနဲ့ဆိုင်တဲ့ ငါ့သားဆိုတဲ့ တိမောသေကိုရေးတာဖြစ်တယ်။ အဖေက ဂရိ၊ အမေက ယုံ ကြည်သူ အမျိုးသမီး ဉနိဖြစ်တယ်။ သူ့အဖွား လောဣကလည်း သူ့အသက်တာကို သွန်သင်ခဲ့သူ ဖြစ်တယ်။ (2 Timothy 1:5; Acts 16:1-3) ပေါလုက တိမောသေကို ဧဖက်မြို့မှာ အမှုတော် ဆောင်ဖို့ ထားခဲ့တယ်။ သူ့တာဝန်က Asia Minor တခုလုံး ဖြစ်နိုင် တယ်။.

3. Reason:

အသင်းတော်များဟာ ဒုတိယမျိုးဆက်ကာလကို ရောက်လာတယ်။ လမ်းညွှန်ဖို့ ဖွဲ့စည်းပုံအကြောင်း သွန်သင်ဖို့ လုပ်ငန်း အကြောင်း ပြောပြဖို့လိုလာတယ်။မှားယွင်းတဲ့ဆရာနဲ့ မှားယွင်းတဲ့ သွန်သင်ချက်တွေ အကြောင်းပြောပြဖို့လိုလာတယ်။ ဒီကျမ်းတွေကို ခေါင်းဆောင်မှုဆိုင်ရာကျမ်း Leadership menuals for the church လို့ ခေါ်ဖို့လိုလာတယ်။

4. Theme:

Fight the good fight of faith ယုံကြည်ခြင်းတရားအတွက် ကောင်းသောစစ်ကိုတိုက်ပါ။

5. Outline of 1 Timothy:

a. အခန်းကြီး ၁ သြဝါဒဆိုင်ရာသွန်သင်ချက်
b. အခန်းကြီး ၂၊ ၃ ဝတ်ပြုကိုးကွယ်ခြင်းဆိုင်ရာ သွန်သင်ချက်
c. အခန်းကြီး ၄ မှားယွင်းသောဆရာများအကြောင်း သွန်သင်ချက်
d. အခန်းကြီး ၅ အသင်းတော်စည်းကမ်းဆိုင်ရာသွန်သင်ချက်
e. အခန်းကြီး ၆ သင်းအုပ်စိတ်ထားနဲ့ အသက်တာအကြောင်းသွန်သင်ချက်

6. Key verses and phrases:

1 Timothy 1:18; 3:15-16; 4:11-12 (read these verses). အခန်းကြီး ၃ဟာ သင်းအုပ်များရဲ့အရည်အချင်းကို ဖေါ်ပြတဲ့ အဓိကအခန်းကြီးဖြစ်တယ်။.

B.**The book of 2 Timothy.** တိမောသေသြဝါဒစာ ဒုတိယစောင်

1. Writer, date, place, recipients: (see 1 Timothy).

2. Reason:

ရှင်ပေါလုက သူသေချိန်နီးလာပြီဆိုတာ သိတယ်။ ဒါကြောင့် တိမောသေကို အမှုတော်အတွက် မှာကြားတယ်။ အားပေး စကားပြောသလို ယုံကြည်ခြင်းနဲ့ဆိုင်တဲ့ စစ်ကို တိုက်ဖို့လည်း အားပေး တယ်။ မာကုကို ကျမ်းစာစောင် တွေနဲ့အတူ သူ့ဝတ်လုံကို ယူလာပေးဖို့ တိမောသေကို မှာတယ်။

3. Theme:

Endurance in ministry အမှုတော်၌တည်ကြည်ခြင်း

4. Outline of 2 Timothy:

a. အခန်းကြီး ၁ တိမောသေကိုခေါ်ခြင်း

b. အခန်းကြီး ၂ အမှုတော်ဆောင်ရဲ့စိတ်ထားနဲ့ တာဝန်များ

c. အခန်းကြီး ၃ အယူလွဲခြင်းဆိုင်ရာ သတိပေးခြင်းများ

d. အခန်းကြီး ၄ ရှင်ပေါလုရဲ့နောက်ဆုံးအမှာစကား "နှုတ်ကပတ်တရားတော်ကို ဟောပြောလော့"

5. Key verses and phrases:

Endure (2:3-4; 3:14-17). အခန်းကြီး ၂ ဟာ အမှုတော်ဆောင်တယောက်အတွက်ပြတဲ့ အခန်းကြီး ဖြစ်တယ်။.

C.**The book of Titus.** တိတုသြဝါဒစာ

1. Writer, date, place: (see 1 Timothy)

2. Recipient:

ရှင်ပေါလုရဲ့ယုံကြည်စိတ်ချရတဲ့မိတ်ဆွေ ယုံကြည်သူဂရိလူမျိုး တိတုထံရေးတယ်။ ရောမမြို့မှာ ဒုတိယအကြိမ် ထောင်ကျစဉ် ရှင်ပေါလုနဲ့ အတူရှိတယ်။ ပြီးမှ Dalmatia ပြည်ကိုသွားတယ်။ (2 Timothy 4:10) ပေါလုက တိတုကို ယုံကြည်ခံရသော ဆုကျေးဇူးခံရသော "ညီအစ်ကို" လို့ခေါ်တယ်။ (2 Corinthians 2:13) လုပ်ဖော်ဆောင်ဖက် (2 Corinthians 8:23) ငါ့သား (Titus 1:4) တိတုရဲ့စိတ်ထားနဲ့ အပြုအမူကို ချီးကျူးတယ်။ (2 Corinthians 7:13-15; 8:16-17) ပေါလုက တိတုကို ကရေတေကျွန်းမှာထားခဲ့ပြီး အသင်းတော်ရှိ ယုံကြည်သူများကို မစစေတယ်။ ကရေတေ ကျွန်းဟာ မြေထဲပင်လယ်မှာရှိပြီး ၁၅၆ မိုင် ရှည်လျားကာ မိုင် ၃၀ ကျယ်တယ်။ ကရေတေကျွန်းသားတွေဟာ သစ္စာမရှိ သူ ကိုယ်ကျင့်တရား ပျက်သူလို့ လူသိများတယ်။ (Titus 1:12-13) ကရေတေကျွန်းမှ ဂျူးတွေဟာ ပင်တေကုတေနေ့ ပေတရု တရားဟောချိန်မှာ ရှိခဲ့ပုံရတယ်။ (Acts 2:11).

3. Reason:

အမှုတော်ထဲမှာ အားကြီးစွာဆက်တည်နိုင်ဖို့ တိတုကို ခွန်အားပေး အကြံဉာဏ်ပေးနိုင်ဖို့ ရေးတယ်။.

4. Theme:

မှားယွင်းတဲ့ဆရာများ သင်းခွဲသူများ ကိုယ်ကျင့်တရားပျက်ယွင်းသူများကို ဆုံးမနိုင်ဖို့ အသင်းတော်ကို မစတဲ့အနေနဲ့ ရေးတယ်။ ကိုယ်ကျင့်တရား အဆင့်အတန်းရှိဖို့ ယုံကြည်ချက်ကိုပေးတယ်။

5. Outline of Titus:

a. chapter 1 အရည်အချင်းရှိတဲ့ခေါင်းဆောင်များကိုခန့်ထားပြီး မှားယွင်းတဲ့ဆရာများကို အပြစ်တင်တယ်။

b. chapter 2 သွန်သင်ချက်နဲ့ လုပ်ဆောင်ချက်အလွဲတွေကို ပြုပြင်ပေးတယ်။

c. chapter 3 ကောင်းတဲ့အလုပ်တွေ လုပ်ဆောင်စေတယ်။

6. Key verses and phrases:Titus 1:5; 3:5,8; Chapter 2

D.**Things to Think About:**

သင်းအုပ်နဲ့ သင်းထောက်များမှာရှိရမယ့် အရည်အချင်းများကို ဖေါ်ပြပါ။ ဒီအချက်တွေဟာ ယုံကြည် သူ အားလုံးအတွက် ကောင်းတဲ့အချက်တွေဖြစ်တယ်။ ခရစ်တော်ရဲ့အမှုတော်ဆောင်တယောက်ရဲ့အရည်အချင်းကို ဘယ်လိုသတ်မှတ်သလဲ။ အမှုတော်ဆောင်ရာမှာ ထိရောက်ဖို့ရန်အတွက် ဘယ်လို လုပ်ဆောင်နိုင်သလဲ။?

**Exam – Lesson 25**

Name________________________________________________________

Address_____________________________________________________

Multiple choice (Circle only one letter as the correct answer unless otherwise indicated. You may use your Bible when so indicated, but we trust you not to look up the answers in the lesson.)

1. What is essential to the biblical expansion of the church? (value 3 points) ကျမ်းစာနည်းကျ အသင်းတော် တိုးချဲ့ ဖို့ အတွက်အရေးကြီးသောအချက်ကားအဘယ်နည်း

   a) a proper understanding of the ecclesiastical principles and practices အသင်းတော် နှင့်ဆိုင်သော စည်းမျဉ်း ကျင့်ထုံးများကို နားလည်ခြင်း

   b) a proper understanding of the Lordship of Jesus Christ ယေရှုခရစ်တော် သခင်ဘုရား ဖြစ်တော်မူသည်ကို သေချာစွာနားလည်ခြင်း

   c) a proper understanding of the Old Testament worship ဓမ္မဟောင်းကာလ ကိုးကွယ်ခြင်း အကြောင်းကို သေချာစွာ နားလည်ခြင်း

2. What does this section deal with primarily? (value 3 points) ဤသင်ခန်းစာသည် မည်သည့်အကြောင်းကို မည်သို့ ပြောထားသနည်း

   a) with Paul's conversion and early ministry ပေါလုအသက်တာပြောင်းလဲခြင်းနှင့်အစောပိုင်း အမှုတော်ဆောင်ခြင်း

   b) with Paul's defense before the Jews and examining official documents ပေါလုသည် ဂျူးတို့ ကို ခုခံပြောဆို ပြီး အထောက်ထားမှတ်တမ်းများကို စစ်ဆေးခဲ့သည်

   c) with Paul's defense before government officials and his letters to churches and pastors ပေါလုသည် အစိုးရမင်းများကို ခုခံပြောဆိုပြီး အသင်းတော်များနှင့်သင်းအုပ်များထံ သြဝါဒစာများရေးခဲ့သည်

3. What journey of Paul does Acts 21-28 deal with? (value 3 points) တမန်တော် အခန်းကြီး ၂၁-၂၈ တွင် ဖေါ်ပြထားသော ရှင်ပေါလု၏ ခရီးမှတ်တမ်းများသည် မည်သည့် အကြောင်းကိုပြောထားသနည်း

   a) the journey to Lystra, Derbe, Lycaonia လစ်တရာ၊ ဒါးဘီး၊ လစ်ကောနိယား သို့ သွားသောခရီးစဉ်

   b) the journey to Jerusalem and Rome ယေရုရှလင်နှင့်ရောမသို့ ခရီးစဉ်

   c) the journey to Jerusalem, Spain and Greece ယေရုရှလင်၊ စပိန်နှင့် ဂရိခရီးစဉ်

4. What were the miracles or "sign gifts" used for in this period? (value 3 points) ဤကာလတွင် အသုံးပြုခဲ့သော နိမိတ်လက္ခဏာများကား အဘယ်နည်း

a) primarily to authenticate the message စစ်မှန်သောသတင်းစကားဖြစ်ကြောင်းအဓိက ရည်ရွယ်သည်

b) primarily to attract crowds လူထုကိုဆွဲဆောင်ဖို့ အဓိကရည်ရွယ်သည်

c) primarily to meet the needs of the people လူထုလိုအပ်ချက်ကိုဖြည့်ပေးဖို့ အဓိက ရည်ရွယ်သည်

5. How did Paul's fellow believers react as he made his way to Jerusalem? (value 3 points) ပေါလု၏ယုံကြည်သူနောက်လိုက်များ သူယေရှုရှလင်သို့ သွားဖို့ ပြင်သည့်အခါ မည်သို့ တုန့် ပြန်ကြသနည်း

a) They encouraged him to go. သွားဖို့ တိုက်တွန်းကြသည်

b) They warned him of the dangers he was facing. သူအန္တရာယ်တွေ့ နိုင်သည်ဟု သတိပေးသည်

c) They helped him with gifts for the journey. လမ်းခရီးတွက်သူ့ အားလက်ဆောင်များပေးကြသည်

6. Where did Paul give his testimony first when he arrived in Jerusalem? (value 3 points) ပေါလု ယေရှုရှလင်ရောက်သည့်အခါ မည်သည့်နေရာတွင် ပထမဦးဆုံးသောသက်သေ ခံချက်ကိုပေးသနည်း

a) before James and the other apostles ယာကုပ်နှင့်အခြားသော တမန်တော်များရှေ့

b) before Felix and Festus ဖေလစ်နှင့်ဖက်စ်တပ်ရှေ့

c) before king Agrippa and his wife Bernice ဘုရင် အာဂြိပ္ပနှင့်သူ့ ဇနီးဘာနစ်ရှေ့

7. How did the believers in Jerusalem counsel Paul? (value 3 points) ယေရှုရှလင်တွင် ရှိသော ယုံကြည်သူများ ကပေါလုနှင့်မည်သို့ တိုင်ပင်ကြသနည်း

a) that he should remain in secret and not enter the Temple သူတို့ သည် ပုန်းအောင်းပြီး ဘုရားကျောင်းသို့ လာသင့်ကြောင်းပြောသည်

b) that he should openly declare his ministry in the Temple သူ၏အမှုတော်ဆောင်ခြင်း အကြောင်းကို ဗိမာန်တော်တွင် ပွင့်ပွင့်လင်းလင်းချပြသင့်သည်

c) that he should take the Jewish vow of purification and enter the Temple သူသည် ဂျူးလူမျိုး တို့၏ ထုံးစံ သန့် ရှင်းခြင်းဆိုင်ရာ ကတိဝန်ခံချက်ကို ပြုပြီးမှဗိမာန်တော်သို့ လာသင့်သည်

8 What did the chief captain give Paul permission for? (value 3 points) စစ်ဗိုလ်ချုပ်က ပေါလုကို မည်သည့်ခွင့်ပြုချက်ပေးခဲ့သနည်း

a) to speak to the Sanhedrin တရားသူကြီးမင်းကို စကားပြောခွင့်

b) to speak to the Jews gathered at the Temple ဗိမာန်တော်တွင်စုရုံးနေသော ဂျူးများကို စကားပြောခွင့်

c) to speak to the governor and Caesar မြို့ ဝန်နှင့်ကဲသာဘုရင်ကိုစကားပြောခွင့်

9. Why was Paul sent to Caesarea? (value 3 points) အဘယ့်ကြောင့်ရှင်ပေါလုကို ကေဆေးရသို့ ပို့ လိုက်သနည်း

a) because he had appealed to be tried in Rome ရောမတွင်အစစ်ဆေးခံရန် အသနား ခံသဖြင့်

b) because that is where the Sanhedrin met ထိုနေရာတွင်တရားသူကြီးမင်းကိုတွေ့ ခဲ့သောကြောင့်

c) to protect him from the Jews သူ့ကို ဂျူးလူမျိုးတို့ ၏ဘေးမှကွယ်ကာရန်

10. What did Paul tell the Sanhedrin about himself? (value 3 points) ပေါလုက တရားသူကြီးမင်းကို သူ့ အကြောင်း ဘာပြောခဲ့သနည်း

a) that he was a Roman citizen worthy of trial before Caesar သူသည် ရောမပြည်သားဖြစ် သောကြောင့် ကဲသာဘုရင်ဆီသာပို့ သင့်ကြောင်း

b) that he was a Pharisee who believed in the resurrection သူသည် ပြန်လည်ရှင်ပြန် ထမြောက်ခြင်းကို ယုံကြည်သော ဖါရိရှဲဖြစ်ကြောင်း

c) that he was a Sadducee who was faithful to Jewish law ဂျူးပညတ်တော်များအပေါ် သစ္စာစောင့်သော ဇဒ္ဒုကဲ

11. Of what did the Jews accuse Paul? (value 3 points) ရှင်ပေါလုကို ဂျူးတို့ က မည်သို့ စွပ်စွဲသနည်း

a) They accused him of stirring up trouble and defiling the Temple. သူသည်ပြဿနာဖြစ် အောင် ဆွသူ ဗိမာန်တော်ကို သိက္ခာကျစေသူ

b) They accused him of proselytizing and making Christian converts. သူသည် ဘာသာ သွတ်သွင်းသူ ခရစ်ယာန်ထဲပြောင်းခိုင်းသူ

c) They accused him of being unfaithful to Roman law. ရောမဥပဒေများကို သစ္စာဖေါက်သူ

12. Who was Titus? (value 3 points) တိတုဆိုသူကား အဘယ်သူနည်း

a) He was a circumcised Jew who accompanied Paul. ရှင်ပေါလု၏အဖေါ်ဖြစ်သောအရေပြားလှီးသည့်ဂျူး

b) He was a converted Greek who served God in Crete. ကရေတေကျွန်းတွင် ဘုရားရှင်ကို လုပ်ကြွေးသော ပြောင်းလဲလာသူဂရိ

c) He was of Jewish and Greek descent. သူသည် ဂျူးနှင့်ဂရိအနွယ်ဝင်

13. Which is the shortest of Paul's letters? (value 3 points) ရှင်ပေါလု၏အတိုဆုံး စာကား အဘယ်နည်း

a) Titus တိတု

b) Philemon ဖိလေမုန်

c) Philippians ဖိလိပ္ပိ

14. Who did Claudius Lysias, the chief captain, send Paul to? (value 3 points) ဗိုလ်ချုပ်မင်း ကလောဒိယ လိုင်ဆာက ပေါလုကို မည်သူ့ ထံပို့ လိုက်သနည်း

a) Caesar ကဲသာဘုရင်

b) Festus ဖေတ္တုမင်း

c) Felix  ဖိလစ်မင်း

15. Before whom did Paul appear in Caesarea? (value 3 points) ပေါလုသည် ကဲသရိတွင် မည်သူ၏ရှေ့ သို့ ရောက်ခဲ့သနည်း

a) before the apostles တမန်တော်

b) before the Sanhedrin တရားသူကြီးမင်း

c) before King Agrippa   အဂြိပ္ပမင်း

16. Why did Festus refuse to release Paul? (value 3 points) ဖက်စတပ်မင်းက ပေါလုကို လွှတ်ပေးဖို့ အဘယ့်ကြောင့် ငြင်းဆန်ရသနည်း

a) because he believed Paul was a criminal ပေါလုသည် ရာဇဝတ်သားဟု ယုံကြည်သဖြင့်

b) because he did not have the authority to do it သူ့ တွင် လွှတ်ပေးဖို့ အခွင့်အာဏာ မရှိသောကြောင့်

c) because he wanted to show favor to the Jews    ဂျူးတို့ ကို မျက်နှာလုပ်ခင်သောကြောင့်

17. To whom did Paul write letters? (value 3 points) မည်သူ့ ထံသို့ ပေါလုစာရေးခဲ့သနည်း

a) to the government officials who tried him သူ့ ကို ဖမ်းသော အစိုးရမင်းများထံသို့

b) to believers in churches where he had ministered   သူပြုစုပျိုးထောင်ခဲ့သော ယုံကြည်သူများထံသို့

c) to the church in Antioch that sent him out သူ သွားခဲ့သော အန္တိအုတ်မြို့ အသင်းတော်သို့

18. What happened to Paul in Rome? (value 3 points) ရောမမြို့ တွင် ရှင်ပေါလု ဘာဖြစ် ခဲ့ သနည်း

a) He was held in strict confinement. အချုပ်ခန်းထဲ ထဲ့ထားသည်

b) He was released after a hearing. စစ်ဆေးခြင်းခံရပြီးနောက်လွှတ်ပေးလိုက်သည်

c) He was held under "house arrest" with liberty to receive his friends. သူသည် အိမ်အကျယ်ချုပ် ခံရသည်

Matching

19. Match these statements with the book in which they are found. (value  14 points) ယှဥ်တွဲပါ

____Fight the good fight of faith ယုံကြည်ခြင်းနှင့်ဆိုင်သော ကောင်းစွာတိုက်လှန်ခြင်းပြုပါ

a) Ephesians

____The completion or perfection of the body of Christ, the Church အသင်းတော်ဖြစ်တော်ဖြစ်သော ခရစ်တော်၏ကိုယ်ခန္ဓာ b) Philippians

____Encouragement to imitate Christ's humility and servant hood with rejoicing and prayerfulness ဝမ်းမြောက်စွာဖြင့် ဆုတောင်းသော အသက်တာဖြင့် ခရစ်တော၏နှိမ့်ချခြင်းနှင့် အစေခံခြင်းကို အတုယူရန် c) Titus

____Endurance in ministry အမှုတော်ဆောင်ရာတွင် ခံနိုင်ရည်ရှိခြင်း d) 1 Timothy

____The centrality of Christ as Lord of creation and head of the Church ခရစ်တော်ကို အသင်းတော်ဦးခေါင်းအဖြစ်၎င်း၊ ဖန်ဆင်းရှင်အဖြစ်၎င်း ဖေါ်ပြခြင်း e) 2 Timothy

____Bondage to brotherhood through the grace of the Lord Jesus Christ သခင်ယေရှုခရစ်တော်၏ကျေးဇူးတော်အားဖြင့်ညီအကိုပမာစည်းလုံးခြင်း f) Colossians

____The organization and supervision of the churches in refuting false teachers အသင်းတော်ဦးဆောင်မှုဖြင့် မှားယွင်းသော သွန်သင်ချက်များကို ဆန့် ကျင်ခြင်း g) Philemon

20. Match what happened and the place where it happened. (value 12 points) ယှဉ်တွဲပါ

______Paul was shipwrecked ပေါလုသင်္ဘောပျက်သည် a) Jerusalem

______Paul was a prisoner for two yearsပေါလု ၂-နှစ်အကျဉ်းကျသည် b) Caesarea

______Paul was accused by a mob of Jews ပေါလုကို လူအုပ်စုကဆန့် ကျင်သည် c) Malta

______Paul appeared before governors and kingsပေါလုသည် မြို့ ဝန်မင်းနှင့်ဘုရင့်ထံရောက်သည်

d) Rome

21.Match the names with their description. (value 12 points) ယှဉ်တွဲပါ

______Ananias a) A prophet in Jerusalem ယေရှုရှလင်မြို့ ရှိပရောဖက်

______Agabus b) A Herodian king of the Jews ယုဒဘုရင်ဟေရုဒ်မင်း

______Philemon c) The high priest of the Jews ယုဒယဇ်ပုရောဟိတ်မင်း

______Gamaliel d) A prominent believer in the church of Colosse ကောလောသဲအသင်းတော်မှ ဂုဏ်သရေရှိယုံကြည်သူ

______Agrippa e) A very highly respected Pharisee အလွန်လေးစားဖွယ် ဖါရိရှဲ

______Onesimus f) A slave led to Christ by Paul ပေါလုက ခရစ်တော်နှင့် တွေ့ စေပးသော ကျွန်မ

22.Match the word with its description. (value 8 points) ယှဉ်တွဲပါ

______ Praetorium a) Combining two or more different beliefs into a new system ယုံကြည်ခြင်း၂-ခု ၃-ခုကို တခုအဖြစ် ပေါင်းစည်းခြင်း

_______ Canon of Scripture b) The collection of books accepted as the Word of God ဘုရားရှင်၏နှုတ်ကပတ်တော်အဖြစ် လက်ခံထားသော စာအုပ်ပေါင်းချုပ်

_______ Centurion c) Headquarters in a Roman camp ရောမစစ်တပ်ဌာနချုပ်

_______ Syncretism d) Captain over a company of 100 Roman soldiers ရောမစစ်သည်တော် ၁၀၀ကို အုပ်ချုပ်ရသော စစ်ဗိုလ်

Exploring God’s Word

A Survey of the Old and New Testaments

Prepared by Polly Strong B.R.E., B.A., M.A.

For Rogma International, Inc. (All Scripture quotations from the KJV of the Bible)

Copyright by Rogma International, Inc. All rights reserved.

---

## Lesson 26

### Section VIII – Body of Believers; The Church (the Bride of Christ)

### The Warfare and Preservation of the Church

ယုံကြည်သူများရဲ့ကိုယ်ခန္ဓာ အသင်းတော် (ခရစ်တော်ရဲ့သတို့သမီး) အသင်းတော်တိုက်လှန်ခြင်းနဲ့ တည်မြဲခြင်း

**Theme**: သမ္မာနဲ့ မိစ္ဆာရဲ့စစ်ပွဲ ဘုရားသခင်ရဲ့မစခြင်းတန်ခိုးတော်ကို ကောင်းစွာနားလည်မှသာ အသင်းတော်သန့်ရှင်းခြင်းနဲ့ တည်မြဲခြင်းကို နားလည်နိုင်မယ်။.

**Goal**: အသင်းတော် သန့်ရှင်းစင်ကြယ်ပြီး မကောင်းမှုများနဲ့ ကင်းလွတ်ဖို့ အားပေးခြင်း.

**Summary**: ဓမ္မသစ်ကျမ်းရဲ့နောက်ဆုံးဩဝါဒစာများဟာ အသင်းတော်များရင့်ကျက်လာဖို့ မှားယွင်းသော သွန်သင် ချက်ကို ရှောင်ရှားဖို့ ဒုတိယအကြိမ်ကြွလာခြင်းကို ပြင်ဆင်ဖို့ဖြစ်တယ်။ ယုံကြည်ခြင်းမှာ ခိုင်မာစွာရပ်တည်ပြီး မှားယွင်း တဲ့ဆရာများရဲ့ရန်က လွတ်ဖို့ ခွန်အားပေးတယ်။ လွဲမှားသောသွန်သင်ချက်ကို ထောက်ပြပြီး ဘုရားသခင်ရဲ့နှုတ်ကပတ် တော်ကို အခြေခိုင်ခိုင် နားလည်ဖို့ တိုက်တွန်းတယ်။မိစ္ဆာရဲ့တဘက်မှာ ဘုရားတန်ခိုးတော်နဲ့ တိုက်လှန်ဖို့ ဘုရား မေတ္တာ တော်ကို ထောက်ပြတယ်။.

**Outline**:

I. ဟေဗြဲဩဝါဒစာ

II. ရှင်ပေတရုဩဝါဒစာများ ၁ ပေ၊ ၂ပေ

III. ရှင်ယောဟန် ဩဝါဒစာများ ၁၊ ၂၊ ၃

IV. ယုဒဩဝါဒစာ

**People to know:**

Peter, John, Jude: who wrote the epistles at the end of the New Testament Gaius: man to whom John addressed his third epistle

Demetrius: a Christian commended in John’s third epistle Diotrephes: a person condemned in John’s third epistle

**Words to know: (Know these for the exam)**

antichrists: အန္တိခရစ်များ။ ခရစ်တော်၏ ဘုရားဇာတိ၊ လူ့ဇာတိ ယဇ်ပရောဟိတ်အရာ ဘုရင် ကယ်တင်ရှင်နဲ့ ပရောဖက်အရာတို့ကို ငြင်းပယ်သောသူများ

apostate: လမ်းလွဲသူ။ ခရစ်တော်ရဲ့ဒေသနာကိုစုပြီး အသင်းတော်မှ ထွက်ခွါသွားသူ။

Docetism: (dokeo ထင်ရတယ်ဆိုတဲ့စကားမှ လာတယ်။) ခရစ်တော်က ဝိညာဉ်အားဖြင့်သာ ကြွလာပြီး လူ့ဇာတိ မခံယူ၊ လူ့ကိုယ်ခန္ဓာပြရုံသာလို့ သွန်သင်တဲ့ လွဲမှားတဲ့အယူ။

Gnosticism: ဘုရားက လူ့ဇာတိကိုမခံယူနိုင်လို့ သွန်သင်သောအယူအလွဲ။ သူတို့မှာ ဗဟုသုတ knowledge (gnosis) ရှိတဲ့ သာမန်လူတန်းစားထက် ခွဲခြားမြင်နိုင်စွမ်းရှိတယ်လို့ ထင်မြင်နေသူများ ဖြစ်တယ်။ ဒါက ခရစ်ယာန်စိတ်ဓါတ်နဲ့ ကွာခြားနေတယ်။

heresy: သမ္မာတရားမှလွဲသွားသောအယူ။ လူ့အတွေးအခေါ်အလွဲများ။

lasciviousness: ထိန်းချုပ်နိုင်စွမ်းမရှိသော တပ်မက်မှု

Septuagint: ခရစ်တော်မပေါ်မီ နှစ်ပေါင်း ၂၀၀ လောက်မှာ ဓမ္မဟောင်းကို အပြီးအစီး ဂရိလို ပြန်ထားသောကျမ်း

## Introduction

ယောဟန် ပေတရု ယုဒ ဩဝါဒစာများဟာ မှားယွင်းတဲ့သွန်သင်ချက်တွေကားက ကွယ်ကာပြီး ခရစ် တော်ရဲ့မေတ္တာကို နက်ရှိုင်းစွာနားလည်ဖို့ သွန်သင်တယ်။ အသင်းတော်တိုးပွါးပြီး ရင့်ကျက်လာတဲ့ အခါ ရန်သူက အထဲရော အပြင်ကပါ တိုးပွါး တိုက်ခိုက်လာတယ်။ တမန်တော်တွေရဲ့သွန်သင်ချက် ကို မိစ္ဆာဆရာတွေက စိန်ခေါ်လာတယ်။ တမန်တော်တွေ က ဩဝါဒစာတွေရေးပြီး သမ္မာတရားလမ်း တိုင်း လျှောက်နိုင်ဖို့ ယုံကြည်ခြင်းမှာ မြဲမြံဖို့ ဘုရားသခင့်ဘုန်းတော်အတွက် တိုက်လှန်ဖို့ အားပေး ရတယ်။.

## THE LESSON

**(Know theme, recipients and reason of each book for the exam)**

### I. THE BOOK OF HEBREWS ဟေဗြဲဩဝါဒစာ

ဟေဗြဲဩဝါဒစာဟာ ပညတ်တရားနဲ့ ယုဒအယူအကြောင်း လွဲမှားတဲ့သွန်သင်ချက်တွေအပေါ်မှာ ခရစ်တော်ရဲ့ကြီးမြတ်မှုကို ကွယ်ကာရေးသားတယ်။ လူသားအားလုံးဟာ ဘုရား အမျက်တော် အောက်မှာ ရှိပြီး ခရစ်တော်ရဲ့ယဇ်ပူဇော်ခြင်းအားဖြင့် ဘုရားသခင့်ရှေ့တော်မှောက် လွတ်လပ်စွာ တိုးဝင်ခွင့်ရကြောင်း ထောက်ပြတယ်။ ခရစ်တော်ကို စေ့စေ့မျှော်ကြည့်ပြီး ညီအစ်ကိုချစ်ခြင်း ကောင်းမြတ်သောအသက်တာ၌ ကျင်လည်ဖို့ အားပေးတယ်။.

A.Writer, date, place:

ဟေဗြဲသြဝါဒစာကို ရေးသူအမည်မသိရပါ။ ရှင်ပေါလုလို့ ဆိုတတ်ကြပေမယ့် သက်သေ အသေအချာ မပြနိုင်ပါဘူး။ ကနဦးအသင်းတော်ဖခင်များက ရှင်ပေါလု ဗာနဗ လုကာClementတခြား တယောက် ယောက် ဖြစ်နိုင်တယ်လို့ဆိုတယ်။ Eastern Orthodox အသင်းတော်ကတော့ ရှင်ပေါလုရဲ့၁၄ စောင်မြောက် သြဝါဒစာလို့ လက်ခံကြတယ်။ ကျမ်းစာပညာရှင်များက အတွင်းရေးအပြင်ပါ အမျိုး မျိုး ဝေဖန်ကြပေမယ့် အတိအကျ ကောက်ချက်ချဖို့ ခက်တယ်။ နေရာနဲ့ အချိန်ကိုလည်း မသိနိုင် ဘူး။ A. D 60- 90 ကြားလို့ ယူဆရတယ်။ ဗိမ္မာန်တော်ဖြိုဖျက်ခြင်းအကြောင်း ဖေါ်ပြ တာမတွေ့ရပဲ ကနဦးအသင်းတော်ဖခင်  Clementရဲ့ပထမစာစောင်ထဲမှာ သုံးထားတာတွေ့ရတဲ့အတွက်  A. D. 90 မှာရေးတယ်လို့ ဆိုနိုင်တယ်။ တိမောသေ ထောင်မှ လွတ်ခါစလို့ ပြောတဲ့အတွက် (Hebrews 13:23)  A. D 60 လောက်လို့ ယူဆရတယ်။

B.Recipients:

Hebrews လူမျိုးများထံရေးတယ်။ ယခုခေတ် ကျမ်းစာပညာရှင်အနည်းစုက တပါးအမျိုးသားကို ရေးတာလို့  ငြင်းဆိုကြ ပေမယ့် ဂျူးလူမျိုးခရစ်ယာန်တွေကို ရေးတဲ့သက်သေက ပိုထင်ရှားတယ်။ တပည့်တော်တွေ ဟောပြောခြင်းအားဖြင့် ယုံကြည်လာကြသူတွေဖြစ်တယ်။ (Hebrews 2:3) ဒီစာဖတ်သူတွေဟာ ယုံကြည်ခြင်းတရားမှာ “babes” ကလေးငယ် တွေ မဟုတ်ဘူး။ (Hebrews 5:12,13) ရေးကာလမှာတော့ ဒီစာအုပ်ဟာ ယေရုရှလင်မြို့ယုံကြည်သူတွေကို ရေးတာ လို့ ယူဆရ တယ်။ ဒါပေမယ့် တခြားသက်သေခံ အများအပြားအရတော့ ရောမမြို့မှာရှိတဲ့ ဂျူးလူမျိုးယုံကြည်သူ (သို့) တခြား တပါးအမျိုးသား မြို့တမြို့ထံ နေထိုင်တဲ့ ယုံကြည်သူတွေကို ရေးတဲ့စာဖြစ်တာ ပိုထင် ရှားတယ်။ (Hebrews 13:24) မှာရေးတဲ့ နှုတ်ဆက်စကားက ဒီအချက်ကို ထောက်ခံတယ်။ တခြား သက်သေများကတော့  1. ဓမ္မဟောင်း ကိုးကားချက် ကျမ်းတွေဟာ Septuagint. မှ ကိုးကား ထုတ်ယူထားတယ်။, 2. ယေရုရှလင်ရှိ ယုံကြည်သူတွေဟာ ဆင်းရဲတယ်။ (Romans 15:26) ဟေဗြဲသြဝါဒစာမှာ ပါတဲ့လူတွေက ငွေကြေးအားဖြင့် တခြားသူတွေကိုပင် ကူညီနိုင် စွမ်း ရှိတယ်။ (Hebrews 6:10) , 3. (Hebrews 2:3) မှာ ဒီလူတွေဟာ တခြား သူတွေအားဖြင့် ခရစ်တော်ရဲ့တရားကို ကြားခဲ့ရတယ်။ (ယေရုရှလင်မြို့မှာ ယုံကြည်သူအများစုဟာ ခရစ်တော်ကို ကိုယ်တိုင်မြင်ဖူးခဲ့ ကြားခဲ့ဖူးသူတွေ ဖြစ် တယ်။) , 4. ယေရုရှလင်မှာရှိတဲ့ ဂျူးလူမျိုး ယုံကြည်သူ တွေဟာ သေသည့်တိုင်အောင် ယုံကြည်ခြင်းအတွက် ခံကြ ရတယ်။ ဟေဗြဲသြဝါဒ စာထဲမှ ယုံကြည် သူတွေကတော့ ဒီလိုမျိုး ခံစားရခြင်း မရှိသေးဘူး။ (Hebrews 12:4).

C.Reason:

ဂျူးလူမျိုးယုံကြည်သူအများစုဟာ ယုဒအယူဘက်ကို လှည့်ပြန်သွားတယ်။ အကြောင်းက ခရစ်ယာန် တွေ ညှင်းဆဲခံရလို့ ဖြစ်တယ်။ ဒီကျမ်းဟာ ပညတ်တရား ဗိမ္မာန်တော်နဲ့ ယဇ်ပရောဟိတ် အရာ ထက် ခရစ်တော်က သာလွန်ကြီးမြတ်ကြောင်းကို သိလာဖို့ ရင့်ကျက်လာဖို့ အားပေးတဲ့ ကျမ်းဖြစ် တယ်။.

D.Theme:

The superiority of Christ and the Christian’s walk. ခရစ်တော်ရဲ့ကြီးမြတ်မှုနဲ့ ခရစ်ယာန် အသက်တာ

E.Outline of Hebrews:

1.Chapters 1-4:13 – Christ, a superior person: ခရစ်တော်ဟာ ကြီးမြတ်သောပုဂ္ဂိုလ်

a. ပရောဖက်ထက် သာ၍မြတ်တယ်။ (1:1-3). "ရှေးလွန်လေပြီးသောအခါ ပရောဖက်များ အားဖြင့် ဘိုးဘေးတို့အား အထပ်ထပ် အနည်းနည်း ဗျာဒိတ်ပေးတော်မူသော ဘုရားသခင်သည် ဤနောက်ဆုံး ကာလအခါ မိမိသားတော် အားဖြင့် ငါတို့အား ဗျာဒိတ်ပေးတော်မူ၏။ ငါတို့အပြစ် များကို ကိုယ်တော်တိုင်အားဖြင့်သုတ်သင်ပယ်ရှင်းပြီးလျှင် မြင့်သောအရပ်မှာ လက်ျာတော်ဘက်မှာ ဘုန်းတန်ခိုးနှင့် ထိုင်တော်မူ၏။"

b. ကောင်းကင်တမန်တို့ထက် မြတ်တယ်။ (1:4-2:18) "သင်သည် ငါ့သားဖြစ်၏။ ယနေ့ပင် သင့် ကို ငါဖြစ်ဘွားစေပြီ ဟူ၍၎င်း၊ ငါသည် သူ၏အဘဖြစ်မည်။ သူသည်လည်း ငါ၏သား ဖြစ်လိမ့်မည် ဟူ၍၎င်း၊ အဘယ်မည်သော ကောင်းကင်တမန်ကို တခါမျှ မိန့်တော်မူသနည်း။ ငါတို့ ပြောဆိုသော နောက်ကပ်ကမ္ဘာကို အုပ်စိုးရသောအခွင့်ကို ကောင်းကင် တမန်တို့၌ အပ်ပေးရသည်မဟုတ်။" (Hebrews 1:5; 2:5).

c. မောရှေထက် သာ၍ မြတ်တယ်။ (3:1-4:13) "မောရှေသည် အစေခံကဲ့သို့ အိမ်တော် တအိမ် လုံး၌ သစ္စာစောင့်၏။ ခရစ်တော်မူကား သားတော်ကဲ့သို့ တအိမ်လုံး၌ အုပ်ချုပ်၍ သစ္စာစောင့်၏။" (Hebrews 3:5,6).

2. Chapters 4:14-10:18 – ကြီးမြတ်သော ယဇ်ပရောဟိတ်မင်း ခရစ်တော်

a. ပို၍ မြတ်သောအရာ (4:14-16) " . . ကောင်းကင်ဘုံထဲသို့ ကြွဝင်တော်မူသော ယဇ်ပရော ဟိတ်မင်း အကြီး တည်းဟူသော ဘုရားသခင်၏သားတော် ယေရှုသည် ငါတို့၌ ယဇ်ပရောဟိတ်မင်း ဖြစ်တော်မူသောကြောင့် . ." (Hebrews 4:14).

b. ပို၍မြတ်သော အရည်အချင်းများ (5:1-10) "ခရစ်တော်သည် ယဇ်ပရောဟိတ်မင်းအရာ၌ မိမိကိုမိမိ ချီးမြှောက်သည်မဟုတ်။ သင်သည် ငါ့သားဖြစ်၏။ ယနေ့ပင် သင့်ကို ငါဖြစ်ဘွားစေပြီဟု မိန့်တော်မူသောသူသည် ခရစ်တော်ကို ချီးမြှောက်တော်မူ၏။" (Hebrews 5:5,6) မေလခိဇေဒက် နည်းတူ ထာဝရယဇ်ပရောဟိတ်ဖြစ်သည်ဟု လာသတည်း။ ဉာဏ်မမှီတာကို သတိပေးပြီး (5:11-6:20) "စုံလင်ခြင်းသို့ တက်ကြကုန်အံ့။" (Hebrews 6:1).

c. ပို၍မြတ်သော ယဇ်ပရောဟိတ်အခွင့် priestly order (7:1-28) "ထိုယဇ်ပရောဟိတ်သည် ကိုယ်ခန္ဓာနှင့် စပ်ဆိုင်သောတရားအတိုင်း ခန့်ထားလျက်ရှိသည်မဟုတ်။ ထာဝရတရား၏ တန်ခိုး တော်အတိုင်း ခန့်ထားလျက်ရှိသတည်း။ . . ယေရှုမူကား နိစ္စထာဝရတည်သောကြောင့် မပြောင်း လဲသော ယဇ်ပရောဟိတ်အရာ၌ ခန့်ထားလျက်ရှိ၏။ ကာလ အစဉ် အသက်ရှင်သောကြောင့် သူတို့ ကို ကယ်တင်ခြင်းငှါ တတ်နိုင်တော်မူ၏။ ထိုသို့သော ယဇ်ပရောဟိတ်မင်းသည် သန့်ရှင်းစင်ကြယ် ၍ အညစ်အကြေးနှင့် ကင်းလွတ်လျက် အပြစ်ရှိသော သူတို့နှင့် မဆက်ဆံ ကောင်းကင်သား ပေါင်း တို့ထက် မြင့်မြတ်သောသူဖြစ်၍ ငါတို့နှင့် လျော်သင့်တော်မူ၏။" (Hebrews 7:16,24-26).

d. ပို၍မြတ်သော ပဋိညာဉ် (8:1-13) "ယေရှုသည် သာ၍မြတ်သောဂတိတော်တို့၌ တည်သော သာ၍မြတ်သော ပဋိညာဉ်တရား၏ အာမခံဖြစ်သည်နှင့်အညီ သာ၍မြတ်သော ဝတ်ပြုခြင်း အခွင့်အရာကို ရတော်မူ၏။" (Hebrews 8:6).

e. ပို၍ သန့်ရှင်းရာဌာနနှင့် ယဇ် (9:1-10:18) "ယခုမှာ လူ့လက်ဖြင့်မလုပ် ဤလောကဓါတ်နှင့် မစပ်ဆိုင်၊ သာ၍ကြီးမြတ်စုံလင်သောတဲတော်၌ နောက်မင်္ဂလာအကျိုးတို့၏ ယဇ်ပရောဟိတ်မင်း ဖြစ်သော ခရစ်တော်သည် ငါတို့အဖို့ ထာဝရရွေးနှုတ်ခြင်းကျေးဇူးကို ခံရ၍ ဆိတ်အသွေး နွားကလေး အသွေးနှင့်မဟုတ် မိမိအသွေးနှင့် သန့်ရှင်းရာဌာနထဲသို့ တခါထဲဝင်တော်မူ၏။ စုံလင်သောသူတို့သည် ထာဝရအကျိုးကျေးဇူးကို ရစေခြင်းငှါ တခါတည်း ယဇ်ပူဇော်ခြင်း အားဖြင့် ပြုတော်မူ၏။" (Hebrews 9:11,12; 10:14).

3. Chapters 10:19-13 – ယုံကြည်ခြင်းအားဖြင့် လျှောက်လှမ်းသော ခရစ်ယာန်အသက်တာ၏ ကြီးမြတ်မှု:

a. ယုံကြည်ခြင်းအတွက် အပြည့်အဝ စိတ်ချရမှု (Hebrews 10:19-11:40) "ထိုကြောင့် ညီ အစ်ကိုတို့ ယေရှု ၏ ကိုယ်ခန္ဓာတော်တည်းဟူသော ကုလားကာတော်အားဖြင့် ထိုသခင်ပြင်ဆင် တော်မူသော လမ်းသစ်တွင် ငါတို့သည်

သန့်ရှင်းရာဌာနထဲသို့ အသွေးတော်ကို အမှီပြု၍ အဆီး အတားမရှိ ဝင်ရသော အခွင့်ရှိသဖြင့်ရင်း . . ငါတို့သည် သစ္စာ နှင့်ပြည့်စုံသောသဘောရှိ၍ ဝိစိကိစ္ဆနှင့် ကင်းသော ယုံကြည် ခြင်း၌တည်လျက် စိတ်နှလုံးကို သံဝေဂတရားနှင့် လွတ် အောင် ပြန် ဖြေခြင်း ကိုယ်ကာယကိုလည်း ကြည်သာရေ၌ဆေးခြင်းရှိပြီးမှ အထံတော်သို့ တိုးဝင်ချဉ်းကပ်ကြကုန်အံ့။" (Hebrews 10:19,22)

b. ယုံကြည်ခြင်း၌ တည်ကြည်ခြင်း (Hebrews 12:1-29) "သင်တို့သည် ဇိအုန်တောင်သို့၎င်း အသက်ရှင်တော်မူသော ဘုရားသခင်၏မြို့တော်တည်းဟူသော ကောင်းကင် ယေရုရှလင်မြို့သို့၎င်း၊ အတိုင်းမသိများစွာသော ကောင်းကင် တမန် တို့၏ စည်းဝေးခြင်းသို့၎င်း ကောင်းကင်စာရင်း၌ ဝင်သော သားဦးတို့၏ အသင်းတော်သို့၎င်း ခပ်သိမ်းသောသူ တို့ကို တရားစီရင်တော်မူသော ဘုရားသခင်အထံတော်သို့၎င်း စုံလင်ခြင်းသို့ ရောက်သော သူတော်ကောင်းတို့၏ စိတ်ဝိညာဉ် တိုထံသို့၎င်း ပဋိညာဉ်တရားသစ်၏ အာမခံတည်းဟူသော ယေရှုထံတော်သို့၎င်း . . ထိုကြောင့် ငါ တို့သည် မလှုပ်နိုင် သော နိုင်ငံကိုရသည်ဖြစ်၍၊ ခန့်ညား ကြောက်ရွံ့သောသဘောနှင့် ဘုရားသခင်ကို လျောက်ပတ် စွာ ဝတ်ပြုနိုင်မည် အကြောင်း ကျေးဇူးတော်ကို စွဲလန်းကြကုန်အံ့။ ငါတို့ဘုရားသခင်သည် လောင်သောမီးဖြစ်တော်မူ၏။" (Hebrews 12:22,23,24,28,29)

c. ချစ်ကြဖို့ နှိုးဆော်ခြင်း ((Hebrews 13:1-17) " ညီအစ်ကိုချင်း ချစ်ခြင်းမေတ္တာ၌တည်ကြ လော့။" (Hebrews 13:1)

d. နိဂုံး (Hebrews 13:18-25)

F. Key verses and phrases:

1. "Better" ပို၍မြတ်သော (Hebrews 4:14-16; 12:1-2).
2. Chapter 11, key chapter on faith ယုံကြည်ခြင်းအကြောင်း ဖေါ်ပြသောအခန်း

G. Things to Think About:

ကျမ်းစာနဲ့ညီသော ဩဝါဒအားလုံး၏ အဓိကဇာတ်ချက်မှာ ခရစ်တော်၏ လုံလောက်မှုနှင့် ကြီးမြတ် မှုအကြောင်းဖြစ်သည်။ သင့်အသက်တာမှာ ဒီအချက်က အဓိက ဖြစ်ခဲ့ပြီလား။ နေ့စဉ်အသက်တာ မှာ ခရစ်တော်က လုံလောက် ကြောင်း ကြီးမြတ်ကြောင်း ဘယ်လိုနည်းနဲ့ သက်သေပြနိုင်သလဲ။?

## II. THE BOOKS OF PETER ပေတရုဩဝါဒစာများ

ညှင်းဆဲခံရသော ဂျူးလူမျိုးများကို သူတို့ရဲ့"roots" မူလအမြစ်များကို သတိရဖို့မျှော်လင့်ခြင်း အသစ်အတွက် တဖန် မွေးဖွားလာကြောင်းသိဖို့ ရေးသားတယ်။ ဝန်ခံတတ်သော စိတ်သဘောရှိပြီး နိုင်ငံ သားကောင်း အလုပ်သမားကောင်း သားသမီးကောင်းအဖြစ် အသက်ရှင်ဖို့လိုတယ်။ လမ်းလွဲသွန် သင်မှုများရှိနေချိန် အနာဂတ်တရားစီရင်ရေးကို မထီမဲ့မြင် ပြုနေချိန်မှာပင် ခရစ်ယာန်ကောင်းတို့ရဲ့အပြုအမူများနဲ့ ရင့်ကျက်လာဖို့ အားပေးတယ်။ သင်ယူပြီးတဲ့အရာတွေကို မေ့မပစ်ပဲ လုံ့လရှိရမယ်။ မှားယွင်းတဲ့သွန်သင်ချက်တွေကို သတိပြုဖို့ ရေးတယ်။.

### A. The book of 1 Peter

1. Writer, date, place:

ဒီကျမ်းကို ရှင်ပေတရုရေးတယ်။ (1 Peter 1:1) ဗာဗုလုန်မြို့မှရေးတယ်။ (1 Peter 5:13) ဗာဗုလုန်ဆိုတာ ရောမမြို့ကို အဲဒီခေတ်က တင်စားခေါ်လေ့ရှိတယ်။ရှင်ပေတရုရဲ့နောက်ဆုံး သောအချိန်များဟာ ရောမမြို့မှာ နေထိုင်ခဲ့တယ်။ ရောမမြို့မှာ A. D. 63 Nero ဘုရင်ရဲ့အကြီး ကျယ်ညှဉ်းဆဲမှုမတိုင်ခင် သူလည်း အသက်မပေးရခင်မှာ ရေးခဲ့ပုံရတယ်။ (about A.D. 67).

2. Recipients:

အရပ်ရပ်သို့ကွဲပြားသော ဧည့်သည်အာဂန္တုများ (သို့) ကွဲလွင့်နေသောခရစ်ယာန်များ

3. Reason:

တပါးအမျိုးသား လူ့အသိုင်းအဝိုင်းကြားမှာ ညှဉ်းဆဲခံရပေမယ့် ဘုရားဝတ်၌ မွေ့လျော်အသက်ရှင်ရန်။ ကဲ့ရဲ့ခြင်း ရှန်းရင်းဆန်ခတ်ဖြစ်ခြင်း အာဏာပိုင်တို့ညှဉ်းဆဲခြင်း လူမှုရေးနိပ်ကွပ်ခံရခြင်း စသည့် အချက်များ တွေ့ကြုံရလျှင်ပင် အခြေအနေများကို အောင်မြင်စွာဖြတ်ကျော်နိုင်ဖို့ သွန်သင်တယ်။.

4. Theme:

ယုံကြည်သူအသက်တာမှာတွေ့ရသော ဘုရားသခင်ရဲ့ကျေးဇူးတော်။ (1 Peter 5:12) က ဒုက္ခဆင်းရဲခြင်းထဲမှာပင် ဝမ်းမြောက်စေပြီး အခက်အခဲများကြားမှာ သစ္စာရှိစေတယ်။.

5. Outline of 1 Peter:

a. Chapters 1:1-2:12 – ကျေးဇူးတော်ကြောင့် ကယ်တင်ခြင်းရတယ်။ ကျေးဇူးတော်က အခြေအနေအရပ်ရပ်မှာ စောင့်ထိန်းပေးတယ်။

b. Chapters 2:13-3:12 - ကျေးဇူးတော်ကြောင့် ယုံကြည်သူက ဝန်ခံနိုင်တယ်။ "သင်တို့စိတ်နှလုံးကို ခါးပန်းစည်း၍ သမ္မာသတိရှိကြလော့။ ယေရှုခရစ်တော် ပေါ်ထွန်းတော်မူသောအခါ သင်တို့ဆီသို့ ရောက်လတံ့သောဆုကျေးဇူးကို အဆုံးတိုင်အောင် မြော်လင့်ကြလော့။ (l Peter 1:13)

c. Chapters 3:13-5:14 - ကျေးဇူးတော်ကြောင့် ဒုက္ခထဲမှာ တည်ကြည်နိုင်တယ်။ ဖြောင့်မတ်ခြင်းတရားကြောင့် ဒုက္ခရောက်တဲ့အခါ ဝမ်းမြောက်ရတယ်။ စိတ်နှလုံးကို ဘုရားသခင်က သန့်ရှင်းစေတယ်။ (ဘုရားကို ဦးထိပ်ထားတတ်လာတယ်။) မျှော်လင့်ခြင်းလည်းရှိလာတယ်။ ကိုယ်ခန္ဓာမှာ ဝေဒနာခံစားခဲ့ရတဲ့ ခရစ်တော်ရဲ့စိတ်ထားမျိုးရလာတယ်။ (1 Peter 3:14,15; 4:1).

6. Key verses and phrases:

Suffering for Christ ခရစ်တော်အတွက် ဒုက္ခခံခြင်း (1 Peter 1:10-12; 4:12-13) အခန်း ၄ ဟာ ဒုက္ခခံရစဉ် ဝမ်းမြောက်နိုင်ဖို့ ပုံသက်သေပြတဲ့ အဓိကအခန်းကြီးဖြစ်တယ်။.

7. Things to Think About:

ဘယ်လို ဒုက္ခဆင်းရဲခြင်းမျိုး သင်ခံစားဖူးသလဲ။ ဘုရားသခင်အလိုတော်ကို ဝန်ခံပြီး ဒုက္ခဆင်းရဲခြင်း က ကျေးဇူးတော်နဲ့ ကောင်းကြီးမင်္ဂလာဖြစ်ဖို့ သင် ဘယ်လိုနည်းနဲ့ ပြင်ဆင်မလဲ။?

## B. **The book of 2 Peter**

1. Writer, date, place:

ဒုတိယစောင်ကို ရှင်ပေတရု မရေးဘူးလို့ ပြောကြပေမယ့် ရှင်ပေတရု ရေးတယ်လို့ သက်သေထင် ရှားရှိတယ်။ (2 Peter 3:1) ပေတရု မသေခင်အချိန်လေးမှာ ရေးခဲ့ပုံရတယ်။ (2 Peter 1:14) A. D 64- 66 အတွင်းဖြစ်နိုင်တယ်။

2. Recipients:

Asia Minor ရှိယုံကြည်သူများ (See "recipients" of 1 Peter)

3. Reason:

မှားယွင်းတဲ့ဆရာတွေရဲ့သွန်သင်ချက်တွေဟာ အန္တရာယ်ရှိကြောင်း သတိပေးဖို့နဲ့ မှားယွင်းတဲ့ ဒုစရိုက်တွေကြောင့် လမ်းမလွဲပဲ ကိုယ့်ကိုကိုယ်ကာကွယ်နိုင်ဖို့ ရေးသားတယ်။ (2 Peter 3:17) ကျေးဇူးတော်နဲ့ သခင်ဘုရားကို သိကျွမ်းခြင်း တိုးပွါးဖို့လည်း နှိုးဆော်တယ်။ (2 Peter 3:18) ခရစ်ယာန် ယုံကြည်ခြင်းတရားရဲ့အခြေခံတွေကို ပြန်သတိရစေပြီး ခရစ်တော်ကြွလာတဲ့အခါ ခံစား ရမယ့် ဘုန်းအသရေနဲ့ တရားစီရင်ခြင်းကိုလည်း ပြောပြတယ်။.

4. Theme:

ကျေးဇူးတော်နဲ့ သိကျွမ်းခြင်းမှာ တိုးပွါးရင်း မှားယွင်းတဲ့ဆရာတွေကို ခုခံနိုင်ဖို့ ဘုရားသခင်ရဲ့အခြေခံတရားတွေကို သတိရဖို့.

5. Outline of 2 Peter:

a. Chapter 1 - ခရစ်ယာန်တယောက်ရဲပြုမူခြင်း တိုးပွါးခြင်း - ယုံကြည်ခြင်းဟာ ဘုရားဂတိတော်တွေ အပေါ်မှာ မူတည်တယ်။ နေ့စဉ်အသက်တာအားဖြင့် တိုးပွါးလာနိုင်တယ်။

b. Chapter 2 - မိစ္ဆာဆရာများကို အပြစ်တင်ခြင်း - အလွဲသွန်သင်သူတွေကို ဘုရားသခင် တရား စီရင်မယ်။ ရေမရှိတဲ့ တွင်း၊ မိုးရေမပါတဲ့တိမ်၊ လေနှင်ရာ လွင့်နေသူတွေဖြစ်တယ်။

c. Chapter 3- ခရစ်တော်ပြန်ကြွလာခြင်းအတွက် ယုံကြည်စိတ်ချခြင်း - အနာဂတ်အတွက် ဒီဇိုင်း။ ခက်ခဲတဲ့ကာလတွေ တွေ့ကြုံတဲ့အခါ လူတွေက ခရစ်တော်ကြွလာခြင်းကို မေးခွန်း ထုတ် လာတတ်တယ်။ ဘုရားက သူ့ဂတိကို စောင့် ထိန်းမယ်။ "ထာဝရဘုရားသည် ဂတိတော်အရာမှာ နေးတော်မမူ။ ငါတို့တွင် အဘယ်သူမျှမပျက်စီးပဲ ရှိသမျှတို့သည် နောင်တရစေခြင်းငှါ အလိုတော် ရှိ၍ ငါတို့ကို သည်းခံတော်မူ၏။ သူခိုးသည် ညအခါ လာသကဲ့သို့ ထာဝရဘုရား၏ နေ့ရက်သည် လာလိမ့်မည်။" (2 Peter 3:9,10) လမ်းလွဲကို ပါမသွားဖို့ ယုံကြည်သူတွေကို နှိုးဆော်တယ်။ "မတရားသောသူတို့၏ ပရိယာယ်အားဖြင့် သင်တို့သည်လည်း သွေးဆောင်ရာသို့ လိုက်၍ သင်တို့ တည်ကြည်ခြင်းမှ မရွေ့လျော့မည်အကြောင်း ဤအရာများကို သိနှင့်ပြီဖြစ်၍ ကိုယ်ကိုကိုယ် စောင့် ရှောက်ကြလော့။ ကျေးဇူးတော်၌၎င်း၊ ငါတို့ကို ကယ်တင်တော်မူသော အရှင် သခင်ယေရှုခရစ်ကို သိကျွမ်းခြင်းငှါ ကြီးပွါးကြလော့။ ထိုသခင်သည် ယခုမှစ၍ ထာဝရနေ့ရက် ကာလပတ်လုံး ဘုန်း အသရေရှိတော်မူစေသတည်း။ အာမင်။" (2 Peter 3:17,18)

6. Key verses and phrases:

မိစ္ဆာဆရာများကို ရင်ဆိုင်၍ ကြီးထွားရင့်ကျက်ကြရမယ်။ (2 Peter 1:20,21; 3:9-11).

7. Things to Think About:

*a.* ဘုရားနှုတ်ကပတ်တော်ရဲ့ဂတိတော်များအပေါ်မှာသာ သင့်ယုံကြည်ခြင်းကိုစိတ်ချစွာ တည်နေရဲ့လား။ အနာဂတ်အတွက် မျှော်လင့်ခြင်းကို ဘယ်ကျမ်းချက်တွေက သင့်ကိုပေးသလဲ။

*b.* ကျေးဇူးတော်၌ ကြီးပွါးပြီး လွဲမှားမှုများကို သတိထားဖို့ ရှင်ပေါလု သွန်သင်တယ်။ အမှားအယွင်း ကို ဘယ်လို ဆန်းစစ်နိုင်မလဲ။ နှုတ်ကပတ်တော်ကို သိကျွမ်းခြင်းဖြင့် ယုံကြည်ခြင်း၌ ဘယ်လို ကြီးထွားနိုင်မလဲ။

## III.THE BOOKS OF JOHN ရှင်ယောဟန်ဩဝါဒစာများ

ဘုရားသခင်နဲ့ စစ်မှန်သော မိတ်သဟာယဖွဲ့ခြင်းရဲ့သန့်ရှင်းစင်ကြယ်မှုနဲ့ မှားယွင်းတဲ့ သွန်သင် ချက်တွေကို ဆန့်ကျင်တတ်ဖို့ ရှင်ယောဟန် ရေးတယ်။ အလင်းမှာ ကျင်လည်ခြင်းအကြောင်းကို - 1. နာခံခြင်းအားဖြင့် အပြစ်နဲ့ ကင်းရှင်းစွာနေဖို့ ။ 2. မိတ်သဟာယဖွဲ့ခြင်းဖြင့် အလင်းမှာ ကျင်လည်ဖို့။ 3. ဘုရားသခင်နဲ့ မိတ်သဟာယဖွဲ့ဖို့။ ပုန်ကန်တဲ့သူ မနာခံတဲ့သူတွေနဲ့ မိတ်သဟာယ မဖွဲ့ဖို့ ပြောတယ်။ ရှင်ယောဟန်ဩဝါဒစာ ပဌမစောင်မှာ ဘုရားနဲ့ မိတ်သဟာယဖွဲ့ဖို့ ပြောတယ်။ ဒုတိယမှာ မှားယွင်းတဲ့ဆရာတွေနဲ့ မပေါင်းဖေါ်ဖို့ ပြောတယ်။ တတိယစောင်မှာ ခရစ်ယာန် ညီ အစ်ကို အချင်းချင်း မိတ်သဟာယဖွဲ့ဖို့ ပြောတယ်။.

A.**The epistle of 1 John**

1.**Writer, date, place:**

ရေးသူဟာ ယေရှုချစ်သော တပည့်တော် ယောဟန်လို့ အများထင်ကြတယ်။ ရှင်ယောဟန် ခရစ်ဝင် ကျမ်းနဲ့ ဗျာဒိတ်ကျမ်းအပြင် အခု ဩဝါဒစာ၃စောင်ကို ရေးတယ်။ ဖေက်မြို့မှာနေစဉ် အသက်ကြီးမှ ရေးတာဖြစ်တယ်။ (probably between A.D. 80 and 90).

2.**Recipients:**

ပထမဩဝါဒစာက တရားဟောချက်ပုံစံရေးပြီး Asia Minor ရှိ အသင်းတော်များကို ရည်ရွယ်ပုံရ တယ်။

3.**Reason:**

ယေရှုချစ်သော တပည့်တော်ယောဟန်ဟာ ချစ်သားတို့လို့ လိပ်စာတတ်ပြီး သင်းအုပ်တယောက်ရဲ့ချစ်ခြင်းနဲ့ စာရေးတယ်။ Gnostics ဆိုတဲ့ လွဲမှားတဲ့ သွန်သင် တိုက်ခိုက်မှုတွေကြားမှာ သစ္စာရှိစွာ တည်နေနိုင်ဖို့ ရေးတယ်။.

4.**Theme:**

ဘုရားသခင်နဲ့ မိတ်သဟာယဖွဲ့ မှားယွင်းတဲ့ သွန်သင်ချက်တွေကို ထောက်ပြ စကားပြောရုံမျှသာ မဟုတ်စေနဲ့။ ခရစ်တော်၌ တည်နေသူတွေဟာ ခရစ်တော်ကို ယုံကြည်စိတ်ချလို့ ရတယ်။ ဘုရား သခင်နဲ့ မိတ်သဟာယဖွဲ့ပြီး စစ်မှန်တဲ့ မိတ်သဟာယနဲ့ ဆိုင်တဲ့ အခြေခံအချက်တွေကိုလည်း ပြောပြ တယ်။ (1 John 1:1-2:27) မိတ်သဟာယ ဖွဲ့ခြင်းရဲ့ အပြုအမူတွေကို လည်း ပြတယ်။ (1 John 2:28-5:21).

5.**Outline of 1 John:**

a. Chapters 1:1-4 – သခင်ယေရှုတည်းဟူသော ခရစ်တော်ကို မြင်ခဲ့ကြားခဲ့ရတဲ့ အတွေ့အကြုံ ကို အခြေခံပြီး စရေးတယ်။.

b. Chapters 1:5-2:27 – ယုံကြည်ခြင်းအတွက် လိုအပ်သောအချက်များ.

1. အလင်း၌ကျင်လည်ပါ (1 John 1:5-7)
2. အပြစ်ကိုဝန်ခံပါ။ (1 John 1:8-2:2)
3. ပညတ်တော်ကို စောင့်ထိန်းပါ။(1 John 2:3-7)
4. ညီအစ်ကိုချင်းကို ချစ်ပါ။ (1 John 2:8-11)
5. လောကနဲ့ လောကမှာရှိတဲ့အရာကို မချစ်ပါနဲ့။ (1 John 2:12-17)
6. အရင်ကသင်ခဲ့ဖူးတဲ့ဩဝါဒကို စောင့်ထိန်းပါ။
7. အန္တိခရစ်တွေရဲ့လှည့်ဖျားခြင်းကိုမခံနဲ့။ (1 John 2:18,19)
8. ဝိညာဉ်တော်ရဲ့သွန်သင်မှုကို နားထောင်ပါ။ (1 John 2:16-27)

c. Chapters 2:28-5:21 – The behavior of fellowship. မိတ်သဟာယဖွဲ့ခြင်း။

1. မိတ်သဟာယဖွဲ့ခြင်းရဲ့သဘာဝ (1 John 2:28-5:3) ကိုယ်တော်၌တည်နေပါ (1 John 2:28,29) ကိုယ်တော်ကို မြော်လင့်ပါ။(1 John 3:1-3) အပြစ်မပြုနဲ့ ကောင်းတာလုပ်ပါ။ (1 John 3:4-9) ညီအစ်ကိုလျင်းကို သမ္မာတရား၌ လက်တွေ့ကျကျ ချစ်ပါ။ (1 John 3:10-18) စိတ်နှလုံးဖြူစင်ပါ။ ပညတ်တော် လိုက်နာပါ။ ယုံကြည်စွာဆုတောင်းပါ။ (1 John 3:19-24) စိတ်ဝိညာဉ်တွေဟာ ဘုရားနဲ့ ဆိုင်တယ်မဆိုင်ဘူး ဆန်းစစ်ပါ။ (1 John 4:1-6) ဘုရားသခင်က ချစ်ခြင်း မေတ္တာဖြစ်တဲ့အတွက် တယောက်နဲ့ တယောက်ချစ်ပါ။ (1 John 4:7-5:3)
2. မိတ်သဟာယဖွဲ့ခြင်းရဲ့အကျိုးဆက် (1 John 5:4-2 1 ) ယုံကြည်ခြင်းအားဖြင့် လောကကို အောင်မြင်ခြင်း (1 John 5:4-5) ထာဝရအသက်ရကြောင်း ဝိညာဉ်တော်က စိတ်နှလုံးထဲ မှာ ဖေါ်ပြတယ်။ (1 John 5:6-12) ကယ်တင်ခြင်းစိတ်ချမှုရှိတယ်။ (1 John 5:13) ဆုတောင်းချက်အဖြေရတယ်။ (1 John 5:14-17) ဘုရားနဲ့ စပ်ဆိုင်တာ သေချာပြီ ဘုရားကိုသိတယ်။ (1 John 5:18-21)

6. **Key verses and phrases:** အဓိကကျမ်းချက်များနဲ့ စကားစုများ

Fellowship (1 John 1). ရှင်ယောဟန်ခရစ်ဝင်ကျမ်းမှာ မိတ်သဟာယဖွဲ့ခြင်းရဲ့positive side အကောင်းဘက်က ကြည့်တယ်။ ခရစ်တော်၌တည်နေပါ။(John 15) ပထမသြဝါဒစာစောင်မှာ negative side အဆိုးဘက်က ကြည့်မြင်တယ်။ (သို့) ခရစ်တော်ဘက်က မတည်မနေ ဆိုတဲ့ အမြင်ဘက်က ကြည့်တယ်။ ဝန်ချတောင်းပန်ခြင်းနဲ့ အပြစ်ခွင့်လွှတ်ခြင်းအကြောင်း ( အသစ်တဖန် မိတ်သဟာယဖွဲ့ဖို့အတွက်) (1 John 1:3-4; 5:11-13).

B. **The book of 2 John** ရှင်ယောဟန်သြဝါဒစာ ဒုတိယစောင်

1. **Recipients:**

မြတ်သောသခင်မနဲ့ သားသမီးတို့ လို့ လိပ်စာတတ်တယ်။ ဒါဟာ ထင်ရှားတဲ့အမျိုးသမီးနဲ့ သူ့မိသားစု လို့ တချို့က ယုံ□ကည်ကြပြီး တချို့ကတော့ အသင်းတော်တပါးပါးကို တင်စားခေါ်တာလို့ ယုံကြည် ကြတယ်။.

2. **Reason:**

မှားယွင်းတဲ့ဆရာတွေအကြောင်း သတိပေးဖို့ ရေးတယ်။ အလွဲအမှားတွေကို သွန်သင်နေပြီး အသင်းတော်မှ ခွဲထွက်သူ တွေအကြောင်း ပြောတယ်။ "ငါတို့ထံမှ ခွါသွားကြပြီ။ ငါတို့နှင့်မဆိုင်" (1 John 2:19) မှားယွင်းတဲ့ဆရာတွေဟာ ခရီး သွားနေတယ်။ အိမ်တွေမှာ လာတည်းတယ်။ မှားယွင်းချက်တွေကို ဖြန့်ဝေနေကြတယ်။.

3. **Theme:**

ခရစ်တော်ရဲ့ပညတ်တော်အတိုင်း လိုက်လျှောက်ပါ။ တမန်တော်တွေရဲ့သွန်သင်ချက်အတိုင်း သန့်ရှင်းစွာ လက်တွေ့အသက်ရှင်ပါ။ သမ္မာတရားကို မသွန်သင်သူတွေနဲ့ မပေါင်းဖေါ်ပါနဲ့။.

4. **Outline of 2 John:**

a. အငယ် ၁- ၆ ပညတ်တော်ကို နားထောင်ပြီး ဘုရားသခင်နဲ့အတူ လျှောက်လှမ်းပါ။ ချစ်ခြင်း မေတ္တာ၌ ကျင်လည်ပါ။ "ပညတ်တော်တို့အတိုင်း ကျင့်စောင့်ခြင်းအရာသည် ချစ်ရာရောက်၏။" (2 John 6).

b. အငယ် ၇- ၁၃ - သမ္မာတရားကို မသွန်သင်သူတွေနဲ့ မပေါင်းဖေါ်နဲ့။ "ခရစ်တော်၏ ဒေသနာ၌ မတည်ဘဲ လွန်ကျူးသောသူမည်သည်ကား ဘုရားသခင်ကို မသိ။ ခရစ်တော်၏ ဒေသနာ၌ တည်သောသူသည် ခမည်းတော်နှင့် သားေ

တာ် ကိုသိ၏။ သင်တို့ထံသို့လာလျှင် သူ့ကို သင့်အိမ်၌ လက်မခံနှင့်။ မင်္ဂလာရှိစေသောဟု နှုတ်မဆက်နှင့်။" (2 John 8).

5. Key verses and phrases:

Truth and love, သမ္မာတရားနဲ့ ချစ်ခြင်းမေတ္တာ verses 9-10

C. **The book of 3 John** ရှင်ယောဟန်ဩဝါဒစာ တတိယစောင်

1. **Recipient: Gaius**

2. **Reason:**

သမ္မာတရားကိုလိုက်လျှောက်ပြီး ညီအစ်ကိုချင်းကို ချစ်ဖို့အတွက် ဂါယုကို မှာကြားတယ်။ သူ့ရဲ့ဧည့်ဝတ် ကျေပွန်မှုကို လည်း ပြသစေတယ်။ အမှုတော်ဆောင်တွေကို ဂါယု ဆက်လက် ထောက် ပံ့ဖို့ တိုက်တွန်းတယ်။ Diotrephes ကို ပြစ် တင်တယ်။ Demetrius ကို ချီးကျူးတယ်။ ရှင်ယောဟန် ရဲ့လာမယ့်ခရီးစဉ်အတွက် ဂါယုကို အသိပေးတယ်။.

3. **Theme:**

ဂါယုရဲ့သမ္မာတရား ချစ်ခြင်းမေတ္တာနဲ့ ဧည့်ဝတ်ကျေပွန်ခြင်းကို Diotrephes ရဲ့အတ္တကြီးမှု မာနကြီးမှု နဲ့ ယှဉ်ပြတယ်။.

4. **Outline of 3 John:**

a. Verses 1-8 – Commendation of Gaius ဂါယုကိုချီးမွမ်းခြင်း

b. Verses 9-13 – Condemnation of Diotrephes Diotrephes ကို ပြစ်တင်တယ်။

5. **Key verses and phrases:**

Fellowship with other believers, တခြားယုံကြည်သူများနဲ့ မိတ်သဟာယဖွဲ့ပါ။ 3 John 11

D. **Things to Think About:**

*1.* ခရစ်တော်မှာတည်ပြီး အလင်းမှာ ကျင်လည်ကာ မိတ်ဆွေဖွဲ့ရတယ်။ ဘုရားသခင်နဲ့ အတူ မလျှောက်လှမ်းရင် ဘာလုပ်ဖို့လိုမလဲ။ အပြစ်ဝန်ချ တောင်းပန်တတ်ရဲ့လား။ ဝန်မချပဲ ထားတဲ့ အပြစ် ရှိသလား။

*2.* ခရစ်တော်၌ တည်တဲ့သူအတွက်ထားတဲ့ ဂတိကို ပြောပြပါ။ ကယ်တင်ခြင်း စိတ်ချမှုရှိကြောင်း ဘယ်လိုသိနိုင်သလဲ။

*3.* ခရစ်တော်ကြွလာခြင်းကို မျှော်လင့်ခြင်းက လူတယောက်ကို ဘယ်လိုစင်ကြယ်စေနိုင်သလဲ။ ဘယ်လို စင်ကြယ်စေ ခြင်းက သင့်မျှော်လင့်ခြင်းကို အကျိုးရှိစေမလဲ။

IV. **THE BOOK OF JUDE** ရှင်ယုဒဩဝါဒစာ

မနာခံတဲ့ ဣသရေလလူမျိုး၊ ကျဆင်းတဲ့ ကောင်းကင်တမန်များ၊ သောဒုံနဲ့ ဂေါမောရ၊ ကာဣန၊ ဗာလမ်နဲ့ကောရတို့ အပေါ်ဘုရားသခင်ရဲ့တရားစီရင်ခြင်းအကြောင်းကိုရှင်ယုဒက ပြန်သတိပေး တယ်။ ယုံကြည်ခြင်း၊ သန့်ရှင်းခြင်း၊ စင်ကြ ယ်ခြင်းအားဖြင့် အသက်တာကို တည်ဆောက်လျှက် ပြစ်တင်မခံရဖို့ နှိုးဆော်တယ်။.

A.**Writer, date, place:**

ရှင်ယုဒဟာ ယေရုရှလင်မြို့ရဲ့သင်းအုပ်ဆရာ ရှင်ယာကုပ်ရဲ့ညီဖြစ်တယ်။ တမန်တော် ၁၂ ပါးအဝင် မဟုတ်နိုင်ဘူး။ ဒါပေမယ့် သခင်ယေရှုရဲ့ညီတော်ဖြစ်တဲ့ Matthew 13:55 and Mark 6:3 မှာ တွေ့ရတဲ့ ယုဒ ဖြစ်နိုင်တယ်။ တချို့ကျမ်းစာပညာရှင်တွေက သဒ္ဒဲဆိုတဲ့ နာမည်နဲ့ တွဲပြီး သူ့ကို ခေါ်ကြတယ်။(Matthew 10:3,4; Mark 3:18,19; Luke 6:16) ဒါကလည်း သက်သေ ထင်ရှား မှုတော့ မရှိဘူး။.

B.**Recipients:**

ဘယ်သူ့ကို ရေးမှန်း အသေအချာ မခွဲနိုင်ဘူး။ ဒါပေမယ့် ကိုယ်ကျင့်တရားပျက်ယွင်းပြီး တပ်မက်တဲ့ မာနကြီးတဲ့ သွေးခွဲတဲ့မိစ္ဆာဆရာတွေရဲ့သွန်သင်မှုအောက် ရောက်နေသူတွေကို ရည်ရွယ်တာတော့ ထင်ရှားတယ်။.

C.**Reason:**

ရှင်ယုဒက ကယ်တင်ခြင်းအကြောင်းကို သင်ပြဖို့ ဆန္ဒရှိပေမယ့် အခြေအနေတွေက မှားယွင်းတဲ့ ဆရာတွေအကြောင်း ရေးဖို့ဖြစ်လာတယ်။ (Jude 1,3,4) မှားယွင်းတဲ့ဆရာတွေ တိုက်ခိုက်နေတဲ့ တမန်တော်တွေရဲ့ယုံကြည်ခြင်းကို ကာကွယ်ရေးသားရတယ်။ Gnosticismရဲ့ရေးပုံစံ (ကောလော သဲမြို့မှာ ရှင်ပေါလု တိုက်ခိုက်ခံရပုံ) ဟာ အသင်းတော်ထဲကို တွားသွား ဝင်ရောက်လာတယ်။ အဲဒီ သွန်သင်ချက်က ရုပ်ဝတ္ထုမှန်သမျှဟာ မကောင်းဘူး။ ဝိညာဉ်အရာ မှန်သမျှဟာ ကောင်းတယ်။ ကိုယ်ခန္ဓာက ကိုယ်ကြိုက်တာလုပ်နိုင်တယ်။ လူတွေက စည်းကမ်းမရှိ ဖြစ်ခြင်းရာဖြစ် အသက်ရှင် လာတယ်။ ဒီလို ပျက်စီးနေတဲ့အခြေအနေမှာ ယုံကြည်ခြင်းတိုးပွါးပြီး ယုံကြည်ခြင်းနဲ့ သမ္မာတရားကို ကာကွယ်စောင့်ရှောက်ဖို့ လိုလာတယ်။.

D.**Theme:**

ယုံကြည်ခြင်းဘက်က ခုခံကာကွယ်ရမယ်။ Earnestly contend for the faith.

E.**Outline of Jude:**

1. အငယ် ၁- ၄ - ပြဿနာ။ ဘုရားမဲ့ ခရစ်တော်ကိုငြင်းပယ်ပြီး တပ်မက်စွာ အသက်ရှင်သူများ
2. အငယ် ၅- ၁၆ - မှားယွင်းတဲ့ဆရာတွေရဲ့အဆုံး။ နောက်ဆုံးတရားစီရင်ရာနေ့မှာ ငရဲမီးအိုင်မှာ သံကြိုးနဲ့ ချည်နှောင်ပြီး ချခံရမယ့်အကြောင်း သတိပေးတယ်။ ဣသရေလအမျိုးရဲ့ရန်သူများ ကျဆင်းတဲ့ ကောင်းကင်တမန်များ သောဒုံဂေါမောရအကြောင်း ဖေါ်ပြတယ်။ (Jude 5-7) မှားယွင်းတဲ့ ဆရာများအကြောင်း။ ကိုယ်ခန္ဓာ အသွေးအသား အားဖြင့် ညစ်ညူးပြီး ယောင်ရမ်းနေ တဲ့သူ၊ ကောင်းမွန်တဲ့အရာတွေကို ဆန့်ကျင်ဘက်ပြောဆိုနေသူ နားမလည်တာ တွေကို ဆန့်ကျင် ပြောဆိုနေသူ၊ ဖျက်ဆီးတတ်တဲ့ သားရဲတိရိစ္ဆာန်၊ လောဘတပ်မက်သူ၊ ကာဣနရဲ့လမ်းကိုလိုက်သူ၊ ဗာလမ်နဲ့ ကောရတို့လိုလူ။ စားသောက်ပွဲကို ညစ်ညူးစေသူ၊ ရေမပါတဲ့ မိုးတိမ်၊ အသီးမသီးတဲ့သစ် ပင်၊ လှိုင်းတံပိုးလိုလူ၊ ညည်းတွား မြည်တမ်းသူ၊ အပစ်တင်ကဲ့ရဲ့သူ၊ ကြွားဝါသူ။
3. အငယ် ၁၇- ၂၃ ယုံကြည်သူများကို နိုးဆော်ခြင်း။ ခရစ်တော်ရဲ့တမန်တော်တွေ သတိပေးခဲ့တဲ့ စကားကို သတိရရမယ်။ သန့်ရှင်းသောယုံကြည်ခြင်းမှာ ကိုယ့်ကိုကိုယ် တည်ဆောက်ရမယ်။ သန့်ရှင်းသော ဝိညာဉ်တော်အားဖြင့် ဆုတောင်းရမယ်။ ဘုရားသခင်ရဲ့ချစ်ခြင်းမေတ္တာ၌ တည်နေရ မယ်။ ခရစ်တော်ရဲ့ချစ်ခြင်းမေတ္တာနဲ့ ထာဝရအသက်ကို တည်ရမယ်။

4. အငယ် ၂၄- ၂၅ ယုံကြည်သူအတွက် စိတ်ချမှု။ ချွေလျော့ခြင်းမှ မချွေလျော့အောင် ဘုရားသခင် စောင့်ထိန်းနိုင်တယ်။ ဘုရားသခင်ထံ အပြစ်ကင်းတဲ့ သင့်အသက်တာကို ဆက်သပေးနိုင်တယ်။

F. **Key phrases and verses:**

1. Earnestly contend for the faith ယုံကြည်ခြင်းတရားဘက်မှာ ကြိုးစား၍ တိုက် လှန်ခြင်း။ (verse 3)
2. ထာဝရအသက်အတွက် သခင်ယေရှုခရစ်ရဲ့ ဂရုဏာကို မျှော်လင့်ပြီး ဘုရားသခင်ရဲ့ ချစ်ခြင်း မေတ္တာ၌တည်နေပါ။ (verses 21,24,25).

G. **Things to Think About:**

1. မှားယွင်းတဲ့ဆရာတွေနဲ့ အဆက်အသွယ်ရှိသလား။ သူတို့တရား နားထောင်သလား။ သူတို့ကို ဘယ်လိုသိနိုင်သလဲ။ ဘယ်လိုတုံ့ပြန်မလဲ။
2. ခရစ်တော်နဲ့အတူ လျှောက်လှမ်းသူတွေဟာ ယုံကြည်ခြင်းမှာ ဆက်လက်တည်ဆောက်နေပြီး ဘုရားသခင်ရဲ့နှုတ်ကပတ်တော်ကို ပိုမိုသိကျွမ်းလာကြတယ်။ ယုံကြည်ခြင်းတရားဘက်မှာ ကြိုးစား၍ တိုက်လှန်ဖို့အတွက် ဘာတွေလုပ်ရမလဲ။

## Exam - Lesson 26

Name________________________________________________________________

Address_____________________________________________________________

Multiple choice (Circle only one letter as the correct answer unless otherwise indicated. You may use your Bible when so indicated, but we trust you not to look up the answer in the lesson.)

1. What is essential to the purity and preservation of the Church? (value 4 points) အသင်းတော် သန့်ရှ င်းဖို့ ထိမ်းသိမ်းစောင့်ရှောက်ဖို့ မည်သည့်အချက်က အရေးကြီးသနည်း

   a) a proper understanding of the culture and circumstances of the day ယဉ်ကျေးမှု ပစ္စက္ခအခြေအနေကို နားလည်သဘောပေါက်ခြင်း

   b) a proper understanding of the conflict between right and wrong as viewed by the church အသင်းတော်မှ ရှုမြင်သော အမှန်အမှားသုံးသပ်ချက်၏ဝိဝါဒကွဲပြားမှုများကို နားလည်ခြင်း

   c) a proper understanding of the warfare between truth and error, and God's prevailing power အမှန်နှင့်အမှား၊ဘုရားရှင်၏အာဏာတန်ခိုးအကြားပဋိပက္ခကို မှန်ကန်စွာ နားလည်ခြင်း

2. What does this section of Hebrews through Jude deal with primarily? (value 4 points) ဟေဗြဲမှယုဒအထိ ကျမ်းသည် မည်သည့်အကြောင်းပြောထားသနည်း

   a) It deals with conversion and early days of the church. အသက်တာပြောင်းလဲခြင်းနှင့် ကနဦးအသင်းတော် အကြောင်းပြောထားသည်

   b) It deals with strengthening the church for the last days. နောက်ဆုံးသောကာလတွင် အသင်းတော် ခွန်အား ရှိရေးအတွက်ပြောထားသည်

   c) It deals with Paul's missionary journeys. ရှင်ပေါလု၏သာသနာပြုခရီးစဉ် အကြောင်း ပြောထားသည်

3. What does the writer of the book of Hebrews defend? (value 4 points) ဟေဗြဲ ကျမ်းက မည်သည့် အေကာင်း ကို ကာကွယ်ထားသနည်း

   a) the superiority of Christ ခရစ်တော်တန်ခိုးကြီးမြတ်ကြောင်း

   b) the importance of the Jewish law ယုဒပညတ်တော်များ၏အရေးကြီးပုံအကြောင်း

   c) the rights of the Gentiles တပါးအမျိုးသားတို့ ၏ အခွင့်အရေးများအကြောင်း

4. Of what does Peter remind suffering Jewish Christians? (value 4 points) ဆင်းရဲခံနေရ သော ယုဒယုံကည်သူ များကို ပေတရုက မည်သို့ သတိပေးထားသနည်း

a) to remember the trials of their forefathers in the wilderness ရှေးဘိုးဘေးများ တောနက် တွင် ဆင်း ရဲခံရပုံ
b) to remember the living hope into which they are born ဒုတိယမွေးခြင်းဖြစ်သော အသက်ရှင်သော မျှော်လင့် ခြင်းကို သတိရရန်
c) to remember the law and the prophets ပညတ်တော်နှင့်ပရောဖက်များကို သတိရရန်

5. What does John talk about primarily? (value 4 points) ရှင်ယောဟန်က မည်သည့် အကြောင်းကို အဓိက ထား ပြောသနည်း

a) warnings of apostasy ဘာသာမဲ့များကို သတိပေးခြင်း

b) qualifications of a pastor သင်းအုပ်၏အရည်အချင်း

c) the purity of true fellowship စစ်မှန်သော မိဿဟာယဖွဲ့ ခြင်း၏သန့် ရှင်းခြင်း

6. What did Jude find more necessary to write about instead of salvation? (value 4 points) ရှင်ယုဒသ ည် ကယ်တင်ခြင်းအစား မည်သည့်အကြောင်းကိုရေးဖို့ ပိုမိုအားသန်သနည်း

a) to encourage the suffering Jewish Christians ဆင်းရဲခံရသော ယုဒခရစ်ယာန်များအား ခွန်အားပေးရန်

b) warnings about apostasy and false teachers ဘာသာမဲ့များနှင့်မိစ္ဆာဝါဒီများကို သတိပေးရန်

c) about the problems of returning to the law ပညတ်တော်အောက်ပြန်လှည့်လာခြင်း၏ ပြဿနာများ

7. Why did Peter write his first epistle? (value 4 points) ပေတရုက သူ၏ပဌမအကြိမ်ဩဝါဒစာကို အဘယ်ေ ကာင့် ရေးသနည်း

a) because the believers in Rome were confused about how to live a Christian life ရောမမြို့ ရှိ ယုံ ကြည်သူ များသည် ခရစ်ယာန်အသက်တာဖြင့်မည်သို့ နေထိုင်ရမည်ကို မသိသောကြောင့်
b) because Christians living a godly life in a pagan society were under much local persecution ရုပ်တု ဆင်းတုကိုးကွယ် သူများကြားတွင် ခရစ်ယာန်များကောင်းစွာနေထိုင်ရန်ခက်ခဲသောကြောင့်
c) because the Nicolaitans and other false teachers were destroying the faith of many believers နိကောလေတန်နှင့်အခြားသောမိစ္ဆာဆရာများက ယုံကြည်သူများစွာ၏အသက်တာကို ဖျက်ဆီးနေသောကြော င့်

8. Who wrote the book of Hebrews? (value 4 points) ဟေဗြဲဩဝါဒစာကို မည်သူရေး သနည်း

a) Paul ပေါလု

b) Peter ပေတရု

c) No one knows for sure. အသေအချာမသိ

9. What was the primary reason why these last epistles of the New Testament were written? (value 4 points) ဓမ္မသစ်ကျမ်းတွင်ဤနောက်ဆုံးသော ဩဝါဒစာများရေးရသည်မှာ မည်သည့်အတွက်ကြောင့်နည်း

a) to encourage evangelization and growth in the church အသင်းတော်ကြီးထွားရန်နှင့်ဧဝံဂေလိလုပ်ငန်းကို အားပေးရန်
b) to encourage purity in the church and separation from evil အကုသိုလ်တရားများမှပယ်ရှားပြီး အသင်းတော်တွင် သန့် ရှင်းသူများဖြစ်ဖို့ ခွန်အားပေးရန်
c) to encourage keeping of the law and unity of the churches ပညတ်တော်စောင့်ခြင်း၊အသင်းတော်စည်းလုံး ခြင်းကို ခွန်အားပေးရန်

10. When did enemy attacks from within and without the church increase? (value 4 points) အသင်းတော် မကြီးထွားရေးအတွက် အသင်းတော်အတွင်းနှင့် အသင်းတော်ပြင်ပရှိရန် သူများက မည်သည့်အခါတိုက်ခိုက်သနည်း

a) as the church became more involved in political affairs အသင်းတော်သည် နိုင်ငံရေး ကိစ္စများတွင်ပိုမိုပါဝင် သည့်အခါ
b) as the church weakened and became more corrupt အသင်းတော်အားနည်းပြီး ပျက်စီးလာသောခါ
c) as the church grew and matured အသင်းတော်ရင့်ကျက်ပြီးကြီးထွားလာသောခါ

11. What did false teachers and apostates of this period challenge? (value 4 points) ယနေ့ ကာလတွင် မိစ္ဆာ ဆရာများနှင့်ဘာသာမဲ့များ၏စိမ်ခေါ်ချက်များကား အဘယ်နည်း

a) the validity of the Pauline epistles ရှင်ပေါလုရေးခဲ့သော ဩဝါဒစာစောင်များ
b) the apostolic doctrine တမန်တော်များ၏ဩဝါဒ
c) the Septuagint ဓမ္မဟောင်း ဂရိဘာသာကျမ်းများ

12. As the apostles wrote letters to refute erroneous doctrines, what did they encourage believers to do? (value 4 points) တမန်တော်များအနေဖြင့် မှားယွင်းသောဩဝါဒ များကို တုန့်ပြန်ရေးသားကြရာတွင် ယုံကြည်သူများ အား မည်သို့ ခွန်အားပေးကြသနည်း

a) to turn false teachers over to the government for punishment မှားယွင်းသောဆရာ များကို အရေးယူဖို့ အစိုးရမင်းများထံ အပ်နှံရန်
b) to stand firm in the faith ယုံကြည်ခြင်း၌ခိုင်မာရန်
c) to banish false teachers from the city မိစ္ဆာဆရာများအား မြို့ ပေါ်မှကင်းစဉ်သွားအောင် လုပ်ရန်

13. Who was the apostle who wrote much about living godly lives in suffering? (value 4 points) ဆင်းရဲခံရစဉ် ဖြောင့်မတ်သောအသက်တာဖြင့်နေထိုင်ရန် ဩဝါဒစာကို မည်သည့် တမန်တော်က အများဆုံးရေးခဲ့သနည်း

a) John ယောဟန်

b) Peter ပေတရု

c) Jude ယုဒ

Matching

14. Match the words with their definition. (value 21 points) ယှဥ်တွဲပါ

_______ heresy a. The Greek translation of the Hebrew Old Testament ဟေဗြဲဘာသာဖြင့် ရေးသားထားသည်ကို ဂရိဘာသာသို့ ပြန်ဆိုသောကျမ်း

_______ antichrist b. A heresy teaching that matter is inherently evil ခရစ်ယာန်အယူဝါဒနှင့် သွေဖီသော မှားယွင်းသည့်သင်ကြားမှုများသည် မကောင်းမှုအဖြစ်အမြစ်တွယ်နေသည့်ကိစ္စဖြစ်သည်

_______ Docetism c. Doctrinal departure from revealed truth သမ္မာတရားဖွင့်ပြချက်များနှင့် အယူဝါဒ လမ်းလွှဲချက်

_______ lasciviousness d. Those who oppose Christ ခရစ်တော်ကို ဆန့်ကျင်သူ

_______ apostate e. Uncontrolled lust အလွန်အကျူးကာမဂုဏ်တပ်မက်မှု

_______ Gnosticism f. They taught that Christ only seemed to have a human body but was really a spirit. သူတို့က ခရစ်တော်သည် လူသားကိုယ်ခန္ဓာရှိသော်ငြားလည်း စင်စစ်အား ဖြင့် ဝိညာဉ်ပုဂ္ဂိုလ်ဖြစ်သည်

_______ Septuagint g. A person who leaves the doctrine of Christ and separates from the church ခရစ်တော်၏ဩဝါဒများကို စွန့်ပယ်ပြီး ဘုရားကျောင်းနှင့်ကင်းကွာသွားသူ

Fill in the blank spaces. (value 27 points) ကွက်လပ်ဖြည့်ပါ

15. Who were the recipients of the book of Hebrews? ဟေဗြဲဩဝါဒစာကို လက်ခံရရှိသူများကား အဘယ်နည်း ________________________________________

16. What is the theme of the book of Hebrews? ဟေဗြဲဩဝါဒစာ၏အဓိကဖော်ပြလိုချက်ကားအဘယ်နည်း

________________________________________

17. Who were the recipients of 1 Peter? ပေတရုဩဝါဒစာပထမစောင်ကို လက်ခံရရှိသူများကားအဘယ်နည်း

________________________________________

18. What is the theme of 2 Peter? ပေတရုဩဝါဒစာဒုတိယစောင်ရေးသားရခြင်း၏အဓိကအချက်ကအဘယ်နည်း

_______________________________________________________

19. Who were the recipients of 1 John? ရှင်ယောဟန်ဩဝါဒစာ ပထမစောင်လက်ခံရရှိသူကားအဘယ်နည်း

20. What is the theme of 2 John?ရှင်ယောဟန်ဩဝါဒစာဒုတိယစောင်ရေးသားခြင်း၏အဓိကအချက်ကဘာလဲ။

21. What is the theme of 3 John? ရှင်ယောဟန်ဩဝါဒစာတတိယစောင်ရေးသားခြင်း၏အဓိကအချက်ကဘာလဲ။

22. What is the theme of Jude? ရှင်ယုဒဩဝါဒစာကို ရေးသားရခြင်း၏အဓိကအချက်ကဘာလဲ။

23. Who are the recipients of Jude? ရှင်ယုဒဩဝါဒစာကို လက်ခံရရှိသူတို့ ကားအဘယ်နည်း

Copyright by Rogma International, Inc. All rights reserved.

---

## Lesson 27

## Section VIII – Body of Believers; The Church (the Bride of Christ) The Last Days

ယုံကြည်သူများရဲ့ကိုယ်ခန္ဓာ အသင်းတော် (ခရစ်တော်ရဲ့သတို့သမီး)

နောက်ဆုံးသောကာလ

**Theme**: နောက်ဆုံးသောကာလ တရားစီရင်ခြင်းများနဲ့ ခရစ်တော်ရဲ့အောင်မြင်ခြင်းများကို ကောင်းစွာ နားလည်ခြင်းဟာ ယုံကြည်သူအတွက် မြော်လင့်ခြင်းရှိလာစေတယ်။.

**Goal**: ခရစ်တော် ပြန်ကြွလာခြင်းကို အသင့်ပြင်စောင့်ဆိုင်းဖို့ ယုံကြည်သူတွေကို အားပေးရန်

**Summary**: သမ္မာကျမ်းရဲ့နောက်ဆုံးကျမ်းဖြစ်တဲ့ ဗျာဒိတ်ကျမ်းဟာ ခရစ်တော် ထင်ရှားပြခြင်း ဖြစ်တယ်။ (Revelation 1:19;19:11-15) ကိုယ်တော်တိုင် ထင်ရှားပြပြီး ဖန်ဆင်းခြင်းမှနေ အသင်းတော် ကာလတလျှောက် ဘုရားအစီ အစဉ် ကို ဖေါ်ပြပြီး အနာဂတ်ထင်ရှားခြင်း ဘုန်း ထင်ရှားခြင်းတွေကို ဖေါ်ပြတယ်။ ကမ္ဘာဦးကျမ်းမှစ၍ ရွေးနှုတ်တဲ့သခင် အကြောင်း ဖေါ်ပြပြီးသား ဖြစ်တယ်။ ရွေးနှုတ်ခြင်းအမှုဟာ ဗျာဒိတ်ကျမ်းမှာ အဆုံးသတ်တယ်။ အရာအားလုံးကို ချုပ်ငြိမ်းစေပြီး အသစ်တဖန် ပြန်စတယ်။ ဘုရားသခင်ရဲ့ရွေးနှုတ်ခြင်းဟာ ဘုရားဘုန်းတော်ထင်ရှားဖို့ဖြစ် တယ်။ ဗျာဒိတ်ကျမ်းဟာ အနာဂတ်ဖြစ်ပျက်မယ့်အရာတွေကို အဓိကထားတယ်။ စကြာဝဠာကြီး တခုလုံးအတွက် ဘုရား သခင်ရဲ့နောက်ဆုံးအစီအစဉ်တွေကို ပြောပြပြီး ထာဝရကာလအတွက် တံခါးကိုဖွင့်ပေးတယ်။.

**Outline: (Know this outline for the exam)**

Chapters 1 ဖြစ်ဖူးသောအရာများ (အတိတ်)

Chapters 2-3 ယခုလက်ရှိ ဖြစ်နေသောအရာများ (ယခုကာလ)

Chapters 4-22 နောင်ဖြစ်မယ့်အရာများ (အနာဂတ်)

**Words to know:**

the antichrist: ခရစ်တော်ကို ကဲ့ရဲ့ပြစ်တင်ပြီး ယုံကြည်သူများကို ညှင်းဆဲသော ကမ္ဘာ့အစိုးရကို ဦးဆောင်မည့် နိုင်ငံရေးခေါင်းဆောင်

apocalyptic: ဂရိစကား apokalypsis မှ လာပြီး ဖွင့်ပြခြင်း ဖေါ်ပြခြင်းလို့ ဆိုလိုတယ်။

Babylon: ဟေဗြဲစကားမှ လာပြီး confound ရှုပ်ထွေးစေသည်လို့ ဆိုလိုတယ်။ မှားယွင်းတဲ့ ဘာသာတရား ဘုရားကို

ဆန့်ကျင်ပြီး လူကို အခြေခံတယ်။ ဗာဗုလန်ရဲတိုက်မှာ ပထမဦးဆုံး တွေ့ရတယ်။ (Genesis 11:9) ဗာဗုလုန်မြို့ကြီး ဆိုတဲ့အမည်နဲ့ သုံးနှုန်းလာတယ်။ ( antichrist နဲ့ မိစ္ဆာအစိုးရအစိုးရဌာနချုပ်)

the false prophet: မိစ္ဆာပရောဖက်။ မိစ္ဆာအစိုးရဖွဲ့ဖို့ antichristနဲ့ ပူးပေါင်းသူ

Jezebel: ပရောမအဖြစ် ကိုယ့်ကိုကိုယ် ခေါ်ဆိုပြီး ဝိညာဉ်ရေးဖောက်ပြန်ဖို့ အသင်းသားတွေကို ဦးဆောင်သူ။ ဧလိယလက်ထက် ဘုရင်အာဟပ်ရဲ့မိဖုရား။ ရုပ်ထုကိုးကွယ်သူကို စံနမူနာအဖြစ် ယူပြီး ပြတဲ့နာမည်တမျိုး။

mystery: နက်နဲရာ။ ဓမ္မဟောင်းမှာ ကြိုတင်ပြောပြီး ဓမ္မသစ်မှာဖေါ်ပြလာတဲ့ အသင်းတော်၊ ဂျူးနဲ့ တပါးအမျိုးသား တွေကို ပေါင်းပြီး တပါးအမျိုးသားခေတ်ကာလအဆုံးမှာ ချီဆောင်သိမ်းဆည်းမယ်။

Nicolaitans: နိကောလတပည့်။ တမန်တော်များခေတ်ကာလမှာ ဘုရားနှုတ်ကပတ်တော်နဲ့ တပါးအမျိုးသား ဓလေ့များကို ပေါင်းစပ်ပြီး ရုပ်ဝတ္ထုကိုးကွယ်ဖို့ အားပေးတဲ့ဗာလသွန်သင်ချက် ကို ကိုင်စွဲတဲ့ အုပ်စု။ ဘုရားသခင်ကို ဖန်ဆင်းရှင်အဖြစ် ငြင်းပယ်ပြီး တခြားတန်ခိုးတွေကို လက်ခံတဲ့သူ။ အပြောအဆို အပြုအမူ လော်လီ ဖောက်ပြန်သူ များဖြစ်တယ်။

**Facts to know: (Know these facts for the exam) Writer, date, place:**

ဗျာဒိတ်ကျမ်းကို ယောဟန်က ပတ်ကမုကျွန်းမှာ ပြည်နှင်ခံရစဉ် ရေးတယ်။ (Revelation 1:9) ရှင် ယောဟန်က ယောဟန်ခရစ်ဝင်ကျမ်းနဲ့ သြဝါဒစာသုံးခု ၁၊ ၂ နဲ့ ၃ ယောကို ရေးတယ်။ ပတ်သန ကျွန်းဟာ Aegean Sea ပင်လယ်ထဲမှာရှိပြီး Asia Minor ရဲ့အရှေ့ဘက်မှာရှိတယ်။ Miletus မိလိဒ ကျွန်းနဲ့ နီးတယ်။ရောမ ရာဇဝတ်သားနဲ့ နိုင်ငံရေးသမားတွေကို ပြည်နှင်ဒဏ်ပေးရာကျွန်းဖြစ်တယ်။ ဒီကျမ်းကို ရောမကေရာဇ် Domitian လက်ထက်ကုန်ခါနီး A. D. 95 or 96 မှာ ရေးခဲ့ပုံရတယ်။.

Recipients:

Asia Minor ဒေသရှိ ဧဖက်၊ စမုရန၊ ပေရဂံ၊ သွာတိရ၊ သာဒိ၊ ဖိလဒေလဖိ နဲ့ လောဒိကိဆိုတဲ့ အသင်းတော် ခုနစ်ပါးသို့ ရေးတယ်။.

Reason:

ရောမအစိုးရက ခရစ်ယာန်တွေကို တင်းကျပ်စွာ ညှင်းဆဲလာတယ်။ ဗျာဒိတ်ကျမ်းက ခရစ်တော်၌ ယုံကြည်မြဲမြံပြီး ဖြောင့်မတ်သူ ဆိုးယုတ်သူတို့ရဲ့အစီအစဉ်ကို သိဖို့ တိုက်တွန်းနှိုးဆော်တယ်။.

Theme:

စာတန်နဲ့ လောကကို အောင်မြင်မယ့် သခင်ခရစ်တော်ရဲ့ရူပါရုံနဲ့ ပုံဆောင်ချက်များကို အဓိကရေး သားတယ်။.

## Introduction

ဗျာဒိတ်ကျမ်းဟာ နားလည်မှုအလွဲဆုံးကျမ်း ဖြစ်ပေမယ့် ဖတ်ရှုသူ လိုက်နာသူတွေအတွက် ဘုရား သခင်ရဲ့ထူးခြားတဲ့ ကောင်းကြီးတွေရှိတယ်။ (Revelation 1:3) ဗျာဒိတ်ကျမ်းဟာ ဓမ္မသစ်ကျမ်းရဲ့တအုပ်တည်းသော ပရောဖက်ကျမ်း ဖြစ်တယ်။ ယခုကာလသာမက အနာဂတ်ကာလကိုလည်း ပြောတယ်။ သမ္မာကျမ်းစာအုပ် တအုပ်လုံးရဲ့နိဂုံးကျမ်း ဖြစ်

တယ်။ ဘုရားသခင်ရဲ့ခေတ်ကာလ နဲ့ ဆိုင်တဲ့အစီအစဉ်ကိုပြောပြီးအသင်းတော်အားဖြင့် ဘုရားသခင့်ဘုန်းတော်ထင်ရှားမယ့်အကြောင်း (Revelation 1-3) အသေသတ်ခြင်းကိုခံရတဲ့ သိုးသူငယ်ဟာလောကကို တရားစီရင်မယ့်အကြောင်း (Revelation 4-8) ဘုရင်တကာတို့ရဲ့ဘုရင်၊ သခင်တကာတို့ရဲ့သခင်အနေနဲ့ ဖြောင့်မတ်စွာ အနန္တတထောင် တရားစီရင်မယ့်အကြောင်း (Revelation 19) အသက်ရှင်သောသူ သေသောသူ အား လုံးဟာ ဖြူသောပလ္လင်ရှေ့မှာ ဒူးထောက်တဲ့အခါ ခရစ်တော် တရားစီရင်မယ့်အကြောင်း (Revelation 20:11-15) ဗျာဒိတ်ကျမ်းဟာ (ဒံယေလ ဇာခရိ ယေဇကျေလတို့လိုပဲ) အနာဂတ္တိ ကျမ်း တမျိုးဖြစ်တယ်။ ခေတ်ကာလရဲ့အဆုံးနဲ့ဆိုင်တဲ့ ဘုရားသခင်ရဲ့အကြံအစည်။ ကမ္ဘာကုန်မယ် ဘုရားသခင်နိုင်ငံတော်တည်မယ့် အကြောင်းတွေကိုပြောတယ်။ (Revelation 1:3; 22:7,10,18-19) သခင် ယေရှုခရစ်တော်ရဲ့ထင်ရှားခြင်းကို ယောဟန်က ပြန်ရေးပြရခြင်းဖြစ်တယ်။(Revelation 1:19) ခရစ်တော်ဟာ အစ ကနဦးကတည်းက ကောင်းကင်မှာ ဘုန်းအသရေရှိသူ ဖြစ်တယ်။ (Revelation 1) ယခုကာလမှာ အသင်းတော်ရဲ့ဦးခေါင်းဖြစ်တယ်။ (Revelation 2-3) အနာဂတ် ကာလအတွက် အောင်ပွဲခံမယ့်သူ ဖြစ်တယ်။ (chapters 4-22).

## THE LESSON

## I. **CHRIST, THE GLORIFIED ONE IN HEAVEN, HAS BEEN REVEALED (PAST)** ကောင်း က င်မှာ ဘု န်း ကြီး တဲ့ ခ ရ စ်‌ေ တာ်ဟာ ကို ယ်ထ င် ရှား ခဲ့ ပြီး **REVELATION 1**

A.**The message given** သတင်းစကား **(Revelation 1:1-8).**

"ငါသည် အာလဖဖြစ်၏။ ဩမေဃလည်းဖြစ်၏ဟု အနန္တတန်ခိုးနှင့်ပြည့်စုံတော်မူ၍ ပစ္စုပ္ပန်၊ အတိတ်၊ အနာဂတ်ကာလအစဉ်ရှိတော်မူသော ထာဝရအရှင် ဘုရားသခင်မိန့်တော်မူ၏။" (Revelation 1:8) ရှင်ယောဟန်က အာရှတိုက်ရှိအသင်းတော်များကို ဒုက္ခခံရာကာလမှာ အတူ ဆက်ဆံတဲ့ ညီ အစ်ကို အပေါင်းအသော် အဖြစ်နဲ့ ဖေါ်ပြတယ်။ ခမည်းတော်က သားတော်၌ ထင်ရှားတယ်။ သား တော်က ကောင်းကင်တမန်ကို ယောဟန်ထံစေလွှတ်တယ်။ ခရစ်တော်က"ကာလအချိန် ရောက်လု နီးပြီဖြစ်၍ အနာဂတ္တိကျမ်းစကားကို ကြည့်ရှုဖတ်ရွတ်၍ ရေးထားသမျှကို စောင့်ရှောက်သောသူ တို့သည် မင်္ဂလာရှိကြ၏။"(Revelation 1:3).

B.**The Revelation of Christ** ခရစ်တော်ထင်ရှားခြင်း **(Revelation 1:9-20).**

ဒီကျမ်းပိုဒ်တွေမှာ ဘုရားသခင်ကိုယ်တိုင်ထင်ရှားခြင်း theophany ကို တွေ့ရတယ်။ ခရစ်တော် ထင်ရှားခြင်းဟာ ဗျာဒိတ်ကျမ်းရဲ့အဓိကအချက်ဖြစ်သလို ကျမ်းစာတအုပ်လုံးရဲ့အဓိက အချက် လည်းဖြစ်တယ်။ ဘုရင်နဲ့ တရား သူကြီးလို ခရစ်တော်က ဝတ်ဆင်ထားတယ်။ (ရှေးကာလDaniel 7:9-14) မီးတိုင်ခုနစ်တိုင်ရဲ့အလယ်မှာ ညာလက်က ကြည်ခုနစ်လုံးကို ကိုင်ပြီး ရပ်နေတယ်။ ကြယ် ခုနစ်လုံးက အသင်းတော် ခုနစ်ပါးဖြစ်တယ်။ စကားတော်ဟာ သန်လျက်သွားလို ထက်တယ်။) (Hebrews 4:12).

C.**Things to Think About:**

*1.* ဒီကျမ်းပိုဒ်တွေမှာ ခရစ်တော်အကြောင်းကို ဘာသင်ယူမိသလဲ?

2. ကျမ်းစာအကြောင်းကိုတွေးမယ်ဆိုရင် ပထအချက်က ခရစ်တော်ဖြစ်တယ်။ ကိုယ်တွေးသမျှ ကြံ စည်သမျှရဲ့အဓိက အကြောင်းအရာဟာ ခရစ်တော်ဖြစ်ရဲ့လား။ သင့်အသက်တာရဲ့အကြောင်းအရာ ဟာ ခရစ်တော်ဖြစ်ကြောင်း ဘယ် လိုနည်းနဲ့ပြမလဲ။?

**II.CHRIST, THE HEAD OF THE CHURCH (PRESENT, at the time of writing) အသင်းတော်ရဲ့ဦးခေါင်း ခရစ်တော် (လက်ရှိကာလ ကျမ်းစာရေးနေချိန်) REVELATION 2-3**

A.အာရှတိုက်ရှိ အသင်းတော်ခုနစ်ပါးကို အသင်းတော်ရဲ့ဦးခေါင်း ခရစ်တော်က စာရေးသားခြင်း ဖြစ်တယ်။.

1. Message to Ephesus (2:1-7)
2. Message to Smyrna (2:8-11)
3. Message to Pergamos (2:12-17)
4. Message to Thyatira (2:18-29)
5. Message to Sardis (3:1-6)
6. Message to Philadelphia (3:7-13)
7. Message to Laodicea (3:14-22)

B.အစောင်တိုင်းမှာ The Revelaton ဗျာဒိတ်ဆိုတဲ့စကားကို တွေ့ရပြီး တပါးချင်းစီအတွက် အကြံ ပေးစကား ပြစ်တင်စကားချီးမွမ်းစကားများပါဝင်တယ်။ "အဘယ်သို့ မိန့်တော်မူသည်ကို နားရှိသော သူမည်သည်ကား ကြားပါစေ။" (Revelation 2:7,11,17,29; 3:6,13,22).

C.အဲဒီအသင်းတော် ခုနစ်ပါးဟာ အသင်းတော်သမိုင်းရှိ အသင်းတော် အမျိုးမျိုးအတွက် ပုံဆောင် ချက်တွေလည်း ဖြစ်တယ်.

1. ဘုရားသခင်အမှုတော်အတွက် သစ္စာရှိသူ၊ ဆင်းရဲဒုက္ခကိုသည်းခံသူ မတရားမှုနဲ့ ပရောဖက် တွေရဲ့ အလိမ် အညာကို မုန်းသူ၊ နာမတော်ကို ကိုင်စွဲပြီး သေသည့်တိုင်အောင် ယုံကြည်ခြင်းတရား ကို မစွန့်ပယ်သူ၊ ပေးကမ်း ကူညီသူတို့ကို ချီးကျူးစကားဆိုတယ်။
2. ရှေးဦးမေတ္တာ ရွေ့လျော့သူ၊ ဗာလရဲ့အယူကို ကိုင်စွဲသူ၊ နိကောလတပည့်တွေလို အသက်ရှင်သူ၊ ယေဇဗေလရဲ့သွန်သင်ခြင်းကို လိုက်လျှောက်သူ၊ တခြားသူတွေကို သွေးဆောင်သူ၊ မပူမအေး နွေးနွေးဖြစ်နေသူ၊ ရှင်လျက်နဲ့သေသူ (ချမ်းသာတယ်လို့ ပြောပေမယ့် တကယ်တော့ ဘာမှမရှိသူ) တို့ကို ပြစ်တင်တယ်။
3. နောင်တရဖို့၊ အရင်အကျင့်ကို ကျင့်ဖို့၊ ဒုက္ခဆင်းရဲကို မကြောက်ဖို့၊ သေသည့်တိုင်အောင် သစ္စာ စောင့်ဖို့၊ စောင့် နေဖို့၊ အကျန်အကြွင်းတွေကို ခွန်အားပေးဖို့ (သေဟန်ရှိသူတို့ကို ) ခံယူပြီးတဲ့ အရာတွေကို သတိရဖို့၊ ရရှိပြီးသား အရာကို ကိုင်စွဲဖို့ အကြံပေးတယ်။
4. အောင်မြင်သူတိုင်းအတွက်လည်း ဘုရားရဲ့ဂတိတော်တွေပေးထားတယ်။

## III.**CHRIST, THE TRIUMPHANT ONE, THE CONQUEROR** အောင်မြင်သောသူဖြစ်သော ခရစ်တော် **(FUTURE) REVELATION 4-22**

### A.**Tribulation period** ဘေး ဒ ဏ်ကြီး ကာ လ **(Revelation 4:1-19:21).**

*1.* ခရစ်တော်ကို ပလ္လင်ပေါ်မှာမြင်ရတယ်။ (Revelation 4:1-11).

ရှင်ယောဟန်ကို ကောင်းကင်ပလ္လင်ဆီသို့ ခေါ်သွားပြီး ဘုရားသခင်နဲ့ သားတော်( ခြင်္သေ့/ သိုး သူငယ်) ထိုင်တော်မူတာကို တွေ့ရတယ်။ အသက်ကြီးသူ ၂၄ပါး ၊ သတ္တဝါ ၄ပါး၊ ကောင်းကင်ဗိုလ် ခြေများက ဘုရားသခင်ရဲ့ဖန်ဆင်းခြင်းနဲ့ ရွေးနှုတ်ခြင်းအတွက် ချီးမွမ်းတာကို တွေ့ခဲ့ရတယ်။ (Revelation 4-5) အသင်းတော်အကြောင်းကို ဆက်ပြောပြတာ မတွေ့ရတဲ့အတွက် အသင်းတော် ကို ချီဆောင် သိမ်းဆည်းသွားပုံရတယ်။ အသင်းတော်ဟာ ဓမ္မဟောင်းကာလ အတွက် နက်နဲရာ တခုဖြစ်တယ်။ ခေတ်ကာလတလျှောက်မှာ ဘုရားက ဒီအရာအတွက် ပုံဖေါ်လာတယ်။ အသင်း တော်ကာလ ပြီးဆုံးတဲ့အခါ rapture ချီဆောင်ခြင်းလာပြီး ကောင်းကင်ကို သိမ်းဆည်းတယ်။ (Ephesians 5:32; 1 Corinthians 15:51-58) ဣသရေလရဲ့အကြောင်းကို ဆက်လက်ဖေါ်ပြ လာပြီး ဒံယေလရဲ့သိတင်း၇၀ကို တွေ့လာရတယ်။ (Daniel 9:26,27).

*2.* ခရစ်တော်က တံဆိပ်ခုနစ်ချက်ပါတဲ့ စာအုပ်ကို ကိုင်ထားတာတွေ့ရတယ်။ (Revelation 5:1-14). ဒီတံဆိပ်ကို ဖွင့်နိုင်သူဟာ ရွေးနှုတ်ကယ်တင်ရှင် ဘုရားသခင်ရဲ့သိုးသူငယ်ဆိုတာ ကြေညာ တယ်။ "အသေသတ်ခြင်းကိုခံပြီးသော သိုးသူငယ်သည် တန်ခိုးစည်းစိမ်ပညာအစွမ်းသတ္တိ အသရေ ဘုန်းအာနုဘော် ကောင်းကြီးမင်္ဂလာကို ခံထိုက်တော်မူသည်ဟု ကြီးသောအသံနှင့် ပြောဆိုကြ၏။" (Revelation 5:12).

*3.* တံဆိပ်ခုနစ်ချက်ကိုဖွင့်ခြင်း (Revelation 6:1-11:19).

ဒီအချိန်ဟာ ဘေးဒဏ်ကြီးကာလရဲ့အစ ဖြစ်တယ်။ တံဆိပ်ခုနစ်ချက်ကို ဖွင့်လိုက်တဲ့အခါ မြေကြီး ပေါ်မှာ ပြစ်ဒဏ် စီရင်ခြင်းတွေ ကျလာတယ်။ ပြစ်ဒဏ်ပေးခြင်းရဲ့အလယ်မှာ ပရောဖက်နှစ်ပါး ပေါ် လာတယ်။ တံပိုး ခြောက်ချက်နဲ့ ခုနစ်ချက်မြောက် တံပိုးခရာမှုတ်သံရဲ့ကြားမှာ ပရောဖက်တပါး။ တရားစီရင်ခြင်း တံပိုးမှုတ်သံနဲ့ ခရစ်တော်ကြွလာချိန် နောက်ဆုံးစစ်ပွဲကြားမှာ ပရောဖက်တပါး တွေ့ရတယ်။.

a. ပထမတံဆိပ် - စစ်အောင်နိုင်သောဘုရင်နဲ့ မြင်းဖြူ (Revelation 6:1,2)

b. ဒုတိယတံဆိပ် - စစ်မဲ့များကိုပုံဆောင်တဲ့ မြင်းနီ (Revelation 6:3,4)

c. တတိယတံဆိပ် - အစာတော်မွတ်ခေါင်းပါးခြင်းကို ပုံဆောင်တဲ့ မြင်းနက် (Revelation 6:5,6)

d. စတုတ္ထတံဆိပ် - စစ်နဲ့ အစာတော်မွတ်ခေါင်းပါးခြင်း ဖြစ်ရတဲ့ သေခြင်းကိုပုံဆောင်တဲ့ မြင်းမွဲ (Revelation 6:7,8)

e. ပဥ္စမမြောက်တံဆိပ် - ညှင်းဆဲခံရခြင်းကြောင့် အသတ်ခံရသောသူတို့ရဲ့ဝိညာဉ်များကို ဘုရား သခင် ပလ္လင်တော်နားမှာ တွေ့ရတယ်။ (Revelation 6:9,11)

f. ဆဌမတံဆိပ် - အကြီးအကျယ် မြေငလျင်လှုပ်ပြီး နေလကြယ်များ မှောင်မိုက်ကာ လူတွေက ကျောက်တွေ တောင် တွေ သူတို့အပေါ်မှာ ဖုံးအုပ်ကြပါ။ အမျက်တော်ဘေးမှ ကွယ်ကာကြပါ။ သိုးသူငယ်တော်ရဲ့အမျက်က ကွယ်ကာ ပေးပါ လို့ အော်ဟစ်ကြတယ်။ (Revelation 6:12-17)

စစ်ပွဲ သေခြင်း စာငတ်မွတ်ခေါင်းပါးခြင်း စတဲ့ ကဒ်ဆိုးများ တံဆိပ်များဟာ လူ့ရဲ့အပြစ်ကြောင့် ဖြစ်ရတယ်။ ဘေးအန္တရာယ်များ ဆက်လက်ဆိုးရွားလာပြီး ဆိုးညစ်မှုနဲ့ မိုက်မဲမှုတွေကို တရား စီရင်တယ်။

Prophetic insert: အနာဂတ်မှာပါဝင်လာမယ့် အစီအစဉ်။ ဘေးဒဏ်ကြီးကာလ ရွေးနှုတ်ခံရ သူများ (Revelation 7:1-17) ရွေးနှုတ်ခြင်းက ဆက်လက်ရွေးနှုတ် ကယ်တင်နေဆဲ ဖြစ်တယ်။ ဣသရေလ 144, 000 ဟာ ဣသရေလ ၁၂ နွယ်ထဲမှာ တနွယ်ကို 12,000 စီ တံဆိပ်ခတ်တာ ဖြစ်တယ်။ (Revelation 7:1-8) အဲဒီလူတွေဟာ ကောင်းကင်သားတွေနဲ့အတူ ရောပြီး "ပလ္လင်ပေါ် မှာထိုင်တော်မူသော ငါတို့၏ဘုရားသခင်နှင့် သိုးသူငယ်သည် ကယ်တင်တော် မူခြင်း ချမ်းသာ ရှိစေ တော်မူသတည်းဟု ကြီးသောအသံနှင့် ကြွေးကြော်ကြ၏။" (Revelation 7:9-17) ဘုရား သခင်က ဆက်လက် ကယ်တင်နေတာ တွေ့ရတယ်။

g. သတ္တမတံဆိပ်က ဘုရားရဲ့အစီအစဉ်ကိုကြေညာတယ်။ (Revelation 8:1-9:21) ကောင်းကင် တမန်ခုနစ်ပါးက တံပိုးခရာတွေကို ကိုင်စွဲပြီး တရားစီရင်ချက် ဘေးဒဏ်ကြီးတွေကို ကြေညာတယ်။ ပထမတံပိုးခရာ ၄ ချက်က မြေကြီး ပေါ်မှာ စီရင်တယ်။ နောက်ဆုံးတံပိုးခရာ ၃ချက်က "woes" ဘေးဒုက္ခများလို့ခေါ်ပြီး စာတန်နဲ့ နတ်ဆိုးတွေကို ဒဏ် ပေးတာဖြစ်တယ်။

*4.* ပထမတံပိုးခရာ ၄ ချက်က မြေကြီးကို ဒဏ်ခတ်တယ်။.

a. ပထမတံပိုး - မိုးသီးနဲ့ မီးကို အသွေးနဲ့ရောပြီး မြေကြီး 1/ 3 ကို (Revelation 8:1-7)

b. ဒုတိယတံပိုး - မီးလောင်နေတဲ့တောင်ကို ပင်လယ်ထဲချပစ်တဲ့အခါ ပင်လယ် ၃ စု ၁ စုဟာ အသွေးဖြစ်ပြီး ရေသတ္တဝါအားလုံးသေတယ်။ သင်္ဘောများ သွားလာလို့မရဖြစ်တယ်။ (Revelation 8:8,9)

c. တတိယတံပိုး - မီးလောင်နေတဲ့ကြယ် (wormwood) မြစ်နဲ့ ရေရှိသမျှ သုံးပုံတပုံကို ခါးသက် သွားစေတယ်။ (Revelation 8:10,11)

d. စတုတ္ထတံပိုး - နေလကြယ်တွေ သုံးစုတစုကို မှောင်မိုက်စေတယ်။ (Revelation 8:12,13)

e. ပဉ္စမတံပိုး- ဒီတံပိုးကို မှုတ်တဲ့အခါ ကြယ်တလုံး ကောင်းကင်မှကြွေကျပြီး အနက်ဆုံးသော တွင်းရဲ့တံခါးကိုဖွင့်ကာ စာတန်ကို မြေကြီးပေါ်မှာ အုပ်စိုးစေဖို့ လွှတ်လိုက်တယ်။ ကျိုင်းကောင် တွေနဲ့ ပြည့်နှက်တဲ့ မီးခိုးတွေထွက်လာပြီး စစ်မြင်းရထားတွေလို မျက်နှာ၊ လူလိုပုံစံရှိတယ်။ ဘုရင်တပါး အဗဒ္ဒုန် Abaddon or Apollyon အပေါလျွန် မာရ်နတ်ဦးဆောင်လာတယ်။ ကင်းမြီး ကောက်အဆိပ်လို ရှိပြီး နဖူးမှာ ဘုရားသခင်ရဲ့တံဆိပ်မပါတဲ့လူတွေကို ဒုက္ခပေးတယ်။ (Revelation 1:1-12)

f. ဆဌမတံပိုး - ဆဌမတံပိုးကို ဘုရားသခင့် ရွှေယဇ်ပလ္လင်ရှေ့မှာ အသံပေးတဲ့အခါ ဥဖရတ်မြစ်ကြီး ဘေးက ကောင်းကင် တမန် ၄ ပါး လွှတ်လာတယ်။ မြင်းစစ်သူရဲ သန်း ၂၀၀ စစ်ကြီးအတွက် ပြင်ဆင်လာတယ်။ မြင်းတွေရဲ့ခေါင်းတွေဟာ ခြင်္သေ့နဲ့တူပြီး သူတို့ အသက်ရှူတဲ့အခါ မီးနဲ့ မီးခိုး ကန့်တွေရောပြီး ထွက်လာတယ်။ ဒါကြောင့် လူသုံးပုံ တပုံသေရတယ်။ ဒါပေမယ့် သက်မသေပဲ ကျန်ရစ်သူတွေက နောင်တမရသေး (Revelation 9:13-21) (See Daniel 12:1,4,9,13; 2 Thessalonians 2:3-10.)

Prophetic insert: ပရောဖက်ပြုချက် အစီအစဉ်။ ဖွင့်ထားတဲ့စာလိပ်နဲ့ ကောင်းကင်တမန် (Revelation 10:1-11:14) မိုးကြိုးသံခုနစ်ချက်ကို ကြေညာတယ်။ ကောင်းကင်တမန်တပါးက ကုန်းပေါ်နဲ့ ပင်လယ်ပေါ်မှာ ရပ်နေတယ်။ ညာလက်ကို ကောင်းကင်ဘက်ကိုမြှောက်ပြီး အချိန် သိပ်မကျန်တော့ဘူး လို့ အော်ဟစ်တယ်။(Revelation 10:6) ဘုရားသခင်ရဲ့အချိန်က ဇာတ် သိမ်းခန်းချိန် ရောက်လာတယ်။ အဲဒီစာစောင်ကို စားဖို့ ရှင်ယောဟန်ကို ပြောတယ်။ အဲဒီနောက် ပရောဖက်ပြုချက်ကို ဆက်ပြောတယ်။ သက်သေခံနှစ်ပါး (Revelation 11:1-14) ဗိမ္မာန်တော်မှာ ဝိညာဉ်ရေး မှားယွ

င်းနေမှုကိုတွေ့ရတယ်။ ဗိမ္မာန်တော်ကို တိုင်းခိုင်းတယ်။ (Revelation 11:1,2) သက်သေခံနှစ်ပါး( Revelation 11:4; Zechariah 4:1-14) ရှိ သံလွင်ပင်နှစ်ပင်) ဟာ ဘုရား သခင်အတွက် ဣသရေလလူမျိုးတွေ ရှေ့မှာ ၁၂၆၀ရက် ပတ်လုံး သက်သေခံတယ်။ သူတို့ဟာ အောင်မြင်သူဖြစ်တယ်။ အသတ်ခံရတယ်။ ပြန်ရှင်လာတယ်။ ရန်သူတွေ စိတ်ရှုပ်ထွေးသွားရတယ်။

g. သတ္တမမြောက်တံပိုး- ဘုရားသခင်နဲ့ စာတန်ကြားမှာဖြစ်တဲ့ နောက်ဆုံးစစ်ပွဲကို ကြေညာတယ်။ (ဘေးဒဏ်ကြီးကာလရဲ့နောက်ဆုံး ၃နှစ်ခွဲ) ကောင်းကင်ကအသံတွေက "လောကီနိုင်ငံသည် ငါတို့ အရှင်၏နိုင်ငံဖြစ်လေပြီ။ ထိုအရှင်၏ခရစ်တော်နိုင်ငံဖြစ်လေပြီ။ သူသည်လည်း ကမ္ဘာအဆက်ဆက် စိုးစံတော်မူမည်ဟု ပြောဆိုကြ၏။" အသက်ကြီးသူ ၂၄ ပါးကလည်း ဘုရားသခင်ကို ပြပ်ဝပ် ကိုး ကွယ်ကြပြီးတော့ "အနန္တတန်ခိုးနှင့်ပြည့်စုံ၍ ပစ္စုပ္ပန်၊ အတိတ်၊ အနာဂတ် အစဉ် ရှိတော်မူသော ထာဝရအရှင် ဘုရားသခင် ကိုယ်တော်၏မဟာတန်ခိုးတော်ကို ယူဆောင်၍ စိုးစံတော်မူသော ကိုယ် တော်၏ကျေးဇူးတော်ကိုအကျွန်ုပ်တို့သည်ချီးမွမ်းပါ၏။"ဘုရားသခင်ရဲ့ဗိမ္မာန်တော်ဟာကောင်းကင် မှာ ဖွင့်လှစ်ပြီး ပဋိညာဉ်သေတ္တာတော်ကိုလည်း တွေ့ရတယ်။ လျှပ်စီးလက်တဲ့ အသံနဲ့ မိုးချုန်းခြင်း များ မြေလျှင်လှုပ် ခြင်းများ မိုးသီးကျခြင်းများကို တွေ့ရတယ်။ (Revelation 11:15-19).

Prophetic inserts: ပရောဖက်အဖြစ်အပျက် အစီအစဉ်။ ဘုရားသခင်နဲ့ စာတန်ကြားက စစ်ပွဲ (Revelation 12:1-14:20).

a. လောကမှာ ခရစ်တော်ဖွားမြင်ခြင်းကို ပြန်ပြောတယ်။စာတန်ကသခင်ယေရှုကိုမုန်းတဲ့အတွက် ဖယ်ရှားဖို့ကြိုး စားတယ်။ မိန်းမ(Israel)ဟာ သားငယ် (ရွေးနှုတ်သောသခင်ခရစ်တော်) ကို နဂါး(စာတန်)ရဲ့လက်က ရှောင်တိမ်းရတယ်။နဂါးက မြေကိုကျပြီး ဘုရားသခင်နဲ့ (ကောင်းကင် မှာ စစ်ပွဲ) (Revelation 12:7-12) မြေကြီးပေါ်မှာစစ်ပွဲ (Revelation 12:13-17) ကို ဖျက်ဆီးဖို့ ရှာကြံတယ်။

b. သားရဲနဲ့ သူ့ရဲ့ပရောဖက် (Revelation 13:1-18). ပင်လယ်ထဲကထွက်လာတဲ့ ပထမသားရဲ ဟာ ကျားသစ်၊ ဝက်ဝံ၊ ခြင်္သေ့ ပုံစံရှိပြီး လှည့်စားတတ်တဲ့ နိုင်ငံရေး စီးပွါးရေး ဩဇာအာဏာ ရှိတယ်။ အန္တိခရစ်ကိုပုံဆောင် တယ်။ သူ့မှာ သေလောက်တဲ့ဒဏ်ရာ ရှိပေမယ့် အနာပြန်ကျက် ထားတယ်။ သန့်ရှင်းသူတို့ကို စစ်ပွဲဆင်နွှဲတယ်။ သိုးသူငယ်ရဲ့အသက်စာရင်းစာစောင်မှာ မပါ သူမှန်သမျှဟာ သားရဲကို ကိုးကွယ်တယ်။ (Revelation 13:1-10) မြေကြီးပေါ်ကလာတဲ့ ဒုတိယသားရဲဟာ ဘာသာရေး ခေါင်းဆောင်ဖြစ်ပြီး အတုအယောင် နိမိတ်လက္ခဏာ တွေ ပြတယ်။ (Revelation 13:11-18). သူဟာ သိုးသူငယ်ပုံစံ ရှိပေမယ့် စကားပြောတဲ့အခါ နဂါးလိုပြော တယ်။ သူ့ရဲ့မှိစ္ဆစနစ် သင်္ကေတကတော့ 666 ဖြစ်တယ်။ ဒုတိယသားရဲကို တခါ တရံမှာ မိစ္ဆာပရောဖက် အဖြစ် လည်း ဖေါ်ပြတယ်။ (Revelation 16:13; 19:20; 20:10)ဒီသားရဲတွေဟာ စာတန်အားဖြင့်တန်ခိုးရပြီးဗာဗုလုန် ဆိုတဲ့ အစိုးရအဖွဲ့ ဖွဲ့ထားတယ်။ ဒီ အကြောင်းအရာတွေဟာ မြေကြီးပေါ်မှာ ဖြစ်ပျက်တာဖြစ်ပြီး နောက်ဆုံး အောင်ပွဲဆီကို ဦးတည်သွားနေတယ်။

c. စစ်မှန်တဲ့ သိုးသူငယ်ဟာ ဇိအုန်တောင်ပေါ်မှာ အော်လာတယ်။ (Revelation 14:1-20) သိုးသူငယ်နဲ့အတူ တံဆိပ် ခံယူထားတဲ့ သူ့ရဲ့နောက်လိုက်များ ရွေးကောက်ခံထားတဲ့သူများ ရှိနေတယ်။ (Revelation 14:1-5) ကောင်းကင် တမန်သုံးပါးက စပျစ်သီးနယ်တဲ့ တရားစီရင် ခြင်းကို ကြေညာတယ်။သားရဲရဲ့နောက်လိုက်တွေအတွက် ဘုရားအမျက်တော်ရောက်လာပြီ။ (Revelation 14:6-20) "ဗာဗုလုန်မြို့ကြီး ပြိုလဲပြီ။ မိမိမတရားသော မေထုန်၏ အဆိ

ပ် အတောက် တည်းဟူသော စပျစ်ရည်ကို လူမျိုးအပေါင်းတို့အား တိုက်လေပြီးသော ဗာဗု လုန်မြို့ကြီး ပြိုလဲပြီဟု လိုက်၍ ပြောဆို၏။” (Revelation 14:8)

5. အမျက်တော်ဖလား ခုနစ်လုံး (Revelation 15:1-19:6).

a. မြင်ကွင်းက ကောင်းကင်ဘက်ကိုရောက်သွားပြီ။ ကောင်းကင်တမန် ခုနစ်ပါးက နောက်ဆုံးသော ဘေးဒဏ်တွေကို ပြင်ဆင်နေတယ်။ (Revelation 15:1-8) မီးနဲ့ရောတဲ့ ဖန်ရေကန်က ဘုရား သခင်ရဲ့တန်ခိုးတော်နဲ့ ငြိမ်သက်ခြင်းကို ပုံဖေါ်တယ်။ သားရဲကို အနိုင်ရရှိတဲ့သူတွေက သီချင်းဆို တယ်။ “အနန္တတန်ခိုးနှင့် ပြည့်စုံတော်မူသော ထာဝရအရှင် ဘုရားသခင် ကိုယ်တော်၏အပြုအမူတို့ သည် ကောင်းမြတ်၍ အံ့ဩဘွယ်ဖြစ်ကြပါ၏။ လူမျိုးတို့၏ဘုရင် ကိုယ်တော် ၏အကျင့် ဓလေ့တို့ သည် ဖြောင့်မတ် ဟုတ်မှန်ကြပါ၏။” (Revelation 15:3)

b. အမျက်တော် ခွက်ဖလားတွေကို မြေကြီးပေါ်သွန်းလောင်းဖို့ ကောင်းကင်တမန်တွေကို မိန့်ကြား တယ်။ လူတွေရဲ့ကိုယ်ခန္ဓာမှာ အနာပေါက်တယ်။ နေက မီးလို ပြင်းပြတယ်။ မြေကြီးတပြင်လုံးကို မှောင်မိုက်ဖုံးလွှမ်းပြီး ဥဖရတ်မြစ်ကြီး ခန်းခြောက်သွားတယ်။ သတ္တမမြောက်ဖလား အချိန် ရောက် တဲ့အခါ ကောင်းကင်ကအသံက “It is done” ယခုမှာ အမှုပြီးပြီလို့ဆိုတယ်။ မိုယ်းချုန်းသံတွေ လျပ်စီးလက်သံတွေဖြစ်ပြီး မြို့တွေ တောင်တွေကွဲပြားသွားတယ်။ မိုးသီးတွေကြွေတဲ့အတွက် လူတွေက ဘုရားကို ပြစ်တင်ဆဲရေးတယ်။ (Revelation 16:1-21)

c. ပြည့်တန်ဆာအပေါင်းတို့ရဲ့အမိ မြေကြီးတပြင်လုံးမှာ စက်ဆုပ်စရာလို့ ခေါ်တဲ့ ဘာသာရေး ဗာဗု လုန်ရဲ့ကျဆုံးခန်း (Revelation 17:1-8) စီးပွါးရေး ဗာဗုလုန်လည်း ပျက်စီးသွားတယ်။ “ဗာဗု လုန်မြို့ကြီး ပြိုလဲပြီ၊ ပြိုလဲပြီ၊ နတ်ဆိုးနှင့်ရာဖြစ်လေပြီ။ ညစ်ညူးသောဝိညာဉ်မျိုး၏ တွင်းဖြစ် လေပြီ။ ညစ်ညူး၍ စက်ဆုပ်ဘွယ်သော ငှက်မျိုး၏ မှီခိုရာဖြစ်လေပြီ။” ဒါက ကမ္ဘာတဝှမ်းလုံး ဖြစ်ပျက်သွားတယ်။ တိုင်းနိုင်ငံတိုင်းဟာ အမျက်တော်ခွက်ဖလားကို သောက်ကြရတယ်။ အစိုးရ တိုင်းနိုင်ငံတွေနဲ့ ဖေါက်ပြန်သမျှ ကျူးလွန်သမျှကို ဒဏ်ပေးတယ်။ ကုန်သွယ်ရေးလုပ်ငန်းတွေ အားလုံးဟာ မှားယွင်း ဖေါက်ပြန်ခြင်းအားဖြင့် ကြွယ်ဝတာလို့ဆိုတယ်။ (Revelation 18:1-24)

d. ခရစ်တော်ကိုယ်တိုင် မြေကြီးပေါ်ပြန်ကြွလာတယ်။ ကောင်းကင်ကလည်း ချီးမွမ်းသံကြားရတယ်။ မြေကြီးပေါ်ကို ပြန်ကြွလာရာမှာ အောင်ပွဲခံပြီး ဘုန်းထင်ရှားတယ်။ ခရစ်တော်ဟာ မကောင်းတဲ့ အရာ အားလုံးကို အောင်မြင် တိုက်ခိုက် အနိုင်ယူတယ်။ (Revelation 19:1-6)

6. ခရစ်တော် ဒုတိယအကြိမ်ကြွလာခြင်း (Revelation 19:1-21).

a. သိုးသူငယ် မင်္ဂလာဆောင်ပွဲကျင်းပပြီး သူတို့သားခရစ်တော်က သူတို့သမီး အသင်းတော်နဲ့ ပေါင်းဆုံတယ်။ (Revelation 19:1-10) ကောင်းကင်မှာ လူအစုအဝေးကြီးက သီချင်းဆိုတယ်။ “ဟာလေလုယ အနန္တတန်ခိုးနှင့် ပြည့်စုံတော်မူသော ထာဝရအရှင် ငါတို့ဘုရားသခင်သည် စိုးစံ တော်မူ၏။ ငါတို့သည် ဝမ်းမြောက် ရွှင်လန်းကြကုန်အံ့၊ ဂုဏ်တော်ကို ချီးမွမ်းကြကုန်အံ့ အကြောင်း မူကား သိုးသူငယ်၏မင်္ဂလာဆောင်ပွဲကို ခံချိန်ရှိပြီ။ သူ၏မိန်းမသည် ကိုယ်ကို တန်ဆာဆင်ပြီဟု စည်းဝေးသောသူများတို့၏အသံ သမုဒ္ဒရာသံ၊ ပြင်းစွာသောမိုးကြိုးသံကဲ့သို့ ငါ[illegible] ကား၏။” (Revelation 19:6-7).

b. ဘုရင်တကာတို့ရဲ့ဘုရင်က သတို့သမီးနဲ့ ကြွလာတဲ့အခါ ရန်သူအားလုံးကို အာမဂေဒုန်စစ်ပွဲမှာ ပြစ်ဒဏ်ခတ် ဖျက်ဆီးလိုက်တယ်။ အန္တိခရစ်နဲ့ မိစ္ဆာပရောဖက်ကို သူ့နောက်လိုက်တွေနဲ့အတူ မီးငရဲ အိုင်ထဲ ပစ်ချလိုက်တယ်။ (Revelation 19:8-21).

B.အနှစ် ၁၀၀၀ကာလစိုးစံခြင်း။ မြေကြီးပေါ်မှာ ခရစ်တော် အနှစ် ၁၀၀၀ ဖြောင့်မတ်စွာ စိုးစံခြင်း (Revelation 20:1-15).

1. စာတန်ကို အနက်ဆုံးသောတွင်းထဲမှာ အနှစ် ၁၀၀၀ ချည်နှောင် တံဆိပ်ခတ်လိုက်တယ်။ (Revelation 20:1-3)
2. ရွေးနှုတ်ခြင်းခံရတဲ့ သန့်ရှင်းသူတွေဟာ ပထမထမြောက်ခြင်းမှာ ပေါ်လာတယ်။ အာကာသ ကောင်းကင်ထဲမှာ ချီဆောင် (the rapture) ခံရပြီး ခရစ်တော်နဲ့အတူ အနှစ် ၁၀၀၀ စိုးစံကြရတယ်။ (Revelation 20:4-6)
3. အနှစ် ၁၀၀၀ ကာလအကုန်မှာ စာတန်ကိုပြန်လွှတ်ပြီး အနှစ် ၁၀၀၀ မွေးဖွားသူတွေရဲ့ပုန်ကန်မှု မှာ ပါဝင်တယ်။ သူတို့က ခရစ်တော်ရဲ့နောက်လိုက်မဟုတ်သူတွေ ဖြစ်တယ်။ (Revelation 20:7-9)
4. စာတန်ကို တရားစီရင်ပြီး ထာဝရမီးငရဲအိုင်ထဲ ပစ်ချတယ်။ (Revelation 20:10)
5. ဖြူသောတရားပလ္လင်စီရင်ခြင်း။ခေတ်အဆက်ဆက်ကသေဆုံးခဲ့တဲ့အပြစ်သားတွေ ဘုရားသခင် ရှေ့မှာ ပေါ်လာရတယ်။ "အသက်စာစောင်၌ စာရင်းမဝင်သောသူ ရှိသမျှတို့ကိုလည်း မီးအိုင် ထဲသို့ ချပစ်လေ၏။" (Revelation 20:11-15)

C.**Eternal state** ထာဝရနိုင်ငံတော် **(Revelation 21:1-22:21).**

1. ကောင်းကင်နဲ့ မြေကြီးသစ်ကို ဖန်ဆင်းတယ်။ အရင်ကောင်းကင်နဲ့မြေကြီးက လွင့်သွားပြီ။ (Revelation 21:1) ဘုရားသခင်ရဲ့ဗိမ္ဗာန်တော်ကို လူတွေနေစရာအဖြစ် မြင်ရတယ်။ (Revelation 21:2,3) ဘုရားသခင်သည် သူတို့၏ မျက်စိ၌ မျက်ရည်ရှိသမျှကို သုတ်တော်မူမည်။ နောက်တဖန် သေဘေးမရှိရ၊ စိတ်မသာ ညည်းတွားခြင်း အော်ဟစ်ခြင်း၊ ပင်ပန်းခြင်းလည်းမရှိရ။ အကြောင်းမူ ကား ရှေးဖြစ်ဖူးသော အရာတို့သည် ရွေ့သွားကြပြီ။" (Revelation 21:4,5) ဒီအရာတွေဟာ ဟုတ် မှန်တယ် စစ်မှန်တယ်လို့ ရှင်ယောဟန်ကို မှတ်တမ်းတင်ခိုင်းတယ်။ (Revelation 21:5-7)
2. ယေရုရှလင်မြို့သစ် (Revelation 21:9-22:5) ဘုရားသခင်ရဲ့ဘုန်းတော်ဟာ ကောင်းကင်မြို့ရဲ့အလင်းဖြစ်တယ်။ ပုလဲတံခါးပေါက် ၁၂ ပေါက်ကို ဣသရေလအမျိုးရဲ့နာမည်အတိုင်း မှည့်ထားပြီး မြို့ရိုးအမြစ်ကိုတော့ တမန်တော်တွေရဲ့နာမည် အတိုင်း ရေးထားတယ်။ အလျား အနံ အမြင့် လေးဘက်ညီဖြစ်တယ်။ ရွှေ၊ သလင်းစတဲ့ ရတနာ မျိုးစုံနဲ့ တည်ဆောက်ထားတယ်။ ဗိမ္ဗာန်တော်မရှိ။ နေရောင် မရှိ။ ဘုရားသခင်နဲ့ သိုးတော်ဟာ မြို့တော်ရဲ့အလင်းဖြစ်သလို ဗိမ္ဗာန်တော်လည်း ဖြစ်တယ်။ (Revelation 21:22,23) အဲဒီမြို့မှာ ညမရှိဘူး။ လူအသီးသီးဟာ သူတို့ရဲ့ဘုန်းတော်ကို မြို့ထဲကို ယူဆောင်လာကြတယ်။ ညစ်ညူးတဲ့ အရာ စက်ဆုပ် ရွံရှာဖွယ်ကောင်းတဲ့အရာ ဘာမှမရှိဘူး။ သန့်ရှင်းတဲ့မြစ်ဟာ ဘုရားသခင်နဲ့ သိုး သူငယ်ရဲ့ပလ္လင်တော်ကနေ ညင်သာစွာစီးဆင်းတယ်။ အသက်ပင်က အချိန်ပြည့် အသီးတွေကို ပေးပြီး အရွက်က လူတွေရဲ့အနာကို ငြိမ်းပေးစေနိုင် တယ်။ ကျိန်ခြင်းဘေးမရှိတော့ဘူး။ ထာဝရ အရှင် ဘုရားသခင်က ကာလ အစဉ်အဆက် အုပ်ချုပ်စိုးစံပြီး သူ့အစေခံ ကျွန်တွေနဲ့အတူ နေထိုင် တယ်။

D.**Epilogue** နိဂုံးစကား **(Revelation 22:6-21).**

1. သခင်ယေရှုက "ငါသည် အလျင်အမြန်လာမည်။ ဤစာစောင်၏ အနာဂတ္တိစကားကို စောင့် ရှောက်သောသူသည် မင်္ဂလာရှိသည်ဟု ပြောဆို၏။" (Revelation 22:7) ကိုယ့်အလို ဆန္ဒအတိုင်း အသက်ရှင်နေသူတွေကို သတိပေးရင်း ခရစ်တော်ကို ငြင်းပယ်နေတဲ့သူတွေကိုလည်း ထပ်မံဖိတ် ခေါ်နေတယ်။ "ဝိညာဉ်တော်နှင့် မင်္ဂလာဆောင် သ

တို့သမီးက လာခဲ့ပါဟု ဆိုကြ၏။ ကြားရသော သူကလည်း လာခဲ့ပါဟု ဆိုပါစေ။ ရေငတ်သောသူသည် လာပါစေ။ အလိုရှိသောသူ သည် အဘိုးကို မပေးဘဲ အသက်ရေကိုယူပါစေ။” (Revelation 22:8-17)

2. ပရောဖက်ပြုချက်စကားများ ပြည့်စုံပြီ။ ထပ်သွင်းဖို့ နုတ်ပယ်ဖို့ မလိုတော့ဘူး။ (Revelation 22:18-19)

3. အဆုံးသတ်ကောင်းကြီးပေးခြင်း။ “ငါသည် အလျင်အမြန်လာမည်။ မှန်ပေ၏ဟု ဤအရာများကို သက်သေခံသော သူမိန့်တော်မူ၏။ အာမင်။ သခင်ယေရှုကြွလာတော်မူပါ။ ငါတို့ သခင်ယေရှု ခရစ်၏ ကျေးဇူးတော်သည် သန့်ရှင်းသူ အပေါင်းတို့၌ ရှိစေသတည်း။” (Revelation 22:20-21)

E. **Things to Think About:**

1. ခရစ်တော်ကို ယုံကြည်သူတွေအတွက် ဘယ်လိုအံ့သြဘွယ်ရာ မျှော်လင့်ခြင်းမျိုး ရရှိသလဲ။ ပြန်ကြွလာမယ့်နေ့ အတွက် အသင့်ဖြစ်နေပြီလား။ သင့်နာမည် သိုးသူငယ်ရဲ့အသက်စာစောင် စာရင်းထဲမှာပါတာ သေချာပြီလား။ စိတ် ချမှုရှိရဲ့လား။

2. ပြန်ကြွလာမယ့်နေ့ကို ဘုရားသားသမီးတိုင်း မျှော်လင့်စောင့်စားနေဖို့ ဘုရားအလိုရှိတယ်။ ပြန်ကြွလာမယ့်နေ့ အဖြစ် အပျက်အတွက် သင့်အသက်တာကို ဘယ်လို ပြင်ဆင်နေပြီလဲ။

**Exam - Lesson 27**

Name_______________________________________________________________

Address_____________________________________________________________

Multiple choice (Circle only one letter as the correct answer unless otherwise indicated. You may use your Bible when so indicated, but we trust you not to look up the answers in the lesson.)

1. On what does the hope of all believers rest? (value 4 points) ယုံကြည်သူအားလုံး မည်သည့်အရာအပေါ် မျှော်လင့်လျှက်ငြိမ်သက်ခြင်းရှိစေလိုသနည်း

   a) on a proper understanding of the relationships of a believer in the church အသင်း တော်ရှိ ယုံကြည်သူအချင်းချင်း ဆက်ဆံရေးကို အသေချာနားလည်ရန်

   b) on a proper understanding of love and world evangelism မေတ္တာတရားနှင့် ကမ္ဘာအနှံ့ သတင်းကောင်း ပြောခြင်းကို အသေချာနားလည်ရန်

   c) on a proper understanding of the final judgments and triumph of Christ နောက်ဆုံး တရားစီရင် ခြင်း နှင့် ခရစ်တော်အောင်ပွဲခံခြင်းကို အသေချာနားလည်ရန်

2. The book of the Revelation is a book of: (value 4 points) ဗျာဒိတ်ကျမ်းသည် အောက်ပါ တို့ မှတစုခု ဖြစ်သည်

   a) beginnings of the kingdom နိုင်ငံတော်တည်ထောင်ခြင်း

   b) consummations and new beginnings လက်ရှိကမ္ဘာနိဂုံးချုပ်ခြင်းနှင့် ကမ္ဘာသစ် အစပြုခြင်း

   c) evangelism and church growth ဧဝံဂေလိသတင်းကောင်းဖြန့် ဝေခြင်း နှင့်အသင်းတော်ကြီး ထွားခြင်း

3. Who wrote the book of the Revelation? (value 4 points) ဗျာဒိတ်ကျမ်းကို မည်သူရေး သနည်း

   a) Peter ရှင်ပေတရု

   b) Paul ရှင်ပေါလု

   c) John ရှင်ယောဟန်

4 To whom was the book of the Revelation addressed? (value 4 points) ဗျာဒိတ်ကျမ်း သည်မည်သူကို ရည်ညွှန်း ထားသနည်း

   a) to the Jewish believers in Jerusalem ယေရုရှလင်မြို့ ရှိယုံကြည်သူဂျူးလူမျိုးများ

   b) to the churches of Macedonia, Achaia and Asia မက်ဆီဒိုးနီးယား၊အကေးရှားနှင့် အာရှရှိ အသင်းတော်များ

c) to seven churches in Asia and all believers  အာရှရှိအသင်းတော်၇-ပါးနှင့်ယုံကြည်သူ အားလုံး

5. What is the meaning of Alpha and Omega? (value 4 points) အာလဖနှင့်ဩမေဂ၏ အနက်ကားအဘယ်နည်း

a) It means the first and the last.  အစနှင့်အဆုံး
b) It means powerful and holy. တန်ခိုးကြီးခြင်းနှင့်သန့် ရှင်းခြင်း
c) It means almighty and omnipotent. မဟာတန်ခိုးကြီးခြင်းနှင့်နေရာတကာတွင်ရှိခြင်း

6. How is Christ most often seen in the book of the Revelation? (value 4 points) ဗျာဒိတ်ကျမ်းတွင် ခရစ်တော်ကို မည်ကဲ့သို့ မကြာခဏရှုမြင်ရသနည်း

a) as the creator/sustainer of the universe စကြာဝဠာဖန်ဆင်းရှင်/စောင့်ရှောက်သူ
b) as the Lion/Lamb of the tribe of Judah   ယုဒလူတို့ ၏ခြင်္သေ့/သိုးသငယ်
c) as the compassionate healer အနာရောဂါကုသပျောက်ကင်းစေသူကရုဏာရှင်

7. What did the seven seals reveal when they were opened? (value 4 points) တံဆိပ်တော်၇-ချက်ကို ဖွင့်လိုက်သည့်အခါ ဘာကိုဖေါ်ပြသနည်း

a) the seven periods of church history အသင်းတော်ကာလအကိုင်းအခြား ၇-ခု
b) the seven churches in Asia အာရှပြည်ရှိ အသင်းတော်၇-ပါး
c) the seven judgments on earth    ကမ္ဘာမြေအပေါ် တရားစီရင်ချက် ၇-ခု

8.  Why is Christ worthy to open the seals? (value  4 points) အဘယ့်ကြောင့် ခရစ်တော် သာလျှင် တံဆိပ်တော် များကို ဖွင့်ဖို့ ထိုက်တန်သနည်း

a) because He is the Ancient of Days သူသည် ရှေးမဆွကပင်ရှိသူဖြစ်သောကြောင့်
b) because He is the Creator of the universe သူသည် စကြာဝဠာကိုဖန်ဆင်းသူဖြစ်သော ကြောင့်
c) because He is the Redeemer, the sacrificial Lamb of God    သူသည် အသက်စွန့် ကာ ရွေးနှုတ်ကယ်တင်သော သိုးသူငယ်တော်ဖြစ်သောကြောင့်

9. What will happen to Israel during the tribulation period? (value 4 points) ဘေးဒဏ်ကြီး ကာလတွင် ဣသရေလလူတို့ မည်သို့ ဖြစ်မည်နည်း

a) Israel will return to God, accepting Christ.  ဘုရားရှင်ထံပြန်လှည့်ပြီးခရစ်တော်ကိုလက်ခံမည်
b) Israel will again reject God and Christ. ဘုရားရှင်နှင့်ခရစ်တော်ကို နောင်တကြိမ်ပြန် ၍ ငြင်းပယ်မည်
c) Israel is scattered and not mentioned. ဣသရေလလူတို့ သည် ကွဲပြားသွားပြီး နောက်ထပ် မဖေါ်ပြတော့

10. What is the great city known as the MOTHER OF HARLOTS and ABOMINATION OF THE EARTH?

(value 4 points) ပြည့်တန်ဆာတို့၏မိခင်ကြီး၊ ပျက်စီးသောကမ္ဘာကြီးဟု အမည်ရသည့် မြို့တော်ကားအဘယ်နည်း

a) Egypt အီဂျစ်

b) Babylon ဗာဗုလုံ

c) Jerusalem ယေရှုရှလင်

11. What happens in the battle of Armageddon? (value 4 points) အမေဂဒ္ဒုံစစ်ပွဲတွင် ဘာဖြစ်မည်နည်း

a) The antichrist makes war with the kings of the earth and takes control of the world. အန္တိခရစ်သည် လောကီဘုရင်များနှင့်စစ်ဖြစ်ပြီး လောကကိုအုပ်ချုပ်မည်

b) The beast and the false prophet war against Israel and take over the temple. သားရဲနှင့်မိစ္ဆာပရောဖက်များ သည် ဣသရေလနှင့်စစ်ဖြစ်ပြီး ဗိမာန်တော်ကိုသိမ်းပိုက်မည်

c) The King of kings returns to earth with His bride, to overthrow His enemies in one consuming judgment. ဘုရင်တကာတို့၏ဘုရင်သည် သူ၏သတို့ သမီးများနှင့် ကမ္ဘာမြေသို့ ဆင်းကြွ လာပြီး သူ၏ရန်သူများအား လောင်မြိုက်သောမီးဖြင့်တရားစီရင်ကာရှင်းလင်းပစ်မည်

12. What does the Millennial reign begin with? (value 4 points) နှစ်တထောင်အုပ်စိုးခြင်း အစဆိုသည်မှာ အဘယ်နည်း

a) the rapture of the church အသင်းတော်ချီဆောင်ခြင်း

b) Christ's second coming in power and glory ဘုန်းတန်ခိုးဖြင့် ခရစ်တော်ဒုတိယ အကြိမ်ကြွ လာခြင်း

c) the reign of antichrist and the false prophet အန္တိခရစ်နှစ်မိစ္ဆာပရောဖက်များအုပ်စိုးခြင်း

13. What will the new Jerusalem be like? (value 4 points) ယေရှုရှလင်သစ်ကားမည်သို့ ပုံရှိမည်နည်း

a) there will be a beautiful temple with God's throne in it ဘုရားရှင်၏ပလ္လင်တော်နှင့်အတူ လှပသည့်ဗိမာန်တော်ရှိမည်

b) there will be a tabernacle like the one in the wilderness in it တောနက်ထဲတွင် ကျဉ်လည် ခဲ့စဉ်ကကဲ့သို့ တဲတော်တခုရှိလိမ့်မည်

c) there will be no temple in it မည်သည့်ဗိမာန်မျှရှိလိမ့်မည်မဟုတ်တော့ပေ

14. How many gates and foundations will the New Jerusalem have? (value 4 points) ယေရှုရှလင်မြို့ သစ်တွင် တံခါးနှင့်မြို့ ရိုးအရေအတွက်မည်မျှရှိမည်နည်း

a) 6 gates and foundations တံခါးဂိတ် ၆-ခုနှင့်မြို့ ရိုးများ

b) 12 gates and foundations တံခါးဂိတ် ၁၂-ခုနှင့်မြို့ ရိုးများ

c) 24 gates and foundations တံခါးဂိတ် ၂၄-ခုနှင့်မြို့ ရိုးများ

15. Where was the book of Revelation written from? (value 4 points) ဗျာဒိတ်ကျမ်းကို မည်သည့်အရပ်ဒေသ တွင်ရေးသနည်း

a) Rome ရောမမြို့
b) Ephesus ဧဖက်မြို့
c) the island of Patmos ပတ္တမုကျွန်း

16. What will Christ do for those who read, hear and obey the words of this prophecy (in Revelation)? သူ၏ ဗျာဒိတ်ကျမ်းကို ဖတ်ရှု နားထောင် လိုက်နာသောသူများအား ခရစ်တော် က ဘာလုပ်မည်နည်း (value 4 points)

a) He will give them positions in the new kingdom. နိုင်ငံတော်သစ်တွင် ရာထူးသစ်များ ပေးမည်
b) He will bless them. ကောင်းကြီးပေးမည်
c) He will qualify them to teach the Word. နှုတ်ကပတ်တော် ဝေငှဖို့ အခွင့်ပြုမည်

17. What will happen at the marriage supper of the Lamb? (value 4 points) သိုးသူငယ်မင်္ဂလာဆောင်ပွဲတွင် ဘာဖြစ်မည်နည်း

a) Israel and the Church will be united. ဣသရေလနိုင်ငံနှင့်အသင်းတော်ပေါင်းစည်းမည်
b) God will take back Israel as His wife. ဣသရေလလူတို့ ကိုဘုရားရှင်ကသူ၏ဇနီး အဖြစ်သိမ်းပိုက်မည်
c) The Church will be united to Christ as His bride. အသင်းတော်သည် သတို့ သမီးအဖြစ် ခရစ်တော်နှင့် ပေါင်းစည်းမည်

18. What is the mystery of the Old Testament? (value 4 points) ဓမ္မဟောင်းကျမ်း၏ ထူးဆန်းအံ့သြဘွယ် အချက်များကား အဘယ်နည်း

a) The second coming of Christ ခရစ်တော် ဒုတိယအကြိမ်ကြွလာခြင်း
b) The Church အသင်းတော်
c) The battle of Armageddon အာမေဂဒ္ဒုန်စစ်ပွဲ

Matching

19. Match these characters with what they symbolize in the war between God and Satan (Revelation 12). (value 9 points) အောက်ပါတို့ ကို ယှဉ်တွဲပါ

| | |
|---|---|
| __________Satan | a) the woman အမျိုးသမီး |
| __________Israel | b) her child သူမ၏ကလေး |
| __________Christ the Redeemer | c) the dragon နဂါး |

Fill in the blank space with the words given. (value 3 points) ကွက်လပ်ဖြည့်ပါ

20. The book of the Revelation is the only real ဗျာဒိတ်ကျမ်းသည် အောက်ပါတခုခု အတွက်သာ မှန်ကန်သ ည် ________________________________________

- prophetical book in the New Testament ဓမ္မသစ်ကျမ်းရှိ ပရောဖက်ပြုချက်ကျမ်း
- historical book in the New Testament ဓမ္မသစ်ကျမ်းရှိ သမိုင်းစာပေဆိုင်ရာကျမ်း
- apocalyptic book in the Bible သမ္မာကျမ်းစာတွင် ပါရှိသော နောက်ဆုံးသောကာလ ဖြစ်ပျက်ဆိုင်ရာကျမ်း

Fill in the blank spaces. (value 4 points each) ကွက်လပ်ဖြည့်ပါ

21. Who were the recipients of the book of the Revelation? ဗျာဒိတ်ကျမ်းကို လက်ခံရရှိသူများကားအဘယ်န ည်း

____________________________________________________

22. Why was the Revelation written? အဘယ့်ကြောင့်ဗျာဒိတ်ကျမ်းကိုရေးရသနည်း

____________________________________________________

23. What is the theme of the Revelation? ဗျာဒိတ်ကျမ်း၏အဓိကဖော်ပြလိုချက်ကားအဘယ်နည်း

____________________________________________________

24. Give the outline of the book of the Revelation. ဗျာဒိတ်ကျမ်းအကျဉ်းချုပ်ကိုရေးပါ